www.burmeseclassic.com

မဂ္ဂင်း

အမှတ် - ၂၄၈ ၂၀၁၆ - ခုနှစ်၊ အောက်တိုဘာလ



2016.PHOTOGRAPHY & GRAPHIC DESIGN
KYAW MINN MOUNG
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သဗ္ဗသိန္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဥတ္ထိ၊ သတ္ထ သတ္ထန္တရာယော၊ သတ္ထ ရောဂန္တရာယော၊
သတ္ထ ဒုဋ္ဌိကန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ"ဟူ၍လည်း ခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရတိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

အမှတ် (၂၄၈)၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ

www.burmeseclassic.com

www.burmeseclassic.com



မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ရောက်ဖြစ်ခဲ့ပေ ကမ္ဘာကျော်သည့် မင်းကွန်းမြေ	မင်းဂုဏ် ၅
၂။	ဓမ္မဒူတ မဇ္ဈိမ ခရီးသည်	နန်းမြင့်နွယ်(ညောင်လေးပင်) ၁၃
၃။	ဘုန်းတော်ကြီးဦးသီလ စေတီတော်	တက္ကသိုလ်မျိုး ၂၂
၄။	မြတ်နိုးပူဇော် ရွှေကျင်ပထမဆရာတော်	စောင်းကောင်းမြတ် ၃၃
၅။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော	
	ငါသည် မုဆွေသရမည်၊ က ...ိုးသာ လိုကော့သည် ...	မမွဲဒါန ၄၈
၆။	ဥးသုမင်္ဂလ(ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော	
	အလှည့်	မမွဲဒါန ၄၉
၇။	မြန်မာ+ကိုရီးယား သာသနာပြုဆရာတော်	
	မနာပဒါယီ အရှင်ဝိစိတ္တာဘား ဖူးမြော်ပူဇော်မိခြင်း .	ဉာဏ်မွန့်(စက်မှု) ၅၅
၈။	ခွဲကပင်တောင်ပေါ် သို့တစ်ခေါက်	ကျော်မြင့်အောင်(စိတ်ပညာ) ၆၂
၉။	စဉ့်ကူးမင်းခေါင်းလောင်းကြီး	ယောနကဘိုးထောင် ၆၅
၁၀။	မြတ်ဗုဒ္ဓရဲ့မှတ်နှာတော်ကို ဖူးမြော်နိုင်အောင် ...	ကိုအေးမင်း(ပဲဖူး) ၆၉
၁၁။	ဘာသာရေးမှတ်စုများ	နန္ဒာမိုးကြယ် ၇၅
၁၂။	ကျေးဇူးရှင်ကို ပြစ်မှားခဲ့သော်	သာစည်အောင်တင် ၇၈
၁၃။	မာယာကွန်ရက်မှ လွတ်မြောက်သူ	ရွှေပြူသာထွန်း ၈၀
၁၄။	ဗုဒ္ဓမေတ္တာစွမ်းထက်စွ ကျွတ်တမ်းဝင်ရ အင်္ဂလိမာလ	လင်းယဉ်ဉာဏ် ၈၄
၁၅။	အလောင်းမင်းတရား အောင်ဇေယျတဲ့ဟော	ထွန်းလင်းသူ ၉၄
၁၆။	ယိုးဒယားနိုင် မြန်မာမင်းများ	အောင်သိမ်းမြတ် ၁၀၃
၁၇။	လူထုကြိုးပမ်းမှုနှင့် နိုင်ငံတော်	ချစ်ဟန်ဝင်း(သန်လျင်) ၁၁၄
၁၈။	စုံထောက်လေး မောင်ရဲဇော်နှင့် အငြင်းပွားဖွယ်	
	ချန်စက် ပျောက်ဆုံးမှုကြီး	မောင်ဝင်းထိန်(အင်းစိန်) ၁၁၉
၁၉။	ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းနှင့်	
	ကိုယ်တွေ့ အကျိုးကျေးဇူးများ	အောင်စိုး(ပြည်) ၁၂၅
၂၀။	မနုံးတဲ့ ဂေါက်သီး	သဏ္ဌ ဃဲဃဲ ၁၃၅
၂၁။	ပယောဂဆရာ မှတ်တမ်း	ကြည်မင်းစံ(အောင်မြသာယာ) ၁၄၀
၂၂။	ပန်းခင်းသောလမ်း	သစ္စာဦး(ဒဂုံမြို့) ၁၄၆
၂၃။	မမေ့ထားသင့်သော ပလူတိုဂြိဟ်	မင်းဟန်(သန်လျင်) ၁၅၆

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	ခွင့်လွှတ်ပါ အဖေ	မြချစ်(ဒွေးတောင်) ၁၆၀
၂၅။	အဖေ့နှလုံးသားမျက်ဝန်းကို ရှာဖွေခြင်း	ညီမေတ္တာ ၁၆၃
၂၆။	နှလုံးသားပြတိုက် တစ်နေရာ	ကိုချမ်း(ဆေး-၂) ၁၆၈
၂၇။	ကြက်ဆွဲ	ညွန့်မောင်ဦး ၁၇၄
၂၈။	လွမ်းသမုဒယ အိပ်မက်ဒဏ္ဍာရီ	ရေနံ့သာအောင်ချမ်းတော် ၁၈၀
၂၉။	ထူးဆန်းသော အရုပ်	သစ်ဦးဇင် ၁၉၂
၃၀။	ဂရင်းနစ်စံချိန်ဝင်မယ့် ရည်းစားစကား	ဓာတ်ပုံမောင်မောင်အေး ၁၉၆
၃၁။	နှလုံးသားလိပ်ပြာ	ဇလွန်ကျော်ဦး ၂၀၁
၃၂။	ပရာဒိုး၊ ပန်းချီကျော်ဂိုယာ၊ စပိန်မိုနာလီဇာ၊ နွားရိုင်းသတ်ကွင်းနဲ့ စပိန်ရိုးရာ ကြိုးကြာအက	ကိုအေးမြင့်(မဟာဓိဇ္ဈာရော်-သု) ၂၀၅
၃၃။	ရှိစေချင်စမ်းလှသည်	မောင်လေးအောင်(သန်လျင်) ၂၁၆
၃၄။	ယောယုဝပြန်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း	ကိုသက်(ဇီးကုန်း) ၂၂၂
၃၅။	ချစ်ခြင်းဖြင့် သတ်ခဲ့သူ	ထိုက်သင် ၂၂၆
၃၆။	အစာလိမ်းဆေး ဆေးလည်းအစာ	သန်လျင်မောင်ကျောက်ခဲ ၂၃၃
၃၇။	မြင်းခွာ သွေးဝမ်း ဆေးအစွမ်း	မင်းသွေး(ထမင်းစေ့) ၂၃၆
၃၈။	သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်ပါ	ရိုးရိုးဌေး ၂၃၇
၃၉။	စိတ်ညှိုအိပ်မွေ့ချပညာ အဆင့်များ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၄၀
၄၀။	သစ်စေ့ရှပ်ကြွင်းနှင့် စိတ်ဝင်စားဖွယ်ရာများ ...	ဆရာကြီးဦးအောင်မြိုင် ၂၄၇
၄၁။	ဆီးချို သွေးချိုနှင့် ဓာတ်စာ	ဒေါက်တာလွင်သန့် ၂၄၉
၄၂။	သက်ရှည်ကျန်းမာ နည်းငါးဖြာ	တော်မြင့်(ငှက်ဖျား) ၂၅၂
၄၃။	တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံ	ဒေါက်တာသက်ဆွေ ၂၅၇
၄၄။	ဆေးစွမ်းထက်သော ကြက်သွန်ဖြူ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၆၂
၄၅။	သိမ္ဘတ်စရာ ဆေးနည်းအဖြာဖြာ	မောင်စာဆို(ဂန္ဓာ) ၂၆၆
၄၆။	သားသမီးကောင်း အမြန်ဆုံး ရရှိစေရန်	ဆရာကြီးဦးအောင်မြိုင် ၂၆၉
၄၇။	အဆုတ်ကို သန့်ရှင်းရေးလုပ်ရအောင်	စိုးယဉ်ထွန်း ၂၇၀
၄၈။	ပြုံးရယ်ရယ်ဟား ဟာသများ	စွမ်းထက်အောင် ၂၇၃
၄၉။	ကာတွန်းကဏ္ဍ .	ကျော်ပြိုးလွင်၊အီကွေတာ၊ထွဏ်းဦး(စစ်ကိုင်း)၊စိုးမခ(စစ်ကိုင်း) ၂၇၅



www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀။	အသက်ရှည်စွာ အနာမဲ့ခြင်း ဆင်းရဲကင်းသောဂါထာ	စိန်မေမြိုလွင်မိုး ၂၇၉
၁၁။	သျှန်ကြီဓာတ်ယတြာ (၆)	အောင်ကြည်သန်း(ဖောင်တော်သီ) ၂၈၀
၁၂။	အရောင်းအဝယ်ကောင်းပြီး အကြွေးတွေ ပြန်ရပြီ	နတ်မျက်စိ ဆရာအောင်စိုး ၂၈၃
၁၃။	မြန်မာပြည်အလယ်ပိုင်းက ဒေါင်းမင်းသဏ္ဌာန် အောင်မြေအမှန်	ဘဝတက္ကသိုလ်နေမျိုးထက်(ဟင်္သာတ) ၂၈၅
၁၄။	နေအိမ်မသန့်ဟု ထင်နေလျှင်	ဆရာသက္က ၂၈၉
၁၅။	ချစ်သောသူနှင့်ပေါင်းရခြင်း မင်္ဂလာ ပေါင်းအောင်ပြုလုပ်ခြင်းသည် အစွမ်းထက်ယတြာ	ဆရာသုခအောင်(သန်လျင်) ၂၉၂
၁၆။	ကြံတိုင်းအောင် ဆောင်တိုင်းပြီး ဆင်းရဲခြင်းပျောက်စေ ..	မြမြလှိုင် ၂၉၅
၁၇။	ဝါစတုသျှတ္တရပညာ	ဆရာဦးခန့်ကျော် ၃၀၀
၁၈။	၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ	ဦးညွန့်လှိုင်(ကြို့ပင်ကောက်) ၃၀၆
၁၉။	၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ	ဆရာဦးခန့်ကျော် ၃၀၉

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ဉာဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

စီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူဖိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အတွင်းဖလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဇ္ဈဇင်းဘို့က်နှင့် ပြန်ချိန်ခရေး
တိုက်အမှတ် (၃၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၃ × ၁၈ လမ်း)ကြား၊ မဟာပန္ထုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

ကြော်ငြာနှင့် ပြန်ချိန်ခရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အခွဲခွေ
အောင်ဝင်းသန့်

မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

ခရောင်းခဈွေး	အုပ်ရေ
၂၄၀ ကျပ်	၁၀၀၀

ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ဉာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



မဝ်းကွန်းဆရာတော်တရားကြီး ဦးဝိစိတ္တသာရာဘိဝံသ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ဖြစ်ခဲ့ပေ ကမ္ဘာကျော်သည့် မင်းကွန်းမြို့

ဒဂုံခြေရာဝင်

(ယခင်လမှ အဆက်)

မြသိန်းတန်စေတီတော်မှ ထွက်ခွာခဲ့ကြပြီးနောက် ရှေ့ဆက်မည့် အစီအစဉ်ကို မေးမြန်းကြည့်ရာ တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သည့် တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ရှိရာ မိုးမိတ်ကုန်းမြေသို့သွားရောက်မည်ဖြစ်ကြောင်း ယာဉ်မောင်းသူထံမှ သိလိုက်ရသည်။

ယနေ့ ညနေ ၃နာရီရထားဖြင့် ရန်ကုန်သို့ ပြန်ကြရမည်ဖြစ်ရာ မင်းကွန်းခရီးစဉ်ပြီးနောက် အင်းဝသို့လည်း ခရီးဆက်လိုသေးသဖြင့် အချိန်မလုံလောက်မည်ကို စာရေးသူ စိုးရိမ်နေမိသည်။

မိုးက တဖွဲဖွဲနှင့် ဖျင်းရိပြီးငွေ့ဖွယ် အချိန်ဆွဲကာ ရွာမြွာနေပြီး အချိန်ကုန်ဆုံးမှကမူ မြန်နေသည်ဟု ထင်မိသည်။ စာရေးသူ၏ ဆန္ဒကို သိပြီးဖြစ်သော ယာဉ်မောင်းကလည်း အလိုက်သိစွာပင် ကားကို ခပ်သွက်သွက်မောင်းနှင်ခဲ့ပြီး 'မင်းကွန်းတိပိဋကဓရ ဆရာတော်၏ ဓမ္မဒိမာန်' ဟူသော နဖူးစီးစာတန်းရေးထိုးထားသည့် ဝင်ပေါက်မုခ်ဦးရှေ့ ရောက်သည်တွင် မော်တော်ယာဉ်ကို ရပ်နားပေးခဲ့သည်။

အင်္ဂတေကနုတ်ပန်းဖော် မြန်မာမှုအနုလက်ရာများဖြင့် ခြယ်မှုန်းထားသည့် ဝင်ပေါက်မုခ်ဦးရှိ ဆေးရောင်စုံခြယ်သထားသော သံပန်းတံခါး နှစ်ချပ်မှာ ဒိမာန်တော်သို့ လာရောက်သည့် ဧည့်ပရိသတ်တို့အား ကြိုဆိုနေသည့် အလားဖွင့်ဟထားသည်ကိုတွေ့ရသည်။

မုခ်ဦးအတွင်းသို့ ဝင်ရောက်ပြီးသည်နှင့် ဒိမာန်တော်အတွင်းသို့ တက်ရောက်သည့် လှေကားထစ်များပေါ်တွင် တင်နေသည့် မိုးရေများကို တံမြက်စည်းဖြင့် လှည်းကျင်းကာ သန့်ရှင်းရေးလုပ်နေသည့် အကျိုးဆောင်တစ်ဦးကို သိလိုယူနေသည်ကို တွေ့လိုက်ရသည်။ မုခ်ဦးမှသည် ဒိမာန်တော်သို့ ရောက်သည်အထိ နေပူခံကျောက်ဖြူပြားများ ခင်းထားပြီး ဘေးတစ်ဖက်တစ်ချက်တွင်လည်း ပန်းအလှပင်များ၊ အရိပ်ရပင်များဖြင့် နှလုံးစိတ်ဝမ်း သာစေမြွေဖွယ်ရာ စီမံ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

www.burmeseclassic.com



ပုထိုးတော်ကြီးအား လှမ်းမြင်ရပုံ



မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ကြွေးရပ်တုတော်

ဗိမာန်တော်အတွင်းသို့ မဝင်ရောက်မီ လက်ဝဲဘက်သို့ လှမ်းကြည့်မိရာ ပုထိုးတော်ကြီး၏ ကိုယ်လုံးတော်တစ်စွန်းတစ်စကို ပန်းအလှပင်များကြားမှ လှမ်းမြင်လိုက်ရသည်။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်မှာ ပုထိုးတော်ကြီးနှင့် သိပ်မဝေးကွာလှသည်ကို သတိထားမိလိုက်သည်။ တစ်ဆက်တည်းပင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ တိပိဋကနိကာယကျောင်းတိုက်ကြီးသို့ ရောက်ရန်မှာ ခရီးတာဝေးကွာနေဆဲဖြစ်ကြောင်း မှန်းဆကြည့်မိလိုက်သည်။

ဗိမာန်တော်အတွင်း၌ ဆရာတော်ဘုရားကြီး၏ပုံတူ မတ်ရပ် ကြွေးရုပ်တုတော်ကို ဖူးတွေ့ရပြီး ရုပ်တုတော်၏ ခံအောက်ခံအုတ်ခုံတွင် 'အာဒိကမ္မိက ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ မမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် မင်းကွန်းမမ္မနာဒ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်၏ အထိမ်းအမှတ် ဗိမာန်တော်' ဟု မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ကမ္ဘည်းရေးထိုးထားပြီး ကမ္ဘည်းစာတန်းကို ရွှေရောင် အင်္ဂတေကနုတ်ပန်း လက်ရာဖြင့် အနားကွပ်ထားသည်ကို တွေ့ရသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည့် ကမ္ဘည်းစာတန်းအောက်တွင် (Aha The Phenomena mind and matter are all impermanent. They are only Temporary) ဟူ၍ ဖော်ပြထားသည်ကိုလည်း မှတ်မှတ်ရရ ဖတ်ရှုဖြစ်ခဲ့သေးသည်။

ထို့ပြင် "Minkun Tipitakadara Great Sayadaw Bhaddanta Vicitaserabi vomsa" ဟူသော ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ထားသည့် အင်္ဂလိပ် ဘာသာ ကမ္ဘည်းစာတန်း တစ်ချပ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ရသည်။

ထိုကမ္ဘည်းစာတန်းမှာ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ အံ့သြဖွယ်ရာ ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ထူးကြီးအဖြစ် U.K နိုင်ငံမှ ထုတ်ဝေသည့် "The Guiness Book of Records 1985" စာမျက်နှာ ၁၆ တွင် အကျယ်တဝင့် မှတ်တမ်းတင်ထားပုံကို ပြန်လည်ဂုဏ်ပြု ဖော်ပြထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


Mintaun Tipitakadara
Great Expounder
Dhaddanta Vidhajakara Dhamma

The opening message of the great
Chronicle was uttered on 16th of
the Queen Paste of Roughly 1953
published in the United Kingdom as
follows:-
Human memory
Dhammanta Vidhaja recited 16,000
pages of Buddhist canonical texts in
Rangoon, Burma in April 1954. Rare
instances of eidetic memory - the
ability to re-project and have
visually recall memorised are known
to science.
Of course, there was nobody on this
earth before who had the ability to
recite the same Buddhist Scriptures
as the Great Expounder. Where the Chronicles of the five Buddhist councils
congregated at the classic Hall, Pasta
Hymn, witnessed the Great Expounder
recitating by heart the Pitakas Literature punctually and without any
intervention, that were pure and more
scientific.
In order to preserve and propagate
the Pariyatti Sasani, the Mintaun
Great Expounder formed the Tipitaka Nikaya Upahtaka Association
and trained the monks - the
Tipitakadaras.

ကမ္ဘာ့ဂုဏ်နှစ် မှတ်တမ်းတင် ဂုဏ်ပြုကမ္ဘည်းစာတမ်း

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဘုရားရှင် ဟောကြားတော်မူခဲ့သည့် နိကာယ် ငါးရပ် ပိဋကတ်သုံးပုံ ဟူသော ဘုရားဒေသနာများကို ပဋိသမ္ဘိဒါပ်ဟူရဟန္တာ မထေရ်မြတ်ကြီးများက နှစ်ပေါင်း ငါးရာခန့် စဉ်ဆက်မပြတ် နှုတ်ငုံအာဂုံဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်တော်မူလာခဲ့ကြသည်။

ထိုရတနာမထေရ်မြတ်ကြီးများ ရှားပါးသွားသည့် သာသနာနှစ်ပေါင်း ငါးရာ နောက်ပိုင်းတွင်မူ နှုတ်ငုံဆောင်တော်မမူနိုင်ကြတော့ပေ။ သို့ဖြစ်၍ ပိဋကတ်တော်များကို ပေရွက်ပေါ်တွင် လည်းကောင်း၊ ကျောက်ပြားထက်တွင် လည်းကောင်း၊ ထိုမှတစ်ဖန် စက္ကူစာရွက်များပေါ်တွင် လည်းကောင်း အဆင့်ဆင့်ပြောင်းလဲကာ မှတ်တမ်းထင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရာ သာသနာနှစ် ၂၅ ရာစု ကုန်လုနီးအထိတိုင် ဖြစ်ခဲ့သည်။

ဤကဲ့သို့ သာသနာနှစ် ငါးရာစုမှ ၂၅ ရာစု ကုန်လုနီးတိုင် ကွယ်ပျောက်နေခဲ့ရာမှ မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီးက ပိဋကတ်သုံးပုံ ပါဠိတော် အုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ၈၀၂၇ မျက်နှာကို အထောက်အမကင်းစွာ အာဂုံပြန်ဆိုတော်မူနိုင်ခဲ့သဖြင့် ဝိသိဋ္ဌတိပိဋကဓရတွဲ့တော် ရရှိတော်မူခဲ့ပြီး ယင်းပါဠိတော်များနှင့်အတူ ပိဋကတ်သုံးပုံ အဋ္ဌကထာ၊ ဋီကာ စာအုပ်ပေါင်း ၂၄ အုပ်၊ စာမျက်နှာပေါင်း ၉၉၃၄ မျက်နှာတို့ကိုလည်း ဂုဏ်ထူးရမှတ်များဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့ပြန်ရာ မဟာတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရမဟာဇဂ္ဂာဂါရိက ဘွဲ့တံဆိပ်တော်တို့ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံး ရရှိတော်မူခဲ့သည်။

ဤသို့ဖြင့် ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်သည့်ခေတ်ကို သမိုင်းတစ်ခေတ်ဆန်းသစ်လာစေရန် စွမ်းဆောင်တော်မူခဲ့သည်။ ဤစွမ်းဆောင်တော်မူချက်မှာ သာမန်ပုဂ္ဂိုလ်တို့ ကြုံစည်ခြင်းငှာပင် မစွမ်းနိုင်ဘဲ ဘုန်းထူး ကံထူး ပါရမီထူး သူတို့သာ ဆောင်စွမ်းနိုင်သည့် စွမ်းဆောင်မှု ဖြစ်သဖြင့် အံ့ဩချီးကျူးဖွယ်ကောင်းလှပေသည်။ ထို့ကြောင့် ပင်ဂင်းနစ်ကမ္ဘာ့မှတ်တမ်းစာအုပ်ကြီးတွင် ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ထူးကြီးအဖြစ် မှတ်တမ်းတင်ထားခြင်း ခံတော်မူခဲ့ရခြင်း ဖြစ်ပေသည်။

ထို့ပြင် ဆရာတော်ဘုရားကြီးသည် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်တွင် ကျင်းပခဲ့သည့် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး၌ မဟာစည်ဆရာတော်ဘုရားကြီး မေးလျှောက်သမျှ ပိဋကတ်သုံးပုံလာအမေးပုစ္ဆာများကို မဆိုင်းမတွ ဖြေဆိုတော်မူနိုင်ခြင်း၊ စာမျက်နှာ ငါးထောင်ကျော်ရှိသော မဟာပုဒ္ဓဝင်ကျမ်းကြီးကို ဂန္ထဝင်မြောက် ရေးသား ပြုစုတော်မူခဲ့ခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်အဖြစ် အဦးဆုံး ဆောင်ရွက်တော်မူခဲ့ခြင်း၊ တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် မင်းကွန်းတောင်ရိုး တိပိဋကနိကာယ ကျောင်းတိုက်၊ ရန်ကုန် တိပိဋက

www.burmeseclassic.com

ကျောင်းတော်၊ ပြင်ဦးလွင် တိုင်ရင်းက နိကာယကျောင်းတိုက် စသည်တို့ကို တည်ထောင်တော်မူခဲ့ခြင်း၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ပိရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ တည်ထောင်တော်မူခဲ့ခြင်း စသည်ဖြင့် အံ့သြဖွယ်ရာ ထူးချွန်ပြောင်မြောက်စွာ သာသနာတော်အကျိုး သယ်ပိုးတော်မူခဲ့သည်။

ထို့ကြောင့်ပင် ဆရာတော်ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ စသော နိုင်ငံတော်အဆင့် အမြင့်ဆုံး သာသနာပြုဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခြင်း ခံတော်မူခဲ့ရသည်။

ဤသို့ဖြင့် တစ်ခေတ်တစ်ခါပေါ်ထွန်းရန် ခဲယဉ်းလှသည့် တစ်ကမ္ဘာလုံးကပင် ချီးကျူးထောမနာ လေးစားခြင်း ခံရတော်မူသော ကမ္ဘာကျော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးအား မင်းကွန်းဒေသ၏ ပဥ္စမမြောက် သမိုင်းဝင် ကမ္ဘာကျော် ဆရာတော်ကြီးတစ်ပါးအဖြစ် မော်ကွန်းထိုးလိုခြင်း၊ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို မှတ်မှတ်ထင်ထင်- သမိုင်းတင်ကာ ဂုဏ်ပြုပူဇော်လိုခြင်းတို့ကြောင့် ဤဗိမာန်တော်ကို တည်ဆောက်ခဲ့ပြီး ဆရာတော်ဘုရားကြီး၏ မွေးရက်ဖြစ်သော ၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဗိမာန်တော်အတွင်းမှ မထွက်ခွာမီ ဆရာတော်ဘုရားကြီး၏ ကြေးရုပ်တုတော်အား ဖူးမြော်ကြည်ညိုရင်း "တိပိဋကဓရ ဖြစ်ရသည့် အာနိသင်၊ ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့ကွယ် ပြောမပြချင်၊ ကိုယ့်ကျောင်းနဲ့ ကိုယ့်ရပ်တွင် နေချင်လျက် မနေရ၊ . . . " အစချီသည့် ဆရာတော်ဘုရားကြီး ရေးဖွဲ့တော်မူခဲ့သည်ဟု တစ်ဆင့်စကား သိကြားခဲ့ ဖတ်ရှုခဲ့ရဖူးသော သံဝေဂတဏှာမှ စာသားလေးတစ်ပိုဒ်ကို ပြန်လည် အမှတ်ရမိလာခဲ့ပြီး သာသနာတော်အတွက် ဆရာတော်ဘုရားကြီး၏ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်များကို မှန်းဆကြည်ညို ပူဇော်မိခဲ့သည်။

ထို့ပြင် ရှုပ်တုတော်၏အောက်ခံအုတ်ခဲတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည့် အောက်ဆုံးစကိဒ်လေး၏ အဓိပ္ပာယ်ကို "ရုပ်နှင့်နာမ်တို့သည် ဓမ္မသဘာဝအရ မတည်မမြဲ ဖောက်လဲတတ်ကြသည်။ ယင်းတို့သည် ယာယီခေတ္တ ခဏမျှသာတည်း" ဟူ၍ ပြန်ဆိုမိရာမှ ရုပ်နာမ်တို့၏ မတည်မမြဲ ဖောက်လဲတတ်သဖြင့် ရုပ်နာမ်ခန္ဓာ ရထားသူတိုင်း ခံစားကြရသည့် နောက်ဆက်တွဲဆိုးကျိုးတို့ကို တွေးတောဆင်ခြင်ကာ သံဝေဂပွားရင်း ဗိမာန်တော်အတွင်းမှ ပြန်လည်ထွက်ခွာခဲ့ပြီး မိုးမိတ်ကုန်းမြေသို့ ဦးတည်မောင်းနှင်ခဲ့ကြသည်။

မိုးမိတ်ကုန်းမြေသည်ကား ဘိုးတော်ဘုရား ခေါ် ဗဒုံမင်း၏ သားတော် မင်းရဲရွှေတောင်ဘွဲ့နှင့် လွတ်တက်မဟာမဓုရာဇာဘွဲ့ခံ မိုးမိတ်မင်းသား တပ်စခန်းချခဲ့သော နယ်မြေဖြစ်ကြောင်း သိရသည်။

အမရပူရမြို့တည်နန်းတည် ဗဒုံမင်းသည် ၁၁၅၂ ခုနှစ်မှစ၍ မင်းကွန်းတောင်ခြေတွင် ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ ကြက်ထောင့်ကန်ကြီး ဟူသော ကြီးလေးကြီးတို့ကို တည်တော်မူခဲ့စဉ်က မိဖုရားသားတော်၊ သမီးတော်များနှင့်အတူ ယာယီစံနန်းဖြင့် ကွန်းထောက်စံမြန်းတော်မူခဲ့ပြီး ထိုနေရာကို မင်းကွန်းဟု ခေါ်တွင်စေခဲ့သည်။

ထိုစဉ်က ဗဒုံမင်း၏ သားတော်များဖြစ်ကြသော လှိုင်းတက်၊ မကွရာ၊ သုံးဆယ်၊ မိုးမိတ် စသည့် မင်းသားများသည်လည်း မင်းကွန်းပတ်ဝန်းကျင်တွင် တပ်စခန်း၊ အသီးသီးချကာ တာဝန်ယူစောင့်ကြပ်ခဲ့ကြရာ မိုးမိတ်မင်းသားသည် ပုထိုးတော်ကြီးနှင့် နှစ်မိုင်ခန့်ကွာသည့် ထန်းမြင့်ရွာအနီး ကုန်းမြင့်ပေါ်၌ စခန်းချခဲ့ရာမှ ထိုနေရာကို 'မိုးမိတ်ကုန်းမြေ' ဟူ၍ ခေါ်တွင်ခဲ့သည်ဟု ဆိုသည်။

မိုးမိတ်စော်ဘွားကြီးသည် ထိုစဉ်က ဗဒုံမင်းနှင့် မဟာမိတ်အဖြစ် ခိုင်မြဲစေရန် သမီးတော်ကို ဆက်သခဲ့ရာ ဗဒုံမင်းသည် ထိုမင်းသမီးကို မြတ်နိုးတော်မူသည့်အလျောက် အဆောင်ရမိဖုရားအဖြစ် တိလောကရတနာဒေဝီ ဘွဲ့အမည်ဖြင့် မြှောက်စားခဲ့ပြီး ဟန်လင်းမြို့ကို အုပ်ချုပ်ခွင့်ပေးတော်မူလေသည်။

ထိုမိဖုရားမှ သားတော်၊ သမီးတော် ခုနစ်ပါး ထွန်းကားခဲ့ရာ မိုးမိတ်မင်းသားမှာ အကြီးဆုံးသားတော် ဖြစ်သည်။ ထိုမင်းသားကို အဘိုးဖြစ်သူ မိုးမိတ်စော်ဘွားကြီးက လွန်စွာချစ်ခင်မြတ်နိုးလှသဖြင့် မိုးမိတ်မင်းသားဟု ခေါ်ခဲ့သည်။ မိုးမိတ်မင်းသားသည် လက်ရုံးရည်နှင့် ပြည့်စုံသဖြင့် ခမည်းတော် ဗဒုံမင်းတရားကြီးက မဟာခမ္မရာဇာဘွဲ့ကို လည်းကောင်း၊ လွတ်တက်မင်းသားကြီးအဖြစ် လည်းကောင်း ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရသည်။

မိုးမိတ်မင်းသားသည် မိုးမိတ်ကုန်းမြေတွင် စေတီတော်များ တည်ထားခဲ့ရာ ထိုစေတီတော်များကို မိုးမိတ်စေတီတော်များ ဟူ၍ ခေါ်တွင်ခဲ့ကြသည်။ ထိုစေတီတော်များမှာ ငလျင်ဘေးဒဏ် အကြိမ်ကြိမ်ခံခဲ့ရသဖြင့် ပျက်စီးယိုယွင်းခဲ့ရာ နောက်ဆုံး စစ်ကိုင်းပြတ်ရွှေ့ငလျင်ကြီး လှုပ်ခတ်ခဲ့သည့်တွင်မူ အုတ်ပုံအတိမျှ ပျက်ယွင်းခဲ့ရလေသည်။

ထိုကဲ့သို့ မိုးမိတ်စေတီတော် အုတ်ပုံအတိမျှ ပျက်ယွင်းနေသည်ကို မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး ရှုမြင်တော်မူသည်တွင် နှလုံးစိတ်ဝမ်းချမ်းမြေ့တော်မမူသဖြင့် ထိုသာသနိကအဆောက်အအုံများကို ပြုပြင်တော်မူလိုကြောင်း မန္တလေး၊ စစ်ကိုင်း စသော မြို့များမှ ရင်းနှီးသော ဒါယကာများနှင့် နိုင်ငံတော်တစ်ဝန်းမှ ကုသိုလ်ရှင်များ

www.burmeseclassic.com

www.burmeseclassic.com

မဟာဗုဒ္ဓဝင်နှင့် ထေရုပ္ပတ္တိပြတိုက်

ကျောက်စာတိုက် စောင်းတန်းမုခ်ဦး

အား ဆန္ဒတော်ကို ထုတ်ဖော် မိန့်မြွက်တော်မူလေသည်။

ထို့နောက် ဆရာတော်ဘုရားကြီး ဦးဆောင်တော်မူကာ သံဃာတော်များနှင့် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးသာလှ ဥက္ကဋ္ဌ အမှူးပြုသော "မိုးမိတ် စေတီတော်များနှင့် ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ကန် အဆောက်အအုံများ တည်ဆောက်ရေး ဂေါပကအဖွဲ့" ကို ၁၃၂၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မိုးမိတ်ကုန်းမြေပေါ်ရှိ စေတီတော်များနှင့် သာသနိက အဆောက်အအုံများကို ပြန်လည်ပြုပြင် တည်ဆောက်တော်မူခဲ့သည်။

ထို့ပြင် တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးသည် နိုင်ငံတော်အစိုးရက ရာသက်ပန် လျှုဒါန်းသော လစဉ်ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်များနှင့် တိပိဋကဓရ ဘွဲ့ရ (၂၅)နှစ်မြောက် ရွှေရတုသဘင် ပူဇော်ပွဲတော်တို့မှ လျှုဒါန်းကြသည့် ဓမ္မပူဇာ နဝကမ္မများကို နိကာယငါးရပ် ပိဋကတ်သာသနာတော်အား မတည် လျှုဒါန်းကာ ၁၃၄၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ကို ဖွဲ့စည်းစေပြီး ကပ္ပိယကာရိကအဖြစ် လွှဲအပ်တော်မူလေသည်။

တိပိဋကနိကာယ ကျောင်းတိုက်ကိုလည်း ထိုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဖွင့်လှစ်တည်ထောင်တော်မူခဲ့သည်။ ထိုအဖွဲ့ကြီးသည် ပိဋကတ်သူရဲကောင်း အာဇာနည်လောင်းများ ထွန်းကား ထွက်ပေါ်လာနိုင်ရေးအတွက် အရှင်မြတ်တို့အား ပစ္စည်းလေးဖြာ ပြည့်စုံစွာဖြင့် ထောက်ပံ့ခဲ့ရာ ထိုကျောင်းတိုက်ကြီး၏ (၃၇)နှစ်တာ သာသနာပြု ခရီးဝယ် တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့ရ ၆ ပါး၊ တိပိဋကဓရ ဘွဲ့ရ ၂ ပါး၊ ပိဋကတ် နှစ်ပုံခွဲအောင် ၄ ပါး၊ ပိဋကတ် ၂ ပုံအောင် ၁ ပါး၊ ပိဋကတ် တစ်ပုံခွဲအောင် ၈ ပါး၊ ပိဋကတ် တစ်ပုံအောင် ၂၇ ပါး၊ ပိဋကတ်တစ်ပုံ အာဂုံဆောင် ၁၁၃ ပါး၊ ပိဋကတ် ပုံဝက်အောင် ၃၆၂ ပါး စသည်ဖြင့် တိပိဋကဓရ စာမေးပွဲအောင် သာသနာ့အာဇာနည်များ ပေါ်ထွန်းတော်မူခဲ့ကြသည်။

ဤကဲ့သို့ ပိဋကတ်ဆောင် သာသနာ့အာဇာနည်အရှင်မြတ်များသီတင်းသုံးတော်မူကြရာ မိုးမိတ်ကုန်းမြေတွင် တိပိဋက နိကာယကျောင်းတိုက်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ မိုးမိတ်စေတီတော်၊ စက်တော်ရာစေတီတော်၊ တိပိဋကဝါဝသ သုံးထပ်တိုက်ကျောင်းတော်၊ နိုင်ငံစုံ ဘုရားပြတိုက် စာချကျောင်းတော်ကြီး၊ မဟာဗုဒ္ဓဝင်နှင့် ထေရုပ္ပတ္တိပြတိုက်၊ မင်းကွန်းတိပိဋက လွှမ်းစေတီ၊ ကျောက်စာတိုက်များ၊ ပိဋကတ်စေတီတော်၊ ကြေးရုပ်တုဗီမာန်တော်၊ မင်းတေ စေတီတော် စသည့် လေးဘာ

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုဖွယ်ရာ သာသနိကအဆောက်အအုံများရှိကြောင်း လေ့လာဖတ်ရှုမှတ်သားခဲ့ဖူးသည်။

တိပိဋကနိ ယကျောင်းတော်ကြီး ရှေ့သို့ရောက်သည်နှင့် ခမ်းနားထည်ဝါလှသော ဝင်ပေါက်မုခ်ဦးကြီးကို ကြည်နူးဖွယ်ရာ တွေ့လိုက်ရသည်။ မိုးကမူ တဖွဲဖွဲ ရွာနေဆဲပင်၊ မုခ်ဦးကြီး အောက်ရှိ သန့်ရှင်းသပ်ရပ် ပြေပြစ်ချောမွေ့နေသည့် နိုင်လွန်ကတ္ထရာလမ်းမကြီးအတိုင်း ကျောင်းတော်ကြီး ပရိဝုဏ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဆိတ်ငြိမ်အေးချမ်းလျက်ရှိသော ကျောင်းတိုက်ကြီး၏ ထွေးပွေ့ထုယမှုကြောင့် ကြည်လင်အေးချမ်းသော စိတ်အစဉ်ဖြင့် မိုးထဲရေထဲမှာပင် ကျောင်းတော်ကြီးအတွင်း လှည့်လည်လေ့လာကြည်ညိုဖြစ်ခဲ့သည်။

မိုးမိတ်ကုန်းမြေတွင် လေ့လာကြည်ညိုဖွယ်ရာ သာသနိကအဆောက်အအုံများမှာ များပြားလှသည်။ သို့ရာတွင် စာရေးသူတို့ နေပူဇင်္ကာမခံရစေရန် သံယောဇဉ်ကြီးစွာ အဖော်ပြုပေးလျက်ရှိသည့် မိုးစက်မိုးပေါက်များ၏ ဖေးမကူညီမှုကြောင့်တစ်ကြောင်း၊ ရှေ့ဆက်ရမည့်ခရီးအတွက် အချိန်ငဲ့ညှာရသဖြင့် တစ်ကြောင်းတို့ကြောင့် ထေရုပ္ပတ္တိပြတိုက်၊ ကျောက်စာတိုက်စောင်းတန်း၊ မင်းကွန်းတိပိဋကရေ လွမ်းစေတီ၊ တိပိဋက သာသနသောဘိတိ ရွှေနန်းတော် သိမ်ကျောင်းတော်ကြီးတို့ကိုသာ အပြင်ဘက်မှ လေ့လာကြည်ညိုကာ မိုးထဲလေထဲတွင် အပြေးအလွှား မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ယူနိုင်ခဲ့သည်။

ထေရုပ္ပတ္တိ ပြတိုက်ကို ကောဇာသက္ကရာဇ် ၁၃၅၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (၂၇. ၁၁. ၁၉၉၁) နေ့ နံနက် ၉ နာရီတွင် အုတ်မြစ်ချကာ စတင် ဆောက်လုပ်ခဲ့သည်။ ပြတိုက်အတွင်း၌ ဗုဒ္ဓဝင်ပန်းချီကားချပ်ကြီး ခုနစ်ချပ်နှင့် မင်းကွန်းဆရာတော်ဘုရားကြီး၏ တစ်ဘဝသံသရာ ထေရုပ္ပတ္တိပန်းချီကားချပ်ကြီး ၄၁ ချပ်တို့ကို ရေးဆွဲပူဇော်ထားသည်။



မင်းကွန်းတိပိဋကရေ လွမ်းစေတီ

ပြတိုက်၏ ရှေ့အစွန်၌ မဟာဗုဒ္ဓဝင်ကျမ်းကြီး ရေးသားပြုစုတော်မူနေသည့် ကြေးသားရုပ်တုတော်ကိုလည်း လက်ရာမြောက်စွာ ပူဇော်ထားသည်ဟု သိရသည်။ ပြတိုက်အတွင်းပတ်လည်တွင်လည်း ဆရာတော်ဘုရားကြီး၏ ဘွဲ့တံဆိပ်တော်များ၊ သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့သည့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို လေ့လာနိုင်သည်ဟု ဆိုသည်။

မင်းကွန်း တိပိဋကရေ လွမ်းစေတီကိုမူ မင်းကွန်းဆရာတော်ဘုရားကြီး၏ သာသနာတော်အတွက် အုံ့ဆိုးဘန်း ကြိုးပမ်းစွမ်းဆောင်တော်မူခဲ့သည့် ကျေးဇူးတော်များနှင့် သီလဝုဏ်၊ သမာဓိဝုဏ်၊ ပညာဝုဏ်၊ ခန္ဓိဝုဏ်များနှင့် အထူးထူးသော ဂုဏ်တော်တို့ကို အောက်မေ့သတိရ လွမ်းဆွတ်လျက်ရှိကြသဖြင့် ကျောင်းဒါယကာကြီး ဦးဖိုးမို့ တိပိဋကနိကာယ သာသနာပြုဥပဒ္ဒာစရိယ အဖွဲ့ မန္တလေးဌာနခွဲ ဥက္ကဋ္ဌ၊ သုဓမ္မသီဂီဘွဲ့ရ ကျောင်းအမကြီး ဒေါ်ရွှေညွှန့်၊ သား မောင်ဌေးလွင်တို့က ကျပ်ငွေ ၄၈ သိန်း မတည်ပြီး သင္ခါတရားထက်သန်ကြသော ကုသိုလ်ရှင်အပေါင်းတို့၏ ပါဝင်လှူဒါန်းမှု အစုစုဖြင့် ၁၃၅၅ ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက် (၂၁. ၆. ၉၃)နေ့တွင် စတင် အုတ်မြစ်ချကာ ၁၃၅၆ ခုနှစ် ဝါဆိုလဆန်း ၈ ရက် (၁၅. ၇. ၉၄)နေ့တွင် ထီးတော်တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

မင်းကွန်းတိပိဋကရေ လွမ်းစေတီသည် ပုဂံရွှေဟောင်းယဉ်ကျေးမှုမြို့တော်ရှိ မဟူရာစေတီတော်ကဲ့သို့ စေတီတော်အတွင်း၌ လိုဏ်ဂူပါရှိပြီး လိုဏ်ဂူအတွင်းဝယ် ဆရာတော်ဘုရားကြီး၏ အရွယ်တော်အဆင့်ဆင့် ပုံတော်များ ရေးဆွဲထားသည့် ပန်းချီကားချပ်ကြီး ၁၉ ချပ်နှင့် မတည်လှူဒါန်းခဲ့သော ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ၏ ပန်းချီကားချပ်များလည်းရှိပြီး ထိုပန်းချီကားချပ်များ၏ အထက်တွင် ခေတ်အဆက်ဆက် လက်ရာမွန် ကြေးဆင်းတုရုပ်ပွားတော် ၃၄ ဆူတို့ကိုလည်း ပူဇော်ထားသည်။

ဆရာတော်ဘုရားကြီး၏ သက်တော် (၈၂)နှစ်ကို ရည်ရွယ်၍ လိုဏ်အတွင်းမှ ကြေးဆင်းတုရုပ်ပွားတော် ၃၄ ဆူအပြင် စေတီတော် အထက်ပစ္စယာပတ်ပတ်လည်၌ ကျောက်ဆင်းတုတော် ၄၈ ဆူ ပူဇော်ထားကြောင်းလည်း သိရသည်။ စေတီတော် အောက်ပစ္စယာများ၏ပတ်လည်တွင် ဆရာတော်ဘုရားကြီး၏ ဘွဲ့တံဆိပ်တော်များနှင့် ဩဝါဒတော်များကို ကျောက်စာထွင်းထု ပူဇော်ထားရာ မျိုးဆက်သစ် တိပိဋကလောင်းလှာ သာသနာ့အာဇာနည် အရှင်မြတ်များ စံနမူနာယူကာ ကြိုးစားကြစေမည့်

www.burmeseclassic.com

ရွှေစင်နန်းတော် သိမ်ကျောင်းတော်ကြီး



ကျောင်းတိုက် ဝင်ပေါက်မုခ်ဦးကြီး

အားပေးခြီးမြှောက်နေသကဲ့သို့ ဖြစ်ပြီး တံပည့်ဒါယကာ၊ ဒါယိကာမများအတွက်လည်း ဘဝသံသရာ ကျင်လည်ရာတွင် အနာတတ်၊ အသေတတ်စေရန် ဆုံးမသြဝါဒများက လမ်းညွှန်လျက်ရှိသည်။

ကျောက်စာတိုက်များကိုမူ ဆရာတော်ဘုရားကြီး တိပိဋကဓရမဟာဓမ္မာဂါရိက ဘွဲ့တံဆိပ်တော် ရတော်မူသည့် ငွေရတု ပူဇော်ပွဲ၏ လ ၅၀ မြောက် ရွှေရတုပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၃၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (၂၆. ၁၁. ၈၂) နေ့တွင် ရေစက်ချ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်စာတိုက်များတွင် ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော မဟာဗုဒ္ဓဝင်ကျမ်းကြီး ၈ အုပ်၊ ဆရာတော်ဘုရားကြီး၏ ဆဋ္ဌသင်္ဂါယနာ အဖြေများ၊ ကာဗျမာလာကျမ်းနှင့် မင်းကွန်းတိပိဋကဓရမူ ၃၇ ခကျမ်းကမ္ဘဝါစာတို့ကို ကျောက်ထက်အက္ခရာတင်ကာမှတ်တမ်းပြုထားခြင်းဖြစ်သည်။

မဟာဗုဒ္ဓဝင်တွင် ကျောက်စာတိုက်ပေါင်း ၁၀ တိုက်ရှိပြီး ကျောက်ချပ်ပေါင်း ၇၂၀ ရှိသည်။ ဆဋ္ဌသင်္ဂါယနာအဖြေမှာ ကျောက်စာတိုက် ၄ တိုက်ရှိပြီး ကျောက်ချပ်ပေါင်း ၃၆၀ ရှိသည်။ ကမ္မဝါစာမှာမူ ကျောက်စာတိုက် တစ်တိုက်သာရှိပြီး ကျောက်ချပ်ပေါင်း ၈ ချပ် ရှိသည်။ ကာဗျမာလာမှာလည်း ကျောက်စာတိုက် တစ်တိုက်သာရှိပြီး ကျောက်ချပ်ပေါင်း ၈ ချပ်ရှိသည်။ အားလုံးပေါင်းလျှင် ကျောက်စာတိုက် ၁၆ တိုက်ရှိပြီး ကျောက်ချပ်ပေါင်း ၁၁၆၈ ချပ်ရှိကြောင်း သိရသည်။

ကျောင်းတိုက်တော်ကြီး အတွင်းမှ ပြန့်လည်မထွက်ခွာမိ ခမ်းနားထည်ဝါလှသည့် ဝင်ပေါက်မုခ်ဦးကြီးနှင့် အနီးရှိ သာသနာသောဘိဏီ ရွှေစင်နန်းတော် သိမ်ကျောင်းတော်ကြီးတို့ကို မှတ်တမ်းဓာတ်ပုံ ရိုက်နေစဉ်တွင် မိုးက တဖွဲဖွဲ ရွာနေရာမှ ခပ်သဲသဲလေး ရွာချလာသဖြင့် ဓာတ်ပုံရိုက်ပြီးသည်နှင့် ကားအတွင်းသို့ ခပ်သွက်သွက်ပင် ပြေးဝင်ခဲ့ကာ ကျောင်းတိုက်တော်ကြီးအတွင်းမှ ထွက်ခွာခဲ့ကြသည်။

မည်သို့ပင်ဆိုစေ ကမ္ဘာကျော်ကြီးငါးကြီးတို့ စုစည်းရာ မင်းကွန်းမြေသို့ စာရေးသူ ရောက်ရှိ လေ့လာ ကြည်ညိုပူဇော်ခဲ့ရသည်မှာ နှလုံးစိတ်ဝမ်း ချမ်းမြေ့မျော်ရွှင်ခဲ့ရပါကြောင်းနှင့် စာရှုသူများလည်း ဤနေရာ ဤဌာနသို့ တစ်ခေါက် တစ်ခါ အရောက်လာကြကာ လေ့လာကြည်ညိုပူဇော်နိုင်ကြစေရန် သတင်းကောင်းပါး ရေးသားလိုက်ရပါကြောင်း။

မင်းဂုဏ်

စာကိုး

၁။ သမိုင်းထဲက မင်းကွန်း၊ အရှင်ဆန္ဒဇောတိ (ပါဠိပါရဂူ၊ ဝိဇ္ဇာကတ်တစ်ပုံဆောင်)

၂။ မင်းကွန်းမြေမှ ကမ္ဘာကျော် ကြီးငါးကြီး၊ အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ဝိဇ္ဇာကတ်တစ်ပုံဆောင်)

❑

www.burmeseclassic.com

www.burmeseclassic.com







ဗုဒ္ဓဂဟ မဏ္ဍိမ ဒရိုးသည့်

နန်းမြင့်နွယ်(ညောင်လေးပင်)

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ မဇ္ဈိမဒေသသို့ သွားရောက်ဖူးမြော် ဗဟုသုတရှာမှီးလိုသော အိပ်မက်ကို သံဃာတိုင်း မြင်မက်ကြမည် ထင်ပါသည်။ စာရေးသူမှာ ထိုအိပ်မက်ကို နှစ်ရှည်လများ မက်ခဲ့ပါသည်။ သို့သော် ထိုအိပ်မက်အတွက် ကုန်ကျမည့် ငွေကြေးပမာဏက ထမင်းလုံးတစ္ဆေ ခြောက်သကဲ့သို့ရှိပါသည်။ သို့ပါသော်လည်း အကြောင်းကြောင့် အကျိုးဖြစ်သည်ဟူသော ဗုဒ္ဓ၏တရားအနှစ်အတိုင်းပင် စာချသံယာတော်များကို မဇ္ဈိမဒေသသို့ ပို့ဆောင်ပေးသည့် အစီအစဉ်ထူးတစ်ရပ် ပေါ်ပေါက်လာကာ အိပ်မက်သည် အမှန်တကယ် ဖြစ်လာခဲ့ပါသည်။

ဗုဒ္ဓဂယာ အိန္ဒိယ၊ နီပေါ Dhamaduta Tour ဘုရားဖူးခရီးစဉ်ကို ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သံဝေဇနီယလေးဌာန (အိန္ဒိယ၊ နီပေါ) နိုင်ငံများသို့ ပို့ဆောင်ပေးသည့် အစီအစဉ်ဖြင့် လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရခြင်း ဖြစ်ပါသည်။ အလှူရှင်မှာ ဒေါက်တာဒေါ်ခင်ခင်ရီ ရွှိုင်းဟုတ်ကုမ္ပဏီမိသားစု ဖြစ်ပါသည်။ ဘုရားဖူးခရီးစဉ်တွင် မြန်မာနိုင်ငံ အရပ်ရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဂဏဝါစက စာချဆရာတော်များအား အဓိကထား၍ ထူးခြားသော အစီအစဉ်အဖြစ် ပို့ဆောင်ပေးရာ ကျေးဇူးကြီးလှစွာ၏။

အဆိုပါ ခမ္မဒူတခရီးစဉ်ကို မိမိတို့၏ မြန်မာနိုင်ငံ ထေရဝါဒ သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားရေး အတွက် ဆောင်ရွက်ကြရာတွင် အသိအမြင်နှင့် လက်တွေ့ပါပေါင်းစပ်၍ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် ရည်သန်လျက် သာသနာပြုခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ ပို့ဆောင်ပေးခြင်းကြောင့် မြတ်ဗုဒ္ဓ၏ သံဝေဇနီယ လေးဌာနကို သဒ္ဓါတရား အခြေခံကာ ဖူးမြော်ကြည်ညိုခွင့်ရသဖြင့် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမွန်ကို ကောင်းစွာရရှိနိုင်ကြမည် ဖြစ်ပါသည်။ ထို့အပြင် သာသနာပြုလုပ်ငန်းများအတွက် အထောက်အကူဖြစ်သော ခရီးသွားခြင်းတစ်မျိုးဟု နားလည်မိပါသည်။

တရုတ်ရဟန်းတော် ဖာဟီယန်နှင့် ဟူရှင်ဆန်တို့သည် ဘုရားလည်းဖူးရင်း ဗုဒ္ဓပွါဒနေရာဌာနများကို မှတ်တမ်းတင်ရင်းဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် သမိုင်းဝင်ခရီးကို သွားရောက်ခဲ့ကြဖူး၏။ အဆိုပါ ရဟန်းတော်များ၏ သမိုင်းမှတ်တမ်းများသည် ယခုအခါ သာသနာတွင် အထောက်အထားများအဖြစ် တည်ရှိနေပါသည်။

ရွှိုင်းဟုတ်ကုမ္ပဏီ၏ ခမ္မဒါန ခရီးစဉ်တွင် မိမိနှင့်အတူ တကွ ရန်ကုန်မြို့ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ကွင်းချောင်းစာသင်တိုက်၊ ရွှေညောင်ပင်တောရကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မစိုးရိမ်ကျောင်းတိုက်၊ ဟသ်ာတမြို့ ရွှေကျောင်းစာသင်တိုက်၊ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့ မြင်းဝန်မင်းကြီးတိုက်၊ မဟာမြိုင်ကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ ဒဟတ္ထောကျောင်းတိုက်၊ ညောင်ကန်တိုက်၊ ရေးမြို့ တောင်စွန်းပရိယတ္တိစာသင်တိုက်၊ ကျိုက်ထိုမြို့ သစ်ဆင်ပရိယတ္တိစာသင်တိုက်၊ တာချီလိတ်မြို့ မဟာဂန္ဓာရုံသဒ္ဓမ္မဝိဟာရကျောင်း၊ သုံးဆယ်မြို့ မဟာထူပါရုံပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့ သဒ္ဓမ္မဂရုပုသိမ်ကျောင်း၊ ပြည်မြို့ ကိုးသောင်း သာသနာ့မင်္ဂလာကျောင်း၊ စစ်ကိုင်းမြို့ တိပိဋကနိကာယ မိုးမိတ်ကုန်းမြေဘီးလင်းမြို့၊ ငြိမ်းချမ်းရိပ်မြုံ့ ခမ္မာစရိယသင်တန်းကျောင်း၊ စစ်ကိုင်းပရိယတ္တိစာသင်တိုက်၊ မုဒုမြို့ ဂျုံးဂျုံးကျတောရကျောင်း၊ မော်ဘီမြို့ သာသနဝန်ဆောင်ကျောင်းတိုက်များမှ စာချသံဃာတော် ၃၇ ပါးနှင့် ရွှိုင်းဟုတ်ကုမ္ပဏီမှ ကပ္ပိယကာရက ခမ္မဒူတမောင်တို့ ပါဝင်ခဲ့ပါသည်။

၎င်းသံဃာတော်များအတွက် ကြီးမားသော အကျိုးကျေးဇူးရလဒ်ကား ဝိဋကတ်စာပေများကို သင်ကြားပို့ချရာတွင် ပါရှိနေ၊ "ဧဝံ မေ သုတံ ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ၊ ဗာရာဏသိယံ၊ ဝေဠုဝနေ" စသော ပါဠိစာပေ အသုံးအနှုန်းများ၌ ထိုနေရာများ၏ တည်နေရာ ဌာနများသို့ ကိုယ်တိုင် ရောက်ရှိခဲ့ရပြီးဖြစ်၍ ပိုမိုတိကျထိရောက်သော သင်ခန်းစာများကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ဘုရားရှင်နှင့် ကိုယ်တိုင် တွေ့ကြုံရသကဲ့သို့ရှိ၏။ မျက်ရမ်းမှန်းဆ၍ ပြောရ ဟောရ သင်ပြရခြင်းမျိုး မဟုတ်တော့။ စာတွေ့လက်တွေ့ ပေါင်းစပ်၍ ပြောပြ ဆိုပြ သင်ပြရသည့် အဂ္ဂိအရေးရမည် ဖြစ်သဖြင့် အနာဂတ် သာသနာအတွက် အကျိုးရှိလှပါသည်။ ယခုလိုက်ပါခွင့်ရသည့် ခရီးစဉ်မှာ မျက်မြင်ဒိဋ္ဌ ခမ္မအပေါ် အခြေခံ၍ ပရိယတ္တိဆိုင်ရာများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ရင်းဖြစ်ကြောင်း နှလုံးပိုက်မိပါသည်။

ဤဘုရားဖူးအဖွဲ့ကို "ခမ္မဒူတအဖွဲ့" ဟု နာမည်ကင်ပွန်းတပ်ပါ၏။ ခမ္မဒူတဟူသော ဝေါဟာရသည် "ခမ္မစေတမန်" ဟု ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်လင့်ကစား အသိဉာဏ်လင်း၍ ဖောက်ထွင်းမြင်နိုင်စွမ်းရှိသူအဖို့ ပိုမိုပြည့်စုံ၍ အနှစ်သာရပေါ်လွင်သည့် အဓိပ္ပါယ်ထွက်ကို ဖွင့်ဆိုနိုင်ပြန်၏။

ယခုဘုရားဖူး သံဃာတော်များသည် မြန်မာပြည်ရောက်သည်နှင့် ခမ္မနှင့်သက်ဆိုင်သော စကားစုများကို ပြန်လည် ဖောက်သည်ချလိမ့်မည်။ သယ်ဆောင်ခဲ့သော ဒေသန္တရ ခမ္မဗဟုသုတများစွာကို မျှဝေပေးလိမ့်မည်။ သို့လျှင် သွားလျက်လည်းကောင်း၊ ပြန်လျက်လည်းကောင်း ခမ္မဗဟုသုတများ သယ်ဆောင်ကြသူများဖြစ်သည်။ ခမ္မဒူတ မည်တော့၏။ သို့သော် ခမ္မဒူတခရီးစဉ် ပထမအခေါက်မှာ ပြီးမြောက်ခဲ့ပြီးလေပြီ။ စာရေးသူတို့၏ ခရီးစဉ်မှာ ဒုတိယအခေါက် ဖြစ်သဖြင့် ခမ္မဒူတအဖွဲ့ (၂) ဟု အမှတ်သညာပြုခဲ့ပါသည်။

ဦးဆောင်ဆရာတော်ကြီးသည် ဤအဖွဲ့အား သာသနာအတွက် သတိရှိကြစေရန်နှင့် သတိမပျက် မှတ်သားလုပ်ကိုင်ဆောင် ရွက်ကြခြင်းဖြင့် သဒ္ဓါစိတ်များ ပွားများကြ

www.burmeseclassic.com

စေရန် ခမ္မဇူတ တဲဆိပ်တော်ခတ်ကာ တပ်လှန့်နှိုးဆော်ပေးလိုက်ခြင်းလည်း ဖြစ်အံ့သည်။

မြတ်ဗုဒ္ဓသည် အာနန္ဒာမထေရ်မြတ်အား-

"ချစ်သား အာနန္ဒာ၊ သဒ္ဓါတရားနှင့် ဖြည့်စုံသော ရဟန်းယောကျ်ားဿ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် (၁) လုပ်ဖွဲ့နိဌာနဋ္ဌ မြတ်စွာဘုရား ဖွားတော်မူခဲ့၏ ဟူ၍လည်းကောင်း (၂) မဟာဗောဓိဌာနဋ္ဌ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့၏ ဟူ၍လည်းကောင်း (၃) ဤမိဇၩိမဝိဇ္ဇာနဋ္ဌ တရားတော် ဓမ္မစက်ကို ဟောမြွက်တော်မူခဲ့၏ ဟူ၍လည်းကောင်း (၄) ဤကုသိနာရုံဌာနဋ္ဌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့၏ ဟူ၍လည်းကောင်း အဖူးအမြော်လာရောက်ကြသူတို့သည် နတ်ရွာသုဂတိ ရောက်ရှိကြလိမ့်မည်" ဟု ဟောကြားတော်မူခဲ့ကြောင်း သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တော်၌ မှတ်သားခဲ့ရဖူးပါသည်။

သို့အတွက်လည်း သဒ္ဓါစိတ် ဦးဆောင်သော ခရီးဖြစ်ရန်လည်း လိုအပ်သည်ဟု ကြိုတင်မှတ်ယူခဲ့ပါသည်။

သမိုင်းကြောင်း သမန်ရှည်လျားစွာ တည်ရှိခဲ့သော အိန္ဒိယတိုက်ငယ်၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အယူဝါဒများနှင့် ရေမြေတောတောင်သဘာဝ၊ သယံဇာတများကို ပါဠိပဋိဇ္ဇတ်ကျမ်းစာပါ အထောက်အထားတို့နှင့် တိုက်ဆိုင်ညှိနှိုင်း လေ့လာခွင့်ရတော့မည့်အရေးမှာ စိတ်လှုပ်ရှားစရာတစ်ခု ဖြစ်ပါသည်။

ဘုရားဖူးခရီးစဉ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ က စတင်ခဲ့ပါသည်။ ဗုဒ္ဓပွင့်တော်မူရာ မဟာအောင်မြေ မရွှီမဒေသဖြစ်သည့် အိန္ဒိယနိုင်ငံ၊ ဂယာမြို့လေဆိပ်ကို ရောက်သောအခါ ညနေ ၄ နာရီတော့ခန့်ရှိပါပြီ။

လာရောက်ကြိုဆိုနေသော မော်တော်ယာဉ်ပေါ် သို့ ရောက်လျှင်ပင် ပတ်ဝန်းကျင်သဘာဝကို လေ့လာစူးစမ်းမိသည်။ "မြန်မာပြည်နဲ့ သိပ်မကွာပါဘူး" ဟု မှတ်ချက်ပြုသံကို ကြားလိုက်ရသည်။

မော်တော်ယာဉ်ထွက်သည်နှင့် လယ်ကွင်းပြင်ကျယ်ကြီးများကို ဖြတ်သန်းရသည်။ အချို့နေရာများတွင် ထန်းတောညိုညိုများ ဟိုမှာတစ်ပင် သည်မှာတစ်ပင် ပေါက်နေသော တမာပင်လေးများမှာ မြန်မာပြည်က အညာရွာငယ်းနှင့် ခပ်ဆင်ဆင်တူနေကြောင်း သတိထားမိသည်။ မြန်မာပြည် စံတော်ချိန် ညနေ ၆ နာရီ မိနစ် ၃၀ တွင် ဂယာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်၏။ ခရီးစဉ် ဇယားၵွဲ့ ယနေ့ပင် ဗုဒ္ဓပွင့်တော်မူရာ အောင်မြေမဟာၵွဲ့ တည်ထားသော မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် မဟာဗောဓိပင်တို့အား ဖူးမြော်ရန် အစီအစဉ် ပါဝင်လျက်ရှိသည်။

စေတီတော်မြတ်ကြီးထံပါး ရောက်သောအခါ စည်ကား မျက်သော လူအုပ်မှာ အရောင်အသွေးစုံ ပန်းခင်းတစ်ခင်းသဖွယ်ပင် မြင်တွေ့နေရသေးသည်။ သူတို့ကို ဖြတ်ကျော် ဝင်ရောက်ရသည်။

"ဗုဒ္ဓပွင့်တော်မူရာ အအေးဓာတ်သည် ထာဝရမဆိတ်သုဉ်းသော ဓမ္မအအေးဓာတ်အဖြစ် သတ္တဝါအများကို ထိခိုက်အေးမြပါစေသတည်း၊ ကူးစက် လွှမ်းခြုံပါစေသတည်း" ဟု ဆုတောင်းမေတ္တာ ပို့သလိုက်မိပါသည်။

ဤနေရာဌာနတွင် 'ပဏီဓာနတော ပဌာယ' အစချီသော ရတနသုတ်တော်ဂါထာအတိုင်း အစဉ်တကျ အာရုံယူရမည်ဖြစ်ပါသည်။ သို့သော် ဗုဒ္ဓဝင်သို့ ပူးဝင်ညှိတ်ကျမိနေပါသည်။ ဤနေဝင်ဖျိုးဖျ မှောင်ရီသန်းစအချိန်တွင် ဗုဒ္ဓသည် မာရ်နတ်ကို အောင်မြင်တော်မူခဲ့မည်။ သို့ဖြစ်လျှင် မိမိတို့ မရောက်မီ သည်နေရာသည် အဲလွန် ရက်စက်ကြမ်းကြုတ်သော မာရ်နတ်၏ စစ်သည်တို့ ဘုရားရှင်ကို စစ်ခင်းလျက်ရှိလိမ့်မည်။ ဤနေရာသည် ရေဖြင့်၊ မီးဖြင့် လှိုင်းထသော စစ်တလင်းပြင်ကြီးဖြစ်လျက်ရှိမည်။ ယခုသော် တိတ်ဆိတ်ငြိမ်သက်လျက် သာယာချမ်းမြေ့လျက် ရှိနေပေပြီ။ မေတ္တာဖြင့် အောင်မြင်ပြီးသော ဗုဒ္ဓသည် အောင်ဘိသိက်ခန်း ပလ္လင်နန်းဝယ် ငြိမ်းချမ်းစွာ စံမြန်းနေတော်မူသော အခါသမယဖြစ်ကောင်းသည်။ အေးချမ်းမှုကို ခိုလှုံကာ အကြိမ်ကြိမ် ဦးခိုက်ရင်းဖြင့် ဖြည့်စုံသော ဓမ္မရသကို ခံစားမိပါသည်။

ဘုရားဖူးခရီးစဉ်သည် သံဝေဇနီယ လေးဌာနဆိုသော်လည်း သံဝေဇနီယဌာနများနှင့် ဆက်စပ်တည်ရှိနေသည့် ဗုဒ္ဓစင်၊ သမိုင်းဝင်နေရာဒေသများနှင့် ဗုဒ္ဓသာသနာနှင့် ဆက်စပ်သော နေရာဌာနများသို့ ရောက်ရှိ ဖူးမြော်လေ့လာခွင့်ရသည့် အခွင့်ထူးကိုလည်း ရရှိခဲ့ပါသည်။

၁၇-၁၁-၂၀၁၅ နံနက် ၉ နာရီခန့်တွင် ဗိမ္ဗိသာရ အကျဉ်းထောင် နေရာသို့ ရောက်သည်။ ဤနေရာတွင် သားတော် အဇာတသတ်က ဖခင်ကြီး ဗိမ္ဗိသာရကို သတ်ရန် စျုပ်နှောင်ခဲ့သည်။ အကျဉ်းထောင်ကြီး၏ အလယ်လောက်တွင် တွင်းချိုင့်ကလေးတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။ ထိုချိုင့်ကလေးသည် ဖခင် ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချ

www.burmeseclassic.com

www.burmeseclassic.com

ထားစဉ်က အသုံးပြုခဲ့သော သံခြေချင်းကြီးကို တူးဖော်ထားသဖြင့် ကျန်ရစ်သည့်နေရာဟု ဆိုသည်။ ထိုသံခြေချင်းကြီးကို ကာလကတ္တားမြို့ ပြတိုက်ကြီးတွင် သိမ်းဆည်းပြသထားသည်ဟု ဆို၏။

သို့အတွက် ဤနေရာမှာ ဖခင်တို့၏ မေတ္တာကို ကိုယ်စားပြုသည့်နေရာဟု ကောက်ချက်ချမိပါသည်။ ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်သော ဖခင်ကြီးကို သတိရမိလိုက်သည်။ စိတ်ထဲတွင် ဝမ်းနည်းသလိုကြီး ခံစားလာရသည်။

ခိုင်ခံ့စွာ ပကတိကျောက်သား ကျောက်တုံးများနှင့် တည်ဆောက်ထားသော အကျဉ်းထောင် အုတ်တံတိုင်းကြီးနှင့် ပင်လုံးကျွတ်ပွင့်နေသော မဲဇလီပင်များကို မြင်ရသော အခါ ခိုင်မာသော အကျဉ်းထောင်နံရံကြီးသည် ဖခင်၏ မေတ္တာ၊ တစ်ဆုပ်တစ်ခဲကြီး ပွင့်နေသော မဲဇလီပင်များသည် မိခင်၏မေတ္တာဟု ပမာပြုကြည့်နေမိသည်။

တိုက်ဆိုင်လိုက်ပါဘိခြင်း၊ မိမိတို့ ယခုရောက်နေသည့် ကာလသည် တန်ဆောင်မုန်းလဖြစ်သည်။ အဇာတသတ်က ဖခင်ကြီးကို သတ်ပြီး ထိတ်လန့်တုန်လှုပ်စွာ ပုဒ္ဓထံ အပြေးရောက်ခဲ့သည်မှာ ယခုလို တန်ဆောင်မုန်းလ ဖြစ်သည်။ ဘုရားရှင်က သာမညဖလသုတ်တော်ကို ဟောခဲ့သည်မှာလည်း တန်ဆောင်မုန်းလ။ ဤတန်ဆောင်မုန်းလ၏ သာယာမှုကပင် အတွေးတို့ကို ပိုမိုထိရှလှုပ်ခြင်းဖြစ်သည်။ တကယ်တော့ ဤနေရာသည် ဖခင်မေတ္တာ ကြီးစိုးသော နေရာပင်။ မိခင်၏ အကြင်နာကိုသာ အသိအမှတ်ပြုချင်နေသည့် အချို့သားသမီးများကို နားလည်ခွင့်လွှတ်ပေးသော ဖခင်အားလုံး၏ သက်သေသည် ဤနေရာ၌ တည်ရှိနေသည်ဟု ယုံကြည်မိပါ၏။

ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတိရသဖြင့် ကျသည့် ဝမ်းနည်းမှုက်ရည်လား၊ ဗုဒ္ဓဝင်လာ သာသနာနှင့်ဆိုင်ရာ နေရာဒေသသို့ ရောက်ခွင့်ရသဖြင့် ပီတိဖြင့်ကျသည့်မျက်ရည်လား မဝေခွဲနိုင်သော မျက်ရည်တစ်ပေါက် ဗိမ္ဗိသာရအကျဉ်းထောင် အုတ်တံတိုင်းဘေးတွင် ကြွေကျခဲ့သည်ကိုတော့ ခရီးဖော်တို့ သိရှိနိုင်ကြမည် မဟုတ်ပါ။

အဇာတသတ်
အဖကိုသတ်သည့် လက်ဖြင့်
လောကအံ့တွက်
ချောက်ချားခြင်းလက်ဆောင်ကို ပေးခဲ့ပြီ။
စစ်တလင်း
သေခြင်းက သူ့စိမ်းများသာ။
အဇာတသတ်
ဖခင်ရင်းကိုသတ်သည့် လက်က
သေပျက်ခြင်းလမ်းဆုံးမှာ
ဝိမ္ဗိသာရ သေစေခဲ့ပြီ
ဩော်...
ဖခင်ဟူသည် မသေပါ
လောကမြေပြင်တွင်
ဖခင်မေတ္တာတွေများစွာ
ဘယ်မှာသေမှာနည်း ချစ်သား အဇာ။

၁၈-၁၁-၂၀၁၅ ရက်နေ့ ညနေပိုင်းတွင် ဂိဒ္ဓကူဋ်တောင်သို့ ရောက်သည်။ မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူခဲ့သော တောင်ထိပ်က ကျောင်းတော်ရာ၊ အရှင်သာရိပုတ္တရာ၊ အရှင်အနုရုဒ္ဓါတို့ သီတင်းသုံးတော်မူခဲ့သော နေရာများကို ဖူးမြော်ခွင့်ရသည်။ ဒေဝဒတ် ကျောက်မောင်းဆင်ခဲ့သော ကျောက်တုံးကြီး၊ ဗိမ္ဗိသာရမင်း ဘုရားရှင်ထံ နေ့စဉ် အဖူးအမြော်လာရာ မင်းလမ်းမကြီး၊ အဇာတသတ် ကိုယ်ဝန်ရစဉ် ဝေဒေဟိမိဖုရားကြီး ကိုယ်ဝန်ဖျက်ချရာ မဒ္ဒကုစ္ဆိအရပ်တို့ကို ရောက်ရှိသည်။

သူကရဒတ ခေါ် ဝက်တူးလိုက်ဂူသို့ ရောက်ရှိရာတွင် ဃောဂီများ တရားအားထုတ်သည့်အခါ ဖြစ်ပေါ်လာသော ဝေဒနာနှင့်ပတ်သက်၍ အဆိုပါလိုက်ဂူတွင် ရှင်သာရိပုတ္တရာက တူတော် သုနခသီသ လက်သည်းရှည် ပရိဗိုဇ်အား ဝေဒနာသိမ်းဆည်းကြောင်း တရားဖြစ်သည့် "ဒီဃနခ သုတ်တော်" ကို ဟောတော်မူခဲ့ကြောင်း နှလုံးသွင်းမိသည်။

မိုးကားချုပ်လုပါပြီ။ တောတောင်ထဲတွင် လူစုမကွဲရန် သတိပုံရသည်။ မျောက်ကလေးများက အဝေးမှ ချောင်းကြည့်နေကြသည်။ လူစုကွဲသွားသူများကို နှောင့်ယှက်တတ်သည်ဟုလည်း ဆိုသည်။ ဂိဒ္ဓကူဋ်တောင်ဟူသည် ဘုရားရှင် လက်ထက်က ပြိတ္တာများ အလွန်ပေါသည်ဟုလည်းဆိုသည်။ ပြိတ္တာများနှင့် တွေ့မှဖြင့်ဟု ရယ်စရာတွေးရင်း ဆင်းခဲ့မိပါသည်။

ကျောက်တောင်ကျောက်သား အတိပြီးသော ဂိဒ္ဓကူဋ်ဘောင်လမ်းကား ချောမွေ့လျက် ရှိနေပါ၏။ ဘုရားရှင် ပွင့်တော်မူစဉ်က အလွန်ကြမ်းတမ်းသောလမ်း ဖြစ်အံ့သည်။ ဂိဒ္ဓကူဋ်ထောင်တော် ဤလမ်းမှ ဆွမ်းခံရန်သော် လည်းကောင်း၊ သတ္တဝါတို့အား ခြေဆွတ်ရန်သော် လည်းကောင်း

www.burmeseclassic.com

ကြွတော်မူခြင်းကို မြတ်ဗုဒ္ဓသည် နိစ္စမဉ္ဇ ဆောင်ရွက်တော်မူခဲ့သည်။ မိမိတို့မူ အတက်အဆင်းလမ်းများကို ပြေပြစ်စွာ လျှောက်လှမ်းရပါလျက် တစ်ရက်ခရီးစဉ်မှာပင် ပင်ပန်းမောဟိုက်လျက် ရှိနေကြရသည်။ ဝေနေယျများအပေါ် ထားသည့် မေတ္တာဖြင့် ခက်ခဲပင်ပန်းစွာ ဤတောဤတောင်၌ သီတင်းသုံးတော်မူခဲ့သည့် မြတ်ဗုဒ္ဓမှာ ကြည်ညိုဖွယ်ရာ ကောင်းလွန်းပေစွပဲ အာရုံဦးခိုက် ကြည်ညိုလိုက်မိသည်။

ဗိမ္ဗိသာရမင်းလမ်းမကြီးပေါ် အရောက်တွင် ရင်ထဲမှ ကဗျာတစ်ပုဒ် ပွင့်ဖူးလာခဲ့သည်။ အချိန်ကား ၁၈-၁၁-၂၀၁၅ ရက်နေ့ နေညိုချိန် ညနေ ၆ နာရီ ၃၀ မိနစ်ဖြစ်ပါ၏။

ဘုရားရှင် ကြွရာလမ်းကိုလ
မှန်းဆလို့ရည်မျှော်။
ဂိဇ္ဈကူဋ် အတက်လမ်း
လွန်ကြမ်းပနော်။
ရှင်ဘုန်းမြတ်ထေရ်ကျော်
ဝေနေပေါ် မေတ္တာထား။
ရက်နေ့စဉ် ထက်အောက်လှမ်းပါလို့
ကျောက်လမ်းမှာ လွန်ပင်ပန်းပါလိမ့်
မှန်းကြည်ညိုပွား။

၁၉-၁၁-၂၀၁၅ ရက်နေ့တွင် ရာဇဂြိဟ်တွင် အစ္စက်ဆွမ်း ဘုဉ်းပေးအပြီး ပထမသင်္ဂါယနာတင် လိုက်ဂူရှိရာ ဝေဘာရတောင်၊ ရေပူစမ်းနှင့် တပေါဒါမြစ်ဆီသို့ ခရီးဆက်ကြပါသည်။ ဝေဘာရတောင်ကို အတန်ကြာ တက်ပြီးသောအခါ တပေါဒါမြစ် ရေပူစမ်းကို ရောက်ပါသည်။ ရေပူစမ်း၏ ရေထွက်ပေါက်ကို မမြင်ရသော်လည်း ပိုက်လုံးကြီးတစ်လုံးမှ ထွက်နေသည့်ပမာဖြစ်ကြောင်း တစ်ဆင့်စကား ကြားရပါသည်။ ရေပူထွက်ရာအရပ်ဟု ဆိုသည့်နေရာကို လှမ်းမြင်နေရပါသည်။ ထိုနေရာတွင် စက်ရုံလေးပမာ အဆောက်အအုံလေး တစ်ခုကို တွေ့ရပါသည်။ တံလျှပ်ရိပ်တို့ဓာက်နေသဖြင့် ထိုနေရာ၏ ရေပူပမာဏကို ခန့်မှန်းနိုင်သည်။ လမ်းတစ်လျှောက်တွင် အကြိန်ကျထားသည့် သဏ္ဌာန် ရေများ စီးဆင်းနေသည်ကို တွေ့ရသည်။ ထိုရေတို့မှာ သန့်ရှင်းမှုမရှိတော့။

ရှေ့ဆက်သွားသောအခါ အိန္ဒိယတိုင်းရင်းသားတို့၏ ဇာတ်အနိမ့်အမြင့်ခလေ့ကို လက်တွေ့မြင်တွေ့ခွင့်ရတော့သည်။ သူတို့မှာ ဇာတ်အနိမ့်အမြင့်အလိုက် ဇာတ်မြင့်နွယ်တို့က အထက်က၊ ဇာတ်နိမ့်များက အောက်ဘက်က ရေချိုးနေကြလေသည်။ ဇာတ်နိမ့်သူများထံ ရောက်လာသော ရေများမှာ အလွန်ညစ်ထေးနေပြီ ဖြစ်သည်။ သူတို့သည် အကြောင်း နှစ်ချက်ဖြင့် ရေပူစမ်းသို့ လာရောက် ရေချိုးကြသည်ဟု သိရသည်။ ရေပူစမ်းကို ချိုးလျှင် အနာရောဂါ ကင်းရှင်းသည်။ ကိလေသာ အညစ်အကြေး ကင်းစင်သည်ဟု အယူရှိကြခြင်းဖြစ်သည်။ ပဌမ အယူအဆမှာ ရေပူတွင် ကန့်ဓာတ်ပါဝင်သဖြင့် ပွေး၊ ဝဲ စသော အရေပြားဆိုင်ရာ ရောဂါများ ကင်းပျောက်နိုင်ပါသည်။ ဒုတိယ အယူသည် ဘာသာရေးယုံကြည်မှုနှင့် သက်ဆိုင်နေ၏။

မြန်မာတို့၏သင်္ကြန်ရေသည် နှစ်ဟောင်းမှ အကုသိုလ် အညစ်အကြေးများကို ဆေးကြောနိုင်သည်ဟု ယုံကြည်မှုမျိုး ဖြစ်သည်။ စာရေးဆရာအနေဖြင့် ဖတ်ခဲ့ဖူးသော "ဥဒကသုဒ္ဓိ" မည်သော တိတ္ထိတို့၏ ကျင့်စဉ်တစ်မျိုးကို အမှတ်ရမိသည်။

အိန္ဒိယနိုင်ငံကို စရောက်သည့်နေ့ကတည်းက ဧမော် တော်ယာဉ်စီးတိုင်း ညာဘက်တံခါးဘက်ခြမ်းက ထိုင်ခုံတွင် နေရာယူထားမိသည်။ သံယာတို့ထံအတိုင်း သိက္ခာ၊ ဝါ အကြီးအငယ်ကို ဦးစားပေးစနစ်သည် အထူးတိုက်တွန်းနှိုးဆော်စရာ မလို၊ မိမိတို့ဘာသာ သတ်မှတ်ထားသလို ဖြစ်နေသည်။ ဤကား သံယာထုအတွက် ဥပဒေပြုစရာ မလိုသည့် ဘုရားပေးသော စည်းစနစ်ဖြစ်ပါသည်။ ကား ထိုင်ခုံနေရာယူသည်တစ စည်းစနစ်ကျစွာ စောင့်ထိန်းကြသည့် ဓမ္မဒူတအဖွဲ့မှ သံယာများကိုယ်စား ကျိတ်၍ဂုဏ်ယူမိခဲ့ပါသည်။

မိမိထိုင်ခုံတွင် နေရာယူစဉ် မိမိဘေးမှ ဆရာတော်မှာ သက်တော်၊ ဝါတော်တူ မဟုတ်ပါ။ ဆရာတော်မှာ မန္တလေးမြို့ ညောင်ကန်တိုက်မှ ဆရာတော် ဦးတေဇနိယ ဖြစ်ပါသည်။

"ဆရာတော် ကန်တော့ပါနော်၊ တပည့်တော် နည်းနည်း မူးတတ်လို့ ဒီတံခါးနားမှာ ထိုင်ပါရစေ" ဟု တောင်းပန်ကန်တော့မိသည်။

ဆရာတော်၏ ညီသားနောင်မယ်ပမာ ခွင့်လွှတ်သော အပြုံးကြောင့် မိမိ၏ ဒေသန္တရဇာတသုတအတွက် များစွာပင် အခွင့်ကောင်းကို ရရှိခဲ့ပါသည်။ ဆရာတော်ကို ကျေးဇူးတင်မိပါသည်။

ယခင်ကပင် စာပေရေးသားမှုဌ ဝါသနာထုံခဲ့သည် ဖြစ်၍ တံခါးပြတင်းပေါက်မှ မြင်တွေ့ရသော တောတောင် ရေမြေ သဘာဝ၊ လမ်းတံတားများ၊ လူနေမှု ဘဝများ၊ အဆောက်အအုံများ။ စိုက်ပျိုး မွေးမြူရေးများ၊ ဒေသိယအစား

www.burmeseclassic.com

အစာများမှအစ ဓာတ်ပုံကင်မရာဖြင့် တစ်နည်း၊ စိတ်မျက်စိဖြင့်တစ်ဖုံ မှတ်သားခဲ့ရာ ယခု ဆောင်းပါးရေးချိန်တွင် အရာအားလုံးကို ရုပ်ရှင်ပိတ်ကားကြီးမှ အရုပ်များကို ကြည့်နေရသကဲ့သို့ ပြန်လည်မြင်တွေ့နေမိပါသည်။

ညောင်ကန်တိုက်ဆရာတော် ၏ "စာရေးတဲ့သူ့ဆိုတာ မြင်မြင်သမျှကို မှတ်ထားရတယ်၊ ဒါမှ စာရေးဖို့ ကုန်ကြမ်းရမှာ" ဟူသည့် မိန့်စကားကိုလည်း ပြန်လည်ကြားယောင်ရပါသည်။

၂၀-၁၁-၂၀၁၅ ရက်နေ့တွင် ယခင်က အထင်ကရ နာမည်ကြီးခဲ့သော ဝေသာလီသို့ရောက်ပါသည်။ ဝေသာလီပြည်ကြီး ထည်ဝါခမ်းနားပုံ၊ ဝေသာလီမင်းတို့၏ တိုင်းနိုင်ငံတည်ဆောက်ပုံများ၊ ဒီမိုကရေစီကျစွာ အုပ်ချုပ်သည့် နိုင်ငံရေးစနစ်၊ ဝေသာလီသားတို့ ညီညွတ်မှုတ၍ ရဲစွမ်းသတ္တိရှိကြပုံများက စာပေကျမ်းဂန်လာ မြင်ကွင်းများအတိုင်း စီကာစဉ်ကာ တိုးဝင်လာပါသည်။

သြော်- ဒီမိုကရေစီဆိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော် ဘုရားရှင်လက်ထက်တော်မှာပင် တည်ရှိခဲ့ခြင်းပါတကားဟု သတိချပ်မိပါသည်။ ဝေသာလီကို အဝေးမှလည်းကောင်း၊ နန်းတော်အုတ်ရိုးများပေါ်မှ အနီးကပ်လည်းကောင်း ဓာတ်ပုံမှတ်တမ်းယူမိသည်။ လမ်းညွှန်ဆရာတော်များ ညွှန်ပြသည့် ဖြစ်ပျက်သမျှ သခီရသဘောကို နှလုံးသွင်းပွားများမိသွားသည်လည်း ရှိပါသည်။

ဝေသာလီကား မိမိကိုယ်တိုင် သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံသော မင်းဖြစ်ပါလျက် လူပေါ်လူဇော်ဖြစ်သူ ဝဿကာရအမတ်၏စကားကို ယုံကြည်မိသဖြင့် လူမျိုးပျက်သုဉ်း၊ တိုင်းပြည်ပါ ဆုံးခဲ့ရပုံကို သခီရထဲမှ သင်ခန်းစာ ယူမိပါ၏။ ဤအချက်ကို မှတ်မှတ်ထင်ထင်လည်း ရှိနေပါသည်။

နတ်ပြည်လိုအံ့မခန်း
အလှဆန်းတဲ့ ဝေသာလီ။
ဝဿကာရ လူပုံကြွားကို
ယုံစားမိပြီ။
တစိမ်းကိုပုံအပ်လို့ ယုံမှတ်တဲ့ဝေသာလီ
ပျက်ခဲ့ရသည်။
အခုတော့ ဝေသာလီ
ပျက်သုဉ်းပြီ မြေပုံလွှမ်း။
တစ်ပါးသူ အားယူ မပုံလိုက်ပါနဲ့
ကိုယ့်သာယုံ ကိုယ်အားထား
ကြိုးစားဖို့မှန်း။

ဤသို့လျှင် သင်ခန်းစာပေးချင်နေသည်။

ဝေသာလီကအပြန်တွင် စေသာလီနှင့် ပတ်သက်သမျှ သမိုင်းစဉ်တို့က အားလုံးသူတို့၏ အတွေးအမြင်များတွင် စီတန်းလိုက်ပါနေပြန်သည်။ ဒီမိုကရေစီစနစ်ကို စံပြကျင့်သုံးခဲ့သော ဝေသာလီ၊ ညီညွတ်မှုစွမ်းအားကို မြတ်ဗုဒ္ဓကပင် အသိအမှတ်ပြု ဟောကြားခဲ့သော ဝေသာလီ၊ အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးခဲ့သော ဝေသာလီ (ဘိက္ခုနီပြုခွင့် ဝေသာလီမှ စတင်ခဲ့သည်)၊ ဒုတိယ သုဂီယနာတင်ခဲ့ရာ ဝေသာလီ၊ ဘူမိဇာလသုတ်တော်ကို ကမ္ဘာမြေမိုးဖြန်းဖြန်းကျီးအောင် ဟောမြွက်ခဲ့သော ဝေသာလီ၊ အမွမပါလီအလှမယ်ရှိခဲ့ရာ ဝေသာလီ၊ ရတနသုတ်ကို ဟောကြားခဲ့ရာ ဝေသာလီ၊ ကပ်ကြီးသုံးပါး ဆိုက်ခဲ့ရာ ဝေသာလီ၊ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခဲ့ရာ ဝေသာလီ၊ ဤသို့လျှင် ယခုခေတ်အခါ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ်တွင် တည်ရှိသော ဝေသာလီမြို့ဟောင်းနေရာကို ထားရစ်ခဲ့ကြရပြန်သည်။

၂၁-၁၁-၂၀၁၅ နေ့ ညနေ ၄ နာရီတွင် ကကုဓာမြစ်သို့ ရောက်သည်။ မြစ်ဟုဆိုသော်လည်း ချောင်းငယ်တမျှသာ ရှိတော့သည်။ သောင်ပြင်စပ်စပ်နှင့် ချောင်းရာက ကွေ့ကွေ့ကောက်ကောက် တည်ရှိနေသည်။ ရေလက်ကျန်တို့သည် ထိုချောင်းလေးအတိုင်း စီးဆင်းနေသည်။ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် နောက်ဆုံး ရေသုံးသပ်တော်မူသော မြစ်ဖြစ်သည်။ ထိုနေရာအရောက်တွင် ဘုရားရှင်အား ရေကြည်တော်ဆက်စေရာ ထိုရေကြည်တော်မှာ လက်တော်အရောက်၌ နောက်ကျိသွားသည့်ဖြစ်အင်ကို ပြန်စဉ်းစားမိလာသည်။ အဘယ်ကြောင့်မသိ၊ ဝမ်းနည်းစိတ်တို့ ရင်ထဲတိုးဝင့်လာသည်။ သို့အတွက် "ကကုဓာအလွမ်း" ဆိုသော တေးထပ်လေးကို ဖွဲ့သီမိခဲ့သည်။

ကကုဓာအလွမ်း
ကကုဓာမြစ်ယံကမ်းဆီမှ
လွမ်းဟန်ကထင်။
နန်းနိဗ္ဗာန်အကြွ-စိန္တေရှင်ရယ်
အားအင်တော်ခွေနုံး။
သောက်သုံးဖို့ ရေကြည်တော်ကို
ရွှေညီဖော် ပဉ္စမ်းပါဦး (ဒုံး)။
ရေကြည်တော် ရှင်မြတ်သုံးပ
ခပ်တုန်းက ကြည်လင်။
ဘယ်ရွေးကံ ဘယ်ဝဋ်ဖုံးပါလိမ့်

www.burmeseclassic.com

အဆုံးကျ နောက်အင်။
ဒုက္ခငင် ခံမချိတာကြောင့်
စွာန်အကြည့် ဗုဒ္ဓအရှင်။
တစ်ဘဝသားဖြစ်စဉ်မှာ
နွားမိခင် ရေသောက်ဆင်းခိုန်က
ခြေပေါက်နှင်း မြူးမိခါခါ
ကူးသည့်ကံပါ
သြော်...
ကကုဓာ ကမ်းခြေမှာလျှင်
လွမ်းဝေနှာ ရင်နှင့် အပြည့်လေး။

ကြာမြင့်သော လမ်းခရီးများတွင် မော်တော်ယာဉ် ပေါ်၌ပင် အလှည့်ကျဟောပြောခြင်း အစီအစဉ် ဖြင့် အချိန်ကို တန်ဖိုးရှိစွာ အသုံးချကြသည်။ သံဃာတော်အားလုံး ဘုရားဖူး ခရီးစဉ်နှင့် ပတ်သက်၍ မိမိတို့အတွေ့အကြုံ၊ ဗဟုသုတရရှိမှု၊ အတွေးအယူများ၊ ဘာသာရေး၊ သာသနာရေးအမြင်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးပြောဆိုကြသည်။

"ဇေတဝန်ကျောင်း၊ မြတ်ဗုဒ္ဓသီတင်းသုံးရာ ဂန္ဓကုဋိ တိုက်ပေါ်သို့ ဘုရားဖူးများ တက်ရောက်ဖူးမြော်နေကြသည်မှာ မသင့်တော်ပါ။ အဂါရဝ ဖြစ်မည်ဟု ယူဆပါသည်" ဟု ထည့်သွင်းပြောဆိုခဲ့ပါသည်။ ဓမ္မဒူတ ဆရာတော်အားလုံး ပြောဆို ဆွေးနွေးကြသည်မှာ အနှစ်အသားပါလှသည်။ ဗဟုသုတရစရာတွေချည်းဖြစ်၏။ ပရိယတ္တိဝန်ဆောင် ဆရာတော်များဖြစ်၍ ပရိယတ္တိမာမက၊ ပရိယတ္တိ မူလဘူတ စကားများကိုသာ အခြေခံ၍ ဆွေးနွေးကြပါသည်။

မှန်ပါသည်။ ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံတွင် အထိမ်းအမှတ်နေရာတို့သာရှိ၍ ပရိယတ္တိဝန်ဆောင် ဆရာတော်များ၊ စာသင်တိုက်ကြီးများ မရှိသလောက်ဖြစ်သဖြင့် သာသနာ့ ခွန်းပါးနေသည်ပင်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဒုတိယသင်္ဂါယနာတင်ရာ ဝေသာလီမြို့ ကုဋာဂါရ ကျောင်းတော်အရောက်တွင် ဝေသာလီ မြန်မာကျောင်း ဆရာတော်က ဘုရားသာသနာတော်ကြီး အခြေအနေ အချိန်အခါများအရ လူတို့၏ ပယောဂကြောင့် ဆုတ်ယုတ်ခဲ့ပုံကို ပြောပြ၍ ရေကြည်ရာ မြက်နုရာသို့ သာသနာ့ရွှေလျှောရပါကြောင်းကို ကောက်ချက်ချပြုတော်မူပါသည်။

တစ်ချိန်က သံဃာတော် ထောင်သောင်းချီ၍ နေထိုင် သီတင်းသုံးခဲ့ကြသည့် ခိုင်ခံ့လှစွာသော ကျောင်းတော်ကြီးများ၊ ဂူပုထိုးတော်များမှာ မပျက်စီးနိုင်ဟု တွေးထင်စရာရှိခဲ့သော်လည်း ယခုမူ မြင်ခဲ့ကြရသည့်အတိုင်း အုတ်ပုံအတိသာ ကျန်ရှိခဲ့ပါတော့သည်။ မယုံကြည်နိုင်စရာပင်။

"ယခု ဆရာတော်က သံဃာတော်များ အေးအေးလူလူ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း ၄ ပါးဖြင့် နေထိုင်သီတင်းသုံးနိုင်အောင် ပံ့ပိုးနိုင်ခြင်းသည် ရှေးဆရာတော်၊ သံဃာတော်တို့ အသက်ပေး၍ အမျိုးဘာသာ သာသနာ့ကို ကာကွယ်စောင့်ရှောက်ခဲ့၍သာဖြစ်ကြောင်း သတိချပ်သင့်ပြီ" ဟု ဆက်ဖက်မိန့်ဆို ဆုံးမပါသည်။

မှန်ပါသည်။ အေဒီ ၅-ရာစုက ရဟန်းတော် ဖာဟီယန်သည် ပျက်စီးနေသော ဘုန်းတော်ကြီးကျောင်းများကို တွေ့ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ဖူးသည်။ ၁၈၅၂ ခုနှစ် ကျောက်စာဌာနက တူးဖော်ခဲ့ရာ ဘုန်းတော်ကြီးကျောင်းများအတွင်း၌ မီးလောင်ထားသော အဲသုံးအဆောင်ပစ္စည်းများနှင့် လူ၏ အရိုးအကြွင်းအကျန်များ တွေ့ရှိရသည်။ ၎င်းတို့မှာ ရန်သူများက ရဟန်းတော်များကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်လိုက်ကြောင်း အထောက်အထားများ ကျန်ရစ်သည်။

၁၈-၃၁-၂၀၁၅ ရက်နေ့ နာလန္ဒာတက္ကသိုလ် ကျောက်စာဌာနက တူးဖော်ရာတွင် မီးလောင်ထားသော သပိတ်များနှင့် ထိုသပိတ်များတွင် ကပ်နေသော မီးကျွမ်းထားသည့် ဆွမ်းများကို တွေ့ရှိခဲ့ရသည်။ ဤအခြေအနေဆိုးများကို ၁၂ ရာစုအတွင်း အိန္ဒိယတစ်နိုင်ငံလုံးကရှိ ဗုဒ္ဓဘာသာ ရဟန်းတော်များအားလုံး ခံစားတွေ့ကြုံခဲ့ရပါသည်။

အသောက စိုက်ထူခဲ့သော ဗုဒ္ဓဘာသာ အထိမ်းအမှတ်ကျောက်တိုင် ၂၈ ထိုင် အဖျက်ဆီးခံရပြီး ဝေသာလီနှင့် မောရိယမြို့ နှစ်မြို့၌သာ အကောင်း ၂ တိုင် ကျန်ရစ်နေပါသည်။ ဤသို့လျှင် လမ်းညွှန်ဆရာတော်က ရှင်းပြခဲ့ပါသည်။ မိမိက ဖြူဆရာတော် ဟောကြားခဲ့သော "သွေးနှင့်ရေသည့် သာသနာ" ဆိုသည့်တရားကို ဖျတ်ခနဲ သတိရမိပြန်သည်။ သာသနာ့ရေး သွေးမအေးကြရန် ဟောပြောနေသော ဆရာတော်ကြီးများကိုလည်း သတိတရ ဦးခိုက်မိပါသည်။

ခရီးစဉ်အားလုံး၏ ဆိုက်ရောက်ရာ ဌာနများတွင် တည်းခိုရသော မြန်မာ့ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်များ ကိုယ်တိုင်သော်လည်းကောင်း၊ အခြားဆရာတော်တစ်ပါးပါးကသော်လည်းကောင်း ဧည့်လမ်းညွှန်

www.burmeseclassic.com

အဖြစ် လိုက်ပါဆောင်ရွက်ပေးတော်မူကြပါသည်။ လမ်းညွှန်ဆရာတော်များ အားလုံးကို လေးစားကြည်ညိုမိပါသည်။

စာရေးသူ သတိထားမိသည့်အချက်မှာ ရောက်လေရာ နေရာဒေသတိုင်းနှင့် သက်ဆိုင်သည့် သီသင့်သီအပ်သော အချက်အလက်များကို သာမန်မှသာ ရှင်းလင်းပြောပြခြင်း မျိုးမဟုတ်ဘဲ ခေတ်အမြင်၊ ခေတ်အတွေး၊ ၎င်းတို့၏ အတွေ့နောမတိုဖြစ်သည့် ကိုယ်တိုင်အတွေ့အခေါ်များဖြင့် ပေါင်းစပ်ရှင်းလင်းပြကြသည်ကို ဖြစ်ပါ၏။

၁၇-၁၁-၂၀၁၅ ရက်နေ့ ခရီးစဉ်တွင် သုဇာတာသူဌေးသမီးက ဘုရားရှင်အား နို့ဆွမ်းဆက်ကပ်ရာနေရာသို့ ရောက်ပါသည်။ ထိုနေရာနှင့် စပ်လျဉ်း၍ ဗုဒ္ဓလက်ထက်တော်အခါမှ ယနေ့မျက်မှောက်အထိ အိန္ဒိယတိုင်းရင်းသူ အမျိုးသမီးတို့၏ ခံယူချက်မှာ "သားသမီးရတနာများ မွေးဖွားပေးရမည်၊ ထိုသို့ မွေးဖွားပေးရန် အမျိုးသမီးထုတစ်ရပ်လုံး၌ တာဝန်ရှိသည်၊ တိုင်းပြည်အတွက် လိုအပ်သော နိုင်ငံ့ဂုဏ်ဆောင် သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်ခဲ့ပါ၏၊ အလွန်ကျေးဇူးများသည်၊ ထိုမိခင် အမျိုးသမီးသည် မင်္ဂလာရှိသော မိန်းမကောင်း၊ မိန်းမမြတ်ဖြစ်၏" ဟု ရှင်းပြပုံမျိုးဖြစ်ပါသည်။

သုဇာတာသည် ဤနေရာ၌ သားဆု ပန်ခဲ့သည်။ ယခုတိုင် အမျိုးသမီးများက ထိုအထိမ်းအမှတ်နေရာကို ဂုဏ်ယူပူဇော်ကြကြောင်း၊ သားကောင်း၊ သမီးကောင်းများ ရရှိရန် ဆုပန်ကြကြောင်း၊ အိန္ဒိယနိုင်ငံတွင် မွေးဖွားနှုန်းကန့်သတ်ထားမှု မရှိကြောင်း ရှင်းလင်းပြရာ ဗဟုသုတစုံလင်ပြည့်ဝစွာ ရရှိခဲ့ပါသည်။

အလားတူ ရာဇဂြိုဟ်ပြည်ရှိ လှည်းသားငါးရာ လှည်းဘီးကျွံသည့် နေရာအစ်ကြောင်း ရှင်းပြစဉ်တွင် လည်းကောင်း၊ အနာဂါရိက ဓမ္မပါလ၏ ကျောက်စာကို ရှင်းလင်းရာတွင် လည်းကောင်း ဆက်စပ်သမျှ သုတ၊ ရသတို့ကို ရှင်းပြသည်မှာ ဘုရားဖူး သံဃာအားလုံး ကြက်သေသေကာ ငေးမောနားထောင် မှတ်သားကြရသည်အထိ ဖြစ်ရပါသည်။

၂၁-၁၁-၂၀၁၅ ရက်နေ့က မြတ်ဗုဒ္ဓဖွားတော်မူရာ နီဖေါ်နိုင်ငံသို့ အသွားတွင် နှစ်နိုင်ငံ နယ်စပ်အချင်းပွားနေမှုနှင့် ကြုံပါသည်။ သို့သော် ထူးထူးခြားခြားပင် စာရေးသူတို့ ဓမ္မဒူတ ဘုရားဖူး သံဃာတော်များကို ဖြတ်သန်းခွင့်ပြုကြပါသည်။ သို့အတွက် ဖွားတော်မူရာ တစ်ဌာနကို ဖူးခွင့်ရကြပါသည်။ အခြားဘုရားဖူးကားများ နယ်ခြားမှ လှည့်ပြန်ကြရပါသည်။ နေ့စဉ် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို အချိန်တိုင်း ပူဇော်ပွားများကြသည့် အကျိုးကျေးဇူးဟု စာရေးသူ ယုံကြည်နေပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် ကံကောင်းခြင်း လက်ဆောင်ကို မကြာခဏ ရရှိတတ်ကြသည်ဟု ခံယူထားကြပါသည်။ ထိုအချက်ကို "နော်ရထာ့ကံ အရဟံ ခုန်ပျံကျလာဝဲ" ဟူသည့် ဝရိဘာပြုထားမှုကို မှတ်သားဖူးပါသည်။

သာသနာကွယ်ခြင်း၌ (၁) ရဟန်းသံဃာတော်များ အားနည်းချက်၊ (၂) သာသနာပြု မင်းကောင်းမင်းမြတ်များ မရှိခြင်း (၃) အခြားသော ဘာသာဝါဒတို့၏ ထိုးနှက်မှု (၄) လုံးဝဥဿုံပျက်စီးမှု ဟူ၍ ပညာရှင်အသီးသီးက မှတ်ချက်ပြုခဲ့ကြပါသည်။ ထိုအချက်များတွင် တစ်ချက်မဟုတ်တစ်ချက် လိုအပ်မှုရှိလာသောအခါ သာသနာပြုသူရဲကောင်း၊ လူစွမ်းကောင်းများ ပေါ်ထွက်လာတတ်မြဲ ဖြစ်ခဲ့သည်။ ဤသည်ပင် ကံကောင်းခြင်းလက်ဆောင်ဟု ဆိုနိုင်ပါသည်။

ဓမ္မဒူတခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓဘာသာကို ကယ်တင်ခဲ့သည့် ကယ်တင်ရှင် အရှင်စန္ဒြမဏိဆရာတော်၏ ထေရုပ္ပတ္တိ အပြည့်အစုံဖြစ်သော ဆရာတော်ဘဝဖြစ်စဉ်၊ သာသနာအတွက် စွမ်းဆောင်မှုများကို အားပါးတရ နာကြားခွင့် ရခဲ့ပါသည်။ ဆရာတော်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အထိပ် မီးရှူးတန်ဆောင်ကြီး ဖြစ်ပါတော့သည် ဟူ၍ ရှိခိုးဦးခိုက်မိပါသည်။

ကျောင်းထိုင်ဆရာတော်များ၊ လမ်းညွှန်ဆရာတော်များ ရှင်းလင်းပြောပြမှု ပြီးဆုံးတိုင်း ဓမ္မဒူတ သံဃာတော်များ၏ ညီညာဖြဖြ သာမုသံကား ထိုဒေသကိုကျော်လွန်လျက် မရှိမတစ်ခွန်းသို့ ပျံ့နှံ့ရိုက်ခတ်စေခဲ့ပါသည်။

ဓမ္မဒူတ သံဃာတော်များသည် ခရီးစဉ်အတွင်း နေ့စဉ်နှင့်အမျှ အလှူရေစက်လက်နှင့်မကွာ ဆိုဘိသကဲ့သို့ ဆိုက်ရောက်ရာ ဘုန်းတော်ကြီးကျောင်းများသို့ အလှူဒါနများ ပြုခဲ့ကြပါသည်။ သို့သော် မြန်မာပြည်မှ တက္ကသိုလ်အသီးသီးတွင် သွားရောက်သင်ယူနေကြသော မြန်မာရဟန်းတော်များနှင့် မိမိတို့ဘုရားဖူးများအား မျက်နှာမငယ်ရအောင် လုံလုံခြုံခြုံ တည်းခိုနိုင်ရန် ဆောက်လုပ်ဆဲဖြစ်သော ကျောင်းဆောင်ကြီးများ ပြီးမြောက်ရေးအတွက် အလှူရှင်များ လိုအပ်နေဖြစ်သေးသည်။

ဗုဒ္ဓဂယာတွင် မြန်မာပြည်မှ သံဃာတော်များနှင့် မြန်မာဘုန်းတော်ကြီးကျောင်းများ ရှိနေ၍သာ မပင်မပန်း

www.burmeseclassic.com

လွယ်လွယ်ကူကူ ဘုရားဖူးနိုင်ကြသည်ကို မဖျိမခရီးသည်များ အားလုံး သိရှိပြီးဖြစ်ပါသည်။

မြန်မာကျောင်းတော်ကြီးများ ကျေးဇူးတော်ကြောင့် လုံခြုံငြိမ်းချမ်းစွာ တည်ခိုနေထိုင်ရင်း နံနက်စဉ်တိုင်း ပဌာန်းပါဠိတော် ပူဇော်ပြီး ခရီးထွက်ကြခြင်း၊ ကိုယ်ပိုင်အချိန်များတွင် အရပ်ဇယ်ဂ၊ထာကိုရွတ်လျက်၊ ပုတီးစိပ်လျက်၊ မေတ္တာသုတ်ရွတ်လျက်၊ ဂုဏ်တော်များကို ပွားများလျက် ဇေယျာဘူမိ တုမရှိသည့် မုနိမြတ်စွာတို့ ပွင့်တော်မူရာအောင်မြေကြီးကို ရောက်သခိုက် ရသမျှ ဘာဝနာပွားကြခြင်းများကို အောက်မေ့မိပါသည်။

"နားချင်သလား ဓမ္မနှင့်နား၊ မားဆိုတာ မသွေးဘဲ ထားရင် တုံးတယ်" ဟူသည့် ဆရာတော်ကြီး တစ်ပါး၏ မိန့်မှာချက်ကို နာယူကာ ဘာဝနာလည်းပွား၊ အကွရာများလည်း စီချမှတ်သားနေမိခဲ့ပါသည်။

မဖျိမဒေသခရီးစဉ်ကြီး၏ နိဂုံးရက်များတွင် သာသနာအကျိုးငှာ ဘဝရင်း၍ ဆောင်ရွက်ခဲ့ကြသော ကျေးဇူးကြီးများသည့် သာသနာ့အာဇာနည်တို့ကို စီကာစဉ်ကာ စဉ်းစားဆင်ခြင်နေမိသည်။ သီရိဓမ္မာသောကမင်းကြီး၊ အရှင်မဟာမောဂ္ဂလိပုတ္တာ၊ ဆရာတော် အရှင်စန္ဒိမကို၊ အနာဂါရိကဓမ္မပါလ၊ မင်းတုန်းမင်းကြီး၊ ဟသ်ာတသူဌေးကြီး ဦးကြူ၊ ဒေါက်တာ ဦးသိလာနန္ဒာဘိဝံသတို့သည် လည်းကောင်း၊ တရုတ်ရဟန်းတော်များဖြစ်ကြသည့် ဖာဟီယန်နှင့် ဟူရင်ဆန်၊ ဒေါက်တာအမ်ဘေကာ၊ ဒေါက်တာအေဖူလာ၊ ကျောက်စာမင်းကြီး ကူနင်ကန်၊ ဝီစီမူကာချီ၊ ဂျပန်လူမျိုး ကင်ဇိုတန်ကီတို့သည် လည်းကောင်း ပဒ္ဓဘာသာဝင် အားလုံးအတွက် ကျေးဇူးအထူးရှိကြကြောင်းမှာ ခရီးစဉ်မှရရှိသည့် ပြန်လည်မျှဝေရမည့် အသိထူးကြီးပင် ဖြစ်ပါသည်။

ထို့ပြင်တစ်ဝ မဖျိမဒေသခရီးကို ဦးဆောင်စီစဉ်ပေးတော်မူသော ဆရာတော် အရှင်ဆေကိန္ဒအား လည်းကောင်း၊ တိဝိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော် အရှင်ဉာဏိဿရအား လည်းကောင်း၊ ဘုရားဖူးကုန်ကျစရိတ်အားလုံးကို လှူဒါန်းပေးပါသော (ဦးတင်လှ)+ဒေါ်စန်းရီတို့၏ သမီး ဒေါက်တာဒေါ်ခင်ခင်ရီအား လည်းကောင်း ကျန်းမာချမ်းသာပါစေကြောင်း ခရီးစဉ်တစ်လျှောက်လုံး နံနက်တိုင်း မေတ္တာပို့သကြပါသည်။ ဒေါ်ခင်ခင်ရီဟူသည့် ဒဲ့မခန်း သဒ္ဒါစွမ်းထက်သည့် ဒကာမကြီးအတွက်မူ စာရေးသူ၏ စိတ်နှလုံးမှာ ကဗျာတစ်ကုံး စာတစ်ထုံးဖြင့် ချီးပချင်မိပြန်သည်။

ပါရမီလမ်း
ဒဲ့မခန်းပါတဲ့ ဒေါ်ခင်ခင်ရီ။
သံဝေဇနိယ လေးအောင်မဟီ
အဝေးထောင်ချီ သာညခရီး
နီးစေခဲ့ပြီ။
တွေးလို့ရယ်ရည်
သာသနာရှည်မျှော်မှန်း။
ရှိုင်းဟုတ်ကုမ္ပဏီက
အလီလီဖောင်ကူးတို့
ပို့သဒ္ဒါစွမ်း။

ဓမ္မဒူတ ခရီးစဉ်အတွင်း လိုလေသေးမရှိအောင် လက်ခံဧည့်ဝတ်ပြုခဲ့ကြပြီး နှုတ်ခွန်းဆက်စကား၊ ဆုံးမသြဝါဒစကား ပြောကြားပေးကြပါသော ဂယာမြို့ မြန်မာကျောင်းမှ ပရဒေသီသံဃနာယကဆရာတော်ကြီး၊ ရာဇဂြိုဟ်မြန်မာကျောင်းဆရာတော်ကြီး၊ ပတ္တနားမြို့ မြန်မာကျောင်း ဆရာတော်ကြီး၊ ကုသိနာရုံ မြန်မာကျောင်းဆရာတော်ကြီး၊ နိဂပါနိုင်ငံ မြန်မာကျောင်းဆရာတော်ကြီး၊ သာဝတ္ထိဇေတဝန်ကျောင်း ဆရာတော်ကြီး၊ ဗာရာဏသီမြို့ မဖျိမသုခ ဖောင်ဒေးရှင်းကျောင်း ဆရာတော်ကြီးတို့အားလည်း ဤခရီးသွား ဆောင်းပါးဖြင့် ကန်တော့ပန်းဆင်အပ်ပါသည်။

အထူးအားဖြင့် မဖျိမသုခ ဖောင်ဒေးရှင်းကျောင်းတိုက်ကြီးမှ ဧည့်ဝတ်ပျူငှာ အချိုသာဆုံး ရွှေအပြုံးဖြင့် ကြိုဆိုဧည့်ခံခဲ့ကြသော စာသင်သား သံဃာတော်တို့အား လည်းကောင်း၊ လမ်းညွှန်အဖြစ် လိုက်ပါ ဆောင်ရွက်ပေးရင်း ကာလသုံးပါး သာသနာရေးကို သွေးမအေးကြရန် အိပ်မျော်နေသူများအတွက် နံရံကို ကြိမ်ဖြင့်တဖြန်းဖြန်းရိုက်ကာ ပုတ်နှိုးသကဲ့သို့ နိုးကြားစေမည့် အထောက်အထားများဖြင့် ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါရှင်းပြပေးသော ဒါယကာကြီး ဦးမြင့်ဦးအားလည်းကောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းပြုအပ်ပါသည်။

စာရေးသူအတွက် သံဝေဇနိယ လေးဌာနအိပ်မက်သည် သဒ္ဒါ၊ စာဝ၊ သုတ၊ ပညာ တရားလေးပါးနှင့်အတူ ပြည့်စုံခွင့်ရခဲ့ပါပြီ။ ထိုအိပ်မက်ခရီးတွင် အတူတကွ လိုက်ပါခဲ့ကြသော ညီတော်၊ နောင်တော် သံဃာတော်များနှင့် ဓမ္မဒူတအလွမ်းပွင့်တို့မှာ အဆုံးအဖြစမရှိသော ပီတိဖြင့် နှလုံးသားဝယ် ထာဝရရှိနေပါတော့မည်ဟူ၍။

နန်းမြင့်နွယ် (ညောင်လေးပင်)

❑

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်၏ ဓာတ်တော်များနှင့် ဘုန်းတော်ကြီးဦးသီလ၏ အရိုးဓာတ်တော် ဌာပနာထည့်သွင်းတည်ထားသည့်

ဘုန်းတော်ကြီးဦးသီလ စေတီတော်

တက္ကသိုလ်မျိုး



၂၀၁၀ ပြည့်နှစ် သွားရောက်ဖူးမြော်စဉ် မြင်တွေ့ရသည့် စေတီတော်

ပြည်တော်ပြန် ရန်အောင်မြင် ဆုတောင်းပြည့် ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့နှင့် ပူဇော်ခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ရွှေစင်ရွှေပြား ကပ်လှူပူဇော်ခြင်း၊ ဂန္ဓကုဋိတိုက်အတွင်း၌ ဝိပဿနာတရား ရှုပွားခြင်း၊ ဘုရားဂုဏ်တော် ရွတ်ပွားပူဇော်ခြင်း စသည့် ကောင်းမှုအစုစုကို ပြုလုပ်ပြီးနောက် ဆက်ကပ်ပူဇော်ထားသော ဆွမ်းပွဲ၊ သစ်သီးပွဲ၊ သောက်တော်ရေများကို စွန့်၍ မိသားစု ထမင်းစားရန် အရှေ့ဘက်စောင်းတန်းရှိ တန်ဆောင်းပြာသာဒ်အတွင်း၌ ပါလာသည့် အခင်းများခင်းကာ နေရာယူကြသည်။

ဆွမ်းတော်ပွဲ ဝယ်ယူစဉ်ကပင် ထမင်းဆိုင်အား ကြိုတင်မှာယူခဲ့သည့် ထမင်းဟင်းများကို သွားရောက်သယ်ယူကြပြီး မိသားစု ယခင် အကြိမ်ကြိမ် လာရောက်ဖူးမြော်စဉ်ကလိုပင် ဝိုင်းဖွဲ့၍ ထမင်းစားကြသည်။ ကိုယ်တိုင်ချက်ပြုတ်ပြီး ဆွမ်းဆက်ကပ်စဉ်ကလောက် ထမင်းပွဲမှာ ပြည့်စုံမှုမရှိသော်လည်း ခရီးရှည် ကားစီး၍လာခဲ့ရခြင်းကြောင့် ဆာလောင်မွတ်သိပ်နေကြသဖြင့် ထမင်းဆိုင်မှ ဟင်းပွဲများကိုပင် မြိန်မြိန်ရှက်ရှက် စားသောက်ကြရာ ဟင်း၊ ထမင်းလိုက်ပွဲများထပ်၍ပင် မှာယူခဲ့ရသည်။

ထမင်းစားသောက်ပြီးနောက် အနောက်ဘက်စောင်းတန်းရှိ စျေးဆိုင်တန်းကို သွားရောက်ပြီး ဇလွန်မြို့၏ လက်ဆောင် ချင်းသုပ်၊ ငှက်ပျောခြောက်၊ မြေပဲအစိမ်းတောင့်တို့အပြင် စျေးသက်သာလှသော ဟင်းသီးဟင်းရွက် (ဘူးသီး၊ ခရမ်းချဉ်သီး၊ ပြောင်းဖူး)များ ဝယ်ယူရာ တိုယိုတာဖင်ကောက်ဘင်ကား နောက်ခန်းပြည့်လုပင် ဖြစ်တော့သည်။

စာရေးသူနှင့် ဇနီး ဒေါက်တာညွှန့်ညွှန့်ရီ၊ သားမောင်ဝေမျိုးသက်၊ သမီး အိအိသက်တို့မှာ ဇလွန်ပြည်တော်ပြန်ဘုရားသို့ အကြိမ်ကြိမ်ရောက်ဖူးကြ၍ ဆရာတော်ဦးသီလ၏ဓာတ်တော်ကိန်းဝပ်ရာ "ဘုန်းတော်ကြီးဦးသီလစေတီတော်" သို့ သုံးလေးကြိမ်မျှ ဝင်ရောက်ဖူးမြော်ခဲ့ကြဖူးသည်။ နောက်ပိုင်း ပြည်တော်ပြန်ဘုရားကို နှစ်စဉ်ဆွမ်းကပ်ပူဇော်ပြီးနောက် ဘုန်းတော်ကြီးဦးသီလ စေတီတော်ထံမှောက်သို့ အဖူးအမြော်မရောက်ရှိခဲ့သည်မှာ ကာလအတော်ပင် ကြာခဲ့လေပြီ။ ပြည်တော်ပြန် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ပြီးနောက် ရန်ကုန်မြို့သို့ ပြန်ကြလေသည်။ သို့သော်လည်း ဓနုဖြူမြို့၌ တည်ထားသော "ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီးကိုကား အပြန်ခရီးတွင် မလွတ်တမ်း ဝင်ရောက်ဖူးမြော်ခဲ့သည်။

ယခုတစ်ခေါက် ပြည်တော်ပြန်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုသည့်ခရီးတွင် သား၏ဇနီး နန်းအွန်ခမ်း လိုက်ပါလာ၍ ဇလွန်ပြည်တော်မြန် ဆုတောင်းပြည့် မြတ်စွာဘုရား၊ ဓနုဖြူမြို့၊ ကျိုက္ကလွန်ဗွန်းစေတီတော်နှင့် ဘုန်းတော်ကြီးဦးသီလ စေတီတော်တို့ကို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေး

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးသီလ၏ ရထားမတိုက်၊ ကျားမကိုက်၊
ဆင်မနင်းသည့် ရုပ်တုတော်

၂၀၁၆ ခုနှစ် သွားရောက်ဖူးမြော်စဉ်မြင်တွေ့ရသည့်ပုံ



အင်ရွာဘက်အဝင်မုဇဓိတ်အား သစ်ပင်ပျားအလယ် အာဝံဇနဆောင်းမြင့်ဖူးမြော်ပုံ

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ပို့ဆောင်ပေးရန် ခရီးမထွက်မီကပင် တိုင်ပင်ထားကြသဖြင့် ဇလွန်ပြည်တော်ဖြန် မြတ်စွာဘုရားရှင်ကိန်းဝပ်စံပယ်ထော်မူရာ ဂန္ဓကုဋိတိုက်ကျောင်းတိုက်ကြီးနှင့် ခရီးမကွာဝေးလှသော ဘုန်းတော်ကြီးဦးသီလ စေတီတော်တည်ရှိရာ ဗိုလ်ချုပ်လမ်းအရှေ့ဘက်သို့ ခရီးဆက်ခဲ့ကြသည်။

လမ်းမတော် တောင်ရပ်ကွက် (ဦးသီလကွက်သစ်)သို့ ရောက်သောအခါ လက်ယာဘက်သို့ ချိုးကွေ့ပြီး တစ်ဖာလုံခန့် ဝင်ရောက်သော် ဦးသီလစေတီတော်ထံမှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လေသည်။

◆

ဦးသီလစေတီတော်သည် ရှေးဟောင်းစေတီတော်တစ်ဆူ မဟုတ်သလို ဉာဏ်တော်လည်း မြင့်မြင့်မားမားနှင့် စေတီတော်ကြီးတစ်ဆူ မဟုတ်ပေ။ သို့သော်လည်း ရဟန္တာဆရာတော် ဦးသီလ၏ တေဇောဓာတ် လောင်ကျွမ်းရာ ဓာတ်တော်ချိုင့်အနီး၌ တည်ထားသော စေတီတော်ဖြစ်သလို ဆရာတော်ကြီး၏ အရိုးဓာတ်တော်များကို ဌာပနာထား၍ တည်ထားခြင်းကြောင့် ဖူးမြော်ကြည်ညိုသူ များလှသည်။ ဆရာတော်ကြီး၏ အရိုးဓာတ်တော် ဌာပနာထည့်သွင်း တည်ထားခြင်းကြောင့် တချို့က အရိုးအိုးစေတီတော်ဟုလည်း ဘွဲ့အမည် ခေါ်ဆိုကြသည်။

ဘုန်းတော်ကြီးဦးသီလ စေတီတော်၌ ဆရာတော်ကြီး၏ အရိုးဓာတ်တော်သာမက မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော် အဆူဆူကို ထည့်သွင်းဌာပနာထားသောကြောင့် ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ စသည့် စေတီလေးမျိုးထိုက်၍ ဗုဒ္ဓဘာသာဝင် ဘုရားဖူးအပေါင်းတို့ ပူဇော်ထိုက်သော စေတီတော်မြတ်တစ်ဆူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပြည်တော်ပြန် မာရ်အောင်မြင် မြတ်စွာဘုရားအား ဖူးမြော်ပြီးနောက် ဆရာတော်ဦးသီလစေတီတော်သို့ ဘုရားဖူးလာသူတို့ အထူးပင်များပြားလှသည်။ စေတီတော်၏ အာရုံခံတန်ဆောင်းရှေ့ မြေပြင်၌ ဘုရားဖူးမော်တော်ယာဉ်ပေါင်းစုံ ပြည့်နှက်နေသည်ကို တွေ့ရသည်။

ဘုန်းတော်ကြီးဦးသီလ စေတီတော်အား သစ်ပင်များအကြား သပ္ပာယ်လှစွာ အဝေးမှပင် ဖူးမြော်ရသည်။ လွန်ခဲ့သော ခြောက်နှစ်ကျော်ကာလ ရောက်ရှိစဉ်က မြင်ကွင်းအတိုင်းပင် ဖူးမြော်ရလေသည်။ စေတီတော်အား အရှေ့ဘက် အာရုံခံတန်ဆောင်းနှင့် အဝင်မုခ်ပေါက်တို့မှာလည်း ယခင်



ကျောက်ဆင်းတုရုပ်ပွားတော်



ရှင်သီဝလိရဟန္တာရုပ်တုတော်

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



ပရိဘောဂထိုက်သော ထူးဆန်းသည့် မဟာဇေမိပင်



ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် ကြွေးရုပ်တုတော်

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

နှစ်ပေါင်းများစွာကအတိုင်းပင် မြင်တွေ့ရသည်။ အဝင်မုခ်ဝမှ ဝင်လျှင်ဝင်ချင်း စေတီထော်အား ကျောပြု၍ သပိတ်ပိုက်လျက် ဆွမ်းရန်နေဟန် ဆရာတော်၏ပုံတော်ကို ဖူးမြော်ရသည်။ ဆရာတော်၏ ပုံတော်အပေါ်၌ "ရထားမတိုက် ကျားမကိုက် ဆင်မနင်း ပုံတော်" ဟု စာတန်းရေးထိုးထားသည်ကို တွေ့ရသည်။

ဆရာတော်၏ ထေရုပ္ပတ္တိကို လေ့လာဖတ်ရှုဖူးသူတို့အနေနှင့်ကား ထိုရေးထိုးထားသော စာ၏အဓိပ္ပာယ်ကို ကောင်းစွာသဘောပေါက် နားလည်မည်ဖြစ်သော်လည်း သာမန်ဘုရားဖူးတို့အနေနှင့်ကား ထိုကမ္ဘည်းစာတန်း၏ သဘောကို နားလည်သဘောပေါက်မည် မဟုတ်ပေ။ ထို ရထားမတိုက် ကျားမကိုက် ဆင်မနင်းဟူသော် ဆရာတော်ဘုရားကြီး၏ တန်ခိုးတော်နှင့် ပတ်သက်၍ ဆရာတော်ကြီး၏ သိသင့်သိထိုက်သော ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် စေတီတော်တည်ထားဖြစ်ပေါ်မှု အခန်းကို ဧရေသားတင်ပြပေးပါမည်။

◆

စာရေးသူတို့ မိသားစုသည် အာရုံခံတန်ဆောင်းအတွင်း ဆရာတော်၏ ရုပ်တုတော်ရှေ့၌ ရှိသေစွာ ထိုင်ကြရင်း စေတီတော်မြတ်ကြီး၌ ဌာပနာထည့်သွင်းထားသော မြတ်ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို အာရုံပြု၍ ပူဇော်ကန်တော့ပြီးနောက် ရဟန္တာအရှင် ဆရာတော်ဦးသီလအား အာရုံပြု၍ ဆရာတော်၏ အမိုးဓောတ်တော် ကိန်းဝပ်စံပယ်ရာ စေတီတော်အား ဒုတိယအကြိမ်မြောက် ဦးချကန်တော့ကြသည်။

တစ်ခါမှ မရောက်ဖူးသေးသော သမီးခွေးမဖြစ်သူနှင့်အွန်ခမ်းအား ဆရာတော်ဦးသီလအကြောင်း အကျဉ်းချုပ်ရှင်းပြပြီး ဤစေတီတော်ကြီး တည်ထားဖြစ်ပေါ်လာပုံကိုလည်း နားလည်သဘောပေါက်အောင် ရှင်းပြရသည်။

အာရုံခံတန်ဆောင်းမှ ထွက်၍ စေတီတော်ကို လက်ယာရစ် လှည့်လည်ပြီး ရင်ပြင်တော်ရှိ ဖူးမြော်ထိုက်၊ ကြည်ညိုထိုက်သော ဗုဒ္ဓရုပ်ပွားတော်၊ ရှင်သီဝလိရဟန္တာအရှင်မြတ်ပုံတော်၊ ရှင်ဥပဂုတ္တမထေရ်မြတ် ကြွေးရုပ်ပွားတော်တို့မှစ၍ မဟာဗောဓိညောင်ပင်၊ ဦးသီလ အသွေးအသား ဓာတ်တော်များ၊ ရဟန္တာမထေရ် အရှင်မြတ်တို့၏ ဓာတ်တော်များ ကိန်းဝပ်စံပယ်တော်မူရာ ဓာတ်တော်တိုက်တို့ကို ဝင်ရောက်ဖူးမြော်ကြသည်။

ဆရာတော်ဦးသီလ၏ အသွေး၊ အသား၊ အရိုး ဓာတ်တော်များ၊ ရှင်သာရိပုတ္တရာ ဓာတ်တော်၊ အရှင်ရေဝတ ဓာတ်

www.burmeseclassic.com

ဆရာတော်ဦးသီလ၏ အသားတတ်တော်

"ပရိဘောဂထိုက်သော ထူးဆန်းသည့် ဗော်ဓိပင်" ဟု ကမ္ဘည်းရေးထိုးထားသည့် မဟာဗောဓိပင်ကိုလည်း ဖူးမြော်ရသည်။ မဟာဗောဓိပင်ခြေရှုပ်ပွားတော်မြတ် တစ်ဆူကိုလည်း ဉာဏ်တော် လေးပေအမြင့် ဖူးမြော်ရသည်။ မဟာဗောဓိပင်၏ ကြွေကျသော အရွက်ခြောက်ကို တွေ့မြင်ရသောအခါ မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်မြတ်မဟာ၏ မျိုးနွယ်ဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

ဘုန်းတော်ကြီးဦးသီလ စေတီတော်ပရိဝုဏ်အတွင်း၌ "နိဗ္ဗာန်" ဟု အမည်တပ်ထားသော သံဘော်ပုံစံ တည်ဆောက်



ဆရာတော်ဦးသီလ၏ အသွေးအသားတတ်တော်

တော်နှင့် အခြားသော ရဟန္တာမထေရ်မြတ်တို့၏ ဓာတ်တော်ပေါင်းများစွာကို ဖူးမြော်ကြရသည်။ စာရေးသူတို့ လွန်ခဲ့သော ခြောက်နှစ်ကျော် ဘုန်းတော်ကြီးဦးသီလ စေတီတော်အား ဖူးမြော်စဉ်က ဆရာတော်ဦးသီလ၏ ဓာတ်တော်များကိုသာ သတိထား၍ ဖူးမြော်ခဲ့ရသည်ကို အမှတ်ရနေမိသည်။ အခြား ရဟန္တာမထေရ်မြတ်တို့၏ ဓာတ်တော်များကို သတိမမူခဲ့၍ လားမသိ ဖူးမြော်ခဲ့ခြင်းကို အမှတ်မရတော့ပေ။ အထူးသဖြင့် သီဟိုဠ်မှ ရဟန္တာဓာတ်တော်များကိုကား ယခုမှ ဖူးမြော်ရခြင်း ဖြစ်သည်ဟု ထင်မှတ်မိသည်။

စာရေးသူတို့ ဓာတ်တော်တိုက်အတွင်း ပထမဦးစွာ ဖူးမြော်ပြီးနောက် အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်တို့၏ ဓာတ်နန်းသို့ ဝင်ရောက်ပူဇော် ကြည်ညိုကြသည်။ သူရသာတီမယ်တော်ရုပ်တု၊ အဘဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် ရုပ်တုများကို ဦးချကန်တော့ကြပြီးနောက် ယခင်က မဖူးမြင်ဘူးသော ဆရာတော်၏ ထိုင်တော်မူရုပ်တုကို မှန်စီရွှေချပလ္လင်နှင့်တကွ အလှူရှင်မိသားစုတို့က လှူဒါန်းထားသည်ကို တွေ့ရသည်။ ထိုအာရုံခံတန်ဆောင်းအတွင်း၌ပင် ကျောက်ဆင်းတုတစ်ဆူကို သပ္ပာယ်စွာ ဖူးမြော်ရသည်။ စေတီတော် ရင်ပြင်တော်သည် စေတီတော်၏ ဉာဏ်တော်အနေအထားနှင့်အညီ များစွာကျယ်ပြန့်ခြင်းမရှိ၍ ကြီးမားသော သာသနိကအဆောက်အအုံများလည်း များများစားစားမရှိပေ။ တခြားသော စေတီများကဲ့သို့ အာရုံခံတန်ဆောင်ကြီးများနှင့် တန်ဆောင်းအတွင်း၌ ဉာဏ်တော် မြင့်မြင့်မားမားနှင့် ရုပ်ပွားဆင်းတုတော်များလည်း မဖူးမြင်ရပေ။

ဘုန်းတော်ကြီး ဦးသီလ စေတီတော်၌ ဆရာတော်၏ ဓာတ်တော်၊ ရဟန္တာဓာတ်တော်များကို အဓိကထား၍ ပူဇော်ကန်တော့ရပြီး တခြားသော အရေးပါသည့် လေ့လာစရာ နေရာများမှာ ဆရာတော်ဦးသီလ ခန္ဓာဝန်ချပြီးနောက် မီးသင်္ဂြိုဟ်ခဲ့သည့် နေရာ၌ ဓာတ်တော်များ ကျခဲ့ရာ နေရာဖြစ်သည်။ ဘုန်းတော်ကြီးဦးသီလ စေတီတော်အနီး၌ပင် ရှိသည်။ ထိုနေရာ၌ပင် ဆရာတော်ဦးသီလ အရိုးဓာတ်တော်များနှင့် မြတ်စွာဘုရားရှင်၏ မွေတော် ဓာတ်တော်များကို ဌာပနာထည့်သွင်း၍ စေတီတော်တည်ထားခြင်း ဖြစ်သည်။

"သာသနာ့အောင်မြေ အလောင်းတော် မီးပူဇော်ရာတွင် အသွေး အသား အရိုးဓာတ်တော်များ ကျသည့်နေရာ" ဟု ကမ္ဘည်းရေးထိုးထားသော ဓာတ်တော်တွင်းနှင့်ကပ်လျက် အနီး၌ရှိသော

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လက်ထက်တော်မှ ထင်ရှားသောရဟန္တာတို့၏ ဓာတ်တော်များ

ထားသည့် အဆောက်အအုံကိုလည်း တွေ့ရသည်။ အောက်ခြေ၌ ရေကန်ငယ်အတွင်း ရေထည့်သွင်းထားပြီး ရေပေါ်၌ တည်ဆောက်ထားသော တစ်ထပ်သင်္ဘောငယ်မှာ ဘေးလက်ရန်းပိုက်လုံးများဖြင့် လည်းကောင်း၊ သွပ်မိုးအခုံးဖြင့် လည်းကောင်း တည်ဆောက်ထားရုံသာမက သင်္ဘောမောင်းနှင်ရန် လက်ကိုင်ပဲ့ထိန်းခွေများလည်း သင်္ဘောကြီးများ၌ အသုံးပြုသော လက်ကိုင်ပဲ့ထိန်းခွေနှင့် ပုံစံတူဖြစ်၍ တကယ့်သင်္ဘောငယ်တစ်စင်းပမာ တူလှသည်။ ဘုရားဖူးလာကြသည့် မိသားစုဝင် ကလေးငယ်များသည် ထိုပဲ့ထိန်းခွေကို လှည့်ပတ်မောင်းနှင်ကြသည်မှာ စည်ကားလှသည်။

စာရေးသူ အထက်၌ ဖော်ပြထားသကဲ့သို့ ဘုန်းတော်ကြီးဦးသီလ စေတီတော်သည် တခြားသော စေတီများကဲ့သို့ ဘုရားဆင်းတု အမြောက်အများ မဖူးမြော်မိသလို သာသနိက အဆောက်အအုံများလည်း ကြီးကြီးမားမား ခမ်းခမ်းနားနား မတည်ဆောက်ခဲ့ပေ။ စေတီတော်၏ ကြာမှော်ကြာလှန်နေရာ၌ ရွှေသင်္ကန်းကပ်လှူရန် အဆောင်ငယ်တစ်ခုကို ယခု ၂၀၁၆ ခု ဘုရားဖူးလာစဉ်၌ တွေ့မြင်ရသလို ၂၀၁၀ ပြည့် ဘုရားဖူးလာစဉ်ကလည်း တွေ့မြင်ရသည်။ ထိုအဆောင်ငယ် ရှိနေခြင်းကြောင့် စေတီတော်အား ထင်ထင်ရှားရှား ဓာတ်ပုံ

ဓာတ်နန်းရှိ အဘဘိုးဘိုးအောင်နှင့် အဘဘိုးမင်းဝေါင်ရုပ်တု

ရိုက်ယူရန် အခက်အခဲရှိလေသည်။ အဝင်အာရုံခံတန်ဆောင်း ဘက်မှနေ၍ ဓာတ်ပုံရိုက်ယူသော် အာရုံခံတန်ဆောင်း ရှိနေသဖြင့် ဓာတ်ပုံမှတ်တမ်းယူရန်လည်း မလွယ်ကူလှပေ။

ဘုန်းတော်ကြီးဦးသီလ စေတီတော်သည် အောက်ခံပစ္စယာ အဆင့်ဆင့်မှ ပန်းဆွဲနေရာအထိ ထောင့်ချိုးပုံစံ တည်ထားသည်ကို တွေ့မြင်ရသည်။ ပန်းဆွဲနေရာအထက် ဖောင်းရစ်များမှစ၍ လုံးပတ်တည်ထားခြင်း ဖြစ်သည်။ အောက်ခြေပုံစံသည် ဆူးလေဘုရားပုံစံနှင့် ခပ်ဆင်ဆင်တူသည်ဟု ထင်မိသည်။ စေတီတော်၏ အောက်ခြေခုံ၌ စေတီရုံများကိုလည်း သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ စာရေးသူသည် မြေးငယ်မျိုးမင်းကျော် နိဗ္ဗာန်သင်္ဘောပေါ်၌ သင်္ဘောပဲ့ထိန်းခွေကို ဆောရန် ကျန်ရစ်နေသည်ကို အမှတ်ရ၍ နိဗ္ဗာန်သင်္ဘောပေါ်သို့ ဒုတိယအကြိမ် ပြန်တက်ခဲ့ရသည်။ နိဗ္ဗာန်သင်္ဘောနှင့် ပတ်သက်ပြီး တစ်ခါမှ မရောက်ဖူးသေးသည့် ခွေးမဖြစ်သူအား စာရေးသူမှ ရှင်းလင်းပြောကြားမိသည်။

◆

ဆရာတော်ဦးသီလသည် မြန်မာသက္ကရာဇ် ၁၁၉၄ ခုနှစ်၌ ဖွားမြင်တော်မူသည်။ ငယ်မည်မှာ မောင်ရွှေသာဖြစ်ပြီး ခမည်းတော် ဦးထွန်းအောင်၊ မယ်တော် ဒေါ်ခို့ တို့မှ ဖွားမြင်သည်။ ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးရွာ ဇာတိဖြစ်သည်။ (၁၂)နှစ်သားအရွယ်တွင် ရှင်သာမဏေ ဝတ်သည်။ ၁၂၁၃ ခုနှစ်၌ ရဟန်းအဖြစ် ခံယူတော်မူသည်။

၁၂၂၂ ခုနှစ် ကိုးဝါရပြီးသောအခါ သုသာန်များသို့ လှည့်လည်သိတင်းသုံးတော်မူပြီး နောက်ဆုံး၌ တောထွက်တော်မူသည်။ တောကျောင်းများ၌သာ သီတင်းသုံးတော်မူသည်။ ဘုန်းတော်ကြီး ဦးသီလသည် တောရဂိုဏ်းဖြစ်အောင် စည်းရုံးဟောပြောရုံသာမက ကိုယ်တိုင်လည်း တောရဝတ်မှုပုဂ္ဂိုလ်အဖြစ် စံပြသီတင်းသုံး နေထိုင်တော်မူသည်။ ၁၂၂၂ မှ ၁၂၆၉ ခုနှစ်အထိ (၄၇)နှစ်တိုင်အောင် တောရဂိုဏ်း သာသနာကို ဦးဆောင်စံပြ ကျင့်ကြံခဲ့သည်။

ဆရာတော်ဦးသီလသည် တောရဝတ်မှုပြီး ဆွမ်းတစ်နပ်သာ ဘုဉ်းပေးတော်မူကာ ခုတင်အကျင့်ကို အားထုတ်တော်မူသည်။ ဆွမ်းဘုဉ်းပေးရာ၌လည်း သက်သတ်လွတ်သာ စားတော်မူသည်။ တောအရပ် ဆရာတော်သီတင်းသုံးတော်မူရာ၌လည်း အခိုင်အမာ အဆောက်အအုံ ဆောက်လုပ်သီတင်းသုံးခြင်း မဟုတ်ပေ။ ပိတ်သားအမိုးနှင့် တဲကျောင်းသာ ဖြစ်သည်။ ပြောင်းရွှေ့ရလွယ်ကူသော ကျောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ဒေသတစ်ခု၊ နေရာတစ်ခုဌ ကြာရှည် သီတင်းသုံးလေ့ မရှိပေ။ တစ်ရက်၊ နှစ်ရက်၊ တစ်လ၊ တစ်နှစ်၊ တစ်ဝါ။ နှစ်ဝါခန့်သာ သီတင်းသုံးပြီး နေရာဒေသသစ်သို့ ပြောင်းရွှေ့ကြွရောက်လေ့ရှိသည်။ ဆရာတော်သည် စောင်ဟူ၍ သီးသန့်မသုံးဘဲ ချမ်းအေးလျှင် သားရေနှယ် အခင်းကို ခြုံလေ့ရှိသည်။

ဆရာတော်ဦးသီလသည် ခြိုးခြံစွာ သီတင်းသုံးတော်မူသလို လျှူဖွယ်ပစ္စည်းကိုလည်း တပ်မက်ခြင်းမရှိ။ တောကျောင်းအတွင်း သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်၊ ပရိက္ခရာရှစ်ပါးမှလွဲ၍ အပိုပစ္စည်း အသုံးအဆောင် မထားပေ။ လှူဒါန်းသမျှ ဝတ္ထုပစ္စည်း သင်္ကန်းပရိက္ခရာတို့အား သံဃာတော်များအား ပြန်လည်စွန့်လွှတ် လှူဒါန်းလေ့ရှိသည်။

တစ်ကြိမ်သောအခါ၌ ဆရာတော်သည် မော်လမြိုင်မြို့မှ သဘော်ဖြင့် ရန်ကုန်သို့ကြွတော်မူရာ လမ်းခရီးရှိ ဆရာတော်အပေါ် ကြည်ညိုသူ ဒကာအပေါင်းက ကမ်းလုံးညွှတ်ကြိုဆိုပူဇော်ရုံသာမက သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်မှစ၍ မုန့်ပုံးစသည့် စားဖွယ်အစုံကို လှူဒါန်းကြရာ ရန်ကုန်ရောက်သည့်အခါ လှည်းဆယ်စီးတိုက်မက အလှူခံရရှိခဲ့သည်။ ဆရာတော်သည် ရန်ကုန် ပုဇွန်တောင်ကျောင်းရှိ ရဟန်းသံဃာတော်များအား များပြားလှသောလှူဖွယ်ပစ္စည်းများကို ပြန်လည်ဝေငှ လှူဒါန်းတော်မူခဲ့သည်။

ဆရာတော်ဦးသီလ၏ ကျဉ်ကြုံအားထုတ်မှုကြောင့် ဒကာအများက ရဟန္တာဟု သတ်မှတ်ကာ လွန်စွာကြည်ညိုခဲ့ကြသည်။ ကြည်ညိုသူ ဒကာ၊ ဒကာမအပေါင်းကိုလံ့လည်းစကားများများ မပြော၊ လုပ်စရာကိစ္စများပြီးလျှင် "ပြန်ကြတော့" ဟု နှင်လေ့ရှိသည်။

ဆရာတော်သည် ပရိယတ်၊ ပဋိပတ် ပြန့်ပွားရေးအတွက် အထူးအားထုတ်ခဲ့သည်။ ဗုဒ္ဓသာသနာတော် ရေရှည်တည်တံ့ရေးအတွက် ခက်ခဲသော 'သိမ်သမုတ်' ရခက်သော သိမ်များကို ဆရာတော်ကိုယ်တိုင်ကြွရောက်တော်မူပြီး အပင်ပန်း အဆင်းရဲခံကာ 'သိမ်သမုတ်' ပေးတော်မူလေ့ရှိသည်။

မြင်းခြံ စွန်းလွန်းဆရာတော်ကြီးလည်း အစောင့်အရှောက်ကြမ်းပြီး သိမ်သမုတ်ကောင်းမှုတို့ နှောင့်ယှက်ကြသည့် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ၏ အန္တရာယ်ပေးမှုကို ရဟန္တာတို့ တန်ခိုးအာနုဘော်ကြောင့် အနှောင့်အယှက်ကင်းစွာ အောင်အောင်မြင်မြင် သိမ်သမုတ်နိုင်ခဲ့သလို ဆရာတော်ဦးသီလသည်လည်း နတ်ကြမ်း၊ အစောင့်ကြမ်း၊ ဘီလူး



အလောင်းတော် မီးသင်္ဂြိုဟ်ရာတွင် အဂိုးဓာတ်တော်ကျသည့်နေရာ

သဘက်ကြမ်းများ နှောင့်ယှက်လေ့ရှိသော ခက်ခဲသည့် သိမ်များကို ကိုယ်တိုင်ကိုယ်ကျ သမုတ်ပေးတော်မူလေ့ရှိပါသည်။

ဆရာတော်၏ အကျင့်သီလဂုဏ်၊ ရဟန္တာ တန်ခိုးအာနုဘော်ကြောင့် သိမ်များစွာကို အန္တရာယ်ကင်းကင်းဖြင့် အောင်မြင်စွာ သမုတ်ပေးနိုင်လေသည်။ တချို့ သိမ်အလှူရှင်တို့ကလည်း မိမိတို့ လှူဒါန်းသော သိမ်အား ရဟန်းမြတ်၊ သံဃာမြတ်၊ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများကို ပင့်ဖိတ်လျှောက်ထား၍ သိမ်သမုတ်ကြသလို ရဟန်းကိစ္စပြီးမြောက်တော်မူသော ဆရာတော်များကို ပင့်ဖိတ်လျှောက်ထားပြီး သိမ်သမုတ်လိုကြသည်မှာ ဓမ္မဏာပင် ဖြစ်သည်။

ထို့ကြောင့် အနယ်နယ် အရပ်ရပ်မှ သိမ်အလှူဒါယကာအပေါင်းသည် ဆရာတော်ဦးသီလအား အလေးထား ပင့်ဖိတ်လျှောက်ထား၍ သိမ်သမုတ်တတ်ကြသည်။ သာသနာ့ အခွန်ရှည်စေလိုသော သာသနာပြု ဆရာတော်တစ်ပါးအနေဖြင့် သိမ်သမုတ်ရန် ပင့်လျှောက်သော် အလေးက်သွားပြီး သိမ်သမုတ်ပေးတော်မူလေ့ရှိသည်။

ယခုလည်း ဇလွန်မြို့ရှိ သုသာန်ကျောင်းသိမ်ကို သမုတ်ရန် ဆရာတော်ဦးသီလသည် ၁၂၆၉ ခုနှစ် ကဆုန်

www.burmeseclassic.com



ဆရာတော် ဓနုဖြူမြို့မှ ဇလွန်မြို့သို့ ကြွရောက်စဉ်
စီးနင်းလိုက်ပါခဲ့သော နိဗ္ဗာန်သင်္ဘော ပုံစံတူ

လပြည့်ကျော်၌ ကြွရောက်တော်မူခဲ့သည်။ ထိုသို့ ကြွရောက်တော်မူရာတွင် ဆရာတော် စီးနင်းလိုက်ပါလာသည့် သင်္ဘောမှာ "နိဗ္ဗာန်" အမည်ရှိ သင်္ဘောဖြစ်သည်။ ဆရာတော်ဦးသီလသည် နိဗ္ဗာန် စံမြန်းတော်မူမည့် အတိတ်ဆောင်လျက် နိဗ္ဗာန်သင်္ဘောဖြင့် ဇလွန်သို့ ကြွတော်မူလာခြင်း ဖြစ်သည်။ ဆရာတော်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် အခွန့်ရှည်စွာ တည်တံ့ပြန့်ပွားရေးအတွက် သိမ်သမုတ်ပွဲကို ကျန်းမာရေး မကောင်းသည့်ကြားမှ အသက်ကို ပဓာနမထားဘဲ ကြွရောက်တော်မူလာခြင်း ဖြစ်သည်။

ဆရာတော်သည် ၁၂၆၈ ခုနှစ် သက်တော် (၇၅)နှစ်၊ ဝါတော် (၅၅)ဝါရောက်ခဲ့ပြီ ဖြစ်သော်လည်း မော်လမြိုင်မြို့ ဘီလူးကျွန်း ကွမ်သဲတောရ၌ ဝါဆိုပြီးနောက် ဇရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ရှိ ဆယ်ဌာနရှိ သိမ်သမုတ်ရန် ရန်ကုန်မြို့သို့ ရေလမ်းခရီးဖြင့် ကြွတော်မူခဲ့သည်။ ရန်ကုန်မှ ပန်းတနော်သို့ သင်္ဘောပြောင်းစီးကာ ရေကြောင်းခရီးဖြင့်ကြွခဲ့သည်။ရေလမ်းခရီး သင်္ဘောစီး၍ ကြွတော်မူရာတွင် ဆရာတော်သည် ကျင်ကြီး ကျင်ငယ် မစွန့်၊ ဆွမ်းတစ်လုတ်စာမျှပင် ဘုဉ်းပေးတော်မမူသော်လည်း ကြည်လင်အေးချမ်းစွာ နေတော်မူခဲ့သည်။

ဝုက္ကစိုးနတ်မင်းနှစ်ပါး ထမ်းထားသော ဒေါင်းလောင်းတော်

ပန်းတနော်မြို့နယ်ရှိ သိမ်ဆယ်သိမ်ကို သမုတ်ပေးတော်မူပြီးနောက် ပန်းတနော်မှတစ်ဆင့် ဓနုဖြူမြို့ ဗောဓိကျောင်းသိမ်ကို ကြွရောက်သမုတ်ပေးတော်မူခဲ့သည်။ ဓနုဖြူမှ ဇလွန်မြို့သို့ နိဗ္ဗာန်အမည်ရှိ သင်္ဘောစီးကာ သုသာန်ကျောင်းသိမ်သမုတ်ရန် ၁၂၆၉ ခု ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် ထွက်ခွာခဲ့ရာ ကဆုန်လပြည့်ကျော် ၃ ရက်နေ့ နံနက်အကူး ၂ နာရီ၌ ဇလွန်မြို့သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်သည် သုသာန်ကျောင်းသို့ ရောက်တော်မူပြီးနောက် သုသာန်ကျောင်း ဘုန်းကြီးကို ယနေ့ပင် သိမ်သမုတ်မည်ဖြစ်ကြောင်း အမိန့်ခံမှတ်လေသည်။

သုသာန်ကျောင်းဘုန်းကြီးက ဆရာတော် တစ်ရက် နှစ်ရက် နားနေပြီးမှ သိမ်သမုတ်တော်မူပါရန် လျှောက်ထားရာ ဆရာတော် ဦးသီလက - "မိမိကိုယ်ခန္ဓာကို မိမိအစိုးရတာ မဟုတ်၊ ယနေ့ပင် သိမ်သမုတ်မည်" ဟု မိန့်တော်မူသည်။

သုသာန်ကျောင်း ဆရာတော်အနေဖြင့် ထိုနေ့၌ပင် သိမ်သမုတ်ရန် စီစဉ်ပေးရသည်။ ဆွမ်းမစားမီ သိမ်သမုတ်ခြင်း ကိစ္စပြီးလေသည်။ သိမ်သမုတ်ပြီးနောက် ထိုနေ့တစ်နေ့လုံး အပူဇော်ခံပြီး ညဘက်တွင် ဆရာတော်သည် ဆေးဝါးများကို မသုံးဆောင်တော့ဘဲ နေလေတော့သည်။ ၁၂၆၉ ခု ကဆုန်လပြည့်ကျော် ၄ ရက် တနင်္လာနေ့နံနက် ၇ နာရီတွင် ခန္ဓာဝန်ချတော်မူသည်။

တစ်နည်းဆိုရသော် ဆရာတော်ဦးသီလသည် ရဟန်းကိစ္စပြီးမြောက်သည့် ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်၍ မိမိခန္ဓာဝန်ချမည့်နေ့ရက်ကို ကြိုတင်သိတော်မူ၍ သုသာန်ကျောင်းသိမ်ကို အခိုင်မဆွဲဘဲ အခိုင်မီ သမုတ်ပေးတော်မူပြီး ခန္ဓာဝန်ချတော်မူ၍ နိဗ္ဗာန်ရွေပြည်သို့ မြန်းကြွတော်မူခဲ့လေသည်။

◆

ဆရာတော်၏ ရုပ်ခန္ဓာအလောင်းတော်အား ၁၂၆၉ ခုနှစ် တပို့တွဲလဆုတ် ၃ ရက် နံနက် ၉ နာရီ၌ မီးသဂြိုဟ်ကြသည်။ ရုပ်ကလာပ်တော်အား မီးသဂြိုဟ်ရာမှ ကျန်ရစ်သော အရိုးဓာတ်တော်များကို သံသေတ္တာအတွင်း ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းပြီးနောက် ဆရာတော်အား ကြည်ညိုကြသည့် ပရိသတ်အား အလောင်းတော်မီးသဂြိုဟ်ရာ နေရာမှ လိုချင်တာ ယူခွင့်ပြုရာ ဒကာ၊ ဒကာမအပေါင်းသည် ကြွင်းကျန်သော ပြာများကို တူးဆွယူခြင်း၊ ပြာများကုန်သောအခါ မီးလောင်မြေသားများကို တူးဆွယူခြင်းများ အပြိုင်ပြုကြရာ မီးသဂြိုဟ်ရာ နေရာရှိ မြေသားများသည် ချိုင့်ကြီးသွား

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်ခဲ့သည်။ ဆရာတော်အား ကြည်ညိုသူ များပြားလှ၍ မြေချိုင့်အတွင်းမှ မြေသားများကို ဆက်၍ တူးဆွယူကြသော ကြောင့် ထိုမြေချိုင့်အနီး၌ ဆရာတော်၏ ဓာတ်တော်တချို့ကို ဌာပနာထည့်သွင်းပြီး သဲပုံစေတီ တည်ထားပေးရာ သဲပုံစေတီအနီးရှိ သဲမြေအတွင်းမှ ဓာတ်တော်များ ထပ်မံတွေ့သည်ဟူသော သတင်းကြောင့် လူပရိသတ်မှာ အထူးစည်ကားလျက် ရှိသည်။

ထိုအခါ ဆရာတော်၏ အရိုးဓာတ်တော်တချို့အား အမှုန့်ပြု၍ ဆရာတော်ဦးသီလ၏ ရုပ်ပုံထုလုပ်ကာ ဓာတ်တော်ထည့်သွင်းထားသော သံသေတ္တာအတွင်း ထည့်သွင်းပြီး နောက် မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော် တစ်ထောင်ကျော်နှင့်အတူ ဌာပနာထည့်သွင်းပြီး စေတီတော် တစ်ဆူကို တည်ထားခဲ့ရာမှ ဘုန်းတော်ကြီးဦးသီလ စေတီတော် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ဓာတ်တော်များ တူးဆွရှာဖွေရာမှ ပေါ်ပေါက်လာသော မြေချိုင့်ကြီးအထက်၌ ရေကန်ဖန်တီး၍ ဆရာတော် ဓနုဖြူမြို့မှ ဇလွန်မြို့သို့ ကြွတော်မူလာစဉ် စီးနင်းလိုက်ပါခဲ့သော "နီဗွာန်သင်္ဘော" ပုံစံတူကိုလည်း အထိမ်းအမှတ်အနေနှင့် တည်ဆောက်ထားခြင်း ဖြစ်ပေသည်။

ဆရာတော်၏ အရိုးဓာတ်တော် ဌာပနာထည့်သွင်းတည်ထားသော စေတီတော်အား "ဘုန်းတော်ကြီးဦးသီလ စေတီတော်" ဟု ဘွဲ့အမည်တပ်၍ ခေါ်ဆိုကြသလို "ဆရာတော်ဦးသီလ အရိုးအိုးစေတီ" ဟုလည်း တချို့က ခေါ်ကြသည်။

မည်သို့ပင် ဘွဲ့အမည်ခေါ်စေကာမူ ရဟန္တာအရှင်မြတ်၏ အရိုးဓာတ်တော်၊ မြတ်စွာဘုရားရှင်၏ မွေတော် ဓာတ်တော်ပေါင်းမြောက်မြားစွာ ဌာပနာထည့်သွင်း တည်ထားသော စေတီတော်ဖြစ်၍ ဖူးမြော်သူအပေါင်းအတွက် ဆုတောင်းပြည့်သော အကျိုးထူး ရရှိခံစားစေနိုင်သော စေတီတော်မြတ် တစ်ဆူဖြစ်သည်ဟုဆိုက အမှန်ပင်ဖြစ်သည်။

◆

စာရေးသူတို့ မိသားစုသည် အရှေ့မုခ်အဝင် အာရုံခံတန်ဆောင်းအတွင်း ပြန်ရန် လူစောင့်နေစဉ် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသော ချွေးမဖြစ်သူအား ယခုရောက်ရှိဖူးမြော်နေသော ဘုန်းတော်ကြီးဦးသီလ စေတီတော် ပေါ်ပေါက်တည်ထားဖြစ်ပုံနှင့် ဆရာတော်ဦးသီလ၏ ထေရုပ္ပတ္တိအကျဉ်းကို ရှင်းပြနေမိသည်။

လူစုံကြသောအခါ -

"အဖေကြီးတို့ အပြန်ခရီးမှာ ဓနုဖြူမြို့ကို ဝင်မယ်၊ ကျွိုက္ကလွန်ဗွန်းစေတီတော်ကို ဝင်ဖူးကြမယ်၊ အဲဒီစေတီတော်ကတော့ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်ရုံမက္ခာ ဆုတောင်းအလွန်ပြည့်ဝတဲ့ စေတီတော်တစ်ဆူလည်း ဖြစ်တယ်၊ အဖေတက္ကသိုလ်ဆရာဘဝမှာ ဒီစေတီတော်မှာ ဆုတောင်းခဲ့ဖူးတယ်၊ တကယ် ပြည့်ဝတယ်ဆိုတာကို အဖေကိုယ်တွေ့ ကြုံဖူးတယ်၊ ဇလွန်က အပြန်လမ်းမှာ ဆရာတော်ဦးသီလရဲ့ သက်တော်ထင်ရှား ရှိစဉ်ကာလက အံ့ဩဖွယ် ဖြစ်ရပ်ဆန်းများကို ပြောပြပေးမှယ်"

စာရေးသူတို့ မိသားစုသည် မောင်းနှင်သည့် တိုယိုတာ ဗင် ဖင်ကောက်ကားငယ်နှင့် ဇလွန်မြို့မှ ဓနုဖြူမြို့သို့ ဦးတည်၍ ထွက်ခွာလာခဲ့သည်။ လမ်းခရီး၌ ဘုရားဖူးကားများဖြင့် စည်ကားလှသည်။ ဘုရားဖူးပြီး စာရေးသူတို့နည်းတူ ပြန်ကြသည့် မော်တော်ယာဉ်ကြီးငယ်များ ရှိသလို ယခုမှ ပြည်တော်ပြန် ဘုရားဖူးရန် လာကြသည့် ကားများကလည်း အဆက်မပြတ်ပင် ဖြစ်သည်။

ရှေးယခင်က ဤလမ်းသည် ကျောက်ခင်းလမ်းဖြစ်သော်လည်း ခြောသားကတ္တရာများ မရှိဘဲ ချိုင့်ခွက်များဖြစ်နေ၍ မြေသားများ ဖို့ထားသော မြေသားလမ်း ဖြစ်နေသောကြောင့် ဖုန်တထောင်းထောင်းနှင့် ရှေ့ကား နောက်ကားကိုပင် မမြင်နိုင်အောင် ဖြစ်ခဲ့ရသည်။ အမိုးမပါသော ဘုရားဖူးယာဉ်၊ အမိုးပါသော်လည်း အကာမပါသော လိုက်ထရပ်၊ ဟိုင်းလက် စသော ဘုရားဖူးယာဉ်ပေါ်မှ ဘုရားဖူးအပေါင်းသည် ဖုတ်များ လူးပေကုန်တော့သည်။ မှန်လုံကားများအတွင်းသို့ ဖုန်မှုန့်၊ မြေမှုန့်များ မဝင်သော်လည်း မှန်အလုံပိတ်၍ ခရီးသွားရသောကြောင့် ရေများစိုရွှဲနေသည့်ပမာ ချွေးများ ရွဲရွဲစိုနေပေတော့သည်။

ယခုအခါ ကတ္တရာအချော ခင်းထားသော လမ်းကြောင့် ခရီးသွားရသည်မှာ စိတ်ချမ်းသာလေသည်။ စာရေးသူတို့ မှန်လုံဗင်ကားလေးသည် မှန်တံခါးများကို ဖွင့်၍ လေတဖြူးဖြူးနှင့် သက်သောင့်သက်သာ ရှိလှသည်။

ဘုန်းတော်ကြီးဦးသီလစေတီတော် အာရုံခံတန်ဆောင်းအတွင်း၌ ဆရာတော်ဦးသီလ၏ ပုံတော်အထက်၌ ရေးထိုးထားသော 'ရထားမတိုက်၊ ကျားမကိုက်၊ ဆင်မနင်းပုံတော်' အကြောင်းကို စကားဆက်၍ ရှင်းပြရပြန်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးသီလသည် တောရဆောက်တည်ကာ ဓူတင်အကျင့်ဖြင့် ဝိပဿနာတရား အားထုတ်ရာမှ ဒေါသ၊ လောဘ၊ မောဟကင်းကာ ရဟန်းကိစ္စ ပြီးမြောက်ခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြင့် တစ်ပါး ဖြစ်ခဲ့သည်။ ဆရာတော်ဦးသီလ အနေဖြင့် ဘယ်သောအခါမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရကာ ရဟန္တာတစ်ပါးဖြစ်ကြောင်းကို မပြွက်ဟခဲ့ပေ။

ဆရာတော်အား ကြည်ညိုကြသည့် ဒကာများအနေနှင့်သာ ဆရာတော်၏ ထူးခြားသော ဖြစ်ရပ်ဆန်းများကို လေ့လာသိရှိကြခြင်းဖြင့် ဆရာတော်အပေါ် ကြည်ညိုသဒ္ဓါတရား ပွားများကာ ဆရာတော်ထံပါး အနီးကပ်ကြည်ညိုနိုင်ရန် ကြိုးစားကြသည်။ ဆရာတော်အနေဖြင့် တပည့် ဒကာ၊ ဒကာမတို့အား တရားဟောကြားခြင်း၊ ငါးပါးသီလ ပေးခြင်းများကို ဝတ္တရားမဖျက် ပြုလုပ်ပေးတော်မူသော်လည်း ဆရာတော်အပါး၌ အချိန်ကြာကြာ နေခွင့်မပေးပေ။ လျှုစရာရှိတာလျှု၊ သီလယူစရာရှိတာယူ၊ တရားဓမ္မ နာစရာရှိတာနာပြီးက ပြန်ကြရန် အတင်းပင် နှင်လေသည်။

ဆရာတော်သည် ဒကာများနှင့် ရောရောနှောနှော နေလေ့မရှိပေ။ ထို့ကြောင့်လည်း တောရပ်၌ တစ်ပါးတည်း သီတင်းသုံး နေထိုင်တော်မူသည်။ တောရပ်၌လည်း ကြာကြာမနေ၊ နေရာဒေသ ပြောင်း၍သာ နေသည်။ တစ်ခါတစ်ရံ ဆရာတော် ဘယ်တော၊ ဘယ်တောင်၊ ဘယ်အရပ်၌ ရောက်ရှိ သီတင်းသုံးနေတော်မူကြောင်းကိုပင် မသိကြရပေ။ ထိုမျှ ဒကာ၊ ဒကာမတို့နှင့် ကင်းကင်းရှင်းရှင်း နေတော်မူသော ဆရာတော်ဦးသီလသည် ထူးဆန်းအံ့ဖွယ်ပေါင်း များစွာ တောတောင်အတွင်း၌လည်းကောင်း၊ ခရီးသွားလာစဉ်၌လည်းကောင်း ကြုံတွေ့ရပုံကို ဒကာအချို့အနေဖြင့် အမှတ်မထင် မြင်တွေ့ရာမှ ရထားမတိုက်သည့် ဖြစ်ရပ်၊ ကျားမကိုက်သည့် ဖြစ်ရပ်၊ ဆင်မနင်းသည့် ဖြစ်ရပ်များကို ကိုယ်တွေ့မြင်တွေ့ရသော ဒကာများထံမှတစ်ဆင့် သတင်းပို့နှံ့လာခြင်းပင် ဖြစ်သည်။

၁၂၆၂ ခုနှစ် ထန်ဆောင်မုန်းလတွင် ဆရာတော်သည် ညောင်လေးပင်တောရ စာပြန်ပွဲမှတစ်ဆင့် ရှမ်းရွာသားလူကုန်းတောရ၌ သိမ်သမုတ်ပြီး ပြွန်တန်ဆာချောင်းရင်း၊ သနပ်ကွင်း၊ ဒိုက်ဦး၊ ဖောင်တော်သီ၊ ပျဉ်ပုံကြီး၊ ဘုရားကလေး၊ ဥက္ကံရွာများသို့ လမ်းခရီး၌ မီးရထားဖြင့် ရင်ဆိုင်မိသည်။ ဆရာတော်သည် မီးရထားသံလမ်းအတိုင်း ခြေကျင်ကြွတော်မူရာ အရှိန်ဖြင့်မောင်းနှင်လာသော မီးရထားသည် အလိုလို ရပ်တန့်သွားခဲ့သည်။ ရထားဖြင့် လိုက်ပါလာသော ခရီးသည်များလည်း ရထားရပ်တန့်ရသည့်အကြောင်းကို စုံစမ်းကြည့်ရာ ဆရာတော်၏ တန်ခိုးကြောင့် မီးရထားကြီးသည် အလိုအလျောက် ရပ်တန့်သွားကြောင်း သိရသောအခါ ဆရာတော်အား ဦးချကန်တော့ကြသည်။ ရထားမောင်းသည့် အနောက်နိုင်ငံသား စက်ဗိုလ်မှာလည်း ဆရာတော်ကို အရိုအသေပေးကာ လေးစားကြည်ညိုသွားခဲ့သည်။

ထိုနည်းတူ နောက်တစ်ကြိမ်မှာလည်း ဆရာတော်သည် ပဲခူးမြို့နယ် ရွှေလှေရွာနှင့် မုန်းမဝေး၌ရှိသော ခုန်တိုင်ရွာအနီးရှိ တောအရပ်အတွင်း သီတင်းသုံးနေတော်မူစဉ် တစ်နေ့သောအခါ၌ ဇိုင်းဂနိုင်းရွာသို့ ဆွမ်းခံကြွတော်မူသည်။ ဆရာတော်သည် ရန်ကုန်-မန္တလေး ရထားလမ်းအတိုင်း ကြွတော်မူရာ မန္တလေးမှ ခုတ်မောင်းလာသော အမြန်စာပို့မီးရထားကြီးနှင့် တံတားအမှတ်(၆၅) ရွှေလှေတံတား၏ တောင်ဘက် တစ်ဖာလုံခန့်အကွာ၌ ဆုံတွေ့ရာ ရထားသည် အလိုလိုရပ်တန့်သွားလေသည်။

ရထားမောင်းသည့် စက်ဗိုလ်၊ ဂါတ်ဗိုလ်တို့လည်း ရထား အဘယ်ကြောင့် အလိုလိုရပ်တန့်သွားရသည်ကို နားမလည်အောင် အပြစ်ရှာမရအောင် ဖြစ်ကြရသည်။ ရထားလမ်းကို လေ့လာကြည့်သောအခါ ရထားနှင့် တစ်ဖာလုံခန့် အကွာရှိ မဟာန်းတစ်ပါး ရထားလမ်းအတိုင်း ခြေကျင်ကြွတော်မူနေသည်ကို မြင်ရလေသည်။ ဆရာတော် ရထားလမ်းမှ ဆင်း၍ ဇိုင်းဂနိုင်းရွာဘက် ကြွတော်မူမှ စာပို့ရထားကြီးကို ပြန်လည်မောင်းနှင်နိုင်ခဲ့သည်။

ထို့ကြောင့် ဆရာတော်ဦးသီလအား ရထားမတိုက်နိုင်သော ပုဂ္ဂိုလ်ထူးအဖြစ် သတင်းပို့နှံ့ရာမှ "ရထားမတိုက်သော တန်ခိုးရှင် ဘုန်းကြီး" ဟု အသိအမှတ်ပြုကာ ဆရာတော်အပေါ် ကြည်ညိုမှု ပိုမိုခဲ့ကြသည်။

ထိုနည်းတူ ဆရာတော်သည် တောလမ်းခရီးဖြင့် ကြွတော်မူစဉ် ပဲခူးချောင်းဖျားရှိ ကမ်းမြင့်ရွာနားသို့ ရောက်သောအခါ မိုးချုပ်ပြီး အလင်းရောင် မရှိတော့၍ သုသာန်ဇရပ်၌ တစ်ညအိပ် အိပ်စက်လေသည်။ ဆရာတော် ကျိန်းရာဇရပ်သည် ရွာပြင်၌ရှိပြီး ထိုဇရပ်အနီးအနား၌ ကျားရဲ သောင်းကျန်းကာ မကြာခဏ ကျားကိုက်ခံရသော နေရာဖြစ်သည်။ ထို့ကြောင့် ရွာတွင်းရှိလူများသည် သုသာန်ဇရပ်၌ ညအိပ် ကျိန်းစက်တော်မူသော ဘုန်းကြီး ကျားစားခံရလေပြီဟု မှတ်ယူကာ သုသာန်ဇရပ်သို့ စုဝေးပြီး ရောက်ရှိလာကြသည်။

www.burmeseclassic.com

ဆရာတော် ဦးသီလသည် ကျား၏ ဘေးအန္တရာယ်နှင့် မကြုံရဲသာမက သပိတ်ပိုက်လျက် ရွာရှိရာသို့ ဆွမ်းခံကြွတော်မူလာသည်ကို မြင်တွေ့ကြရသည်။ ထိုအခါ ရွာသားတို့သည် ရွာသို့ အမြန်ပြန်ပြီး ဆရာတော်အား ဆွမ်းလောင်းလှူကြရန် ပြင်ဆင်ကာ ဆွမ်းလောင်းလှူကြသည်။

ဆရာတော် ဆွမ်းခံပြီး သုသာန်ဇရပ်သို့ ပြန်ကြွရာ နောက်တော်ပါးမှ လိုက်၍ ကြည့်ကြရာ ဆရာတော် ထိုင်နေတော်မူရာနှင့် သုံးတောင်ခန့်အကွာတွင် ကျားတစ်ကောင်သည် ဆရာတော်ကို ရန်မူခြင်းမရှိဘဲ နေသည်ကို မြင်ရသောအခါ အံ့ဩမိကြသည်။

ကောကရိတ်မြို့နယ် နဘူးရွာအနီးရှိ တောတောင်တွင် ဆရာတော် သီတင်းသုံးစဉ်ကလည်း ကျားတို့သည် ဆရာတော်ကို အန္တရာယ်မပြုရဲသာမက ကျောင်းလှေကားရင်း၌ ကျောင်းစောင့်သဖွယ် လာအိပ်ပေးကြသည်ကိုလည်း တွေ့ဖူးကြရာ ဆရာတော်ဦးသီလသည် ရိုင်းစိုင်းသော လူသားစား ကျား သတ္တဝါတို့ပင် မကိုက်ဘဲ စောင့်ရှောက်ပေး၍ ကျားမကိုက် ဆရာတော်ဟု အများက သတ်မှတ်ခေါ်ဆိုကြသည်။

ဆရာတော်သည် ၁၂၅၀ ပြည့်နှစ်တွင် ကျိုက်ထိုမြို့နယ် တိပေါလေးချောင်းအကွေ့ ငှက်ပျောတောရွာ၏မြောက်ဘက် သက်ငယ်ကျင်းရွာသို့ ကြွတော်မူရာ မောင်းထောင်တောကို ဖြတ်နေစဉ် လူပေါင်းများစွာကို နင်းသတ်ဖူးသည့် ဆင်ဆိုးကြီးနှင့် ကြုံရသည်။ ဆရာတော်အား ပင့်ဆောင်လာသော ဒကာ သုံးဦးသည် ဆင်ကြီးကိုတွေ့သောအခါ နှစ်ဦးက နောက်ကြောင်းပြန်ပြေးပြီး တစ်ဦးက သစ်ပင်ပေါ် တက်၍ ပုန်းနေလေသည်။ ဆရာတော်တစ်ပါးတည်း စုံရပ်လျက် ဆင်ကြီးအား စူးစူးစိုက်စိုက် ကြည့်နေတော်မူသည်။

ထိုဆင်ကြီးသည် ဆရာတော်ထံ ဦးတည်၍ ပြေးဝင်လာသော်လည်း ဆရာတော်ရှေ့မှောက် အနီးသို့ရောက်သောအခါ ပုဆစ်တုပ်ကာ ဝပ်လျက် ရှိသေစွာနေလေသည်။ ဆရာတော်ဘုရားသည် ဆင်ကြီးအား မေတ္တာဘာဝနာ ပွားများပြီး နေလေသည်။ ဒူးတုပ်ဝပ်တွားနေသော ဆင်ရိုင်းကြီးသည် ဆရာတော်၏ မေတ္တာတန်ခိုးတော်ကြောင့် မျက်ရည်များ ဖြိုင်ဖြိုင်ကျကာ နောက်ဆုတ်ပြီး တောတွင်းသို့ ပြန်ဝင်သွားလေသည်။

ဆင်နှင့်ပတ်သက်၍ ဆရာတော်သည် ဆင်ရိုင်းများ အပေါ် သြဇာသက်ရောက်မှု အများအပြား တွေ့ရသည့် အနက် အထူးဆန်းဆုံး ဖြစ်ရပ်တစ်ခုမှာ -

နောက်ပါ ဒကာ ပဲခူးပန်းလိုင်ဆရာဖိုးကလေးနှင့်အတူ မိုးပေါ် ရွာမှ သံက်ငယ်တောင်သို့ ကျိုက်ထီးရိုးလမ်းအတိုင်း ကြွတော်မူစဉ် ဆရာတော်အား ခရီးမဆက်ရန် ကျိုက်ထီးရိုး ဘုရားဖူးများနှင့် ရွာသားများက ကြွေးမြူ ခေါ် ဆင်ဆိုးတစ်ကောင် သောင်းကျန်းနေ၍ တားမြစ်စကား တင်လျှောက်ကြသည်။ ဆရာတော်သည် အဒ္ဓရုပိုင်ကိုယ်တိုင်နှင့် တပည့်ဒကာတို့ တားမြစ်နေသည့်ကြားမှ ထိုခရီးကို ဆက်၍ကြွတော်မူသည်။ ကြွေးမြူဆင်ရိုင်းကြီးသည် ရှမ်းလူမျိုး လေးယောက်ကို နင်းသတ်ဖူးရာ ထိုအသတ်ခံရသောသူတို့၏ ဝိညာဉ်သည် ဆင်ရိုင်းကြီးကိုစီး၍ ပိုသောင်းကျန်းနေကြောင်း သတင်းစကား ပျံ့နှံ့နေလေသည်။

ခရီးဆက်ခဲ့သော ဆရာတော်သည် မကြာမီ ကြွေးမြူဆင်နှင့် ရင်ဆိုင်တွေ့လေတော့သည်။ ဆရာတော်၏ဒကာ ဆရာဖိုးကလေးသည် ဆရာတော်၏ ဘုန်းတော်ကို ယုံကြည်သူဖြစ်၍ ဆင်ကြီးရှေ့ မားမားမတ်မတ်ရပ်လျက် မေတ္တာပွားနေသော ဆရာတော်ကြီး၏ နောက်ကျောဌ ကပ်လျက်နေလေသည်။ ဆရာတော်ထံ အပြေးဝင်လာသော ဆင်ကြီးသည် ဆရာတော်အနီးသို့ ရောက်သောအခါ ဦးခေါင်းကို မြေတွင် ထိုးစိုက်၍ အော်ဟစ်လျက်နေလေသည်။

ထိုစဉ်အခါ ကြွေးမြူဆင်ကြီးပေါ်မှ ခမောက်အနီဆောင်းထားသည့် လူလိုလိုပုံသဏ္ဌာန် လေးယောက် ဆင်းပြေးသွားသည်ကို မြင်တွေ့လိုက်ရသည်။ ထိုသို့ မြင်တွေ့ရပြီး နောက် ကြွေးမြူဆင်ကြီးသည် တောတွင်းသို့ ဝင်ပြေးလေတော့သည်။ ထို့ကြောင့် ဆရာတော်ဦးသီလသည် ဆင်ရိုင်းတို့ပင် နင်းခြေမခံဘဲ ရိုးကျိုးစွာ ဦးခိုက်ခဲ့ကြ၍ ဆင်မနင်းဘုန်းကြီးဟု ကျော်ကြားခဲ့လေသည်။

အထက်တွင် ဖော်ပြခဲ့သော ဖြစ်စဉ်ဖြစ်ရပ်တို့ကြောင့် ဆရာတော်ဦးသီလကို 'ရထားမတိုက်၊ ကျားမကိုက်၊ ဆင်မနင်း ဆရာတော်' ဟု တင်စားခေါ်တွင်ကြခြင်းဖြစ်ကြောင်း ဓနုဖြူမြို့ ကျိုက္ကလွန်ဗွန်းဘုရား မရောက်မီ ရှင်းလင်းပြောပြခဲ့လေသည်။

ကက္ကသိုလ်မျိုး

ဒိုင်ဒြမ်း

၁။ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိနှင့်ဖြစ်ရပ်ဆန်းများ၊ ၁၉၉၅၊ တိုမင်းဖြူ (ဥပဒေ)။

၂။ ကိုယ်တိုင် အကြိမ်ကြိမ်သွားရောက် ဖူးမြော်လေ့လာမှု။

❑

www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးဘူဇော်
ရွှေကျင်ပဝေဖန်ဆောရာတော်



ဒေါက်ခေါင်းမြစ်

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ဤအိပ်မက်အရ ငါဆောင်ရွက်လိုသော သာသနာ့ပြုလုပ်ငန်းများသည် မင်းထုန်းမင်းတရားကြီး၏ ဦးခေါင်းဖြင့် ပင့်မြှောက်ပေးမှုကို ခံယူပါမှ အောင်မြင်မည်ဟုအဓိပ္ပာယ်ရနေသည်။ငါ့မှာလည်း အသက်ထက်ဆုံး - အရည၀ဏ်ခူတင်ဆောက်တည်ထားသည်။ အသက်ထက်ဆုံး မင်းမျူးမတ်တို့၏ဆရာ ရာဇ၀ပ္ပလ်က ပုဂ္ဂိုလ် မလုပ်ရန်၊ ရာထူးမယူရန်၊ သံတုံးတံဆိပ်ကို လက်မခံရန် ဆုံးဖြတ်ထားသဖြင့် မည်သို့ဆောင်ရွက်ရပါမည်နည်းဟု တွေးတောမိရင်းက ညက မြင်မက်ခဲ့သော အိပ်မက်ကို စဉ်းစားနေစဉ် သရက်ချောင်းတောရတိုက်သို့ ဆရာတော်ကြီးတစ်ပါးနှင့် ဒကာတစ်ယောက် ၀င်လာသည်ကို တွေ့လိုက်ရသည်။

ဆရာတော်ကြီးမှာ မြို့တော်မှ မောက်စ်ကျိုးဆရာတော်ကြီးဖြစ်၍ ဒကာဖြစ်သူမှာ မိမိနှင့် ငယ်စဉ်က နွားကျောင်းဖက် သူငယ်ချင်း မောင်ဌေးဖြစ်နေသည်။

ဆရာတော်ကြီးက မင်းတုန်းမင်းတရားကြီးက မန္တလေး ရတနာပုံနေပြည်တော်သို့ ကြွရောက် သီတင်းသုံးရန် အပင့်စေလွှတ်ကြောင်း မိန့်တော်မူပြီး စာကို ထုတ်ပြလေသည်။

အဓိပ္ပာယ်မှာ -"ဘုရားတပည့်တော်များ ပင့်လျှောက်ရခြင်းမှာ အရှင်ဘုရားတို့၏ သာသနာရေး ဆောင်ရွက်မှုကို ရွယ်ကိုးအားထား၍ ပင့်လျှောက်ရခြင်း ဖြစ်ပါသည်။ အရှင်ဘုရားသည် သာသနာတော်ကြီးကို ကောင်းစွာ ပြုစုတော်မူလိမ့်မည်ဟု ယုံကြည်အားထားပါသည်။ ယခု အရှင်ဘုရား၏ ခမည်းတော်နှင့် မယ်တော်ကြီးများသည် ဒကာတော်၏ ရွှေမြို့တော်သို့ ရောက်ရှိနေပါပြီ။ သို့ဖြစ်ပါ၍ ကြွရောက်တော်မူသင့်ပါကြောင်း" ဟူ၍ ဖြစ်လေသည်။

သူငယ်ချင်းဖြစ်သူ မောင်ဌေးကလည်း -

"အရှင်ဘုရား၊ မယ်တော်၊ ခမည်းတော်တို့ အကြံပေးသဖြင့် မင်းတုန်းမင်းတရားက ဆင့်ခေါ်ပြီး စေလွှတ်ပါကြောင်းနှင့် မယ်တော်၊ ခမည်းတော်တို့ကလည်း ကြွစေလိုသော ဆန္ဒရှိကြပါကြောင်း" သနားစဖွယ် လျှောက်ထားလေသည်။

ထို့ကြောင့် မလွဲမရှောင်သာတော့ဘဲ ခမည်းတော်၊ မယ်တော်တို့ အသက်ရှင်သမျှကာလတွင်သာ မင်းနှေပြည်တော်၌ နေပါမည်ဟု ဘုရားရှင်ထံ သစ္စာအဓိဌာန်ပြု၍ လိုက်ပါခဲ့ရသည်။

ထိုအကြောင်းကို ၁၂၃၇ ခုနှစ် မင်းလှမြို့ နွားလန်တောင်တော့ရွှံနေ၍ မဟာဗိုလ်ဆရာတော်ကြီးထံ လျှောက်ထားသော ဂရာရောစကဆာ၌ အောက်ပါအတိုင်းဖော်ပြထားသည်ကို လေ့လာဖတ်ရှုမှတ်သားခဲ့ရသည်။

"သည်မှတစ်ပါး မူလရင်း ပထမရှိမူကား ရွာတောင် သရက်ချောင်တောရ၌နေသောအခါကပင် ပြည့်ရှင်ရာဇာတ္တိယသည် ပုနပ္ပုန် ဝါရေန ဝါရံ ဇာတ်တန် မင်းချင်းယောက်ျား လူများတို့ကို စေလွှတ်ပင့်ဆောင်လာသည်သာမက မောက်ကျိုးဆရာတော်ကြီးကိုလည်း ရှိမ္ဘကားရွာသို့ အရောက်ပင့်ခေါ်လာစေပြန် သည်ဖြစ်၍ ဝယောဟာနိ မာတာပိတုဥပဋ္ဌာနတ္ထ အကျိုးများကိုလည်း ငဲ့ကွက်ရန်ရှိသေးသည်နှင့် ရာဇဌာနီဒေသဝယ် ဝိဟရဏ ဖြစ်စဉ်ကပင် တာ၀ေ၀ါဟံ ဝဿာမိ၊ ဇာတဿ ရာဇ ဓာနိယံ၊ ယာဝမေ မာတာ ဇီ၀န္တိ၊ ပိတာစ သုခိတာ သဒါ ဟူ၍ ဘုရားရှင်ထံ အဓိဌာန်ရှိပြီးအတိုင်း ယာ၀ - အကြင် မျှလောက်သော ကာလပတ်လုံး၊ မေ - ငါ၏၊ မာတာ - မယ်တော်သည်၊ ဇ၀န္တိ - အသက်ရှင်လျက်ရှိသည်၊ ဟောတိ - ဖြစ်၏၊ ပိတာစ - ခမည်းတော်သည်လည်း၊ သဒါ - အခါခပ်သိမ်း၊ သုခိတာ - ချမ်းသာခြင်း ရှိသည်၊ ဟောတိ - ဖြစ်၏၊ တာ၀ေ၀ - ထိုမျှလောက်သော ကာလပတ်လုံးသာလျှင်၊ အဟံ - ငါသည်၊ ဇတိဿရာဇဓာနိယံ - ထိုမင်းနေပြည်၌၊ ၀သိဿာမိ - နေပါအံ့ ဟု ဆုံးဖြတ်၍ ရွှေမြို့တော်သို့ ကြွရောက်ခဲ့သည်။

အမရပူရ မြို့တော်သို့ ရောက်သောအခါ စက်ရုံကျောင်းတိုက်တွင် တည်းခိုသည်။ စက်ရုံဆရာတော်ကြီး၏ ဘွဲ့တော်မှာ အရှင်သုမနဖြစ်၍ မင်းပေးသော ဘွဲ့မှာ သုမနာဘိ သိရီသဒ္ဓမ္မ ဇောတိပါလဓဇ မဟာခမ္မရာဇာဓိရာဇ ဂုရုဖြစ်ပြီး ဂဇာဝိမုတ် သီးလုံးဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သည်။

တစ်နေ့တွင် ရွှေကျင်ဆရာတော်အရှင်ဇာဂရသည် စက်ရုံဆရာတော်ကြီးနှင့်အတူ နန်းတော်သို့ဝင်ရာ မင်းတုန်းမင်းကြီးက မြို့တော်သို့ မကြွရောက်ခြင်းကိစ္စကို မေးလျှောက်သည်။ ထိုအခါ ရွှေကျင်ဆရာတော်ကြီးက -

"ရဟန်းဆိုတာ ဆိတ်ငြိမ်မှုရှိရာမှာသာ နေသင့်တယ်၊ မြို့တော်မှာ ဆိတ်ငြိမ်မှုမရှိ၍ မလိုက်ကြောင်း" မိန့်တော်မူသည်။

မင်းတုန်းမင်းကြီးကလည်း -

"မြို့တော်မှာလည်း ဆိတ်ငြိမ်သော နေရာများရှိပါသည်၊ အလိုရှိရာ မိန့်ပါ" ဟု လျှောက်ထားရာ ထိုကိစ္စကို

www.burmeseclassic.com

စက်ရုံဆရာတော်ကြီးနှင့်လွဲ၍ ရှိမှုကား သို့ ပြန်ကြွလေသည်။

စက်ရုံဆရာတော်ကြီးသည် နောက်ပါ ရဟန်းသုံးပါးနှင့်အတူ မင်းတုန်းမင်းတရားကြီးက ရွှေကျင်တိုက် ဝံညှာရန် ရည်မှန်းထားသော မနောရမဲ့ ဥယျာဉ်ကိုကြည့်ရှုရာ လူရှင်ရောပြွမ်း၍ တောမရနိုင်သောကြောင့် ပယ်လိုက်သည်။

ထို့နောက် ယခုရွှေကျင်ကျောင်းတိုက်ကြီး တည်ရာ မန္တလေးတောင်၏ မြောက်ဘက် တောရလောက်သော အရပ်ကို တွေ့လေ၏။ ထိုအကြောင်းကို ရွှေကျင်နိကာယ ဇောဒသမ သာသနာပိုင် ဆရာတော်ကြီးက -

"ယခု ကျောင်းတိုက်ကြီးနေရာမှာ သယံဇာတ တစ်တောင်ခန့်အနက် ရှိတဲ့ ကျောက်ရေတွင်းငယ်ကိုတွေ့တယ်၊ အဲဒီတွင်းကို ကြည့်ရာ ရေကလေး ဝုံညင်းစေ့လောက် ရှိရာမှ ကြည့်နေရင်းပဲ တဖြည်းဖြည်းပြည့်လျှံလာတယ်၊ နောက် အရပ်လေးမျက်နှာသို့ ပျံ့နှံ့စီးဆင်းသွားသည်ကို တွေ့ရတယ်၊ အဲဒါကို နိမိတ်ယူပြီး ရွှေကျင်တိုက်တည်ရန် သတ်မှတ်လိုက်တယ်လို့ ပထမတိုက်အုပ်ကြီးက ပြောဖူးတယ်" ဟု မိန့်တော်မူသည်။

ထိုမြေသည် မင်းသားကြီးမောင်မဲပိုင်သော မြေဖြစ်သဖြင့် မင်းတုန်းမင်းကြီးက မြေကိုရောင်းရန် ပြောရာ ရွှေကျင်ကျောင်းတိုက်တည်ရန် သိသွားပြီး မရောင်းပါဟုပြော၍ လျှုဒါန်းခဲ့သည်။ ထိုမြေနေရာကို မင်းတုန်းမင်းကြီးက ၁၂၁၇ ခုနှစ်တွင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးကို စတင်တည်ထောင်တော်မူသည်။ နောင်သော် အရံရွှေကျင်ငါးတိုက်နှင့်တကွ တည်ထားကိုးကွယ်တော်မူလေသည်။

ရွှေကျင်ဆရာတော်ကြီးသည် ဝိနည်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့နှင့်အညီ အလင်္ကိဓမ္မတို့ကို ထုတ်နုတ်ရေးသားပြီး အမရပူရ ရှမ်းကလေးကျွန်း ဆရာတော်ထံ ဆက်ကပ်လိုက်သည်။ ဆရာတော်က အမရပူရ ပဥ္စမနန်းစံ မင်းတရားထံ ဆက်သွင်းသည်။

ထိုအကြောင်းကို မဟာဝိသုဒ္ဓါရုံဆရာတော်က ရွှေကျင်ဝံသာနုရက္ခိတကျမ်းတွင် ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားညွှန်ပြသော အမိန့်တော်ပြန်တမ်းကို နိဒ်ဒံတော် တစ်ဝန်းလုံးကို ထုတ်ပြန်စေသည်။

မင်းတုန်းမင်းတရားကြီးက ထို အမိန့်စာပြန်တမ်းသည် အလင်္ကိဓမ္မကို ဝိနည်း၊ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ၊ ဘုရားဟော ကျမ်းဂန်နှင့် ညီတော် မူ၊ မမူကို သိရှိစေရန် ဖော်ပြပါ ဆရာတော်ကြီး ရှစ်ပါးအား လျှောက်ထားသည်။ ထို ဆရာတော်ကြီးများမှာ -

(၁) သာသနာပိုင်ဆရာတော်ကြီး၊ ဥေ ယျာဓမ္မာဘိမုနိဝရ ဉာဏကိတ္တိ သီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။

(၂) ခင်မကန်ဆရာတော်ကြီး၊ မဏိ ဇောတ သဒ္ဓမ္မလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

(၃) ဘုံကျော်ဆရာတော်ကြီး၊ ပညာ သာမိက ဝိသာရဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။

(၄) တးကရာဆရာတော်ကြီး၊ ပညာ ဇောတဓမ္မ သီရိကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

(၅) ပြည်ဆရာတော်ကြီး၊ မေဓာဘိ ဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု။

(၆) စံကျောင်းဆရာတော်ကြီး၊ စန္ဒိ မာဘိ သီရိဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု။

(၇) ထီးလင်းဆရာတော်ကြီး၊ ဝိရိယ ဝရ အရိယာဝံသ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။

(၈) သင်္ဃာဆရာတော်ကြီး၊ အဂ္ဂ ဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု

စသည့် ဆရာတော်ကြီးများ ဖြစ်ကြသည်။

ထို ဆရာတော်ကြီးများတို့က ဘုရားဟောကျမ်းဂန် ဝိနည်းတော်များနှင့်ညီညွတ်ကြောင်း မိန့်ကြားသည်နှင့် ၁၂၁၇ ခု တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းခေါ် သာသနာပြု ရာဇအမိန့်တော်ကို ထုတ်ပြန်တော်မူသည်။

ထို အမိန့်တော်ပြန်တမ်းတွင် အလင်္ကိဓမ္မတို့ကို ကျူးလွန်သော အလင်္ကိ ပုဂ္ဂိုလ်တို့ကို ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်၊ မြို့၊ ကျေးရွာနေ လူတို့ မကိုးကွယ် မလျှုဒါန်းစေနှင့်၊ တာဝန်ရှိသူများကလည်း လူတို့ကို နိုင်နင်းအောင် တားမြစ်ကြစေ။ ကိုးကွယ်ရင်းရှိ၍ ကိုးကွယ် လျှုဒါန်းလိုလျှင် အလင်္ကိဓမ္မကိုစွန့်စေ၍ အပြစ်အားလျော်သော ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုးကွယ်လျှုဒါန်းရမည်။ သာသနာတော် ဘေးရန်ကို စောင့်ရှောက်သော အားဖြင့် တင်းတင်းကျပ်ကျပ် ဝန်တို့က စီရင်၍ ထီးရဲ နန်းရဲ စော်ဘွား၊ မြို့ဝန်၊ မြို့သူကြီးတို့က စေ့နှံ့အောင် ပြန်ဆိုထားစေဟု ထုတ်ပြန်ကြေညာလေသည်။

ထိုပြန်တမ်း၏ ဂယက်သည် တစ်တိုင်းပြည်လုံး ပျံ့နှံ့၍ ဂယက်ရိုက်ခတ်သွားလေသည်။

www.burmeseclassic.com

ရှေးယခင်က နေချင်သလို နေထိုင်လာကြသော ရဟန်းများ အနေအထိုင်ခက် ဖြစ်လာကြသည်။ မြို့တွင်း၊ ရွာတွင်း ဖိနပ်စီးဝင်နေကျ ဖြစ်သဖြင့် ထီးဆောင်း၊ ဖိနပ်စီးဝင်လာလျှင် အရာရှိများက ထီး၊ ဖိနပ်များကို သိမ်းယူကြသည်။ ထိုအခါ အလင်္ကရဟန်းများက အတင်းအဖျင်း ပြောဆိုကြလေသည်။

ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြောင့် အထူးသဖြင့် ဝိနည်းသိက္ခာပုဒ်ကို အလေးမထားကြသော လူတို့နှင့် ရောရောနှောနှော နေထိုင်သူ၊ ရဟန်းတရားကင်းကွာ၊ သမဏရုပ္ပ နားမလည်ကြသော ရဟန်း၊ သာမဏေတို့သည် တစ်ပါးနှင့်တစ်ပါး ဆုံတွေ့သည့်အခါ -

"ဒီကိစ္စ မပြီးသေးဘူး၊ အခုမှ အစပဲရှိသေးတယ်၊ နောင် ဘယ်လိုလာဦးမယ် မသိသေးဘူး၊ အကြောင်းခဲ့ကွမ်းစားတဲ့၊ နွေလွဲဆေးဝါး အလကားစားသောက်တဲ့ ယခုမျက်မှောက်လက်ရှိ ပစ္စည်းမျှားမြဲ့ အလင်္ကရပစ္စည်းတဲ့၊ နည်းနည်းများများ ဒကာကို ကျွေးတဲ့အမူဟာ ကံပြုဆေးကြောမှ လင်္ကသဘောသက်မတဲ့၊ ခက်တယ်၊ ဓရွှေလည်း ကင်းရမယ်တဲ့၊ ဒါပြီး ဒွေမာတိကာ နှစ်ဓောင်နှုတ်ပါရွှရွ ပြန်ဆိုရမယ်တဲ့" ဟုပြောဆိုညည်းညူကြလေသည်။

ထို့ကြောင့် သာသနာ့ဘောင်တွင် အချောင်နေ အချောင်စားချင်သော ရဟန်းများသည် မင်းတုန်းမင်းတရား၏ အာဏာစက် လွတ်ကင်းရာ ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ ထွက်ပြေးကြလေ၏။ အောက်မြန်မာနိုင်ငံသို့ ထွက်ပြေးပြီး ကျောင်းထိုင်အင်္ဂါနှင့် မပြည့်စုံဘဲ ကျောင်းထိုင်နေကြသော တပည့်များကို ဆရာတော်ကြီး တစ်ပါးက မေတ္တာစာပေးပို့လေသည်။

ထိုမေတ္တာစာကို အောက်ပါအတိုင်း အဆုံးသတ်ထားသည်။

'ဆိုသင့်ဆိုတန် ဆိုက်ရောက်မှန်သောကြောင့် တပည့်တန် တပည့်သွေး တပည့်လေ တပည့်ပြေးတို့ အတွက်ကြောင့် ဆရာရင်းသက်သက် မျက်နှာများပျက်၍ အရှက်ကြီးရှက်ရလေပြီ။ ဂုဏ်သီလဝါ ဂိုဏ်းဆရာတို့က သိက္ခာပုဒ်တော်နှင့်မလျော်၊ ဝိနည်းတော်နှင့်မတန်၊ မိမိဉာဏ်ဖြင့် ကြံဖန်၍ အဓမ္မထွက်ပြေးကြအောင် ဆင့်ဆိုသည်မဟုတ်ပေ။ အစိန္တေသုံးလှု သတ္တဥာဏ်၊ ဂရုဓမ္မ ဝိနယ စာရီလဒ္ဓိတို့ တရားမှန်ကို ကျမ်းဂန်နှင့်မသွေ ဆင့်ဆိုပါပေသည်ကို ရေမြေသော တောယုန်၊ ကတ္တီပါပုံနှင့်တွေ့သော ဝက်သိုး၊ နတ်ရိုးစည်းစိမ်နှင့်တွေ့ကြုံသော နေသာဒ၊ ကံမလှလို့ မခံရသလို ပဓာဆိုလျှင် ဗျိုက်ဖိုတုန်ခို နဂိုရင်းဇာတိဟာ ခပ်ရိုရိ ခပ်တဲ့တဲ့ မိုးရေရွာရုံနှင့်ပင် တဖြုန်းဖြုန်းလဲသော ထန်းလက်တဲဆွေးလို အရေးရှိက ပြေးမည့်ဥာဏ် အောက်ရပ်ထံ ရွေ့ပုန်းသိုက်အရသုံးလိုက်လျှင် . . .

ဘုန်းကြီးကောင်းယောင် ဟန်ပန်ဆောင် ထိပ်ပြောင်ကြီးနှင့် ဝင်လတ္တံ့၊

ကျောင်းပေါ် ကန်ပေါ် ကိန်းစက်ပျော် စိတ်တော် မိုးထိမြင့်လတ္တံ့၊

ကျမ်းဂန်ပေစာ အလွတ်ခွာ ကြိုက်ရာထင်တိုင်း ကျင့်လတ္တံ့၊

သာသနာပြုရေး အသံပေးအောက်ကျေးအောက်ရွာ လွှင့်လတ္တံ့၊

အောက်သို့ရောက်ပြန် ကျမ်းတတ်ဟန် လိမ်ဉာဏ်တစ်ဖုံ ဖွင့်လတ္တံ့၊

ထိုခါ အောက်သား လူအများ မြောက်စားကိုးကွယ် မြှင့်လတ္တံ့၊

ကျော်သံဟိုးဟိုး ဂုဏ်တန်ခိုးထိုး၍ ထိုအခါ ပွင့်လတ္တံ့၊

ကိန်းခန်းအလိုက် ဤသိုက်အရတိုက်ရိုက်ပြသည်နှင့် မုချမယွင်း ပြေးရှောင်ကွင်းကြသည့် ငဖျင်းတို့ပုန်းရာ ဗေဒါက်ရပ်ရွာဝယ် ကြည်သာရွှင်လန်းဘဝင်ချမ်းလျက် ကိုးကန်ကာက ကြက်ဥရသည့် အရောင် ကြောင်သူငယ်ကြွက်သေရသလို ဓမြကြည်လင် နေပျော်ရွှင်ကြမည့် ညာခွင်ပြေးရှောင်ငသွေ့ကောင်တို့ ကံဆောင်ရာ ဖြစ်စေသော ဟု ဩမိသရေစင်ဖြင့် မြစ်ညာခွင် နေမြရပ်က သွန်းဖြန်းအပ်သည့် အောက်ပြေးတပည့်တို့. . . '

ဟူ၍ မေတ္တာစာ ရေးသားကာ ရှိမ်းမကားဂိုဏ်းချုပ်ဆရာတော်ကြီး (လူအမည် ဘိုးကိုင်း) ဘွဲ့တော် ဘိုးစန္ဒာဝရက အောက်ပြေးတပည့်များထံ ရေးသားပေးပို့ခဲ့သည်ကို လေ့လာဖတ်ရှုခဲ့ရလေသည်။

သက္ကရာဇ် ၁၂၂၂ ဝါဆိုလပြည့် တနင်္လာနေ့ (၂၊ ၇-၁၈၆၀) တွင် ထေရဝါဒ ဗုဒ္ဓသာသနာသမိုင်းတွင် ရွှေကျင်ဂိုဏ်းဟူသော ဝိနယနိဝါသ သဒ္ဓမ္မပဇ္ဇောတ သံဃာနိကာယကြီး ပေါ်ထွန်းလာခဲ့လေသည်။

ထိုစဉ်က ရွှေကျင်ဆရာတော်ကြီးသည် စဉ်ကူးမြို့နယ် ခက်သင်ရွာတောင်ကြောမော်ရှိ တောရကလေး ကျောင်းတိုက်များ၌ သီတင်းသုံးလျက်ရှိသည်။ ထိုမှတစ်ဆင့် ၁၂၁၇ ခုနှစ်တွင် ရှိမ်းမကား မြောက်တောရဖြစ်သော သရဲက်ချောင်ထောရသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။ ၁၂၁၈ ခုနှစ်၊ ၁၂၁၉ ခုနှစ်၊ ၁၉၂၀ ပြည့်နှစ်များတွင် သရဲက်ချောင်တောရမှာ ရှိနေခဲ့သည်။ ရွှေကျင်ကျောင်းတိုက်ကြီးသို့ ရံဖန်ရံခါ ကြွရောက် ကြည့်ရှုတော်မူသည်။

www.burmeseclassic.com

၁၂၂၁ ခုနှစ်ရောက်သောအခါ ရွှေကျင်တိုက်သို့ မဟာဝိသုဒ္ဓါဓိရုံဆရာတော်လောင်းလျာ အရှင်ဝိသုဒ္ဓါစာရသည် ဆည်သည်ရွာ သက်ပန်းကျောင်းတိုက်မှ ကြွလာပြီး ကျောင်းတိုက်တည်ဆောက်ရေးကို ပါဝင်ကူညီသည်။

ရွှေကျင်ဆရာတော်မှာမူ ခက်သင်ရွာ တောင်ပေါ်ရှိ တောရကြီးတိုက်သို့ ကြွရောက် သီတင်းသုံးနေသည်။

မင်းတုန်းမင်းကြီး ရွှေကျင်ကျောင်းတိုက်ကြီး တည်ထောင်နေသည်မှာ လေးနှစ်ကာလရှိခဲ့ပြီး အရံကျောင်းများ ပြီးစီးသောအခါ တိုက်အုပ်ဘုန်းကြီးနှင့် သံဃာတော်များ သီတင်းသုံးလျက်ရှိနေသည်။

ရွှေကျင်ဆရာတော်ကြီးမှာ ထိုအချိန်ထိ အမြဲသီတင်းမသုံးဘဲ ခက်သင်ရွာမှာပင် တောရဆောက်တည်နေသဖြင့် မောက်ကျီးဆရာတော်ကြီးနှင့် ဆရာတော်၏သူငယ်ချင်း မောင်ဌေးတို့အား စာရေးနှိုး ခက်သင်ရွာသို့ စေလွှတ်ပြီး ဝါဆိုလပြည့်တွင် အရောက်ကြွတော်မူပါရန် ပင့်လေသည်။

ထိုအခါမှ ဆရာတော်ကြီးသည် တပည့်သံဃာ နောက်ပါများနှင့် အတူ လှေတော်ဖြင့် ကြွရောက်တော်မူလာရာ မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းသို့ရောက်တော်မူသည်။ ထိုမှတစ်ဆင့် အစီအစဉ်ဖြင့် ရွှေနန်းတော်သို့ ပင့်တော်မူလေသည်။

မြို့သူ မြို့သားများလည်း ရွှေကျင်ဆရာတော်ကြီး ကြွလာပြီဟူသော သတင်းအရ လမ်းတစ်လျှောက်လုံး အုန်းအုန်းကျွက်ကျွက် ပူဇော်ပူးမြော်ကြလေသည်။

နန်းတော် ရောက်သောအခါ မင်းတုန်းမင်းကြီးနှင့် မိဖုရား မောင်းမမိသံ အခြေအရံတို့က နန်းဦးမှ ကြိုဆိုဖူးမြော်လေသည်။

ထို့နောက် ရွှေကျင်ကျောင်းတိုက်ကြီးသို့ ဆက်လက်ကြွချီတော်မူကာ သာသနာသမိုင်း၌ ရွှေကျင်ဂိုဏ်းဟူသော သမိုင်းသစ်ကို ဖွင့်လှစ်တော်မူသည်။ ထိုနှစ်ကာလကို 'အင်ကြင်းခက်ကိုင်း ရွှေကျင်ဂိုဏ်း' ဟု သမိုင်းဝင်မော်ကွန်း ထိုးခဲ့ကြလေသည်။

ရွှေကျင်ဂိုဏ်း တိုက်ကြီးကို အပိုင်းအခြားများဖြင့် သတ်မှတ်ထားသည်။ အရှေ့ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့၌ မဟာရာမ်အုတ်တံတိုင်း ကာရံထားသဖြင့် သီးခြားဖြစ်နေသည်။ တောင်ဘက်မှာ မန္တလေးတောင်တော်ကြီး တည်ရှိလေသည်။

အနောက်တောင်ထောင့် (စနေထောင့်) ရုပ်စုံကျောင်းထောင့်ကစ၍ အထက်ဂူ တောင်ဘက်ညောင်ပင်ကြီးအထိ အရှေ့ဘက် တန်းသွားပြီးလျှင် မြောက်တိုက်သူကြီးဘုရား ခြေတော်ရင်းခြံသေ့ကြီးနှစ်ကောင် အနားကပ်၍ သွားပြီး ဘုရား၏ ရာဟုထောင့် ရောက်သည့်အခါအနည်းငယ်ကွေ့၍ မင်းကင်းကျောင်းထောင့်ဆက်၍ သွားပြီး မြောက်ဘက်၊ အနောက်ဘက်များမှာ မဟာရာမ်တံတိုင်းများအထိ ဖြစ်သည်။

ကျောင်းတိုက်ကြီးအတွင်းတွင် ထေရိသံဃာများ သီတင်းသုံး ကိန်းဝပ်တော်မူရန် ဖန်၊ မှန် ရွှေခြယ် အုံဖွယ်ကောင်းမွန်စွာ စီမံဆောက်လုပ်ခဲ့သည်။

မင်းတုန်းမင်းနှင့် လင်ပန်းတိုက်စား မိဖုရားတို့က ဒေါင်းဒင်္ဂါးငွေ (၂၂၂၃၅၅)ကျပ် အကုန်အကျခံကာ ဆောက်လုပ်ခဲ့သည်။ ကျောင်းတိုက်ကြီး၏ အရံကျောင်းပေါင်း (၄၂) ကျောင်း ရှိသည်။ ရွှေကျင်အလှူယ်ကျောင်းကြီးနှင့်ဆိုသော် (၄၃)ကျောင်းရှိလေသည်။

အလယ်ကျောင်းတော်ကြီးကို မင်းတုန်းမင်းကြီးနှင့် ကျပင်းမင်းသား သတိုးဗညားကျန်း၊ တပင်တိုင်မင်းသမီး၊ စလင်းစုဖုရား သီရိသုမြတ်စွာ ရတနာဒေဝီတို့၏ မယ်တော် လင်ပန်းတိုက်စား မိဖုရား သီရိသုစန္ဒာဒေဝီတို့က ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းတော်ကြီးကို ကျွန်းသားတို့ဖြင့် ဆောက်လုပ်ခဲ့ပြီး တိုင်ပေါင်း (၂၆၂)တိုင် ပါဝင်သည်။ တောင်ဘက်တွင် အုတ်လှေကား သုံးစင်း၊ မြောက်ဘက်တွင် သုံးစင်း၊ အရှေ့ဘက်တွင် တစ်စင်း စုစုပေါင်းလှေကား ခုနစ်စင်း ပါရှိသည်။ ကျောင်းတော်ကြီးတွင် ပြာသာဒ်တော်ကြီးစနုဆောင် သုံးထပ်စမျှင်ပါ လေးထပ်ကျောင်းကြီး၊ ဘောဂဆောင်ဟု အဆောင် လေးဆောင်ပါဝင်ပြီး အရှေ့အနောက် တန်းလျက် တည်ဆောက်ထားသည်။

ထိုကျောင်းထောင်ကြီးကို လက်သမားကြီး ဦးစုကို တာဝန်ယူစေကာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဆင်ဖြူမရှင်အလယ်နန်း မိဖုရားကြီး၏ ကျောင်း လေးခန်း၊ ရှစ်ခန်းပြင် ဘေးဘက်လှည့် လှေကား လေးစင်းတပ် သိမ်ကျောင်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းတိုက်ကြီး၏ အရှေ့မျက်နှာ၊ ထိုမှ မြောက်သို့၊ ထိုမှ အနောက်သို့၊ အနောက်မှ တောင်သို့ အစဉ်အတိုင်းကြည့်လျှင် ခန်းပတ်မင်းကြိုကျောင်း၊ ရွှေတိုက်မင်းကြီးကျောင်း၊ ရေနံချောင်း အတွင်းဝန်မင်းကျောင်း၊ စီးတော်မင်းဝန်ကျောင်း၊ ရွှေတိုက်အတွင်းဝန်မင်းကျောင်း၊ ပတ္တမြားသူဌေး ဦးမှတ်ကလေးကျောင်း၊ မကွေး အတွင်း

www.burmeseclassic.com

www.burmeseclassic.com

သန်းကျော်၊ မကွေးအတွင်းဝန်မင်း အုတ်တိုက်ကျောင်း အောင်မြင်ဝန်ထောက်မင်းကျောင်း၊ ဂူသင်းဦးရွှေတောင်ကျောင်း၊ မကွေးအတွင်းဝန်မင်းအုတ်တိုက်ညောင်ပင်ကျောင်း၊ အနောက်နန်းမတော်မိဖုရားကျောင်း၊ လွှတ်တော်စာရေးကြီးကျောင်း၊ ပြင်စည်စုဖုရားကျောင်း၊ ကသာမင်းသားကျောင်း၊ မိုးလျှိုင်မင်းသားကျောင်း၊ မင်းကင်းစုဖုရားကျောင်း၊ ရန်အောင်မြင်ဝန်ထောက်မင်းကျောင်း၊ လွှတ်တော်ဦးရွှေတောင်ကျောင်း၊ အနောက်နန်းမတော်မိဖုရားကျောင်း၊ သီပေါစော်ဘွားကောင်းမှူ အာဂန္ဓကျောင်း၊ လောင်းရှည်မင်းကြီးကျောင်း၊ မကွေးမိဖုရားကျောင်း (ပြင်စည်မင်းသမီးမယ်တော်)၊ ပတိမ်းဖဲ ကမ သုံးမြို့စား မင်းကင်းမိဖုရားကျောင်း၊ ညောင်ရမ်းမင်းသားကျောင်း၊ ဆင်ဖြူရှင်မ၏ သမီးအကြီး ယင်းခဲမိဖုရားကျောင်း၊ အရှင်ထိပ်စုမြတ်ဘုရားကြီးကျောင်း၊ စောလှမင်းသမီးကျောင်း၊ အထက်ဂူတော် (မင်းတုန်းမင်းကြီးကောင်းမှုတံခါး ဆေးနီသုတ်)၊ အောက်ဂူတော်၊ အထက်စကြာတော်၊ အောက်စကြာတော်၊ မလွန်မင်းသားကြီး ရွှေကျောင်း (မင်းတုန်းမင်းတရားကြီး၏ အကြီးဆုံးသား)၊ သံတော်ဆင့် ဦးတုတ်ကလေးကျောင်း၊ သံတော်ဆင့် ဦးယောကျောင်း၊ ကျောက်မြောင်းအတွင်းဝန်မင်းကျောင်း၊ စလေဆရာကြီးဦးပုည ကျောင်း၊ ရှုပ်စုံကျောင်း (အောက်စကြီကျောင်း၏ တောင်ဘက်)၊ ဆွမ်းစားကျောင်း သုံးဆောင်တွဲ ၉ ခန်း၊ ၁၁ ခန်း ရှိသည်။

ကုဋိများမှာ ၃၁ခန်းပေါင်း ၁၅ ခန်းပါရှိပြီး သံဃာတော်များအတွက် ဆွမ်းချက်တဲ့ ငါးလုံးရှိသည်။ ဆွမ်းချက်ဆမားပေါင်း ၄၀ ရှိသည်။ မဟာရာမံမှာ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက် သုံးဖက် ပတ်လည် အုတ်တံတိုင်း ကာရံထားသည်။ ဇရပ်များမှာ မြောက်ဘက်အပေါက်အထွက် အရှေ့ဘက်မှ စကားစိမ်းမိဖုရားဇရပ်၊ ၎င်းကျောင်းအနောက်ဘက်မှ လင်ပန်းတိုက်စားမိဖုရားဇရပ်၊ အနောက်ပေါက်မြောက်ဘက်မှ သူဌေးတန်း ဦးဝိုင်းဇရပ်၊ ၎င်းတောင်ဘက်မှ စကားစိမ်းမိဖုရားဇရပ်တို့ ရှိကြသည်။

မင်းတုန်းမင်းကြီး၏ ကောင်းမှုတော် ပြွန်တော်သုံးခု၊ ရေကန်တော် နှစ်ကန်၊ ရေတွင်းတော် နှစ်ခုတို့လည်း ပါဝင်သည်။ မင်းတုန်းမင်းကြီး၏ သက်တော်စေ့အဖြစ် ရွှေကျင်တိုက်ကြီး၌ ကျောင်းပေါင်း (၅၉)ကျောင်းရှိသည်ဟု ၁၂၃၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၁၈၇၂ ခု ဩဂုတ်လ ၃၁ ရက်နေ့ထုတ် မြန်မာ့သတင်းစာ၌ ဖော်ပြထား၏။ ထို့အပြင် ရွှေကျင်ဆရာတော်ကြီး သီတင်းသုံးခဲ့ရန် ဂူတစ်ဂူနှင့် ရေမြောင်းတော် တစ်ခုကိုလည်း လှူဒါန်းခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကြီး၏ ခမည်းတော်နှင့်မယ်တော်ကြီးတို့အား ကျောင်းတိုက် တည်ဆောက်ပြီးသောအခါ သားတော်နှင့်နီးစေရန် ရွှေကျင်တိုက်ကြီးအနောက်ဘက် ထရန်ကာ (မြို့ပြင်းလုံး)တိုက်၏ အရှေ့ဘက်ကြား ယခု အမယာ (၁၅) ကျောင်းနေရာသို့ ပြောင်း၍ အိမ်ဖြူတော် ဆောက်လုပ်ပေးထားခဲ့သည်။

ထို့အပြင် ရွှေနန်းတော်သို့သွားသည့်အခါ ဘုံသုံးဆင့်ရှိသော ယာဉ်ပြာသာဒ်နှင့် ရွှေရှုစ်ယောက်၊ နောက်ရှုစ်ယောက် ထမ်း၍ ရွှေထီးလေးလက်မိုးစေပြီး ရေတကော်ငါးကိုင်၊ ကွမ်းအစ်ကိုင်၊ လက်ဖက်အုပ်ကိုင်၊ ရေဖလားကလပ်ကိုင်၊ ဓားလွယ်ကိုင် နှစ်ယောက်နှင့် သွားရလေ၏။

ရွှေကျင်ဆရာတော်ဘုရားကြီး ရွှေကျင်တိုက်ကြီး ငါးတိုက်၌ သီတင်းသုံးသောအခါ ရွှေကျင်တိုက်ကြီးတွင် သံဃာတော်အပါး (၃၀၀)ကျော်ရှိပြီး အရံတိုက် လေးတိုက်တွင် စာသင်သား (၂၀၀)ကျော်ရှိသဖြင့် သံဃာတော် တစ်ထောင်ကျော်ရှိလေသည်။ သံဃာတော်တို့တွင် လေးပုံတစ်ပုံမျှသော သံဃာတော်တို့သည် ပဋိပတ်သမားများ ဖြစ်ကြသည်။ ပရိယတ္တိစာသင်သားများ ချမ်းသာအောင် ညဉ့်ရှေ့ပိုင်း၌ တံမြက်လှည်းခြင်း၊ ရေခပ်ခြင်းအမှုကို ပြုလုပ်ကြရသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်မှာ မဝိန်လွန်း မဝလွန်း၊ အရပ်တော်မှာ မြင့်မြင့် ထောင်ထောင်မောင်းမောင်း ရှိတော်မူသည်။ ဦးခေါင်းတော်မှာ ပြေပြစ်၍ ဖွံ့ဖြိုးသည်။ နဖူးတော်မှာ ကျယ်သည်။ နားတော် ကြီး၍ နှာတံပေါ်သည်။ အသံတော်မှာ အသံဝါဖြစ်၍ ခံညားသာယာသည်။ ဩဇာရှိသော အသံမျိုးဖြစ်သည်။ အသားတော်မှာ အသားလတ်ဖြစ်သည်။

ဝတ်ရုံသော သင်္ကန်းတော်မှာ ဝိန္ဒဆိုးအဝါရောင်၊ တိစီဝရိတ်ခူတင်အမြဲဆောင်ထားသဖြင့် ဤသင်္ကန်းများဖြင့် အံမြဖူးတွေ့ရသည်ဟု လေ့လာဖတ်ရှုရသည်။ သင်္ကန်းတော် နွမ်းလှမှ လှူဒါန်းသူရှိလျှင် လဲလှယ်ဝတ်ရုံတော်မူသည်။

သင်းပိုင်ကို ဒူးအောက် လက်ရှစ်သစ်ခန့်၊ ဧကသီကို ဒူးအောက် လက်လေးသစ်ခန့်ချုပ် အမြဲတမ်း သေသေ

www.burmeseclassic.com

သပ်သပ် ဝတ်ရုံ၍ သီတင်းသုံးလေ့ရှိသည်။ စာချ၊ စာရေးခြင်း၊ ဘာဝနာပွားခြင်းဖြင့်သာ အချိန်ကို အသုံးချလေ့ရှိသည်။

စာချသည့်အခါ စာလိုက်သံဃာတော်တို့သည် ငြိမ်သက်စွာ စာဝါလိုက်ကြရသည်။ သံဃာတော်တို့ အစွန်တွင် ဘုရင့် အမှုထမ်း၊ မဟာဒါန်ဝန်များ၊ စာရေးကြီးများက စာပလွေခင်း၍ စာလိုက်ကြရသည်။

စာချပြီးသောအခါ အထက်ဂူသို့ ပြန်ကြွသည်။ ထိုဂူထဲမှာပင် ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သည်။

ထို့အပြင် ဆရာတော်ကြီးသည် ဤဘဝ အသက်ထက်ဆုံး တစ်နေ့မပြတ် စာပေကျမ်းဂန် သင်အံကြည့်ရှုခြင်း၊ ပရိယတ်၊ ပဋိပတ်အမှုကို လက်မလွှတ်ပြီဟု အဓိဋ္ဌာန်ပြုတော်မူခဲ့သည်မှာလည်း ကြည်ညိုဖွယ်ပင် ဖြစ်လေသည်။

ဆရာတော်ကြီးသည် ပိဏ္ဍပတ်မူတင် အမြဲဆော်တည်ထား၍ ဆွမ်းခံဝတ် အပျက်ခံလေ့မရှိပေ။ ကျောင်းတိုက်၌ ဒကာတို့ ချက်၍ လှူအပ်သော ဆွမ်းသည် ပိဏ္ဍပတ်မူတင်ဆောင် အရှင်တို့အား အပ်သည်။

ဆရာတော်ကြီးသည် ဆွမ်းစားပင့်ရာတွင် ရှေးဦးဒကာကိုသာ ဦးစားပေးလေ့ရှိသည်။ ချမ်းသာဆင်းရဲ ရာထူးအာဏာ မျက်နှာမငဲ့တတ်ပေ။

တစ်နေ့တွင် မင်းတရားကြီးက အမတ် တစ်ယောက်ကို စေလွှတ်၍ ဆွမ်းအလှူခံ ကြွတော်မူရန် နန်းတော်သို့ ပင့်ခိုင်းသည်။ အမတ်ဖြစ်သူလည်း ကျောင်းသို့ ရောက်လာသည်။ ဆရာတော်ကြီးသည် သင်္ကန်းရုံတော်မူနေသည်ကို တွေ့ရပြီး ရွှေနန်းရှင်က နန်းတော်သို့ ကြွရောက်၍ ဆွမ်းအလှူခံတော်မူပါရန် ပင့်လျှောက်ကြောင်း လျှောက်ထားသည်။

ဆရာတော်ကြီးက မည်သို့မျှ ပြန်၍ အမိန့်မရှိဘဲ သင်္ကန်းရုံပြီးသော အခါ သပိတ်ကိုလွယ်တော်မူ၍ ကျောင်းပေါ်မှ ဆင်းသက် ကြွသွားသည်။ အမတ်လည်း နောက်မှလိုက်၍ အခြေအနေကိုကြည့်ရာ မန္တလေးတောင်၏ မြောက်ဘက်ရှိ အဘိုးအို၊ အမဲယ်အိုတဲသို့ ဆွမ်းခံကြွ၍ ဆွမ်းစားသည်ကို တွေ့မြင်ရလေသည်။

ထိုအကြောင်းအရာကို မင်းကြီးအား မဆင်လျှောက်ဝံ့ဖြစ်နေရာမှ မင်းကြီးအား အခြေအနေကို တင်လျှောက်ရာ မင်းတရားကြီးသည် ဝမ်းသာအားရ ရှိတော်မူလှ၍ -

"ငါကဲ့သို့သောမင်း ရှိသေး၏လော"ဟု လက်ပမ်းပေါက်ခတ်သည်။

ဘုရင်က ပင့်လျှက် ဘုရင့်မျက်နှာကို မကြည့်၊ ဦးစွာပင့်ထားသော သူဆင်းရဲ အဘိုးအို၊ အဘွားအိုထံသို့သာ တရားအားလျှော်စွာ ဝိနည်းတော်သိက္ခာပုဒ်အရ ဦးစွာပင့်သူထံ ကြွသွားတော်မူခြင်းသည် ယထာဓမ္မ သာသနာ့မျက်နှာတော်ကိုသာ သတ္တိရှိရှိ ကတိတည်တည် ကြည့်တော်မူသော ဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန်းကောင်း ရဟန်းမြတ်ကို ကိုးကွယ်ခွင့်ရသော် သာသနာ့ ဒါယကာအနေဖြင့် ဝမ်းမြောက်သောကြောင့် ဖြစ်လေသည်။

ဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးရာတွင် သပိတ်ဖြင့်သာ ဘုဉ်းပေးလေ့ရှိပြီး တစ်ပါးတည်းသာ ဘုဉ်းပေးတော်မူသည်။

ဆွမ်းဟင်းအဖြစ် ဘုဉ်းပေးရာတွင် သက်သတ်လွတ်ဟင်း ဖြစ်စရာမလိုပေ။ သတ္တသန္တာန်မပေါ်အောင် အမှုန်ပြုလုပ်ထားသော မစ္ဆမံသမှုန့်များ သာပါသော ဆွမ်းဟင်းကိုသာ ဘုဉ်းပေးသည်။ သတ္တသန္တန်ပေါ်သည့် သားငါးဟင်းများကို လုံးဝ ရှောင်တော်မူသည်။

(ဆက်ရန်)

စောင်းကောင်းမြတ်

ကျမ်းကိုး

ရွှေကျင် ပထမဆရာတော် အတ္ထုပ္ပတ္တိ လက်ရေးမူမှတ်စု။

❑

www.burmeseclassic.com

www.burmeseclassic.com



ကျေးဂူတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်

လင်းဦးဝန်းမဂ္ဂင်း (အောက်တိုဘာလ၊ ၂၀၀၆)

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပျက်မြင်မှ သွားရာလမ်း သိမည်

ဒီပါဠိတော်အတိုင်းက အာယတနခြောက်ပါးထဲက တစ်ပါးပါး ဖြစ်ပျက်မမြင်ဘဲနဲ့ ဒကာ၊ ဒကာမတွေ သေသွားကြမယ်ဆုံလို့ရှိရင် သွားရာလမ်းလည်း သိပါဦးမလား (မသိပါဘူး)။ မနေ့ကပြောခဲ့တဲ့ ပရမ်းပတာကျတဲ့ ဝိနိပါတိကဘေးတွေ မှသင့်ပေဘူးလားဗျာ(သင့်ပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သွားရာလမ်းခရီး သိရအောင် အမြင်မှန်ရဖို့ အရေးကြီးပါတယ်ဆိုပြီး ဒီဝတ္ထုကို ထုတ်ရပါတယ် ဦးခင်မောင် (မှန်ပါ)။ အာယတနခြောက်ပါး တစ်ပါးပါးကို ဘာမြင်ရမလဲ (ဖြစ်ပျက်မြင်ရပါမယ်)။ ဖြစ်ပျက်မြင်ရင် ဘယ့်နှယ်ဆိုကြမ်လဲ (အမြင်မှန်ရပါတယ် ဘုရား)။

အေး- ဒါပါဦးတော်နဲ့လည်း ကိုက်သွားပါပြီ ဒကာ၊ ဒကာမတို့။ သူဖြစ်ပျက်မြင်လို့ရှိရင် ဖြစ်ပျက်ဆုံးလို့ရှိရင် ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန် ဘယ့်နှယ်တုံး (မြင်ရပါတယ် ဘုရား)။ ကဲ- ထားလိုက်ပါဦး၊ ရှဟန္တာလေးပါးဖြေတာကို နောက် အလုပ်စဉ်နဲ့တကွ ပြပါမယ် ဒကာ၊ ဒကာမတို့။ ပထမရဟန္တာက ဖြေလိုက်တာက ဆန္ဒဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ပဇာနာတိဆိုတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဇ္ဘာ၊ ကာယ၊ မန_ ဒီခြောက်ခု ဖြစ်ပျက်မြင်လို့ရှိရင် ဦးခင်မောင်ရေ ဗာတဲ့တုံး (အမြင်မှန်ရပါတယ် ဘုရား)။

အာယတန ခြောက်ပါးဆိုတာ

စက္ခုဆိုတာ စက္ခုပသာဒရုပ်ကို ဆိုပါတယ်။ သောတ ဃာန၊ ဇိဇ္ဘာ၊ ကာယရုပ်ဆိုတာရယ် ပြီးတော့ မနဆိုတဲ့ စိတ် ပေါင်းလိုက်တော့ အာယတနခြောက်ပါး အတွင်းအဖျတ္တိကာယတန ခြောက်ပါးလို့ခေါ်တယ်။ ဆန္ဒဖဿာယတနာနံလို့ ပထမရဟန္တာကြီးက ခြောက်ပါးလို့ ခေါ်တယ်။ ဆန္ဒဖဿာယတနာနံလို့ ပထမရဟန္တာကြီးက ခြောက်ပါးသော ဖဿာယတနလို့ ဆိုလိုက်တယ်နော် (မှန်ပါ)။

ဒကာ၊ ဒကာမတွေ နားလည်မှုကို ရှင်းလင်းပြီး ဆရာဘုန်းကြီးက ပြောပါဆိုလို့ရှိရင်ဖြင့် မြင်ရုပ်ကလေးပေါ့ဗျာ။ အဲဒီမြင်ရုပ်ကလေးဟာ စက္ခာယတနပဲ (မှန်ပါ့)။ ကြားတဲ့နား နာမ်ရုပ်ကလေးဟာကော (သောတာယတနပါ ဘုရား)။ နံတတ်တဲ့ နှာခေါင်းရုပ်ကလေးဟာ ဃာနာယတန၊ စားတဲ့အခါမှာ ချိုချဉ်ဖန်ဆင်းကလေးနဲ့ တွေ့တဲ့ ရုပ်ကလေးက (ဇိဇ္ဘာယတနပါ)။ ကိုယ်ပေါ်မှာ ဘယ်နေရာ ဆီတ်ဆိတ်၊ ဘယ်နေရာ ထိလိုက် ထိလိုက် သိတဲ့ သဘောကလေးကို အားပေးနေတဲ့ တရားကလေးက (ကာယာယတနပါ ဘုရား)။ ပြီးတော့မှ ဝမ်းထဲမှာ ဘယ်စိတ်ပေါ် ပေါ် စိတ်တွေဟူသရွေ့က မနာယတန (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ အာယတန ဘယ်နှပါးပါလိမ့် (ခြောက်ပါးပါ ဘုရား)။

ဒါတို့ ဖြစ်ပျက်မြင်ရင် အမြင်မှန်

အဲဒီ အာယတနခြောက်ပါးကို ဦးခင်မောင် ဖြစ်ပျက်မြင်လို့ရှိရင်ဖြင့် "တ္ထောဝတာခေါ အာဝုသော ဘိက္ခု နော ဒဿနံ သုဝိသုဒ္ဓံဟောတိ" အမြင်မှန်ပါပဲကွာဆိုတော့ သူက အာယတနခြောက်ပါး ဖြစ်ပျက်မြင်ရင် အမြင်မှန်လို့ ဟောလိုက်ပါတယ်၊ ရှင်းပြီလား (ရှင်းပါပြီ)။

ဒါက ပထမရဟန္တာက ဖြေတာ ဦးခင်မောင်ရေ (မှန်ပါ့)။ ကိုင်း- ဒါနဲ့ အဲဒီလိုဖြေလိုက်တော့ ပုထုဇဉ်က အရှင်ဘုရား၊ အရှင်ဘုရားကဲ့သို့ ဒီလို အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များ ရှိပါသေးသလားလို့ မေးတော့ သူဟာ ဒီရဟန္တာကြီးဟောတာထို ကျေနပ်ကဲ့လား (မကျေနပ်ပါဘူး)။ ဒီရဟန္တာကြီး ဖြေတာက ကြည့်စမ်း၊ ခြောက်ပါး အာယတနတို့၏ ဖြစ်ပျက်မြင်ရင် ပြီးတာပါပဲ (မှန်ပါ့)။ အာယတနက ခြောက်ပါးဆိုတာ သူဟာကဖြစ်ပျက်ကို ပြောနေတာ (မှန်ပါ့)။ ခြောက်ပါးကို ပဓာနမထားနဲ့ ဖြစ်ပျက်ကို ပဓာနထားပါ (မှန်ပါ့)။

ဘာကို ပဓာနထားရမလဲ (ဖြစ်ပျက်ကို ပဓာနထားရပါမယ်)။ သမုဒယဉ္စအတ္ထင်္ဂမဉ္စကို ပဓာနထားရမယ်၊ ဖြစ်မှုနဲ့ ပျက်မှုမြင်ရင် အမြင်မှန်ပဲ (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒုတိယရတန်ဘာကြီး

ပုထုဇဉ်ရဟန်းကတော့ ဖြစ်ပျက်ကို ပဓာနမထားဘဲနဲ့ သူ့စိတ်ကူးမှာ ခြောက်ပါးကိုသာ ပဓာနထားပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖောက်ပြန်သွားတဲ့အတွက် အရှင်ဘုရားလို့ အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်မျှား ရှိပါသေးသလားဆိုတော့ ရှိပါသေးတယ်၊ ဟိုဘက်နားမှာ သီတင်းသုံးနေတယ် ဆိုတော့ သူဟာ ဒုတိယ ရဟန္တာဆီကို တစ်ဖန် ရောက်လာပြန်တယ် (မှန်ပါ့)။

ပုထုဇဉ်ရဟန်း ဘယ်ရောက်သွားပါလိမ့် (ဒုတိယ ရဟန္တာဆီ ရောက်လာပါတယ် ဘုရား)။ ဒုတိယရဟန္တာဆီ ရောက်သွားပြန်တော့ ကိတ္တဝဘာနုခေါ်အာဝုသော ဒဿနံသုဝိသုဒ္ဓံ ဟောတိလို့ မေးပြန်တာပဲ (မှန်ပါ့)။

ဒုတိယ ရဟန္တာကတော့ ခုနင်္ကပြောခဲ့တဲ့အတိုင်း "ပဠာနံဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္ထာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံဟောတိ" ခန္ဓာငါးပါး ဖြစ်ပျက် မြင်လို့ ရှိရင် ဒါဟာ အမြင်မှန်လို့သာ မှတ်ပေတော့ (မှန်ပါ့)။

ခန္ဓာငါးပါး၏ ဖြစ်ပျက်မြင်ရင် အမြင်မှန်

ခန္ဓာငါးပါးထဲက တစ်ပါးပါး ဖြစ်ပျက်မြင်လို့ရှိရင် (အမြင်မှန်ပါ ဘုရား)။ ဒါဖြင့် ခုနင်္က ပထမပုဂ္ဂိုလ်ကတော့ အာယတနခြောက်ပါး အမြင်မှန်၊ နောက်ပုဂ္ဂိုလ်ကတော့ (ခန္ဓာငါးပါး အမြင်မှန်ပါ)။ ဒီတော့ ပုထုဇဉ် ပုဂ္ဂိုလ်က မကျေနပ်ဘူး၊ အရင်ပုဂ္ဂိုလ်ကဖြင့် ခြောက်ပါး၊ နောက်ပုဂ္ဂိုလ်က ငါးပါးတဲ့၊ ရဟန္တာဖြစ်ပုံချင်းက တယ်ခြားကြတယ်တဲ့ (မှန်ပါ့)။ သူက ဖြစ်ပျက်ကိုမှ ပဓာန မထားဘဲကိုး (မှန်ပါ့)။

ဖြစ်ပျက်တို့ ပဓာနထားပြောတာ

ဟိုက ခြောက်ပါးဟောတာ၊ ခြောက်ပါးနောက်က ဘာလို့လာသတုံး (ဖြစ်ပျက်လို့ပါတယ်)။ ဒုတိယ ရဟန္တာကြီးကလည်း ငါးပါးနောက်က ဘာလို့လာသတုံး (ဖြစ်ပျက်ပါ ဘုရား)။ ရဟန္တာကြီးများက ဖြစ်ပျက်ကို ပဓာနထားပြောတာ (မှန်ပါ့)။ သူက ၅ နဲ့ ၆ကို ပဓာနထားပြီး စဉ်းစားနေတယ် (မှန်ပါ့)။

ပုထုဇဉ်က ဘာကို ပဓာနထားပါလိမ့် (၅ နဲ့ ၆ ပါ ဘုရား)။

• ပုထုဇဉ်က ၅ နဲ့ ၆ ကို ပဓာနထားပြီး သကာလ နေတော့ ဩော်- ဒီပုဂ္ဂိုလ်ကတော့ဖြင့် ပထမပုဂ္ဂိုလ်က ၆ ပါး၊ ဒုတိယပုဂ္ဂိုလ်က ၅ ပါးတဲ့၊ သူစိတ်ထဲမှာ ၆ ပါး ဆိုတော့ ရုပ်ကလေးကလည်း ၅ ခု၊ စိတ်ကလေးကလည်း ၁ ခုတည်းဆိုတော့ ဒကာ၊ ဒကာမတို့ ၆ ပါးကိုရှုလို့ အမြင်မှန်ရတယ်လို့ သူက ယူလိုက်တယ်။ စင်စစ်က တော့ ဖြစ်ပျက်ကျအောင် လုပ်လိုက်ရင် အတူတူပဲ။ ရုပ်နဲ့ နာမ်ပဲ (မှန်ပါ့)။

ဒုတိယပုဂ္ဂိုလ်ကတော့ ခန္ဓာ ၅ ပါးဖြစ်ပျက်မြင်လို့ ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ အမြင်မှန်ပါပဲလို့ ဒုတိယ ရဟန္တာကြီးက မဟောဘူးလား (ဟောပါတယ်)။ သူစိတ်ထဲမှာ ကျေနပ်ကဲ့လား (မကျေနပ်ပါဘူး)။

အရင်ပုဂ္ဂိုလ်က ၆၊ နောက်ပုဂ္ဂိုလ်က ၅၊ သူဖြင့် ၆၊ ၅ ရှုပ်နေပြီး မယူတတ်တာနဲ့ သေရချည်ရဲ့ (မှန်ပါ့)။ စင်စစ်က အေသေချာချာ မယူတတ်လို့ပါ။ ယူတတ်လို့ ရှိရင် ၅ မှာလည်း ဘာကိုယူရမလဲ (ဖြစ်ပျက်ပါပဲ)။ ၆ မှာကော (ဖြစ်ပျက်ပါပဲ)။ ဖြစ်ပျက်ကို ဒကာ၊ ဒကာမတွေ ပဓာန ထားလိုက်ကြပါ (မှန်ပါ့)။ ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဒီဥစ္စာ ဟောလည်းဟောနေပါတယ် ဒကာ၊ ဒကာမတို့။ ခန္ဓာကိုယ်မှာလည်း ဖြစ်ပျက်ကလေး လည်း ကြည့်ပေးကြပါ (မှန်ပါ့)။ ခန္ဓာကိုယ်ထဲ ဘာကြည့် ပေးရမလဲ (ဖြစ်ပျက်ကလေးတွေ ကြည့်ပေးရပါတယ်)။

ဒါကြည့်နည်းကလေးတော့ ဘုန်းကြီး ခဏခဏ ပြောတယ် ဒကာ၊ ဒကာမတို့ မျက်လုံးကလေး ဖွင့်လိုက်တဲ့အခါကျတော့ မမြင်ဘူးလား (မြင်ပါတယ် ဘုရား)။ မြင်ရုပ်မြင်စိတ်ကလေးတော့ ပေါ်တာပဲ (မှန်ပါ့)။ တော်တော်ကြာတစ်ခု ကြည့်လိုက်ပြန်လို့ရှိရင်လည်း မမြင်ဘူး လား (မြင်ပါတယ်)။ ပထမတော့ သားကြည့်လိုက်ပြန် တော့လည်း မြင်တယ်၊ နောက် သမီးကြည့်လိုက်ပြန်တော့ လည်း (မြင်ပါတယ်)။ ဒီမြင်ပုံချင်း တူရဲ့လား (မတူပါ ဘူး)။ အရင်စိတ်က သားမြင်တယ်၊ နောက်စိတ်က (သမီး မြင်ပါတယ်)။

ဩော်- ဒါဖြင့် သားမြင်တဲ့စိတ်က မချုပ်ပျက်ဘဲ နေမယ် ဆိုရင်ဖြင့် သမီးမြင်တဲ့စိတ်ဟာ ပေါ်ခွင့်မရဘူး (မရပါဘူး)။ အဲဒီကတည်းက သူတို့သည်ကား ဖြစ်ပြီးပျက် တယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)။

www.burmeseclassic.com

မြင်စိတ်ဟာ ဒီနေရာဖြစ် ဒီနေရာပျက်

အဲဒါကလေးလည်း မြင်တယ်ဆိုရင် မြင်တဲ့စိတ်ကလေးကို ကိုယ့်ခန္ဓာကို လှုပ်လှုပ်ပြီး၊ ကိုယ့်မျက်လုံးထဲ ဉာဏ်ကလေး လှုပ်လှုပ်ပြီး ဩော်- မြင်တဲ့စိတ်ကလေးဟာ ဒီနေရာဖြစ်ပြီး ဒီနေရာပျက်တာပါကလား (မှန်ပဲ့)။ ကြားတဲ့စိတ်ကလေးကော နားထဲဖြစ်ပြီး (နားထဲ ပျက်ပါတယ် ဘုရား)။ နံတဲ့စိတ်ကလေးဟာ နှာခေါင်းထဲဖြစ်ပြီးတော့ (နှာခေါင်းထဲ ပျက်ပါတယ် ဘုရား)။ စားတဲ့စိတ်ကလေးဟာ လျှာလယ်မှာဖြစ်ပြီးတော့ (လျှာလယ်မှာ ပျက်ပါတယ်)။ ယားတဲ့ ယဲတဲ့ စိတ်ကလေးဟာလည်း ကိုယ်ပေါ်မှာ ပေါ်ပြီးသကာလ ပေါ်တဲ့နေရာမှာ ပျက်တယ် (မှန်ပဲ့ ဘုရား)။

ကောင်းတဲ့ သုခဝေဒနာကလေးဟာလည်း သုခသဟဂတ် ကာယဝိညာဏ် ဆိုတဲ့ ကာယဝိညာဏ် စိတ်ကလေးဟာလည်း ကိုယ်ပေါ်မှာ ပေါ်ပြီးတော့ (ကိုယ်ပေါ်မှာပဲ ပျက်ပါတယ် ဘုရား)။ နေရာရွှေ့ပြီး ပျက်သေးသလား၊ ဒီနေရာမှာပဲ ပျက်သလား (ဒီနေရာမှာပဲ ပျက်ပါတယ်)။

အဲဒီလို ဒုက္ခ၊ ဒုက္ခာမတွေက သမုဒယဉ္စအတ္ထင် မဉ္ဇ ဆိုတာကလေး ပဓာနထားပြီး သကာလ ဖြစ်ပျက်ကလေးတော့ဖြင့် ခန္ဓာကိုယ်လှည့်လှည့်ပေးကြပါ (မှန်ပဲ့)။ အဲဒါ အမြင်မှန်ရအောင်လို့ ပြောနေတယ် (မှန်ပဲ့)။ ဖြစ်ပျက်မြင်ရင် ဘာတဲ့တုံး (အမြင်မှန်ရပါတယ် ဘုရား)။

ကိုယ့်ခန္ဓာကိုယ်၏ အနိစ္စတိုမြင်တာ

ဘယ့်နှယ်ကြောင့် အမြင်မှန်ရသတုံး ဆိုလို့ရှိရင် ဖြင့် ကိုယ့်ခန္ဓာကိုယ်ကြီး၏ အနိစ္စကို ကိုယ်မြင်သောကြောင့် ကိုယ့်အမြင်မှန်ပြီ (မှန်ပဲ့)။ ယောက်ျား၊ မိန်းမလို့ မမြင်တော့ဘူး (မှန်ပဲ့)။

ဘယ့်နှယ် ဆိုကြပါ့မလဲ (ယောက်ျား၊ မိန်းမလို့ မမြင်တော့ပါဘူး)။ ကိုယ့်အနိစ္စကိုသာ (ကိုယ်မြင်ပါတယ် ဘုရား)။ ဒါဖြင့် ဒါကို ဘယ့်နှယ်ဆိုကြပါ့မလဲ (အမြင်မှန်ပါ ဘုရား)။ ဒီကနေ တက်သွားပြန်တော့ ဖြစ်ပျက်တွေ့ဆုံးတော့ နိဗ္ဗာန်မမြင်ဘူးလား (မြင်ပါတယ်)။ အဲဒီကျပြန်တော့လည်း အမြင်မှန် မရဘူးလား (ရပါတယ်)။ အဲဒီတော့ ဖြစ်ပျက် အမြင်မှန်မရရင် ဟိုမှာ ဖြစ်ပျက်သုဉ်းတဲ့ အမြင်မှန်ကို မရနိုင်ဘူး (မှန်ပဲ့)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။ ဒီက ဖြစ်ပျက်အမြင်မှန်မှ ခန္ဓာကိုယ်ထဲက မရ သေးခဲ့လို့ရှိရင်ဖြင့် ဖြစ်ပျက်ဆုံးတဲ့ အမြင်မှန်ကို (မရပါ ဘူး)။ ဒါကြောင့် ဒီဟာကို ရှေ့ပိုင်းက အမြင်မှန်လို့ မှတ်ပါ (မှန်ပဲ့)။

ပုထုဇဉ်ပုဂ္ဂိုလ်က အရင်ပုဂ္ဂိုလ်ကတော့ ခြောက်ပါးဟောတယ်၊ နောက်ပုဂ္ဂိုလ်က ငါးပါးဟောတယ်။ အရင်ပုဂ္ဂိုလ်ကတော့ အကြွင်းအကျန်နဲ့ သဉ္ဇာယတန ခြောက်ပါးကို ဟောတယ်။ နောက်ပုဂ္ဂိုလ်က အကြွင်းအကျန်မရှိ ခန္ဓာငါးပါးရှုတယ်ဆိုပြီး သကာလ ဟောတယ်။ တခြားစီဖြစ်နေပြီ အရှင်ဘုရား၊ အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များ ဘယ်မှာရှိသေးသတုံးဘုရား၊ တပည့်တော်ကို အမိန့်ရှိပါဦး။ ဟိုဘက်နားမှာရှိတယ် ဆိုတော့ သွားပြန်တာပဲ ဒုက္ခာ၊ ဒုက္ခာမတို့။

တတိယ ရဟန္တာကြီး

ဒါနဲ့ တတိယရဟန္တာဆီကို သွားမေးလိုက်တယ်။ အရှင်ဘုရားတို့ နိဗ္ဗာန်ရတဲ့ အမြင်မှန်ကလေး တပည့်တော်ကို အမိန့်ရှိပေးပါ ဘုရား။ တတိယပုဂ္ဂိုလ်က သာကျဉ်းထာပေါ့ ဦးဝရဲ့၊ စတုန္နံမဟာဘူတာန် ဆိုပြီးတော့ ဓာတ်ကြီးလေးပါးပဲ ဟောလိုက်တယ်။

ယတောခေါ အာဝုသောဘိက္ခုစတုန္နံ မဟာဘူတာန် သမုဒယဉ္စ အတ္ထင်္ဂမဉ္စယထာဘူတံ ပဇာနာတိ။

ဓာတ်ကြီးလေးပါး၏ ဖြစ်ပျက်

ဓာတ်ကြီးလေးပါး တစ်ပါးပါး ဖြစ်ပျက်မြင်ရင်ပြီးတာပါပဲ။ အဲဒါ အမြင်မှန်ပဲလို့ ဟောလိုက်တယ် (မှန်ပဲ့)။ ဦးခင်မောင် သာပြီးနည်းမနေဘူးလား (နည်းပါတယ် ဘုရား)။ ကဲ - ဦးဇရင်တို့ သာပြီးနည်းမနေဘူးလား (နည်းပါတယ်)။

သူက ရိပ်မှ မရိပ်မိဘဲ ဒုက္ခာ၊ ဒုက္ခာမတို့၊ ဖြစ်ပျက်ပါတာချည်းပဲ။ ဟိုက ပြောတာတွေက ဖြစ်ပျက်ကို အဓိကထားပြီး ပြောနေကြတာ။ မပေါ်လာကြသေးဘူးလား (ပေါ်ပါပြီ ဘုရား)။ ဖြစ်ပျက် အဓိကထားဟောနေတာ သူမှမရိပ်မိဘဲ (မှန်ပဲ့)။

www.burmeseclassic.com

www.burmeseclassic.com

ပခန်းသားလိမ်နည်း

အဲဒီတော့ ပုထုဇဉ်ဆိုတာ ဦးခင်မောင် တယ်ပြီး ခက်ပါလား (ခက်ပါတယ် ဘုရား)။ ပခန်းသားလို ဖြစ်နေပြီထင်တယ်။ ပခန်းသား လိမ်တတ်တယ်၊ ကြောက်တတ်တယ်၊ သူများအပေါ် လူညွှန့်ခူးတတ်တယ်ဆိုတော့ တစ်ယောက်သော ပုဂ္ဂိုလ်က မင်းတို့ပခန်းသားများဟာ တယ် ကြောက်စရာ ကောင်းသကွာ၊ လိမ်တတ်တယ်၊ ကြောက်တတ်တယ်ဆိုတော့ ငါ့ကို လိမ်စမ်းပါဦး၊ ငါ သတိနဲ့နေမယ်လို့ ပြောလိုက်တယ် (မှန်ပါ့)။

အို- မလိမ်နိုင်သေးပါဘူးကွယ်၊ ရောက်ခါစ ဧည့်သည်ပဲ ရှိသေးတယ်၊ ထမင်းမှ မစားရသေးဘူးဆိုတော့ ထမင်း ချက်ကျွေးရတယ် (မှန်ပါ့)။ ထမင်းစားပြီးတော့ ကဲ- လိမ်လေကွာ ပြောတော့ အို- လိမ်ပြီးပြီတဲ့ (မှန်ပါ့)။ ထမင်းတောင် စားပြီးပေါ့ကိုးဗျ (မှန်ပါ့)။

ထမင်းတောင်မှ မစားရသေးဘဲနဲ့ကွာ မင်းနှယ် မဟုတ်သေးပါဘူး။ ထမင်းကလေး ဘာကလေး စားပြီးတော့ ပြောတာပေါ့တဲ့။ ရိပ်မိကြပလား (ရိပ်မိပါပြီ)။ ဘယ်လိုလိမ်သွားသတုံး (ထမင်းကို လိမ်သွားပါတယ်)။ ထမင်းစားဖို့ လိမ်ပြီးပြီ။

အဲဒီတော့ ကျုပ်လိမ်လေလို့ ဟိုက စောင့်နေတဲ့ ပုဂ္ဂိုလ်က သိသေးရဲ့လား (မသိပါဘူး)။ ဟိုက လိမ်တာကိုမှ မသိဘူးဆိုလို့ရှိရင် သူဟာ သတိထားရာကော ရောက်သေးရဲ့လား (မရောက်ပါဘူး)။

ဒီမှာလည်း ပုထုဇဉ်ကို အာယတန ခြောက်ပါးဟော၊ ခန္ဓာ ငါးပါး ဟောတော့ ဖြစ်ပျက်လို့ထည့်ထားတယ် (မှန်ပါ့)။ ရဟန္တာတွေ ဟောတဲ့အထဲမှာ ဘာပါသတုံး (ဖြစ်ပျက်ပါထားပါတယ်)။ အဲဒီတော့ သူက နားမလည်သေးဘူးဆိုတော့ လိမ်ပြီးတာတောင် မသိသေးတဲ့လူလို ကျနေတယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ အဲဒီတော့ ပုထုဇဉ်ထူတယ်ဆိုတဲ့ အဓိပ္ပာယ် ဦးခင်မောင် ပေါ်ပလား (ပေါ်ပါပြီ)။

ဒကာသစ် ဘာပေါ်လာသတုံး (ပုထုဇဉ် ထူပါတယ်)။ ကြည့်စမ်း ဟိုကဟောတာက ခြောက်ပါးသော အာယတနလည်း ဖြစ်ပျက်မြင်ရင် အမှန်ပါပဲဆိုတော့ ဖြစ်ပျက်ကလေး တွဲတွဲချုပ်ထားတယ် (မှန်ပါ့)။ ခန္ဓာ ငါးပါးကိုလည်း ဖြစ်ပျက်မြင်လို့ရှိရင် အမှန်ပါပဲ (မှန်ပါ့)။ အဲဒီတော့ ဒကာ၊ ဒကာမတွေက ရှုပ်သေးသလား (မရှုပ်ပါဘူး)။

ဘာတွေတွေ့ ဘာတိုမြင်ရမှာတုံး

ဘာတွေ့တွေ့ ဘာကိုမြင်ရမှာတုံး (ဖြစ်ပျက်မြင်ရပါတယ်)။ ဖြစ်ပျက်မြင်ရင် ဘာဆိုကြမယ် (အမြင်မှန်ပါ ဘုရား)။ အမြင်မှန်ရပြီဆိုတာ သေသေချာချာ မှတ်ပါတော့ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ)။ ပုထုဇဉ် ရဟန်းကတော့ ကျေနပ်ကဲ့လား (မကျေနပ်ပါဘူး)။ လိမ်ပြီးတာတောင်မှ လိမ်မှန်းမသိတဲ့ ပုဂ္ဂိုလ်လို မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။ ထူတယ်၊ အတယ်ဆိုရင်ကော စွဲချက်တင်ရင် အတင်ခံရတော့မှာပဲ (မှန်ပါ့)။

ကဲ- ဒါနဲ့ တတိယရဟန္တာကြီးက လေးပါးတည်းနဲ့ နိဗ္ဗာန်တည်းဟူသော အမြင်မှန်ကို မဂ်ဉာဏ်နဲ့ အမြင်မှန်ရသတဲ့ဆိုတော့ ပုထုဇဉ်ရဟန်းမှာ ခက်နေတယ် ဦးခင်မောင်ရေ (မှန်ပါ့)။

ဘယ်သူခက်နေတာတုံး (ပုထုဇဉ်ရဟန်း ခက်နေတာပါ)။ ရဟန္တာကြီးတွေကတော့ အမြင်မှန်ချည်းပြောချတယ် (မှန်ပါ့)။ ဖြစ်ပျက်မြင်ရင် အမြင်မှန်ပဲ (မှန်ပါ့)။ ဒီလိုမပါဘူးလား (ပါပါတယ် ဘုရား)။

ပုထုဇဉ်ရဟန်းက မကျေနပ်သေးဘူး

ဒါနဲ့ ဒကာ၊ ဒကာမတို့ မကျေနပ်သေးတာနဲ့ အရှင်ဘုရားလို အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များ ဘယ်များရှိပါသေးသတုံးဆိုတော့ ဟိုနားမှာ တစ်ပါးရှိသေးတယ်လို့ ညွှန်လိုက်တယ် (မှန်ပါ့)။ သွားရတာ ဘယ်နှပါးရှိပလဲ (လေးပါးရှိသွားပါပြီ)။ အမောသာဆိုက်မယ် ဒီပုဂ္ဂိုလ် အမှန်ဖြစ်မှာ မဟုတ်သေးဘူး (မှန်ပါ့)။

အမောတော့ဆိုက်မှာပဲ အမှန်ဖြစ်ဖို့ မြင်သေးရဲ့လား (မမြင်ပါဘူး)။ လိမ်ပြီးတာတောင်မှ ပြီးမှန်းမသိသေးတဲ့ အဓိပ္ပာယ်မျိုးရောက်နေတာ (မှန်ပါ့)။ အတော်မဆိုးရွားဘူးလား ဒကာ၊ ဒကာမတို့ (ဆိုးရွားပါတယ်)။

အဲ- ဒီမှာလည်း ဒကာ၊ ဒကာမတို့ အနိစ္စဆိုတာက ဘယ်များနေပါလိမ့်မတုံးဆိုတော့ ယားတာဟာလည်း အနိစ္စပဲ (မှန်ပါ့)။ ချုပ်ပျောက်ပြီဆိုတော့ အရင်စိတ်ကလေး ပျက်သွားတာ (အနိစ္စပါ ဘုရား)။ ဒါတောင်

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ဖြင့် အနိစ္စဆိုတာ မမြင်သေးပါဘူးတဲ့ (မှန်ပါ့)။ အင်း- ခက်ပြီ၊ ဒါဖြင့် ခင်ဗျားတို့လည်း ခက်ပြီ (မှန်ပါ့)။ မခက်သေးဘူးလား (ခက်ပါပြီ)။ ယားတာကလေးက ဒီနေရာဖြစ်ပြီး ဒီနေရာ ပျောက်သွားတော့ ဘာဆိုကြမလဲ (အနိစ္စပါ ဘုရား)။

စားချင်တဲ့စိတ်တာ အနိစ္စ

စားချင်တဲ့စိတ်ကလေးဟာ ဒကာ၊ ဒကာမတို့ စားတော့ ရှိသေးရဲ့လား (မရှိပါဘူး)။ အဲဒါ ဒကာ၊ ဒကာမတို့ စားချင်တဲ့စိတ်ကလေးဟာ အနိစ္စပဲ မဟုတ်လား (မှန်ပါ့)။ ပထမစားတဲ့ စိတ်ကလေးဟာလည်း ဖွန်းကိုင်တဲ့ အချိန် သူရှိသေးသလား (မရှိပါဘူး)။ မရှိတော့ စားတဲ့ စိတ်က်လေးဟာ ဘာဆိုကြမယ် (အနိစ္စပါ ဘုရား)။

အဲဒါကလေးတွေရှိနေလျက်သားနဲ့ ကျုပ်တို့ဖြင့် ဘုန်းကြီးဆီလည်း တရားနာနေတာ ကြာပြီ၊ ခန္ဓာကိုယ်ကြည့်ပါဆိုလို့လည်း ကြည့်တာပဲ၊ မြင်ကို မမြင်သေးဘူးတဲ့ (မှန်ပါ့)။ ခက်ပကော ခင်ဗျားတို့ဟာ (မှန်ပါ့)။ ဒါဖြင့် ခင်ဗျားတို့ဟာ ကြောင်တောင်ကွယ်မျိုးလိုကျနေပြီ (မှန်ပါ့)။ ဒါပဲ ပြောစရာရှိတော့တယ် (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာမျိုးများ ဖြစ်နေကြသတုံး (ကြောင်တောင်ကွယ်လို ဖြစ်နေပါတယ်)။ အင်း- ကြောင်တောင်ကွယ်တော့ မလုပ်ကြနဲ့ဗျာ သိပ်အရှုပ်ဆိုးတယ်၊ နာမည်လည်း မကောင်းပါဘူး (မှန်ပါ့)။ ကဲ- ဒါဖြင့် ဒကာ၊ ဒကာမတွေ ခန္ဓာကိုယ်ကြီးဟာ အမြဲတမ်း ပျက်နေတယ်ဆိုတာကော သဘောကျပလား (ကျပါပြီ)။

အနိစ္စမမြင်သေးဘူး မလုပ်ပါနဲ့

ကဲ- ဒကာ၊ ဒကာမတို့ စားချင်လိုက်တာ၊ ရေသောက်ချင်လိုက်တာ ဆိုကြပါစို့။ ရေသောက်ချင်လိုက်တာဟာ ရေသောက်ချင်ပြီး ချုပ်သွားတာပဲ ရေသောက်လိုက်ရရဲ့လား (မသောက်လိုက်ရပါဘူး)။ သွားရဦးမှာကိုး ဒကာ၊ ဒကာမတို့ရဲ့ (မှန်ပါ့)။ အဲဒီတော့ သောက်ချင်တဲ့စိတ်ကလေးဟာ ရှိသေးရဲ့လား (မရှိပါဘူး)။ ဘာခေါ်ကြမယ် ဒါဖြင့် (အနိစ္စတရားပါ)။ အဲဒါကလေး အနိစ္စဆိုတော့ ကျုပ်အနိစ္စမမြင်သေးဘူး နောက်ကို မလုပ်ကြနဲ့နော် (မှန်ပါ့)။ အနိစ္စက မရှိလို့လားတဲ့ ခင်ဗျားတို့က မသိလို့လား (မသိလို့ပါ ဘုရား)။

ဩော်- ဒါဖြင့် မရှိတာထက် မသိတာက အခက်ဆုံးပါလား (မှန်ပါ့)။ ခင်ဗျားတို့ အခုမှပဲ ကိုက်ပေတော့တယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ တစ်ခါတည်း ဒကာ၊ ဒကာမတွေသည်ကားလို့ဆိုရံုင် မရှိတာပဲ ဒီနားမှာ ကပ်နေတာပဲ၊ ဒါကိုပဲ မသိတာ်ခက်နေတယ် (မှန်ပါ့)။ နောက်ကိုဖြင့် ဒီလိုမလုပ်ကြပါနဲ့ဗျာ၊ ဘုန်းကြီးလည်း နာမည်ပျက်ကုန်ရော့မယ် (မှန်ပါ့)။ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။ မရှိတာနဲ့ သိတာနဲ့ဖြင့် ကိုက်အောင်လုပ်ကြပါ။ မရှိတာထက် မသိတာက အခက်ဆုံးဖြင့် မလုပ်ကြပါနဲ့ (မှန်ပါ့)။

ဒါဖြင့် ဘယ်နှယ်လုပ်ကြမယ် (မရှိတာနဲ့ သိတာကိုက်အောင် လုပ်ရပါမယ် ဘုရား)။ မရှိတာကလေးကို သိပြီ၊ ဒီတရားလေး မရှိတော့ဘူး (မှန်ပါ့)။

ကဲ- ရေသောက်ချင်တဲ့ စိတ်ကလေးဟာ ရေသောက်ရရဲ့လား (မသောက်ရပါဘူး)။ ကဲ- ဒါဖြင့် သူရှိသေးရဲ့လား (မရှိပါဘူး)။ မရှိတာက အနိစ္စသိတာက (မဂ္ဂပါဘုရား)။ အဲဒီလို သွားတာ (မှန်ပါ့)။

မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ

ကဲ - ရေသောက်ချင်တော့ ထိုင်နေရာက ထသောက်ချင်တယ်ဆိုတော့ ထရပြန်ပြီ၊ ထချင်တဲ့ စိတ်ကလေးဟာလည်း ထပြီးရှိသေးရဲ့လား (မရှိပါဘူး)။ မရှိတာက (အနိစ္စပါ)။ သိတာက (မဂ္ဂပါ)။

အဲဒီလိုချည်းသွားတော့ ခြေထောက်ကလေး ကြွပြန်တော့ ကြွချင်တဲ့စိတ်ကလေးကကော ဒကာ၊ ဒကာမတို့ ကြွပြီးရှိသေးရဲ့လား (မရှိပါဘူး ဘုရား)။ မရှိတာက ဘာဆိုမယ် (အနိစ္စပါ ဘုရား)။ သိတာက (မဂ္ဂပါဘုရား)။

အဲဒါတွေမသိလို့ရှိရင်ဖြင့် မရှိတာဟာ အနိစ္စလို့ ခင်ဗျားတို့သန္ဓာန်မှာ မဖြစ်တော့ဘူး။ မရှိတာထက် မသိတာ ခက်လို့ ခင်ဗျားတို့ အပါယ်သံသရာက မတက်ကြရဘူး (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

အခုတော့ဖြင့် ရှင်းပါပြီနော် (ရှင်းပါပြီ)။ ကိုယ်နှလုံးသွင်းလိုက်ရင် တည့်တည့်မနေဘူးလား (နေပါတယ်)။ အေး၊ ဒါကြောင့် ခင်ဗျားတို့ ကြမ်းပိုးကိုသာ

www.burmeseclassic.com

www.burmeseclassic.com

စမ်းပြီး ဖမ်းတတ်တာကိုး ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကြမ်းပိုးကျတော့ မှောင်ထဲတောင်စမ်းပြီး ဖမ်းတတ်တယ်။ ဒီမှာ သေသေချာချာ ရှိတာကျတော့ မဖမ်းတတ်ဘူးဆိုတာ အတော်ခက်နေတာ (မှန်ပါ့)။ မဆိုးရွားဘူးလား (ဆိုးရွားပါတယ် ဘုရား)။

ဒကာ၊ ဒကာမတွေ သန်းတွေများ ပြေးနေတော့ ခင်ဗျားတို့မိအောင် မဖမ်းဘူးလား (ဖမ်းပါတယ်)။ ဟိုမှာ ပြေးတာတော့ မိအောင်ဖမ်းနိုင်တယ်။ ဒီနေရာကလေးမှာ ဖြစ်၊ ဒီနေရာကလေးမှာ သေတာကို ရှူလိုက်ရင် တိုက်ဆိုင် တွေ့တဲ့ အဓိပ္ပာယ်ကို ခင်ဗျားတို့မသိတာ အတော်ခက်ပါ တယ် (မှန်ပါ့)။

ကဲ- ဒီက ရှေ့တော့ဖြင့် သူများအမြည်အတွန်လည်း မခံတော့ဘူး။ မရှိတာနဲ့ သိတာနဲ့ ကိုက်အောင်လုပ်တော့မယ်လို့ ဆိုးဖြတ်ချက်ချကြပါ (မှန်ပါ့)။ သဘော ပါကြပလား (ပါပါပြီ)။ ကဲ- ဒါဖြင့် စတုတ္ထရဟန္တာ သွားကြပါဦးစို့ ဒကာ၊ ဒကာမတို့၊ ခင်ဗျားတို့ အလုပ်ကလည်း ထည့်ရ၊ ဝတ္ထုကလည်း ထည့်ရနဲ့ပို့ ခက်နေတာ (မှန်ပါ့)။

စတုတ္ထရဟန္တာကြီး

ယူထုဇဉ်ရဟန်းက စတုတ္ထရဟန္တာဆီ သွားလိုက်တယ်။ အရှင်ဘုရား၊ အရှင်ဘုရားတို့ နိဗ္ဗာန်မြင်တဲ့ အမြင်မှန်ကို ပြောစမ်းပါဦးဘုရားလို့ လျှောက်တယ်။

ဖြစ်ပျက်ချည်း အကုန်ရှိတယ်

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓမ္မံ လို့ ဖြေလိုက်တယ်။ ဒီကိုယ်တော်က သာပြီးရှင်းသေးတယ်။ ဖြစ်ပျက်ချည်း အကုန်ရှိတယ်ကွတဲ့ (မှန်ပါ့)။ ယံကိဉ္စိ- အလုံးစုံသော သခါရတရားသည်၊ သမုဒယဓမ္မံ - ဖြစ်ခြင်းသဘောရှိ၏။ အလုံးစုံသော ဖြစ်တတ်တဲ့သဘောသည် ချုပ်ခြင်းသဘောပဲ၊ ဖြစ်ပျက်ပဲရှိတယ်။ ခန္ဓာတွေ၊ အာယတနတွေ၊ ဓာတ်တွေတောင် မဖော်တော့ဘူး (မှန်ပါ့)။ ဖော်သေးရဲ့လား (မဖော်ပါဘူး)။

ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါပဲ

အဲဒီဖြစ်ပျက်မြင်ရင် အမြင်မှန်ပါပဲလို့ စတုတ္ထရဟန္တာက တာဝန်မခံဘူးလား (ခံပါတယ်)။

ဒီပုဂ္ဂိုလ်ဖြေတာကမှ ခက်တယ်၊ ဟိုကိုယ်တော်တွေက သရုပ်ပါသေးတယ်၊ ဒီပုဂ္ဂိုလ်ဖြေတာက သရုပ်တောင် မပါဘူး (မပါပါ ဘုရား)။ ပုထုဇဉ်ရဟန်းတော့ ခက်သွားပြီ ဒကာ၊ ဒကာမတို့ (မှန်ပါ့)။ မခက်သေးဘူးလား (ခက်ပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့လည်း ဒီလိုပဲ ဘုန်းကြီးဆီမှာ တရားနာတာ ကြာလှပြီ။ ဘုန်းကြီးကလည်း ဖြစ်ပျက်ဟောတယ်၊ ကျုပ်တို့လည်း ဖြစ်ပျက်ကို မတွေ့သေးဘူးဆိုတော့ မခက်ဘူးလား (ခက်ပါတယ်)။ ဒီက ရှေ့တော့ ဆရာလည်း နာမည်မပျက်စေနဲ့၊ ကိုယ်လည်း စုံလုံးကန်းမဖြစ်စေနဲ့ (မှန်ပါ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘယ်စိတ်ပေါ်ပေါ် မရှိဘူးလို့ သိအောင်လုပ်ပါ

ကိုယ်လည်း စုံလုံးကန်းမဖြစ်ရအောင် ဒကာ၊ ဒကာမတို့ ဘယ်စိတ်ပေါ်ပေါ် မရှိဘူး၊ မရှိဘူးလို့ သိအောင်လုပ်ပါဆိုတာကိုဖြင့် သတိပေးလိုက်ပါတယ် (မှန်ပါ့)။ ပုထုဇဉ်ရဟန်းကို ရဟန္တာမထေရ်လေးပါး ဟောတာတွေဟာ အမှန်ချည်းပဲဆိုတာ သဘောကျပလား (ကျပါပြီ)။ တစ်နပါတ် ပုဂ္ဂိုလ်ဟောတာလည်း ဖြစ်ပျက်ပါတာပဲ၊ ဒုတိယကိုယ်တော် ဟောတာကော (ဖြစ်ပျက်ပါပဲ)။ တတိယကိုယ်တော်ကော (ဖြစ်ပျက်ပါပဲ)။ စတုတ္ထကိုယ်တော် ဟောတာကော (ဖြစ်ပျပ်ပါပဲ)။

ဖြစ်ပျက်ပါတာကို မတူဘူးတဲ့၊ သူတို့မြင်ပုံချင်း မတူဘူးတဲ့။ နိဗ္ဗာန်အမျိုးမျိုး ရှိလိမ့်မယ်လို့တောင် သူယူချင် ဇူပစ်လိမ့်မယ် (မှန်ပါ့)။

အဲဒါကြောင့် အရှင်ဘုရားတို့နဲ့ဖြင့် မကျေနပ်နိုင်ဘူးဆိုပြီး ဘုရားထံ မှေးလိမ့်ဦးမယ်။ လျှာက ဒါလောက်ရှည်တယ်ဆိုတာ မှတ်ပေတော့ (မှန်ပါ့)။ ဒါဖြင့် ဘုရားထံ မေးပြီး ဘုရားအဖြေထုတ်တာ နက်ဖြန်မှနာကြ။

ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

ဓမ္မဒါန

❑

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာတိုက် ဆရာတော်

ဦးသုမင်္ဂလ (ဒဿဒိုးဆရာတော်)

ဟောကြားတော်မူသော တရားတော်

အာရုညဉ်

www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ သာသနာတော်နှစ် ၂၅၂၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ၁ လပိုင်း၊ (၁)ရက်နေ့သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားဒွာန၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ဗုဒ္ဓဘာသာ တရုတ်အမျိုးသား ဘုံကျောင်းတော်အတွင်း၌ ကော့ကရိတ်မြို့နယ် ဂေါစရာမ်အတွင်း သီတင်းသုံးနေထိုင်တော်မူကြကုန်သော ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်အပေါင်းတို့အား ဦးထိပ်ပန်ဆင်လျက် မြို့မိ မြို့ဖလူကြီးမင်းများအား အမှူးထား၍ တရားပွဲတော်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့်တကွ ကော့ကရိတ်မြို့နယ်သူ နယ်သား အပေါင်းတို့မှ စုပေါင်းစီရင်ကျင်းပပြုလုပ်အပ်သော မိုးကုတ်ဝိပဿနာ သုံးညတာ အလုပ်ပေးတရားပွဲ ပထမည၊ ဓမ္မဒါန ကုသိုလ်ရှင်များ ဖြစ်ကြသော နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးကြွေးသာမိ၊ ဦးဝင်းသိန်းတို့အား အမှူးထား၍ စုပေါင်းဆင်ယင် ကျင်းပပြုလုပ်သော ဦးဝင်းညွှန့် + ဒေါ်ခိုခိုအေး ဖြူစင်သန့်ရှင်းဆိုင် မိသားစုတို့မှ လှူဒါန်းပြုလုပ်ကြသော ဓမ္မပူဇနိယကာလ အခါသမယ၌ တရားတော်နာကြရောက်တော်မူလာကြကုန်သော ယောဂီ သူတော်စင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ပြည့်စုံစွာနှင့် ဦးဇင်းတို့ ဟောပြောပြသမည့် သစ္စာတရားများကို နာလည်း နာနိုင်ကြပါစေ။ နာတဲ့အတိုင်းလည်း သိကြပါစေ၊ သိတဲ့အတိုင်းလည်း ဒီဘဝ ဒီခန္ဓာ မစွန့်ကြခင် ကိုယ့်ဒုက္ခကို လက်စသိမ်းအောင် ကျင့်ကြံကျိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေလို့ မေတ္တာပို့သလိုက်ပါတယ်နော်။

သစ္စာတရားတော်တို့ကို ဟောကြားရာ၌ သစ္စာလေးပါး မြတ်တရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင် အကြင်းမဲ့ ထိုးထွင်း၍ သိမြင်အောင်မြင်တော်မူပြီး သတ္တဝါဝေနေယျ အပေါင်းတို့အား သစ္စာရေအေး အမြိုက်ဆေးတော်တို့ကို တိုက်ကျွေးတော်မူပေထသော၊ မဟာကရုဏာတော်ရှင် ဗုဒ္ဓမြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကောင်းစွာဟောကြား ဆုံးမတော်မူခဲ့၍ ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်ဆောင်သော ပုဂ္ဂိုလ်တို့အား ကျင့်ဆောင်သူတို့အလျောက် အခါမလင့်သော အကျိုးကျေးဇူးအထူးတို့ကို ပေးစေတတ်သော၊ ဓမ္မဝံတရားတော်မြတ်တို့၏ ဂုဏ်တော်၊ ကျေးဇူးတော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အဆုံးအမ ဓမ္မဒေသနာတော်တို့အား ယနေ့ နှစ်ပေါင်း ၂၅၂၂ ခုနှစ်သို့တိုင် အခွန်ရှည်တည်တဲ့ ခိုင်မြဲအောင် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်တော် မူလာကြကုန်သော သံဃာတော်မြတ် အပေါင်းတို့၏ ဂုဏ်တော်ကျေးဇူးတော်နှင့်တကွ ဦးဇင်းအား ဤသစ္စာလေးပါး မြတ်တရားတော်မြတ်တို့ကို ကိုယ်တိုင်လည်း နားလည်ကာ သိရှိနိုင်အောင်၊ ယောဂီအပေါင်း သူတော်ကောင်းအားလည်း ယခုကဲ့သို့ တစ်ဖန် ပြန်လည်ဟောပြော ညွှန်ကြားပြသနိုင်အောင် နည်းပေးလမ်းပြ သွန်သင်ဆုံးမပေးတော်မူခဲ့ကြသော ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စ ရောက်သွားကြပြီဖြစ်သော မွေးသဖခင် ကျေးဇူးရှင်နှင့် မွေးသမိ ကျေးဇူးရှင်ကြီးတို့၏ ဂုဏ်ကျေးဇူး၊ ဆရာသခင် ဖြစ်တော်မူသော ကျေးဇူးတော်အရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ပူဇော်သောအားဖြင့် လည်းကောင်း၊ ကျေးဇူးဆပ်သောအားဖြင့် လည်းကောင်း၊ ဦးဇင်း၏ မျက်မှောက်သို့ ယနေ့ တရားနာကြွရောက်လာကြသော သံသရာ၏ ဆွေတော်၊ မျိုးတော်အပေါင်းတို့အား ကျေးဇူးဆပ်သော အနေဖြင့် ဟောကြားသွားမှာ ဖြစ်ပါတယ်။

အားလုံးသော သူတော်ကောင်းအပေါင်းတို့နှင့် မိမိတို့ရဲ့ မမေ့မလျော့သော မပေါ့ဆသော သတိတရား၊ မလျော့သော ဇွဲ လုံ့လ လက်ကိုင်ထားပြီးတော့ ဒီဘဝ လူဖြစ်ခိုက်မှာ လူဖြစ်ကျိုးနပ်အောင် ကြိုးစားကြပါလို့ အားလုံး လေးစားစွာဖြင့် တိုက်တွန်းအပ်ပါတယ်နော်။

ကော့ကရိတ်မြို့နဲ့ ဦးဇင်းနဲ့က ခုမှ ကိုယ်တိုင်ကိုယ်ကျတွေ့ကြရမှာဖြစ်လို့ ခု ၇ နာရီနဲ့ ၅၆ မိနစ် ရှိပါပြီ။ ၁ နာရီတိတိ တရားပေါမယ်။ ပြီးရင် ၁၅ မိနစ် တရားထိုင်ရမယ်။ ဖြစ်မလား။

(ဖြစ်ပါတယ် ဘုရား)။

အားလုံး အဆင်ပြေတယ်နော်။

(ပြေပါတယ် ဘုရား)။

ဒါ အလုပ်သင်ပြောတာ၊ အဲတော့ အမေး အဖြေ ကဏ္ဍကတော့ အားလုံး ဒီလောက်ဆို မေးတတ်၊ ဖြေတတ်လောက်ပြီလို့ ယူဆလို့ရတဲ့အတွက် မပြောတော့ပါဘူးနော်။ အားလုံး ဗုဒ္ဓဘာသာ တရုတ်လူမျိုးကျောင်းထဲမှာ ကျင်းပတာဖြစ်တော့ တရုတ်ပဲဖြစ်ဖြစ်၊ ကုလားပဲဖြစ်ဖြစ်ပေါ့လေ၊ ဗမာပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ်၊ ကရင်ပဲဖြစ်ဖြစ်၊ ရှမ်းပဲဖြစ်ဖြစ်၊ မွန်၊ ရခိုင် ဘယ်လို လူမျိုးပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာဆိုရင် ဘယ်လိုနေရမလဲ။

ဟုတ်ပြီ၊ နည်းနည်းလေးပဲ ဖြေတတ်တယ်။ သိပ် အားရစရာတော့ မရှိဘူး။ ဒီပရိသတ်ကြီးနဲ့ ဒီအသံ သိပ်မဟုတ်ဘူး။

ဗုဒ္ဓဘာသာဆိုတာ ဘယ်အပေါ်မှာ မှီသလဲ။ ဘုရားရဲ့ အဆုံးအမပေါ်မှာ မှီတယ်။ ဗုဒ္ဓဘာသာသည် ဘယ်အပေါ်မှာ ရပ်တည်နေသလဲ၊ ဘုရားပေါ်မှာ ရပ်တည်နေတာလား။

(မဟုတ်ပါဘူး ဘုရား)။

ကြေးဘုရား၊ ရွှေဘုရား၊ အုတ်ပုံဘုရား၊ ဒီဘုရားတွေ အပေါ်မှာ မှီနေတာ မဟုတ်ဘူး။

ဘုရားဆိုတာ ကိုယ်က အဆုံးအမ ပေးတတ်သောကြောင့် ဘုရား။ သူကိုယ်တိုင် သစ္စာလေးပါးကို သိတယ်၊ သစ္စာတရားကို အများနားလည်အောင် ဆုံးမတတ်တယ်။ ဒါကြောင့် သူ ဘာခေါ်လဲ။

(ဘုရား)။

ဟုတ်ပြီနော်။ ဗုဒ္ဓဘာသာမှန်ရင် ဘယ်သူ့အဆုံးအမ အတိုင်း နေရမလဲ။

(ဘုရားရဲ့ အဆုံးအမအတိုင်း နေရပါမယ် ဘုရား)။

ကောင်းပြီ။ အဲဒီမှာ တစ်ခုပြောမယ်။ ဦးဇင်းတို့၊ သူတော်ကောင်းတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဘုရားရှင်သည် ကယ်တင်ရှင်လား၊ ဖန်တီးရှင်လား၊ လမ်းပြသူလား။

(လမ်းပြသူပါ ဘုရား)။

ဗုဒ္ဓကတော့ ဘယ်သူမှမကယ်တာ သေချာတယ်။ ဗုဒ္ဓဘာသာဆိုတာ အမြင့်ရှင်းအောင်လုပ်ပါ။ လောကမှာ ဘုရားရယ်လို့ ကိုးကွယ်နေကြတာ ခရစ်ယာန်၊ မဟာမေဒင် စပြီးတော့ ဗြဟ္မဝါဒ အသီးသီး ဝါဒကြီးတွေရှိပါတယ်။

အဲဒီ ဘုရားတကာ့ ဘုရားတွေထဲမှာ တို့ဘုရားအညံ့ဆုံးပဲ။ အံမယ်၊ ခေါင်းလေးတွေမော့ပြီး မျက်လုံးကို ပြူးလာတာပဲ။ သူတို့ဘုရား ညံ့တယ် ပြောလို့။ တကယ်ပြောတာ၊ ဘုရားအညံ့ဆုံး။ ခရစ်ယာန်မှာ သွားလေ့လာကြည့်တော့ ခရစ်တော် ယေရှုခရစ်က သတ္တဝါအားလုံးကို ကယ်တင်သွားမှာ။ အားလုံးကို ဖန်ဆင်းထားတယ်။ ဒီလို အလွှာအရှင်မြတ်ဆီ သွားပြန်တော့ အလွှာအရှင်မြတ်က ဖန်ဆင်းထားတယ်။ အားလုံးကို ကယ်တင်သွားမယ်။ ဂရမ်နီတွေ ပေးတယ်။ တို့ဘုရားက မပေးဘူး။ ဘယ်သူ့ကိုမှလည်း မဖန်ဆင်းနိုင်သလို ဘယ်သူ့ကိုမှလည်း မကယ်နိုင်ဘူးတဲ့။ ကဲ- ရှင်းလား။

တို့ဗုဒ္ဓဘာသာ ဆက်ကိုးကွယ်ဖို့ သင့်၊ မသင့်၊ သေချာအောင်လုပ်။ ယောင်ဝါးဝါးတွေ မဖြစ်စေချင်ဘူး။ ဘာမှ အာမခံချက်တွေပေးပြီး မဲဆွယ်နေတဲ့ ဘာသာထဲမှာ တို့ဘာသာမပါဘူး။ ရှင်းတယ်နော်။

ဘုရားက ကယ်ရမှာလား၊ ကိုယ့်ဘာသာ ကယ်ရမှာလား။ အတ္တာဟိ အတ္တနော နာထော။ ဘယ်သူ့ကို အားကိုးလို့ ပြောလဲ။

(ကိုယ့်ကိုယ်ကိုယ် အားကိုးလို့ ပြောပါတယ်)။

ကိုယ့်ကိုယ်ကိုယ် အားကိုးဆိုတော့လည်း ဟောဒီခန္ဓာကိုယ် အတ္တဘောကြီးကို အားကိုးရမှာလား၊ ဘာအားကိုးရမှာလဲ။ အင်း- ဉာဏ်အားကိုးရမယ်။ ဒီလောက်တော့ ပြောတတ်တယ်။ ဟုတ်ပြီ။

ဉာဏ်ရှိအောင် ဘယ်လိုလုပ်မလဲ။ သင်ထားသလောက်တော့ တတ်တယ်။ မေးခွန်းတစ်မျိုး ပြောင်းလိုက်ရင် ဘယ်ရမလဲ။ တစ်နိုင်ငံလုံး လစ်နေတာ။ ဒီလောက်ကတော့ ပျင်းသေးတယ်။ ဘယ်ခွေမှာ ဘာဟောပြီးပြီ။ သုမင်္ဂလအခွေ အကုန်အလွတ်ရတယ်။ အဲတော့ ခွေထဲမပါတဲ့ မေးခွန်းမေးရင် သူတို့ မဖြေတတ်ဘူး။ ဉာဏ်ရှိအောင် ဘယ်လိုလုပ်မလဲဆိုတာ ဦးဇင်း သင်ပေးဖူးပါတယ်။

အမှတ်တမဲ့ ဖြစ်နေကြလို့ ဖြစ်ပါလိမ့်မယ်။ အတိုချုပ်ပြောရင် သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ကြည့်။ ဒါက အလုပ်ချိန်ကို ပြောတာ။ တကယ်ဉာဏ်ရှိအောင် ဘယ်လိုလုပ်မလဲလို့ ပြည့်ပြည့်စုံစုံ ဘုရား၏ အဆုံးအမနဲ့ အံဝင်ကျဖြစ်ရင် သီလ၊ သမာဓိ၊ ပညာ သိက္ခာ ဘယ်နှရပ်ကျင့်ရသလဲ။

(သုံးရပ်ပါ ဘုရား)။

အဲဒီ သုံးရပ်ထဲမှာ ဘာဖြစ်မှာ၊ ဉာဏ်ဖြစ်မှာ၊ ဉာဏ်ဖြစ်မှာ သတိထား။ ဝီရိယစိုက် ပညာကြည့်ဆိုတာလည်း သီလ၊ သမာဓိ၊ ပညာ ဒါပြောတာပဲ။ မဂ္ဂင်ရှစ်ပါး ရှင်းလား။

ဧကနယော . . . ချစ်သားတို့ မင်းတို့၊ ငါတို့အတွက် ထွက်မြောက်ရာ ထွက်ရှောက်ကြောင်း၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နိဗ္ဗာန်သို့ ရောက်နိုင်သော ကျောင်းသည် ဧကနယော တစ်ကြောင်းတည်းရှိတယ်။

အဲဒီလမ်းက မဂ်ဂေါဆိုတဲ့ မဂ္ဂင်ရှစ်ဖော် လှမ်းမို့လို့ မဂ္ဂင်ရှစ်ပါးကို ချုပ်လိုက်ရင် သီလ၊ သမာဓိ၊ ပညာ ဒါကို ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ စကားနဲ့ ပြောလိုက်ရင် သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ကြည့် ရှင်းလား။ ဉာဏ်ရှိအောင် ဘာတွေလုပ်ရမလဲ မေးရင် သီလ၊ ဝီရိယ၊

www.burmeseclassic.com

ပညာ ဘယ်လိုလုပ်ရမလဲဆို သတိထား၊ ဝိရိယစိုက် ပညာနဲ့ ကြည့် အားလုံးရှင်းရဲ့လား။

(ရှင်းပါတယ် ဘုရား)။

ဦးသုမင်္ဂလ ယောင်ဝါး မသင်ဘူးနော်၊ ဉာဏ်ရှိအောင် ဘာတွေလုပ်ရမလဲဆို သီလ၊ သမာဓိ၊ ပညာ ဘယ်လိုလုပ်ရမလဲဆို သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ကြည့် သေချာသလား။

ကောင်းပြီ ဗုဒ္ဓဘာသာမှန်ရင် ဘုရားရှင်၏ အဆုံးအမ အတိုင်း သီလ၊ သမာဓိ၊ ပညာ အင်္ဂါသုံးရပ်ကို အားထုတ်နေမှ ဗုဒ္ဓဘာသာဝင်လို့ အသိအမှတ်ပြုလို့ရတယ်။ လဝဏစာရင်းထဲ ဝင်ဖို့ မလိုဘူး။ သူ့စာရင်းထဲမှာ ဘာရေးထားထား ဗုဒ္ဓဘာသာ ဆယ်ခါ ပြန်ရေး၊ ဘုရားအဆုံးအမ မလိုက်နာ၍ ဗုဒ္ဓဘာသာ မဟုတ်တော့ဘူး၊ ရှင်းလား။ သဘောပေါက်သလား။ မှတ်ထား၊ မှတ်ထား။

လက်မှတ်ထိုးထားတဲ့ ဘာသာကို ပြောတာလား။ တကယ်ခံယူထားတဲ့ ဘာသာကို ပြောတာလား။

(ခံယူ လေ့ကျင့်နေတဲ့ ဘာသာကို ပြောတာပါ)။

အားလုံး အားလုံး ကရင်၊ ကယား၊ မွန်၊ ကချင်၊ မြန်မာ၊ ချင်း၊ ရခိုင်၊ တရုတ်၊ ကုလား အကုန်ပေါ့ဗျာ။ ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်လူမျိုး ဖြစ်နေဖြစ်နေ ဘုရားရှင်၏ အဆုံးအမအတိုင်း သီလ၊ သမာဓိ၊ ပညာ အားထုတ်နေ၍၊ ဗုဒ္ဓဆာသာ တရားအားထုတ်နေ၍ ဗုဒ္ဓဘာသာ ရှင်းလား။

(ရှင်းပါတယ် ဘုရား)။

ကောင်းပြီ၊ အားလုံး မေးမယ်။ ဘုရား ကန်တော့ဖူးကြလား။ ဘုရားကို ဘာကြောင့် ကန်တော့ကြတယ်ထင်သလဲ။ ကျွန်ုပ်တက်ထားတဲ့ လူကလွဲရင် မဖြေနိုင်ဘူး။ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းနေသလဲဆိုတာ အဲဒါကြည့်။

ယခု ကချင်ပြည်နယ်ကနေ ဆင်းလာတာ ဦးဇင်းတို့ ကချင်ပြည်နယ် မြစ်ကြီးနားကနေ ဘားအံ၊ မိုးကောင်း၊ မိုးညှင်း၊ အဲဒီနားက မြို့တွေ ဟောပြီးတော့ ဘယ်ဆင်းလဲဆိုတော့ မြိတ်ဆင်းလာတယ်၊ မြိတ်ကနေပြီး ထားဝယ်၊ ပျဉ်မှုကြီး ဘာညာ ဟောပြီးတက်လာတယ်။ မေးတဲ့ မြို့တိုင်းလည်း မဖြေနိုင်ဘူး။

လူကြီး တော်တော်များများလည်း မေးကြည့်တယ်။ လူကြီးဆိုတာ အသက်ကြီးတဲ့သူတွေ ပြောတာ၊ ခင်ဗျားတို့ မပါဘူး။ ကျွန်ုပ်ပြောတာ အသက်ကြီးတဲ့သူတွေကို မေးကြည့်တယ်။ ဘုရား ဘာလို့ ကန်တော့တာလဲ၊ ဘုရားမို့လို့ ကန်တော့တာ။

ဟိုးကချင်ပြည်နယ်မှာ မေးတုန်းက ဩကာသနဲ့ ကန်တော့မယ်။ ဘုရားကို ဘာကြောင့် ကန်တော့ရတာလဲ။ မသိတော့တဲ့ ဗုဒ္ဓဘာသာတွေကို ကျွပ်တို့က စာရင်းကို ဆယ်ခါပြန်ရေး၊ ပလတ်စတစ်လောင်းထား၊ ကျောက်စာပေါ် တင်ထား၊ ဗုဒ္ဓဘာသာမဟုတ်တော့ ရှင်းလား။ သဘောကောပေါက်လား။ အနေန္တော အနန္တ ဘယ်နှပါးရှိလဲ။

(ငါးပါးပါ ဘုရား)။

ဘာတွေလဲ။

(ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ)။

အနန္တောအနန္တ ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ။ ရှင်းတယ်။ အဲဒါ အရှင်းဆုံးပဲနော်။

အနန္တောအနန္တ ဆိုတာ အနန္တ ဆိုတာ သန်ဖာဂဏန်း ရေတွက်လို့ မရဘူး။ သန်ခေါ်ဆိုတာ တစ်သန်ခေါ်ဆိုတာ (၁) နောက်က သုည အလုံး (၁၄၀)ရှိတယ်။ 10 to the power 140 ပေါ့နော်။

အဲသလို အသန်ခေါ်ပေါင်း များစွာကို ရေတွက်မရတာကို အနန္တ။ အဲဒီ အနန္တပေါင်းများစွာထက်နေတာကို အနန္တောအနန္တ။ ဒါဖြင့် ဘယ်ရွှေ့ ဘယ်မျှလို့ ရေတွက်လို့မရအောင် ကျေးဇူးရှင် ငါးယောက်။ ရှင်းလား။ ကောင်းပြီ၊ မိဘကို ဘာလို့ ကန်တော့လဲ။

(ကျေးဇူးရှင် ဖြစ်လို့)။

ဒါဖြင့် ဘုရားကို ဘာလို့ ကန်တော့လဲ။

(ကျေးဇူးရှိလို့)။

စောစောက ဖြေပါလား။ အများကြီးမရှိဘူး၊ တစ်ခွန်း တည်းရယ်။ ဘုရား ကန်တော့ရတဲ့ ရည်ရွယ်ချက် အများကြီး မရှိဘူး။ ခု ဗုဒ္ဓဘာသာမှာ ဝဝ်နေတာ အဲဒါ။

တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း၊ ညနေ ကတင် လာပြောတယ်။ အရှင်ဘုရား ဘုန်းကြီး၊ တပည့်တော်တို့ ကန်တော့ကြိုး ဘယ်ကန်တော့ကြိုးနဲ့ ကန်တော့မှာလဲ။ မင်းတို့ညီတဲ့ဟာနဲ့ ကန်တော့နော်။

ဘုရားကန်တော့ကြိုးကိုက တစ်ကျောင်းသွားရင် တစ်မျိုးဖြစ်နေတယ်။ ဆရာတစ်ယောက် တစ်မျိုးဖြစ်နေတော့ ဗုဒ္ဓဘာသာ ဘာကြောင့် ဘာကြောင့် အားနည်းသွားသလဲ ဆိုတဲ့အဖြေဟာ အဲဒါပဲ။

နောက် လာပုံက ပါဠိတစ်ချက် အနက်ဆယ်ထွေတဲ့။ ဘယ်အထွေယူရမှန်း မသိဘူး။ ချဂဏန်း ကောက်ရသလိုပဲ၊ ကိုယ်စားလှယ် ချိန်းနေတာနဲ့ ပြီးရော။ ရှင်းလား။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဟာ အဲဒါပဲ။ တိကျတဲ့ လမ်းညွှန်မှုတွေ သိပ်လိုတယ်။ အဲတော့ ဘုရားကန်တော့ရတဲ့အကြောင်းရင်း ထဲမှာတော့ များစွာမရှိဘူး။ ဆယ်ထွေလည်း မရှိဘူး။ တစ်ချက်တည်းပဲ ရှိတယ်။ ဘုရားရှင်ကို ငါတို့ ဘာလို့ ကန်တော့တာလဲ။

ကျေးဇူးရှင်မို့လို့ ကန်တော့တာ ရှင်းလား။

ဘုရားကျေးဇူး တို့မှာ ရှိ၊ မရှိ၊ ဘာကျေးဇူး ရှိသလဲ။ တို့ဘုရားက ကယ်တင်ရှင်လား။

(မဟုတ်ပါဘူး)။

ဘယ်လိုပုံပွါလဲလဲ၊ လမ်းပြသူလေ။ စောစောက ကယ်တင်ရှင်လား၊ ဖန်တီးရှင်လား၊ လမ်းပြသူလား မေးထားတာ ဘာလဲ။

(လမ်းပြသူ)။

မမေ့နဲ့လေ။ ရှေ့က ပြောထားတဲ့ဟာ အလကားပြောတာမဟုတ်ဘူး၊ နောက်ပြန်မေးမှာမို့လို့ ပြောခဲ့တာ။ ခပ်ချာချာတပည့် မလိုချင်ဘူး။ ဦးသုမင်္ဂလာလည်း active ပဲ။ ကျောင်းလာတဲ့ ယောဂီတွေတောင် သွက်သွက်လက်လက်လုပ်၊ ထိုင်းထိုင်းမှိုင်းမှိုင်းဆို မကြိုက်ဘူး။ get out ရှင်းလား။

အဘွားကြီးတွေ အေနိုးဗစ်တွေ သင်ပေး၊ အကြောတွေ ဘာတွေ ပြေသွားမှ ဉာဏ်ကောင်းလာတာ။ ဖရက်ရှ် ဖြစ်နေရမှာ။ လေးလံထိုင်းမှိုင်းနေတာကို ယောဂီခေါ်တာ မဟုတ်ဘူး။ ရှင်းလား။

(ရှင်းပါတယ်)။

ဉာဏ်နဲ့ အံလုပ်လုပ်ရမယ်လို့၊ လူက လေးပြီးတော့ မြန်မာနိုင်ငံဗေဟာဂီများအဖွဲ့ချုပ်တောင် ဦးဇင်းက ဖွဲ့ပေးဖို့ အစီအံစဉ်ရှိတယ်။ အိုးဆားဗစ်များသာ၊ Old ဆားဗစ်၊ ယောဂီသက်တမ်းရင့်သွားရင် နှစ်မိနစ် မကြာဘူး။ အဲဒါ ဘာဖြစ်လို့လဲ။

အစမကောင်းတော့ (အနှောင်းမသေချာတာ)။ ခန္ဓာကိုယ် လေးလံနေတော့ စိတ်ကလည်း လေးလံ၊ စိတ်လေးလံနေတော့ ဉာဏ်ကလည်း အိပ်ပျော်သွားရော၊ ဘယ်အာရုံပြုမလဲ၊ ဒယ်အိုး။

တရားထိုင်ရင်း ဘယ်အာရုံပြုမလဲ။

(ဒယ်အိုးပါ ဘုရား)။

သူက ကြည့်တာ ကိုယ်က ကြည့်လေ။ လာခဲ့မယ် လာခဲ့မယ်။ သက်သက်အချိန်ဖြုန်းတာ။ ဘာကုသိုလ်မှ မရဘူး။

လောဘ၊ ဒေါသ၊ မောဟ ကိလေသာသုံးမျိုးထဲမှာ တောင် မော်ဟကိလေသာဟာ အဆိုးဆုံး၊ ရှင်းလား။

ဒါကြောင့်မို့ လေးလံထိုင်းမှိုင်းနေတာတွေ မကြိုက်ဘူး။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိရမယ်။

ဗမာတွေ လေးလွန်းလို့ အောက်ဆွဲနေတာ၊ ကြာရင် မြေကြီးထဲ ရောက်တော့မယ်။ ရှင်းလား။

သာသနာလည်း ပျက်နေပြီ။ အခုလောလောဆယ် ဘာဖြစ်နေလဲ။ ပျက်နေပြီ။ ကွယ်လုနေပြီ။ ဟုတ်ပြီလား။

သာသနာ ဘာဖြစ်နေလဲ။

(ပျက်နေပြီ)။

ဘုန်းကြီးတွေဘက်ကလည်း ပျက်နေပြီ။ လူတွေဘက်ကလည်း ပျက်နေပြီ။ ဘယ်ဘက်ကမှ မကောင်းဘူး။

ဘုန်းကြီးကလည်း ဗေဒင်ဘုန်းကြီး၊ ခဲ့ဘုန်းကြီး၊ ဓာတ်ဘုန်းကြီး၊ နတ်ဘုန်းကြီး။ အဲဒါ သံဃာမဟုတ်တဲ့ ဘုန်းကြီး။ 'ဘုန်း' ကြီးတယ်။ ကျုပ်တို့ထက် 'ဘုန်း' ကြီး။ ခဲ့ဂဏန်းပေးတဲ့ သူက မွေကထိကတဲ့။ 'ဘုန်းကြီး' တယ်။ ရှင်းလား။

ခဲ့ဂဏန်းပေးနေတာ ဘုန်းကြီးအလုပ် မဟုတ်ဘူး။ သံဃာအလုပ် မဟုတ်ဘူး။ သံဃာထဲမှာ မပါဘူး။ ရှင်းလား။

ခုချိန်မှာ ငါတို့ စဉ်ဆက်အောင် ကြိုးစားရမယ့်အချိန်၊ နည်းနည်းမှ အပွန်းအပဲ့ မခံနိုင်ဘူး။ ကျေနပ်တယ်နော်။

ဗေဒင်ဘုန်းကြီး၊ ဓာတ်ဘုန်းကြီး၊ အင်းအိုင် ခါးလှည့်လက်ဖွဲ့ ပေးတဲ့ဘုန်းကြီး၊ ဖယောင်းတိုင်ပေးတဲ့ ဘုန်းကြီး၊ အဲဒါ သံဃာထဲ မပါ။ သံဃာစည်းမျဉ်း၊ သေခိယထဲမှာကိုက ပစ္စည်းပေးခြင်း၊ ပန်းပေးခြင်း၊ လက်ဆောင်ပဏ္ဏာပေးခြင်း အာပတ်သင့်စေလို့ ဘုရားက တစ်ခါတည်း အမိန့်ထုတ်ထားပြီးသား။ ရှင်းသလား။

မိမိအပေါ်မှာ အထင်ကြီးလိုစိတ်၊ လာဘ်လာဘပေါ်လိုစိတ်၊ ဘုန်းတန်ခိုးကြီးလိုစိတ်နဲ့ အလိုဆိုးနဲ့ မိပိမှာ မရှိတဲ့ ဂုဏ်ကို ရှိဟန်ဆောင်ပြီးတော့လည်း မပြုရဘူး။ ရှိနေတဲ့ဂုဏ်ကိုတောင် သိဂုဏ်ထားရမယ်လို့ ဘုရားက ပြောထားတယ်။ ဂုဏ်ဖော်လိုက်ရင် ရဟန်း မဟုတ်တော့ဘူး။ ရှင်းလား။ ကျေနပ်သလား။

ကိုးကွယ်တတ်အောင်လည်း လုပ်ကြဦးနော်။ နာမည်ကြီးတိုင်း လျှောက်လိုက်မနေနဲ့။ လောကမှာ ပုဂ္ဂိုလ်ထူးလည်း မရှိဘူး။ တရားထူးဆိုတာလည်း မရှိဘူး။ မှတ်ထား။

ဗုဒ္ဓဘာသာတွေ မှတ်ထား၊ အထူးသိပ်ကြိုက်တယ်။ ဘုရားလည်း ရေပေါ်က ဘုရားနဲ့၊ ရေထဲက ဘုရားနဲ့၊ အခုမှ

www.burmeseclassic.com

မြေကြီးထဲက ဖော်ယူလာတဲ့ ဘုရားနဲ့၊ သောင်ထဲက တူးလာတဲ့ ဘုရားနဲ့၊ တောင်ပေါ်မှာရှိတဲ့ ဘုရားနဲ့ ဘယ်သင်းက တန်ခိုးကြီးလဲ။ ရွှေရှိတဲ့ဘုရားက တန်ခိုးရှိတာပေါ့။ ရှင်းလား။

ရွှေကပ်ပြီး ပူဇော်မှ ဘုရားလို့ ပူဇော်တာ မဟုတ်ဘူး။ တစ်နိုင်ငံလုံး ကြည့်လိုက်၊ ကောင်းကင်ပေါ်က လေယာဉ်ပျံနဲ့ကြည့်လိုက်ရင် ဟိုနားလည်း ရွှေစေတီတွေ ဝင်းဝင်း၊ နား လည်း ရွှေစေတီတွေ ဝင်းဝင်း၊ ဝင်းနေတာပဲ။ လေဆိပ်လည်း ဆင်းရော ပျောက်သွားရော။ ဟင်- သဘောပါလား။

ရွှေစေတီကြီးက ဂုဏ်ရောင်မဟုတ်ဘူး။ သာသနာ အရောင် မဟုတ်ဘူး။ တကယ့် ဗုဒ္ဓဘာသာနိုင်ငံကြီး၊ လူတွေ အားလုံးက ပျော်ရွှင်ကြည်လင်နေပြီးတော့ သူခိုးမရှိရဘူး၊ ကြမ်းပိုးမရှိရဘူး။ ခုတော့ တိုင်းပြည်မှာ အစည်ကားဆုံးက အရက်ဆိုင်၊ အကြီးဆုံးဆိုင်းဘုတ်က 'ဘီယာ'ဆိုင်းဘုတ်ပဲ။ ကျုပ်ကို ပြောထားတယ်။ နိုင်ငံရေး မပြောရဘူးဆိုလို့ မပြော ဘူး။ ကျုပ်က ဘာသာရေးနဲ့ လူမျိုးရေးပဲ ပြောတာ၊ တိုင်းရေး ပြည်ရေး ဘာမှမပြောဘူး။ သာသနာလည်း ပျက်နေပြီ၊ ကွယ် တော့မှာ။

လူမျိုးကော၊ လူမျိုးကလည်း စည်းမရှိ၊ ကမ်းမရှိ။ ဒီအတိုင်း နေကြမလား။ ဒီအတိုင်းနေရင် လူမျိုးလည်း မှောက် တော့မှာ။ ရှင်းတယ်နော်။

ဘုရားကို ဘာကြောင့် ကန်တော့ကြသလဲ။ ကျေးဇူး ရှင်မို့လို့ ကန်တော့ရတယ်။ ကောင်းပြီ၊ ဘုရားကို ဘယ်လို ကန်တော့ကြမလဲ။ လက်အုပ်ချီပြီး ကန်တော့ရမယ်။ အိုကေ၊ အဖြေတွေကတော့ အိုကေပဲ။

ဒါ ကော့ကရိတ်က ဖြေပါတယ်။ တာချီလိတ်က ဖြေ ပါတယ်။ မဟုတ်ပါဘူး။ ကော့ဂ်ရိတ်က ဖြေပါတယ်။ နော် တာချီလိတ် သွားရဦးမှာဆိုတော့ ဦးဇင်းအာရုံက ရောက်ဖူး တဲ့နေရာ စွဲတယ်။ ကော့ကရိတ်က ဖြေပါတယ်။ လက်အုပ်ချီ ကန်တော့မယ်လို့ ဖြေပါတယ်။ မြစ်ကြီးနားက ဖြေပါတယ်။ ဩကာသနဲ့ ကန်တော့မယ်တဲ့။

အဲဒါ မှတ်တမ်းလေးတွေ။ နက်ဖြန် ဘားအံ နောက် ဆုံးရက် တစ်ရက်၊ ဘားအံမှာ ပြောမယ်။ ဘားအံက အတင်း ကို မော်လမြိုင်မှာ ပြောမယ်။ မော်လမြိုင်က အတင်းကို ရန်ကုန်ရောက်ရင် ဆက်ပြောမယ်။

စဉ်းစားနော်။ ဘယ်လောက် တို့ဘာသာ သာသနာ ဟာ ဘယ်လောက် ဝမ်းနည်းစရာကောင်းနေလဲဆိုတော့ လူမျိုးခြားတွေ ချွတ်စမ်းပါဦး၊ ဘာသာခြားတွေ ချွတ်စမ်းပါဦး၊ ဘယ်သူမှ ချွတ်စရာမလိုဘူး။ ခင်ဗျားတို့ကို မကျွတ်သေးဘူး။ ရှင်းလား။

နိုင်ငံခြားက ပင့်တယ်။ နေဦးလို့ ငါ့အရည်အချင်း ငါ မယုံသေးဘူးလို့၊ ဘုန်းကြီး ဘာတုံး ဘုရားတဲ့၊ ငါဗမာကို ကျွတ်အောင် မချွတ်နိုင်ဘူး။ ငါ ယုံကြည်တာတစ်ခု ရှိတယ်လို့ ဗမာနိုင်ငံကို ကျွတ်အောင် ဟောနိုင်ရင်လည်း တစ်ကမ္ဘာလုံး ဘယ်သွားသွား မှုစရာမလိုတော့ဘူး။ အဆိုးဆုံးက ဗမာပဲလို့။

ခရစ်ယာန်ချွတ်ရင် ယေရှုအကြောင်း ဆွေးနွေးလိုက် ရင် ပြီးသွားတာပဲ။ မွတ်စလင်ချွတ်ရင် အလ္လာအကြောင်း ဆွေးနွေးလိုက်ရင် ပြီးတာပဲ။ ဗမာကို ဘယ်လိုချွတ်ရမှန်းမသိ ဘူး။ ၃၇ မင်းက ဘာလဲတဲ့။ တရုတ်ဘုံကျောင်းထဲ ရောက် နေတော့ အဲဒီအကြောင်းတွေ့ မပြောနဲ့ဆိုတော့ သူတို့ကိုစော့ ဖယ်ထားလိုက် မပြောနဲ့။ လွယ်လွယ်လေးပါ။ တရားဟောတာ အမယ်လေး ကျုပ်လာလာပြီး ဟိုဟာမပြောနဲ့၊ ဒီဟာမပြောနဲ့၊ ဘယ်နေရာ ဘာလုပ်ရမလဲ၊ ဓမ္မကထိက ကမ္ဘာပတ်နေတာ အကုန်သိတယ်။ ရှင်းလား။

မပြောဘူး၊ အဲဒီဟာတွေ၊ ၃၇ မင်း၊ ရက်ရာဇာ၊ ပြဿဒါး၊ သူရဿတီ၊ ရှင်ဥပဂုတ်၊ ဟာ ရှုပ်ယှက်ကိုခတ်လို့။ ဟင်- ရှင်းလား။

အလွဲတွေချည်း လိုက်နေတာ။ ဒီထဲက ဥုံဖွဆိုရင် သိပ်သဘောကျ။ သိဒ္ဓိတင်တာလိုလို၊ မဟိဒ္ဓိတင်တာလိုလို။ ဘယ်သူကို ဘယ်သူက သိဒ္ဓိတင်ပေးလို့ရလဲ။ နေပါဦး၊ ကျုပ် ဘုန်းကြီးဖြစ်နေတာ (၁၄)နှစ်ရှိပြီ၊ (၁၄)ဝါ။ သိဒ္ဓိဆိုတာ နား မလည်ဘူး။ ဘာလဲ၊ အကုန်ရမ်းကြိတ်နေတာပဲ၊ ရှင်းလား။

သိဒ္ဓိတင်ပြီးသားဆိုတာ တစ်ခါတလေ လာသေး တယ်။ ဘုန်းကြီး သိဒ္ဓိတင်ပေးစမ်း၊ ငါ့ဟာငါတောင် မတင် နိုင်ဘူး။ မင်းတို့တင်ဖို့ ဝေးလို့၊ ရှင်းလား။

ယောင်ပါးတွေ၊ သူများပါးစပ် လမ်းဆုံးနေပြီ။ ဘာ ဗုဒ္ဓဘာသာမှ အပိုပြောမနေနဲ့။ ဘုရား ဘယ်လိုကန်တော့ရ မှန်း မသိဘူး။ ဘုရား ဘာကြောင့် ကန်တော့လဲ မသိဘူး။ က- ဒါ ဗုဒ္ဓဘာသာလို့ ပြောလို့ရမလား။ အခု ဘုရားကို ဘာကြောင့်ကန်တော့ရတယ်လို့ သိပြီနော်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဘုရားကျေးလူး တို့မှာ ရှိ၊ မရှိ။

(ရှိပါတယ် ဘုရား)။

ဘာတွေရှိလာ၊ အဆုံးအမ ပြောပြော ဘာတွေရှိလဲ။ တန်ခိုးတွေလား၊ ဘုန်းတော်တွေလား၊ ကံတော်တွေ၊ ဉာဏ် တော်တွေလား။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရဲ့ သတ္တဥ္ညတညာဏ်ကလည်း သူ့အတွက်ပဲဖြစ်တယ်။ တို့နဲ့မဆိုင်။ သတ္တဥ္ညတညာဏ်ကြီးနဲ့ သိသလောက် အကုန်ပြောတော့လည်း တို့ နားမလည်ဘူး။ ဘာလဲ၊ အဆုံးအမ၊ အခု ပိဋကတ်သုံးပုံဆိုတာ ခင်ဗျားတို့၊ ကျွန်တို့ နားလည်နိုင်ရဲ့လောက်လေး ဟောခဲ့တာ ရှင်းလား။

အဲဒီ ဟောခဲ့တဲ့ တရားသာလျှင် တို့နဲ့ဆိုင်တယ်။ ဘုရားတို့အရာကို သွားမကြဲနဲ့။ ဘုရားအရာ မကြဲရ၊ လောကအရာ မကြဲရ၊ ကံအရာ မကြဲရ။ ကောင်းပြီ၊ ပြီးအောင် ဆက်ပြောလိုက်မယ်၊ တော်တော်ကြာ ဟောကဲ့ဒကရား ရှည်သွားမှာစိုးလို့၊ ဘုရားကို ဘယ်လိုကန်တော့မလဲဆိုတဲ့ မေးခွန်း။ ဘုရားကို ဘာကြောင့် ကန်တော့ရသလဲဆိုရင် ကျေးဇူးရှင်ကြောင့် ကန်တော့တာ၊ ကျေးဇူးရှင်မို့လို့ ကန်တော့ရင် ဘုရားကို ဘယ်လိုကန်တော့မလဲလို့ မေးရင် ကျေးဇူးသိပြီးမှ ကန်တော့ရမယ်။ ပြန်ပြော။

ကျေးဇူးသိပြီးမှ ကန်တော့ရမှာ။

မိဘ ကန်တော့ရင်ကော။

ကျေးဇူးသိပြီးမှ ကန်တော့ရမှာ။

အဲ- ကန်တော့ဆိုတိုင်း ရမ်းကန်တော့နေရဲ့နဲ့ မိဘကန်တော့တာ၊ ဘုရားကန်တော့တာ မဟုတ်သေးဘူး။ အခု ဗုဒ္ဓဘာသာတွေ ဘုရားကန်တော့ပုံက ဘာနဲ့တူလဲဆိုတော့ (၅)လ (၆)လ၊ (၅)နှစ် (၆)နှစ် ကလေးလေးတွေ ကျောင်းခေါ်လာရင် ဘုန်းကြီးရှေ့ရောက် ဘာလုပ်ခိုင်းလဲ။

(ကန်တော့ခိုင်းပါတယ်)။

အဲတော့ သူတို့ကလည်း မိဘကန်တော့တာကြည့်ပြီး သူတို့ကလည်း ကန်တော့တယ်။ အဲဒီကလေးလေးတွေက ဘာသိဦးမှာလဲ။ ကလေးက ဘာမှ မသိဘူး။ ခင်ဗျားတို့တော။ ဘုန်းကြီး တော်တော်များများ မေးကြည့်တယ်၊ မသိဘူး။ မယ်သီလ တော်တော်များများ မေးကြည့်တယ်၊ မသိဘူး။ အကုန်ပျက်နေတယ်လို့ ပြောတာ၊ အဲဒါ။

အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ခံယူထားတာ၊ ဦးသုမင်္ဂလ ဒယ်အိုးဆရာတော် မူကြိုဘုန်းကြီး၊ ရှင်းလား။

ကိုယ်သင်နေရတဲ့အတန်းက မူကြိုတန်းသင်နေမှတော့ တက္ကသိုလ်ဘုန်းကြီး မဖြစ်နိုင်ဘူး။ နှင့်ဟာနှင် ဘာဘွဲ့ ရထား ရထား မူကြိုတန်းသင်ရင် မူကြိုဆရာပဲဖြစ်တယ်၊ ရှင်းလား။

အဲ့ဩလို့ မဆုံးဘူး။ တို့ဗုဒ္ဓဘာသာတွေ ဒီလောက်ညံ့နေတာ။ အို- ဦးဇင်းစိတ်ထဲမှာ ယူကျုံးမရတော့ပါဘူး။ ယူကျုံးမရ ဖြစ်မိပါတယ်။ ငါ သူတို့ဆွမ်းကို စားသင့်သေးရဲ့လား။ ငါ သူတို့ဆွမ်းကို စားထားပြီး တာဝန်မကျေဘူး။ ငါတို့ တာဝန်မကျေလို့ သူတို့ ဘုရား ဘယ်လိုကန်တော့ရမှန်း မသိတော့ဘူး။ ရှင်းလား။

ဒီပြင် ရဟန်း သံဃာတွေကကော ဘယ်သူကျွေးတဲ့ ဆွမ်းစားနေတာလဲ။ ဝတ်ထားတဲ့ သင်္ကန်းကကော။ နေတဲ့ ကျောင်းကကော။ ဒီလူတွေလှူတာကို ထိုင်ပြီး မြိန်မြိန်ကြီး စားနေရင် ဒီကိုယ်တော်တွေ တာဝန်မကျေဘူး။

သာသနာတော်ကြီးကိုယ်စား ရှက်လို့မဆုံးဘူး။ ရှင်းလား။ သဘောကော ပေါက်သလား။

တာဝန်သိတဲ့သူမှ တာဝန်ကျေတာ။ မစား၊ရဲ့ မဝတ်ရဲ့တော့ဘူး။ ဩဩ- ကိုယ့်ကျေးဇူးရှင်တွေ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ နှစ်ပေါင်း ၁၅၀၀ ကျော် သာသနာတော်ကို ထိန်းသိမ်းလာကြတာ မြို့နယ်တိုင်း၊ ရပ်ရွာတိုင်းမှာ ကြည့်လိုက်ရင် ဘုန်းကြီးကျောင်းကြီးတွေ ဟိန်းနေတာပဲ။ ဒါပေမဲ့ သူတို့ သာသနာ အို- ဘာမှန်းမသိတတ်ကြဘူး၊ ကြားလား။

တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဘက်ကလည်း တာဝန်မကျေဘူး။ ကိုယ့်ကိုယ်ကိုယ် ဒီလိုခံစားမိတယ်။ တခြားလူကို မပြောဘူး။ ကိုယ့်အကြောင်းကိုယ် ပြောတာ။ ငါ သူတို့ဆွမ်း စားလာတာ (၁၄)နှစ်ရှိပြီ၊ ရှင်းလားဟေ့။ ကျောင်းကြီးရဲ့ခိုင် ဘယ်လောက်ကျောင်းကြီးတွေ ဆောက်ထားလို့မှ ဘာမှ ဂုဏ်ယူစရာ အကြောင်းမရှိဘူး။ ဘယ်လောက်ကောင်းတဲ့ သင်္ကန်း ဝတ်ထား ဝတ်ထား ကိုယ်ပိုင်မစ္စည်းလား၊ သူများ လှူထားတာလား။ သူများတဲ့တွေးခွက်ပေါ် တင်ထား၊ ဒါ ကျွန်တို့ ထမင်းရှင်တွေပါ။ သာသနာ ကျေးဇူးရှင်တွေကို သာသနာရေး၊ ဘုရားသားတော်တစ်ပါး အနေနဲ့ လာပြီးတော့ ကျေးဇူးဆပ်တာပါ၊ ရှင်းသလား။

ဦးသုမင်္ဂလကို နေရာတော်တော်များများမှာ အပြောခံရတယ်။ မင်းဘာသာမင်း ကျောင်းထဲထိုင် ဟောနေပါလားတဲ့။ ဘာဖြစ်လို့ အပြင်ထွက် ဟောနေတာလဲတဲ့။ ကျောင်းထဲထိုင် ဟောနေရင် လူတွေ မသိကြဘူး။ ရှင်းလား။

(ဆက်ရန်)

ဓမ္မဒါန

❑

www.burmeseclassic.com

www.burmeseclassic.com

အကြောပြင်ဆရာကြီး ဦးအေးထွန်း

(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကူညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် ➳ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) ဖုန်း - ၀၉-၇၃၂၄၄၄၄၂၊ ၀၉-၂၅၀၁၅၄၇၅



ချမ်းသာရေးအတွက် ကျန်းမာရေး လက်ဆောင်

ဒေါက်တာ နိုက်တင်ဝေးလ်

ဖြန့်ချိရေး - ဒေယျာပြေစာပေတိုက်
အမှတ်(၇၂၄)၊ အခန်း(၁၀)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၀)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၂၂၂၂၅၅၀

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ+ကိုရိုးယား သာသနာပြုဆရာတော်

မနာပဒါယီ အရှင်ဝိစိတ္တာဘိဝံး

မိုးကြိုပင့်ဆောင်မဟာဒါန

ညွှန်ပွင့် (ခက်ဖူ)

www.burmeseclassic.com

www.burmeseclassic.com

အိမ်တော်ရာဘုရားဝင်းနှင့် သီရိဇေယျံကျောင်းအား အဝေးမှ မြင်တွေ့ရစဉ်

ကျွန်တော်ဟာ မြို့နယ်ပတ်ဝန်းကျင်မှာရှိသော တရားပွဲများဆိုရင် နာလေ့ရှိပါတယ်။ တရားပွဲရှိတဲ့ရက်များဆိုရင် အလုပ်ကို စောစောသိမ်းပါတယ်။ ဘယ်နေရာ၊ ဘယ်လမ်းမှာ တရားပွဲတွေရှိတယ်ဆိုတာ သွားရင်း လာရင်းလည်း ကြုံပြီး ကြည့်ထားတတ်ပါတယ်။ ဦးနှောက်ထဲမှာ ဘယ်လမ်းမှာ ဘယ်ဆရာတော်၊ ဘယ်နေ့ စသည်ဖြင့် အကုန်လုံး စီစဉ်ထားပါတယ်။ တရားပွဲရက်တွေ တိုက်နေတယ်ဆိုရင်လည်း ဘယ်နေရာမှာ တရားနာရမယ်လို့ ကြိုပြီးစဉ်းစားထားတယ်။

ကျွန်တော် တရားနာရတဲ့ အဓိက အကြောင်းရင်းတွေကတော့ ကျွန်တော်ကိုယ်တိုင် တရားရချင်တယ်၊ ကျွန်တော့် အမေကိုလည်း တရားထူး တရားမြတ် ရစေချင်တယ်၊ ရင်ထဲက သောကတွေလည်း ငြိမ်းအေးချင်တယ်၊ အိုတဲ့အခါ၊ နာတဲ့အခါ နောက်ဆုံး သေခြင်းတရားကို ရင်ဆိုင်တဲ့အခါ တရားနဲ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားချင်တယ်။

တစ်ဖက်မှ မြင်ရသော သီရိဇေယျံကျောင်း

မိတ်ဆွေတချို့က ကျွန်တော့်ကို -

"မင်းက လူပျိုကြီး၊ အမေနဲ့နှစ်ယောက်တည်းနေတာ၊ စီးပွားရေး သေးသေးလေးလည်း ရှိတယ်၊ ဘာလိုသေးလို့လဲ၊ ငါတို့မှာက သားနဲ့ မယားနဲ့၊ ကလေးတွေ ကျောင်းစရိတ်၊ ကျူရှင်စရိတ်၊ အိမ်စရိတ်၊ ဒီကြားထဲ ယောကျ်ားလေး၊ ယောကျ်မ တွေအတွက်လည်း ပါသေးတယ်၊ မင်းကတော့ ဘာမှမလိုပါဘူး" လို့ ပြောကြတယ်။

တကယ်တော့ ကျွန်တော်လည်း ကိုယ့်အခက်အခဲနဲ့ ကိုယ်ပါပဲ။ စီးပွားရေးလုပ်ငန်း သေးသေးလေး ဆိုပေမယ့် သေးတဲ့အတွက် အဆင်မပြေတာတွေ ရှိတယ်။ လုပ်ငန်းကြီးတွေလို ဝန်ထမ်းတွေကို လစာကောင်းကောင်း မပေးနိုင်ပါဘူး။ လစာမကောင်းလို့ ကျွန်တော့်အလုပ်က ထွက်သွားတဲ့ ဝန်ထမ်းအချို့ ရှိပါတယ်။ ရေကြည်ရာ မြက်နုရာ ရှာကြတာပဲလေ။ သူတို့နဲ့လည်း အဆက်အသွယ် မပြတ်ပါဘူး။ မုန်းလို့မှ မဟုတ်ကြတာ။

ဒါပေမဲ့ ဆယ်ယောက်မှာ ကိုးယောက် အဆင်မပြေကြတာ ကြားနေရပါတယ်။ လုပ်ငန်းတိုင်းလိုလို သူ့အခက်အခဲနဲ့သူ ရှိနေကြတာပါပဲ။ လစာကောင်းတော့လည်း အလုပ်ချိန်များလို့၊ အလျော်အစားရှိလို့၊ အပြိုင်အဆိုင်များလို့၊ စိတ်ဖိစီးမှုများလို့ အစုံပါပဲ။ ကျွန်တော်လည်း အလုပ်ပြောင်းပြီး လုပ်ရအောင် သူတို့ရဲ့အလုပ်တွေကိုလည်း လေ့လာကြည့်ပါတယ်။ အားလုံး သူ့အခက်နဲ့သူပါပဲ။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း အလုပ်တွေကို စုံစမ်းကြည့်တော့လည်း အားလုံးက ရှုန်းကန်ကြရတာ များပါတယ်။ နောက်ခံအားကောင်းမှ၊ ငွေအားကောင်းမှ အဆင်ပြေတာ များပါတယ်။ ဒီလိုနဲ့ပဲ ကိုယ်လုပ်တတ်တဲ့ အလုပ်လေးပဲ ဆက်လုပ်ဖြစ်နေတာပါ။ ဒါတွေကလည်း ကျွန်တော့်အတွက်ရော ဝန်ထမ်းတွေအတွက်ပါ ခံစားရတဲ့ သောကတွေပါပဲ။

နောက်ထပ် သောကတစ်ခုကို ကြည့်မယ်ဆိုရင်လည်း စာအုပ်တွေ ရောင်းအားကျတယ်။ မဂ္ဂဇင်းတွေ ရောင်းအားကျတယ်။ ကျာနယ်တွေထွက်တော့ မဂ္ဂဇင်းတွေ ရောင်းအားကျ၊ နေ့စဉ် သတင်းစာတွေထွက်တော့ ကျာနယ်တွေ ရောင်းအားကျ၊ ခုတော့ မိုဘိုင်းဖုန်းတွေချည်းပဲ ကြည့်နေကြတော့ အားလုံးရောင်းအားကျနေကြတာပေါ့။

အရင်တုန်းကဆိုရင် ရပ်ကွက်တိုင်း၊ လမ်းတိုင်းမှာ စာအုပ်အငှားဆိုင်၊ ဗွီဒီယိုခွေ အငှားဆိုင်တွေ ရှိတယ်။ ခုဆိုရင် ရပ်ကွက်တစ်ခုမှာတောင် စာအုပ်အငှားဆိုင် လက်ချိုးရေလို့ ရနေပြီ။ ဂီတလောကမှာရော၊ ရုပ်ရှင်လောကမှာရော အဆင်မပြေတာတွေ ကြားနေရပါတယ်။ အွန်လိုင်းပေါ်မှာ ပိုင်ရှင်ခွင့်ပြချက် မရှိဘဲ စာအုပ်တွေကို တင်တယ်၊ ရောင်းတယ်။ ခုဆိုရင် စာကြည့်တိုက်ပုံစံဖွဲ့ပြီး စာအုပ် ဘယ်နှထောင်ရှိတယ် ဆိုကာ အွန်လိုင်းပေါ်မှာ ပေါ်ပေါ်ထင်ထင် ရောင်းနေကြတယ်။ သင်္ဘောဆိုင်ရာကလည်း ထိထိရောက်ရောက် အရေးမယူနိုင်ဘူး။ ဆိုက်ဘာဥပဒေတွေ ပြုစုရမယ်၊ အွန်လိုင်းပေါ်မှာ ပိုင်ရှင်ခွင့်ပြချက် မရှိဘဲ ရောင်းဝယ်နေတဲ့လူတွေကို ဖော်ထုတ်အရေးယူရမယ်။

ကျွန်တော့်ရဲ့ စိတ်ကူးကတော့ နိုင်ငံတော်က မြန်မာနိုင်ငံတစ်ဝန်း စာအုပ်စင်တာကြီးပေါင်း ထောင်ကျော် ဖွင့်ပေးရမယ်။ ထုတ်ဝေတဲ့ တိုက်တွေက သူတို့ထုတ်တဲ့ စာအုပ်တွေ လာတင်မယ်၊ လက်လီ လက်ကားရနိုင်တဲ့ စာအုပ်ပေါင်း သိန်းသန်းချီ တင်နိုင်တဲ့ စင်တာကြီးတွေပေါ့။ ဒါမှ စာအုပ်စာပေလောက ပြန်ပြီးခေါင်းထောင်လာနိုင်မှာ။

နိုင်ငံတော်က ပံ့ပိုးရင် အလွယ်လေးပေမယ့် ကျွန်တော်တို့ စာပေလောကသားတွေ အလှည့် ရောက်ဖို့ကတော့ အိပ်မက်တစ်ခုပါပဲလေ။ ဒါတွေက မင်းနဲ့ ဘာဆိုင်လဲလို့ ပြောရင်လည်း ကျွန်တော်လည်း စာအုပ် စာပေလောကသားမို့ စာပေလောကကြီး ရှင်သန်ဖွံ့ဖြိုးမှ ကျွန်တော်တို့လည်း အသက်ရှူချောင်မှာလေ။ ဒါကလည်း ရင်ထဲမှာ ဖြစ်နေတဲ့ အစိုင်အခဲတစ်ခုပါပဲ။

ကျွန်တော့်အမေနဲ့ ပတ်သက်တဲ့ စိုးရိမ်မှုတွေကတော့ အများကြီးပဲ။ အမေက လေဖြတ်ထားတာ (၁၉)နှစ်ရှိပြီ။ ဦးနှောက်သွေးကြောပေါက်လို့ ဦးနှောက်ကို နှစ်ကြိမ်တောင် ခွဲထားရတယ်။ လွန်ခဲ့တဲ့ (၇)နှစ်လောက်ကလည်း လေဖြန်းသေးတယ်။ မျက်လုံးကလည်း နှစ်ဖက်လုံး ခွဲထားရတယ်။ တစ်ဖက်က အတွင်းတိမ်ခွဲရင်း မျက်ကြည်လွှာ ထိသွားလို့ တစ်နှစ်လောက် ဝါးတား ဝါးတားပဲ မြင်ရတယ်။ တစ်ဖက်ကလည်း အတွင်းပိုင်းသွေးကြော ပေါက်သွားလို့ ငါးနှစ်လောက် မျက်စိကွယ်နေတယ်။ စင်ကာပူက ဆရာနဲ့ ခွဲစိတ်လိုက်တော့မှ ခုတော့ ဝါးတားတား ပြန်မြင်ရတယ်။

၂၀၁၄ တုန်းကလည်း လည်ပင်းမှာ အကျိတ်ကြီးထွက်လို့ အသားစ စစ်ကြည့်တာ ကင်ဆာတဲ့။ လည်ပင်းကို ဓာတ်ကင်မယ်ဆိုလို့ ဗန်ကောက်မှာ ထပ်ပြီး ဆေးစစ်ကြည့်တယ်။ အဲဒီတုန်းကလည်း စိတ်ညစ်လိုက်ရတာ။ ကင်ဆာမဟုတ်ပေမယ့် အသည်းက စခြောက်နေပြီဆိုတာ သိလိုက်ရတယ်။ နှစ်ပေါင်းများစွာ ဗိုင်ယာစီပင် ဆေးကအစ ဆေးမျိုးစုံသောက်ထားရတဲ့ အရှိန်တွေကြောင့်လို့ ထင်ပါတယ်။ မျိုးရိုးလည်း ရှိတယ်လေ။ ၂၀၁၆ (၁၀)လပိုင်းက တစ်ခါ၊ (၁၁)လပိုင်းက တစ်ခါ သွေးအန်တယ်။ သွေးအန်တာကလည်း ကြောက်စရာကြီး။ ရေသန့်ဘူး တစ်ဘူးလောက် အန်တာ။ နှစ်ခါလုံး ညဘက် ၂ နာရီလောက်မှာ အန်ပြီး သတိလစ်နေခဲ့တာ။ ဆေးရုံ အမြန်ပြေးကြရတယ်။ သွေး ရှစ်လုံးလောက် သွင်းလိုက်တော့မှ သက်သာသွားတယ်။ သွင်းတာတွေများလို့ သွေးဖေါင်ခိုနိတက်ပြီး သတိလစ် တက်ပြန်ရော။ အဲဒီအချိန်တွေတုန်းကဆိုရင် ညဘက်ဆို လန့်လန့်နိုးတယ်။ တယ်လီဖုန်းသံကြားတာနဲ့ နှလုံးရောဂါတောင် ရနိုင်တယ်။

ခုဆိုရင် လေးလ တစ်ကြိမ် မှန်ပြောင်းကြည့်ရတယ်။ ပေါက်နိုင်မယ်လို့ထင်တဲ့ သွေးကြောလုံးတွေ တွေ့ရင် ကြိုပြီး သားရေပင် ပစ်ထားရတယ်။ မှန်ပြောင်း မျိုရတာလည်း မလွယ်ဘူး။ အရမ်းပင်ပန်းတယ်။ သူငယ်ချင်းဆရာဝန် ဒေါက်တာသန်းမင်းထွဋ်ရှိလို့ တော်သေးတာပေါ့။ သူက အစစ အရာရာ ကူညီပေးပါတယ်။ အမေရိကန်က သူငယ်ချင်း ဒေါက်တာအောင်မျိုးကလည်း အကြံဉာဏ်ကောင်းတွေ ပေးတယ်။ လိုအပ်တဲ့အချိန်မှာ အကူအညီရတာ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မပြောတတ်တော့ပါဘူး။

ဒီလိုသောကတွေကြားမှာ တရားနဲ့ နေနိုင်ရင်တော့ အကောင်းဆုံးပဲဆိုတာ ကျွန်တော် ရိပ်မိလာတယ်။ ဘယ်

www.burmeseclassic.com

အရာကမှ ရင်ထဲက သောကကို ငြိမ်းအောင် မစွမ်းနိုင်ဘူး။ စာရေးဆရာကြီး မင်းဂုဏ်တို့ဆီ ရောက်ရင်လည်း တရား ထိုင်ဖြစ်ပါတယ်။ အထိုက်အလျောက် ငြိမ်းချမ်းမှုတွေ ရမါ တယ်။ ဒါတွေကတော့ ကျွန်တော် တရားနာဖြစ်ခဲ့တဲ့ တစ်စိတ် တစ်ဒေသ အကြောင်းတွေပါပဲ။

ဒီလိုနဲ့ ကျွန်တော်ဟာ ကိုယ့်ရပ်ကွက်နားမှာ ကျင်းပ တဲ့ တရားပွဲတွေကို အမြဲနာဖြစ်ခဲ့ပါကယ်။ တရားနာရတဲ့ အတွက် စိတ်လည်းချမ်းသာတယ်၊ တရားလည်းထိုင်ဖြစ်တယ်၊ ဆရာတော်တွေ ဟောတဲ့ တရားတွေ အမှေကို ပြန်ပြော လို့လည်း ရတယ်။ အမေက အသက်(၇၀)လောက်အထိ မိရိုးဖလာပုဒ္ဓဘာသာ တစ်ယောက်လောက်ပဲ ဖြစ်နေတာ။ အသက် (၇၀)ကျော်မှ ဝိပဿနာတရား အားထုတ်ရကောင်း မှန်း သိလာတယ်။ ကျွန်တော်လည်း တတ်သလောက် မှတ် သလောက် အမှေကို ပြောပြပါတယ်။ မိုးကုတ်ဆရာတော် ဘုရားကြီး တရားခွေလည်း ဖွင့်ပြပါတယ်။ မိုးကုတ်ဆရာ တော်ဘုရားကြီးရဲ့ နာရီဝက်စာ ကောက်နုတ်ထားတဲ့တရား များကို အမေက အကြိုက်ဆုံးပါပဲ။ နာရီဝက်ဝန်းကျင်ဆိုတော့ အာရုံကောင်းကောင်း စိုက်နိုင်တဲ့သဘောပေါ့။ ပါဠိတွေ နည်းနည်းပါတယ်ဆိုရင်တောင် သိပ်နားမလည်တော့ဘူး။

ကျွန်တော် တရားနာခဲ့တဲ့ ဆရာတော်တွေကတော့ အစုံပါပဲ။ ကျောက်တစ်လုံးဆရာတော်၊ ခမ္မစေတီဆရာတော်၊ မရွိမဂုဏ်ရည်ဆရာတော်၊ ဥူးသုမင်္ဂလ၊ ဦးသုနန္ဒ၊ ဇလွန်ဆရာ ဓမ္မာ၊ ကိုးဘွဲ့ရဆရာတော် စတဲ့ ဆရာတော် အစုံပါပဲ။ တရားနာပြီး ပြန်လာရင် အမေက ဘာတရားတွေ နာခဲ့သလဲ လို့ စောင့်ပြီး မေးပါတယ်။ ကျွန်တော်လည်း အကျဉ်းချုပ် ပြန်ပြောပြပါတယ်။ ပုဒ္ဓဂယာအကြောင်း၊ ရှင်သာရိပုတ္တရာက သူ့အမေကို တရားပြတဲ့တရားတော်တွေကို အမေ အကြိုက် ဆုံးပါပဲ။

နောက်ကြိုက်တဲ့ တရားတစ်ပုဒ်ကတော့ နတ်သမီး လေးတစ်ပါး ဥယျာဉ်ထဲမှာ ဆော့ကစား ပန်းသီရင်း နတ် သက်ကြွေပြီး လူလာဖြစ်တဲ့ ဇာတ်လမ်းလေး။ လူပြည်မှာ အသက် (၅၀)လောက်နေပြီး သားသမီးတွေ ရတယ်။ လူ သက်တမ်းတစ်လျှောက် ကောင်းမှုကုသိုလ်တွေ လုပ်ပြီး သေလွန်တဲ့အခါ အရင်နတ်ပြည်ပဲ ပြန်ရောက်တယ်။ လင် တော်မောင် နတ်သားကြီးက တစ်မနက်လုံး ပျောက်နေတာ ဘယ်ရောက်နေလဲ မေးတဲ့အခါမှာ နတ်သက်ကြွေပြီး လူပြည် မှာ အနှစ်(၅၀)နေခဲ့ရကြောင်း ပြန်ပြောတယ်။ အဲဒီအခါ နတ်သားကြီးက ဒီလောက်အချိန် နည်းနည်းလေးမှာ လူတွေ ဘာလုပ်နေသလဲ မေးတဲ့အခါ နတ်သမီးလေးက "လူတွေဟာ သူတို့ရဲ့ သက်တမ်းကို အရှည်ကြီးထင်ပြီး ကုသိုလ်ကောင်းမှု တွေ လုပ်ရကောင်းမှန်း မသိကြဘူး"လို့ ပြောပြတယ်။ ဒီလို ဇာတ်လမ်းတွေကတော့ ကျွန်တော့် အမေကို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတွေ လုပ်ဖြစ်အောင် တွန်းအားပေးတဲ့ တရားတွေဆိုတော့ ခဏ ခဏ ပြောပြပေးဖြစ်တယ်။

တစ်နေ့ ကုန်စွေးတန်းမှာ တရားပွဲရှိတယ်ဆိုလို့ တရား နာသွားဖြစ်ခဲ့တယ်။ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး Sunday Damma School နဲ့ ကုန်စွေးတန်းလမ်း မိသားစုတွေ စီစဉ်တဲ့ ဓမ္မပူဇာသဘင်ပေါ့။ ငါးညတိုင်တိုင် ဆရာတော် ငါးပါး တရားဟောမှာ။ ဆရာတော်တွေက သူ့တရားနဲ့သူ ကောင်းကြတာပါပဲ။ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသလောက် သာသနာပြုနေကြတာပဲ။

ကုန်စွေးတန်းလမ်းဟာ လမ်းကျယ်ဆိုတော့ တိုက် အရိပ်မရဘဲ တစ်နေ့လုံး နေပူထိထားတော့ လမ်းက တော် တော် ပူနေတယ်။ နွေဘက် နွေရာသီ အပူရှိန်ကလည်း ၄၀ ဒီဂရီကျော်နေတာကိုး။ ညနေပိုင်းက ရေလောင်းထားပုံ ရပေမယ့် လမ်းက အရမ်းပူနေတော့ အပူရှိန်က ကျန်နေ သေးတယ်။ တရားနာဖို့ လာတဲ့သူတွေ တင်ပါးပူကြလို့ တွေ့ရာ ကတ်ထူပြားတွေ ဆွဲထိုင်ကြ၊ တင်ပါးကို ယပ်ခတ် ကြနဲ့ အလုပ်ကို ရှုပ်နေတာပဲ။ ကျွန်တော်လည်း တင်ပါးပူလို့ ကုန်စွေးတန်း စွေးစောင့်တွေထိုင်တဲ့ တန်းလျားမှာ သွားထိုင် နေရတယ်။

ခဏနေတော့ ဆရာတော်ရဲ့ တပည့်ဦးဇင်းတစ်ပါး ကြွလာပြီး သီလပေးပါတယ်။ မြန်မာ-ကိုရီးယား သာသနာ ပြုဆရာတော်က ကားအက်ဆီးဒင့် ဖြစ်ထားတဲ့အတွက် ခါးကို ယိုးဒယားမှာ ခွဲစိတ်ခဲ့ထားရလို့ ဆရာဝန်က နာရီဝက်လောက် ပဲ ထိုင်စေချင်တယ်လို့ ပြောပြပါတယ်။ တရားပွဲကလည်း တစ်နာရီခွဲဝန်းကျင်ဆိုတော့ ပထမပိုင်း သီလပေး နာရီဝက် ကို တပည့်ဦးဇင်းကို တာဝန်ပေး ဟောစေကြောင်း ပြောပြ ပါတယ်။ နောက်ပိုင်း တစ်နာရီ ဆရာတော်ကိုယ်တိုင် ကြွလာ ပြီး ဟောပေးမယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ တပည့် ဦးဇင်းကလည်း အပြော၊ အဟော ကောင်းပါတယ်။

နာရီဝက်ခန့် ကြာတော့ ဆရာတော် ကြွလာပါတယ်။ ဆရာတော်ရဲ့ ဥပဓိရုပ်ကို ခြင်္ကလိုက်တာနဲ့ တရားနာ ပရိသတ် က စောစောက ခံစားနေရတဲ့ အပူတွေကို မေ့ပြီး ငြိမ်းအေး

www.burmeseclassic.com

သွားကြပုံ ရပါတယ်။ ဆရာတော်ကလဲညီး သက်တော် ငယ်သေးတဲ့ပုံပါ။ ဥပဓိရုပ်ကလည်း ကြည်လင်အေးမြပါတယ်။ ဆရာတော် တရားဟောတဲ့ တရားထဲကို ပရိသတ်က တစ်နာရီလုံးလုံးကြာအောင် မျောပါသွားပြီး လမ်းကြောင့် ပူနေတဲ့ အပူတွေရော၊ ရင်ထဲက အပူတွေရော အထိုက် အလျောက် ငြိမ်းအေးသွားကြပုံပါပဲ။ တစ်နာရီကို ခဏလောက်ပဲ ထင်လိုက်ရပါတယ်။

တရားပွဲလည်းပြီးရော ပရိသတ်က ဆရာတော်တရားခွေ လိုချင်လို့ တရားပွဲစီစဉ်တဲ့ အဖွဲ့ထံမှာ တောင်းနေကြတာ ကြားရပါတယ်။ ကျွန်တော်လည်း ဆရာတော်ကို ဖူးတွေ့ချင်တာနဲ့ ဆရာတော်ရဲ့ ကျောင်းနေရာကို စုံစမ်းလိုက်ဖို့ ရတယ်။ တရားပွဲစီစဉ်တဲ့ အဖွဲ့ဝင်တွေထဲမှာ စာရေးသူအသိ မိတ်ဆွေတစ်ယောက် ပါပါတယ်။ နောက်ည တရားပွဲကျတော့မှ သူကတစ်ဆင့် ဆရာတော်ဟာ အိမ်တော်ရာဘုရားဝင်းထဲက သီရိဇေယျကျောင်းတိုက်ရဲ့ ပဓာနနာယကဆရာတော် ဖြစ်မှန်း သိခဲ့ရတယ်။ စာရေးသူ တော်တော်ပျော်သွားပါတယ်။ စာရေးသူက လသာမြို့နယ်မှာနေတော့ ဆရာတော် ကျောင်းနဲ့ဆို မဝေးဘူးပေါ့။

ဒီလိုနဲ့ တစ်နေ့ ဆရာတော်ကျောင်းကို သွားဖြစ်ခဲ့ပါတယ်။ ဆရာတော်ရဲ့ သုံးထပ်ကျောင်းဆောင်သစ်ကြီး တည်ဆောက်ပြီးစီးခါစ တွေ့ရပါတယ်။ သစ်ရိပ် ဝါးရိပ်နဲ့ အေးချမ်းလှပါတယ်။ ကျောင်းနေရာကလည်း တိတ်ဆိတ်ငြိမ်သက်ပြီး တရားရဲ့ သဘောကို ဆောင်ပါတယ်။ ကျောင်းဝေယျာဝစ္စ လုပ်နေကြတဲ့ ကိုရင်၊ ဦးဇင်း အနည်းငယ်ကို တွေ့ရပါတယ်။ မေးမြန်းကြည့်တော့ ဆရာတော်ဟာ အလယ်ထပ်မှာ သီတင်းသုံးကြောင်း သိရပါတယ်။

အလယ်ထပ်ရောက်တော့ ဆရာတော် သီတင်းသုံးတဲ့ အခန်းတံခါး ပိတ်ထားပါတယ်။ ဦးဇင်းငယ်လေးကတော့ ဒီအချိန်ဆို ဆရာတော် ကျိန်းရာက ထနေပါပြီ။ စာဖတ်တာ ဖြစ်ဖြစ် လုပ်နေလို့ ဖြစ်ပါလိမ့်မယ်၊ ခေါ်ပေးရမလားလို့ ပြောပါတယ်။ ကျွန်တော်ကလည်း အလျင်မလိုကြောင်း၊ ဆရာတော် အပြင်ထွက်တဲ့အချိန်ထိ စောင့်မယ်လို့ လျှောက်လိုက်ပါတယ်။

ဆရာတော်ကို ထိုင်စောင့်နေတဲ့ တစ်နာရီဝန်းကျင်မှာ ကျောင်းဝင်းကြီးကို လေ့လာမိပါတယ်။ သုံးထပ်ကျောင်းဆောင်ကြီးကို လေဝင်လေထွက်ကောင်းအောင်တည်ဆောက်ထားတာပါ။ တိတ်ဆိတ်ငြိမ်သက်ပြီး လေကောင်းလေသန့်ရတော့ စာရေးသူလည်း တရားထိုင်ချင်စိတ်ပေါက်ပြီး တရားခဏထိုင်ဖြစ်ခဲ့ပါတယ်။ သစ်ရိပ်ဝါးရိပ် ကောင်းမှု၊ ထိတ်ဆိတ်ငြိမ်သက်မှုနဲ့၊ လေကောင်းလေသန့်ရမှု၊ ဆရာတော်ရဲ့ တရားဟော တရားပြကောင်းမှုတွေနဲ့ သစ္စာတရားရမယ့် တပည့်သာဝကတွေကို စာရေးသူ အာရုံမျက်စိနဲ့ မြင်ယောင်နေမိပြီး စိတ်ထဲကြည်နူးပီတိ ဖြစ်မိပါတယ်။

ညနေ ၄ နာရီဝန်းကျင်လောက်မှာ ဆရာတော် သီတင်းသုံးရာအခန်းမှ ထွက်လာပါတယ်။ စာရေးသူလည်း ကုန်စေ့းတန်းလမ်း တရားပွဲမှာ ဆရာတော်ရဲ့တရားကို နာကြားရဲ့ကနေ ဆရာတော်ကို ဖူးမြော်လိုတဲ့အတွက် လာရောက်ရပါကြောင်းနှင့် လပြည့်ဝန်းပရိသတ်အတွက်လည်း ဆရာတော်ရဲ့တရားများ ချီးမြှင့်ပေးဖို့ လျှောက်ထားခဲ့ပါတယ်။

ဆရာတော်ကလည်း တရားစာအုပ်များ ချီးမြှင့်ပေးပြီး စာအုပ်ထဲမှ တရားများရော၊ ဆရာတော်ရဲ့ အင်တာနက် ဝက်ဆိုက်ထဲမှ တရားများပါ ဖော်ပြနိုင်ပါကြောင်း ခွင့်ပြုခဲ့ပါတယ်။ ဆရာတော်ကို ဖူးတွေ့ရတာ နာရီဝက်လောက်ပေမယ့် စာရေးသူအတွက်တော့ အလွန်အဖိုးတန်ပါတယ်။ ဆရာတော်ဟာ ခါးခဲ့စိတ်မှု ခံယူထားရတဲ့အတွက် ဆရာဝန်က နာရီဝက်လောက်ပဲ ထိုင်ခိုင်းကြောင်း ပြောပြတယ်။

ဆရာတော် စီးတဲ့ကား ချောက်ထဲကျသွားတုန်းက ထိုင်ခုံမှာ ခင်းထားတဲ့ ကျောက်စိမ်းဘုလုံးပွေက ခါးရိုးကို ထိခိုက်မိသွားတဲ့ သဘောပဲ။ ခါးနာနေပေမယ့် တရားပွဲတွေ ရှိတော့ သေသေချာချာ ဆေးကုသမှု မခံယူဖြစ်ခဲ့ဘူး။ တဖြည်းဖြည်း နာလာတော့မှ ခါးဆစ်ရိုးကြေသွားမှန်း သိရတယ်။ ပန်ကောက်မှာ ခွဲစိတ်မှုခံခဲ့ရတယ်။ ခွဲစိတ်တဲ့အခါ အရမ်းနာကျင်မှုတွေ ရှိလို့ တချို့လူနာတွေဆို မခံနိုင်လို့ အော်ဟစ်တာတွေ ရှိတယ်။ ဆရာတော်က တစ်ချက်မှ ညည်းညူခြင်းမရှိလို့ နိုင်ငံခြားသား ဆရာဝန်တွေကပါ အံ့သြပြီး မေးမြန်းကြပါတယ်။ ဆရာတော်က ဝေဒနာရဲ့သဘောကို တရားရှုသတ်နေတဲ့အတွက်ကြောင့်လို့ မိန့်ခဲ့တယ်။ ဆရာတော်က ခါးမှ ဒဏ်ရာအကြောင်းကိုပြောရင်း တရားသဘောတွေကိုပါ ကျွန်တော့်ကို ချီးမြှင့်ဟောပြောခဲ့ပါတယ်။

ဆရာတော်ရဲ့ ဘွဲ့နာမည်မှာ အရှင်ဝိစိတ္တ လို့သိရပါတယ်။ ဆရာတော်ဟာ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အုတ်ဝင်းကျေးရွာ၊ ခမည်းတော် ဦးတင်မောင်၊ မယ်တော် ဒေါ်ခင်ထွေးတို့မှ ၁၃၃၆ ခုနှစ်၊ ပြာသိုလဆန်း (၄)ရက် (၁၅. ၁. ၁၉၇၅) ပုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့ပြီး မွေးချင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

ယောက်တို့အနက် တတိယမြောက် သားရတနာလို့ သိရပါတယ်။ ၁၃၄၈ ခုနှစ် တန်ခူးလဆန်း (၃)ရက် စနေနေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာ ကျောင်းတိုက်၊ သီရိဇေယျကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါးတို့၏ ပဿယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း သိရတယ်။

၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း (၃) ရက် စနေနေ့တွင် ခရမ်းမြို့ ပါဠိတက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ကို ဥပဇ္ဈာယ်ပြုပြီး ခရမ်းမြို့ (၄)ရပ်ကွက် ဗုဒ္ဓဟူးလမ်းနေ ဦးဖူညို+ဒေါ်ခင်မြိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ကြောင်း လည်း သိရတယ်။

သာသနာ့ဘောင်သို့ ရောက်ရှိပြီးနောက် ဆရာတော်သည် ဒိုက်ဦးမြို့နယ် အုတ်ဝင်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ် အိမ်တော်ရာတိုက် သီရိဇေယျကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ် ဓမ္မာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသနှင့် စာချဆရာတော်များ၊ ခရမ်းမြို့ ပါဠိတက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသနှင့် စာချဆရာတော်များ၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၊ ဘဒ္ဒန္တသံဝရ နှင့် စာချဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိတ အမှူးပြုသောသင်ကြားစိမ်ဆရာတော်များ၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော်များနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ ဓမ္မာစရိယ ဦးဌေးလှိုင်၊ ဓမ္မာစရိယ ဦးအောင်ခိုင်၊ ဓမ္မာစရိယ ဦးမောင်မောင်လေး၊ ဆရာကြီး ဇေယျာမောင် ဦးကိုလေး၊ ဆရာကြီး ဦးတင်လွင်၊ ဆရာကြီး ဦးစံတင်၊ ဆရာ နန္ဒာသိန်းဇံ အစရှိသည့် ပြင်ပပညာရှင် ဆရာကြီးများထံတွင် ပရိယတ်၊ ပဋိပတ် ပညာများနှင့် လောကီပညာရပ်များကို အဆင့်ဆင့် လေ့လာသင်ယူခဲ့ကြောင်းလည်း သိရပါတယ်။

ဆရာတော် အောင်မြင်ခဲ့သည့် အောင်ပန်းများမှာ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သာသန တက္ကသိုလ ဓမ္မာစရိယ B.A(Buddhism)၊ သာသန ထက္ကသိုလ မဟာဓမ္မာစရိယ M.A (ကျမ်းပြု)၊ B.A (Buddhist Studies, GGU, Korea) တို့ ဖြစ်ပါတယ်။

ဆရာတော်ရဲ့ သာသနာရေး ဆောင်ရွက်ချက်တွေကတော့ ဆရာတော်ဟာ ပရိယတ် ပဋိပတ်နှင့် လောကီပညာရပ်အဆင့်ဆင့်ကို လေ့လာအောင်မြင်တော်မူပြီးနောက်

- ၂၀၀၁ ကနေ ၂၀၀၃ ခုနှစ်အထိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာဌာနတွင် အင်္ဂလိပ်စာနည်းပြအဖြစ် လည်းကောင်း၊
- သာသနာ့တက္ကသိုလ် ရခိုင်ပြည်နယ်ကျောင်းဆောင်၏ အဆောင်မှူးအဖြစ် လည်းကောင်း၊
- ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ အင်္ဂလိပ်စာနည်းပြတာဝန်များအပြင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ် လူရွယ်များအား ယဉ်ကျေးလိမ္မာသင်တန်းများနှင့် အင်္ဂလိပ်စာသင်တန်းများ သင်ကြားပို့ချပေးခြင်း၊
- ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တောင်ကိုရီးယားနိုင်ငံ နုံးစန်းမြို့ ဂေါန်ဂန်းတက္ကသိုလ် (Geumgang University) တွင် အဝိုးရပညာသင်ဆုအဖြစ် ငါးနှစ်တိုင်တိုင် ကိုရီးယားဘာသာစကားနှင့် မဟာယာန ဗုဒ္ဓဘာသာကို လေ့လာဆည်းပူးရင်း ကိုရီးယားရောက် မြန်မာများနှင့် ကိုရီးယားနိုင်ငံသားတို့အား တရားဓမ္မများ ဟောပြောပြသပေးခြင်း၊
- ၂၀၀၈ ခုနှစ်မှစ၍ "မနာပဒါယီ" (နှစ်သက်ဖွယ်ကို ပေးလှူခြင်း) ဟူသော အမည်ဖြင့် အင်တာနက်စာမျက်နှာများတွင် ဘာသာရေးစာပေများ ရေးသားမွမဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် "မချစ်မမုန်း အကောင်းဆုံး" ဟူသော ပထမဦးဆုံး ဆောင်းပါးပေါင်းချုပ်စာအုပ်ကို စတင်ထုတ်ဝေပြီး ဓမ္မစာပေ ပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်း၊ (ယခုအချိန်တွင် ဓမ္မစာအုပ်ပေါင်း (၈)အုပ်ကျော် ထုတ်ဝေပြီးကြောင်း သိရပါသည်။)
- ၂၀၀၉ ခုနှစ် ၁ လပိုင်း ၂၆ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့၌ "စိတ္တသုခ မြန်မာဘုန်းတော်ကြီးကျောင်း" ကို စတင်တည်ထောင် ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူပြီး ကိုရီးယား+မြန်မာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ်မှ စတင်၍ "မနာပဒါယီ အရှင်ဝိစိတ္တ (ကိုရီးယား)" ဟူသော အမည်ဖြင့် မြန်မာပြည်တွင်း တရားပွဲများအား လက်ခံဟောပြောကာ နယ်လှည့် ဓမ္မကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိခြင်း၊

၂၀၁၂ ခုနှစ် ၁ လပိုင်း ၁၅ ရက်နေ့တွင် (၃၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် "မနာပဒါယီ ဖောင်ဒေးရှင်း" ကို ဦးဆောင်မတည် တည်ထောင်ကာ အနယ်နယ်အရပ်ရပ်ရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအား ကျောင်းပြီးသည့်အထိ ပညာသင်ဆုပေးခြင်း၊ ပရဟိတ ပညာဒါနလုပ်ငန်းများနှင့် ဓမ္မစာပေ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ကြိုးစား ဆောင်ရွက်လျက် ရှိပါသည်။

ဆရာတော်သည် ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာကျောင်းတိုက် သီရိဇေယျကျောင်းနှင့် တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူးမြို့ စိတ္တသုခ မြန်မာဘုန်းတော်ကြီးကျောင်းတို့၏ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူကာ တရားဟော တရားပြ၊ စာရေး စာချလုပ်ငန်းများနှင့် ပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက တာဝန်များကို ထမ်းဆောင်တော်မူရင်း "မနာပဒါယီ" ဟူသော အမည်ဖြင့် -

http://www.venvicitta.com

http://www.facebook.com/ashinvicitta

http://www.cittasukhamm-kr.blogspot.com

စသည့် အင်တာနက် စာမျက်နှာတို့မှလည်း ဓမ္မစာပေများ ရေးသားမျှဝေကာ အွန်လိုင်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည့်အပြင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်း သီရိဇေယျကျောင်းတွင် "မနာပဒါယီ ပညာရေးစင်တာ" ကို ဖွင့်လှစ်ကာ ဘာသာစကား သင်တန်းများနှင့် ဘဏ္ဍာသိုလ် ဝင်တန်း သင်တန်းများကို အခမဲ့ပညာဒါန ပေးလျက်ရှိပါသည်။

တရားဓမ္မကို နှစ်သက်မြတ်နိုးကြသော လပြည့်ဝန်း မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက်လည်း ဆရာတော်၏ အဆုံးအမ ကောက်နုတ်ချက်များနှင့် သစ္စာဓိဋ္ဌာန် ကဗျာကို ဖော်ပြပေးလိုက်ပါသည်။ နောက်လများတွင်လည်း ဆရာတော်၏ တရားများကို ဆက်တိုက်ဖော်ပြပေးမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

အဆုံးအမ ထောက်နှံထိုက်

ဒီလိုနေကြည့်ပါ

အချစ်ရှိရင် အပြစ်ရှိတတ်သလို အမုန်းရှိရင်လည်း အနှုံးရှိတတ်ပါတယ်။

ဒါကြောင့် အပြစ်ကင်းဖို့နဲ့ အနှုံးမရှိဖို့အတွက် မချစ်မမုန်းဘဲ နေနိုင်အောင် ကြိုးစားကြဖို့ လိုပါတယ်။

စကားလုံး

စကားလုံးတွေနောက်ကိုလိုက်ပြီး မခံစားပါနဲ့၊
စကားလုံးဆိုတာ ပညတ်တွေဖြစ်တဲ့အတွက် ချစ်ရင် အကောင်းပြောကြမှာဖြစ်ပြီး မုန်းရင်တော့ အဆိုးပြောကြမှာ ဖြစ်ပါတယ်။

ကိုယ်ဖြစ်ကိုယ်ခံ

ကိုယ်လုပ်သမျှ သူများတွေမသိနိုင်ပေမယ့်
ကိုယ်ကိုယ်တိုင်ကတော့ သိနေပြီးသားပါ။
ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် မညာမိဖို့ ကိုယ့်အလုပ်တွေကို ရိုးသားစွာလုပ်ဖို့ လိုပါတယ်။
ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လုပ်တဲ့ အကောင်း အဆိုးကို ကိုယ်ပဲခံရမှာဖြစ်လို့ပါ။

ထစ္စာဓိဋ္ဌာန်

ငါလာသည့်ခါ၊ လက်ချည်းလာ၍
ပြန်သွားသည့်ခါ၊ လက်ချည်းသာတည်း။
ငါပြုသည့်ကံ၊ ကောင်းဆိုချန်သော်
ငါ့မှာအပိုင်၊ ဥစ္စာစိုင်ကား
ဘာမျှမရှိ၊ နှ အတ္ထိတည်း။
သို့တပြီးကား
တန်ဖိုးရှိလှ၊ လူဘဝဝယ်
သက်ရှင်နေရ၊ ချိန်ဇောင်္ခ်
ငါ့တွက်ကြိုးကုတ်၊ ငါအားထုတ်၍
ငါလုပ်သမျှ၊ ငါ့ဘဝနှင့်
ငါ့မျိုးဘာသာ၊ သာသနာတွက်
ငါလျှင်မနား၊ ပေးဆပ်သွားမည်
အမျှားချမ်းသာ ရစေသော်။
တရားလွှမ်းကာ လှစေသော်။

မနာပဒါယီ အရှင်ဝိစိတ္တ

* * *

ဉာဏ်ပွင့်(စက်မှု) ပူဇော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခွဲကပင်တောင်ပေါ်သို့ တစ်ခေါက်

ကျော်မြင့်အောင်(စိတ်ပညာ)

၂၀၀၂-၂၀၀၃ ခုနှစ်များတုန်းကပါ။ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှာ တာဝန်ကျစဉ် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစောလှိုင်ရဲ့ ကိုယ်ရေးအရာရှိ (PSO) လုပ်ရပါတယ်။ မိုးဥတု တစ်နေ့ သောနေ့ကလေးရဲ့ ညနေခင်းလေးမှာ အဘက ခေါ်တယ်ဆိုလို့ (JGOM) စကားပြောစက်ကလေး ခါးကြားထိုးကာ ကဗျာကယာပဲ သွားလိုက်တယ်။

ဘာအကြောင်းကိစ္စရယ် မသိပေမယ့် စိတ်မြန်လှတဲ့ အဘက မာဇဒါ ကျစ်ပေါ် ရောက်နှင့်နေပြီ။ ထုံးစံအတိုင်း ကျွန်တော်က ကိုယ်တိုင် ကားမောင်းလေ့ရှိတဲ့ အဘရဲ့ဘေးက ရှေ့ခန်းကို ဝင်ထိုင်လိုက်စဉ်မှာပဲ မရွေးမနှောင်း ရောက်လာကြတဲ့ ဘားအံရဲစခန်းမှူး ရဲအုပ်နိုင်ဝင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်ဝင်းတို့ကို အဘက ကားပေါ်တက်စေပြီး ကားကို ဘားအံပြည်ထောင်စုရပ်ကွက် ခုံးဆင်းအတိုင်း မောင်းလာခဲ့တယ်။

ဘာကိစ္စဖြစ်ဖြစ် လျှို့ဝှက်တတ်လွန်းတဲ့ အဘကို ဘာမှမမေးဘဲ အသာလေး လိုက်လာခဲ့ရတယ်။ မကြာပါဘူး။ ခွဲကပင် တောင်ခြေကို ရောက်တော့ အဘ ညွှန်ကြားချက်အရ ကျွန်တော် ဆက်သွယ်ရေးစက်နဲ့ လှမ်းခေါ်ထားသူ ကောထမလိန်း ရဲကင်းမှူး ဒုရဲအုပ် တင့်ဆွေ စောင့်နေတာ့ တွေ့ရပါတယ်။

တောင်ခြေမှာကားရပ်ပြီး အဘက ကားဒက်ရှ်ဘုတ်ပေါ်က နီညိုရောင် လွယ်အိတ်ကလေးတစ်လုံး တွန်တော့် ကိုပေးပါတယ်။ "ငါ့သား မင်း ဒါကိုလွယ်ခဲ့၊ ဘယ်သူ့မှမပေးနဲ့" လို့ပြောပါတယ်။ ကျွန်တော်လည်း သိချင်လို့ ဖွင့်ကြည့်တော့ ပဌာန်းကျမ်း စာအုပ်အထူကြီး နှစ်အုပ်ကို တွေ့ရပါတယ်။

အဘက ကိုနိုင်ဝင်းနဲ့ ကားကို ပြန်လွှတ်လိုက်ပြီး အဘရယ်၊ ကျွန်တော်ရယ်၊ ကိုဇော်ဝင်းရယ်၊ ကိုတင့်ဆွေနဲ့ သူ့တပည့်ဒေသခံ လမ်း ၆ ရဲဘော်ရယ် ခွဲကပင်တောင်ပေါ်ကို ညနေ ၅ နာရီခွဲလောက်က စတက်တယ်။ ပဌာန်းစာအုပ် လွယ်အိတ်ကိုလွယ်ရင်း အုတ်ခဲသုံးလုံးတွဲ နှစ်ဆိုင်းကို လက်ကဘယ်ညာ ဆွဲလိုက်သေးတယ်။ တောင်ပေါ်ကို အရောက် သယ်သွားမယ်ပေါ့။ ကိုတင့်ဆွေက တစ်တွဲသာ ရအောင်သယ်ဖို့ ပြောပေမယ့် ကိုယ်က ရပါတယ်ပေါ့။ တဖြည်းဖြည်းနဲ့ တောင်တက်လမ်းက မက်စောက် ကျဉ်းမြောင်းလာတယ်။ လက်ထဲက အုတ်ခဲက လေးလာတယ်။ ဒါနဲ့ပဲ သယ်လာတဲ့ နှစ်တွဲအနက်က တစ်တွဲကို ရောက်ရာနေရာ တောင်တက်လမ်းဘေးမှာ ချထားခဲ့ပြီး အုတ်ခဲသုံးလုံးပါတဲ့ အတွဲတစ်ခုကိုသာ ဆက်သယ်လာခဲ့နိုင်တော့တယ်။ ကိုတင့်ဆွေက ပြုံးဖြဲဖြဲနဲ့ ကျွဲပမြောဘူးလား ဆိုတဲ့ အကြည့်နဲ့ ကြည့်လေရဲ့။ မိနစ် ၄၀ ခန့် ကြာတော့ အလယ်ရောက်ခွန် ရောက်တော့မယ်လို့ သိရတယ်။

ရာသီဥတုက မိုးအကုန်ဆောင်းအကူးတောရိပ်တောင်ရိပ်က အေးစိမ့်လာတယ်။ ကိုယ်ကလည်း အဘခေါ်တော့ ကမန်းကတန်း အင်္ကျီလက်ရှည် အဖြူရောင်အပါးလေး ဝတ်ထားလျက် လိုက်လာရတော့ အေးလာပြီ။ ဒီကြားထဲ နေ့ခင်းက ပြည်ထောင်စုရပ်တွက် ခရာဆင်းပြီး လက်ဝှေ့ကျော် ရွှေဒုံဝံရဲ့ လက်ဖက်ရည်ဆိုင်မှာ ပေါ့ဆိမ့် တစ်ခွက်နဲ့ အသားပေါင်းစားထားတော့ နေ့လယ်စာ မစားခဲ့ရတဲ့အတွက် တောင်တက်မောပန်း ပဌာန်းကလည်း သယ်ရ အုတ်ကိုလည်း ယူဆိုတော့ အရမ်းပင်ပန်းတဲ့အပြင် ဆာလောင် မွတ်သိပ်လာတော့တယ်။

မကြာခင် အလယ်ရောက်ခွန် ကျောင်းကို ရောက်လာတယ်။ ဆရာတော်က ကျောင်းရှေ့ကွပ်ပျစ်လေးပေါ်မှာ ထိုင်လျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အဘ ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ဇွဲကပင်တောင် အလယ်ရေတံခွန်တောင် ဆရာတော်ကိုဖူးမြော်ရင်း ဆရာတော် တည်ခင်းဧည့်ခံတဲ့ ထန်းလျက်ခဲ၊ အုန်းသီးစိတ်တို့ကို ဆာဆာနဲ့ စားလိုက်တယ်။ ဒါပေမဲ့ ဗိုက်က မတင်းတိမ်ဘူး။

ဆရာတော်ကို ဆွမ်းကျန်လေးများ ရှိ၊ မရှိလျှောက်ထားတော့ "ဆွမ်းစားဆောင့်ပေါ်ကို သွား၊ မနက်က အလှူတစ်ခုလာလုပ်တယ်၊ မုန့်ဟင်းခါး ရှိလိမ့်ဦးမယ်" ဟု ပိန့်လေတော့ ကိုယ်လည်း အပြေးကလေးသွား၊ မောင်ကျောင်းသားတစ်ယောက်ကို မေးပြီး မီးဖိုချောင်ခန်းထဲက ဇလုံကြီးတစ်လုံးထဲမှာ တွေ့တဲ့မုန့်ဟင်းခါးဖတ်ကို ပန်းကန်ထဲထည့်၊ မီးဖိုပေါ်က ပဲဟင်းနွေးနွေးကို ဆမ်းလိုက်ပြီး ဇွန်းတောင်မတောင်းနိုင်တော့ဘဲ လက်နဲ့ကျုံးယူစားလိုက်တာ စားဖူးခဲ့သမျှ မုန့်ဟင်းခါးတွေထဲမှာ အကောင်းဆုံးမှုပဲ။

မုန့်ဟင်းခါးစားပြီးပြန်လာတော့ အဘနဲ့ ဆရာတော်လည်း စကားပြောပြီး၊ မိုးကလည်း ချုပ်လာပြီ။ အမောလည်းပြေပြီဆိုတော့ တောင်ပေါ်ကို ဆက်တက်ကြပြန်တယ်။ ဗိုက်ကလည်း လေးတော့ ပဌာန်းစာအုပ်ကို မနည်းသယ်ရတာ၊ အုတ်ခဲ သုံးလုံးကိုတော့ အလယ်ရေတံခွန်ကျောင်းမှာပဲ ထားခဲ့တော့တယ်။

ကျောင်းကအထွက် သင်္ကန်းစလေးနဲ့ချုပ်ပြီး ထည့်ထားတဲ့ သဲအိတ်ကလေးတစ်အိတ်တွေ့ပြန်တော့ အုတ်ခဲမသယ်နိုင်ရင် သဲတော့သယ်မှပဲဆိုပြီး ကလေးမွေးကင်းစ ဖက်ခေါင်းအုံးသာသာရှိတဲ့ သဲထုပ်ကလေးကို ပခုံးပေါ်ခွတင် သယ်ခဲ့လိုက်သေးတာ မကြာပါဘူး၊ လေးလာလို့ တောစပ်တောင်တက်လမ်းမှာပဲ ပြန်ချခဲ့ရတယ်။

ဒီလိုနဲ့ မှောင်နဲ့မည်းမည်းထဲမှာ တောင်းကင်က အလင်းရောင်ကို အားပြုလို့ တစ်စတစ်စ မတ်စောက်လာတဲ့ ဇွဲကပင်တောင်ကြီးကို တဖြည်းဖြည်း တက်လာခဲ့ကြတယ်။ အဘကတော့ အရွယ်နဲ့မမျှ တောစီးဖိနပ်ကြီးစီး၊ တောင်ဝှေး ထောက်လို့ ရှေ့ကနေ ဦးဆောင်လျက်ပါ။ ဒီလိုနဲ့ ဘုရားမီးရောင်လေးကို မြူတွေကြားက မှုန်ပျပျမြင်လာရတယ်။ တောင်တက်လမ်းဘေးမှာ အသူရာချောက်ကြီးတစ်ခုကို တွေ့လိုက်ရတယ်။ မနည်းသတိထားလျှောက်ကြရပါတယ်။ ချောက်နာမည်က မောင်ရင်လိမ့်ကျချောက် ဆိုပဲ။ ကိုရင်လေးတစ်ပါး လိမ့်ကျ သေဆုံးခဲ့ဖူးသည်ဆိုပဲ၊ ကြောက်စရာပါ။

ည ၇ နာရီကျော်ခန့်မှာ ဇွဲကပင်တောင် ဆံတော်ရှင်ဘုရား ခြေတော်ရင်းကို ကျွန်တော်တို့အဖွဲ့ ရောက်ရှိခဲ့ပါပြီ။ စေတီတော်ကို ဦးခိုက်ပူဇော်ရင်း တွေးနေမိသည်က ဒီလောက်မြင့်တဲ့ တောင်ပေါ်ဘုရားကို ရအောင်တည်သူ ဗုဒ္ဓဘာသာဝင် ကရင်တိုင်းရင်းသားများကို အံ့သြချီးကျူးမိရပါပြီ။ မိမိအနေဖြင့် အုတ်ခဲတစ်လုံးတောင် မသယ်နိုင်ခဲ့သည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိသည်။

တကယ်တော့ ဇွဲကပင်တောင်သည် ပေပေါင်း ၂၇၀၀ ကျော်ရှိပါသည်။ တောင်ပေါ်မှာ လေက တဝူးဝူးတောင်နဲ့ရဲကို တိုက်မိပြီး အပေါ်ကို ဆန်တက်လာသော လေအေးများပါ။ အနွေးထည်ကမပါ ချမ်းချမ်းနဲ့ပဲ သိပ်မကျယ်လှသော ရင်ပြင်တော်ပေါ်ကို လျှောက်ပတ်ကြည့်မိသည်။

တောင်အစွန်းအဝူ တဲတဲလေးတွင် တည်ထားသော စေတီလေးက သိကြားစေတီဟု သိရသည်။ ဖူးမြော်ရင်း စေတီတော်ကို လက်ယာရစ်သုံးပတ် ပူဇော်ခဲ့ပါသည်။ လေကတိုး၊ အောက်ပြုတ်ကျမှာလည်းစိုး အသက်နဲ့ခန္ဓာကိုယ်ကို ဘုရားရှင်ထံအပ်နှံကာ စွန့်စားပူဇော်ခဲ့ရပါသည်။ ဘုရားရင်ပြင်တော်ပေါ်က အနောက်ဘက် အဆင်းတွင် ပိုမိုအံ့သြရသည်။ ကြီးမားလှသော ဘုန်းကြီးကျောင်းဆောင်ကြီးနှင့် ဆရာတော်၊ သံဃာတော်များ၊ ကိုရင်အချို့ကို တွေ့ရသည်။ ဇွဲကပင် ဆရာတော်သည် နေ့စဉ် တောင်ခြေရွာသို့ ဆွမ်းခံကြွလေ့ရှိကြောင်း သိရသဖြင့် ပိုမိုအံ့သြရပြန်သည်။

အဘ ဦးစောလှိုင်က ကရင်ပြည်နယ် ရဲထပ်ဖွဲ့မှူးတစ်ဦးအနေဖြင့် ပြည်သူ ပြည်နယ်သားများ အေးချမ်းသာယာစေရန် အန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါမည့်အကြောင်း ဆရာတော်အား လျှောက်ထားလိုက်သည်။ တစ်ဆက်တည်း အသံခဲ့စက်ရှိပါက သုံးချင်ကြောင်း လျှောက်ထားရာ ဆရာတော် ထုတ်ပေးသော ကျောက်ပုန်း (Emplifire) နှင့် အော်လံ (Horn) တို့ကို ကျွန်တော် လာသယ်ပြီး မိုက်ကရိုဖုန်းတပ် အသံစမ်းကာ အဆင်သင့်ဖြစ်သောအခါ အဘသည် ပဌာန်းကျမ်းကို စတင် ရွတ်ဖတ်ပါတော့သည်။ ကျွန်တော်က ဘေးမှထိုင်ကာ ကြေးစည်ခေါက်ရပါသည်။

ရဲမင်းကြီးတစ်ဦးနှင့် ကိုယ်ရေးအရာရှိတို့ ဘဝမှ ယောဂီတစ်ပါးနှင့် ကပ္ပိယတစ်ယောက်ဘဝကို ရောက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အဘ ပဌာန်းရွတ်တာ အတော်ကြာသည်။ ကိုယ်လည်းညောင်းလာပြီမို့ ကြွေးစည်လေး အသာချကာ တောင်ပေါ်ကနေ မြင်ရသော မြူလွှလွှ တိမ်ဝိုးဝွေးကြားက ဘားအံမြို့အလှကို ခံစားနေမိသည်။ အဘ၏ ပဌာန်းရွတ်သံက မိုးယံထက်က လွှမ်းခြုံလွှင့်ပျံ့လျက်။ တောင်ပေါ်မှ အရှေ့ဆီ မျှော်ကြည့်မိတော့ မီးရောင်ထိန်ထိန်နှင့် ကော့ကရိတ်-ဂျီးငံ့ တံတားကို မြင်ရသည်။ ကိုယ်တို့ အသုံးပြုသော ဆက်သွယ်ရေး (REPEATER) စက်ကြီးကို သော့ပိတ်ထားသော အခန်းကိုပဲ လျှောက်ကြည့်မိသည်။ မိုင်(၁၀၀)ပတ်လည် တစ်ဖက်နိုင်ငံ မဲဆောက်ကပင် ဆက်သွယ်လို့ရသည်။ လုံခြုံမှုထက် လျင်မြန်မှုကို အားကိုးရသည်။

ထိုစဉ်က ဖုန်းများ မကိုင်နိုင်သေးရာ ဒီစက်ကိုသာ အားကိုးရပေသည်။ ဒီစက်ကြီးကပင် မိမိနှင့် စပါးဝယ်ယူရေး နိုက်/ကြပ်ဌာနဆိုင်ရာ ဝန်ထမ်းအယောက်(၃၀)ကျော် သံလွင်မြစ်ရဲ့ မိုးသက်မုန်တိုင်း အန္တရာယ်ကြားက ကယ်ထုတ်ခဲ့ဖူးတာ သတိရမိသည်။

ညက တဖြည်းဖြည်း နက်လာသည်။ အအေးဓာတ်ပိုလာပြီမို့ ကျောင်းတော်ထဲ ခဏပြေးကာ ရာသီဥတုဒဏ် ခုခံရပြန်သည်။ ရှုပ်အင်္ကျီ ချည်သားရှုပ်အင်္ကျီအပါးကလေး ခိုက်ခိုက်တုန်နေပြီလေ။ ဒီလိုနဲ့ ညသန်းခေါင်ယံ အချိန်ရောက်လာပြီ။ အဘရဲ့ မေတ္တာပို့အမျှဝေသံကြားရတော့ လူးလဲထကာ ပဌာန်းရွတ်နေတဲ့ နေရာကို ပြန်ထိုင်ကြွေးစည်လေး ကောက်ကိုင်လျက် အဆင်သင့်ပေါ့ "အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့၊ သာဓု သာဓု သာဓု" သုံးကြိမ် အဆုံးမှာ ကျွန်တော်လည်း ကြွေးစည်ကို တနောင်နောင် တီးရင်း ပျော်သလို ခံစားမိလာတယ်။

အဲဒီအချိန်မှာပဲ မိုးစက်ရေမှုန်တချို့က တောင်နံရံကို တိုက်မိပြီး တက်လာတဲ့လေနဲ့အတူ စေတီတော်ရင်ပြင်ကို ဖျန်းပက်လာတယ်။ အဘကတော့ ဝိတိဖြာနေတဲ့ မျက်နှာနဲ့ "အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ" လို့ အော်တော့ ကျွန်တော်တို့လည်း လိုက်အော်ကြတယ်။ ခဲ့စားမှု တချို့ပါပဲ၊ မဖော်ပြတတ်ပါဘူး။ ပျော်တာထက် ပိုပါတယ်။

ဘုရားတန်ခိုး၊ ပဌာန်းဒေသနာတော်တန်ခိုးတော်ကြောင့် ကျွန်တော်တို့ တာဝန်ယူထားတဲ့ ကရင်ပြည်နယ်ကြီး အေးချမ်းသာယာပြီလို့ ယုံကြည်မိတယ်။ ခဏကြာတော့ အေးချမ်းမည့် နိမိတ်အလား မိုးတွေ အခါမဟုတ် သဲမဲစွာ ရွာသွန်းပါလေတော့သည်။

မိုးကလည်း သဲသဲမဲမဲဖြစ်လာတော့ ကျွန်တော်တို့အဖွဲ့ ဘုရားရင်ပြင်တော်ပေါ်ကနေ ဘုန်းကြီးကျောင်းထဲပြေးလို့ မိုးခိုရင်း ဝိုက်ဖျဉ်းနေမိတာ ဘယ်လောက်ကြာသွားလည်း မသိပေမယ့် "သူရိန် ထ, ထ တောင်အောက်ကို ပြန်ဆင်းကြမယ်"လို့ ကိုဇော်ဝင်း လာနှိုးမှ လန့်နိုးသွားတော့တယ်။ (သူရိန်ကတော့ ကျွန်တော့်စကားပြောစက် အခေါ် စကားဝှက်ပါ)

ကျွန်တော်တို့အဖွဲ့ ဝေလီ ဝေလင်းမှာ တောင်ပေါ်ကနေ ပြန်ဆင်းလာပါပြီ။ ညက မိုးကြောင့် တောင်ဆင်းလမ်းတွင် ရေညှိများပွနေသည်။ ချော်သည်။ မနည်းသတိထားကာ တဖြည်းဖြည်း ဆင်းလာခဲ့ကြရသည်။ အတက်ထက် အဆင်းက ပို၍ပင်ပန်းပါသည်။

မနက် ၅ နာရီခွဲ ၆ နာရီခန့်တွင် တောင်ခြေသို့ ရောက်ပြီ။ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်မှာ ခေတ္တနား၊ ကားကြိုဖို့ လှမ်းခေါ်ကာ အောင်မြင်စွာဖြင့် ရုံးသို့ ပြန်လာခဲ့ကြလေပြီ။

နောက်နေ့ ကျွန်တော် ဖျားသည်။ (၃) ရက်လောက် ရုံးမတက်နိုင်ပါ။ အဘ ဦးစောလှိုင်သည်လည်း မကြာမီ ခြေဆစ်လက်ဆစ်များ ရောင်ကိုင်းလာကာ ချိုင်းထောက်နှင့် ရုံးတက်ရပါတော့သည်။ အဘကို ဆရာဝန်က ပေး(၅၀၀)နှင့်အထက် တောင်မတက်ရန် မှာထားကြောင်း ကျွန်တော့်အား ပြောပြပါသည်။

သို့ပါသော်လည်း ကျွန်တော်တို့ အဘ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစောလှိုင်သည် သူတာဝန်ယူရသော ကရင်ပြည်နယ်ကြီး အေးချမ်းစေရန် အတွက် တာဝန်များကို အပင်ပန်းခံကာ ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓ၏ ဂုဏ်တော်များပူဇော်၊ ပင်ပန်းဆင်းရဲခဲလျက် ကျန်းမာရေးကိုပင် အမှုမထားပေ။

ပေပေါင်း(၂၇၀၀)ကျော် မြင့်မားလှသည့်ပြည်နယ်၏ အထင်ကရ တောင်မင်းသခင် ဇွဲကပင်ပေါ်မှ ပူဇော်ရွှတ်ဖတ် ဆုတောင်းမေတ္တာ ပို့သမှုကြောင့် ကရင်ပြည်နယ်သည် အဘ တာဝန်ယူနေစဉ် (၂)နှစ်တာ ကာလအတွင်း အေးချမ်းသာယာစွာ ရှိခဲ့ပေတော့သည်။

ကျော်မြင့်အောင် (စိတ်ပညာ)

❑

www.burmeseclassic.com

www.burmeseclassic.com

စဉ့်ကူးမင်းခေါင်းလောင်းကြီး

ယောနကာဘိုးထောင်



စဉ့်ကူးမင်းခေါင်းလောင်း

အလောင်းဘုရား ဦးအောင်လေ့၏နောက် ရွှေတိဂုံစေတီတော်ကို ကောင်းမှု ကုသိုလ်ပြုသူမှာ ခဲရစ်နှစ် ၁၇၆၃ ခုတွင် နန်းတက်သော ဆင်ဖြူရှင်မင်းတရားကြီးဖြစ်သည်။ ဆင်ဖြူရှင်၏ သားတော် ငစဉ့်ကူးမင်း ရွှေနားတော်သွင်းခေါင်း (ပလိပ်စားခေါင်း)တွင် တိဂုံဆံရှင်၊ အသစ်ပြင်ဟု ရွှေစင်ထီးချက်၊ သိကြားဆက်က ရွှေစက်ဖြန့်ချီ၊ နတ်ပေါင်းညီ၍ ရွှေနီဖလံ၊ ပုစွန်ခံဖြင့် မွမ်းမံပြင်ဆင်၊ ရွှေထီးတင်သည်။

ဟူ၍ ဆင်ဖြူရှင်မင်း၏ ကောင်းမှုတော်ကို ရေးဖွဲ့ထားသည်။

ဆင်ဖြူရှင်၏သားတော်စဉ့်ကူးမင်းသည် ခရစ်နှစ် ၁၇၇၆ ခုနှစ်တွင် အင်းဝ၌ ဆက်လက်စိုးစံသည်။ စဉ့်ကူးမင်းသည် ရန်ကုန်မြို့ရှိ တိဂုံဆံတော်ရှင် စေတီတော်မြတ်ကို ရွှေမျက်ပါး သက်နှံးဖြင့် ကိုယ်လုံးပြည့် ကပ်လှူတော်မူသည်။ ရတနာအမျိုးမျိုးတို့ဖြင့်လည်း ပူဇော်သည်။

စေတီရင်ပြင် လေးမျက်နှာ မုခ်ဦး၌ တန်ဆောင်း ပလ္လင်နှင့်တကွ ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ရည်မှတ်၍ ပဉ္စလောဟာဆင်းတု လေးဆူကို သွန်းလုပ်လှူဒါန်းတော်မူလေသည်။

စဉ့်ကူးမင်း၏ ထင်ရှားသော ကုသိုလ်ကောင်းမှုတစ်ရပ်မှာ ခေါင်းလောင်းတော်ကြီးကို ရေစက်ချလှူဒါန်းခြင်းဖြစ်သည်။ ယင်းခေါင်းလောင်းတော်ကြီးကို မဟာယဇ္ဈာဘွဲ့ပေး၍ စေတီတော်၏ အနောက်မြောက်တွင် သဒ္ဒါနအဖြစ် တန်ဆောင်းနှင့်တကွ တင်လှူဒါန်းထားလေသည်။

မြတ်ဘုရားရွှေတိဂုံစာအုပ် စာမျက်နှာ (၇၂)၊ စာကြောင်းရေ သုံးကြောင်းမြောက်တွင် ဖော်ပြထားပါသည်။ သို့သော် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်းက အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးရေးဆွဲခဲ့သည့် စေတီရင်ပြင်တွင် ထိုစဉ်က စဉ့်ကူးမင်းခေါင်းလောင်းကြီး ချိတ်ဆွဲထားဟန်ကို တွေ့နိုင်သည်။

ပန်းချီကားထဲတွင် ကြီးမားတုတ်ခိုင်သော ကျွန်းတိုင်ကြီး နှစ်တိုင်အလယ်တွင် ခဲ့ညားစွာ တည်ရှိနေခဲ့ပါသည်။ စဉ့်ကူးမင်းခေါင်းလောင်းကြီးသည် အသံသာယာသည်။ ကောင်းမှုကုသိုလ်ပြုသူတို့ အမျှဝေသံ၊ သာဓုခေါ်သံများဖြင့် ရွှေတိဂုံဘုရားပေါ်တွင် "ဒေါင် ဒေါင်" မြည်လျက်ရှိနေခဲ့ပါသည်။

မြန်မာစကား အစဉ်လာတွင် အောင်စည် အောင်မောင်း အောင်ဓာတ်ခေါင်းလောင်းတို့မှာ တီးမှုမြည်ပါသည်။ ရွာဦးကျောင်းက ခေါင်းလောင်း

www.burmeseclassic.com

သံ၊ ဒိုးဒိုးဒေါင်ဒေါင်ည၊ ခေါင်းလောင်းသံ ငါတို့ကြား အမျှယူစို့လား' ဟူ၍ ကျွန်တော်တို့ ငယ်ရွယ်စဉ်က ရွတ်ဆိုခဲ့ဖူးပါသည်။ ယခုအခါတွင်ကား ရာဟုထောင့် အောင်မြေအနီးမှ စဉ့်ကူးမင်းခေါင်းလောင်းသံမှာ အသံတိတ်ဆိတ်နေခဲ့သည်မှာ ကြာပြီ။

ခေါင်းလောင်းကြီး အရှည်တည် တံ့စေရန် စတီးသံတိုင်များ ဝိုင်းရံထားသည်။တစ်လောလေးကမှ တံခါးပေါက်ဖြင့် အထဲသို့ ဝင်လို့ရအောင် တံခါးတပ်ဆင်ထားပါသည်။

စဉ့်ကူမင်းခေါင်းလောင်းတော်ကြီးမှာ ခမည်းတော်ဆင်ဖြူရှင်မင်းတရား လက်ထက်က လှူဒါန်းရန် သွန်းလုပ်ခဲ့သော ခေါင်းလောင်းတော်ကြီး ဖြစ်သည်။

ဆင်ဖြူရှင်၏ ထီးတော်ကို တင်လှူချိန်၌ သွန်းလုပ်၍ မပြီးသေးသဖြင့် ပြီးအောင် သွန်းလုပ်ရမည်ဟု ပန်းတဉ်းဝန် ပညာဒေဝကို မိန့်ထားတော်မူခဲ့သည်။ စဉ့်ကူမင်းလက်ထက်တွင်မှ ပြီးစီး၍ ရေစက်သွန်းချ လှူဒါန်းရလေသည်။

ခေါင်းလောင်းကြီးမှာ ကြေးစင်အချိန်ပိသာ ၁၅၅၅ ရှိလေသည်။ ခေါင်းလောင်းတော်အရွယ်မှာ အချင်း ငါးတောင်၊ အရပ်အမြင့် ခုနစ်တောင် နှစ်မိုက်၊ လုံးပတ် ၁၅ တောင်၊ အထူ နှစ်မိုက် ငါးသစ် ဟူ၍ မြန်မာတို့၏ အတိုင်းအထွာများကို မှတ်တမ်းတင်ထားသည်။

ယနေ့ မျက်မြင်တိုင်းထွာချက်များအရ အရပ်အမြင့် ၁၁ပေ ၃လက်မ၊ အဝလုံးပတ် ၂၂ ပေခွဲ၊ ဒု ၁ မေ ၉ လက်မ ရှိသည်ဟု လေ့လာသိရှိမှတ်သားရပါသည်။

စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီး သွန်းလုပ်ပြီးစီးသော အချိန်မှာ သက္ကရာဇ် ၁၁၄၀ ပြည့် တပို့တွဲလဆန်း (၁၁)ရက် ဗုဒ္ဓဟူးနေ့ ဖြစ်သည်ဟူ၍ ခေါင်းလောင်းစာအရ သိရသည်။

စဉ့်ကူးမင်းလက်ထက်တွင် တင်လှူသောကြောင့် "စဉ့်ကူးမင်းခေါင်းလောင်း" ဟု တွင်သည်။

ထိုခေါင်းလောင်းတော်ကြီးကို ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄) တွင် ရွှေတိဂုံကုန်းတော်ပေါ်သို့ တက်ရောက်သိမ်းပိုက်မိသော အင်္ဂလိပ်တို့သည် မိမိတို့နိုင်ငံသို့ အောင်ပွဲ အထိမ်းအမှတ်အဖြစ် ယူဆောင်သွားရန် ဧရတီရင်ပြင်တော်မှ ဖြုတ်ယူကြလေသည်။

ဖြုတ်ယူပြီးနောက် သင်္ဘောပေါ်သို့ တင်ရာတွင် မြစ်ထဲသို့ကျလေသည်။ အင်္ဂလိပ်တို့သည် ခေါင်းလောင်းကြီးကို အမျိုးမျိုး ကြိုးစား၍ ဆယ်ယူသော်လည်း မရသဖြင့် လက်လျှော့ထားခဲ့ရလေသည်။ ရန်ကုန်မြစ်ထဲတွင် ကျလျက်ရှိသော ခေါင်းလောင်းကြီးကို အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲပြီးသည့်နောက်တွင် မြန်မာတို့က ပြန်လည်ဆယ်ယူရရှိခဲ့လေသည်။

ဆယ်ယူပုံမှာ ရန်ကုန်မြစ်တွင်း၌ ရေကျနေစဉ် ခေါင်းလောင်းကြီးကို ကျောက်သံကြိုး နှစ်ပင်ဖြင့် မြဲအောင် ချည်နှောင်၍ထား၏။ ထိုကျောက်ကြိုးကို ခေါင်းလောင်းပေါ်တွင် ရပ်တန့်လျက်ရှိသော သင်္ဘောနှင့်ဆက်ချည်၍ ထားသည်။ ဒီရေ တက်လာသောအခါ သင်္ဘောမြင့်တက်ပြီး ခေါင်းလောင်းကြီးသည် မြစ်တွင်းမှ ကြွ၍ပါလာသဖြင့် ကမ်းနားသို့ ယူဆောင်လေသည်။

ထို့နောက် ခေါင်းလောင်းကြီးကို အခမ်းအနားဖြင့် သယ်ယူ၍ မူလရှိရာ နေရာဖြစ်သော ရွှေတိဂုံစေတီတော်ရင်ပြင်သို့ ၁၈၂၆ ခုနှစ်တွင် ပြန်လည် ပို့ဆောင်ထားလေသည်။

၁၉၈၀ ပြည့်နှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ယဉ်ကျေးမှုဝန်ကြီး ဒုတိယဗိုလ်မှူးကြီးလှဖေ (ပြည်လှဖေ)က စဉ့်ကူးမင်းခေါင်းလောင်းကြီး သမိုင်းကြောင်းကို ဇာတ်ကွက်၊ ဇာတ်လမ်း၊ တေးဂီတ လူအင်အားများစွာ အသုံးပြု၍ စင်တင်ကပြခဲ့ဖူးပါသည်။

မြန်မာတို့၏ ညီညွတ်ခြင်းသည် အင်အား သရုပ်ကို ဖော်ထုတ်ပြသခဲ့သည်။ စုပေါင်းညီညာအောင်ကြောင်း ဖြာဝေပုံကို သာကေတင်၍ စင်တော်ထက်မှ ပြည်သူလူထု အသိစိတ်ဓာတ်များ နိုးကြားစေခဲ့သည်။ ရန်ကုန်နှင့် မန္တလေး အထက်အညာမြို့ကြီးများသို့ သွားရောက် ကပြအောင်ပွဲခံနိုင်ခဲ့ပါသည်။

ကျွန်တော်သည် စဉ့်ကူးမင်းခေါင်းလောင်းကြီးကို ဗိုလ်မှူးကြီး စိန်ဝင်းအောင် (သံအမတ်ကြီး ငြိမ်း) ရွှေတိဂုံဂေါပကအဖွဲ့ဝင်ထံ ခွင့်ပန်လျက် လက်တွေ့မျက်မြင် သုတေသနမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ နောင်တော်ကြီး ဦးစိန်ဝင်းအောင်ကို အထူးကျေးဇူးတင်ရပါသည်။

ယနေ့အချိန်တွင် စဉ့်ကူးမင်းခေါင်းလောင်းကြီးကို ရာဟုထောင့် ရွှေတိဂုံခြေတော်ရင်း ရင်ပြင်တွင် ချိတ်ဆွဲထားပါသည်။

မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်တို့ကို သက်သေပြလျက်ရှိသော သမိုင်းဝင်ဖြစ်ရပ်ဆန်းဖြစ်သည်။အင်္ဂလိပ်နယ်ချဲ့တို့ မြန်မာ့မြေပေါ် မြေအောက်ရတနာဟူသရွေ့ သယ်ယူသွားခဲ့သည်။ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ သံ၊ သတ္တု၊

www.burmeseclassic.com

www.burmeseclassic.com

ရတနာအမျိုးမျိုး တို့ကို ကျွန်ပြု၍ ထုတ်ယူသွားကြသည်။

မြန်မာတို့၏ ဘုရား၊ ခေါင်းလောင်း၊ ပေ၊ ပုရပိုက်၊ ပန်းဆယ်မျိုး တို့သည် အင်္ဂလိပ် နယ်ချဲ့ပြတိုက်ထဲရောက်ရှိသွားခဲ့သည်။ သို့သော် မြန်မာ့သံဃာဓိတ်ဓာတ်ဖြင့် စဉ်ကူးမင်း ခေါင်းလောင်းကား မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့လေပေါ်ဝယ် အစဉ်ထာဝရ တည်ရှိနေမည်သာ။

စဉ်ကူးမင်းခေါင်းလောင်းကြီး တည်နေရာမှာ ရွှေတိဂုံစေတီတော် အောင်မြေနှင့် ရွှေတိဂုံစေတီတော် ပြတိုက်ကြီးအကြားတွင် တည်ရှိသည်။ "စဉ်ကူးမင်းခေါင်းလောင်း" အမည်နာမကမ္မည်းသ၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနှင့် ရေးထိုးထားသည်။ တန်စောင်း မုခ်ဦးဖြင့် ခံ့ထည်စွာထားရှိသည်။ မြန်မာ့ရိုးရာ ပန်း(၁၀)မျိုးတို့က အလှချင်းပြိုင် ဝန်းရံခံနေကြသည်။

စဉ်ကူးမင်း ခေါင်းလောင်း အမည် အထက်တွင် ရတနာပုံခေတ် ခေါင်းဒင်္ဂါးက ခေါင်းပုံကို ရွှေဝင်းဝင်း ဝါဝါနှင့် တွေ့နိုင်သည်။

စဉ်ကူးမင်း ခေါင်းလောင်း တန်ဆောင်းတော်ကြီးကို မြန်မာမှုဗိသုကာ လေးပင်ပတ်လည် အခန်း(၃) ခန်း ဖွဲ့ထားသည်။ အရှေ့တွင် လှေကားတပ်ဆင်၍ အောင်မြေကို မျက်နှာဖွင့်ထားပါသည်။ စဉ်ကူးမင်းခေါင်းလောင်းတောင်ဘက်တွင် ဘုရားသုံးဆူ စကျင်ကျောက်ဆင်းတု တစ်ဆူကို သစ်သားပန်းပု ဆင်းတုတော်နှစ်ဆူက ဘယ်ညာဝန်းရံလျက် ရှိသည်။ သစ်သားဆင်းတုတော်များကို သစ်စေးသုတ်၍ ရွှေပိန်းချထားသည်။ အရှေ့ ဘယ်ညာတွင် ရဟန္တာ (၂)ပါးကို ဖူးတွေ့ရပါသည်။

ဘုရားဆင်းတုတော် (၃)ဆူမှာ ဗောဓိမုဒြာပုံသဏ္ဌာန်ဖြစ်ပြီး ဘယ်လက်တင်၍ ညာလက်ချကာ တင်ပျဉ်ခွေ စံပယ်နေပါသည်။

စကျင်ကျောက်ဆင်းတု အောက်ခြေတွင် သက္ကရာဇ် ၁၂၈၂ ခု၊ နတ်တော်လဆန်း (၇) ရက်နေ့ ရန်ကုန် ပန်းဆိုးတန်း ဘုရားဒကာကြီး ဦးဘိုကြီး၊ ဘုရားအမ ဒေါ်ကြီး သားသမီးတစ်စု ကောင်းမှု ဟူသော ကျောက်စာချပ်ကို တွေ့ရပါသည်။

အဆောက်အအုံ ပွတ်လုံးသံတိုင်ကြိုးများကို ပန်းခက်ပန်းဝိုင်းများဖြင့် အလှဆင်ထားပါသည်။ သံတိုင်ကြိုးများမှာ ကြံ့ခိုင်မာကျောမှုရှိပါသည်။ တန်ဆောင်းမျက်နှာကြက်များကို ခြူးပန်း၊ ကနုတ်ဗီဇာ၊ ယိုးဒယား ပန်းပြောက်နှင့် ခြယ်မှုန်းထားပါသည်။

မြောက်ဘက်နံရံမျက်နှာကြက်ပေါ်ဝယ် ဆေးရောင်စုံပန်းချီကား (၄) ချပ်ကို တွေ့ရပါသည်။ ပန်းချီပညာရှင်မှာ အုန်းမြင့်ဝင်း ၁၉၈၇ ဟူ၍ လက်မှတ်ရေးထိုးထားပါသည်။

တန်ဆောင်းမုခ်ဦး အဝင်ဝ ပထမပန်းချီကားချပ်တွင် စဉ်ကူးမင်းထံ ခေါင်းလောင်းကြီး သွန်းလုပ်ပြီးစီး၍ ပြည်သူလူထု မင်းညီမင်းသား ပညာရှင်များက အပ်နှံပုံကို တွေ့မြင်ရသည်။

ဒုတိယပန်းချီကားချပ်ကြီးတွင် စဉ်ကူးမင်းနှင့် ပြည်သူလူထု ရဟန်းရှင်လူတို့ ခေါင်းလောင်းကြီး အလှူကုသိုလ်တော်ထူးကို ရေစက်သွန်းချ အလှူဒါန်းကုသိုလ်ပုံကို လေ့လာတွေ့ရှိရသည်။

တတိယပုံတွင်မူ မြန်မာ့မြေပေါ်ကို ကျူးကျော်သိမ်းပိုက်ခဲ့သော အင်္ဂလိပ်စစ်တပ်မှ စဉ်ကူးမင်း ခေါင်းလောင်းကြီး သယ်ယူနေစဉ် ရန်ကုန်မြစ်အတွင်းသို့ ကျသွားပုံကို မျက်ဝါးထင်ထင် တွေ့မြင်မှတ်သားရပါသည်။

စတုတ္ထ ပန်းချီကားချပ်သည် အနောက်ဘက် မျက်နှာကြက်ပေါ်တွင် ရှိပြီး မြန်မာလူမျိုးတို့ စည်းလုံးညီညွတ်စွာ ပြည်သူပြည်သား ရဟန်းရှင်လူတို့ ကုန်းပေါ် တင်ဆောင်သယ်ယူနေပုံနှင့် မြန်မာစစ်သူကြီး တစ်ဦးက ညွှန်ကြားအားပေးနေပုံကို လေ့လာတွေ့ရှိရပါသည်။

အထက်ခေါင်မိုး စဉ်ကူးမင်းခေါင်းလောင်းချိတ်ကို သစ်သားမျက်နှာကြက်များ ဖုံးနေ၍ ရှင်းလင်းတိကျစွာ မသိခဲ့ရပါ။ ခေါင်းလောင်း နဖားကြိုးကို နရားပုံ ဘယ်ညာ ရွှေချထားသည်။ ခေါင်းလောင်းချိတ်ဆက်အပေါ်တွင် နတ်မင်းရုပ်တု ရွှေချထားသည်။

ပုစွန်တုပ်ကွေးကွင်းပေါ်ဝယ် ခြင်္သေ့နှစ်ကောင် ထိပ်နှစ်ဖက်တွင်ရှိနေသည်။ ခေါင်းလောင်းလျှိုသပ်တုံးဘေးတွင် နတ်ရုပ် နဂါးရုပ်များကို တွေ့ရသည်။ စဉ်ကူးမင်းခေါင်းလောင်းတော် အသွင်တင့် အမြင် ဝင့်ထည်စေရန် မြန်မာ့ မှန်စီရွှေချ လက်မှုပညာရပ်ကိုလည်း တွေ့ရသည်။

ခေါင်းလောင်းလည်ရစ် ပထမဘုံဆင့်ကို ဝ သဏ္ဌာန် စက်ဝိုင်းကြိုးများဖြင့် ပုံဖော်ထားသည်။ အလယ်ခန်းဆင့် အပေါ်တန်းတွင်မူ စဓဝဝ -စမအင်းအပွင့်များကို လှပသေသပ်စွာ ရေးထိုးထားသည်။ မြန်မာတို့၏ ပညာရပ်တွင် မပါလျှင် မပြီးသော အင်းကွက်၊ အင်းဆန်၊ အင်းပန်းခက်၊ အင်းဆွဲ၊ အင်းတို့၊ အင်းရှည်များကို ကျွန်သေသပ်စွာ ထုဆစ်ထားပါသည်။ အလယ်ခန်း ဆင့်အောက်တန်းတွင်မူ စဓဝဝ-စမအင်းအပိတ်ဖြင့် ထည့်သွင်းရေးထိုး

www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ သပိတ်မှောက် ခေါင်းလောင်းအခြေတွင် ခေါင်းလောင်းစာများကို အပြည့်အစုံ ရေးထိုးထားသည်။

စဉ်ကူးမင်း ခေါင်းလောင်း၏ သမိုင်းဝင် အချုပ်အခေါင်စာတန်းများကို လေ့လာမှတ်တမ်းတွင် ဖော်ထုတ်၍ သမိုင်းပညာရှင်များမှ ကမ္ဘည်းမော်ကွန်းတင်ထားသင့်ပါသည်။ (အစ်ကိုကြီး ဒေါက်တာတိုးလှ၏ သုခမိန်အခန်းပညာသား ဖြစ်မည် ထင်ပါသည်)။

ခေါင်းလောင်းကြီး အဝန္တတ်ခမ်းကြီးများသည် အင်္ဂလိပ်စစ်တပ် ရန်ကုန်မြစ်အတွင်း သယ်ယူစဉ်တွင် လည်းကောင်း၊ ရန်ကုန်မြစ်အတွင်းမှ မြန်မာတို့ ဆယ်ယူရာတွင်လည်းကောင်း ဒဏ်ရာဒဏ်ချက်များအဖြစ် အမာရွတ်များ ကျန်ရစ်နေခဲ့ပါသည်။ ခေါင်းလောင်းကြီး ဝန်နှင့်အား မမျှ၍ မပြုတ်ကျစေရန် ခေါင်းလောင်းအတွင်းသားတွင် အသားမာ သစ်သားချောင်းကြီးများကို အောက်ခြေဒေါက်တိုင် တစ်ချောင်း ကျားကန်ထားပါသည်။ ခေါင်းလောင်းကြီးရေရှည် တည်တံ့စေရန်အတွက် တွန်းထိုးခြင်းများ မပြုလုပ်နိုင်ရန် စတီးသံတန်းများ အဝိုင်းသဏ္ဌာန် ခြံခတ်ထားပါသည်။ ခေါင်းလောင်းစာနှင့် အင်းချပ်များ လေ့လာဖတ်ရှုနိုင်ရန် စတီးတံခါးတစ်ခု တပ်ဆင်ထားပါသည်။

အင်္ဂလိပ်တို့ ရန်ကုန်မြစ်အတွင်း ကျ၍ ဆယ်မရနိုင်ခဲ့သော စဉ်ကူးမင်း ခေါင်းလောင်းတန်ဖိုးသတ္တိကား အံ့ဖွယ်တစ်ပါး ဖြစ်တော့၏။ ရေအဆုံး ကုန်းတစ်ဝက်ဆိုသော မြန်မာစကားအတိုင်း အင်္ဂလိပ်တို့ ရန်ကုန်မြစ်မ ရေပြင်ဝယ် နစ်မြုပ်ဆုံးရှုံးခဲ့မှုကို မြန်မာတိုင်းရင်းသားတို့၏ ကာယအား ဉာဏအား သတ္တိစွမ်းအားတို့ဖြင့် ကုန်းပေါ်သို့ ပင့်တင်ပြီး ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် နောက်ထပ်တစ်ကြိမ် ဆက်ကပ်လှူဒါန်းထားသော စဉ်ကူးမင်း ခေါင်းလောင်းသည် ရေ၊ လေ၊ မြေ၊ မီး သီဒိုပြီးမြောက် သာသနာဝင် ခေါင်းလောင်း ဖြစ်ပါသည်။

စဉ်ကူးမင်း ခေါင်းလောင်းတော်၏ အစဉ်မပြိုး ဆန်းသစ် မြင့်မြတ်သော မြန်မာတို့၏ စိတ်ရင်းစေတနာ၊ သစ္စာ၊ မေတ္တာ၊ မုဒိတာတို့ကား နေတစ်ဆူ လတစ်ပါး ထင်ရှားနေမည်သာတည်း။

ယောနကဘိုးထောင်

❑

ယခုမှ (၁)နှစ်အတွင်း သင်ကုံကြမ္မာ သေချာမှန်ကန်တိကျ သိစေရမည်

● အိုးအိမ်အဆောက်အအုံကောင်းတွေ ဝင်ရောက်ရရှိနိုင်မလား ● အလုပ်အကိုင်သစ်တွေ တိုးချဲ့လုပ်ကိုင်ရနိုင်မလား ● အမှုအခင်းကိစ္စတွေ အနိုင်ရရှိမလား ● ခက်ခဲ ကြန့်ကြာနေတဲ့ကိစ္စတွေ အမြန်ဆုံးပြီးပြတ် အဆင်ပြေသွားမလား ● ကြီးမားတဲ့ လုပ်ငန်းကြီး၊ တာဝန်ကြီး၊ ရာထူးအာဏာကြီးတွေ ပေးအပ်ခံရကိန်း ရှိမလား ● ပြည်ပခရီးသွားကိစ္စတွေ အဆင်ပြေ အောင်မြင်မလား ● နိုင်ငံခြားငွေများများ ဝင်ရောက် ရရှိကိန်းရှိလား ● ပြည်ပအလုပ်အကိုင်ကိစ္စတွေ အဆင်ပြေ အောင်မြင်နိုင်ကိန်း ရှိလား ● ဘာသာရေးကိစ္စတွေ ဆောင်ရွက်အောင်မြင်မလား ● အဖျော်ယမကာနဲ့ စားသောက်ဆိုင်လုပ်ငန်း အဆင်ပြေ အောင်မြင်မလား။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ ● ယုံကြည်စိတ်ချလိုက်ပါလား ●

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၉-၅၀၆၂၀၄၃၊ ၀၉-၅၁၀၇၆၂၂၊ ၀၉-၃၇၁၀၈၀၇၂၊ ၀၉-၇၃၀၀၅၂၂၄၊ ၀၉-၂၅၂၃၀၆၆၇၅

၀၉-၂၆၀၄၄၄၀၀၊ ၀၉-၇၉၅၆၀၇၀၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓရဲ့ ဗျက်နှာတော်ကို ဖူးမြော်နိုင်အောင် ကိုအေးမင်း(ပဲခူး)

ဥပုသ်နေ့ အားလပ်ရက်တစ်ရက်မှာ အေးအေးလူလူ စာဖတ်နေစဉ် ကားဆိုက်သံကြားလို့ ကြည့်မိတော့ သူငယ်ချင်းများ စုံလင်စွာ ပါလာသည်ကို တွေ့ရသည်။ ကျိုက်ထီးရိုးဘုရားစုံဖူး ခရီးစဉ်တွင် မိမိကိုလည်း စရိတ်ငြိမ်း လိုက်ပါစေလို၍ လာခေါ်ကြခြင်းဖြစ်ကြောင်း ရှင်းပြပြီး မရမကလိုက်ခဲ့ဖို့ ခေါ်နေကြလေသည်။

မိမိနှင့် ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေ(၃, ၄)ဦးမှအပ ကျန်လူများမှာ မျက်နှာသိပ်မစိမ်းလှသည်မို့ တဲကြွရွင်လန်းသော အမူအရာများနှင့်အတူ လိုက်ခဲ့ပါရန် လိုလိုလားလား ခေါ်နေကြသည်။

မိမိက ပင်ကိုဟန်အတိုင်း "အင်း - မလိုက်တော့ပါဘူး သူငယ်ချင်းတို့ရယ်" ဟု အင်းကို ခပ်ရှည်ရှည်ဆွဲကာ သူငယ်ချင်းများကို ပြုံးကြည့်ပြီး ဖြေလိုက်သည်။

သူငယ်ချင်း အောင်ကိုက ဘယ်လိုကိစ္စရှိနေလို့ မလိုက်ရတာလဲ၊ တနှစ်ကိုယ်ရေ တစ်ကာယသမားမို့ အလွန်အရေးကြီးရင်လည်း လိုက်ဖြစ်အောင် ဖျောင်းဖျခေါ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ -

"ဘာဖြစ်လို့ မလိုက်ရတာလဲ" ဟု မိမိကို ကားထဲမှ ခပ်ကျယ်ကျယ် လှမ်းမေးလိုက်သည်။

ဤကဲ့သို့ အမေးကြောင့်ပင် သိလို့ ကျေနပ်သူရော နားမလည်လို့ မကျေနပ်သူများအတွက်ပါ စဉ်းစားကြရတော့မယ့် ဓမ္မသာကစ္စာဝိုင်းမှာ ဆွေးနွေးဖြစ်ကြတဲ့ စကားတစ်လုံး ထွက်ပေါ်လာရခြင်း ဖြစ်ပေတော့သည်။

ကားခေါင်းခန်းထဲတွင် သူငယ်ချင်းအောင်ကိုက ဆရာတော် နှစ်ပါးလည်း ပါသည်ဟု ဆိုသည်။ ဘုရားဖူးသွားကြသူများ ဖြစ်ကြလို့ အော်ကြီးဟစ်ကျယ်မပြောကြသော်လည်း နေရာစုံမှ အသံစုံသဖြင့် အနည်းငယ်တော့ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ မိမိ၏အဖြေကို ကြားလိုက်ရသောအခါ ကားပေါ်မှ အသံအားလုံး တိတ်ဆိတ်သွားသည်ဟု ဆိုပါသည်။ စဉ်းစားခြင်းတည်းဟူသော မြားတံများ ဘုရားဖူးသွားမည့် သူငယ်ချင်းအသီးသီးတို့ ရင်တွင်းသို့ စူးဝင်သွားကြခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

ကျိုက်ထီးရိုးဘုရားဖူးရာမှ ပြန်လာကြသော ကိုအောင်ကိုနှင့် ကိုထိန်လင်းတို့သည် ညနေ ၄ နာရီခန့် မိမိအိမ်သို့ ရောက်ချလာကြသည်။ ရောက်မဆိုက်ပင် ကိုထိန်လင်းက -

"မင်းလုပ်ပုံက ဟိုသူငယ်ချင်း ဘုရားဖူးတွေကို အားနာဖို့ကောင်းလိုက်တာ မလိုက်တော့ဘူးဆိုရင်လည်း ပြီးတာပဲ"

ကိုအောင်ကိုက ဆက်ပြီး -

"တို့နှစ်ယောက်ကတော့ မင်းနဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေဖြစ်လို့ ဓာတ်သိမို့ ခွင့်လွှတ်နားလည်နိုင်ကြတယ်ဆိုပေမယ့် ခပ်စိမ်းစိမ်း ဘုရားဖူးတွေ ပါလာတယ်ဆိုရင် ကြားလိုက်ရတာနဲ့ ကြက်သီးမွေးညှင်းထသွားလောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်ကိုနှင့် ကိုထိန်လင်းတို့မှာ မိမိနှင့် ငယ်သူငယ်ချင်းများ ဖြစ်ကြသည့်အလျောက် ကျောင်းပြီးလို့ ဌာနအသီးသီးမှာ အလုပ်ဝင်ကြတော့တဲ့အထိ အခါအားလျော်စွာ ဆုံတွေ့မြဲဖြစ်ကြသည်။ မိမိရဲ့ သာသနာရေး ခံယူချက်နှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှု ခမ္မသာကစ္ဆာပြုလုပ်နေကျ ဖြစ်၍ နားလည်နေကြပြီဖြစ်တဲ့အလျောက် သူတို့ကိုယ်တိုင်က စိတ်အထင် စာအစွဲ ဘာသာစွဲ စသည့်တချို့ကို မစွန့်လွှတ်နိုင်ကြသေးစေကာမူ မိမိ၏ အယူအဆ အတွေးအခေါ်များကိုတော့ နှစ်သက်မှုရှိကြသည်။

"အမှန်ကတော့ သူတို့တွေလည်း တကယ့်ကို သဒ္ဓါယုံကြည်စိတ်နဲ့ ဘုရားဖူးကြတာပဲလို့" မြင်မိသည်ဟု ကိုအောင်ကိုက ဘုရားဖူးများအပေါ် အားနာစိတ်ဖြင့် ငဲ့ညှာစိတ်ရောယှက်ကာ ပြောလာသည်။

စာရေးသူ။ အေးဗျာ အားနာဖို့ကောင်းတာတော့ အမှန်ပဲ၊ အားနာလို့ မပြောပြန်ရင်လည်း ငဲ့ကိုင်မရှိတဲ့လေ့လို ဦးတည်ရာ ပန်းတိုင်ကို ရောက်ဖို့ မဖြစ်နိုင်ပြန်ဘူး၊ ကိုယ့်စိတ်ထဲကတော့ ဘုရားဖူးတွေရဲ့ စေတနာတွေ၊ သဒ္ဓါတွေကို ထိခိုက်စေလိုတဲ့ သဘောမဟုတ်ပါဘူး၊ မိမိတစ်ဦးတည်းရဲ့ မြတ်ဗုဒ္ဓအပေါ်ထားတဲ့ ဘရဏဂုံပျက်မှာစိုးလို့ပါ၊ သူငယ်ချင်းတို့နဲ့တော့ ဆွေးနွေးရဦးမယ်၊ ဗုဒ္ဓဘုရားဆိုတာ ဉာဏ်တော်ကို ခေါ်တာလား၊ ပုဂ္ဂိုလ်ဒြပ်ကို ခေါ်တာလား ဆိုရင် ဘယ်လိုအဖြေပေးမလဲ။

ကိုအောင်ကို။ ပဓာနကတော့ သစ္စာလေးပါးကိုသိတဲ့ ဉာဏ်ပေါ့ကွာ၊ ဂုဏ်ရဲ့တည်ရာ ပုဂ္ဂိုလ်ကိုလည်း ဘုရားလို့ ခေါ်တာ မှားလို့လားကွ။

စာရေးသူ။ ဒါဖြင့်ရင်ကွာ၊ ဘုရားလို့ ဆိုတိုင်း ဘုရားဂုဏ်တော်နဲ့ ပြည့်စုံပါ့မလား ဆိုရင်ကော။

ကိုထိန်လင်း။ ဒါတော့ပြောလို့ဘယ်ရမလဲ၊ ပုရာဏကဿပတို့လို ဘုရားဘွဲ့ခံတွေကိုတော့ ဂေါတမဗုဒ္ဓလို နေရာမျိုးမှာထားပြီး ကိုးကွယ်လို့ ဘယ်ဖြစ်မှာလဲကွ။

စာရေးသူ။ သူတို့မှာလည်း သယ်ဒေဝ ဂဏိစ ရတ္တညူ တိတ္ထိကရ စတဲ့ဂုဏ်တွေ ရှိမနေဘူးလား၊ လက်ချိုး ရေတွက်ကြည့်ရင် (၁၁)မျိုးတောင် ရှိမယ်ထင်တယ်။

ကိုအောင်ကို။ မတူဘူးလေ၊ အဲဒါတွေက အနှစ်ဂုဏ်မှမဟုတ်တာ၊ တို့များရဲ့ ဘုရားဂုဏ်က အရဟံ သမ္မာသမ္ဗုဒ္ဓါ စတဲ့ဂုဏ်တော်တွေလေ"

စာရေးသူ။ ဟုတ်ပြီကွာ၊ ကိုယ်လိုချင်တာက အဲဒီအချက်ပဲ ကိုယ်တို့ဘုရားမှာ ဂုဏ်တော်(၉)ပါး ရှိတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းနီးပါး သိနေကြတယ်၊ ဒီဂုဏ်တော်(၉)ပါးထဲမှာမှ ကိုယ့်အနေဖြင့် အကြည်ညိုဆုံးက ဗုဒ္ဓါဂုဏ်တော်နဲ့ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်တွေပဲ။

ကိုထိန်လင်း။ ဒါကြောင့်မို့ မင်းကို ခွစာကြီး၊ လူကတ်ကြီးလို့ ပြောကြတာကိုး၊ ဂုဏ်တော် (၉)ပါး ရှိတာ အားလုံးပေါင်းပြီး တစ်ဆင့်တည်း ထင်ပြီး၊ ကြည်ညိုလိုက်ရင် ပြီးတာပဲကွာ။

စာရေးသူ။ ကိုယ့်အနေနဲ့က ဒီဖြင် ဂုဏ်တော်တွေကို မကြည်ညိုဘူး ပြောနေတာ မဟုတ်ပါဘူး၊ တန်ခိုးထက် ပညာကိုပိုပြီး တန်ဖိုးထားချင်လွန်းလို့ပါ။

ဂေါတမဗုဒ္ဓဘုရားရှင်ကို ပညာဓိကဘုရားလို့ဆိုတာ မင်းတို့လည်း အသိသား မဟုတ်လား၊ ဥပမာကွာ သမ္မာသမ္ဗုဒ္ဓါဂုဏ်တော်ကို တရားဓမ္မကို ကောင်းစွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူသောလို့ဆိုရင် ဘယ်ဘုရားမဆို မကွလိတို့၊ အဇိတတို့၊ နိဂဏ္ဌ်းတို့ကလည်း သူတို့တရား သူတို့ ကောင်းစွာကိုယ်တိုင်သိကြတာပဲလို့ ပြောကြမှာပဲ၊ ဗုဒ္ဓရဲ့ သိပုံနဲ့ သူတို့သိပုံ မတူပေမယ့် စကားအရာမှာ လိုက်တူကြမှာ သေချာတယ်၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသောလို့ ပြန်ဆိုခဲ့ရင် နိဂဏ္ဌ်းအမည်ရ မဟာဝီရရှိမ်း ဘုရားကြီးတို့က သမ္မဥ္ဇာသဝီဘွဲ့နဲ့ လာယှဉ်နိုင်တယ်၊ ကဲ- ထားပါတော့ ဒါတွေ ပြောနေရင် လိုရင်းကို မရောက်ဘဲနေတော့မယ်၊ ဗုဒ္ဓါ သစ္စာလေးပါးကို တိုယ်တိုင်သိပြီး တစ်ပါးသူများကိုလည်း သိအောင် ဟောကြားနိုင်တယ်ဆိုတဲ့ ဂုဏ်မျိုးက ဘယ်ဘုရားဘွဲ့ခံ ပုဂ္ဂိုလ်မျိုးကမှ လာယှဉ်လို့မရနိုင်ပါဘူး။

စကားလုံးတစ်လုံးရဲ့ အဓိပ္ပာယ်ကို အခြားစကားလုံးတွေနဲ့ နှိုင်းယှဉ် လေ့လာကြည့်ရင် ဘယ်စကားလုံးက ဖြဲပ်မှာရှိတဲ့ အရည်အသွေးနဲ့ ပိုပြီးအံဝင်ခွင်ကျဖြစ်တယ်ဆိုတာ သိနိုင်ပါတယ်၊ စကားလုံးရဲ့ တန်ဖိုးကြီးပုံကို ပြောတာ မဟုတ်ဘူးနော်။

တချို့စကားက ကိုယ်ရည်ရွယ်တဲ့ ဖြဲပ်ရဲ့ ဂုဏ်ကိုသာမက တခြား ကိုယ်မရည်ရွယ်တာနဲ့ပါ သွားပြီနေတတ်တယ်၊ သူတို့မှာ တကယ်မရှိပေမယ့် သူတို့သုံးတာနဲ့က တစ်ပိုင်းတစ်စတော့ ချိတ်မိ တွယ်မိဖြစ်နေတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

စကားစကိုခဏရပ်ထားပြီး သူတို့နှစ်ယောက်အတွက် ရေနွေးကြမ်းငွေးပေးလိုက်တယ်။ မိမိလည်း တစ်ခွက် ထည့်သောက်နေရင်း အဓိပ္ပာယ်ပေါက်နိုင်ပါ့မလား၊ အကဲခတ်တော့ ကိုအောင်ကိုက ရေနွေးကြမ်းကို တစ်ကျိုက်မော့ရင်း-

ကိုအောင်ကို။ သူငယ်ချင်းပြောနေတာ စကားလမ်းကြောင်း အပြင်ရောက်သွားပြီနဲ့ တူတယ်နော်။

စာရေးသူ။ မရောက်ပါဘူးကွာ၊ ကိုယ်ပြောချင်တာကို အခုဆွဲထုတ်နေတာပါ။ မြတ်ဗုဒ္ဓရဲ့ ဗုဒ္ဓဝုဏ်တော် အကြောင်းကို ဆွေးနွေးလာကြတာ၊ ဗုဒ္ဓဘို့ကို မြန်မာလို သစ္စာလေးပါးကို သိတော်မူသော့ မြတ်စွာဘုရားလို့ဆိုရင် လက်ခံနိုင်လောက်ပါတယ်၊ ဘယ်ဆရာမှ လမ်းညွှန်လို့ သိလာတာ မဟုတ်ပါဘူး၊ ကိုယ်တိုင်ဉာဏ်နဲ့ ထိုးထွင်းသိလာတာ ဖြစ်ပါတယ်၊ အလိုလို သိတော်မူသော့ ဆိုရင်တော့ စဉ်းစားရတော့မယ်၊ အသိဉာဏ်နဲ့ ကြိုးစားအားထုတ်ခြင်းမရှိဘဲ ဘာဝေတဇ္ဈ မလုပ်ဘဲ သိလာတယ်ဆိုတာမျိုး အဓိပ္ပာယ်ကောက်မိမှာ စိုးရတယ်၊ သမိုင်းတစ်လျှောက်မှာ လောကီ လောကုတ္တရာ ဖြစ်စဉ်တွေကို အစုံလိုက်ခွဲပြီး ကြောင်းကျိုးအမှန်ကို တိကျမှိုင်မာစွာ သိမြင်တင်ပြနိုင်တဲ့ ဘုရားဆိုလို့ တို့များရဲ့ ဂေါတမဗုဒ္ဓတစ်ပါးပဲ ရှိတယ်။

ကိုအောင်ကို။ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားတွေလည်း ရှိသေးတယ်လေ။

စာရေးသူ။ ကိုယ်ပြောတာ ရှင်းပါတယ်၊ သမိုင်းတစ်လျှောက်မှာလို့ ပြောခဲ့ပြီပဲ၊ ကဲ ဆက်မယ်နော် မြတ်ဗုဒ္ဓကိုယ်တော်မြတ်က ပြဿနာကို လူကိုယ်မှာ ရှာခဲ့တာ လူတစ်ဦးရဲ့ အဖြစ်အပျက်ဆိုတာ တစ်လောကလုံးရဲ့ စံနမူနာဖြစ်လို့ပဲ၊ သူငယ်ချင်းတို့ကို ဟိန္ဒူဘုရားကြီး တစ်ဆူရဲ့ စကားကို ပြောပြချင်တယ်၊

"I am in all" ငါသည် အရာအားလုံး ဖြစ်ရှိသည်။ "All is in me" အရာအားလုံးသည် ငါဖြစ်သည်၊ အရာအားလုံး ငါဖြစ်သလို ငါလည်း အရာအားလုံး ဖြစ်တယ်လို့ ဆိုလိုတာပေါ့ကွာ၊ တစ်ဦးမှာ ရှိနေ ဖြစ်နေတဲ့ ဒုက္ခဆိုတာ တခြားလူအားလုံးမှာလည်း ရှိနေ ဖြစ်နေတာပဲ၊ တခြားလူအားလုံးမှာ ရှိနေ ဖြစ်နေတယ်ဆိုတဲ့ ဒုက္ခဆိုတာလည်း လူတစ်ဦးမှာ ရှိနေ ဖြစ်နေတာပဲ မဟုတ်လား၊ မြတ်ဗုဒ္ဓက ဣမသ္မိံယေဝကဋ္ဌေဝရေလို့ ကေဝုစ်နဲ့ ဟောလိုက်ရတာက ခွေးနဲ့မျောက်ပုံပြင်ထဲကလိုပဲ ကိုယ်အမောတကော ပြေးရ ပုန်းရတာကို ဒုက္ခလို့မပြင်ဘဲ ခွေးကြီး လျှာတွဲလောင်းကျနေတာကို ဒုက္ခလို့ပြင်တဲ့ သစ်ပင်ပေါ် တက်ပြေးတဲ့ မျောက်လို မဖြစ်စေချင်လို့ပဲ၊ ဒီတော့ လက်ရှိ ခန္ဓာတို့ အာယတနတို့ ထင်ရှားဖြစ်လာတာကို ဇာတိလို့ ဟောထားတယ်နော်"

ကိုထိန်လင်း။ နိဒါနသံယုတ်၊ ဝိဘင်္ဂသုတ်မှာ ဖွင့်ထားတယ်လေကွာ၊ လေးနက်တဲ့ အဘိဓမ္မာဉာဏ်ကြီးနဲ့ ကြည့်စရာမလိုလောက်အောင် သိသာမှုရှိပြီး ရှင်းနေပါတယ်။

စာရေးသူ။ စူးစူးစိုက်စိုက် နားထောင်တယ်၊ နားမလည်ရင်လည်း နားလည်အောင် ဆန်းစစ်ညှိနှိုင်းမေးမြန်းကြတယ်၊ အရေးကြီးတာက နားလည်ချင်တဲ့ စိတ်ထက်သန်မှု ရှိဖို့ပဲ မဟုတ်ပါလား၊ ဒါမှ ဓမ္မသာကစ္ဆာရဲ့ အောင်မြင်မှုကို ရှေးရှုနိုင်မယ်ပေါ့ကွာ၊ အောင်မြင်တယ် ဆိုတာကလည်း မှန်ကန်တဲ့ အသိဉာဏ်ကို ရဖို့အတွက် ဆန့်ကျင်ဘက် မပြုလိုတဲ့ ဦးတည်ချက်ကို မျက်ခြည်မပြတ်စေဖို့ အရေးကြီးတယ်လေ။

ကိုအောင်ကို။ လွတ်လပ်စွာ သဘောထား ကွဲလွဲပိုင်ခွင့်ရှိတယ် ဆိုပြီးတော့ မယုံကြည်မှုက စူးစမ်းဝေဖန်ယောင် ဆောင်တတ်ပြီး ခေါင်းမာနေလို့ကတော့ အဖြေမမှန်နိုင်ဘူး၊ ဟုတ်ပါတယ်ကွာ၊ အသိဉာဏ်ဖြစ်ဖို့ပဲ ဦးတည်ဆွေးနွေးပါမယ်ဟုဆိုရင် မူလ လမ်းကြောင်းပေါ် ပြန်တင်လိုက်ကြရအောင်ကွာ။

စာရေးသူ။ သက်ရှိ သက်မဲ့ ခြားနားချက်ရှိပုံကို လေ့လာဖူးကြမယ်၊ ထင်တယ်၊ သက်ရှိက အစာစား၊ လေရှူ၊ ရေသောက်၊ မျိုးပွားစတဲ့ လက္ခဏာရပ်တွေနဲ့ တည်ဆောက်တာ အချိန်ကာလတစ်ခုအထိ တိုးတက်ကြီးပွားလာပေမယ့် နောင်တစ်ချိန်မှာ တည်ဆောက်နိုင်အားတွေ လျော့ကုန်တာပဲ၊ လူဆိုတာ ခံစားမှုရှိတယ်၊ တောင့်တမှုရှိတယ်၊ နုပျိုစဉ်အခါက ရနိုင်တဲ့ အခွင့်အရေးမျိုးကို အိုချိန်မှာ မရတော့ မကျေနပ်ဘူး၊ ရုပ်ခန္ဓာကတော့ သူသဘာဝအတိုင်း စည်းချက်မှန်မှန်သွားနေတာပဲ၊ ဒါပေမဲ့ ပျိုတာ အိုတာကိုကြောက်တော့ အလိုလိုတိုင်းမပြည့်တောင့်တပေမယ့် ပြန်မပျိုတော့ အချည်းနှီးဖြစ်၊ ပျိုရွယ်မှုက တဏှာရဲ့ လှောင်အိမ်ထဲမှာ အမြဲမနေတော့ ယဒနိစ္စံတံ ဒုက္ခံ ဖြစ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကနေ ဗုဒ္ဓက ဆက်ပြီး ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခငြိမ်းရာ ဒုက္ခငြိမ်းရေး အကျင့် ဆိုပြီး သစ္စာလေးပါးကို ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်ပြီး ချခင်းပြလိုက်တာ ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ ပဋိလုံ ဆိုတာလည်း ဒီသစ္စာလေးပါးကိုပဲ ကြောင်းကျိုး အချိတ်အဆက်ကလေးတွေနဲ့ သွယ်တန်းပြလိုက်တာပဲ၊ အဖြစ်တိုင်းမှာ အကြောင်းရှိတယ်၊ ကြောင်းကျိုးဆက်နွယ်မှုတွေကို နောက်ပြန်လှန်လိုက်တဲ့ အခါ အကြောင်းမဲ့ အကြောင်းဆိုတာ မရှိဘူး၊ အချင်းချင်း နေရာဖယ် အကြောင်းပြု နေရာယူ အကျိုးဖြစ်ဆိုသလို အကြောင်းအကျိုး သဘောပဲရှိတယ်လို့ ဆိုတာကိုး၊ မြတ်ဗုဒ္ဓရှင်က လွဲလို့ သိသူမရှိခဲ့ဘူး၊ ပစ္စက္ခနည်း၊ အနုမာနနည်းတွေနဲ့ ကိုက်ညီချိန်ထိုးလို့ရတဲ့ တရားဒေသနာတွေကို မြတ်ဗုဒ္ဓသာဝကကြီးတွေဖြစ်ကြတဲ့ ရှင်ကောဏ္ဍညကြီးကစလို့ တဒဟုပဗ္ဗဇိတော ဆိုတာလို အခု ခဏအတွင်း သက်နံ့ဝတ်လိုက်တဲ့ ကိုရင်လေးကအစ သိခွင့်ရကြတာ မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်ကျေးဇူးတွေပဲ မဟုတ်လား။

ထိုစဉ်- "မိတ်ဆွေတွေ ဘယ်လိုတရား ဆွေးနွေးနေကြတာလဲ"

ဟူသော အသံကို ကြားရသဖြင့် ကိုထိန်လင်းက-

"ဒီကိစ္စက တို့တစ်တွေပဲ ဆွေးနွေးလို့ရမယ်၊ ဒီတော့ ရပ်ထားကြဦးစို့" ဟုပြောကာ ဝင်လာမည့်ပုဂ္ဂိုလ်ကို စောင့်ကြိုနေလိုက်ကြသည်။

အခန်းတွင်းသို့ ဝင်လာသောပုဂ္ဂိုလ်မှာ မိမိနှင့် ရင်းနှီးပြီးဖြစ်သော ဆောက်လုပ်ရေးမှ ပင်စင်ယူပြီး သာသနာ့အကျိုးဆောင် ဓမ္မဒူတလုပ်နေသော ဦးမြင့်ခိုင် ဖြစ်ပါသည်။

"ကိုထိန်လင်းနဲ့ ကိုအောင်ကိုလည်း ရောက်နေတာကိုး၊ ဆွေးနွေးပွဲလေး ဖြစ်နေကြတာပဲ၊ ငြင်းခုံမှုကို အလိုမရှိတဲ့ မြတ်ဗုဒ္ဓရဲ့ မူလေးအတိုင်းပေါ့နော်၊ လွတ်လပ်စွာ သဘောထား ကွဲလွဲပိုင်ခွင့်လည်း ပါတယ်မဟုတ်လား"ဟု ဦးမြင့်ခိုင်က စလိုက်သည်။

ကိုအောင်ကို။ ကဲ- ဦးမြင့်ခိုင်ရေ၊ အစ်ကိုကြီးလာတာ ဘယ်သူမှန်း မသိလို့ စကားဖြတ်ထားကြတာပါ၊ ကျွန်တော်တို့ကလည်း ဒီအကြောင်းဆွေးနွေးနေကြတာပဲ။

စာရေးသူ။ ကျွန်တော် ပြောချင်တာက ဘာကြောင့် သရဏဂုံထိုက်တယ်၊ တစ်နည်း ကိုးကွယ်ဆည်းကပ်ထိုက်တယ်ဆိုတာ ပြောချင်တာပါပဲ၊ ဒီတော့ အားလုံးကို မေးပါရစေ၊ ဗုဒ္ဓဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ပြောမလဲ။

ကိုထိန်လင်း။ သစ္စာလေးပါးကိုသိလို့ ဗုဒ္ဓလို့ ဆိုမယ်ဟု၊ ကဲ ဆက်ပြောပါဦး။

ကိုအောင်ကို။ ကိုးကွယ်တယ်ဆိုတာ လိုအပ်တဲ့ အကျိုးပြီးစီးဖို့ ချဉ်းကပ်တဲ့ သဘောပဲ၊ ဝက္ကလိလို့ ပုဂ္ဂိုလ်ကို စွဲပြီး ကြည်ညိုနေရုံမျှနဲ့တော့ ဘယ်လာကိုးကွယ်ရာမည်မလဲ။

စာရေးသူ။ ကိုအောင်ကိုကြီးကတောင် တွေးရဲတဲ့သတ္တိဗီဇလေးအညှောက်ထွက်လာပြီပဲ၊ ကိုအောင်ကို.ပြောသလို သစ္စာလေးပါးကို ကိုယ်တိုင်သိသလို ဆည်းကပ်ခိုကိုးသူကိုလည်း သိအောင် ဟောပြနိုင်တယ်ဆိုရင် လက်ခံကြမလား။

မိတ်ဆွေသုံးဦးလုံး ခေါင်းညိတ်လိုက်ကြသည်။

"အေးဗျာ ဒီကိစ္စကလည်း စဉ်းစားစရာပဲ" ဟု ကိုထိန်လင်းတို့က ထောက်ခံလိုက်သည်။

စာရေးသူ။ ကျွန်တော်က ကိုးကွယ်မှုကို အကြွင်းမဲ့ ကန့်ကွက်နေတာ မဟုတ်ပါဘူး၊ ပန်းတိုင် မဟုတ်တာကို ပန်းတိုင်ထင်နေမှာ စိုးလို့သာ ပြောရတာပါ၊ တချို့က ဘုရားရှိခိုး ရှည်ရှည်ရွတ်တာကိုပဲ ဧရာမ ဘာသာရေးလုပ်ငန်းကြီးလို့ ထင်နေတတ်ကြလို့ပါ၊ အများစု ဘာသာဝင်တွေအတွက် လောကုတ္တရာရေး မဟုတ်ပေမယ့် စိတ်ဓာတ်အင်အား စုစည်းဖို့တော့ လိုအပ်တာ အမှန်ပါပဲ။

ဦးမြင့်ခိုင်။ ဘုရားရှင်ရဲ့ ကိုယ်စားတော်အနေနဲ့ စိတ်မှာ မှန်းပြီး ကြည်ညိုတယ်ဆိုရင် အကျိုးကောင်းတော့ ထွက်လာနိုင်ပါတယ်။

ကိုထိန်လင်း။ ဗုဒ္ဓရုပ်တုတော်ဆိုတာ ဘာသာတရားတစ်ခုရဲ့ သင်္ကေတမျှဖြစ်ပါတယ်၊ ရုပ်တုကို ကိုးကွယ်ခြင်း မဟုတ်ပါဘူး၊ မိမိရဲ့ စိတ်အစဉ်မှာ နိမိတ်ပုံအဖြစ် ဗုဒ္ဓကို ပင့်ဖိတ်ထားခြင်းပါ၊ ပုံတော်ကို ကြည်ညိုရုံရင်၊ သဒ္ဓါဂုဏ်တော်ကို ကြည်ညိုရင် ပညာလို့ မိန့်ကြားထားသလို ပေါ့ကွာ။

ဦးမြင့်ခိုင်။ မဟာယာနဗုဒ္ဓဘာသာ ဂိုဏ်းအလိုအရ ဗုဒ္ဓရူပကာတော်နှင့် ပတ်သက်ပြီး သမ္ဘောဂကာယ၊ နိမ္မာနကာယ၊ ဓမ္မကာယ ဆိုပြီး သုံးမျိုးသုံးစားရှိပါတယ်၊ ဆွမ်းဘုဉ်းပေးခြင်း၊ ကျိန်းစက်ခြင်း၊ စက်ဖြိုလျှောက်ခြင်း၊ 'တရားစကား ပြောခြင်း၊ လမ်းညွှန်အကြံပြုချက်များ ပေးခြင်းနှင့် တရားဟောခြင်း တို့ကဲ့သို့ နေ့စဉ် ထင်

www.burmeseclassic.com

www.burmeseclassic.com

သာ မြင်သာ ဆောင်ရွက်ချက်တွေအတွက် သမ္ဘောဂကာယနှင့် နိမ္မာနကာယတို့ကို အသုံးပြုရင် ရူပကာယတော်ကို အသုံးချတာပေါ့လေ၊ ပရိနိဗ္ဗာန်ပြသွားသောအခါ ရူပကာယတော်တို့ ချုပ်ငြိမ်းသွားပေမယ့် ဓမ္မကာယ ငေ ကမူ ကွယ်ပချုပ်ငြိမ်းသွားခြင်း မရှိခဲ့ပါဘူး။

ဒါ ဘာကြောင့်လဲဆိုတော့ ကိုယ်တို့ နေ့စဉ်လိုပင် ရှင်တော်ဘုရား၏ တရားဓမ္မကို လိုက်နာကျင့်ဆောင်နေခြင်း၊ သဘောပေါက် နားလည်ခြင်း၊ အမှတ်တရရှိနေခြင်းတို့ဖြင့် မြတ်ဘုရားကို မြင်နေရတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်လေ၊ တရားကိုမြင်မှ ဘုရားကိုမြင်တယ်လို့ ဝက္ကလိကြီးကို ဆုံးမထားတယ်နော်။

ကိုအောင်ကို။ ဦးမြင့်ခိုင်ကြီးက တော်တော်လေးကို လေ့လာထားတာပဲနော် ဟုဆိုကာ ရေနွေးတစ်ခွက်ကို ငဲ့၍ ရွှေ၌ချထားပေးလိုက်သည်။

စာရေးသူ။ ဘုရားရှင်ရဲ့ကိုယ်စား ဆိုတာနဲ့ ပတ်သက်လို့ ယောဝေါအာနန္ဒမယာ ဓမ္မောစ ဒေသိတော ပညတ္တော သော ဝေါမမစ္စ ယေန သတ္ထာ အာနန္ဒ၊ အကြင်ဓမ္မနဲ့ ဝိနယကို ငါဟောကြားပညတ်ခဲ့ပြီပဲ၊ အဲဒီဓမ္မဝိနယဟာ ငါကွယ်ခဲ့ရင် သင်တို့ရဲ့ ဆရာပဲပေါ့၊ အဲဒီပါဠိတော် ဘယ်မှာပါတယ်ဆိုတာ အားလုံးသိပါတယ်နော်။

ဦးမြင့်ခိုင်။ သိပါတယ်ဗျာ၊ ဘုန္တဘုရားရှင် ပရိနိဗ္ဗာန်ယူခါနီးပြောခဲ့တဲ့ နောက်ဆုံး စကားတော်တွေထဲက ဆိုပါတော့။

ကိုအောင်ကို။ ဘုရားရှင်က ငါဘုရား သက်ရှိထင်ရှားရှိနေဆဲမှာ သင်တို့အချင်းချင်း အာဝုသောလို့ ခေါ်ကြပေမယ့် ငါဘုရားမရှိတဲ့နောက် ဘွဲ့ကို သော်လည်းကောင်း၊ အန္တယ်ကိုလည်းကောင်း၊ အာဝုသောဟူ၍လည်းကောင်း၊ အကြီးရဟန်းများက အငယ်ရဟန်းများကို ခေါ်ဝေါ်သုံးနှုန်းကြပြီး အငယ်ရဟန်းများက ဘန္တေတို့၊ အာယသ္မာတို့နဲ့ သုံးနှုန်းခေါ်ဝေါ်ရမယ်လို့ မှာတဲ့အတွက် အကြောင်းအောက်မှာ တစ်ဆက်တည်း ပါတယ်လေကွာ။

ဦးမြင့်ခိုင်။ အောက်နားမှာ သံဃာသည်အလိုရှိက (ခုဒ္ဓါနုခုဒ္ဓက) သိက္ခာပုဒ်များကို နုတ်လိုက နုတ်ကြဖို့နဲ့ ဆန္နရဟန်းကို ပြဟ္မဒဏ်ပေးဖို့ မှာခဲ့တယ်မဟုတ်လား။

စာရေးသူ။ မိတ်ဆွေရောင်းရင်းတွေရဲ့ စကားကို ကြားလိုက်ရတော့ ဘယ်လိုမှ သူတကာ တုလို့မရတဲ့ လူသားအဆန်းဆုံး မဟာကရုဏာရှင်ကြီး တစ်ဦး လောကကို မျက်ကွယ်ပြုခါနီး (ကြောင့်ကြစိတ်ကင်းကင်းနဲ့) သံဃာအဖွဲ့အစည်းကြီး အတွင်းက သံဃာတော်တွေ ထောက်ထားညှာတာရှိ သေကိုင်းရှိုင်းဆိုတဲ့ စေတနာစိတ်ဓာတ်တွေနဲ့ နေထိုင်ပြီး ကျင့်ဆောင်သွားကြဖို့ မှာတမ်းတော်ဟောခဲ့တဲ့ ဘုန္ဒရှင်တော်မြတ်ကို စိတ်ထဲမှန်းပြီး ကြည်ညိုဦးခိုက်မိပါတယ်။

အခု ကျွန်တော်တို့ ဆွေးနွေးလာတာ ကိုးကွယ်မှုနှင့် ပတ်သက်နေတာဆိုတော့ ဘာကို ဘယ်လို ကိုးကွယ်သင့်သလဲဆိုတာ ပြောကြည့်ချင်သေးတယ်။

ကိုအောင်ကို။ အကြောကြီးတော့ မဆွဲနဲ့တော့ မိုးလည်းချုပ်ပြီ၊ ခန္ဓာကိုယ်ရဲ့ လိုက်လျောညီထွေမှုအတွက် ရုပ်ကိုဖွဖြိုးစေတာ အစားလို့ဆိုထားတော့ ဝိုက်ကလေးဖြည့်မှနဲ့ တူတယ်၊ ဒါမှ စိတ်ကို ဖွဖြိုးတိုးတက်စေတဲ့ တရားမျိုးအစားနဲ့ တရားတစ်သားတည်းကျမှာပေါ့နော်။

စာရေးသူ။ ဒါဆိုလည်း ဓာတ်ဘူးထဲက ရေနွေးနဲ့ ကွေကာအုပ် တစ်ထုပ်စီ ဖျော်သောက်လိုက်ကြတာပေါ့ဗျာလို့။

ဟု ဆိုလိုက်ရင်း အစီအစဉ်ကို အကောင်အထည် ဖော်လိုက်ကြပါတယ်။ စာရေးသူက ဆက်၍ -

"ဘာသာဝင်တိုင်း တစ်ဦးနဲ့တစ်ဦး အသိဉာဏ်အဆင့်အတန်း မတူကြတာတော့ အမှန်ပဲ၊ လေ့လာ သင်ကြားမှုအရရော ပင်ကိုအရည်အသွေးအရပါ အားနည်းတဲ့ လူမျိုးတွေက နားရွက်လောက်ကိုပဲ အားကိုးပြီး လူပြောသူပြောနဲ့ ကိစ္စပြီးကြတာ၊ ကြားတဲ့စကားကို အသိဉာဏ်သုံးပြီး လေ့လာသုံးသပ်နိုင်တဲ့ စွမ်းရည်မျိုးမရှိကြဘူး၊ သူများပါးစပ်ဖျားမှာတင် လမ်းဆုံးနေကြတယ်လို့ ဆိုလိုက်ချင်တယ်။

ဘုရားဖူးတယ်ဆိုတော့လည်း လူစည်ကားတဲ့ဘုရားမှ ဆုတောင်းပြည့်တယ်၊ တန်ခိုးကြီးတယ်ဆိုပြီး ထီပေါက်အောင် မ,စတော်မူပါလို့တောင် ဆုတောင်းတတ်ကြသေးတော့ ဘာသာဝင် အဆင့်အတန်း ဘယ်လောက်ထိဆင်းသွားငလဲဆိုတာ ပြောဖို့တောင် ခက်တယ်၊ နမောတဿနဲ့ ဖွင့်တဲ့ ဘာသာရေး အခမ်းအနားတိုင်းမှာ ဘုန္ဒသရဏဂုဏ်ဓမ္မာမိနဲ့ အစပြုပြီး ရွတ်ဆိုပူဇော်ကြတာပဲ ရှိနေတယ်၊ ဥပမာအနေနဲ့ သော့ပျောက်တာက အိမ်ထဲမှာ၊ ရှာနေတာက အလင်းရောင်ကောင်းတဲ့ အိမ်ရှေ့နေရာမှာ ရှာနေသလိုမျိုး ဖြစ်နေကြတယ်၊ ကိုယ့်မျက်စိရှေ့က ရုပ်ပုံတော်ကိုဖူးပြီး ဘုန္ဒရှင်တော်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ရဲ့ မေတ္တာကရုဏာတော်ကို ကြည်ညိုနိုင်တယ်ဆိုရင် အဆင့်မသေးတော့ပါဘူး၊ ဘုရားဖူးရင်းနဲ့ ဗုဒ္ဓရွှင်တော်မြတ်ရဲ့ တရားဒေသနာတော်တွေကို ဉာဏ်ထဲသွင်းပြီး လက္ခဏာ တရားတွေ ဆင်ခြင်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမဲ့ ဒီလောက်ထိအောင်ပဲ ကြိုးစားပြီး ဉာဏ်တစ်ဆုံး မန္ဒိုက်ချင်ကြဘူး။

ဘာသာတရားကို ဦးဆောင်ဟောပြော ပြသနေကြတဲ့ ဘာသာရေး ခေါင်းဆောင်တွေက တကယ်သိပါစေတော့ ဆိုတဲ့ စေတနာနဲ့ လမ်းပြပေးမယ့် ပုဂ္ဂိုလ်ပေါ်လာရင်လည်း နာယူသူက အကြိုက်နည်းတယ်။

ဥပမာ တစ်ခု ထပ်ပေးရရင် တွင်းထဲက ရတနာပစ္စည်းကို နှိုက်လို့မမီတိုင်း တွင်းကလည်းနက်လိုက်တာလို့ ညည်းညူတတ်ကြပေမယ့် ကိုယ့်လက် တိုတယ်လို့ ဝန်ခံဝံ့တဲ့သူ ရှားလှပါတယ်၊ အမှန်က ဗုဒ္ဓဝါဒဆိုတာ လောကီရေးရာမှာလည်း လောကီရေးဖြစ်လို့ မျှတတဲ့အမြင်နဲ့ ဆက်ဆံကျင့်သုံးတတ်ဖို့ လောကုတ္တရာဆိုလည်း ကိလေသာဆိုတဲ့ စိတ်အညစ်အကြေးတွေကို လျော့အောင် လျှော့ရာက ကုန်အောင်ထိ အားထုတ်ရမယ့် တရားဒေသနာအစုအဝေးကြီးကို ခေါ်တာပဲ၊ အဲဒီဒေသနာလာတဲ့အတိုင်း ကျင့်သုံးမှလည်း ဗုဒ္ဓဝါဒီဆိုတာ ဖြစ်လာမှာ၊ လူတစ်ယောက်ကို ဘာသာတရားရဲ့ မူလတန်းသင်ခန်းစာချည်း ဆက်ကာ ဆက်ကာ သင်နေရင် ငြီးငွေ့လာကြမှာ ဖြစ်သလို စိတ်ဝင်စားမှုနည်းပြီး ဘာသာတရားဆိုတာ ကိုယ့်ကိစ္စမဟုတ်သလို ထင်လာတတ်ပါတယ်၊ ဒီထိုနဲ့ ဗုဒ္ဓဘာသာဝင်ဆိုတာ မှတ်ပုံတင်မှာ ထည့်ရေးဖို့လောက်ပဲ ဖြစ်သွားနိုင်တယ်"

ဟုစကားကို ခေတ္တရပ်နားလိုက်ပြီး အားလုံးကို ဝေ့ကြည့်ကာ ရေနွေးကြမ်းခွက်တွေကို ငဲ့ပေးရင်း ကိုယ်တိုင်လည်း ယူသောက်မိသည်။ ကိုအောင်ကိုက -

"ကမ္ဘာမှာ ဗုဒ္ဓဘာသာဝင် ဦးရေနည်းနေတာဟာ သာရေးနာရေးလိုက်၊ ရွှတ်ဖတ်ရေစက် ချပေးနိုင်ရင် တာဝန်ကျေပြီလို့ ထင်နေကြရင်တော့ တို့မျိုးရဲ့ဘာသာဟာ ခိုင်မာတောင့်တင်းမှု ကျဆင်းလာမှာပဲ၊ တို့ဗုဒ္ဓဘာသာဝင်တွေ ခေတ်အမြင်ရှိဖို့ လိုအပ်နေပြီ၊ သိပ္ပံပညာရှင်တွေလို ကိုယ်တိုင် လေ့လာစူးစမ်းမှု မလုပ်နိုင်ကြပေမယ့် သူတို့ရဲ့ ထုတ်ပြန်ချက်တွေ ကြေညာချက်တွေကို မြင်တတ်အောင်၊ ကြားတတ်အောင် ကြိုးစားသင့်ကြတယ်၊ သိပ္ပံပညာ မီးရောင်ရှေ့မှာ တို့မျိုးရဲ့ ဗုဒ္ဓဘာသာတရားတော်က သန့်ရှင်းလှပမှု အရှိဆုံးဆိုတာကို သိအောင် ကြိုးစားကြစေချင်တယ်"

ကိုထိန်လင်းက - "သင်ကြားမှုဆိုတာက ကကြီး၊ ခကွေးက စရမှာပဲ မဟုတ်လား" ဟု ထောက်လိုက်သည်။

စာရေးသူက - "ငါးနှစ်သားလောက်က သင်လာတဲ့ သင်ခန်းစာကနေ ရှေ့မတိုးဘဲ အသက်ရွှစ်ဆယ်လောက်ထိ ကကြီး ခကွေး ရွတ်နေကြတာတွေ များလာလို့ ပြောနေရတာပါ" ဟု ဖြေလိုက်ရသည်။

"ခေတ်ကတော့ ရပ်မနေပါဘူး၊ နှောင်တစ်ချိန်မှာ အဟောင်းတွေပျက်၊ အသစ်တွေ ဆက်လာမှာဆိုပေမယ့် အသိတရားက ချည့်မသွားရင် သာသနာစိတ် အပြည့်အဝနဲ့ ဗုဒ္ဓဝါဒီတွေ့ အသိဉာဏ်ရော ဦးရေရော တိုးတက်လာအောင် ကြိုးစားကြမယ့် သာသနာ့ဘက်တော်သားတွေ ပေါ်လာနိုင်ပါတယ်၊ ဗုဒ္ဓဘာသာတရားကတော့ ခေတ်နောက်မဆုတ်သွားနိုင်ပါဘူး၊ တချို့သိပ္ပံပညာရှင်ဆိုရင် အကယ်၍ ဇာမ္ဗာလုံးမြို့လိုက် နာကျင့်သုံးဖို့ ဘာသာတစ်ရပ် လိုအပ်လာတယ်ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်နိုင်တယ်လို့ ထောက်ခံပြောဆိုနေကြတယ်၊ အထူးသဖြင့် ဘာသာခြားရေမြေက ထွန်းတောက်လာတဲ့ အိုင်းစတိုင်းတို့၊ စတီဖင်ဟော့ကင်းတို့တွေပေါ့ကွာ"

ကဲ- ခမမိတ်ဆွေတို့ အနေနဲ့လည်း ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်တွေ တစ်နေ့နေ့တစ်ချိန်ချိန်မှာ လူသားထုတစ်ရပ်လုံးရဲ့ ငြိမ်းချမ်းမှုအာဟာရ ဖြစ်လာနိုင်တယ်ဆိုတာ လက်ခံနိုင်ကြဖို့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ဆုံးမထားသလိုပဲ ကိုယ်တိုင်ဘုရား ကိုယ့်တရားနှင့် ကိုယ်ကားသံယာ ဖြစ်ထိုက်စွာ၏လို့ နှလုံးသွင်းကိုယ်စီနဲ့ ဓမ္မသာကစွာပွဲလေးကို အဆုံးသတ်ပြီး ကိုယ်စီကိုယ်စီ အလိုညီမျှစွာ ကိုယ့်အိမ်ကိုယ်ပြန်သွားကြပါတော့တယ်၊ ရင်ထဲကိုယ်စီမှာတော့ မြတ်ဗုဒ္ဓဆိုတာ သစ္စာဉာဏ်ကို နားလည်သဘောပေါက်တဲ့ စိတ်အစဉ်မှာ တည်နေတော်မူပါလားလို့ သဘောပေါက်နားလည်သွားကြပါတယ်။

ကဲ- မိုးလည်း ချုပ်ပြီမို့ အိမ်ပြင်းပေါက်တံခါးကို ဖွင့်ကြည့်လိုက်တော့ လတ်ဆတ်တဲ့လေနုအေးရဲ့ နှုတ်ဆက်ပက်ဖျန်းမှုနဲ့အတူ လမင်းကြီးရဲ့ အေးမြတဲ့အလင်းရောင်က ဖြာထွက်ဝင်းပနေလေရဲ့။

ကိုအေးမင်း(ပဲခူး)

ကျမ်းညွှန်း - ဝဏ္ဏလိသုတ်၊ မဟာပရိနိဗ္ဗာန သုတ္တံ (ဒီဃနိကာယ)၊ ဆဋ္ဌသံဂါယနာတင် ပဋ္ဌမပေပင်မထေရ်မြတ်ကြီး၏ စကား။

[မှတ်ချက် - ဤဆောင်းပါးသည် စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။ အယ်ဒီတာ]

❑

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာမိုးကြယ်
ဘာသာရေး ပုံတော်ဆရာများ

လယ်တီဆရာတော်ဘုရားကြီးက မိုးညင်းဆရာတော် လောင်းလျာကို ဘယ်လိုဩဝါဒပေး ပေးခဲ့သလဲ

မိုးညင်းဆရာတော် လောင်းလျာ ရှင်သုမနသည် လက်ပံတောင်းတောင်တွင် တရားအားထုတ်စဉ် ဥတုရာသီ မမျှတမှု၊ ဘောဇဉ်အာဟာရ ချို့တဲ့မှုတို့ကြောင့် ရောဂါစွဲကပ်ကာ အားအင်ချည့်နဲ့နေခဲ့၏။ ထိုအခါ ဆရာအရှင်ဖြစ်သော လယ်တီဆရာတော် ဘုရားကြီးက ကရဏာသက်မိသွားပြီး ရှင်သုမနအား သင့်လျော်သောဆေးဝါး၊ အစာတို့ဖြင့် ကုသကျွေးမွေးကာ ကျန်းမာရေး ကောင်းသည်အထိ ၎င်းထံ၌ နားနေစေခဲ့၏။ တစ်လကျော်ခန့် နားနေမိသောအခါ အရှင်သုမန၏ကျန်းမာရေးမှာ ပုကတိအခြေအနေသို့ ရောက်သည်အထိ ကောင်းမွန်လာခဲ့သည်။

အရှင်သုမနသည် ဖွဲ့စိတ်သန်၍ ခံယူချက်ပြင်းသူဖြစ်ရာ မိမိကျင့်ကြံနေဆဲ၊ အားထုတ်နေဆဲ ကမ္မဋ္ဌာန်းတရားကို ပြန်လည်ကျင့်ကြံအားထုတ်ရန် ဒုတိယအကြိမ် ပြန်လည်ကြိုးစားမှုပြုလေသည်။ ထိုအခါ ဆရာအရှင်လယ်တီဆရာတော်ကြီးအား -

"တပည့်တော် ကမ္မဋ္ဌာန်းတရား ပြန်လည်ပွားများ အားထုတ်လိုပါတယ် ဘုရား၊ တပည့်တော်အား သင့်တော်ရာ နေရာတစ်ခုခုကို ခွင့်ပြုညွှန်ကြားတော်မူပါ ဘုရား" ဟု ခွင့်ပန်လျှောက်ထားခဲ့၏။ ဤတွင် လယ်တီဆရာတော် ဘုရားကြီးက -

"ငါ့ရှင် သုမန၊ ဝိပဿနာဓုရကို မနေမနားအားထုတ်မည်ဆိုလျှင် လိုက်နာရမည့်အချက်တွေ ညွှန်ကြားလိုက်မယ်၊ အဲဒီအချက်တွေနဲ့ ကျင့်ကြံပွားများ အားထုတ်နိုင်ရင်တော့ ငါ့ရှင် အမှန်တရားထူးရပါပြီ" ဟူ၍ ဆိုကာ ဩဝါဒ (၆)ချက်ကို ပေးခဲ့ပါသည်။

ထိုဩဝါဒ (၆) ချက်မှာ -

(၁) ဒကာတို့၏ မင့်ဆွမ်းကို လိုက်မစားရ။

(၂) ရဟန်းခံ ရှင်ပြု ပြုလုပ်ပေးခြင်း၊ အလှူအတန်းလိုက်ခြင်းတို့ကိုမပြုလုပ်ရ။

(၃) ဘုန်းကြီးပျံပွဲများ၊ အစည်းအဝေးများ မလိုက်ရ။

(၄) စကားမပြော၊ တရားမဟောဘဲ ဆယ်နှစ် အားထုတ်ရမည်။

(၅) ဆယ်နှစ်ပြည့်မှ ကိုယ့်နေရာမှာ နေ၍ တရားဟောရမည်။

(၆) အသက် (၆၀)ပြည့်မှသာ နယ်လှည့်ပြီး တရားဟောရမည်။

စသည့် အချက်(၆) ချက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အရှင်သုမနလည်း လေးမြတ်စွာ နာခံကျင့်သုံးပါမည်ဟု ဝန်ခံလေသည်။

ထို့အခါ လယ်တီဆရာတော် ဘုရားကြီးလည်း သာဓုသုံးကြိမ်ခေါ်ပြီး တိုက်အုပ်ဆရာတော်အား ခေါ်တော်မူ၍ အရှင်သုမနမထေရ်ကို မုဏ္ဍာမြို့မှ အရှေ့တောင်ဘက် (၆)မိုင်ကွာ မြေနဲရွာနှင့် အောင်သာရွာနှစ်ရွာကြား ရှိမြေနဲတောရသို့ လိုက်ပို့ပေးရန် မိန့်တော်မူလိုက်လေသနည်း။

သရဏဂုံတည်အောင် ဆောက်တည်နည်း (၄)မျိုး ဆိုတာ ဘာတွေလဲ

သရဏဂုံ ဆိုသည်မှာ သရဏဂမန ဆိုသည့် ပါဠိကို မြန်မာမှုပြုထားသည့် ပါဠိသက်စကားဖြစ်၏။

သရဏ-ဟူသည် ကိုးကွယ်ရာ၊ အားကိုးအားထားရာ ဖြစ်ပြီး၊ ဂမန-ဟူသည် ယုံကြည်ဆည်းကပ်ခြင်း ဖြစ်သဖြင့် သရဏဂုံသုံးပါးဟူသည် မြတ်စွာဘုရားရှင်အား အားကိုးရာဟူ၍ လည်းကောင်း၊ ဘုရားရှင်၏ တရားတော်သည် အားကိုးရာဟူ၍လည်းကောင်း၊ သံဃာတော် အရှင်သူမြတ်အပေါင်းသည် အားကိုးရာဟူ၍လည်းကောင်း ယုံကြည်ဆည်းကပ်ခြင်းပင် ဖြစ်၏။

ဤ၌ သရဏဂုံ တည်ရလေအောင် ဆောက်တည်နည်း (၄)မျိုးရှိ၏။

ၵင်းတို့မှာ -

(၁) ဆောက်တည်ရမည့် ပုဂ္ဂိုလ်သည် ရတနာမြတ်သုံးပါးကို အာရုံပြုပြီး "ယနေ့မှ အစပြု၍ ငါသည် ငါ၏ကိုယ်ဒဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား အပ်နှင်းပါ၏" ဟူ၍ မိမိကိုယ်ကို ရတနာသုံးပါးထံ စွန့်လွှတ်ပစ်နှင်းမှု ပြုခြင်းဖြစ်၏။

တစ်နည်းအားဖြင့် -

"ဘုပည်တော်သည် ရောက်လေရာအရပ်တိုင်း၌ ဘုရားရှင်အား အမြဲခိုးပူဇော်ပြီး တရားတော်မြတ်ကိုလည်း အလွန်ကောင်းမြတ်သည့် တရားဟူ၍ ပြောဆိုကာ လှည့်လည်သွားလာနေထိုင်ပါမည်" ဟူ၍ ခံယူသည့် သရဏဂုံမျိုးဖြစ်၏။

(၂) "ယနေ့မှစ၍ ငါသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ သာလျှင် အားကိုးပါ၏၊ ကိုးကွယ်ပါ၏၊ လဲလျောင်းပါ၏" ဟူ၍ ရတနာသုံးပါးကို သာ အားကိုးအားထားမှုပြုခြင်း၊ ကိုးကွယ် လဲလျောင်းခြင်းကို ခေါ်ဆို၏။

တစ်နည်းအားဖြင့် -

သောတာပန် အာဠာဝက ဘီလူးကြီးသည် ရတနာမြတ်သုံးပါးအပေါ် အလွန်အားထားယုံကြည်သွားပြီး စိတ်ထဲ၌ပင် မျိုသိပ်မထားနိုင်တော့ဘဲ - "တပည့်တော်သည် ရောက်လေရာ အရပ်တိုင်း၌ ဘုရားရှင်ကိုအမြဲလက်အုပ်ချီမိုး ရှိခိုးပူဇော်ပြီး တရားတော်မြတ်ကိုလည်း အလွန်ကောင်းမြတ်သည့် တရားဟူ၍ ပြောဆိုသွားလာနေထိုင်ပါသည်" ဟူ၍ ခံယူသည့် သရဏဂုံမျိုး ဖြစ်၏။

(၃) "ယနေ့မှစပြီး ငါသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ အနီးနေ တပည့်မျိုးဖြစ်၏ ဟူ၍ ရတနာသုံးပါး၏ တပည့်အဖြစ် ကမ်ရောက်ခြင်း၊ ခံယူခြင်းကို ခေါ်ဆို၏။

တစ်နည်းအားဖြင့် -

အရှင်မဟာကဿပ မထေရ်ကြီး၏ ရတနာမြတ်သုံးပါး အပေါ် တကယ့် ဘုရား၊ တရား၊ သံဃာ အစစ်အမှန်အဖြစ် ယုံကြည်သက်ဝင်ပြီး ဘုရားရှင်အား မြင်မြင်ချင်း တပည့်အဖြစ် မှတ်တော်မူပါရန် တပည့်ခံ လျှောက်ထားပြီး ယူခြင်းမျိုးဖြစ်၏။

(၄) နောက်ဆုံးတစ်မျိုးက "ငါ သည် ယနေ့မှစ၍ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကိုသာလျှင် ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီမိုးခြင်း၊ အရှိအသေပြုခြင်း အမှုတို့ကို ပြုပါ၏" ဟူ၍ ရတနာသုံးပါးအပေါ်၌ လွန်စွာမြတ်နိုးခြင်း၊ ရိုသေဖျပ်ဝပ်ခြင်းမျိုးကို ဆိုလို၏။

တစ်နည်းအားဖြင့် -

ဘုရားရှင်၏ ခြေတော်ကို ဦးခေါင်းနှင့်တိုက်၊ ပါးစပ်နှင့်စုပ်၊ လက်နှင့် အားပါးတရ ဆုပ်နယ်ကာ- "အရှင်ဘုရား၊ တပည့်တော် ပြဟ္မာယုပုဏ္ဏားပါဘုရား" ဟူ၍ အမည်ဖော် လျှောက်ထားပြီး ရှိခိုးခြင်းမျိုးကို ဆိုလို၏။

အချုပ်အားဖြင့် ဆိုရပါလျှင် သရဏဂုံ ဆောက်တည်ထားသူသည် ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုးစသည့် အကျိုးများစွာကို ရရှိနိုင်ပေသည်။ အဓိက အကျိုးမှာမူ ဖြစ်လေရာဘဝတိုင်း၌ ဘဝကောင်း ဘဝမွန်တို့ကို ရရှိခြင်း၊ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းမှစ၍ ဆင်းရဲခပ်သိမ်း အေးငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့ရောက်သည်အထိ အကျိုးထူးများစွာတို့ကို ရရှိနိုင်ပေရာ အခြေခံကျသော သရဏဂုံဆောက်တည်မှုဆိုင်ရာ အကြောင်းအရာတို့ကို သိရှိပြီး လက်တွေ့ ကျင့်သုံးသွားဖို့ လိုပေ၏။

ဘုရားရှင်ရဲ့ ဓမ္မတာ(၃၀)ဆိုတာ ဘာတွေတဲ့လဲ

ဓမ္မတာဆိုသည်မှာ ဖြစ်ရမြဲ၊ ပြုလုပ်ရမြဲ သဘောတရားပင် ဖြစ်ချေ၏။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မတာ ဆိုသည်မှာလည်း ဗုဒ္ဓဘုရားရှင်အဖို့ ဖြစ်ရမြဲ ပြုလုပ်ရမြဲ သဘောတရားကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဤတွင် ဗုဒ္ဓဘုရားရှင်၏ ဖြစ်ရမြဲ၊ ပြုရမြဲ ဓမ္မတာ (၃၀)ရှိပါ၏။

ၵင်းတို့မှာ -

(၁) မယ်တော်ဝမ်းဦ၌ ပဋိသန္ဓေ နေတော်မူခြင်း

(၂) ထက်ဝယ်ဖွဲ့ကာ ပြင်ပသို့ မျက်နှာပြု၍ နေတော်မူခြင်း

(၃) မယ်တော်သည် ရပ်လျက်သာ ဖွားတော်မူခြင်း

(၄) တောအရပ်၌သာ ဖွားမြင်တော်မူခြင်း

(၅) မြောက်အရပ်သို့ ခုနစ်ဖဝါး လှမ်း၍ ခြေသွေ့မင်းကဲ့သို့ ရဲဝံ့စွာ သုံးခွန်းသောစကားကို ဆိုတော်မူခြင်း

(၆) နိမိတ်ကြီးလေးပါးထင်၍ သားတစ်ယောက် မွေးဖွားပြီးမှသာ တောထွက်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com

(၇) အရဟတ္တဖိုလ်၏ တံခွန် ဖြစ်သော ရဟန်းအဖြစ်ကို ယူတော်မူခြင်း

(၈) အယုတ်အားဖြင့် ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

(၉) ဘုရားဖြစ်အံ့သောနေ့၌ ဃနာနိုဆွမ်းကို ဘုဉ်းပေးတော်မူခြင်း

(၁၀) မြက်အခင်း၌နေ၍ ဘုရား ဖြစ်တော်မူခြင်း

(၁၁) အာနာပါနဿတိကမ္မဋ္ဌာန်းကို စီးဖြန်း၍ မာရ်စစ်သည်ကို အောင်မြင်တော်မူခြင်း

(၁၂) ဗောဓိပင်၌သာ ဝိဇ္ဇာသုံးပါးကို အစပြု၍ ဆအာသာဓာရဏ စသောဂုဏ်ကျေးဇူးတို့ကိုရတော်မူခြင်း

(၁၃) ဗောဓိပင်အနီး၌သာ ခုနစ်ရက် ခုနစ်လီ နေတော်မူခြင်း

(၁၄) တရားဟောရန် မဟာဗြဟ္မာ တောင်းပန်ခြင်း။

(၁၅) ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစက္ကာတရားကို ဟောတော်မူခြင်း

(၁၆) တပို့တဲ့လပြည့်နေ့၌သာ အာဏာပါတိမောက်ကို ပြတော်မူခြင်း

(၁၇) ဇေတဝန်ကျောင်းတော်၌သာ အမြဲသီတင်းသုံးတော်မူခြင်း

(၁၈) သာဝတ္ထိပြည်၌သာ ယမိုက်ပြာဋိဟာကို ပြတော်မူခြင်း

(၁၉) တာဝတိံသာ နတ်ပြည်၌သာ အဘိဓမ္မာတရားကို ဟောတော်မူခြင်း

(၂၀) သင်္ကဿနဝိရ်ပြည် တံခါး၌သာ တာဝတိံနတ်ပြည်မှ ဆင်းသက်တော်မူခြင်း

(၂၁) အမြဲမပြတ် ဖလသမာပတ်ကို ဝင်စားတော်မူခြင်း

(၂၂) ညဉ့်ဦးယံ၊ မိုးသောက်ယံတို့၌ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါ တို့ကို ကြည့်ရှုတော်မူခြင်း

(၂၃) အကြောင်းရှိလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း

(၂၄) အတ္ထုပ္ပတ္တိရှိလျှင် ဇာတ်ဒေသနာကို ဟောတော်မူခြင်း

(၂၅) ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဘုဉဝင်ဒေသနာကို ဟောတော်မူခြင်း

(၂၆) အာဂန္တုရဟန်းတို့နှင့် အစေ့အစပ် ပဋိသန္ဓာရပြုတော်မူခြင်း

(၂၇) ဝါကျွတ်ပြီးသောအခါ ဝင့်ဖိတ်သော ဒါယကာတို့အား မပန်ကြားဘဲ ကြွတော်မမူခြင်း

(၂၈) နေ့တိုင်း နေ့တိုင်း ပုရေဘတ်ကိစ္စ၊ ပစ္ဆာဘတ်ကိစ္စ၊ ပထမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စ တို့ကို ပြုတော်မူခြင်း

(၂၉) ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း

(၃၀) ကုဒ္ဒေန္ဓစ်သန်းလေးဆိန်းသော ဖလသမာပတ်ကို ဝင်စား၍ ပရိနိဗ္ဗာန် ပြုတော်မူခြင်း

စသည်တို့သည် ဘုဇ္ဈဘုရားရှင်၏ ဓမ္မတာ (၃၀)ပင် ဖြစ်ပါသတည်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် ဘယ်နှမျိုး ရှိသလဲ

မိမိတို့ မြန်မာနိုင်ငံတော်ရှိ သာသနာရေးဦးစီးဌာနမှ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ကြသည့် သံဃာတော်များ၊ သီလရှင်များကို လည်းကောင်း၊ လူဝတ်ကြောင် အမျိုးသားများကို လည်းကောင်း၊ လူဝတ်ကြောင် အမျိုးသမီးများကို လည်းကောင်း ချီးမြှင့်ပေရာ ဘွဲ့တံဆိပ်တော် အမျိုးအစား စုစုပေါင်း (၂၂)မျိုးရှိပါသည်။

ဤသို့ ချီးမြှင့်ဆက်ကပ်ရာ၌ ရဟန်းသံဃာတော်နှင့် သီလရှင်များအား (၁၄)မျိုး ဆက်ကပ်ချီးမြှင့်သော ဘွဲ့များမှာ . . .

(၁) အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့

(၂) အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့

(၃) အဂ္ဂမဟာပဏ္ဍိတဘွဲ့

(၄) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့

(၅) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့

(၆) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့

(၇) မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့

(၈) မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့

(၉) မဟာကမ္မဋ္ဌာနာစရိယဘွဲ့

(၁၀) မဟာဓမ္မကထိက ဗဟုဇန ဟိတဓရဘွဲ့

(၁၁) သဒ္ဓမ္မဇောတိကဓဇဘွဲ့

(၁၂) ဂန္ထဝါစကပဏ္ဍိတဘွဲ့

(၁၃) ကမ္မဋ္ဌာနာစရိယဘွဲ့

(၁၄) ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့

တို့ ဖြစ်ကြ၏။

လူဝတ်ကြောင် ယောကျ်ားများအား ချီးမြှင့်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မှာ (၄)မျိုးဖြစ်ပြီး ၎င်းတို့မှာ -

(၁၅) အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ

(၁၆) သီရိသုဓမ္မ မဏိဇောတဓရ

(၁၇) သီဟသုဓမ္မ မဏိဇောတဓရ

(၁၈) သုဓမ္မမဏိဇောတဓရ

တို့ ဖြစ်ကြ၏။

လူဝတ်ကြောင် မိန်းမများအား ချီးမြှင့်သော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်မှာလည်း ယောကျ်ားများနည်းတူ (၄)မျိုး ဖြစ်၏။ ၎င်းတို့မှာ-

(၁၉) အဂ္ဂမဟာသီရိသုဓမ္မသီဂီ

(၂၀) သီရိသုဓမ္မသီဂီ

(၂၁) သီဟသုဓမ္မသီဂီ

(၂၂) သုဓမ္မသီဂီ

စသည်တို့ ဖြစ်ကြပါကြောင်း။

နန္ဒာမိုးကြယ်

❑

www.burmeseclassic.com

www.burmeseclassic.com

သာဓုညီရဲ့ဒုက္ခတရား
ကျေးဇူးအကြောင်းပြချက်များရဲ့သေရာ

(၁)

လှည်းသားငါးရာ

တစ်ခါတုန်းက ဗာရာဏသီပြည်သား လှည်းသားငါးရာတို့ဟာ ကုန်ရောင်းကုန်ဝယ်ထွက်လို့ လာခဲ့ကြရာ မယ် ကန္တာရခရီးထဲမှာ လမ်းလျှောက်ပြီး နေကြရပါလေတယ်။ အဲသလို လမ်းလျှောက်နေပြီး တစ်နေ့ကုန် တစ်နေခန်း နေပူပူ သဲသောင်ပြင်ကြီးမှာ စားရေရိက္ခာကလည်း ပြတ်နေလေတော့ကာ သိပ်ကို ပင်ပန်းနွမ်းနယ်နေကြလေတော့တာပါ။ ဒီလို တရွွေ့ရွွေ့နဲ့ လှည်းတွေကို တဖြည်းဖြည်းမောင်းလာကြရာက ဟိုးအဝေးတစ်နေရာမှာ အုပ်မှိုင်းညို့ဆိုင်းနေတဲ့ ညောင်ပင်ကြီးစာစ်ပင်ကို မြင်လိုက်တယ်ဆိုရင်ပဲ -

"ဟာ- ဟိုမှာ အရိပ်အာဝါသကောင်းတဲ့ ညောင်ပင်ကြီးဟေ့၊ အဲဒီကိုသွားပြီး အရိပ်ခိုနားကြရအောင်ဟေ့"

အဲသလို အော်ဟစ်ပြောဆိုကြပြီးတဲ့နောက် ညောင်ပင်ကြီးဆီ လှည်းတွေကို မောင်းသွားကြပါလေတော့တယ်။ ညောင်ပင်အောက်ရောက်တဲ့အခါမှာကော့ လှည်းတွဲ့ကို ဖြုတ်ပြီး နွားတွေကိုလည်း အနားပေးရင်း ထမင်းဆာဆာ ရေဆာဆာနဲ့ ညောင်ပင်ရိပ်အောက်မှာ ပိုးလိုးပက်လက်လှန်ပြီး ထမင်းဆာတဲ့ဒဏ် ရေဆာတဲ့ဒဏ်ကို မံလို့ပဲ နေကြရပါလေတော့တယ်။

(၂)

လှည်းသမားတစ်ယောက်

ဒီလိုမျိုး ပက်လက်လှန်နားနေကြရာက လှည်းသမားတစ်ယောက်ဟာ ညောင်ပင်ကြီးရဲ့ အရှေ့ဘက် ထွက်နေတဲ့ သစ်ကိုင်းတစ်ကိုင်းက ရေတွေတပေါက်ပေါက်နဲ့ကျလို့ ကျလို့နေတာကို တွေ့တယ်ဆိုရင်ပဲ -

"သူငယ်ချင်းတို့ရေ၊ ဟောဟိုမှာ ညောင်ကိုင်းက ရေတွေ တပေါက်ပေါက်နဲ့ ကျနေတယ်ဟေ့၊ ဒီ ညောင်ကိုင်းကို ဖြတ်ကြည့်ကြရအောင်၊ ရေရှိတယ် ထင်တယ်ကွ"

အဲသလို အော်ဟစ်ပြောဆိုပြီး အဲဒီညောင်ကိုင်းကို ဖြတ်ကြည့်လိုက်တဲ့အခါမှာတော့ကာ အမှန်တကယ်ပဲ အဲဒီညောင်ကိုင်းက ရေကောင်းရေသန့်တွေ တဝေါဝေါ ထွက်ကျလို့လာတဲ့အတွက် လှည်းသား ငါးရာတို့ဟာ ရေသောက်ကြ၊ ရေချိုးကြ၊ နွားတွေကိုလည်း ရေတိုက် ရေချိုးပေးကြနဲ့ အတော့်ကိုပဲ အမောအပန်းတွေ ပြေပျောက်လို့သွားကြရပါလေတော့တယ်။

(၃)

ညောင်ပင်ကြီးရဲ့ တောင်ဘက်ကိုင်း

လှည်းသမား တစ်ယောက်က-

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင်တွေ၊ ဒီညောင်ပင်ကြီးက ထူးတယ်ကွ၊ ငါတို့ ဟောဒီ ညောင်ပင်ကြီးရဲ့ တောင်ဘက်ကကိုင်းကိုလည်း ဖြတ်ကြည့်ရအောင်ကွာ"

အဲသလိုပြောပြီး တောင်ဘက် ညောင်ကိုင်းကို ဖြတ်လိုက်ကြတယ်ဆိုရင်ပဲ-

"ဟာ သားပြွမ်းထမင်းတွေဟေ့"

အဲဒီညောင်ကိုင်းက ထွက်ကျလာတဲ့ သားပြွမ်းထမင်းတွေကို လှည်းသား ငါးရာတို့ဟာ တဝတပြဲ စားသောက်ကြပါလေတော့တယ်။

ညောင်ပင်ကြီးရဲ့ အနောက်ဘက်ကိုင်း

လှည်းသမားတွေဟာ ထမင်းကို တဝတပြဲ စားသောက်ကြပြီးနောက်-

"ဟေ့ကောင်တွေ ဒီညောင်ပင်ကြီးက အတော့်ကို ထူးဆန်းတယ်ကွာ၊ ငါတို့တွေ ညောင်ပင်ကြီးရဲ့ အနောက်ကိုင်းကိုလည်း ဖြတ်ကြည့်ကြရအောင်"

အဲသလို ပြောကြ ဆိုကြပြီးတဲ့နောက် အနောက်ဘက်ညောင်ကိုင်းကို ဖြတ်လိုက်ကြတယ်ဆိုရင်ပဲ-

"ဟမ်" "ဟို" "ဟာ"

"မိန်းမချောကလေးတွေပါကလား"

"လှလိုက်တာဟာ"

"အိမ်က ဟာမကြီးနဲ့ တခြားစီပဲဟေ့"

အနောက်ဘက်ညောင်ကိုင်းက မိန်းမချော မိန်းမလှလေးတွေ ဟောတစ်ယောက် ဟောတစ်ယောက်။ မိန်းမလှကလေးတွေ ငါးရာတိတိ ထွက်လာတယ်ဆိုရင်ပဲ လှည်းသားငါးရာတို့ဟာ တစ်ယောက်ပြီး တစ်ယောက် ဆွဲလို့ အသီးသီး တစ်နေရာစီ တစ်နေရာစီကို ခေါ်ထုတ်သွားကြပြီး အရမ်း အရမ်း ပျော်ပါးကြလေတော့တာပါ။

ညောင်ပင်ကြီးရဲ့ မြောက်ဘက်ကိုင်း

လှည်းသားငါးရာတို့ဟာ အစွမ်းကုန် ပျော်ပါးကြပြီးတဲ့နောက်-

"ဟေ့- သူငယ်ချင်းတို့ရေ၊ ဒါလောက်ထူးဆန်းတဲ့ ညောင်ပင်ကြီးရဲ့ မြောက်ဘက်ကိုင်းကိုလည်း ဖြတ်ကြည့်ကြရအောင်ကွာ"

အဲသလို ပြောဆို တိုင်ပင်ကြပြီးတဲ့နောက် ညောင်ပင်ကြီးရဲ့ မြောက်ဘက်ကိုင်းကို ဖြတ်လိုက်ကြတယ်ဆိုရင်ပဲ -

"ဟာ . . . ဟယ်"

"ဟေး- ရတနာတွေ ရတနာတွေ"

"စိန်တွေ ပတ္တမြားတွေဟေ့"

"ငါတို့တစ်တွေ သူဌေးဖြစ်ပြီကွ၊ သူဌေးဖြစ်ပြီဟေ့"

အလွန့်အလွန် ထူးထူးဆန်းဆန်းပါပဲ။ စိန်တွေ ပတ္တမြားတွေစတဲ့ ရတနာခုနစ်ပါးတို့ဟာ ကောင်းကင်က မိုးသီးမိုးပေါက်ကျသလို ထွက်လို့ ထွက်လို့ လာကြပါလေတယ်။ လှည်းသားငါးရာတို့ဟာလည်း အလုအယက်ကျူးယူကြပြီး အသီးသီး လှည်းပေါ်က ကုန်ပစ္စည်းတွေပစ်ချလို့ ရတနာတွေကို လှည်းပေါ်တင်ကြတယ်၊ လှည်းငါးရာဟာ ရတနာအပြည့်နဲ့ ဖြစ်လို့သွားတော့တာပါ။

(၄)

ဘုရားလောင်းလှည်းမှူး

အဲဒီနောက်မှာတော့ လှည်းသား (၄၉၉) ယောက်တို့က ဒီလောက် ထူးဆန်းတဲ့ ညောင်ပင်ကြီးကို အမြစ်ကလှန်ကြဖို့ တိုင်ပင်ကြရာမယ် ဘုရားလောင်း လှည်းမှူးက -

"ဒီညောင်ပင်ကြီးဟာ ငါတို့တစ်တွေကို ရေပေးတယ်၊ သားပြွမ်းထမင်းကျွေးတယ်၊ ပျော်ပါးဖို့ မိန်းမလှတွေ မိန်းမချောတွေပေးတယ်၊ သူဌေးအဖြစ်ကို ပေးတယ်၊ ဒီလောက် ကျေးဇူးကြီးမားလှတဲ့ ညောင်ပင်ကြီးကို ပျက်စီးရာ ပျက်စီးကြောင်း မလုပ်ကြပါနဲ့ကွာ"

အဲသလိုမျိုး ပြောသော်လည်းပဲ လှည်းသား (၄၉၉)ယောက်တို့က-

"လှည်းမှူးကြီး မပါချင်လည်း နေဗျာ၊ ကျွန်ုပ်တို့ကတော့ လုပ်မှာပဲဗျို့"

အဲသလိုပြောဆိုတဲ့အခါ ဘုရားလောင်းလှည်းမှူးက-

"အေး၊ အဲဒီအထဲ ငါတော့မပါဘူး၊ ကျေးဇူးရှင်ကို မပြစ်မှားဘူးကွာ"

ဒီလိုမျိုး ပြောဆိုပြီးတဲ့နောက် သူ့လှည်းကို မောင်းလို့ ညောင်ပင်ကြီးနဲ့ခပ်လှမ်းလှမ်းမှာ သွားနေလေတယ်။

(၅)

လှည်းသမား (၄၉၉)ယောက်

လှည်းမှာ ပါလာကြတဲ့ ဓားမျိုးသံတူရွင်း စတဲ့လက်နက်တွေနဲ့ ဝိုင်းလို့ ဝန်းလို့ ညောင်ပင်ကြီးကို အမြစ်ကစပြီး လှန်တယ်ဆိုရင်ပဲ -

"ဟာ . . . ဟယ်"

"ပြေးဟ ပြေးဟ"

"အောင်မယ်လေးဗျ"

တစ်ကောင်ပြီး တစ်ကောင်၊ တစ်ကောင်ပြီး နောက်တစ်ကောင်။

မြေကြီးထဲက နဂါးကြီးတွေထွက်လို့ ထွက်လို့ လာကြပြီး လှည်းသမား (၄၉၉)ယောက်တို့ကို ပေါက်သတ်လိုက်ကြလေတော့တာပါ။

အမှန်က ဒီညောင်ပင်ကြီးဟာ နဂါးမင်းစောင့်တဲ့ ညောင်ပင်ကြီး ဖြစ်ပါလေတယ်။ ဘုရားလောင်း လှည်းသမားကိုတော့ဖြင့် ရတနာတွေအပြည့် လှည်းငါးရာနှင့်အတူ နဂါးတို့ရဲ့တန်ခိုးနဲ့ အိမ်တိုင်ရာရောက် ပို့ပေးခဲ့ပါလေတော့တယ်။

ဝန်ခံချက်

မိတ္ထိလာမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၂၉)မှာ ကျင်းပပြုလုပ်တဲ့ တရားစခန်းပွဲတစ်ပွဲမယ် ရွှေတွင်းကြီးဆရာတော် အရှင်သေဋ္ဌိလ(ခမ်္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက)ရဲ့ ဟောစဉ် တရားတစ်ပုဒ်ထဲမှ ထုတ်နုတ်ကြည်ညို ပူဇော်လိုက်ရတာပါ။

သာစည် အောင်တင်

❑

www.burmeseclassic.com

www.burmeseclassic.com

မယားကွန်ဂျက်မှ လွတ်မြောက်သူ

ရွှေဖြူသာထွန်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျပ် တရားရှုမှတ်ပြီး ကျောင်းပေါ်မှ စေတီရှိရာကုန်းကို တက်လာတယ်။ ကိုးတောင်ပြည့်စေတီလေးသည် တောင်ကမူပေါ်တွင် တည်ထားသည်။ နေလည်း အေးသွားပြီ။ ကုန်းပေါ်ကို ရောက်တော့ ဆည်းဆာရောင်သန်းနေသည်။ ဟိုးအဝေးတစ်နေရာမှာ ဗျိုင်းတစ်အုပ်တန်း ပျံသွားကြတယ်။ မြောက်လေ အဝေ့တွင် စေတီထီးတော်ရှိ ခေါင်းလောင်းသံက ခမ္မရဆကို ပေါ်လွင်စေသည်။ ပြောရရင် ကုသိုလ်ပွားစရာပင်။

ကျပ် စေတီရင်ပြင်တွင် အနေကထိုင် ခင်းပြီး တရားရှုမှတ်မည်ဟု အာရုံပြုနေတယ်။ ကျောင်းဘက်က ခွေးထိုးဟောင်တာမို့ အတွေးက ရပ်သွားတယ်။ သည်အချိန် လူတွေ့မရောက်၊ မြွေတွေကို ဟောင်တာပဲဟု စိတ်ရောက်သွားသည်။ တစ်ခါ တစ်ခါ မြွေဟောက် ရောက်နေက။ ကျပ် မေတ္တာတိုးပို့ပြီးသား။ စိတ်ထဲမှာ စနိုးစနောင့် ကျောင်းဘက်ကို တစ်ချက်လှမ်းကြည့်ပြီး အနှောင့်အယှက်ပေးသည့် ခွေးကို တားမည်ဟု စေတီရင်ပြင်က ဆင်းလာတယ်။

ခွေးအသံက တိတ်သွားတယ်။ ကျပ်အလုပ်ကို ဆက်လုပ်မည်ဟု ဘုရားရင်ပြင်ကို ပြန်အတက်မှာ မျက်လုံးက ပင့်ကူအိမ်ကြီးကို ရောက်သွားတယ်။ ဆည်းဆာရောင်အောက်တွင် ပင့်ကူအိမ်က လှပနေတယ်။

ကြည့်နေရင်း ပုဇွန်တစ်ကောင် ပင့်ကူကွန်ရက်မှာ လာတိုးတယ်။ ပင့်ကူကြီးသည် ချက်ချင်းသားကောင်ကို ဖမ်းပြီး သွေးကို ဖောက်သောက်လိုက်ပါတော့တယ်။

တရားရစရာပင်။ လောကကြီးက နိုင်ရာစားဘဝတွေပါလားဟု ကျပ် တွေးလိုက်မိတယ်။ ဩော်- သံသရာတစ်လျှောက် နိဗ္ဗာန်မရသမျှ ဒီလိုပဲ နိုင်ရာစားဘဝနှင့် လည်နေကြမှာပဲ။

ကျပ် မိမိကိုယ်မိမိလည်း စဉ်းစားကြည့်တယ်။ ကျပ် သာသနာထဲကို ရောက်လာတာ အလွန်တန်ဖိုးရှိပါလားဟု တွေးပြီး ပီတိဖြစ်မိတယ်။ ခုတော့ အသက်နှင့် ခန္ဓာ ဘုရားသာသနာတော်ကိုအပ်နှံပြီး သာသနာတော်ကြီး အခွန့်ရှည်အောင် စောင့်ရှောက်ထိန်းသိမ်းရင်း နောက်ဆုံး နိဗ္ဗာန်ကို ဘဝတိုတိုနှင့် ရောက်အောင် ကြိုးစားရမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားတယ်။

ကျပ်ပုထုဇဉ်ပီပီ ပင့်ကူအိမ်ကြီးကို ကြည့်ရင်း ရွာက ငယ်သူငယ်ချင်း ဒေါ်လှမေ အသံကို ကြားနေမိတယ်။ တစ်နှစ်က၊ ပြောရရင် ပြီးခဲ့သည့်နှစ်က ရွာကို အလည်တစ်ခေါက် မိခင်ကြီး ရှိလို့ ရောက်ခဲ့တယ်။

ဒေါ်လှမေ တစ်ယောက် မြေးလေးကိုချီပြီး မိခင်ကြီးအိမ်ကိုရောက်လာတယ်။ ကြည့်လေ၊ ဒေါ်လှမေ အလှအပဆိုသည်မှာ ကွယ်ပျောက်ခဲ့ရပြီ။ ဆံပင်ဖြူ၊ သွားကျိုး၊ အရေတွေတွန့်နေတယ်။ လမ်းမှာတွေ့ရင် ဒေါ်လှမေဟု ယုံချင်မှယုံမည်။ အနီစွ မမြဲခန္ဓာ ပြောင်းလာတယ်။ သို့သော် ဒေါ်လှမေ တရားရမည်လား၊ မြေးသံယောဇဉ်တွေက ချည်နှောင်ထားလေပြီထင်။

"ဦးဇင်းတို့က ကုသိုလ်ကံ သိပ်ကောင်းတာ၊ ကြည့်လေ တပည့်တော်မ ကျောင်းကို ဥပုသ်သွားမစောင့်နိုင်၊ ဒါက အငယ်မ သမီးလေ၊ သူတို့နဲ့ နေကြတာ၊ အိမ်ရှင်ကိုဖိုးအောင် ဆုံးသွားတော့ တပည့်တော်မလည်း ဒုက္ခရောက်နေတာ။

အဲ - အရှင်ဘုရားသာ လူ့လောကကြီးမှာ အိမ်ထောင်ဃရာဝါသ ပြုရင် တပည့်တော်မတို့လို ဒုက္ခရောက်မှာ ပြေးမလွတ်ဘူး၊ ခုတော့ အရှင်ဘုရားက လူ့လောကထဲကလွတ်အောင် ရုန်းသွားတာကိုး၊ တပည့်တော်မလည်း ဟို့တုန်းက အရူးလို့ ပြောရမယ်လေ၊ မထူးတော့ပါဘူး၊ တပည့်တော်မ အပြစ်ကျမလား ဦးဇင်း"

ဒေါ်လှမေ ကျပ်ကို တစ်ချက် စိုက်ကြည့်တယ်။ သူမ ရင်ထဲက စကားကို ပြောချင်နေပုံ ရတယ်။ အနီးမှာ မယ်တော်ကြီးလည်း ကွမ်းကိုဝါးရင်း ကြည့်နေတယ်။

"ပြောပါ ဒေါ်လှမေ၊ ပြောပါ၊ ဦးဇင်းတို့လည်း မမြဲတဲ့သခ်ါရကို ရှုမှတ်နေတော့ သံဝေဂရတာပေါ့"

ကျပ် ဒေါ်လှမေကို အားပေးစကား ပြောလိုက်တယ်။

"တပည့်တော်မကို ခွင့်လွှတ်ပါ၊ အရှင်ဘုရားကို တပည့်တော်မ ကိုဖိုးအောင်နဲ့ မရခင် မျှော်ခဲ့တာ၊ နောက် အရှင်ဘုရားက သာသနာတော်ထဲမှာ ပျော်မွေ့သွားတော့ ကိုဖိုးအောင်ကို ယူလိုက်ရတာ၊ အရှင်ဘုရား ကံကောင်းပါတယ်၊ အရှင်ဘုရားက လမ်းကောင်းကို လျှောက်လိုက်တာကိုး၊ တပည့်တော်မတို့က လမ်းရှည်၊ အဲ- မကောင်းတဲ့လမ်း၊ ရွှေကိုဆက်ပြီး သားသမီးပြီးမြေး၊ ဒီသံယောဇဉ်မီးတွေ လောင်နေဦးမှာ ဘုရား"

ဒေါ်လှမေ၏ အက်ကွဲသည့် အသံက နားထဲက မထွက်သေး။

ဩော်- ကွန်ရက်၊ ကွန်ရက်၊ အဲ - ငါလည်း လှမေ ကွန်ရက်က လွတ်လို့ တော်သေးတာပဲ။ ကျပ် စိတ်ကို ထိန်းသိမ်းကြည့်တယ်။ တရားထိုင်မဖြစ်။

တော်ကြာ ဆည်းဆာရောဇ ပျောက်ပြီ။ အမှောင်ထုကို ရောက်လာတော့မယ်။ ဘုရားရင်ပြင်က အနေကထိုင်ကို သိမ်းဆည်းပြီး ကျောင်းပေါ်ကို ပြန်တက်လာတယ်။ ကျပ် ဘုရားမီးပူဇော်ပြီး သောက်ရေချမ်းကပ်တယ်။ ပြီးတော့ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ အမျှအတန်းဝေတယ်။ စိတ်တွေ ကယောင်ချောက်ချက် ပင့်ကူအိမ်ကြီးကိုပဲ သတိရနေတယ်။ ကျပ်သည်လည်း လှမေတည်း ဟူသော မာယာကွန်ရက်က လွတ်အောင် ရုန်းကန်ခဲ့ရသည်ကို မြင်ယောင်နေမိတော့တယ်။

▲

www.burmeseclassic.com

www.burmeseclassic.com

(၂)

ထိုစဉ်က ကျုပ်အသက် ဘာရှိသေးလဲ။ ကိုးနှစ် ဆယ်နှစ်ရှိသေးတယ်။ ကျုပ်အဖေက အများသား စုပေါင်းရှင်ပြုပွဲကြီးမှာ ကျုပ်ကိုလည်း ရှင်ပြုပေးတယ်။ ထိုနေ့က တပေါင်းလ ရောက်ပေမယ့် မနက်ပိုင်း ၇ နာရီလောက် သင်္ကန်းဆီးမည့်ဆဲဆဲမှာ မြူနှင်းခနဲ လှမေပေါက်ချလာတယ်။

"အထွန်းရယ်၊ နင် သာသနာထဲကို ရောက်သွားရင် လူမထွက်တော့ဘူးလားဟင်"

သူမ အသံက လွမ်းစရာကောင်းနေတယ်။

"ဘယ်ပြောလို့ ရမလဲ လှမေရယ်"

"သူငယ်ချင်းရယ်၊ ငါ့ဘဝမှာ နင် တစ်ယောက်တည်းရှိတာနော်၊ ဒီပြင် လူတွေကို နင့်လောက်မခင်ပါဘူး၊ အေး - တကယ် ပြောနေတာ၊ ယုံပါနော် အထွန်းရယ်"

လှမေ ပြောလည်းပြောစရာ။

အိမ်နီးချင်း မိဘချင်းလည်း ညီအစ်ကိုမျောင်နှမလို နေလာကြတော့ ကျုပ်ကလည်း ဆိုးတယ်၊ လှမေကို အမြဲတမ်း အနိုင်ကျင့်တယ်။ လှမေက သည်းခံပြီးသား။ လှမေက ဒီပြင်အိမ်ကို မရောက်။ ကျုပ်ကလည်း ဝိုက်ဆာရင် လှမေ အိမ်ကို ပြေးတယ်။

လှမေ အမေ၊ အဖေကလည်း ကျုပ် ဘာလုပ်လုပ် ခွင့်လွှတ်ပြီးသားရယ်။ ကျောင်းလည်း အတူတက်တော့ အတွဲတွေကလည်း ညီတယ်။ ကျုပ် နောက်မှာ ကျော်လှက လိုက်စမြဲ။ ဒီကောင်ကလည်း ကျုပ်ကို အစ်ကိုရင်းပမာ ခင်လှတယ်။

ကြည့်လေ၊ ဒီကောင်အိမ်နှင့် ကျုပ်တို့အိမ်က ပူးကပ်နေသလို ကျုပ်မိဘတွေက ရေကောင်းချိန်ဆိုရင် တောကြီးမျက်မည်းထဲမှာ လယ်ရှိတယ်။ စပါးသိမ်းပြီးမှ ရွာကို ပြန်ရောက်တော့ ကျုပ်မှာ အဘွားနှင့် နေတာ။ ကျုပ်အမေရဲ့ မောင်လေး ကျုပ်ဦးလေး လူပျိုတစ်ယောက်ရှိတယ်။ သူက ကျုပ်အဘွားကို ရွာကျွေးတာ။ ကျုပ်ကိုတော့ အလိုလိုက်သားပဲ။

ကျုပ် ကစားစရာကွင်းတစ်ခုတော့ရှိတယ်။ ညနေ လရောင်အောက်မှာ ကျော်လှ၊ ပြီးတော့ လှမေ၊ လှမေညီမဝမ်းကွဲ အေးမျှင်တို့လည်း ကျုပ်တို့နဲ့ ကစားနေကျ။

ကျုပ်ကလည်း ဆိုးလိုက်တာ ပြောမနေနဲ့၊ သင်္ကြန်တုန်းက လှမေကို ကျုပ် ရေလောင်းတာ၊ ရေက သန့်သလား ပြောမနေနဲ့၊ ရေက နောက်နေတာ။

ကျုပ်ကလည်း အမှတ်တမဲ့ လှမေ နောက်ကနေပြီး ရေနောက်နဲ့ ပက်လိုက်တာ လှမေ လုံချည်၊ အင်္ကျီတွေ အကုန်ညွှန်နစ် ပေကျံသွားတယ်။ လှမေ စိတ်ဆိုးဆိုးနဲ့

"သေနာကောင်၊ ညစ်ပတ်လိုက်တာ၊ နင့်ကို မထားတော့ဘူး၊ အထွန်းရယ်၊ နင့် အဘွားနဲ့တိုင်မယ် သိလား"

လှမေ ပြောဆိုရင်း ကျန်ရစ်လိုက်တယ်။ ကျုပ်ကလည်း နောက်ပြန်ပြေးခဲ့တာကိုး။ ဒါ ကျုပ်ဘက်က ဆိုးခဲ့တာကိုး။

နောက်တစ်နေ့ ကျုပ်ညနေစာ စားနေတုန်း မြူနှင်းခနဲ လှမေ.ဟင်းခွက်နှင့် အိမ်ကို ရောက်လာတယ်။

"အထွန်း၊ နင့်အတွက် ပျားကောင်လေး ယူလာတယ်လေ"

မနေ့က အဖြစ်အပျက်ကို လှမေ တစ်ယောက် သတိမရတော့ဘူးလား။ ကျုပ်ကို ခွင့်လွှတ်တာကိုး။ ကျုပ်လည်း လှမေ လာပေးသည့် ပျားကောင်လေးဟင်းနှင့် စားလိုက်တယ်။ ထမင်းမြိန်လိုက်တာ ပြောမနေနဲ့။

လှမေ အဖေက ဟင်းအတော်မခံ။ တောတက်ပြီး မုဆိုးလုပ်တယ်။ ပျားဖွပ်မယ်။ မိုးတွင်းဆို လယ်လုပ်မယ်။ လယ်ကိုလည်း ဟုတ်တိုးပတ်တိ မလုပ်။ ဝမ်းစာလောက်ပဲ လုပ်တယ်။

လှမေ အထက် အစ်မတွေက တော့ အိမ်မှာ ဒိုင်ခံပြီး အိမ်မှုကိစ္စ အဝဝကို တာဝန်ယူတော့ လှမေရဲ့ အမေမှာ အိမ်တကာလှည့်ပြီး ဟိုဟာပြော ဒီဟာပြောနဲ့ အချိန်ကုန်တယ်။ လှမေကိုလည်း အငယ်ဆုံးသမီးဆိုပြီး အလိုလိုက်တာပေါ့လေ။

"အဘွား . . . အဘွား"

လှမေက ကျုပ်အဘွားကို လှမ်းခေါ်တယ်။ ကျုပ်အဘွားက ကွမ်းကို ဆုံသေးသေးနဲ့ ထုထောင်းနေတာပေါ့။

"ဘာလဲဟေ့ လှမေ၊ ပြောလေဟ"

အဘွားက လှမေဘက်ကို တစ်ချက်စိုက်ကြည့်ရင်း မေးလိုက်တယ်။

ကျုပ်လည်း ထမင်းစားပြီးလို့ ပန်းကန်ပြားကို ဆေးကြောနေတုန်း-

"အဘွားမြေးက မကောင်းဘူး အဘွားရယ်၊ လှမေကိုလေ မသန့်တဲ့ရေနဲ့ ပက်ဖျန်းတာ လှမေ စိတ်ဆိုးလိုက်တာ အဘွားရယ်"

"ငါ့မြေးကလည်းကွယ်၊ အဲလို မသန့်တဲ့ရေနဲ့ မလုပ်ရဘူးလေ၊ ကိုယ့်သူငယ်ချင်းပဲကွဲ့"

ကျွန်တော့်ကို အဘွားက လှမ်းပြီး ပြောတယ်။

လှမေက မျက်လုံး အမူအရာနဲ့ အဘွားက သူ့ဘက်က ပါတ်ဝဲ ပုံစံနဲ့ လုပ်ပြတယ်။

"သားကို လှမေ ဘယ်လောက် ခင်လဲလို့ စမ်းတာ အဘွားရယ်"

ကျွန်တော် အဘွားကွမ်းဆုံလေးယူပြီး ထောင်းရင်း အဘွားကျေနပ်အောင်ပြောလိုက်တယ်။

"သူများ မကြိုက်တာ မလုပ်ရဘူး မြေးရယ်၊ မြေးက လိမ္မာပါတယ်ကွယ်"

"ဟုတ်ကဲ့ အဘွား၊ နောက် သားမလုပ်တော့ပါဘူး၊ သား မှားသွားပါတယ်၊ စိတ်မဆိုးနဲ့ လှမေရယ်၊ နောင် လှမေ မကြိုက်တာ အထွန်း မလုပ်တော့ပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျပ် လှမေ ကျေနပ်အောင် ပြောလိုက်တော့ အဘွားနဲ့ လှမေက ပြုံးစိစိနဲ့။

ကျပ်တို့ စာမေးပွဲပြီးတော့ အများစုပေါင်းရှင်ပြုပွဲမှာ ကျပ်ကို ရှင်ပြုရော၊ ကျပ်ကိုရင်ဝတ်နဲ့ နေလိုက်တာ၊ ကျပ်က ဆရာတော်ဆီမှာ သေခိ ယ၊ ပရိတ်၊ သဒ္ဒါပါဠိတွေကို သင်ပြီး တစ်ဝါဆိုတယ်၊ နောက်နှစ် ကျောင်းဖွင့် ချိန် ကျပ်က ရွာက ပြောင်းရွှေ့ပြီး ကျောက်ဖြူမြို့ ဘုရားကြီးတိုက်ကို ကျောင်းပြောင်းရွှေ့ စာသင်ပြီး ကျပ် သာသနာထဲမှာ ပျော်နေတယ်။

ရွာကိုရောက်မှ လှမေနဲ့ ကျပ် တွေ့ရတယ်။ လှမေက အပျိုဖြစ်နေပြီ။ နာမည်က လှသလို လှမေက ပြောစရာ မရှိအောင် လှပနေပါတယ်။

ဒါပေမဲ့ ကျပ်က လှမေကို သူငယ်ချင်းလိုပဲ မြင်တယ်။

ကျပ် ရည်မှန်းချက်က သာသနာတော်အတွက် အသက်နဲ့ ခန္ဓာ ကိုယ်ရင်းပြီး သာသနာတော် တိုးတက် အောင် ကြိုးစားမယ်၊ ဒါကိုပဲ အာရုံ ရောက်နေတာပေါ့လေ။

ကျပ် မြို့ပေါ်မှာ စာကြိုးစား နေတယ်။ လှမေဆီက စကားသံတွေ လူကြုံနဲ့ ကြားနေရတယ်။ ရွာကို အလည် မလာတော့ဘူးလား စသည် အားဖြင့် စုံလို့။

ကျပ်က လှမေကို အရေးမစိုက် နိုင်။ စာဝါတွေကို လိုက်နေရတယ်။ ပြောရရင် စာဝါတွေနဲ့ နပန်းလုံးနေရ ခြင်း။ ဒီလိုနဲ့ ကျပ်လည်း ပဉ္စင်းအဖြစ်ကို ရောက်သွားပြီး စာသင်သား ဘဝနဲ့ အထက်မြန်မာပြည်လည်း စုံသလို ကျပ် ဘဝမှာ လှမေဆိုတာ မရှိသလို၊ လှမေ တစ်ယောက် ကျပ်ကို မျှော်နေရင်း ကိုဖိုးအောင်နဲ့ အိမ်ထောင်ကျသွား ကြောင်း၊ ကျပ် ဇမ်းသာလိုက်တာ။ ငယ်သူငယ်ချင်း လှမေတစ်ယောက် ကျပ်ကို ဖမ်းစားလို့မရတော့ ကိုဖိုး အောင်ကို ယူလိုက်ရတယ်လို့ ဆိုရမှာပါ။

ကံကောင်းလို့ ကျပ် လှမေ မာယာကွန်ရက်မှ သီသီလေး လွတ် မြောက်သွားတာပေါ့။ တကယ်လို့ မာယာကွန်ရက်မှ မရုန်းနိုင်လျှင် ပင့်ကူ အိမ်မှာ ငြိတွယ်ကပ်သွားတဲ့ ပုဇဉ်းလေး လိုပဲ ကျပ်လည်း လှမေရဲ့ ကွန်ရက်က မလွတ်မြောက်နိုင်။

မာယာ၏ သားကောင် မဟုတ် ပါလား။ ကျပ်ဘဝတစ်ခုလုံး မတွေးရဲ စရာပင်။ ကံကောင်းလို့လား။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ခွေးဟောင်သံကြောင့် ကျပ် အတွေးပြတ်သွားပါတော့တယ်။

▲

(၃)

ကျပ် ခွေးဟောင်သံကြောင့် အိပ်မက်က နိုးသလို ကပျာကယာ ကျောင်းအောက်ကို ခေတ်မီးထိုးပြီး ကြည့်လိုက်တယ်။ မြွေကြီးတစ်ကောင် ခွေးကို ပေါက်မတတ် ပါးပျဉ်းထောင် ရန်မူနေတယ်။

"ဟေ့ကောင်၊ ကိုယ့်လဲမ်းကို ကိုယ်သွားစမ်း၊ ငနီ သွားမလုပ်ပါနဲ့ကွာ၊ သူဟာသူ သွားပါစေ"

ကျပ် ပြောနေတုန်း မြွေကြီး တောထဲဝင်သွားတယ်။ အပြင်မှာတော့ မှောင်နေပြီ။ ကျပ်အတွေးတွေကို တွေး ရင်း ရှက်မိတယ်။ ကျပ်က သာသနာ့ ဘောင်ကို ရောက်နေပြီ။ လူဘောင် လူလောကနဲ့ ဘာမှ မဆိုင်သလို ဒေါ်လှမေနဲ့လည်း ဘာမှမဆိုင်။

ကျပ်အလုပ်က မြတ်စွာဘုရား၏ အဆုံးမတရားကို လုပ်ရမည်ဟု ဆုံးဖြတ်ရင်း လောကကြီးမှာ ဘုရား ဟောသလို ဘာမျှမမြဲပါလားဟု တွေး ရင်း ဘုရားရှေ့မှာ ဆီမီးမူဇော်ပြီး သံသရာမှ လွတ်ရာဖြစ်သည့် ဝိပဿနာ ဉာဏ်ကို ရှုမှတ်လိုက်ပါတော့တယ်။ အပြင်မှာတော့ မှောင်သထက် မှောင် နေဆဲ။

ရွှေဖြူသာထွန်း

အမှုများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ် ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်း များ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရု ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ် သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါ သည်။

စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို့မိုဘီးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အကြံ ဉာဏ်ရှိန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၁၅၀၈

www.burmeseclassic.com

www.burmeseclassic.com

ဇဝဒတ်မောင်းထားပုံ ကျေတံပိုးလုံးရေးပုံ လင်းယုကုစားပုံ

ဘဝတစ်သက်တာဝယ် ပုထုဇဉ်တို့သည် နေ့စဉ် အမျိုးမျိုးအဖုံဖုံ ပြုမူပြောဆိုကြံစည်လုပ်ကြသည့်အခါ ကာယကံမှု တစ်ခုခုကိုသော်လည်းကောင်း၊ ဝစီကံမှု တစ်ခုခုကို လည်းကောင်း၊ မနောကံမှု တစ်ခုခုကို လည်းကောင်း ကြိမ်ဖန်များစွာ ထပ်တလဲလဲ ပြုမိပြောမိ ကြံမိခဲ့ဖူးကြသည်သာဖြစ်သည်။

ထိုသို့ ထပ်တလဲလဲ ဖြစ်ခဲ့ခြင်းကြောင့် ထိုကာယကံမှု၊ ထိုဝစီကံမှု၊ ထိုမနောကံမှုသည် ကာယကံရှင်အတွက် ရင်းနှီးကျွမ်းဝင်ကာ စိတ်တဲ့ အသည်းထဲဝယ် စွဲမြဲကိန်းတည်နေကြတော့သည်။ ဆို့ဖြစ်ရာ အခွင့်အလမ်းရသည်နှင့် မိမိက မရည်ရွယ်ဘဲနှင့်လည်း ထပ်ပြန်တလဲလဲ လေ့ကျက်ထုံ ပွားခဲ့သည့် ထိုကာယကံမှု၊ ထိုဝစီကံမှု၊ ထိုမနောကံမှုသည် အလိုအလျောက်ပေါ် ပေါက်ဖြစ်ပွားလာတတ်ကြပေသည်။

ဤသို့ အချိန်ကြာမြင့်စွာ ထုံပွားလေ့ကျက်ခဲ့သော ထိုထို အပြုအမူတို့သည် သံသရာတွင် စုန်ဆန်ကျင်လည်ကြရစဉ်တွင် ဘဝပေါင်းရာနှင့် ချီကာ တစ်ဆက်တည်း တစ်ပုံစံတည်း လေ့

လမြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၁၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျက်ထုံပွားဖြစ်ခဲ့ကြသော် အားကြီးစွာ စွဲမြဲကိန်းတည်နေသည့် အနုသယဓာတ်အဖြစ် စွဲကပ်နေတော့သည်။ အားကောင်းသော အထုံဝါသနာအကျင့်အဖြစ်သို့ ရောက်ခဲ့ရတော့သည်။

ထိုအထုံဝါသနာ ဓလေ့စရိုက်အငွေ့ဓာတ်သည် နောက်ဆုံး ပစ္ဆိမဘဝ၌ အာသဝေါကင်းပြီးသော ရဟန္တာအဖြစ်သို့ ရောက်သည့်တိုင် မပျောက်ပျက်ဘဲ ရှင်သန်လွှမ်းခြုံ ထုံထစ်နေဓာတ်ကြလေသည်။

အထုံဝါသနာ အငွေ့အသက်လုံးဝမကျန်ဘဲ ကိလေသာတို့ကို ပယ်သတ်နိုင်သည့် ပုဂ္ဂိုလ်မြတ်ကား ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာ ဖြစ်သည်။ ထို့ကြောင့်လည်း အရဟံဝုဏ်တော်ရှင် ဘုရားရှင်ဟု ကြဲညည်ကိုးကွယ်ကြရခြင်း ဖြစ်ပေသည်။ ဘုရားရှင်၏ ဂုဏ်တော်တစ်ပါးအဖြစ် အရဟံဂုဏ်တော်ကို ဖွင့်ဆို ချီးပကြခြင်းဖြစ်သည်။

အဝိဇ္ဇာ ကိလေသာ၏ အထုံအငွေ့အသက် သတ္တိစွဲမြဲအားကြီးစွာ ကိန်းတည်နေခြင်းကြောင့် နှုတ်ထွက်ကြမ်းတမ်းသူဟု ဂေါတမဘုရား၏ သာသနာဝယ် ထင်ရှားခဲ့သူကား နတ်တို့၏ ချစ်မြတ်နိုးအပ်သော အရာဝယ် ဇောဒဂ်ရခဲ့သည့် အရှင်ပိလိန္ဒဝစ္ဆမထေရ်တည်း။

ထိုအရှင်သည် ရှေးရှေးက ဘဝငါးရာ ဆက်လျက် သူတစ်ပါးတို့အား သူယုတ်မာ (ဝသလ)ဟု ပြောဆိုလေ့ရှိသော ပုဏ္ဏားမျိုးဖြစ်ခဲ့သည်။ သို့ဖြစ်၍ နောဂ်ဆုံးဘဝ ရဟန္တာအဖြစ်သို့ရောက်ခဲ့သည့်တိုင် အထုံအငွေ့၏ သတ္တိစွမ်းအားကြောင့် လူတို့အား သူယုတ်လာလေ့၊ သူယုတ်သွားလေ့၊ သူယုတ်ထိုင်လေ့ စသည်ဖြင့် နှုတ်ထွက်ကြမ်းခဲ့သည်။ အကျင့်ပါနေခဲ့သည့် အရှင်သည် ရဟန္တာဖြစ်သည့်အတွက် ဖရုသဝါစာ အကုသိုလ် စေတနာမပါသဖြင့် မကောင်းမှုအပြစ်မဖြစ်ဟု ဘုရားရှင်က ရှင်းပြ မိန့်ဆိုတော်မူခဲ့သည်။

ဂေါတမဘုရားရှင်၏ သာသနာဝယ် ကိုယ်တော်မြတ်အား သားရင်းပမာ ပြုမူဆက်ဆံ ပြောဆိုသည်ကို လိုက်လျော ခွင့်ပြုတော်မူခြင်း ခံရသော ဘဂ္ဂတိုင်း သုသုမာရဂိရမြို့မှ နကုလပိတုနှင့် နကုလမာတာ သူဌေးမောင်နှံတို့သည်လည်းကောင်း၊ သာကေတမြို့ (ကောသလတိုင်း)မှ သာကေတပုဏ္ဏား သူဌေးကြီး ဇနီးမောင်နှံတို့သည်လည်းကောင်း အထုံအလေ့အကျက်များစွာ ပွားခဲ့ရသဖြင့် ဘဝပေါင်းထောင်နှင့်ချီကာ ဆက်တိုက် ဘုရားလောင်း၏ မိဘအရာ ဦးကြီး၊ ဒေါ်ကြီးအရာတို့၌ ကျင်လည်ခဲ့ရကား သံယောဇဉ် ချစ်ခြင်းမေတ္တာဓာတ်၏ အငွေ့သတ္တိစွမ်းအားကြီးမားလှုပ်ကို ထင်ရှားစွာ ပြသခဲ့ပေသည်။

ဂေါတမဘုရားလောင်း အမိ၊ အဖအဖြစ် ဘဝငါးရာ၊ မိကြီး ဖကြီးအဖြစ် ဘဝငါးရာ၊ မိထွေး ဘထွေးအဖြစ် ဘဝငါးရာ ဖြစ်ခဲ့ရသော သာကေတပုဏ္ဏားသူဌေးကြီး ဇနီးမောင်နှံသည် ဘုရားရှင်အား စဦး တွေ့လိုက်ရသည်နှင့် ကြာမြင့်စွာ ခွဲခွာသွားသော သားကို ပြန်တွေ့ရသကဲ့သို့ ပွေ့ပိုက်ကြိုဆိုကာ ဆွမ်းကပ်လှူခွင့်ရပြီး တရားနာရသော် သောတာပတ္တိဖိုလ်၌ တည်ခဲ့သည်။

ဘုရားရှင် ပြန်လည်ကြွသွားပြီးနောက် ဘုရားရှင်၏ တပည့်သာဝကရဟန်းတို့ထံမှ တရားနာယူရကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြသည်။ ဘုရားရှင်၏ မယ်တော်၊ ခမည်းတော်အဖြစ် ထင်ရှားခဲ့ရကား ပရိနိဗ္ဗာန်ပြုသော် ဘုရားရှင်ကိုယ်တော်တိုင် စွာပနသို့ ကြွရောက်ချီးမြှင့်ခဲ့ပြီး သူဌေးကြီး ဇနီးမောင်နှံတို့၏ လားရာဂတိကို ထုတ်ဖော် မိန့်ကြားပေးခဲ့သည်။

နကုလပိတုနှင့် နကုလမာတာ ဇနီးမောင်နှံတို့သည် အမိအဖအဖြစ် ဘဝငါးရာ၊ မိထွေး ဘထွေးအဖြစ် ဘဝငါးရာ၊ မိကြီး ဘကြီးအဖြစ် ဘဝငါးရာ၊ ဦးကြီး ဒေါ်ကြီးအဖြစ် ဘဝငါးရာ ဆက်တိုက် ကျင်လည်ခဲ့ရကား ဂေါတမဘုရားရှင်အား သားရင်းကဲ့သို့ ပြုမူပြောဆို ဆက်ဆံခွင့်ရခဲ့ပြီး မိမိတို့၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးဝါဒမကျန် ရင်းနှီး ပွင့်လင်းစွာ ဘုရားရှင်အား လျှောက်ထားမေးမြန်း ပြောဆိုခွင့်ရသည်အထိ ဖြစ်ခဲ့ပြီး ဘုရားရှင်နှင့် တွေ့ဦးစ ဆွမ်းကပ် တရားနာရပြီး သည်နှင့် သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့ရရုံမက နောင်တစ်ချိန်တွင် ဘုရားရှင်နှင့် ရင်းနှီးကျွမ်းဝင်သောအရာဝယ် ဇောဒဂ်အရာထား ချီးမြှင့်ခြင်းခံခဲ့ရပေသည်။

ပုထုဇဉ်တို့အား သံသရာမှ ရုန်းမထွက်နိုင်လောက်အောင် ဆွဲငင်ထားသည့် အဝိဇ္ဇာကိလေသာ၏ အထုံအငွေ့အသက်၏ သတ္တိစွမ်းအားကား ကြီးမားလှပေစွ။

ဗုဒ္ဓဘာသာဝင်တို့အဖို့ အပြင်အောင်ခြင်း ဟူသော အောင်ခြင်းရှုပါးတွင် ဘုရားရှင်၏ မေတ္တာ စွမ်းအားကြောင့် ယဉ်ကျေး လိမ္မာခဲ့ရသော လူကြမ်း လူရိုင်းကြီး အင်္ဂုလိမာလ၏ ဂေါတမဘုရားလောင်းနှင့် ကြုံကြိုက်ခဲ့ရသော ဘဝဖြစ်စဉ်တို့သည် ကိလေသာ၏ အထုံအငွေ့ သတ္တိ၏ စွမ်းအားကြီးမားပုံကို တွေ့ရှိ သံဝေဂယူပွားများနိုင်ပါသည်။

ငါးရာငါးဆယ်ဇာတ်တော်လာ ဂေါတမဘုရားလောင်းနှင့် ကြုံကြိုက်ခဲ့ရသော ဘဝတို့တွင် အင်္ဂုလိမာလ မထေရ်ကောင်းလျာသည် ဘီလူး၊ နတ်ဘီလူး၊ လူသားစားလူဘီလူးတို့ ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။

ထို့ကြောင့်လည်း ထိုကြမ်းကြုတ်ရက်စက်သော အထုံအကျင့် ဝါသနာအငွေ့သတ္တိက ရိုးသားထက်မြက် ပညာဉာဏ်ရှိသော အဟိသကလုလင်အား လူသတ်ပြီး လက်ညှိုး ဖြတ်ယူသည့် လူဆိုးကြီး အင်္ဂုလိမာလအဖြစ်သို့ တွန်းပို့ရောက်ရှိစေခဲ့သည်ဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း သံသရာလည် စဉ်က ဘဝ ဘဝတို့တွင် ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ပါရမီ အထုံလည်းရှိခဲ့သူဖြစ်ရကား ထိုကောင်းမှု၏ အငွေ့သင်္ကြောင့်လည်း ဘုရားရှင်နှင့် တွေ့ကာ လိမ္မာယဉ်ကျေးသွားပြီး တရားနာရသော် ရဟန္တာအဖြစ်သို့ ရောက်ခဲ့နိုင်ခြင်း ဖြစ်ပေသည်။

ဝီရိယ အားထုတ်မှုလျော့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဂေါတမဘုရားရှင် ဟောကြားခဲ့သည့် ဧကကနိပါတ်၊ ပဉ္စာဝုဓဇာတ်တွင် ဂေါတမဘုရားလောင်း ပဉ္စာဝုဓ မင်းသားနှင့် တွေ့ဆုံခဲ့ရပြီး ဆုံးမခြင်းခံရကာ ယဉ်ကျေးလိမ္မာပြီး ငါးပါးသီလ၌ တည်ခဲ့သော ဘီလူးကား အဝုံလိမာလမထေရ် လောင်းလျာ ဖြစ်ပေသည်။

ရှေးအခါ၌ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်း၏ သားတော်ကား ငါးပါးသော လက်နက်အမှုဖြင့် ထင်ရှားခဲ့သဖြင့် ပဉ္စာဝုဓဟု တွင်ခဲ့သည်။ သူကား ဂေါတမဘုရားလောင်းတည်း။ မင်းသားသည် အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ သွားကာ အတတ်သင်ခဲ့သည်။ ပညာစုံသော် ဆရာပေးအပ်သော ငါးပါးသော လက်နက်တို့ကိုယူ၍ ပြည်သို့ ပြန်လာခဲ့သည်။

လမ်းခရီးတွင် တစ်ခုသော တောင်၌ ကိုယ်တွင် စေးသောအမွေးများ ရှိသည့် ဘီလူးတစ်ကောင်ရှိကာ တောသို့ ဝင်လာသူအား စားသည်။ မင်းသားကို တွေ့သော် ဘီလူးသည် ကြိမ်းမောင်းခြိမ်းခြောက်ပြီး သတ်စားရန် ပြုခဲ့လေသည်။

မင်းသားက ဘီလူးကို မြားဖြင့် ပစ်သည်။ မြားတို့သည် ဘီလူး၏အမွေးတွင် ကပ်ငြိကုန်၏။ မြားကုန်သော် သန်လျက်နှင့် ခုတ်ပြန်သည်။ သန်လျက်သည် အမွေး၌ကပ်ငြိသွားသည်။ မြားကျည်တောက်ဖြင့် ဘီလူးကို ရိုက်ပုတ်ပြန်သည်။ ဘီလူး၏ အမွေး၌ ကပ်ငြိသွားပြန်သည်။ တစ်ဖန် ဆောက်ပုတ်ဖြင့် ခတ်ပြန်သည်။ ဘီလူး၏ အမွေး၌ ကပ်ငြိသွားပြန်သည်။

ထိုအခါ ဘုရားလောင်း ပဉ္စာဝုဓ မင်းသားသည် မိမိ၏ အမည်ကို ထုတ်ဖော် ကြုံးဝါးလျက် လက်ယာဘက်ဖြင့် ဘီလူးကို သတ်ပုတ်ခဲ့သည်။ လက်သည် အမွေး၌ ကပ်ငြိသွားသည်။ လက်ဝဲလက်ဖြင့် သတ်ပုတ်ပြန်သည်။ လက်ကပ်ငြိသွားသည်။ လက်ယာခြေဖြင့် ခတ်ပြန်သည်။ ခြေသည် အမွေး၌ ကပ်ငြိသွားသည်။ လက်ဝဲခြေဖြင့် ခတ်ပြန်သည်။ အမွေး၌ ကပ်ငြိသွားသည်။

ထို့ကြောင့် ခေါင်းဖြင့် ဒေ့တိုက်ပြန်သည်။ ခေါင်းသည်လည်း ဘီလူး၏ အမွေး၌ ကပ်ငြိသွားသည်။ ဘီလူး၏ အမွေးတွင် ကပ်ငြိနေပြီး တွဲလျားဖြစ်နေသော် ဘုရားလောင်းသည် ကြောက်ခြင်း၊ ရွံ့ရှာခြင်း မရှိသဖြင့် ဘီလူးသည် မင်းသားကို မစားဝံ့ဘဲ ဖြစ်နေသည်။

အဘယ်ကြောင့် ဒေသရမည်ကို မကြောက်ပါသနည်းဟု မင်းသားကို မေးသည်။ တစ်ကြိမ်သာ ဖြစ်မြဲ ကြုံမြဲ ဖြစ်ရသော သေခြင်းကို ကြောက်စရာ မလိုကြောင်း၊ မိမိ၏ ဝမ်းထဲတွင် ဝရဇိန်လက်နက်ရှိရကား မိမိကို စားသူသည် ထိုလက်နက်ကြောင့် အူ အသည်းတို့သည် အပိုင်းပိုင်း ပြတ်ကာ သေရမည် ဖြစ်သည်ဟု မင်းသားက ပြောခဲ့သည်။

မင်းသားသည် မိမိ၏ ထက်မြက်သော ဉာဏ်စွမ်းရည်ကို ပရိယာယ်ဖြင့် ဝရဇိန်လက်နက်ဟု ပြောကြောင်း မသိသော ဘီလူးမှာ ကြောက်သွားကာ မင်းသားကို လွှတ်ပေးခဲ့သည်။

ဘုရားလောင်း မင်းသားသည် အကျိုးအကြောင်းရှင်းပြပြီး မကောင်းမှုကို စွန့်လွှတ်ရန် တရားဟောပြီး ဆုံးမသော် ဘီလူးသည် လိမ္မာယဉ်ကျေးသွားကာ ငါးပါးသီလ၌ တည်ခဲ့သည်။

ဘုရားလောင်း ပဉ္စာဝုဓမင်းသား ပြည်သို့ ပြန်ခဲ့သည်။ ဖခင်လွန်သော် မင်းပြုပြီး ကောင်းမှုတို့ကို ဖြည့်ကျင့်ကာ မင်းနှင့်ပြည်သူတို့သည် ကံအားလျော်စွာ လားကြသည်။ ဇာတ်တော်အဆုံးတွင် ဘုရားရှင်သည် ဝီရိယလျော့သော ရဟန်းအား အရဟတ္တဖိုလ်သို့ ရောက်ရှိသွားစေသည့် အကျိုးများခဲ့သော အောက်ပါဒေသနာကို ဟောတော်မူခဲ့သည်။ မိမိတို့သည်လည်း ဤဒေသနာတော်ကို ဖတ်ရှုနာကြားပြီး အကျိုးများအောင် ပြုနိုင်ကြပါစေ။

"ယော အလိနေန စိတ္တေန၊
အလိန မသောနရော။ ဘာဝေတိ
ကုသလံ ဓမ္မံ၊ ယောဂက္ခေမသ ပတ္တိ
ယာ။ ပါပုကော၊ အနုပုဗ္ဗေန၊ သဗ္ဗ
သံယောဇနက္ခယံ"

"အကြင်ယောကျ်ားသည် တွန့်တိုခြင်း မရှိသော စိတ်ဖြင့် ပကတိအားဖြင့်လည်း မတွန့်တိုသော အလိုရှိသည်ဖြစ်၍ ကြိုးစားကျင့်ကြံ အားထုတ်မှုယောဂတို့ဖြင့် ဘေးမရှိသော် နိဗ္ဗာန်သို့ ရောက်ခြင်းငှာ အပြစ်မရှိသော သုံးဆယ့်ခုနစ်ပါး အပြားရှိသော ဗောဓိပက္ခိယတရားကို ပွားစေ၏။ ထိုယောကျ်ားသည် အစဉ်သဖြင့် အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်ဖိုလ်သို့ ဆိုက်ရောက်၏"

●

ရာဇိကာရဏ်ကျောင်းတော်တွင် ဂေါတမဘုရားရှင် တရားဟောနေခိုက် ဘုရားရှင်သည် ချေဆတ်တော်မူရာ ရဟန်းတို့က ဘုရားရှင် သက်တော်ရှည်ပါစေဟု အုတ်အုတ်ကျက်ကျက် အသံပြုကြသဖြင့် တရားဟောခြင်း၏ အန္တရာယ်ကို ဖြစ်စေခဲ့သည်။

ဘုရားရှင်က ချေခြင်းကို အကြောင်းပြု၍ အသက်ရှည်ခြင်း၊ သေခြင်းတို့ကို ဖြစ်ရသည်ဟု ယုံကြည်ခံယူထားခြင်းမျိုးကို မပြုသင့်ကြောင်း မိန့်တော်မူကာ ရဟန်းတို့အား ချေသည် ရှိသော် အသက်ရှည်စေသော်ဟု မဆို အပ်၊ ဆိုသော ရဟန်းအား ဒုက္ကဋ်အာ

www.burmeseclassic.com

www.burmeseclassic.com

ပတ်သင့်စေဟု ပညာတော်မူခဲ့သည်။

တပည့် ဒါယကာတို့နှင့် တွေ့သောအခါ ချေဆတ်မိသော ရဟန်းတို့သည် လူတို့က အသက်ရှည်ပါစေဟု ဆိုကြသည်ကို အာပတ်သင့်မည်စိုး၍ တုံ့ပြန်စကား မဆိုကြသဖြင့် လူတို့က မကျေမနပ်ဖြစ်ကာ ပြစ်တင်ကြသည်။ သို့ဖြစ်၍ ဘုရားရှင်က လူတို့ကို တုံ့ပြန်၍ အသက်ရှည်ပါစေဟုဆိုရန် ခွင့်ပြုပေးခဲ့သည်။ ချေဆတ်ခြင်းနှင့် ပတ်သက်၍ အတိတ်ဘဝဇာတ်ကြောင်းဖြစ်သော ဒုကနိပါတ်လာ ဘဂ္ဂဇာတ်ကို ဟောတော်မူခဲ့သည်။

ရှေးအခါကာလတစ်ခုဌ ဗာရာဏသီပြည်တွင် အရှင်အာနန္ဒာလောင်းလျာ မြဟွဒတ်မင်း အုပ်စိုးခဲ့သည်။ အရှင်မဟာကဿပလောင်းလျာသည် ကာသိတိုင်းဝယ် ကုန်သွယ်မှုပြုသော ပုဏ္ဏားဖြစ်ခဲ့သည်။ သူ၏သားကား ဂေါတမဘုရားလောင်းတည်း။

အရွယ်ရောက်လာသော သားနှင့်အတူ ပုဏ္ဏားသည် ကုန်သွယ်မှုပြုရင်း ဗာရာဏသီသို့ ရောက်လာခဲ့သည်။ အချိန်လင့်သွားသဖြင့် မြို့ပြင်ရှိ ဇရပ်တစ်ခုဌ အိပ်ရသည်။ ဇရပ်တွင် ဝေဿဝဏ် နတ်မင်းထံမှ အခွင့်ရထားသော ဘီလူး စောင့်သည်။ ထိုဘီလူးကား အင်္ဂုလိမာလ မထေရ်လောင်းတည်း။ သူသည် ခေါင်အုပ်အောက် လျောက်တန်းပေါ်တွင် နေသည်။

ဇရပ်ထဲသို့ ဝင်လာသူတို့တွင် တစ်ဦးဦးသည် ချေဆတ်လျှင် သူက အသက်ရှည်ပါစေမှုပြောလျှင် ထိုသူကလည်း အသက်ရှည်ပါစေဟု ပြန်ပြောရသည်။ မပြောလျှင် ထိုသူကို စားသည်။ သားဘုရားလောင်းက ဖခင်ပုဏ္ဏားအား မကြောက်ရန် ပြောပြီး ဘီလူးကို ဆုံးမမည်ဟု နှစ်သိမ့်ကာ ဖခင်ကိုလဲလျောင်းစေပြီး နှိပ်နယ်ပေးသည်။ ဘီလူးသည် ပုဏ္ဏား၏ နှာဝတွင်းသို့ မြှုပ်နှံမျှားမှုတ်သွင်း၍ ချေစေသည်။ ထိုအခါ သားဖြစ်သူက အဖအား အသက်ရှည်ပါစေဟုဆိုသည်။ ဘီလူးက အခြေအနေကို စောင့်နေစဉ် အဖ ပုဏ္ဏားကလည်း အသက်ရှည်ပါစေဟု ပြန်ပြောသဖြင့် ဘီလူးစားခွင့် မရဖြစ်ခဲ့သည်။

ဘီလူးကို မြင်သော သားက ဘီလူးအား လူတို့အား သတ်စားခြင်းသည် မကောင်းမှုဖြစ်ကြောင်း၊ ရွေးအတိတ်က အကုသိုလ်ပြုခဲ့ခြင်းကြောင့် ယခုဘဝတွင် ကြမ်းကြုတ်သော ဘီလူးဖြစ်ခဲ့ရာ ဤသို့ဆက်၍ မကောင်းမှုကို ပြုနေပြန်လျှင် အပိုက်မှ အပိုက်သို့ လားရလိမ့်မည်။ ထို့ကြောင့် သူအသက်သတ်ခြင်း စသည်တို့ကို ရှောင်ပါဟု ဆုံးမပြီး ငရဲဘေးဖြင့် ခြိမ်းခြောက်၍ ငါးပါးသီလ၌ တည်စေကာ ဘီလူးကို ကျွန်အမှုလုပ် ပြုခဲ့သည်။

မိုးလင်းသော် လူအများက ထိုဖြစ်ရပ်ကို ကြားသိရသော် မင်းထံသို့ လျှောက်တင်ခဲ့ကြသည်။ မင်းက ဘုရားလောင်းကို သေနာပတိအရာပေး၍ အဖအား ဥစ္စာစည်းစိမ်တို့ကို ချီးမြှင့်ခဲ့သည်။ ဘီလူးအား ဗလိနတ်စာခံသော နတ်အဖြစ် ပြုပေးခဲ့သည်။ ဘုရားလောင်း၏ အဆုံးအမကိုခံ၍ အသက်ထက်ဆုံး ကောင်းမှုပြုကြကာ မင်းနှင့် ပြည်သူတို့သည် နတ်ပြည်သို့ လားကြသည်။

ဇေတဝန်ကျောင်းတော်တွင် အမိကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူခဲ့သော သတ္တကနိပါတ်လာ သဲတနုဇာတ်တွင် အင်္ဂုလိမာလ မထေရ်လောင်းကို လူသားစား မယဒေဝ အမည်ရှိ ဘီလူးအဖြစ် တွေ့ရပါသည်။

လွန်လေပြီးသော ကာလတစ်ခုဌ အရှင်အာနန္ဒာလောင်းသည် ဗာရာဏသီပြည်ကိုအုပ်စိုးသော မြဟွဒတ်မင်းဖြစ်ခဲ့သည်။ ထိုအခါ ဂေါတမဘုရားလောင်းကား သုတနုအမည်ရှိ သူဆင်းရဲတစ်ဦးဖြစ်ကာ မိဘတို့ကို လုပ်ကျွေးခဲ့သည်။ ဖခင်သေသော် အမိကို လုပ်ကျွေးခဲ့သည်။

သမဝ်သတ်ခြင်းကို ဝါသနာထုံသော မင်းသည် တစ်နေ့တွင် ခရီးလည်ရင်း ဒဏ်ရာရသော သားကောင်ကို လိုက်ဖမ်းရာ သားကောင်ကိုမိသော်ပိုင်းဖြတ်ထမ်းပိုးရင်း အင်္ဂုလိမာလ မထေရ်လောင်း မယဒေဝဘီလူး စောင့်သော ပညောင်ပင်သို့ဝင်၍ လဲလျောင်းအနားယူ အိပ်ခဲ့သည်။ ဘီလူးက အခွင့်ရပြီဖြစ်သဖြင့် စားမည် ပြုသည်။

မင်းသည် သတိကိုဖြစ်စေလျက် သားကောင်ကို ပေးစားပြီး မိမိကို လွှတ်ရန် ပြောခဲ့သည်။ နေ့စဉ် စားရန် လာပို့ပေးမည်ဟု ပြောသည်။ ထို့ကြောင့် မိမိ၏ ပြည်သို့ရောက်သော် အမတ်တို့အား အကြောင်းစုံပြောပြရာ အမတ်တို့က ဘီလူးအား အစာပို့ရန် ကာလသတ်မှတ်ခဲ့ခြင်း မရှိခဲ့သည်ကို ပြစ်တင်ခဲ့ကြသည်။ သို့နှင့် နေ့စဉ် နှောင်အိမ်ထဲမှ အချုပ်သားတို့ကို တစ်နေ့ တစ်ယောက် ပို့စေခဲ့သည်။ နှောင်အိမ်၌ လူကုန်သော် ဘီလူးထံ အစာပို့ရန် ဥစ္စာထောင်ထုပ်ကို ပေး၍ လွှတ်ရန် စည်လည်စေခဲ့သည်။ အစာရော လူပါ စားသည့်အတွက် မည်သူမျှ မပို့ရဲကြပေ။

ဘုရားလောင်း သုတနုလုလင်က သွား၍ ဘီလူးအား ဆုံးမကာ ဥစ္စာကိုယူမည်။ ဥစ္စာရပြီး ဘီလူးအစားခံရလည်း အမိအတွက် အဆင်ပြေမည်ဟု ကြံ၍ အမိကို ပြောပြရာ အမိက သုံးကြိမ်တိုင် တားခဲ့သည်။ နောက်ဆုံးတွင် အမိကို မပြောတော့ဘဲ ဘီလူးထံ အစာသွားပို့ခဲ့သည်။

သွားရာတွင် ရွှေခြေနင်းကိုလည်းကောင်း၊ ထီးကိုလည်းကောင်း၊ သန်လျက်ကိုလည်းကောင်း တောင်းယူခဲ့ပြီး အစာကို ရွှေခွက်ထဲ ထည့်စေခဲ့သည်။ အပင်၏ အရိပ်ထဲသို့ဝင်မှ ဘီလူးစားခွင့်ရှိသည်ဖြစ်ရာ ဘုရားလောင်းသည် စားခွက်ကို အရိပ်အတွင်းသွင်း၍ လူက အရိပ်အပြင်တွင် ရပ်နေခဲ့သည်။

ဘီလူးက လူရော အစားပါ စားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို အခါ ဘုရားလောင်းက မိမိကိုစားလျှင် နောင် မည်သူမျှ လာပို့ တော့မည် မဟုတ်ကြောင်း၊ မိမိသည် ယခု အရိပ်အပတွင်ရှိနေ၍ ဖမ်းစားခွင့် မရှိကြောင်း၊ မိမိကို လွှတ်ပေးလျှင် မင်းအား နေ့စဉ်အစာပို့ပေးရန် ပြော ပေးမည်ဟု ပြန်ပြောခဲ့သည်။

ထို့ပြင် ဘီလူးသည် မိမိကို စား ခွင့်မရှိကြောင်း မိမိသည် ဘီလူးပိုင်သော အရပ်၌ မရပ်၊ ခြေနင်းပေါ်သာ ရပ် ကြောင်း၊ ဘီလူး၏ သစ်ရိပ်ကိုလည်းမခို၊ ထီးရိပ်သာ ခိုကြောင်း၊ အတင်းအကျပ် စားမည်ပြုလျှင် သန်လျက်စာမိမည်ဖြစ် ကြောင်း ပြန်လည်ဖြေမိန့်ခြောက်ခဲ့သည်။

ဘီလူးသည် အခြေအနေကို သုံးသပ်မိပြီး သုတနုလုလင်အား လည်း လေးစားသွားကာ မိမိ၏ အကျိုးလည်း မယုတ်သဖြင့် ဘုရားလောင်းစကားကို လက်ခံ၍ ဘုရားလောင်းကို ပြန်သွား စေခဲ့သည်။

ဘုရားလောင်းသည် ဘီလူးအား ရှေးအတိတ်က အကုသိုလ်မှုကြောင့် ယခု ရုန့်ရင်းကြမ်းကြုတ်သော ဘီလူး ဖြစ်ရသည်။ သို့ဖြစ်၍ သူ့အသက် သတ်ခြင်း စသည်တို့ကို မပြုပါနှင့်ဟု သီလ၏အကျိုး၊ သီလမရှိခြင်း၏ အပြစ် တို့ကို ပြောပြ၍ ဘီလူးအား ငါးပါး သီလ၌ တည်စေခဲ့သည်။ မြို့သို့ ဘီလူး ကို ခေါ်ခဲ့ပြီး နေ့စဉ် အစာရရှိအောင် ပြုပေးခဲ့သည်။ မင်းနှင့် ပြည်သူတို့သည် ဘုရားလောင်း၏ အဆုံးအမ၌ တည် ကာ ကောင်းမှုပြုရင်း နတ်ပြည်သို့ လား ကြသည်။

●

မွေးစမှာပင် ဘီလူးအဖမ်းခံရပြီး အစားမခံရဘဲ သားအဖြစ် မွေးမြူခြင်း ခံခဲ့ရကား မိမိကိုယ်မိမိ လူသားဖြစ် သည်ဟု မသိဘဲ ဘီလူးအဖြစ်မှတ်ထင် ပြုမူခဲ့သော အဂုံလိမာလမထေရ် လောင်းလျာအား တိုသနိပါတ်လာ ဇယဒိသဇာတ်တွင် လူသားဘီလူးအဖြစ် တွေ့နိုင်ပါသည်။

ရှေးလွန်လေပြီးသော ကာလ တစ်ခု၌ ကပိလတိုင်း ဥတ္တရာပဉ္စာလမြို့ တွင် ပဉ္စာလမင်း၏ မိဖုရားကြီးသည် သားမွေးတိုင်း အတိတ်က ရန်ငြိုးရှိခဲ့ သော ဘီလူးမက လာ၍ စားခဲ့သည်။ တတိယမြောက်သား မွေးဖွားသော် အစောင့်အရှောက် ထူထပ်စွာထားခဲ့ သဖြင့် ဘီလူးမသည် သားငယ်ကို ဖမ်း ယူကာ ထွက်ပြေးခဲ့ရသည်။ လမ်းတွင် ကလေးငယ်က နို့ကိုစို့ရာ ဘီလူးမသည် မိခင်စိတ်ဝင်ကာ ကလေးကို သားကဲ့သို့ ချစ်သွားမိပြီး မစားဘဲ ကျွေးမွေးစောင့် ရှောက်ခဲ့သည်။

ကလေးသည် လူသားစားရင်း ဘီလူးအဖြစ် ကြီးပြင်းလာခဲ့သည်။ ဘီလူးမက ဆေးမြစ်တစ်ခု ပေးပြီး ကိုယ်ဖျောက်စေနိုင်ခဲ့သည်။ ဝေဿ ဝဏ်နတ်မင်းထံ သွားရင်း ဘီလူးမ သေ ခဲ့သည်။ လူသားဘီလူးသည်လည်း ဆေးမြစ်ဖျောက်သွားရာ ကိုယ်မဖျောက် နိုင်ဖြစ်ခဲ့ရသည်။

ထို့ကြောင့် သုသာန်တစ်ခုတွင် နေကာ လူသားတို့ကို ဖမ်းယူစားနေခဲ့ သည်။ လူတို့ကို မင်းထံ အရေးဆိုခဲ့ကြ သဖြင့် ဝိုင်းဖမ်းကြသဖြင့် လူသားဘီလူး သည် ထွက်ပြေးရတော့သည်။ တစ်ခု သော မဟာဝဋ္ဌနီအမည်ရှိ တောအုပ် တွင် ခိုကာ လာသမျှကို ဖမ်းစားနေခဲ့ သည်။ တစ်နေ့တွင် လူအုပ်တစ်ခုထဲမှ ပုဏ္ဏားတစ်ဦးကို ဖမ်းယူရာ လူတို့ ဝိုင်းလိုက်သဖြင့် အလွတ်ရုန်းထွက်ပြေး ရင်း ရှာဇဥ္ဇတ်စူး ဒဏ်ရာရရှိခဲ့သည်။ ပညောင်ပင်တစ်ခုတွင် ဝင်အိပ်နေခဲ့ သည်။

လူသားဘီလူး၏ မွေးမိခင် မိဖုရားကြီးသည် စတုတ္ထမြောက်သားကို မွေးခဲ့သည်။ ဘီလူးရန်မှ လွတ်သဖြင့် ဇယဒိသမင်းသား ဖြစ်လာခဲ့သည်။ အရွယ်ရောက်သော် မင်းဖြစ်လာခဲ့ သည်။ ဇယဒိသမင်းနှင့် မိဖုရားကြီး တို့၏ သားကား ဂေါတမဘုရားလောင်း အလိန်သတ္တုမင်းသား ဖြစ်သည်။

ဇယဒိသမင်းနှင့် မိဖုရားကြီးတို့ သည် သုဒ္ဓေါဒနမင်းနှင့် မယ်တော် မာယာလောင်းလျာတို့တည်း။

တစ်နေ့၌ ဇယဒိယမင်းသည် တောကစားထွက်ရာ လမ်းတွင် မိဘကို လုပ်ကျွေးသော နန္ဒပုဏ္ဏားနှင့် တွေ့ခဲ့ သည်။ ပုဏ္ဏားထံမှ တစ်ဂါထာလျှင် တစ်ရာထိုက်သော သတာရဟလေး ဂါထာကို အပြန်တွင် နာယူမည်ဟု ကတိပေး၍ ပုဏ္ဏားကို နေရာပေးခဲ့ပြီး တော့ကစားထွက်ခဲ့သည်။ ဇယဒိသမင်း သည် သားကောင်ကို ဖမ်းယူသယ် ဆောင်လျက် အဂုံလိမာလမထေရ် လောင်း လူသားဘီလူးရှိရာ ပညောင် ပင်သို့ ရောက်လာခဲ့သည်။

ထို နေ့ကား ငုတ်စူး၍ အစာ မစားရသည်မှာ ခုနစ်ရက်ရှိပြီဖြစ်ရာ ဆာလောင်နေသော လူသားဘီလူး သည် မင်းကို ဖမ်းယူကာ စားမည်ပြု သည်။ ဇယဒိသမင်းသည် ကြောက် သော်လည်း သတိဖြစ်စေကာ မိမိသည် မည်သူဖြစ်ကြောင်း ပြောပြီး ဖမ်းယူ လာသော သားကောင်ကို သာစား၍ မိမိအား လွှတ်ပေးရန် ပြောခဲ့သည်။ ဘီလူးက နှစ်ခုလုံးကို စားမည်ဟု ပြော ခဲ့သည်။

ထို အခါ ဇယဒိသမင်းက မိမိ သည် နန္ဒပုဏ္ဏားကို တရားနာမည်ဟု ကတိပြုထားသဖြင့် တရားနာခွင့်ပြုပါ။ တရားနာပြီး ပြန်လာမည်ဟု တောင်း ဆိုခဲ့သည်။ လူသားဘီလူးက မင်းအား ခွင့်ပေးခဲ့သည်။ မင်းသည် နန္ဒပုဏ္ဏား ထံမှ တရားကို နာယူပြီး ပုဏ္ဏားအား ဥစ္စာပေး၍ တက္ကသိုလ်ပြည်သို့ ပို့ဆောင် သည်။ ထို့နောက် မင်းသည် အလိန သတ္တုမင်းသားကိုခေါ်၍ အကြောင်းစုံ ပြောပြခဲ့သည်။ တရားမျှတစွာ မင်းကျင့် တရားနှင့်အညီ မင်းပြုရန် ဆုံးမမှာ ကြားပြီး ဘီလူးထံ ပြန်သွားမည်ဟု ဆို ခဲ့သည်။

ထို အခါ ဘုရားလောင်းမင်းသား ကဖခင်ကိုယ်စားသွားမည်ဟုဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖခင်က ခွင့်မပြုသော်လည်း မရမက တောင်းဆိုနေသဖြင့် သားကို ခွင့်ပြုလိုက်ရသည်။ မင်း၊ မိဖုရား၊ မှူးမတ်တို့က ဘီလူးထဲသွားသော မင်းသားကို ငိုကြွေးရင်း ခွင့်ပြုခဲ့ကြရသည်။ ဇယဒိသမင်း မိဖုရားကြီးနှင့် ဥပ္ပလဝဏ်ထေရီလောင်း နှမတော် မင်းသမီး၊ ယသော်ရောထေရီလောင်း မင်းသား၏ မယားတို့သည် ငိုကြွေးရင်း အသီးသီး သစ္စာစကားတို့ကို တိုင်တည်ကာ ဘီလူး၏ အန္တရာယ်မှ လွတ်ရန် ဆုတောင်းနေခဲ့ကြသည်။

ဖခင်ကိုယ်စား အစားခံရန် လာကြောင်း ပြောလာသော ဘုရားလောင်းမင်းသားကို လူသားဘီလူး ခြိမ်းခြောက်ခဲ့သည်။ ဖခင်အတွက် သေခြင်းကိုပင် ကြောက်ရွံ့ခြင်းမရှိသော ဘုရားလောင်းအား ဘီလူးသည် လေးစား ကြည်ညိုသွားကာ ခီးကျူးခဲ့သည်။ ဘုရားလောင်းက သားတစ်ဦးအနေဖြင့် မိဘအတွက် ပြုလုပ်ပေးရသည်ဖြစ်၍ ကောင်းမှုတစ်ခုပြုခြင်းသာ ဖြစ်သဖြင့် ပြုနိုင်ခဲ့သည်ဟု မယူဆကြောင်း ပြန်ပြောခဲ့သည်။

သေခြင်းကို မကြောက်ရသည့် အကြောင်းမေးရာ ဘုရားလောင်းမင်းသားက မိမိသည် မျက်မှောက်မျက်ကွယ်၌ ကိုယ်နှုတ်နှလုံးဖြင့် မဖြောင့်စွာကျင့်ခြင်းမရှိကြောင်း၊ ဉာဏ်ဖြင့်ကောင်းစွာ ဝိုင်းခြားအပ်သော ဇာတိ မရဏာရှိသူ ဖြစ်ကြောင်း၊ ပစ္စုပ္ပန် တမလွန် လောကတို့၌ သေခြင်းမှ လွတ်ခြင်းမရှိသည် သိသဖြင့် သေခြင်းကို မကြောက်ခြင်းဖြစ်ကြောင်း ဖြေခဲ့သည်။

ဘီလူးသည် မင်းသားကို ပို၍ ထိတ်လန့်ကြောက်ရွံ့လာသဖြင့် ပြေးခွင့်သာအောင် မီးဖိုရန် ထင်းရှာရန် ပြောခဲ့သည်။ မင်းသားက မပြေးဘဲ ထင်းရှာ၍ မီးဖိုပြုကာ ဘီလူးကို စားရန် အဆင်သင့်ဖြစ်ကြောင်း ပြောသည်။ ဘီလူးမှာ ပို၍ လေးစားလာသကဲ့သို့ ပို၍ ကြောက်ရွံ့လာသဖြင့် မင်းသားကဲ့သို့သော သူကို စားမိပါက ဦးခေါင်းခုနစ်စိတ်ကွဲခြေတော့မည်ဟု ဆိုသည်။

ထိုအခါ မင်းသားက မစားလိုက အဘယ်ကြောင့် မီးဖိုခိုင်းရကြောင်း မေးသည်။ မင်းသားအား ထွက်ပြေးခြင်းပြု၊ မပြု စုံစမ်းလိုခြင်းဖြစ်ကြောင်း ဘီလူးက ပြန်ဖြေခဲ့သည်။

ထိုအခါ ဘုရားလောင်းမင်းသားက မိမိသည် ရှေးအတိတ်က တိရစ္ဆာန်မျိုး ယုန်ဘဝ၌ အသက်စွန့်၍ သီလစောင့်ပုံကို လာရောက် စုံစမ်းသော သိကြားမင်းအား မိမိကိုယ်ကို စားစေခဲ့သဖြင့် လဝန်းတွင် ယုန်ရေးတံဆိပ်နှိပ်ကာ ဂုဏ်ပြုပြီး လူတို့၏ ချစ်ခြင်းကို ပွားစေခဲ့ကြောင်း ပြောခဲ့သည်။

ဘီလူးက မင်းသားကို လွှတ်ပေးရာ ဘီလူးအား တရားပြပြီး ငါးပါးသီလ ပေးခဲ့သည်။ ထို့ပြင် ဘီလူး၏ ရုပ်သွင် အဂိါကို ဆင်ခြင်သုံးသပ်ကြည့်ရာတွင် ဘီလူး မဟုတ် လူသား စင်စစ်ဖြစ်ကြောင်း သိသွားခဲ့သည်။

ထိုအခါ မိမိ၏ ခမည်းတော်၏ အစ်ကိုတော်သူကို ဘီလူးမ ဖမ်းသွားသောအဖြစ်ကို သတိရကာ ဤသူသည် မိမိ၏ ဘကြီးတော်ဖြစ်ကြောင်း သေချာသွားသဖြင့် ဘီလူးအား အကြောင်းစုံကို ရှင်းပြခဲ့သည်။

ဘီလူးက မယုံသဖြင့် အရှင်သာရိပုတ္တရာလောင်း ဒီဗွစက္ခုရသေ့ထံ ခေါ်သွားပြီး တုတ်မှန်ကြောင်းကို ယုံကြည်စေခဲ့သည်။ လူသားဘီလူးလည်း သတိသံဝေဂဖြစ်ကာ တိုင်းပြည်သို့ ပြန်မလိုက်တော့ဘဲ ဒီဗွစက္ခုရသေ့ထံတွင် ရဟန်းပြုခဲ့သည်။

တိုင်းပြည်သို့ ပြန်လာသော ဘုရားလောင်း အလီနသတ္တုမင်းသားအား အားလုံးက ဝမ်းသာစွာကြိုဆိုခဲ့သည်။ မင်းသားထံမှ အကြောင်းစုံသိသော် ဇယဒိသမင်းသည် အစ်ကိုဖြစ်သူထံသွားကာ ထီးနန်းကို အပ်ခဲ့သည်။ အစ်ကို ရဟန်းက ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် မင်းသည် အစ်ကိုရဟန်းအတွက် ဆွမ်းဝတ်ကို ပြုပေးရန် ရွာတည်ပေးခဲ့သည်။ စူဠကမ္မာသဒ္ဒမ္မနိဂုံးဟု တွင်ခဲ့သည်။

●

ဇေတဝန် ကျောင်းတော်တွင် ဂေါတမဘုရားရှင် စံနေခိုက် ခိုးသူကြီး အင်္ဂုလိမာလကို လက်နက်ကိုင်ဆွဲခြင်း မပြုဘဲ ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်ခဲ့ပုံကို ချီးကျူးကြရာ ဘုရားရှင်က အတိတ်ဘဝကလည်း မိမိသည် အင်္ဂုလိမာလထေရ် လောင်းလျာကို ဆုံးမခဲ့ဖူးကြောင်း ပြောခဲ့ကာ အသီတိနိပါတ် မဟာသုတသောမဇာတ်ကို ဟောတော်မူခဲ့သည်။

ဤဇာတ်တွင် အင်္ဂုလိမာလ မထေရ်လောင်းသည် 'မထင်မှတ်ဘဲ လူသားစားမိရကာ လူသားစား ပေါရိဏာဒအဖြစ် ထင်ရှားခဲ့သည့် ဟရာဇာသီပြည့်ရှင်မင်း၏သား ဒြဟ္မဒတ်မင်းသားအဖြစ် တွေ့ရမည် ဖြစ်ပါသည်။

လွန်လေပြီးသောအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်၌ တရားနှင့်အညီ မင်းပြုသော ကောရဗျမင်းနှင့် မိဖုရားကြီးတို့၏ သားကား ဘုရားလောင်း သုတသောမမင်းသားတည်း။ အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ သွား၍ အတတ်သင်ခဲ့သည်။ ကောရဗျမင်းနှင့် မိဖုရားကြီးတို့သည် သုဒ္ဓေါဒနမင်းနှင့် မာယာဒေဝီ လောင်းလျာတို့ ဖြစ်ကြသည်။

သုတသောမမင်းသားနှင့်အတူ တစ်ရာ့တစ်ပါးသော မင်းသားတို့သည်လည်း ပညာသင်ယူခဲ့ကြသည်။ ဘုရားလောင်းမင်းသားသည် ဉာဏ်ထက်မြက်သဖြင့် တပည့်ကြီးအရာ ထားကာ အခြားမင်းသားတို့ကို ဆရာအဖြစ် သင်ကြားစေခဲ့သည်။ သူ၏ အခင်ဆုံးမိတ်ဆွေမှာ ကာသိတိုင်း ဟရာဇာသီပြည့်ရှင်မင်း၏ အားတော် ဒြဟ္မဒတ်မင်းသားတည်း။ နောင်တွင် လူသားစားပေါရိဏာဒဟု ထင်ရှားလာမည့် အင်္ဂုလိမာလမထေရ်လောင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com

အတတ်ပညာတို့ ပြည့်စုံသော် အသီးသီး မိမိတို့ တိုင်းပြည်သို့ ပြန်ကြသည်။ အင်္ဂလိပ်အတတ်၌ ကျွမ်းကျင်သော ဘုရားလောင်းသည် နောင်တစ်ချိန်တွင် ကျန်အခြားသောမင်းသားတို့ကို ကြီးစွာသော ဘေးဖြစ်စေမည့်သူ ဖြစ်လိမ့်မည်ဟု ဗြဟ္မဒတ်မင်းသားကို တွက်ဆမိသဖြင့် ဆုံးမစကားတို့ကို အားလုံးသော မင်းသားတို့အား ပြောကြားခဲ့သည်။

တိုင်းပြည် အသီးသီးသို့ ပြန်ရောက်ကြပြီးနောက် အချိန်တန်၍ မင်းအဖြစ် အသီးသီးပြုကြရသော် ဘုရားလောင်း၏ အဆုံးအမကို နာခံလျက် တည်နေကြကြောင်း ဘုရားလောင်းထံ အကြောင်းကြားခဲ့သည်။ ဘုရားလောင်း သုတသောမမင်းကလည်း မမေ့မလျော့ သတိရှိကြရန် ပြန်ပြောခဲ့သည်။

အင်္ဂလိမာလမထေရ်လောင်း ဗြဟ္မဒတ်မင်းကား လွန်ခဲ့သော ဆက်လျက် ဘဝကလည်း ဘီလူးဖြစ်ခဲ့ရာ လူသားစားဖူးခဲ့သူဖြစ်သည်။ ထို့ကြောင့် ယခုလက်ရှိဘဝ၌လည်း အထုပါကာ အမဲသား ငါးတို့ကို အလွန်မက်မောသူ ဖြစ်သည်။

တစ်နေ့၌ မင်းအတွက် ချက်ထားသော အမဲသားကို ခွေးစားသွားခဲ့သဖြင့် ထပ်မံဝယ်ယူသော်လည်း မည်သို့မျှ ဝယ်မရသောကြောင့် စားတော်ချက် ရသကဲ့သည် ကြံရာမရဖြစ်ကာ နောက်ဆုံး ရဟိရရာ သုသာန်မှ သေပြီးခါစ လူသေမှ ပေါင်းသားကို ဖြတ်ယူပြီး ချက်ခဲ့တော့သည်။

အင်္ဂလိမာလမထေရ်လောင်း ဗြဟ္မဒတ်မင်းသည် လူသားဟင်းကို အလွန်နှစ်ခြိုက် သဘောကျသွားခဲ့လေသည်။ ပရိယာယ်ဖြင့် စားနတ်ချက်ကို ခြိမ်းခြောက် ကြိမ်းမောင်းကာ ဟင်းအကြောင်းကို အမှန်ပြောစေခဲ့သည်။ ထို့နောက် နောင်တွင် အမြဲ လူသားဟင်းချက်ပေးရန် ခိုင်းခဲ့သည်။ မည်သူကိုမျှလည်း မပြောရန် တားမြစ်ခဲ့သည်။ လူသားရရှိရန် လူတို့ကို သတ်စေခဲ့သည်။

ဦးစွာ နှောင်အိမ်တွင် ချုပ်ထားသောသူတို့ကို သတ်ခဲ့သည်။ ကုန်သွားသောအခါ လမ်းတွင် အသပြာထုပ်ကို ပစ်ထားစေပြီး ကောက်ယူသူတို့အား ဖမ်း၍ သတ်စားခဲ့သည်။ ဤသို့ဖြင့် ပြည်သူ ပြည်သားတို့သည် ချောက်ချားကြောက်လန့်ကြပြီး မင်းထံ လူသားစားခိုးသူကို နှိမ်နင်းပေးရန် တောင်းဆိုကြသည်။ မင်းက တာဝန်မယူနိုင်ဟု ငြင်းခဲ့သည်။

ထို့ကြောင့် စစ်သူကြီးကာဠဟတ်ထံသွား၍ တောင်းဆိုကြသည်။ စစ်သူကြီးကား အရှင်သာရိပုတ္တရာလောင်းလျာတည်း။ စောင့်၍ ဖမ်းကြရာ မိန်းမတစ်ဦးကို ဆတ်၍ အသားယူနေသော စားတော်ချက် ရသကဲ့ကို လက်ပူးလက်ကြပ် ဖမ်းမိတော့သည်။

ထိုအခါမှ ဗြဟ္မဒတ်မင်းသည် လူသားစားကြောင်း သိသွားကြသည်။

စားတော်ချက်ကို မင်း၏ ရှေ့သို့ ခေါ်ပြီး ဝန်ခံထွက်ဆိုစေရာ ဗြဟ္မဒတ်မင်းကလည်း လူသားစားကြောင်း ဝန်ခံခဲ့သည်။ တိုင်းပြည်ပျက်စီးမည့်အရေးဖြစ်သဖြင့် လူသားကို ရှောင်ကြဉ်ပါရန် မင်းအား စစ်သူကြီးက လျှောက်တင်တားမြစ်ခဲ့သည်။ အတိတ်ဝတ္ထုအမျိုးမျိုး ထုတ်ဖော်ရှင်းပြရင်း လူသားမဲစားရန် တားမြစ်လျှောက်တင်ခဲ့သည်။

ကျောက်စစ်မှော်ရေညို တို့ကိုသာ စားသော် ယူဇနာငါးရာရှိသည့် အာနန္ဒာငါးကြီးသည် ရေညိုထဲတွင် မထင်မှတ်ဘဲ ပါလာသော ငါးကို စားမိပြီး ဇာတ်တူသား ငါးအရသာကို တပ်မက်မိသဖြင့် နောက်ဆုံး မိမိ၏ အမြီးပိုင်းကို ကိုက်ဝါးမိကာ ငါးအားလုံး၏ အစားခံရပြီး သေဆုံးရခြင်းကို ပြောပြ၍ လူသားစားခြင်းဈို့ စွန့်ရန် လျှောက်ထားခဲ့၏။

ထိုအခါ အင်္ဂလိမာလမထေရ်လောင်း လူသားစား ဗြဟ္မဒတ်မင်းက မိမိသည် ရှေးအခါက ဗာရာဏသီပြည်မှ သူဇာတာသူကြွယ်၏သားကဲ့သို့ ဇမ္ဗူသပြေသီး စားရ၍ ထိုအရသာကို တပ်မက်ကာ မည်သည့်အစာမျှ မစားဘဲ သရက်သီးကိုသာ စောင့်တရင်း သေရသကဲ့သို့ ထို့အတူ လူသားကို မစားရ မနေနိုင်ဖြစ်နေပြီဟု ပြန်ပြောခဲ့သည်။

စစ်သူကြီးကာဠဟတ်ကလည်း တစ်ဖန် ရှေးက ဗာရာဏသီပြည်ရှိ ပဉ္စသီလကို စောင့်သော သောတ္ထိယအမျိုးမှ တစ်ယောက်သောသားသည် အပေါင်းအဖော်မှားပြီး သားငါးကို စားကာ သေရည်တို့ကို သောက်ကာ မူးယစ်နေခဲ့သည်။ မိဘဆွေမျိုးတို့က ဆုံးမသည်ကို မနာခံသဖြင့် စွန့်ပစ်ခြင်းခံရကာ တောင်းရမ်းစားခဲ့ရပြီး နောက်ဆုံး ငတ်မွတ်သေခဲ့သည်။ ထို့အတူ မင်းကို ပြည်သူတို့က စွန့်ပစ်ကာ တိုင်းပြည်မှ နှင်ထုတ်ကြလိမ့်မည် ဖြစ်၍ လူသားစားခြင်းကို စွန့်ရန် လျှောက်ထင်ပြန်သည်။

ထိုအခါ လူသားစား အင်္ဂလိမာလမထေရ်လောင်းမင်းက ပြန်ပြောခဲ့ပြန်သည်။ မိမိသည် ရှေးက သူဇာတာသူကြွယ်ကဲ့သို့ ဆရာရသေ့များ၏ ကျောင်းတွင် နတ်သမီးကို မြင်မိသဖြင့် စွဲလမ်းတပ်မက်ပြီး တမ်းတရင်း အသက်သေခဲ့သည်။ ထို့အတူ လူသား မစားရလျှင် မိမိသေရမည်ဖြစ်၍ မရှောင်နိုင်ကြောင်း ပြောခဲ့သည်။

ထိုအခါ စစ်သူကြီးကာဠဟတ်က ရှေးအခါက စိတ္တကုဋ္ဌတောင်ရှိ ရတနာရွှေဂူ၌ ဟင်္သာတို့ မိုးခိုစဉ် လေးလအတွက် သလေးစပါးကို စုထားပြီး စားကြသည်။ မိုးကုန်သော် ဂူဝ၌ ပဉ္စကုတစ်ကောင်က အမြွေးကွန်ရက်ထားသည်ကို ဖောက်ထွက်ခဲ့ကြသည်။

တစ်ချိန်တွင် မိုးသည် ငါးလတိုင်ရွာသဖြင့် ဂူထဲ မိုးခိုသော ဟင်္သာတို့ကို စားခဲ့သည်။ ထိုအခါ ဥတို့ကို စစားခဲ့သည်။ ကုန်သော် ဟင်္သာငယ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com

စားခဲ့သည်။ ဇာတ်တူသားကိုစားသော ဟင်္သာတို့သည် ဟင်္သာအိုတို့ကိုပါ စားကြရသော်လည်း အားယုတ်လျော့ကုန်သည်။ ငါးလကျော်၍ မိုးကုန်သော ဂုဝ၌ ပိတ်နေသော ပင့်ကူမြွေးကွန်ရက်တို့ကို မဖောက်ထွက်နိုင်တော့ဘဲ ပင့်ကူအစားခံရကာ မျိုချတော်ကုန်၏။

ထို့ကြောင့် မင်းသည်လည်း လူသားကို ရှောင်ရန် မရှောင်လျှင် စည်းစိမ်အခြံအရံတို့ကို စွန့်ရပြီး တိုင်းပြည်မှ နှင်ထုတ်ခံရမည်ဟု လျှောက်တင်ခဲ့သည်။

အင်္ဂလိမာလမထေရ်လောင်း လူသားစား ဗြဟ္မဒတ်မင်းသည် သန်လျက် တစ်ခု၊ အိုးတစ်လုံးနှင့် စားတော်ချက် ရသကကို ခေါ်၍ တိုင်းပြည်မှ ထွက်ကာ တစ်ခုသော တောအုပ်ရှိ ပညောင်ပင်ရင်း၌ နေပြီး တောထဲသို့ လာသောသူတို့ကို သတ်စားခဲ့သည်။ နောက်ဆုံး လူသားတို့ကို ရှာမရတော့သဖြင့် ရဿကကို သတ်စားခဲ့တော့သည်။ တစ်ဦးတည်းနေကာ လူတို့ကို ရှာဖွေသတ်စားသဖြင့် ပေါရိဿဒဟု ထင်ရှားခဲ့ရသည်။

တစ်နေ့၌ အခကြေးငွေပေး၍ အစောင့်အရှောက်နှင့်လာသော ပုဏ္ဏားကိုဖမ်းရာ ငွေယူထားသဖြင့် အစောင့်အရှောက်သူတို့သည် ကြောက်ကြောက်နှင့် ပေါရီသာဒကို ဝိုင်းလိုက်ကြသည်။ ပေါရိသာဒသည် ပြေးရင်း ရှားငုတ်စူးမိပြီး ဒဏ်ရာရသွားသဖြင့် ပုဏ္ဏားကို ထားခဲ့ပြီး အလွတ်ရုန်းပြေးခဲ့တော့သည်။

မိမိနေရာ ပညောင်ပင်ရင်းတွင် အိပ်ခဲ့သည်။ ပညောင်ပင်စောင့်နတ်အား မိမိ၏ ဒဏ်ရာပျောက်အောင် ခုနစ်ရက်အတွင်း လုပ်ပေးပါက နတ်အား ဇမ္ဗူဒီပ်ကျွန်းမှ မင်းတစ်ရာ့တစ်ယောက်ကို ဖမ်းပြီး လည်ချောင်းသွေးဖြင့် အပင်ကို ဆေးပေးပြီး အူအသားတို့ဖြင့် ပူဇော်မည်ဟု တိုင်တည်ခဲ့သည်။ အစာမစားရသဖြင့် ခုနစ်ရက်ခန့်တွင် အနာခြောက်ကပ်ပြီး သက်သာပျောက်ကင်းသည်ကို နတ်က လုပ်ပေးသည်ဟု ပေါရိသာဒက ယုံထားပြီး မင်းများကို ဖမ်းရန် ထွက်ခဲ့သည်။

လမ်းတွင် ရှေးလွန်ခဲ့သော ဆက်လျက်ဘဝက ဘီလူးဖြစ်ခဲ့သော ပေါရိသာဒသည် ဘီလူးဘဝက မိတ်ဆွေဘီလူးနှင့် တွေ့ခဲ့ရာ ကူညီရန် ပြောခဲ့သည်။ ဘီလူးက အတူမလိုက်သော်လည်း ခွန်အား လျင်မြန်ခြင်းတန်ခိုးနှင့် အသံစွမ်းအားကို ကြီးမားစေနိုင်သော ပဒလက္ခဏမန္တရားကို သင်ပေးခဲ့သည်။

ထို့ကြောင့် ပေါရိသာဒသည် ပိုမိုစွမ်းအားကြီးမားသဖြင့် မင်းတစ်ရာ့တစ်ပါးကို ဖမ်းယူနိုင်ခဲ့ပြီး ပညောင်ပင်၌ ချုပ်နှောင်ချိတ်ဆွဲထားခဲ့သည်။ အရှင်မဟာကဿပမထေရ်လောင်း ပညောင်ပင်စောင့်နတ်သည် ထိုအဖြစ်ကို တားမြစ်ပေးရန် စတုမဟာရာဇနတ်မင်းကြီးများနှင့် သိကြားမင်းတို့အား တောင်းဆိုခဲ့သည်။ သိကြားမင်းက ပေါရိသာဒကို ဆုံးမနိုင်သူမှာ မဟာသုတသောမမင်းသာရှိသဖြင့် ဆရာဖြစ်ဖူးသောကြောင့် မဖမ်းဘဲ လွှတ်ပေးထားသော ဘုရားလောင်း မဟာသုတသောမမင်းကို ပေါရိသာဒအား ဖမ်းခိုင်းစေခဲ့သည်။

ပညောင်ပင်စောင့် နတ်သည် ရဟန်းအသွင်ယူ၍ လာသော် ပေါရိသာဒ မြင်လျှင် ရဟန်းလည်း မင်းဟုပင် မှတ်ယူနိုင်သဖြင့် ရဟန်းကို ဖမ်းမည်ဟု လိုက်သည်။

သုံးယူဇနာတိုင် လိုက်ခဲ့ပါသော်လည်း မမိသဖြင့် ရပ်ပြီး ရဟန်းကို ရပ်ပေးဟု ပြောခဲ့သည်။ ရဟန်းက သူသည် ရပ်နေသည့် ပေါရိသာဒသာ ပြေးနေသူဖြစ်သည်ဟု ပြောခဲ့သည်။ ပေါရိသာဒက ရဟန်းကို မုသားမပြောရန် ပြောသည်။

ထိုအခါ ပညောင်ပင်စောင့်နတ်ဖြစ်သော ရဟန်းက မိမိသည် သူတော်ကောင်းတရား၌ တည်သူဖြစ်၍ ရပ်နေသူဟု ဆိုနိုင်ပြီး ပေါရိသာဒကဲ့သို့ မကောင်းမှုကံ ပြုသောသူမျိုးသည် ငရဲသို့ လားရမည်ဖြစ်၏၊ မရပ်သူဟု ဆိုကြောင်း၊ အကယ်၍ မဟာသုတသောမမင်းကို ဖမ်း၍ ပူဇော်နိုင်လျှင် နတ်ပြည်ရောက်လိမ့်မည်ဟု ပြန်ပြောခဲ့သည်။

ပေါရိသာဒအား မိမိသည် ပညောင်ပင်နတ်ဖြစ်ကြောင်း သိစေခဲ့သည်။ ထို့နောက် ဥယျာဉ်တွင် ရေချိုးလာမည့် မဟာသုတသောမမင်းကို ပေါရိသာဒ ဖမ်းယူခဲ့သည်။

မဟာသုတသောမမင်းသည် ရေချိုးရန် ထွက်အလာတွင် နန္ဒပုဏ္ဏားနှင့်တွေ့ခဲ့ပြီး ပုဏ္ဏားထံမှ သတာရဟာလေးဂါထာကို နာယူရန် ရေချိုးပြီးချိန်ကို စောင့်စေခဲ့သည်။ ထိုစဉ် ပေါရိသာဒက ဖမ်းယူခဲ့ခြင်း ဖြစ်သည်။ ဘုရားလောင်းကို ပခုံး၌တင်လျက်လာခဲ့စဉ် ဘုရားလောင်း၏ ကိုယ်ပေါ်မှ ရေစက်ကျလာသည်ကို ကြောက်သဖြင့် ငိုသည်ဟု ပေါရိသာဒ ယူဆခဲ့သည်။ ပညာရှိသူတို့သည် ငိုကြွေးခြင်း မပြုကြ။ ယခု ဘုရားလောင်းသည် အဘယ်ကို စိုးရိမ်သဖြင့် ငိုရသနည်းဟု မေးခဲ့သည်။

ဘုရားလောင်းက နန္ဒပုဏ္ဏားနှင့် ပြုခဲ့သော ကတိပျက်မည်ကို စိုးရိမ်ခြင်းဖြစ်သည်ဟုပြန်ပြောခဲ့သည်။ ထို့ကြောင့် တရားနာခွင့်ပြုရန်နှင့် ပြီးလျှင် ပြန်လာမည်ဟု ပြောခဲ့သည်။ ပေါရိသာဒက မယုံနိုင်ဟု ပြောသည်။ ဘုရားလောင်းသည် မိမိမှာ သီလစောင့်ထိန်းသူဖြစ်၍ မုသားစကားကို ရှောင်ကြဉ်သူ ဖြစ်ကြောင်း၊ အသက်ဟူသော အကြောင်းကြောင့် မုသားဆိုခြင်းထက် သေရသည်က ပိုမြတ်ကြောင်း၊ ယုတ်မာသော သတ္တဝါရှိသူသာ မဟုတ်မမှန် ပြောမည်ဖြစ်ကြောင်း၊ ထိုသူအဖို့ လားရာသည် ဒုဂ္ဂတိသာဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ထို့ပြင် ကြီးစွာသောတောင်ကို လေထဲတွင် လွှင့်နိုင်အောင် ဖြစ်နိုင်ရာ၏။ မြေသို့ လာနေတို့သည် ကျကောင်းကျနိုင်ရာ၏။ မြစ်တို့သည် အညာသို့ ဆန်ကောင်း ဆန်ရာ၏။ မိမိသည် မမှန်

www.burmeseclassic.com

www.burmeseclassic.com

သော စကားကို ပြောမည်မဟုတ်ပါ။ ကောင်းကင်သည် ကွဲကောင်း ကွဲရာ၏။ သမုဒ္ဒရာသည် ခြောက်ကပ်ကောင်း ခြောက်ကပ်ရာ၏။ မြင့်မိုရ်တောင်သည် အမြစ်နှင့်တကွ ရွေ့ကောင်းရွေ့ရာ၏။ မိမိသည် မုသားဆိုမည် မဟုတ်ပါ။ ဤသို့ ပြောသော်လည်း ပေါရိသာဒက မယုံသဖြင့် ဘုရားလောင်းသည် ကျိန်ဆို၍ သစ္စာပြုမည်ဟု ဆိုသည်။

"အသင်ပေါရိသာဒ၊ အဆွေတော်က ပြုစေလိုပါလျှင် ဤသို့သော သန်လျက်၊ လုံသွားကိုဖြင့် ကောင်းစွာစောင့်ရှောက်အပ်သော မင်းမျိုး၌ နောက်ထပ်တစ်ဖန် မဖြစ်ပါစေသားဟု ဆို၍ သန်လျက်ကိုလည်းကောင်း၊ လုံကိုလည်းကောင်း၊ ငါ လက်ဖြင့် သုံးသပ်ဆုပ်နယ်ပါမည်။

ငါသည် သင့်ထံမှ ခေတ္တ လွတ်ထွက်သွားပြီးလျှင် နန္ဒပုဏ္ဏားနှင့် ကတိထားခဲ့သည့်အတိုင်း တရားတော်ကို နာပြီးနောက် ပြန်လာမည်၊ ငါ မဟုတ်မမှန်ပြောခဲ့သော် ဤသန်လျက်၊ လုံတို့ဖြင့် ကောင်းစွာစောင့်ရှောက်အပ်သော မင်းမျိုး၌ နောက်ထပ်တစ်ဖန် မဖြစ်ပါစေသား"

ဤသို့ ကျိန်ဆိုမှ ပေါရိသာဒသည် ယုံကြည်လက်ခံပြီး ဘုရားလောင်း ပြန်လာသည် ဖြစ်စေ၊ ပြန်မလာသည် ဖြစ်စေ မိမိသည်လည်း မင်းတစ်ပါး ဖြစ်၍ လိုသော သွေးကို မိမိလက်ဖဝါးသွေးကို ထုတ်ယူ၍ နတ်ကို ပူဇော်မည်ဟုကြံပြီး ဘုရားလောင်းကို လွှတ်ပေးခဲ့သည်။

ဘုရားလောင်း မဟာသုတသောမမင်းသည် နန္ဒပုဏ္ဏားထံမှ တရားကို နာယူရသော် အလွန်နှစ်သက်ခဲ့သည်။

တရားတော်ကို ဟောပြသော နန္ဒပုဏ္ဏားအဖို့ မင်းအဖြစ်ကိုပေး၍ ပူဇော်ထိုက်ကြောင်း ဆင်ခြင်ခဲ့မိသည်။ သို့သော် နန္ဒပုဏ္ဏားအဖို့ ဥစ္စာရဖို့ကဲ့သာ ပါရှိသဖြင့် ဂါထာတစ်ပုဒ်ကို တစ်ထောင်စီဖြင့် အသပြာလေးထောင် ပူဇော်ကာ ပုဏ္ဏားကို အိမ်အရောက်ပြန်ပို့ပေးခဲ့သည်။

ထို့နောက် ခမည်းတော် မယ်တော်တို့ကို ပေါရိသာဒနှင့် ကတိထားခဲ့သည့်အကြောင်း ပြောပြပြီး ထီးနန်းကို ခမည်းတော်အား အပ်၍ ပြန်သွားခဲ့သည်။ ခမည်းတော်၊ မယ်တော်၊ မိဖုရားမှူးမတ်ပြည်သူတို့က ငို့ကြွေးကြကာ မသွားရန် တောင်းပန်ခဲ့သော်လည်း ဘုရားလောင်းသည် မိမိ၏ ကတိသစ္စာကို ထိန်းသောအားဖြင့် ပေါရိသာဒထံ သွားခဲ့သည်။

ပေါရိသာဒသည် ပြန်လာသော ဘုရားလောင်းကို တွေ့လျှင် သဘောကျသွားပြီး ဆောင်ရွက်ရမည့်ကိစ္စ ပြီး၊ မပြီး မေးခဲ့သည်။ ဘုရားလောင်းက မိမိ၏ ကိစ္စပြီးပြီဖြစ်၍ မိမိကိုသတ်၍ နတ်ကို ပူဇော်ရန် ပြောခဲ့သည်။ ကြောက်ရွံ့ခြင်း မရှိသော ဘုရားလောင်းသည် ကဿပဘုရားရှင် ဟောကြားခဲ့သော တရားဂါထာကို နာယူခဲ့ရသော အာနုဘော်ကြောင့် ဖြစ်ရမည်ဟု ပေါရိသာဒက တွေးမိခဲ့သည်။ ထို့ကြောင့် မိမိကိုလည်း ထိုတရားဂါထာကို ဟောပေးရန် ပေါရိသာဒက တောင်းဆိုခဲ့သည်။

ထိုအခါ ဘုရားလောင်းက ပေါရိသာဒသည် မစားအပ်သော လူသားစားသဖြင့် တိုင်းပြည်မှ နှင်ထုတ်ခံရသူ၊ ရက်စက်ကြမ်းကြုတ်ပြီး အကျင့်သီလ တရားမရှိသူဖြစ်၍ ထိုတရားကို မနာထိုက်ကြောင်း အသိတရား ဝင်ကာ ရှက်စေလိုသဖြင့် ဖိနှိပ်ပြောခဲ့သည်။

မိမိသည် ကတိသစ္စာဆိုခဲ့သည့် အတိုင်း ပြန်ရောက်ပြီဖြစ်၍ ကြိုက်သလိုလုပ်ရန် ပြောခဲ့သည်။

ပေါရိသာဒက ဘုရားလောင်းအား သေခြင်းကိုမထိတ်လန့် မကြောက်ရွံ့ရခြင်း အကြောင်းရင်းကို မေးခဲ့သည်။

ဘုရားလောင်းက ကောင်းမှုကုသိုလ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ လားရာဂတိကောင်းကို သွားရမည် ဖဲသချာသည်ဖြစ်သောကြောင့် မိမိ မကြောက်ရွံခြင်းကို ရှစ်ဂါထာဖြင့် ရှင်းလင်းပြောပြခဲ့သည်။

ထို အခါ ပေါရိသာဒသည် ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို ခန့်မှန်းဆင်ခြင်မိသဖြင့် မသတ်စားဝံ့တော့ချေ။ တရားတော်ကို နာခြင်း၌ ကောင်းမြတ်သော ရိုသေခြင်းဖြစ်ကာ သတာရဟဂါထာကို ဟောပါရန် တောင်းပန်ခဲ့သည်။ ဘုရားလောင်းသည် အောက်ပါအတိုင်း သတာရဃဂါထာကို ဟောခဲ့သည်။

"သကိဒေဝ မဟာရာဇ၊ သဒ္ဓိ ဟောတိ သမာဂမော၊ သာနံသင်္ဂတိ ပါလေတိ၊ နာသဒ္ဓိ၊ ဗဟုသင်္ဂမော"

"မင်းမြတ်၊ သူတော်ကောင်းတို့နှင့် တစ်ကြိမ်သာလျှင် အကြင်ပေါင်းဖော်ခြင်းသည် ရှိ၏၊ ထိုသို့ ပေါင်းဖော်ခြင်းသည် ထိုသူကို စောင့်ရှောက်ပေ၏။ သူတော်မဟုတ် သူယုတ်မာတို့နှင့် အကြိမ်များစွာ အကြင်ပေါင်းဖော်ခြင်းသည် ထိုသူကို မစောင့်ရှောက်"

"သဒ္ဓိရေဝ သမာသေထ၊ သဒ္ဓိ ကုဗ္ဗေထ သန္ထဝံ၊ သတံ သဒ္ဓမ္မမညာယ၊ သေယျောဟောတိ နပါပိယော"

"မင်းမြတ် သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ကုန်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုကုန်ရာ၏။ ဘုရားအစရှိသော ပညာရှိတို့၏ သူတော်ကောင်းတရားကို သိ၍ အထူးသဖြင့် မြတ်သည်ဖြစ်၏။ ယုတ်မာသည် မဖြစ်ရာ"

"ဇီရန္တိဝေ ရာဇရထာ သုစိတ္တာ၊ အထောသရီရမ္ပိ ဇရံ ဥပေတိ၊ ဆတ္ဘဥမ္ပေါ နဇရံ ဥပေတိ၊ သန္တော်ဟဝေ သဒ၊ ပဝေဒယန္တိ"

"ကောင်းစွာ ဆန်းကြယ်ကုန်သော မင်းစီးရထားတို့သည် စင်စစ် ဆွေးမြည့် ပျက်စီးတတ်ကုန်၏၊ ထို့ကြောင့် ခန္ဓာကိုယ်သည်လည်း အိုခြင်းသို့ ရောက်တတ်၏၊ သူတော်ကောင်းတို့၏ နိဗ္ဗာန်တရားသည်ကား အိုခြင်းသို့

www.burmeseclassic.com

www.burmeseclassic.com

မရောက်၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည် နိဗ္ဗာန်တရားကို စင်စစ်ချီးမွမ်းကုန်၏"

"နဘာ့ ဒူ့ေ ပထဝီစ ဒူရေ၊ ပါရဲသမုဒ္ဒသ တဒါဟုဒူရေ၊ တတော ဟဝေ ဒူရတရံ ဝဒန္တိ၊ သတဉ္စမ္မော အသတဉ္စရာဇ"

"မင်းမြတ်၊ ကောင်းကင်သည်လည်း မြေနှင့် ဝေးသည်၊ မြေသည်လည်း ကောင်းကင်နှင့်ဝေး၏။ သမုဒ္ဒရာ၏ အကြင်ကမ်းတစ်ဖက်သည် ရှိ၏၊ ထိုကမ်းတစ်ဖက်ကို ဝေး၏ဟူ၍ ဆိုကုန်၏၊ ထိုကောင်းကင်နှင့် မြေ၊ သမုဒ္ဒရာကမ်းတစ်ဖက်ဝေးသည်ထက် စင်စစ် သူတော်ကောင်းတို့၏ တရားသဘောသည်လည်းကောင်း၊ သူတော်မဟုတ် သူယုတ်မာတို့၏ တရားသဘောသည်လည်းကောင်း အလွန်ဝေး၏ဟူ၍ ဆိုကုန်၏"

တရားနာရသော အင်္ဂလိမာလမထေရ်လောင်း ပေါရိုဿဒသည် ပီတိဖြစ်ကာ နူးညံ့သောစိတ် ဖြစ်ရကား ဘုရားလောင်းအား တစ်ဂါထာစီအတွက် ဆုတစ်ခုစီ တောင်းလေ့ဟု ဆိုခဲ့သည်။

ဘုရားလောင်းက ပေါရိုဿဒကဲ့သို့ ရက်စက်ကြမ်းကြုတ်ပြီး ဝရဲကျမည့် လူသားကို တပ်မက်သောလူမျိုးက မည်သို့သော ဆုကို ပေးနိုင်ပါမည်နည်း။ ထိုသူမျိုးကဲ့သို့သောသူက နှုတ်ဖြင့် ပေးပြီး ပျက်ပြယ်ခဲ့သော် မည်သူက တာဝန်ယူဖြေရှင်းပေးမည်နည်းဟု မေးခဲ့သည်။ ပေါရိုဿဒက မိမိကို ယုံရန် ပြောခဲ့သည်။

ထို့ကြောင့် ဘုရားလောင်းက ဦးစွာ ပေါရိုဿဒသည် အနှစ်တစ်ရာပတ်လုံး အသက်ရှည်၍ အနာမရှိသည် ဖြစ်ပါစေဟု ဆုတောင်းခဲ့၏။ သူကဲ့သို့သော လူအများ၏ အကျိုးမဲ့ကို ပြုတတ်သူအား အသက်ရှည် အနာမရှိ ဆုကို ထောင်းပေသည်ဟု အံ့ဩချီးမွမ်းလျက် ဆုကို ပေးခဲ့သည်။

ဒုတိယဆုအဖြစ် ဖမ်းထားသော မင်းတို့ကို မစားပါနှင့်ဟူသော ဆုကို တောင်း၏။ ပေါရိုဿဒက လက်ခံခဲ့သည်။

အဖမ်းခံခဲ့ရသော မင်းတို့သည် သူတို့နှစ်ဦး အပြန်အလှန်ပြောသည်ကို မြင်လျှင် ဘုရားလောင်းသည် ပေါရိုဿဒကို လိမ္မာယဉ်ကျေးအောင် လုပ်ပေးလိမ့်မည်ဟု ယုံကြည်သဖြင့် အချင်းချင်း အားပေးစကား ပြောခဲ့ကြသည်။

တတိယဆုအဖြစ် အဖမ်းခံရသဖြင့် စိုးရိမ်ပူပန်သောက ဖြစ်နေကြသော မင်းတို့ကို လွှတ်ပေးပြီး သက်ဆိုင်ရာ တိုင်းပြည်များဆီသို့ ပြန်ခွင့်ပြုရန် တောင်းခဲ့ခဲ့သည်။ ပေါရိုဿဒက လက်ခံခဲ့သည်။

နောက်ဆုံးဆုအဖြစ် လူသားစားနေသဖြင့် လူအများက ကြောက်ရွံ့နေကြသည်ဖြစ်ရာ လူသားတို့ကို မစားတော့ဘဲ ရှောင်ကြဉ်ရန် တောင်းဆိုခဲ့သည်။

ထိုအခါ ပေါရိုဿဒသည် မိမိအလွန်နှစ်သက်သော် လူသားကို မစားဘဲ ရှောင်ကြဉ်ရန် မဖြစ်နိုင်ကြောင်း ပြောပြီး ဆုမပေးဘဲ ငြင်းခဲ့သည်။

ဘုရားလောင်းက မိမိ၏ အကျိုးစီးပွားကို ဖျက်တတ်သော လူသားစားခြင်းကို ပြုသူသည် မကောင်းသော အမှုကိုပြုသည့် သူမိုက်သာဖြစ်ကြောင်း၊ မိမိကိုယ်ကို တန်ဖိုးထားရန် ပြောခဲ့သည်။

ပေါရိုဿဒက ဤအချက်ကိုမူ မှန်ကန်သည်ဟု အသိဝင်သော်လည်း သူ့အဖို့ မည်သို့မျှ မရှောင်နိုင်သဖြင့် မျက်ရည်တချိုးချိုး အခြားဆုကို တောင်းရန် ပြောခဲ့သည်။

ဘုရားလောင်းက အဆိပ်ရည်ဟုဆိုအပ်သော သေအရက်ကိုသောက်သူတို့သည် ပစ္စုပ္ပန်တမလွန်တို့၌ ဆင်းရဲခြင်းဖြစ်ရသကဲ့သို့ မိမိနှစ်သက်သည်ဖြစ်၍ မစားအပ်သော လူသားကို စားခြင်းဟူသော မကောင်းမှုက်ကြောင့် မိမိသည် လူတို့၏စွန့်ပစ်ခြင်းကို ခံရကာ တမလွန်၌လည်း ဆင်းရဲခြင်းကိုသာ ခံရမည်ဖြစ်ကြောင်း၊ မိမိ၏ ဆန္ဒအလိုအတိုင်းမလိုက်ဘဲ မကောင်းမှုကို ရှောင်ကာ ကောင်းသော အမှုတို့ကိုသာ ပြုမူခြင်းဖြင့်သာ ပစ္စုပ္ပန်တမလွန်၌ ကောင်းကျိုးချမ်းသာကို ရရှိနိုင်မည်ဖြစ်ကြောင်း ပေါရိုဿဒကို တရားပြခဲ့သည်။

မင်းစည်းစိမ်၊ မိဘ ဆွေမျိုး၊ အခွေအရံတို့ကိုပင် စွန့်ပစ်ကာ လူသားစားခြင်းကို မရှောင်နိုင်သဖြင့် တောထဲသို့ ဝင်ခဲ့သော အင်္ဂလိမာလမထေရ်လောင်း ပေါရိုဿဒသည် ဤဆုကို မပေးနိုင်ကြောင်း ငိုကြွေးရင်း ဘုရားလောင်းအား ပြောဆို ငြင်းပယ်ခဲ့ပြန်သည်။

မင်းတစ်ပါးဖြစ်သူ ပေါရိုဿဒသည် မိမိပြောခဲ့သော စကားကို တည်ရန်လိုကြောင်း၊ သူတော်ကောင်း မည်သည် မှန်သောစကားအတွက် အသက်ကိုပင်စွန့်ရန် ဝန်မလေးကြောင်း၊ ကောင်းမြတ်သော တရားအတွက်ဖြစ်လျှင် မိမိ၏ အသက်အိုးအိမ် စည်းစိမ်တို့ကိုပင် စွန့်ပစ်ရန်လိုအပ်ပါက စွန့်ကြရကြောင်း၊ မိမိသည် တစ်ချိန်က ပေါရိုဿဒ၏ ဆရာဖြစ်ခဲ့ဖူးရာ ယခုလည်း အကြောင်းခြင်းရာ အကျိုးအပြစ်တို့ကို ပြသပြီး ရှင်းလင်းညွှန်ပြသည်ကို နားထောင်သင့်ကြောင်း ဘုရားလောင်းက ပြောခဲ့သည်။

(ဆက်ရန်)

လင်းယုဉ်ဘာဏ်

❑

www.burmeseclassic.com

နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဏာနည်များ

မှတ်တော်တည်ကြကုန်လော့

အလောင်းမင်းတရား အောင်ဇေယျတို့မော့

ထွန်းလင်းသူ

www.burmeseclassic.com

www.burmeseclassic.com

(ဃခင်လှမှ အဆက်)

နာ၏ ကျင်၏၊ မုန်း၏ပြင်ပြင်
သို့ပင်တမင်၊ ရင်မဖွင့်ပြီ
ရွှက်လွှင့်လေငယ်၊ နေမကွယ်မီ
ခရီးရှည်ကို၊ မျက်နှာညိုဖြင့်
အလိုမကျ၊ ရွက်ကြိုးချရင်း
ကမ်းသို့ချဉ်း၏၊ ဆင်းကြ တက်ကြ
ကမ်းမှ မြစ်သို့၊ ကမ်းသို့ မြစ်မှ
ရေခပ်ကြသူ၊ ရေချိုးသူတို့
မပူရပ်ဖြင့်နွေတ်ဆက်သည်။

လွမ်းဝေ

တစ်ရံရောအခါက ဗာချာကာသီမှာ ငရဲကလာသူ ပြာပူမကြောက်၊ ယမမင်းနှင့် စီးချင်းထိုးပြီး 'ကောသလ အိပ်မက်' တို့၊ 'မင်းကျင့်တရား' တို့ကို မလိုတမာစိတ်ဓာတ်ဖြင့် မဟုတ်မတတ် အကြောင်းပြချက်တွေ သုံးစွဲ၍ ဝုန်းဝုန်းလဲ စေခဲ့သောအကြောင်း ရေးခဲ့ပြီ။ ထိုကြောင်းရာထုပ္ပတ်သည် 'ဆက်ရန်' ရှိသေးကြောင်းလည်း ရေးခဲ့သည်။ ဆက်ရန် သင့်၊ မသင့် တွေးချင့်ချိန်ဆ၍ ဆိုင်းငံ့ထားခဲ့သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျကဲ့သို့ ကုန်းဘောင်နေဝန်း ထွန်းလင်းတောက်ပစေခဲ့သူတို့ အလေးအမြတ် ဦးထိပ်ပန်ဆင်ခဲ့သော ဘုရားဟောကျမ်းဂန်ထွက် မင်းကျင့်တရား ဖြစ်ပါလျက် ဖျက်လိုဖျက်ဆီး လုပ်ခဲ့ကြပုံများကို ရင်နှင့် အမျှ တွေ့ကြုံခံစားခဲ့ရသောကြောင့် အကြောင်းတိုက်ဆိုင်လာသော ယခုအခါဝယ် ရင်ဖွင့်လိုက်ရခြင်းပင် ဖြစ်သည်။ ဤခံစားချက်သည် မိမိတစ်ဦးတည်း ပုဂ္ဂလိက ခံစားချက်မဟုတ်၊ အားလုံး အားလုံး ခံစားခဲ့ရသော ခံစားချက်လည်း ဖြစ်ပါသည်။

ဤနေရာတွင် တစ်ချက်စဉ်းစားမိပါသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျကဲ့သို့ မင်းကောင်းမင်းမြတ်တို့သည် မင်းကျင့်တရားဆယ်ပါးကို ဦးထိပ်ထက် ဆင်ရွှက်ကြ၏။ ဤသို့ဆိုပါမူ မင်းကျင့်တရားဆယ်ပါးကို ပယ်ရှားစွန့်ပစ်ကြသော မင်းတို့မှာ မင်းဆိုးမင်းညစ်သာ ဖြစ်ရပေတော့မည်။ မင်းဆိုးမင်းညစ်ဖြစ်သောကြောင့် မင်းကောင်းမင်းမြတ်တို့ ကျင့်ဝတ်တရား မြတ်ဆယ်ပါးကို နားဥ် ခါးကြခြင်း ဖြစ်ပေမည်။

မင်းဆိုးမင်းညစ်တို့ နားမှာ ခါးပြီး မင်းကောင်းမင်းမြတ်တို့ နားမှာ ပျားသကာသို့ ချိုသော 'မင်းကျင့်တရားဆယ်ပါး' ဆိုသည်မှာလည်း ရှုပ်ရှုပ်ထွေးထွေး ခက်ခက်ခဲခဲကြီးတွေ မဟုတ်ပါ။ အင်မတန် ရိုးရှင်းလွယ်ကူသော ကျင့်ဝတ်တရားများပင် ဖြစ်ပါသည်။ ကြည့်ပါ။

၁။ ဒါန် = ပေးလှူခြင်း
၂။ သီလ = ငါးပါးသီလနှင့် ပြည့်စုံခြင်း
၃။ ပရိစ္စာဂ် = အမှုထမ်းတို့အား ရိက္ခာပေးကမ်းခြင်း
၄။ အဇ္ဇဝ် = ရိုးသား ဖြောင့်မတ်ခြင်း
၅။ မဒ္ဒဝ် = သာယာနူးညံ့စွာ ပြောဆိုကျင့်ကြံခြင်း
၆။ တပဲ် = အကျင့်သီလတို့ကို ခြိုးခြံစွာ စောင့်သုံးခြင်း
၇။ အကောဓ် = အမျက်မထွက်ခြင်း
၈။ အဝိဟိသ် = မနှိပ်စက်ခြင်း
၉။ ခန္တီ = သည်းခံခြင်း
၁၀။ အဝိရောဓန် = ပြည်သူတို့သဘောနှင့်မဆန့်ကျင်ခြင်း ။

ကဲ- ကြည့်၊ ဘာတွေများ ရှုပ်ရှုပ်ထွေးထွေး ခက်ခက်ခဲခဲ ပါသနည်း။

'ဤသို့ ဆိုသည်ကို ထိုသို့ဖြစ်သောအခါ ဤသို့ ဆိုခဲ့သည်မှာ ထိုသို့ဖြစ်သောကြောင့် ဤသို့ မဆိုရ' ဟူ၍ ကွေ့လည်ကြောင်ပတ် ပတ်ချင်တိုင်း ပတ်ထားသော ဥရောပ အစွန်အဖျားမှ ပစ္စန္တရစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကဲ့သို့ ရှုပ်ထွေးပွေလီသည်လည်း မဟုတ်။

(မှတ်ချက် ။ ။ ဥရောပနိုင်ငံ အချို့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မရှိ။)

ပေးလှူပါတဲ့၊ ငါးပါးသီလ လုံခြုံပါတဲ့၊ အမှုထမ်းတို့ကို ရိက္ခာပေးပါတဲ့၊ ရိုးသားဖြောင့်မတ်ပါတဲ့၊ သာယာနူးညံ့စွာ ပြောဆိုကျင့်ကြံပါတဲ့၊ အကျင့်သီလ ခြိုးခြံစောင့်သုံးပါတဲ့၊ အမျက်မထွက်ရတဲ့၊ မနှိပ်စက်ရတဲ့၊ သည်းခံတဲ့၊ ပြည်သူ့သဘောကို မဆန့်ကျင်ရတဲ့။

ဩော်- မင်းကျင့်တရား ဆယ်ပါး ဟူသည် ရှင်းလင်းလွယ်ကူလှပါဘိ။

သို့သော် . . . ။

'ဟေ့- မှတ်ထားကြ၊ ငါတို့ စစ်သည်တော်တွေဟာ မြားနဲ့ပစ်ရင် နဖူးတည့်တည့်၊ မှန်အောင်ပစ်တယ်၊ ကောင်းကင် ထောင်မပစ်ဘူး'

'သယ်- ရာရာစစ မလောက်လေး မလောက်စား၊ နံပြည်စုတ်လိုကောင်တွေကများ၊ မိုက်တဲ့ကောင် ထွက်ခဲ့၊ ငါ့စတင်းဂန်းဖျားမှာ ကားသွားမယ်၊ တောက်'

'လာသေးတယ် သာအေးရယ်၊ ဖောင်တိန်တောင် ပိုင်းလော့တစ်ပိုင်း၊ 'ယု'တစ်ပိုင်း၊ နှမ်ချောင်းဆက်မှ တစ်ချောင်းရှိတဲ့ ကောင်တွေကများ အရေးတော်ပုံ အောင်ရမယ်တဲ့၊ ဟေ့- ကျောက်ခဲတဲ့ကွ၊ တစ်ခဲတည်း ရှိတယ်၊ လေးခွလေးခွချင်း၊ ဂျင်ဂလီ ဂျင်ဂလီချင်း၊ ကြိုက်တာနဲ့ စမ်းလို့ရတယ်၊ အားလုံး ကူးတို့ခမပါဘဲ ကြံတောရောက်ကုန်မယ်'

www.burmeseclassic.com

'ဟေ- မင်းတို့က စားစရာ ဆန်မရှိတော့ဘူး၊ ဟုတ်စ၊ အေး- ငါ့မှာ ငါ စားနေကျ အင်္ဂလန်က ပေါင်မုန့် လေယာဉ်ပျံ နောက်ကျလို့ ခေါင်းစားနေရတဲ့အထဲ၊ ငါ လုပ်လိုက်ရ'

(တကယ်လည်း လုပ်ပါသည်။ ဗြိတိသူတွေ့ တောင်းတာက 'ဆန်'၊ သူ ပေးတာက မရဏတမန် 'ကျည်ဆန်'၊ တစ်လုံးတောင် ပိုပေးလိုက်သေးသည်။)

'သြော- နို့သောက်ဖို့ နို့စေ့းက ကြီးသတဲ့၊ စေတနာကို ဝေဒနာဖြစ်အောင် တော်တော်လုပ်တဲ့ အာပေတူးတွေပဲ၊ ခင်ဗျားတို့မှာ ဦးနှောက်မရှိဘူး၊ တော်တော် ပြောရကျပ်တဲ့လူတွေ့၊ ဒါကြောင့် ခင်ဗျားတို့ ဆင်းရဲတွင်းက မတက်နိုင်တာ၊ ကျုပ်ဆို ဦးနှောက် ဘယ်လောက်ကောင်းထားလဲ၊ တိုင်းပြည်ကြီး ကမ္ဘာ့အဆင်းရဲဆုံးစာရင်း ဝင်နေတာတောင် ကျုပ်က ကမ္ဘာ့အချမ်းသာဆုံးတွေထဲမှာ တစ်ယောက် အပါအဝင်ဖြစ်အောင် လုပ်နိုင်ခဲ့တယ်၊ ဒီမှာ ခေါင်းသုံး၊ ခေါင်းသုံးကြ၊ တကယ်ဆို နို့ဆီသဟာမျိုးက နွားမတွေကပဲ ရရောတဲ့လား၊ တခြား နို့ထွက်တဲ့ အမတွေ မရှိတော့ဘူးလား၊ နွားနို့က စေ့းကြီးရင် ဂေါ်ဇီလာနို့ သောက်ကြပါတော့လား၊ တချို့ နို့တွေဆိုရင် အပြောကောင်းလို့ကတော့ အလကားပဲတင်းတောင် သောက်လို့ရသေးတယ်'

သို့ကလို၊ အနှီလို၊ ထိုကဲ့သို့၊ ထိုနည်းလည်းကောင်း ရာဇာမိရာဇာ မင်းအပေါင်းတို့ကား 'မင်းကျင့်တရား ဆယ်ပါး' ဆို လားလားမျှ ကြားလို နာလိုကြမည့် မဟုတ်။ သူတို့ အတွက် မင်းကျင့်တရား ဆယ်ပါးသည် ရွှေထွေးပွေလီလွန်းပေစ့၊ ခက်ခဲ နှက်နဲလွန်းပေစ့။ စဉ်းစားလို့ မရ၊ မရ၊ မရ။

ထိုသို့ မရသူတို့တွင် ရာဇာဓိရာဇာတွေ မဆိုထားနှင့် 'ပြာတာတော်မင်း' တို့ကလည်း အားကျမခံ 'ရောင်းအကောင်းဆုံး တစ်ဆယ်' (Top Ten) ထဲမှာ ဝင်ပါလိုက်ကြသေးသည်။

ထိုသို့ Top Ten ချင်တိုင်း Top Ten နေကြသော ဗာချာဏသီပူရ အောင်မယ်လေးတရသော မင်းနေပြည်တော်ကြီးတွင် 'မင်းကျင့်တရား' စာဆိုတော်ကြီး ထမင်းအိုးကို အမြောက်နှင့် ပစ်ခွနေရသည်မှာ ဘာမှ မဆန်း။

ထို့ကြောင့် ထိပ်စီးတွင် ဖော်ပြခဲ့သော ကဗျာရှင် လွမ်းဝေကဲ့သို့ 'မပူရပ်ဖြင့် နှုတ်ဆက်' သွားကြသော 'အညတြ စာဆိုတော်' သူရဲကောင်း' များသည် ဤ 'ဒွန္ဒယာကြီး' တွင် စာအုပ်တွေ ဟောတစ်အုပ် ဟောတစ်အုပ် မထုတ်ဝေ မဖြန့်ချိနိုင်ဘဲ ချစ်လှစွာသော စာပေလောကကြီးထဲမှ ဟော ထစ်ယောက် ဟောတစ်ယောက် လက်မြောက်အရှုံးပေး ထွက်ခွာသွားကြရရှာလေသည်။ တော်ပြန်ပြီး လယ်စိုက်၊ ခြံစိုက်နေကြသော စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ တို့ ဤလောကကြီးတွင် အမှန်တကယ် ရှိပါ၏။ ရုပ်ရှင်ပညာရှင်၊ ဂီတပညာရှင်၊ အဆိုပညာရှင် အချို့နှင့် ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ အချို့ကတော့ နိုင်ငံခြားသို့ ပြေးခွာလို့ ရှောင်ဖယ်သွားကြသည်။ အင်မတန် သတ္တိကောင်းသော အနုပညာညီအစ်ကို မောင်နှမများသည်သာ ဗာချာဏသီ အနှီ အနုပဲညာလောကကြီးတွင် တုံးပေကတ်သတ်တစ်လှည့်၊ ပြတ်တစ်လှည့်ကျန်ခဲ့ရင်း ချစ်သောအနုပညာကို ဖက်တွယ်ထားကြသည်။ သူတို့မှာက ပြန်စရာ တောလည်း မရှိ၊ သွားစရာ နိုင်ငံခြားလည်း နတ္ထိ။

သို့နှယ် သတ္တိခဲများခမျာ နှစ်ရက် သုံးရက်ပေါင်းပြီး ထမင်းတစ်နပ် စားကြရသူတွေ ရှိသည်ဆိုလျှင်. . . ၊

ကချေသည်မလေးခမျာ ပွဲပါမစ် အခက်အခဲကြောင့် ပွဲဆက်တွေ ပြတ်လေသောအခါ ခေတ်ပျက်၊ အကျင့်ပျက် သူဌေးမင်းတို့အား ခုနစ်လွှာအကဖြင့် အသုံးတော်ခံ၍ မိသားစု တစ်ဝမ်းတစ်ခါးအတွက် ကြက်မကြီးသဖွယ် ယက်ပက် ရှာဖွေ ကျွေးမွေးခဲ့ရသည်ဆိုလျှင်. . . ၊

နာမည်ကျော် ဆိုင်းဝိုင်းကြီးမှ လက်ထောက် ဆိုင်းဆရာကလေးသည် 'စီစီတဲ့ ရီရီ ××× ရွှေပြုံးဆို ပွဲတော်ကြီး ××× နီးခဲ့ပြန်ပြီ' အစချီသော နတ်ကနားများတွင် 'ငွေကို လိုရင့် ဓားကိုသွေးပါ။ ရွှေကိုလိုရင် ဓားကိုသွေး' ခဲ့ရသည် ဆိုလျှင် . . . ၊

နာမည်မကျော်သော်လည်း အတော်အလုပ်ဖြစ်ခဲ့သော ရုပ်ပြပန်းချီဆရာလေးသည် 'ထီးပြင်တယ်၊ ဂက်စ်ထည့်တယ်' ရုပ်တကာဝယ် လှည့်လည်ရုန်းကန်ခဲ့ရသည် ဆိုလျှင် . . . ၊

နာမည် အသင့်အတင့်ဖြင့် စာပေစင်မြင့်တွင် အထိုက်အလျောက် အဆင့်အတန်းရှိခဲ့သော အယ်ဒီတာကလေးသည် ဗေဒင်ဆရာယောင်ယောင်၊ ဘိုးတော်ယောင်ဆွယောင် အမောင် တောင်မှန်း မြောက်မှန်းမသိ မချိသောနှလုံးသားဖြင့် အောင်စေ၊ ပိုင်စေ၊ နိုင်စေ မောင်းသံတဝေဝေ တောင်းဆုသံ ခြွေခဲ့ရသည်ဆိုလျှင် . . . ၊

'---' စာပေ ထုတ်ဝေရေးအမည်ဖြင့် အရှိန်ယူနေဆဲ စာအုပ်ထုတ်ဝေသူသည် စာမူဉာဏ်ပူဇော်ငွေ၊ ပန်းချီပုံဖိုး၊ ဖလင်ခွဲခ ကုန်ကျစရိတ်၊ အထွေထွေ ပေးဆောင်ရန် ရှိသည်များ အားလုံးစီစဉ်ပြီးသား စာအုပ် သုံးအုပ်အား 'ခွင့်မပြု' အနီရောင်စာလုံး သုံးလုံး သုံးကြိမ်တိုင်တိုင် တို့ထိခံရပြီး သောအခါ လမ်းဘေးပလက်ဖောင်း၌ စာအုပ်အဟောင်း အရောင်းသမားဘဝ ရောက်ခဲ့ရသည် ဆိုလျှင် . . . ၊

ဆိုလျှင်. . . ၊ ဆိုလျှင်. . . ၊ ဆိုလျှင်. . . ။

မြန်မာ့သတ္တိ ကမ္ဘာကသိအောင် ပြကြမည့် အဆိုပါ သတ္တိခဲတို့သည် ထို 'ဆိုလျှင်. . . 'များစွာအတွက် ဝမ်းနည်းစိတ်ပျက်နေလိမ့်မည်ဟု ထင်ပါသလား။ မထင်ပါနှင့်၊ ထင်လျှင် အမှားကြီး မှားပါလိမ့်မည်။

ထို သတ္တိခဲတို့သည် ဘာကုန်း၊ ညာကုန်း ဟူ၍ 'ကုန်း' ဖြင့် အဆုံးသတ်ဧလ့ရှိသော 'စာပေကုန်း' များတွင် လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ရည်ကို မျှဝေသောက်ရင်း၊ ရေနွေးကြမ်းကို အဝသောက်ရင်း လင်းရောင်ခြည် ယှက်သန်းလာမည့် စာပေမိုးကုပ်စက်ပိုင်းကို မျှော်လင့်ယုံကြည်ကာ 'ငါတို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ' ဟု အားမာန်သွေးတို့ဖြင့် နွေးထွေးခဲ့ကြပေသည်။ 'နွမ်း'ဖွယ်ရာကို 'လွမ်း'လက်ာတို့ဖြင့် ခြယ်မှုန်းအလှဆင်ခဲ့ကြပါသည်။

ဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ)သည် ထိုသို့ အလွမ်းတွေက ပန်းကြွေတမျှ တည ဆွတ်ကြင်ရပါသော အနုပညာ မောင်နှမများကို လွမ်းဆွတ်တမ်းတသောအားဖြင့် ၁၉၈၅ ခုနှစ် နိုဝင်ဘာလထုတ် ချယ်ရီမဂ္ဂဇင်းတွင် ဝတ္ထုတစ်ပုဒ်ရေးခဲ့သည်။ ထိုဝတ္ထုထဲတွင် 'လွမ်းဝေ'၏ ကဗျာလေးကို ဆွတ်ဆွတ်ကြင်ကြင် ဖော်ပြခဲ့ခြင်း ဖြစ်လေသည်။ ဆရာမကြီး၏ ဝတ္ထုအမည်မှာ 'လွမ်းစာ' ဟူ၍ ဖြစ်ပါ၏။

ဩော်- 'မင်း'တို့ ပြုသမျှ နုခဲ့ရလေသော မှောင်လွန်းသော ညများ။ မှောင်လွန်းသော ညများသည် အဘယ်မှာ လှုပလို့မ်မည်နည်း။ အလှအပကို မြတ်နိုးသော လူသားတို့သည် မလှမပ မှောင်လွန်းသော ညများကို အဘယ်မှာ နှစ်သက်လို့မ်မည်နည်း။

မှောင်လွန်းသော ညများကို ဖန်တီး ပြုလုပ်သော 'မင်း' တို့ကိုလည်း အဘယ်မှာ အလိုရှိပါလို့မ်မည်နည်း။ အလိုမရှိ၊ လုံးဝ အလိုမရှိ။

ထို့ကြောင့်ပင် အလောင်းမင်းတရား ဦးအောင်ဇေယျသည် မှောင်လွန်းသော ညများကို မုန်းတီးသော မင်းကောင်းမင်းမြတ်တစ်ဦးပီပီ မြန်မာပြည်ကြီး ဘုန်းမီးနေလ အရှိန်အဝါဖြင့် လင်းလက်တောက်ပအောင် 'စည်းရုံးရေး လက်နက်ကြီး' ဖြင့် ရန်ဆူးရန်ငြောင့် အမှောင်ထုကို ဖြိုဖျက်တော်မူကာ ကုန်းဘောင်ရွှေပြည်ကို တည်ထောင်တော်မူခဲ့ခြင်း ဖြစ်လေသည်။ 'မင်းကျင့်တရား ဆယ်ပါး' ကို ဦးထိပ်ပန်ဆင်ကာ မိမိ၏ စိုင်းသူပြည်သား လူအများတို့ကို ရင်ဝယ်သားကဲ့သို့ ထွေးပိုက်ပြုစုတော်မူခဲ့ခြင်း ဖြစ်ပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ငါးပါးမြောက် စည်းရုံးရေးလက်နက်သည် 'အာဏာပြစည်းရုံးရေး' ဖြစ်သည်။ 'အာဏာပြ' ဟု ကြားလိုက်ရသောကြောင့် အာဏာပါဝါ ပြချင်သူများ အလွန် သဘောကျသွားလိမ့်မည် ထင်ပါသည်။ 'အာဏာ' အရသာ ရှိလိုက်ပုံကလည်း အဆီတစ်ထပ်၊ အသားတစ်ထပ်၊ အခေါက်တစ်ထပ် သုံးထပ်သားကြီး စားရသလို အိခနဲ အိခနဲ သွားဖိုးမြုပ်အောင် ကောင်းလှသည်ကိုး။ သို့သော် ထိုအာဏာအကောင်းကြိုက်သူများကို 'အာဏာ ဟူသည် အဘယ်နည်း' ဟု စာမေးပွဲစစ်ရသော် မည်သို့ ဖြေကြမှာပါလိမ့်။

ဦးစွာ ပထမ 'အာဏာ'ဟူသော ဝေါဟာရသည် မြန်မာဘာသာ မဟုတ်၊ ပါဠိဘာသာဖြစ်ကြောင်း ပြောလိုပါသည်။ ထို့နောက် ဒုဏ္ဍာနှင့် စပ်လျဉ်း၍ ခွဲခြားပိုင်းဆစ်စိစစ်ကြည့်သောအခါ ဤသို့ တွေ့ရသည်။

(၁) မြတ်စွာဘုရား၏ အဆုံးအမ။
(၂) ဘုန်းတန်ခိုး အရှိန်အဝါ။
(၃) အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အမိန့်ပေးခြင်း စသည်တို့ကို ပြုလုပ်ပိုင်ခွင့်။

ထိုသို့ သုံးမျိုးတွေ့ရသော်လည်း လူအများ နားလည်ထားသည့် အာဏာ ဆိုသည်မှာ နံပါတ်စဉ် (၃)ရှိ ဖွင့်ဆိုချက်မျိုးဖြစ်လိမ့်မည်ထင်သည်။

အာဏာနှင့်ဆက်စပ်၍ တွေ့ရလေ့ရှိသော ဝေါဟာရနှစ်မျိုးမှာ 'တာဝန်'နှင့် 'ဝတ္တရား'ပင် ဖြစ်သည်။ တာဝန်ဆိုသည်မှာ 'ဆောင်ရွက်ရန် အမှုကိစ္စ' ဖြစ်ပြီး 'ဝတ္တရား'ကတော့ 'ပြုမြဲတာဝန်' ဖြစ်သည်။ ထိုသို့ဖြစ်ပေရာ 'အာဏာ'၊ 'တာဝန်'၊ 'ဝတ္တရား' တို့သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်ပတ်သက်နေကြောင်း တွေ့ရမည်ဖြစ်ပေရာ စိတ်ဝင်စားဖို့လည်း ကောင်းပေသည်။ စိတ်ဝင်စားဖို့ ကောင်းသလို အံ့သြဖို့လည်း ကောင်းသွည်မှာ 'တာဝန် တို့၊ 'ဝတ္တရား' တို့သည်လည်း 'အာဏာ' ကဲ့သို့ပင် မြန်မာစကား စစ်စစ်မဟုတ်မူ၍ ပါဠိဘာသာမှ ရယူမွေးစားထားသော စကားလုံးများ ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဖြစ်မည်ထင်ပါသည်။ ကျွန်တော်တို့သည် အာဏာ၊ တာဝန်၊ ဝတ္တရား ကိစ္စများနှင့် ပတ်သက်၍ မကြာခဏ ရောထွေးနေတတ်ကာ ကိုးရိုးကားရား လုပ်ရပ်များလည်း အတော်ဖြစ်ပွားတတ်ကြပါသည်။

ဤသို့ ဖြစ်ရသည်မှာ မြန်မာစာ၊ မြန်မာစကားကိုပင် အမြီးအမောက်တည့်အောင် ဟန်ကျပန်ကျ မရေလည်လှသော မြန်မာ(တချို့) တို့သည် ပါဠိစကားလုံးကြီးများဖြစ်သော၊ ပါဠိနှင့် ဆက်နွယ်နေသော အာဏာ၊ တာဝန်၊ ဝတ္တရားတို့ကို ထင်မိထင်ရာ မြင်မိမြင်ရာ လုပ်မိကြခြင်းကြောင့်ပင် ဖြစ်သည်။

ဤနေရာတွင် တစ်ခု သတိရမိသည်မှာ 'အင်္ဂလိပ်လို့လည်း မဖြစ်မြောက်၊ ပါဠိကျတော့ နားမလည်၊ မြန်မာလို့ ရမလား ဆိုပြန်တော့ ကွိစိကွစ ခွကျကျ၊ ထို့ကြောင့် ခပ်တည်တည်ဖြင့် လေကလေးချွန်ကာ ဘာကိုမှ ထိမထင်သည့် ပုံစံမျိုး ချိုးနေရတော့သည်' ဆိုသဟာကိုပင်။

ဟုတ်သည်၊ ကျွန်တော်တို့သည် ခပ်တည်တည် လေကလေးချွန်ကာ နေလာခဲ့ကြသည်မှာ ရှေးပဝေသဏီမှ ယနေ့ထက်တိုင်အောင် ဖြစ်သည်။

ထို့ကြောင့်ပင် ဖြစ်မည်။ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာတွင် -

'အကြင်လူရွာ၊ လူတကာတို့၊ ပညာသတိ၊ ကင်းကွာဘိလျက်၊ မိမိတဏှာ၊ အဝိဇ္ဇာမျိုး၊ အိုတိုင်းတိုး

www.burmeseclassic.com

www.burmeseclassic.com

၏၊ အရိုးသာရင်၊ ဉာဏ်မပွင့်ဘူး' ဟူ၍ ရေးစပ်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဆိုလိုသည်မှာ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'အာဏာပြစည်းရုံးရေး' ဗျူဟာအပေါ်တွင် ဉာဏ်ကြီးရှင်တို့ မည်သို့ ပုံဖော်ကြလေမည်နည်းဟု သိချင်စိတ်စောကာ တွေးတောမိခြင်း ဖြစ်ပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် ကုန်းဘောင်ရွှေပြည်ကို တည်ထောင်ရာ၌ အထက်တွင် ပြဆိုခဲ့သော သဘာဝစည်းရုံးရေး၊ သရုပ်ပြစည်းရုံးရေး၊ အခွင့်အရေးပြစည်းရုံးရေး၊ ပညာပေးစည်းရုံးရေးတို့ဖြင့် စည်းရုံးလာခဲ့သည်မှာ အတော် ဟန်ကျပန်ကျ အောင်မြင်ခဲ့ရပြီ ဖြစ်သည်။

ထိုစည်းရုံးရေး လေးရပ်ကို သုံးသပ်ဆန်းစစ်ကြည့်သောအခါ 'အဖြူရောင်စည်းရုံးရေး' ဟုမြင်လာပါသည်။ ထိုစည်းရုံးရေး လေးရပ်သည် မိမိ ပြည်တွင်းအင်အားကို ဖြည့်တင်းရာ ဖြစ်သောကြောင့် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ စည်းရုံးလုပ်ဆောင်ရသည် ဖြစ်ပေရာ 'အဖြူရောင်စည်းရုံးရေး' ဖြစ်သည်။

မည်သည့် တိုင်းနိုင်ငံဖြစ်စေ မိမိပြည်တွင်းအားကို စုစည်းရာ၌ အထက်ပါ စည်းရုံးရေး လေးရပ်ဖြင့် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ လုပ်ဆောင်မှသာ အောင်မြင်ရာသည်။ ထို့ကြောင့် 'ပြည်သူနှင့်တွေ့သော် ပန်းလို'ဟု လက်စွဲဆောင်ပုဒ် ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ မဟုတ်မူဘဲ 'မလာ မနေရ၊ မလုပ်၊ မနေရ၊ မစိုက် မနေရ၊ မလိုက် မနေရ' စသည်ဖြင့် အာဏာပါဏာ ပြပြီး ပြည်သူကို စည်းရုံးခဲ့သော် 'မနိုင်၍ သည်းခံရခြင်းသည် လည်းကောင်း' ဖြစ်ကုန်ကြပြီး ထိုမင်း၊ ထိုအဓိပတိကို ပြည်သူတို့ ကျိန်စာတိုက်ကြပေလိမ့်မည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'အာဏာပြစည်းရုံးရေး' သည် နောက်ဆုံးပိတ် စည်းရုံးရေးဗျူဟာ ဖြစ်သည်။ တစ်နည်း ပြောရသော် 'နောက်ဆုံးပိတ် အိတ်နှင့်လွယ်' ရသည့် စည်းရုံးရေး ဖြစ်သည်။ စည်းရုံးရေး ငါးရပ်တွင် အပြင်းထန် အထက်မြက်ဆုံးလည်းဖြစ်သည်။ ထို့ကြောင့် ဤ 'အာဏာပြစည်းရုံးရေး' ကို 'အနီရောင်စည်းရုံးရေး' ဟု ခေါ်ရမည်။

'အာဏာပြစည်းရုံးရေး' သည် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် မဖြစ်မနေ အနိုင်တိုက်ရမည့် တိုက်ပွဲများတွင် အသုံးပြုလေ့ရှိသည်။

စကားဆက်စပ်လာ၍ ပြောရပါဦးမည်။ မကြာမီက နာမည်ကြီး ဘောလုံဗိုလ်လုပ္ပါကြီးတစ်ပွဲ ကျင်းပသွားသည်။ အာဂျင်တီးနားနှင့် ချီလီတို့ ဗိုလ်လုကြရာ အာဂျင်တီးနားဂန္ဓဝင်ဘောလုံကြယ်ပွင့်ကြီး မာရာဒိုနာက 'မင်းတို့ ဒီပွဲ မနိုင်ရင် တိုင်းပြည် ပြန်မလာကြနဲ့' ဟု အာဂျင်တီးနားအသင်းသားများကို ပြောသည်။ တချို့က မာရာဒိုနာ၏စကားကို ပြက်ရယ်ပြုကြလေသည်။ အမှန်တွင် မာရာဒိုနာသည် သူနိုင်ငံ၊ သူလူမျိုး အာဂျင်တီးနားအသင်း ဗိုလ်စွဲနိုင်ရေးအတွက် 'အာဏာပြစည်းရုံး' လိုက်ခြင်း ဖြစ်သည်။ အာဏာပြနိုင်လောက်သည့် 'ဘောလုံအာဏာ' လည်း မာရာဒိုနာတွင် ရှိလေသည်။ (ထိုပွဲတွင် ချီလီ ဗိုလ်စွဲသွားပါသည်။) စကားကြဲ၍ 'အာဏာပြစည်းရုံးရေး' သာဓက ထုတ်ပြရခြင်း ဖြစ်သည်။

ဤနေရာတွင် အလွန်မှတ်သားဖွယ်ကောင်း၍ 'အာဏာပြ စည်းရုံးရေး' နှင့် တစ်နွယ်ငင် တစ်စင်ပါ ဆက်စပ်နေသော 'မင်းတို့ကျင့်ရန် အကြောင်း' ကို ရှာဖွေတင်ဆက်လိုက်ပါဦးမည်။

သက္ကရာဇ် ၇၆၂ ခုတွင် နောင်တော်ဆင်ဖြူရှင်တရဖျားနန်းကျပြီး 'မင်းခေါင်' ရွှေနန်းစံတော်မူသည်။ မင်းခေါင်သည် သူတိုင်းနိုင်ငံကို စည်ပင်ဝပြောစေလိုသော ဆန္ဒတော်ရှိသည်ဖြစ်၍ ပညာရှိအမတ်ကြီး 'ဝန်ဇင်းမင်းရာဇာ'ကို ခေါ်တော်မူ၍ ဤသို့ မေးလျှောက်သည်။

'အဘိုး ရာဇာ၊ အဘယ်သို့ ကျင့်သော်၊ အဘယ်သို့ လုပ်ကြံသော် တိုင်းကားနိုင်ငံ ဝပြော စည်ပင်အံ့နည်း'

ထိုအခါ အဘိုးဝန်ဇင်းမင်းရာဇာလည်း ဤသို့ ကရား ရေသွန် တသွင်သွင်ဖြင့် လျှောက်လေသည်။

(မှတ်ချက် ။ ။ ဝန်ဇင်းမင်းရာဇာ၏ တင်ပြလျှောက်ထားချက်များကို ၁၉၀၁ ခုနှစ်၊ ဟံသာဝတီသတင်းစာတိုက်ထုတ် ပထမအကြိမ်ပါ မူအတိုင်း အဓိပ္ပာယ်မပျက် အနက်မယွင်း အပိုမသွင်းဘဲ တင်ပြအပ်ပါသည်။)

'အရှင်မင်းကြီး၊ မင်းတို့၏ ကျေးဇူးသော်ကား သည်းခံခြင်း၊ နိုးကြားခြင်း၊ လုံ့လထကြွခြင်း၊ ဝေဖန်ခြင်း၊ သနားခြင်း၊ ကြည့်ရှုစောင့်မခြင်း၊ ဤသည်လျှင် မင်းတို့၏ အကျိုးစီးပွားတည်း။

အရှင်မင်းကြီး၊ နူးညံ့လွန်းသောမင်းကို သူတို့ နှိပ်စက်တတ်သည်။ ထက်လွန်းသောမင်းကို အများ မုန်းတတ်သည်။ ယင်းသို့သောကြောင့် မနူးညံ့လွန်း၊ မပြင်းလွန်းသော အကျင့်ကို ကျင့်ရာ၏။

စင်စစ် နူးညံ့လွန်းသဖြင့် လည်းကောင်း၊ ထက်လွန်းသဖြင့် လည်းကောင်း မိမိကိုယ်ကို ကြီးမြတ်သောအဖြစ်၌ တည်စိမ့်သောငှာ မတတ်နိုင်ချေ။ မည့် မပြင်း ပြုသော အကျင့်သည်သာလျှင် ကြီးမြတ်သော အဖြစ်၌ တည်စေနိုင်ချေသည်။

အရှင်မင်းကြီး၊ သူ၏ အမှုကို ချစ်မြတ်နိုးသဖြင့် လည်းကောင်း၊ သူ၏ အမွေအနှစ် အတုတ်အဇ္ဈန်၌ မြို့ရွာထုံးနည်း ရှိရာ ဓလေ့ဆိပ် တံခါးကင်း စသည်တို့၌ အဆက်ဆက်သော မင်းတို့ထက် ဆင်ခြင် ရွတ်ချ၍ ကျင့်သဖြင့် လည်းကောင်း၊

www.burmeseclassic.com

အမှန်အကန် အတော်အဖြောင့် သုံးစွဲသဖြင့် လည်းကောင်း၊ ပေးကမ်းစွန့်ကြဲခြင်း၌ များသဖြင့် လည်းကောင်း၊ ချစ်ဖွယ်မွေးမြူသဖြင့် လည်းကောင်း၊ သာယာစွာ ပြောဆို ခေါ်ဝင်စိစစ်သဖြင့် လည်းကောင်း ပြုကျင့်အပ်၏။

စစ်မြေပြင်၌ ပြင်းစွာ ထိုးခုတ်ခြင်း၌ အောင်ရာအရပ်ကို သိတတ်သော သူရဲကောင်းတို့ကို လည်းကောင်း၊ အချင်းခပ်သိမ်း ရန်သူတို့ကို ပြဿနာအောင်ပြုတတ်သော ပညာရှိသောသူတို့ကို လည်းကောင်း၊ ထင်ရှားပြီးသော အမတ်စစ်သူကြီးတို့ကို လည်းကောင်း ချစ်မြတ်နိုးအပ်၏။ ဆိုသော်၊ မိန့်သော်လျှောက်သောအောင်လည်း ကျင့်အပ်၏။ ဤသည်လျှင် ပြည်ရွာဝပြော စည်ပင်ရာသော အကြောင်းတည်း။

အရှင်မင်းကြီး၊ သားတည်း မကောင်းမှုကို ပြုမူကား ဘမိလည်း မကောင်းမှု ပြုသည် မည်၏။ တပည့်တည်း မကောင်းမှုကို ပြုမူကား ဆရာလည်း မကောင်းမှုကို ပြုသည် မည်၏။ ပြည်သူတို့ မကောင်းမှုကို ပြုမူကား မင်းလည်း မကောင်းမှုကို ပြုသည် မည်၏။ မင်းတည်း မကောင်းမှုကို ပြုမူကား ပုရောဟိတ်လည်း မကောင်းမှုကို ပြုသည် မည်၏။ ခပ်သိမ်းသောသူတို့သည် ကောင်းမှု၊ မကောင်းမှု နှစ်ပါးကို ပြုကုန်ကြသည်တို့တွင် ခြောက်စု စု၍ တစ်စုသည် မင်း ခံရစ်ရလေကုန်၏။ ယင်းသို့သောကြောင့် မကောင်းမှုကို ကြဉ်၍ ကောင်းသော အမှုကို ပွားစေလျက် လူအပေါင်းကို အဖန်တလဲလဲ ဆုံးမရာ၏။

အရှင်မင်းကြီး၊ လူမိုက်၏ အသက်သည် နည်း၏။ ပညာရှိတို့၏ အသက်သည် များ၏။ လူအပေါင်းတို့၏ အသက်သည် မင်း သာလျှင်တည်း။ မင်းတို့၏ အသက်သည် မင်းကျင့်တရား သာလျှင်တည်း။

အရှင်မင်းကြီး၊ အကြီး မရှိသော ရွာသည်လည်း ပျက်စီးတတ်၏။ အကြီး များလွန်းလျှင်လည်း ပျက်စီးတတ်၏။ မိန်းမ အကြီးပြုသော ရွာသည်လည်း ပျက်စီးတတ်၏။ သူငယ်အကြီးပြုသော ရွာသည်လည်း ပျက်စီးတတ်၏။ မိုက်လွန်းလျှင်လည်း အမှု မကုန် ရှိတတ်၏။ လိမ္မာလွန်းလျှင်လည်း အမှု ကုန်လွန်း၍ ပျက်တတ်၏။ နှီးဉာဏ်ဆင်ခြင်တတ်သော သူသည်သာလျှင် အရှင့်စီးပွားကို ဖြစ်စေတတ်၏။ နို့ မရှိသော လိပ်မ၊ ငါး၊ ကြက်မ တို့သည် များစွာသော သားငယ်တို့ကို ကျွေးမွေးတတ်သည် ဖြစ်သကဲ့သို့ မင်းတို့သည် အမတ်၊ စစ်သူကြီးတို့အား ကျွေးမွေး သုတ်သင်ရာ၏။

အရှင့်သား၊ ပြည်ကြီးတံခွန် တည်းဟူသော မြို့ပြပြည်ရွာတို့ကို မည်စမ်းနှမ်းရအောင် ထူထောင် မစသဖြင့် လည်းကောင်း၊ ပြည်၏ ဝမ်း တည်းဟူသော ကိုင်းကျွန်းလယ်ယာ အတုတ်အခွန်တို့ကို မဖောက် မဖျက်ဆီးသဖြင့် လည်းကောင်း၊ ပြည်၏ မျက်စိ တည်းဟူသော ဝန်ကြီး၊ တံတိုင်းကြီးတို့ကို မျက်မုန်းမကျိုးသဖြင့် လည်းကောင်း၊ ပြည်စွယ်တည်းဟူသော အမှုထမ်းတို့ကို မချိုး မနှိပ်စက်သဖြင့် လည်းကောင်း။ ပြည်၏ ကျေးလူး တည်းဟူသော အမတ်၊ သေနာပတိ အစရှိသည်တို့၏ ကျေးလူးကို မထိမ်မြှူးသဖြင့် လည်းကောင်း၊ အရပ်ထက်ဝန်းကျင်မှ လာသော ကုန်သည်တို့ကို အကောက်အစား တည်းဟူသော ပြည်၏ တံခါးကို မပိတ်သဖြင့် လည်းကောင်း၊ ပြည်၏ ဦးကင်း တည်းဟူသော တိုင်းစွန် မြို့နား နိုဂုံး ဇနပုဒ်တို့ကို နှိပ်စက်ညှဉ်းဆဲ မပြုသဖြင့် လည်းကောင်း ပြည်ထဲအရေး ဝပြောသာယာ၏။

အရှင်မင်းကြီး၊ တစ်နည်းတဲ့ ပြည်ကို ပြုစုသော မင်းတို့ကား အသီးရှိသော သစ်ပင်ကြီး၏ စိမ်းသော အသီးကို ဆွတ်၍ စားချေသော် အရသာလည်း မရှိ၊ မျိုးစေ့လည်း မရသကဲ့သို့ သစ်ပင်ကြီးနှင့်တူသော ပြည်တိုင်းကားခွဲနေသော အမျိုးလေးပါးတို့သည် မစည်မပင် မပြန့်မပွားဘဲ ပြည်ရွာတို့၏ ကျေးလူးကို ခံဘိမူကား အကျိုးလည်း ရမ်းရမ်းလွေ့လွေ့ မခံရ။ ပြည်ရွာလည်း မစည်ပင်နိုင် ဖြစ်သည်။

မှည့်သောအသီးကို ဆွတ်၍ စားသည်ရှိသော်ကား အရသာလည်း ရှိ၏။ မျိုးစေ့ လိုသော်လည်း ရသကဲ့သို့ ပြည်ရွာစည်ပင်၍ ပြန့်ပြောသည် ဖြစ်မူကား အကျိုးလည်း ရမ်းရမ်းလွေ့လွေ့ ခံစားရ၏။ ပြည်ရွာလည်း ငြိမ်သက် တည်ကြည်သည် ဖြစ်ရာ၏။

ပြည့်ရှင်မင်းတို့၏ ပြကတေ့ကား မိုးနတ်ဘုရားကဲ့သို့ ပြည်သူတို့၏ အစီးအပွားကို ပြည်ရွာ ငြိမ်သက်အောင် ဆောင်ရာ၏။ ထိုသို့ ဆောင်ပြီးမှ နေနတ်သားကဲ့သို့ မိမိစီးပွားကို အများ ကြောက်ရွံ့အောင် ဆောင်ရာ၏။ ယမမင်းကဲ့သို့ ချစ်သောသူ၊ မုန်းသောသူ၊ ဆွေရင်းမျိုးချာ၊ သူစိမ်းပြင်ပ ဟူ၍ မရှိ။ တွေးဆ၍ အပြစ်အတိုင်းလျှင် ဆုံးမ ကွပ်ညှပ်ရာ၏။

အရှင်မင်းကြီး၊ ပုံ ဆိုပါဦးအုံ့။ တောတွင်းသား တစ်ယောက်သည် ခွေးတစ်ခုကို ချစ်မြတ်နိုး၍ သားရေထက်၌ အိပ်စေ၏။ ထိုခွေးလည်း ငါ သားရေထက်၌ အိပ်ရပေသည်မမှတ်။ သခင်၏ အကျိုးနည်းအောင် ခင်း၍ အိပ်စေသော သားရေကိုပင် စားလေသော ခွေး၏ ဖြစ်ဟန်ကို လည်းကောင်း နှလုံးသွင်းရာ၏ ဟု နားတော်လျှောက်၏။

ဤသို့ လျှောက်ထားသည်ကို ကြားတော်မူလျှင် မင်းခေါင်လည်း အဘိုးရာဇာ၊ ဤပုံပြင်၏ အလိုသော်ကား ခပ်သိမ်းသော သူတော်အပေါင်းတို့သည် ချစ်မြတ်နိုး၍ ငါ့ကို ရွေနန်းစည်းစိမ်၌ နေစေသည်။ ထိုသို့ နေရလျှင် ပြည်သူလူအပေါင်းတို့၏ အကျိုးနည်းအောင် မပြုပါနှင့် ဆိုလိုသလော ဟု မေးတော်မူ၏။

အရှင်မင်းကြီး၊ ဟုတ်လှပေ၏။ ပြည်သူအပေါင်းတို့ အကျိုးရှိမှ မင်းကြီးမှာ အကျိုးရှိရာ၏။ အရှင်မင်းကြီးမှာ အကျိုးရှိသော် နောင် သံသရာ ဘဝအဆက်ဆက်တိုင်း မင်းချည်းနှင့်နှင့် ဖြစ်တုံအံ့သည်ဟု နားတော်လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com

အရှင့်သား၊ ဒုက္ခပျောပင်ရိပ်ကို အကြောင်းပြု၍ ကြီးကျယ်ပြန့်ပြော စည်ပင်အောင် မြူတတ်သော ဥယျာဉ်သည်၏ ဖြစ်တန်ကို လည်းကောင်း၊ ပိုးနကျယ်သည် သင်းနေသော အိမ်ကို တရွေ့ တရွေ့ ကျယ်စေအောင် မြူတတ်သည်ကို လည်းကောင်း ပုံပြင် နည်းနာကိုယူ၍ ကျင့်အပ်၏။

အရှင်မင်းကြီး၊ မိမိမြို့ရွာ တိုင်းနိုင်ငံ အကျည်းပင် ဖြစ်သော်လည်း တရွေ့ တရွေ့ တြိုးကျယ်အောင် မြူရာ၏။ ကြီးကျယ်ပြီးမှ အခွန်အတုတ်တို့ကို ခံရာ၏။ ထို အခွန်အတုတ်ကို ခံသောအခါလုည်း ရွေးထုံးထက် လျှော့ညှဉ်း၍ ခံရာ၏။ လျှော့ညှဉ်း၍ ခံသော မင်း၏ တိုင်းနိုင်ငံသည်လည်း အလွန်စည်ပင် ပြန့်ပွား များသည်သာ ဖြစ်ရာ၏။

အရှင်မင်းကြီး၊ စည်းစိမ်ကို ရအောင် ရှာသော်ကား ရလွယ်၏။ ရပြီးသော စည်းစိမ်ကို စောင့်ရှောက်အံ့သောငှာကား ခဲစွာ၏။

အရှင့်သား၊ ဘုရား တရားတော်ဝယ် မရသေးသော စည်းစိမ်ကို ရအောင် ရှာခြင်း၊ ရပြီးသော စည်းစိမ်ကို စောင့်ရှောက်ခြင်း၊ စောင့်ရှောက်အပ်သော စည်းစိမ်ကို ပြန့်ပွားစေခြင်း၊ ပြန့်ပွားပြီးသော စည်းစိမ်ကို သံသရာစီးပွား အလို့ငှာ ပေးကမ်း ဖြန့်ကြဲခြင်း၊ ဤသည်သာလျှင် ပညာရှိတို့ လက္ခဏာဟု ဟောတော်မူ၏။

အရှင့်သား၊ သံဝရမင်းကြီးသည် မလာသေးသောသူကို လာနှင်အံ့၊ လာပြီးသောသူကို မသွားနိုင်အောင် ပစ္စည်းဥစ္စာဖြင့် ချည်နှောင်သကဲ့သို့ အမှုထမ်းတို့အား ပေးကမ်း စွန့်ကြဲတော်မူမှ ပြည်ရွာ စည်ပင်သာယာသည်ဟု၊ ပုံပြင်နည်းနာတို့ဖြင့် လျှောက်ပေသော် ဘဝရှင် မင်းခေါင်လည်း မင်းရာဇာစကားကို ကြားလျှင် အဘိုးကို 'လူဆရာ' ဟု ယနေ့ကစ၍ ငါမှတ်၏ဟု ကျေးရွာနှင့်တကွ စားတော်ရွှေအုပ်ထဲတွင် နှစ်တောင်ထွာရှိသော ရွှေကျော်လင်ပန်းကို ဆုပေးတော်မူ၏။'

ဆိုအပ်ခဲ့ပြီးသော ဤစကားအစဉ်သည် ကုန်းဘောင်ခေတ် မဟာမဃုရာဇာဓိရာဇာ၊ စဉ့်ကူးမင်းတရားလက်ထက် ဇိနာလင်္ကာရ မဟာမဃုရာဇဂုရု တံဆိပ်တော်ရ ရှင်စန္ဒာလင်္ကာရ ပြုပြင်စီရင်အပ်သော 'မဏိရတနာပုံကျမ်း' တွင် လာရှိသည့် စကားအစဉ်ပင် ဖြစ်ပါသည်။

ဤစကားအစဉ်ထဲတွင် မင်းကောင်းမင်းမြတ်တို့ ကျင့်သုံးရမည့် အဖြူရောင် စည်းနုံးရေးနှင့် အနီရောင် စည်းနုံးရေးတို့ အကြောင်းကို မီးမောင်းထိုးပြထားသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ကျွန်တော် ထင်ပါသည်။ မင်းကောင်းမင်းမြတ် လုပ်လိုပါလျှင် ယခု ဖော်ပြပါ 'ဝန်ဇင်းမင်းရာဇာလျှောက်ထုံး'ကို အာဂုံဆောင်ထားထိုက်လှသည်။ အာဂုံဆောင်ထားလိုပါလျှင်လည်း ပရိတ်ကြီး (၁၁)သုတ်ကိုပင် အလွတ် အာဂုံဆောင်ထားသူ အများအပြား ရှိကြပေရာ ခက်လှမည် မထင်ပါ။ ကမ္ဘာသုံး ဘာသာများဖြစ်သော အင်္ဂလိပ်၊ မြင်သစ်၊ စပိန်၊ ရုရှား စသည့် ဘာသာများသို့ ပြန်ဆိုကာ ကမ္ဘာ့ခေါင်းဆောင် လုပ်သူတိုင်း ဆောင်ထားထိုက်လှပေသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် ရန်သူတွေ ဝိုင်းဝိုင်းလည်နေသော ထန်းလုံးတပ်ဘဝမှ ဘုန်းမီးနေလတောက်ပသော ကုန်းဘောင်ရွှေပြည်ကြီးကို တည်ထောင်လာခဲ့သည်မှာ ဤ 'မင်းတို့ကျင့်ရန်အကြောင်း' ကို အရည်ကျိသောက်ထားသောကြောင့် ဖြစ်သည်ဟု ယုံကြည်သည်။

အဘယ်ကြောင့် ယုံကြည်ရပါသနည်း၊ ရှင်းပြပါမည်။

မယဒေဝ လင်္ကာတွင် -

'ကြည်ဖြူရွှင်အား၊ နှစ်ပါးကိုယ်စိတ်၊ စင်ကြယ်ဟိတ်ဖြင့်၊ အနိဋ္ဌကင်း၊ ရောဂါရှင်း၍၊ ရှည်ခြင်းအသက်၊ တည်မျက်မှာ၊ မကွက်လွဲလ၊ မှုကိစ္စ၌၊ နေ့ညမ်းချာ၊ ယှဉ်နိုင်ရာ၏' ဟူ၍ ပါရှိသည်။

လင်္ကာ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ကြည်လင်ရွှင်ပျပြီး ခွန်အားနှင့် ပြည့်ဝသော ကိုယ်အင်အား၊ စိတ်အင်အား ပြည့်စုံပါမှ ရောဂါဝင်သိမ်း ကင်းဖြိမ်းပြီး အသက်ရှည် ကျန်းမာမည်။ သို့မှသာလျှင် ပြုသင့် ပြုထိုက်သော အရေးကိစ္စ ဟူသမျှကို နေ့မအား ညမအား လုပ်ဆောင်နိုင်မည် ဟူ၍ဖြစ်သည်။ လိုရင်း ချုပ်လိုက်သော် အသက်ရှည် ကျန်းမာဖို့ ကြည်လင်ရွှင်ပျသော စိတ်ခွန်အား ရှိရမည်။

ကြည်လင်ရွှင်ပျသော စိတ်ခွန်အား ရှိဖို့ဆိုလျှင် မိမိစိတ်သည် သန့်ရှင်းစင်ကြယ်နေရမည် ဖြစ်ပါသည်။ ဤသို့ဆိုသော် မိမိတို့သည် ရသေ့၊ ရဟန်း၊ ယောဂီများကဲ့သို့ ဝိနည်းသိက္ခာပုဒ်များ ဆောက်တည်ပြီး ကမ္မဋ္ဌာန်းဘာဝနာ ပွားနေရမည်လော။ ထိုအရေးသည် လောကုတ္တရာအရေး ဖြစ်ပါ၏။ မိမိတို့ လုပ်ဆောင်နေသည်မှာ လောကီအရေးသာ ဖြစ်၏။ ကိစ္စမြောင်မြောင် လူတို့ဘောင်၌ လုပ်ဆောင်ဖွယ်ရာတို့ များလှ၏။ 'မင်း' ဆိုသည်မှာလည်း 'အလောင်းတော်'ဟု တင်စားစေဦးတော့ လောကီဘုံဓမ္မတာထဲမှာ ပုထုဇဉ် အခြေအလွှာသာ ဖြစ်ပါ၏။ ဝိနည်းသိက္ခာပုဒ်နှင့် ကမ္မဋ္ဌာန်းဘာဝနာ မဆိုထားနှင့် ငါးပါးသီလ ဆောက်တည်ပြီး သြကာသ ဆုံးအောင် ရှိခိုးနိုင်လျှင် အာဂမေတကားး။

ထို့ကြောင့်ပင် ဖွဘုတ်ပေါ်မှာ (တချို့ကတော့ အာကာသထဲက စတိတ်ရှိုးလို့ ပြောကြပေသပေါ့) ကြိုးကြိုးမာစတာကြီးတွေ သရီးကွာတားဝတ်ပြီး 'တစ်ဆယ်ကျော် ငါးနှစ်ပတ်လည် ကျွန်မ ကျွန်မတို့အရွယ်' လေးတွေနှင့် ပတ်ချာလည်နေကြသည် မဟုတ်လော။ (မာစတာကြီးတွေဆိုတော့ ချယ်ရီပန်းတွေ ပွင့်တဲ့ ဂျပန်ပြည်က ထင်ပါရဲ့။)

ပုထုဇဉ်လူသား ပုဆိုး၊ ထဘီ (ထဘိန်) အိုးအိမ်သမီးတွေအတွက် စိတ်ကြည်ရွှင်ပျ ဖြစ်ချင်သပ ဆိုပါလျှင် စောင့်

www.burmeseclassic.com

ထိန်းရမည့် တရား တစ်ပါးတည်းသာ ရှိသည်ဟု မှတ်ယူမိပါသည်။ ဤသို့ ဆိုလျှင် 'တစ်ပါးလေးများ ဘာများအပန်းကြီးလို့လဲ၊ လာထား လာထား' ဟူ၍ တအား တအား ဖြစ်သွားမည်လား မပြောတတ်ပေ။

ဟုတ်ပါသည်၊ တစ်ပါးတည်းသာ၊ နှစ်ပါး မဟုတ်။ ထိုတစ်ပါးမှာ 'သ[illegible]' ဖြစ်ပါသည်။ 'သစ္စာ' အသံလေး ကြားလိုက်ရသောကြောင့် ဝင်းဦးခရေမြားက ဝင်းဦး သီဆိုခဲ့သော 'သစ္စာ' သီချင်းသံကို ကြားယောင်ယောင် ဖြစ်သွားကြလေမည်လား။

'×××× မောင့်ပစ်ဝန်းကျင်မှာ ×××× ခင်မင်စရာပေမယ့်လည်း ×××× သို့သော် မမက်မောပါ ×××× အမြဲ တသ စွဲလမ်းခဲ့တယ် ×××× တစ်ပွင့်တည်းသော ပန်းသစ္စာ ××××'

မဟုတ်၊ မဟုတ်၊ ထို 'သစ္စာ' မဟုတ်။

ဒါဆို သစ္စာလေးပါး၊ ဒုဆို ဧတေန သစ္စဝဇ္ဇေန။

မဟုတ်၊ မဟုတ်၊ အဲဒါတွေလည်း မဟုတ်။ ထို တရား သစ္စာတို့သည် မိမိတို့နှင့် (ပြောရတာ အားတော့နာသည်) မတန်သေးဟု ထင်ပါသည်။

ကျွန်တော် ပြောလိုသော သစ္စာသည် ဗိုလ်ကြီး ဘသောင်း (မဟာဝိဇ္ဇာ) တည်းဖြတ်သည့် 'နန္ဒိသေနပျို' ထဲတွင် ရှိသည်။ နန္ဒိသေနပျို့သည် လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီး ဦးမြတ်စံ ဖွဲ့ဆိုခဲ့သော စစ်ဘက်ဆိုင်ရာ ပျို့ကြီး တစ်စောင် ဖြစ်သည်။ အမတ်ကြီး ဦးမြတ်စံသည် နန္ဒိသေနပျို့ ရေးသားပြီးနောက် သေနင်္ဂဗျူဟာပျို့နှင့် ပျုံဟစက္ကပျို့ တို့ကိုလည်း ရေးသားခဲ့သည်။ ထို 'ပျို့သုံးစောင်' သည် ကုန်းဘောင်ခေတ်မှ ယနေ့ထက်တိုင် စစ်ဘက်ဆိုင်ရာတွင် အလေးဂရုပြုရသော 'စစ်ကျမ်းကြီးများ ဖြစ်သည်။

ဗိုလ်ကြီးဘသောင်း (မဟာဝိဇ္ဇာ) ဆိုသည်မှာ 'စာဆိုတော်များ အတ္ထုပ္ပတ္တိ' ကို ပြုစုသွားသည့် 'မောင်သုတ' အမည်ခံ 'ဗိုလ်မှူးဘသောင်း (မဟာဝိဇ္ဇာ၊ ရွှေတံဆိပ်ရ)' ဖြစ်ပါသည်။

ဤသို့ ဖော်ပြရသည်မှာ ဗိုလ်ကြီးဘသောင်းနှင့် 'သခင်ဘသောင်း' ကို အချို့သူများ ရောထွေးနေတတ်သောကြောင့် ဖြစ်သည်။

သခင်ဘသောင်းသည် တို့ဗမာအစည်းအရုံး စတင် တည်ထောင်သူဖြစ်ပြီး 'ပန်းသာ မစာဉ်' 'တစ်ထောင့်တစ်ညပုံပြင်များ' စသည့် စာအုပ်တို့ဖြင့် နာမည်ကျော်ကြားသော စာရေးဆရာကြီး ဖြစ်ပါသည်။

ခြေခြေမြဲမြဲ ဖြစ်စေလို၍ ထိုသို့ပြောနေရသော်လည်း အဓိကပြောရမည်မှာ နန္ဒသေနပျို့ထဲက 'သစ္စာ' အကြောင်း ဖြစ်သည်။ ထို 'သစ္စာ'သည်လည်း နန္ဒိသေနပျို့ကို တည်းဖြတ်သောအခါ၌ ဗိုလ်ကြီးဘသောင်း 'နိဒါန်း' ရေးရာတွင် ဖော်ပြ ပါဝင်ခဲ့သော 'သစ္စာ' ဖြစ်ပါသည်။

ဗိုလ်ကြီးဘသောင်းသည် နန္ဒိသေနပျို့ကို တည်းဖြတ်သောအခါ နိဒါန်းရှည်ကြီးကို ဂရုတစိုက် ရေးသားခဲ့သည်။ ထိုနိဒါန်းကို 'မဟာနိဒါန်း' ဟု ခေါ်ရမည် ထင်ပါသည်။ ထိုနိဒါန်း တစ်နေရာ၌ 'စစ်သည်တော်တို့၏ ကျင့်ဝတ်များ' ဟူ၍ ခေါင်းစဉ်ငယ်တစ်ခု ရှိသည်။ ထိုခေါင်းစဉ်ငယ်အောက်တွင် ဤသို့ ရေးသားထားလေသည်။

'လူမျိုးနှင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခွင့်ရကြသော စစ်သည်တော်များ၏ တာဝန်ဝတ္တရားများထူးတလည်ပင် ကြီးမားလှသည်နှင့်အမျှ အထူးတလည်လည်း မွန်မြတ်လှပါ၏။ ထိုကဲ့သို့ မွန်မြတ်ကြီးမားလှသော တာဝန်ကို မည်သည့်တိုင်းပြည်နိုင်ငံမှ စစ်သည်တော်တိုင်း မဆို အခါခပ်သိမ်းပင် 'သစ္စာ' ရှိရှိဖြင့် ထမ်းရွက်သွားကြမည်ကိုကား ယုံမှားဖွယ်ရာ မရှိပါ။

ဤတွင် 'သစ္စာ' ဟူရာ၌ အထက်မှ စီးဦးသမျှသော် အလုပ် ဝတ္တရားများကို တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင် အောင်မြင်ခြင်း တစ်ခုတည်းကို သာ 'သစ္စာ' ဟူ၍ ကျွန်တော့်အနေနှင့် မဆိုလိုချင်သေးပါ။

ပေါ်ပေါက်သရွေ့သော ရန်သူ ဟူသမျှကို အသက်ပေး၍ တိုက်ဖျက်ချေမှုန်းခြင်း တစ်ခုတည်းကိုလည်း 'သစ္စာ' ဟူ၍ ကျွန်တော့်အနေနှင့် မဆိုလိုချင်သေးပါ။

'သစ္စာ' ဟူရာ၌ ချမ်းသာ၊ ဆင်းရဲ မရွေးပြည်သူလူထု တစ်ရပ်လုံးအား စိတ်ငြိုငြင်နွမ်းပါး မဖြစ်စေခြင်း၊ စော်ကားမော်ကား မပြုမူခြင်း၊ 'သစ္စာနှင့်တစ်ခက် ဟင်းတစ်ရွက်' ကိုသော်မှ တစ်ပါးသူက ကြည်ကြည်ဖြူဖြူ မပေး မစွန့်ဘဲလျက် မယူမငင် မပြစ်မမှားခြင်း အစရှိသည့် အသေးအဖွဲကလေးများကို စောင့်စည်းထိန်းသိမ်းခြင်းသည်ပင်လျှင် 'သစ္စာ' မည်သည် ဟူ၍ ကျွန်တော် ဆိုလိုချင်ပါသည်။

ဤအချက်ကလေးများသည် အသေးအဖွဲကလေးများ ဟူ၍ပင် အချို့သောသူများက ယူဆနိုင်လင့်ကစား ထိုအသေးအဖွဲကလေးများပင်လျှင် စစ်အောင်နိုင်ခြင်း၏ အန္တရာယ်၊ တိုင်းပြည်၏ အန္တရာယ်များ ဖြစ်လာနိုင်ကြောင်းကို ကောင်းစွာသိပြီးဖြစ်သော နန္ဒိသေန စစ်သူကြီးသည် စစ်ထွက်အံ့ဆဲဆဲဖြစ်သော သူ့စစ်သည်တော်အုပေါင်းတို့အား . . .

'မြွေးမြူမပြွမ်း၊ စိတ်သာဝမ်းဖြင့်၊ မှူထမ်းကြမည်၊ အားသန်ရည်သည်၊ စစ်သည်တော်ပေါင်း သူရဲကောင်း' တို့ဟု အာလုပ်ခိုလျက် သာယာချီမြှိုန့်စွာဖြင့် နားချပြန်သည်ကား -

www.burmeseclassic.com

www.burmeseclassic.com

'အကြောင်းဆွေးနွေး၊ နာဘီသေးလော့၊ မြို့ကျေးရွာသီး၊ ခရီးတစ်ခွင်၊ ဥစ္စာရှင်က၊ ကြည်လင်မြတ်လေး၊ မပေးမစွန့်၊ သစ်ညွှန့်တစ်ခက်၊ ဟင်းရွက်တစ်နွယ်၊ သက်ငယ်တပျစ်၊ ဝါးတဆစ်မျှ၊ သူပစ္စည်းအား၊ မပြစ်မှားနှင့်'

ဟု အထူးပညတ်လိုက်ခြင်း ဖြစ်ပါ၏။ သို့မှသာလျှင် မိမိက ထားရှိသော 'သစ္စာ'ကို ပြည်သူလူထုက 'မေတ္တာ'ဖြင့် တုံ့ပြန်လိမ့်မည်ဟု နန္ဒိသေန စစ်သူကြီးက ထောက်ဆမြော်မြင်ပြီး ဖြစ်ပါ၏။'

ကျွန်တော် ဆိုလိုချင်သော 'သစ္စာ'သည် ထိုသစ္စာပင် ဖြစ်ပါသည်။ နန္ဒိသေန စစ်သူကြီးက သူ့စစ်သည်တော်များကို လမ်းညွှန်မှာကြားသော 'သစ္စာ'ပင် ဖြစ်သော်ငြား ကျွန်တော်တို့ လူသားအားလုံး လိုက်နာထိုက်သော 'လူသားသစ္စာ' ဖြစ်ပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် ထို 'လူသားသစ္စာ'ကို အလေးအမြတ် ခံယူ ဆောက်တည်ခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ပါ၏။ ထိုသစ္စာတရား၏ တန်ခိုးရှိန်စော် အာနုဘော်သည် စိတ်နှလုံးကို ကြည်လင်ရွှင်ပြုံးစေပြီး ကိုယ်စိတ်နှစ်ဖြာ ပန်းအသွင် စမ်းခလေ့သို့ လန်းရွင်ချမ်းမြေ့စေလေသည်။ ဘေးရန်ခပ်သိမ်း၊ ရောဂါခပ်သိမ်း ကင်းငြိမ်းစေလေသည်။

ထိုယုံကြည်ချက်အတွက် သက်သေ သာဓက ပြရမည် ဆိုလျှင် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ရာဇဝင်တွင် အများအပြားပင် ရှိလေသည်။ ထိုဖြစ်ရပ်များစွာအနက်မှ အလောင်းမင်းတရား ဦးအောင်ဇေယျနှင့် ခင်ဦးစား ချစ်ညီတို့ စီးချင်းတိုက်ပွဲကို သာဓက တင်ပြချင်လေသည်။

(ဆက်ပါဦးမည်)

ရိုသေစွာ ဦးညွတ်လျက်-

ထွန်းလင်းသူ

❑

သင် ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ ကိုက်ညီပြီလား

လိုင်သာယာမြို့ မြို့ ဦးစေတီတော်၊ ပထမဦးဆုံး ဗေဒင်ဆရာကြီး

စာရေးဆရာ ဆန်းဝင်း(အောင်မြေ)

လက္ခဏာ၊ အင်္ဂါဝိဇ္ဇာ၊ ဗေဒင်ပညာ၊ ဓာတ်ဆင်၊ ဓာတ်ရိုက်၊ နာမည်ပေး၊ အခါပေး

တိုစကွက်ဇာတာ အထူးဖွဲ့သည်

- အိမ်ထောင်ရေးဒုက္ခ တွေ့နေသလား
- စီးပွားရေးတွေ အခက်တွေ့နေသလား
- ကျန်းမာရေး ညံ့နေသလား
- အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း ရောင်းမထွက်ဘူးလား
- ဆုမဲနံပါတ်သေးသေး ရချင်သလား
- အိမ်က အမျိုးသားခြေလှမ်းမှားနေပြီလား
- အမျိုးသမီးကကော ပုံမှန်ဟုတ်သလား
- သားသမီးတွေ ပြောစကားနားထောင်ချင်သလား
- နှိုင်ငံခြားခရီးကိစ္စ မြန်ချင်သလား
- ကြွေးတွေတောင်းမရလို့ စိတ်ညစ်နေသလား
- အတိုက်အခံတွေ ပေါ်နေပြီလား
- အလုပ်မရသေးလို့ စိတ်ညစ်နေသလား
- ဈေးရောင်း ကောင်းချင်သလား. . .

ဒါတွေ ဒက်နေသမျှ လွယ်ပို့၊ ပိတ်နေသမျှ ပွင့်ပို့၊ နှိမ့်နေသမျှတွေ မြင့်ပို့ သင် အမြန် ဆရာနဲ့ဆွေးနွေးပို့ အကျိုးတန်ပြီ

ဟောခန်းတည်နေရာ ➳ ရွှေရင်အေးစေတီတော်ရှိရာ ကျုံစုကျေးရွာ၊ နတ်စင်လမ်း၊ မင်္ဂလာဂန်တော်အနီး၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လမ်းညွှန် ➳ ၄၃၊ ၈၆၊ ၉၆ (ဝါ)၊ ၁၂၅၊ ၁၂၈၊ ၁၂၉ (အထူး)၊ ရိုးကြီး-ရိုးလေး ကားများစီး၍ 'ကျောင်းလမ်းမှတ်တိုင်' ဆင်းပါ။ ငွေတုံ့ကော်အထည်ချုပ်စက်ရုံ ဘေးလမ်း။

ဟောပြောချိန် ➳ နံနက် (၆) နာရီမှ ညနေ (၆) နာရီ အထိ ။ ဖုန်း - ၀၉-၃၁၅၃၂၄၅၁၉

www.burmeseclassic.com

www.burmeseclassic.com

ယိုးဒယားနိုင် မြန်မာစစ်များ

အောင်သိမ်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာကို ရန်စခြင်း

မြန်မာရာဇဝင်တွင် ပြည်ပ ကျူးကျော်မှု သွန်နည်းပါးသည်။ သို့ရာတွင် ကေတုမတီပြည့်ရှင် မင်းတရားရွှေထီး၏လက်ထက်တော်တွင်ကား ယိုးဒယားက စတင်ကျူးကျော်သဖြင့် ပြန်လည်တိုက်ခိုက်ရသည်။ မင်းတရားရွှေထီး နတ်ရွာစံပြီးနောက်တွင် နန်းတက်လာသောဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် သားတော်၏ လက်ထက်တွင်လည်း ယိုးဒယားသို့ ခီျတက်တိုက်ခိုက်သော စစ်ပွဲများဖြင့်သာ ထပ်ထပ်ကြမ်းနေခဲ့သည်။

ယခု ယိုးဒယား၏ ကျူးကျော်မှုကို စတင်ဖော်ပြပါမည်။

သက္ကရာဇ် ၉၀၉ ခုနှစ်တွင် မင်းတရားရွှေထီး ရခိုင်သို့ ခီျတော်မူသည်ဟု ယိုးဒယားဘုရင် ကြားလျှင် သမိန်ကံပူရီနှင့် သမိန်ဒေါတကတို့ကို တိုက်ဆင် နှစ်ရာ၊ မြင်းသည် တစ်သောင်း၊ ခြေသည်သူရဲ ခြောက်သောင်းဖြင့် ခီျတက်ကာ ထားဝယ်မြို့ကို လုပ်ကြံချေဟု စေလွှတ်လိုက်သည်။

ထားဝယ်စားလည်း အလုံးအရင်းဖြင့် ဆီးကြိုခုခံငြား မခံနိုင်၍ 'ယေးမြို့' သို့ဆုတ်ပြီး ခုခံရသည်။ ထို အကြောင်းများကို မော်လမြိုင်စာဗညားဦးက လျှောက်ထားလာသဖြင့် မင်းတရားရွှေထီး ကြားသိတော်မူလျှင် ဤသို့စီစဉ်တော်မူသည်။မုတ္တမစား စောလကွန်းအိမ်ကို ဝိုလ်မှူး ခန့်တော်မူ၍ ဇလာကပင်ငယ် သုံးရာ၊ ဇလာကပင်ကြီး တစ်ရာ၊ စစ်သည်သူရဲ လေးသောင်းဖြင့် ထားဝယ်သို့ ရေကြောင်း။

ကြည်းကြောင်းမှာ သမိန်းရေးတစ်တပ်၊ သမိန်မော်လမြိုင်တစ်တပ်၊ သမိန်လဝန်တစ်တပ်၊ သမိန်တိုက်ကုလားတစ်တပ်၊ သမိန်စစ်တောင်းတစ်တပ်၊ သမိန်အစုတ်တစ်တပ်၊ သမိန်လဂွန်းဗျည်းတစ်တပ်၊ သမိန်ကျန်းတစ်တပ်တွင် တိုက်ဆင် နှစ်ရာ၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်း ပါ၍ ထားဝယ်သို့ခီျသည်။

ထားဝယ်မြို့တွင် နေသော ယိုးဒယားတို့သည် မင်းတရားရွှေထီး၏တပ်တော်တွင် အလုံးအရင်း များလှသည် ကြားသဖြင့် တနင်္သာရီသို့ ဆုတ်နေလေ၏။

မင်းတရားသည် ထားဝယ်မြို့ကို ရလျှင် ထားဝယ်စားကိုပင် အလုံးအရင်းနှင့် ပေးတော်မူသည်။ သမိန်မော်လမြိုင်တို့ ကြည်းကြောင်းခီျရာမှာလည်း ထားဝယ်မြို့ကိုရလျှင် ထားဝယ်ကသည် တောင်ပဝုံသို့ ခီျရသည်။

တောင်ပဝုံတွင်ရှိသော သမိန်ကံပူရီလည်း ဆင်မြင်းအလုံးအရင်းနှင့် မြို့ကထွက်၍ ခံလာ၏။ ယင်းသို့စဉ်တွင် ယေးမြို့ကိုစားသော မင်းရဲသခ်ိယာက ဆင်စီး၍ သမိန်ကံပူရီကို တိုက်လေ၏။ မနည်းကြာ တိုက်ကြလျှင် သမိန်ကံပူရီ စီးသောဆင် မျက်နှာသုန်၍ ပြေးလေ၏။

မင်းရဲသခ်ိယာ လိုက်ထပ်၍ တိုက်သည်။ မီလျှင် မင်းရဲသခ်ိယာ၏ ကုန်းလယ် လှဲဖြင့်ထိုး၍ သမိန်ကံပူရီ အနာအကျင် ရှိသည်။ စီးသောဆင်လည်း လှံ ချက်အများကျ၍ ဟောင်ဟောင်ကျည်ကျည် မြည်၍ ပြေးလေ၏။

သမိန်ကံပူရီသည်လည်း ဆင်ကသည် မြင်းစီး၍ ပြေးလေသောကြောင့် လွတ်လေ၏။ စီးသည့်ဆင်ကို ရလိုက်၏။

ယိုးဒယားအမတ် အောက်ပြလကွန်းအိမ်မာ ဆင်ဖြင့် ခံလာသည်ကို ဘဝရှင်မင်းတရားကျွန် သမိန်သံလိုက် ဆင်ကို ချွန်းဖွင့်၍ တိုက်သည်။

သံလိုက်စီးသောဆင် မုန်နှင့်ဖြစ်၍ မုန်နံ့ကိုရလျှင် အောက်ပြလကွန်းအိမ်မာ စီးသောဆင် မျက်နှာသုန်၍ပြေးလေ၏။ ထပ်၍လိုက်လျှင် ယင်းတွင် ဝင်လဲလေ၏။ အောက်ပြလကွန်းအိမ်မာကိုလည်း ရလိုက်သည်။

ယင်းသို့လျှင် ယိုးဒယားစစ်သည်တို့ အကုန်ပျက်လေ၏။ ဆင်၊ မြင်း၊ သွံပန်း ရသည်များ၏။ တောင်ပဝုံစားသည်ပင် အလုံးအရင်းနှင့် အခိုင်နေရသည်။ မင်းတရားရွှေထီးလည်း ယိုးဒယားတို့ကို အောင်မြင်တော်မူလျှင် တပ်မှူးစစ်ကဲအပေါင်းတို့ကို ခေါ်တော်မူ၍ ပြန်ရသည်။ ရောက်လျှင် ပွဲလမ်းရသူတို့ကို အမည်အရာည အဆောင်အယောင်၊ စားကျေးစားလက်အထိုက်အလျောက် ပေးတော်မူသည်။

မင်းတရားရွှေထီး ခီျတက်လာပြီ

ဘဝရှင်မင်းတရား ရွှေထီးသည် သက္ကရာဇ် ၉၁၀ တွင် ယိုးဒယားသို့ ခီျရန်အတွက် ရဲမက်ဗိုလ်ပါများကို ခန့်မှန်းသည်။ အရွှေဘက်တစ်လွှား မြို့စားတို့ကိုလည်း တပ်တော်ခီျရာ လမ်းတစ်လျှောက် လမ်း

www.burmeseclassic.com

ထောက်သင့်သည့် မြို့ရွာများသို့ ရိက္ခာပို့နှင့်ရသည်။

ဘုရင့်နောင်ကျော်ထင်နေ့ ရထာလည်း မြို့စားပြစားအပေါင်းကို ခေါ်တော်မူ၍ အရောက်ညီလျှင် ဤသို့ခန့်ရန်းတော်မူသည်။ တုရင်ရာဇာမြင်းတပ်၊ တုရင်ယောဓာမြင်းတပ်၊ တုရင်ဗလမြင်းတပ်၊ တုရင်ကျော်သူမြင်းတပ်၊ သည်လေးတပ်ကို ရွေ့ချီစေရသည်။

ဆင်တပ်မှာ တောင်ပုပ်မြို့ကို စားသော စောဘယတစ်တပ်၊ ယေးမြို့ကိုစားသော မင်းရဲသခိယာတစ်တပ်၊ ဝန်မြို့ကိုစားသော သမိန်သံလိုက်တစ်တပ်၊ တိုက်ကုလားမြို့ကို စားသော သမိန်ဇော်ကရယ်တစ်တပ်၊ စရပ်မြို့ကိုစားသော သမိန်ပရမ်းတစ်တပ်၊ စစ်တောင်းမြို့ကို စားသော သမိန်ရဲသင်ရဲတစ်တပ်၊ မုတ္တမမြို့ကို စားသော စေ့လကွန်းအိမ်တစ်တပ်၊ လှိုင်မြို့ကိုစားသော ဘုရင့်နောင်ကျော်ထင်နေ့ရထာ တစ်တပ်။

မြင်းလေးတပ်နှင့် တပ်ပေါင်း ၁၂တပ်ကို တိုက်ဆင်နှစ်ရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲလေးသောင်းနှင့် ရွေ့ချီရသည်။ ယင်းကမှ မင်းတရားရွှေထီး တပ်တော်တွင် ဝင်းတော် လေးမျက်နှာသားတို့ကို ဝင်းမျူးလေးဦး၊ စစ်ကဲလေးဦး၊ အမတ်လေးကျိပ်၊ တိုက်ဆင်ရှစ်ဆယ်၊ မြင်းရှစ်ရာ၊ ဗိုလ်လေးသောင်းနှင့် လက်ဝဲ လက်ယာ ရွေ့နောက်လိုက်ရသည်။

ထိုတပ်တော်တွင် ရာဇသကြီးကို တပ်မှူးအချုပ်၊ နန္ဒကျော်သူကို စစ်ကဲခန့်တော်မူသည်။ နောက်ချီရသော တပ်တို့ကား တုရင်မဏိမြင်းတပ်၊ တုရင်ပုညာမြင်းတပ်၊ လက်ယာရဲတိုင်မြင်းတပ်၊ လက်ဝဲရဲတိုင်မြင်းတပ်တို့ ဖြစ်သည်။

ဆင်တပ်မှာ ဇရွဲမြို့ကို စားသော ဇေယျကျော်ထင် တစ်တပ်၊ တောင်ငူ မင်းရဲသီဟသူ တစ်တပ်၊ ပြည် သတိုးဓမ္မရာဇာ တစ်တပ်၊ သာယာဝတီကိုစားသော ဥဇနာတစ်တပ်၊ သမြင်းတုံးမြို့ကို စားသော နန္ဒယောဓာ တစ်တပ်၊ မြောင်းမြမြို့ကို စားသော ဗညားလော တစ်တပ်၊ ပုသိမ်မြို့ကို စားသော သမိန်ဇြသံမိုက် တစ်တပ်၊ ခဲပေါင်မြို့ကို စားသော သမိန်သံကျယ်တစ်တပ်။

မြင်းတပ်လေးတပ်နှင့် တပ်ပေါင်း ၁၂ တပ်တွင်ပါသည့် တိုက်ဆင် နှစ်ရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် နောက်တော်က ချီရသည်။

ဒလမြို့ကိုစားသော သီရိဇေယနော်ရထာနှင့် ပဲခူးမြို့ကိုစားသော ဗညားဥာဏ်တို့ ဟံသာဝတီ နေပြည်တော်ကို စောင့်ရသည်။ စလင်းစား၊ ပုဂံစား၊ တောင်တွင်းကြီးစားတို့ကိုလည်း မိမိတို့မြို့တွင် အလုံးအရင်းနှင့်တကွ အခိုင်အလုံနေရသည်။

အရှေ့ဘက် တစ်လွှားကိုလည်း မော်လမြိုင်မြို့ကိုစားသော ဗညားဦးကို ဝန်ခန့်၍ ဆင်မြင်းအလုံးအရင်းနှင့် အခိုင်အလုံ နေစေရသည်။ ဤသို့ နိုင်ငံတော်အလုံးကို အနှံ့အစပ် စီရင်ခဲ့၍ သက္ကရာဇ် ၉၁၀ ပြည့် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် မုတ္တမ့ကြောင်း ဘဝရှင်မင်းတရားရွှေထီး ယိုးဒယားသို့ ချီတော်မူသည်။

မုတ္တမသို့ ရောက်တော်မူလျှင် မုတ္တမနှင့် မော်လမြိုင်မြို့ကို လေ့တဲတား ပစ်စေ၍ ဗိုလ်ပါမြင်းနွားတို့ကို လျှောက်စေရသည်။ စီးတော်မူသော ဆင်များတို့မူကား ဖောင်နှင့် ကူးရသည်။ သည့်ပြင် တိုက်ဆင်များကိုမူကား မြစ်ညာ ကျဉ်းရာက ကူးရသည်။ မြင်းဆင်ဗိုလ်ပါတို့ စာစ်ဖက်သို့ အကုန်ရောက်မိလျှင် တောင်ပပုံကသည် ကံပူရီကိုတိုက်၍ ချီတော်မူသည်။ ကံပူရီကသည် လပြည့်ခရီးကို ချီတော်မူသည်။စခန်းချတိုင်း သဘင်ခံတော်မူသည်။

ယိုးဒယားဘုရင်လည်း ဘဝရှင်မင်းတရားကြီး ချီတော်မူလာပြီဟူ၍ ကြားလျှင် ဆင်မြင်းအများနှင့် ကြိုလာ၏။ ယိုးဒယားမင်း ကြိုလာကြောင်းကို လဝတို့ လျှောက်လာ၍ ကြားတော်မူလျှင် ပြည်မင်း သတိုးမွေရာဇာ တစ်တပ်၊ သီဂိဇေယျကျော်ထင် တစ်တပ်၊ သမိန်ဇြသမိုက် တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် ငါးသောင်းနှင့် အလယ်ကြောင်း ချီ၍ ကြိုရသည်။

ဘုရင့်နောင်ကျော်ထင်နေ့ ရထာ တစ်တပ်၊ နန္ဒယောဓာ တစ်တပ်၊ စောလကွန်းအိမ် တစ်တပ်၊ သမိန်ရဲသင်ရဲ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ဝဲကြောင်း ဆီး၍ကြိုရသည်။ ဘဝရှင်မင်းတရား တပ်တော်နှင့်တကွတပ်ပေါင်းတို့မူကား အလယ်ကြောင်း ချီတော်မူသည်။

www.burmeseclassic.com

ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ လက်ဝဲကြောင်းမှာ ဗိုလ်ပါဆင်မြင်းတို့ကို တောတွင်ချည်း နေစေရသည်။ အလယ်ကြောင်းချီသော သတိုးမမွှရာဇာတို့မှာ ဆင်မြင်းဗိုလ်ပါတို့ကို အနေအထားသင့်အောင် စီရင်၍ မြင်းသည်များက စစ်ရေးငင်ရလေသည်။

ယိုးဒယားစစ်သည်တို့သည် ဟံသာဝတီ မြင်းသည်တို့ကို မြင်လျှင် စစ်မျိုက်နှာဖြန့်၍ ဆင်ကို ချွန်းဖွင့်ကာ တိုက်လာတော့သည်။ မြင်းသည်တော်တို့လည်း ပြေးသည်အဟန်ဖြင့် ဆုတ်လာကြသည်။ ယိုးဒယားစစ်သည်တို့လည်း ထပ်၍လိုက်လာ၏။

အလိုက်ကျွံလျှင် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ ငါးတပ်သားတောကထွက်၍ တိုက်လေသည်။ နောက် တပ်မပြု၍ ချီလာသော ယိုးဒယားဘူရင် ဆုတ်လေ၏။ ဘဝရှင်မင်းတရားတို့ တပ်ပေါင်းသား မီလာ၍ ထပ်ပြီးတိုက်တော်မူလျှင် ယိုးဒယား ဘုရင်သားနှင့် ညီကို ရတော်မူ၏။ ဆင်မြင်းသုံးပန်းလည်း ကျွံလာသမျှကို ရတော်မူ၏။ သေလေသည်လည်း များ၏။

ယိုးဒယားဘုရင်မူကား ရုံးမိသမျှသော ရဲမက်ဗိုလ်ပါနှင့် အမြန်ဆုတ်၍ မြို့ကဲ့ စံနေလေ၏။ ဘဝရှင်မင်းတရားရွှေထီး၏ စစ်သည်တော်သုံးကြောင်းသားတို့လည်း ယိုးဒယားမြို့သို့တိုင်အောင် ထပ်၍လိုက်သည်။ ဘဝရှင်မင်းတရားရွှေထီးလည်း တပ်မချဘဲ မြို့ကိုတက်စေသည်။

မြို့လည်းမြင့်သည်။ ရေလည်းမြို့ကို ဝန်းရံရစ်လည်၍ ရှိလေသည်။ လက်နက်ကိရိယာ စိန်ပြောင်းမြတ်ပူကိုင်သော ကုလားပန်းသေး မြို့စိန်ပြစီးထူထပ်လှသောကြောင့် မရချေ။ ရံ၍သာ နေရသည်။

တစ်လခန့်ရှိလျှင် ဘဝရှင်မင်းတရားကြီးလည်း ဘုရင့်နောင်အစရှိသော မှူးတော်မတ်တော် အပေါင်းကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

"ငါတို့ ယိုးဒယားမြို့ကိုအရှည်အကြာနေ၍လုပ်ကြံချေသော်အလုပ်အကြံ များချိမ့်မည်၊ ယိုးဒယားမြို့ကို ခွာ၍ ကမန်ပိုက်၊ ပိဿလောက်၊ သောင်္ကာတဲ့ သည်မြို့များကိုချီပြီး လုပ်ကြံဦးမည်။ သည်မြို့များကို ရလျှင် ယိုးဒယားမြို့သည် လက်တော်ကလွတ်မည်လော"

ဘုရင့်နောင်ကျော်ထင်နော်ရထာကလည်း သဘောတူကြောင်း လျှောက်ထားသည်။

"သည်အရေးသည် သင့်လှပေသည်"

သို့ဖြစ်သဖြင့် မိုးသောက်လျှင် တပ်တော်ကိုနုတ်၍ ကမန်ပိုက်သို့ ချီတော်မူသည်။ ယိုးဒယားဘုရင်လည်း ဘဝရှင်မင်းတရားဲ့သည် တပ်ကိုနုတ်၍ ချီကြောင်းကိုသိလျှင် ယိုးဒယား ဘုရှင့်ညီ ဩဇာဝိဿလောက်နှင့် အောက်ပြစကြိုကို ဆင်လုံးမြင်းရင်းအများနှင့် တစ်ကြောင်းလိုက်စေသည်။

ယိုးဒယားဘုရင်၏ သမက်တော် ဩဇာလကွန်းအိန်မာနှင့် ဩဇာရံတို့ တစ်ကြောင်းလိုက်ကြသည်။ ယိုးဒယားဘုရင်ကလည်း ဆင်လုံးမြင်းရင်းနှင့်တစ်ကြောင်း လိုက်လာသည်။ မင်းတရားရွှေထီးသည် ယင်းသို့ စစ်ကြောင်းသုံးကြောင်းခွဲကာ လိုက်လာကြောင်းကို ကမန်ပိုက်သို့ မရောက်မီ သုံးစခန်းတွင် ကြားတော်မူလျှင် ယင်းတွင်ပင် တပ်ချ၍နေတော်မူသည်။

ယင်းသို့မှ မှူးတော်မတ်တော်အပေါင်းနှင့် တိုင်ပင်တော်မူ၍ ဘုရင့်နောင်ကျော်ထင်နော်ရထာ တစ်တပ်၊ မဟာကြီး တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ပါ ငါးသောင်းနှင့် အလယ်ကြောင်းချီ၍ ကြိုရသည်။

စောလကွန်းအိန် တစ်တပ်၊ မင်းရဲသခ်ိယာ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သမိန်ဇော်ကရတ် တစ်တပ်၊ ဥပါကောင်း တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် ငါးသောင်းနှင့် လက်ယာကြောင်းချီ၍ ကြိုရသည်။

သမိန်ရဲသင်ရဲ တစ်တပ်၊ နန္ဒသကြီ ထွန်တပ်၊ ဗညားလော တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ပါငါးသောင်းနှင့် လက်ဝဲကြောင်းချီ၍ ကြိုရသည်။

ယင်းသို့မှ ဘဝရှင်မင်းတရားရွှေထီးမှာ အရပ် ခုနစ်တောင်ရှိသော ဇေယျဒီသာ ဟူသည့် ဆင်တော်ကို ရတနာအတိပြီးသော ရွှေကြိုးရွှေနွယ် ရွှေလိပ်ရွှေပန်း ဆင်ယင်၍ ကိုယ်တော်မှာ ကတ္တိပါစိမ်းမွမ်းသော

www.burmeseclassic.com

www.burmeseclassic.com

နဝရတ် ကိုးပါးဖြင့် စီမံခြယ်လှယ်သည့် အဖိုးအတိုင်းမသိထိုက်သော ပတ္တမြားထက်ဘဝပ်သော မောက်တို ကို ဆောင်းတော်မူ၍ ကတ္တီပါစိမ်းမွမ်းသည့် ပတ္တမြားအတိစီသောချပ် ကို ၀တ်တော်မူပြီးလျှင် ရတနာအတိ ပြီးသော ခွန်းကို စွဲတော်မူလျက် ဆင်ဦးတွင် စီးတော်မူသည်။

ယင်းသို့ ကိုယ်တော်တိုင် ဆင်ယင်ပြီးနောက် ဇေယနန္ဒသူကို ကုန်းလယ်တင်တော်မူသည်။ ဇေယဗလ ကို နောက်ထော်ထိုင်ရသည်။

သူကောင်းသား တစ်ရာကို ရွှေဘားစွဲ၍ လက်ယာတော်က ငါးကျိပ်၊ လက်ဝဲတော်က ငါးကျိပ် နံပါးနှစ်ဖက်တွင် လိုက်ရသည်။

တစ်ဖန် သူကောင်းသားတစ်ရာကို ရွှေကာ ကာစေ၍ ဆင်တော်ရှေ့က လိုက်ရသည်။ ကုလား သုံးရာ ကို ရွှေဦးရန်းဆောင်းစေလျက် ရွှေနသန်နှင့် လှံမိုးရွှည်စွဲစေ၍ ဆင်တော်ဝန်းကျင် လိုက်ရသည်။ ရွှေဦးရန်း ရွှေခါးစည်း ပတ်စေ၍ ရွှေဝါပြောက်သေနတ်ကိုင်စေသောကုလားပန်းသေး သုံးရာတို့ကိုလည်း ဆင်တော်ရှေ့နောက် နံပါးနှစ်ဖက် လိုက်စေရသည်။

၀င်းတော်လေးမျက်နှာသားတို့ကို ရွှေဒိုင်းလေးထောင့်၊ ရွှေကာလေးထောင့်၊ ရွှေလွှားလေးထောင်၊ လှံသုံးစင်းစီကိုင်သော လှံထိုးသည်လေးတောင်တို့ကိုလည်း ဆင်တော်လက်ဝဲလက်ယာရှေ့နောက် လိုက်စေရသည်။ ရွှေမောက်တိုဆောင်းစေ၍ ရွှေချပ်ဝတ်သော၊ ရွှေထိပ် ရွှေကုန်းနှင့် မြင်းသည်တော် လေးရာတို့ကို ဆင်တော် လက်ဝဲ၊ လက်ယာ ရွှေနောက် တင့်တယ်စွာ အဲမောင်းလှံတို လှံရှည်ကိုင်၍လိုက်စေရသည်။

ဆင်ကူလက်ဝဲတော်က နှစ်စီး၊ လက်ယာတော်က နှစ်စီး၊ ရွှေကြိုး ရွှေကနှင့် အမြောက်တစ်လုံးစီတင်၍ လိုက်ရသည်။ယင်းသို့မှ ကိုယ်ရံတော် မြင်းသည် နှစ်ရာကို ရှေ့ဖျားချီရသည်။ သည့်နောက်မှ မျူးမျိုး မတ်မျိုး ကျေးစားသင်းမှူး ရှစ်ကျိပ်ကို ရွှေချပ် ရွှေမျှင်းနှင့် မောက်တိုဆောင်းစေ၍ ကုန်းလယ်၊ နောက်ပဲ့နှင့်တကွ တိုက်ဆင်ရှစ်ဆယ် ချီရသည်။ ဆင်တစ်စီးတွင် ဆင်ခြေဖုံးမိုးနဲ့ရွှေလှံ တစ်ရာစီ လိုက်ရသည်။

သည်နောက် ရွှေဗိုင်း ရွှေလွှား ရွှေကာ ရွှေလှံ အကြားအကြားတွင် ရွှေဘားသားတို့ ဓားရှည်ကိုကိုင်၍ လိုက်ရသည်။သည်နောက် ရှေ့တော်ပြေးအောင်စည်၊ ထွက်စည်၊ ရွှေကရား၊ ငွေကရား၊ ရွှေနဲ့၊ ငွေနဲ့ အစုံလိုက် ရသည်။ ယင်းကမှ မျူးသား မတ်သား သူကောင်းသားတို့ ရွှေဘားနှင့် လိုက်ရသည်။

ယင်းကမှ ဘဝရှင်မင်းတရားကိုယ်တော် သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ် စံပယ်စွာ ချီတော်မူသည်။ တောင်ငူမင်းရဲသီဟသူမှာ နာဂဝရ ဟူသည့် ဆင်ကိုစီး၍ တိုက်ဆင် ငါးဆယ်၊ မြင်း သုံးထောင်၊ ဗိုလ်တစ်သောင်းနှင့် လက်ဝဲက လိုက်ရသည်။ ပြည်သူတိုးဓမ္မရာဇာမှာ ရဲထွက်မင်္ဂလာဟူသော ဆင်ကိုစီး၍ တိုက်ဆင် ငါးဆယ်၊ မြင်း သုံးထောင်၊ ဗိုလ် တစ်သောင်းငါးထောင်နှင့် လက်ယာတော်က လိုက်ရသည်။

၁၃ နှစ်သား ဇေယာသီတ

ဘဝရှင်မင်းတရား၏ နောက်ရင်းတွင်မူကား သမိန်ပြာသမိုက်သည် ယမ်းကမိန် ဟူသော ဆင်ကိုစီး၍ တိုက်ဆင် ငါးဆယ်၊ မြင်း သုံးထောင်၊ ဗိုလ် တစ်သောင်းငါးထောင် လိုက်ရသည်။ ချီတော်မူ၍ တစ်တိုင်ခန့် ရောက်တော်မူလျှင် -

"ဘုရင့်နောင်ကျော်ထင်နော်ရထာ ဆိုသူကို တွေ့လျှင် မတိုက်နှင့်၊ ငါ့ကို ငံ့ဦး၊ ငါရောက်တော်မူမှ တိုက်တော်မူမည်" ဟူ၍ ရဲယောဓာကို မြင်းနှင့်စေတော်မူသည်။ ရဲယောဓာလည်း မြင်းဖြင့် အပြင်းပြေး၍ အမိန့်တော်ကို ပြန်သည်။

ဘုရင့်နောင်တို့ စစ်သုံးကြောင်းလုံးသည် အင်းကြီးတစ်ခုကိုတွေ့လျှင် တိုက်ဆင်များကို ရေတွင်စိမ်ကာ ဗိုလ်ပါဖြည့်တင်း၍ နေလေ၏။ မြင်းသည်တော် သုံးရာကိုကိုမူကား သူစစ်ကို၊ ငင်ချေဟု စေတော်မူ၏။

ယိုးဒယားက ရှေ့ဖျားချီလာသော မြင်းတပ်နှင့်တွေ့လျှင် တိုက်မည်အဟန်ပြု၍ စစ်ရေးငင်ခဲ့၏။ ယိုးဒယားကချီလာသော စစ်သုံးကြောင်းသားတို့လည်း ထပ်၍လိုက်လာ၏။

ဘုရင့်နောင်ကျော်ထင်နော်ရထာ စစ်သည်တို့လည်း ဆင်မြင်းကို ရေကတက်စေကာ ကပြီးလျှင် သေနတ် အမြောက်စီစဉ်ပြီး ဘဝရှင်မင်းတရားကြီးကို ငံ့၍နေ၏။ ယိုးဒယားစစ်သည်သုံးကြောင်းသားတို့ကလည်း နီးသည်ထက် နီးလာပြီ။

ထိုအချိန်တွင် လက်ယာဘက်က စောလက္ခန်းအိမ်သည် မကိုဇော်ကရတ် ဟူသောဆင်နှင့်ဖြစ်သည်။

www.burmeseclassic.com

မင်းရဲသခ်ၤယာမှာ စက္ကနီရဲဟူသော ဆင်ကိုစီးသည်။ သမိန်သံလိုက်ကလည်း ဂဇသူရဟူသောဆင်ကို စီးသည်။ ဥပါကောင်းကလည်း ကွန်ပြလဟူသော ဆင်ကိုစီးသည်။

ငါးတပ်လုံးသည် တိုက်ဆင်တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် ငါးသောင်းနှင့် လက်ယာဘက်က ယွန်း၍ တက်လေ၏။

လက်ဝဲဘက်ကလည်း သမိန်ရဲသင်ရဲ၊ ရွှသန္ဓိက်နဲ့ ဟူသော ဆင်ကိုစီးသည်။ နန္ဒယောဓာ ဆဒ္ဒန်ပြောင်မွန်ဟူသော ဆင်ကိုစီးသည်။ နန္ဒသကြီ ရဲမြတ်စွာဟူသော ဆင်ကိုစီးသည်။ သီရိဓမ္မရတ်သည် ကွန်တယော်ဟူသော ဆင်ကိုစီးသည်။

သည်ငါးတပ်က တိုက်ဆင်တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် ငါးသောင်းဖြင့် လက်ဝဲဘက်က ယွန်း၍ တက်နေ၏။ ယင်းသို့ ရဲမက်တော်တို့ လက်ဝဲ၊ လက်ယာ ယွန်း၍တက်ကြသည်ကို ဘုရင့်နောင်ကျော်ထင်နော်ရထာ မြင်တော်မူသည်။ တိုက်ရမည့် အနေအထားတွင် မတိုက်ဘဲနေခြင်းကို 'မရဲ၍ နေသည်' သူ့အမှတ်ရှိမည်ကိုလည်းကောင်း၊ သူပွဲရလိမ့်မည်ကိုလည်းကောင်း နှလုံးထားတော်မူ၍ ဘဝရှင်မင်းတရားကို မငဲ့။ ဇေယပလ္လင်ဟူသောဆင်ကို စီးတော်မူလျက် စည်တော်တီးစေပြီးလျှင် ဆင်တော်ကို အပြင်းတို့၍ ဟူးဟူးလွှတ်တော်မူ၏။

မင်းတရားနောင်တော် ဆင်နှင့်အပြင်းလွှတ်တော်မူလျှင် မဟာမာတင်ပြောင်မွန် ဟူသော ဆင်ကိုစီး၍ နန္ဒကျော်ထင်၊ ဇမ္ဗူတဆိပ်ဟူသော ဆင်ကိုစီး၍ သမိန်ပရမ်း၊ ဇေယသတ္တရု ဟူသော ဆင်ကိုစီး၍ သမိန်အဲပရဲ၊ ပလ္လင်စွဲ ဟူသော ဆင်ကိုစီး၍ ငါးတပ်လုံးကို တိုက်ဆင်တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် ငါးသောင်းနှင့် အပြင်းထပ်၍ တိုက်လေ၏။ ဘုရင့်နောင်ရဲမက်တော်တို့ ရွှပ်ရွှပ်ခွဲခွဲတိုက်လျှင် ယိုးဒယားဘုရင့်သမက်ဩယာလကွန်းအိန်မာ စစ်ဦးပျက်၍ ရွှေ့လေ၏။

ဩယာလကွန်းအိမ်မာ အရပ်ခုနစ်တောင်ရှိသည့် ဇေယနဘတ်ဟူသော ဆင်ကိုစီး၍ အပြင်းလွှတ်လာသည်ကို ဘုရင့်နောင် ဆင်ကုန်းလယ်ထက်က အမြောက်နှင့်လွှတ်လျှင် ဩယာလကွန်းအိန်မာ ဆင်ကုန်းလယ်စီးကို မှန်၍ ဆင်ထက်က ကျလေ၏။

ဘဝရှင်မင်းတရား နောင်တော်သည် ဇေယပလ္လင်ဟူသည့်ဆင်ကိုစီး၍ တိုက်တော်မူသည်။ ဩယာလကွန်းအိန်မာ စီးသောဆင် အာပေါင်ကိုထိုးမိလေ၏။ ဆင်အားမတန်၍ ရပ်သည်ကို ဘုရင့်နောင်တော်၏ သားတော် ဇေယသီဟ (ယင်းသောအခါ သက်တော် ၁၃ နှစ်၊ ပတ္တမြားရွှေမောက်တိုကိုဖောက်၍ ဆောင်းတော်မူသည်) ရဲလုလင်ဟူသည့် ဆင်ကိုစီး၍ တိုက်တော်မူသည်။

ဩယာလကွန်းအိန်မာ စီးသော်ဆင် ဇေယနဘတ် မုန့်အိုးကိုထိုးမိလျှင် မျက်နှာသုန်၍ ပြေးလေ၏။

ယင်းသို့စဉ်တွင် ဘုရင့်နောင်တော် ကုန်းလယ်စီးက လှံနှစ်စင်းနှင့်လွှတ်သည်။ ဇေယနဘတ်အနားတွင် တန်းရရန်းငြိ၍ ရှိလေ၏။ ယင်းသို့လျှင် ဇေယနဘတ် ဟူသောဆင် မျက်နှာသုန်၍ပြေးလေ၏။ ယိုးဒယားအမတ် ယိုးကရက်တရုန်း သံ့ပန်းဟူသောဆင်ကိုစီး၍ ဘုရင့်နောင်၏ ဆင်တော် ဇေယပလ္လင်ကို အပြင်းလွှတ်၍ တိုက်လာသည်ကို မင်းမဟာက မာတင်ပြောင်မွန်နှင့် ဟန့်တားသည်။

မာတင်ပြောင်မွန်ကို ချွန်းဖွင့်၍ တရုံးသံ့ပန်းနှင့် မနည်းကြာတွေ့ကြသည်။ မင်းမဟာ၏ ဆင်ခြေဖုံးတို့ကလှံဖြင့်ထိုးသည်။ တရုံးသံ့ပန်း၏ အာပေါင်ကို ထိုးမိသည်။ လှံချက်အများကျလျှင် တရုံးသံ့ပန်းမျက်နှာသုန်လေ၏။ တရုံးသံ့ပန်း မျက်နှာသုန်သည်ကိုမြင်၍ စစ်သည်တော်တို့ ထပ်၍ တိုက်လျှင် ဩယာလကွန်းအိန်မာ စစ်သည်တို့ ပျက်လေ၏။

လက်ဝဲကနေသော ဩယာပိသလောက် စစ်သည်တို့သည် ခံ၍နေလေ၏။ ယင်းသောအခါ ဩယာပိသလောက် အရပ်ခုနစ်တောင်ရှိသော ကြိုးစက္ကဝတ်ဟူသည့်ဆင်ကိုစီး၍ ခံသည်ကို ဘဝရှင်မင်းတရား ကျွန်တော် စောလကွန်းအိန် မကီဇော်ကရတ်ဟူသော ဆင်တော်ကိုစီး၍ အပြင်းတို့လျက် တိုက်သည်ကို ယိုးဒယားအမတ် အောက်ထဲနံ့သည် ပုံစက်ဟူသော ဆင်ကိုစီး၍ ကြိုလာသည်။ စောလကွန်းအိန်စီးသော မကီဇော်ကရတ်ကို ထိုးမိလျှင် အောက်ထဲနံ့စီးသော ပုံစက် မျက်နှာသုန်၍ ပြေးလေ၏။ အောက်ထဲနံ့ကို ရလိုက်၏။

ယေးမြို့ကိုစားသော မင်းရဲသခ်ၤယာ စက္ကနီရဲဟူသော ဆင်ဦ

www.burmeseclassic.com

www.burmeseclassic.com

စီး၍တိုက်သံညံကို ယိုးဒယားအမတ်ဩယာသေဉ်နာသည် ကေတွန်းဟူသည့်ဆင်ကိုစီး၍စံသည်။ ဆင်နှစ်စီးမနည်းကြာဝှေ့ကြလျှင် မင်းရဲသခိယာစီးသောဆင် စကန်၏ အာပေါင်ကို ဩယာသေဉ်နာစီးသော ကေတွန်းက ထိုးမိ၍ ယင်းတွင်ပင် လဲချေသည်။

ယင်းသို့စဉ်တွင် ဘဝရှင်မင်းတရား၏စစ်သည်တော်တစ်ယောက်က အမြောက်ဖြင့်ပစ်သည်။ ဩယာသေဉ်နာ ဆင်ဦးတွင် ဆုံးလေ၏။ ဩယာပိဿလောက်လည်း ဆင်ချွန်းငင်ကာ လှည့်၍ဆုတ်လေ၏။ လက်ယာဘက်က ယိုးဒယားအမတ် အောက်ဗစက္ကိသည် ရွှတ်ဟပိတုံ ဟူသော ဆင်ကိုစီး၍ လွှတ်သည်တွင် ဘဝရှင်မင်းတရား၏ကျွန်တော်သမိန်ရဲသင်ရဲက ရွှဿနှိုက်နဲ့ဟူသော ဆင်ကို စီး၍ခံသည်။

ရွှတ်တပိတုံမှာ မုန်နှင့်ဖြစ်နေသည်။ ထို့ကြောင့် မုန်နဲ့ရလျှင် ရွှဿနှိုက်နဲ့ မဆိုင်ဝံ့၍ မျက်နှာသုန်သည်ကို သမိန်ရဲသင်ရဲ ချွန်းဖြင့် တစ်ချက်နှစ်ချက် ပေါက်လျှင် ရွှဿနှိုက်နဲ့ ပြန်၍လွှဲပြန်လေ၏။ ယင်းသို့စဉ်တွင် နေယောဇကက ဆဒ္ဒန်ပြောင်မွန် ဟူသောဆင်ကို စီး၍တိုက်သည်။ ရွှတ်တပိတုံ ယင်းတွင်ပင် လဲလေ၏။ အောက်ဗစက္ကိအမတ်လည်း ဆုံးချေ၏။

ထိုအချိန်တွင် ယိုးဒယားအမတ် ဩယာတိဇသည် ဗြတ်ဗိုလိဇ ဟူသော ဆင်ကိုစီး၍ လွှတ်လာသည်ကို ဘဝရှင်မင်းတရား၏ ကျွန်တော် သီရိမမွရတ်က ကွန်ကျော်ဟူသည့်ဆင်ကို စီး၍တိုက်သည်။ ဗြတ်ဗိုလိဇကို ထိုးမိ၍ နောက်ဆုတ်ခွေးထိုင် ရှိလေ၏။ လိုက်ထပ်၍တိုက်လျှင် ဟောင်ဟောင်ကျည်ကျည်မြည်၍ ပြေးလေ၏။

ဘဝရှင်မင်းတရားကြီး၏ ကျွန်တော် နန္ဒသကြီသည် ရဲမြတ်စွာဟူသည့် ဆင်တော်ကိုစီး၍ လွှတ်သည်ကို ယိုးဒယားအမတ် ဩယာယဲကြိုသည် စက္ကဝတ်ဟူသော ဆင်နှင့်ခံသည်။ မခံနိုင်၍ လဲသည်။ ယင်းသို့လျှင် ယိုးဒယားစစ်သုံးကြောင်း ပျက်၍ ပြေးလေ၏။

ယိုးဒယားဘုရင်၏ သမက် ဩယာလကွန်းအိန်မာလည်း ဇေယနုဘတ်ကိုစီး၍ ပြေးလေသည်။ အင်းဝတစ်ခုကိုတွေ့လျှင် ချိတ်ငင်၍မနိုင်ရေသို့ဆင်း၍ နေလေ၏။ ယင်းကို ဘဝရှင်မင်းတရား၏ စစ်သည်တော်မြင်းသည်တော်တို့မြင်လျှင် အင်းကို ဝန်းရံထားကြသည်။

ဩယာလကွန်းအိန်မာကား ဆင်မှဆင်း၍ ပြေးမည်ပြုသည်ကို ဖမ်းမိ၍ ဇယနုဘတ်နှင့်တကွရတော်မူသည်။ ဩယာပိဿလောက်ကား ဆင်မစီးဘဲ ပြေးသဖြင့် လွတ်၏။ စီးဆင် ကြိုစက္ကဝတ်ကို မင်းတရား၏ စစ်သည်တော်များ ရလိုက်သည်။

ဩယာယိုကရတ်လည်း မြင်းစီး၍ပြေးရာ လွတ်၏။ ထိုသူစီးသော ဆင် တရုံးသို့ကိုသာ ရလိုက်သည်။ ရဲမက်တော်တို့ လိုက်လံထိုးခုတ်ပစ်ခတ်သောကြောင့် ယိုးဒယားစစ်သည် အများပင် သေလေ၏။ ဆဝ်၊ မြင်း၊ သံ့ပန်း ရသည်များ၏။

ဘုရင့်နောင်ကျော်ထင်နော်ရထာလည်း မြင်းသည်တော်တို့ကို လိုက်၍ခေါ်ရလေသော် မိုးချုပ်မှ ရောက်လာ၏။ ဘဝရှင်မင်းတရား ရွှေထီးလည်း အမြောက်သံကြားတော်မူလျှင် ပျက်လေပြီဟူသော အမှတ်ရှိတော်မူ၍ အပြင်းထပ်လျက်ချီတော်မူလာ၏။ မွန်းယွန်းအချိန်သို့ ရောက်တော်မူလျှင် ယင်းတွင်ပင် တပ်ချ၍ နေတော်မူသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ စစ်သုံးကြောင်းသားလည်း မိမိတို့ရသည့် အမျူးအမတ်၊ ဆင်၊ မြင်း၊ သံ့ပန်း၊ လက်နက်ကိရိယာကို ဆက်ကြသည်။ ဘဝရှင်မင်းတရား ရွှေထီးလည်း ညတဲတော်ဦးသို့ မင်းရဲသီဟသူ၊ သတိုးမွေရာဇာ၊ ဘဝရှင်နောင်တော် စသော မြန်မာဗမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

"သူ့ကိုတွေ့လျှင် မတိုက်နှင့်၊ ငါ့ကို ငံ့ဦး၊ ငါရောက်မှ တိုက်တော်မူမည် ဟူ၍ ရဲယောဓာကို စေတော်မူသည်၊ ပသို့သောကြောင့် ငါ့ပွဲကို ဖျက်သနည်း."

ယင်းသောအခါ ဘုရင့်နောင် လျှောက်သည်ကား ဤသို့ဖြစ်၏။

"ကျွန်တော်တို့ အမိန့်တော်အတိုင်း ဆင်မြင်းဗိုလ်ပါစီစဉ်၍ စစ်အင်အား ခင်းကျင်းပြီးလျှင် ဘဝရှင်မင်းတရားကို ငံ့၍နေစဉ် ယိုးဒယားစစ်သည် ရောက်လာ၍ လက်ဝဲဘက်က ကျွန်တော်ရဲသင်ရဲနှင့် ငါးတပ်လုံးယွန်း၍တက်သည်၊ သို့ လက်ဝဲလက်ယာ တက်သည်ကို ကျွန်တော် မြင်လျှင် 'အရှင့်အမိန့်တော်ကို ကြောက်၍ကား နေသည်မဟုတ်၊ မရဲ၍နေသည်' ဟု အများဆိုလတ္တံ့သည်ကို

www.burmeseclassic.com

စိုးသဖြင့် 'အကွပ်တော်ကို ခံသော်လည်း ခံမည်၊ သူအသွမ်းသွေးကို မခံပြီ' အမှတ်ရှိ၍ ကျွန်တော် တိုက်ပေသည်"

"ငါ့အမိန့်တော်ကို ဆန်လွန်သည်ကား မှန်၏၊ အရေးတော်မလစ်လပ်၊ စစ်လှသည်ကို ငါအပြစ်တော် တင်တွက်ရှိသလော"

ဘဝရှင်မင်းတရားရွှေထီးသည် ထိုသို့မိန့်တော်မူလျက် ပတ္တမြားစိသော ဦးဗောင်းသင်းကျစ်၊ လေးမျက်နှာ ပတ္တမြားသုံးရစ်စီ ကွမ်းခွက်၊ ပတ္တမြား လက်ဖက်အိုး၊ ပတ္တမြားစိတကောင်းဖုံး၊ ရွှေချက်လေးစင်း၊ ဝတ်တော်မူသော ဒုယင်တတ်သည့် ကတ္တီပါ ဝတ်လုံ၊ လက်တော်နှစ်ဖက်တွင် ဝတ်တော်မူသော ပတ္တမြား လက်ကောက်၊ ပတ္တမြား လက်စွပ်၊ သင်္ကာလိကနှင့်တကွ စီးတော်မူသော ဆင်နာဂဝရ။ ရွှေကနှင့်စီးတော်မူသော မြင်းတို့ကို ဘဝရှင်မင်းတရား ပေးတော်မူသည်။

ဘုရင့်နောင်၏သားတော် ဇေယသီဟ(ယင်းသောအခါ သက်တော် ၁၃ နှစ်၊ ခမည်းတော်ကို ဆင်ကူ၍ တိုက်သောကြောင့် ဩဃာလကွန်းအိန်မာကို အောင်မြင်တော်မူသည်ဟူ၍ အားရတော်မူသောကြောင့်)ကို မင်းရဲကျော်စွာ ဟူသောအမည်နှင့် ရွှေကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ မိုးကြိုးထွေး၁၊ ရွှေချက်တစ်စင်းနှင့် ပေါင်းဝန်း၊ ရွှေခွက် ပေးတော်မူသည်။

အမျှူးအမတ် ပွဲလမ်းရသူများကိုလည်း ကွမ်းခွက်၊ ကျပ်၊ တကောင်းဖုံး၊ လက်ဖက်အိုး၊ ထွေးအုင်၊ ကျိုင်းချက်၊ စားလက်တိုင်းခရိုင် အထိုက်အလျောက်ပေးတော်မူသည်။ တိုက်ပွဲတွင်ရသော ဆင်၊ မြင်း၊ အမြောက်၊ သေနတ်ကိုသာသိမ်းယူတော်မူသည်။ ထိုမှတစ်ပါး လူသူ၊ ကျွဲ၊ နွား၊ ရွှေ၊ ငွေ၊ အဝတ်အစား ရသမျှကို ရသူယူရသည်။

ယင်းသို့ စီရင်တော်မူပြီးလျှင် မှူးတော် မတ်တော်အပေါင်းတို့အား ဤသို့ အစီရင်တော်ရှိသည်။

"ယခု ယိုးဒယားက ချီလာသော စစ်သုံးကြောင်းကို အလိုတော်ပြည့်သည်၊ ယိုးဒယားသို့ပြန်၍ လုပ်ကြံတော်မူသော်လည်းသင့်မည်လော၊ ကမန်ပိုက်၊ ပိဿလောက်၊ သောဂ္ဂတဲမြို့များကို ထိုး၍ယူသော်လည်း သင့်မည်လော"

ထိုအခါ မဟာကြီးက ဤသို့ လျှောက်ထား၏။

"အထက် ယိုးဒယားရှင်ဘုရင် ချီလာ၍ ကျွန်တော်တို့ကို တိုက်သောအခါ ရာဇသိန်ဟူသောအရပ်တွင် ပျက်ချက်နာလှသည်၊ယိုးဒယားဘုရင်လည်း ဆင်မှခြေကျင်ဆင်း၍ ပြေးလေသောကြောင့်သာ လွတ်ရလေသည်၊ ယိုးဒယားဘုရင့်သား ညီတို့နှင့်တကွ မှူးမတ်ပိုလ်ပါ ဆင်မြင်းလည်း အများရတော်မူသည်၊အရှုအနအသေအပျောက်လည်း များလှပေသည်။

ယခု ပျက်ရာတွင်လည်း ယိုးဒယားဘုရင်သမက်ကို ဆင်နှင့်တကွ ရတော်မူလိုက်သည်၊ ဒေါဇာညားအမျှူးအမတ်တို့ကိုလည်း ရတော်မူသည်၊ အမျှူးအမတ် အစရှိသော ဗိုလ်ပါများလည်း အရှုအန အသေအပျောက်များလှပေသည်၊ ယိုးဒယားဘုရင်မှ စ၍ တစ်ပြည်လုံးလည်း ထိပ်တက်သွေးကိုသောက်ရတော့သကဲ့သို့အလွန်ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်လေပြီ၊ ယခု ယိုးဒယားမြို့တိုင်အောင်ချီတော်မူ၍ လုပ်ကြံတော်မူသည်ရှိသော် အလွယ်သာရတော်မူမည်ထင်သည်"

ထိုစကားကို စေလကွန်းအိမ်နှင့် သမိန်ရဲသင်ရံက နှစ်သက်၏။

"ကျွန်တော်စစ်တောင်းစား မဟာကြီးလျှောက်သည့်အရေးလည်း သင့်လှပေသည်"

"ကျွန်တော်တို့ လျှောက်သော အရေးသည် စစ်ရေးရှိသည်၊ မှန်ပေသည်၊ သို့ရာတွင် ယိုးဒယားမြို့သည် တစ်ပါးမြို့ကဲ့သို့ မဟုတ်၊ ချောင်း၊ မြောင်း၊ မြစ် ပတ်ကုန်းဝန်းရံ၍ ရှိလေသည်၊ မြို့လည်း ခိုင်ခံ့လှသည်၊ အမြောက်ကြီးမြတ်ပူလည်း များလှသည်၊ ရဲမက်ဗိုလ်ပါ ဆင်လုံးမြင်းရင်းလည်း များလှသည်"

ပြည်မင်း သတိုးဓမ္မရာဇာ၏ တင်စကားကို မင်းတရားကြီး စိတ်ဝင်စားတော်မူသဖြင့်ဆက်လက်လျှောက်တင်၏။

"မြစ်မှာလည်း ကုလားပန်းသေးတို့ သင်္ဘောဖြင့်ဆီးကာ၍ ခံလေသည်၊ ရှေးအထက်ကလည်း တစ်ရံတစ်ဆစ်မျှ မပျက်စီးဖူးလေဖြစ်သည်၊ သူမြို့ကို အခံပြု၍ စံနေချိမ့်မည်၊ ကျွန်ုပ်တို့မြို့ကိုအရင်တိုက်၍မရလျှင် တပ်တည်၍ ပြလက်ရမ်းဆောက်စေ၍ လုပ်ကြီးကြံမ ကြိုးစားအားထုတ်၍ ကြံတော်မူမှ ရချိမ့်မည်၊ ယင်းသို့လျှင် အရေးတော် ကြာချိမ့်မည်"

သူ့စကား ရှည်လျားသော်ငြား အဆုံးမသတ်နိုင်သေး။ ပြည့်ရှင်မင်း

www.burmeseclassic.com

ထံမှ ငြီးငွေ့သည့် အရိပ်အယောင် မပြသဖြင့် သတိုးဓမ္မရာဇာသည် လျှပ်မြန်စွာ နိဂုံးချုပ်၏။

"အရေးတော်ကြာလျှင် ရဲမက်ဗိုလ်ပါများသက်နှင့် ရိက္ခာမျိုးစေ့ ဆွန့်ရှားခြိမ့်မည်၊ အဝေးသို့ခွာ၍ ရှာစားရမည်လည်း သူတို့က ဆီးဆို့၍ တိုက်လာလျှင် ခွာ၍ မရှာစားသာ ရှိခြိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် သည်တစ်ကြိမ်ကို နေပြည်တော်သို့ ပြန်တော်မူ၍ အညာတစ်လွှားခွံ့ရှိသော အင်းဝ၊ စစ်ကိုင်း စသည့် ရှမ်းပြည်တစ်ဝန်းကို ကိုယ်တော်တိုင်ခြိုင်ယူဦး၊ ယင်းသို့မှ မွန်၊ ဗမာ၊ ရှမ်း လက်နက်နိုင်ငံတော်ဖြစ်မှ တစ်ကြိမ်ချုံးတော်မူလျှင် ယိုးဒယားမြို့သည် လက်တော်ကမ်လွတ်ရပြီ"

နန္ဒသကြီးကလဲ့ည်း ဤသို့ နားတော်လျှောက်ပြန်၏။

"သတိုးဓမ္မရာဇာ လျှောက်သော အရေးသည် စစ်ရေးဖြစ်ပေသည်ပင်၊ ကျွန်တော့်စိတ်တွင်မူကား ယိုးဒယားသားတို့ နှစ်ကြိမ်ကြ၍ တိုက်လာရာတွင် စစ်ပျက်သားနာလှပေသည်၊ ယိုးဒယားဘုရင် ယုံကြည်၍ချစ်မြတ်နိုးလှစွာသောသားသမက် ညီတို့ကိုလည်း ရတော်မူသည်၊ ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားဘုရင်က ချေငံသာယာစွာ နှိမ့်ချသော စကားဖြင့် နားတော်လျှောက်ထားရမည် မချွတ်။

ယင်းသို့ပင် မလျှောက်လာသော်လည်း ယခု စစ်ချိန်ကာလ ရှိသေးသည်၊ ကမန်ပိုက်၊ သောက္ကတေ၊ ဝိဿလောက်မြို့များကို ချီတော်မူ၍ လုပ်ကြံတော်မူသင့်သေးသည်၊ ယိုးဒယားဘုရင့် သားသမက် ညီတို့မှ မခံနိုင်၍ ပျက်လေပြီးသည်ကို ယင်းသည့်မြို့စားတို့ ခံနိုင်ဝံ့မည်လော၊ မခံဝံ့၍ မြို့ကိုရတော်မူလျှင် သင့်တင့်သော မှူးမတ်တို့ကို အလုံးအရင်းနှင့် အခိုင်အလုံနေစေ၍ မျိုးရိက္ခာများအောင် သည်တစ်မိုးတွင်းကို လယ်လုပ်စိမ့်မည်၊ ကမန်ပိုက်တွင်လည်း ရိက္ခာတင်စရာ လေ့လုပ်စိမ့်မည်၊ ယင်းသို့ စီရင်တော်မူပြီးမှ ပြန်တော်မူ၍ တစ်ကြိမ်ချီတော်မူရလျှင် ယိုးဒယားမြို့သည် လက်တော်ကမ်လွတ်ရပြီ"

ဘုရင့်နောင်တော်လည်း နန္ဒသကြီလျှောက်သောအရေးကို ကြိုက်တော်မူသည်။ ဘဝရှင့်မင်းတရားရွှေထီးလည်း "သည်အရေး သင့်လှပေသည်" ဟူ၍ မိန့်တော်မူပြီးလျှင် တပ်တော်ကိုနုတ်၍ ကမန်ပိုက်သို့ ချီတော်မူသည်။

ကမန်ပိုက်စားလည်း မင်းတရားရွှေထီး ချီတော်မူလာပြီဟူ၍ ကြားလျှင် မြို့တွင်မခံဝံ့၍ အလုံးအရင်းဖြင့် တောသို့ပြေးလေ၏။ ဘဝရှင်မင်းတရား ကမန်ပိုက်သို့ ရောက်တော်မူလျှင် သောက္ကတေ ဝိဿလောက်မြို့တို့ကို တိုက်စိမ့်မည်ဟူ၍ ရဲမက်ဗိုလ်ပါ ဆင်မြင်း ခန့်ထားစီရင်တော်မူစဉ်တွင် ယိုးဒယားဘုရင်က သာယာချေငံစွာ လျှောက်စာနှင့် သံအမတ်နှစ်ယောက်ရောက်လာ၏။

ရာဇဝံတွင် ပါသည်ကား ဤသို့ဖြစ်၏။

"ဒွါရာဝတီ မည်သော ယိုးဒယားမြို့ကိုစားသော ဗြဿဓိရာဇာ သံတော်ဦးတင်ဝံ့သော ဘဝရှင်မင်းတရား ချီလာပြီဟူ၍ကြားလျှင် ဆင်စီးချင်းတိုက်မှ သင့်မည်ဟူ၍ အလုံးအရင်း ဆင်မြင်းဗိုလ်ပါဖြည့်တင်းလျက် ကျွန်ုပ် ကျွန်နေသည်။ ဘုန်းကြီးသောမင်း ဖြစ်တော်မူ၍ ဆင်ချင်းယှဉ်ပြီး မတိုက်ဝံ့ရှိသည်။ သားသမက် ညီတို့ကို ဆီးကြို၍ ခံစေသော်လည်း ဘုန်းကြီးသောမင်း၏ မှူးမတ်တော်တို့ကိုမျှ မခံနိုင်ချေ။ ပျက်စီးခြင်းသို့ ရောက်ရသည်။ ဘုန်းကြီးလှသော ဘဝရှင်ဘုရား သနားတော်မူပါ၍ ကျွန်ုပ် ကျွန် သားသမက်ညီတို့ကို လွှတ်ပါလျှင် သစ္စာတော်ခံ၍ တစ်နှစ်ကို တိုက်ဆင်သုံးဆယ်၊ ငွေသုံးရာ၊ တနင်းသာရီသင်္ဘော အကောက်အခွန်ကို ဆက်ပါမည်။ ယခုလည်း ဖြတ်ကြီး ဖြတ်ငယ်ဆင်ကို ရှိခိုးလက်ဆောင်တော် ဆက်ပါမည်။ ကဲတ္တီပါစိမ်း၊ ကတ္တီပါနီ၊ သက္ကလတ်စိမ်း၊ သက္ကလတ်နီ၊ ပုဆိုးကောင်းဇကဲ၊ သဟဲမူရီ၊ ပတ္တရနီ၊ ဇော်ကဇတ်၊ ဒတ်၊ ရမဇီ၊ နဲ့သာ၊ ကရမက်ဆက်လိုက်သည်။

ဘဝရှင်မင်းတရားရွှေထီးလည်း ယိုးဒယားဘုရင်က လျှောက်လိုက်သော ရာဇသံစကားကို ကြားတော်မူလျှင် နန္ဒသကြီကို "မြင်လှပေသည်" ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် လက်တော်နှစ်ဖက်တွင် ဝတ်တော်မူသော လက်ကောက်၊ လက်စွပ်၊ ဆင်မတစ်စီး ဆုပေးတော်မူသည်။

သောက္ကတေ၊ ဝိဿလောက်သို့ ချီစိမ့်မည်ဟူ၍ စီရင်တော်မူသော် စစ်သည်ကိုလည်း ရုပ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

ယိုးဒယားသံတို့ကိုလည်း ခေါ်တော်မူ၍ ယိုးဒယားစားကလျှောက်စာတွင်-

"သစ္စာတော်ခံ၍ ငါ့အမှုတော်ကို ထမ်းမည် လျှောက်သည့် အရေးသာဖြစ်သည်၊ ငါလည်း ဘုရားဆုကိုတောင်းသောမင်း ဖြစ်သည်" ဟု မိန့်တော်မူပြီးလျှင် သံတို့ကို ယိုးဒယားသို့ လွှတ်တော်မူ၍ ပြန်ရလေ၏။

ယိုးဒယားဘုရင်လည်း သံတို့ရောက်၍ ဘဝရှင်မင်းတရားအမိန့်တော်ခွန်းကို ကြားလျှင် ဗြတ်ကြီးဗြတ်ငယ် ဆင်နှစ်စီးကို ရွှေကြိုးရွှေနွယ်နှင့်တကွ အပြစ်လွှတ်သောဆင်ပေါက်နှစ်စီးကိုလည်း သင္ဘာလီကနှင့်တကွ လက်ဆောင်လက်နက်အများနှင့် ယိုးဒယားဘုရင့်ညီ ဩဇာပိသလောက်နှင့် ဩဇာသဝန်ခလောက်တို့ကို ယိုးဒယားဘုရင့်ကိုယ်စား ဘဝရှင်မင်းတရား ခြေတော်ရင်းသို့လာ၍ လက်ဆောင်ဆက်ပြီး သစ္စာတော်ခံရလေ၏။

ဘဝရှင်မင်းတရား ရွှေထီးလည်း လက်ဆောင်တော် သိမ်းပြီးလျှင် ယိုးဒယားဘုရင့်ညီ ဩဇာပိသလောက်၊ ဩဇာသဝန်ခလောက်နှစ်ယောက်တို့ကို သစ္စာတော်ပေးစေ၍ ယင်းသို့မှ တိုက်ပွဲတွင်ရတော်မူသော ယိုးဒယားဘုရင့် သားသမက်ညီအလတ်ကို ထားရာကလွှတ်တော်မူ၍ အဝတ်အစား တန်ဆာပလာဆင်စေ၍ တဲတော်ဦးသို့ ခေါ်တော်မူပြီးလျှင် ယိုးဒယားဘုရင်သားကို ရွှေကွမ်းခွက်ရှစ်မြှောင့်၊ ပတ္တမြားသုံးရစ်စီ ရွှေတကောင်းဖုံး၊ ပတ္တမြားစီ လက်ဖက်အိုး၊ ပတ္တမြားစီ ရွှေထွေးခံ၊ ပတ္တမြားစီ ရွှေကြိုးရွှေကနှင့် ဆင်ပေါက်တစ်စီး၊ ရွှေကြိုးရွှေကနှင့် ဆင်မတစ်စီး၊ ရွှေချက် နှစ်စင်း၊ စည် ခုနစ်လုံး၊ ငွေနဲ့သုံး၊ ငွေခရာသုံး ပေးတော်မူသည်။

ယိုးဒယားဘုရင့်ညီကိုလည်း ရွှေကွမ်းခွက်ခြောက်မြှောင့်၊ ပတ္တမြားတစ်ရစ်စီတကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီ လက်ဖက်အိုး၊ ပတ္တမြားတစ်ရစ်စီ မိုးကြိုးထွေးခံ၊ ဆင်ပေါက်တစ်စီး၊ ပေါင်းဝန်းရွှေက သင္ဘာလီရွှေကနှင့် ဆင်မတစ်စီး၊ ရွှေချက်နှစ်စင်း၊ စည် ခုနစ်လုံး၊ ငွေနဲ့သုံး၊ ငွေခရာသုံး ပေးတော်မူသည်။

ယိုးဒယားဘုရင့်သမက်ကိုလည်း ရွှေကွမ်းခွက်ခြောက်မြှောင့်၊ ပတ္တမြားတစ်ရစ်စီ တကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီ လက်ဖက်အိုး၊ ပတ္တမြားတစ်ရစ်စီ မိုးကြိုးထွေးခံ၊ ဆင်ပေါက်တစ်စီး၊ ပေါင်းဝန်းရွှေကနှင့် သင္ဘာလီကနှင့် ဆင်မတစ်စီး၊ ရွှေချက်နှစ်စင်း၊ စည်ခုနစ်လုံး၊ ငွေနဲ့သုံး၊ ငွေခရာသုံး ပေးတော်မူသည်။ ယင်းသို့မှ သစ္စာတော်ခံရသည်။

သစ္စာတော်ခံလာသော ယိုးဒယားဘုရင့်ညီဩဇာပိသလောက်ကိုလည်း ဘုရင့်သမက်နည်း အဆောင်အယောင် ထီးစည်ပေးတော်မူသည်။ နောက်ညီတစ်ယောက် ဩဇာသဝန်ခလောက်ကိုလည်း ရွှေကျပ် လက်ဖက်အိုး၊ မြင်းကကြိုးအစုံ ပေးတော်မူသည်။

သည်ပြင် ရတော်မူသော ဒေါဗညားတို့ကိုလည်းထိုသူတို့နှင့်အထိုက်အလျောက် စားခွက်စားယောက် ပေးတော်မူသည်။ ယိုးဒယားစစ်သည်ရတော်မူသမျှကိုလည်း လွှတ်တော်မူသည်။

ယိုးဒယားတို့ ပြန်လေ၍ နှစ်ရက်ရှိလျှင် ဘဝရှင်မင်းတရား တပ်စဉ်အတိုင်း ဒါလောင်ခရီးကို ပြန်တော်မူသည်။ ခရီးပြင်း၍ မလိုက်နိုင်သော ဗိုလ်ပါဆင်မြင်းတို့ကို မော်လမြိုင်စား ဗညားဦးသို့အပ်၍ ထားတော်မူပြီးမှ မော်လမြိုင်မှ ချီတော်မူရာ ဟံသာဝတီနေပြည်တော်သို့ တန်ခူးလဆန်း ၃ ရက်နေ့တွင် ရောက်တော်မူသည်။

(ဆက်ရန်)

အောင်သိမ်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

စာမူများ ပေးပို့နိုင်ပါသည်

စာမူဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့် ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။ တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုးမပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေးဆောင်းပါးများ၊ ဂမ္ဘီရ ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။ ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်းပေးပို့ထားသော စာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။ ဆောင်းပါးစာမူများ ပေးပို့လျှင် မဂ္ဂဇင်းစာမျက်နှာ သုံးမျက်နှာမှ လေးမျက်နှာခန့်အထိ၊ ဝတ္ထုစာမူများပေးပို့လျှင် မဂ္ဂဇင်းစာမျက်နှာ ငါးမျက်နှာမှ ရှစ်မျက်နှာခန့်အထိ မှန်းဆ၍ ရေးသားပေးပို့စေလိုပါသည်။

* ဟာသ၊ ကာတွန်း
* ဂမ္ဘီရ-သရဲဝတ္ထုများ
* နိုင်ငံတကာ သုတအဖြာဖြာကဏ္ဍ
* အရှေ့တိုင်း၊ အနောက်တိုင်း ဆေးပညာရပ်ကဏ္ဍ

တို့အတွက် စာမူများ ပေးပို့နိုင်ပါသည်။

ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၇၅၀၈

www.burmeseclassic.com

www.burmeseclassic.com

ဂျာတုကြိုးပမ်းမှုနှင့် နိုင်ငံတော်



ပန်းချီဆရာမိုက်လတ်

ချစ်ဟန်ဝင်း (သန်လျင်)

မြန်မာ့စာပေသမိုင်းတွင် ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် ဟူ၍ တည်ရှိခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်သည် ဦးနု၏ ဖဆပလခေတ် (ဝံသာနုခေတ်)၊ ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးအစိုးရခေတ်၊ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့၏ နဝတအစိုးရခေတ် တို့မှသည် သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ကာ/ချုပ်ကြီး မင်းအောင်လှိုင်တို့၏ ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ရောက်ရှိလို့နေပါသည်။

ပုဂံခေတ် ရွှေစည်းခုံစေတီတော်ကို ရှင်အရဟံနှင့် အနော်ရထာမင်းကြီးတို့ ဦးဆောင်၍ ပုဂံပြည်သားတို့ (ပုဂံလူထုကြီး)မှ ဝိုင်းဝန်း တည်ဆောက် ကိုးကွယ်ခဲ့ကြပါသည်။

ထို့နောက် ကျန်စစ်သားမင်းကြီးက ဆက်လက်၍ အပြီးသတ် တည်ဆောက် ကိုးကွယ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ထေရဝါဒ ဗုဒ္ဓသာသနာသည် တစ်နိုင်ငံလုံး(မြန်မာလူမျိုးတိုင်းရင်းသား အားလုံး) ၏ စုံမက်ခြင်းကို အညီအညွတ် ခံယူရရှိလာသည်။ တိုင်းသူပြည်သား (လူထုကြီးမှ) နိုင်ငံရေးနှင့် သာသနာရေးတို့ကို စိတ်ဓာတ်တက်ကြွစွာ ပါဝင်လာကြသည်။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

မင်းနှစ်ပါးသည် နုပျိုထက်မြက်သူများဖြစ်၍ နိုဇင်ဘွင် ကိုယ်စိတ်နှလုံး တစ်ပြေးညီစွာ ဖြစ်လာအောင် ဆောင်ရွက်နိုင်စွမ်း ရှိခဲ့၍ ပထမမြန်မာနိုင်ငံ ပုဂံနေပြည်တော်သည် ပုဂံလူထုကြီးနှင့် မင်းနှစ်ပါးတို့၏ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ နယ်နိမိတ်သည် အကြီးကျယ်ဆုံး ဖြစ်ခဲ့ဖူးသည်။

ကျန်စစ်မင်းကြီးသည် သတ္တိ၊ ဗျတ္တိရှိသူ မင်းဖြစ်သော်လည်း နိုင်ငံငြိမ်းချမ်းရေးနှင့် နိုင်ငံကို အုပ်ချုပ်လိုသူဖြစ်သည်။ ကျွန်ုပ်တို့၏ ဘိုးဘွား ပုဂံလူထုကြီးသည် တစ်ခေတ်တစ်ခါက နိုင်ငံတော် ထူထောင်ရေးတွင် အလွန်စိတ်အားထက်သန်ခဲ့ကြသည်။ နောင်လာနောက်သားတို့ အတွက် အလွန်ကြိုးစားခဲ့ကြသည်။ ထို့ကြောင့် တစ်ချိန်က ပုဂံ (သို့) ပထမမြန်မာနိုင်ငံသည် ဘိုးဘွား လူထုကြီး၏ ကျေးဇူးကြောင့် အဆမတန် ကြီးကျယ် ခမ်းနားခဲ့ဖူးကြောင်း မြန်မာ့သမိုင်းမှာ အထင်အရှား ထင်ကျန်ရစ်ခဲ့သည်။

မြန်မာ့ လူ့ဘောင်၏ ဘဝတည်ရှိမှုနှင့် ဖြစ်ပေါ်တိုးတက်မှု လူ့ဘောင်၏ သမိုင်းစဉ်ကို ဖန်တီးသူများမှာ အလုံးလုံးသော ပြည်သူလူထုကြီးသာ ဖြစ်ပါသောကြောင့် မြန်မာ့သမိုင်း၏ အဓိက လူမှုအင်အားစုမှာ ရွေးလူထုကြီးပင် ဖြစ်ပါသည်။ မြန်မာတို့သည် ပထမ မြန်မာနိုင်ငံတော် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ ခေတ်(၆)ခေတ်. ကိုကျော်ဖြတ်၍ ဦးနှမှသည် သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထိ နှောင်းပိုင်း ခေတ်(၄)ခေတ်ကို ဆက်လက် ကျော်ဖြတ်နေဆဲ ဖြစ်ပါသည်။

ဤအထဲတွင် ပြည်သူလူထုသည် အဓိကဇာတ်ဆောင်များ ဖြစ်ပါသည်။ မိမိတို့၏ အသက်မွေးနေထိုင်မှု တိုးတက်သထက်တိုးတက်အောင်၊ ကောင်းမွန်သထက်ကောင်းမွန်အောင် လုပ်ဆောင်ခဲ့ကြသည်။ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်ရေးတို့ကို ကာလဒေသနှင့်အညီ လူ့အဖွဲ့အစည်းတွင် တစ်စုတစ်ပေါင်းတည်းတိုးတက်လာမှုကို ကြိုးစားခဲ့ကြသည်။ အခြေအနေအရ တိုးတက်လာမှုရှိသလို တန့်ရပ်နေမှု၊ ဆုတ်ယုတ်သွားမှုများကိုလည်း ခံစားခဲ့ရပါသည်။

တိုင်းသူ ပြည်သားတို့သည် စီးပွားရေး၊ လူမှုရေး အတွေးအခေါ်ယုံကြည်ချက်၊ စာပေ၊ အနုပညာ စသည့်လူ့အဖွဲ့အစည်းများ၏စုပေါင်းစိတ်ဓာတ်၊ စုပေါင်းဆောင်ရွက်မှုများကို ရှေးဦးမဆွေးပင် လုပ်ဆောင်အောင်မြင်ချက်များဖြင့် ပုဂံခေတ်မှသည် ယခုအထိ မြန်မာ့ လူ့အဖွဲ့အစည်းကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းခဲ့၍ လွတ်လပ်သော မြန်မာတို့၏အချုပ်အချာအာဏာပိုင် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ကြသည်။

ပုဂံခေတ်တွင် အနော်ရထာ၊ ကျန်စစ်သား၊ နရပတိစည်သူ စသော ပုဂံမင်းဆက်များမှ နိုင်ငံတော်ကို စတင်ထူထောင်ခဲ့ပြီး တောင်ငူခေတ်တွင် တပင်ရွှေထီး၊ ဘုရင့်နောင် အနောက်ဘက်လွန် သာလွန်မင်း စသော တောင်ငူမင်းဆက်များမှ နိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ခဲ့ကြပါသည်။

ပဒေသရာဇ် အင်အားစုများကို စုစည်း၍ ကေရာဇ်နိုင်ငံတော်ကို ထူထောင်ခဲ့ကြသည်။ မြေယာပိုင်ဆိုင်မှု၊ မြေယာမှထွက်သော သီးနှံပိုင်ဆိုင်မှု၊ ရောင်းဝယ်မှု စသော မြေရှင်ပဒေသရာဇ် နိုင်ငံရေးတို့ကြောင့် ပုဂံကေရာဇ်နိုင်ငံတော်ကြီး ပျက်သုဉ်းခဲ့ရပါသည်။ ထို့နောက် ပင်းယ၊ စစ်ကိုင်း၊ အင်းဝပဒေသရာဇ် နိုင်ငံလေးများ သူတစ်လူငါတစ်မင်း ပေါ်ပေါက်ခဲ့ကြပါသည်။

ယင်းပဒေသရာဇ်နိုင်ငံလေးများကို ပြန်လည်စုစည်းရန် ကြိုးပမ်းရာ၌ အင်းဝနှင့် ဟံသာဝတီ ပဒေသရာဇ်နိုင်ငံ (၂)နိုင်ငံပေါ် ပေါက်လာသည်။ ယင်းနိုင်ငံ (၂)ခုကို တစ်ခုတည်းအဖြစ် စုစည်းရန် ကြိုးပမ်းရာတွင် မွန်မြန်မာ နှစ်(၄၀)စစ်ပွဲ ကြာညောင်းခဲ့ရပါသည်။

တပင်ရွှေထီး၊ ဘုရင့်နောင်တို့၏ ကြိုးပမ်းချက်ဖြင့် ဟံသာဝတီ ကေရာဇ်နိုင်ငံ ပေါ် ပေါက်လာခဲ့ရသည်။ ထိုမှတစ်ဖန် ပဒေသရာဇ် စီးပွားရေး၊ အုပ်ချုပ်ရေးတို့၏ အားနည်း ချို့ယွင်းချက်ကြောင့် ဟံသာဝတီ ကေရာဇ်နိုင်ငံတော် ပျက်သုဉ်းသွားခဲ့ရပါသည်။ ထိုမှတစ်ဖန် ဘုရင့်နောင်၏ အဆက်အသွယ်များဖြစ်သော ညောင်ရမ်းမင်း၊ အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတို့သည်

www.burmeseclassic.com

အင်းဝနိုင်ငံတော်ကို ထူထောင်ဖြစ်ခဲ့ကြသည်။ မကြာမီ အင်းဝဧကရာဇ် နိုင်ငံတော်သည်လည်းပဒေသရာဇ်၏ စီးပွားရေး၊ အုပ်ချုပ်ရေးတို့ကြောင့် ယိမ်းယိုင်ပျက်သုဉ်းသွားခဲ့ကြပါသည်။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ မင်းနှင့်ပြည်သူ တူညီစွာ လက်တွဲတိုက်ခိုက် ရုန်းကန်ခဲ့ကြသည်။ မင်းဧကရာဇ်တို့၏ အလိုကို ပြည်သူမှ လိုက်လျောပေးခဲ့ရသည်။ မြန်မာ့ လူ့အဖွဲ့အစည်း၏ စုပေါင်းညီညွတ်မှု၊ စည်းလုံးစိတ်ဓာတ်တို့ကြောင့် လူမှုဘဝတွင် စုပေါင်းအောင်မြင်မှုများ ရရှိခဲ့သည်။

ရှင်အရဟံနှင့် အနော်ရထာ ဦးစီးခဲ့သော ထေရဝါဒပုဒ္ဓသာသနာသည် ပဒေသရာဇ်ခေတ် ပျက်သုဉ်းသွားသော်လည်း ဗြိတိသျှနယ်ချဲ့သမားတို့ အုပ်စိုးသောခေတ်တွင် ဆက်လက်ရှင်သန်နေခဲ့သည်။ ယနေ့တိုင်ပင် ရှင်သန်ပြန့်ပွား ထွန်းကားနေသည်မှာ အထင်အရှားပင်။

ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်းသည် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းခဲ့ရသော သမိုင်းတစ်ရပ် ဖြစ်သည်။ ဤတွင် အဓိက ပါဝင်ပတ်သက်နေသူများမှာ မြန်မာနိုင်ငံ၏ လူထုပရိသတ်ပင် မဟုတ်လော။ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းခဲ့ရသော မြန်မာလူထု၏ စည်းလုံးမှု၊ တိုင်းပြည်ချစ်မှုနှင့် မဟုတ်မခံ စိတ်ဓာတ်တို့သည် အမျိုးသားလွတ်မြောက်ရေး၏ သမိုင်းတစ်ရပ် မဟုတ်ပါလား။

ဗြိတိသျှကိုလိုနီ၏ ကျွန်ဘဝမှ လွတ်မြောက်ရန် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်၊ တိုင်းချစ်ပြည်ချစ် မြန်မာတို့၏ စည်းလုံးမှုအင်အား၊ မဟုတ်မခံ တော်လှန်သော စိတ်ထားတို့ကြောင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေး စပြီးသည်မှ ၁၉၆၂ ထိ ဝန်ကြီးချုပ်ဦးနု၏ ဖဆပလခေတ် (ပြည်တော်သာခေတ်) ကို ဖြတ်သန်းခဲ့သည်။ဦးနုသည် ဘာသာရေးကို လေးစားကြည်ညို ယုံကြည်သူဖြစ်၍ ထေရဝါဒ ပုဒ္ဓသာသနာသည် ပိုမိုထွန်းကားလာခဲ့သည်။ ဦးနု လက်ထက်၌ ဆဋ္ဌသင်္ဂါယနာ တင်ခဲ့နိုင်သည်။ ဘာသာရေးနှင့် ပတ်သက်သော ကိစ္စရပ်များ ပွင့်လင်းထွန်းကားခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်ထိ အချမ်းသာဆုံးနိုင်ငံဟု မှတ်တမ်းရှိခဲ့သည်။ အစိုးရ (နိုင်ငံတော်) နှင့် ပြည်သူအများ ချမ်းသာခဲ့သည်။ လက်ရှိ ချမ်းသာနေသော စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှပင် အလေးထားစံနမူနာယူခဲ့ရသည်များရှိခဲ့ကြသည်။

ဦးနေဝင်း၏ တော်လှန်ရေး အစိုးရသည် ၁၉၆၂ ခုနှစ်တွင် ဦးနု အစိုးရအား အာဏာသိမ်း၍ ဆက်လက် အုပ်ချုပ်ခဲ့သည်။ နှစ်ပေါင်း (၂၆) နှစ်ကြာ အုပ်ချုပ်သွားသည့် ကာလတွင် နိုင်ငံရေး၊ စီးပွားရေး အားလုံးကို ပြည်သူပိုင်သိမ်းခဲ့ခြင်း၊ ကမ္ဘာ့ဘဏ်နှင့်ပတ်သက်သော ကိစ္စရပ်များ ရုပ်သိမ်းရပ်နားခဲ့ခြင်း၊ ငွေစက္ကူအဲသစ် နိုင်ငံပိုင်ထုတ်လုပ်ခြင်း၊ ပြည်သူများအား ကမ္ဘာ့သတင်းအမှောင်ကျခြင်း၊ စစ်အာဏာရှင်ဆန်ဆန် တစ်သွေးတစ်သံ တစ်မိန့်ဖြင့် အုပ်ချုပ်၍ ပြည်သူပြည်သားများအား ဖိနှိပ်ခြင်း၊ ကမ္ဘာ့နိုင်ငံစုံများနှင့် လူမှုရေး၊ စီးပွားရေး၊ သံတမန်ရေးတို့ကို တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့ခြင်းကြောင့် နိုင်ငံတော်စီးပွားရေးကျဆင်းခဲ့ရပြီး အစိုးရသာချမ်းသာ၍ ပြည်သူဆင်းရဲခဲ့ရလေသည်။ တိုင်းပြည်၏ အတတ်ပညာရှင်၊ အသိပညာရှင်များစွာ တိုင်းတစ်ပါးသို့ ပြောင်းလဲခိုအောင်းကြရခြင်း ရှိခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံစုံမှ စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ဆင်းရဲတွင်းသို့ လျင်လျင်မြန်မြန် ကျဆင်းသွားရခြင်းဖြစ်သည်မှာ ငြင်းဆန်၍ မရပေ။ ပြည်သူလူထုမှာ မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ်ရသော ကာလများ ဖြစ်သည်။ အစိုးရ (နိုင်ငံတော်) နှင့် ပြည်သူ ညီညွတ်မှုတစ်စွာ လက်တွဲရခြင်းမရှိဘဲ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ် ဘဝများသို့ ရောက်ရှိခဲ့ရသော အမှောင်လွှမ်းသောကာလများ ဖြစ်ခဲ့ရသည်။ အာဏာသည် သေနတ်ပြောင်းဝ၌ တည်သော ခေတ်ဆိုးခေတ်ကျပ်ကြီးထဲ၌ ပြည်သူအများ ရှင်သန်ခဲ့ရသည်။ တင်းလွန်းရင် ပြတ်သည့်အတွက် ၁၉၈၈ ခုနှစ်တွင် လူထုအုံကြွမှုများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ သွေးမြေလွှမ်းသောကာလ ဖြစ်ခဲ့ပါသည်။ ပြည်သူလူထုမှာ စိတ်အဆိုးဆုံးနှင့် ညှိုးချုံးခဲ့ရသော ဘဝဆိုးများ၏ အခါသမယပင်။

၁၉၈၈ ခုနှစ် (၈) လေးလုံးအရေးတော်ပုံမှသည် ၂၀၁၀ ကြားဖြတ်အစိုးရထိ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့၏ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

www.burmeseclassic.com

www.burmeseclassic.com

အစိုးရ ဆက်လက်အုပ်ချုပ်ခဲ့သည်။ တိုင်းပြည်ခေါင်းဆောင်များအနေဖြင့် အကောင်းဆုံးဖြစ်အောင်တည်ဆောက် အုပ်ချုပ်ခဲ့သော်လည်း ဦးနေဝင်း၏ ဗဟိုဦးစီးစနစ်သည် ၎င်းတို့လက်ထက်တွင် ဆက်လက်ရှင်သန်နေ၍ စစ်အာဏာရှင်ခေတ်သည် ပိုမိုကြီးကျယ်ခမ်းနားခဲ့သည်။ စစ်ထောက်လှမ်းရေးတို့ ကြီးစိုး ကောင်းစားခဲ့သောခေတ် ဖြစ်ခဲ့သည်။

နိုင်ငံတကာမှ ဖိအားပေးခြင်း၊ စီးပွားရေး ပိတ်ဆို့မှုများ အများဆုံး ဖြစ်ခဲ့သည်။ တံခါးပိတ်ဝါဒများ ဆက်လက်ကျင့်သုံးခဲ့သည်။ အစိုးရ လူတန်းစားများ ချမ်းသာပြီး ပြည်သူလူထု အဆင်ရဲဆုံး၊ ဒုက္ခ အရောက်ဆုံးကာလဖြစ်သည်။ မြန်မာအမျိုးသမီးများ လူကုန်ကူးခံခဲ့ရသောခေတ် ဖြစ်သည်။ ပိုက်ဆံနည်းနည်းဖြင့် တရုတ်မယားငယ်များ ဖြစ်ခဲ့ရသည်။

စစ်အစိုးရ လက်ထက်တွင် ဘာစီမံကိန်း၊ ညာစီမံကိန်းများ အကြောင်းပြ၍တောင်သူလယ်သမားများ မြေမဲ့ယာမဲ့၊ အိမ်ရာမဲ့များ ဖြစ်ခဲ့ကြသည်။ မြန်မာလူမျိုးတို့ ကားဂိတ်၊ ရထားဂိတ်နှင့် လမ်းပေါ်လေလွင့် အိပ်ခဲ့ရသောဘဝများ ကြုံတွေ့ခဲ့ရသည်။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများတွင် ပါဝင်ခဲ့ရသည်။ ခေါင်းဆောင်ကြီးများ ကြိုးစားခဲ့သော်လည်း မူဝါဒများယွင်းမှုကြောင့် မြန်မာနိုင်ငံတော် အမှောင်ထုထဲ ရောက်ခဲ့ရသည်။

ရှေးမင်းများသည် တိုင်းပြည်ကောင်းစားရန်အတွက် ဦးဆောင်ကြိုးစားခဲ့ကြသည်။ လူထု (ပြည်သူတွေ)နဲ့ လက်တွဲညီညီ ဝိုင်းဝန်းတည်ဆောက်ခဲ့ကြသည်။ ထို့အတွက် မင်းလည်း ချမ်းသာသည်။ ပြည်သူလည်း ချမ်းသာသည်။ ကောက်ပဲသီးနှံများ ဝေဆာဖွံ့ဖြိုးခဲ့သည်။ တိုင်းကားပြည်ရွာ သာယာခဲ့သည်။ မြန်မာပြည်သည် ရွှေမှ ယခုထိတိုင် မြေပေါ်၊ မြေအောက် သယံဇာတများရှိခဲ့သော်လည်း ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်ခု ဖြစ်ခဲ့ရသည်။ ဘာကြောင့်လဲဟုတ်လား။ ခေါင်းဆောင်များ အတ္တကျိုး (ကိုယ်ကျိုး) ရှာခဲ့သောကြောင့် ဖြစ်သည်။

ဤခေတ်တွင် ခရိုနီခေါ် လူတန်းစားတစ်ရပ် အခိုင်အမာ ပေါ်ပေါက်ခဲ့သည်။ ခရိုနီ ချမ်းသာသည်။ အစိုးရ ချမ်းသာသည်။ ပြည်သူလူထု ဆင်းရဲသည်မှာအမှားအယွင်းတစ်ခုခု ရှိနေခြင်းကြောင့် ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး အစတွင် ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့သည့် ဖဆပလအဖွဲ့ကြီးသည် လွန်စွာမှ ထူထည်ကြီးမားခဲ့၍ အင်အားကြီးသော အကောင်းဆုံးအဖွဲ့ကြီးအဖြစ် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့လေသည်။ သို့သော် အတ္တစွဲ၊ ပါတီစွဲတို့ဖြင့် ၁၉၅၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ စနေနေ့ ၊ ၂၀ ရက်နေ့ တနင်္ဂနွေနေ့၊ ၂၁ ရက်နေ့ တနလာနေ့တို့တွင် (၃)ရက်တိုင်တိုင် ဆွေးနွေးပြီး ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းပြိုကွဲသွားသည်။ မြန်မာလူမျိုးတို့ အချင်းချင်း စည်းလုံးမှုမရှိတော့သည့်နောက် တိုင်းပြည်အခြေအနေ ယိုယွင်းလာသည်။

၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက် သောကြာနေ့တွင် သန့်ရှင်းဖဆပလအဖွဲ့ ဝန်ကြီးချုပ် ဦးနုမှ ဗိုလ်ချုပ်ကြီးနေဝင်းအား အာဏာလွှဲပြောင်းပေးလိုက်ရသည်။ မြန်မာနိုင်ငံ၏ ကံကြမ္မာသည် ထိုမှစခဲ့သည် ဆိုလျှင် . . .

အဖြစ်က ကျားကြောက်လို့ ရှင်ကြီးကို ရှင်ကြီးကျားထက်ဆိုး ဟူသောကိန်းဆိုက်ခဲ့သည်မှာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ယနေ့ မြန်မာနိုင်ငံရေးအခြေအနေက လက်တွေ့ပြခဲ့သည် မဟုတ်ပါလား။

၁၉၆၂ ခုနှစ် မတ်လ (၂)ရက်နေ့ နံနက် ၁ နာရီအချိန်တွင် ဒုတိယအကြိမ် မြန်မာနိုင်ငံတော်အာဏာကို တော်လှန်ရေးအစိုးရမှ သိမ်းယူခဲ့သည်။ ထိုနေ့မှာပင် ဗိုလ်ချုပ်အောင်ကြီး၏ မိန့်ခွန်းမှာ -

'အာဏာကို လွန်စွာမက်မောလွန်း၍ မဟုတ်ပါ။ တိုင်းပြည် ဖရိုဖရဲဖြစ်မှာစိုး၍ အာဏာသိမ်းခဲ့ရပါသည်' ဟု စကားနောက်တွင် မြန်မာပြည်သူလူထုအတွက်ဖရိုဖရဲဖြစ်သည်မှာ တော်သေး၏။

အခုဆို ခေတ် (၂)ခေတ်၏ ဆိုးကျိုးများကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် ခါးစည်း၊ ရင်စည်းခံစားနေခဲ့ကြရသည်။ ပြည်သူလူထု (သို့) တိုင်းသူပြည်သားဆိုတာ အုပ်ချုပ်သူလူတန်းစားကို အမိန့်ပေး၍ မရပါ။ နိုင်ငံရေးတွင် ပါဝင် ပတ်သက်လို့ မရခဲ့ပါ။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့ ကြားတွင် ပြည်သူများ ဘာမျှမတတ်နိုင်ခဲ့ပါ။ ပြည်သူလူထု ဝိုင်းဝန်းကြိုးပမ်း၍ မရခဲ့ပါ။ အခွင့်အရေးမရှိခဲ့ပါ။ စစ်အာဏာရှင်များ၏

www.burmeseclassic.com

လက်အောက်တွင် အရာအားလုံး ချုပ်ငြိမ်းခဲ့ရပါသည်။ နှစ်ပေါင်း (၅၀) ကျော် ဝန်းကျင်တွင် မြန်မာလူမျိုးတို့၏ လူ့အခွင့်အရေးများ ဆုံးရှုံးခဲ့သည်မှာ ကမ္ဘာသိ ဖြစ်ခဲ့ပါသည်။

ယခု ၂၀၁၀ ပြည့်နှစ် ကြားဖြတ် ရွေးကောက်ပွဲမှသည် ယနေ့ထိ ခေတ်ကြီးကပြောင်းလဲလာခဲ့ပါသည်။ သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ ကာချုပ်ကြီး မင်းအောင်လှိုင်တို့၏ ဒီမိုကရေစီခေတ်သစ်ဆီသို့ ရောက်ရှိလာခဲ့ပါပြီ။

နိုင်ငံတကာမှ ဖိအားများလည်း လျော့နည်းလာခဲ့ပါသည်။ တဲ့ခါးပိတ်ဝါဒများဖွင့်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများလည်း ပေါ်ပေါက်လာခဲ့ပါပြီ။ စာနယ်ဇင်းများ၏ လွတ်လပ်ခွင့်များလည်း ရရှိလာခဲ့ပါသည်။ လူထုကြီး (ပြည်သူလူထု)၏ ပြောရေးဆိုခွင့် အခွင့်အရေးလည်း [redacted] သည်။ သို့အတွက် နိုင်ငံထောင်တွင် ပြည်သူလူထု ပါဝင်ပတ်သက်ကြိုးစားခွင့်များလည်း ရရှိတော့မည်ဖြစ်ပါသည်။ ထို့ထက်ပို၍ တိကျခိုင်မာမှုများ ဖြစ်လာ၊ ရလာနိုင်ရန်အတွက် . . . ။

မြန်မာနိုင်ငံ၏ ပြည်သူလူထု ဝိုင်းဝန်းလိုလားသောဆန္ဒ၊ တောင်းပေးခဲ့သော ဆုမွန်ကောင်းများသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ လွတ်လပ်ပြီး တရားမျှတ၍ စံချိန်စံညွှန်းမီသော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာပြည်သူပြည်သားများ၏ ဝိုင်းဝန်း ရွေးကောက် ထဲည့်ဝင်ပေးခဲ့မှုကြောင့် ပါတီအားလုံးကိုကျော်၍ ထူးခြားစွာ တောင်ပြိုကမ်းပြို အနိုင်ရခဲ့ပြီး ဖြစ်ပါသည်။

ပြည်သူလူထုမှ တာဝန်ကျေပြီးဖြစ်၍ ကျန်သည့်အပိုင်းမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရသစ်၏တာဝန်ပင်ဖြစ်ကြောင်း စကား ခေါ်နေပါပြီ။

နှစ်ပေါင်း ၅၀ ကျော် နိုင်ငံရေး ပြောင်းလဲမှု အမြင်သစ်ကို မြန်မာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးဆက်သစ် ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရသစ်တို့က ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ပါတော့မည်။

သို့အတွက် ယခု ၂၀၁၆ခုနှစ်သည် မြန်မာပြည် နိုင်ငံရေး၏ အကောင်းဆုံး ကြယ်ပွင့်များဆိုရင် မမှားနိုင်တော့ပါ။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အောင်မြင်ကျယ်ဝန်း ခိုင်ခဲ့စည်ပင် သာယာခဲ့သော အနော်ရထာ၊ ကျန်စစ်သားတို့၏ ပုဂံနိုင်ငံတော်ကြီးကဲ့သို့လည်းကောင်း၊ ၁၉၆၂ ခုနှစ်ထိ ဖြစ်တည်ရှိခဲ့သော အရှေ့တောင်အာရှ၏ အချမ်းသာဆုံး နိုင်ငံတော်ကြီးကဲ့သို့ လည်းကောင်း တိုးတက်ထက်မြက် အောင်မြင်စည်ပင်ဝပြောသော မြန်မာနိုင်ငံတော် ပူးပေါင်းညီညာ အေးချမ်းသော တိုင်းရင်းသားပေါင်းစုံ၏ နိုင်ငံတော် ဆက်လက်ဝေဆာသော စီးပွားရေးလုပ်ငန်းများ ပြည့်စုံအောင်မြင်သော မြန်မာနိုင်ငံတော်သစ်အဖြစ်ကို မြန်မာလူမျိုးတို့ ကြိုးကျယ်စွာ ခံစားရမည်ဖြစ်ပါတော့သည်။

ဤကာလများ၌ ပြည်သူလူထု၏ ကြိုးပမ်းမှုနှင့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အစိုးရသစ်တို့၏ ဦးဆောင်မှုများအပေါ် အဓိကကျပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ချစ်ဟန်ဝင်း(သန်လျင်)

ကျမ်းကိုးစာရင်း

(၁) မြန်မာနိုင်ငံရေးသမိုင်း
(၂) သိန်းဖေမြင့် (၆၂-၆၇)၊ သမိုင်းဝင် မှတ်တမ်းများ
(၃) ပုဂံစာအုပ် (စာရေးဆရာ ပေါင်းစုံ)
(၄) ဦးကုလားရာဇဝင်
(၅) မှန်နန်းရာဇဝင်တော်ကြီး

❑

www.burmeseclassic.com

www.burmeseclassic.com

မောင်သန်းထိန်၊ ဦးဘိုးဒိန်၊ ဒုတတိယလေး ပေါင်းစုံလေးနှောင်း ဘဏ္ဍာပွား ယွယ် ချွန်ဖိတ်ပျောက်ဆုံးမှုကြီး

"ဝေယ်ရေ ဝေယ်"

"ဟေ- ခိုင်နွယ် ဘာလဲဟ"

"အေး၊ အတန်းထဲမှာ ယုယု ခိုင်အောင်နဲ့ ကျော်စွာခိုင်တို့ စကားများနေကြလို့"

"ဟုတ်လား၊ အေး အေး ငါ အခုလာခဲ့မယ်"

ကျွန်တော်သည် (၈)တန်း A တွင် အတန်းခေါင်းဆောင် တစ်ယောက်ဖြစ်ပေသည်။ ထို့ကြောင့် မုန့်ဈေးတန်းတွင် မုန့်စားနေရာမှ ချက်ချင်းပင် ထ၍ အတန်းထဲသို့ လိုက်သွားရလေသည်။ အတန်းထဲရောက်သော် ယုယုအောင် နှင့် ကျော်စွာခိုင်တို့သည် တစ်ယောက် တစ်ခွန်း စကားများနေကြသည်ကို တွေ့လိုက်ရလေသည်။

"ဟဲ့ ငါ့ချွန်စက်ကို နင့်လွယ်အိတ်ထဲက ပြန်တွေ့တာ၊ နင်မယူလို့ ဘယ်သူ ယူမလဲဟဲ့"

"နင် စွပ်စွပ်စွဲစွဲ မပြောနဲ့နော် ယုယုအောင်၊ ငါယောကျ်ား၊ လုပ်ရဲရင် ခံရဲတယ်၊ အခု ငါမယူဘူး၊ အေး - ငါ့လွယ်အိတ်ထဲ. ဘယ်လိုရောက်နေ သလဲတော့ ငါလည်း မသိဘူး"

ထိုစဉ် ကျွန်တော့်ရှေ့က ပြေး သွားသော ခိုင်နွယ်သည် -

"ဟဲ့ ဟဲ့ တော်ကြတော့၊ မော်နီတာ လာပြီ"

ဟု အသံပေးလိုက်သည်။

ကျွန်တော်သည် ဝိုင်းအုံကြည့် နေသော ကျောင်းသားများကြားထဲ တိုးဝင်ပြီး သူတို့နှစ်ယောက်နား သွား လိုက်သည်။

"ဪ ကဲ သူငယ်ချင်းတို့ တော် ကြပါတော့၊ ဘာဖြစ်တာလဲ၊ ငါ့ကို ပြော ပြပါဦး"

"ဒီလို ဝေယ်ရာ၊ ငါ့ ဒယ်ဒီက မနေ့ကမှ ဒီဘော်ဘုံချွန်စက်အသစ် လေး ဝယ်ပေးလိုက်တာ၊ ဒုတိယအချိန် ပြီးတဲ့အထိ ရှိသေးတယ်၊ တတိယအချိန် တစ်ဝက်လည်းရောက်ရော ငါသံတိရလို့ ကြည့်လိုက်တော့ မရှိတော့ဘူး၊ ငါလည်း စာသင်ပျက်မှာစိုးလို့ ဆရာမကို မပြော လိုက်ဘူး၊ အဲ အခုမုန့်စားလည်း ဆင်းရော နင့်ကိုလည်းမတွေ့တာနဲ့ မပြော ဖြစ်တော့တဲ့ ခိုင်နွယ်တို့တွေ ဝိုင်းရှာကြ တော့- ကျော်စွာခိုင် လွယ်အိတ်ထဲက ထွက်လာတာပဲ"

ကျွန်တော်လည်း ယုယုအောင် စကားဆုံးတာနဲ့ ကျော်စွာခိုင်ကို ကြည့် လိုက်တော့ ကျော်စွာခိုင်က -

"ငါ မယူဘူး ဝေယ်၊ မင်းလည်း ငါ့အကြောင်းသိပါတယ်၊ ငါ့လွယ်အိတ် ထဲ ဘယ်လိုရောက်နေလဲ ငါလည်း စဉ်းစားမရဘူး၊ အံ့သြတယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း စဉ်းစားရခက်သွားသည်။ ထို့ကြောင့်-

"ကဲ ကဲ ငါသိပြီ၊ လောလော ဆယ် အဖြေရှာမရနိုင်ဘူး၊ ခဏစောင့်၊ ချွန်စက်ကိုတော့ ဆရာမ အံဆွဲထဲမှာ ငါသိမ်းထားပေးမယ်၊ ဘယ်သူမှ မယူနဲ့"

"ဟာ လက်ပူးလက်ကြပ် မိနေပြီလေ ဝေယံရဲ့၊ နင်ကလည်း သူ့ကို ဆရာမနဲ့ တိုင်လိုက်တော့လေ"

"မဟုတ်သေးဘူးလေ ယုယုအောင်ရဲ့၊ သူက ဝန်ခံဖို့ လိုသေးတယ်၊ အခု သူက ငြင်းနေတော့ ဒီအဖြစ်အပျက်ကို ဖော်ထုတ်မှ ဖြစ်မှာ"

"ဒါဆိုလည်း ငါ့ချွန်စက် ပြန်ပေးလေ"

"အဲဒါက သက်သေခံပစ္စည်းလို့ခေါ်တယ်၊ စိတ်ချပါ၊ ငါ အာမခံတယ်၊ မပျောက်စေရပါဘူး၊ အံဆွဲကို သော့ခတ်ထားမှာပါ"

"အေး ပြီးရောနော် မော်နီတာ ဝေယံ၊ နဖို့ကို ယုံလိုက်မယ်"

ကျော်စွာခိုင်ကြီးကတော့ ဘာမှ မပြော။ မျက်နှာငယ်ဖြင့် ခေါင်းကြီး ငိုက်စိုက်ချနေလေသည်။ ထိုစဉ် မုန့်စားကျောင်းပြန်တက်သဖြင့် ကျောင်းသားများအားလုံး ကိုယ့်နေရာကိုယ် ပြန်ယူကြလေသည်။

ကျွန်တော်လည်း ကြီးကြီးကျယ်ကျယ်သာ ပြောလိုက်တာ အမှန်က မစဉ်းစားတတ်ပေ။ နံပါတ်လေးအချိန် သမိုင်းဆရာမက စာသင်နေသော်လည်း ကျွန်တော့် ခေါင်းထဲမရောက်။ ဤအမှုကိုသာ စဉ်းစားနေမိသည်။

ကျော်စွာခိုင်ကြီးက ကျွန်တော်တို့ထက် တစ်နှစ်ကြီးသည်။ ကျောင်းထားနောက်ကျသဖြင့် ကျွန်တော်တို့ထက် လူကောင်ထွားသည်။ ဘောလုံးအကန်ကောင်းသည်။ ရိုးသားသည်။ အခုခိုန်ထိ နာမည်ပျက်မရှိ။ သူ မခိုးဟု ကျွန်တော် ထင်သည်။ ထိုသို့ဆိုလျှင် ယုယုအောင်က ကိုယ့်ပစ္စည်းနှင့်ကိုယ် သူများကို ချောက်ချပြီး နာမည်ကြီးချင်တာလား။ မဖြစ်နိုင်ပေ။ ရန်ငြိုးကြောင့်လား။ သူတို့ချင်း ပတ်သက်မှု မရှိသလောက် ရှားသည်။ ကျွန်တော် ခေါင်းရှုပ်လာသည်။ ဤအချိန်မျိုးတွင် ရဲဇော်ကို သတိရမိသည်။ ရဲဇော်ဆိုလျှင် စဉ်းစားတတ်မည်။

♦♦♦

ရဲဇော်သည် ကျွန်တော့် အတန်း ဖော်ဖြစ်ပြီး စူးစမ်းလေ့လာတတ်သော အကျင့်ရှိကာ မှတ်ဉာဏ်ရော ဖြတ်ထိုးဉာဏ်ပါ အလွန်ကောင်းသည့် ကလေးတစ်ယောက်အဖြစ် တစ်တန်းလုံးက အသိအမှတ်ပြုထားရသူ ဖြစ်သည်။

ခက်ခဲသော ပုစ္ဆာများသည် သူ့အတွက် လွယ်ကူနေတတ်ပြီး အတန်းဖော်များ မသိသော ပြင်ပဗဟုသုတများကို သူက အမြဲသိနေသည်ချည်း သာဖြစ်သည်။ သို့သော် ထူးဆန်းသည်မှာ ကျောင်းစာတွင်မူ အမြဲအောင်မှတ်သာသာ ရလေ့ရှိသော ကျောင်းသား တစ်ယောက်ဖြစ်သဖြင့် ဆရာမများက အမြဲစာကြိုးစားရန် တိုက်တွန်းနေရသော ကလေးတစ်ဦး ဖြစ်နေပြန်သည်။

ကျွန်တော်သည် ရဲဇော်ကို အနေခင်ဆုံး ဖြစ်သည်။ သူငယ်တန်း စတက်ကတည်းက ဘေးချင်းကပ်ထိုင်ခဲ့ရာ ယခု ရှစ်တန်းရောက်သည့်တိုင် (၉)နှစ်လုံးလုံး ပေါင်းသင်းလာခဲ့သဖြင့် တစ်ယောက်အကြောင်း တစ်ယောက် အသိဆုံး တွဲဖက်များဖြစ်နေလေသည်။ ယခု ရဲဇော်သည် အတန်းထဲတွင်မရှိပေ။ မုန့်စားဆင်းကတည်းက မတွေ့မိပေ။ ဘယ်ရောက်နေမှန်း မသိ။ အရေးအကြောင်းဆိုကာမှ အနားတွင်မရှိသော ရဲဇော်ကို ကျွန်တော် ကျိန်ဆဲမိသည်။

"ကလင် ကလင် ကလင် ကလင်"

အတန်းချိန် ပြီးသွားလေပြီ။ နောက်တစ်ချိန်သည် ဖွဲ့ဖြိုးရေးအချိန် ဖြစ်သည်။ ဖွဲ့ဖြိုးရေးဆိုသည်မှာ ဘာမှန်း ကျွန်တော်တို့မသိကြ ပေ။ ကျွန်တော်တို့သိသည်မှာ ဖွဲ့ဖြိုးရေးဘာသာရပ် သင်သော ဆရာ မရှိသဖြင့် ကျွန်တော်တို့ အောက်ဆင်း ဆော့ခွင့်ရထားခြင်းပင် ဖြစ်သည်။ အတန်းပိုင်ဆရာမသည် ကျွန်တော့်ထံ ထိုတာဝန်ကို လွှဲထားသည်မှာ ကြာလေပြီ။

"ကဲ- သူငယ်ချင်းတို့၊ ဖွဲ့ဖြိုးရေးအချိန် ငါတို့ အောက်ဆင်းကစားကြမယ်၊ အဝေးကြီး မသွားရဘူး၊ ရန်မဖြစ်ရဘူး၊ တခြားအတန်းတွေ စာသင်နေတာ အနှောင့်အယှက် မဖြစ်ရဘူး"

"ဝေး ဟေးဟေး"

ကျောင်းသားများသည် ပျော်ရွှင်စွာ ဆင်းသွားကြသည်။ ကျွန်တော့်မှာမူ စိတ်မအားပေ။ အငြင်းပွားဖွယ် ချွန်စက်ပျောက်ဆုံးမှုကို တွေးနေမိပြန်သည်။ အတန်းထဲရှိ လူကုန်ထွက်သွားမှ ကျွန်တော် တံခါးပိတ်ပြီး ထွက်လာခဲ့လေသည်။ တွေးရင်းပင် လမ်းလျှောက်လာရာ ဘောလုံးကွင်းနား ရောက်ခဲ့လေသည်။

"ဧယ်"

"ဟာ ရဲဇော်၊ မင်း အတန်းမတက်ဘဲ ဒီရောက်နေတာလား"

"အေး ဟုတ်တယ်"

"မင်းကွာ ငဆိုးပဲ၊ ဘာလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"G ခန်းက ကောင်တွေနဲ့ ဘော လုံး ကန်နေတာ"

"အဲမာ ကျားသားမိုးကြိုး မင်း က ဘောလုံးကန်တယ်"

ဟုတ်ပါသည်။ ရဲဇော်သည် အချိန်ရှိလျှင် စာဖတ်ခြင်း၊ တွေးတော ခြင်းဖြင့်သာ အချိန်ကုန်စေတတ်ပြီး ကိုယ်လက်လှုပ်ရှားရန် ပျင်းသော ကလေးတစ်ယောက် ဖြစ်ကြောင်း ကျွန်တော်ကောင်းစွာသိသဖြင့် အံ့သြ သွားခြင်းဖြစ်သည်။

"ဘာဖြစ်လဲကွာ၊ ငါလည်း ဘော လုံးကန်ချင် ကန်မှာပေါ့၊ ဒါနဲ့ မင်း မျက်နှာ မကောင်းပါလား၊ ကြည့်ရတာ အတန်းထဲမှာ ပြဿနာဖြစ်လာပြီနဲ့ တူတယ်"

"အေး ဟုတ်တယ်ကွ"

"ဧကန္တ ပစ္စည်းပျောက်မှု ဖြစ် ရမယ်"

"ဟာ- ဟုတ်တယ်ဟေ့၊ မင်း ဘယ်လို သိတာလဲ"

ရဲဇော်သည် ကျွန်တော်ရှေ့တွင် ဖော်ပြခဲ့သလိုပင် ကျွန်တော့်ကို မြင်ရုံ ဖြင့်ပင် အမှုကို အတပ်ပြောနိုင်သည်။

"ဒါပေမဲ့ ပစ္စည်းက ပြန်တွေ့ နေပြီပဲ"

ရဲဇော်သည် ကျွန်တော့်အမေး ကို မဖြေ၊ သူပြောချင်ရာကို ပြောနေ သည်။ ဒါသည်ပင် သူ့အကျင့်မြစ်သည်။

"ဟား မှန်လိုက်တာ၊ အတန်းထဲ မရှိဘဲ ဘယ်လို သိတာလဲ"

"ဟဲ ဟဲ ရဲဇော်လေကွာ၊ ဒီလို ကွ၊ မော်နီတာဖြစ်ပြီး စာတော်တဲ့ မင်းက မျက်နှာမကောင်းဘူးဆိုတော့ ပြဿနာ က အတန်းသားတွေရဲ့ ပြဿနာပဲပေါ့"

"ငါ့ အိမ်တွင်း ပြဿနာရော မဖြစ်နိုင်ဘူးလား"

"နို့ မဖြစ်နိုင်ဘူး ကိုသိန်းမောင်၊ ခင်ဗျား မနက်က ကျောင်းလာတော့ အကောင်းချည်းပဲလေ"

ရဲဇော်သည် သူ့ကိုယ်သူ စုံထောက်ကြီးဦးစံရွှားလိုလို ကျွန်တော့် ကို ကိုသိန်းမောင်အဖြစ် သဘောထား ကာ ပြောလိုက်လေသည်။

"အင်း ထားပါတော့၊ ဒါနဲ့ ပစ္စည်း ပျောက်မှန်း ဘယ်လိုသိတာလဲ၊ တခြား ပြဿနာရော မဖြစ်နိုင်ဘူးလား"

"အတန်းထဲမှာ ဖြစ်လေ့ရှိတာက ရန်ဖြစ်တာနဲ့ ပစ္စည်းပျောက်တာ အများ ဆုံးပဲ၊ ရန်ဖြစ်ခဲ့ရင် ဆရာမ သိသွားမယ်၊ မင်းတို့ ဖွဲ့ဖြိုးရေးအချိန် အောက်ဆင်း ဆော့ခွင့် ပါမစ်ပိတ်သွားမယ်။

ဆင်းခွင့် ရဦးတော့ မော်နီတာ ဖြစ်တဲ့ မင်းမျက်လုံးက ရန်ဖြစ်ခဲ့တဲ့ ကောင်တွေဆီ ရောက်နေရမယ်၊ ထပ် ဖြစ်မှာ စိုးရတာကိုး၊ ပြီးတော့ ဒီမနက် အတန်းထဲမှာ ရန်ဖြစ်တယ်လို့ ငါ သတင်းမကြားမိဘူး၊ ဒီတော့ ပစ္စည်း ပျောက်မှုပဲ"

"မင်းဟာနဲ့ မင်းတော့ ဟုတ် နေတာပဲ၊ ဒါဖြင့် ပြန်တွေ့တာကျတော့"

"ဟာ ပြန်မတွေ့ရင် အခုနေ မင်းတို့အားလုံး လွယ်အိတ်တွေ လှန် လှော်စစ်နေရပြီပေါ့ကွ ဟား ဟားဟား"

"တော်ပါပေတယ် ရဲဇော်ရာ၊ အေး ငါလည်း အဲဒီကိစ္စကြောင့် မင်းကို တွေ့ပြီး မေးချင်နေတာ"

"နေဦး ဆရာမ အံဆွဲထဲ မင်း ထည့်ခဲ့တဲ့ ခိုးရာပါ ပစ္စည်းကို ငါ့ကို ပြပြီးမှ မင်းမေးချင်တာ ငါဖြေနိုင်မယ်၊ ဟုတ်ပြီလား"

"ဟာ လန်ထွက်နေတာပဲ၊ ငါ ဆရာမ အံဆွဲထဲ ထည့်ခဲ့တာ မင်း ဘယ်လို သိတာလဲ"

"ခါတိုင်း မင်း လွယ်အိတ်ထဲ မှာပဲ ထားခဲ့နေကျဖြစ်တဲ့ သော့တွဲကြိုး က အခု မင်းလက်ထဲကနေ ငါ့ကို ပြော ပြနေတယ်လေကွာ"

"ဟုတ်ပါပြီ စုံထောက်ကြီး ရဲဇော်ရယ်၊ ကျွန်တော် ဒီအမှုကို စုံထောက်ကြီးကို အပ်ပါတယ်၊ ဟုတ်ပြီ လား၊ အခုတော့ သက်သေခံပစ္စည်း လေးကို လိုက်ကြည့်ပေးပါဦးနော်"

"နေဦး ကိုယ့်လူ၊ ဒါတွေကို ငါ သိတာ အချက်နှစ်ချက်က သေချာပဲ၊ မင်းကို ခင်လို့ ငါ ပြော့ပြလိုက်မယ်၊ ဘယ်သူမှ ပြန်မပြောနဲ့"

"အေး လုပ်စမ်းပါဦး၊ ငါလည်း ပညာယူရအောင်"

"တစ် အချက်က မင်းမုန့်စား ဆင်းသွားပြီး ယုယုအောင်နဲ့ ကျော် စွာခိုင် ရန်စဖြစ်တဲ့ အချိန်အထိ ငါ ရှိနေခဲ့တယ် ဆိုတာရယ်၊ နှစ် အချက် က အဲ့ခု မင်း မလာခင်လေးတင်ပဲ အတန်းထဲက ထွန်းထွန်းလင်းက ဖြစ် ကြောင်းကုန်စင် ငါ့ကို ပြောပြသွား တယ် ဆိုတာပါပဲ၊ ဟား ဟား ဟား"

"ဟာ- ခွေးကောင်၊ ငါက အကောင်းမှတ်လို့ နားထောင်နေတာ သေပေတော့"

"ဟား ဟား ဟား"

ရဲဇော်သည် ရယ်ပြီး ထွက်ပြေး လေသည်။ ကျွန်တော်လည်း နောက်က လိုက်ဖမ်းရလေသည်။ ရဲဇော်သည် ပန်းခြံထဲဝင်ပြေးရာ ခုံတန်းပေါ်တွင် ထိုင်ပြီး စကားပြောနေသော ယုယု အောင်နှင့် ခိုင်နွယ်တို့ကို မြင်သောအခါ ရပ်လိုက်လေသည်။ ကျွန်တော်လည်း သူတို့အနားကို ကပ်သွားလိုက်သည်။

"ဟဲ့ ယုယုအောင်၊ ငါ နင့်နဲ့ ကျော်စွာခိုင် အငြင်းပွားနေတာ ကြား

www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်၊ ချွန်စက်ပျောက်မှန်းသိတာ ဘယ်အချိန်လဲ"

ရဲဇော်က ယုယုအောင်ကို ပုလိပ်စစ်သလို မေးလေသည်။

"နင်က ဘာလုပ်မလို့လဲ ဟဲ့"

"ပြော် ငါက တရားခံကို ဖော်ထုတ်ပေးမလို့ပါ"

"ဟဲ့ အရှင်းကြီး၊ တရားခံက ကျော်စွာခိုင်ပဲ"

ရဲဇော်က သူ့ကိုယ်သူ ရှုးလေ့ခ်ဟုမ်း အမှတ်ဖြင့် ကောက်ချက်ချလေသည်။

"သာမန်လူတွေ အမြင်မှာတော့ ကျော်စွာခိုင်က တရားခံပေါ့။ အဲ ငါတို့ စုံထောက်အမြင်နဲ့ ကြည့်ရင်တော့ မဟုတ်ဘူး၊ ကျော်စွာခိုင်က ချောက်ချခံရတာမျှသာ ဖြစ်ပြီး တရားခံက တတိယလူ ဖြစ်တယ်"

ယုယုအောင်သည် ကြိုးကြိုးကျယ်ကျယ်ပြောနေသော ရဲဇော်ကို အမြင်ဗွာတ်ဟန်ရှိသော်လည်း သူ့စကားကိုမူ စိတ်ဝင်စားဟန်ရှိလေသည်။

"နင့်ကလည်း ကြီးကျယ်လိုက်တာ၊ ကဲ ဒါဖြင့် ပြောစမ်းပါဦး၊ တတိယလူက ဘယ်သူလဲ"

"အဲဒါကတော့ နင်ပူးပေါင်းဆောင်ရွက်မှ ငါက ပြောလို့ရမှာလေ၊ ကဲ- ငါမေးထားတာ အရင်ဖြေပါဦး၊ ချွန်စက်ပျောက်မှန်းသိတော့ ဘယ်အချိန်လဲ"

"သုံးအချိန် တစ်ဝက်လောက် မှသိတာဟ"

"ဘယ်အချိန်အထိ ရှိနေတာ မှတ်မိလဲ"

"နှစ်အချိန်အပြီးမှာ ငါ ခဲတံချွန်လိုက်သေးတယ်"

"ရပြီ၊ ဒါဆို နှစ်အချိန်အပြီးနဲ့ သုံးအချိန် တစ်ဝက်ရဲ့ ကြားမှာ နင် ဘယ်သွားသေးလဲ"

"အဲ နင်ပြောမှ သတိရတယ်၊ နှစ်အချိန်အပြီး သုံးအချိန်ပြန်မစခင် ငါတို့ အိမ်သာ သွားလိုက်တယ်နော် ခိုင်နွယ်"

"အေးဟ ဟုတ်တယ်"

"အိုကေ ငါသိပြီ၊ ဒါဆို ကွက်တိပဲ၊ ကဲ အိုင်ပီရေ၊ ကျုပ်တို့ သက်သေခံ ပစ္စည်းကို သွားကြည့်ရအောင် ဗျာ၊ သော့ယူပြီး လိုက်ခဲ့ပေတော့"

ရဲဇော်သည် ဒီတစ်ကြိမ်တွင်မူ သူ့ကိုယ်သူ ဆားပုလင်းနှင်းမောင်စတိုင်ဖမ်းကာ ဘောက်ဆတ် ဘောက်ဆတ်ဖြင့် ထွက်သွားလေရာ ကျွန်တော်၊ ယုယုအောင်နှင့် ခိုင်နွယ်တို့လည်း နောက်မှ အမီလိုက်ရပြန်လေသည်။

အတန်းသို့ရောက်သော် အခန်းတံခါးကို သော့ဖွင့်ဝင်ခဲ့ကြပြီး ဆရာမ အံဆွဲကို ပြေးဖွင့်ကာ ချွန်စက်ကိုထုတ်ပြီး ရဲဇော်ထံ ပေးလိုက်သည်။ ရဲဇော်က ချွန်စက်ကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်သည်။ ချွန်စက် တစ်ခုလုံးကို လက်ဖြင့်ပွတ်သပ်ကြည့်သည်။ ပြီးတော့ လက်ညှိုးနှင့် လက်မကို ပြန်ပွတ်ကြည့်သည်။ ပူးချည် ခွာချည်လုပ်ကြည့်သည်။ ခေါင်းတညိတ်ညိတ် လုပ်သည်။ ထို့နောက် မျက်စိကို ချွန်စက်မှမခွာတဲ-

"ဝေယံရေ"

"အေး ဘာလဲ"

"ဆရာမကို သတင်းပို့လိုက်တော့၊ သန်းဦးက ယုယုအောင် ချွန်စက်ကို ခိုးပြီး ကျော်စွာခိုင်ကို ချောက်ချတယ်လို့"

"ဟေ"

"ဘာ ဘယ်လို"

"ဟမ်"

ကျွန်တော်တို့ အံ့အားသင့်သွားကြပါတယ်။

"မင့်ဟာက သေချာလို့လားကွာ၊ သေချာမှ လုပ်နော်"

"ဟ သေချာပါတယ်ကွ၊ မြန်မြန်လုပ် အချိန်မရှိဘူး၊ ဖွံ့ဖြိုးရေးအချိန်မကုန်ခင် အပြီးသတ်ရမယ်"

သန်းဦးဆိုသည်မှာ ကျွန်တော်တို့ အတန်းထဲမှ ကျောင်းသား တစ်ဦးဖြစ်ပြီး အဋ္ဌမတန်းလက်ရွေးစင် ဘောလုံးအသင်းတွင် ပါဝင်သူတစ်ယောက်ဖြစ်သည်။

"ဧေယံ၊ မင်းဆရာမကို သွားခေါ်၊ ငါက သန်းဦးကို သွားရှာမယ်၊ ခိုင်နွယ်က ကျော်စွာခိုင်ကို သွားရှာ၊ ယုယုအောင်က ဒီမှာ စောင့်နေ၊ ချွန်စက်ကို ကြည့်ထား၊ ခြေရာ လက်ရာ မပျက်စေနဲ့နော်"

ရဲဇော်သည် တကယ့်လူသတ်မှုကြီးတစ်ခုကို ကိုင်တွယ်နေသည့် သဖွယ် လေးနက်သောအမူအရာဖြင့် ညွှန်ကြားပြီး ထွက်သွားလေသည်။ ကျွန်တော်လည်း ဆရာမ၏ စားပွဲပေါ်ရှိ ကိုယ်ပိုင်အချိန်ဇယားကို ကြည့်ပြီး ဆရာမ ရှိနေမည့်အခန်းကို မှတ်သားကာ သွားရောက် ပြီး အကျိုးအကြောင်းပြော ခေါ်ဆောင်လာခဲ့ရလေသည်။

♦♦♦

ကျွန်တော်တို့ ငါးယောက်သည် အတန်းပိုင်ဆရာမရှေ့တွင် မတ်တပ်ရပ်နေကြလေသည်။ သန်းဦး၏ မျက်နှာမှာသိသိသာသာကြီးပျက်နေလေသည်။ ကျော်စွာခိုင်မှာကား တစ်စုံတစ်ရာ အားကိုးတွေ့ရှိသည့်နှယ် အားတက်သရော မျက်နှာဖြင့်၊ ဝေယံမှာမူ ယခုပင် ခက်ခဲသောအမှုကြီးကို ဖြေရှင်းနိုင်လိုက်သူ စုံထောက်ကြီးသဖွယ် ခပ်

www.burmeseclassic.com

ကြွားစွာဖြင့်၊ မိန်းကလေးနှစ်ယောက်မှာမူ ဘာကိုမှ နားမလည်တော့သလိုဖြင့်၊ ဆရာမက-

"မောင်သန်းဦး၊ မင်း ယုယုအောင် ချွန်စက်ကိုယူပြီး ကျော်စွာခိုင်လွယ်အိတ်ထဲ ထည့်တယ်ဆို".

"ဟုတ် ဟုတ်ပါတယ် ဆရာမ"

"ဟယ်"

ရဲဇော်ပြောတာ ဟုတ်နေသဖြင့် အံ့သြကြရပြန်သည်။

"ဘာလို့ လုပ်တာလဲကွယ်"

"သား စတာပါ ဆရာမ"

"အာ ဆရာမ၊ စတာ မဖြစ်နိုင်ဘူး၊ ဒါ တမင် . . ."

"မောင်ရဲဇော်၊ ဆရာမ မေးမှ ဖြေရမယ်လေ"

ရဲဇော် ဝင်ပြောသည်ကို ဆရာမက ဟန့်လိုက်သည်။

"ကဲ နောက်ဆို မစရဘူးနော်၊ အခု မင်းစလိုက်လို့ သူငယ်ချင်းတွေ အချင်းချင်းရန်ဖြစ်ရပြီ၊ ဒါကောင်းလား"

"မကောင်းပါဘူး ဆရာမ၊ သား နောက်မလုပ်တော့ပါဘူး"

"အေး အေး နောက်မလုပ်တော့ပါဘူးဆိုတာ ခံဝန်ကတိ ထိုးရမယ်နော်၊ ကဲ ဒီမှာ နောက်မလုပ်ဘူးဆိုတဲ့အကြောင်း လက်မှတ်ထိုး"

သန်းဦးသည် ခံဝန်ကတိ စာအုပ်တွင် လက်မှတ်ထိုးရန် တွန့်ဆုတ်နေသည်။

"ဆရာမ သား မလုပ်တော့ပါဘူး၊ ကတိပေးပါတယ်၊ တကယ်ပါ။ ဒီစာအုပ်ထဲမှာတော့ လက်မှတ် မထိုးပါရစေနဲ့"

"မောင်သန်းဦး၊ ဆရာမ ပြောမြမယ်၊ ဆရာမတို့က ကျောင်းသားတွေကို ကျောင်းစာပဲ သိပ်ပေးရတာ မဟုတ်ဘူး၊ တာဝန်ယူတတ်အောင်နဲ့ ကတိတည်အောင်ပါ သင်ပေးရတာ၊ ကတိဆိုတာ နှုတ်နဲ့ လွယ်လွယ်ပေးရင် လွယ်လွယ်ဖျက်တတ်တယ်၊ နှုတ်တစ်ရာ စာတစ်လုံးတဲ့၊ ကဲ ကဲ ထိုးလိုက်ပါ"

"အီး ဟီးဟီး မထိုးပါရစေနဲ့ ဆရာမရယ်၊ သားကို ရိုက်ပါနော်၊ သား အရိုက်ခံပါ့မယ်၊ လက်မှတ်တော့ မထိုးပါရစေနဲ့"

သန်းဦးသည် ထူးဆန်းစွာငိုလေသည်။အဘယ်ကြောင့်နည်း။ ကျွန်တော် နားမလည်ပေ။ လက်မှတ်ထိုးလိုက်တာ ဘာဖြစ်မှာမို့လဲဟု ကျွန်တော် တွေးမိသည်။ ရဲဇော်ကို တစ်ချက်လှမ်းကြည့်လိုက်ရာ ရဲဇော်က သူထင်သားပဲဆိုသော မျက်နှာပေးဖြင့် ပြုံးစိစိလုပ်နေလေသည်။ ထိုစဉ် ဆရာမက-

"ကဲ ကဲ မောင်သန်းဦး၊ မင်း ခံဝန်ကတိ မထိုးချင်ရင်တော့ ကျောင်းအုပ်ကြီး ခုံးခန်းကို ပို့ရလိမ့်မယ်"

ထိုသို့ပြောခါမှ တချွဲချွဲဖြင့် လက်မှတ်ထိုးလေတော့သည်။ ဆရာမက-

"ဒီလိုမှပေါ့၊ သမီးယုယုအောင်ကော ပစ္စည်းပြန်ရတော့ ကျေနပ်တော့နော်"

"ဟုတ် ဟုတ်"

"မောင်သန်းဦးက သူငယ်ချင်းတွေကို တောင်းပန်လိုက်"

"ဟုတ်ကဲ့ ဆရာမ၊ သူငယ်ချင်းတို့ ငါ့ကြောင့် ရန်ဖြစ်ရတာ တောင်းပန်ပါတယ်"

"ရပါတယ်ဟာ"

"ရပါတယ်ကွာ"

"ကဲ- ဒါဖြင့် ကိုယ့်နေရာကိုယ် ပြန်ကြတော့၊ ဆရာမ အစာနံ့ဝင်ရဦးမယ်၊ မင်းတို့ နောက်တစ်ချိန် ဘာအချိန်လဲ"

"ပထဝီပါ ဆရာမ"

"အေး၊ စာကောင်းကောင်း လုပ်ကြ"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမသည် အားလုံးမှာကြားပြီး ထွက်သွားလေသည်။ သန်းဦးသည် ရဲဇော်ကို မကျေနပ်သည့် အကြည့်ဖြင့် တစ်ချက်ကြည့်ကာ ထွက်သွားသည်။ ရဲဇော်က ဂရုစိုက်ဟန်မပြပေ။

"ကျော်စွာခိုင်ရယ်၊ နင့်ကို ငါ အားနာလိုက်တာ ဘာပြောရမှန်းတောင် မသိဘူး"

"ရပါတယ်ဟာ၊ ဖြစ်တတ်ပါတယ်၊ ရဲဇော်၊ မင်းကို ငါကျေးဇူးတင်တယ်ကွာ"

"အေး ရဲဇော်၊ ငါလည်း နင့်ကို ကျေးဇူးတင်တယ်"

"ရပါတယ်ဟာ၊ နင်တို့ကလည်း ငါက ဝါသနာအရ လုပ်တာပါ"

ထိုစဉ် ခိုင်နွယ်က ဝင်မေးသည်။

"ဟဲ့ ရဲဇော်၊ ငါတော့ အံ့သြမဆုံးဘူး၊ ဘယ်လိုများ သိတာလဲဟယ်"

"အေး ပြောပြပါကွာ၊ ငါတို့ ပဟုသုတရတာပေါ့"

အားလုံးက ဝိုင်းမေးကြသော အခါ ရဲဇော်က ပြောပြလေတော့သည်။

"ငါ သန်းဦးကို မနက်ကတည်းက မသက်ာတာ၊ သူမျက်လုံးကို ကြည့်ရတာ တစ်ခုခုမဟုတ်တာလုပ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ပုံပဲ၊ ကြည့်နေရင်းက ယုယုအောင်နား ရစ်သီရစ်သီလုပ်တဲ့အထိ ငါ သတိထားမိတယ်၊ ယူလိုက်တာတော့ ငါ မသိလိုက်ဘူး၊ သိလိုက်ရင်တော့ကွာ အခုလို မဖြစ်ဘူး"

"ဒါပေမဲ့ သူ ယူလိုက်တာ နင် မမြင်ဘဲ ဘာကြောင့် တပ်အပ်ပြောနိုင်တာလဲ"

www.burmeseclassic.com

"ဒါက ဒီလိုရှိတယ်၊ စုံထောက်ပညာမှာ သံကွင်းဆက် လေ့လာနည်းဆိုတာရှိတယ်၊ ငါက သူ့ကို မသက်သာရုံ မသက်တာ၊ သက်သေ မရှိဘူးလေ၊ ဒီတော့ နင်တို့နှစ်ယောက် ရန်စဖြစ်တာနဲ့ ငါက သဘောပေါက်လိုက်ပြီး သူလက်ချက်ဆိုတာ၊ သူ့ကို လှမ်းကြည့်လိုက်တော့ အမူအရာ ပျက်နေတယ်၊ ဒါ နင်တို့ သာမန်မျက်စိနဲ့တော့ မမြင်ဘူးပေါ့၊ ငါကတော့ သိတယ်။

ဒါပေမဲ့ ဘာဖြစ်လဲ၊ သက်သေက မရှိဘူးလေ၊ ဒီတော့ ဒီကွင်းဆက်ကို ဆက်ဖို့ တစ်ကွင်းလိုနေတာပေါ့၊ သန်းဦးက ကျော်စွာခိုင်ကို ချောက်ချတယ်ထား၊ ဘာကြောင့်လဲ၊ ဒီကွင်းဆက်ကို ငါ ဖော်နိုင်ဖို့လိုတယ်။

ဒီတော့ သူတို့နှစ်ယောက်ရဲ့ တူညီတဲ့အချက် ဆက်နွယ်မှုရှိနိုင်တဲ့ အရာကို ငါစဉ်းစားတယ်၊ အဲဒါကတော့ ဘောလုံးပဲ၊ ဒီတော့ ဒီအဖြေဟာ ကျောင်းခန်းထဲမှာ မရှိဘူး၊ ဘောလုံးကွင်းထဲမှာ ရှိရမယ်၊ ဒါကြောင့် ငါ ဘောလုံးသွားကန်တယ်"

"ဩော်- ဒါကြောင့် မင်းက တစ်ခါမှမကန်တဲ့ ဘောလုံးကို သွားကန်တာကိုး၊ ဒါဖြင့်ကြောင့် ထူးဆန်းတယ်လို့ ငါထင်နေတာ"

"အေးဟုတ်တယ်၊ ဖြစ်ချင်တော့ နံပါတ်လေးအချိန်က G ခန်းက PT ချိန်ကွ၊ ဒါကြောင့်~ငါ မုန့်စားပြန်မတက်ဘဲ G ခန်းက ၆ တန်းလက်ရွေးစင်မှာ ကျော်စွာခိုင်နဲ့ တွဲကစားတဲ့အောင်မျိုးကို ငါ စောင့်ပြီးမေးတယ်၊ ကျော်စွာခိုင် ကစားတာ ဘယ်လိုနေလဲ ဘာညာပေါ့၊ အဲဒီမှာ ငါသိချင်တဲ့ကွင်းဆက်ကို သိလိုက်ရတယ်"

"ဘာတဲ့လဲ"

"ရှေ့တစ်ပတ်မှာ မြို့နယ်ဘောလုံး အဖွဲ့ချုပ်က လူရွေးပွဲရှိတယ်တဲ့၊ အလယ်တန်းလက်ရွေးစင် အသင်းအတွက် လူရွေးတော့မှာတဲ့၊ ကစားတာ ကောင်းရမှာ ဖြစ်သလို စာမီတ္တကောင်းမှ ရမယ်တဲ့၊ အခု ငါတို့ကျောင်းက ရှစ်တန်း လက်ရွေးစင် တိုက်စစ်မှုနေရာကို ကျော်စွာခိုင်နဲ့ သန်းဦးက တစ်ပြေးနေတယ်တဲ့၊ ဘယ်သူရမလဲ မသိဘူးတဲ့"

"ဩော် သဘောပေါက်ပြီ၊ ဒါကြောင့် ငါ့ကို စာရိတ္တမကောင်းသူဖြစ်အောင် ချောက်ချတာပေါ့"

"အမှန်ပဲ ကျော်စွာခိုင်"

"ဒါနဲ့ နေပါဦး ရဲဇော်ရ၊ မင်းက ငါနဲ့ တွေ့တဲ့အချိန်မှာ အဲဒါတွေကို သိပြီးနေပြီနော်"

"အေးလေ ဝေယ်ရ"

"ငါနဲ့တွေ့ပြီး မင်း ယုယုအောင်တို့ ဘယ်အချိန် အပြင်သွားတာလဲ၊ ဘာလဲ မေးတာက"

"ဒါက မေးရမယ်လေ၊ ယူလိုက်တာကို မမြင်တဲ့အတွက် ယူတဲ့အချိန်ကို အတိအကျသိရအောင် မေးတာပဲ"

"ဩော် ပြီးတော့၊ နင် ငါ့ချွန်စက်ကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်တော့ ဘာတွေ့လဲ"

"ဒါက နောက်ဆုံးအဆင့်ပဲ၊ ဘယ်သူ ယူသလဲ၊ ဘာကို ယူသလဲ၊ ဘယ်နေရာ ဘယ်အချိန်မှာ ဘယ်လို ယူသလဲ၊ ဘာကြောင့် ယူသလဲဆိုတဲ့ အခြေခံ ဘ ၆ လုံးကို ငါသိနေပြီ၊ ဒါပေမဲ့ သက်သေပြဖို့ သဲလွန်စ ရှာရတယ်လေ"

"နင် ဘာ သဲလွန်စတွေ့လဲ"

"ဒါတော့ နည်းနည်း ရယ်ရတယ်၊ ဒီကောင် သန်းဦးက ကောက်ညှင်းပေါင်းသိပ်ကြိုက်တဲ့ကောင်၊ အဲသူ့အကျင့်က ကောက်ညှင်းပေါင်းစားပြီး ဘယ်တော့မှ လက်မဆေးဘူး၊ ငါ ကြည့်ကြည့်နေတာ ကြာပြီ၊ ဒီနေ့မနက်လည်း ကျောင်းကို အလာလမ်းမှာ ဒီကောင် ကောက်ညှင်းပေါင်းဝယ်တာ ငါတွေ့တယ်"

"အဲဒါ ဘာဆိုင်လို့လဲ"

"ဒီမှာ ကြည့်ကြ၊ ချွန်စက်မှာ ဒီနားကို ကိုင်ကြည့်ကြစမ်း၊ ဘယ်လိုနေလဲ"

"အေး ကပ်စေး ကပ်စေးနဲ့"

"အေး အဲဒါ သဲလွန်စပဲ၊ သူငြင်းရင် ဒါက သက်သေပဲလေ"

"အေးဟယ်၊ နင်က သိပ်တော်တာပဲ"

"အာ ဒါက လွယ်သေးတယ်၊ တရားခံက မငြင်းဘူးလေ၊ ဒါကြောင့် နှစ်နာရီအတွင်း ဖော်ထုတ်နိုင်တာပေါ့"

"အခုတော့ ငါ့ကိုချောက်ချချင်တဲ့ကောင် ခံဝန်ကတိနဲ့ ညားသွားပြီ"

"အေးလေ၊ ငါတို့ မြန်မာစာဖွတ်စာထဲက မကောင်းကြံ ဘေးဒက်ထိ ဆိုတာ သူ့ကို ပြောတာနေမှာ"

"ဟုတ်ပ၊ အခုတော့ ကျော်စွာခိုင်၊ နင် တိုက်စစ်မှုး လွတ်လွတ်ကျွတ်ကျွတ် ဖြစ်ပြီပေါ့"

"အို အဲ့လို မဟုတ်လည်း ငါသူ့ကို ကောင်းကောင်းယှဉ်နိုင်ပါတယ်"

"အခုတော့ ယှဉ်စရာမလိုတော့ဘူးလေကွာ"

"ဟား ဟား ဟား"

ထိုစဉ် အချိန်ပြောင်း ခေါင်းလောင်းသံကို ကြားလိုက်ရလေတော့သည်။

"ကလင် ကလင် ကလင် ကလင်"

မောင်ဝင်းထိန်(အင်းစိန်)

❑

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ ဘဏ်ကြိုးတွေ ရောက်သင့်သလောက် ရောက်ခဲ့ပြီလား

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၏ မိုးရာသီမှာ အဆက်မပြတ် မိုးရွာသွန်းလွန်းပြီး နေ့ဆက် ရက်ဆက် ရွာတတ်သည့်အလေ့ ရှိသည်။ အညာသူ၊ အညာသားများဖြစ်သည့် ကျွန်တော်တို့ ဇနီးမောင်နှံမှာ မိုးများသော ရပ်ဝန်းဒေသတွင် မနေတတ်ကြ။ နေ့စဉ် ဟင်းချက်စရာ ဝယ်ယူရန် ဈေးမသွားလို့ကလည်း မဖြစ်။ သွားရပြန်တော့လည်း ရေတော၊ မိုးတော၊ ရွံ့တော၊ ဖွက်တောထဲမှာ တစိုစို တစွက်စွက်နှင့် ဈေးဝယ်ရသည်။

ထိုသို့ မိုးများမှုနှင့် လေဖြတ်မလို နှစ်ကြိမ်တိုင်တိုင် လေဖြန်းခဲ့ဖူးသော ဇနီးဖြစ်သူ၏ ကျန်းမာရေးနှင့်က မည်သို့မျှ အဆင်မပြေ။ ထို့ကြောင့် မိုးများသော ရပ်ဝန်းဒေသမှသည် မိုးနည်းသော ရပ်ဝန်းဒေသ တစ်ခုခုသို့ ပြောင်းရွှေ့ရန် ကြိုးစားရတော့သည်။

ကြိုးစားဖို့အတွက် ရန်ကုန်မြို့တရားရုံးချုပ်တွင် ဖွင့်လှစ် ပို့ချလျက်ရှိသည့် တရားရေးအရာရှိများ ရက်တိုသင်တန်းသို့ တက်ခွင့်ရအောင် စာရင်းပေးပြီး သင်တန်းသွားတက်သည်။ သင်တန်းဖွင့်ပွဲတွင် မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆရာသမားများ၏ ရုံးခန်းများ၊ အိမ်များသို့ သွားရောက်ခြင်းမပြုရ၊ လိုက်နာမှု မရှိပါက ဝန်ထမ်း စည်းမျဉ်းစည်းကမ်းအရ ထိရောက်စွာ အရေးယူမည်ဆိုသဖြင့် ကြောက်လန့်ပြီးမသွားဝံ့တော့။

နောက်ဆုံး သင်တန်းသား ၅ ဦးသာ ပြီးဆုံးသွားသည်၊ ကိုယ့်လခရင်းကိစ္စ ဘာမျှမကြိုးစားလိုက်ရတော့ဘဲ လာရာလမ်းသို့ ပြန်ရမည့်ကိန်း ဆိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဘုရား၊ တရား၊ သံဃာတည်း ဟူသော ရတနာမြတ်သုံးပါးတို့နှင့် မိဘဆရာသမားများ ဂုဏ်ကျေးလူးကြောင့် သင်တန်းဆင်းပွဲအခမ်းအနားပြီးဆုံးချိန်တွင် မထင်မှတ်ဘဲ တရားသူကြီးချုပ်၏ ခေါ်ယူတွေ့ဆုံခြင်းကို ခံခဲ့ရသည်။

ထိုအခါ ကိုယ့်အခက်အခဲကိုလည်း တင်ပြခွင့်ရရှိခဲ့သဖြင့် နောက် (၆)လအကြာတွင် မိုးများရာ ရပ်ဝန်းဒေသမှ မိုးနည်းရာ ရပ်ဝန်းဒေသတစ်ခုဖြစ်သည့် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် ထရားရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့တော့သည်။ ဤကား ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ခြင်း၏ လက်တွေ့ အကျိုးတည်း။

သို့နှင့် ကျွန်တော့်မှာ ၁၉၉၃-ခုနှစ်၊ ဧပြီလခန့်တွင် မြင်းခြံမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတော့သည်။ မြင်းခြံသို့ ရောက်ရှိသည့်အခါ မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်း သာသနာပြုနယ်မြေနှင့်လည်း နီးသွားပြီဖြစ်သဖြင့် ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီးထံ မကြာခဏဆိုသလို သွားရောက်ဖူးမြော်ခွင့်ရတော့သည်။

မြင်းခြံမြို့တွင် အနေကြာလာသောအခါ ရွှေပေါ်ကျွန်းသို့ မရောက်ဖူးသူများ၊ ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီးအား တစ်ကြိမ်တစ်ခါမျှ မဖူးဘူးသူများကိုလည်း တစ်နွယ်ငင် တစ်စင်ပါ ကျွန်တော် ခေါ်ဆောင်သွားရာမှ အချို့မှာ သေရည်သေရက် သောက်သုံးခြင်းမှ လည်းကောင်း၊ သားကြီး ငါးကြီး စားသုံးခြင်းမှ လည်းကောင်း အချိန် ကာလအပိုင်းအခြား အားဖြင့်ဖြစ်စေ၊ ရာသက်ပန်ဖြစ်စေ ရှောင်ကြဉ်ဖြစ်သွားကြလေသည်။

တတ်နိုင်သမျှ ကုသိုလ်ဒါနပွားများနိုင်ကြရန် နီးစပ်သူများကို လက်တွဲခေါ်ဖြစ်တော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း သားကြီး ငါးကြီးများကို အကြိမ်ကြိမ် ရှောင်ကြဉ်ဖြစ်လေသည်။

သို့သော် လူ့ဘဝ ဟူသည် ထာဝရ သာယာဖြောင့်ဖြူးနိုင်မှုကား မရှိပါချေ။ လူတစ်ဦးစီတွင် အတိတ်ကံဆိုသည်ကလည်း မယုံလို့ မဖြစ်ပေ။ လက်ရှိဘဝတွင် ကောင်းမွန်စွာ နေထိုင် စားသောက်နေကြရသူများသည် အတိတ်ကံကောင်းခဲ့ကြ၍သာ ဖြစ်လေသည်။

လက်ရှိဘဝတွင် ဆင်းရဲခြင်း လောကဓံတရားကို ရက်စက်ရင့်သီးစွာ အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ ခံစားခဲ့ကြရပြီးမှ ထီဆုကြီး ထပေါက်ကာ ချမ်းသာသွားခြင်း၊ မျှော်လင့်မထားသော အမွေများ ရရှိလာကြပြီး ဘဝတစ်ခု ပြောင်းလဲသွားခြင်းတို့သည် ထိုသူ၏ အတိတ်ကံအကျိုးပေးချိန် ရောက်လာလေသောကြောင့် ဖြစ်ပေမည်။

ထို့အတူ ကျွန်တော့်ဘဝမှာလည်း အတိတ်ကံ အကျိုးပေးမှု တစ်ခုကို ကြုံခဲ့ရလေသည်။ သို့သော် ထိုအကျိုးပေးမှာ ကောင်းသော အတိတ်ကံ အကျိုးပေးတော့ မဟုတ်ပါချေ။

မြင်းခြံတွင် တာဝန် ထမ်းဆောင်ရင်း မိမိလက်အောက်တပည့် အချို့၏ ပေါ်လျော့မှုကြောင့် တစ်ခုတစ်ရာ မသီရှိလိုက်ရဘဲ တာဝန်ပေါ်ဆမှုဖြင့် ခေတ္တရာထူးချထားခြင်းကို ခံလိုက်ရလေတော့သည်။ PE (ခေါ်) ရှေးဦးစုံစမ်းစစ်ဆေးခြင်းမှ DE (ခေါ်) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခံရခြင်းအထိ စုံစမ်းခြင်းကို ခံရလေသည်။

သို့သော် ကျွန်တော့်မှာ -

"ဦ ဖုဋ္ဌဿ လောက ဓမ္မတိ၊ စိတ္တံ ယဿ နကမ္မတိ၊ အသောကံ ဝိရဇံ ခေမံ ဘေးမရှိ" ဟူသော ဥစ္စာဖြာ မင်္ဂလာတရားတော်လာ လောကဓံတရား ရှစ်ပါးနှင့် တွေ့သော် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း အလျှင်းမရှိဘဲ ရတနာသုံးပါးတို့၏ ဂုဏ်တော်များကိုသာ အမြဲပွားများခဲ့လေသည်။

ရာထူးချခံထားရသဖြင့် လွတ်လပ်သူ တစ်ဦးကဲ့သို့ ဖြစ်နေသည့် အခိုက်တွင် ရွှေပေါ်ကျွန်းဆရာတော်ကြီးရှိရာကျောင်းတော်သာသို့ အကြိမ်ပေါင်းများစွာ ရောက်ရှိခဲ့ပြီး သာသနာ့အကျိုးတို့ကိုသယ်ပိုးခွင့်ရခဲ့လေသည်။

ကျွန်တော် ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဆရာတော်ကြီးထံ အကျိုးအကြောင်း လျှောက်ထားသောအခါတွင် ဆရာတော်ကြီးက ကျင့်စဉ်တစ်ခု နေ့စဉ်ပြုရန် ချီးမြှင့်လေသည်။

ဆရာတော်ကြီး ချီးမြှင့်သည့် ကျင့်စဉ်ကို နေ့ညမပျက်ရအောင်လည်း အထူးဂရုပြုလုပ်ဆောင်ခဲ့လေသည်။ ထိုကျင့်စဉ်ကား မိမိနေအိမ်က ဘုရားစင်တွင် နေ့စဉ် နံနက်ပိုင်းတွင် ဆွမ်းတော်၊ ရေချမ်း၊ ဆီမီးပူဇော်ခြင်းဖြင့် တစ်ကြိမ်၊ ညဦးအချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဆီမီးနှင့် ရေချမ်း ဆက်ကပ်ခြင်းဖြင့် တစ်ကြိမ်

"ဗုဒ္ဓါမေ သရဏံ အည်နတ္ထိ၊ ဓမ္မောမေ သရဏံ အည်နတ္ထိ၊ သံဃောမေ သရဏံ အည်နတ္ထိ" ကို ရွတ်ဆိုပြီး ပုတီးပတ်စိစပ်ရန် ဖြစ်လေသည်။

ထို့ကြောင့် ကျွန်တော့်မှာ ဆရာတော်ကြီး ချီးမြှင့်သည့် အဆိုပါ ကျင့်စဉ်ကို နေ့ညမပျက် ပုတီးပတ်ပြည့်အောင်စိပ်ရင်း မိမိ၏ ကျင့်ကြံအားထုတ်မှုတို့ နှစ်မြှုပ်ထားလိုက်လေတော့သည်။

ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခံရစဉ် ကျွန်တော့်ဘက်က သက်သေအဖြစ် မည်သူတွေ တင်ပြမည်နည်းဟု သက်ဆိုင်ရာ တာဝန်ရှိ ဆရာသမားက မေးမြန်းရာ ကျွန်တော်က ကျွန်တော့်ဘက်က သက်သေအဖြစ် မြင်းခြံမြို့နေ သက်သေများအပြင် တရားရုံးချုပ်မှ အဆင့်မြင့် ဆရာသမားတစ်ဦးနှင့် မန္တလေးခရိုင်တရားသူကြီးတို့ကိုလည်း သက်သေအဖြစ် တင်ပြလိုကြောင်း တိုင်းတရားသူကြီးက တင်ပြခဲ့ရာ ထိုစဉ်ကဌာနဆိုင်ရာ စစ်ဆေးရေးအရာရှိဖြစ်သူ မန္တလေးတိုင်းတရားသူကြီးက မန္တလေးခရိုင်တရားသူကြီးကို စစ်ဆေးရန်မှာ မန္တလေးမြို့ရှိ တိုင်းရုံးတွင် အပေါ်ထပ်နှင့်အောက်ထပ်ဖြစ်သဖြင့် လွယ်ကူနိုင်မည်ဖြစ်သော်လည်း ရန်ကုန်မြို့ တရားရုံးချုပ်မှ ဆရာကို ခေါ်စစ်ရန်မှာ တာဝန်များပြားသည့်အတွက် တရားရုံးချုပ်၊ တရားသူကြီးချုပ်က ခွင့်ပြုဖို့ မလွယ်ကြောင်း ပြောလေသည်။

သို့သော် ကျွန်တော့်မှာ ကျွန်တော့်လုပ်ရည်ကိုင်ရည်၊ ကျွန်တော့်အကျင့်စာရိတ္တ၊ ကျွန်တော့်ကိုယ်ကျင့်တရားနှင့် ပတ်သက်ပြီး ထောက်ခံပေးနိုင်မည့်သူများမှာ ထိုဆရာသမားများမှာမှ အဓိက ဖြစ်သည့်အတွက် သက်သေစာရင်းမှ မပယ်လိုကြောင်း ပြန်လည်တင်ပြရာ တိုင်းတရားသူကြီးကလည်း ကျွန်တော့်ကိုတစ်စုံတစ်ရာ မပြောတော့ပေ။

ထို့နောက် အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ ကျွန်တော့်အပေါ် စုံစမ်းစစ်ဆေးမှုမှာ ကြာမြင့်ခဲ့လေသည်။ ကျွန်တော်က တော့ လုပ်မြဲကိုင်မြဲဖြစ်သည့် နေ့စဉ်နံနက်၊ ည ဆရာတော်ကြီး ချီးမြှင့်လိုက်သည့်ကျင့်စဉ်ကို အထူးဂရုစိုက် ကျင့်ဆောင်ခြင်းနှင့် အခြား အခြားသော ရတနာသုံးပါး ဂုဏ်တော်တို့ကို ပွားများရွတ်ဆိုခြင်းတို့ဖြင့် အချိန်ကုန်မှန်းမသိ ကုန်လေတော့သည်။

ထိုအချိန်ကာလများ အတွင်း ဌာနဆိုင်ရာစစ်ဆေးခံရမှုတွင် ကျွန်တော် ပြသသည့် ကျွန်တော့်ဘက်မှ သက်သေများလည်း ကုန်သလောက် နီးပါးရှိပြီး မန္တလေးခရိုင်တရားသူကြီးနှင့် ရန်ကုန်မြို့နေ တရားရုံးချုပ်မှ ဆရာသမားတို့သာ ကျန်ရှိတော့လေသည်။

တစ်နေ့သောအခါ ကျွန်တော့်ထံ မန္တလေးမြို့နေ သူငယ်ချင်းတစ်ဦးက မင်္ဂလာသတင်း တစ်ခုကို ပေးပို့လာလေသည်။

ထိုသတင်းကို ကြားသိလိုက်ရသည့်အချိန်တွင် ကျွန်တော့်မှာထခုန်ချင်စိတ် ပေါက်လောက်အောင်ပင် ပျော်ရွှင်မိတော့သည်။ သူငယ်ချင်းဖြစ်သူအား 'သေချာရဲ့လား'ဟုထပ်မံမေးမြန်းရာ သူငယ်ချင်းဖြစ်သူက -

"မန္တလေးတိုင်းရုံးကို ရောက်နေပြီ၊ အလုပ်တောင် လက်ခံပြီးသွားပြီ" ဟု ပြန်ပြောသဖြင့် ကျွန်တော် အပျော်ကြီးပျော်မိလေတော့သည်။

ကျွန်တော် ပျော်မည်ဆိုကလည်းပျော်စရာပင်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ ဌာနဆိုင်ရာ စစ်ဆေးခံရမှုတွင် ကျွန်တော့်ဘက်ကသက်သေအဖြစ်တင်ပြရန်အမည်စာရင်းပေးထားခဲ့သော ရန်ကုန်မြို့၊ တရားရုံးချုပ်မှ ဆရာသမားဖြစ်သူမှာ မန္တလေးတိုင်းတရားရုံးသို့ တွဲဖက်တိုင်းတရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ရောက်ရှိလာသည်ဆိုသော သတင်းကြောင့်ပင် ဖြစ်လေသည်။

သို့ဖြင့် ကျွန်တော်နှင့် ပတ်သက်ပြီး ထောက်ခံချက်ပေးနိုင်မည့် မည်သို့မျှ သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် မဖြစ်နိုင်ဟု ယူဆထားသည့် ရန်ကုန်မြို့နေ တရားရုံးချုပ်မှ ဆရာသမားနှင့် မန္တလေးခရိုင် တရားသူကြီးတို့အား သက်သေအဖြစ် တင်ပြခြင်းလည်း စစ်ဆေးပြီးဆုံးသွားလေတော့သည်။

ပို၍ အံ့သြဖွယ်ကောင်းလွန်းလှသည့်အချက်တစ်ခုကိုလည်းထပ်မံတင်ပြလိုပေသေးသည်။

ထိုအချက်မှာ ကျွန်တော့်ဘက်မှ သက်သေအဖြစ် တင်ပြခဲ့သော ရန်ကုန်မြို့၊ တရားရုံးချုပ်မှ ဆရာသမားမှာ မန္တလေးတိုင်း တရားရုံးတွင် တွဲဖက်တိုင်းတရားသူကြီး

www.burmeseclassic.com

အဖြစ် တာဝန်ထမ်းဆောင်လိုက်ရသည်မှာ စိတ်အထင် တစ်လခန့်ပင် မကြာလိုက်သည့်အချိန်တွင် ရန်ကုန်မြို့တရားရုံးချုပ်သို့ ညွှန်ကြားရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခံရပြီး ပြန်လည်ပြောင်းရွှေ့သွားခြင်းပင်။

ဆရာသည်ကျွန်တော့်အတွက် တကူးတက သက်သေလာခံပေးခြင်းနှင့်ပင် တူနေလေတော့သည်။ ကျွန်တော့်ဘဝတွင် အဆိုပါ 'ဖြစ်ရပ်မှာ လွန်စွာအံ့ဩတုန်လှုပ်ခဲ့ရသည်အထိ ဖြစ်ခဲ့ရလေသော တိုက်ဆိုင်မှုပေလောဟု ထင်ခဲ့မိလေတော့သည်။

(အဆိုပါ ဆရာမှာ ယနေ့ထက်တိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးအဖြစ် ကျန်းမာစွာဖြင့် တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေဆဲ ဖြစ်ပါသည်)

အထက်ပါဖြစ်ရပ်နှင့် အလားသဏ္ဌာန်တူသော ဖြစ်ရပ်တစ်ခုကလည်း ထိုအခေတာအတွင်း ထပ်မံပေါ်ပေါက်ခဲ့ပြန်သေးသည်။

နေ့တစ်နေ့ အိမ်တွင် ကျွန်တော်ရှိနေစဉ် ကျွန်တော့်ထံသို့ ကျွန်တော်တို့ ဦးကြီးအရွယ် အသက်ခပ်ကြီးကြီး အမျိုးသားကြီးတစ်ဦး ရောက်ရှိလာလေသည်။ ထိုသူမှာ ကျွန်တော် ယခုအချင်းဖြစ်ပျက်သော ကိစ္စမျိုး မဖြစ်ပေါ်မီက ကူညီခဲ့ဖူးသူတစ်ဦး ဖြစ်လေသည်။ သူ၏သမက်ဖြစ်သူမှာ ဈေးအတွင်း ရန်ဖြစ်သည်ကို တစ်ဖက်မှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၅၂အရ ပုဒ်မတပ်ကာတရားစွဲဆိုခံထားရသောအမှုတွင် ကျွန်တော်မှာ မှုန်ကန်စွာ ရပ်တည်ပေးခဲ့သောကြောင့် ကျွန်တော့်အပေါ် ကြည်ညိုမှုဖြင့် ရောက်ရှိလာသူ ဖြစ်သည်။

ထိုအန်ကယ်လ်ကြီးမှာ ထိုစဉ်က နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်ဖြစ်တော်မူသော မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော် ဦးသောဘိတနှင့် ဆရာ၊ ဒကာရင်း ဖြစ်ကြောင်းနှင့် ကျွန်တော်၏ အခက်အခဲကို ရန်ကုန်မြို့ရှိ ဆရာတော်ကြီး သီတင်းသုံးရာသို့ သွားရောက်လျှောက်ထားပေးလိုကြောင်း ပြောကြားလေသည်။

ကျွန်တော့်အနေနှင့် ဆရာတော်ကြီးအား လူပုဂ္ဂိုလ်များကိစ္စအတွက် သွားရောက် ဒုက္ခမပေးလိုကြောင်း အတန်တန်ပြောကြား ငြင်းဆိုပါသော်လည်း အဆိုပါ အန်ကယ်ကြီးမှာ သူ့အလှည့် ကူညီနိုင်သည့် အခါတွင်မှ မကူညီရလျှင် မည်သို့မျှ စိတ်ကောင်းမည် မဟုတ်ကြောင်းကို အဓိကတန် တောင်းပန်ပြောဆိုလာသည့်အတွက်သက်ကြီးရွယ်အိုတစ်ဦး စိတ်ချမ်းမြေ့စေရန် ရန်ကုန်မြို့သို့ ၎င်းနှင့်အတူသွားရောက်ရန် ဆုံးဖြတ်ပြီး လက်ခံလိုက်ရလေတော့သည်။

သို့သော် ကျွန်တော်တို့ သွားရောက်ခါနီးဆဲဆဲတွင် သွားရောက်စရာ မလိုတော့သည့် အကြောင်းကဖန်လာပြန်တော့သည်။ ဆန်းကြယ်လေစွ။ အဘယ်ကြောင့်ဟူမူ- နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးမှာ ပုဂံဒေသသို့ နိုင်ငံတော် အစီအစဉ်ဖြင့် ကြွရောက်လာရင်းမှ သူ့မူလဌာနေ မြင်းခြံမြေသို့ မမျှော်လင့်ဘဲ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ကျွန်တော့်မှာ ရန်ကုန်မြို့သို့ စရိတ်စက အကုန်အကျခံကာ တကူးတကသွားရောက်ဖူးမြော် လျှောက်ထားရန်မလိုတော့ဘဲ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်တွင်ပင် ဆရာတော်ဘုရားကြီးအား ဦးခိုက်ဖူးမြော်ရင်း ဆရာတော်ကြီး၏ တပည့်ဒါယကာအရင်းဖြစ်သူ အန်ကယ်ကြီးမှ အကျိုးအကြောင်း အဖြစ်အပျက် အစုံအလင်ကို အေးဆေးစွာ လျှောက်ထားနိုင်လေတော့သည်။

ထိုအခါ ဆရာတော်ကြီးမှ ကျွန်တော့်အား စိုးရိမ်ခြင်း အလျှင်းမရှိဘဲ စိတ်လက်ချမ်းသာစွာ နေထိုင်ရန် မိန့်ကြားပြီး နောက်တစ်နေ့တွင် ရဟတ်ယာဉ်ဖြင့် ပုဂံဒေသသို့ ပြန်လည် ကြွချီသွားလေတော့သည်။

ဤအဖြစ်အပျက်မှာလည်း ကျွန်တော့်ဘဝတွင် ရတနာသုံးပါး အား ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ခြင်းကြောင့် ရရှိခဲ့သည့် ထူးခြားဆန်းကြယ်လှစွာသော အကျိုးတစ်ခုဟု ယုံကြည်မိပါတော့သည်။

တစ်နေ့သောအခါ ကျွန်တော့်အိမ်သို့ မြစ်ကြီးနားမြို့နေ ဇနီးဖြစ်သူ၏အဒေါ်နှင့်ဦးလေးဖြစ်သူတို့ရောက်ရှိလာကြပြန်လေသည်။ ဦးလေးနှင့် အဒေါ်တို့မှာ ရွှေဘို ကန့်ဘလူဇာတိများဖြစ်ကြပြီး မြစ်ကြီးနားမြို့တွင် အခြေချ နေထိုင်ကြသူများလည်း ဖြစ်လေသည်။ အောက်ပြည် အောက်ရွာသို့ ဘုရားဖူးရန် ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

ထိုစဉ် ကျွန်တော့်မှာလည်း ရာထူးချခံထားရသော ကာလဖြစ်သဖြင့် အားလပ်နေချိန်လည်း ဖြစ်ရကား ဦးလေးနှင့် အဖေါ်တို့က ပုဂံဘုရားများနှင့် ရှေ့ပေါ်ကျွန်းဆရာတော်ကြီးအား ဖူးချင်သည်ဆိုသဖြင့် ပုဂံဘုရားများအနှံ့နှင့် ရွှေ့ပေါ်ကျွန်းဆရာတော်ဘုရားကြီးထံ လိုက်ပါပို့ဆောင်ပေးခဲ့ရသေးလေသည်။

ၚင်းတို့ မြစ်ကြီးနားသို့ ပြန်ခါနီးတွင် -

"မင်းတို့ ကိစ္စပီစ္စတွေ ပြီးရင် မြစ်ကြီးနားကို ပြောင်းခဲ့ကြတွာ" ဟု ပြောလေရာ ကျွန်တော့်မှာ -

"ဦးလေးရာ မြစ်ကြီးနားကို ပြောင်းရဖို့ နေနေသာသာ လက်ရှိ အလုပ်အကိုင်ပြန်ရဖို့ပဲ ဆုတောင်းပေးပါဦး၊ ပြီးတော့ ကျွန်တော်တို့ ဌာနက ကျွန်တော့်ကို ဘယ်ကိုပြောင်းပေးပါလို့ တောင်းဆိုလို့ရတာ မဟုတ်ဘူး"

ဟု ရယ်ရယ်မောမော ပြန်ပြောပြရာ ဦးလေးက -

"မသိဘူးလေကွာ၊ ဟိုမှာက ငါတို့ရှိတော့ မင်းတို့ အိမ်ငှားစရာလည်း ပူစရာမလိုဘူး၊ ငါကတော့ မင်းတို့ မြစ်ကြီးနားဘက်ရောက်စေချင်တာပဲ" ဟုပြောဆိုရင်းဖြင့် မြစ်ကြီးနားသို့ ပြန်သွားကြလေတော့သည်။

သို့သော် ကျွန်တော့်မှာ 'အစိုးရအလုပ်ကို ကဲမကောင်း အကြောင်းမလှ၍ ပြုတ်ချင်လည်း ပြုတ်ပါစေတော့၊ စောစောပြုတ်လျှင် စောစော စီးစီး အလုပ်ထွက်ရကာ ပြင်ပစီးပွားရေးလုပ်ငန်းလုပ်ရင်း စောစော ကြီးပွားချမ်းသာမည်' ဟု သဘောပိုက်လျက်သာ နေခဲ့မိလေသည်။

ဤသို့ဖြင့် ထိုကာလအတွင်း ကျွန်တော့်မှာ ရုံးတက်စဉ်က မလုပ်ဖြစ်သော ကုသိုလ်ရေးအလုပ်များကို ပိုမိုလုပ်ဆောင်ဖြစ်ခြင်း၊ ဟိုစဉ်က မရွတ်ဖတ်မပွားများဖြစ်သော တရားများ ပွားများဖြစ်ခြင်းနှင့် ရွှေ့ပေါ်ကျွန်း ဆရာတော်ကြီး ချီးမြှင့်သည့် ကျင့်စဉ်ကိုလည်း မှန်မှန်ကျင့်ကြံခြင်းတို့ကို ပြုခြင်းတို့ဖြင့် ကိုယ်စိတ်နှစ်ပါး ပေါ့ပေါ့ပါးပါးဖြင့် ပျော်ရွှင်နေမိလေတော့သည်။

အစိုးရဝန်ထမ်းတစ်ဦး ဖြစ်နေ၍သာ ပြင်ပ စီးပွားရေးအလုပ်ကို ထဲထဲဝင်ဝင် မလုပ်ဖြစ်သေးသော်လည်း ရာသီ သီးနှံများဖြစ်သော် ငရုတ်လှော်၊ ပဲလှော် စသည့် အလုပ်များကိုတော့ ဟိုစပ်စပ် သည်စပ်စပ် လုပ်ဖြစ်နေလေသည်။ အမှန်အတိုင်း ပြောရလျှင်တော့ ထိုအလုပ်များ လုပ်ဖြစ်သည်ဆိုသည်မှာလည်း ကျွန်တော်လုပ်ခြင်းတော့ မဟုတ်ပါ။ ကျွန်တော့်ဇနီးဖြစ်သူ၏ မိဘများမှာ ဆန်ပွဲရုံပိုင်ရှင်များ ဖြစ်လေရာ ဇနီးဖြစ်သူမှာလည်း အရောင်းအဝယ် တတ်ပြီးသားဖြစ်သဖြင့် လုပ်ဖြစ်ခြင်းလည်း ဖြစ်လေသည်။

သို့နှင့် တစ်နေ့သော နေ့လယ်ခင်းတွင် မြင်ခဲ့မြို့နယ်တရားရုံးမှ ရုံးအကူဝန်ထမ်းတစ်ဦး ကျွန်တော့်အိမ်သို့ရောက်ရှိလာပြီး ရုံးတွင် ကျွန်တော့်နာမည်ဖြင့် တရားရုံးချုပ်မှ စာတစ်စောင် ရောက်ရှိနေကြောင်း၊ အဆိုပါစာအား ကိုယ်တိုင် လာယူပါရန် မြို့နယ်တရားသူကြီးက အံခေါ်လွှတ်လိုက်ကြောင်း ပြောဆိုကာ လာခေါ်လေသည်။

ထို့ကြောင့် ကျွန်တော်လည်း ကျွန်တော့်ကိစ္စ ထူးပြီဆိုပြီး သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် ရုံးသို့လိုက်သွားလေရာ မြို့နယ်တရားသူကြီး ဦးလှဝင်းရွှေ အခန်းတွင်းသို့ ရောက်သောအခါ စားပွဲပေါ်တွင် အညိုရောင် စာအိတ်ကြီးတစ်အိတ်တွေ့ရလေသည်။ မြို့နယ်တရားသူကြီး ဦးလှဝင်းရွှေက -

"ညီရဲ့ By Name နဲ့ ရုံးချုပ်က စာရောက်နေလို့ ခေါ်ခိုင်းလိုက်တာ၊ မင်္ဂလာရှိတဲ့စာ၊ ကောင်းသောစာ ဖြစ်ပါစေလို့ အစ်ကိုကြီး ဆုတောင်းပါတယ်" ဟုပြောရင်း စာအိတ်ကို ပေးလေသည်။

သို့သော် ကျွန်တော်ကိုယ်တိုင် ကလည်း အလုပ်မှနားနေရသည်မှာ (၆) လခန့်ကြာမြင့်သွားပြီ ဖြစ်သည့်အတွက် အလုပ်အပေါ် သိပ်စိတ်မဝင်စားတော့ပေ။ အစိုးရ လခစား အလုပ်မှ စောစောနားရလျှင် စောစော ကြီးပွားမည်ဟုသာ တွေးထားလေသည်။

သို့နှင့် ကျွန်တော့်လက်ထဲရှိ အညိုရောင် ရုံးစာအိတ်ကြီးကို ထိပ်တစ်ဖက်မှ တဖြည်းဖြည်းချင်း ဖွင့်လိုက်ပြီး အတွင်းမှစာရွက်ဖြူဖြူလေးနှစ်ရွက်ကို ထုတ်လိုက်လေသည်။

ထို့နောက် စာရွက်ခေါက်ကို ဖွင့်ပြီး ဖတ်လိုက်တော့ ကျွန်တော့်ကို တာဝန်မှ ယာယီရပ်ဆိုင်းထားရသော ကာလအတွက် ရရန်ရှိသည့် လစာများ ပြန်လည်ထုတ်ခွင့်ပြုကြောင်းနှင့် နောက်နောင် တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုမရှိစေရန် သတိပေးသော စာဖြစ်ပြီး နောက်တစ်စောင်

www.burmeseclassic.com

www.burmeseclassic.com

မှာမူ ကျွန်တော် လုံးဝ မျှော်လင့်ထား ခြင်းမရှိသည့် ကချင်ပြည်နယ်တရား ရုံး၊ မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေသည့် အမိန့် ပင် ဖြစ်လေသည်။

ထိုအခါကျမှ ကချင်ပြည်နယ် သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူး သေးသော ကျွန်တော် အလွန်ပျော်မိ ပါတော့သည်။

ကျွန်တော်တို့အနေဖြင့် ဘဝ တွင် အခက်အခဲတစ်ခုခု ကြုံလာပါ က ဘုရား၊ တရား၊ သံဃာမှလွဲ၍ အားကိုးစရာ မရှိပြီ။ ထို့ကြောင့် ရွှေ ပေါ်ကျွန်း ဆရာတော်ဘုရားကြီးက အခက်အခဲ တစ်စုံတစ်ရာနှင့် ရင် ဆိုင် ကြုံတွေ့နေရသည့်အချိန်တွင် ဘုရားမှတစ်ပါး၊ ကိုးကွယ်ရာမရှိ၊ တရားမှတစ်ပါး၊ ကိုးကွယ်ရာမရှိ၊ သံဃာမှတစ်ပါး၊ ကိုးကွယ်ရာမရှိ **"ဘုဒ္ဓါ မေ သရဏံ အည်နတ္ထိ၊ ဓမ္မော မေ သရဏံ အည်နတ္ထိ၊ သံဃော မေ သရဏံ အည်နတ္ထိ"** ဟူသော ကျင့်စဉ်ကို ကျင့်ကြံအား ထုတ်ရန် ခိုးမြွှင့်ခဲ့ခြင်းပါပေတကား ဟု နှလုံးသွင်းမိပါတော့သည်။

ထိုပြင်လည်း ကျွန်တော်တို့သည် သာမန်လူပုဂ္ဂိုလ်များသာ ဖြစ် ရကား မိမိတို့၏ အတိတ်ဘဝက ကောင်းမှုကုသိုလ်ပြုခဲ့ကြခြင်း ရှိ၊ မရှိ ကို သိမြင်နိုင်ကြမည် မဟုတ်ပေ။ သို့သော် ကျွန်တော်တို့ ဘတ်နိုဗ်တာ တစ်ခုတော့ ရှိလေသည်။ ထိုအရာ ကား မိမိတို့သည် ဤဘဝကို လွန် မြောက်သော် မည်သည့်ဘဝများသို့ ရောက်ကြဦးမည် မသိနိုင်ပေ။ ထို့ ကြောင့် ထိုထိုသော နောင်လာမည့် ဘဝများစွာအတွက် အတိတ်က ကောင်းစေဖို့ ယခုကပင် ကောင်းမှု ဒါန ကုသိုလ်အစုစုတို့ကို ပြုကြရင်း ကံအိုးကို ဖြည့်စွက်ကြဖို့ လိုသည် ဟူသော အချက်ပင်ဖြစ်လေသည်။

မူလက အနားယူခံရလျှင် လည်း ခံရပါစေဟု သဘောထားခဲ့ လေသော တရားရေးအရာရှိရာထူး မှာ ကျွန်တော်၏ မှန်ကန်စွာ ဆောင် ရွက်ခဲ့မှု၊ ရတနာသုံးပါးနှင့်တကွ မိဘ ဆရာသမားများ၏ဂုဏ်ကျေးဇူးတော် တို့ကြောင့် မြန်လည်ခန့်အပ်ခြင်း ခံရပြီး ကချင်ပြည်နယ်တရားရုံးသို့ ဦးစီးအရာရှိအဖြစ်ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရန် အမိန့်စာ (Order) ရောက်ရှိခဲ့လေတော့သည်။

အလုပ်ဆက်လုပ်ရန် စိတ် မပါတော့သော်လည်း များမကြာမီက မြင်းခြံသို့အလည် အပတ်ရောက်ရှိ လာသော ဦးလေးနှင့် အဒေါ်တို့၏ "မြစ်ကြီးနားမှာ ငါတို့အိမ် ရှိတယ်၊ နေစရာမပူနဲ့၊ မင်းတို့ ကိစ္စပီစ္စတွေ ပြီးရင် မြစ်ကြီးနားကို ပြောင်းခဲ့ကြ" ဟူသော စကားရှိထားခြင်း၊ ကချင် ပြည်နယ်သို့လည်း တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးခြင်းတို့ကြောင့်အလျှပ် ဆက်လက်လုပ်လိုစိတ် ပေါ်လာပြန် တော့သည်။

ထိုအမိန့်စာ (Order) ရောက် လာပြီးနောက် ကျွန်တော်တို့မိသားစု မှာ ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာ တော်ဘုရားကြီးထံ ဝမ်းမြောက်ဝမ်း သာဖြင့် သွားရောက်ဖူးမြော် နှုတ် ဆက်ကန်တော့ခဲ့ကြလေသည်။

ကျွန်တော့်မှာ ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီးအား အကြိမ် ကြိမ် သွားရောက် ဖူးမြော်ခဲ့ဖူးသည့် အထဲတွင် ယင်းအခေါက်သွားရောက် ဖူးမြော်ရသည်ကိုတော့ ဘယ်တော့မှ မေ့နိုင်လိမ့်မည် မထင်ပါ။

ဓမ္မသာလာ အဆောင်တွင် ပရိသတ်များက အပြည့်။ဆရာတော် ဘုရားကြီးကား စင်မြင့်ပေါ်မှနေ၍ လာသမျှသောတပည့်၊ ဒကာ၊ဒကာမ များနှင့်ပရိသတ်ကို 'သိဒ္ဓိကွမ်းယာများ' ကျွေးလျက် ရှိလေသည်။ ကျွန်တော့် မှာ ကွမ်းယာများ တစ်ယာပြီး တစ် ယာ ယာနေသော ဆရာတော်ကြီးရှေ့ နားတွင် မတ်တတ်ရပ်လျက် လက် အုပ်ချီ ကန်တော့ရင်း ဆရာတော်ကြီး အား ကျွန်တော့်ကိစ္စအဝဝ ပြီးစီးသွား ပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ဦးစီးအရာရှိအဖြစ် ပြောင်းရွှေ့တာ ဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း လျှောက်ထားရာ ဆရာတော်ဘုရား ကြီးက -

"ကောင်းတယ်၊ကောင်းတယ်" ဟု မိန့်ကြားလေသည်။

ထို့အပြင် ကျွန်တော် သွား ရောက် ဖူးမြော်ခဲ့ရသော အခေါက် ပေါင်းများစွာတွင် ယင်းအခေါက်မှာ ဆရာတော်ဘုရားကြီးနှင့် အချိန် အကြာဆုံး အပြန်အလှန် စကား ပြောဆို လျှောက်ထားခွင့်ရသော အခေါက်လည်းဖြစ်သဖြင့် ကျွန်တော့် မှာ အံ့သြဝမ်းသာ ကြည်နူးမှုလည်း ဖြစ်ရလေသည်။

အမှန်အားဖြင့် ကျွန်တော့်မှာ ကချင်ပြည်နယ်တရားရုံးသို့ ဦးစီး အရာရှိတာဝန်ဖြင့် ပြောင်းရွှေ့ရခြင်း သာ ဖြစ်လေသည်။ ဦးစီးအရာရှိ တာဝန်မှာ တရားသူကြီးတာဝန်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

အမှုစစ်ဆေးရခြင်းမျိုး မဟုတ်ဘဲ ပြည်နယ်အတွင်းရှိ တရားရုံးများ၏ ရုံးလုပ်ငန်းများကို ပြည်နယ်တရားသူကြီးကိုယ်စား စီမံကြီးကြပ် ကွပ်ကဲပေးရခြင်း ဖြစ်လေသည်။ မြို့နယ်တရားသူကြီးတာဝန်ကဲ့သို့ မြို့နယ်တစ်ခုလုံး၏ တရားစီရင်ရေးတာဝန်ကို တာဝန်ယူထားရခြင်းမျိုး မဟုတ်ပါခြေ။ တစ်နည်းအားဖြင့် ရုံးအုပ်စာရေးကြီး တာဝန်မျိုးသာ ဖြစ်လေသည်။ သို့သော် ဆရာတော်ကြီးက 'ကောင်းတယ်၊ ကောင်းတယ်' ဟူ၍ မိန့်ကြားသဖြင့် ကျွန်တော့်စိတ်ထဲက လည်း 'ဆရာတော်ကြီးက ကောင်းတယ်ဆိုရင် ကောင်းရမှာပေါ့'ဟုသာ အောက်မေ့မိလေသည်။

ဤသို့ဖြင့် ကျွန်တော်တို့မိသားစုမှာ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသော မြန်မာနိုင်ငံ၏ ဦးခေါင်းပိုင်းရှိ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ရောက်ရှိခဲ့တော့သည်။ မြစ်ကြီးနားရောက်သည့်အခါ ဦးလေးနှင့် အဒေါ်တို့မှာ ၎င်းတို့ လင်မယားနှစ်ယောက်တည်း ဖြစ်ပြီး မြစ်ကြီးနားမြို့လယ်ကောင်ကွက်သစ် (ခေမာသီရိနှင့် ယုဇနရပ်ကွက်ကြီးတို့အကြား) တွင် အုတ်ပတ်ကား တိုက်ခံအိမ်လေးတစ်လုံးနှင့် နေကြလေရာ ကျွန်တော်တို့မိသားစုမှာ ၎င်းတို့အိမ်တွင် အခဲမဲ့နေထိုင်ကြရသဖြင့် နေစရာအတွက် မပူရတော့ပေ။

မိသားစု နေစရာ မပူပင်ရသော်လည်း မြစ်ကြီးနားမြို့၏ စားသောက်ကုန်နှင့် အထွေထွေစရိတ်ကြီးမြင့်မှုတို့အရမူ ကျွန်တော့်မိသားစုအတွက် အပိုဇင်ဒွေရရှိရေး စီးပွားရေး လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် လိုအပ်လာလေသည်။

မိမိကျင်လည်ရာမြေ မဟုတ်သော ဤမြန်မာပြည် မြောက်ဖျားမှ စရိတ်စကကြီးလွန်းလှသည့် နယ်မြေစိမ်း တစ်ခုတွင် ကျွန်တော်ကဲ့သို့ ပြောင်းရွှေ့လာသူ အိမ်ထောင်သည် ဝန်ထမ်းတစ်ဦးအဖို့ နိုင်ငံတော်မှ ချီးမြှင့်သည့် ဝန်ထမ်းလခတစ်ခုတည်းဖြင့် ရပ်တည်နိုင်ရန်မှာ မည်သို့မျှ မစွမ်းသာခြေ။

အခြားအခြားသော ဝန်ထမ်းများကို လေ့လာကြည့်တော့လည်း သူတို့လည်း စီးပွားရေးလုပ်ငန်းလေးတစ်ခုခုတော့ လုပ်နေကြသည်ကို တွေ့ရသည်။ ကြီးကြီးကျယ်ကျယ် မဟုတ်သည့်တိုင် အိမ်ဆိုင်ဖွင့်ခြင်း၊ ကိုယ်ကျွမ်းကျင်ရာ မုန့်ဟင်းခါး၊ အာပူလှာပူ ရှမ်းခေါက်ဆွဲ စသည်တို့ လုပ်ရောင်းခြင်းတို့ ဖြစ်လေသည်။

ထို့ကြောင့် ကျွန်တော့်မှာ မိသားစု လစဉ်စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလှူမင်္ဂလာဆောင်စသည့် လူမှုရေးကိစ္စများနှင့် အထွေထွေစရိတ်စကများအတွက်မူ သောကရှိလာပြီး အိမ်ထောင်ဦးစီးတစ်ယောက်အနေဖြင့် ညစဉ်ညတိုင်း အစဉ်းစားလွန်ရာမှ အိပ်မပျော်သည့် ညပေါင်း များခဲ့လေတော့သည်။

ထို့ကြောင့် ကျွန်တော်ပြောင်းရွှေ့ခဲ့သည့် မြင်းခြံမြို့မှ ထွက်ကုန်တစ်ခုခုကို မြစ်ကြီးနားသို့တင်ပို့စေပြီး စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ရန် စဉ်းစားခဲ့မိ၏။ မြင်းခြံတွင် ဆေးလိပ်ခုံ အများအပြား ရှိသည့်အတွက် အထူးတလည် စဉ်းစားမနေတော့ဘဲ ခင်မင်ရင်းနှီးသော စိန်ဌေးမော် ဆေးလိပ်ခုံမှ ဆေးလိပ်များ မှာယူပြီး မြစ်ကြီးနားတွင် ရောင်းချရန် စီစဉ်ရလေသည်။

စိန်ဌေးမော် ဆေးလိပ်ခုံပိုင်ရှင် ဦးဖေစိန်ကလည်း ဆေးလိပ်ပိုများ ပို့ပေးမည့်အကြောင်း၊ ၎င်းတို့ကိုယ်တိုင် လာရောက်ကြော်ငြာပေးမည် ဖြစ်ကြောင်းလည်း ကတိပြု၏။ သို့သော် ၎င်းတို့မှာ မြစ်ကြီးနားသို့ တော်တော်နှင့် တက်မလာနိုင်သေးဘဲ ကြန့်ကြာနေလေရာ ၎င်းတို့ကို စောင့်ဆိုင်းရသည့် ရက်ကြာရှည်လာလေ ကျွန်တော့်မှာ အိပ်မပျော်သည့် ညများ ရှည်ကြာလာလေ ဖြစ်ခဲ့ရလေသည်။

သို့သော် ကျွန်တော့်မှာ အိပ်မပျော်သည့်ညများ ရှည်ကြာလာလေလေ ရွှေပေါ်ကျွန်းဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် 'သရဏဂုံ (၃)ပါး ပုတီးစိပ်ခြင်း'နှင့် 'ဗုဒ္ဓါမေ သရဏံ အည် နတ္ထိ၊ ဓမ္မော မေ သရဏံ အည် နတ္ထိ၊ သံဃော မေ သရဏံ အည် နတ္ထိ' ပုတီးစိပ်ခြင်းတို့ကိုလည်း နေ့စဉ် ပိုမို စိပ်မိနေလေတော့သည်။

သို့နှင့် တစ်ညသော အခါ ကျွန်တော့်ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မကံခဲ့ဖူးခြင်း မရှိသော ဂန္ဓိရဆန်လွန်းလှသည့် အိပ်မက်တစ်ခု မက်ခဲ့လေသည်။ တစ်နည်းအားဖြင့် ကျွန်တော့်ဘဝသည် ဂန္ဓိရဆန်လာသည်ဟုလည်း ဆိုချင်တော့သည်။

ထိုအိပ်မက်ကို နံနက်မိုးလင်းချိန်တွင် မေ့သွားမည်စိုးသောကြောင့်

www.burmeseclassic.com

အိပ်မက်ပြီးဆုံး၍ လန့်နိုးသည့်အချိန် အိပ်ရာမှ လူးလဲထကာ ဖယောင်းတိုင် ထွန်းပြီး မှတ်စုစာအုပ်တွင် အိပ်မက်ကို အပြည့်အစုံ ပြန်လည် ရေးမှတ်ထားခဲ့ရလေသည်။

ထိုအိပ်မက်သည်ကား-

"တစ်ခုသော နွေနေ့လယ်ခင်း ကျွန်တော်နှင့်ဇနီးဖြစ်သူတို့မှာ အညာဒေသဟု ယူဆရသော ရွာတစ်ရွာ၏ ရွာလယ် လှည်းလမ်းမကြီးအတိုင်း ခြေကျင်ခရီးတစ်ခုကို သွားနေကြလေသည်။ လှည်းလမ်းမှာ ဖုန်မှုန်းတထောင်းထောင်းထနေပြီး နေမွန်းတည့်ချိန်ဖြစ်လေရာ ဦးခေါင်းထက်က နေအဲပူဒဏ်နှင့် ခြေဖဝါးအောက်က ဖုန်ထူထူအပူဒဏ်တို့ကို တစ်ပြိုင်နက်တည်း ခံစားနေရလေသည်။

တစ်ဖန် ဝမ်းကလည်း ဟာလာသည့် အလျောက် ထိုရွာလေးအတွင်း သရေစာ မုန့်တစ်ခုခု ဝယ်စားရန် မုန့်ဆိုင်ရှိလိုရှိငြား မျက်လုံးကစား ရှာဖွေပါသော်လည်း ဆိုင်နှင့် တူတာ တစ်ခုမျှ မတွေ့ပါချေ။ သို့နှင့် ရွာလယ်လမ်းဆုံအရောက်တွင် ဇရပ်တစ်ခုကို တွေ့သဖြင့် ခေတ္တ ဝင်ရောက် နားခိုခဲ့လေသည်။ ရေဆာသဖြင့် သောက်ရေအိုးစင် ရှိလိုရှိငြား ရှာဖွေကြည့်ပါသော်လည်း သောက်ရေအိုးစင်က မရှိ။

နှစ်ဦးသား အမောဖြေနေကြစဉ် ဇရပ်ရှေ့က ဖုန်ထူထူလမ်းမပေါ်တွင် ရှားစေးရောင် ကောက်ကြောင်းများ အံလိုအလျောက်ပေါ်လာသည်ကို ထူးဆန်းဖွယ် တွေ့မြင်ရ၏။ ထိုကောက်ကြောင်းများမှာ တဖြည်းဖြည်းနှင့် ပီပြင်လာသောအခါ လူပုံသဏ္ဌာန် ဖြစ်သွားလေတော့သည်။ ပို၍ထူးဆန်းသည်မှာ အဆိုပါ ရှားစေးရောင် ကောက်ကြောင်းများမှ တစ်ဆင့် လူပုံပန်းသဏ္ဌာန် ပီပြင်သွားသောအခါ လူတစ်ယောက်ထ၍ မတ်တတ်ရပ်လိုက်သည်ကို တွေ့မြင်ရပြန်၏။

အသေအချာကြည့်လိုက်တော့ ယောဂီရောင်ဝတ်စုံဖြင့် ရသေ့ကြီး တစ်ပါး ဖြစ်နေလေတော့သည်။ ထို့နောက် ထိုရသေ့ကြီးက ခေါ်ဆောင်ရာ အနောက်က လိုက်ပါသွားခဲ့လေရာ ရွှေဟောင်း ဘုန်းတော်ကြီးကျောင်းကြီးတစ်ကျောင်းသို့ ရောက်လေသည်။

ကျွန်တော်တို့လည်း ရသေ့ကြီး အနောက်မှကပ်လျက် အုတ်လှေကားအတိုင်း ကျောင်းပေါ်သို့ တက်လိုက်သွားရာ ကျောင်းပေါ်သို့ ရောက်သောအခါ ဧည့်ပရိသတ် အပြည့် တွေ့ရှိရပြီး ၎င်းတို့က ရသေ့ကြီးကို ကပျာကယာ ခရီးဦးကြိုပြုကြရင်း နေရာပေးသဖြင့် ရသေ့ကြီးမှာ ပရိသတ်၏ရှေ့မှ ဘုရားခန်းအနီးတွင် ထိုင်လေသည်။

ကျွန်တော်တို့မှာ ရသေ့ကြီး ခေါ်ဆောင်ရာသို့ ဘုမသိ ဘမသိ လိုက်လာကြသူများပီပီ အနောက်နားက ဧည့်ပရိသတ် လွတ်သည့် နေရာတွင် အသာအယာ ထိုင်လိုက်ကြ၏။

ထိုစဉ် အသက်ကြီးကြီး အမျိုးသမီးကြီး တစ်ဦးက ရသေ့ကြီးအား သစ်သီးဖျော်ရည်ဟု ယူဆရသည့် ဖျော်ရည်များ အပြည့်ပါ ဖန်ချိုင့်ကြီး တစ်ချိုင့်ကို ရှိသေစွာပေးလေသည်။

ထိုစဉ် ရသေ့ကြီးက ကျွန်တော်တို့ ဇနီးမောင်နှံအား -

'ဟိုအနောက်က ဗိုက်ဆာနေကြတဲ့ နှစ်ယောက် ဒီရှေ့ကို လာခဲ့ကြ'ဟု ခေါ်လေသည်။ ကျွန်တော်တို့ ဗိုက်ဆာနေသည်ကို ထိုရသေ့ကြီး မည်သို့သိရှိနေပါလိမ့်ဟု အံ့သြမိ၏။ ထို့နောက် ကျွန်တော်တို့ လင်မယားမှာ ရသေ့ကြီးအနီးသွားပြီး သင့်တင့်သောနေရာတွင် အသာထိုင်လေရာ ရသေ့ကြီးမှ ဖန်ချိုင့်အတွင်းမှ ဖျော်ရည်များကို ဖန်ခွက် နှစ်ခွက်တွင် ထည့်၍ တစ်ယောက် တစ်ခွက်စီ တိုက်လေသည်။

ကျွန်တော်တို့မှာ ဗိုက်ဆာနေသည်နှင့် အတော်ဖြစ်သွားရာ အဆိုပါ သစ်သီးဖျော်ရည်ကို မနားတမ်း သောက်ပြီးသည်နှင့် ဝမ်းမီးတောက်လောင်နေသော ဗိုက်ထဲက ဆာလောင်မွတ်သိပ်ခြင်းလည်း ပျောက်သွားလေတော့သည်။

ထို့နောက် ရသေ့ကြီးက ကျွန်တော့်အား ၎င်းရှေ့နားတွင် ဆောင့်ကြောင့်ထိုင်စေပြီး ကျွန်တော့် လက်ဖဝါး နှစ်ဖက်ကိုလည်း သူ့ရှေ့တွင် ဖြန့်ထားစေလေသည်။ ၎င်းမှာမူ မျက်စိ စုံမှိတ်လျက်မှ ကျွန်တော် အကျွမ်းတဝင် မရှိသော ဘာသာစကားတစ်မျိုးကို ရွတ်ဆိုကာ ပြီးဆုံးသောအခါ ၎င်း၏ လက်ဝါးနှစ်ဖက်ကိုစုံပူးလျက် ပါးစပ်နှင့်တော့ပြီး "ဟူး" ခနဲနေအောင် မှုတ်ထုတ်လိုက်၏။

တစ်ဆက်တည်းမှာပင် ဖြန့်ထားသော ကျွန်တော့် လက်ဖဝါး နှစ်ဖက်ကို ၎င်း၏ လက်ဖဝါးနှစ်ဖက်ဖြင့် လက်ဝါးချင်းဆိုင်ကာ 'ဖျောင်း' ခနဲ

www.burmeseclassic.com

www.burmeseclassic.com

နေအောင် ရိုက်ချလိုက်လေသည်။ ထို့နောက် ဖြန့်ထားသော ကျွန်တော့် လက်ဖဝါးနှစ်ဖက်ကို မျောက်ခိုင်းလိုက်ရာ မူလက တစ်စုံတစ်ရာ ဝတ်ဆင်ထားခြင်း မံရှိသော ကျွန်တော့် ဘယ်ဘက်လက်သူကြွယ်တွင်အရောင် မျိုးစုံ တောက်ပလျက်ရှိသော လက်စွပ် တစ်ကွင်းကို ခွတွေ့ရလေ၏။

အံ့ဩလွန်းသဖြင့် သေချာစွာ ကြည့်သောအခါ လက်စွပ်မှာ တစ်ဆက်တည်း မဟုတ်မူဘဲ တစ်နေရာတွင် ဟလျက်ပြတ်နေသည်ကို တွေ့ရ၏။ ထို့နောက် ရသေ့ကြီးက လက်စွပ်ဝတ်ထားသော ကျွန်တော့်ဘယ်ဘက်လက်ကို ရုတ်တရက်ဆွဲပြီး ၎င်းပါးစပ်နှင့် ကပ်ကာ မှုတ်လိုက်သော အခါ မူလကပြတ်နေသော လက်စွပ်၏ ဟနေသောနေရာ မရှိတော့ဘဲ တစ်ဆက်တည်း ဖြစ်သွားသည်ကို ထူးဆန်းစွာ တွေ့ရပြန်လေသည်။

ဝိုင်းဝန်းကြည့်ရှုနေခဲ့ကြသော ကျောင်းပေါ်ကခေ့ည်ပရိသတ်အပေါင်း တို့မှာလည်း များစွာ အံ့ဩကြကုန်၏။ ထို့နောက်တွင်တော့ ရသေ့ကြီးက ကျွန်တော်တို့ ဇနီးမောင်နှံအား လိုရာခရီးကို ဆက်နိုင်ကြပြီ ဖြစ်ကြောင်း မိန့်ကြားသဖြင့် ကျွန်တော်တို့လည်း ရသေ့ကြီးကို ရိုသေစွာ နှုတ်ဆက်ကန်တော့ပြီး ကျောင်းပေါ်မှ ဆင်းခဲ့ကြလေသည်။

ကျောင်းအောက်ရောက်ချိန်တွင် ကျွန်တော့်အိပ်မက်လည်း ပြီးဆုံးသွားပြီး ကျွန်တော်လည်း လန့်နိုးခဲ့လေသည်။ ဤထူးဆန်းသော အိပ်မက်ရှည်အကြောင်းကို အိမ်သားများအား နှိုး၍ပြောပြရလျှင် ကောင်းမည်လား စဉ်းစားကြည့်မိသော်လည်း အိမ်သူအိမ်သား အားလုံးတို့မှာ ညသန်းခေါင်ယံအချိန်ဝယ် နှစ်ခြိုက်စွာ အိပ်မောကျနေကြသဖြင့် နံနက်ကျမှ ပြောပြတော့မည် စဉ်းစားပြီး တစ်ဖန် နံနက်မိုးလင်းချိန်တွင် မမှတ်မိဘဲ မေ့သွားမည်စိုးသောကြောင့် အိပ်ရာမှထကာ ဖယောင်းတိုင်ထွန်းပြီး ကျွန်တော့်မှတ်စုစာအုပ်တွင် အစအဆုံး ရေးမှတ်ခဲ့လေသည်။ (ဤထူးဆန်းသော အိပ်မက်အကြောင်းကို မန္တလေးမြို့နေ ဆရာသမားတစ်ဦးဖြစ်သော ဆရာဦးလှမြင့်ထံ ရေးသောစာတွင် ထည့်သွင်းရေးသားခဲ့ဖူးလေသည်။)

ကျွန်တော့်တစ်သက် တစ်ကြိမ် တစ်ခါမျှ ဤမျှရှည်လျားပြီး ဂန္ဓိရဆန်လွန်းသော အိပ်မက်မျိုးကို မမက်ခဲ့ဖူးပေ။ နံနက်မိုးလင်း ဘုရားကန်တော့ပြီးသောအခါ ဇနီးဖြစ်သူနှင့် ဦးလေးတို့ လင်မယားကို ညကရေးမှတ်ခဲ့သော မှတ်စုစာအုပ်အား ဖွင့်ပြပြီး ထူးဆန်းသော အိပ်မက်အကြောင်း ပြောပြဖြစ်လေသည်။

ထူးခြားသည်မှာ ထိုအိပ်မက်မက်ပြီးချိန် ထိုနေ့နံနက်မှစ၍ ကျွန်တော့်စိတ်ထဲတွင် ပူပင်သောကဟူ၍ စိုးစဉ်းမျှ မရှိတော့ဘဲ လန်းဆန်းတက်ကြွပြီး ခွန်အားသစ်တို့ ရရှိနေသည်ဟုပင် ခံစားရလေတော့သည်။

ပို၍ ထူးခြားသည်မှာ အဆိုပါ အိပ်မက် မက်အပြီး တစ်ပတ်ခန့် အကြာမှာပင် မြစ်ကြီးနားသို့ တက်လာရန် ကြန့်ကြာနေဆော မြင်းခြံမြို့နေ စိန်ဌေးမော်ဆေးလိပ်ခုံပိုင်ရှင် ဦးဖေစိန်ထံမှ မြစ်ကြီးနားသို့ ၎င်းတို့ တက်လာတော့မည် ဖြစ်ကြောင်း သတင်းကောင်း ကြားရခြင်းပင်။

ထို့နောက် တစ်ပတ်ခန့် အကြာတွင် ဦးဖေစိန်တို့အဖွဲ့ ရောက်ရှိလာပြီး ၎င်းတို့ကားဖြင့် မြစ်ကြီးနားမြို့ပေါ်ရောအနီးအနားကျေးရွာများတွင်ပါမကျန် ဆေးလိပ်ကြော်ငြာခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ပျော်ပျော်ပါးပါး လုပ်ဖြစ်ခဲ့လေသည်။

သို့နှင့် ဆေးလိပ်ကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်ခဲ့ရာ ဦးလေးအိမ်တွင် ဆေးလိပ်ပိုများထားရှိရန် နေရာအခက်အခဲ ဖြစ်လာလေတော့သည်။

ဆေးလိပ်ပိုများကြောင့် မူလက အတော်အတန် ကျယ်ဝန်းသော အိမ်ကလေးမှာ တဖြည်းဖြည်းကျဉ်းလာလေတော့သည်။ ထို့ကြောင့် ကျွန်တော်နှင့် ဇနီးသည်တို့မှာ ဆေးလိပ်ပို အများအပြား ထားရှိနိုင်ရန် မြေတစ်ကွက်ရှာပြီး သင့်တင့်သော အိမ်ကလေးတစ်လုံး ဆောက်ရန် တိုင်ပင်ကြပြီး ခွင့်ဖြင့် ရမည်းသင်းမြို့သို့ ပြန်ကာ လှောင်ထားသော ငရုတ်သီးခြောက်များ ပြန်လည် ရောင်းချလိုက်လေတော့၏။

ကျွန်တော်တို့ နေထိုင်ရာ မြစ်ကြီးနားမြို့ ခေမာသီရိ ကွက်သစ်တွင်ပင် မြေကွက်အလွတ်များရောင်းရန်ရှိရာ စျေးနှုန်းသင့်သော မြေကွက်ကလေးတစ်ကွက် ဝယ်ယူခဲ့ပြီး တစ်ထပ်ခွဲ တိုက်ပုလေးတစ်လုံး ဆောက်လုပ်ဖြစ်သွားကာ အိုးပိုင်အိမ်ပိုင်ဘဝသို့ ရောက်ရှိသွားလေ၏တော့သည်။

သို့ဖြင့် ကျွန်တော်တို့မိသားစုမှာ မြစ်ကြီးနားမြို့တွင် ရုံးလုပ်ငန်းက တစ်ဖက်၊ နိုင်ငံတော်က ချီးမြှင့်သည့်

www.burmeseclassic.com

www.burmeseclassic.com

လခအပြင် အပိုဝင်ငွေ ရရှိစေသည့် ဆေးလိပ်အရောင်းအဝယ်လုပ်ငန်းက တစ်ဖက်ဖြင့် အပူအပင်ကင်းမဲ့စွာ ဘဝ၏ တစ်စိတ်တစ်ပိုင်းကာလကို ဖြတ်သန်းနိုင်ခဲ့တော့လေသည်။

ထို့ပြင် မူလက လူနေကျိုးတိုး ကျဲတဲသာရှိခဲ့သော ကျွန်တော်တို့ နေထိုင်ရာ ခေမာသီရိကွက်သစ်ကလေးမှာလည်း တဖြည်းဖြည်း တိုက်တာအိမ်ခြေများဖြင့် စည်ကားလာတော့သည်။

မြစ်ကြီးနားမြို့ထဲသို့ သွားရသော ကျွန်တော်တို့ အိမ်ရှေ့မှ မည်မည်ရာလှသော မြေလမ်းမကြီးမှာလည်း များမကြာမီ ကျောက်ခင်းကတ္တရာလမ်းမကြီးအဖြစ် ပေါ်ထွန်းလာလေတော့သည်။

အဆိုပါလမ်းမှာ မြစ်ကြီးနားမြို့ထဲမှ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မိုးကောင်း၊ ဖားကန့် စသည့် မြို့များသို့သွားရာ ဖြတ်လမ်းကြီး ဖြစ်သွားတော့သည်။

တစ်နှစ်ထက်တစ်နှစ်ပိုမိုစည်ကားလာသည့်အလျောက် မြေဈေးနှုန်းများမှာလည်း တရိပ်ရိပ်တက်လာပြီး ကျွန်တော် နေထိုင်ရာ ကွက်သစ်ရှိ အိမ်ခြံမြေ ဈေးနှုန်းများမှာလည်း ကျွန်တော့်ကဲ့သို့ ဝန်ထမ်းတစ်ယောက် ဘဝတွင် မည်သို့မျှ မမျှော်မှန်းနိုင်လောက်သည့် တန်ဖိုးသို့ ပြောင်းလဲခဲ့လေတော့သည်။

ဤအခါကျမှ ကျွန်တော်တို့မှာ မြစ်ကြီးနားသို့ မပြောင်းရွှေ့မီ ရွှေပေါ် ကျွန်းဆရာတော် ဘုရားကြီးအား မိသားစု သွားရောက်ဖူးမြော် နှုတ်ဆက်ကန်တော့စဉ်က ဆရာတော်ကြီး မိန့်ကြားလိုက်သော 'ကောင်းတယ်၊ ကောင်းတယ်' ဟူသော မိန့်ကြားချက်၏ အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက် နားလည်မိတော့လေ၏။

သို့ဖြစ်ရာ ကျွန်တော်တို့သည် အတိတ်ဘဝက ကုသိုလ်ကံတရားထူးကဲလှသောကြောင့် လူ့ဘဝကို ရရှိခဲ့ကြသည်သာမက မွန်မြတ်လှသည့် ဗုဒ္ဓဘာသာဝင်အဖြစ်ကိုလည်း ရရှိခဲ့ကြရခြင်း ဖြစ်လေသည်။

ထို့ကြောင့်မိမိအသက်ရှင်သန်နေရသည့်အခိုက် စိတ်ကို မွန်မြတ်သန့်စင်အောင် မွေးမြူပြီး လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများကို လျှော့ချကာ ရတနာသုံးပါးတည်းဟူသော မြတ်ဗုဒ္ဓနှင့်တကွ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားဓမ္မတို့နှင့် မြတ်ဗုဒ္ဓထားရစ်ခဲ့သော သာသနာ့အမွေခံ သံဃာတော်အရှင်သူမြတ်တို့ကို ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ခြင်းဖြင့် လက်တွေ့ဘဝတွင်ပင် အကျိုးထူးများကို ရရှိစေနိုင်ပါကြောင်း ကျွန်တော့်ဘဝမှာ ကြုံလာခဲ့ရသည့် လက်တွေ့အကျိုးထူးများနှင့်တကွ ရေးသား တင်ပြလိုက်ရပါသည်။

အောင်စိုး(မြည်)

❑

စာပေများ ပေးပို့နိုင်ပါသည်

စာပေဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ

မိမိလူမှုဝန်း

ပို့မိုးတိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၀၅၀၈

www.burmeseclassic.com

www.burmeseclassic.com

သဲထဲ ပေါ်လယ် ဟူးတဲ့ ဂေါက်သည်း

ဦးမောင်၏ မလှမ်းမကမ်းတွင် ကုန်းယောင်ယောင် မို့မောက်နေသော မြက်ခင်းပြင်လေးကို တွေ့ရ၏။ မြက်ခင်းပြင်ပေါ်တွင် မြက်ဖတ်ကလေးများ လန်နေသည်ကိုပါ ဦးမောင် သတိထားမိသည်။

ဒီနေရာမှာ မိမိထက်အရင် တစ်ဦးဦး ဂေါက်ရိုက်လေ့ကျင့်ခဲ့ဟန် ရှိသည်။ ဘေးပတ်ဝန်းကျင်ကို မသိမသာစောင်းငဲ့ ကြည့်မိတော့လည်း ဒီမြက်ခင်းပြင်ကြီးထဲမှာ မိမိတစ်ယောက်တည်းသာရှိကြောင်း တွေ့ရသည်။ ညနေဘက်မှ ဂေါက်လာရိုက်တတ်သူ (Golfer) တစ်ဦးဦး၏ လက်ရာပင် ဖြစ်ပေမည်ဟု တွေးလိုက်ပြီး ဂေါက်သီးများကို အိတ်ထဲမှ ထုတ်ယူလိုက်ကာ မြက်ခင်းပြင်ပေါ်သို့ ပုံချလိုက်သည်။

နံနက်ခင်းနေမင်း၏ အလင်းရောင်က ကြည်လင်ရွှန်းလဲ့နေသည်။ ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးက ဝါဖန့်ဖန့်နေရောင်အောက်တွင် စိမ်းစိမ်းစိုနေ၏။ မြက်ခင်းပြင်ကြီး၏ တစ်ဖက်တွင် မြသပိတ်တောင်တန်းကြီးက ကာဆီးလျက်ရှိ၏။

တောင်ထွတ်ပေါ်တွင် မြသပိတ်စေတီကို ကြည်နူးဖွယ် မြင်တွေ့ဖူးမြော်ရသည်။ ခပ်ဆတ်ဆတ် တိုက်ခတ်လာသော နံနက်ခင်းလေနုသွေးကလေးက မြက်ခင်းပြင်ကြီးထက်မှာ လှုပ်ခတ် ကစားသွား၏။

မြင်တွေ့နေရသော နံနက်ခင်း၏အထိအတွေ့ကြောင့် ဦးမောင်၏စိတ်တို့ လန်းဆန်းကြည်လင်သွားရသည်။

ဦးမောင်က (Golf Satchel) ဂေါက်အိတ်ကို လွယ်ထားရင်း မြက်ခင်းပြင်၏ အနေအထားကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ ဒီမြက်ခင်းပြင်ကြီးက ဂေါက်ကွင်းမဟုတ်ပေ။ယခင်က စစ်ဘက်လေယာဉ်များဆင်းရာ လေယာဉ်ကွင်းဟောင်း တစ်ခုသာ ဖြစ်သည်။ ဂေါက်ကွင်းက မြို့နှင့် အလှမ်းဝေးခြင်းကြောင့် မြို့နှင့်ကပ် လျက်ရှိသော လေယာဉ်ကွင်းဟောင်းက ဂေါက်ဝါသနာရှင်များအတွက် လေ့ကျင့်ခန်းဆင်းရာ ကွင်းတစ်ခု ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

တကယ်တမ်းတော့ ဦးမောင်သည် ဂေါက်ရိုက်ရာတွင် ကျွမ်းကျင်သူ (Golfer) တစ်ဦးမဟုတ်ပေ။ လွန်ခဲ့သော သုံးနှစ်ခန့်က နားလည် တတ်ကျွမ်းသူနှင့်သင်ကြားခဲ့ဖူးသော်လည်း ဂေါက်တံနှင့် ကင်းဝေးခဲ့သည်မှာ ကြာခဲ့လေပြီ။ ယခု ပြန်ရိုက်ကြည့်တော့ ဂေါက်သီးကို ထိအောင်ပင် မနည်းရိုက်နေရသည်။ ဦးမောင်က မြက်ခင်းပေါ်တည်ထားသော ဂေါက်သီးကို သေသေချာချာ ချိန်ရွယ်လိုက်ပြီး ဂေါက်တံကို အားသာလွှဲ၍ ရိုက်လိုက်သည်။

"တိန်"

"ဒိုး"

ထိချက်မမှန်သော ဂေါက်သီးက မြက်ခင်းပြင်အစပ်ရှိ ချုံထဲသို့ တစ်ရှိန်ထိုး ပြေးဝင်ပျောက်ကွယ်သွားလေသည်။

"ဟာ . . . ဟ"

ရုတ်တရက် ထွက်လာသော အသံကြောင့် နောက်လှည့်ကြည့်မိတော့ စပ်ဖြဲဖြဲ မျက်နှာနှင့် ရပ်နေသော အသက်(၆၀)ကျော်ခန့်ရှိသော လူကြီးတစ်ဦးကို တွေ့ရသည်။ ထိုလူကြီးနောက်တွင် ဂေါက်အိတ်လွယ်ထားသော (၁၃)နှစ်အရွယ် ကောင်လေးတစ်ယောက်ကို တွေ့ရသည်။ မိမိ၏ ရိုက်ချက် လွဲချော်သည်ကို လှောင်ပြောင်လိုက်သော "ဟာ ဟ" ဆိုသော အသံသည် ဂေါက်အိတ် လွယ်ထားသော ကောင်လေးဆီမှ ထွက်ပေါ်လာစရာ အကြောင်းမရှိ။ ဤလူကြီးထံမှ ထွက်ပေါ်လာခြင်းသာ ဖြစ်ပေမည်။

ဦးမောင်တစ်ယောက် ဒေါသစိတ်မျိုသိပ်ရင်း လက်ထဲ၌ ကိုင်ထားသော ဂေါက်တံကို မြက်ခင်းပေါ်သို့ ဆောင့်ချလိုက်ပြီး ထိုလူကြီးထံသို့ စူးစူးရဲရဲ လှမ်းကြည့်လိုက်မိသည်။

လူကြီးက ဦးမောင်အား ကောင်းဘွိုင်တစ်ယောက်လို အမူအရာမျိုးနှင့် ပခုံးနှစ်ဖက်ကို တွန့်ရင်း စပ်ဖြဲဖြဲ ရယ်ပြလာ၏။ ဦးမောင်က ထိုလူကြီး၏ အပြုံးကို ပြန်လည် တုံ့ပြန်ခြင်း မပြုဘဲ မျက်နှာလွှဲနေလိုက်သည်။

နဖူးပြောင်ပြောင်၊ ခြေသလုံးသားတုတ်တုတ်၊ ဗိုက်ရွဲရွဲနှင့် ရယ်လိုက်လျှင် ပါးနှစ်ဖက်တွန့်လိမ်တက် သွားတတ်သော ထိုလူကြီးသည် အစိုးရဝန်ထမ်း အငြိမ်းစား တစ်ယောက်ဖြစ်ပေလိမ့်မည်။ ဝန်ထမ်းဘဝက တွေ့တာ အကုန်စားခဲ့လို့ အခုလို ရုပ်ပေါက်တာဟု ဦးမောင် စိတ်ထဲတွင် ပျစ်ပျစ်နှစ်နှစ် တွေးပစ်လိုက်သည်။

ပြီးတော့ စိတ်ထဲမှလည်း "စားဖားကြီး" ဟု တီးတိုးခေါ်လိုက်မိသည်။ စောစောက ကြည်လင်ခဲ့သော နံနက်ခင်းသည်လည်း မကြည်လင်နိုင်တော့။ မိမိထက် ဆယ်နှစ်မျှ ကြီးမည်မှန်းသိသော်လည်း လေးစားလိုစိတ် မပေါ်နိုင်တော့ပေ။ ဂေါက်အိတ်နှင့် ဂေါက်သီးတို့ကို သိမ်းပြီး အိမ်ပြန်လမ်းသို့သာ ဦးတည်လိုက်တော့သည်။

●

နံနက်ခင်း နေမင်းကြီးက ကြည်လင်တောက်ပနေပေမယ့် ဦးမောင်၏ နံနက်ခင်းက ညို့မှိုင်းသွားရပြန်သည်။ ကားရပ်လိုက်သည်နှင့် စားဖားကြီးကို တွေ့ရသည်။ စားဖားကြီးသည် မနေ့က ဦးမောင် ရိုက်ခဲ့သောနေရာတွင် ဂေါက်သီးများ စုံပုံလျက် တစ်လုံးပြီးတစ်လုံးရိုက်နေ၏။

ဒီနေရာရှိ မြက်ပင်များကို မနေ့က တစ်ပင်စီ ကိုင်နုတ်ပြီး ဦးမောင် ရှင်းထားခဲ့ခြင်းဖြစ်သည်။ အခုတော့ စားဖားကြီးက အခန့်သားဝင်ပြီး ရိုက်လျက်ရှိသည်။ စားဖားကြီး ရိုက်လိုက်သမျှ ဂေါက်သီးတို့ကို လိုက်လံကောက်ပေးနေသော ကောင်လေးကိုပါ တွေ့ရသည်။

စားဖားကြီးက ဦးမောင်ကို တွေ့တော့ သူထုံးစံအတိုင်း ပခုံးနှစ်ဖက်တွန့်လိုက်ပြီး စပ်ဖြဲဖြဲ လုပ်ပြ၏။ ဦးမောင် မသိချင်ယောင်ဆောင်ပြီး ဂေါက်သီးတည်လို့ သင့်တော်မည်ထင်သော နေရာကို လိုက်ရှာရင်း ဂေါက်အိတ်ကို ချလိုက်သည်။ ပြီးတော့ ဂေါက်သီးကို အာရုံစိုက်ပြီး တစ်လုံးပြီးတစ်လုံးရိုက်နေလိုက်သည်။ ဦးမောင်တွင် ပါလာသော ဂေါက်သီးအားလုံး ကုန်သွားတော့ ဦးမောင် ရိုက်လွှတ်လိုက်သော ဂေါက်သီးများ ရှိရာသို့ လျှောက်သွားပြီး ဒီဘက်ကို တစ်ချက်ပြန်ရိုက်ပြန်သည်။

www.burmeseclassic.com

ဦးမောင်တွင် ဂေါက်သီးကောက်သမား မပါပေ။ ဒီဘက်က ရိုက်လိုက် ဟိုဘက်တာ ပြန်ရိုက်လိုက်နှင့် ရိုက်ချက်မှန်အောင် လေ့ကျင့်နေခြင်းသာ ဖြစ်သည်။

ဒီနေ့အဖို့ ဦးမောင်၏လက်ဆာမှန်နေသည်။ ရိုက်လိုက်သမျှ ဂေါက်သီးတို့ကို လိုရာရောက်အောင် ရိုက်နိုင်သည်။ လက်ဆ လွဲသွားသော ဂေါက်သီးတစ်လုံးတလေ အရှိန်လွန်ပြီး စားဖားကြီးတို့ဘက်သို့ ရောက်သွားသောအခါ စားဖားကြီး၏ ဂေါက်သီးကောက် ကောင်လေးက ကောက်ယူပြီး ဦးမောင်၏ ဂေါက်သီးများရှိရာဘက်သို့ ပြန်ပစ်ပေးလေ့ရှိသည်။

"ဟေ့ကောင်...ကိုယ့်ဂေါက်သီးကိုယ်ကြည့်ကွ၊ ဟိုဘက်မှာ မတွေ့ဘူးလား။ ငါကိုယ်တိုင် လာကောက်ရမှာလား၊ တို့ယ်ဟာကိုယ် မကောက်ချင်လို့ မင်းကို ခေါ်လာတာကွ"

ထိုအခါမျိုးတွင် ငှက်ဆိုးထိုးသလို ကျယ်လောင်သော စားဖားကြီး၏အသံကို ကြားရသည်။ ဂေါက်သီးကောက်သမား မပါဘဲ တစ်ယောက်တည်း ကုပ်ချောင်းချောင်းဖြင့် ဂေါက်လာရိုက်သော ဦးမောင်ကို စားဖားကြီးက အထင်သေးဟန် ရှိသည်။

ဦးမောင်ကလည်း လူမှုရေးလုံးလုံးနှားမလည်သော စားဖားကြီးကို ဘယ်လိုမှ အထင်ကြီး၍ မရပေ။ ကိုယ့်ကိုယ်ကိုယ် Tiger Wood လောက် တော်သယောင် အထင်ရောက်ပြီး ဘဝင်ရှူး ရှူးနေသူဟုသာထင်မိသည်။

ဦးမောင်က စားဖားကြီးကို ဂရုမစိုက်တော့ဘဲ ကိုယ့်ဂေါက်သီးများကိုသာ အာရုံစိုက်ပြီး ရိုက်နေလိုက်သည်။

"ငါ မင်းကို သေသေချာချာ ကြည့်ထားဖို့ မှာထားတယ်မဟုတ်လား၊ အခု ဂေါက်သီးတစ်လုံးလိုနေပြီ၊ သွား တွေ့အောင် ပြန်ရှာလာခဲ့"

စားဖားကြီး၏ အသံကြောင့် စောင်းငဲ့ကြည့်လိုက်တော့ မိမိရှိရာသို့ လှမ်းကြည့်ရင်း ဂေါက်သီး ကောက်သမားလေးကို မာန်မဲနေသော စားဖားကြီးကို မနှစ်မြို့ဖွယ်ရာ တွေ့ရသည်။

စားဖားကြီး၏ အကြည့်က သူ့ဂေါက်သီးကို ဦးမောင်များ ယူထားသလားဟု လှမ်းမမေးရဲ့ တစ်မည်ပင်။

မခံချင်စိတ်ကြောင့် ဦးမောင်က ဂေါက်သီးများကို ကိုယ်နှင့်ကွယ်ဟန်ပြုပြီး ကပျာကယာ ကောက်သိမ်းကာ စားဖားကြီးတို့နှင့် မလှမ်းမကမ်းရှိ မြက်ခင်းပြင်သို့ ရွှေ့လာခဲ့လိုက်သည်။

ဦးမောင်၏ တိုက်ကွက်က စားဖားကြီးအား တိုက်ရိုက်ထိပေ၏။ မြင်ခင်းပြင် တစ်ခုလုံး ဂေါက်သီးကောက် ကောင်လေးကို မာန်မဲကြိမ်းမောင်းနေသော စားဖားကြီးအသံက ဖုံးလွှမ်းနေလေ၏။

ဦးမောင်က ကျေနပ်စွာ ပြုံးလိုက်ပြီး အရှေ့တွင် ပုံထားသော ဂေါက်သီးများကို အားရပါးရ လွဲရိုက်နေလိုက်သည်။ ရိုက်ကောင်းကောင်းနှင့် ရိုက်နေလိုက်သည်မှာ သားတော်မောင်ကို ကျူရှင်ကြို Phone: Alarm ပေးသဲ့ကြားမှ ဂေါက်သီးများကို လိုက်လံ ကောက်သိမ်းလိုက်သည်။

"တောက်"

ဦးမောင်တစ်ယောက် ဒေါသစိတ်ကြောင့် "တောက်" တစ်ချက် ပြင်းပြင်းခတ်လိုက်ပြီး စားဖားကြီး ရှိရာသို့ လှမ်းကြည့်လိုက်သည်။ စားဖားကြီး၏ ဂေါက်သီးကောက်လေးက ဦးမောင်၏ တောက်ခတ်သံကြောင့် မျက်နှာငယ်ကလေးနဲ့ လှမ်းကြည့်နေ၏။

စားဖားကြီးကတော့ ထုံးစံအတိုင်း ပခုံးလေးကို ဟန်ပါပါတွန့်လိုက်ရင်း ဦးမောင်ကို စပ်ဖြဲဖြဲပြုံးပြသည်။ ဒါ စားဖားကြီးလက်ချက်ပင် ဖြစ်ပေမည်။ ဦးမောင်၏ ဂေါက်သီးတစ်လုံးမှာ အလိုလိုနေရင်း ပျောက်နေ၏။

မှတ်မှတ်ရရ ဂေါက်သီးဆယ့်ငါးလုံး ထည့်လာခဲ့သည်။ ဒီနေ့အဖို့ ရိုက်ချက်ထိုင်းလည်း ကောင်းနေသည်။ ရိုက်လိုက်သော ဂေါက်သီးတိုင်း မြက်ခင်းပေါ်ကျသည်။ ဘယ်လိုမှ ပျောက်စရာမရှိ။ အခုတော့ ဆယ့်လေးလုံးသာ ရှိတော့သည်။

"ဟေ့ကောင်လေး၊ မင်း ဒီနားမှာ ဂေါက်သီးတစ်လုံး တွေ့မိသေးလား"

စားဖားကြီး၏ ဂေါက်သီးကောက် ကောင်လေးကို လှမ်းမေးလိုက်သော ဦးမောင်၏ စကားသံအဆုံး -

"ဟာ ဟ ဂေါက်သီးတစ်လုံးတော့ တွေ့မှာပေါ့ကွ၊ ဒီမှာ ဂေါက်သီးတွေက အများကြီးဟာကို"

ဂေါက်သီးကောက် ကောင်လေးက အဖြေမပေးသေးခင် ကြားဖြတ်ပြောလာသော စားဖားကြီး၏ ရိသဲ့သဲ့စကားကြောင့် ဦးမောင်က-

www.burmeseclassic.com

www.burmeseclassic.com

"ဂေါက်သီးတွေတော့ အများကြီးပဲဗျာ၊ ကျွန်တော်က ကျွန်တော့် ဂေါက်သီးကို တွေ့မိလားလို့ မေးတာပါ"

"ဩော်- ဒါလား၊ ဒီကောင်က ကိုယ့်ဂေါက်သီးကို ကြည့်နေရတာဆိုတော့ ညီလေးဂေါက်သီးကို တွေ့မိမှာ မဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား ဟေ့ကောင်"

စားဖားကြီးက ဦးမောင်ကို လှမ်းပြောရင်း ဂေါက်သီးကောက်ကောင်လေးအတွက်ပါ ရှေ့နေလုပ်လိုက်၏။ စားဖားကြီးကို ကြည့်ရင်း ဦးမောင် စိတ်ပျက်သွားမိသည်။ ဘာမှလည်း ပြန်မပြောချင်တော့။ ကိုယ့်ပစ္စည်းများကိုသာ ကောက်သိမ်းရင်း ငါအလှည့်ရောက်ရင်တော့ တွေ့ကြသေးတာပေါ့ကွာဟု စိတ်ထဲမှ ကြိုးဝါးနေမိတော့သည်။

●

ဦးမောင်အတွက် ဒီနေ့က မင်္ဂလာရှိသောနေ့ ဖြစ်သည်။ စားဖားကြီးကို မတွေ့ရသောကြောင့် ဖြစ်၏။ နံနက်ခင်း လေညင်းကလေးများက ပိုပြီး လတ်ဆတ်လာသလို ခံစားရသည်။ စိတ်ကြိုက်နေရာ တစ်နေရာ ရွေးပြီး စိတ်အေး လက်အေး ရိုက်နေလိုက်သည်။

ဒီဘက်ကရိုက်လိုက်၊ ဟိုဘက်က ပြန်ရိုက်လိုက်နှင့် ရွေးလေးပင် စို့လာသည်။ အသင့်ယူလာသော ရေဘူးကို ထုတ်သောက်ရင်း ဂေါက်သီးတွေ့ ပြန်စစ်ကြည့်လိုက်တော့ တစ်လုံးလျော့နေသည်ကို တွေ့ရသည်။ ဒီပတ်ဝန်းကျင်မှာ မိမိတစ်ယောက်တည်း၊ ရိုက်သမျှ ဂေါက်သီးတွေကလည်း မြက်ခင်းပေါ်တွင်သာ ကျသည်။ ဘယ်လိုမှ ပျောက်စရာမရှိ။ မဟုတ်သေးပါဘူးဟု တွေးရင်း မြက်ခင်းပြင်အနှံ့ ရှာကြည့်သည်။ မတွေ့။ ဂေါက်ရိုက်တုန်းက မမော၊ ရှာရတာ ပိုမောလာတော့ စိတ်တိုတိုနှင့် အနီးရှိ ဒန့်ကျွဲပင်လေးကို ဂေါက်တံဖြင့် ရိုက်လိုက်ချိန်တွင် ဖွေးခနဲ အရာတစ်ခုကို တွေ့ရသည်။

ဒန့်ကျွဲပင်လေးက မြက်ခင်းမို့ မို့လေးစောင်းတွင်ကပ်လျက် ပေါက်နေခြင်း ဖြစ်သည်။ ဦးမောင်၏ ရိုက်ချက်ကြောင့် ပြတ်ထွက်သွားသော ဒန့်ကျွဲပင်လေးအောက်တွင် ကျင်းပေါက်တစ်ခု ရှိနေ၏။ ကျင်းထဲမှာတော့ ဂေါက်သီးနှစ်လုံး၊ တစ်လုံးက ဘာအမျိုးအစားပါဟုပင် မပြောနိုင်တော့သော ဂေါက်သီးဟောင်းလေး။

ဦးမောင် ဂေါက်ရိုက် ပြန်လေ့ကျင့်မည်ဆို၍ ဦးမောင်၏ မိတ်ဆွေတစ်ဦးက သူမှာရှိသော ဂေါက်သီးဟောင်းကလေးများကို ဦးမောင်အတွက် ပေးခဲ့ခြင်းဖြစ်သည်။ ကျန်တစ်လုံးက (Toppoint-3) စာတန်းပါ ဂေါက်သီးအသစ်လေး။ စားဖားကြီး၏ ဂေါက်သီးပင် ဖြစ်လိမ့်မည်။

ဂေါက်သီးလေးကို တိုင်ကြည့်ရင်း စားဖားကြီး၏ စပ်ဖြဲဖြဲမျက်နှာကို မြင်ယောင်လာမိသည်။ စားဖားကြီး၏ အပြောအဆိုကြောင့်လား၊ အနေထိုင်ကြောင့်လား၊ ဒါမှမဟုတ် ဦးမောင်၏ သူတစ်ပါးအပေါ်တွင် အောက်မကျိုတတ်သောမာနကြောင့်လားတော့မသိ။

ဦးမောင်တို့ အဖြစ်အပျက်ကရယ်စရာကောင်းလှသည်။ မနက်ဖြန် စားဖားကြီးနဲ့တွေ့ရင် ဂေါက်သီးလေး ပြန်ပေးရင်း တောင်းပန်စကားပြောရမည်။ ကိုယ့်က အငယ်ပဲလေ။ အမှန်တော့ တောင်းပန်တယ်ဆိုတာထက် လေးလေးစားစား ဆက်ဆံရမည်ဟု တွေးနေမိသည်။

"ဆရာ ဆရာ နားပြီလား"

ခေါ်သံကြောင့် လှည့်ကြည့်မိတော့ စားဖားကြီး၏ ဂေါက်သီးကောက်သမားလေးကို တွေ့ရသည်။

"အေးကွ၊ ဒါနဲ့ မင်းဆရာကော"

"ကျွန်တော့် ဆရာက ရောဂါပြန်ထလာလို့ မလာနိုင်ဘူး ဆရာ"

"ဟေ- ဘာဖြစ်တာလဲကွ၊ ကြည့်တော့လည်း သန်သန်မာမာကြီးပါ"

အံ့သြတကြီးမေးလိုက်သော ဦးမောင်၏စကားကြောင့် ဂေါက်သီးကောင်လေးက ဦးခေါင်းကို ညှင်သာစွာ ခါရမ်းလိုက်ရင်း-

"အသည်းရောဂါတဲ့ ဆရာ၊ ကင်ဆာအဆင့်ရောက်နေပြီလို့လည်း ပြောသံကြားတယ်။

ဒါပေမဲ့ ကျွန်တော့်ဆရာက လောကကြီးကို ပျော်ပျော်ပဲ ဖြတ်သန်းချင်တယ်ဆိုပြီး အခုလို နေနေတာ၊ ဒီပုံစံအတိုင်းဆို သူ ဝါသနာပါတဲ့ ဂေါက်ကို ဆက်ရိုက်ခွင့်ရပါဦးမလား မသိပါဘူး ဆရာရယ်"

စားဖားကြီး၏ ဂေါက်သီးကောက်ကောင်လေး၏ စကားအဆုံး ဦးမောင်တစ်ယောက် သက်ပြင်းရှည်ကြီးချလိုက်မိသည်။

ကောင်လေးကတော့ ဦးမောင်ကို နှုတ်ဆက်ရင်း မြက်ခင်းပြင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com

ကျောခိုင်း ထွက်ခွာသွားနေပေပြီ။ ကောင်လေးတစ်ယောက် သူ့အလုပ်ရှင် ဆရာသမားအတွက် ဝမ်းနည်းကြေကွဲနေတာလား၊ သူ့အလုပ်အတွက် ပူပင်သောကရောက်နေတာလား၊ ဦးမောင် မဝေခွဲတတ်ပေ။

ဦးမောင် ခေါင်းထဲမှာတော့ အတွေးများ ပလုံစီနေသည်။

ဂေါက်သီးကောက်သမား လေးအား မေးထားသော လိပ်စာအတိုင်း စားဖားကြီး၏အိမ်ကို သွားရမည်။ လူနာ မေးမည်။ ဦးမောင် ရောက်သွားချိန်၌ စားဖားကြီးနှင့် စကားပြောခွင့်ရရင် (Golfing) ဂေါက်သီးရိုက်ခြင်းနဲ့ ပတ်သက်တာတွေကို ဆွေးနွေးမည်။ စကားစမြည်ပြောရမည်။ စားဖားကြီးကို ဟောဒီမြက်ခင်းပြင်ကြီးထဲ ပြန်လာဖို့ အားပေးမည်။ မိမိတို့၏ ကြောင်တောင်တောင်နိုင်လှသော မာနများကြောင့် အသိစိတ်မှာ အမှောင်ဖုံးခဲ့ရသည်ကိုလည်း နောင်တရမိသည်။

စားဖားကြီး တစ်ယောက် အမြန်ဆုံး ကျန်းမာလာပြီး မြက်ခင်းစိမ်းစိမ်းပေါ်မှာ ပြန်လည် ပျော်မွေ့နိုင်ပါစေဟု အဝေးက ဖူးတွေ့ရသော မြသပိတ်စေတီအား ဦးခိုက်ဆုတောင်းမိ၏။

စားဖားကြီး တစ်ယောက် ဟောဒီ မြက်ခင်းပြင်ကြီးဆီသို့ ပြန်လာနိုင်သည်ဖြစ်စေ၊ ပြန်မလာနိုင်သည်ဖြစ်စေ စားဖားကြီး ရိုက်နေကျ ကုန်းပို့မို့ မြင်ခင်းလေးကိုတော့ စားဖားကြီးအတွက် အမြဲချန်ထားပေးရမည်။

ဒီမြက်ခင်းစိမ်းလေးမှာ လောကဓံ တရားကို အနိုင်မခံ အလှူးမပေးတတ်သော စားဖားကြီး၏ လေးစားဖွယ် စိတ်ဓာတ်များ ကိန်းအောင်းနေပေလိမ့်မည်ဟု ဦးမောင် ယုံကြည်မိပါတော့သည်။

သဏ္ဌ ငယ်ငယ်

❑

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွေးကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ စေါင်းဆောင်မှု စွမ်းရည်ကြွယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

GENEVA GOLD STAR FOR QUALITY

ပျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၀၁၇/၀၃၁၅

သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေးကို

တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ပျဉ်းကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၀၀၁၇၅၊ ၃၉ ၀၆၂၄

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးဖိုးသာ ဤပညာကို လိုက်စားတဲ့အချိန်မှာ ရွှေတစ်ကျပ်သားကို နှစ်ရာကျပ်သာ ပေးရသည်ဟု ဆိုပါသည်။ ထိုစဉ်က မောင်ဖိုးသာသည် မီးသွေးဖုတ်သမား ဖြစ်လေ၏။

ရေဇင်းနယ်တစ်ဝိုက် ဆိုသည်မှာလည်း တောအထပ်ထပ်ရှိနေသော အချိန်တွင် မီးသွေးဖုတ်သောလုပ်ငန်းကို နှစ်အတန်ကြာသည်အထိ လုပ်ခဲ့ရပါသည်။ ရေဇင်းဆိုတာက တစ်ချိန်က ရွာကြီးတစ်ရွာပါ။

မောင်ဖိုးသာ အိမ်ထောင်ကျတော့ ရွာအစွန်အဖျားမှာ အိမ်ဆောက်ပြီးနေပါသည်။ လင်မယားနှစ်ယောက် အတူလုပ်ကိုင်ကြသည်။ ထမင်း တစ်လုတ် စားဖို့အတွက် ဘာမှမခက်ခဲပါ။

မောင်ဖိုးသာက ဘုန်းကြီးကျောင်းထွက်ဖြစ်၍ ဘာသာရေးနားလည်သည်။ အသွင်တူလို့ အိမ်သူဖြစ်လာသူကလည်း မောင်ဖိုးသာကဲ့သို့ပင် ဘုရား၊ တရား မြဲလေ၏။

ထိုခေတ်က ပယောဂဆရာ၊ အထက်လမ်းဆရာများ နာမည်ကြီးသလို သိုက်တူးဆရာ၊ အောက်လမ်းဆရာများလည်း နာမည်ကြီးလေ၏။ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြီး ပယောဂပညာ၊ ဓာတ်ပိန္ဒေါပညာများဖြင့် ဆေးကုကြသော ဆရာများလည်း ရှိကြ၏။ ထိုအထဲတွင် ပျဉ်းမနား၊ ရေဇင်း၊ တပ်ကုန်း၊ လယ်ဝေး သာဝတ္ထိတို့၌ နာမည်ကြီးခဲ့သော ဆရာကြီးတစ်ဆူ ရှိခဲ့၏။

ထိုဆရာကြီးသည် မောင်ဖိုးသာတို့ ရေဇင်းသို့ မကြာခဏ ဆေးလာကုတတ်၏။ ဆရာကြီးထံ၌ ပညာခံယူကြသော တပည့်များထဲတွင် မောင်ဖိုးသာ တစ်ယောက် ပါဝင်၏။

ပညာစဉ်အဆင့် လေးဆင့် ရှိပါသည်။ ပထမအဆင့် ဆရာငယ်အဖြစ် ခံယူပြီး ဆေးကုသောပညာကို ဆက်၍ ဆည်းပူးသင်ယူရ၏။ တစ်ဖက်မှလည်း တရားထိုင်၊ ပုတီးစိပ် ကျင့်စဉ်များကို နှိုင်သရွေ့ လုပ်ကြရ၏။ မောင်ဖိုးသာ ပထမအဆင့် ဆရာငယ်ဘဝဖြင့် နှစ်ပေါင်း နှစ်ဆယ် နေခဲ့ပါသည်။ ထို ပထမအဆင့်ကိုပင် ငွေနှစ်ဆယ့်ငါးကျပ် ပေး၍ တက်ခဲ့ရ၏။ ရွှေ တစ်ကျပ်သားကို ငွေနှစ်ရာရှိသော အချိန်တွင် မောင်ဖိုးသာ ငွေအစိတ် ရအောင် အတော်ပင် ကြိုးစားခဲ့ရပါသည်။

လူငယ်သာသာ (၂၆)နှစ်သာ ရှိသေးသော မောင်ဖိုးသာသည် ထိုကဲ့သို့ ဂန္ဓိရပညာများကို စိတ်ဝင်စားခဲ့၏။ ဝါသနာပါခဲ့၏။ သို့သော်လည်း ဝမ်းရေးက ရှိသေး၏။ အိမ်ထောင်ကလည်း ကျခါစပင်ရှိသေး၏။ ပညာယူထားပြီး ပညာနှင့်ပတ်သက်သော ဆက်လက် ဆည်းပူးလေ့လာစရာများကို ကောင်းစွာ လေ့လာလုပ်ကိုင်ခြင်း မရှိခဲ့ပါ။ ကိုယ်လုံကိုယ်ခံလောက်ရလျှင် တော်ပါပြီဟု ခပ်ပေါ့ပေါ့ခံယူပြီး နေလာခဲ့၏။

ပညာလိုချင်တုန်းကတော့ ငွေရဖို့ အသည်းအသန်ရှာဖွေပြီး ယူခဲ့သော်လည်း ပညာရပြီးတော့ ထိုပိုးက ငြိမ်သွားပြန်၏။

ဤသို့ဖြင့် မေ့မေ့ပျောက်ပျောက် နေလာရာ သုံးနှစ်ခန့်ရှိသော် တစ်နေ့တွင် မောင်ဖိုးသာ တော်ထဲမီးသွေးဖို့မှ ပြန်လာလေ၏။ တစ်ကိုယ်လုံးတွင် မီးသွေးမှုန်များ ပေကျံနေ၏။

ရွာထိပ် စမ်းချောင်းတွင် ရေချိုးမည်ဟု ဆင်းလိုက်၏။ ထိုအချိန်တွင် တစ်ရွာတည်းသား တရုတ်ကြီးဆိုသူကို တွေ့လိုက်၏။ ရေချိုးတော့မည် လုပ်နေသော မောင်ဖိုးသာကို အရေးတကြီး လှမ်းပြောလိုက်၏။

"ကိုရင်ဖိုးသာ၊ အရီးမြသမီး ချစ်ထွေးမြ အတော်ဖြစ်နေလို့ဗျ၊ အဲဒါ ကိုရင့်ကို အရီးမြက ခေါ်ခိုင်းလို့ လိုက်လာတာ"

"အေးကွ တရုတ်ကြီး၊ ချစ်ထွေးမြ နေမကောင်းတာ ငါကြားသားပဲဟာ၊ နေပါဦးကွ၊ အရီးမြက ဘာလို့ ငါ့ခေါ်ခိုင်းတာလဲ"

"ကိုရင်သာ ရေအမြန်ချိုးပါ၊ ဟိုမှာ ချစ်ထွေးမြ လူစိတ်ပျောက်ပြီး ပူးသလို ကပ်သလိုဖြစ်နေတာကော"

"ရော- မင်းတို့ဟာ အခုလည်း ပူးနေတုန်းလား"

"ဟုတ်ပါ ကိုရင် မြန်မြန်လုပ်ပါ"

"မလုပ်နိုင်ဘူးဟေ့၊ ဒီမှာ မင်း အမြင်ပဲ မီးသွေးမှုန်တွေနဲ့၊ ကဲ- ဒီလိုဆို မောင်ရင် အရင်ပြန်နှင့်၊ ငါအခုလာခဲ့မယ်လို့၊ ညြော် ဟေ့- ချစ်ထွေးမြကို ပြောလိုက်ပါကွယ်၊ ငါရောက်မှ ပူးပါလို့၊ ငါမရောက်သေးဘဲ မပူးနဲ့လို့ ဆက်ဆက် ပြောလိုက်နော်"

တရုတ်ကြီး ရွာဘက်သို့ သုတ်ခြေတင်သွားပါပြီ။

ချစ်ထွေးမြဆိုသူ အမျိုးသမီးက မောင်ဖိုးသာနှင့် ငယ်သူငယ်ချင်းပါ။ တစ်ရွာတည်းသားချင်းဖြစ်၍ ဘာဖြစ်ဖြစ် ကူညီနိုင်သရွေ့ ကူညီမည်ဟု မိမိအနေနှင့် စိတ်ရှိသော်လည်း ဘယ်က စလို့ ဘာကိုလုပ်ရမည်မှန်း မသိပါ။

မောင်ဖိုးသာသည် ရေချိုးပြီး အိမ်ပြန် ထမင်းစားလိုက်သေး၏။ ကိုယ်လည်း ဘာမှ နားလည်တာမှ မဟုတ်တာပဲဟု စိတ်အေးလက်အေးနေပြီးမှ အရီးမြတို့အိမ်ဘက်သို့ ထွက်လာခဲ့၏။

တရုတ်ကြီးနှင့် လမ်းမှာ တွေ့တဲ့အချိန်က ထမင်းစားချိန် ၁၁ နာရီလောက်ရှိပါသည်။ ယခု အရီးမြအိမ်ရောက်ချိန်မှာ ညနေ ၃ နာရီကျော် နေပါပြီ။

"လာဟေ့ မောင်ဖိုးသာရေ"

အရီးမြ အသံပေးပါသည်။

အိမ်ပေါ်မှာ ရွာထဲမှ လူကြီးသုံးယောက်နှင့် တရုတ်ကြီးကို တွေ့ရပါသည်။ ချစ်ထွေးမြကတော့ အိပ်ရာထဲမှာ ပက်လက်နှင့် စောင်ပါးလေးတစ်ထည် တင်ထား၏။ မောင်ဖိုးသာသည် လူစိတ်ပျောက်လျက် ပူးကပ်နေသည်ဆိုသော ချစ်ထွေးမြကို ကြည့်လိုက်ပြီး တရုတ်ကြီးဘက်သို့ လှည့်၍ ပြောလိုက်၏။

www.burmeseclassic.com

"တရုတ်ကြီး၊ မင်းပြောတော့ ချစ်ထွေးမြက လူစိတ်ပျောက်ပြီး ပူးနေကပ်နေတယ်ဆို"

ထိုအချိန်တွင် အိပ်ရာထဲမှ ချစ်ထွေးမြသည် ရုတ်ခနဲ ထထိုင်လိုက်ပြီး တစ်ကိုယ်လုံးတုန်ခါ၍ -

"ဟားဟားဟား. . . ဟီးဟီးဟီး"

အသံအမျိုးမျိုးဖြင့် ရယ်နေလေ၏။ သူမ ထိုင်နေပုံက မောင်ဖိုးသာကို ကျောပေးထိုင်နေပါသည်။ ရုတ်တရက် မောင်ဖိုးသာ ဘာလုပ်ရမည် မသိသေးပါ။ အရီးမြတို့ဘက်သို့ လှည့်ကြည့်လိုက်၏။ အရီးမြကတော့ မောင်ဖိုးသာကို အားကိုးတကြီး ကြည့်နေရာမှ ပြောလိုက်သေး၏။

"လုပ်. . . လုပ်ပါဦး မောင်ဖိုးသာ၊ နေ့လယ်တုန်းက မောင်ရင်ပြောလိုက်ကတည်းက ငြိမ်သွားတာ၊ အဲ့-အဲဒါ အခုပြန်ဖြစ်နေပြန်ပြီ လုပ်ပါဦး မောင်ဖိုးသာ"

အခြေအနေက ဒီလိုရှိလိမ့်မည်ဟု မထင်ထားပါ။ ရက်ရှည်နေမကောင်းရာမှ ငန်းဖမ်းပြီး ကယောင်ကတမ်းပြောသည်ဟုသာ ထင်ထားပါသည်။ ယခုပုံစံက တစ်စုံတစ်ရာ ဝင်ရောက်ပူးကပ်နေသည့်ပုံမျိုး တွေ့ရပါသည်။

အရီးမြသမီး ချစ်ထွေးမြသည် ကြည့်နေရင်းမှပင် ကြမ်းပြင်ကို ခြေထောက်ဖြင့် တစ်ချက် တစ်ချက် ဆောင့်လိုက်ပြီး ဟီးဟီး ဟားဟား အော်နေလေ၏။

အားလုံးက မောင်ဖိုးသာကို ကြည့်လိုက်၊ ချစ်ထွေးမြကိုကြည့်လိုက် ဖြစ်နေကြ၏။ မောင်ဖိုးသာ အရီးမြပြောသောစကားကို ပြန်စဉ်းစားနေပါသည်။ ထိုစကားသည် ပညာပေးလိုက်သော ဆရာကြီးပြောသော စကားကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပါသည်။

သည်အတိုင်းမှန်လျှင် မိမိလိုရာပြော၍ ရနိုင်လိမ့်မည်ဟု ယူဆလိုက်ပါသည်။ ဘယ်လိုပြောရမည်လဲ မသိသေးပါ။ သို့ပေမဲ့ မောင်ဖိုးသာ စိတ်ထဲရှိရာ ပြောလိုက်ပါတော့သည်။

"ဩော်-ဘယ့်နယ် နေမကောင်းတဲ့လူဟာ အိပ်ရာထဲမှာ လဲနေရမှာပေါ့"

ထိုအခါ တဖြုန်းဖြုန်းနှင့် သောင်းကျန်းနေသူသည် အိပ်ရာထဲသို့ ဖုတ်ခနဲ လဲ. . .သွားလေ၏။ ချစ်ထွေးမြ ငြိမ်သွားပါပြီ။ မောင်ဖိုးသာ သူ့ဇနီးကို ဆေးစာအုပ်နှင့် ဆေးဘူးများထည့်ထားသည့် လွယ်အိတ်ကို ပြန်ယူခိုင်းပါသည်။ ဆေးကတော့ ပယောဂအစွဲအကပ်ရှိသူများကို တိုက်ကျွေးသောဆေးဖြစ်ပါသည်။

ဆရာကြီးများ ဆေးတိုက်၍ အစွဲချွတ်သည့်အခါ အပင်းကျဂါထာရွတ်ပြီး တောက်ခေါက် ဖနောင့်ပေါက်၍ ဆေးတိုက်သည်ကို တွေ့ဖူးပါသည်။ မောင်ဖိုးသာ ထိုဂါထာကို အလွတ်မရပါ။ ဘယ်အနားတွင်ပါသည်ကိုပင် မသိသေးပါ။ တစ်ခါဖူးမျှ ဆေးစာအုပ်ကို ဖွင့်မဖတ်ခဲ့သေးပါ။

ယခုအခါမှ စာအုပ်ဖွင့်ပြီး ဖတ်နေဖို့က အရာ မဟုတ်တော့ပါ။

ထို့ကြောင့် ချစ်ထွေးမြကို ထိုင်ခိုင်းထားပြီး ခေါင်းပေါ်တွင် ဆေးစာအုပ်ကို တင်လိုက်ပါသည်။ ထို့အပေါ်မှ ဆေးခွက်ကို တင်လိုက်၏။

"ကဲ. . . ဒီကျမ်းစာအုပ်ထဲမှာ ငါဆိုရမယ့် ဂါထာတွေပါတယ်၊ အဲဒီတော့ ကျမ်းစာအုပ်ထဲကအတိုင်းလို့သာ မှတ်ပေတော့၊ ချစ်ထွေးမြလည်း ဒီဆေးသောက်ပြီးတာနဲ့ လူကောင်းပကတိဖြစ်စေရမယ်. . . တောက်"

မောင်ဖိုးသာ၏ဘဝတွင် ပထမဦးဆုံးသော ဆေးကုသသည့် အတွေ့အကြုံဖြစ်ပါသည်။ မောင်ဖိုးသာက လူအထင်ကြီးတာ ခံရမှာကို ကြောက်ပါသည်။ နောက်ထပ် ပယောဂကုဖို့ လာခေါ်မှာကိုလည်း ကြောက်နေပါသည်။ ထို့ကြောင့် လူတွေကို ရှောင်နေလိုက်ပါသည်။

ထိုအချိန်တွင် မောင်ဖိုးသာသည် တမ်ကုန်းမြို့ရှိ သူ၏ဆရာကြီးထံသို့ မကြာခဏ ရောက်နေတော့၏။ ဆရာကြီးဆေးကုပုံကို ဟိုတစ်ချိန်က အမှုမဲ့နေခဲ့ပါသည်။ ယခုအခါတွင် မတော့ ထိုသို့မဟုတ်တော့၊ ထဲထဲဝင်ဝင် နားလည်အောင် လေ့လာသင်ယူနေတော့၏။ တစ်ဖက်ကလည်း မိမိ၏ အကျင့်စရိုက်အားကို ပို၍လုပ်ခဲ့၏။

မောင်ဖိုးသာ ဘယ်တွေသွားပြီး ဘာတွေလုပ်နေသည်ကို ပတ်ဝန်းကျင်က မသိပါ။ မိသားစုအတွက်လည်း ရုန်းကန်ရ၊ ပညာသင်နေရ၊ သီလကိုလည်း စောင့်ထိန်းရ၊ အကျင့်စရိုက်ကိုလည်း ဖြည့်ဆည်းရန့်ငှင့် မောင်ဖိုးသာ ဇယ်စက်နေအောင် လုပ်ခဲ့ရပါသည်။

ပထမဦးဆုံးလူနာ ချစ်ထွေးမြကို ကုသပြီးသည်နှင့် ပယောဂပညာ၏ အတိမ်အနက် ဘယ်လောက်ရှိမည်ကို မသိရသေးသော်လည်း နက်နဲသောဂန္ဓီရပညာ၏ အရသာကို ခံစားလိုက်ရပါသည်။

ထိုအရသာကို မြည်းစမ်းကြည့်ပြီးသော် မိမိကိုယ်မိမိလည်း နားလည်လာ၏။ နက်နဲမှုရှိလျှင် ခက်ခဲတတ်သည်ဟု မိမိဉာဏ်မှာ ပေါ်လာတော့၏။ မိမိ၏ လိုအပ်ချက်များသည် ဆရာသမားများထံမှ ယူမှသာဖြစ်နိုင်မည်ဟု ထပ်ပွား ဉာဏ်အမြင်ပေါ်လာပြန်၏။

ဘယ်အရာမဆို ဆရာမပြ နည်းမကျဟု ဆိုရိုးစကားလည်း ရှိသည်ကြောင့် မောင်ဖိုးသာသည် သူ၏ဆရာထံမှောက် ရောက်ခဲ့တော့၏။ ထို့နောက် ပညာလိုလား အမျိုးကောင်းသားသည် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ မိမိကိုယ်ကိုယ် မာထား၍ ပညာသင်ယူလေတော့၏။

ပညာယူနေဆဲ နှစ်နှစ်ခန့်ရှိသော အခါ ဒုတိယမြောက်လူနာကို ဆေးကုဖို့ ကြုံလာပြန်၏။ ထိုလူနာကို ကုပြီးသည့်အခါ မောင်ဖိုးသာ နာမည်ကြီးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို အရပ်ဒေသသည် ရွာ၌ အလှူရှိလျှင် တစ်ရွာလုံး အလှူအိမ်သို့ ရောက်ကြ၏။ မောင်ဖိုးသာ ဆေးကု သောအိမ်သည် အလှူအိမ်နှင့် မျက်နှာချင်းဆိုင် အိမ်ဖြစ်၍ အလှူအိမ်နှင့် လည်း အမျိုးတော်လေ၏။ မောင်ဖိုးသာရောက်သည်နှင့် အလှူအိမ်မှလူများ ရောက်လာ ဝိုင်းအုံကြည့်နေကြ၏။

လူနာသည် တစ်ကိုယ်လုံး ရောင်နေ၏။ တောထဲ၌ တောင်ပို့ တစ်ခုကို အပေါ့စွန့်ရာမှ စဖြစ်သည်ဟု ဆိုကြ၏။ ထို့နောက် အပေါ့၊ အလေး မသွားနိုင်ဖြစ်လာ၏။ အစားမစားနိုင် ဖြစ်လာ၏။ နောက်ဆုံးတွင် အိပ်ရာမှ မထနိုင်တော့။ အသက်ရှူနေသော်လည်း စကားမပြောနိုင်တော့ဘဲ ဖောရောင်လျက် အကျီ မဝတ်နိုင်လောက်အောင် ပူသည်ဟု ဆိုကြ၏။

မောင်ဖိုးသာတို့ ပညာမှာ ရတနာသုံးပါး၏ တန်ခိုးအာနိသင်ကို ခံယူထားသောပညာ ဖြစ်ပါသည်။ ထို့ကြောင့် ဆေးကုတော့မည်ဆိုလျှင် ရတနာသုံးပါးကို အာရုံပြု၍ အလင်းတိုင် တစ်တိုင် ပူဇော်လိုက်ပါသည်။ ဘုရားဝတ်ပြုပြီး လူနာဘက်သို့ လှမ်းကြည့်လိုက်ပါသည်။

ထို အချိန်တွင် မောင်ဖိုးသာ စိတ်ထဲမှ ပြောလိုက်၏။

'အကယ်၍ ဤလူနာ၏ ခန္ဓာကိုယ်တွင် ဘုရားမကြိုက်၊ တရားမကြိုက်၊ သံဃာမကြိုက်သော အမှောင် ပယောဂ အပူးအကပ်ရှိလျှင် ထွက်ခွာသွားစေရမည်' ဟု ပြောလိုက်၏။

လူနာကို အိမ်၏ ဝရန်တာတွင် ထားပါသည်။ ကျေးရွာက တောအိမ်ဆိုပေမယ့် ဝရန်တာကပင် အတော်ကျယ်ပါသည်။ မလှုပ်နိုင်ဟုဆိုသော လူနာသည် လှုပ်ရှားလာပြီး အသံထွက်လာသည်ကို တွေ့ရသဖြင့် ဝိုင်းကြည့်နေသော သူများက လှုပ်လှုပ်ရွရွဖြစ်လာ၏။ ထို့နောက် လူနာ၏အမည်ကို ခေါ်နေကြ၏။

"ဟော- အောင်မြင့် လှုပ်နေတယ်ဟ၊ သတိရပြီထင်တယ်ကွ၊ ခေါ်ကြည့်ပါဦးဟ"

"ဟာ- ဟုတ်တယ်ဟေ့၊ အောင်မြင့်. . . အောင်မြင့် ဘယ်လိုနေလဲ၊ စကားပြောလို့ရလား၊ ကြော်ကော်အေးအေး ထူပေးရမယ် ဟုတ်လား၊ အေးဟ၊ လုပ်ပါဦးဟ"

လူနာက ထိုင်ချင်တယ်ပြောလာပါပြီ။ မောင်ဖိုးသာ ဆေးတစ်ခွက် တိုက်လိုက်ပါသည်။

ဆေးတိုက်ပုံနှင့် ဂါထာရွတ်နေပုံကို ရွာသားတွေက သဘောကျနေကြ၏။ ဆေးတိုက်ပြီးသည်နှင့် လူနာ၏ ကိုယ်ပေါ်သို့ လိမ်းဆေးအနည်းငယ် လိမ်းပေးပါသည်။ နာရီဝက်မျှကြာသောအခါ စမ်းသွားချင်သဲ့သဲ့ဟု ဆိုသဖြင့် အိမ်သာသို့ တွဲပို့ပေးကြပါသည်။ အိမ်သာမှ ထွက်လာသောအခါ တစ်ကိုယ်လုံး ချွေးထွက်လျက် ခြေလက်များ ကောင်းစွာလှုပ်ရှားနိုင်သည်ကို တွေ့ကြရ၏။

အလှူအိမ်ဘက်မှလူများသည် အောင်မြင့် လမ်းလျှောက်နိုင်ပြီကို တွေ့ကြ၍ များစွာအံ့သြလျက် ငေးကြည့်နေကြ၏။ ဘယ်ဆရာ ကုတာပါလိမ့်ဟု စပ်စုလိုသောသူများက မောင်ဖိုးသာကို လာကြည့်ကြ၏။ ထိုအထဲတွင် မောင်ဖိုးသာကို သိသောသူများ ပါလာကြရာ အားရဝမ်းသာ နှုတ်ဆက်ကြတော့၏။

"မောင်ရင်က ဖိုးသာမို့လားကွဟေ၊ ကောင်းကွာ ငါက ဘယ်ဆရာကြီးလဲလို့ကွာ၊ မောင်ဖိုးသာပဲကွ၊ ရွှက်ပုန်းသီးဆရာတစ်ပါးပဲကွ၊ အေးအေးဟုတ်ကဲ့ကောင်းတယ်ကွာ"

"ကိုဖိုးသာကြီးက ကျုပ်တို့ရွာသားအေ့၊ သူက အေးတယ်၊ ဘုရား၊ တရားလည်းလုပ်တယ်"

အောင်မြင့်၏မျက်နှာ၊ လည်ပင်း၊ လက်မောင်းများသည် နာရီပိုင်းအတွင်း သိသိသာသာ အဖောအရောင်များ ကျသွားပါသည်။ ခန္ဓာကိုယ်အောက် ပိုင်း ကျန်ပါသေးသည်။ နောက်ထပ် ဝမ်းသွားချင်လာသဖြင့် အိမ်သာတက် ပြန်၏။ အိမ်သာတစ်ခါဆင်းလာတိုင်း ဝမ်းနှင့်အတူ အဖောအရောင်များ သိသာစွာ ကျသွားပါသည်။ နေ့လယ်နှစ်နာရီ ရောက်သောအခါ ဝမ်းငါးကြိမ် သွားပြီးဖါပြီ။ အောင်မြင့်လည်း လူကောင်းပကတိ ဖြစ်သွားပါပြီ။

ထိုနောက်ပိုင်းမှစ၍ မောင်ဖိုးသာ ပယောဂဝေဒနာ ဟူသမျှ ကုလိုသောစိတ်များ ပို၍ဖြစ်လာခဲ့ပါသည်။ ပွဲဦးထွက်တွေက ကောင်းနေတော့ ကုရဲသည့်စိတ်များ ဖြစ်လာ၏။

စိတ်က ကုချင်နေ၍လားမသိပါ၊ တစ်ပတ်ပြည့်အောင် မကြာလိုက်ပါ၊ မောင်ဖိုးသာကို လာခေါ်ပါပြီ။

ပညာပေးထားသော ဆရာကြီး၏ မိန့်မှာချက်ထဲတွင် အမှုမဲ့အမှတ်မဲ့ မကြိမိ မပြောမိအောင် မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံများကို စောင့်ထိန်းကြရမည်ဟု ဆိုဖူးပါသည်။ ယခု မောင်ဖိုးသာသည် မကြံစည်ကောင်းသော အကြံကို ကြံထားခဲ့ပါသည်။ ဆေးကုဖို့ တစ်ဖက်ရွာကို လိုက်သွားနေပါပြီ။ သူ၏စိတ်မှာတော့ ခပ်ပေါ့ပေါ့သာ ထားခဲ့ပါသည်။

ဆေးကုရမည့် အိမ်ပေါ်သို့ ရောက်သောအခါ -

"ဘယ်မှာပါလဲ ဆေးကုရမယ့်လူ ဒီကိုခေါ်လာခဲ့ပါ"

ထိုအခါ အိမ်ပေါ်၌ရှိကြသော အိမ်သားများအားလုံး ရောက်လာကြပြီး မောင်ဖိုးသာရှေ့၌ လာထိုင်ကြ၏။ သူတို့အားလုံး စကားတစ်ခွန်းမျှ မပြောကြပါ။ သူတို့တစ်တွေ မျက်နှာကို မောင်ဖိုးသာ ကြည့်လိုက်ပါသည်။ မျက်နှာတွေက တစ်မျိုးပဲဟုသာ သိပါသည်။ ထို့ထက် ပို၍ မသိသေးပါ။ ထို အချိန်အထိ မောင်ဖိုးသာက ပေါ့ပေါ့တန်တန် ရှိနေပါသေးသည်။ မိသားစုအားလုံး လေးယောက်ရှိပြီး တစ်ယောက်သော အမျိုးသမီးက အိမ်ထောင်နှင့် ကွဲနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အသက်အကြီးဆုံး အမျိုးသမီးမှ စတင်ပြောပါသည်။

"ဆရာလေး ဆေးကုတာမကြာသေးဘူးနဲ့ တူတယ်၊ ဒဿပြင်ဆရာတွေ ရောက်လာရင် ဒီအိမ်ပေါ် တက်လိုက်တာနဲ့ သိကြတယ်၊ တစ်ယောက်မဟုတ် တစ်ယောက်က ဝင်ပူးပြီး အော်ဟစ်နေတာပေါ့၊ အဲဒီဆရာတွေလည်း အမျိုးမျိုး ကုကြတာပါပဲ၊ ခဏတော့ ပျောက်သလိုရှိပါတယ်၊ ပြီးတော့ ပြန်ဖြစ်ကြတာပါပဲ"

"ဘာတွေဖြစ်တယ်ဆိုတာ ပြောပါဦး"

ထိုအခါ အိမ်ထောင်နှင့်ကွဲနေသော အမျိုးသမီးမှ ခပ်ဆတ်ဆတ်ဝင်ပြောလေ၏။

"အို- ဆရာ့နှယ် ပူးတယ် ကပ်တယ်လို့ ပြောနေပါပြီကော၊ ဟား ဟား ဟား ဟီးဟီးဟီး"

ပြောရင်းမှပင် ဝင်ပူးလာပါပြီ။

ထိုအခါမှ မောင်ဖိုးသာ ဘုရားကို အလင်းတိုင် ပူဇော်ပါတော့သည်။ ရတနာသုံးပါးနှင့် ဆရာသမားများကို ဦးတိုက်ရှိခိုးနေလိုက်ပါသည်။

ထို့နောက် ပူးနေသော အမျိုးသမီးရှေ့တွင် ထိုင်လိုက်ပြီး စိတ်ထဲမှ 'ငါမပူးခိုင်းဘဲ မပူးစေရဘူး' ဟု ပြောလိုက်၏။

"ဟားဟားဟား . . . မင်းနောက်ကျသွားပြီကွ၊ ပူးတော့ဘာဖြစ်လဲ . . . ဟီးဟီးဟီး"

ထိုသို့ပြောပြီး ငြိမ်သွားပါသည်။

မောင်ဖိုးသာ ထိုအမျိုးသမီးကို စိတ်ထဲမှ ထပ်၍ အမိန့်ပေးလိုက်ပြန်၏။

'ငါ မခေါ်ဘဲ ဘယ်သူမှ မပူးစေရဘူး'

ထိုသို့ပြောလိုက်သည်နှင့် ငြိမ်သွားသော အမျိုးသမီးသည် လက်ချိုးရွေ့ကနေတော့၏။

"ဟားဟား. . . မပူးပါဘူး ဆရာရယ်၊ ကနေတာပါ. . . ဟားဟား ဒီမှာ ဆရာ၊ ကျွန်မအမေက ဆယ့်နှစ်ကြိုးတစ်တယ်နော်၊ အခုဆရာ့ကို လည်ပင်းညှစ်တော့မယ် တွေ့လား"

ထိုစကားဆုံးသည်နှင့် သူမ၏ အမေဖြစ်သူ အမျိုးသမီးကြီးသည် ယိမ်းထိုး လှုပ်ယမ်းနေပြီး အံကြိတ်လျက် လက်သီးဆုပ်နှစ်ဖက်ကို ဦးနှစ်ဖက်ပေါ်သို့ တင်ထားလေ၏။

ထိုဒေသ၌တွင် အပျိုအရွယ် အမျိုးသမီးကလည်း ခေါင်းတွေမူးလာသည်ဟုဆိုကာ အိပ်ခန်းထဲသို့ ဝင်သွားလေ၏။ မိသားစုထဲတွင် လူပျိုပေါက် အရွယ် ယောကျ်ားလေး တစ်ဦးသာ ပုံမှန်အတိုင်းရှိပါတော့သည်။ အိမ်နီးနားချင်းများ တစ်ယောက်မျှ မလာကြပါ။ ဆေးကုဖို့ လာခေါ်သူပင် ဘယ်ကို ရောက်နေသည် မသိပါ။

မောင်ဖိုးသာသည် ရှေ့တွင် ကနေသော အမျိုးသမီး၏စကားကြောင့် အနားတွင် အံကြိတ်လက်သီးဆုပ်နေသော အမျိုးသမီးကြီးကိုလည်း စိတ်ထဲမှ အမိန့်ပေးကြည့်ပါသည်။ ထူးမလာပါ။ ပူးမြဲပူးနေ၏။ ကနေသော အမျိုးသမီးကလည်း တဟီးဟီး တဟားဟားနှင့် သောင်းကျန်းနေ၏။ ထိုအထဲ အိပ်ခန်းထဲဝင်သွားသော အပျိုမလေးက လှမ်းအော်နေပြန်၏။

"အမေရေ. . . လုပ်ပါဦး၊ သမီးလက်တွေ လှုပ်နေတယ်၊ ခေါင်းတွေလည်း မူးလိုက်တာ၊ အမယ်လေး လုပ်ပါဦး အမေရဲ့"

မောင်ဖိုးသာ စိတ်ထဲမှာ ထိုမိသားစုကို လွန်စွာသနားသွားပါသည်။ ထို့အတူ ဤမိသားစုကို နှောင့်ယှက်ကြသူများကိုလည်း နာကြည်းလာပါသည်။ တစ်အိမ်လုံး ဒုက္ခရောက်နေကြသည်မှာ ကြာပြီဖြစ်လောက်ပါသည်။ ယခုလောလောဆယ်မှာပင် မိမိကို မခန့်လေးစားလုပ်ရုံမက ရန်မူချင်နေသည်ကို တွေ့ရပါသည်။

မောင်ဖိုးသာ၏ မူလဓာတ်ခံက စိတ်ရှည်ပြီး သဘောကောင်းသူ၊ သည်းခံတတ်သူ ဖြစ်ပါသည်။ သို့ပေမဲ့ ယခုတစ်ကျိုးဖြစ်နေပါသည်။ ထိုသူများကို ရိုက်ချင်နေ၏။ ဟိုတစ်ခါနက ဆရာကြီးတွေ ဆေးကြိမ်လုံး ဆောင်ထားသည်ကို ကြားဖူးပါသည်။ ဤလို အရိုင်းအစိုင်းများကြောင့် ဖြစ်နိုင်ပါသည်။ မောင်ဖိုးသာ ဆရာသမားများကို အာရုံပြု၍ ခွင့်ပန်လိုက်ပါပြီ၊ တကယ် ရိုက်တော့မှာပါ။

"ပြုန်း. . . ပြုန်း"

မောင်ဖိုးသာတောင် မရိုက်ရသေးပါ။ ပူးနေသော နှစ်ယောက်ကို ဘယ်သူဝင်ရိုက်သွားသည် မသိပါ။ ပူးနေသော နှစ်ယောက်သည် ကြမ်းပြင်ပေါ် သို့ ဘေးတစောင်း ပစ်လဲကျသွား၏။ ထိုအခါမှ ပုံမှန်အတိုင်း လူစိတ်ပြန်ဝင်လာ၏။ မောင်ဖိုးသာ အချိန်ဆိုင်းမနေတော့ပါ။ မိသားစု လေးယောက်လုံးကို ဆေးတစ်ခွက်စီ တိုက်ပါသည်။ ဆေးတိုက်ပြီးသည်အထိ ပုံမှန်ရှိနေကြပါသည်။ လူတွေကတော့ ကြောင်တောင်တောင် ငိုင်တိုင်တိုင်နှင့်ပါ။

နောက်နေ့ နှစ်ရက်ဆက်လာပြီး ဆေးတိုက်ပါသည်။ လေးရက်မြောက်နေ့တွင် ထူးခြားသွားပါပြီ။ အပင်ပန်းခံရကျိုး နပ်ပါပြီ။ အကြောင်းကတော့ သူတို့မိသားစုလေးယောက် မောင်ဖိုးသာကို ရွာထိပ်မှ လာကြိုနေကြပါသည်။

"ဆရာလေးကို တွေ့ချင်လွန်းလို့ လာကြိုနေကြတာ၊ ပြောစရာလည်း ရှိတယ်လေ၊ ဝမ်းသာလိုက်တာ ဆရာလေးရယ်၊ ကျေးဇူးလည်း တင်ပါတယ်ရှင်၊ အိမ်ရောက်မှ အကြောင်းစုံပြောပြရဦးမယ် ဆရာရေ"

အိမ်ပေါ် ရောက်သည်နှင့် မောင်ဖိုးသာကို ကန်တော့ကြကုန်၏။ ထို့နောက် သူတို့မိသားစု အကြောင်းကို ပြောပြလေ၏။ သူတို့မိသားစုသည် တောင်ပေါ်ရွာမှ ပြောင်းလာသည်မှာ မကြာသေးပါ။

အိမ်ထောင်ဦးစီးဖြစ်သူ ဆုံးပြီး ခုနစ်ရက်ပြည့်သည်နှင့် ပြေးလာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

သည် ဟူ၏။ သမီးအကြီးဆုံး၏ အိမ်ထောင်ရေးကိစ္စမှစ၍ မကျေနပ်၍ ပြုစားလိုက်ခြင်း ဖြစ်ပါသည်။

သမီးကြီး မခင်အေး အိမ်ထောင်ပြုတော့မည်ဆိုသောအခါ ဖခင်လုပ်သူ ဦးထွန်းမောင်က သဘောမတူပါ။ အဆိုးဆုံးက စုန်းမျိုးတွေနဲ့ ဘယ်တော့မှ မပေးစားဘူးဟု ဦးထွန်းမောင်က လူအများရှေ့တွင် ပြောလိုက်မိပါသည်။ ထိုစကားက ပေါ့ပေါ့မဟုတ်ပါ။ ဦးထွန်းမောင် အသက်ပေးလိုက်ရပါသည်။ မခင်အေးကတော့ ဖခင်မရှိတော့သည့် အခါ အိမ်ထောင်ပြုလိုက်ပါသည်။

မခင်အေး အိမ်ထောင်ရေး မကောင်းလာပါ။ ဖခင်ဖြစ်သူက သေခါနီးအထိ သူ့သမီးကို မယူဖို့ အတန်တန် မှာသွားပါသည်။ မိဘစကား ပယ်ရှားမိလို့လားဟု နောင်တရနေချိန်တွင် မိသားစုတွေ ကျန်းမာရေးမကောင်းကြပါ။ တစ်ယောက်မဟုတ် တစ်ယောက် ဖျားနာနေကြပါသည်။ သည်ရွာမှ ဆရာတွေကလည်း မရှိးဘူးဟု ပြောလာသဖြင့် မခင်အေး အိမ်ထောင်အပေါ် စိတ်နာလာပါသည်။ ထို့နောက် အိမ်ထောင် ကွာလိုက်ပါသည်။

အိမ်ထောင်ကွာပြီး ခုနစ်ရက်လောက် ရှိသောအခါ မခင်အေးမှာ ဗယောဂ အစွဲအကပ်တွေ ဖြစ်လာပါသည်။ ထို့နောက် တစ်အိမ်လုံး မဖြစ်ဖူးသူမရှိ၊ ကူးစက်ကုန်တော့၏။ ဆရာအမျိုးမျိုးနှင့် ကုကြပါသည်။ ကုနေဆဲသာ သက်သာပြီး ပြန်ဖြစ်ပါသည်။

ယခုတော့ ထိုတောင်ပေါ် ရွာမှ ယုတ်တော်သည်ဆိုသောသူ သေပြီဟု သာပြောသဖြင့် ဝမ်းသာနေကြသည်။ မောင်ဖိုးသာတို့ ပညာတွင် ညီသူ့ကိုမှ ရည်ရွယ်ခြင်း မရှိခဲ့ပါ။ မိမိဆေးကုရမည့် လူနာထံ၌ရှိနေသော အခြောင့်ပယောဂကိုသာ ရည်ရွယ်ပါသည်။

မောင်ဖိုးသာ ထိုအကြောင်းများကို ဆရာသမားအား ပြောပြသောအခါ ခုနစ်စဉ်တိုက် ဖြစ်သည်ဟု ပြောပါသည်။

တစ်ယောက်ပြီး တစ်ယောက် သေတတ်သည့် အတိုက်မျိုးဖြစ်၍ ပြုလုပ်သောသူက သူ့ဒဏ်သူ ပြန်ခံသွားရခြင်းဖြစ်သည်ဟု ပြောပါသည်။ ထိုကဲ့သို့ရှိသောကြောင့် ဆရာတွေသမားတွေဆိုတာ ဘုရားတရားမြဲနိုင်မှ တန်ကာကျသည်ဟု မိန့်မှာခဲ့ပါသည်။

မောင်ဖိုးသာလည်း ထိုကဲ့သို့ အခက်အခဲများကြားမှ မထင်မှတ်ဘဲ အဆင်ပြေလာခြင်းသည် အမြဲတမ်းတော့ မဖြစ်နိုင်ဟု နားလည်လာပါပြီ။ မကြံစည်ကောင်းသောအရာနှင့် ဆုမတောင်းကောင်းသော ကိစ္စကို ခွဲခြားနားလည်လာခဲ့ပါပြီ။

မိမိ၏ ကျင့်ကြံအားထုတ်မှုသည် မပြောပလောက်သေးဟု နှလုံးသွင်းထားပါသည်။ မိမိရင်ဆိုင်တွေ့ရမည့် မိန္ဒာအမျိုးအစားတွေက အဘယ်သို့ ရှိလိမ့်မည် မသိနိုင်ပါ။

တောင်ကြီးဖဝါးအောက်ဆိုတာက ဆိုစရာစကားလို့သာ သဘောထားပါသည်။ ကိုယ်တတ်နိုင်မှပါ၊ မတတ်နိုင်လား၊ တတ်နိုင်လား နောက်ဆုံးအဖြေက နောက်မှသိရပါမည်။

ထိုအခါ မောင်ဖိုးသာသည် သီလ၊ သမာဓိသာလျှင် အားကိုးရာဆိုသည်ကို အပ်ကျမပ်ကျ နားလည်လာပါတော့၏။

ကြည်မင်းစံ(အောင်မြေသာယာ)

❑

စာရှုများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆွန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလှုပ်ရှားမှုများ
စိစိလှုပ်ရှား
ပို့ဆိုင်ရာတက်
စောင့်မြင်စရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)
အခန်း (၁၈) ပထဝီ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၀၅၁၀

www.burmeseclassic.com

www.burmeseclassic.com

သစ္စာကို

ပန်းခင်းသောလမ်း

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

"ပြောပြမှာပါ၊ ဒါမှ နင်သိမှာလေ၊ နင့်ကို ငါလို မဖြစ်စေချင်ဘူး၊ ငါတို့ နေပြည်အော် ပြောင်းကြရမယ် ဆိုတော့ မေမေ့ အသက်အရွယ်နဲ့ ခေါ်သွားလို့လည်းမဖြစ်ဘူး၊ ဒီမှာရှိတဲ့ အိမ်ထောင်သည် သားသမီးတွေနဲ့လည်း မနေချင်ပါဘူးဆိုလို့ မေမေ စီစဉ်တဲ့အတိုင်း ငါအလုပ်ထွက်လိုက်ရပါရောလား၊ ငါက မေမေ့ကို ပြုစုစောင့်ရှောက်၊ ငါတို့သားအမိရဲ့ စားဝတ်နေရေးအတွက်ကိုတော့ မမကြီးနဲ့ အစ်ကိုအောင်စိုးတို့က တစ်လ တစ်သိန်းစီ ထောက်ပံ့ကြမယ်ဆိုတဲ့ ကတိစကားနဲ့ပေါ့ဟယ်"

"အဲဒါ ငါသိတယ်လေ၊ အဲဒီ အစီအစဉ်အတိုင်း အခု အဆင်ပြေနေတယ်မဟုတ်လား မြတ်လေးရဲ့"

"စိုးစိုးရယ်၊ စောစောက ငါပြောခဲ့သလိုပဲလေ၊ သူများဆီက ပစ္စည်းဥစ္စာဆိုတာ ကိုယ်ပိုင်တဲ့အရာ မဟုတ်ဘူး၊ ကိုယ်အလုပ်လုပ်ပြီးရတဲ့ လစာငွေလို လက်နဲ့တာနဲ့ ရလာနိုင်တဲ့ အရာမျိုး မဟုတ်ဘူး၊ မိသားစုစည်းဝေး တိုင်ပင်ကြတုန်းကတော့ မေမေ့ သမက်နဲ့ ချွေးမက သိပ် သဘောကျပုံ မရပေမယ့် မမကြီးနဲ့ အစ်ကိုအောင်စိုးတို့နှစ်ယောက်က မငြင်းပါဘူး၊ သူတို့လည်း မေမေ့ကို တာဝန်ယူပြီး မပြုစုနိုင်တဲ့အတွက် ကြောင့် မငြင်းတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။

အစပိုင်း လေးငါးလလောက် တုန်းကတော့ မဆိုးပါဘူး၊ လဆန်းတာနဲ့ ကြုံရင်ကြုံသလို လာပေးကြတယ်၊ အဲဒီ နောက်ပိုင်းတော့ဖြင့် စိုးစိုးရေ. . ."

ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ညီအစ်မရင်းချာကဲ့သို့ ဖြစ်နေသည့် အတွက် မြတ်လေးက သူငယ်ချင်း ဖြစ်သူအား လက်ရှိကြုံတွေ့ခံစားနေရသော အခြေအနေအားလုံးတို့ကို ဖွင့်ဟပြောဆိုလိုက်၏။ မြတ်လေး အနေနှင့် သူတစ်ပါးကို အားကိုးမှီခိုနေလျှင် အလုံးစုံ အဆင်ပြေနိုင်မည် မဟုတ်သည်ကို ကောင်းစွာ သိနေသော်လည်း ယခုလောက် အထိ တွက်ကတ်ကြ၊ စေတနာ မေတ္တာ ကင်းမဲ့ကြလိမ့်မည်ဟု တွေးထင် မထားသည်ကတော့ အမှန်ပင်။

"မြတ်လေးရယ်၊ငါဖြင့် အံ့သြပါရဲ့၊အငယ်ဆုံးက ကိုယ့်ဘဝရှေ့နေ ဘာမှ မတွေးဘဲ ဒီမအေကြီးကို အလုပ်ထွက်ပြီး ပြုစုစောင့်ရှောက်ထားတယ်၊ အကြီးတွေက သူတို့ ရှာဖွေလို့ ရတာရဲ့ အစွန်းထွက် လောက်ပေးရတာတောင် တွက်ကတ် နေကြတယ်၊ ကြီးကြီးဝမ်းနဲ့လွယ်ပြီး မွေးထားတဲ့ သားသမီးအရင်းအချာ တွေကော ဟုတ်ရဲ့လားဟယ်. . . ဒီလောက် အကြင်နာတရား ကင်းမဲ့ရအောင်"

"ဟုတ်တယ် စိုးစိုး၊ မိဘနဲ့ အတူနေတုန်းက အင်မတန်တော်တဲ့ သားသမီးဖြစ်ခဲ့တာတောင် သူစိမ်းဖက်လာရင် များသောအားဖြင့် စိမ်းသွားတတ်ကြတယ်တဲ့၊ တကယ်တော့ အဲဒါ မဖြစ်သင့်ဘူး၊ ဒီမိသားစု အသိုက်အဝန်းထဲက လူတစ်ယောက်ကို ကြိုက်နှစ်သက်လို့ ယူလိုက်ပြီဆိုရင် သမက်ပဲဖြစ်ဖြစ်၊ ချွေးမပဲဖြစ်ဖြစ် ဒီမိသားစုအသိုက်အဝန်းနဲ့ ချမ်းသာအတူ၊ ဆင်းရဲအတူ သုခ၊ ဒုက္ခမှန်သမျှ အတူမျှဝေ ခံစားသင့်တယ်လို့ ငါထင်တယ်၊ အခုတော့ အများအားဖြင့် အဲဒီလိုမဟုတ်ဘူး၊ ဒီမိသားစုအသိုက်အဝန်းထဲ ဝင်ရမယ့်အစား ဒီမိသားစုထဲကလူကိုတောင် ဆွဲထုတ်သွားကြသေးတယ်၊ ပြီးတော့ မိသားစုနဲ့ သွေးကွဲအောင် အမျိုးမျိုးစည်းရုံးကြတော့တာပဲလေ။

ကြာလာတော့ ကိုယ်မွေးခဲ့တဲ့၊ ကျွေးခဲ့တဲ့ မိဘတွေအပေါ် တောင် အကြင်နာတရားခေါင်းပါးပြီး မလုပ်သင့်တဲ့ လုပ်ရပ်တွေ လုပ်လာနိုင်ကြတော့တာလေ၊ တကယ်တော့ အရှည်မတွေးကြလို့သာပါ၊ တစ်နေ့ သူတို့ လုပ်ခဲ့ကြတဲ့အတိုင်း ဝဋ်ပြန်လည် တာခံရလိမ့်မယ်ဆိုတာ သူတို့ကောင်းကောင်း သိဖို့လိုတယ်"

"ဒါဆို နင်နဲ့ကြီးကြီး အဆင်ရော ပြေကြရဲ့လား မြတ်လေးရယ်၊ ငါ ဘာကူညီပေးရမလဲဟော"

"အကူအညီတော့ မလိုပါဘူး စိုးစိုးရယ်၊ မြတ်လေးက အပိုသုံးတတ် ဖြုန်းတတ်တဲ့သူမှ မဟုတ်တာလေ၊ သူတို့ဆီက ရသလောက်နဲ့ လောက်ငအောင် သုံးတတ်ပါတယ်၊ အခုပြောနေတာကလည်း မြတ်လေး သုံးချင်ဖြုန်းချင်လို့ ပြောနေတာ မဟုတ်ဘူးနော်၊ သူများကို မှီခိုပြီး နေထိုင်စားသောက်နေရတဲ့ဘဝ ဘယ်လောက်ထိ စိတ်ကုန်၊ စိတ်ပျက်၊ သိမ်ငယ်စရာ ကောင်းလိုက်သလဲဆိုတာ နင် သိစေချင်လို့။

နောက်ပြီး မိဘကို ငဲ့ညှာပြီး အလုပ်ထွက်ရမယ့် အခြေအနေမျိုး

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာရင်တော့ဗင် ရှေ့နောက် ဆင်ခြင်ပြီး လုပ်သင့်တာကိုလုပ်၊ ဖွတ်တရွတ် အလုပ်ထွက်လိုက်တာမျိုး မဖြစ်စေချင်လို့ ပြောနေတာပါ။ နင့်ကို မြတ်လေး ကြုံတွေ့နေရတဲ့ စိတ်ပျက်စရာ အခြေအနေတွေ မကြုံစေချင်ဘူး စိုးစိုးရယ်"

✿

"နေ့တိုင်း ဆွမ်းခံကိုယ်တော်တွေ ကြွတယ်မဟုတ်လား၊ အဲဒါလည်း ကုသိုလ်အလုပ်ပဲလေ၊ ဒါပြင် မေမေက ဘာကောင်းမှုကုသိုလ်တွေ လုပ်ချင်သေးတာတဲ့လဲ မြစ်လေးရဲ့"

"လာမယ့် ၁၁ ရက်နေ့က မေမေရဲ့ မွေးနေ့လေ ကိုကို၊ အဲဒါ မေမေက အိမ်မှာ ဆွမ်းလည်းကပ်မယ်၊ နောက်ပြီး သူအမြဲလူနေကျ ဆွမ်းဆန်တို့၊ ဆီတို့၊ ဝတ္ထုဥစ္စတို့ လှူမှာပေါ့၊ အဲဒါကြောင့် ကိုကိုတို့ပေးရမယ့် တစ်သိန်းကို ခါတိုင်းလို ခွဲပြီးဖပေးဘဲ တစ်ခါတည်း ပေးလိုက်ပါတဲ့၊ မေမေက ပြောခိုင်းလိုက်တယ်"

ယခင်လများက ကိုအောင်စိုးတို့ပေးရမည့်ငွေကို လေးငါးခါခွဲပေးလည်း မြတ်လေး ဘာတစ်ခွန်းမျှ မပြော။ တစ်ခါတစ်ရံအတွက်အချက်မှား၊ အမှတ်မှားပြီး လျှော့ပေးလျှင်လည်း မြတ်လေး လေကုန်ခံကာ ငြင်းခုံပြောဆိုမနေ။ အစ်ကို၊ အစ်မနှစ်ယောက် ပေးသမျှငွေတို့ဖြင့်သာ လောက်ငအောင် ကြည့်သုံးနေလိုက်တော့တဲ့။

ဒီလထဲမှာတော့ ဒေါ်ခင်မေ၏ ၈၁-နှစ်ပြည့် မွေးနေ့ရှိသည်။ မွေးနေ့ရောက်တိုင်း ဆွမ်းကပ်နေက၊ ဝတ္ထုငွေ၊ ဆန်၊ ဆီ အစရှိသည့် လှူဖွယ်အစုစုတို့ကို လှူဒါန်းနေကျဖြစ်၏။ ထို့အတွက် ဒေါ်ခင်မေက သမီးကြီး မမြတ်သီနှင့် သား ကိုအောင်စိုးတို့ထံမှ ထောက်ပံ့ငွေ တစ်သိန်းကျပ်စီကို တစ်ခါတည်း ပေးလိုက်ကြရန် မှာလိုက်ခြင်း ဖြစ်သည်။

ငွေကြေးကိစ္စနှင့် ပတ်သက်၍ ပြောဆိုရခြင်းကို စိတ်ကုန်၊ စိတ်ပျက်လှသော်လည်း မိခင်ကြီး အတန်တန် မှာလိုက်ခြင်းကြောင့် မြတ်လေးက စိတ်ရှည်ရှည်ထားကာ ရှင်းပြပြောဆိုနေခြင်း ဖြစ်လေသည်။

"ပြောင်တာ့လွယ်တယ်၊တစ်ခါတည်းပေးရအောင် ရှိဦးမှကိုး၊ အပို ဝင်ငွေလေး ဘာလေး ရှိရင်တော့ ဟုတ်တာပေါ့၊ နီလာတို့မှာ လစာအပြင် ဘာမှမရတာ ကြာပြီ၊ ကိုယ့် မိသားစုအတွက်လည်း လက်ထဲရှိသင့်သလောက် ရှိထားဦးမှပေါ့"

"မေမေက အလှူလုပ်ရအောင် ပိုက်ဆံအပိုရှိလို့လား၊ မမကြီးနဲ့ ငါပေးနေတာ စားစရိတ်အတွက်နော်၊ အလှူလုပ်လိုက်လို့ စားစရိတ်အတွက် မလောက်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒီအတွက် ကိုကို တွေးမနေနဲ့၊ လောက်တာ မလောက်တာ ညီမတို့ကကျွေး၊ မေမေအလှူလုပ်ချင်လို့ ကိုကို့ဆီက ပိုတောင်းနေတာလည်း မဟုတ်ဘူး၊ ပေးနေကျ တစ်သိန်းကို တစ်ခါတည်းပေးဖို့သာ ပြောနေတာ၊ မွေးနေ့ အလှူလေးတော့ လုပ်ပါစေ ကိုကိုရယ်၊ ညီမ အလုပ်လုပ်တုန်းကဆိုရင် တစ်နှစ်ကို သုံးခါထက်မနည်း အလှူအတန်း လုပ်ပေးတယ်၊ အခု ညီမ ငွေမရှာနိုင်တဲ့ အခြေအနေမှာ သုံးခါမလုပ်နိုင်တော့ပေမယ့် မွေးနေ့လေးလောက်တော့ လုပ်ပေးချင်တယ် ကိုကို"

ယောက်မ စကားကိုတော့ မြတ်လေးက သိပ်ခေါင်းထဲမထည့်သော်လည်း အသိတရားနည်းပါးစွာ ပြောလိုက်သော အစ်ကိုဖြစ်သူအား မြတ်လေး အံ့ဩသြစွာကြည့်ရင်း ပြောလိုက်၏။ တကယ်လည်းဟုတ်သည်။

မြတ်လေး အလုပ်လုပ်စဉ်က မိခင်ကြီးလုပ်လိုသည့် အလှူအတန်းကိစ္စကို တစ်နှစ်သုံးကြိမ်ထက်မနည်း လုပ်နိုင်ရန် စီစဉ်ပေးသည်။ ကိုယ်တိုင် ရှာဖွေထားသည့်ငွေဖြင့် မိခင်ကြီး စိတ်ကြိုက် လုပ်ပေးခြင်းဖြစ်၍ အစ်ကို၊ အစ်မတို့ကိုတောင် ငွေကြေးကိစ္စ တိုင်ပင်မနေ။ အလှူလုပ်မည့်နေ့ လာရန်သာ အကြောင်းကြားနေကျဖြစ်၏။

ယခု ကိုယ်တိုင်မရှာနိုင်သည့် အခြေအနေမှာတော့ မိခင်ကြီး မွေးနေ့အလှူလုပ်ဖို့တောင် အခက်အခဲဖြစ်နေရခြင်းကြောင့် အစ်မကြီးနှင့် အစ်ကိုဖြစ်သူတို့ကို မြတ်လေး အတော်စိတ်ကုန်နေပြီဖြစ်၏။

"ဒါကတော့ နင်ရှာတဲ့ပိုက်ဆံ ငိုစားရယ်စားမယ့်သူ ရှိတာမှမဟုတ်တာဟဲ့၊ တစ်နှစ် အလှူ သုံးခါလုပ်နိုင်တာ့ အဆန်းလား၊ ငါတို့မှာ ကလေးတစ်ယောက်စရိတ်တင် နည်းတာ မဟုတ်ဘူး၊ ကိုယ်မွေးထားတော့ မိဘတာဝန်ကျေအောင်လုပ်ရတာ၊ဒါတွေထားလိုက်ပါတော့၊ အခု ငါတို့ ငါးသောင်းပေးလိုက်မယ်၊ မမကြီးဆီကရမှာမဟုတ်လား၊ အဲဒီလောက်ဆိုရင် မေမေလုပ်ချင်တဲ့ အလှူဖြစ်ပါတယ်၊ ညည့်သည်တွေ ဖိတ်မနေနဲ့ပေါ့ဟာ၊

www.burmeseclassic.com

သံယာတော်တွေပဲ ဆွမ်းကပ်၊ ဝတ္ထုငွေ လှူလိုက်ပေါ့"

"မမကြီးကလည်း အဆင်မပြေသေးလို့ ငါးသောင်းပဲ ယူပါဦးတဲ့၊ ဒါတောင် နှစ်ရက်၊ သုံးရက်နေမှ ယူပါတဲ့၊ ချက်ချင်း ပေးလိုက်ဘူး၊ ကိုကို စိတ်ဆိုးချင်လည်းဆိုးပေတော့၊ ညီမ မမကြီးနဲ့ ကိုကိုတို့နှစ်ယောက် စလုံးကို အရမ်းစိတ်ပျက်တယ်၊ ကိုယ့်မှာ ဒီမအေတစ်ယောက် ရှိတာ၊ အသက်ကလည်း ကြီးလှပြီ၊ နောက်ဘယ်လောက်ကြာကြာ နေနိုင်ဦးမယ် ထင်သလဲ၊ တကယ်ဆို ညီမ ပြောနေစရာတောင်မလိုဘူး၊ လက်ရှိအလုပ်အကိုင်နဲ့ ငွေရှာနိုင်တဲ့ မမကြီးနဲ့ ကိုကိုတို့က မေမေ လုပ်ချင်တာကို အလိုက်တသိနဲ့ လုပ်ပေးကြရမှာ မဟုတ်လား၊ စောစောက ကိုကိုပြောလိုက်ပါတယ်၊ ကိုယ်မွေးထားတော့ မိဘတာဝန်ကျေအောင် လုပ်ရတယ် ဆိုတာလေ။

စဉ်းစားကြည့်လိုက်ပေါ့ ကိုကိုရာ၊ ဖေဖေတို့၊ မေမေတို့ တာဝန်ကျေခဲ့ကြလို့ ကိုကို အခုလို ဂုဏ်နဲ့ ဒြပ်နဲ့ တင့်တင့်တယ်တယ်နေနိုင်တာမဟုတ်လား၊ အဲဒါတောင် ကိုယ်မွေးထားတဲ့ သားသမီးအပေါ်တော့ တာဝန်ကျေအောင် ကြိုးစားလိုက်ကြတာ၊ ကိုယ့်ကို ဒီအခြေအနေဖြစ်အောင် ပြုစုပျိုးထောင်ပေးကြတဲ့ မိဘတွေကိုတော့ ကျေးဇူးပြန်ဆပ်ဖို့ အသိတရား မရှိရင် တာဝန်မကျေရင် မမကြီးတို့၊ ကိုကိုတို့ ဘာဖြစ်သွားကြမလဲ။

ညီမက အငယ်ပါ၊ တကယ်ဆို ဒီစကားတွေ မပြောချင်ပါဘူး၊ ဒါပေမဲ့ မပြောမဖြစ်လို့ ပြောလိုက်ပြီ၊ ဒီလိုစကားမျိုးပြောတာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်လို့ပဲ မှတ်လိုက်ပါ၊ နောက် မေမေနဲ့ ပတ်သက်တဲ့ကိစ္စ ဘာတစ်ခုမှ လာပြောမှာ မဟုတ်တော့ပါဘူး"

"မပြောလည်း နေရုံပေါ့လေ၊ နီလာတို့ကလည်း ပေါလွဲနေမှဖြင့် ဒီလိုစကား ယောင်လို့တောင် မဟပါဘူး၊ ရွာရဖွေရတာ ဘယ်လောက် ခက်ခဲ ပင်ပန်းလိုက်သလဲ ဆိုတာ အလုပ်မလုပ်တဲ့သူတွေကတော့ဘယ် သိပ့်မလဲ၊ ရှင့်အမေကလည်း အံ့သြစရာ အတော်ကောင်းပါရဲ့၊ ကိုယ့်အိမ်မှာဖြင့် ဘာဝင်ငွေမှ မရှိဘူး၊ သားသမီးထောက်ပံ့တာ စားနေရတာကိုများ မွေးနေ့ဆွမ်းကပ်ချင်ရတာနဲ့၊ ဆန်လှူချင်ရတာနဲ့၊ ဆီလှူချင်ရတာနဲ့ ရှုပ်ယှက်ကို ခတ်နေတာပဲ၊ '၀' မရှိဘဲ '၀' လုပ်ချင်တာလေ"

ခြံစပ် ရောက်နေပြီဖြစ်သော်လည်း ယောက်မဖြစ်သူ နီလာဆွေပြောနေသော စကားတို့ကို မြတ်လေးအတိုင်းသား ကြားလိုက်ရ၏။ ရုတ်တရက် ဒေါသထောင်းခနဲထွက်သွားကာ ပြန်လှည့်၍ ချေပပြောဆိုရန် ပြင်ပြီးမှအံတြိတ်သည်းခံလိုက်သည်။

အစ်ကိုဖြစ်သူကလည်း တစ်အူထွဲဆင်း ညီမအရင်းဘက် ပါမည် မဟုတ်သည်ကို မြတ်လေးကောင်းစွာ သိ၏။ ထိုသို့သော အခြေအနေတွင် ပြန်လှည့်ပြောလည်း သူသာ အရှက်ရမည်ကို နားလည် သဘောပေါက်ကာ ကျောခိုင်းထွက်ခွာခဲ့ခြင်းလည်း ဖြစ်၏။

ငွေကြေးအဆင်မပြေ၍ မိခင်နှင့် ညီမအပေါ် ဤသို့ပြုမူလျှင် ခွင့်လွှတ်ဦးမည်။ ယခုတော့ ကားဝယ်ရန် ငွေတချို့တစ်ဝက်တောင် ပေးချေပြီးနေပြီဖြစ်ကြောင်း၊ ကာယကံရှင်တို့ မပြောသော်လည်း ရင်နှီးခင်မင်သည့် မိတ်ဆွေတို့ပြော၍ သိနေခြင်းကြောင့် ခွင့်မလွှတ်နိုင်ရုံသာမက ခံပြင်းနာကြည်းခြင်းတို့က ထိန်းမနိုင် သိမ်းမနိုင် ဖြစ်နေလေသည်။

သို့သော်လည်း မြတ်လေးတို့သားအမိ၏ လက်ရှိအခြေအနေက သူတစ်ပါးကို မှီခိုနေရသည်ဖြစ်၍ ကြုံလာသမျှ မကျေနပ်သော်လည်း ခါးစည်းခံရုံအပြင် ဘာများတတ်နိုင်ပါဦးမည်နည်း။

✿

"ဒီလက်ကောက်က သမီးလည်း ဝတ်တော့တာမှ မဟုတ်တာ၊ အထူးတလည် သွားစရာ၊ လာစရာလည်း ဘာမှမရှိဘူး၊ အိမ်နေရင်းတော့ လက်ဝတ်လက်စားတွေ မဝတ်ချင်ပါဘူး၊ အဲဒါကြောင့် ရောင်းပစ်လိုက်ရင် ကောင်းမလားလို့ မေမေ"

"ဟဲ့... ဘာလို့ရောင်းရမှာလဲ၊ နောင်ရေးအတွက် ဖြစ်နိုင်ရင် ထပ်တောင်စုသင့်စုရမယ့်ဟာ၊ ရှိနေပြီးသား ပစ္စည်းကိုများ ရောင်းပစ်ရမယ်လို့တော်"

အခြေအနေ အရပ်ရပ်ကို ဘာမှ သိနားလည်ခြင်းမရှိသော ဒေါ်ခင်မေက မြတ်လေး အလုပ်လုပ်စဉ် ငွေပိုတိုင်း စုဆောင်းဝယ်ထားသည့် လက်ဝတ်လက်စားများထဲမှ လက်ကောက်တစ်ရန်အား ရောင်းပစ်ရန် စီစဉ်နေသည်ကို သဘောမကျဟန်ဖြင့် တားမြစ်ပြောဆိုလိုက်၏။

www.burmeseclassic.com

အစ်ကို၊ အစ်မများနှင့် ငွေရေးကြေးရေးကိစ္စ ပတ်သက်နေရသည်ကို မြတ်လေး လွန်စွာ စိတ်ပျက်နေပြီဖြစ်သော်လည်း မိခင်ကြီး စိတ်ဆင်းရဲမည်စိုး၍ ဘာတစ်ခွန်းမျှ ပြောမထားဘဲ သူသာကြိတ်မှိတ်ခံနေ၏။ ယခုတော့ မပြောဘဲနေ၍ မဖြစ်တော့၊ တစ်လထက်တစ်လ အဆင်မပြေမှုတွေက ပို၍များလာသည့်အတွက် လက်ရှိအခြေအနေမှ တစ်မျိုး တစ်ဖုံ ပြောင်းလဲပစ်ရန် မြတ်လေး ဆုံးဖြတ်လိုက်ပြီဖြစ်၏။

"ရောင်းမှဖြစ်မယ် မေမေရဲ့၊ မေမေ့မွေးနေ့မှာလည်း စိတ်တိုင်းကျ လှူချင်တာလှူလေ၊ တစ်နှစ်မှ တစ်ခါလုပ်ရတဲ့အလှူ မေမေ့ဆန္ဒအတိုင်း လုပ်လေ"

"ဟဲ့- အဲဒါက သမီးအစ်မနဲ့ အစ်ကိုဆီကရတဲ့ ပိုက်ဆံနဲ့ လုပ်မှာလေ၊ စားဖို့သောက်ဖို့ကလည်း ရှိသေးတယ်ဆိုတော့ ဆန္ဒရှိသလောက် လှူလို့တော့လည်း ဘယ်ဖြစ်မလဲ၊ မေမေတို့မှာ ငွေလက်ကျန် အတော်အတန်တော့ ရှိသေးတာပဲလေ၊ လောက်လောက်ပါတယ်၊ သမီး အစ်မနဲ့ အစ်ကိုဆီက ပိုက်ဆံရခဲ့တယ်မဟုတ်လား၊ စောစောစီးစီး လာဖို့ရော ပြောခဲ့ရဲ့လား"

"သူများဆီက ငွေကြေးကို မျှော်လင့်ပြီးတော့များ အလှူလုပ်ဖို့ စိတ်မကူးပါနဲ့ မေမေရယ်၊ ကိုယ်လုပ်ချင် ကိုယ့်ရှိတဲ့ဟာနဲ့ ကြဖန်လုပ်ရတာပဲဟာ"

"ဟဲ့... ဘယ့်နယ် ကိုယ့်ရှိတဲ့ဟာ ကြဖန်လုပ်ရမှာလဲ၊ သူတို့ဆီကရတာနဲ့လုပ်လိုက် ပြီးတာပဲမဟုတ်လား၊ ဘာဖြစ်လို့ ဒီလောက်စကားတွေ ရှည်နေရတာလဲ"

"မေမေကတော့လေ၊ လူတစ်ဖက်သားကိုအတော်ယုံတာပဲ၊ မေမေထင်သလို ရမှဖြင့် ပြောနေမလား၊ မေမေ့ကို သမီး ဟိုးအရင်ကတည်းက သတိပေးခဲ့ပါတယ်၊ သူများကို သိပ်မယုံနဲ့၊ သူများပိုင်တဲ့ပစ္စည်းဟာ ကိုယ့်ပစ္စည်းမဟုတ်ဘူး၊ သူများကို အားကိုးတယ်ဆိုတာ အမြဲစိတ်ချလို့ မရဘူး၊ ကိုယ့်အလုပ်ရှိမှ ကိုယ်ရှာတဲ့ငွေကမှ ကိုယ့်အတွက် အမြဲစိတ်ချရတယ်လို့လေ"

ဒေါ်ခင်မေကလည်း ရိုးအသည်။ ရိပ်ကာသီကာ ပြောရုံနှင့် နားမလည်သည့်အဆုံး မြတ်လေးက ဖြောင့်ဖွင့်ပြောလိုက်တော့၏။

"နေပါဦး၊ ဘာတွေဖြစ်လို့လဲ၊ သမီးအစ်မတွေ၊ အစ်ကိုတွေနဲ့ အစစအရာရာ အဆင်ပြေကြတယ်မဟုတ်လား၊ ဘာပြဿနာများ ရှိနေလို့လဲ သမီးရဲ့"

"ဘာပြဿနာရှိလို့လဲ ဆိုရင် ငွေရေးကြေးရေး ပြဿနာကလွဲပြီး တခြားဘာရှိမှာလဲ မေမေရာ၊ သမီးမေမေ စိတ်မကောင်းဖြစ်မှာစိုးလို့ ဘာမှမပြောဘဲ ကိုယ့်ဘာသာအဆင်ပြေအောင် ဖြေရှင်းလာခဲ့တာ ဘယ်လောက်ကြာပြီမှတ်လဲ။

တကယ်တော့ မေမေ ထင်သလို အဆင်ပြေတာ အစောပိုင်းသုံးလေးလလောက်ပါ၊ နောက်ပိုင်းတော့ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ပိုက်ဆံတစ်သိန်း ရဖို့အရေး သမီး စိတ်ရောကိုယ်ရော ချုံးချုံးကျတဲ့ အထိပါပဲ မေမေ၊ ဒါတောင် အပြည့်အဝမရတဲ့လတွေ အများကြီးပဲနော်"

"ဒါတွေ သမီး မေမေ့ကို ပြောပြသင့်တယ်၊ မေမေမွေးထားတဲ့ သားသမီးတွေ ဒီလောက် အသိတရားနည်းကြရသလား၊ သူတို့နှစ်ယောက်စလုံး ငွေရေးကြေးရေး အဆင်မပြေရင် မေမေ ဒီလိုစီစဉ်ဖြစ်မှာမဟုတ်ဘူး၊ မြတ်သီ ကျူရှင်ပြတာတစ်ခုတည်းနဲ့ အောင်စိုးတစ်ယောက် ရုံးကရတဲ့ ဝင်ငွေတစ်ခုတည်းနဲ့ မိသားစုတစ်စုလုံး ထိုင်စားလို့ရတယ်ဆိုတာ မေမေသိတယ်၊ သူတို့ ခြံတွေဝယ်နေတာ၊ တိုက်ခန်းတွေ ဝယ်နေတာ မေမေသိသားပဲ၊ သူတို့ဝင်ငွေကောင်းလို့ဝယ်တာ ဘာမှ မပြောလိုပါဘူး။

ဒါပေမဲ့ ဒီမအေနဲ့ ဒီမအေကို ရှေ့ရေး မကြည့်ဘဲ အလုပ်ထွက်စောင့်ရှောက်နေတဲ့ ညီမလေးကို ငွေတစ်သိန်းထောက်ပံ့ရတာ သူတို့မှာ ဒီလောက် ခက်ခဲနေကြသလား၊ နှစ်ယောက်စလုံး ခေါ်လိုက်စမ်း၊ မေမေပြောမယ် သူတို့ကို"

"အဲဒီလို ခေါ်ပြောလိုက်ရင် မေမေတို့ကြားထဲ သမီးက တိုက်ပေးတယ်လို့ထင်ပြီး သမီးအဆိုးဖြစ်သွားမှာပေါ့၊ ဒီနေ့ ဒီအချိန်မှ မေမေ ဒီကိစ္စတွေသိရတာနော်၊ တစ်လျှောက်လုံး သူတို့နဲ့ပတ်သက်ပြီး တွေ့ကြုံရတဲ့ ဒုက္ခတွေ သမီး ဘာလို့ခါးစည်းခံခဲ့သလဲ သိလား၊ မေမေနဲ့သူတို့ကြားအဆင်မပြေအောင် သမီး ကတုန်းကတိုက်လုပ်နေတယ် ထင်သွားမှာစိုးလို့ပဲ၊ နောက်ပြီး သမီးကလည်း မေမေ့စကားမြေဝယ်မကျနားထောင်ခဲ့မိတော့ ဖြစ်လာသမျှ ခံရုံပေါ့၊ အခု

www.burmeseclassic.com

www.burmeseclassic.com

ကတော့ သူတို့ပြောတာဆိုတာ ပြုမူတာ အရမ်းလွန်နေပြီ၊ ဒါကြောင့် သည်းမခံနိုင်လို့ပြောပစ်ခဲ့တာ၊ မေမေ့ သမီးကြီးကလည်း ရာထူးတက်ပြီး နယ်ပြောင်းရမယ်တဲ့၊ ဒီရန်ကုန်မှာ နေရာလွတ် ရှိနေပါတယ် ဆိုတာ တောင် နယ်ကိုတောင်း ပြောင်းသတဲ့၊ သမီးကြားတာတော့ နယ်မှာ ဘော်ဒါ ဆောင်ဖွင့်မလို့ဆိုဘဲ။

ဒါတွေ ထားပါလေ၊ အစ်မ အရင်းရှိနေတာတောင် ပိုက်ဆံတောင်းရတာ ဘယ်လောက်ခက်ခဲလိုက်သလဲ၊ မမကြီး ဒီမှာ မရှိတဲ့ နောက်ပိုင်းတော့ ခဲအိုဆီမှာ ပိုက်ဆံသွားမတောင်းနိုင်ဘူး မေမေ၊ ပြောရရင် သူတို့အမှားချည်းတော့ မဟုတ်ပါဘူး၊ သူတို့ကို ပုံအားကိုးမိတဲ့ သမီးတို့အပြစ်၊ သမီးတို့ အမှားပါ၊ ဒါတွေ ကြိုမြင်လို့ မေမေ့ကို တားခဲ့တာ၊ လုံးဝအလုပ်မထွက်ဘူးဆိုပြီး တင်းခံခဲ့တာ၊ ဒါပေမဲ့ မေမေက ရှေ့မကြည့် နောက်မကြည့် ဖွတ်လုပ်ခဲ့တာကိုး၊ သားသမီးတွေကို ယုံလွန်းတာကိုး၊ သမီးတို့ဘက်က အမှား အများကြီး ပါတယ် မေမေ"

"သမီးအမှား မဟုတ်ပါဘူး၊ မေမေ့အမှား မေမေ့အမှား၊ သမီး အတန်တန်ထားတဲ့ကြားက မေမေက သားသမီးတွေ ဒီလိုလုပ်လိမ့်မယ် မထင်ခဲ့မိတာကိုး၊ တော်တော်ရက်စက်တဲ့ သားနဲ့ သမီးပါလား၊ ဟုတ်တယ် မေမေဟာ သားနဲ့ သမီးကြီးကို သိတတ် လိမ္မာကြလိမ့်မယ်လို့ ယုံကြည်ခဲ့မိတယ်၊ မေမေ့ကြောင့် အခုတော့ ငါ့သမီးလေး ဒုက္ခရောက်ရပြီ၊ မေမေ စိတ်မကောင်းလိုက်တာ၊ မေမေ အခု ဘယ်လို လုပ်ရမှန်း တောင် မသိတော့ပါဘူး သမီးရယ်"

"ဟင်. . . မေမေ မငိုနဲ့လေ၊ ဘာလို့ငိုရတာလဲ၊ သူတို့လုပ်ရပ်နဲ့ သူတို့တောင် တစ်နေ့ဝင့်လည်မှာ၊ သူတို့ကြောင့် မေမေ မျက်ရည်ကျရင် သူတို့မှာ ဒုက္ခပိုရောက်လိမ့်မယ်၊ မပူပါနဲ့ မေမေ၊ သမီး ကြိုစဉ်းစားပြီးသားပါ၊ သားအမိနှစ်ယောက်စရိတ်စက အတွက်များ သမီးတာဝန်ထားပါ၊ သမီးပညာနဲ့ အလုပ်ထွက်လုပ်ရင် လစာကောင်းကောင်းရမှာ သေချာတယ်၊ ဒါပေမဲ့ သမီးအတွက် ကိုယ်ပိုင်အချိန်ဆိုတာ ရှိမှာမဟုတ်ဘူး၊ မေမေ့ကို ပြုစုစောင့်ရှောက်နိုင်မှာ မဟုတ်ဘူး၊ လူတစ်ယောက်ခေါ်ထားရင် ရပေမယ့် သမီးစိတ်မချပါဘူး၊ အိုးမကွာ အိမ်မကွာ လုပ်လို့ရတဲ့ အလုပ်လုပ်ရင်း မေမေ့ကို ပြုစုစောင့်ရှောက်ရတော့မှာပဲ"

"အိုးမကွာ အိမ်မကွာ လုပ်လို့ရတဲ့အလုပ်က ဘာအလုပ်လဲ၊ အိမ်မှာ စျေးရောင်းမလို့လား"

"စျေးရောင်းဖို့လည်း စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ရောင်းဖို့ပစ္စည်းတွေက မပြတ်အောင်သွားဝယ်နေရမှာလေ၊ နောက်ပြီး ဆိုင်ဆိုတာက မနက်မိုးလင်းက ညမိုးချုပ်ထိ ဖွင့်ပြီး ရောင်းနေမှ ဖြစ်မှာ၊ သမီးက မေမေ့ကိစ္စဝိစ္စတွေ လုပ်ရဦးမှာ၊ စျေးရောင်းလို့ အဆင်ပြေမှာမဟုတ်ဘူး၊ သမီး ဒီလိုစီစဉ်ထားတယ် မေမေရဲ့၊ စိုးစိုးတို့အခေါ်ကအဝတ်အထည်ဒီဇိုင်းနာလေ၊ အိမ်မှာ သူ့သမီး နှစ်ယောက်နဲ့ ဆိုင်ဖွင့်ထားတာ၊ လက်ရာကောင်းလို့ ချုပ်လိုက်ရတာ လက်မလည်ဘူး၊ သင်တန်းသားလည်း လက်ခံတယ်၊ ကျကျနန သင်ပေးတာ၊ သမီး သင်မလားလို့မေမေ၊ စက်ကောင်းကောင်း တစ်ခုဝယ်မယ်၊ တခြား လိုအပ်တာလေးတွေလည်း မေးမြန်းစုံစမ်းပြီး ဝယ်ရမှာပေါ့၊ အိမ် လာသင်ပေးရင်တော့ ကောင်းမှာ၊ မေမေ့ကို အကြောကြီး ထားပစ်ခဲ့လို့ မဖြစ်ဘူးလေ၊ အကယ်၍ လာသင်ဖို့ အဆင်မပြေလည်း ဟိုမှာ သင့်ရုံလောက်ပဲသင်ပြီး အိမ်ပြန်လေ့ကျင့်မှာပေါ့၊ ကျွမ်းကျင်ဖို့ လေးငါးလလောက်ကတော့ အချိန်ပေးရမှာပဲ၊ ဒီကြားထဲ စားဝတ်နေရေး မေမေ ဘာမှမပူနဲ့၊ သမီးဘာသာ ကြည့်ရှင်းမယ်"

"ဖြစ်မှဖြစ်ရပလေ ငါ့သမီးလေးရယ်၊ ရုံးဌာနမှာ အရာရှိကြီး လုပ်လာခဲ့ပြီးမှ အခုတော့ စက်ချုပ်စားရတဲ့ အခြေအနေ ရောက်ရတယ်လို့၊ ဒါ အသုံးမကျတဲ့ မေမေ့အပြစ်၊ မေမေ ဝမ်းနည်းလိုက်ပါဘိတော့"

"မေမေ ဘာမှဝမ်းနည်းစရာ မလိုပါဘူး၊ တရားနည်းလမ်းကျတဲ့ အလုပ်မှန်သမျှ အားလုံးလုပ်သင့်ပါတယ်၊သမီးရဲ့နဂိုအလုပ်ကအဆောက်အအုံ ဒီဇိုင်းနာလေ၊ အခု အဝတ်အထည် ဒီဇိုင်းနာ၊ ဒါပဲ ထူးတယ်၊ မေမေကြည့်နေ၊ သမီး ကျွမ်းကျွမ်းကျင်ကျင်တတ်ပြီး ဒီဇိုင်နာ ဖြစ်လို့ကတော့ ဟိုးအရင် အလုပ်ထက်တောင် ဝင်ငွေကောင်းဦးမယ်၊ အိုးမကွာ အိမ်မကွာနဲ့ ဘယ်လောက်ကောင်းလိုက်တဲ့အလုပ်လဲ၊ သမီးက ဆုံးဖြတ်ပြီးပြီဆို ဖြစ်အောင်ကိုလုပ်မှာ၊ မေမေ ဘာမှမပူနဲ့"

✿

www.burmeseclassic.com

www.burmeseclassic.com

"မြတ်လေးရယ်၊ ပြောနေစရာ လိုသလား၊ အန်တီက သမီးကို သင်မပေးဘဲနေမလား၊ စိုးစိုးနဲ့ပတ်သက်ပြီး မြတ်လေးလည်း အန်တီ့သမီး တစ်ယောက်ပါပဲ၊ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူးတော်၊ ယူသင့်တဲ့ လူတွေလည်း မဟုတ်ဘူး၊ စိတ်သာချ၊ ကျကျနနကို အိမ်တိုင်ရာရောက် သင်ပေးမှာ၊ ဒီလောက် မိဘအပေါ် သိတတ်တဲ့ သမီးလေး ကူညီပေးရတာ အန်တီတို့ ဘယ်လောက်ကုသိုလ် ရလိုက်မလဲ၊ ဒါပေမဲ့ မနေနိုင်လို့ ပြောတော့ပြောလိုက်ပါဦးမယ်၊ အကြီးတွေ ဖြစ်ပြီး ဒီလောက်အသိတရား နည်းတာကတော့ လွန်လွန်းအားကြီးတယ်၊ မွေးတဲ့မအေနဲ့ တစ်အူထွဲဆင်း ညီမလေးအပေါ် ရက်စက်လိုက်ကြတာ၊ သူတို့တစ်နေ့ကောင်းကောင်းနောင်တ ရလိမ့်ဦးမယ်၊ စောင့်သာကြည့်နေ"

"ဟုတ်ပါ့နော် မေမေရယ်၊ သူတို့လည်း သားသမီးတွေ မွေးထားကြတဲ့သူတွေပါ၊ တစ်နေ့ဝဋ်လည်မှာ သေချာတယ်"

"သမီး စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ သင်ခန်းစာယူစရာ ကောင်းတဲ့ အဖြစ်လေးတစ်ခုလေ၊ အဖေလုပ်တဲ့သူက သူ့သားငယ်ငယ်လေးရှေ့မှာ အညာချည်ထည် ခေါက်ချိုးစောင်တစ်ထည်ကို နှစ်ပိုင်းဖြတ်နေသတဲ့၊ အဲဒါ သားငယ်လေးက အဖေ စောင်အကောင်းကြီးကို ဘာလို့ ဖြတ်ပစ်တာလဲလို့ မေးတော့ ဆောင်းရာသီ ရောက်နေပြီ၊ မင်းအဘိုးခြံဖို့ တစ်ပိုင်းပေးမလို့ ဖြတ်တာလို့ ပြောသတဲ့၊ ကိုယ့်အဖေကို ခေါက်ချိုးစောင် တစ်ထည်လုံးတောင် ပေးခြံရမှာ နှမြောတွန့်တိုတဲ့ အသုံးမကျတဲ့ သားမျိုးလေ၊ အဲဒီတော့ သားငယ်လေးက ဘာပြောလိုက်သလဲဆိုတော့ အဖေ ဘိုးဘိုးကြီးကိုပေးပြီး ကျန်တဲ့စောင်တစ်ပိုင်း သားတို့ပေး၊ သား သိမ်းထားမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဖေဖေလည်း ဘိုးဘိုးကြီး တို့အရွယ်ရောက်ရင် သားက အဖေ့ကို ဒီစောင်တစ်ပိုင်း ပေးခြံမယ်လို့ ပြောတယ်တဲ့၊ အဲဒါပဲ သားသမီးတွေက သူတို့မိဘတွေ လုပ်ရပ်မှန်သမျှကို စောင့်ကြည့်နေတတ်ကြတယ်၊ တစ်နေ့ရောက်ရင် သူတို့လည်း သူတို့မိဘတွေလုပ်ခဲ့တဲ့ လုပ်ရပ်မျိုး လိုက်လုပ်ကြထာပဲလေ၊ အဲဒီအချိန်ကျမှ နောင်တရနေလို့ အပိုပါပဲ"

"အဲဒါကြောင့် သားသမီးတွေဟာ အသိတရားရှိဖို့ သိပ်လိုတယ်၊ ငါတို့တွေ ဒီလိုအခြေအနေဖြစ်လာအောင် မိဘတွေက ကိုယ်စွမ်းဉာဏ် စွမ်းရှိသလောက် ကြိုးစားလုပ်ကိုင်ပြီး ကျွေးမွေးစောင့်ရှောက်ကြတယ်၊ ပညာတွေ သင်ပေးကြတယ်၊ သား သမီးတွေ တင့်တင့်တယ်တယ် ဖြစ်လာတဲ့အချိန်ရောက်တော့ မိဘတွေက အိုမင်းမစွမ်း ဖြစ်နေပြီ၊ ဒီ အိုမင်းမစွမ်း မိဘတွေကို တစ်လှည့်ပြန်ပြီး ကြည့်ရှုစောင့်ရှောက်ကြရမှာက သားသမီးတွေ တာဝန်လေ။

ဒါကို အများစုက မသိတာလား၊ မသိချင်ယောင် ဆောင်တာလား ဘာလဲတော့မသိဘူး၊ တာဝန်မရှိသလိုဘဲလေ၊ ဟော သူတို့မွေးထားတဲ့ သားသမီးတွေကိုတော့ လူတမ်းစေ့အောင်၊ လိုလေသေးမရှိအောင် လုပ်ကိုင်ပေးလိုက်ကြတာ၊ အဲဒါတွေက သူတို့လုပ်ခဲ့တဲ့အတိုင်း တစ်နေ့ ရင်ဝဆောင့်ကန်မှာ မြင်ယောင်ပါသေးရဲ့၊ ငါ့သမီး မြတ်လေး၊ အကြီးတွေကတော့ တာဝန်မယူဘူး၊ ငါတစ်ယောက်တည်း ကုန်းရုန်းပြီး မိဘတာဝန် ယူနေရတယ်လို့များ စိတ်မကွက်နဲ့၊ ကိုယ်ပြုကိုယ့်ကုသိုလ်၊ စိတ်သာချ၊ ငါ့သမီး ကောင်းစားဦးမှာ၊ ဘယ်နေ့ စ,သင်ချင်တုန်း၊ စန္ဒာနဲ့ ကေသီတို့ နှစ်ယောက်စလုံး အန်တီ့ထက်တောင်တော်နေပြီ၊တစ်ယောက်လာသင်လိမ့်မယ်၊ စိုးစိုးသာသိရင်တော့ စိတ်မကောင်းဖြစ်နေမှာ"

"စိုးစိုး သိသင့်သလောက်တော့ သိပါတယ် အန်တီ၊ ဒီအလုပ်လုပ်မယ်ဆိုတာတော့ မပြောရသေးဘူး၊ သေချာလည်း မဆုံးဖြတ်ရသေးလို့ပါ၊ တဖြည်းဖြည်းတော့ ပြောမှာပါ၊ သမီး ဘယ်သူ့ကိုမှ တွက်ကတ်ဖို့ မစဉ်းစားပါဘူး၊ အန်တီပြောသလို ကိုယ်ပြုကိုယ့်ကုသိုလ်ပဲလေ၊ နောက်ပြီး ဒီအလုပ်လုပ်ရတာ သမီးတော့ စိတ်မကောင်း မဖြစ်ပါဘူး၊ သမွာအာဇီဝကျတဲ့အလုပ် ဘယ်အလုပ်ပဲ ဖြစ်ဖြစ် သမီးလုပ်ရဲပါတယ်၊ သမီး ကျွမ်းကျင်နိုင်နင်းတဲ့အလုပ်က အခုအခြေအနေမှာ ဘယ်လိုမှ လုပ်လို့ မဖြစ်သေးဘူးလေ၊ အဲဒီတော့ ဖြစ်တဲ့ အလုပ်လုပ်ရမှာပေါ့၊ ဉာဏ်ပူဇော်ခတော့ ယူသင့်ပါတယ် အန်တီရယ်၊ ဒါမှ သမီးလည်း စိတ်သက်သာမှာပေါ့၊ သမီးအပေါ် ကောင်းလိုက်ကြတာများ အိမ်အထိတောင် လာသင်ပေးကြဦးမယ်တဲ့လေ"

"မြတ်လေးနော်၊ အဲဒီလိုသာဆို မေမေက မစံနဲ့မကေကို လွှတ်မှာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့ဘူးနော်၊ ဘာတွေ အားနာနေတာလဲ၊ မြတ်လေး ကောင်းကောင်း တတ်သွားပြီဆိုရင်လည်း သက်သာရာရမယ် မထင်ပါနဲ့၊ မမေက သူမနှိုင်တဲ့အပ်ထည်တွေ ပို့တော့မှာ၊ မြတ်လေး လာချုပ်မယ့်သူ ရှာနေစရာတောင် မလိုဘူး၊ မမေမေက သူ့အကြွေနဲ့သူပါနော်၊ တစ်ခုတော့ရှိတယ်နော်၊ မစီနဲ့ မကေ ဘယ်လောက် အစားပုပ်တယ်ဆိုတာ သိတယ်နော်၊ အဲဒါတော့ မြတ်လေး တာဝန်လို့ မှတ်လိုက်"

"စိတ်သာချ၊ မြတ်လေး တာဝန်ထား၊ မစီနဲ့ မကေတို့အကြိုက် မရှိးရအောင် စီစဉ်ထားမယ်၊ အန်တီနဲ့ မစီ၊ မကေတို့ စေတနာ မေတ္တာနဲ့ ကူညီစောင့်ရှောက်ကြတာ ကျေးဇူးအမျှားကြီးတင်ပါတယ်၊ ဝမ်းလည်း သာတယ်၊ ဒီကျေးဇူးတွေ ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး၊ ဆပ်ခွင့်ကြုံပါရစေလို့ မြတ်လေး ဆုတောင်းနေမှာပါ အန်တီရယ်"

✿

"ငါ အရမ်းဝမ်းနည်းတယ် မြတ်လေး၊ နင် ငါ့ကိုဘယ်လိုသဘောထားနေတာလဲ၊ ဒီကိစ္စ အန်တီတို့ ပြောလို့သာ ငါသိရတာ"

"ဟဲ့... ပြောမှာပါ စိုးစိုးရဲ့၊ နင့်မပြောလို့ ငါ ဘယ်သူ့သွားပြောဦးမှာလဲ၊ မနေ့ကမှ စသင်တာ၊ မကေရယ် ငါ့ကို အသေမောင်းတယ်ဟေ့၊ နှစ်ရက်ရှိပြီ၊ စက်ကြီးပဲ မမောနိုင် မမန်းနိုင် နင်းနေရတယ်၊ ငါ့မှာ အခြေခံကစပြီးကောင်းကောင်းတတ်အောင်တဲ့၊ စက်နဲ့ပတ်သက်တဲ့ ကလီစာတွေလည်း မှတ်လိုက်ရတာမပြောပါနဲ့၊ အတော်အတန် တတ်ပြီဆိုရင် နင့်ပြောမလို့ပါဟဲ့"

"နင် ဆင်ခြေပေးမနေနဲ့၊ ငါ အတော်ကို စိတ်မကောင်းဖြစ်သွားတယ် မြတ်လေး၊ ငါ့ နည်းနည်းလေးတောင် မတိုင်ပင်ဘူး၊ ငါ ဘာကူညီပေးရမလဲလို့ မေးတုန်းက နင် ဘာလို့ မလိုဘူးပြောတာလဲ၊ အဲဒီတုန်းကသာ ပြောလိုက်ရင် နင် တစ်ယောက်တည်း ဦးနှောက်ခြောက်မနေရဘူးပေါ့ဟဲ့"

"အဲဒီတုန်းက ဒီလို လုပ်ဖို့ အထိ မလိုအပ်သေးလို့ပေါ့ သူငယ်ချင်းရယ်၊ အခုတော့ ငါမှမစွန့်စားရင် မဖြစ်တော့တဲ့ အခြေအနေလေ၊ နင် စိတ်မကောင်းမဖြစ်ပါနဲ့ စိုးစိုးရဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ အကူအညီတောင်းတာကလည်း နင့်အမျိုးတွေလေ၊ နင့်ကို အကူအညီတောင်းတာနဲ့ အတူတူပေါ့ဟ"

"အေး... ထားပါတော့၊ အခု ငါပြောတာသေသေချာချာနားထောင်နော်၊ နင် အလှပ်လုပ်စရာ မလိုဘူး ဆိုလို့သာ ငါ ဘာမှဝင်မပြောတာ၊ အလုပ်လုပ်ဖို့ လိုအပ်လာပြီဆိုရင်တော့ ဒီအလုပ်မလုပ်ပါနဲ့ဟာ၊ အန်တီတို့အလုပ် မကောင်းလို့ ပြောတာ မဟုတ်ဘူးနော်၊ နင့်မှာ ပညာမရှိရင်ကတော့ တစ်ကပြန်စသင့်စရမှာပေါ့၊ အခု နင့်မှာ အဆင့်မြင့်မြင့်ပညာတွေ ရှိနေတယ်လေ၊ လုပ်ငန်းပိုင်းဆိုင်ရာလည်း နင့်လုပ်ရည်ကိုင်ရည် ဘယ်လိုရှိတယ် ဆိုတာ အားလုံးအသိ"

"သိပေမယ့် အခြေအနေပေးဦးမှကိုး စိုးစိုးရဲ့၊ မြတ်လေးမှာက မေမေ့ကို ပြုစု စောင့်ရှောက်ရမယ့် တာဝန်ရှိသေးတယ်လေ၊ ဆန္ဒရှိသလို အပြင်ထွက်ပြီးမှ အလုပ်မလုပ်နိုင်တာ၊ အခု ဒီအလုပ်လေး အဆင်ပြေတာကလည်း အန်တီနဲ့ မစီ၊ မကေထို့ ကူညီစောင့်ရှောက်ကြလို့လေ၊ လောလောဆယ်တော့ မြတ်လေးနဲ့ အဆင်ပြေတာ ဒီအလုပ်ပဲ ရှိမယ် ထင်ပါတယ်"

"ဖုန်းနဲ့ပြောနေရတာ အားမရလိုက်တာဟာ၊ ဒီမယ် မြတ်လေး ငါ့ နင့်အကြောင်းကို ဆရာ ဦးမင်းသူတို့၊ အန်တီ ဒေါ်အေးသွယ်တို့ကို ပြောပြလိုက်တယ်၊ ဆရာ ဦးမင်းသူက အခု ညွှန်မှူး ဖြစ်သွားပြီ၊ အန်တီကတော့ နင်ရှိတုန်းက အတိုင်း ဒု-ညွှန်မှူးပဲ၊ ငါ သူတို့ကိုပြောတုန်းကတော့ အကြံကောင်းညာဏ်ကောင်းလေး ရလိုရငြားပြောပြတာ၊ သူတို့တပည့် အလုပ်ထွက်ပြီး အမေအိုနဲ့ အခက်အခဲဖြစ်နေတာသိရတော့ သူတို့ တော်တော် စိတ်မကောင်းဖြစ်နေကြတယ်ဟ၊ ပြီးတော့ ပြောလိုက်တာ အရမ်းကောင်းသွားတယ်၊ ဆရာက ရန်ကုန်မှာ သူ့ညီနဲ့တွဲပြီး ဆောက်လုပ်ရေးကုမ္ပဏီကြီး လုပ်နေတာမှ အကြီးအကျယ်တဲ့တော်၊ အဒါ ဆရာကပြောတယ်၊ သူ့ကုမ္ပဏီမှာ နင့်ကို လုပ်ခိုင်းလိုက်တဲ့"

"လုပ်တာတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ မြတ်လေးမှ အချိန်မပေးနိုင်တာ"

"စကားကို ဆုံးအောင် နားထောင်ပါဦးဟ၊ နင့်အခြေအနေကို ငါ အားလုံး ပြောပြထားပါတယ်၊ ဆရာက နင့်အရည်အချင်းလည်းသိတော့ အဆောက်အအုံ ဒီဇိုင်းတွေ ဆွဲခိုင်းမယ်တဲ့၊ ခန့်မှန်းခြေ စာရင်း

www.burmeseclassic.com

www.burmeseclassic.com

ဇယားတွေလည်း နင် တာဝန်ယူ တွက်ရလိမ့်မယ်၊ အိမ်ယူလုပ်လည်း ရတယ်တဲ့၊ အဲဒါ နင် ဆရာနဲ့ တွေ့ရ အောင် နေပြည်တော်ကို တစ်ည အိပ်လာခဲ့၊ မထူးပါဘူးဟာ၊ကြိုးကြိုးကို အန်တီတို့အိမ် ပို့ထားခဲ့၊ အပျင်း တောင် ပြေလိမ့်ဦးမယ်၊ အဲဒါ ဆရာ နင့်ကို လိုအပ်တာ ကူညီလိမ့်မယ်။

အန်တီ ဒေါ်ခင်စောမူ သိ တယ်မဟုတ်လား၊ အန်တီဒေါ်အေး သွယ်ရဲ့ ညီမလေ၊ သူတို့ကလည်း ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ် နေတာပဲ၊ နင်လုပ်ချင်ရင် အန်တီက ပြောပေးမယ်တဲ့၊ ငါ့အနေနဲ့ပြောရရင် ဆရာဦးမင်းသူ ကုမ္ပဏီမှာလုပ်တာ ပိုကောင်းလိမ့်မယ်ထင်တယ်၊ အဲဒါ တော့ နင်ကိုယ်တိုင် စကားပြောဆို ကြည့်၊ ဒီတစ်ရက် နှစ်ရက်အတွင်း နင် အန်တီတို့ဆီမှာ ကြိုးကြိုးကိုပို့ပြီး လာခဲ့တော့"

"အန်တီတို့ကို အားနာစရာ ဟယ်၊ ငါ အကူအညီတောင်းထားလို့ သူတို့ စိတ်ရော ကိုယ်ရော ကူညီပေး နေကြတာ၊ အခု ငါ့လုပ်ပုံက ရှဉ့်ချည် နှပ်ချည်နဲ့"

"အပိုတွေ ပြောမနေနဲ့ဟေ့၊ ငါအားလုံးပြောပြီးသား၊နင့်တာဝန်က လာစရာရှိတာ မြန်မြန်လာ၊ အားလုံး က နင့်ကို စေတနာရှိလို့၊ သံယောဇဉ် လည်း ရှိလို့၊ လုပ်ပေးသင့်တဲ့ လူတစ် ယောက်လို့လည်းထင်ကြလို့ လုပ်ကိုင် ပေးနေကြတာ၊ ကူညီပေးနေကြတာ လေ၊ နင် ဘာမှအားနာနေစရာမလို ပါဘူး၊ အချိန်ဆွဲမနေနဲ့၊ လုပ်စရာ ရှိတာ မြန်မြန်ဆန်ဆန်လုပ်ဟာ"

"ဒေါ်မြတ်လေးကို ကူညီပေး ရတာ ကျွန်တော်တို့မှာ ဘာအခက် အခဲမှ မရှိပါဘူး၊ ရှင်းရှင်းပြောရရင် ဝန်ထမ်းကောင်းတစ်ယောက်တောင် ရပါသေးတယ်၊ ဒေါ်မြတ်လေးဆိုတာ လည်း ကျွန်တော်တို့နဲ့ လက်တွဲပြီး အလုပ်လုပ်ဟာတာ နှစ်ပေါင်းနည်း တာမှမဟုတ်တာ၊ မထွက်လို့မဖြစ်တဲ့ အခြေအနေရောက်လို့သာကျွန်တော် တို့ ထွက်ခွင့်ပြုလိုက်ရတာ၊ တပည့် တစ်ယောက် ဆုံးရှုံးသွားတာ နှမြော တာ အမှန်ပါပဲ။

ထားပါလေ၊ ပြီးခဲ့တာတွေ ပြောမနေတော့ပါဘူး၊ အခုကျွန်တော့် ကုမ္ပဏီက ကျွန်တော့်ညီနဲ့ တွဲလုပ် နေတာ၊ သူကတော့ အခရာပေါ့လေ၊ ကျွန်တော်က အားလှတာမှ မဟုတ် တာ၊ လုပ်ငန်းအနေနဲ့က အထက် မြန်မာပြည်၊ အောက်မြန်မာပြည် အနှံ့ လုပ်ငန်း ဆောင်ရွက်ဖို့ အဆင် ပြေနိုင်တဲ့ အနေအထားလည်း ဖြစ် မယ်ဆိုရင် တာဝန်ယူ ဆောင်ရွက် ပေးပါတယ်၊ ပြောရရင် အောင်မြင် တယ်၊ အလုပ်လည်း အတော်ကျယ် ကျယ်ပြန့်ပြန့် လုပ်နေရပြီ ဆိုနိုင်ပါ တယ်၊ နယ်မှာ ကုမ္ပဏီခွဲဖို့အစီအစဉ် ရှိနေပြီ၊ နယ်ဝန်ထမ်းတွေလည်း ခေါ်ရမှာပေါ့။

ဆိုလိုတာက ဒေါ်မြတ်လေး အတွက် အလုပ်တစ်နေရာ မခက်ခဲ ပါဘူး၊ ဝန်ထမ်းအသစ်ခေါ်ဖို့တောင် စိစဉ်နေတာပဲဟာ၊ ခြွင်းချက်အနေ နဲ့ကတော့ ကျွန်တော့်ဝန်ထမ်းက ရှယ်၊ ရုံး နေ့တိုင်းတက်စရာမလိုဘူး ပေါ့ဗျာ ဟားဟားဟား၊ ဒါကလည်း ဒေါ်မြတ်လေး အခြေအနေသိလို့ပါ၊ ကူညီစောင့်ရှောက်ရမယ့် ဝတ္တရား လည်းရှိတယ်ထင်လို့ပါ၊ ဒါကျွန်တော့် ဘက်ကလိုက်လျောပေးနိုင်တဲ့အချက် တွေ၊ အဲ- အလုပ်နဲ့ပတ်သက်လာရင် တော့ ကျွန်တော့်စည်းကမ်း သိတယ် နော်၊ ဒေါ်မြတ်လေး တာဝန်ယူရ မှာက Design ဆွဲရမယ်၊ Estimate ထုတ်ရမယ်၊ လုပ်ရိုးလုပ်စဉ်အတိုင်း ပါပဲ၊ လုပ်ငန်းတွေ များတဲ့အတွက် အလုပ်နဲ့လက် ပြတ်မှာတော့မဟုတ် ဘူး၊ တောင်းတဲ့အချိန် တိတိကျကျ ပေးနိုင်ဖို့ကတော့ ဒေါ်မြတ်လေး တာဝန်နော်၊ ဟိုဟာကြောင့် ဒီဟာ ကြောင့် ဆင်ခြေပေးလို့တော့ မရဘူး၊ လစာကတော့ သုံးသိန်းက စပေးပါ့ မယ်၊ လုပ်ရည် ကိုင်ရည်ကိုကြည့်ပြီး ငါးသိန်းအထိ ပေးမှာပါ၊ ကြိုးစားဖို့၊ ဝိရိယရှိဖို့တော့ လိုပါတယ်။

နောက် ကျွန်တော်တို့ ကုမ္ပဏီ က ကိုယ့်ဝန်ထမ်းတွေအတွက်အထူး အစီအစဉ်တစ်ခု ရေးဆွဲထားပါတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် တို့ ကုမ္ပဏီမှာပဲ တစ်လျှောက်လုံး ကြိုးကြိုးစားစားလုပ်သွားတဲ့ ဝန်ထမ်း တွေ အသက်အရွယ်အရကြောင့် ဖြစ်စေ၊ အခြားအကြောင်း တစ်စုံ တစ်ရာကြောင့်ဖြစ်စေ အနားယူပြီ ဆိုရင် ဆုကြေးငွေ ထိုက်ထိုက်တန် တန်ကြီးကို ပေးမှာပါ၊ ဒါ ဘာလဲဆို တော့ သူတို့ရဲ့လုပ်အားတွေကို ရယူ ပြီးမှ ကျွန်တော်တို့ ကုမ္ပဏီကြီး ရပ် တည်ခွင့်ရတာဖြစ်တဲ့အတွက် ပြန်ပြီး ကျေးဇူးဆပ်ခြင်းပါပဲ။

ကဲ- ကျွန်တော့်ဘက်က ပြော စရာတော့ ကုန်ပြီ၊ ဒေါ်မြတ်လေး ဘယ်လိုသဘောရလဲ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ပြောသမျှ အနေအထားအားလုံးကို သဘောကျရဲ့လား၊ ဘာမကျေနပ်တာ ရှိပါသလဲ"

သူငယ်ချင်းဖြစ်သူ စိုးစိုး၏ ကူညီမှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းဘဝက ဆရာရင်းများဖြစ်ကြသည့် ညွှန်ကြားရေးမှူး ဦးမင်းသူ၊ ဒု-ညွှန်ကြားရေးမှူး ဒေါ်အေးသွယ်တို့နှင့် မြတ်လေး တွေ့ခွင့်ရခဲ့ပါ၏။ ဌာနတွင်လက်ရှိအလုပ်လုပ်နေခြင်းမရှိ၍ဘာမှကြည့်ရှု စောင့်ရှောက်စရာမလိုဟု သဘောမထားကြ။ ဆရာကောင်းပီသသူများဖြစ်၍ ကိုယ့်တပည့်ဖြစ်ခဲ့သူများ အားလုံးကို တတ်နိုင်သည့်ဘက်မှ အားပေးကူညီကြ၏။

ညွှန်ကြားရေးမှူး ဦးမင်းသူက သူ့ကုမ္ပဏီတွင် ဝန်ထမ်းတစ်နေရာ ခန့်ထားပေးပြီး စည်းစနစ်ကောင်းသူ ပီပီ ကုမ္ပဏီစည်းကမ်းများကို လိုက်နာနိုင်ရန် ရှင်းလင်းပြောပြ၏။

"မကျေနပ်စရာ ဘာတစ်ခုမှ မရှိပါဘူး ဆရာ၊ ဒီထက်ပြည့်စုံကောင်းမွန်တဲ့ အခြေအနေ ဘာရှိဦးမှာလဲ၊ အမှန်အတိုင်းပြောရရင် သမီး ဒီလောက်အထိတောင် မျှော်လင့်မထားပါဘူး၊ သူငယ်ချင်း စိုးစိုးက ဆရာတို့၊ အန်တီတို့ကို အကူအညီတောင်းပြီး အလုပ်ကလေးတစ်နေရာ စီစဉ်ထားတယ်၊ ဆရာတို့နဲ့ တွေ့ရအောင် နေပြည်တော်လာခဲ့လို့ ပြောပေမယ့် ဒီလောက်အထိ အဆင်ပြေလိမ့်မယ် မထင်ထားပါဘူး ဆရာ၊ သမီးဖြင့် ဘယ်လိုကျေးဇူးတင်ရမှန်းကို မပြောပြတတ်အောင်ပါဘဲရှင်"

"သမီးအဆင်ပြေမှာပါ၊ ဆရာဦးမင်းသူကုမ္ပဏီက နှယ်နှယ်ရရမှ မဟုတ်တာ၊ အန်တီ့ညီမ ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ဇွတ်မခေါ်တာလည်း အဲဒါပါပဲ၊ ကိုယ့်တပည့်ကိုအကောင်းဆုံးဖြစ်အောင် ကူညီစောင့်ရှောက်မပေးနိုင်သေးပေမယ့် ကူညီစောင့်ရှောက်ပေးနိုင်တဲ့သူကြောင့် အဆင်ပြေသွားတာကို အရမ်းဝမ်းသာပါတယ်၊ သမီးက မိဘကို ပြုစုစောင့်ရှောက်ခဲ့လို့ အကျိုးထူးခံစားရတာ အမှန်ပဲလေ"

"သမီး နားလည်ပါတယ် အန်တီ၊ ဆရာတို့၊ အန်တီတို့ဆိုတာ သမီးတို့အပေါ်မှာ သားသမီးအရင်းနဲ့မခြား သဘောထားပြီး ကူညီစောင့်ရှောက်တယ်ဆိုတာ သမီးကောင်းကောင်းနားလည်ပါတယ်၊ ကျေးဇူးလည်းအများကြီးတင်ပါတယ်၊သမီးကို ဝန်ထမ်းအဖြစ် ခန့်ထားတဲ့အတွက် နောင်တ မရစေရပါဘူး၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားပြီး တာဝန်ထမ်းဆောင်သွားပါမယ်လို့ သမီး ကတိပြုပါတယ်ရှင်"

"ဟဲ့- ငါလည်း တစ်နေ့ကျ အရောက်လာမှာနော်၊ အဲဒီအခါ ရောက်ရင် နှင့်ထက် အဆင့်နိမ့်တယ်ဆိုပြီး ငါ့ကို နှိပ်ကွပ်မယ်လို့များ ယောင်လို့တောင် မစဉ်းစားနဲ့နော်၊ ဘာမှတ်လဲ"

"စဉ်းစားပါ့မလား စိုးစိုးရယ်၊ ဆရာတို့၊ အန်တီတို့ ကူညီစောင့်ရှောက်ပေးကြလို့ အခုလို အဆင်ပြေလာရတယ်၊ ဒီလိုအဆင်ပြေအောင် ကူညီစောင့်ရှောက်လို့ရတဲ့ အခြေအနေဖြစ်လာအောင် လမ်းကြောင်းပေးတာ၊ လမ်းဖွင့်ပေးတာ တခြားလူမှမဟုတ်တာ၊ စိုးစိုး ကူညီခဲ့တာလေ၊ ကျေးဇူးရှိတဲ့သူတွေကို ကျေးဇူးကန်းရအောင် မြတ်လေးက ခပ်ညည့်ညံ့လူတစ်ယောက်မို့လို့လားဟ၊ မြတ်လေး ဘယ်လောက်တော်တယ်ဆိုတာ သိတယ် မဟုတ်လား၊ နင်က ငါ့ကို လျှော့တွက်တယ်ပေါ့လေ"

"အောင်မယ်လေး သိပါ့တော် သိပါ့ သိပါ့၊ ကိုယ့်မှာ ကူညီစောင့်ရှောက်ပေးမယ့်သူတွေလည်း ရှိတယ်၊ လုပ်ကိုင်စားသောက်နိုင်တဲ့ ပညာလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီးသား၊ ဒါတောင် လက်တွေ့အသုံးမချဘဲ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်တစ်ခုကို တစ်ကယ်ပြန်စလုပ်ဖို့ ကြံတဲ့ တကယ့်ဉာဏ်ကြီးရှင်၊ ပညာရှင် အကျော်အမော်ကြီးဆိုတာ သိပါ့တော်၊ အထင်မသေးဝံ့ပါဘူး၊ လျှော့လည်း မတွက်ရဲပါဘူး . . . အောင်မယ်လေး"

"ဟား ဟား ဟား ဟား"

ယခုတော့လည်း မြတ်လေး ဆက်လျှောက်ရမည့် ဘဝလမ်းခရီးက ဆူးခင်းသောလမ်း မဟုတ်တော့။ ပန်းခင်းသောလမ်း ဖြစ်၍နေသည်မှာ အမှန်ပင်ဖြစ်ပေတော့၏။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား အစဉ်ဂါရဝပြုလျက်။

သစ္စာဦး(ဒဂုံမြို့)

❑

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစုခေတ်မှာ အိုင်းနည်း ပညာရပ်များဖြင့် မြင့်မားတိုးတက်လာ တာနှင့်အမျှ ကမ္ဘာကြီး တစ်ခုလုံးကို လည်း အင်တာနက်ကွန်ရက်များဖြင့် လွှမ်းခြုံလာဖါသည်။ စကြဝဠာနှင့် နေ စကြဝဠာ အဖွဲ့အစည်းအားလုံးကိုလည်း ထောင်ပေါင်းများစွာသော Satellite ဆက်တလိုက် ဂြိုဟ်တုများနှင့် ချိတ် ဆက်ပြီး အာကာသကို လွှမ်းမိုးသော အချိန်ကာလလည်း ဖြစ်ပါသည်။

ထိုအထဲမှ လူသားအဖြစ်နှင့် ဝေးကွာဆုံးသော ပလူတို Pluto ဂြိုဟ် အကြောင်းကို ရေးသား တင်ပြပေးပါ မည်။ အဲဒီဂြိုဟ်ဟာ နေနဲ့ အဝေးဆုံး ဖြစ်ပြီး နက်ပဲကျွန်းဂြိုဟ်လိုပဲ သာမန် မျက်စိနဲ့ မမြင်နိုင်ပါ။ ၁၉၃၀ ခုနှစ် ရောက်မှ နက္ခတ်ကြည့်မှန်မြောင်းတွေနဲ့ စစာင်လေ့လာနိုင်ခဲ့ကြပါသည်။

ပလူတိုဂြိုဟ်ရဲ့ သမိုင်းကြောင်း ကို အတိုချုံးပြောရလျှင် ၁၉၀၅ ခုနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန် နက္ခတ္တဗေဒ ပညာရှင် ပါစီဗယ်လိုဝဲလ် (Percival Lowell) မှ နေကို လှည့်ပတ်နေတဲ့ နက်ပကျွန်းနဲ့ ယူရေးနပ် လမ်းကြောင်းတွေပေါ်မှာ တည်ရှိတဲ့ ဆွဲငင်အား တွန်းကန်မှုအား ရောင်စုံဖြာထွက် ထုတ်နေသော ဒြပ်ဆွဲအားပေါင်းစုံကို သချာနည်းနဲ့ ခြေရာခံခဲ့ခြင်းက စတာပါ။

၁၉၁၅ ခုနှစ်မှာ နက်ပကျွန်း ဂြိုဟ်ရဲ့ နေပတ်လမ်းကြောင်း ဆွဲငင်မှု၊ ရွေ့လျားမှု၊ ဖြစ်ပေါ် ပြောင်းလွဲမှုများ အပေါ် အခြေခံပြီး ဂြိုဟ်အသစ်တစ်လုံး တည်ရှိနေခြင်းကို အတိအကျ ပြောဆို ခဲ့ပါသည်။

၁၉၁၆ ခုနှစ်မှာ ပါစီဗယ်လိုဝဲလ် ကွန်လွန်ခဲ့ပါသည်။ လက်ထောက် တန်းဘစ် (C.W. Taungaugh) က နေစကြဝဠာ အဖွဲ့အစည်းအားလုံးကို လေ့လာသုတေသနပြုရင်း ၁၉၃၀ ခုနှစ်မှာ အတိအကျ ဖော်ထုတ်အတည်ပြု နိုင်ခဲ့ပါသည်။

ဂြိုဟ်ရဲ့အချင်းဟာ ၁၃၇၁ မိုင်သာ ရှိတဲ့အတွက် နေစကြဝဠာရဲ့ အသေးဆုံးဂြိုဟ်စာရင်းထဲမှာ သွတ်သွင်းထားပါသည်။ ပလူတိုဂြိုဟ်ရဲ့ ဝင်ရိုးလည်ပတ်မှုနှုန်းဟာ ကမ္ဘာ့ (၇) ရက်နဲ့ (၃) နာရီကြာမှ တစ်ပတ်ပြည့်ပါသည်။ ကမ္ဘာ့နှစ် ၂၄၉ နှစ်ကြာမှ နေကို လှည့်ပတ်မှု တစ်ပတ်ပြည့်ပါသည်။

ဒီနေရာမှာ တစ်ခါတည်း ပြောရမယ် ဆိုရင် သိပ္ပံပညာရှင်တွေဟာ တစ်ဦးနဲ့တစ်ဦး Hypothesis အယူအဆတွေ မတူသလို System တွေလည်း လွန်စွာ ကွဲပြားခြားနားတယ် ဆိုတာ အထူးသိထားဖို့ လိုအပ်လှပါသည်။

တွက်ရိုးသချာစနစ် အဟောဗရီယာယ်များတွင် ပလူတိုဂြိုဟ် မပါလျှင် ပြီးပြည့်စုံမည် မဟုတ်ပါချေ။ အာယ်ကြောင့်ဆိုသော် မိဿရာသီ၏ ၈ တန့်မြောက် အင်္ဂါဂြိုဟ်ပိုင် ဗြိစ္ဆာ ဈာသီတွင် နေရာပေးထား၏။ အင်္ဂါဂြိုဟ် ကိုယ်စားပြုဂြိုဟ်တစ်လုံး ဖြစ်လာပြီး အာပေါ 'ဥစ်'အိမ်ကို ပိုင်ဆိုင်သည့် ဂြိုဟ်တစ်လုံးဖြစ်လာပါသည်။

ကရကဋ်၊ ဗြိစ္ဆာ၊ မိန် ဆိုတာ သင်ကြားဖူးသူတိုင်း လက်ရှိ ဟောကြားနေသူတိုင်း သိရှိပြီးဖြစ်ပါလိမ့်မည်။ အဲဒီမှာ ထူးခြားချက်က ကရကဋ်မှာ စန်းခေါ် တနလ်ဂြိုဟ်၊ မိန်မှာ သောမဂြိုဟ်ကြီးထဲမှာ အဓိပတိ ဂုရုကြီးဖြစ်တဲ့ ကြာသပတေးဂြိုဟ်ကြီး နှစ်လုံးရဲ့ ဆက်သွယ်ပြီး ပိုင်စိုးထားခြင်းပါပဲ။

အဲဒါ ပလူတိုဂြိုဟ်ရဲ့ ထူးခြားချက်ပါ။ သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ် အသုံးပြု အသုံးချနိုင်ခြင်းဟာ တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး။ ဒီအပိုင်းက Logi ယုတ္တိဗေဒနဲ့ လုံးဝ သက်ဆိုင်နေပါသည်။

ဆိုလိုတာက ရာသီစက်ထဲမှာ တနလ်၊ ကြာသပတေးဂြိုဟ်တွေဟာ ဥစ်အိမ်၊ ကြဉ်းအိမ်၊ ကသစ်အိမ်၊ မိဇ်အိမ်တွေမှာရှိပြီး ပလူတိုဂြိုဟ်နဲ့ ဆက်သွယ်မှု အားကောင်းနေရင် အင်မတန် အားကောင်းသော စိတ်ပိုင်းဆိုင်ရာများ၊ ရုပ်ပိုင်းဆိုင်ရာများ၊ စိတ်စွမ်းအင်များ၊ တောင့်တင်းခိုင်မာသော ခွန်အားများ၊ ထက်မြက်သော နိုင်ငံရေးအသိများ၊ စီးနစ်ဟောင်းကို ပယ်ဖျက်၍ စနစ်သစ်ဆီသို့ ရှေးရှုချီတက်နေသော တော်လှန်ရေးသမားများ၊ အနိုင်မခံ အလှုံးမပေးသော စိတ်ဓာတ်များ၊ လက်တွေ့ဆန်သော ယုတ္တိဗေဒသမားများ၊ ဟောင်းနွမ်းဆွေးမြေ့နေသော သီအိုရီများကို ပယ်ဖျောက်၍ သစ်လွင်တောက်ပ ခိုင်ခံ့သော သီအိုရီအသစ်များကို တန်ဖိုးရှိရှိ အသုံးချသူများ၊ ကမ္ဘာကြီးတစ်ခုလုံးအား အကြီးအကျယ် ပြောင်းလဲလာသည့် အင်တာနက် ကွန်ရက်စနစ်များ၊ အချိန်ကိုမဖြုန်းတီးဘဲ ဘဝကိုအဓိပ္ပာယ်ရှိရှိ ရှင်သန်ဖြတ်သန်း လှုပ်ရှားနေသူများ၊ အိုင်တီနည်းပညာ ရပ်များ မြင့်သထက် မြင့်မားအောင် ကြိုးစားဖော်ထုတ် စမ်းသပ်တီထွင် ကြံဆောင်လုပ်ကိုင်နေသူများ၊ အမှန်တကယ် ဖြစ်ပျက်နေသော ရုပ်တရား၊ နာမ်တရား၊ သခ်ါရ သံသရာစက်ဝန်းကို တွေ့ထိသိမြင်ပြီး ကျင့်ကြံအားထုတ်၍ အောင်မြင်နေသူ များစွာဖြစ်ပြီး အကောင်းဘက်ကို ဦးတည်ရွေ့လျားလှုပ်ရှားမှုကို ဖြစ်စေပါသည်။

အထူးသဖြင့် ဂြိုဟ်ကောင်းတွေနဲ့ ဆက်သွယ်မှုအားကောင်းဖို့ အထူးလိုအပ်လှပါသည်။ ပလူတိုဂြိုဟ်နဲ့ ရာဟုဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်ဂြိုဟ် တို့နှင့် ဆက်သွယ်မှုကင်းဝေးရန်လိုပါ။ ဒါကလည်း တွက်ရိုးရာသီစက် အခြေခံစနစ်ကို ပြောတာပါ။ ဥပမာ ပလူတိုဂြိုဟ်ဟာ ကန်ရာသီမှာရှိပြီး မကာရမှာ စနေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ပြိဿမှာ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်တွေနဲ့ ဆက်သွယ်ထားရင် အဆိုးဘက်ကို ဦးတည်စေပါသည်။

ဘာဖြစ်လို့လဲ ဆိုတော့ ကန်ရာသီအိမ်ဟာ ပလူတိုဂြိုဟ်အတွက် ရန်အိမ်ဖြစ်နေတဲ့ အပြင် မကာရရာသီအိမ်မှာ ရှိတဲ့ စနေ၊ ဗုဒ္ဓဟူးတို့နဲ့ ဆက်သွယ်ထားခြင်းက မကောင်းမှုကို ဆောင်ပါသည်။

အဲနောက်တိုင်းက ပေးထားတဲ့ နာမည်ကိုလည်း ပြန်ကြည့်ပါ။ ပလူတိုဂြိုဟ်ကို မရဏနှင့် စည်းစိမ်ကြွယ်ဝမှု နတ်ဘုရားလို့ အမည်ပေးထားပါသည်။

အဲဒီတော့ နံပါတ်(၁)အပိုင်းမှာ မိဿရာသီရဲ့ ၈ တန့်မြောက် ဗြိစ္ဆာရာသီမှာ အင်္ဂါဂြိုဟ်ကိုယ်စားပြု ဂြိုဟ်တစ်လုံး ဖြစ်လာပါသည်။ အင်္ဂါဂြိုဟ်ရဲ့ အမူအကျင့်တွေ တစ်ထပ်တည်း ပါလာမှာတော့ အသေအချာဖြစ်ပါသည်။

နံပါတ်(၂) အပိုင်းကတော့ အာပေါအိမ်ကို အပိုင်ပေးထားတဲ့အတွက်တော့ ကရကဋ်ရာသီအိမ်ကို ပိုင်တဲ့ စန်း ခေါ် တနလ်ဂြိုဟ်ဟာ ငွေ၊ စိတ်နှလုံး ကြွယ်ဝချမ်းသာမှု၊ အချစ်၊ မင်္ဂလာမိခင်ဖြစ်ပြီး မိန်ရာသီကို ပိုင်တဲ့ ကြာသပတေးဂြိုဟ်ကတော့ ဘုန်းကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခံ့ညားထည်ဝါ

www.burmeseclassic.com

တောက်ပခြင်းဖြစ်ပြီး (၂)ခုပေါင်းလိုက်တော့ စည်းစိမ်ကြွယ်ဝမှု အပိုင်းဖြစ်ပါသည်။

နံပါတ်(၁) အပိုင်းဟာ ကမ္ဘာကြီးတစ်ခုလုံးနဲ့ သက်ဆိုင်ပတ်သက်နေတာကြောင့် အသေးစိတ်ရေးသားတင်ပြပေးပါမည်။

ယခုလက်ရှိ မျက်မှောက်ခေတ်မှာ ဖြစ်ပွားနေသော စစ်ပွဲတွေနှင့် တစ်ထပ်တည်း သွားတူနေပါသည်။ မရဏကို ရှေ့က ခံထားသည့်အတွက် ထူးထူးခြားခြား တိုက်ဆိုင်နေလို့ပါပဲ။

ဒီလိုဆိုရင်တော့ ယခု လက်ရှိ ဓနုရာသီ တေဇောအိမ်ကို ရောက်နေတဲ့ ပလူတိုဂြိုဟ်ဟာ ချူကလီးယား လက်နက်တွေ၊ ချူကလီးယား ပါဝါလိုင်းအကျူမြူခေတ်အားတွေ၊ ချူကလီးယား ရီအက်တာလို့ ခေါ်တဲ့ အကျူမြူခေတ်ပေါင်းဖို့တွေ၊ အကျူမြူစွမ်းအင်တွေ အပြင် ကမ္ဘာကြီးတစ်ခုလုံးမှာလည်း စိန်ခေါ်မှု အမျိုးမျိုးနှင့် ဝန်းရံလျက်ပါပဲ။

သေချာတာ တစ်ခုကတော့ အင်္ဂါဂြိုဟ်ရဲ့ ကိုယ်ပွားပီပီ ပလူတိုဂြိုဟ်ဟာ ချူကလီးယား စွမ်းအင်တွေနဲ့ ခြိမ်းခြောက်ပြီး ကမ္ဘာ့ခေတ်သစ် စစ်ပွဲတွေ ဖန်တီးမယ့်အသွင်ကို ဆောင်နေခြင်းပါပဲ။

ယခုလက်ရှိ အရှေ့အလယ်ပိုင်းရှိ ဆီးရီးယား၊ အီရတ်၊ လစ်ဗျား၊ အစ္စရေးနဲ့ ပါလက်စတိုင်း ပြီးတော့ ဥရောပတိုင်းနဲ့ အနောက်နိုင်ငံကြီးတွေကို ခေါင်းစားစေခဲ့တဲ့ ရုရှား ယူကရိန်း စစ်ပွဲ ပြဿနာ။

အဲဒီမှာလည်း ကမ္ဘာ့သတင်းအင်တာနက်ပုံရိပ်တွေထဲမှာ လမ်းမပေါ်မှာ ပြန့်ကျဲနေသော လူသေအလောင်းတွေ၊ ခန္ဓာကိုယ်အနှံ့မှာ မျိုးစုံ ဒဏ်ရာတွေနဲ့ ခြေပြတ် လက်ပြတ်တွေ၊ ဂါလံပေါင်းများစွာ မြေကြီးထဲကို ယိုစီးစိမ့်ဝင်နေသော လူတွေရဲ့ သွေးတွေ၊ ဆေးရုံဆေးခန်းတွေမှာ မသေမရှင်တွေရော၊ သေနေသော အလောင်းတွေရော စုပုံပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေတာတွေ။

မိမိနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း ထိခိုက်ဒဏ်ရာရ (သို့) သေဆုံးသွားလို့ အသည်းအသန် အော်ဟစ်ငိုကြွေးနေတာတွေ၊ တိုက်ပွဲ ဖြစ်ပွားတော့ မိမိနေအိမ်ကို စွန့်ခွာထွက်ပြေးသွားရပြီး ဒုက္ခသည်စခန်းမှာ တောင်လိုပုံနေတာတွေ။ အစာအာဟာရတွေ ချို့တဲ့ ငတ်ပြတ်ပြီး ရောဂါပေါင်းစုံ ခိုင်စက်လို့ ညည်းညူအော်ဟစ်နေတာတွေ၊ ရက်စက်ကြမ်းကြုတ်သော တိုက်ပွဲတွေကြောင့် မိဘမဲ့ကလေးတွေ လူစဉ်မမီတော့တဲ့ ကလေးတွေ။

အကြင်နာတရား ကင်းမဲ့ပြီး အကျည်းတန်အရှုပ်ဆိုးသော စိတ်ဓာတ်တွေ မျက်နှာတွေနဲ့ လူ ရာပေါင်း၊ ထောင်ပေါင်းများစွာကို ဥပဒေမဲ့ သတ်ဖြတ်နေတာတွေ၊ စစ်ဘေး စစ်ဒဏ်ကြောင့် နိုင်ငံတော်ပိုင် ပစ္စည်းများ၊ အဆောက်အအုံများ၊ ရွေးဟောင်း အမွေအနှစ်များ၊ လူနေအိမ်ခြေများ၊ စက်ရုံ၊ အလုပ်ရုံများ၊ သာသနိက အဆောက်အအုံများ၊ တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ ပျက်စီးပျောက်ဆုံး ဆုံးရှုံးသွားတာတွေ အို-စုံလို့ စုံလို့ နေ့စဉ်နှင့် အမျှ ကြားသိမြင်တွေ့နေရပါသည်။

ဒါကြောင့်မို့လို့ နိုင်ငံရေးလုပ်သူတိုင်း မည်သူမဆို မိမိဇာတာမှာ ပလူတိုဂြိုဟ်ရဲ့ ရပ်တည်မှု အခန်းကဏ္ဍကို ဧ့ဧ့စဉ်စပ် လေ့လာအကဲခတ် သုံးသပ်သင့်ပါသည်။ နိုင်ငံရေးနဲ့ ပတ်သက်သော ဂြိုဟ်တစ်လုံး ဖြစ်တာကြောင့် အထူး သတိထားကြပါ။ နောက်ပြီး ပျက်စီးသွားတာတွေ၊ ဖျက်ဆီးပစ်တာတွေ၊ အသေခံဗုံးခွဲတာတွေ၊ ဖျက်လိုဖျက်ဆီး လုပ်တာတွေ၊ ရက်စက်ကြမ်းကြုတ်လှသော ခေတ်သစ်စစ်ပွဲတွေ၊ လူသားမဆန်သော အတွေးအခေါ်များနှင့် ကောက်ကျစ် ယုတ်မာမှုတွေ၊ ဘာသာမဲ့များ လွန်စွာတိုးပွားလာပြီး သစ္စာတရား မေတ္တာတရား ခေါင်းပါးမှုများ တောင်လိုပုံလာတာတွေဟာ အင်္ဂါဂြိုဟ်နဲ့ ပလူတိုဂြိုဟ်တို့ရဲ့ ဆက်သွယ်မှု ကွန်ရက် ပြယုဂ်တွေပါပဲ။

အဲဒါကြောင့် မိမိနိုင်ငံရေးလုပ်တာ အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတာ ပလူတိုဂြိုဟ်က အဆုံးအဖြတ် ပေးပါသည်။ ယခုလက်ရှိ မြောက်ထိုးပင့်ကော် ရေးသား ဟောပြောနေတဲ့ ဗေဒင်ဆရာတွေလည်း အထူးသတိထားပါ။ ဘာဖြစ်လို့လဲဆိုတော့ ဇာတာဖွဲ့၊ ဗေဒင်ဟောပြောတဲ့ နေရာမှာ ပလူတိုဂြိုဟ်ရဲ့ အခန်းကဏ္ဍဟာ လုံးဝ မပါလို့ပါပဲ။

ဥပမာ- မိဿလဂ်ဆိုပါတော့ ၆ စာနဲ့ ကန်ရာသီမှာ ပလူတိုဂြိုဟ်ရပ်တည်နေတယ်ဆိုရင် ယခုလက်ရှိ ကောဇာမှာ ရာဟုဂြိုဟ်ကြီးကလည်း ကန်ရာသီထဲ ဖြတ်သန်းနေပြီ ဖြစ်တာကြောင့် မီးလောင်ရာကို လေပင့်မနေဘူးလား။ နောက်တစ်ဖန် ကောဇာအင်္ဂါဂြိုဟ်ကလည်း ကန်ရာသီအပေါ် စီးနင်းမယ် ဒါမှမဟုတ် ဆိုးတဲ့အတန့် ဘဝတွေပေါ်ကနေ ဆက်သွယ်မယ်ဆိုရင် စဉ်းစားသာ ကြည့်ပေတော့။

ဒီကြားထဲ လဂ်နဲ့ လဂ်သခင် အပါအဝင် နေလနှစ်ပါးပါ ဆိုးဝါးလှတဲ့ ပါပဂြိုဟ်တွေ စီးနင်းပြီး ထွင်းဖောက်ထားရင်တော့ မတွေးရဲစရာပါပဲ။ လူသားတွေရဲ့ အားနည်းချက်က ဘာလဲဆိုရင် အကောင်းကိုသာ မျှော်လင့်ပြီး အဆိုးအတွက် ပြင်ဆင်ထားတာ မရှိပါဘူး။ အဆိုးအတွက် ပြင်ဆင်ထားမယ်ဆိုရင်တောင် ရာခိုင်နှုန်းနဲ့ တွက်ရင် မဖြစ်စလောက်လေးပါ။

ဒါကြောင့်မို့ ရုတ်တရက် လျှပ်တစ်ပြက် ဖြစ်လိုက်ရင် အရှုပ်ဆိုး အကျည်းတန်တဲ့ မြင်ကွင်းတွေ၊ တစ်သက်လုံး လူစဉ်မမီတော့တဲ့ ခန္ဓာကိုယ် ချို့ယွင်းမှုတွေ၊ သွေးသံတရဲရဲနဲ့ တစ်ခါတည်း ပွဲသိမ်းသွားတဲ့ ဖြစ်ရပ်တွေ၊ လေယာဉ်ပစ်ချခံရပြီး အစုလိုက် အပြုံ

www.burmeseclassic.com

လိုက် သေဆုံးသွားတာတွေ၊ ခရီးသည်အပြည့်နဲ့ လေယာဉ်စင်းလုံး စကြဝဠာရဲ့ ပြတင်းပေါက်ထဲ လျှပ်စစ်စီးကြောင်း ဆွဲငင်အားနဲ့ ရောက်သွားပြီး လုံးဝ အစအန ပျောက်သွားတာတွေဟာ ဘေးထွက် ဆိုးကျိုးတွေပါပဲ။

နောက်တစ်ခုက နက်ပ်ကျွန်း ဂြိုဟ် (Neptune) ကို မိန်ရာသီ၊ ယူရေနပ် (Uranus)ကို ကုံရာသီမှာ ကာရက ပြုဂြိုဟ်အဖြစ် နေရာပေး သတ်မှတ်ထားပါသည်။

ယခု ကောဇာဂြိုဟ်သွား ရာသီပြန်ကြည့်ပါ။ နက်ပ်ကျွန်းဂြိုဟ်ဟာ ကုံရာသီမှာ တည်ရှိပြီး ယူရေနပ်ဂြိုဟ်က မိန်ရာသီမှာ ရှိနေပါသည်။ နေစကြဝဠာမှာ အရေးပါတဲ့ ဂြိုဟ်နှစ်လုံးဟာ အိမ်ခြင်းလဲလှယ်ရပ်တည်မှုကြောင့် ကမ္ဘာကြီးတစ်ခုလုံး ရာသီဥတု ဖောက်ပြန်ခြင်း၊ မိုးများပြီး ရေကြီးခြင်း၊ စစ်မက် အင်္ဂါများ ကြီးထွားလာခြင်း၊ အစာရေစာ ရှားပါးလာပြီး ရောဂါဘယ ထူပြောလာခြင်း၊ ကမ္ဘာလူသားအားလုံး ကာမရာဂ တဏှာစိတ်များ ပြင်းထန်လာခြင်းများ ဖြစ်ပြီး အနာရောဂါ၊ ကာမတဏှာ၊ စိတ်ဉာဏ၊ ဦးနှောက်နှင့် သက်ဆိုင်သည့် ကန်ရာသီတွင် ရာဟုဂြိုဟ်ကြီး တည်ရှိမှုကိုလည်း ထည့်သွင်းစဉ်းစားရပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ယခု ကောဇာတွင် မိန်ရာသီရှိ ယူရေနပ်ဂြိုဟ်ကို ကန်ရာသီရောက် ရာဟုဂြိုဟ်ကြီးက အမြင်ဆိုးနှင့် မြင်နေသောကြောင့်ပင်တည်း။

ကန်ရာသီ သခင်ဂြိုဟ်ဟာ ဗုဒ္ဓဟူးဂြိုဟ်ကြီး ဖြစ်နေတာရယ် ရာဟုဂြိုဟ်အမှောင်ကြီး ဖုံးလွှမ်းသွားတယ်ဆိုတာ သတိထား ဆင်ခြင်ပြီး မမေ့အပ်ပေ။

ဒါကြောင့်မို့ ကမ္ဘာကြီးမှာ လွဲမှားသော အတွေးအခေါ်များနှင့် စစ်မက်အင်္ဂါများ ကြီးထွားလာခြင်းပင်။ ကိုယ့်သားသမီး အရင်းခေါက်ခေါက် အပျို အအိုများကိုတောင် မျက်လုံးဒေါက်ထောက် ကြည့်ရသည့်ခေတ်ကို ရောက်လာပါသည်။ လုံးဝ ယုံကြည်စိတ်ချရှိမရပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကျိုးအတွက်တွေ ကြီးမားလာလို့ပဲ ဖြစ်ပါသည်။

၁၅. ၆. ၁၄ တနင်္ဂနွေနေ့တွင် ကြာသပတေးဂြိုဟ်ကြီး ဥစ္စာအိမ်ဖြစ်သည့် ကရကဋ်ရာသီသို့ ရောက်ရှိသည်ဆိုသော်လည်း ဆိုးအားတွေကို မည်မျှ ထိန်းထားနိုင်မည်နည်း။ ရှေ့တိုး နောက်ငင်နှင့် ဖောက်ပြန်ရက်များ ရှိသေး၏။

၃. ၁၁. ၁၄ တနလ်္ဂာနေ့မှ စနေဂြိုဟ်ကြီး တူရာသီမှ ဗြိစ္ဆာရာသီသို့ ကူးပြောင်းချိန် ဥစ္စာအိမ်မှ ကြာသပတေးဂြိုဟ်ကြီး၏ အားကောင်းသော အမြင်ကို ရရှိထားသော်လည်းပဲ ဆိုးအားများကို မည်မျှ ထိန်းထားနိုင်မည်နည်း။

ကြာသပတေးဂြိုဟ်ပိုင် ဓနုရာသီ တေဇောအိမ်မှာ မရဏနှင့် စည်းစိမ်ကြွယ်ဝမှုဆိုပြီး သက်ရောက်မှု နှစ်ခုကို တစ်ပြိုင်တည်း ပိုင်ဆိုင်ထားသည့် ပလူတိုဂြိုဟ်ရပ်တည်နေလို့ပါပဲ။ အဲဒီအချက်ဟာ ကြာသပတေးဂြိုဟ်ကြီးကို အရောင်ပြောင်းစေပါသည်။ တစ်နည်းပြောရရင် တိုးတက် မြင့်မားသော အားသာချက်တွေကို ထိုးနှက်တိုက်ခိုက်တာပါပဲ။

ဒါကြောင့်မို့ ၂၁ ရာစုခေတ်မှာ ပလူတိုဂြိုဟ်ရဲ့ အခန်းကဏ္ဍဟာ ပေါ့သေးသေး မဟုတ်ဘူးဆိုတာ နားလည်ထားသင့်ပါသည်။ အားသစ်လောင်းသော နိုင်ငံရေး ပြောင်းလဲမှုတွေမှာ ပလူတိုဂြိုဟ်ရဲ့ ရိုက်ခတ်မှုဂယက် ဆက်သွယ်မှုကွန်ရက်တွေ မလွတ်ကင်းပါဘူး။ ပလူတိုဂြိုဟ်ကို ဂြိုဟ်သိမ်ဂြိုဟ်မွား စာရင်းသွင်းပြီး ပယ်ဖျက်ထားတာတောင် ကမ္ဘာ့နိုင်ငံ အသီးသီးနဲ့ အရေးကြီးပုဂ္ဂိုလ်တွေရဲ့ ဇာတာခွင်တွေမှာ ယနေ့အထိ ပလူတိုဂြိုဟ် နေရာယူလျက်ပါ။ နျူကလီးယားစွမ်းအင်နဲ့ လူသားအရင်းအမြစ် ပြဿနာတွေမှာ ပလူတိုဂြိုဟ်ရဲ့ သက်ရောက်မှုတွေ လွှမ်းမိုးချုပ်ကိုင်ဆဲပါ။

နိုင်ငံတကာ အာကာသ လေ့လာရေးသုတေသန အေဂျင်စီတွေက ပလူတိုဂြိုဟ်ရဲ့ ချာရွန် (Charon) ဆိုတဲ့လကို စိတ်ဝင်စားစွာနဲ့ စောင့်ကြည့်သုတေသနပြုလျက်ပါ။ ပလူတိုဂြိုဟ်ပေါ်မှာ အဓိက ရေခဲတွေသာရှိလို့ သက်ရှိထွန်းကားမှု မရှိဘူးလို့ ယူဆသတ်မှတ် ထားကြပေမယ့် ယခုတော့ အများကြီး ပြောင်းလဲသွားခဲ့ပါပြီ။ ကမ္ဘာကြီးတစ်ခုလုံး ပူနွေးလာမှုနှင့်အတူ ရေခဲတွေလည်း အရည်ပျော် ပျက်ပြယ်ကုန်ခဲ့ပါပြီ။ ၁၉၃၀ ပြည့်နှစ်နဲ့ ၂၀၁၄ ခုနှစ်ကြားကာလ ပြောင်းလဲမှုတွေဟာ သိသာ ထင်ရှားလှပါသည်။

ပလူတိုဂြိုဟ်ကို ဗဟိုပြုလှည့်ပတ်နေသော ချာရွန်ဆိုသော လ၏ ဆွဲအားနှင့် လျှပ်စစ်စီးကြောင်းများ၊ သံလိုက်စက်ကွင်းများဟာ ခေတ်သစ် နျူကလီးယားစစ်ပွဲတွေဖြစ်ဖို့ လှုံ့ဆော်မှုတွေ၊ အားပေးမှုတွေ၊ ဖန်တီးမှုတွေရဲ့ အရင်းအမြစ်ဖြစ်ကြောင်း အာကာသသိပ္ပံလေ့လာရေး သိပ္ပံပညာရှင်များက အတည်ပြု သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါသည်။

မည်သည့်ဂြိုဟ်မဆို ရာသီစက်ဝန်းကို ဖြတ်သန်းသွားတိုင်း ကောင်းကျိုးဆိုးပြစ် တန်ပြန် သက်ရောက်မှုများ ပေးစွမ်းခဲ့သည်ကိုတော့ ငြင်းပယ်၍ မရနိုင်။ လက်ရှိ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဖြစ်ရပ်များမှ မီးမောင်းထိုးပြနေလေပြီ။

ဖွံ့ဖြိုးတိုးတက်မှု၊ ကြီးမားသော ဆုံးရှုံးမှု၊ လူသားအရင်းအမြစ်များစွာနှင့် သက်ဆိုင်သော ပလူတိုဂြိုဟ်ကိုတော့ မျက်ခြည်ပြတ်မခံဘဲ အသေအချာပင် စောင့်ကြည့်ရဦးမည် ဖြစ်ပါတော့သည်။

မင်းဟန်(သန်လျင်)

❑

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရွှေတိဂိုအစေဖေ

မြချစ်(ဒဂုံတောင်)

ကြွယ်ဝ ချမ်းသာလာသည်နှင့် အမျှ အသိုင်းအဝိုင်းကလည်း ကျယ်ပြန့်လာသည်မှာ မမွတာပင်၊ လင်ရော မယားပါ နှတ်ကို ယုံကြည်သူများလည်း ဖြစ်သည်။

ယခုကဲ့သို့ ချမ်းသာနေခြင်းသည်ပင် နတ်ကဲ့ မ,သည်ဟု ယုံကြည်နေကြသည်။ အတိတ်ဘဝမှ ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံ၏ အကျိုးပေးမှုများကို မေ့လျော့ဘေးချိတ်ထားတော့သည်။ သို့ကြောင့် နှစ်စဉ် နတ်ကနားပေး၍ ကကြသည်။ တစ်ခါက စီးပွားရေးကျဆင်းလာသဖြင့် စီးပွားရေး

'ငယ်ကပင်လျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူ့ကို ချစ်ဖျက်၊ သူသက်သတ်စား၊ သူ့မယားခိုး၊ ပြစ်မှားတုံတိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊ မွေးမြူမိဘ၊ မပြုရနှင့်၊ ဆုံးမ မနာ၊ ပညာရှိထံ၊ နည်းခံမမှတ်၊ အမြတ်မကျင့်၊ ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသောခါလျှင်၊ ပူဇာနောင်တ၊ ရတတ်စွတည့်။'

(မဃဒေဝ-၃၂၁)

အုတ်၊ သဲ၊ ကျောက် ရောင်းဝယ် လုပ်ငန်းဖြင့် ကိုမောင်ထွန်းတို့ မိသားစု ကြွယ်ဝချမ်းသာနေကြသည်။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ဦးမော့လာစေရန် နတ်က တော်နှင့် တိုင်ပင်ပြီး အိမ်မှာ ထိုင်ကနား ပေးသည်။

နတ်ကတော်ကလည်း ယုံကြည်လောက်အောင် အပြောကောင်းသည်။ စီးပွားရေး ပြန်လည်ကောင်းမွန်အောင် အရောင်းအဝယ်ကောင်းအောင် 'လေသား' မ,မည်၊ နောက်သုံးမောင်းကျော်ရင် လက်ခမောင်းခတ်၊ တာပေါ် ရေမကျော်စေရဘူး စသည်ဖြင့် ဟန်ပါပါ မာန်ပါပါ ပြောဆိုသည်များကို လင်မယားနှစ်ယောက်စလုံးထာ သဘောကျနေကြသည်။ "သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာရနိုးနိုး" ဆိုသလို ဖြစ်နေသည်။

◆

"ဟာ အဖေကလဲဗျာ၊ တော်တော်ခက်တာပဲ၊ ဒီမှာ နတ်တင်နေတဲ့ ဟာကို ဝက်သားဝယ်လာပြီး ထမင်းစားရသလားဗျ။ လူလိုကို မသိတတ်ဘူး၊ ပေး ပေး"

စားနေရင်း စွန့်ပစ်လိုက်သည့် ဟင်းစ ဟင်းနကို လုစားရာမှ ကိုက်နေသည့် ခွေးနှစ်ကောင်ကို ဆင်းမောင်းရင်း ဖခင်အိုကြီး၏ ထမင်းပန်းကန်ထဲမှ ဝက်သားတုံးကို မြင်တွေ့ရတော့ ဒေါသထွက်၍ ပြောပြောဆိုဆို ဖခင်အိုကြီး၏ လက်ထဲရှိ ထမင်းပန်းကန်ကို ယူလျက် လမ်းမဘက်သို့ လွှင့်ပစ်လိုက်သည်။

အသက်(၈၀)နီးပါး ရှိနေသော ဖခင်အိုကြီးမှာ မျက်ရည်များပြည့်နှက်၍ လျှံကျလာသော မျက်လုံးအစုံဖြင့် "သားရယ်"ဟူသော မပွင့်တပွင့်အသံ တိုးတိုးလေးပြောရင်း အနားမှ ထွက်ခွာသွားသော သားကို ကြည့်ပြီး ဝမ်းနည်းစွာ ကျန်ရစ်ခဲ့ရသည်မှအပ ဘာမျှ ဓတတ် နိုင်ပေ။

◆

ကိုမောင်ထွန်းတို့ စီးပွားရေးကား ကျသည်ထက် ကျလာသည်။ ယခုနှစ်ထဲတွင် အဆိုးဝါးဆုံးဟု ဆိုရပေမည်။ ငွေပို ငွေလျှံရှိဖို့နေနေသာသာ အကြွေးတောင် တင်နေပြီ ဖြစ်သည်။ ကနေကျ နတ်ကနားလည်း မကနိုင်၊ တင်နေကျ နတ်လည်း မတင်နိုင်။

တက္ကသိုလ် နောက်ဆုံးနှစ် တက်နေတဲ့ သမီးအကြီးနဲ့ ဆယ်တန်းကျောင်းသားတွေရဲ့ကျောင်းစရိတ် နိုင်အောင် ကြိုးစားနေရသည်။ အိမ်စားစရိတ်ကို ချွေတာ၍ လူမှုရေးကို မပျက်အောင် လိုက်ရသည်။

စိတ်ညစ်ညစ်နှင့် ကိုမောင်ထွန်း စဉ်းစားမိသည်။ နတ်တွေက မ,မယ် သာပြောတယ်၊ ဘာမှ ဖြစ်မလာပါလား၊ ဆရာတော်တွေဟောတဲ့ တရားတော်တွေက မှန်နေပါပေါ့လား၊ ငါအတွေး အခေါ် အယူအဆတွေ မှားခဲ့ပြီ ထင်တယ်။

"ခင်ဗျားကြီး တော်တော့ဗျာ၊ ဘာမှ လာမပြောနဲ့၊ ကျက်သရေကို မရှိဘူး"

"ဟဲ့ ဟဲ့၊ ငါက နင့်ကိုမွေးထုတ်တဲ့ မအေဟဲ့၊ မအေကို ဒီလိုပဲ ပြောရလား၊ လူလိမ္မာရဲ့၊ နင် ဘယ်တော့မှ လူမွေး သူမွေး ပြောင်မယ့်ကောင် မဟုတ်ဘူး၊ ငရဲစာ အဝီစိချိုးကပ်မယ့် အကောင်"

ခြေရင်းအိမ်မှ ဒေါ်ထွေးတို့ သားအမိ ရန်ဖြစ် စကားများသည့် အသံကြောင့် ကိုမောင်ထွန်း စဉ်းစားခန်း ရပ်သွားသည်။

ဒေါ်ထွေးမှ သူသားကို ပြောလိုက်သော စကားကြောင့်ကို မောင်ထွန်း၏ ရင်ထဲမှာ "ဒိန်း"ခနဲ ဖြစ်သွားသည်။

'မိဘကို မပြစ်မှားကောင်းဘူးကွ၊ ပြစ်မှားမိတဲ့ သားသမီးတွေဟာ ဘယ်တော့မှ စီးပွားမဖြစ်တော့ဘူး၊ မိဘရှိတုန်း ဝအောင်ကျွေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဆောင်ရွက်ပေးရတယ်၊ သေခါမှတော့ မငိုနဲ့'

အဖေသေတုန်းက ဦးလေးဖြစ်သူ ပြောခဲ့သည့် စကားသံကိုလည်း ကြားယောင်မိသည်။ ဦးလေးကတော့ ဘာမှ မသိရှာ။ အဖေ့အပေါ်မှ တာဝန်ကျေတဲ့ သားတစ်ယောက်လို့ သူ့အထင် သူ့ အမြင်မှာ မြင်တာနဲ့ -

"မိဘကို ကျွေးမွေးပြုစုခွင့်ရတာငါတို့၊ မင်း တော်တော်ကံကောင်းတယ်ကွာ" လို့ ချီးမွမ်းစကားတောင်ပြောခဲ့သေးတယ်။ ဒါပေမဲ့ ဦးလေး ထင်သလို မဟုတ်ပါဘူး။ ကျွန်တော် စီးပွားရေးလောဘတွေနဲ့ နတ်ကို ယုံမှားကိုးကွယ်ခဲ့လို့ အဖေ့အပေါ် ရိုင်းပျစွာပြောဆို ဆက်ဆံခဲ့မိတဲ့ သားမိုက်ပါ။ ကျွန်တော် အမှားကြီး မှားခဲ့ပြီ။ ခြေရင်းအိမ်က ဒေါ်ထွေးနဲ့ ဦးလေး ပြောသလို အဲဒီအပြစ်တွေကြောင့် ကျွန်တော့် စီးပွားရေးတွေ ကျဆင်းသွားရတာများလား၊ ဒါကြောင့် ကျွန်တော် ဆင်းရဲနေရတာလား။

"ဖေဖေရေ ဖေဖေ၊ ဒီမှာသားတို့ ဦးဇင်းလေး ကြွလာတယ်"

လမ်းမမှာ သူငယ်ချင်းများနဲ့ စကားပြောနေတဲ့ သားဖြစ်သူ မောင်ဖြိုးကြွယ်ရဲ့ အသံကိုကြားသဖြင့် အိမ်ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ပြီး ကြွလာသော ဦးဇင်းလေးကို ထွက်၍ ခရီးကြိုလိုက်သည်။

"အရောတကြီး ဘာကိစ္စရှိလို့ ကြိုတင်အကြောင်းမကြားဘဲ ကြွလာတာလဲ ဘုရား"

"ဘာကိစ္စမှတော့ မရှိပါဘူး၊ စာမေးပွဲ ဖြေပြီးလို့ ရတဲ့အချိန်လေးမှာ အညာက ဦးဇင်း ခမည်းတော် မယ်တော်တို့ဆီ ပြန်မလို့၊ ဒီနေ့ည ကားနဲ့ သွားမှာဆိုတော့ အခု ဒကာကြီးတို့ဆီ လာတွေ့တာပါ"

သဘက်ကြီးကို ခေါက်၍ ပေးထားသော ခေါင်းရင်းမှ ဆိုင်ခုံတွင် ဦးဇင်းလေးကို ထိုင်စေလျက် ကိုယ်တော်၏ရှေ့တွင် ထိုင်ကာ လက်အုပ်ချီလျှောက်တင်လိုက်သည်ကို ဦးဇင်းလေးမှ ပြန်လည် ဖြေကြားတော်မူသည်။

ဇနီးဖြစ်သူ မအေးသီကလည်း မီးဖိုချောင်မှ ထွက်လာပြီး -

www.burmeseclassic.com

"ဦးဇင်း သံပရာရည်လေး ဘုဉ်းပေးပါဦး ဘုရာ့"

သံပရာရည်ဖျော်ထားသည့် ဖန်ခွက်ကို ဦးဇင်းအား ဆက်ကပ်လိုက်သည်။ ဦးဇင်းကလည်း သံပရာရည်ကို အနည်းငယ်မျှ သောက်လိုက်ပြီး ဖန်ခွက်ကို စားပွဲခုံပေါ်သို့ အသာချရင်း-

"ဒကာကြီးတို့ ဘာမှာဦးမလဲ၊ ဦးဇင်းကို ရဟန်းဘောင်ရောက်အောင် ရဟန်းတက်ပေးတဲ့ ရဟန်းခမည်းတော်မယ်တော်တွေမို့ ဦးဇင်းက ခွင့်ပန်ရင်းလာတာ"

မှန်ပေသည်။ ဤဦးဇင်းလေးကို နေ့စဉ် ဆွမ်းလောင်းနေရင်း စာပေကြိုးစားမှု၊ တည်ကြည်တဲ့ ဣန္ဒြေတို့ကို သဘောကျ၍ အသက်(၂၀)နှစ် ပြည့်သည်နှင့် အညာမှ မိဘတွေထံ ခွင့်တောင်းပြီး ရဟန်းတက်ပေးခဲ့သည့် ရဟန်းဒကာ၊ ဒကာမများ ဖြစ်သည်။

ကိုမောင်ထွန်းက မိမိသိမ်းထားသော ငွေကလေးထဲမှ တစ်သောင်းအုပ်ကလေးကို ယူ၍ ဦးဇင်းလေးအား လှူဒါန်းလိုက်သောအခါ -

"ဒကာကြီး၊ ဦးဇင်းက အလှူခံရအောင် လာတာ မဟုတ်ပါဘူး၊ ဦးဇင်းမှာ ပြည့်စုံပါတယ်"

"သိပါတယ် ဘုရား၊ ကုသိုလ်ကံတွေ မွေးမြိန်နေတဲ့ တပည့်တော်ကို သနားသောအားဖြင့် အလှူခံတော်မူပါဘုရား၊ ပြီးတော့ အချိန်ရမယ်ဆိုရင် တပည့်တော်. သိလိုတာလေးတွေကို လျှောက်ထားခွင့် ပြုမိပါဘုရား"

ကိုမောင်ထွန်းက ဝတ္ထုငွေကို နဝကမ္မလှူရင်း လျှောက်ထားလိုက်သချွေ့တွင် ဦးဇင်းလေးကလည်း -

"ဒီတစ်ခါတော့ ဒကာကြီးတော်တော်ထူးဆန်းတာပဲ၊ မေးပါ ဦးဇင်းဖြေနိုင်ရင် ဖြေခဲ့မယ်၊ မဖြေနိုင်သေးရင် ဆရာတော်ကြီးတွေကို လျှောက်ထားပြီး ပြန်ဖြေပေးပါ့မယ်"

ပြုံးရွှင်စွာ ပြန်လည်ပြောကြားလိုက်သောအခါ -

"ဒီလိုဘုရား၊ မိဘအပေါ် စိတ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ ကိုယ်လက်ရောက်ဖြစ်စေ၊ ပြစ်မှားစော်ကားမိခဲ့ရင် ဘယ်လို အပြစ်များ ဖြစ်နိုင်ပါသလဲ ဘုရား၊ အဲဒီတင်ရှိတဲ့ အပြစ်တွေကို မည်သို့ မည်ပုံ ဆေးကြောရမယ်ဆိုတာ သိပါရစေ ဘုရား၊ အကျဉ်းမျှဖြစ်ဖြစ် ဆုံးမသြဝါဒ စကားပြောကြားပေးတော်မူပါဘုရား"

"ဒါပဲလား၊ ဒါပဲဆိုရင် ဦးဇင်းရတဲ့အချိန်လေးမှာ အကျဉ်းမျှလောက်တော့ ဖြေကြားခဲ့ပါ့မယ်။

ဒကာကြီး မိဘဆိုတာ အနန္တောအနန္တ ငါးပါးထဲမှာသာ ပြထားတာ မဟုတ်ဘူး၊ ခင်ပွန်းကြီး ဆယ်ပါးထဲမှာလည်း ပါဝင်နေပါတယ်၊ ခင်ပွန်းကြီး ဆယ်ပါးဆိုတာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကရဟန္တာ၊ အဂ္ဂသာဝကရဟန္တာများ၊ မိခင် ဖခင်၊ ဆရာ၊ ဆုံးမတတ်သူ၊ သီလနှင့်ပြည့်စုံသူ၊ ကျွေးမွေးပေးစာမ်းစောင့်ရှောက်သူတို့ ဖြစ်တယ်၊ အဲဒီ ခင်ပွန်းကြီး ဆယ်ပါးကို ပြစ်မှားမိရင် ပြစ်မှားတဲ့သူမှာ မျက်မှောက်ဘဝမှာတင် ကြမ်းတမ်းစွာ အနာရောဂါကပ်ရောက်ခြင်း၊ စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြားခြင်း၊ ခြေလက်အင်္ဂါ ပြတ်ခြင်း၊ ဆေးကုမရသော ကြီးလေးသည့်ရောဂါ ကပ်ရောက်ခြင်း၊ ရူးသွပ်ခြင်း၊ မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ စွပ်စွဲခံရခြင်း၊ ဆွေမျိုးတို့ ပျက်စီးပြုန်းတီးခြင်း၊ စည်းစိမ်အခွေအရံ ပျက်စီးခြင်း၊ နေရာ တိုက်အိမ် မီးလောင်ပျက်စီးခြင်း ဆိုတဲ့ အပြစ်ဒဏ် ဆယ်ပါးကို ကြုံတွေ့ခံစားရမယ့် အပြင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း အဟန့်အတား ဖြစ်စေတယ်။

အဲဒီအပြစ်တွေက လွတ်ကင်းအောင် ဘာလုပ်ရမလဲဆိုရင် နေ့စဉ် ညစဉ် ခင်ပွန်းကြီး ဆယ်ပါးကို ဘုရားရှိခိုး၊ တောင်းပန်၊ တတ်နိုင်သလောက် တရားရှုမှတ်၊ ပြီးရင် မေတ္တာပို့ အမျှဝေပေးပေါ့၊ ခင်ပွန်းကြီး ဆယ်ပါး ဘုရားရှိခိုးကို မရရင် ဦးဇင်း ရေးပေးခဲ့မယ်၊ ရအောင်ကျက်၊ ရှိခိုး"

ဟု ပြောပြောဆိုဆို လွယ်အိတ်ထဲမှ စာရွက်နှင့် ဘောပင်ကို ထုတ်၍ ရေးပေးပြီး-

"ကဲကဲ-အခုတော့ ဒါလောက်ပဲ မှတ်ထားဦး၊ နောက် ဦးဇင်း အညာကပြန်လာမှ အကျယ်ပြောပြမယ်၊ ဒီညကားနဲ့သွားမှာမို့ ဦးဇင်း ပြင်ဆင်ရအောင် ပြန်လိုက်ဦးမယ်"

"မှန်ပါ့ဘုရား၊ ကျေးဇူးကြီးလှပါတယ် ဘုရား"

ကိုမောင်ထွန်းသည် ဦးဇင်းလေးအား ရှိခိုးဦးချ၍ ခြံဝင်ပေါက်အောင် ဦးဇင်းလေးကို လိုက်ပို့ပြီး ဦးဇင်းလေး ရေးပေးခဲ့သည့် ခင်ပွန်းကြီး ဆယ်ပါး ဘုရားရှိခိုးကို ကျက်မှတ်နေတော့သည်။

◆

"ဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါ၀၊ အရဟာ၊ အဂ္ဂသာဝကာ၊ မာတာပိတု၊ ဂုရု သတ္ထာ၊ ဓမ္မဒေသကာစ၊ ဒါယကာ၊ ဣမေဒသ မဟာဂုဏေ၊ အဟံ ဝန္ဒာမိ သတ္ထဒါ"

ဟူသည့် ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုးသံ၊ တောင်းပန်သံနှင့် မေတ္တာပို့ အမျှဝေသံတို့အပြင် ကြေးစည်သံတို့သည်လည်း နံနက် အရုဏ်တက်ချိန်နှင့် ညဦးယာမ်တို့တွင် နေ့စဉ် ကြားနေရပြီ ဖြစ်တော့သတည်း။

မြချစ်(ရွှေတောင်)

ကိုးကား

၁။ အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာ၏ ခင်ပွန်းကြီး ဆယ်ပါး အကြောင်းစစ် ဝန်ချတောင်းပန်ခြင်း ကျင့်နည်းလမ်းညွှန်။

၂။ အိမ်တော်ရာအရှင်သုဒဿနဟောကြားတော်မူသော မိဘပြစ်မှားဒဏ် (၁၀)ပါး တရားတော်။

၃။ မယဒေဝ လက်ဘသစ်

ဝန်ခံချက် - ဖြစ်ရပ်မှန်အား အခြေခံ၍ ဖွဲ့စည်းထားသည်။ အမည်များအား ပြောင်းလဲထားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

အဖေ့နလုံးသားမျက်ဝန်းကိုရှာပေးပြင်



'ပျောက်သောသူရှာလျှင်တွေ့
သေသောသူကြာလျှင်မွေ့' ဟူသော
စကားသည် လူပျောက်နေသူ (သို့
မဟုတ်) သေဆုံး၍ သောကရောက်
နေသူကို နှစ်သိမ့်လေ့ရှိသော စကား
ဖြစ်သည်။ နှစ်ပေါင်းများစွာ ရှာဖွေ
လျက်နှင့် မတွေ့သေးသောသူများရှိ
နေကြသည်။

ထို့အတူ သေဆုံး ကွယ်လွန်
သွားသော်လည်း မည်မျှပင် နှစ်ပေါင်း
များစွာ ကြာမြင့်ပါစေ မမေ့နိုင်ကြ
သူများရှိနေကြသည်။ လောကအကျိုး၊
လူမျိုးအကျိုး၊ နိုင်ငံအကျိုး စွမ်း
ဆောင်သူများကို ယနေ့တိုင် မမေ့
နိုင်ကြပါ။ ထိုနည်းတူစွာပင် ကိုယ့်
မိသားစု ပတ်ဝန်းကျင်အသိုင်းအဝိုင်း
မှာလည်း ကြင်နာသနားတတ်သူ၊
မေတ္တာဓာတ်ခံ အားကောင်း၍
သဘောကောင်းသူများကို ကိုယ့်
မိသားစု၊ ကိုယ့်နေရာ ဒေသအလိုက်
မမေ့နိုင်ကြသည်မှာ လောကမွေတာ
ပင် ဖြစ်သည်။

ကျွန်တော့် ဘဝတွင်လည်း
မျက်လုံးထဲတွင် မြင်ယောင်လျက်
မမေ့နိုင် မမေ့အပ်သော လူတစ်
ယောက် ရှိခဲ့ဖူး၏။

ထပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မိသားစုတွင် အဖေ၊ အမေ၊ အစ်မကြီး၊ အစ်ကိုကြီးနှင့် ကျွန်တော် အပါအဝင် ငါးယောက် ရှိကြသည်။ ကျွန်တော့်ကို အစ်မကြီး အိမ်ထောင်ကျပြီးမှ မွေးခဲ့သည်ဟု အမေကပြော၍ သိရသည်။ ထို့ကြောင့် အစ်မကြီးနှင့် အနေဝေးခဲ့ရသည်။ အစ်မဖြစ်သူက "မောင်လေး မောင်လေး" ဟူ၍ ချော့မြူထိန်းသိမ်းနေသော မြင်ကွင်းနှင့် အသံကိုကြားရလျှင် အစ်မကြီး၏ မေတ္တာမျိုးကို ရချင်လိုချင်မိသည်။

ကျွန်တော်တို့ မောင်နှမ သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် အသက်ကွာခြားကြသည်။ ကျွန်တော် သိတတ်စအရွယ်မှာပင် အစ်ကိုကြီးသည် နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ရင်း နိုင်ငံခြားသူနှင့် အိမ်ထောင်ကျသွားသည်ဟု သိရလေသည်။ အစ်ကိုကြီးနှင့် ကျွန်တော်သည် အခိုန်အကြာကြီး အတူမနေခဲ့ရပြန်ပါ။ ညီငယ်ကို ကုန်းပိုး၍ ပြေးလွှား ဆော့ကစားကာ ညီငယ်လေးအကြိုက် လိုက်လုပ်ပေးနေကြသော အစ်ကိုကြီးဆိုသူတွေကို မြင်ရလျှင်လည်း အစ်ကိုကြီးမေတ္တာကို သတိရတမ်းတမိ၏။

ထို့ကြောင့် ကျွန်တော့်ဘဝတွင် အဖေသည် အဓိကအကျဆုံး၊ အဖေသည် အရေးပါဆုံးဖြစ်သည်။ ကြည့်အကောင်းဆုံးအမျိုးသားတစ်ဦးကို ပြပါဆိုလျှင် ကျွန်တော့်အဖေကိုသာ ပြရမည်ဖြစ်သည်။

ကျွန်တော့်အပေါ်တွင် နားလည်မှု အရှိဆုံးနှင့် အကောင်းဆုံး အမျိုးသားတစ်ဦးကိုပြပါဆိုလျှင်လည်း အဖေပင်။ ကျွန်တော့်အပေါ် အလိုလိုက် သည်းအခံဆုံး အမျိုးသားတစ်ဦးကို ပြပါဆိုလျှင်လည်း အဖေကိုပင် ပြရမှာဖြစ်သည်။

အဖေသည် အစ်မကြီး တစ်ယောက်ပမာလည်းချော့မြူလိန်းသိမ်း၏။ တစ်ဖန် အစ်ကိုကြီးကဲ့သို့လည်း ပေါင်းသင်း ဆက်ဆံပေးတတ်ပြန်သည်။ အဖေသည် ကျွန်တော့်ဘဝတွင် အစ်မကြီး၊ အစ်ကိုကြီး နေရာမှာလည်း နေပေးသည်။

အမေက လှသလောက် ချောသလောက် အဖေက ရုပ်ဆိုးသည်။ အဖေက သူ့ရုပ်ဆိုး အသားမဲသည်ကိုပေါ် မည်စိုးသောကြောင့် အမေနှင့် မည်သည့်အခါမျှဓာတ်ပုံတွဲ၍ အရိုက်မခံပါ။ အမှတ်တရ ဓာတ်ပုံရိုက်ရန် ပြောသောအခါ အဖေက -

"မင်းသမီး ခင်သန်းနုနဲ့ လူကြမ်း အဲ့ကျော် တွဲရိုက်တဲ့ ပြက္ခဒိန်ရှိလို့လားကွာ၊ အမှတ်တရ တစ်ယောက်စီပဲရိုက်" ဟူ၍ ပြောတတ်ပါသည်။

အဖေက မျက်မေါက်ကျဉ်းသည်။ မျက်လုံး မွေး၏။ နဖူးတွင်လည်း ဘုယောင်ယောင် ဖုနေသေးသည်။ မျက်ခုံးမွေးက ပါးလွန်း၍ ပေါက်သည်ဟုပင် မထင်ရအောင် ပြောင်နေသည်။ လက်ပြင် အနည်းငယ်ကိုင်းနေ၏။ နှုတ်ခမ်းမည်းသည်။ အဖေသည် ဣသို့ အချိုးအဆစ်မပြေပြစ်သော်လည်း ပပဝတီပမာ ချောမောလှပသော အမေ့ကို မင်းကုသနှလုံး ယူသုံး၍ ရယူခဲ့ဟန်တူသည်။

အဖေသည် ချစ်မွေးပါဟန်တူ၏။ လူအများနှင့် ဆက်ဆံရာတွင်မူ လွန်စွာ အဆင်ပြေချောမွေ့ပါသည်။ ခင်မင်သူ ပေါ၏။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော့်အနေဖြင့် အဖေ့မျက်နှာ၊ အဖေ့အပြုံးတို့နှင့် အဖေ့ကျောကိုခွ၍ ကုန်းပိုးစီးခဲ့ရသည်မှာ တစ်သက်မမေ့နိုင်ပါ။ ကျွန်တော့်အနေဖြင့် အဖေ့ကို ရုပ်ဆိုးသည်ဟု မည်သည့်အခါမျှပင် မတွေးမိ၊ မထင်မိခဲ့ပါ။

အမေရိုက်၍ အားငယ်နေသောအချိန်တွင် အဖေ့ကို မြင်တွေ့ရလျှင် အားတက်လာသည်။ ထိုအခါ အမေ့ကို မရိုက်ရန် တားမြစ်သည်။ အဖေသည် ကျွန်တော့်ဘဝအတွက် ပြဟ္မာကြီးတစ်ဦးပမာပင်။ ကျွန်တော် မျက်နှာ အလိုမကျဖြစ်နေလျှင် -

"သား ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား၊ ဘယ်သူ့ကလုပ်လို့လဲ၊ အဖေ့ပြောစမ်း"

အဲဒီလို စိုးရိမ်ကြီးစွာ မေးတတ်ပါသည်။ အဖေ့မျက်နှာကို မြင်ရလျှင် ကျွန်တော့်ဘဝမှာ အရာရာ ပြီးပြည့်စုံသည်။ ကြောက်စိတ်ဟူ၍ မြူတစ်မှုန်မျှပင် မရှိတော့။ ထို့ကြောင့် ကျွန်တော် မည်သည့်အပြစ်မျိုးလုပ်လုပ် အပြစ်မမြင် ကြင်နာတတ်သော အဖေ့မျက်ဝန်းမျိုးကို နှလုံးသားမှာ စွဲထင်၍နေသည်။ တစ်သက်လုံး မေ့နိုင်မည် မဟုတ်ပါ။

တစ်ခါက အဖေ ကျွန်တော့်ကို ရပ်ကွက်ဘုရားပွဲ စေ့းထဲလိုက်ပို့သည်။ ပွဲစေ့းမှ ကျွန်တော်လိုချင်သော ကစားစရာအရုပ်များကို ဝယ်ပေးသည်။ စားချင်သော စားစရာများကိုလည်း စိတ်ကြိုက် ကျေနပ်သည်ထိ ဝယ်ကျွေးသည်။

www.burmeseclassic.com

အဖေသည် ကျွန်တော့်ဘဝ အတွက် လိုတရ တန်ခိုးရှင် နတ် တစ်ပါးနှယ် ဖြစ်သည်။

ကျွန်တော် လူပျိုပေါက်အရွယ် ရောက်သောအခါ သူငယ်ချင်းများ နှင့် လက်ဖက်ရည် ဝိုင် ထိုင်တတ် လာသည်။ သီချင်းနားထောင်တတ် လာ၏။ တစ်ခါတစ်ရံ ည ၉ နာရီ လမ်းဘေးအုတ်ခုံပေါ်တွင် ဝစ်တာ တီး သီချင်းဆိုကြသည်။ ထိုအခါမျိုး တွင် အဖေက မအိပ်သေးဘဲ တိတ် တိတ်ကလေးစောင့်ပြီး တံခါးဖွင့်ပေး သည်။ အမေက သိပြီး ထလာကာ ဆူလျှင် အဖေက -

"ယောကျ်ားလေးပဲကွာ၊ ဒီ လောက်တော့ ရှိမှာပေါ့"

ဟု ကျွန်တော့်ဘက်မှ ကာဆီး ပြောပေးသည်။ အဖေသည် ကျွန် တော့်အတွက် ကိုယ်၊ စိတ်နှစ်ပါး ဆင်းရဲခြင်းမှ အထူးကာကွယ်ပေးရာ မဟာဗိုင်းကြီး တစ်ခုပမာပင်။

ကျွန်တော့်အပေါ် မေတ္တာ အပြည့်ဖြင့် နားလည်မှု ပေးသော အဖေ့မျက်နှာမျိုး ကျွန်တော့်နှလုံး သားမှာ စွဲထင်နေသည်။

အဖေ့လုပ်ငန်းက ဆောက် လုပ်ရေး ကန်ထရိုက်လုပ်ငန်း ဖြစ် သည်။ ကျွန်တော့်ကို အလုပ်ထဲခေါ် ပြီး လုပ်သားခေါင်းဆောင်များနှင့် မိတ်ဆက်ပေးသည်။ လုပ်ငန်း အကြောင်းများကိုလည်း ရှင်းပြလေ ၏။ ဒီလုပ်ငန်းများကို သားဖြစ်တဲ့ ကျွန်တော်က အမွေဆက်ခံလုပ်ရမှာ ဖြစ်ကြောင်း မိတ်ဆွေများကို အားရ ပါးရပြောပြသည်။ အိမ်ရှင် တိုက်ပိုင် ရှင် သူဌေးများနှင့်လည်း စကားပြော တတ်အောင် တွေ့ဆုံပြောဆိုစေခဲ့ သည်။

အဖေသည် သူ့ကိုယ်သူ လောကထဲက စောဒီးစွာ ထွက်သွား ရမဲ့ည်ကို ကြိုသိနေဟန်တူသည်။ မကြာပါ အဖေသည် အစာအိမ်သွေး ကြောပေါက်ကာ ကျွန်တော့်ဘဝထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။

အဖေကွယ်လွန်သွားသောနေ့ သည် ကျွန်တော့်ဘဝတွင် ကိုယ်နေ ထိုင်ရာမြေကြီး လျှင်လှုပ်သည့်ပမာ အားအငယ်ဆုံးနေ့ပင် ဖြစ်သည်။ အဖေ့လုပ်ငန်းများကို ကျွန်တော် ဆက်လုပ်ရသည်။ အဖေ့မိတ်ဆွေ များက လက်တွဲခေါ်ကြသည်။ ကျွန် တော် အိမ်ဦးစီးနေရာကို ရောက်လာ ခဲ့သည်။

ကျွန်တော့်အတွေးစိတ်ထဲတွင် အဖေ့မျက်နှာ၊ အဖေ့မျက်ဝန်းမျိုး အရိပ်အယောင်နှင့် လူတစ်ယောက် ကို တစ်နေ့မြင်တွေ့ရဦးမည်ဟု ယုံ ကြည်နေမိသည်။တမ်းလည်းတမ်းတ မိ၏။ ကျွန်တော့်သူငယ်ချင်းများက ကျွန်တော်နှင့် တွဲလုပ်သော အဖေ မိတ်ဆွေ လူကြီးများသည် ကျွန်တော့် အပေါ် ကောင်းကြောင်း ပြောကြ သည်။ သို့သော် သူတို့၏မျက်နှာပေါ် တွင် ကျွန်တော့်အဖေနှင့်တူသော ကြင်နာ သနားငဲ့ညှာသော မေတ္တာ ဓာတ်ခံ အရိပ်အယောင်များ တစ်ခု မျှပင် မတွေ့ရပါ။ တစ်နေ့ အမေက-

"သားလေး၊ မင်းအဖေရဲ့ညီ အရင်း မင်းဦးလေးလာလိမ့်မယ်၊ မင်း အဖေနဲ့ ရုပ်ချင်းသိပ်တူတာ"

အမေ့ဆီက သတင်းစကား ကြားသည့်အခါ အဖေ့မျက်ဝန်း၊ အဖေ့မျက်နှာ အမူအရာတို့ကို မြင် ချင်တဲ့ ဆန္ဒပြည့်ဖို့ လင်းလက်လာခဲ့ ၏။

အဖေဆုံးသည်မှာ နှစ်ချီလာ ပြီ ဖြစ်သည်။ သို့သော် အဖေ့ကို သတိရနေဆဲပင်။ အဖေနှင့်တူသော ဦးလေး လာမည်ဆိုသောကြောင့် အဖေ၏ လှုပ်ရှားဟန်၊ ပြောဆိုဟန် ပုံစံမျိုးကို အဖေ့အလွမ်းပြေ မြင်ရ ပေဦးမည်ဟု တွေးနေမိ၏။

ညနေ အလုပ်ကအပြန် အိမ် အဝင် အမေက ဆီးကာပြောသည်။

"ဧည့်ခန်းထဲမှာ မင်းဦးလေး ရောက်နေတယ်"

ရင်ထဲမှာ နည်းနည်းလှုပ်ရှား သွားသည်။ဧည့်ခန်းထဲသို့ လှမ်းကြည့် လိုက်သည်။ အသားမည်းမည်းနှင့် အဖေနှင့်အတော်တူနေသည်ကိုတွေ့ ရ၏။ ကျွန်တော့်ကို မြင်သွားလျှင်-

"လာဟေ့ ငါ့တူ၊ အလုပ်က ပြန်လာပြီလား၊ လုပ်ငန်းတွေ လုပ်ရ တာရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ဦးလေး၊ အဖေက အကုန်စီမံထားခဲ့လို့ အဆင်ပြေပါ တယ်"

"အေးကွာ၊ ဝမ်းသာတယ်၊ ငါ လည်း မင်းအဖေ ဆုံးကတည်းက ခုမှပဲ ရောက်တော့တယ်"

ကျွန်တော် ဦးလေးမျက်နှာ အချိုးအစားကို သေချာ ကြည့်မိ သည်။ အဖေနှင့် တူသလိုလိုရှိသော် လည်း အဖေ့မျက်နှာပေါ်က အရိပ် အယောင် မျက်ဝန်းမျိုးကို မတွေ့ရ။ စိတ်ထဲမှာ တစ်ခုခုကွာခြားနေသည် ဟု ခံစားရ၏။ အဖေနှင့် မတူပါဟူ၍ သာ မှတ်ချက်ချလိုက်သည်။

www.burmeseclassic.com

အဖေ့မေတ္တာဆုံးရှုံးပြီးနောက် အမေ့မေတ္တာကိုပါ ထပ်၍ ဆုံးရှုံးလိုက်ရပြန်သည်။ အားရအောင် လုပ်ကျွေးပြုစုခွင့် မရခဲ့ပါ။

အမေ ကွယ်လွန်သွားခဲ့ပြန်ပါသည်။ အမေမရှိတော့သည့်နောက် လအနည်းငယ်အကြာမှာ ကျွန်တော် လည်း ရပ်ကွက်ထဲမှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုလိုက်သည်။ ဇနီးသည်ထံမှာလည်း အဖေ့မျက်နှာမျိုး ရှာမိသေး၏။ အရိပ်အယောင်ပင် မတွေ့ရ။ ဒီရက်ပိုင်းအတွင်း စိတ်ကစွဲနေ၍လား မသိပါ။ အဖေနှင့် အစ်ကိုကြီးကို တွေ့ပြီး စကားတွေ ပြောရသည်ဟု အိပ်မက်မက်သည်။ အစ်ကိုကြီးကို တွေ့ချင်၊ မြင်ချင်လာသည်။ အဖေ့အစ်မ ကြီးကြီးပြောခဲ့သည်ကို ပြန်သတိရမိ၏။

"မင်းတို့ မောင်နှမတွေထဲမှာ မင်းအစ်ကိုကြီးက မင်းအဖေနဲ့ အတူ ဆုံးပဲ"

ကြီးကြီး ပြောတာ ဖြစ်နိုင်သည်။ အစ်ကိုကြီး အဖအရာ ဆိုသည့် စကားပုံကလည်း ရှိသည်။ အစ်ကိုကြီးကိုတွေ့ရလျှင် ကျွန်တော် တွေ့ချင် မြင်ချင်နေသော အဖေ့မျက်နှာပေါ်ကလို အရိပ်အယောင် မျက်ဝန်းမျိုးကို တွေ့ရနိုင်သည်။ ရင်ထဲက မျှော်လင့်ချက်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် အစ်ကိုကြီးရှိရာ နိုင်ငံခြားကို အလည်အပတ်အဖြစ် အလျင်အမြန် သွားရောက်ခဲ့သည်။

လေဆိပ်သို့ ရောက်သည်နှင့် ကားအကောင်းစားကြီးက လာကြိုသည်။ အပြေးအလွှား မျက်လုံးကစားကာ ရှာမိသည်။ အစ်ကိုကြီး လိုက်မလာပါ။ မအားသဖြင့် ဒရိုင်ဘာကိုသာ အကြိုလွှတ်လိုက်ခြင်းဖြစ်ကြောင်း လာကြိုသူက ရှင်းပြ၏။ 'အဖေသာဆိုလျှင်'ဟူသော အတွေးက ဝင်လာသည်။ စိတ်အားငယ်လာမိသည်။

ခေတ်မီသားနား၍ ပန်းပေါင်းစုံဖူးပွင့်နေသော ခြံကြီးထဲဝင်ခဲ့ပြီး ခန့်ဂ် တိုက်ကြီးရှေ့ ပေါ်တီကို အောက် ကားရပ်လိုက်သည်နှင့် ပြူးရွှင်နေသော မျက်နှာဖြင့် ကားဘေးတွင်ရပ်စောင့်နေသော အစ်ကိုကြီးကို တွေ့လိုက်ရ၏။

"လာ ညီလေး လာ၊ အစ်ကို အလုပ်မအားတာနဲ့လာမကြိုနိုင်တာ"

အစ်ကို့မျက်နှာ၊ အစ်ကို့အမူအရာကို မြင်လိုက်သည်နှင့် အဖေနှင့် ချက်ချင်း နှိုင်းယှဉ်ကြည့်လိုက်သည်။ အဖေနှင့်တူသလိုလို၊ သို့သော် ကျွန်တော်သိရှိခံစားရသော နှလုံးသားထဲက အဖေ့မျက်နှာ၊ အဖေ့မျက်ဝန်းမျိုး မဟုတ်သည်မှာသေချာသည်။ အစ်ကိုနှင့် တွေ့ရသည်မှာ အရာရာ ပြည့်စုံသည်ဟု ရင်ထဲမှာ မခံစားရပါ။

နိုင်ငံခြားမှာ (၁၅) ရက်ခန့် နေဖြစ်သည်။ အစ်ကိုကြီးသည် သူ့မိန်းမ၊ သူ့သားသမီးများအတွက်သာ လုပ်နေ၏။ သူ့အလုပ်တွေနှင့်သူ ရှုပ်နေသည်။ သူ့သားသမီးများကို ကြည့်ပြီး ကျွန်တော် အားကျမိ၏။

ကျွန်တော့်ကိုပင် သိပ်ပြီး ဂရုမစိုက်နိုင်ပါ။ ပြန်ခါနီး (၂) ရက် အလိုမှပင် ကျွန်တော်မစားဖူးသော နိုင်ငံခြား အစားအသောက်မျိုးစုံကို လိုက်ကျွေးသည်။ အစ်ကိုကြီးမျက်နှာကိုကြည့်ပြီး ပွဲစျေးတွင် မုန့်လိုက်ဝယ်ကျွေးသော အဖေ့ကို သတိရမိသည်။ ပြန်တော့လည်း အဖိုးတန် လက်ဆောင်ပစ္စည်းတွေ များစွာဝယ်ပေးလိုက်သည်။ ပွဲစျေးမှာ တွေ့ရသော အဖေ့မျက်နှာ၊ အဖေ့မျက်ဝန်းကို ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ ထိုမျက်နှာမျိုး မဟုတ်တာသေချာသည်။

အစ်ကို့ထံမှ ကျွန်တော် မျှော်လင့်ထားသည်များ ပျောက်ကွယ်သွားပြန်သည်။ သို့သော် အဖေ့မျက်နှာမျိုး တွေ့ရဖို့ မကြာသေးအချိန်မှာ မြင်ရမည်ဟု စိတ်ထဲမှာ ကြိုသိနေသလို ခံစားနေရသည်။

ဗလာမဲ့ အထွက်များသော မဲလိပ်ခွက်ထဲတွင် ပေါက်မဲပေါ်ထွက်ရန် နီးစပ်ပြီဖြစ်သည်။

ဘယ်သူများ ဖြစ်နိုင်ပါလိမ့်ဟူသည့် မျှော်လင့်ချက်တို့ ပိုပြီး ရှင်သန်လာခဲ့သည်။

ရန်ကုန် ပြန်ရောက်သည်နှင့် အစ်မကြီးရှိရာ မုံရွာမြို့သို့ ထွက်ခဲ့သည်။ အစ်မကြီးကို သားသမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်ကို တွေ့ရလေ၏။ သားသမီးများနှင့်အတူ မြေးထိန်းနေသော အစ်မကြီးမျက်နှာ အမူအရာနှင့် မျက်လုံးတို့သည် အဖေ့မျက်နှာနှင့် တူနေသကဲ့သို့ ဖျတ်ခနဲ တစ်ခဏ မြင်လိုက်ရ၏။

"ငါ့မောင်လေး လာလေ၊ ဘာကြည့်နေတာလဲ"

"ဩော်... ဟုတ်ကဲ့၊ အစ်မကြီးကော နေကောင်းလား"

www.burmeseclassic.com

www.burmeseclassic.com

"အေး. . . ကောင်းပါ့ကွယ်၊ ငါ့မှာလည်း သားတွေ၊ သမီးတွေ၊ မြေးတွေနဲ့ တစ်နေ့တစ်နေ့ အချိန်ကုန်လို့ ကုန်မှန်းတောင် မသိတော့ဘူး"

စကားပြောရင်းမှ အစ်မကြီးမျက်နှာကို သတိထားကြည့်မိသည်။ အဖေ ကျွန်တော့်ကို ကြည့်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ မျက်နှာမျိုးကိုမူ တွေ့လိုက်သည့်ပမာရှိသော်လည်း ဝေဝါးဝါးနှင့်ပင် မှေးမှိန်သွားသည်။ အဖေ့မျက်နှာ မျက်ဝန်းမျိုး မဟုတ်တော့။ သူ့သားသမီးများနှင့် တွေ့စဉ်မှာသာ တွေ့လိုက်ရလေ၏။

ကျွန်တော် အဖေ့မျက်ဝန်းနှင့် တူသူကို တွေ့ရမည်ဟု ယုံကြည်ဆဲ ဖြစ်သည်။ မျှော်လည်း မျှော်လင့်ထားသည်။

ထို့ကြောင့်လည်း ကျွန်တော်၏ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမ၊ ဆရာသမား အားလုံးတို့ကို သတိထား၍ ဂရုစိုက် ရှာဖွေမိသည်။ ရှာရင်းရှာရင်းဖြင့် မျှော်လင့်ချက်တို့ မှေးမှိန်လာသည်။ အဖေ့မျက်ဝန်းနှင့်တူသူအား မတွေ့သေး။ သေသောသူ ကြာလျှင်မေ့ဆိုသည့် စကား ဟုတ်နေပြီလားဟုပင် ထင်လာသည်။ နေ့ရက်တို့ကို လက်စား၊ လပေါင်းများစွာကို နှစ်တို့က စားခဲ့လေသည်။

သို့နှင့် ကျွန်တော့်သားပင် အသက် (၆) နှစ်ကျော်ကို ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ရပ်ကွက်ထိပ် မြို့ဦးစေတီတော်တွင် သီတင်းကျွတ် မီးထွန်းပွဲအကြို ဖိုးချစ်ဇာတ်ပွဲအဖွဲ့သားများ လာရောက်၍ ရုံသွင်းကပြကြလေ၏။

ပွဲစျေးတန်းမှ ဖွင့်သော ဆောင်းဘောက်တွေထဲမှ တီးလုံးသံသီချင်းမျိုးစုံက အိမ်ထဲကို ဝင်ရောက်လာသည်။

ညရောက်သောအခါ သားကပွဲစျေးလိုက်ပို့ပေးရန် ပူဆာနေစဉ်-

"သားအဖနှစ်ယောက် လမ်းလျှောက်ရင်း သွားကြပါလား"

ဟု မိန်းမကပါ သွားရန် တိုက်တွန်းနေသဖြင့် ကျွန်တော်လည်း သားလက်ကိုဆွဲကာ ပွဲစျေးတန်းထဲ လမ်းလျှောက်ထွက်ခဲ့သည်။

ကတ်ထူစက္ကူနှင့် လုပ်ထားသော ကျန်စစ်သားဦးထုပ်များနှင့် ဝါးနှင့်လုပ်ထားသော တုတ်၊ ဓား၊ လှံများ ရောင်းသည့်နေရာရောက်သော အခါ ပွဲစျေးလိုက်ပို့သော အဖေ့ကို သတိရမိသည်။

"ဖေဖေ၊ သားကို ဝယ်ပေးပါနော်"

ဝယ်ပေးရန် ပူဆာလိုက်သော သားစကားကြောင့် အံ့သြသွား၏။

သားက ကျွန်တော့်စိတ်နဲ့တူနေပါလား။ ကျွန်တော် ငယ်စဉ်ကလည်း သားလိုပင် အဖေ့ကို ပူဆာဖူးသည်။ သားကို ဝယ်ပေးလိုက်သည်။ နောက် သားက ကျွန်တော်ကြိုက်သော မုန့်လင်မယားကိုလည်း စားချင်ကြောင်း တောင်းဆိုပြန်သည်။

ကျွန်တော် အဖေ့နည်းတူ စိတ်ကြိုက် ဝယ်ကျွေးလိုက်သည်။ သား၏ မျက်နှာပေါ်တွင် ကြည်နူး၊ ကျေနပ်ပျော်ရွှင်နေပုံကို ကြည့်ပြီး ကျွန်တော် သိလိုက်ပါပြီ။ အဖေက သူ့နှလုံးသားကို ကျွန်တော့်ကိုယ်ထဲမှာ ထည့်ထားခဲ့တာပါလားဟူ၍။

ယခုအခါ အဖေ့နှလုံးသားသည် လူပ်ရှားရှင်သန်လာခဲ့ပြီကော။ ကျွန်တော့်နှလုံးသားအား တစ်ထပ်တည်း အဖေ့နှလုံးသားက လာ၍ ပူးကပ်သလို ခံစားလိုက်ရသည်။ ကျွန်တော့် မျက်နှာ၊ ကျွန်တော့် မျက်ဝန်းကို ပြန်မြင်နေရ၏။

သားလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ အဖေနှင့်ကျွန်တော်၊ ကျွန်တော်နှင့်သား ရင်ထဲမှာ လှုပ်ခါနေသည်။ ပွဲစျေးအလယ်မှာတွေ့ပြီး ရပ်နေမိသည်။ ရင်တွေတဒုန်းဒုန်း ခုန်လာသည်။

သားက ကျွန်တော့်မျက်နှာအမူအရာ၊ ကျွန်တော့်မျက်ဝန်းကို ကြည်နူးကျေနပ်စွာ မော့ကြည့်နေသည်။ တကယ်တော့ အဖေတစ်ယောက်၏ မေတ္တာ၊ စေတနာ၊ မုဒိတာ၊ ကရုဏာ၊ အဖေ့စိတ်၊ အဖေ့မျက်ဝန်း၊ အဖေ့မျက်နှာ၊ အဖေ့နှလုံးသားနှင့်တူနေသော သူက . . . အခြားသူ မဟုတ်၊ ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်နေပါရော့လား. . . ။

ဖခင်၏ မေတ္တာအစစ်အမှန်ကို သင် ဖခင်ဖြစ်လာတဲ့အခါမှသာ ပြီးပြည့်စုံအောင် သိလာပါလိမ့်မည်။

မိခင်၊ ဖခင် အားလုံးတို့၏ မေတ္တာကို ဦးညွှတ်လျက် . . .

ညီမေတ္တာ

❑

www.burmeseclassic.com

www.burmeseclassic.com

နန်းသားပြတိုက်

ကိုဒဂုန်မြင့်

(အစ-၂)

(၁)

လူပ်ရှားမှုတွေအားလုံး သိုသို သိပ်သိပ် ရှိလှသည်။ ဆူညံသောအသံတွေ မကြားရ။ ရှုပ်ထွေးသော မြင်ကွင်းတွေ မတွေ့ရ။ တရားကျောင်း ရိပ်သာတစ်ခုလို ငြိမ်ဆိတ်နေ၏။ ဒါ သူနေချင်သည့် နေရာမျိုးပေါ့။

သည်နေရာမှာ လူတွေဟာ အာရုံစူးစိုက်မှုတစ်ခုစီနှင့်သာ ငြိမ်သက်စွာ စူးစိုက်နေကြသည်။ သူတို့ရှေ့မှာ ခိုင်မြဲစွာ တည်ရှိနေသည့် သက်ငြိမ်တွေကိုပဲ မျက်တောင်မခတ် ကြည့်နေမည်။ သို့မဟုတ် တိုးညင်းစွာ ရှင်းလင်းပြောပြသူ၏ နူးညံ့သောလေသံကို နားစွင့်နေမည်။ ပြီးလျှင် မှတ်စုစာအုပ်မှာ ခပ်သွက်သွက် ရေးမှတ်လိမ့်မည်။ သိလိုသမျှကို လေးနက်တည်ငြိမ်စွာ မေးမြန်းမည်။ အချိန်စေ့၍ ပိတ်ရသည့်အခါ ပြန်ထွက်သွားရသည့်တိုင်လည်း နောက်တစ်နေ့ သည်နေရာမှာ ငြိမ်ငြိမ်လေး ပြန်ရောက်နေမည်။ ဒါ ပြတိုက်တွေရဲ့ သဘာဝပဲပေါ့။ လူသားတွေ သိလိုမြင်လိုသမျှကို တိတ်ဆိတ်စွာ နှိုးဆွဖြည့်ဆည်းပေးသည်လေ။

ပြီးတော့ ပြတိုက်ထဲမှာ အမှန်တရားတွေ ရှိနေသည်။ ဟောင်းအိုနေသည်အထိ အဖိုးထိုက်တန်လှသော အရာတွေ ရှိနေသည်။ နှစ်ကာလတွေ ထောင်သောင်းမက ပြောင်းသည့်တိုင် ခိုင်မာနေသောအရာတွေ ရှိနေသည်။ လူသားတွေရဲ့ အပတ်တကုတ် ကြိုးစားမှုတွေကို မှတ်ကျောက်တင်လျက် တွေ့ရမည်။ နှလုံးသားတွေရဲ့ သက်သေခံပစ္စည်းတွေကိုလည်း မြင်ကြရမည်။

ပြီးတော့ မမြဲခြင်းတရားတွေရဲ့ တည်မြဲနေခြင်းကိုလည်း တွေ့နိုင်သည်။ ဒါကြောင့်လည်း ပြတိုက်တွေကို သူချစ်နေမိသည် ထင်ပါရဲ့။

"ပြတိုက်တွေဟာ တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေလည်း ဖြစ်ပါတယ်၊ ရတနာလို့ ဆိုရာမှာ နိုင်ငံအတွင်း နေထိုင်ကြတဲ့ တိုင်းသူပြည်

www.burmeseclassic.com

www.burmeseclassic.com

သားတိုင်း ပိုင်ဆိုင်နိုင်တဲ့ရတနာ၊ ခင်ဗျား လည်းပိုင်နိုင်၊ ကျွန်တော်လည်းပိုင်နိုင်တဲ့ ရတနာပါပဲ၊ ဒါကြောင့် ကိုယ့်မှာ ဘာမှ ပိုင်ဆိုင်တာမရှိဘူးလို့ ထင်တဲ့လူ တစ်ယောက်မှာတောင် ဒီတိုင်းပြည်မှာ မှီတင်းနေထိုင်နေသမျှ ဒီရတနာတွေကို သူလည်းပိုင်နေပါတယ်၊ အဲဒါကြောင့် ပြတိုက်တွေကို နိုင်ငံသားတိုင်းက ထိန်းသိမ်း စောင့်ရှောက်သင့်ပါတယ်"

ပြတိုက်ပညာ ဒီပလိုမာ သင်တန်းမှာ သင်တန်းဆရာတစ်ဦး၏ ပို့ချချက်ကို ကြားရစဉ်က သူ တကယ်ပဲ ကြက်သီးမွေးညင်းထသွားမိသည်။

ဟုတ်ပါရဲ့။ သည်ပလ္လင်တော်တွေ၊ သည်ရွှေမကိုဋ်သရဖူတွေ၊ သည်ကျောက်စီခေးတွေဟာ ငါနှင့်လည်း သက်ဆိုင်သည့် ရတနာတွေပါပဲ။ ငါ့နိုင်ငံရဲ့သမိုင်းဟာ သည်ပစ္စည်းတွေနဲ့ ထုံမွှမ်းဖြစ်တည်ခဲ့သည်လေ။ ငါ့နိုင်ငံရဲ့ သမိုင်းကြောင်းကိုပြောရင် သည်ပစ္စည်းတွေ ငါထည့်ပြောရမည်ပေါ့။ ငါ့ရည့် သည်တွေကို သည်နေရာကို ခေါ်လာပြီး သည်ပစ္စည်းတွေ ငါပြနိုင်သည်လေ။

ငါတို့ရဲ့ မိဘဘိုးဘွားတွေဟာ သည်တူရိယာ ပစ္စည်းတွေကို တီးခတ်ခဲ့တယ်။ သည်ယွန်းထည်တွေကို ဖန်တီးပြုလုပ်ခဲ့တယ်။ သည်ဓားတွေကို ထက်ထက်မြောင် သွေးခဲ့တယ်လို့ ငါရဲ့ဝံစွာပြောနိုင်သည်ပဲ။ ငါ့ကို ဘယ်သူ တားနိုင်မှာလဲဟု သူ မာန်တွေ တက်ခဲ့မိသေးသည်။

တစ်ပြိုင်တည်းမှာပင် သည်နေရာကို ထိန်းသိမ်း စောင့်ရှောက်ဖို့လည်း သူ သတိဝင်သွားသည်။

"ဒီနေရာဟာ ကျွန်မတို့ရဲ့ သမိုင်းကို ပြဆိုနေတယ်၊ ဒီနေရာဟာ ကျွန်မတို့ရဲ့အတိတ်ကို ဖော်ဆောင်နေတယ်၊ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ၊ ပြီးခဲ့တဲ့ အရာတွေက သမိုင်းနဲ့အတူ ပြန်ပြင်လို့မရအောင်ပဲ ပြီးဆုံးသွားခဲ့ပါပြီ၊ ဒါပေမဲ့ လူသမိုင်းရဲ့ အကောင်း၊ အဆိုးတွေကို လေ့လာဖို့၊ သင်ခန်းစာယူဖို့ ကျွန်မတို့ ဒီနေရာ ဒီပြတိုက်ကို တည်ဆောက်ခဲ့ကြရပါတယ်။

ကျွန်မတို့ ဆရာကြီးတစ်ဦးက ပြောဖူးပါရဲ့၊ သမိုင်းသင်တာ မ'အ' အောင်လို့တဲ့၊ ဒါကြောင့် ပြတိုက်ဆိုတာ အပျင်းပြေ ကြည့်ဖို့ သက်သက်သာ မဟုတ်ဘဲ ဗဟုသုတရရှိဖို့၊ တွေးတောဆင်ခြင်ဖို့၊ အမှန်အတိုင်း သိမြင်ပြီး ကောက်ချက်တစ်စုံတစ်ရာဆွဲဖို့ နေရာတစ်နေရာလည်း ဖြစ်ပါတယ်"

သမိုင်းသုတေသီ ဆရာမကြီးရဲ့ အဲဒီအမြင်ကိုလည်း သူအတော်လေး ကျေနပ်မိသည်။ ပြတိုက်တွေရဲ့ မှန်လုံခန်းထဲက ကြီးကျယ်မြင့်မြတ်မှုတွေကို ကြည့်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် တက်နေရုံနဲ့ မပြီးဘဲ အဲသည်ခမ်းနားမှုတွေ ဘယ်လို ချုပ်ငြိမ်းသွားတယ် ဆိုတာလည်း သူ သိသင့်၊ မြင်သင့်သည်ပဲပေါ့။

"ပြတိုက်တစ်ခု တည်ဆောက်တယ်ဆိုတာ စုပေါင်းလုပ်ဆောင်မှု တစ်ရပ်ပဲ ဖြစ်ပါတယ်၊ နိုင်ငံတော်က ခွင့်ပြုပြီး စီမံကိန်းချကာ ငွေကြေးပံ့ပိုးတယ်၊ သမိုင်းဆရာတွေက အတိတ်ကို ဖော်ထုတ်ပေးတယ်။

ရှေးဟောင်းသုတေသနသမားတွေက အချက်အလက်၊ အထောက်အထားတွေ ရှာဖွေပေးတယ်၊ သုတေသီတွေက လိုအပ်ရင် ထောက်ပြတယ်၊ တူးဖော်ရေးအလုပ်သမားတွေကအဟောင်းပုံကို တူးဆွပေးတယ်၊ ဒီသုကာတွေက ရှေးဟောင်း ပစ္စည်းတွေ ထားသိုဖို့ အဆောက်အအုံနေရာတွေကို ပုံစံဆွဲပေးတယ်၊ လက်သမားတွေက မှန်အိမ်၊ ကျွန်းအိမ်တွေ ဖွဲ့ပေးတယ်၊ လျှပ်စစ်သမားတွေက ပြခန်းပြကွက်တွေ ပေါ်လွင်လာစေဖို့ မီးဆလိုက်တွေနဲ့ ထိုးပေးတယ်၊ အလှ ဆင်ယင်သူတွေက ကတ္တီပါစ၊ ပိုးစ၊ ဖဲစတွေနဲ့ ခင်းကျင်းပြသပေးတယ်၊ ပြတိုက်တာဝန်ခံတွေက ကက်တလောက်တွေ၊ လက်ကမ်းစာရွက်၊ စာစောင်တွေနဲ့ ပြည်သူတွေသိဖို့ လှုံ့ဆော်ပေးတယ်၊ သတင်းသမားတွေက စာနယ်ဇင်းတွေကနေ ဆောင်းပါးတွေ၊ သတင်းတွေကို ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ ရေးသားဖော်ပြပေးတယ်။

ဒါဟာ ပြတိုက်တစ်ခုရဲ့ လှည့်ပတ်လှုပ်ရှား သက်ဝင်နေရတဲ့ သဘာဝပါပဲ၊ လူတန်းစား အလွှာအသီးသီး ပါဝင်ပတ်သက်နေကြတဲ့ ဒီပြတိုက်ကြီးကို ဒီလူတွေကပဲ ပိုင်ဆိုင်ကြပါတယ်"

ကိုယ့်နိုင်ငံသမိုင်းကို သက်သေထူဖို့ တည်ဆောက်ထားသည့် ပြတိုက်ကြီးရဲ့ ဖြစ်တည်မှုမှာ ဘယ်အခန်းကပါဝင်ရမည်ကို သူ့ဘာသာ ရွေးချယ်ပြီးသား ဖြစ်ပေသည်။ ရွေးချယ်ခဲ့သည်ကတော့ ဟိုး ငယ်ဘဝကတည်းက ဖြစ်သည်ကို သူသာ အသိဆုံးပေါ့။

(၂)

ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းသား ဖြစ်လာပြီ ဆိုတော့ ပြတိုက်ကြီးသည် သူ၏ဒုတိယအိမ် ဖြစ်လာသည်။ ဟိုတုန်းတလို ဂိတ်ပေါက်မှ ဝင်လာပြီး ဝင်ခွင့်လက်မှတ်လေး ကိုင်ကာ ဟိုးသည်းသည်းကြည့်ပြီး အချိန်စေ့တော့ ပြန်ထွက်သွားရမည့် လာရောက်လေ့လာသူ ဧည့်သည်တစ်ဦး မဟုတ်တော့ပါ။ ငေးဖို့ ကြည့်ဖို့သာမကမေးဖို့၊ ကျက်မှတ်ဖို့၊ သင်ယူမှတ်သားဖို့လည်း ဖြစ်လာရပြီ။ ပြတိုက်လာရောက်လေ့လာသည့် ဧည့်သည်တွေကို ကူညီပြသပေးဖို့၊ လိုအပ်လျှင် လမ်းညွှန်ပေးဖို့ ကိုင်တွယ် ထိတို့မိသူတွေကို သတိပေး၊ ကာကွယ်တားမြစ်ဖို့တွေကိုပါ အလိုလို သူ တာဝန်ယူမိသွားသည်။

"ဟဲ့ ဒီရွှေဟင်္သာအုပ်ကြီးက ငါတို့ရှင်ဘုရင်တွေ တကယ်သုံးခဲ့တာလားဟဲ့"

ဖြတ်သွားဖြတ်လာရင်းများ သူတို့အချင်းချင်း ပြောနေသံကို သည်လိုကြားမိရင် . . .

"ဟုတ်ကဲ့ပါ အဘွား၊ ဒါတကယ့်ကို ရွှေခေတ်က ဘုရင်တွေ သုံးခဲ့တဲ့ ပစ္စည်းအစစ်ပါ၊ ကိုလိုနီခေတ်က နယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်တွေ သိမ်းယူသွားခဲ့တာကို လွတ်လပ်ရေးရပြီးတော့ အစိုးရချင်း နားလည်မှုယူပြီး ပြန်လည်တောင်းယူပြီး ပြသထားတာတဲ့ သီဟာသန ပလ္လင်တော်ပါ" လို့ ကြုံသလို ဝင်ရောက်ရှင်းလင်း တင်ပြတတ်လာခဲ့ပြီ။

"သား. . . ဒီသလွန်ကို သွားပြီး တက်မထိုင်ရဘူးနော်၊ လာလာသား၊ ဟောဒီစည်းအပြင်ကနေပဲ ကြည့်ရမှာနော်၊ ဒီကလည်း ကောင်းကောင်းမြင်ရတယ်လေ၊ ဟိုမှာတွေလား သူ့ရဲ့ ခြေထောက်မှာ.ဘာရုပ်လေး ထုထားသလဲ"

တားမြစ်ဝေါက်ဝန်းသည်လည်း မဖြစ်ရလေအောင်၊ ကြည့်ရှုလေ့လာချင်စိတ်လည်းပေါ်အောင် သူပြောတတ်လာခဲ့သည်။

ပြတိုက်ကြမ်းပြင်မှာ အမှိုက်တစ်စ တွေ့လျှင် ကောက်သိမ်းတတ်လာပြီး ဖုန်တစ်ကွက်တွေ့လျှင် မသိမသာ တို့သုတ်တတ်လာခဲ့သည်။ သင်တန်း တစ်ခါနှစ့်တစ်ခါန်အကြား အားလပ်ချိန် ရလျှင်ရသလို ပြတိုက်ကြီးကို တစ်ထပ်ပြီးတစ်ထပ် တက်ရင်း သူလေ့လာတော့သည်။ သင်တန်းတာဝန်နှင့် သက်သက်သာ မဟုတ်ပါ။

သင်တန်းခါန်ပြီး၍ သူတိုက်ခန်းလေးကို ပြန်ရောက်သောအခါ ဝရန်တာကို ထွက်ပြီး ဟိုသည်ကို သူငေးမောနေတတ်သည်။ လမ်းဟိုဘက်က ဟိန္ဒူဘုရားကျောင်းအိုလေးကို ပြတိုက်အမြင်ဖြင့် သူကြည့်နေတတ်သည်။ နတ်ဘုရားရုပ်တုတွေ၊ သတ္တဝါမျိုးစုံရုပ်တုတွေဟာ ဘယ်ခေတ်ဘယ်အခါက လက်ရာတွေပါလိမ့်။ ဘာပစ္စည်းတွေနှင့်ထုလုပ်ထားပါသလဲ၊ ဘယ်သင်္ကေတက ဘာအနက်အဓိပ္ပာယ်ကို ဆောင်ပါသလဲ။ မိုးဒဏ်လေဒဏ်ကို ဘယ်လိုကာကွယ်ခဲ့ကြပါသလဲ။

သင်တန်းစာတွေ ပြန်ဖွေးဖို့ စာကြည့်စားပွဲ ထိုင်မိသောခဏ၌ သူအဘိုး၏ သစ်သားအိမ်အိုကြီးကို သူဖျတ်ခနဲ ပြန်မြင်ယောင်မိသည်။ မြစ်ဝကျွန်းပေါ်က အမိုးစောက်စောက်နှင့် ရွှေတလိုင်းအိမ်ကြီး၊ ဝါးကြောတွေကို အကွက်ဖော်ရက်ထားသော ကျပ်ခိုးဝနေသည့် အိပ်ခန်းကျူထရံနံရံပေါ်မှာ ယှက်ပြီး ချိတ်ထားသည့်ဓားနှစ်လက်၊ အများပြည်သူတွေ ကြည့်ရှုလေ့လာသင့်သော သုမိုင်းဆိုင်ရာ ပစ္စည်းများလေလား။ ယူစိတ်ကူးကို သူဘာသာသိလိုက်ကာ ပြုံးမိသွားသည်။

ကုတ္တုစွန်ိုင်လှသော သူအဘွားသာ အလှူခံကာ တောင်းယူပြီး ပြတိုက်ပို့မည့် သူအကြံအစည်တို့ သိလျှင်၊ အသက်ထင်ရှားလည်း ရှိများရှိနေဆေးလျှင် သူ့ကို ဆဲလိုက်မည်ဖြစ်ခြင်း။

ခေါင်းကို အသာခါယမ်းလိုက်ရင်း ခါးကိုလျှောချကာ ကုလားထိုင်နောက်မှီပေါ် ဇက်တင်ပြီး သူလှဲနေလိုက်မိသည်။

သူအဘိုး၊ သူအဘွား၊ သူ ငယ်ငယ်က နေခဲ့သည့် ချောင်းရိုး မြောင်းရိုးလေးတွေနှင့် ရွာ၊ မွန်ဘုရင်ခတ္တ၊ မွန်မြို့စား ရွာစားတွေ အုပ်စိုးသွားခဲ့သည့်ဒေသ၊ မြောင်းမြစား လောက်ဖျား၊ ဘွဲ့အမည်မှာ 'ကျိုက်'ဆိုသည့် မွန် ဘာသာဖြင့် အစချီထားသော ဘုရားပုထိုးစေတီများ၊ မြန်မာလို ဘာအဓိပ္ပာယ်မှ ဖော်မရသည့် သူတို့ရွာကလေး၏ မွန်နာမည်၊ ပုဂံမြို့ဟောင်းက ဂူဘုရားတွေနှင့် ဆင်တူလှသည့် သူတို့ရွာထိပ်က ဘုရားပျက်များ၊ ထိုဘုရားပျက်များမှ ထွက်ပေါ်လာသည့် အုတ်ခွက်ဘုရားတွေ၊ တိကျလုံးဝန်းသော ရင်သားဖော်ထားသည့် ခါးသေးသေးကျဉ်ကျဉ်ကျောက်ဆစ်ရုပ်တုများ။

"အုတ်ချပ်တွေကလည်း များလိုက်တာတော်၊ တူးလို့ပဲ ကုန် မကုန် နိုင်ဘူး"

အိမ်နောက်ဖေးမှာ စပါးကျီဆောက်ဖို့ အုန်းပင်ပင်စည်တွေမြုပ်ရန် တိုင်ကျင်းတွေ တူးကြရတုန်းက အမှေညည်းတွားလိုက်သံကို ယခုပင် ကြားယောင်မိသေးသည်။ အုတ်ချပ်တွေက ခုခေတ်မှာလို ထူထူရှည်ရှည်မဟုတ်၊ ပြားချပ်ချပ် ကျယ်ပြန့်ပြန့်ကြီးတွေ၊ အပြားလိုက်များ ထောင်စီထားလျှင် ဘယ်လိုမှ မယိုင်လဲနိုင်အောင် ခိုင်ခံလှသည်။ နှစ်ပေါင်းရာထောင်ချီခဲ့ပေမင့် မာကျစ်နေသေးသော အုတ်သားများနှင့် သူတို့ရွာလယ်က အုတ်လမ်းလေး။ ဘုရားတွေ တည်ဖို့၊ ကန်တွေဆည်ဖို့၊ မြို့ရိုးတွေ ပြုလုပ်ဖို့ သည်နေရာမှာ အုတ်တွေ ဖုတ်ခဲ့ကြသည်။

"ဒီကုန်းမှာ ဟိုတုန်းက မွန်လှေသူကြီးတွေ နေခဲ့သတဲ့၊ ဒါ့ကြောင့် ငါ့မြေးတို့ ဆော့ဖို့ မြေတူးရင် မြေအိုးအပဲ့အရွဲ့လေးတွေ၊ မိကျောင်းရုပ် အမြီးပြတ်ကလေးတွေ တွေ့တွေ့နေရတာပေါ့"

ကြွေသားဖြူဖြူ အကျိုးအပဲ့လေးတွေကိုလည်း ချောင်းရေကျချိန်များတွင် အိမ်ဘေးကချောင်းမှာ မကြာခဏ တွေ့ရသည်။ သူတို့ကတော့ ကြွေထည်ပစ္စည်း အကျိုးအပဲ့အကွဲစတွေကို ပိုက်ဆံတွေဆိုပြီး အသုံးပြုရင်း ဈေးရောင်းတမ်း ဆော့ကစားခဲ့ကြတာပေါ့။ ကြွေပန်းကန်ပဲ့လေးတွေများများရှိသူက သူဌေးလေ။

အဲသည်တုန်းက အစုအဆောင်းကောင်းခဲ့တဲ့သူက အမြဲပဲ သူဌေးမင်းလုပ်ခဲ့ရသည်။ ငယ်ဘဝကို လွမ်းမက်မိရင်း သူကြွေ အပိုင်းအစလေးများကို သူနှမြောတသနေမိပြန်သည်။

ဆီမီယိုနှင့် ပူးပေါင်းပြီး ဂျပန်တွေ လုပ်နေသည့် ကြွေထည်သမိုင်းအတွက် တကယ့်ရှေးဟောင်းပစ္စည်းရတနာအစစ်တွေ ဖြစ်ချင်ဖြစ်နေမှာနော။ သူ့အတွက် အရာရာသည် "ငါ့သမီးမယ်ထွေး ဈေးတင်ဖို့လေး" ဆိုသလို ပြတိုက်တင်ရန် သမိုင်းဝင်ပစ္စည်းတွေချည်း ဖြစ်နေလေရော့သလားမသိ။

(၃)

"ပြတိုက်နဲ့ပတ်သက်လို့ အလုပ်လုပ်လာကြတဲ့အခါ စိတ်ဝင်စားမှုရှိဖို့

www.burmeseclassic.com

www.burmeseclassic.com

ကလည်း သိပ်ကို အရေးကြီးပါတယ်၊ ကျွန်မ ဒီအလုပ်လုပ်စလုပ်တုန်းကဆိုရင် ကျွန်မ သင်ယူထားတဲ့ပညာ၊ ကျွန်မ လေ့လာထားတဲ့ ဗဟုသုတတွေကြောင့် ပြတိုက်မှူးအဖြစ် တာဝန်ယူနိုင်ခဲ့ပေမယ့် ကျွန်မ တော်တော်လေး ကြိုးစားပမ်းစား လုပ်ခဲ့ရတယ်၊ အလွန်လည်း ပင်ပန်းခဲ့တယ်။

ပြတိုက်ပိတ်ပြီး အိမ်ပြန်ရောက်တဲ့အခါ ခြေကုန်လက်ပန်းကျပြီး နံးခွေသွားတဲ့ အထိပါပဲ၊ ကျောင်းတုန်းက ကိုယ့်လောဘနဲ့ကိုယ် ရေကုန်ရေခန်း စာကျက်ခဲ့ရတာတွေနဲ့လည်း မတူပါဘူး၊ ဒီလိုနဲ့ ကျွန်မ လုပ်ငန်းအတွေ့အကြုံ အတော်လေးရလာတဲ့အထိ အဲဒီခံစားချက်ဟာ မပြောင်းလဲသွားဘူး၊ ကြောင့်ကျစိတ်တွေနဲ့ ဖိစီးမှုတွေ လေးပင်မြဲလေးပင်နေခဲ့တယ်"

ဖြူဝင်းသော အသားအရေနှင့် သူမ၏ ကျောက်စိမ်းရောင်ဝတ်စုံမှာ အတော်လေးလိုက်ဖက်လှသည်။ ပါးလွှာ မြစိမ်းပဝါလေးမှာ သူမ၏ ကြော့ရှင်းသော လည်တိုင်ကို ရစ်ခွေလျက် ရှိ၏။ စိန်သေးသေးလေးတွေ ဝန်းရံထားသည့် မြနားပန်ကလည်း သူမ၏ ကျက်သရေကို တိုးမြင့်စေသည်။

"ပြတိုက်တစ်ခုကိုတောင် ခမ်းနားသွားအောင် ခင်းကျင်းတတ်သည့် မိန်းမပေပဲ"ဟုသာ သူ ကောက်ချက်ချလိုက်၏။

"အဲဒီလိုနဲ့ ကျွန်မ အလုပ်လုပ်လာခဲ့ရင်း ပြခန်းအမျိုးမျိုး၊ ပြတိုက်အဖုံဖုံကို ခင်းကျင်းနိုင်ခဲ့ပါတယ်၊ ခုတော့ ကျွန်မ အဲဒီမောဟိုက်မူတွေကို မခံစားရတော့ပါဘူး၊ ဘယ်တုန်းက စလို့ နွမ်းနယ်မူတွေ ပျောက်ကွယ်သွားတာလဲလို့ ကျွန်မ သတိမထားမိခဲ့ပေမယ့်၊ ကျွန်မ သတိထားမိခဲ့တာ တစ်ခုတော့ ရှိပါတယ်"

သူမ ပဝါကိုပြင်ခြုံရင်း စကားစကို ရပ်လိုက်သည်။ သင်တန်းသား အားလုံး၏ အာရုံကို ဖမ်းယူဖို့ သူမ ကြိုးစားနေသလားမသိ။ သူ့အတွက်ကတော့ အချည်းနှီးပင်။ အကြောင်းမူသူ၏ စိတ်ပါဝင်စားမှုမှာ သူမထံ၌ လုံးဝ ကျရောက်နေနှင့်ပြီးသား ဖြစ်သောကြောင့်ပင်။

"အဲဒါကတော့ ဘဲဒီအချက်ကို ကျွန်မ မတင်ပြခင် အဖြစ်အပျက် တစ်ခုကို အရင်ဆုံးပြောပြပါရစေ၊ ဒီအဖြစ်လေးက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ဆိုင်နေလေတော့၊ ပညာရပ်တစ်ခုကို သင်တန်းပို့ချနေချိန်မှာ မဆိုင်တာတွေနဲ့ အချိန်ဖြုန်းတယ်လို့ မယူဆဘဲ သည်းခံနားထောင်ပေးဖို့ပါ တောင်းပန်ပါရစေရှင်၊ ဒီအကြောင်းအရာလေးက ကျွန်မ ပြောချင်တဲ့ အဖြေလည်း ဖြစ်နေလို့ပါ"

သူကတော့ သူမဘာအကြောင်းကိုပဲပြောပြော၊ မမှိတ်မသုန် နားဆင်ဖို့ အသင့်အနေအထားမှာ ရှိနေပေသည်။

"ကျွန်မတို့ မူလတန်းကျောင်းသူ ဘဝကပေါ့" ဟု သူမက ပုံပြင်ကို စတင်သည်။

"ကျွန်မအဖေက အစိုးရဝန်ထမ်းဆိုတော့ အဖေတာဝန်ကျရာ မြို့လေးတစ်မြို့ကို ကျွန်မတို့ ပြောင်းရွှေ့ရောက်ရှိသွားခဲ့တယ်၊ ကျွန်မတက်ရတဲ့ ကျောင်းက မြို့ရဲ့အစွန်မှာဆိုတော့ ကျောင်းသွားရင် အိမ်နီးနားချင်း အစ်ကိုတွေနဲ့ အဖော်ပြုပြီး လိုက်တက်တယ်။

အဲဒီမှာ အစ်ကိုကြီးတစ်ယောက်က စာသိပ်တော်တယ်၊ သူ ခုနစ်တန်းနှစ်မှာ လူရည်ချွန်ဆုရတယ်၊ အင်းလေးခေါင်တိုင်စခန်းမှာ လေ့လာအပန်းဖြေပြီး သူပြန်လာတော့ ကျွန်မတို့ကျောင်းမှာ ဟောပြောပွဲလုပ်တယ်၊ နားထောင်ပြီး ကျွန်မတို့ 'လက်ခုပ်တွေ တီးကြတယ်။ ဒါပေမဲ့ ကျောင်းသား အားလုံးထက်ထူးတဲ့ အခွင့်အရေးတစ်ခုကို ကျွန်မ ရခဲ့တယ်၊ အဲဒါကတော့ . . ."

နဖူးပေါ်ဝဲကျလာသည့် ဆံနွယ်လေးများကို ကဗျာဆန်စွာ သူမသပ်တင်လိုက်သည်။ တစ်ပြိုင်တည်းမှာ ကာရန်မညီစွာဘဲ စကားပြောရင်း နှာသီးဖျားလေး ပွတ်တတ်သည့် အလေ့ကိုလည်း မကြာခဏ လုပ်သေး၏။

"ပြတိုက်သေးသေးလေး တစ်ခုကို ကျွန်မရဲ့ဘဝမှာ ပထမဆုံးကြည့်ခွင့်ရခဲ့ခြင်းပါပဲ"

သူမက သင်တန်းသားတွေ မြင်သာလာအောင် သူမ၏ ပြတိုက်ကလေးကို အပြောဖြင့် တင်ဆက်ပြသသွားသည်။

"တကယ်မှာတော့ သူမ ကြည့်ခွင့်ရခဲ့သည့် လူရည်ချွန် အစ်ကိုကြီး၏ ကိုယ်ပိုင် ပြတိုက်လေးမှာ မှန်တံခါးရွက်လေးတွေ ပါသော သာမန်အိမ်သုံး အဝတ်ထည့် ဗီရိုလေးပါပဲ၊ ဗီရိုရဲ့ အောက်ဆုံးထပ်မှာ လည်စည်းအစိမ်းနုလေးပါတဲ့ အပြာရောင် လူရည်ချွန် ဝတ်စုံ အထပ်လိုက်လေး ရှိတယ်။

ဦးထုပ်ဖြူလေးနဲ့ ကင်းဗတ်ဖိနပ်လေးရောပေါ့။ အပေါ် ဆုံးထပ်မှာတော့ လူရည်ချွန်တံဆိပ်ကြယ်ပွင့်လေးနာမည်ကတ်ပြားလေးနဲ့ ဆုလက်မှတ်တွေလည်းရှိတယ်၊ ကျွန်မ အနှစ်သက်မိဆုံးကတော့ ကချင်မနောတိုင်လေးပါပဲ။

အစိမ်း၊ အနီ၊ အဝါ၊ အပြာ၊ ရောင်စုံခြယ်ထားတဲ့ စားပွဲတင် မနောတိုင်လေးပေါ့။ 'မြစ်ကြီးနားက သူငယ်ချင်း ပေးတဲ့ လက်ဆောင်မွန်'လို့ ကျွန်မတို့ အစ်ကိုကြီးက ကတ်ထူပြားလေးနဲ့ စာတန်းထိုးထားသေးတယ်၊ ပြီးတော့ ပန်းနုရောင်သန်းနေတဲ့ အတွင်းသားနဲ့ ခရုခွံအကြီးကြီးတစ်ခု 'ငပလီက သူငယ်ချင်းရဲ့ အမှတ်တရလက်ဆောင်' လို့ ကတ်ပြားလေးမှာရေးထားတယ်၊ ရွှေတုံးကြီးတွေလို ဝင်းဝါနေတဲ့ အင်းလေးဖောင်တော်ဦးဘုရားပုံတော်တွေ၊ ဆင်းတုတော်တွေ မရေမတွက်နိုင်အောင် ထုဆစ်ထားတဲ့ ပင်းတယ လိုဏ်ဂူတော်ဓာတ်ပုံ၊ အပန်းဖြေခရီးစဉ် တစ်လျှောက်က အမှတ်တရ ဓာတ်ပုံတွေကိုလည်း နေရာဒေသနဲ့ အဖြစ်အပျက်လေးတွေ ပါတဲ့ မှတ်ချက်လေးတွေရေးထိုးပြီး ဗီရိုနံရံမှာ ကပ်ထားသေးတယ်။

www.burmeseclassic.com

ဗီရို အလယ်ထပ်မှာတော့ 'တောင်ကြီးမြို့၊ တောင်ချွန်းတောင်ပေါ်က ကောက်လာသည့် ကျောက်ခဲနှင့် ထင်းရှူးသီးခြောက်များ' တဲ့။

ထင်းရှူးသီးကို ကျွန်မ အရင်က တစ်ခါမှ မမြင်ဖူးခဲ့ဘူး၊ နောင်လည်း တော်တော်နဲ့ မြင်ခွင့်မရခဲ့ဘူး၊ ဒါပေမဲ့ အစ်ကိုကြီးကျေးဇူးနဲ့ ကျောင်းမှာ ရက္ခဗေဒ သင်ခန်းစာသင်ရတဲ့အခါ ထင်းရှူးသီးပုံကို လွယ်လွယ်နဲ့ဆွဲပြနိုင်ခဲ့တယ်၊ ဘော်ဆိုင်းသံတွဲတွင်းက အစ်ကိုကြီး ကောက်လာတဲ့ ငွေရောင်တလက်လက်နဲ့ သတ္တုရိုင်းတုံးလေးလည်း ကျွန်မ ကိုင်ကြည့်ခွင့်ရခဲ့တယ်၊ ဗထူးတပ်မြို့မှာ သေနတ်တွေလည်း အစ်ကိုကြီးတို့ လက်တွေ့ ပစ်ခဲ့ရတယ်တဲ့၊ ကျည်ဆန်ခွံလေးလည်း သူပြတိုက်လေးမှာ ကျွန်မ တွေ့ခဲ့ရတယ်"

- မူလတန်းလွန်စ ကျောင်းသူလေးရဲ့ ဦးနှောက်ထဲမှာ စွဲနစ်နေအောင် ပြတိုက်လေးက ဖမ်းစားခဲ့ပုံကို သူမက အေးအေးဆေးဆေးလေး ပြောသွားခဲ့သည်။

"အဲဒီပြတိုက်လေးရဲ့ ကျေးဇူးကြောင့် ကျွန်မ ဆယ်ကျော်သက်ရွယ်မတိုင်ခင်ကတည်းက မနောပွဲလည်း သိခဲ့တယ်၊ ပုန်းတလုတ်ကန်လည်း သိခဲ့တယ်၊ သတ္တုရိုင်းတုံးလည်း ကိုင်ကြည့်ဖူးခဲ့တယ်၊ ထင်းရှူးသီးလည်း မြင်ဖူးခဲ့ရတယ်၊ ပြီးတော့ ဘယ်အရာကိုမဆို အမှတ်တမဲ့မထားဘဲ လေ့လာကြည့်ရှုပြီး စုဆောင်းတတ်ခဲ့တယ်"

သူမ ပစ်လွှတ်သည့်မြားသည် အားလုံးသောသင်တန်းသားများ၏ ရင်ထဲသို့ တည့်တည့်စူးနစ်သွားသည်ဟု သူသိလိုက်ပါသည်။ အဲထူးသဖြင့် သူ့ရင်တည့်တည့်ကိုပေါ့။

"ကျွန်မတို့ရဲ့ ပြတိုက်အလုပ်ဟာ ပြည်သူအားလုံးနဲ့လည်းဆိုင်တဲ့အလုပ်လို့ ကျွန်မ တင်ပြခဲ့ပြီးပါပြီ၊ ခုအခါမျိုးမှာ ဆိုရင် ဂလိဘယ်လိုက်ဇေးရှင်းကြောင့် တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့အလုပ်လို့တောင် ကျွန်မတို့ ပြောလို့ရပါပြီ၊ အဲသည်လောက် တာဝန်ကြီးတဲ့အလုပ်ကို လုပ်နေရင်းနဲ့ ကျွန်မ ဘာလို့များ မမောနိုင် မပန်းနိုင် ဖြစ်လာရသလဲဆိုတော့ ကျွန်မရဲ့ တစ်ခါက ကျောင်းသွားဖော် အစ်ကိုကြီးလို ပြတိုက်တွေကို အသွေးအသားထဲကကို ချစ်ခင်တွယ်တာလာလို့ပါပဲ၊ အစ်ကိုကြီးက ဘယ်သူကမှ တာဝန်ပေးတာမဟုတ်ဘဲ သူပြတိုက်ကလေးကို သူစိတ်လိုလက်ရ သူ့စေတနာနဲ့သူ တည်ဆောက်ခဲ့သလို ကျွန်မတို့လည်း ကိုယ့်အသိနဲ့ကိုယ် ကျွန်မတို့ရဲ့ ပြတိုက်ကြီးကို တည်ဆောက်ကြ၊ စောင့်ရှောက်ကြ၊ ကာကွယ်ကြပါစို့ရဲ့ရှင်"

ကြော့ကြော့မော့မော့နှင့် သွက်သွက်လက်လက်ကလေး သင်တန်းခန်းလေးမှ သူမ ထွက်ခွာသွားချိန်တွင် သူက သူ၏ဘေးနားမှ မျက်မှန်နှင့် သင်တန်းဖော်မိန်းကလေးကို သေချာအောင် မေးကြည့်လိုက်သည်။

"မမလား၊ ဒေါ်ညွှာစိမ်းခိုင်လေဦးရဲ့၊ ဒီအပတ်သင်တန်းမှာ သုံးချိန်တောင် မမ သင်မှာ"

ညွှာစိမ်းခိုင် . . . ညွှာစိမ်းခိုင်၊ ညွှာစိမ်းခိုင် တဲ့လား။

(၄)

ညသည် ဆောင်းလေဖြင့် ရှင်းသန့်လျက်ရှိသည်။

မွေးအီအီ မရှိုးပန်းရနံ့ကို သူရလိုက်သည်။ ရေဓမ္မမသုံး ပေါင်ဒါမကြိုက်တတ်သော သူ့အတွက် ပန်းတို့သည် တန်ဖိုးမရှိလှ၊ သို့သော် ပန်းခြောက်လေး တစ်ခက်ကို သူ သတိဝင်ကာ အမှတ်ရသွားသည်။ စာအုပ်စင်၏ အပေါ်ဆုံး ညာဘက်ထောင့်လေးမှာ တင်ထားသော ယွန်းသေတ္တာလေးကို သူ ထယူလိုက်သည်။ ပတ္တာဆက်ထားသော ယွန်းအဖုံးလေးကို သူလှန်လိုက်၏။

လက်ကိုင်ပဝါ ဝါကြင်ကြင်လေး တစ်ထည်၊ ပို့စကတ်လေးတစ်ထပ်၊ စာအိတ်ဖောင်းဖောင်းလေးများနှင့် ဓာတ်ပုံတချို့ကို အစီအရီတွေ့ရသည်။

မကြာခဏ ထုတ်ကြည့်နေကျမို့ ပန်းခြောက်ကလေးပါရှိသော ပို့စကတ်ကို သူတန်းတန်းမတ်မတ်ဆွဲထုတ်ယူလိုက်နိုင်၏။ ခေါက်၍ရသော ရှည်မျော်မျော်စိမ်းဖန့်ဖန့်လေး။ ကတ်ကလေးကို ဆွဲလှန်လိုက်သောအခါ လခြေးစတ္တူပါးပါး ကြည်ကြည်လေးကို သူတွေ့ရမြဲဖြစ်သည်။ အဲသည်အောက်မှာတော့ သင်းသင်းလေးမွှေးပြီး၊ ယဉ်ယဉ်လေးခွေနေသော သဇင်ခက်ကလေးကို သူမြင်ရမြဲ။

လက်ကိုင်ပဝါလေးကို သူ ဖြန့်ကြည့်လိုက်ပြန်သည်။ ပြီးတော့ ပြန်နေကျအတိုင်း လက်ကိုင်ပဝါထောင့်က အနားလေးကို လက်ဖြင့် အသာအယာပွတ်လိုက်၏။

'ကိုကြီးရေ . . . အခု သမီးတက်တင်းလည်း ထိုးတတ်ပြီ၊ တက်တင်းဆိုတာ ဘာလဲလို့ ကိုကြီးတို့ ယောက်ျားလေးတွေ မသိဘူးမဟုတ်လား၊ အဲဒီလက်ကိုင်ပဝါအနားလေးမှာ ထိုးပေးထားတာမျိုးပေါ့၊ သမီးက အိမ်တွင်းမှုမှာ အတော်ဆုံး သိလား၊ ကျောင်းစာမှာလည်း မဆိုးပါဘူး၊ ဒါပေမဲ့ ကျောင်းကခဏခဏပြောင်းနေရတော့ ကိုကြီးလို အဆင့်တစ်တော့ မချိတ်နိုင်ဘူးဖြစ်နေတယ်'

အလွတ်ရနေပြီဖြစ်သော အသံလေးကိုပါ ကြားလိုက်ရသလို ရှိသည်။

'ဂေါရီအရွယ် ××× ရောက်ခါစ' ဆိုသည့် ပေလီကမ်းခြေက ရခိုင်သားသူငယ်ချင်းမောင်မောင်၏ ရခိုင် 'သျှိုင်ဒိုင်' သီချင်းထဲက အပိုဒ်လေးကိုလည်း သူ သတိရလိုက်သေးသည်။

ခုနစ်တန်း ကျောင်းသူကလေးပေါ့။ ဖြူသွယ်သွယ်လေးမို့ အရပ်တော့ အတော်လေးထွက်နေလောက်ပြီ ထင်သည်။ ဆံပင်ကိုတော့ အခုခေတ်စားနေသည့် စန္ဒာပုံထားထားသည်ဟု သူစာထဲမှာ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဆံပင်ရှည်ရှည်ထားတာ ကိုကြီးကြိုက်မှန်း သိပါသေးတယ်နော်၊ ဒါပေမဲ့ ကျောင်းစာတွေက များလာပြီ ကိုကြီးရဲ့ မေမေက မက်ထရစ် အောင်ပြီးမှပဲ အရှည်ထားရမယ်တဲ့၊ တက္ကသိုလ်ရောက်လို့ ကိုကြီးကို သမီးလာတွေ့မှပဲ ပခုံးထိ ဆံပင်ရှည်လေးနဲ့ လာတွေ့တော့မယ်၊ အဲဒီအချိန်မှာ ကိုကြီးဘေးက ဆံပင်တင်ပါးဖုံးနဲ့ အစ်မကြီးနဲ့လည်း မိတ်ဆက်ပေးဦးနော်'

'လူလည်မလေး'။

စာဖတ်ရင်း သည်လိုရေရွတ်ခဲ့ဖူးသည်ဟု သူထင်မိသေးသည်။

'ပိုးတောင့်တဲကလေး၊ စာလည်းကြိုးစားဦး၊ ဝတ္ထုတွေချည်းပဲ လှိမ့်ဖတ်မနေနဲ့၊ စကားရည်လုပွဲတို့၊ ဘာအသင်းညာအသင်းတို့ဆိုရင်လည်း မင်းရှေ့ဆုံးကချည်းပဲဆို' ဟု ဆုံးမစကားဆန်ဆန် စာတွေလည်း သူ ရေးခဲ့ဖူးလိမ့်မည်။

အာရုံထဲ ပြက်ပြက်ထင်ထင် အရှိဆုံးကတော့ တက္ကသိုလ် ရွေရတု သဘင် ပို့စကဲတ်လေးတွေ သူ ပို့ခဲ့ဖူးတာပဲဖြစ်သည်။အဖြူအမည်းစကတ်(ရှဲ) ဆွဲထားသည့်မိုးလေးတွေလေ။

ကြိုက်လှသည်ဆို၍ သူထပ်ပို့သော၊ 'မြက်ခင်းစိမ်းထဲ မထိုင်ရဲဘူး၊ ရင်ထဲစိမ်းမှာစိုးလို့ပါ'ဆိုသည့် ချစ်စရာကဗျာလေးတွေ ပါသည့် ပို့စကတ်တွေတော့ စာတိုက်မှတစ်ဆင့် သူ့ထံကိုပဲ ပြန်ရောက်လာသည်။

'ပေးပို့လိုသော လိပ်စာရှင်မှာ ဤလိပ်စာတွင် မရှိတော့ပါ' ဟူသော မှတ်ချက်မျိုးနှင့် ဖြစ်၏။

အဲဒါ နောက်ဆုံးပါပဲ ပိုးတောင့်တဲလေးရယ်၊ နောက်ဆုံးပါပဲ။

ကံကြမ္မာ၏ အကွက်ချ စီစဉ်ထားမှုများမှာ အံ့သြစရာ ကောင်းလောက်အောင်ပင် စေ့စပ်သေချာလှပေသည်။ ထိုရက်သတ္တပတ်များ အတွင်းမှာ သူနေသော တက္ကသိုလ်အဆောင်များ အဆောင်သစ် ဆောက်လုပ်ပြီးစီးသွား၍ သူအဆောင်ပြောင်းရွှေ့ရသည်။ နယ်မှာရှိသည့် သူတို့အိမ် မီးထဲပါသွားဘည်။ ပိုးတောင့်တဲလေးတို့အဖေလည်း 'ရခိုင်ပြည်နယ်တစ်နေရာသို့ ပြောင်းရွှေ့ရမည်ထင်သည်'ဟု စာရေးထားဖူးသည့် ကိစ္စ အကောင်အထည် ပေါ်သွားပြီထင်ရဲ့။

သည်အချိန်ဆိုလျှင် ပိုးတောင့်တဲလေး ဆယ်တန်းစာမေးပွဲ ဖြေနေလောက်ပြီ။ အခုထွက်သည့် ဆယ်တန်းအောင်စာရင်းမှာ သူကလေး ဘယ်အဆင့်နှင့် ပါလေမလဲ။

ဩော်- တက္ကသိုလ်တွေတောင် ဖွင့်ပြန်ပေါ့။ ပိုးတောင့်တဲကလေး တက္ကသိုလ်မှာ စာသင်ခွင့်ကို ဘယ်လိုင်းကများ ရလေသည်လဲ သူမသိ။

- တက္ကသိုလ်ဝင်ခွင့်တွေ လျှောက်သည့်အခါ သူ့ကို တိုင်ပင်ဖို့ ပိုးတောင့်တဲလေးက သတိရကောင်း ရနေလိမ့်မည်ဟု သူ ထင်မိသေးသည်။ ကံ့ကော်တောနှင့် ရေတမာပင်တန်းတွေမှာ မျက်စိသင်္ဘောနှင့် သူ့ကိုများ ကောင်မလေးတစ်ယောက် ရှာနေလေမလား မသိ။ မယ်သစ်လွင်လေးကို သူ ကြိုဆိုလက်ကမ်းသင့်သည်ပေါ့။

စသည် စသည်ဖြင့် အချိန်ကာလများနှင့်လိုက်လျောစွာ ခု အမျိုးမျိုး တွေးတောခဲ့သည်။

တော်လစတွင်ငြိုးပြောခဲ့ဖူးသော နေ့နှင့်ညဆိုသည့် ကြွက်ကလေးသည် အချိန်ကာလများကို ကိုက်စားသွားပေါ့။

စိန်ပန်းနီပွင့်များကို ဖြတ်နင်းရင်း ပိုးတောင့်တဲလေးကို မှန်းဆ၍ သူ ရှာနေမိသည်။ သစ်ပုပ်ပင်ကြီး၏အမြစ်ဆုံကြီးတွေကြားမှာ သူကလေး အလှဓာတ်ပုံတွေ ရိုက်နေလေမလား။ သူ့ဘေးက ဖြတ်လျှောက်သွားသည့် အစိမ်းနုရောင် လှိုင်းကြိုးခရမ်းအင်္ကျီ လက်ရှည်လေးဟာ ပိုးတောင့်တဲလေးလား။

စကားပြောရင်း နှာသီးဖျားလေးပွတ်တတ်သည့် ကောင်မလေးရဲ့အလေ့ကိုလည်း သူ ကောင်းကောင်းမှတ်မိနေသေးသည်။ ဒါပေမင့် ခလေ့ဆိုတာ အရွယ်နှင့်လိုက်၍ ပြောင်းတတ်သေးသည်လေ။ ခု ပိုးတောင့်တဲလေးက မူလတန်းကျောင်းသူလေးမှ မဟုတ်တော့တာ။

သည်လိုနှင့် သူ နောက်ဆုံးနှစ်စာမေးပွဲ ဖြေခဲ့ရသည်။ အလုပ်ခွင် ဝင်ခဲ့ရသည်။ မြေပုံကိုဖြန့်၍ မြန်မာပြည်တစ်နံတစ်လျား တာဝန်နှင့် သူသွားခဲ့ရသည်။ တစ်ကြိမ်မှာတော့ သူ၏ ဇာတိမြို့ကလေးကိုပင် သူပြန်ရောက်ခဲ့သေးသည်။ အဲသည်တုန်းကတော့ ပိုးတောင့်တဲလေးကို သူသတိရမိဆုံး ဖြစ်လိမ့်မည်။ သည်လိုပုံနှင့် မိုးကြိုးချုပ်ခဲ့ရသည်ပေါ့။

မိုးကြိုးစုံးစုံးမချုပ်မီ ဆည်းဆာရောင်လက်လက်ရှိစဉ်လေးမှာ သူ လုပ်ချင်သည်များကို လုပ်သွားလိုသေးသည်။ ဌာနဆိုင်ရာအလုပ်မှ သူ ထွက်လာပြီးနောက် သူဝါသနာပါရာ ပြတိုက်လုပ်ငန်းအတွက် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းကို အသက် ကန့်သတ်ချက်မရှိဆိုသော အချက်ကြောင့် သူ တက်ရောက်နိုင်ခဲ့သည်။ သူ သိလိုသမျှ ပြတိုက်အခင်းအကျင်းပညာကို စနစ်တကျ သိရှိနိုင်အောင်လေ။

သူစိတ်ကို သူပြန်ဖတ်ရှု၍ အမှန်တရားကို ဖြောင့်ဆိုရပါလျှင် အခါခပ်သိမ်းမှာတော့ ပိုးတောင့်တဲလေးကို သူ တမ်းတမနေမိပါ။ ဘဝရေစီးကြောင်းတစ်လျှောက် မျောပါစဉ် တစ်ကွေ့ကွေ့မှာတော့ တိုက်ဆိုင်မှုရှိတိုင်း ဖျတ်ခနဲ အမှတ်ရမိတတ်သည်။

ထို့အပြင် သူ၏ဓလေ့ကလည်း အမှတ်ရစရာလေးများကို သိုမှီးထားတတ်မြဲ။ သည်တော့ သူ၏ ခင်းကျင်းဖွင့်လှစ်မထားသော နှလုံးသားပြတိုက်တစ်နေရာမှာ ပိုးတောင့်တဲကလေးသည် စပေါ့လိုက်မထိုးသော ပြကွက်ငယ်ကလေးအဖြစ် ခပ်မှိန်မှိန် (သို့သော်) ထင်ထင်ရှားရှား ရှိနေဦးမည်သာ။

ကိုချမ်း(ဆေး-၂)

❑

www.burmeseclassic.com

www.burmeseclassic.com

ကြက်ခွေ

ကျွန်တော် ရုံးမှာ အလုပ်လုပ်စဉ်က ကိုကျော်ငွေကို ရုံးသူရုံးသားများက သနားလည်းသနား၊ ကြောက်လည်းကြောက်ကြသည်။

ကိုကျော်ငွေမှာ အမြဲတမ်း အဝတ်အစား နွမ်းနွမ်းလေး ဝတ်၍ ရုံးတက်သည်။ မျက်နှာက စပ်ဖြဖြနှင့် စားပွဲနားလာရပ်ပြီး ဇက်ကြောနှိပ်ပေးသည်။ နှိပ်ပေးနေရင်းက ကျွန်တော့်ကို ပြား(၅၀) လောက် ပေးပါဟု တောင်းတတ်သည်။

သူက ရုံးလုလင် ဖြစ်နေ၍ သနားပြီး ပေးကြလေသည်။

ကိုကျော်ငွေမှာ အပြင်ဘက် ရုံးတွေကို စာလိုက်ပို့ပေးရသည်။ တစ်နေ့မှာ နှစ်ကြိမ် စာလိုက်ပို့ရာမှာ ဒုတိယအကြိမ် အပြင်ထွက်ရာမှာ ရုံးကိုပြန်မလာတော့ဘဲ အိမ်သို့တန်း ပြန်သွားသည်။ လူကြီးများက သိသော်လည်း အိမ်မှာ အလုပ်ရှိ၍ ပြန်သွားသည် ထင်၍ ခွင့်လွှတ်ထားသည်။

သို့သော် ကိုကျော်ငွေက အိမ်ကို မပြန်ဘဲ ရန်ကုန်မြို့ထဲရှိ ကြက်ဒိုင်များ၊ ကြက်ခြင်းကြီးများ ရှိရာကို



လှပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီအောင်နိုင်လတ်

သွားပြီး ခြင်းထဲမှာ လှောင်ထားသော ကြက်များကိုလိုက်ချောင်းကြည့်သည်။

သူ့ဝါသနာမှာ ကြက် မဝယ် နိုင်လည်း ကြက်ရောင်းသူကို ခြင်း အပြင်ဘက်ထုတ်ခိုင်း၍ ကိုင်ကြည့် သည်။ စျေးကိုမေးပြီး ပြန်ပေးလိုက် သည်။

"အစ်မ၊ ဒီကြက်ကိုကျွန်တော် ကြိုက်တယ်၊ ပိုက်ဆံမပြည့်လို့ ရုံးမှာ ပြန်ယူပြီး လာဝယ်မှာနော်၊ ခဏ စောင့်ပါ"

"ကျွန်မက စျေးရေ တာ၊ ဝယ်သူရှိရင် ရောင်းလိုဂ လိုချင်ရင် မြန်မြန်လာဝယ်"

"ခဏစောင့်ပါ၊ မကြာပါ၊ ပြန်လာမယ်"

စျေးသည်ကိုပြောပြီး ကိုဂေ ငွေ ရုံးကိုပြန်ပြေးလာပြီး အေးဓာ တိုက်ပါတော့သည်။ ကိုကျော်ငွေ မကောင်းမှုဟူသမျှ အကုန်လုပ်တဂ သည်။ သူအမြဲလုပ်သည်က ဂန်ဂျာ ရှုသည်၊ ကြက်တိုက်သည်။

ရုံးရောက်သောအခါ ဂ လေး နေမကောင်း၍ အ ာင်းပြီး အပေါင်းအသင်းတေ ဆီမှာ ငွေလိုက် မဒ် တောင်းသည်။ ဂ သည့်ငွေနှင့် ကြက် မှာ ;

လပြည့်ဝန်းမင်္ဂဝင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

အစားများ ပေးသည်။ ကလေးတွေကို စာအုပ်ဖိုး ပေးသည်။ နောက်ပိုင်း ကိုကျော်ငွေအကျင့်ကို သိသွားသော အခါ ဒေါသဖြစ်မိပြီး မေးသည်။

"တခြားလူတွေက ကိုယ် ငွေကြေးမပြေလည်ရင် ချေးတယ်၊ ချေးပြီးရင် ပြန်ဆပ်ကြတယ်၊ ခင်ဗျားက မချေးဘဲ လိုက်တောင်းတယ်၊ အဲဒါ ဘာသဘောလဲ"

"ချေးတယ်ဆိုတာ ပြန်ဆပ်ရမှာလေ၊ ကျွန်တော်က ပြန်မဆပ်နိုင်လို့ အပြတ်တောင်းတာ"

"တခြား ရုံးလုလင်တွေလည်း ကိုယ့်လခနဲ့ကိုယ် လောက်အောင်သုံးနေကြတာပဲ၊ ခင်ဗျားပဲ ငွေအမြဲလိုနေတာ၊ ခင်ဗျား မရှက်ဘူးလား"

"လက်မှာ အတို၊ အရှည် မညီဘူးလေ၊ ကျွန်တော်လည်း မပြည့်စုံလို့ တောင်းတာပေါ့"

"ခဇ်ဗျား အကျင့်ပါသွားမှာစိုးလို့ ပြောတာ၊ မာနထားစမ်းပါ၊ ကိုယ့်လုပ်အားနဲ့ကိုယ် ငွေရှာရင် ရနိုင်ပါတယ်"

"ဟဲဟဲဟဲ. . . လုပ်ပါ ဆရာ၊ ပြီးငါးဆယ်တည်းပါ၊ ကျွန်တော့်ကို လက်ဖက်ရည်တစ်ခွက်တော့တိုက်ပါ"

"ခင်ဗျားကတော့ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ ရော့ ရော့"

ကောင်းစေချင်၍ ဆုံးမမိသော ထိုစာရေးမှာ လက်ဖက်ရည်တစ်ခွက်ဖိုး ပြား(၅၀)ထုတ်ပေးလိုက်ရသည်။

ကိုကျော်ငွေမှာ ဥပမိရုပ်က မကောင်းသော်လည်း မျက်နှာချို၍ အပြောကောင်းသည်။ စာရေးများနည်းတူ စာရေးမများဆီမှလည်း တောင်းသည်။ တောင်းရသည့်ငွေများကို ပုဆိုးကြားမှာ လိပ်ထားတတ်သည်။ နေ့လယ် ထမင်းစားနားချိန်မှာ အိမ်မှယူလာသော ဆေးခြောက်နှင့် လိပ်ထားသော ဆေးလိပ်ကို သောက်ရင်း အနားယူသည်။

ကိုကျော်ငွေမှာ နေ့လယ်ဘက် စာပို့ထွက်ချိန်မှာ လမ်းမတော်စွေးရှိ ကြက်များရောင်းသည့် ကြက်ခြင်းများကို လိုက်ကြည့်သည်။ ခြင်းထဲကို ချောင်းကြည့်၍ ကြိုက်သည့်ကြက်မတွေ့လျှင် ဗိုလ်တထောင်စွေးနှင့် (၃၈) လမ်းစွေးမှာရှိသော ကြက်ခြင်းများကို လိုက်ကြည့်၊ ကြည့်၍ ကြိုက်သည့်ကြက်ကို တွေ့လျှင် -

"အစ်မ၊ ဟိုခြင်းထဲက အနီရောင် ကြက်ဖကို ထုတ်ပြပါ"

"ဘယ်ကြက်လဲ၊ ကြက်တွေက အများကြီးရှိတာ"

"ခြင်းနောက်မှာ ညပ်နေတဲ့ ကြက်ဖကြီးကို ထုတ်ပြပါ"

ကိုကျော်ငွေက စိတ်ရှည်ရှည် လက်ညှိုး ထိုးပြနေပါသော်လည်း တရုတ်မကြီးက ကိုကျော်ငွေ၏ရုပ်ကို ကြည့်ပြီး မဝယ်နိုင်ဘူးထင်၍ ထုတ်မပြပါ။

"အဲဒီကြက်က တစ်ပိဿာငါးဆယ်သားကျော်တယ်၊ ရှင်ဝယ်နိုင်လား"

"ဝယ်ဖို့ လာတာ၊ ဝယ်နိုင်တယ်၊ ထုတ်ပြပါ"

ကိုကျော်ငွေပြော၍ တရုတ်မကြီးက ခက်ခက်ခဲခဲ ဆွဲထုတ်ရာ အပြင်ဘက် ရောက်လာသည်။ ကိုကျော်ငွေက ကြက်ကိုကိုင်ကြည့်ပြီး သဘောကျသော်လည်း ပါလာသော ငွေမပြည့်၍ တရုတ်မကြီးကို မျက်နှာချိုသွေးပြီး-

"အစ်မ၊ ကျွန်တော် စာပို့လာရင်းဝင်ကြည့်တာ၊ ငွေမပြည့်လို့ ရုံးကိုပြန်ယူဦးမယ်၊ ခဏစောင့်ပါနော်"

"ထင်သားပဲ၊ မဝယ်နိုင်ဘူးဆိုတာ၊ အလကား အလုပ်လာရှုပ်တယ်"

"အလုပ်လာရှုပ်တာ မဟုတ်ဘူး၊ ပြန်လာဝယ်မှာ၊ မရောင်းလိုက်နဲ့နော်"

ကိုကျော်ငွေက ရုံးကိုပြန်လာပြီး စာရေးများထဲမှာ အေးမားပြတိုက်ပြီး ကြက်ကိုရအောင်ပြန်ဝယ်သည်။ ယခု ဝယ်လာသောကြက်မှာ ကြက်နီချိပ် အနက်ရောင်နှင့် အနီရောင် ရောနေသည့် ခွပ်ရာမှာ အသည်းကောင်းသော ကြက်မျိုးဖြစ်သည်။ ကြက်မှာ ဒဏ်ရာကြောင့် မျက်စိတစ်ဖက် ပိတ်နေခြင်းဖြစ်ကြောင်း ကိုကျော်ငွေက သိသည်။

သူ ကုလိုက်ပြီး ပြန်ရောင်းလျှင် အမြတ်ရမည် ဖြစ်သောကြောင့် ဝယ်ခဲ့ခြင်း ဖြစ်သည်။

ယခုဝယ်ခဲ့သော ကြက်ကို မျက်စိကိုကု၊ အစာမှန်မှန်ကျွေး၊ ရေပေး၊ ခွပ်လက်ချကြည့်ရာ ကြက်သမား တစ်ယောက်က ကြိုက်နှစ်သက်၍ အမြတ်ပေးဝယ်သွားသည်။ ကိုကျော်ငွေမှာ ကြက်ဆွဲ ပညာကို ဆရာတစ်ယောက်ထံမှာ သင်နေပြီး ရုံးပိတ်ရက်မှာ ကြက်ပွဲ လိုက်နေတတ်သည်။

ကြက်ပွဲလိုက်သည်မှာ အရက် အဝသောက်ရသည့်အပြင် ကြက်ကို

www.burmeseclassic.com

www.burmeseclassic.com

ကိုင်တွယ်ကုသ ရေပေးသော ပညာများ ရသည်။

ကြက်သမားများနှင့် ကိုကျော်ငွေ၏ စိတ်ကူး ပိုကောင်းသည်မှာ 'ကြက်ကျ' များနှင့် ဒက်ရာရသော ကြက်များကို ရှာဝယ်ပြီး မိမိအိမ်မှာ မွေးထားပြီး ကုသပေးသည်။ ကြက်ကို ခြင်ထောင်နှင့် သိပ်သည်။ နံနက်အိပ်ရာမှ ထသည်နှင့် ကြက်ချေးကို ကြည့်သည်။

ကြက်များမှာ ချေးပျော့ပန်း၍ ရောဂါရတတ်သဖြင့် ချေးပျော့ပါလျှင် နန္နင်းကျွေးသည်၊ မွှိုင်းခံပေးသည်။

ကိုကျော်ငွေမှာ ကြက်ကု၊ ကြက်ကိုင်ကောင်းသော်လည်း ငွေမရှိ၍ ကြက်ကောင်း၊ ကြက်ပိုင် မရှိပါ။

သို့သော် ကြက်ဆွဲကောင်း သောဆရာတစ်ယောက်က ကြက်ဆွဲ ပညာသင်ပေးလိုက်၍ ကိုကျော်ငွေ ရုံးအလုပ်မှ ထွက်လိုက်ပြီး ကြက်ဆွဲ လုပ်နေသည်။ ရုံးမှ လူများနှင့် မတွေ့သည်မှာလည်း လေးငါးနှစ်ခန့် ရှိသွားပြီ ဖြစ်သည်။

ကျွန်တော်တို့ရုံးမှာ မြို့နယ်တွေမှာ ရုံးခွဲများရှိ၍ ဝန်ထမ်းများ(၃) နှစ်ခန့်အကြာမှာ တစ်ကြိမ် နယ်ရုံးမှာ သွားရောက်အမှုထမ်းကြရသည်။ ကျွန်တော်လည်း ပဲခူးတိုင်းရှိ မြို့နယ်ရုံးတစ်ရုံးကို ပြောင်းရွှေ့အမှုထမ်းရသည်။

ကျွန်တော် တာဝန်ကျရာ မြို့နယ် အပိုင်မှာ တောရွာကြီးများရှိသည်။ ထိုတောရွာမှာ နေသူများမှာ ကြက်တိုက်ပွဲများရှိ၍ တခြားမြို့နယ်များမှ လာရောက်တိုက်သူများလည်း ရှိ၍ ရုံးမှာလုပ်နေသော ရွာခံလူတစ်ယောက်ကို မေးကြည့်မိသည်။

"ကြက်တိုက်ပွဲက လောင်းကြေး တော်တော်များလား"

"များတယ်၊ ကြက်တွေက လည်း တန်ဖိုးကြီးတယ်၊ တချို့ကြက်တွေဆို ကားတစ်စီးနဲ့မလဲဘူး၊လောင်းတဲ့လူတွေကလည်း နွားတွေရောင်းပြီး လောင်းကြတယ်"

"ကြက်ပွဲက တော်တော်ကြီးတာပဲ၊ အဖမ်းအဆီးမရှိဘူးလား"

"နားလည်မှု လုပ်ထားတာပေါ့၊ တစ်ခါတလေ 'အာဝါဒေး' ပွဲတောင်ရှိတယ်"

"အာဝါဒေးပွဲဆိုတာ ဘာကို ခေါ်တာလဲ၊ မသိလို့ မေးတာနော်"

"အာဝါဒေးဆိုတာ လောင်းကစားမှု အစုံရှိတဲ့ပွဲကို ခေါ်တာ၊ ကြိုက်တဲ့ ကစားမျိုးစုံကို လွတ်လွတ်လပ်လပ် ကစားနိုင်တယ်"

"သေချာမကြည့်ဖူးလို့ ကြက်တိုက်တာ ကြည့်ချင်တယ်ဗျာ"

"ကြည့်ချင်ရင် လိုက်ခဲ့လေ၊ လာမယ့် အပတ်မှာ နာမည်ကြီးကြက်ပွဲတစ်ပွဲရှိတယ်၊ လောင်းကြေးအများကြီး တခြားကြက်ပွဲလည်း (၃) ပွဲရှိတယ်"

"ဒါဖြင့် တစ်နေ့တည်း (၄) ပွဲ ကြည့်ရမှာပေါ့၊လိုက်ကြည့်မယ်၊လောင်းတော့ မလောင်းတတ်ဘူး"

သူတို့ရွာကြီးမှာ အိမ်ခြေများ၍ သစ်ရိပ်၊ ဝါးရိပ်များကောင်းသည်။ ကြက်တိုက်မည့်နေရာမှာ ရွာအစွန်းပိုင်း အရိပ်ကောင်းသော မြေပြန့်မှာ ပြောင်အောင် လှည်းကျင်းထားပြီး ကြည့်မည့်သူများ (၁၀) ယောက် တစ်စု၊ (၁၅) ယောက် တစ်စု စကား ပြောနေကြသည်။ တချို့က အနီးရှိ အိမ်ပေါ်ကို တက်သွား၍ ကျွန်တော်က သူငယ်ချင်းကို မေးကြည့်သည်။

သူငယ်ချင်းက မကြာမီ ကြက်ပွဲစမည်။ အိမ်ပေါ်ကို တက်ဆွားသူများမှာ အုပ်ဖိုင်ဆီမှာ လောင်းကြေးသွားသွင်းသည်ဟု ပြောသည်။

"တိုက်မယ့်ကြက်တွေမရောက်ကြသေးဘူးထင်တယ်၊ မတွေ့ရသေးဘူး"

"ရောက်နေပြီ၊ သည်နားက အိမ်တွေပေါ်မှာရှိတယ်၊ အောက်မှာထားရင် လူတွေဝိုင်းအုံကြည့်မှာစိုးလို့ အိမ်ပေါ်မှာထားတာ"

"သည်မှာ ကြက်တိုက်တာ တစ်မျိုးပဲ၊ တချို့ရွာတွေမှာဆို တိုက်မယ့်ကြက်ကို ဝိုင်းဘေးမှာချည်ထားတယ်"

"စောင့်ကြည့်ပါ၊ အချိန်ကျရင် ဆင်းလာမှာ၊ ပထမအဆိုင်း၊ ဒုတိယအဆိုင်းပါ အဆင်သင့်ရောက်နေပြီ"

"လူကြီးတွေကော လာမှာလား"

"လူကြီးတွေက ဒိုင်နားမှာ ရောက်နေပြီ၊ ကြက်ပိုင်ရှင်တွေကို ခေါ်ပြီး စည်းမျဉ်းစည်းကမ်းတွေ ရှင်းပြနေကြတယ်"

ကျွန်တော်တို့ စောင့်ကြည့်နေစဉ်မှာပင် လူများ တစ်အုပ်ပြီးတစ်အုပ် ရောက်လာကြပြီး အချင်းချင်း ကိုယ်ထင်ရာ ကိုယ်ပြောဆိုငြင်းခုံနေကြသည်။

"ကိုယ့်လူတို့ မပြောမရှိနဲ့၊ ခုပွဲမှာ ဖောင်းကြီးက အထက်ကြေး

www.burmeseclassic.com

www.burmeseclassic.com

ပေါက်နေတယ်နော်၊ ငွေလိုချင်ရင် ဖောင်းကြီးဘက်ကနေ"

"ဖောင်းကြီးက ပြိုင်ဘက်မရှိကြက်ပဲ၊ ဖောင်းကြီးဘက်ပဲ လောင်းရမှာပေါ့"

"မဂိုကိုလည်း အထင်မသေးနဲ့၊ နွံးပွဲမရှိဘဲ သည်နယ်ကို ရောက်လာတာ"

"မင်းတို့ဘာပြောပြော သည်နေ့ပွဲကတော့ ကားတစ်စီးနဲ့ မလဲနိုင်တဲ့ ဖောင်းကြီးပွဲပဲဟေ့"

"ငါ မဂိုကို သွားချောင်းကြည့်တာ၊ တော်တော်အလုံးအထည်ကြီးတာ၊ အတက်ကလည်း တုတ်တုတ်ကြီး၊ ငါတော့ မဂိုဘက်ကပဲ လောင်းမယ်"

"မင်းတို့ ဘာပြောပြော ကိုယ့်နယ်က ကြက်ပဲ ကိုယ်အားပေးမယ်"

"ကိုယ့်ငွေနဲ့ ကိုယ်လေ၁င်းတာ၊ ကြိုက်တာ လောင်းကြ၊ ငါကတော့ မဂိုပဲ၊ မဂိုက ခြေပြင်းပြီး အတက်စူးတယ်"

"မသေချာဘဲ သူများရွာမှာ လာမတိုက်ဘူး၊ ငါထင်တာ မဂိုစားသွားမယ်ထင်တယ်"

ထိုသို့ပြောနေကြစဉ်မှာ မနီးမဝေးအိမ်မှ လူ (၅) ယောက် ဆင်းလာကြပြီး လူ (၁) ယောက်က ကတ္တီပါအိတ်နှင့်အုပ်၍ ကြက်တစ်ကောင်ကို ပိုက်လာသည်။ ကျွန်တော်က ကြက်ကိုကြည့်ချင်၍ လိုက်ကြည့်ရာမှ ကြက်ပိုက်လာသူကို မြင်ဖူးသလိုရှိ၍ ကြည့်ရာ ထိုလူကလည်း ကျွန်တော့်ကို ပြန်ကြည့်သည်။

"ဟော- ဟိုမှာ မဂိုအဖွဲ့ လာနေပြီ၊ မဂိုက တော်တော်ကြီးတာပဲ"

"ကြက်မကြီးလိုပဲ အမောက်လည်း မရှိဘူး"

"ဟိုမှာ ဖောင်းကြီးလည်း လာနေပြီ၊ ထွားလိုက်တာ (၃၂) ပြားစီးကျော်မယ်"

"ဘယ်လောက်အကောင်ကြီးကြီး မဂိုဘက်က တိုက်မယ်လို့ သဘောတူထားတယ်"

ကြက် (၂) ကောင်ရောက်၍ လူတွေဝိုင်းအုံကြည့်နေစဉ်မှာ ဒိုင်နှင့် လူကြီးအဖွဲ့များ ကြက်ပိုင်ရှင်များလည်း ရောက်လာကြသည်။ ကြက် (၂) ကောင်ကလည်း အားကျမခံတွန်နေကြသည်။

ထိုအချိန်မှာ မဂိုကြက်ကို ပိုက်လာသူက ကျွန်တော့်ကို နှုတ်ဆက်သည်။ ကျွန်တော်ကလည်း ယခုမှ ကိုကျော်ငွေကို မှတ်မိသွားသည်။

"ကျွန်တော့်ကို မှတ်မိလား၊ ဘယ်လိုလုပ် သည်ရွာကို ရောက်လာတာလဲ"

"သည်မြို့နယ်ရုံးကို ပြောင်းလာတာလေ၊ ခင်ဗျားရော သည်ရွာမှာ နေတာလား"

"မနေပါဘူး၊ ကြက်လာတိုက်တာ၊ နောက်မှ စကားပြောမယ်ဆရာ၊ အခု ပွဲစတော့မယ်"

ကျွန်တော်တို့ စကားပြောနေစဉ်မှာ ဒိုင်က ပွဲစမည်ပြောလိုက်၍ ကိုကျော်ငွေက မဂိုအနားမှာ သွားရပ်နေသည်။ မကြာမီမှာပင် လူကြီးတစ်ယောက်က စားပွဲကိုရိုက်၍ အချက်ပေးလိုက်ရာ ကြက် (၂) ကောင်လည်း စည်းဝိုင်းတွင်းမှာ ခေါင်းချင်းဆိုင်၍ ခွပ်ကြသည်။

ကြက် (၂) ကောင်မှာ လွတ်လွတ်ချင်း သဲသဲမဲမဲ မခွပ်ကြသေးဘဲ အခြေအနေကြည့်ပြီး ခွပ်နေကြရာမှ တဖြည်းဖြည်း သွက်လာသည်။

"ဖြန်း. . . ဖြန်း. . . ဖြန်း. . . ဖျောင်း"

"ဖြန်း. . . ဖြန်း. . . ဖျောင်း . . . ဖျောင်း"

"ဖေ့သားကြီး ခွပ်ထား . . . ခွပ်ထား"

"ဟေး. . . ဟေး ဖောင်းကြီး ခွပ်ထား. . . ခွပ်ထား"

"ဖေ့သားကြီး မဂို ဒဏ်ရာလေး လိုက်စမ်း"

"မဂိုက ကြက်လိမ္မာပဲ၊ ရှောင်ပြီး ခွပ်နေတယ်"

အားပေးနေကျခိုင်မှာ ဖောင်းကြီးက ညာခြေနှင့် ပင့်ရိုက်ထည့်လိုက်တာ မဂိုခေါင်းကို ထိသွားပြီး တစ်ပတ်လည်သွားသည်။ မဂိုက တစ်ပတ်လည်သွားရာမှ ပြန်လှည့်ပြီး ဖောင်းကြီးခေါင်းကို ဆိတ်ထားသည်။

"မဂိုကို ဒါမျိုးလုပ်လို့ မရဘူးလေ၊ ကဲ သည်တစ်ခါ မင်းအလှည့်ပဲ၊ ပြန်ရိုက်ပြလိုက်"

"နောက်တစ်ခါရိုက်ရင် သူ့ကိုပြီ၊ ဖောင်းကြီးတဲ့ကွ"

မဂိုက ခေါင်းကို အနှိုက်ခံထားရ၍ ခွပ်အား ပျော့လာသည်။ ဖောင်းကြီးဘက်က လူများအားလာ၍ လက်ခုပ်များတီး၍ အားပေးကြသည်။

ပထမအချီပြီးသွား၍ နှိုင်းအနားပေးလိုက်သည်။ တစ်နှိုင်းမှာပင် ကြက်ဆွဲများက ကြောက်၍ ရေပေးပြီးကနေကြ

www.burmeseclassic.com

ကိုကျော်ငွေကလည်း မဂိုကို ဒူးနှစ်ဖက်နှင့်ညှပ်၊ ပါးစပ်ထဲ ရေလောင်းထည့်ပြီး အချွဲများကို ရိုက်ထုတ်သည်။ ထို့နောက် ပေါင်တွင်းကြောများကို နှိပ်ပေး၊ ကြက်ပါးစပ်ထဲကို သစ်ရွက်လိပ်၍ ခွံပေးလိုက်ရာ ကြက်မှာ လန်းလန်းဆန်းဆန်းဖြစ်သွားသည်။

သည်လိုနှင့် ဒုတိယအချီ လွှတ်ရာမှာ ဖောင်းကြီးဆိတ်ထား၍ မဂို ခေါင်းတစ်ခုလုံး သွေးတွေရဲနေသည်။ မဂိုက ဘာမှမဖြစ်သလို ပုံမှန်သာ ခွပ်နေသည်။ လောင်းကြေးများကလည်း ဖောင်းကြီးဘက်မှ နှစ်လေးတစ်လေး ဖြစ်နေသည်။

ဒုတိယအချီပြီး၍ တတိယအချီ အရောက်မှာ ကိုကျော်ငွေ အကုကောင်း၍ မဂိုက အားအင်အပြည့်ဖြင့် ဖောင်းကြီးကိုဖိခွပ်နေရာ ဖောင်းကြီး ခြေချော်၍ အနောက်ဘက်ကို လန်ကျသွားသည်။

တစ်ချိန်တည်းမှာပင် မဂို အဖက်က ဖောင်းကြီး၏ ဦးနှောက်ထဲ စိုက်သွားရာ ဂေါ်ဟူသော အသံကြားရပြီး ဖောင်းကြီး လဲသွားသည်။

"ဟာ. . . ဘယ်လိုဖြစ်တာလဲ၊ ဖောင်းကြီး မထနိုင်တော့ဘူး"

"ငါတို့တော့ ရှုံးပြီ၊ ရှိတာလေးလည်းကုန်ပြီ"

"ကြွေတစ်လှည့် ကြက်တစ်ခွန်ဆိုတာ ဒါမျိုးပဲ၊ ငါကတော့ မဂို ကြက်ဆွဲကို မသက်ဘူး၊ ကြက်ပါးစပ်ထဲ ဘာထည့်လိုက်လဲ မသိဘူး"

"သူ့ကြက်အချွဲကျသွားအောင် သစ်ရွက်ထိုးထည့်တာလေ၊ ကြက်ဆွဲတိုင်း လုပ်နေကျပဲ"

သည်လိုနှင့် ကြက်ပွဲပြီးသွားသောအခါ ကိုကျော်ငွေက သူတို့အဖွဲ့တည်းသောအိမ်ကို ခေါ်သွားပြီး ကျွန်တော်တို့ကို ပြုစုကျွေးမွေးသည်။ ကိုကျော်ငွေမှာ ယခင်ကနှင့်မတူဘဲ ပြောင်ပြောင်ရောင်ရောင် ဖြစ်နေ၍ ကျွန်တော်က မေးမိသည်။

"သည်လောက်ကောင်းတဲ့ ကြက် ရထားတာ ခင်ဗျား သူငွေးမဖြစ်သေးဘူးလား"

"သည်ကြက်ကို ကျွန်တော် မပိုင်ဘူး၊ တရုတ်သူငွေး ပိုင်တာ၊ ကျွန်တော်က ကြက်ဆွဲလုပ်တာ"

"သည်လောက် ကောင်းတဲ့ ကြက် ဘယ်လိုလုပ်ပြီး ပိုင်သွားတာလဲ"

"ကားတစ်စီးနဲ့ လဲလိုက်တာလေ၊ ခု သည်ကြက်ပြန်ရှာပေးတာကား သုံးစီးလောက် ပိုင်နေပြီ"

"ခင်ဗျားကို ဘယ်လောက်ပေးလဲ၊ ကြက်ကို ခင်ဗျားပြုစုပေးရတာ မဟုတ်လား"

"ကျွန်တော့်ကိုလည်း မြေဝယ်ပြီး အိမ်ဆောက်ပေးတယ်၊ သုံးဖို့ငွေလည်း ပေးတယ်၊ တခြားကြက်တွေတိုက်ရင်လည်း ကြက်ကုပေးလို့ ငွေရပါတယ်"

"ဒါဖြင့် ခင်ဗျား သူငွေးဖြစ်ပြီပေါ့၊ ကြိုးစားပြီးလုပ်ဗျာ၊ တစ်နေ့ ခင်ဗျား ကြက်ပိုင်ဖြစ်မှာပါ"

"မျိုးကောင်း ကြက်ကလေးတွေ့ မွေးထားပါတယ်၊ အကျိုးပေးလာရင် ဖြစ်မှာပါ။ ရန်ကုန်ရောက်တဲ့အခါ လာလည်ပါဦး၊ ကျွန်တော် သာကေတမှာပဲနေတယ်၊ လိပ်စာယူသွားပါ"

"ဒါနဲ့ သည်ကြက်မျိုးကို မရဘူးလား၊ ယူထားဖို့ ကောင်းတယ်၊ တိုက်ကြက်ကောင်းတွေက ကျတဲ့အခါမှ မျိုးဖောက်ကြတာ၊ အချိန်တော့ စောင့်ရမှာပေါ့"

"တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ ကျွန်တော် ပြန်ဦးမယ်"

ကျွန်တော်တို့ (၂) ယောက် ပြန်လာကြရင်း လမ်းမှာ ကိုကျော်ငွေ အကြောင်းပြောပြရာ သူငယ်ချင်းက ဘယ်အလုပ်မျိုးမဆို တစ်ခွိန်ခွိန်မှာ အကျိုးပေးတတ်ကြောင်းနှင့် အကျိုးပေးချိန်မှာ လိမ်လိမ်မာမာနှင့် ငွေစုဖို့ လိုကြောင်း ပြောပါသည်။

ညွှန့်မောင်ဦး

❑

www.burmeseclassic.com

www.burmeseclassic.com

ရေနံ့သာ အာဏာပြုန်းတီးခြင်း လွမ်းသမုဒယအိပ်မက် ဒဏ္ဍာရီ

"ဒါကတော့ သမီးရယ်၊ သူ့အချိန် သူ့အရွယ်နဲ့ သီသင့်တာတွေ သိလာရတာ မွေတာပါပဲ၊ ကျောင်းသူဘဝ ကျောင်းစာတွေပဲ လေ့လာမှတ်သား စိတ်ဝင်စားနေတော့ ပြင်ပဗဟုသုတတွေ နည်းသေးတာပေါ့ကွယ်၊ အရွယ်ရောက်လာလို့ လုပ်ငန်းခွင် ဝင်ရတဲ့အခါ အတွေ့အကြုံ

"မေမေရယ် သမီး စာရေးဆရာကြီးတွေလို စာရေးတတ်ချင်လိုက်တာ"

"အလို- သမီး ဘာတွေများ စိတ်ကူးယဉ်လာရတာလဲ၊ ဆရာဝန်မကြီး ဖြစ်ချင်တယ်ဆိုလို့ ကြိုးစားခဲ့တာ အခု ဆရာဝန်မကြီး ပဲနဲ့ခြေအောင်နိုင်လာတော့ ဖြစ်နေပြီ၊ ဆရာဝန်မကြီး ဖြစ်ပြီးမှ စာရေးဆရာမကြီးဖြစ်ချင်ပြန်ပြီလား"

"ဟုတ်တယ် မေမေရေ၊ သမီး အခု ဆရာဝန်မကြီး ပစ်စစ်ဝတောင်မဖြစ်သေးပါဘူး၊ တွေ့ရကြုံရ မြင်ရ သိရတာတွေဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ အလုပ်သင်ဆရာဝန်အဖြစ် အလုပ်မရသေးခင် ကုသိုလ်ဖြစ် ပရဟိတ အခမဲ့ဆေးခန်းမှာ နေတနာ လုပ်အားပေး ဆရာဝန် သွားလုပ်နေတော့လည်း လူလောက၊ လူဘဝစိတ်ဝင်စားစရာတွေ စာရေးဖို့ကောင်းတာတွေ ကြုံရတယ် မေမေ၊ မှန်တာ ပြောရရင် ငယ်ငယ်ကတည်းက ကျောင်းစာတွေပဲ စိတ်ဝင်စားပြီး ကျောင်းစာတွေထဲ နစ်မြုပ်ခဲ့တာ၊ နှစ်စဉ် စာမေးပွဲတွေ အောင်ဖို့ပဲ သိခဲ့တာ၊ လူ့လောက လူဘဝအကြောင်း၊ လူတွေအကြောင်း သမီး ဘာမှမသိဘူး"

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သစ်တွေ၊ ဗဟုသုတတွေ ရလာတာပေါ့၊ စာရေးချင်စိတ်တွေ ပေါက်လောက်အောင် ဘာတွေများ စိတ်ဝင်စားစရာတွေ တွေ့လာရလို့လဲ"

"သမီး အခု အတွေ့အကြုံရအောင်ဆိုပြီး အလုပ်မရသေးခင် ကုသိုလ်ဖြစ် ပရဟိတ အခမဲ့ဆေးခန်း တစ်ပတ်(၅)ရက် သွားထိုင်ပေးတယ်၊ အလှူရှင်၊ ကုသိုလ်ရှင်တွေက ဆေးတွေ၊ ငွေတွေ လှူကြတယ်၊ ဆင်းရဲချို့တဲ့ပြီး ဆေးဝါးမကုနိုင်ဘဲ မကျန်းမမာဖြစ်နေသူတွေ အတွက်ရည်ရွယ်တာပေါ့လေ၊ဒါပေမဲ့ ဆေးခန်းရောက်လာသူတွေကို လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ကုသပေးနေပါတယ်"

"အေးလေ၊ အဲဒါဘာဖြစ်လဲ သမီး၊ ဘာများ စိတ်ဝင်စားစရာတွေ့လာလို့လဲ"

"အများစုကတော့ ဆင်းရဲချို့တဲ့ကြပြီး ဆေးမကုနိုင်ကြလို့ ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို အားကိုးပြီး လာကြတာပါပဲ၊ တချို့ကျတော့ ရွှေနဲ့ငွေနဲ့ အသင့်အတင့် ချမ်းသာကြတယ်၊ ဆေးကုနိုင်ကြတယ်၊ ဒါပေမဲ့ ကုသိုလ်ဖြစ်ဆေးခန်းကို အလကားရတယ်၊ အခမဲ့ရတယ် ဆိုပြီး အခွင့်အရေး တစ်ရပ်အနေနဲ့လာကြတယ်။

အလှူရှင်တွေနဲ့ တည်ထောင်သူတွေကတော့ ကုသိုလ်ရနေတာပါပဲ၊ တချို့လူနာတွေက ဘာဆေးပေးပါ၊ ဘာဆေးထိုးပါနဲ့ ဆရာဝန်ကို ဆရာလာလုပ်တယ်၊ သည်းခံရတာပဲ၊ တချို့ကတော့ မကျန်းမာတာ ရောဂါဝေဒနာဖြစ်တာကို ဂုဏ်ယူဝင့်ကြွားနေတာ ရှိသေးတယ်၊ ရောဂါဖြစ်နေတာ ဘယ်လောက်ကြာပြီ၊ ရန်ကုန်မန္တလေးက အထူးကုသမားတော်ကြီးတွေနဲ့ ကုသနေရတာ စားနေရတဲ့ဆေးတွေက မြန်မာပြည်မှာ ဝယ်မရလို့ နိုင်ငံခြားမှာရတာတွေ ပြောကြတယ်၊ လာပြတော့ ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းလာပြတယ်၊ ပြောနေတာတွေက လေတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com

မိုးတစ်လုံးပဲ၊ သမီးကတော့ ကိုယ့်တာဝန်၊ ကိုယ့်အလုပ်ကိုပဲ စိတ်ဝင်စားပြီး ကြားရ မြင်ရတာတွေအပေါ် စိတ်ရှည် သည်းခံပါတယ်၊ တချို့က တော်တော်သနားစရာကောင်းတယ်၊ ဆင်းရဲချို့တဲ့တဲ့အပြင် ကျန်းမာရေး ဗဟုသုတကလည်း ခေါင်းပါးလွန်းတယ်၊ တချို့ဆို ရောဂါက အတော်ကျွမ်းနေပြီ၊ အဖြေအနေက သိပ်မကောင်းတော့ဘူး၊ ဆေးရုံတက်ပါပြောတော့လည်း မတက်နိုင်ဘူး"

"ခုခေတ်မှာ ဆေးရုံတက်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး သမီး၊ ငွေမရှိဘဲ ဆေးရုံတက်ဖို့ မဖြစ်နိုင်ဘူး၊ အတော်အသင့် ငွေကြေးတတ်နိုင်ရုံနဲ့လည်း မဖြစ်သေးဘူး၊ ဆေးရုံမှာ လူနာစောင့်ဖို့က လူလိုတယ်၊ စားသောက်ဖို့ ထမင်းဟင်းချက်ပြီး ပို့မယ့် လူလိုသေးတယ်၊ တချို့အိမ်မှာ ကိုယ်ခွဲမရှိကြဘူး၊ ရက်ရှည်ဆေးရုံတက်ရရင် လူနာရဲ့အဝတ်၊ အညစ်အကြေးတွေ လျှော်ဖွပ်ပေးမယ့်သူ၊ လူနာစောင့်၊ ထမင်း ပို့မယ်သူ၊ လူတစ်ယောက်ဆေးရုံတက်ရင် နောက်ထပ် လူလေးယောက်လောက် အလုပ်တွေ ရှုပ်ကုန်တယ်၊ အိမ်မှာ ကိုယ်ခွဲလက်ခွဲလူ၊ ဆွေမျိုးသားချင်း မိတ်ရင်းဆွေရင်း စေတနာ မေတ္တာရှိသူ၊ အနွံအနာခံမယ့်သူရှိမှ ဖြစ်တာ၊ ဒါကြောင့် ကျန်းမာရေးဟာ သိပ်အရေးကြီးတယ်။

ကိုယ်မကျန်းမာရင် တခြားလူတွေပါ ဒုက္ခများတယ်၊ကျန်းမာနေစဉ် ကျန်းမာရေးတန်ဖိုး သတိမထားမိပေမယ့် မကျန်းမာတဲ့အခါ ကျန်းမာရေးတန်ဖိုး သိလာကြတယ်၊ မကျန်းမာဘဲ ငွေကြေးချမ်းသာနေတာဟာ အလကားပဲ၊ လူတစ်ယောက်ဟာ ကျန်းမာနေစဉ် တစ်နေ့ကို ငွေ တစ်ထောင် ဝင်ငွေရအောင် ရှာနိုင်တယ် ဆိုပါတော့၊ မကျန်းမမာဖြစ်လာရင် အလုပ်မလုပ်နိုင်လို့ ဝင်ငွေ တစ်ထောင်လည်းဆုံးတယ်၊ ဆေးကုရတာ တစ်နေ့ ၁၀၀၀ ကုန်ရင် အဲဒီလူဟာ တစ်နေ့ ၂၀၀၀ ဆုံးရှုံးတော့တာပဲ၊ သမီးတို့ ဆရာဝန်တွေက ဆေးကုသပေးရုံမဟုတ်ဘဲ တတ်နိုင်သလောက် ကြိုရင်ကြိုသလို ကျန်းမာရေး ပညာပေး ဗဟုသုတတွေပေးရမယ် သမီး"

"သမီးတို့လည်း ကျောင်းမှာ ကတည်းက ကြိုတင်ကာကွယ်ရေးတွေ၊ ပညာပေးရေးတွေ သင်ရပါတယ်၊ လုပ်ငန်းခွင်ထဲရောက်တော့ ကျောင်းမှာ မသင်ခဲ့ရတာတွေ ကြုံရတယ်၊ အတော့်ကို ဗဟုသုတရတယ် မေမေ၊ ဆေးပညာနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ ဗဟုသုတတွေအပြင် လူတွေနဲ့ လူလောကကြီး အကြောင်း ပိုသိလာရတယ်၊ ရင်ထဲမှာ စာရေးချင်စိတ်တွေ ပေါ်လာတယ်၊ ဒါပေမဲ့ ဖြစ်နိုင်မယ် မထင်ပါဘူး မေမေရယ်၊ သမီး ကျောင်းစာကလွဲပြီး ဘာမှ မရေးဖူးသေးဘူး"

"ဒါကတော့သမီးရယ် ဝါသနာအခြေခံပါလာရင် လေ့ကျင့်မှု လိုက်စားမှုတွေ ရှိလာရင် ဖြစ်ပါတယ်၊ ဆရာဝန်ဖြစ်ဖို့၊ အင်ဂျင်နီယာဖြစ်ဖို့၊ စစ်ဗိုလ်ဖြစ်ဖို့က ကျောင်းတွေ၊ တက္ကသိုလ်တွေ ရှိပေမယ့် စာရေးဆရာဖြစ်ဖို့ ကျောင်းတွေ၊ တက္ကသိုလ်တွေ မရှိဘူး သမီး၊ ပါရမီ ဖြစ်ဖို့ဆိုတာ ကြိုးစား လေ့ကျင့်ရတယ်၊ လေ့လာလိုက်စားရတယ်၊ ဖတ်ရ မှတ်ရတယ်၊ ရသတွေ သုတတွေကို နှလုံးသားထဲ ဦးနှောက်ထဲ စုဆောင်းရတယ်၊ နောက်တော့ စာရေးဆရာကြီးတွေ ရေးသားတင်ပြပုံတွေကို အတုယူရတယ်၊ ကိုယ်ရေးချင်တာ တင်ပြချင်တာတွေ ပြုစုရတယ်၊ မေမေ သိသလောက်တော့ စာရေးဆရာတွေဟာ အိပ်ချ် H သုံးလုံးနဲ့ စာရေးကြသတဲ့၊ ပထမ H တစ်လုံးက ဦးခေါင်း ဦးနှောက် Head ပေါ့၊ နောက် H တစ်လုံးက Heart နှလုံးသားနဲ့ ခံစားတယ်၊ ဦးခေါင်း ဦးနှောက်နဲ့တွေးတော ဆင်ခြင် ကြံဆတာတွေရယ်၊ နှလုံးသားနဲ့ ခံစားထားတာတွေရယ်ကို နောက် H တစ်လုံးဖြစ်တဲ့ Hand လက်နဲ့ ရေးချလိုက်တယ်တဲ့"

"မေမေ ပြောပြမှပဲ စာရေးဆရာဖြစ်ဖို့ မလွယ်ပါလားနော်"

"ဒီလိုလည်း မဟုတ်သေးဘူး သမီးရဲ့၊ ဝါသနာပါဖို့ရယ်၊ စိတ်ဓာတ် ပြင်းထန်ဖို့ရယ်၊ ဝီရိယနဲ့ ကြိုးစားဖို့ရယ်သာ လိုတာပါ၊ ဆရာဝန် စာရေးဆရာကြီးတွေ အများကြီးပဲ ရှိတယ်၊ မေမေတို့ ရေနံချောင်းမှာ ဟိုးတစ်ချိန်က ပန်းရောင်းတဲ့ ပန်းသည် ကလေးမလေးတစ်ဦး ရှိခဲ့ဖူးတယ်၊ အဲဒီ ပန်းသည် ကလေးမလေးဟာ မနက်စောစော ပန်းလေးတွေလည်ရောင်းတယ်၊ သူ့ရောင်းတဲ့ မြတ်လေးပန်းလေးတွေကို မြန်မြန်ကုန်စေချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကလေးမလေးဟာ ပန်းရောင်းရင်း ကျောင်းတက်ရရှာတယ်၊ ပန်းမြန်မြန်ကုန်မှ ကျောင်းသွားချိန်မီမယ်လေ၊ ဒါကြောင့် ဝီရိယစိုက်ပြီး ရောင်းတယ်၊ ကျောင်းတက်တော့လည်း ကျောင်းစာကို စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com

တစား ဝိရိယစိုက် ကြိုးစားတယ်၊ စည်းကမ်းနဲ့အညီ နေထိုင်တဲ့အပြင် ရိုးရိုးယဉ်ယဉ်ဝတ်စား ဆင်ယင်လေ့ရှိတယ်၊ ဒီတော့ နှစ်စဉ် အတန်းတိုင်းမှာ ဆုတွေရတယ်၊ ပညာရည်ထူးချွန်ဆု၊ စည်းကမ်းကောင်းတဲ့ဆု၊ ဝတ်စား ဆင်ယင်မှု ယဉ်ကျေးသိမ်မွေ့တဲ့ဆု ဆိုတာတွေ ရတယ်၊ ဒီတော့လည်း အဲဒီပန်းရောင်းတဲ့ ကျောင်းသူလေးရော သူ့အမေနဲ့ မိသားစုတို့ ဂုဏ်ယူကြ၊ ပျော်ကြတာပေါ့။

အဲဒီခေတ်က ဆုအဖြစ် ခဲတံ၊ ဖောင်တိန်၊ စာအုပ်နဲ့ အင်္ကျီစအဖြစ် မေ၊ပလင်ပိတ်စ၊ ကျောင်းစိမ်းထဘီ ပိတ်စတွေရတာပေါ့။ ဒါပေမဲ့ မိသားစုဆင်းရဲကျပ်တည်းတော့ဆုရတဲ့ပစ္စည်းလေးတွေကို ပေါင်နှံရတယ်၊ ရတဲ့ငွေလေးနဲ့ ဟင်းဖိုး ထမင်းဖိုး ဖန်တီးခဲ့ကြရတယ်။

အဲဒီကလေးမရဲ့ ဖခင်ကြီးက နာရီပြင်ဆိုင်ဖွင့်ပြီး စီးပွားရှာရတာဆိုတော့ ပုံမှန်ဝင်ငွေရယ်လို့ မရှိဘူး၊ ပန်းရောင်းတဲ့ ကျောင်းသူ ကလေးမလေးမှာ အမေ၊ အဖေအပြင် ညီမလေးတွေရှိသေးတယ်၊ သူ့ဖခင် နာရီပြင်ဆရာကြီးဟာ တစ်ချိန်ကတော့ ရွေနံကုမ္ပဏီကြီးမှာ မန်နေဂျာကြီးတစ်ဦးပါ၊ သားသမီးလေးတွေ ဘဝရှေ့ရေးနဲ့ ဘဝတိုးတက်ရာ တိုးတက်ကြောင်းဆိုပြီး ရေနံတွင်း ဝယ်နိုင်အောင် ကြိုးစားလိုက်တယ်၊ မိသားစုပိုင် ရှိသမျှ ရွှေငွေလက်ဝတ်လက်စားအားလုံးရောင်းချပြီး ရေနံတွင်းပိုင်ဖို့ ပုံအောလိုက်တယ်။

ကံဆိုးချင်တော့ သူ ရေနံတွင်း ဝယ်ပြီး ပိုင်ဆိုင်လိုက်တဲ့ အချိန်မှာ တော်လှန်ရေးကောင်စီ စစ်အစိုးရ တက်ခါစမှာ ရေနံတွင်းတွေ အားလုံး ပြည်သူပိုင် အသိမ်းခံလိုက်ရတယ်၊ မိသားတစ်စုလုံး ကုန်းကောက်စရာ မရှိအောင် ဆင်းရဲသွားခဲ့တယ်၊ သားသမီးလေးတွေက ကျောင်းနေတဲ့ အရွယ် စီးပွားပျက်သွားပေမယ့် မိခင်ကြီးက ပညာသင် မပျက်ရအောင် ရုန်းကန် စီမံခဲ့တယ်၊ ဖခင်ကြီးကလည်း မန်နေဂျာကြီးဘဝက နာရီပြင်ဆရာဘဝ ရောက်ခဲ့တယ်။

မလောက်မငဖြစ်နေတဲ့မိသားစုအခြေအနေကြောင့် ကျောင်းသူလေးဟာ ကျောင်းတက်ရင်း ပန်းရောင်းခဲ့ရတယ်၊ ထူးချွန်ဆုရသမျှ ဆုလေးတွေကို ပူနွေးအောင်တောင် မကိုင်လိုက်ရဘဲ စားဝတ်နေရေးအတွက် ပေါင်နှံခဲ့ရတယ်၊ ဒီလို ပြင်းထန်တဲ့ လောကဓံတွေကြားက ကျောင်းသူကလေးမဟာ ပညာရေးကို အပြင်းအထန် ကြိုးစားခဲ့တယ်၊ ကိုယ့်ဘဝကိုယ့်အခြေအနေကို နားလည် သိတတ်ပြီး လိမ်လိမ်မာမာနေတယ်၊ ပန်းရောင်းပြီး မိသားစုအတွက်နဲ့ ကျောင်းစရိတ်ကို ရှာတယ်၊ စာပေကို ငယ်စဉ်ကတည်းက ဝါသနာပါသူဖြစ်လို့ စာပေကဗျာ လက်ာတွေကို ရသမျှ ဖတ်တယ်။

အဲဒီအချိန်က ရေနံချောင်းမှာ စာအုပ်အငှားဆိုင်တွေ ဘာတွေ မရှိသေးဘူး၊ လူထု လက်ရုံး စာအုပ်ဆိုင်ကြီးနဲ့ ဆရာညိကြီးစာအုပ်ဆိုင်တွေဟာ စာအုပ်သစ်တွေမှန်သမျှ ကာတွန်းကအစ ကျမ်းစာအုပ်တွေအထိ သိပ်စုံတယ်၊ စာအုပ်ဆိုင်နားရောက်ရင် စာအုပ်တွေကိုငေးကြည့်ပြီး ဝယ်မဖတ်နိုင်လို့ ကြေကြေကွဲကွဲ မျိုသိပ်ကြိတ်မှိတ်ခဲ့ရရှာတယ်၊ ဒါပေမဲ့လည်း ရေတတ်သူ ထမင်းဆာသူဟာ ရေနဲ့စားစရာကို တမ်းတမ်းတတ ရှာဖွေတတ်သလို စာအုပ်စာပေ တတ်သူဟာလည်း ရနိုင်သမျှ စာပေတွေကို ဖတ်တယ် မှတ်တယ်။

ဟိုခေတ်က အခုခေတ်လို ထုပ်ပိုးကုန်ပစ္စည်းတွေကို ကြွပ်ကြွပ်အိတ်နဲ့ထည့်တာမဟုတ်ဘူး၊ သတင်းစာ ဂျာနယ် မဂ္ဂဇင်းဟောင်း စာရွက်တွေနဲ့ ထုပ်တာ၊ အဲဒီ ပန်းရောင်းတဲ့ ကျောင်းသူမလေးဟာ ပစ္စည်းတွေ ထုပ်ပြီး လွှင့်ပစ်ထားတဲ့ သတင်းစာ ဂျာနယ်၊ မဂ္ဂဇင်းဟောင်းစာရွက်လေးတွေကအစ ဖတ်တယ် မှတ်တယ်၊ စုဆောင်းတယ်။

ဒီလိုနဲ့ ဘဝအကျပ်အတည်း လောကဓံတွေကြားက ဆယ်တန်းအောင်တယ်၊ တက္ကသိုလ်တက်တယ်၊ ပညာသင်နေစဉ်ကာလမှာကိုယ့်ဘဝကိုယ့်အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် အစစချွေတာတယ်၊ ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်တယ်၊ ပညာကို အထူးကြိုးစားတယ်၊ နှလုံးသားကို ရိုက်ခတ်လာတဲ့ မေတ္တာရေးနဲ့ ပတ်သက်လို့ ခံစားချက်တွေကို စာပေကဗျာတွေနဲ့ ထိန်းချုပ်ပြီး ရည်မှန်းချက် ရောက်အောင် ကြိုးစားခဲ့တယ်။

တက္ကသိုလ်က ဘွဲ့ရပြန်တော့ ကိုယ့်ဘဝကို ပြန်တွေးငဲ့စောင်းပြီး အများအတွက် အကျိုးပြုနိုင်တဲ့ ပရဟိတလုပ်ငန်းတွေကြိုးပမ်းခဲ့တယ်၊ မိမိတတ်ထားတဲ့ အတတ်ပညာနဲ့ တစ်မျိုး၊ ငယ်စဉ်ကတည်းကဝါသနာ

www.burmeseclassic.com

ပြင်းထန်ခဲ့တဲ့ စာပေ အနုပညာနဲ့ တစ်နည်း ပြည်သူကို လုပ်ကျွေးနေတာ မေမေတို့ ရေနံချောင်းက ဆရာဝန်မလေး စာရေးဆရာမ ဂျူးရယ်လို့ ဖြစ်လာခဲ့တယ်"

"သိပ်အားကျဖို့ ကောင်းတာပဲနော်"

"ဒါကြောင့် မေမေပြောတာပေါ့။ သမီးအခု ရည်မှန်းခဲ့တဲ့ ဆရာဝန်မကြီး ဖြစ်ပြီ၊ ဝါသနာပါတဲ့စာရေးဆရာမကြီး ဖြစ်ချင်ရင် ဖြစ်အောင် ကြိုးစားပေါ့ သမီးရယ်၊ မေမေတို့ ရေနံချောင်းသူ ဒေါက်တာတင်တင်ဝင်းဟာ ဆရာဝန်မကြီး တစ်ဦးဖြစ်တဲ့အပြင် နိုင်ငံကျော် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီး ဂျူးရယ်လို့ ဖြစ်လာအောင် ရုန်းကန်ကြိုးစားခဲ့ရတယ်။

သမီးဆိုရင် ငယ်ငယ်ကတည်းက ဖခင်မရှိခဲ့လို့ ဖတဆိုးသမီးလေးဆိုပြီး ဇီမမေ ဘိုးဘိုး ဘွားဘွားတို့ အားလုံးကအလိုလိုက်ခဲ့တယ်၊ ပြည့်စုံအောင် ထားပေးခဲ့တယ်၊ သမီး (၁၀) တန်း ကျောင်းသူဖြစ်လာတဲ့နှစ်မှာ မေမေက မကွေးမြို့မှာ မြေဝယ်ပြီး အဆောက်အအုံ ဆောက်ထားခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ မကွေးမြို့ဟာ တိုင်းမြို့တော်ကြီးဖြစ်တာရယ်၊ ဧရာဝတီ မြစ်ကူးတံတားကြီး ရှိလာတာရယ်၊ မကွေးတက္ကသိုလ်၊ ပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်တွေရှိလာတော့ မြေလတ်ဒေသရဲ့ ပညာရေးမြို့တော်ကြီး ဖြစ်လာတယ်။

သမီး (၁၀) တန်းအောင်လို့ တက္ကသိုလ်တက်ရင် အဆောင်မှာ နေရတာမျိုး မဖြစ်စေချင်ဘူး၊ ကိုယ့် အိမ် ကိုယ့်ရာကနေ ကျောင်းတက်နိုင်အောင်၊ အုပ်ထိန်းမှု လွတ်ကင်းတာမျိုး မဖြစ်ရအောင် မေမေကြိုပြီး ဖန်တီးထားခဲ့တယ်၊ မကွေးက တိုက်နဲ့ခြံကို ဆေးကျောင်းသူသီးသန့်ဘော်ဒါဆောင်အဖြစ် ဖွင့်ထားခဲ့ပြီး အဲဒီမှာ သမီးရဲ့ ဦးလေးနဲ့ ဒေါ်လေးတို့ကို နေရာချထားခဲ့တယ်။

မေမေက သမီး ဘိုးဘိုးနဲ့ ဘွားဘွား အသက်တွေလည်း ကြီးပြီ၊ ကျန်းမာရေးလည်း သိပ်မကောင်းကြလို့ အနီးကပ်ပြုစုဖို့ ရေနံချောင်းမှာပဲ နေရတယ်၊ ရေနံချောင်းနဲ့ မကွေးက (၃၂)မိုင်ပဲ ဝေးတာပါ၊ ကားတွေက လည်းပေါတယ်၊ တစ်နာရီခရီးပဲလေ၊ သမီး မကွေးဆေးတက္ကသိုလ် တက်တော့ တစ်ပတ်တစ်ခါ သောကြာနေ့ ညနေ ရေနံချောင်းပြန်၊ တနလ်ာနေ့ မနက်စောစော မကွေးကို ပြန်သွားကျောင်းတက်၊ အဲဒီလို နေခဲ့တာ မဟုတ်လား။

အခု ဆရာဝန်မကြီး ဖြစ်ပြီ၊ အလုပ်မဝင်ခင်အတွေ့အကြုံရအောင် ကုသိုလ်လည်းရအောင် ပရဟိတ အခမဲ့ဆေးခန်း တစ်ပတ် (၅)ရက် ထိုင်တယ်၊သောကြာနေ့ ရေနံချောင်း မေမေတို့ဆီ ပြန်လာတယ်၊ တနလ်ာနေ့ မကွေးပြန်သွားတယ်၊ မကွေးမှာ နေရေး စားရေး ကိုယ့်အိမ် ကိုယ့်ရာ ရှိတယ်၊ သမီး ဘာပူစရာ ရှိသေးလဲ၊ ပြည့်စုံအောင် မေမေတို့၊ ဘိုးဘိုး ဘွားဘွားတို့က ဖြည့်ဆည်းပေးနေတာပဲ မဟုတ်လား၊ ဒီတော့ သမီး အခု စာရေးဆရာမကြီးဖြစ်ချင်တယ်ဆိုရင် ကြိုးစားပေါ့ သမီးရယ်"

"သမီး ရင်ထဲမှာ စာရေးချင်တာတွေ အပြည့်ရှိတယ်၊ သမီးခေါင်းထဲမှာလည်း စာရေးစရာတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ ဘာကစ ဘယ်လိုရေးရမှန်း မသိဘူး မေမေရယ်၊ သမီးမှာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ လူနာဦးလေးကြီးတစ်ယောက် အကြောင်း ရေးချင်နေတာရှိတယ်"

"ရေးချင်တာကို ရေးချလိုက်ပေါ့သမီးရယ်၊ အချိန်ဆွဲမနေနဲ့ ရင်ထဲမှာ လှုံ့ဆော်လှုပ်ရှားနေချိန် ခေါင်းထဲမှာ ရေးချင်တာပေါ်နေတဲ့အချိန်ဟာ စာရေးဖို့ အကောင်းဆုံးပဲ၊ ပြီးတော့ ရောက်လေရာမှာ စာရေးဝါသနာ ပါသူဟာ လေ့လာမှတ်သားနေရတယ်၊ အမှုမဲ့ အမှတ်မဲ့ မနေရဘူး၊ သမီး မကွေးမှာ ဆေးတက္ကသိုလ် တက်နေတာ နှစ်အကြာကြီးပဲ၊ ကဲ- မကွေးမြို့ အကြောင်း မကွေးဆေးတက္ကသိုလ် အကြောင်း လေ့လာမိရဲ့လား၊ စာရေးဆရာမကြီး ဖြစ်ချင်တယ်ဆို၊ ပြီးတော့ သမီးရဲ့ဇာတိမွေးရပ်မြေ ရေနံချောင်းမြို့ အကြောင်းကော သမီး လေ့လာမှတ်သားထားမိရဲ့လား"

"မေမေပြောတော့မှ သမီး တော်တော်ညံ့သေးတယ်ဆိုတာ တွေးမိတော့တယ်၊ သမီး ဆရာဝန်ဖြစ်ဖို့ ကျောင်းစာကလွဲပြီး ဘာမှ စေ့စေ့စပ်စပ် မလေ့လာ မမှတ်သားမိပါဘူး မေမေရယ်"

"သမီးရယ် ရေနံချောင်းသူ တစ်ယောက်အနေနဲ့ ရေနံချောင်းမှာ ထင်ရှားတဲ့ သမိုင်းဝင် အထောက်အထား အဖြစ်အပျက်တွေ သိသင့်

www.burmeseclassic.com

www.burmeseclassic.com

သလောက်တော့ သိထားသင့်ပါတယ်ကွယ်၊ ဥပမာ သမီးကျောင်းနေခဲ့တဲ့ လည်ပေါ်ကျောင်းကြီးဟာ ဆိုရင် ၁၉၃၅ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့က ပထမအကြိမ် တို့ပမာအစည်းအရုံးကြီးရဲ့ ညီလာခံကြီးကိုကျင်းပခဲ့တယ်၊ သခင်ဘွဲ့တွေ ခံယူခဲ့ကြတဲ့ သမိုင်းဝင် ထူးခြားတဲ့ နေရာပေါ့။

၁၉၃၁ ခုနှစ်တုန်းက သခင်ဗသောင်းနဲ့ သခင်ဗစိန်တို့ ရေနံချောင်း၊ တွင်းကုန်း ဓမ္မာရုံမှာ ပထမဆုံး သခင်တရားပွဲကြီး သိမ့်သိမ့်တုန်အောင် ကျင်းပနိုင်ခဲ့တယ်၊ သမီးငယ်ငယ်က မကြာခဏ သွားခဲ့ဆော့ကစားခဲ့တဲ့ ကျောက်စာရုံဘုရားဘက်မှာ ဘာသာရေး သာသနာရေးနဲ့ ပတ်သက်လို့ ထူးခြားအံ့သြစရာတွေ ရှိတယ်၊ ရေနံချောင်း ဆုံတိုက်ရုပ်၊ စိန်ပန်းပင်ကျောင်းခေါ်တဲ့ ကျောက်စာရုံကျောင်းကြီးထဲမှာ အင်မတန်ထူထည်ကြီးတဲ့ (၇)ပင် ပတ်လည်အမြင့် (၂၂)ပေရှိတဲ့ တိုက်ကြီး (၂)တိုက်ရှိတယ်၊ အခန်းတိုင်းမှာ ပြတင်းပေါက်တွေက လူတစ်ရပ်ကျော်စာယ်၊ သံတိုင်တွေက ကျပ်လုံးသံတိုင်တွေ စိုက်ထားတယ်၊ အဲဒီတိုက်ထဲမှာ ဝိနည်း ပါဠိတော် (၅)ကျမ်း ကျောက်ချပ် (၁၄၄)ချပ် ရှိတယ်။

ဒုတိယအဆင့်မှာ အဘိဓမ္မာ (၇)ကျမ်းကျောက်ချပ် (၂၁၃)ချပ်ရှိပြီး အောက်ထပ်မှာ သုတ္တန်ဒေသနာတော် ကျောက်ချပ်(၁၁၄)ချပ်ရှိတယ်၊ ပဏ္ဏာသ (၃)ကျမ်း သံယုတ်(၅)ကျမ်းက ကျောက်စာတွေတော့ မတွေ့ရဘူး၊ ဒီကျောက်စာတွေကို ၁၂၇၄ ခုတန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်နေ့မှာ ရေနံချောင်းတွင်းစားကြီး ဦးသာက် + ဒေါ်ခင်တင် မိသားစုကောင်းမှုနဲ့ ထူထောင် ပူဇော်ခဲ့တာ ၁၂၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက် ဗုဒ္ဓဟူးနေ့မှာပြီးလို့ (၁၃)နှစ်ကြာတယ်၊ ယခင်က ဆိပ်သာကွန်းထောက်မြို့လို့ အမည်တွင်တယ်၊ နောက်တော့ ရေနံ့သာမြို့လို့တွင်ပြီး ရေနံချောင်းမြို့ရယ်လို့ ဖြစ်လာခဲ့တယ် သမီး။

မကွေး မြသလွန်စေတီတော်ကြီးသမိုင်းတို့၊ မကွေးတက္ကသိုလ်ကြီး နောက်ခံသမိုင်းတို့ သမီး မလေ့လာဖြစ်ဘူးမဟုတ်လား၊ သမီး မကွေးဆေးတက္ကသိုလ်တက်နေစဉ်က မင်းဘူးမြို့ဘက်ကို မကြာခဏ ရောက်ဖူးမှာပေါ့၊ ဧရာဝတီမြစ်ကြီးကို ဖြတ်ဆောက်ထားတဲ့ မကွေး ဧရာဝတီတံတားကြီးအရှည် ဘယ်လောက်ရှိလဲဆိုတာ သမီးသတိထားမိရဲ့လား၊ ၈၉၈၉ ပေ ရှည်တယ် သမီး။

မေမေလည်း မကွေးကောလိပ်မှာ ကျောင်းတက်ခဲ့ဖူးတယ်၊ မကွေးကောလိပ် အခု မကွေးတက္ကသိုလ်ပေါ့လေ၊အဲဒီတက္ကသိုလ်ကြီးအကြောင်း မေမေ မှတ်သား လေ့လာဖြစ်ခဲ့တယ်၊ မကွေးကောလိပ်ကို ရန်ကုန်တက္ကသိုလ် လက်အောက်ခံအဖြစ် ၁၉၅၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့မှာ စဖွင့်ခဲ့တယ်၊ နောက် ၁၉၆၉-၇၀ မှာ မကွေး ဒီဂရီကောလိပ်ဖြစ်လာတယ်၊ ၁၉၅၈ ခုနှစ်ကတည်းက မန္တလေးတက္ကသိုလ် လက်အောက်ရောက်ခဲ့တယ်၊ ပထမကျောင်းအုပ်ကြီးက ဦးခင်ညွန့်၊ ဒုတိယက ဦးဘစီ၊ တတိယ ကျောင်းအုပ်ကြီးက ဦးစိန်မြင့်၊ မေမေတို့ မကွေးဒီဂရီကောလိပ် ရောက်တော့ ကျောင်းအုပ်ကြီးက ဦးဝင်းမောင်၊ ၁၉၅၆-၅၇ တုန်းက ကျောင်းသားတွေအတွက် နတ်မောက်ဆောင် ဆောက်ပေးတယ်၊ နောက်တော့ ဘိုးလှကြီးဆောင်နဲ့ ကျောင်းသူတွေအတွက်က စံပယ်ဆောင်ကို ၅၉-၆၀ မှာ စဆောက်ခဲ့သတဲ့၊ ၇၁-၇၂ မှာ စလေဆောင်၊ မင်းလှဆောင်၊ ဘိုးရာဇာဆောင်၊ ဗိဿနိုးဆောင်၊ တေဇဆောင်တွေ ရှိလာပြီး နောက်တော့ တေဇဆောင်ကို ရေနံ့သာဆောင်လို့ အမည်ပေးခဲ့တယ်။

၁၉၇၅ ကျောင်းဝိတ်ရက်မှာ အမျိုးသမီးဆောင်ဖြစ်တဲ့ မြတ်လေးဆောင် မီးလောင်ခဲ့သေးတယ်လေ၊ နောက် ကျောင်းသားတွေအတွက် ရေနံ့သာ၊ ဘိုးရာဇာ၊ ဗိဿနိုး (၃) ဆောင်၊ ကျောင်းသူတွေအတွက် စံပယ်၊ နတ်မောက်၊ ဘိုးလှကြီးဆောင်တွေ ဖြစ်လာတယ်၊ အညာမြေလတ်က မကွေးကောလိပ်မှာ ကုက္ကို၊ ထနောင်း၊ လက်ပံ၊ တမာ၊ ထန်းတောတွေနဲ့ သိပ်သာယာတယ်၊ လွမ်းစရာလည်း ကောင်းတယ်”

“မေမေနဲ့ ဖေဖေတို့က မကွေးကောလိပ်မှာ ဆုံခဲ့ကြတာလား”

“ကောလိပ်မရောက်ခင် ရေနံချောင်းကတန်းမြင့်ကျောင်းလို့ခေါ်တဲ့ ဂါးဗားမင့်ကျောင်း၊ အစိုးရ အထက်တန်းကျောင်းမှာကတည်းက သူငယ်ချင်းတွေဖြစ်ခဲ့ကြတာပါ၊ သမီး ဘိုးဆိုးဘွားဘွားတို့က ရေနံတွင်းစားမျိုးနွယ်မြို့မျက်နှာဖုံး လူကြီးတွေပေါ့ကွယ်၊ ရိုးရိုးအေးအေး နေတတ်ကြပြီး ဘာသာတရား လိုက်စားတယ်၊ စည်းကမ်း

www.burmeseclassic.com

www.burmeseclassic.com

သိပ်ကြီးတယ်၊ သမီးဖေဖေဘက်က ဘိုးဘိုး ဘွားဘွားတွေက ကုန်သည်ကြီးတွေပါ။ သမီး ဘိုးဘိုးက နိုင်ငံရေးသမား သခင်မော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးပါ။ ဘွားဘွားက သခင်မကြီး မဟုတ်ခဲ့ပေမယ့် နိုင်ငံရေး သိပ်စိတ်ဝင်စားတယ်၊တော်လှန်ရေးကာလ လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက် အမျိုးသမီးငယ်လေးပေမယ့် တက်တက်ကြွကြွ ပါဝင်ခဲ့တယ်တဲ့။

ဒါ့အပြင် သမီးဘွားဘွားက စာရေးဆရာတစ် သိပ်ဝါသနာပါတယ်၊ စာပေအနုပညာ ဂီတ သဘင်ရုပ်ရှင်တွေလည်း ဝါသနာပါသတဲ့၊ သမီးဖေဖေကလည်း သူ့မိဘသွေး ပါတာပေါ့နော်၊ သူ့အဖေဆီက နိုင်ငံရေးစိတ် မာတ် သူ့အမေဆီက စာပေ ရုပ်ရှင် ဂီတ သဘင် အနုပညာတွေလည်း ဝါသနာပါလာတယ်။

တိုးရွေးရွေးက ရေနံချောင်းမြို့ရဲ့ ဂီတဖခင်ကြီးလို့ဆိုရမှာပဲ ဂီတလုလင်တီးဝိုင်းခေါင်းဆောင်ဆရာကြီး ဦးဦးဖေ ဆိုတာရှိတယ်၊ ကမ္ဘာသုံး ဂီတသင်္ကေတတွေ ကျွမ်းကျင်တယ်၊ ဂီတလုလင် တီးဝိုင်းမှာ ရေနံမြေဒေးဗစ်၊ ကိုမြင့် (ရေနံ့သာတင်လှိုင်)၊ ဆရာအေး၊ ဂီတာဦးညွှန့်၊ ရေနံ့သာစိုးလှိုင်၊ အလွမ်းတေးဘုရင် အဆိုတော် ကိုတင်လှိုင်၊ ရေနံ့သာ ဝင်းမောင် အနုပညာသမားတွေ အများကြီး ရေနံချောင်းမှာ ရှိခဲ့တယ်။

သမီးဖေဖေကလည်း အတီးအမှုတ် ဂီတလည်း ဝါသနာပါတယ်၊ စာပေလည်း ဝါသနာပါတယ်၊ သမီးရဲ့ဖေဖေ အမျိုးတွေနဲ့ မေမောက်က အမျိုးတွေက အသွင် မတူကြဘူး၊ ဘဝပေး အခြေအနေတွေကလည်း မတူဘူး၊ မေမေကတော့ သမီးဖေဖေရဲ့ ဝါသနာစရိုက်တွေကို အပြစ်ရယ်လို့ မမြင်မိပေမယ့် မေမေ့မိဘဆွေမျိုးသားချင်းအားလုံးက သမီးဖေဖေကို ကြည့်လို့မရကြဘူး၊ မေမေတို့ ငယ်ငယ်က နိုင်ငံရေးခေတ် ဆိုတော့ လူကြီးတွေအချင်းချင်းက ပါတီတွေ မတူကြ၊ သဘောထားတွေ မတူကြ၊ ဖတည့်ကြဘူး ဆိုပါတော့ကွယ်၊ သမီးဖေဖေက တက္ကသိုလ်ရောက်တော့လည်း ကျောင်းသားတစ်ပိုင်း၊ နိုင်ငံရေးသမားတစ်ပိုင်းဆိုပါတော့၊ မေမေဖျောင်းဖျ ချော့မော့ပြောပြပေမယ့် သမီးဖေဖေက နားမဝင်ဘူး၊ စိတ်ဓာတ်က ပြင်းထန်တယ်၊ တဖော်ကန်း တစ်ဖွတ်ထိုးလို့ ပြောလို့ ခက်ပေမယ့် တစ်ယူသန်ကြီး။

မေမေကလည်း မိဘဆွေမျိုး အသိုင်းအဝိုင်း တစ်ခုလုံးကို ခြေစုံကန်ပြီး နှလုံးသားနဲ့မေတ္တာကိုအလေးထားခဲ့တယ်၊ သမီး ဖေဖေနောက် မေမေ လိုက်ခဲ့တယ်၊ မိသားစု စားဝတ်နေရေး ဘဝရေးတွေ အတွက် သူလည်း ရုန်းကန်ကြိုးစားခဲ့ပါသေးတယ်၊ နောက်တော့ ထောင်ကျ တန်းကျ ဖြစ်လာတော့ မေမေ့မှာလည်း ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်တော့တာပဲ၊ နောက်ပိုင်း သမီးဖေဖေနဲ့ မေမေတို့ အချင်းချင်း သဘောထားတွေကွဲကြ၊ စားဝတ်နေရေးက မပြည့်စုံ၊ ဒုက္ခတွေ ရောက်တဲ့အခါ သမီး ဘိုးဘိုး၊ ဘွားဘွားတို့က မကြည့်ရက်တော့ဘူးဆိုပြီး မေမေ့ကို ပြန်ခေါ်တယ်၊ မြေးလေးအပေါ်လည်း သံယောဇဉ်ဖြစ်သွားပြီလေ။

ဒီတော့ မေမေလည်း စိတ်နာနာနဲ့ သမီးဖေဖေကို လှမ်းခွဲခဲ့တယ်၊ အခုအထိ လုံးဝ မဆုံကြတော့ဘူး၊ မေမေက ခုထိ အိမ်ထောင်ထပ်မပြုဘဲ မိဘအရိပ်မှာ သမီးနဲ့ နေခဲ့တယ်၊ သမီးဖေဖေက ယောကျ်ားသားဆိုတော့ အိမ်ထောင်သစ်တွေ ဘာတွေ ကျချင်ကျနေမှာပေါ့၊ ဒါတွေအားလုံးက ဟိုအတိတ်မှာ ကျန်ခဲ့ပါပြီသမီးရယ်၊ နှစ်တွေကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်ပါပြီ"

"ဖေဖေနဲ့ မေမေ့ အကြောင်းကိုက သမီးစာရေးချင်စိတ်ပေါက်လာပြီ"

"စာရေး စာဖွဲ့လောက်အောင် ဇာတ်အိမ် ဇာတ်လမ်း စိုတ်ဝင်စားစရာ ဘာမှမရှိပါဘူး သမီးရယ်၊ ဒီလို ဇာတ်လမ်းမျိုး သမီးရေးပြီး မဂ္ဂဇင်းတိုက်ပို့ရင် အယ်ဒီတာက ပယ်လိုက်မှာပေါ့ကွယ်၊ အဲဒီတော့မှ သမီး စိတ်ဓာတ်ကျသွားပြီး စာရေးချင်စိတ်ကုန်သွားမယ်"

"မေမေတို့ လူကြီးအနေနဲ့ကတော့ ဟုတ်မှာပေါ့၊ သမီးအနေနဲ့ကတော့ တော်တော်စိတ်ဝင်စားစရာကောင်းတယ်၊ ရေးတတ်ရင်တော့ ဝတ္ထုဖြစ်ပါတယ်မေမေရယ်၊ ပြီးတော့ သမီးမှာ စိတ်ဝင်စားစရာ အဖြစ်အပျက် တစ်ခုရှိတယ်၊ မေမေ့ကို အခုမှဖွင့်ပြောမယ်နော်၊ မေမေ သမီးကို စိတ်မဆိုးရဘူး မဆူရဘူးနော်"

"စိတ်မဆိုးသင့်ရင် စိတ်မဆိုးဘူး၊ မဆူသင့်ရင် မဆူပါဘူး သမီးရယ်၊ ကဲ- ပြောပြစမ်းပါဦး"

"သမီး (၁၀)တန်းအောင်လို့ ဆေးတက္ကသိုလ်တက်ရမယ့် နှစ်က

www.burmeseclassic.com

www.burmeseclassic.com

ဆုချတဲ့အနေနဲ့ မမေမေက သမီးကို လက်စွပ်တစ်ကွင်းပေးခဲ့တယ်မဟုတ်လား၊ အဲဒီလက်စွပ်ကလည်း ဘိုးဘိုးဘွားဘွားတို့ လက်ထက်ကတည်းက အမြတ်တနိုးထားခဲ့တဲ့ စိန်လက်စွပ်ကို ဘိုးဘိုး၊ ဘွားဘွားတို့က သမီးဦးဆိုပြီး မမေမေကို ပေးခဲ့တယ်လေ။

အဲဒီစိန်လက်စွပ်ကို မမေမေက သမီးအတွက် ဆုချတဲ့အနေနဲ့ ပေးခဲ့တယ်၊ သမီးလည်း မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီး ဝတ်ခဲ့ပါတယ်၊ ဆရာဝန်ဖြစ်တဲ့အထိပေါ့နော် မမေမေ၊ အခုကသိုလ်ဖြစ်ဆေးခန်းမှာ ထိုင်တဲ့အထိ ရှိနေပါသေးတယ်၊ ဟိုတလောကမှ လက်သည်းညှပ်ဖို့ လုပ်တော့မှ လက်မှာလက်စွပ်မရှိတော့တာ သတိထားမိတယ်၊ ဘယ်တုန်းက ဘယ်လို ပျောက်နေမှန်း သမီး မသိဘူး"

"ဟောတော့် - ဒီလောက် တန်ဖိုးကြီးတဲ့ စိန်လက်စွပ် ပျောက်ပြီလား၊ ဖြစ်မှဖြစ်ရလေ သမီးရယ်"

"သမီးလည်း အရမ်းကိုနှမြောတာပဲ၊ တစ်အိမ်လုံး အနှံ့ရှာပါသေးတယ်၊ ဘယ်တုန်းက ဘယ်မှာပျောက်မှန်းကို မသိတာဆိုတော့ သမီး လက်လျှော့ခဲ့ရတယ်၊ မမေမေ သိရင် ဆူမှာစိုးလို့ သမီးတထိတ်ထိတ်ပဲ၊ သမီး ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ တစ်နေ့နေ့တော့ မမေမေကို ဖွင့်ပြောဖို့ပါပဲ၊ ကုသိုလ်ဖြစ်ဆေးခန်းမှာ သမီး ထိုင်နေတာ ကြာပါပြီ။

တစ်နေ့တော့ ဈေးထဲမှာ မူးလဲနေတဲ့ ဦးလေးကြီး တစ်ယောက်ကို ဝိုင်းဝန်းတွဲထူကြပြီး ဆိုက်ကားဆရာတစ်ဦးက သမီးတို့ ဆေးခန်းလာပို့တယ်၊ သမီး စမ်းသပ် စစ်ဆေးကြည့်လိုက်တော့ သွေးတွေတိုးပြီး သတိလစ် မူးလဲသွားတာပါ၊ မမေတို့ အရွယ်လောက်ပဲ ဥပဓိရုပ်ကောင်းကောင်း ရုပ်ရည်သန့်သန့်ပါပဲ၊ ဆိုက်ကားဆရာပြောသွားတဲ့အမည်အတိုင်း သမီးတို့လည်း ဆေးခန်းမှာ ဆေးစာအုပ်လုပ် သူ့ကို ဆေးကုပေးပြီး အနားယူခိုင်းထားခဲ့တယ်၊ အဲဒီ ဦးလေးကြီးအမည်က ဦးသပြေတဲ့။

ဦးလေးနာမည်က ဦးသပြေလားလို့ သတိရလာတဲ့အခါ မေးတော့ ဟုတ်တယ်လို့ ခေါင်းညိတ်ပြတယ်၊ သက်သာလာတော့ ဦးလေးမှာ သွေးတွေတိုးနေတယ်၊ ဆေးမှန်မှန်စားရမယ်၊ ဆေးခန်းကို အပတ်စဉ် မှန်မှန်လာပြပါလို့ ပြောလိုက်တယ်၊ ဦးလေးကြီးလည်း ပြန်သွားတယ်၊ မြို့မဈေးကြီးထဲကို သပြေပန်းတွေ ဖောက်သည် လာလာပေးတဲ့သူမို့ ဈေးကလူတွေက ဦးသပြေလို့ ခေါ်ကြတာတဲ့၊ နည်းနည်းတော့ ဆင်းရဲပုံပေါ်တယ်၊ မိသားစုလည်း ရှိဟန်မတူဘူး၊ အောင်မေတ္တာဘက်မှာ ခြံစိုက်စားတယ်၊ သပြေပန်းတွေ ရောင်းတယ်တဲ့၊ တစ်ပတ် နှစ်ပတ် သမီးတို့ဆေးခန်းကို ပုံမှန်လာပြတယ်၊ သွေးချိန်ပေး၊ ဆေးတွေပေး၊ အားဆေး ထိုးပေးနဲ့ နည်းနည်းကျန်းမာလာတယ်၊ သမီးနဲ့လည်း မျက်မှန်းတန်း ရင်းနှီးလာတယ်၊ ဦးလေး နာမည်ရင်းက ဦးသပြေပဲလားလို့မေးတော့ ဦးသပြေလို့ပဲ မှတ်ပါတော့ကွယ်တဲ့"

"ဟဲ့ သမီး၊ မမေ မေးနေတာက သမီး စိန်လက်စွပ်ပျောက်တဲ့ကိစ္စသိချင်နေတာ၊ ဘာတွေ ပြောနေတာလဲ"

"ဩော်- မမေမေကလည်း အဲဒီစိန်လက်စွပ်အကြောင်း ပြောနေတာပါ၊ ဒီလို ဒီလို တစ်နေ့တော့ ဦးသပြေကြီး ဆေးခန်းလာပြတယ်၊ သမီးက သွေးပေါင်ချိန်လိုက်တဲ့အခါ ဦးသပြေရဲ့လက်မှာ သမီးပျောက်သွားတဲ့ စိန်လက်စွပ် စွပ်ထားတာ တအံ့တသြတွေ့ရတယ်၊သေချာသထက်သေချာအောင် သမီး သွေးပေါင်ပြန်ချိန်သလိုနဲ့ လက်စွပ်ကို အသေအချာကိုကြည့်တယ်။

ဟုတ်တယ် မမေမေ၊ သမီးပျောက်သွားတဲ့စိန်လက်စွပ် ဦးသပြေကြီး စွပ်ထားတာ သေချာနေတယ်၊ သမီးလက်စွပ်မှ သမီးရဲ့လက်စွပ်၊ ဘယ်လိုမှ မှားစရာ မရှိဘူး၊ ဒါနဲ့ သမီးလည်း ဦးသပြေကြီး ပြန်ရင် လိုက်ပို့မယ်နော်ဆိုပြီး သူ့ကို ဆိုင်ကယ်ပေါ်တင်ပြီး လိုက်ပို့ခဲ့တယ်။

ရောဝတီ မြစ်ကမ်းနံဘေးက သူ့ခြံကြီးထဲမှာ အိမ်လေးတစ်လုံးပဲ ရှိတယ်၊ ဘယ်သူမှ မရှိဘူး၊ ဦးသပြေကြီးတစ်ယောက်တည်းနေတာ၊ ခြံထဲမှာ စားပင် သီးပင်တွေ စိုက်ထားတယ်၊ သပြေပင်တွေကတော့ အများကြီးပဲ၊ အိမ်လေးက သပ်သပ်ရပ်ရပ်လေးပါ၊ ခြံကြီးကလည်း သာသာယာယာ ပန်းချီဆန်ဆန်လေး၊ သမီးကိုလည်း ဦးသပြေကြီးက ရိုရိုသေသေလေးလေးစားစား 'ဆရာဝန်မလေး ဆရာဝန်မလေးနဲ့ ကျေးဇူးကြီးပါပေတယ်ဗျာ၊ ဆရာဝန်မလေးက ကျွပ်ကျေးဇူးရှင် ဆရာဝန်မလေးပါ' နဲ့ ပြောတယ်၊ မုန့်တွေနဲ့ ကျွေးခံတယ်၊ သမီးလဲလည်း အောင့်အည်းပြီး မနေနိုင်တော့တာနဲ့

www.burmeseclassic.com

www.burmeseclassic.com

'ဦးသပြေကြီးက ချမ်းသာသားပဲ၊ စိန်လက်စွပ်ကြီးနဲ့ပါလား' လို့ သမီးက စကားကြောင်းလိုက်တယ်။

ဒီတော့ 'ဟုတ်တယ် ဆရာဝန်မလေးရေ၊ လူကသာ ဆင်းရဲပြီး မွဲနေတာ ကျုပ်လက်ကု မဆင်းရဲဘူး၊ စိန်လက်စွပ်နဲ့ဟ၊ ဒီလက်စွပ်က ရွှေက စိန် ရွေးက် အခေါက်ရွှေလေ၊ စိန်တစ်လုံးကို စိန်လေးတွေ ငါးလုံးဝိုင်းပြီး စီထားတာ၊ တန်ဖိုးကတော့ ကြီးမှကြီးပေါ့ဗျာ ခုခေတ် ကာလပေါက်စေးနဲ့ တွက်ဖို့တောင် မသင့်ဘူး'တဲ့။

ဒါနဲ့ သမီးက 'ဒါ ဦးလေး လက်စွပ်လား'လို့မေးတော့ 'ဟုတ်တာပေါ့ ဆရာဝန်မလေး ကျုပ်ကိုယ်ပိုင် လက်စွပ်၊ ဘိုးဘွားပိုင်လက်စွပ်ပါဗျာ' လို့ပြောတယ်၊ ဒီတော့ သမီး ဘယ်လို ပြန်တောင်းရမှန်းမသိတော့ဘူး၊ သမီး ပျောက်သွားတဲ့ လက်စွပ်ပါလို့ မြောရင် ယုံချင်မှလည်း ယုံမယ်၊ သမီးလည်း မပြောရဲဘူး ဖြစ်နေတယ်။

ဒီလက်စွပ်ကိစ္စ ဘယ်လိုလုပ်ရမှန်းမသိ စိတ်ညစ်လိုက်တာမေမေရယ်၊ ရဲစခန်း တိုင်ပြန်ရင်လည်း ပထမ ပစ္စည်းပျောက်ကြောင်း အရင် အမှုဖွင့်ရမယ်၊ ပြီးမှ ဒီလက်စွပ် ဘယ်သူ့ဆီမှာ ရှိတယ်ဆိုတာ တိုင်ရမယ်၊ ပြဿနာက ကြီးကျယ်သွားတယ်၊ ဦးသပြေကြီးကိုလည်း ဒုက္ခမရောက်စေချင်ဘူး၊ ရုံးရောက် ဂါတ်ရောက်ရမှာတွေလည်း သမီးကြောက်တယ်။

ပစ္စည်းကို ပြန်တွေ့နေပြီမို့ ဒီကိစ္စ ခေါင်းအေးအေးထား စီစဉ်မယ်ဆိုပြီး အချိန်ဆောင့်တယ်၊ နောက်တစ်ပတ် ဦးသပြေ ဆေးခန်းလာပြရက်ရောက်တော့ ဦးသပြေ မလာဘူး၊ သမီး စိတ်ပူသွားတယ်၊ ဒါကြောင့် ဆေးခန်းချိန်ပြီးတော့ သမီး ဦးသပြေ အိမ် လိုက်သွားတယ်၊ ပိုပိုလိုလို ဆင်ခြေပေးကောင်းအောင် သွေးချိန်တာနဲ့ နားကြပ်ယူသွားတယ်၊ ဦးသပြေ အိမ်ရောက်တော့ ဦးသပြေ အိပ်ရာထဲ လဲနေတယ်၊ အလုပ်သမား အိမ်နားနီးချင်းတွေလည်း ပျာယာခတ် နေကြတယ်၊ သမီးလည်း ဦးသပြေ ဆေးခန်းမလာလို့ စိတ်ပူပြီး လိုက်ကယာတာဆိုပြီး သူ့ကို သွေးပေါင်ချိန်တယ်၊ သွေးပေါင်တွေ အရမ်းကျနေတယ်၊ လူကလည်း ဖြူဖတ်ဖြူလျော်နဲ့ နှုတ်ခမ်းတွေပြာ၊ လက်သည်းတွေလည်း ပြာနေတယ်၊ ရင်ဘတ်အောင့် တယ်လို့လည်း ပြောတယ်။

သမီး စိုးရိမ်သွားတယ်၊ နှလုံးရောဂါ လက္ခဏာ ပြတာဆိုတော့ -

'ဦးလေး ဆေးရုံတက်လိုက်ရင် ကောင်းမယ်'

'မတက်နိုင်ပါဘူး ဆရာဝန်မလေးရယ်၊ ဆေးရုံတက်ရင် ငွေကသိန်းချီကုန်မယ်၊ ပြုစုမယ့် လူကလည်း လိုသေးတယ်၊ ကျုပ်မှာ ငွေလည်း မရှိပါဘူး'

'ငွေမရှိရင် ဦးလေး စိန်လက်စွပ်ကြီး ထုခွဲလိုက်ပေါ့ ဦးလေးရယ်၊ ကိုယ့်ကျန်းမာရေးနဲ့အသက်အန္တရာယ်က အရေးကြီးတယ်၊ အခု ဖြစ်နေတာက စိုးရိမ်ရတယ်၊ ဆေးရုံတက်မှ ဖြစ်မယ်'

'ဆေးရုံ မတက်နိုင်လို့ သေချင်သေပါစေ ဆရာဝန်မလေးရယ်၊ ဒီလက်စွပ်ကိုတော့ ကျုပ်ဘယ်နည်းနဲ့မှ မထုခွဲမရောင်းချနိုင်ဘူး၊ ကျုပ် သိပ်မြတ်နိုးတန်ဖိုးထားတဲ့ လက်စွပ်လေးပါ၊ ကျုပ်နဲ့ ထိုက်တန်လို့ ကျုပ်ရထားတာလေ'

'ဦးလေးက လက်စွပ်ကို မထုခွဲဘဲ အသက်ကို အသေခံနိုင်တယ် ဆိုပေမယ့် ကျွန်မ ဆရာဝန် တစ်ယောက်အနေနဲ့ လူနာတစ်ယောက်ကို မသေသင့်ဘဲ အသေမခံနိုင်ဘူး၊ ဦးလေး ဆေးရုံတက်ရမယ်၊ အစစအရာရာလုံး ကျွန်မ တာဝန်ယူပါ့မယ်'

'ဒီလိုဆိုရင်တော့ ကျုပ် ဆေးရုံတက်မယ်၊ ဒါပေမဲ့ ဆရာဝန်မလေးရယ်. ကျုပ်က အသက်လည်းကြီးပြီ၊ နှလုံးရောဂါဖြစ်တာ သေချာတယ် ဆိုရင် မတော်တဆ ကျုပ်သေသွားနိုင်တယ်၊ ပြောလို့ရတာ မဟုတ်ဘူး၊ တကယ်လို့များ ကျုပ်သေသွားခဲ့ရင် ဒီလက်စွပ် တခြားလူ တစ်ယောက် ယောက် လက်ထဲတော့ အရောက် မခံနိုင်ဘူး၊ ကျုပ်အနေနဲ့ ကျေးဇူးရှိတဲ့ ဆရာဝန်မလေးကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ကျုပ်ပေးခဲ့ပါရစေ'

ဦးသပြေကြီးက ပြောပြောဆိုဆို သူ့ဘယ်လက် လက်သန်းမှာ စွပ်ထားတဲ့ စိန်လက်စွပ်ကို ချွတ်ပြီး သမီးရဲ့ ဘယ်လက် လက်သူကြွယ်မှာ သူကိုယ်တိုင် စွပ်ပေးတယ်၊ သမီး အံ့သြတာရော၊ ဝမ်းသာတာရော နှစ်မျိုး ခံစားရတယ်၊ သမီးလက်စွပ်လေး သမီးလက်ထဲ ပြန်ရောက်လာပြီလေ၊ ဦးသပြေကြီးဟာ သူ့အသက်ထက် တန်ဖိုးထားတယ်၊ မြတ်နိုးတယ်ဆိုတဲ့ လက်စွပ်ကို သမီးအတွက် သူပေးရက်လိုက်တာကို သမီး အံ့သြလို့မဆုံးဘူး။

သမီးလည်း ဆေးခန်းကနေ အရေးပေါ်လူနာတင်ယာဉ် လှမ်းခေါ်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဦးသပြေကြီးကို ဆေးရုံတင်လိုက်တယ်၊ ဆေးရုံက သမီးရဲ့ ဆရာကြီးတွေ၊ အထူးကုဆရာဝန်ကြီးတွေနဲ့ ဆေးရုံအုပ်ကြီးကို အကျိုးအကြောင်းတင်ပြပြီး အကုအညီတောင်းတယ်၊ ဆေးရုံအုပ်ကြီးကလည်းအမှန်တကယ် ချို့တဲ့ဆင်းရဲနေတဲ့ ဆေးမကုနိုင်တဲ့ လူနာတွေကို ဆေးရုံက တာဝန်ခံကုသပေးမယ်ဆိုပြီး လက်ခံတယ်။

ဦးသပြေကို ဆေးရုံမှာ စစ်ဆေးစမ်းသပ်လိုက်တော့ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေတာ တွေ့ရတယ်၊ အရေးတကြီး ကုသရမှာမို့ အရေးပေါ်အခန်း အိုင်စီယူထဲမှာ ထားရတယ်၊ အောက်ဆီဂျင်ပေးထားပြီး နှလုံးစက်တွေလည်း ရင်ဘတ်မှာ တပ်ထားရတယ်၊ ဆေးတွေလည်း အမြန်သွင်းရတယ်၊ ဒီရောဂါမျိုးက သုံးနာရီအတွင်း အမြန်ဆေးသွင်းကုသနိုင်မှအသက်ကယ်နိုင်တာ၊ဆေးကလည်း တစ်လုံး ၇၀၀၀၀ လောက် ရှိတယ်၊ လူနာစောင့်ဖို့ နေ့ တစ်ယောက်၊ ည တစ်ယောက် သူနာပြုဆရာမလေး နှစ်ယောက် သမီး ထားပေးထားတယ်။

ဦးသပြေကြီးကို ဆေးရုံတင်ပေးလိုက်ရလို့ သမီးတာဝန်ကျေသွားသလို ခံစားရတယ် မေမေ၊ ပြီးတော့ သမီးလက်စွပ်လေးလည်း သမီး ပြန်ရပြီဆိုတော့ ရင်ထဲ ပေါ့သွားတာပဲ၊ ဒါကြောင့် သမီး ဒီနေ့ ရေနံချောင်းက မေမေ့ဆီ ပြန်လာတာပေါ့၊ တစ်ခါတစ်ခါ လောကကြီးက သိပ်ဆန်းကြယ်တာပဲနော်၊ကမ္ဘာမြေကြီးဆိုတာကလည်း အကျယ်ကြီး၊ ကမ္ဘာပေါ်မှာ လူတွေ သန်းပေါင်း ခြောက်ထောင် ကျော် ရှိတယ်၊ မြန်မာပြည်ဆိုတာ ကလည်း- တိုင်းနဲ့ပြည်နယ် ၁၄ ခု တောင်ရှိတာ အကျယ်ကြီးပဲ၊ လူဦးရေ ကလည်း သန်းငါးဆယ်ကျော်ရှိတယ်၊ ပစ္စည်းပဲပျောက်ပျောက်၊ လူပဲပျောက် ပျောက် ရှာဖို့ဆိုတာ တကယ်တော့ လွယ်တာ မဟုတ်ဘူး။

- ကံကြမ္မာတွေကလည်း အင်မတန် ဆန်းကြယ်တယ်၊ ဒါပေမဲ့ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ စကားကလည်းရှိပြန်၊ တစ်ခါတလေ နှစ်ရှည်ကြာ ကွဲကွာနေကြပြီးမှ ပြန်တွေ့ကြတာရှိသလို ဘယ်နေရာမှာ ဘယ်တုန်းက ကျပျောက်မှန်းမသိတဲ့ပစ္စည်း ပြန်ရတာတွေဟာ အင်မတန် ဆန်းကြယ်လို့ သမီး စာရေးချင်စိတ်တွေ ပေါက်တာပေါ့ မေမေရယ်"

"သမီး ဦးသပြေကြီးအတွက် စိတ်မပူတော့ဘူးလား"

"မှန်တာပြောရရင်တော့ သိပ်စိတ်မပူတော့ဘူး မေမေ၊ အသက်ကလည်း ကြီးနေပြီ၊ ရောဂါကလည်း နှလုံးရောဂါ၊ အင်မတန် ဆင်းရဲရတဲ့အထဲ ဆေးလိပ်တွေလည်း တော်တော်လေး သောက်တာ တွေ့ရတယ်၊ အရက်တွေ ဘာတွေလည်း သောက်မယ်ထင်တယ် မေမေ။

ဒီလို နဲ့ ကျန်းမာရေးလည်း သိပ်ဂရုမစိုက်ခဲ့တော့ ရောဂါကျွမ်းပြီး သေမယ်ဆိုလည်း သေသွားနိုင်တယ်၊ ဆရာဝန်တစ်ယောက်အနေနဲ့ ဒါမျိုးတွေ ကြုံတတ်ရစမြဲမို့ သိပ်တော့ မထူးဆန်းတော့ဘူး"

"သမီးလက်စွပ် ပြန်မရခင်က ဦးသပြေကြီးအပေါ် သမီးသံယောဇဉ် ဖြစ် ကရုဏာသက်ခဲ့မိတယ် မဟုတ်လား"

"ဒါတော့ ဟုတ်တယ် မေမေ၊ ပျောက်သွားတဲ့ လက်စွပ် ဦးသပြေကြီး လက်ထဲတွေ့တော့ ဦးသပြေကြီးဟာ သမီးနဲ့ ပတ်သက်လာတယ်၊ သူ့ကျန်းမာရေးအတွက် သမီး စိတ်ပူမိတယ်၊ သူတစ်ယောက်တည်း ဆင်းရဲနေတာ တွေ့တော့လည်း သက်ကြီးရွယ်အိုတစ်ယောက် မကျန်းမမာနဲ့ ဆေးမကုနိုင်ရှာဘူး ဆိုပြီး ,သနားကရုဏာ သက်မိတယ်။

အခုတော့ သမီးလဲလက်စွပ်လည်း ပြန်ရလာပြီ၊ ဆရာဝန်တစ်ယောက်အနေနဲ့ လူနာတစ်ယောက်ကို ဆေးရုံပေါ်တင်ပေးနိုင်ခဲ့ပြီဆိုတော့ ဦးသပြေကြီးအပေါ် သမီး ဘာမှ သိပ်မခံစားရတော့ဘူး၊ ဒါပေမဲ့ သူ့အသက်ထက် မြတ်နိုးတန်ဖိုးထားတဲ့ လက်စွပ်ကို သမီးကို ပေးရက်တာတော့ သမီး အံ့သြတယ်၊ ကျေးဇူးလည်း တင်မိပါတယ်"

"သမီးစိတ်တွေက ပြောသွားတာပဲ၊ ဦးသပြေကို စတွေ့စဉ်က သာမန်လူနာတစ်ယောက်လိုပဲ သမီး သဘောထားခဲ့တယ်၊ သမီးလက်စွပ် သူ့လက်ထဲ ရောက်နေတာတွေ့ရတော့ သနားကရုဏာသက်ခဲ့တယ်၊ ဒါက သမီးရဲ့လက်စွပ်နဲ့ပတ်သက်ပြီးပေါ်လာတဲ့ ကရုဏာ၊ ဒီကရုဏာဟာ သိပ်ပြီး သန့်ရှင်းစစ်မှန်တဲ့ ကရုဏာ မဟုတ်လောက်ဘူး၊ ဘာကြောင့်လဲဆိုတော့ သမီးလက်စွပ် သမီးလည်း ပြန်ရရော ဦးသပြေအပေါ် သမီး ကရုဏာကနေ ဥပေက္ခာအဖြစ် ထားသွားနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မစိုရ်တရား လေးပါး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတာမှာ သမီးအနေနဲ့ ဦးသပြေ အပေါ် ကရုဏာနဲ့ ဥပေက္ခာ နှစ်ခု ထားခဲ့တယ်၊ မေတ္တာနဲ့ မုဒိတာ နှစ်မျိုး သမီး မထားနိုင်သေးဘူးပေါ့နော်၊ ဦးသပြေအပေါ် ဗြဟ္မစိုရ်တရား လေးပါးလုံး ထားနိုင်ရမယ်ဆိုရင် သမီး ထားနိုင်ပါ့မလား"

"ဒါကတော့ မေမေရယ်၊ကိုယ်နဲ့ ဘာမှပတ်သက်တာမဟုတ်တော့ လည်း ဥပေက္ခာပဲ ထားဖြစ်သွားတာ ပေါ့"

"သမီး၊ မနေ့က မကွေးမှာ ကုသိုလ်ဖြစ်ဆေးခန်း မထိုင်ဖြစ်ဘူး မဟုတ်လား"

"ဟင် မေမေ ရေနံချောင်းက နေ ဘယ်လိုလုပ်သိတာလဲ၊ ဘယ်သူ ကပြောလဲ၊ မနေ့က သမီးနဲ့ ဆေး ကျောင်းအတူတက်ခဲ့တဲ့ သူငယ်ချင်း က သူမွေးနေ့ သူငယ်ချင်းတွေ ဆုံကြ ရအောင်ဆိုလို့ သမီး ဆေးခန်းကို ခွင့်တောင်းပြီး သူငယ်ချင်းအိမ်မှာ အချိန်ကုန်ခဲ့တယ်"

"မေမေ ပြောပြမယ်၊ သမီး သိပ်အံ့သြသွားမယ်၊ မနေ့က ညနေ မကွေး-ရေနံချောင်း ကားဂိတ်ကနေ မေမေ့လိပ်စာနဲ့ ဦးသပြေဆီက စာ တစ်စောင် ရောက်လာတယ်"

"ဟင်- ဦးသပြေက မေမေ့ လိပ်စာ ဘယ်လိုလုပ် သိတာလဲ"

"နေဦး မေမေ ပြောပြမယ်၊ ဦး သပြေ မနေ့က သူ့ဆေးခန်းပြရက် မဟုတ်ဘဲ နေမကောင်းလို့ တစ်ရက် စောပြီး ကုသိုလ်ဖြစ်ဆေးခန်းကို လာ တယ်တဲ့၊ သမီးကို မတွေ့လို့ သူနာပြု ဆရာမလေး တစ်ယောက်ကို နှုတ် ခမ်းမှာ မဲ့လေးနဲ့ အသားဖြူဖြူ ဆရာ ဝန်မလေး မလာဘူးလားလို့ မေးမိ သတဲ့၊ ဦးသပြေက သမီးနာမည်ကို မသိဘူးလေ၊ ဒီတော့ ဆရာမလေး မသူဇာက ဒေါက်တာနွယ်ဦးမွန် ရေနံချောင်း သူ့အမေဆီ ပြန်တယ် ထင်တယ်၊ ဒီနေ့ မလာဘူးလို့ ပြော သတဲ့၊ သူနာပြုဆရာမလေး မသူဇာ ဆိုတာ သမီး သိသားပဲ၊ သူကလည်း ရေနံချောင်းသူလေ။

အဲဒီမှာ ဦးသပြေက ဆရာဝန် မလေးဟာ ရေနံချောင်းသူ နွယ်ဦး မွန်ဆိုတာ သိသွားတယ်၊ အဲဒီအပြင် ဆရာမလေး မသူဇာက ဒေါက်တာ လည်း သူ့လက်စွပ် ကျပ္ပောက်နေလို့ စိတ်ညစ်ပြီး အရင်တစ်ပတ် စနေ၊ တနင်္ဂနွေက ရေနံချောင်း မပြန်ဖြစ် ဘူး၊ လက်စွပ်က ဒေါက်တာ့အမေ က အမှတ်တရအဖြစ်နဲ့ ဒေါက်တာ ၁၀ တန်းအောင်တုန်းက ဆုချထားတဲ့ လက်စွပ်မို့ သူ့အမေ ဆုမှာစိုးပြီး မပြန်ရဲခဲ့ဘူး၊ အခု သူ့အမေ သိသွား ပြီး လှမ်းခေါ်လို့ ပြန်သွားတာလား မသိဘူးလို့ ပြောလိုက်တယ်တဲ့။

ဒီတော့ ဦးသပြေ အိမ်ပြန် သွားတယ်၊ မေမေ့ဆီ စာရေးလိုက် တာက သမီးဒေါက်တာနွယ်ဦးမွန် ကျပ္ပောက်သွားတဲ့ လက်စွပ်ကို သူ ကောက်ရထားခဲ့တယ်၊ ကောက်ရပုံ ကလည်း တစ်နေ့ သူတုသိုလ်ဖြစ် ဆေးခန်းကအပြန် ဆိုင်ကယ်တွေ၊ စက်ဘီးတွေထားတဲ့ ဈေးထောင့်နား က မြေကြီးပေါ်က ကောက်ရတာတဲ့၊ ကောက်လိုက်စဉ်ကတော့ လက်စွပ် လေးတစ်ကွင်းပါလားဆိုပြီး အမှတ် မထင် ကောက်လိုက်မိတာပါပဲတဲ့၊ အသေအချာကြည့်မိတော့မှ တစ်ချိန် က သူချစ်သူ သူဇနီးကို မိဘတွေက ဆင်ပေးထားတဲ့ စိန်လက်စွပ်ပါလား လို့ သိရတယ်တဲ့၊ ဒီလက်စွပ်ဟာ သူဇနီးလက်စွပ်ဖြစ်တာ မမှားနိုင်ဘူး ဆိုတာ သူ သိတယ်တဲ့၊ ဒါကြောင့် သူဇနီး မကွေးမြို့ ဈေးနားဝန်းကျင် ရောက်နေတာဖြစ်မယ်ဆိုပြီး ဈေးနား တစ်ဝိုက် နေရာအနှံ့လိုက်ရှာခဲ့တယ်၊ မတွေ့ပါဘူးတဲ့၊ ဒါပေမဲ့ သူ ဒီနေ့ နေမကောင်းလွန်းလို့ ကုသိုလ်ဖြစ် ဆေးခန်းအသွား ဆရာဝန်မလေးကို မတွေ့လို့ မေးမိရာကနေ သူနာပြု ဆရာမလေး ဒေါ်သူဇာ ပြောပြလို့ ဖြစ်ကြောင်းကုန်စင် သိရပါတယ်တဲ့။

ဒီတော့ လက်စွပ်ပိုင်ရှင် သူ သမီးလေးကိုလည်း မမျှော်လင့်ဘဲ တွေ့ရလို့ သမီးကို လက်စွပ်ပြန်ပေး လိုက်ပါ့မယ်၊ သမီးလေး ဆရာဝန်မ ကြီး ဖြစ်နေတာ တွေ့ရလို့ ရင်မဆံ့ အောင် ဝမ်းသာမိကြောင်း၊ သူ တာဝန်ပျက်ကွက်ခဲ့ရတာတွေ ယူကျုံး မရ ခံစားရတဲ့အကြောင်း၊ သူခံစား နေရတဲ့ ရောဂါဝေဒနာ မသက်သာ သေးပေမယ့် သမီးလေးနဲ့ တွေ့နိုင် အောင် ကြိုးစားပြီး သမီးလေးကို လက်စွပ်ပြန်ပေးလိုက်မယ့်အကြောင်း မေမေ့ဆီ စာရေးလိုက်တယ် သမီး၊ ဒါဆိုရင် သမီး ဆဘောပေါက် နား လည်ပါလိမ့်မယ်"

"မေမေရယ် ဒါတွေကို သမီး ပြန်ရောက်ရောက်ချင်း ဘာလို့ ပြော မပြရတာလဲ"

"သမီး ပြန်ရောက်လာလို့ အိမ် ထဲ ဝင်လာတဲ့အခါ သမီးလက်မှာ

www.burmeseclassic.com

www.burmeseclassic.com

လက်စွပ်လေး ဝတ်ထားတာတွေ့ရတော့ သမီးဖေဖေ ဦးသပြေကြီးက သမီးကို လက်စွပ်ပြန်ပေးလိုက်တယ်လို့ သိလိုက်ရတယ်လေ၊ သမီး ဘာများ ပြောမလဲလို့ နားထောင်နေမိတာပါ။ မနေ့ညက စာရရချင်း သမီးဘိုးဘိုးနဲ့ ဘွားဘွားကိုလည်း မေမေ အကြောင်းစုံ ပြောပြခဲ့တယ်၊ သမီးဘိုးဘိုးနဲ့ ဘွားဘွားလည်း စိတ်မကောင်းဖြစ်ကြတယ်၊ ငါ့မြေးလေး ဆရာဝန်မကြီးဖြစ်တဲ့အထိ သူ့အဖေကို မတွေ့ရ မမြင်ရတာ ကြာခဲ့ပြီ၊ ငါတို့မြေးလေး အားမငယ်အောင် မိစုံဖစုံရှိစေချင်ပါတယ်ကွယ်လို့ ပြောကြတယ်"

"ဟင် အခုမှ မေမေ့ကို သတိထားကြည့်မိတယ်၊ အဝတ်အစားတွေလဲပြီး အထုပ်အပိုးတွေနဲ့ ဘယ်သွားမလို့လဲ"

"ဒီနေ့ သမီးပြန်ရောက်မလာရင် မကွေးက သမီးဆီ မေမေလိုက်မလို့ ပြင်ထားတာလေ၊ အခုတော့ သမီးပြန်ရောက်လာတာ အတော်ပဲ၊ မေမေ မကွေးကိုသွားပြီး ဆေးရုံကြီးပေါ်က လူမမာ ဦးသပြေကြီးကို နေ့ရော ညပါ သွားပြီးပြုစုရမယ် သမီး"

"မေမေ တစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်မလဲ၊ သမီးလည်း မေမေနဲ့အတူ မကွေးကို လိုက်မှာပေါ့။ သမီး ဆေးရုံတင်ပေးခဲ့တဲ့ ဦးသပြေကြီးကိုလည်း သမီးပါ နေ့ရောညရောပြုစုမှာပေါ့ မေမေရယ်"

"အင်း နေကောင်းအောင် ပြုစုပေးပြီး သမီး စာရေးဆရာမကြီးဖြစ်ချင်ရင် စာတွေ ဘယ်လိုရေးရတယ်ဆိုတာ မေးကြည့်ပေါ့ သမီးရယ်၊ သမီး ဖေဖေကို မေမေက ခေါ်တာက ကိုဝေလို့ ခေါ်တယ်၊ သမီးက ခေါ်တော့ ဦးသပြေတဲ့၊ စာရေးဆရာကလောင်အမည်က မောင်လွမ်းဝေ (ရေနံ့သာ)တဲ့"

"ဟယ်- သမီး ဖေဖေဟာ စာရေးဆရာကြီးဆိုတာ မေမေ သိနေသားနဲ့ မပြောပြခဲ့ဘူးနော်"

"ဒါကလည်း အတိတ်က ထားခဲ့တဲ့ စိတ်တွေကြောင့်ပေါ့ သမီးရယ်၊ တစ်ချိန်က မေတ္တာထားခဲ့ရာက ဥပေက္ခာထားတဲ့ စိတ်တွေဝင်နေခဲ့တယ်၊ အခုတော့ မေမေ့ရင်ထဲမှာ ကရုဏာနဲ့ မုဒိတာတရားတွေ ထားနိုင်လာပြီလေ၊ ဘဝသံသရာကြီးမှာ ဘဝက်ကြမ္မာတွေဟာ အလွန်ပဲ ဆန်းကြယ်တယ် သမီး၊ ကဲ- မေမေတို့ မကွေး သွားကြစို့"

ညို့မှိုင်း အုံ့ဆိုင်းနေတဲ့ ကောင်းကင်ယံက တိမ်လွှာ တိမ်လိပ်တွေအောက် ရေနံချောင်း မကွေးကားလမ်းမကြီးပေါ်မှာ ဆူပါရူအဖြူရောင် ကားလေး တရိပ်ရိပ်ပြေးနေပါတယ်။ ဒေါင်းနေချောင်း တံတားကြီးပေါ် ဆူပါရူကားဖြူလေးရောက်နေချိန် မကွေးတိုင်း ဆေးရုံကြီးပေါ်က အရေးပေါ် အသည်းအသန် ICU အခန်းထဲက ဝေဒနာပြင်းထန်နေတဲ့ လူနာတစ်ဦးကို ဆရာဝန်၊ ဆရာမတွေ ဝိုင်းဝန်းကုသပြုစုနေကြတယ်။

လူနာရဲ့ လက်နှစ်ဖက်လုံးမှာလည်း ဆေးပိုက်တွေ တပ်ထားသလို လူနာရဲ့ ရင်ဘတ်မှာ ဝါယာကြိုးတွေ ဆက်သွယ်ထားတယ်။ နှာခေါင်းမှာ အောက်ဆီဂျင်ပိုက် တပ်ထားပြီး ခုတင်ခေါင်းရင်းက နှလုံးစက်မှာ မညီမညာ လှိုင်းတွန့်လေးတွေက လှုပ်ရှားနေတယ်။ တစ်ခါတစ်ရံ အချက်ပြမီး လင်းလင်းလာသလို အချက်ပေးသံလည်း ထွက်နေတယ်။ ခုတင်ပေါ်ကလူနာ အသက်ကို ခက်ခက်ခဲခဲ ရှူနေရတန်တူတယ်၊ သူ့ရင်ဘတ်က လှိုင်းလို လှုပ်ရှားနေတာ မြန်လွန်းလှတယ်။တစ်ချက်တစ်ချက် ငြိမ်ကျသွားတယ်။

ဆရာဝန်က ရင်ဘတ်ပေါ်ကို ဝါယာကြိုးတွေ ဆက်သွယ်ထားတဲ့ ပစ္စည်း နှစ်ခုနဲ့ ဖိပေးလိုက်တဲ့အခါ ကော့တက်လာပြီး အသက်ရှူပြန်တယ်။ ဆရာဝန်တစ်ဦးက လက်ကသွေးကြောကို စမ်းရင်း လက်ပတ်နာရီကို ကြည့်နေတယ်။ ဆရာဝန်တစ်ဦးက ရင်ဘတ်ပေါ်ကို နားကြပ်နဲ့ နားထောင်နေတယ်။

သူနာပြုဆရာမလေးက နှလုံးတိုင်းတာတဲ့ ECG စက်နဲ့ လူနာရဲ့ ခြေထောက်နဲ့ ဝမ်းဗိုက်တွေကို ဝါယာကြိုးတွေနဲ့ ဆက်သွယ်ပေးနေတယ်။ လူနာရဲ့ ခုတင်ဘေးမှာ ရှိနေကြတဲ့ ဆရာဝန်၊ ဆရာမတွေ အားလုံး စိုးထိတ်ရင်ဖိုနေကြတယ်။

ဆူပါရူကားဖြူလေးကလည်း မကွေးမြို့ကို ဦးတည်ပြီး တရိပ်ရိပ် ပြေးနေတယ်။ ကားထဲက မိန်းမသားသားအမိ နှစ်ဦးကလည်း စိုးထိတ်ရင်မောနေကြတယ်။ ဘဝသံသရာကြီးမှာ ကံကြမ္မာ မည်သို့စီမံမည်ကို မည်သူမျှ မသိနိုင်ကြတော့ပေ။

ရေနံ့သာ အောင်ချမ်းတော်

❑

www.burmeseclassic.com

www.burmeseclassic.com

သစ်ဦးဇင်
ဂုဏ်ဆန်းသောအရပ်

မစ္စတာဘရောင်း တစ်ယောက် မြို့လယ်ကောင်အနီးမှာ နေသော်လည်း အိမ်ငယ်လေးမှာ ဥယျာဉ်တစ်ခုရှိသည်။ မစ္စတာဘရောင်းက ဤဥယျာဉ်ကို အလွန်သဘောကျသည်။

ပန်းပင်တွေ အများကြီး စိုက်ထားပြီး နွေရာသီဆိုလျှင် နံဝါပြာရောင်စုံပန်းတွေဖြင့် အလွန်လှပနေသည်။

ညနေခင်း စနေ၊တနင်္ဂနွေနေ့ရက်တွေမှာ ဥယျာဉ်ထဲထိုင်နေရသည်ကို မစ္စတာဘရောင်း နှစ်သက်သည်။

သို့ရာတွင် သူ့မှာ အလုပ်အကိုင်ရှိသည်။ ရုံးတစ်ရုံးမှာ အလုပ် လုပ်နေသည်။ ရုံးက အိမ်နှင့် သိပ်မနီးပေ။ သို့ဖြစ်၍ အလုပ်ခွင်သို့ ဘတ်စ်ကားဖြင့်သွားပြီး ဘတ်စ်ကားဖြင့် ပြန်လေ့ရှိသည်။ မစ္စတာဘရောင်းက တစ်ကိုယ်ရေတစ်ကာယသမား။ မိတ်ဆွေအပေါင်းအသင်းလည်း များများစားစား မရှိ။ လူအများနှင့်လည်း ပြောဆို ဆက်ဆံလေ့ မရှိပေ။ ထို့ကြောင့် သူက သူ့ဘဝကို ဝမ်းနည်း ငြီးငွေ့နေသည်။

နေ့ အလွန်ပူပြင်းသောနေ့တစ်နေ့မှာ မစ္စတာဘရောင်းအိမ်သို့ လမ်းလျှောက်ပြန်လာသည်။ ထိုနေ့က သူ ဘတ်စ်ကားစီးချင်စိတ် မရှိပေ။ နေရောင်၏ အနွေးဓာတ်ကို ခံစားရင်း လမ်းလျှောက်ချင်နေသည်။ သူသွားရာ လမ်းတစ်ခုမှာ စျေးဆိုင်ငယ်လေးတစ်ခု ရှိသည်။ မစ္စတာဘရောင်းက ပြတင်းပေါက်မှ ဆိုင်အတွင်းသို့ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အလွန် ဟောင်းအိုနေသော ပစ္စည်းတွေကို ပြတင်းပေါက်မှ မြင်ရသည်။ မစ္စတာဘရောင်းက ရှေးဟောင်း ပစ္စည်းတွေကို နှစ်သက်သူ ဖြစ်သည်။ သူဆိုင်အတွင်း ဝင်သွားသည်။

"ကောင်းသော နေ့ခင်းပါခွင်ဗျာ"

ဆိုင်အတွင်းက လူက နှုတ်ဆက်လိုက်သည်။

"ကောင်းသော နေ့ခင်းပါ"

မစ္စတာဘရောင်းက ပြောသည်။

"ကျွန်တော် ဆိုင်ထဲ လျှောက်ကြည့်လို့ရမလား"

"ကြည့်ပါခင်ဗျာ"

မစ္စတာဘရောင်း ဆိုင်အတွင်းက ပစ္စည်းတွေကို လိုက်ကြည့်သည်။ ဝမ်းနည်းကြေကွဲသည့် မျက်နှာပုံစံနှင့် အရုပ်ဟောင်း တစ်ခုကို သူတွေ့မိသည်။ အရုပ်ကမလှပေမယ့် မစ္စတာဘရောင်း သဘောကျသည်။

အရုပ်က ဆံပင်ဖြူဖြူ အဝတ်အစား အနက်တွေနှင့် အဘိုးအို ဝိတ်ယေစက်ပုံပင်။

မစ္စတာဘရောင်း တွေးလိုက်သည်။

"ဒီအရုပ်လေးလည်း အဲထီးကျန်ဖြစ်နေတာ ဖြစ်မယ်"

"ဒီအရုပ်ဟောင်းလေးက ဘယ်လောက်ကျလဲဗျ"

သူက မေးလိုက်သည်။

ဆိုင်ရှင်က တွေးနေသည်။

"အို- ဒါလား သုံးပေါင်ပါ"

မစ္စတာဘရောင်း ဤအရုပ်ကို လိုချင်နေသည်။ ဘာကြောင့်လဲ သူ မသိပေ။ ဒါပေမဲ့ သူလိုချင်နေသည်။ ဤအရုပ်ဟောင်းလေး တစ်ခုအတွက် သုံးပေါင်ဆိုသော ပိုက်ဆံမှာ အတော်များနေသည်။ သို့ရာတွင် မစ္စတာဘရောင်း ငွေပေးချေလိုက်သည်။ အရုပ်ကလေးကို လက်မှာ ကိုင်ပြီး ပြန်ထွက်လာခဲ့သည်။ သူက အရုပ်မျက်နှာကို ကြည့်လိုက်သည်။

'အရုပ်က ပြုံးပြနေတာလား'

သူဘာသာသူ မေးမိသည်။

'မဟုတ်သေးပါဘူး'

သူ တွေးနေမိသည်။

'ဒါက အရုပ်ပဲ'

'ငါ မင်းကို အိမ်ခေါ်သွားမယ်နော်' ဟု အရုပ်ကို ပြောလိုက်သည်။

အရုပ်က အဖြေ မပေးပေ။ ဒါက အရုပ်ပဲ။ ဒါကြောင့် မစ္စတာဘရောင်း အရုပ်ကို ဘာစကားပြောလို့ရမှာလဲ။ သူက အထီးကျန်သမား မို့ဇော်။ သူက အရုပ်ကို ရုံးစာရွက်တွေနှင့်အတူ ရုံးသွားလျှင် ကိုင်နေက အိတ်ထဲ ထည့်လိုက်သည်။

မစ္စတာဘရောင်း ယခုတော့ မောပန်းနေပြီဖြစ်၍ ဘတ်စ်ကားပေါ် တက်လိုက်သည်။ လက်မှတ်ရောင်းသူက ယာဉ်စီးခ တောင်းရန် မစ္စတာဘရောင်းအနားရောက်လာ၍ လက်မှတ်ဝယ်လိုက်သည်။ ဘတ်စ်ကားပေါ်မှ တစ်စုံတစ်ယောက်စကား ပြောသံ ပေါ်ထွက်လာသည်။

"ထွက်သွားစမ်း၊ လူမိုက် ထွက်သွား"

ဘတ်စ်ကားပေါ်က ခရီးသည် တွေအားလုံး မစ္စတာဘရောင်းကို ဝိုင်းကြည့်နေကြသည်။

"အဲဒီစကား သူ ပြောတာလား"

အချင်းချင်းမေးနေကြသည်။ လက်မှတ်ရောင်းသမားက မစ္စတာဘရောင်းကို စိတ်ဆိုးသွားသည်။

'ဘာဖြစ်လို့ ဒီလိုပြောတာလဲ' ဟု သူသိချင်နေသည်။

သူက မစ္စတာဘရောင်းကို လက်မှတ်ပေးပြီး ထွက်သွားသည်။ သူ မစ္စတာဘရောင်းအပေါ် သဘောမကျနိုင် ဖြစ်သွားသည်။

မစ္စတာဘရောင်း အိမ်ပြန်ရောက်သောအခါ အတော်ပင်ပန်းနေပြီ ဖြစ်သည်။

'ဘတ်စ်ကားပေါ်မှာ ဘယ်သူ စကားပြောတာလဲ' ဆိုတာ သူသိချင်နေသည်။ ဘယ်သူမှန်း သူ မသိပေ။ သူက အရုပ်ကို အိတ်ထဲမှ ဆွဲထုတ်ယူပြီး ကြည့်လိုက်သည်။

ဒါ အရုပ်မျှသာပင်။ တော်တော်ကို မလှပသည့်အရုပ်။ အလွန်အကျည်းတန်သော်လည်း မျက်နှာပေါ်မှာတော့ အပြုံးတစ်ခုရှိနေသည်။

'ထူးဆန်းလိုက်တာ'

မစ္စတာဘရောင်း တွေးနေမိသည်။ သူက အရုပ်ကို စားပွဲပေါ် တင်ထားပြီး ညစာစားသည်။

မစ္စတာဘရောင်း သိပ်မဆာသဖြင့် ပေါင်မုန့်ထောပတ်သုတ် အနည်းငယ်သာ စားလိုက်သည်။ ထို့နောက် အိပ်ရာဝင်ပြီး အိပ်ပျော်သွားတော့သည်။ သူက အရုပ်ကို မေ့ထားလိုက်သည်။ အရုပ်က စားပွဲပေါ်မှာ။

မနက် မိုးလင်းသောအခါ နေရောင်က အိပ်ခန်းအတွင်း ဝင်

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ မစ္ဆတာ ဘရောင်း မျက်စိဖွင့်ကြည့်လိုက်သည်။ အိပ်ရာပေါ်မှာ တစ်ခုခု ရောက်နေသည်။

'ဘာပါလိမ့်'

သူ သိချင်နေမိသည်။

သူ လှည့်ကြည့်လိုက်သော အခါ အရုပ်ကို တွေ့လိုက်ရသည်။

'ဒါပေမဲ့ အရုပ်ကို စားပွဲပေါ်ထားခဲ့တာပဲ၊ လမ်းလည်းမလျှောက်နိုင်ပါဘူး၊ ဒါက အရုပ်ပဲဟာ'

မစ္ဆတာဘရောင်းနားမလည်နိုင်အောင် ဖြစ်မိသည်။ အတော့်ကို ထူးဆန်းနေ၏။

မစ္ဆတာဘရောင်း အိမ်ရှေ့တံခါးဆီရောက်သွားသည်။

'ငါ့အတွက် စာတွေများ ရောက်နေသလားမသိဘူး'

သွားသာ မေးနေမိသည်။

အမှန်ပင် သူနာမည် သူလိပ်စာနှင့် စာရှုံးစောင်ရောက်နေသည်။ ဒါပေမဲ့ ဘယ်လိုဖြစ်တာပါလိမ့်။ စာအိတ်တွေ ပွင့်နေသည်။ ဘယ်သူဖွင့်ဖောက်ထားတာလဲ။ မစ္ဆတာဘရောင်း မသိတော့ပေ။

မစ္ဆတာဘရောင်း နံနက်စာစားပြီးနောက်၌ ဘတ်စ်ကားမှတ်တိုင်သွားကာ ကားအလာကို စောင့်နေသည်။ သူစီးရမည့်ကား ရောက်လာပြီး မှတ်တိုင်မှာ ရပ်သည်။ မစ္ဆတာဘရောင်း အိတ်ကိုဆွဲ၍ တက်သွားပြီး နောက်ထိုင်ခုံမှာ ထိုင်လိုက်သည်။

ဘတ်စ်ကားပေါ်မှာ လူတွေ အတော်များသည်။ အဘွားအို တစ်ယောက် နေရာမရ၍ ရပ်နေရသည်။ သူမ မျက်နှာက မောပန်းနေသည့်ပုံ ပေါ်နေသည်။

မစ္ဆတာဘရောင်းသည် စာနာထောက်ထားတတ်သူဖြစ်၍ အဘွားကြီးကို နေရာဖယ်ပေးလိုက်သဖြင့် အဘွားကြီး ဝင်ထိုင်လိုက်လေသည်။ ထို့နောက် တစ်စုံတစ်ယောက် စကားပြောသံ ရုတ်တရက်ပေါ်လာသည်။

"အသုံးမကျတဲ့ အဘွားကြီး"

အမျိုးသမီးကြီးက မစ္ဆတာဘရောင်းကို လှည့်ကြည့်လိုက်သည်။ သူမ အရမ်းဒေါသထွက်နေသည်။ မစ္ဆတာဘရောင်း၏ မျက်နှာရဲတက်သွားသည်။ နောက်တော့မှ သူက အရုပ်ကို သတိရသွားမိသည်။

သူ ကားပေါ်မှ ဆင်းလိုက်သည်။ သူ နားမလည်နိုင်အောင်ဖြစ်မိသည်။

'အရုပ်က အိမ်မှာ ကျန်ခဲ့တာပဲ'

သူတွေးနေမိသည်။

'ဒါမှမဟုတ် အိတ်ထဲ ပါလာတာလား'

မစ္ဆတာဘရောင်း အိတ်ကို ဖွင့်ပြီး အတွင်းသို့ ကြည့်လိုက်သည်။ အရုပ်က အိတ်ထဲမှာ ရောက်နေသည်။ ရုပ်ဆိုးဆိုး မျက်နှာပေါ်မှာ ပြုံးဖြဲဖြဲလုပ်လျက်။

သူက အရုပ်ကို လမ်းပေါ်ပစ်ချထားခဲ့ပြီး အလုပ်သို့ဆက်ထွက်လာခဲ့သည်။

'အရုပ်ဒေတာ့ ကိစ္စပြတ်ပြီ'

သူ တွေးနေမိသည်။

'ကောင်းပါတယ်လေ'

မစ္ဆတာဘရောင်း တစ်နေကုန် အလုပ်ကိုကောင်းစွာလုပ်သည်။ အလုပ်ဆင်းသောအခါ ဘတ်စ်ကားမှတ်တိုင်သို့လမ်းလျှောက်လာခဲ့သည်။

အရုပ်က ကားမှတ်တိုင်မှာ ရှိနေတုန်းပင်။ မစ္ဆတာဘရောင်း ဖြူဖွေးသော ဆံပင်၊ နက်မှောင်သော အဝတ်အစားတွေကို တွေ့ရပြန်သည်။ ပြီးတော့ ပြုံးနေကျ အပြုံး။

'ဘယ်လို ဖြစ်တာပါလိမ့်'

သူ အံ့သြနေသည်။

'သူက ငါ့ကို စောင့်နေပါလား၊ ဒါက အရုပ်ပဲ၊ ဒါပေမဲ့ ဒီအရုပ်က ဘာလဲဟ'

သူက ဘတ်စ်မှတ်တိုင်မှလှည့်ထွက်ပြီး ပြောလာခဲ့သည်။ ထို့နောက် အိမ်သို့ လမ်းလျှောက်ကာပြန်လာခဲ့သည်။ အိမ်သို့ နှစ်မိုင်နီးပါးလောက် လမ်းလျှောက်လာခဲ့ရသည် ဖြစ်၍ အတော်ပင်ပန်းသွားသည်။

မစ္ဆတာဘရောင်း ကုလားထိုင်ပေါ် ထိုင်ရင်း အိပ်ပျော်သွားသည်။ တစ်နာရီလောက်ကြာကြာ အိပ်ပျော်သွားသည်။ အခြားအခန်းထဲမှ ဆူဆူညံညံအသံတွေ ပေါ်ထွက်လာသည်။

"ခွမ်း. . . ချလွမ်း"

မစ္ဆတာဘရောင်း မျက်လုံးပွင့်သွားသည်။

"ဘာဖြစ်တာလဲ"

သွားသာပြောပြီး အခြားအခန်းတစ်ခုထဲ ဝင်သွားလိုက်သည်။ အရုပ်က ထိုအခန်းထဲရောက်နေသည်။ အရုပ်က စားပွဲပေါ်ထိုင်ပြီး သူ့ကို ကြည့်နေသည်။

မစ္ဆတာဘရောင်းရဲ့ အိုးခွက်ပန်းကန်တွေအားလုံး ကြွေမ်းပြင်ပေါ် ပြန့်ကျဲနေသည်။

'ဒါ အရုပ်မဟုတ်ဘူး'

မစ္ဆတာဘရောင်း တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်ဟာ မိတ်ဆွေမဟုတ်ဘူး၊ ဒုက္ခပေးမယ့် အကောင်၊ ငါ ဘာလုပ်ရမလဲ"

သူက အရုပ်ကို ဥယျာဉ်ထဲသို့ ယူသွားပြီး မြေကြီးထဲမှာ မြှုပ်ပစ်လိုက်သည်။

"ဒီတစ်ခါတော့ တကယ်ကိစ္စပြတ်ပြီ" ဟု မစ္စတာဘရောင်း ပြောလိုက်သည်။

"မင်းအခု မြေကြီးထဲ ရောက်နေပြီ၊ ပြန်ထွက်လို့ မရတော့ဘူး"

နောက်တစ်နေ့မှာ မစ္စတာဘရောင်း ဘတ်စ်ကားဖြင့် ရုံးတက်သည်။ သူမှာ ယခု အရုပ်မရှိတော့ပြီ ဖြစ်၍ စကားပြောမည့်သူလည်း မရှိတော့ပေ။ သူပျော်ရွှင်ချမ်းမြေ့စွာဖြင့် အလုပ်ကို ကြိုးကြိုးစားစား လုပ်နေတော့သည်။

ထိုညမှာ မစ္စတာဘရောင်း အိမ်ပြန်ရောက်လာသည်။ အေးအေးလူလူ တယ်လီဖေးရှင်းထိုင်ကြည့်နေသည်။ 'ကောင်းလိုက်တာ' ဟု သူတွေးနေမိသည်။

ည ၁၁ နာရီမှာ သူ အိပ်ရာဝင်သည်။ အိမ်က မည်းမှောင် တိတ်ဆိတ်နေသည်။ သို့ရာတွင် တစ်နာရီခန့် အကြာမှာ ညအမှောင်ထဲမှ အသံတစ်သံ ရုတ်တရက်ပေါ်ထွက်လာသည်။ မစ္စတာဘရောင်း အိပ်ရာထဲမှာ ထထိုင်လိုက်သည်။ သူတစ်ကိုယ်လုံး အေးစက်ပြီး ကြောက်လန့်နေသည်။

"ဘာသံပါလိမ့်"

သူဘာသာ မေးနေမိသည်။

အသံက နောက်ဖေးတံခါးပေါက်မှ လာခြင်းဖြစ်သည်။

မစ္စတာဘရောင်း ကြောက်လန့်တုန်လှုပ်နေသော်လည်း တံခါးကို ဖွင့်ကြည့်လိုက်သည်။ တံခါးဝမှာ အရုပ် ပြန်ရောက်နေပြန်ပေါ့။

မြေကြီးထဲမှ ထွက်လာရ၍ ညစ်ပတ်ပေရေနေသည်။ အရုပ်က မစ္စတာဘရောင်းကို ကြည့်ပြီး ပြုံးပြသည်။ ဒီတစ်ခါ အပြုံးက အေးတိအေးစက်အပြုံးမျိုး။ မစ္စတာဘရောင်း အရမ်းကြောက်လန့်သွားသည်။

သူက အရုပ်ကိုကြည့်ပြီး ပြောလိုက်သည်။

"ထွက်သွား၊ ကျေးဇူးပြုပြီး ထွက်သွားစမ်း"

အရုပ်က စကားမပြောဘဲ ပြုံးရုံသာ ထပ်ပြုံးပြသည်။ မစ္စတာဘရောင်း ယခု အရမ်းဒေါသထွက်နေသည်။ သူက အရုပ်ကို ဥယျာဉ်ထဲ ပြန်ယူလာခဲ့သည်။ သူက ထင်းတွေကို စုပုံပြီး မီးရှို့လိုက်လေသည်။ ထို့နောက် သူက အရုပ်ကို ထင်းပုံပေါ် တင်ထားလိုက်သည်။

"ကဲ- သေစမ်းကွာ"

မစ္စတာဘရောင်းက ပြောလိုက်သည်။

"ဒီတစ်ခါတော့ အရင်တုန်းက လုပ်တာနဲ့မတူတော့ဘူး၊ မင်း တကယ်ကိစ္စချေတော့မှာ"

မစ္စတာဘရောင်း ပြုံးလိုက်သည်။ မီးတောက်က ပူချစ်ပြီး ရဲရဲတောက်နေသည်။ မီးတောက်ကြီးက ပို၍ပို၍ကြီးလာသည်။ ကျယ်လောင်သော အော်ဟစ်သံကြီး ရုတ်တရက်ပေါ်ထွက်လာပြီးနောက် အနီးအနားက လူတွေ အိမ်ထဲမှ ပြေးထွက်လာကြသည်။

"ဘာဖြစ်တာလဲဟေ့"

လူတွေ အော်ဟစ်ဆူညံနေသည်။

"မစ္စတာဘရောင်းရဲ့ ဥယျာဉ်ထဲမှာ မီးလောင်နေတယ်ဗျို့၊ ကြည့်ကြပါဦး"

တစ်ယောက်က ပြောလိုက်သည်။

ဥယျာဉ်ထဲမှာ မီးတွေ ဟုန်းဟုန်းတောက်နေသည်။

လူတွေ အိမ်နှင့် ဥယျာဉ်ကို လှည့်ပတ်ကြည့်နေကြသည်။

မစ္စတာဘရောင်းကို အရိပ်အယောင်မျှတောင် မမြင်ရပေ။

သို့ရာတွင် မီးတောက်အနီးရှိ မြေပြင်ပေါ်တွင် ဆံပင်ဖြူဖြူ အဝတ်အစား အနက်နှင့် အရုပ်တစ်ရုပ်ကို တွေ့ကြရသည်။ အရုပ်လှလှလေး တစ်ရုပ်တော့မဟုတ်ပေ။ သို့ရာတွင် အရုပ်၏ မျက်နှာပေါ်၌ အပြုံးတစ်ခု ရှိနေပေသည်။

(REF ; THE DOLL BY JAN CRREW)

သစ်ဦးငင်

❑

www.burmeseclassic.com

www.burmeseclassic.com

ဂရင်းနှစ်စံခြိန်ဝင်မယ့် ရည်းစားစကား

ဇာတိပုံ မောင်မောင်ဒေး

ကျွန်တော် ငယ်စဉ်က ကြည့်ခဲ့ဖူးတဲ့ ဇာတ်ပွဲတွေမှာ လူရွှင်တော် သရုပ်ဆောင်အချို့၏ ဟာသနှောတဲ့ သရုပ်ဆောင်ပြောကွက်ကလေးတွေ ကို မှတ်မိနေပါတယ်။ အဲဒါက ဘယ် လိုလဲ ဆိုတော့ -

"ထွက်ဟေ့ ထွက်ဟေ့ ဆိုလို့ ထွက်လာခဲ့ရ၊ အဲ- ငါဘာကောင်ပါ လိမ့်" ဆိုတဲ့ စကားလုံးလေးပါ။ အဲဒီ လိုပါပဲ၊ ခု ကျွန်တော် ရေးထားတဲ့ ဂရင်းနစ်စံချိန်ဝင်ဆိုတဲ့အသုံးအနှုန်းကို ကျွန်တော်လည်း ဂယနဏ မသိနိုး အမှန်ပါ။ ဂယနဏ မသိသော်လည်း သိသလောက်ကလေးက်တော့ အများသူငါထက် ထူးခြားသောလုပ်ရပ်များ၊ ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသော အကြောင်းအရာများကို ဂရင်းနစ်စံချိန်ဝင်သည်ဟု နားလည်ထားပါသည်။

အများသူငါထက် ထူးခြားဆန်းပြားသော ဖြစ်ရပ်များ၊ လုပ်ရပ်များ၊ အများအပြား ရှိမည်ဖြစ်သော်လည်း ကျွန်တော် တင်ပြလိုသော ဂရင်းနစ်စံချိန်ဝင်မည့် ထူးခြားဖြစ်ရပ်သည် နှလုံးသားရေးရာဟူဆိုကြသော အချစ် (၁၅၀၀)နှင့် ပတ်သက်သည့် ကိစ္စဖြစ်၏။

အချစ်ရေးရာကိစ္စများကိုလည်း ဂရင်းနစ်၌ မှတ်တမ်းဝင်မည်ဆိုလျှင် အချစ်နှင့် ပတ်သက်လာလျှင် ဂရင်းနစ်စံချိန် စာမျက်နှာထိပ်ဆုံးက တင်ရမည် ဖြစ်သော အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တို့က ကျမ်းဂန်စာဇေါ အဆက်ဆက်က အထင်အရှားပင်။

သမိုင်းကြောင်းအရ အများသိပြီးဖြစ်သော ရှားဂျဟန်ဘုရင်ကြီး၏ တပ်ခ်ျမဟာဗိမာန်သည် ထိပ်ဆုံးနေရာက ရှိနေမည် ဧကန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဂရင်းနစ်စံချိန် မဟုတ်သော်လည်း မြန်မာဓလေ့ ဆိုရိုးစကားအရ အဘိုးတို့၊ အဘွားတို့ ခေတ်က သုံးနှစ်သုံးမိုး ချစ်ကြိုက် ရည်းစားဖြစ်ပြီးမှ လင်မယားဖြစ် ညားကြလေသတည်းဟု ဆိုစကားရှိခဲ့၏။ အဘိုး၊ အဘွားတို့ ထက်ထူး၍ နှစ်ဆတိုးကာ ခြောက်နှစ်ခြောက်မိုး ချစ်သူ ရည်းစားဖြစ်ပြီးမှ လင်မယား ညားကြသူတွေ ဂရင်းနစ်စံချိန်ဝင် ဖြစ်မည်ဆိုလျှင် ကျွန်တော်ပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ပထမ(၂)နှစ်တွင် လူချင်းမမြင်မတွေ့ဖူးဘဲ စာဖြင့် ရည်းစားဖြစ်ကြ၏။ ခေတ်ဦးအင်တာနက်သမားဖြစ်၍ လူချင်းမတွေ့ဖူးဘဲ ရည်းစားဖြစ်ကြ၏။

ဒုတိယ (၄)နှစ် လူချင်းတွေ့ ပရက်တီကယ် Practical ရည်းစားဖြစ်ပြီး နှလုံးသား ချစ်မေတ္တာခိုင်မြဲမှ လင်မယားဖြစ်လာကြရာ (၆)နှစ်ကြာ၏။

ထို့ထက်ထူး၍ နှလုံးသားထဲမှ (၁၅၀၀)ချစ်မေတ္တာကို နှစ်ပေါင်း (၆၀) ကျော်ကြာမှ ဖွင့်ဟခွင့်ရသော (၀၊) ရည်းစားစကားပြောခွင့်ရသောသူများရှိသည်ဆိုလျှင် ဒဏ္ဍာရီ Myth လားဟု ဆိုကြမည် ထင်၏။ ပုံပြင် ဒဏ္ဍာရီ မဟုတ်ပါ။

ယနေ့ သိရိလင်္ကာ အမည်ရှိသော သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုသော ဘုရင်ကြီးတစ်ပါး ရှိ၏။ အစားအသောက် စားသောက်မည်ပြုတိုင်း ဘုရားရှင်အား ကပ်လှူပြီးမှ စားသောအကျင့် ရှိ၏။

တစ်ခါသော် စစ်ပွဲဆင်နွှဲနေရင်း ထမင်းစားစဉ် ဇရုတ်သီးတစ်တောင့်ကို ဘုရားမကပ်ဘဲ စားလိုက်မိ၏။ နောင်မှ သတိရ၍ အမှတ်တရဖြစ်စိမ့်သောဌာနေတီစာစ်ဆူ တည်ထားကိုးကွယ်ကာ နေတီတော်ဘွဲ့ကို ဇရုတ်သီးတစ်တောင့် စေတီဟု ဘွဲ့တော်ပေး၏။

ဇရုတ်သီးတစ်တောင့် စေတီတော် ထီးတင်ပွဲကား ကြိတ်ကြိတ်တိုးစည်ကားလှ၏။ ဆွမ်းကြီးလောင်းပွဲမှ ယာဂုပူပူလောင်လောင် ခံယူရရှိလာသော ကိုရင်လေးတစ်ပါးသည် သပိတ်ပူပူလောင်လောင်ကို ပိုက်ရင်း ချွေးသီးချွေးပေါက်ကျကာ သပိတ်ကို မြေပေါ် ချရအခက် ဆက်လက်ပိုက်ထားရန်လည်း မတတ်နိုင်တော့သည့် အခြေအနေ ဗျာများလျက်ရှိစဉ် အရွယ်တူ သီလရှင်လေးတစ်ပါး ရောက်လာပြီး -

"ကိုရင်လေးဘုရာ့၊ ရော့ - ဒီအုန်းမှုတ်ခွက်ကို သပိတ်ခြေလုပ်ပြီး ကိုင်ထား၊ အပူ သက်သာသွားမယ်" ဆိုကာ အုန်းမှုတ်ခွက်ပေးလာသည့် သီလရှင်လေး၏ မျက်နှာကို တစ်ချက်ကြည့်ရင်း ခွက်ကလေးကို ယူလိုက်၏။

စေတနာရှင် သီလရှင်လေး၏ မျက်နှာကို တစ်ချက်မျှ ကြည့်မိသော်လည်း တစ်သက်စာ မှတ်မိသွား၏။

ဇရုတ်သီးတစ်တောင့် ဘုရားထီးတင်ပွဲကြီး ပြီးမြောက်၍ နောက်နှစ်ပေါင်း (၆၀)ကျော် ကြာမြင့်သောကာလတွင် တစ်နေရာ၌ ရဟန်းအိုကြီးတစ်ပါးနှင့် သီလရှင်အိုဆရာကြီးတစ်ပါးတို့ ဆုံမိကြ၏။

ပဋိသန္ဓာရစကား ပြောကြ ဆိုကြရင်းက အသက်မည်မျှ ဝါတော် မည်မျှ ရှိကြောင်းမှအစ ဇရုတ်သီးတစ်တောင့် ဘုရား ထီးတော်တင်ပွဲ မီလိုက်သေးလားအထိ ရောက်သွား၏။

ဤတွင် သီလရှင်ဆရာကြီးက-

"မိပါသော်ကော ဘုရား၊ အဲဒီတုန်းက ဆွမ်းကြီးလောင်းပွဲမှာ ယာဂုသပိတ်ပူပူကြီးပိုက်ပြီး ဒုက္ခရောက်နေရှာတဲ့ ကိုရင်လေးတစ်ပါးကို တပည့်တော်မက အုန်းမှုတ်ခွက်တစ်ခု လှူခဲ့ဖူးတာ အမှတ်ရနေပါသေးတယ် ဘုရာ့"

ဟု လျှောက်တင်လိုက်ရာ ရဟန်းအိုကြီးသည် သီလရှင်ဆရာကြီး၏ မျက်နှာကို စူးစိုက်ကြည့်ရင်း -

"ဟင် ဟုတ်လား၊ ဆရာကြီးက ထူးထူးဆန်းဆန်း အုန်းမှုတ်ခွက် လှူခဲ့ဖူးတယ်ပေါ့"

ဆိုကာ ရုတ်တရက်ထသွားပြီး တစ်နေရာတွင် သက်နှံးစုတ်သန့်သန့်ဖြင့် တယုတယ ထုပ်ပိုးထားသည့် ပစ္စည်းလေးကို ယူခဲ့ရင်း သီလရှင်ဆရာကြီး၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ -

"ဒီအုန်းမှုတ်ခွက်ကလေး မဟုတ်လား"

ဟုပြသရင်း ဆိုလိုက်သောအသံကြောင့် သီလရှင်ဆရာကြီးလည်း "ဟင်" ဟု အာမေဍိတ်သံ ထွက်သွားကာ နှလုံးတုန် ရင်ခုန်ခြင်းများဖြင့် ရဟန်းအိုကြီး၏ မျက်နှာကို မော့ကြည့်လိုက်မိ၏။

ထိုနေ့မှသည် နောက်ရက်များတွင် ရဟန်းအိုကြီးနှင့် သီလရှင်ဆရာကြီးတို့ ပျောက်ခြင်းမလှ ပျောက်သွားသည်ဟု ဆိုပါကြောင်း။ အဲဒါကတော့ စာတွေမှာ ဖတ်ရတဲ့ ဂရင်းနစ်စံချိန်ဝင်မယ့် ရည်းစားစကားတွေပါ။

ဒီဘက်ခေတ် (၂၁) ရာစုမှာ ဂရင်းနစ်စံချိန်ဝင်မည့် ရည်းစားစကား တစ်ခွန်း ရှိနေပါသေးတယ် ဆိုရင် ဒဏ္ဍာရီ မဟုတ်ပါလို့ ကြိုတင်ပြောလိုပါသည်။ ဒဏ္ဍာရီမဟုတ်သလို စိတ်ကူးဖြင့် ဖန်တီးရေးသားခြင်းလည်း မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါကြောင်း သစ္စာစကားဖြင့်ဆိုပါသည်။ ဤသစ္စာ မှန်ကန်ပါက သင့်အားလည်း ကောင်း၊ ကျွန်ုပ်အားလည်းကောင်း ကောင်းကျိုးမသွေ ရပါစေသတည်း။

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ကွမ်းခြံအမည်ရှိသော ရွာကြီးတစ်ရွာ ရှိ၏။ ကွမ်းခြံရွာကြီးသည် နိုင်ငံဝုဏ်ဆောင် လွတ်လပ်ရေးမော်ကွန်းဝင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်မှ တစ်ဦးအပါအဝင်ဖြစ်သည့် ဗိုလ်မှူးဘုန်းမြင့် (သခင်တင်အေး)၏ မွေးရပ်ဇာတိရွာ ဖြစ်၏။

အဆိုပါ ဗိုလ်မှူးဘုန်းမြင့်အိမ်နှင့် ကျွန်တော်၏အိမ်သည် ခြံစည်းရိုးသာ ခြားသော အိမ်နီးချင်း ဖြစ်၏။ သို့သော် ဗိုလ်မှူးဘုန်းမြင့်က ကျွန်တော့်ထက် အသက်(၁၆)နှစ်ခန့် ကြီးပါသည်။

ဖ. ဆ. ပ. လခေတ်က ဗိုလ်မှူးဘုန်းမြင့်သည် ပါလီမန်အမတ်အဖြစ် အရွေးခံဖူး၏။ ထိုရွေးကောက်ပွဲတွင် မဲကိစ္စများအတွက် လုပ်အားပေးရန် ဗိုလ်မှူးနေအိမ် (၁)လမ်း မြောက်ပိုင်း၊ ယခု ဗိုလ်မှူးဘုန်းမြင့် လမ်းအိမ်၌ နေ့မအား ညမအား လုပ်အားပေးခဲ့ဖူး၏။

ဗိုလ်မှူးဘုန်းမြင့်သည် ထိုအချိန်၌ မြို့ပေါ်မှ နေအိမ်တွင် ပြောင်းရွှေ့နေထိုင်သဖြင့် ရွာတွင် မိဘများသာ နေ၏။

ကျွန်တော်လည်း စိန်နားကပ် အရောင်ကြောင့် ပါးပြောင်ဆိုသလို ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဘုန်းမြင့်နှင့် တစ်ရွာတည်းသား အိမ်နီးချင်း ဖြစ်ကြောင်း ဂုဏ်ယူလို၍ ဖော်ပြခြင်းဖြစ်ပါသည်။

အဆိုပါ ကွမ်းခြံရွာကြီးတွင် ကျွန်တော်၏ အစ်မအရင်းဖြစ်သည့် ဒေါ်ကုလားမ ခေါ် ဒေါ်ခင်တင့်သည် ယနေ့တိုင် နေထိုင်လျက် ရှိပါသည်။

အဖေသည် ကျွန်တော် (၁၃) နှစ်သား အရွယ်ကပင် ကွယ်လွန်သွားသဖြင့် မိသားစု စားဝတ်နေရေးကို အမေ ဒေါ်ဖွားရှင်နှင့် အစ်မကြီးတို့က နေ့မနှာ ညမအား ကြိုးစားရှာဖွေရပါသည်။

ကျွန်တော်တို့ မိသားစုသည် ရွာတွင် တစ်နေ့လုပ်မှ တစ်နေ့စားရသော ဆင်းရဲသား လူတန်းစားများဖြစ်သောကြောင့် အမေနှင့် အစ်မကြီးတို့သည် ရွာဦးထိပ်လမ်းဆုံရှိ သခွတ်ဖြူပင်ကြီးအောက်တွင် တဲလေးထိုး၍ အကြော်၊ ကောက်ညှင်းထုပ် ရောင်းရပါသည်။

ကျွန်တော့်အထက်က အစ်ကို သည် ကျပ်မပြည့်သောကြောင့် ဘာမျှ သုံးမရပါ။ ဥစ္စာစောင့်ဘဝမှ လာသူဟု ဆို၏။ ထို့ကြောင့် မိသားစု စားဝတ်နေရေးသည် အမေနှင့် အစ်မကြီး အပေါ် ပုံကျပါတော့သည်။

ကျွန်တော်၏ လူပုံပန်းအခြေအနေကို အကဲခတ်၍-

"နင့်မောင်က အလုပ်ကြမ်း လုပ်နိုင်မယ့်ကောင် မဟုတ်ဘူး၊ အင်္ဂလိပ်ကျောင်းထားပေးမှ" ဆိုကာ ဆင်းရဲသည့်ကြားက အင်္ဂလိပ်ကျောင်း ထားပေး၏။

ထိုခေတ်က (၁၉၅၀)ဝန်းကျင်က အ. ထ. က ကို တောရွာမှ လူများက အင်္ဂလိပ်ကျောင်းဟု ခေါ်ကြ၏။ သို့ဖြင့် လက်ပံတန်းမြို့ အ. ထ. က တွင် အင်္ဂလိပ်ကျောင်းသားဖြစ်လာ၏။ ကျွန်တော်၏ အိုင်ကျူ IQ က ညံ့သောကြောင့် အတန်းထဲတွင် နောက်ဆုံးမှ ထိုင်ရ၏။

အတန်းထဲ၌ စာအတော်ဆုံး သုံးယောက်က ရှေ့ဆုံးခုံမှာ ထိုင်ရ၏။ နံပါတ်(၁) စိုးလှိုင်(ခ)စန်းမြင့်၊ (၂) ဖရီးဆာမိ၊ (၃)မောင်ကြည်တို့ ဖြစ်၏။

နံပါတ်(၁) စိုးလှိုင်သည် ယနေ့ လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌကြီး ဦးစိုးလှိုင် ဖြစ်လာ၏။

လူက ဆင်းရဲသော်လည်း အချိန်အခါအရွယ် နှလုံးသားက မဆင်းရဲသောကြောင့် မိမိရွာမှ ကြေးရတတ်တစ်ဦး၏ သမီးဖြစ်သူ ခင်ထားကို တစ်ဖက်သတ်ကြိုက်မိ၏။

ကျွန်တော့်ဘဝနှင့် ခင်ထားက မိုးနဲ့မြေလို မကွာသော်လည်း ထန်းပင်ထိပ်ဖျားနှင့် မြေကြီးလောက်တော့ ရှိပေလိမ့်မည်။

ကျွန်တော်တ အင်္ဂလိပ်ကျောင်းသား ဟူသော ဂုဏ်လေးမှ တစ်မိုးဆင်းရဲသူ မုဆိုးမသား၊ ခင်ထားက လယ်စက (၃၀)ခန့်ပိုင်သူ ရွာကြေးရတတ် သမီး၊ အတန်းစာက ရေးတတ်ဖတ်တတ်ရုံ။

ခင်ထားကို ကြိုက်မိသည့် အကြောင်း ခင်မင်ရင်းနှီးသည့် လူပျိုကြီး ကိုအေးရွှေကို ပြောတော့ -

"အေးကွာ ဒါဟာ သဘာဝပဲ၊ ဒါပေမဲ့ ခင်ထားတို့က တို့ရွာမှာ ကြေးရတတ်ဆိုတာ မင်းအသိပဲ၊ အဲဒီလိုပဲ မင်းဘဝ မင်းတို့ မိသားစု အခြေအနေလည်း မင်းအသိဆုံးပဲ၊ မတူမတန်ဘူးလို့ ပြောတာ မဟုတ်ဘူး၊ ချစ်တယ်ဆိုတဲ့ နောက်မှာ ပြဿနာတွေ အများကြီး ရှိသေးတယ်၊ အဲဒါတော့ မတွက်လို့ မရဘူးကွ" ဆိုတဲ့ သဘောတရား ရေးရာတွေ ဟောပြောပို့ချတာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ခင်ထားကို ချစ်မိတဲ့စိတ်ကို နှလုံးသားထဲမှာပဲ ချိုပ်ပိတ်လိုက်ရပါတော့တယ်။

မကြာပါဘူး၊ ခင်ထားလည်း မိဘချွင်းသဘောတူတဲ့ တစ်ရွာသားနဲ့ လက်ထပ်လိုက်ပြီး ဗိုလ်ကေနောက် ဆံတောက် ပါသွားပါတော့တယ်။

ကျွန်တော်လည်း ပဒေသာမြေမှာ ရှာရတဲ့ ဘူမိဗေဒပညာရှင်တွေနှင့် အတူ မြန်မာပြည် တစ်နံတစ်လျားက တောတောင်များစွာ ပင်လယ်ပြင်က ကျွန်းတွေပါမကျန် သယ်ဇာတတွေ လေ့လာရှာဖွေရင်း မရောက်ချင်တဲ့ အသက်(၆၀) ရောက်သွားတာကြောင့် ပင်စင်အိုကြီး ဖြစ်ခဲ့ရပါပြီ။

ကွမ်းခြံရွာကြီးက ခွဲခွာလာသည်မှစ၍ ခင်ထားအကြောင်း တစ်စွန်းတစ်စမှ မသိရတော့သလို အမှတ်လည်း မရခဲ့တော့ပါ။

ဆံမဖြူ ခါးမကိုင်းပေမယ့် နားကတော့ နည်းနည်းထိုင်းနေပြီဖြစ်တဲ့ ပင်စင်အိုကြီး ကျွန်တော်ဟာ ကျေးဇူးရှင် အစ်မကြီး အသက်(၉၁)နှစ်ရှိတဲ့ မွေးရပ်မြေ ကွမ်းခြံရွာကြီးကို (၁၁. ၈. ၂၀၁၅)နေ့က ကန်တော့ရန် ရောက်ခဲ့ပါတယ်။

ယနေ့ ပြန်ရောက်ခြင်းသည် ကွမ်းခြံရွာကြီးမှ ခွဲခွာခဲ့သည့်နောက် နှစ်ပေါင်း (၅၆)တိတိ အချိန်ဖြစ်သလို ကျွန်တော်၏ အသက်သည်လည်း (၈၀) ဖြစ်ပါသည်။

နေခြင်းပြန်ခရီး စီစဉ်ထားသည်ကြောင့် အစ်မကြီးအား ကန်တော့ပြီး တူမလေးများ မိသားစုနဲ့ နှစ်နာရီနီးပါး ရောက်တတ်ရာရာ ပြောကြရင်း ပြန်ခါနီး ထပ်မံ ကန်တော့ပါတယ်။

အစ်မကြီးက နားမကောင်းတော့သဖြင့် စကားမပြောဖြစ်ပါ။

လက်ပံတန်းက (၁)နာရီတိတိ ထွက်လာမည့်ကားဖြင့် လိုက်ရန် ကျေးနီးလမ်းခွဲဇရပ်က သွားစောင့်ရပါသည်။ ဇရပ်တွင် စောင့်နေခိုက် ရန်ကုန်မှ လာသော လက်ပံတန်းကားတစ်စီး ဆိုက်လာပြီး (၁၅)နှစ်ခန့် မြေးလေးဟု ထင်ရသော ကောင်လေးက အဘွား လက်ကိုတွဲကူရင်း ကားပေါ်က ဆင်းလာ၏။ ပစ္စည်းများ ချ၏။ အဘွားကြီးက ပစ္စည်းတွေနား ရပ်နေရှာ၏။ ဆံပင်တို့က ပိတုံးရောင် မဟုတ်တော့ဘဲ ဖြူဖွေးနေ၏။

"ဦးလေး သူကို သိလား"

ဟု ဆိုသံက ကျွန်တော့်အား လိုက်ပို့သော တူမလေး ယောကျ်ား။

တူတော်မောင် စကားကြောင့် အဘွားကြီးအား အသေအချာကြည့်၏။ လုံးဝမသိချေ။ ထို့ကြောင့် -

"ဟင့်အင်း မသိဘူးကွ" ဆိုလိုက်၏။

"အဲဒါ ဒေါ်ခင်ထားလေ"

"ဟေ ဟုတ်လား"

ဟုဆိုရင်း အဘွားကြီးအနားရောက်သွား၏။

ဒေါ်ခင်ထားဟု တူတော်မောင် ပြောသူမှာ ကျွန်တော် ဆယ်ကျော်သက် အရွယ်က ခရေဇီ Crazy ဖြစ်ခဲ့ရသူ ခင်ထားပေတည်း။

"ဟဲ့ - ခင်ထား၊ နင် ငါ့ကို သိလား"

ဆိုတော့ ခေါင်းခါရင်း -

"မသိဘူး" တဲ့။

အဲဒါကြောင့် -

"ကိုအေးလေ မသိဘူးလား"

"မသိဘူး" ပဲ ဖြေပါသည်။

"ကွမ်းခြံရွာ အရှေ့ပိုင်းက ဒေါ်ကုလားမကြီးရဲ့မောင် ကိုအေးလေ" ဟုဆိုတော့မှ အံ့သြဝမ်းသာ အသွင်ပြောင်းသွားပြီး -

"ဟယ် - နင် ကိုအေးလား"

"ဟုတ်တယ်၊ ဧါ ကိုအေးပဲ"

ဆိုရင်း တူတော်မောင်ဘက် လှည့်ကာ -

"ဒီလိုကွ၊ ငါဆယ်ကျော်သက် အရွယ်က အရူးအမူး ခရေဇီဖြစ်ခဲ့ရတဲ့ ခင်ထားပေါ့၊ အခြေအနေ အရပ်ရပ်ကြောင့် ချစ်စိတ်တွေကို နှလုံးသားထဲမှာ ချိုပ်ပိတ်ခဲ့ရတယ်၊ ခင်ထားကတော့ မသိဘူးပေါ့ကွာ"

လို့ ရှင်းပြလိုက်တော့ ခင်ထား အမူအရာဟာ အပျိုမလေး အသွင်ပြောင်းသွားရင်း ပီတိအပြုံးလေးဖြင့်-

"ကျွန်မလည်း သိပါတယ်" တဲ့ ဆိုစကားကြောင့် ကျွန်တော် နှလုံးခုန်မြန်သွားပြီး -

"ဒါဆိုရင် ခင်ထားလည်း ချစ်တယ်ပေါ့" ဟု အလောတကြီး မေးလိုက်ရာ -

"ဟင်း- သူ ခုအထိ ကြားချင်နေတုန်းလား" ဟု မျက်လုံးလေး တစ်ချက်ဝေ့ကြည့်၍ ×××× တိုးတိုးလေး ရေရွတ်ရင်း -

"ဟိုမှာ ပစ္စည်း သယ်နေတဲ့ မြေးလေး ကြားသွားလိမ့်မယ်" ဟု ဆိုစဉ်မှာပင် လက်ပံတန်းမှ တစ်နာရီကား ရောက်လာသဖြင့် ခင်ထားကို နှုတ်ဆက်ကာ ထွက်ခွာခဲ့ရပါသည်။ လက်ပံတန်း-ရန်ကုန် ကားကြီးပေါ်မှာ စပယ်ယာလေး နေရာပေးတဲ့ နှစ်ယောက်တွဲ ထိုင်ခုံတွင်ထိုင်ရင်း ခင်ထားရဲ့ ဆယ်ကျော်သက်အရွယ်ပုံရိပ်တွေ ပြန်ဖော်နေဆဲ ဘေးချင်းကပ်ထိုင်ခုံက ဖုန်းပြောသံကြောင့် အသံရှင်ကို ခုမှပဲ အသေအချာ ကြည့်မိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဂျင်းပင် အပြာရောင် ပေါင်ကျပ်၊ စပို့ရှပ်အဖြူ၊ ဆံပင်ကုပ်ထောက်၊ ရှာထိုးဦးထုပ် ခပ်ငိုက်ငိုက်ဆောင်းတဲ့ ဖြူဖြူချောချော ဆယ်ကျော်သက်မလေး၊ စောစောက ခင်ထားပုံရိပ်တွေကြောင့် ကိုယ့်ဘေးချင်းကပ်က လူကို ကျားလား မလားတောင် မကြည့်မိခဲ့တဲ့အဖြစ်။

မချောလေးကလည်း သူ့အနားရောက်လာသူကို အဘိုးကြီးမှန်းသိ၍ လုံဝ စိတ်ဝင်စားပုံမရချေ။ ဖုန်းပြောပြီး ဂိမ်းလား၊ နက်လား မသိ ဖုန်းကို ဆက်နှိပ်နေ၏။ ကျွန်တော်ကလည်း ကိုယ့်အတွေးနှင့်ကိုယ် လိုရာဆွဲတွေးနေ၏။

ခင်ထားပြောလိုက်သည့် 'ခင်ထားလည်း ချစ်တယ်' ဆိုသည့် တိုးတိုးညင်သာသော အသံလေးကို ဘေးချင်းကပ် ဆယ်ကျော်သက်မလေးထံက လိုလို၊ ပခုံးချင်း ထိကပ်နေသည့် ဆယ်ကျော်သက်မလေးသည်ပင် ခင်ထားလေလား ထွေပြားသည့် အတွေးများဖြင့် လိုက်ပါလာခဲ့၏။

သုံးဆယ်မြို့မှ ဥက္ကံမြို့အထိ မော်တော်ကားလမ်းသည် မီးရထားလမ်းနှင့် အပြိုင်ရှိနေသဖြင့် ဖြောင့်တန်းနေ၏။

လမ်းကလည်း ကောင်းသည်ကြောင့် ကားဆရာလည်း အမြန်နှုန်းဖြင့် မောင်းရာ အိပ်ငိုက်သူတို့ အိပ်ငိုက်ကုန်၏။

ဆယ်ကျော်သက်မလေးလည်း အိပ်ငိုက်ရင်း ကျွန်တော်၏ ပခုံးပေါ်မှီနေရာ ကျွန်တော့်စိတ်အစဉ် အတွေးထဲဝယ် ခင်ထား၏ ငယ်မူငယ်သွေးရုပ်သွင် ပေါ်လာကာ ခင်ထားဟူသော အမှတ်ဖြင့် ပီတိတွေ ဖြစ်နေမိသလို မိမိကိုယ်မိမိလည်း လူပျိုလေးဟု ထင်နေမိ၏။

ဥက္ကံမြို့သို့ ရောက်သောအခါ မော်တော်ကားလမ်းသည် မီးရထားလမ်းကို ဖြတ်ကျော်ရန် တစ်ဆစ်ချိုးကွေ့သွား၏။ ထိုတစ်ဆစ်ချိုးကွေ့ကို တွေ့ရန် အရှိန်လျှော့ကာ ဂီယာပြောင်း၍ ကွေ့ပါသော်လည်း ခရီးသည်တို့ ယိမ်းယိုင်ကုန်ကြ၏။

ကျွန်တော်၏ ပခုံးပေါ်တွင် မှီ၍ အိပ်နေသည့် မချောလေးသည် ရုတ်တရက် ရင်ခွင်ထဲသို့ကျလာရာ မိမိကိုယ်မိမိ လူပျိုလေးအမှတ်ဖြင့် စိတ်ကူးယဉ်ကမ္ဘာထဲ ရောက်နေသော ကျွန်တော် လန့်ဖျပ်ယောင်ယမ်းကာ -

"ဟဲ့ ပလုတ်တုတ် ခင်ထား"

ဟု ဆိုရင်း ဆယ်ကျော်သက်မလေးအား ဖက်လိုက်မိ၏။

ကောင်မလေးသည် မျက်လုံးဖွင့်ကြည့်ရင်း ရှက်ကိုးရှက်ကန်းဖြင့် ရင်ခွင်ထဲမှ ပြန်ထ၏။ စောင်းသွားသော ရှာထိုးဦးထုပ်ကလေး ပြန်ဆောင်းကာ ကျွန်တော့်မျက်နှာ ကြည့်ရင်း -

"ဘဘက သမီးနာမည် ဘယ်လို သိနေလဲ" ဆိုသဖြင့် ကျွန်တော်လည်း အံ့သြထိတ်လန့်သွား၏။

ကျွန်တော် ဆိုသည်က ငယ်ကျွမ်းဆွေ ခင်ထား အမည်ပါ။ သို့ဖြင့် သူ့စကားနောက်လိုက်တာ -

"သမီးနာမည်က ခင်ထားတဲ့လား" ဟု မတင်မကျဆိုရာ -

"ဟုတ်ကဲ့ ဘဘ၊ သမီးက ခင်ထားပါ"

မဆိုင်းမတွပင် ပြန်ဖြေသည်ကြောင့် ရင်ထဲတွင် ဝေဒနာလေးတစ်ခု ခံစားလိုက်ရပြန်၏။ ဆယ်ကျော်သက်မလေး ခင်ထားနှင့် မိုင်(၉၀)ခရီး အတူစီးခဲ့ရာက လက်ပံတန်းလမ်းခွဲကျေးနီးတွင် ကျွန်တော်က ငယ်ကျွမ်းဆွေအတွားအို ခင်ထားကို နှုတ်ဆက်ခွဲခွာခဲ့သလို မြို့တော်ရန်ကုန် မင်္ဂလာဒုံရှိ ခရေပင်လမ်းခွဲ ရောက်သောအခါ ဆုံချက်ဆန်းသည့် ဆယ်ကျော်သက်မလေး ခင်ထားက -

"ဘဘ သမီးသွားတော့မယ်နော်"

ဟု နှုတ်ဆက်ရင်း ကားပေါ်က ဆင်းသွားသည်ကို ရီဝေသော မျက်လုံးအစုံဖြင့် မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင် ငေးကြည့်ရင်း -

"ဩော် - ဆုံချက်ဆန်းသည့် ငယ်ကျွမ်းဆွေနဲ့ ခင်ထားငယ်ရယ်" လို့ပဲ။

စာတ်ပုံမောင်မောင်အေး

❑

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခသားမိဖုရား

ဂလွန်ကျော်ဦး



"သမီးလေးရေ ရောက်ရာဘုံ ဘဝကနေ သာဓုခေါ်နိုင်ဖို့ အမေ ကုသိုလ်ဒါနပြုပြီး အမျှအတန်း ဝေပါတယ်၊ သမီးလေးရေ အမျှ အမျှ အမျှ"

ကျွန်မ နားထဲမှာ မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အမေ ငိုရှိုက်ရင်း ပြောနေတဲ့ အသံ။ ကျွန်မ အမေ့ အဖြစ်ကို တွေ့လိုက်ရလို့ မယုံနိုင် အောင် ဖြစ်သွားမိတယ်။ ကြည့်လေ။

www.burmeseclassic.com

www.burmeseclassic.com

အမေ ဘာကြောင့်များ ဝမ်းနည်းတကြီးနဲ့ ငိုရှိုက်နေရတာလဲ၊ ကျွန်မ မတွေးတတ်အောင် ဖြစ်သွားမိတယ်။ အမေ ကျွန်မအတွက် ရင်ထဲမှာ ယူကျုံးမရနိုင်တဲ့ စိတ်တွေနဲ့ ကျွန်မ သာခုခေါ်နိုင်ဖို့ အမျှတွေ ဝေနေပါလား။

ကျွန်မ အမေ့အဖြစ်ကို ကြည့်ပြီး စိတ်ထဲမှာ မခံစားစဖူး ခံစားနေမိတယ်။ တကယ်ဆို ကျွန်မ အရွယ်က လူလောကကြီးထဲမှာ အချိန်အကြာကြီး ဆက်နေသင့်တဲ့အရွယ် မဟုတ်လား။

ခုတော့ ကျွန်မ ဘာကြောင့် အမေနဲ့ စည်းခြားသွားတာလဲ။ ကျွန်မ-အဖြစ်ကို ကျွန်မ မယုံနိုင်အောင် ဖြစ်နေမိတယ်။

ကြည့်လေ။ အမေက ကျွန်မ ငယ်စဉ် ကလေးဘဝကတည်းက လမ်းတကာကို ခြေတိုအောင် စျေးတောင်း ခေါင်းရွက်ပြီး ရှာဖွေ ကျွေးမွေးခဲ့ရှာတာ။ ဒါကြောင့်လည်း ကျွန်မ အရွယ်ရောက်ပြီး လူလောကကြီးထဲမှာ ခြေဆန့်နိုင်ခဲ့တာ မဟုတ်လား။

အမေကတော့ ဘယ်လောက် ပင်ပင်ပန်းပန်း အမြဲတမ်း ကြည်လင်ချိုမြတဲ့ အပြုံးတွေနဲ့ တစ်သွေးတစ်မွေး လုပနေတဲ့ ကျွန်မကို ကြည့်ကြည့်ပြီး ဝိတိဖြစ်နေရှာတာ။

ပြီးတော့ အမေက ကျွန်မ ဘဝ ရှေ့ရေးအတွက် ကြိုတင်စီမံထားတဲ့ စိတ်ကူး။ အမေ့စိတ်ကူးက ကျွန်မကို ပညာတတ်ကြီးဖြစ်ပြီး လူလောကကြီးအလယ်မှာ ဂုဏ်မြင့်စေချင်တာ။

ခက်နေတာက ကျွန်မရဲ့ မပြောင်းလဲနိုင်တဲ့ နှလုံးသားအကျင့်စရိုက်။ ကျွန်မက မိန်းကလေးတန်မဲ့ အပြောကြမ်း၊ အနေကြမ်း၊ အစားကြမ်း။

ဒါကြောင့်လည်း အမေက ကျွန်မကို စိတ်မချနိုင်ဘဲ အမြဲတမ်း ဆုံးမနေရရှာတာ။

"သမီးလေးရယ်၊ မိန်းကလေး ဆိုတာ အပြောအဆို အနေအထိုင် မကြမ်းတမ်းရဘူးကွဲ့၊ ယဉ်ကျေးသိမ်မွေ့ရတယ်"

"အမေကလည်းလေ သမီးက ဒီလိုပဲ ပြောတတ် ဆိုတတ်တာကို အပြစ်ကြီး လုပ်ပြီး ပြောနေပြန်ပြီ၊ သမီးပြောတာ မကြိုက်ရင် မပြောနဲ့"

ကျွန်မရဲ့ အကျင့်ဆိုး စရိုက်အတိုင်း တင်းမာခက်ထန်သွားတဲ့ ဒေါသသံစဉ်ကြောင့် အမေ့ခမျာ မျက်နှာလေး ဒုံရိသွားရှာတယ်။

"သမီးလေး ဘဝအတွက် ပြောပြတာပါကွယ်၊ အမေကအသက်ကြီးပြီ၊ ဘယ်နေ့ သေမယ်ဆိုတာ တွက်ဆလို့ မရဘူး၊ သမီးလေးက ငယ်ရွယ်သူဆိုတော့ ရှေ့ဆက်ရမယ့် ဘဝက ရှိသေးတယ်"

"အမေကလည်း စကားကြောရှည်နေပြန်ပြီ၊ သမီးမကြားချင်တော့ဘူး၊ သမီးဘဝ ဘာပဲဖြစ်ဖြစ်"

ကျွန်မ အမေ့ပြောစကားကို အုတင်းဖြတ်ပြီးထွက်ခဲ့မိတယ်။ အမေကတော့ ကျွန်မအဖြစ်ကို ကြည့်ရင်း မျက်ရည်လေး ဝဲနေရှာတယ်။ ကျွန်မ အမေ့ရဲ့ ခံစားမှုကို ပြန်စဉ်းစားမိရင်း မျက်ရည်အလိုလို ကျလာမိတယ်။ ကျွန်မ ခုလိုမျက်ရည်ကျတာ အမေသာ တွေ့ရှိခဲ့ရင် ပျာပျာသလဲနဲ့ ပြောမှာ သေချာတယ်။

'သမီးလေး ဘာဖြစ်လို့ ငိုနေတာလဲ၊ အမေ့ကိုပြောစမ်းပါဦးကွယ်၊ သမီးလေး နေမကောင်းလို့လား'

အမေက အဲဒီလို ပြောပြီး ကျွန်မရဲ့ နဖူးပြင်လေးကို စမ်းရင်း ခြေဆုပ်လက်နယ် ပြုစုမှာ။ ခုတော့ ကျွန်မ အမေနဲ့ ဘယ်လိုဆုံစည်းနိုင်မှာလဲ။ ကျွန်မ အမေ့ကို ကြည့်ရင်း အမေနဲ့ နေခဲ့တုန်းက ကျွန်မရဲ့ မဖျောက်နိုင်တဲ့ အကျင့်စရိုက်နဲ့ စိတ်ကောက်ပြီး အမေ့ကို ငြူစူပြောဆိုမိခဲ့တဲ့ အဖြစ်တွေ။

ဟုတ်တယ်လေ။ မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်း ထားတဲ့ အနန္တကျေးဇူးရှင် မဟုတ်လား။

ကျွန်မ ဟိုတုန်းကလို အမေ့အနားမှာထိုင်ပြီး ကျွန်မ ပြောမှားဆိုမှားရှိခဲ့တဲ့ နှလုံးသားအပြစ်တွေကို ခွင့်လွှတ်ဖို့ အခါခါတောင်းပန်ချင်လိုက်တာ။

ခုတော့ ကျွန်မ နောင်တရပြီး အမေ့ကို ပြောချင် ဆိုချင်ပေမယ့် ပြောခွင့် ဆိုခွင့် မရတဲ့ဘဝ။

အမေကတော့ ကျွန်မ အဖြစ်တွေကို တွေးပြီး ယူကျုံးမရ ဖြစ်နေတယ်ဆိုတာ ကျွန်မ သိပါတယ်။

မှတ်မှတ်ရရ အဲဒီနေ့က မိုးတွေ သဲသဲမဲမဲ ရွာနေတာပါ။ ကျွန်မ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားမိလို့ မဖြစ်မနေ သွားရမှာလေ။

"သမီးလေး၊ မိုးတွေ သိပ်ရွာနေလို့ မသွားပါနဲ့လားကွယ်၊ အမေစိတ်မချဘူး၊ တော်ကြာ သမီးလေး မိုးမိပြီး ဖျားနာနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အမေက သမီးအတွက် စိတ်ပူနေပြန်ပြီ၊ သမီး မိုးမိလို့ ဖျားဖျားသေသေ သူငယ်ချင်းနဲ့ ချိန်းထားတာ မသွားလို့ မဖြစ်ဘူး၊ သွားကို သွားရမှာ"

ကျွန်မရဲ့ အကျင့်ဆိုး စရိုက်အတိုင်း အမေ့ကို တုံ့ပြန်ပြောဆိုပြီး လမ်းမကြီးဆီကို ထွက်လာမိတယ်။ ကျွန်မ နာရီကို ကြည့်လိုက်တော့ သူငယ်ချင်းနဲ့ ချိန်းထားတဲ့အချိန်က နောက်ကျနေပြီ။ ဒါကြောင့် ကျွန်မ စိတ်ပူပြီး ကားငှားစီးရင်း ကားကို အမြန်မောင်းခိုင်းလိုက်မိတယ်။

သဲသဲမဲမဲ ရွာနေတဲ့မိုးကြောင့် ကျွန်မစီးလာတဲ့ ကားရှေ့ကမြင်ကွင်းတွေက ဝိုးတဝါးဖြစ်နေတယ်။

သိပ်မကြာခင် ကျွန်မ မျက်စိထဲမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ မည်းမည်းအရာနဲ့အတူ "ဝုန်း" ဆိုတဲ့ အသံကို ကြားရပြီး ကျွန်မ ဘာဆို ဘာမှ မသိတော့ဘူး။

ကျွန်မ ဖျတ်ခနဲ သတိရပြီး ကြည့်လိုက်တော့ ကျွန်မ စီးလာတဲ့ ကား လမ်းမကြီးပေါ်မှာ လဲနေတာ တွေ့လိုက်ရတယ်။ ပြီးတော့ ကျွန်မ သွေးတွေနဲ့ လဲနေတဲ့အဖြစ်။ ကျွန်မ အဖြစ်ကို ကျွန်မကြည့်ပြီး မယုံနိုင်အောင် ဖြစ်သွားမိတယ်။ ကျွန်မ ဘာတွေ ဖြစ်ခဲ့တာလဲ။ ကျွန်မ အမေ့ကို သတိရသွားမိတယ်။

ဒါကြောင့် ကျွန်မ အမေ့ကို အားကိုးတကြီးနဲ့ "အမေရေ၊ အမေရေ" လို့ လှမ်းခေါ်လိုက်မိတယ်။

ကျွန်မ ဘယ်လိုပဲခေါ်ခေါ် အမေ့ရဲ့ ထူးသံကို လုံးဝမကြားရဘူး။ ကျွန်မအဖြစ်ကို ကျွန်မ ဝေခွဲမရ ဖြစ်နေတုန်း ပြုန်းစားကြီး ကြားလိုက်ရတဲ့ စကားသံ။

"ဒီကလေးမလေးက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ရတာ သနားစရာပဲ"

ကျွန်မ နားထဲမှာ ကြားလိုက်ရလို့ မယုံနိုင်အောင်ဖြစ်သွားမိတယ်။

ကျွန်မကို ဘာလို့ သနားရမှာလဲ။ အဲဒီလူတွေ သနားစရာကောင်းအောင် ကျွန်မ ဘာတွေလုပ်ခဲ့မိလို့လဲ။

ကျွန်မ တွေးနေတုန်း ကျွန်မကို ခေါ်သွားတဲ့ ကားသံ။ ကျွန်မကို ဘယ်ကို ခေါ်သွားကြမှာလဲ။ ကျွန်မ မလိုက်ဘူး။ မလိုက်ဘူး။ ကျွန်မ အမေ့ဆီပဲ ပြန်ချင်တယ်။ ကျွန်မ ရုန်းကန်ပြီး အမေ့ဆီကို အပြေးပြန်လာမိတယ်။

ကျွန်မ အိမ်ပေါက်ဝ ပြန်ရောက်တော့ အမေ့ကို လှမ်းတွေ့လိုက်ရတယ်။ အမေကတော့ ကျွန်မ အိမ်ပြန်အလာကို မျှော်နေရှာတာ။ ကျွန်မ အမေ့ကို 'အမေရေ' လို့ အားရပါးရ ခေါ်လိုက်မိတယ်။

အမေက ကျွန်မခေါ်တဲ့အသံကို ကြားဟန်မတူဘဲ အိမ်ပေါက်ဝကို လှမ်းမျှော်ပြီး ကြည့်နေတုန်းပါပဲ။ အမေ ကျွန်မကို ပြောမရ ဆိုမရလို့ စိတ်ကောက်နေပြီလား။

ကျွန်မ အမေ့ စိတ်ကျေနပ်အောင် ပြောဖို့ အိမ်ထဲကို အပြေးဝင်လိုက်မိတယ်။

ဒါပေမဲ့ နံရံကြီးတစ်ခု ခြားနားထားသလို ကျွန်မ အိမ်ထဲကို ဘယ်လိုဝင်ဝင် ဝင်လို့မရ ဖြစ်နေတာ။

ကျွန်မအဖြစ်ကို ကျွန်မ တွေးလို့မရအောင် ဖြစ်နေမိတယ်။

ကျွန်မ အမေရှိတဲ့ အိမ်ထဲကို ဘာဖြစ်လို့ ဝင်ခွင့်မရတာလဲ။ ကြာတော့ ကျွန်မ စိတ်မရှည်တော့ဘူး။ ကျွန်မ သူငယ်ချင်းဆီ အပြေးသွားမိတယ်။ ကျွန်မ သူငယ်ချင်းကလည်း ကျွန်မ အလာကို မျှော်နေရှာတာ။

ကျွန်မ ဝမ်းသာအားရနဲ့ သူငယ်ချင်းဆီ အပြေးသွားမိတယ်။ ကျွန်မဘယ်လိုသွားသွား သူငယ်ချင်းဆီ သွားလို့မရဘဲ ဖြစ်နေတယ်။

ကျွန်မ ဘာတွေ မှားယွင်းနေတာလဲ။

ကျွန်မ အဖြစ်ကို တွေးမိရင်း အားရပါးရ ငိုရှိုက်ရင်း တွေ့လိုက်ရတဲ့ အရာတွေ။ ကျွန်မကို လှမ်းကြည့်ပြီး ခေါ်နေတဲ့ ကြောက်ရွံ့စရာမျက်နှာနဲ့ လူတွေ။ အဲဒီလူတွေက ကျွန်မ တစ်ခါမှ မတွေ့ဖူးတဲ့ မျက်နှာစိမ်းတွေ။

ဘာကြောင့် အဲဒီလူတွေ ကျွန်မကို လှမ်းခေါ်နေရတာလဲ။

ကျွန်မ ကြောက်စိတ်တွေ အလိုလို ဖုံးလွှမ်းသွားမိတယ်။ ကျွန်မ မလာဘူး။ မလာဘူးလို့ အော်ဟစ်ငြင်းဆန်ပေမယ့် မရဘူး။ ကျွန်မ ကြောက်ကြောက်ရွံ့ရွံ့နဲ့ သူတို့အနားကို ရောက်သွားမိတယ်။

ကျွန်မ ဘယ်နေရာ ကြည့် ကြည့် နေရာစိမ်းတွေ။ ကျွန်မ ဒီနေရာမှာ မနေချင်ဘူး။ ကျွန်မ အိမ်ကိုပဲ ပြန်ချင်တယ်။

ဟော - ကျွန်မ နားထဲမှာ အမေ့ ငိုသံတွေ ကြားနေရပါလား။ အမေ ဒီလို ငိုသံမျိုး ကျွန်မ တစ်ခါမှ

www.burmeseclassic.com

www.burmeseclassic.com

မကြားခဲ့ဖူးတာ အမှန်ပါ။ အမေ ဘာဖြစ်လို့ ငိုနေတာလဲ။ ကျွန်မ အမေ့ကို လှမ်းကြည့်လိုက်မိထယ်။

"အဖြစ်ဆိုးလှချည်လား သမီးလေးရယ်၊ အမေ့စကား နားမထောင်လို့ သမီးလေး ခုလို ကြုံတွေ့ရတာ"

အမေရဲ့ ငိုရှိုက်သံနဲ့အတူ ရောထွေးပါလာတဲ့ ကျွန်မ အဖြစ်ဆိုး ဆိုပါလား။

ကျွန်မ ဘာတွေ အဖြစ်ဆိုးခဲ့လို့ အမေ ငြိုန်းစားကြီး ငိုနေရတာလဲ။

ကျွန်မ အမေ့ကို ကြည့်ရင်း အံ့သြသွားမိတယ်။ ကြည့်လေ။ မလှပ်မရှားဖြစ်နေတဲ့ ကျွန်မရဲ့ ခန္ဓာကိုယ်။ ကျွန်မအဖြစ်ကို ကျွန်မ ကြည့်ရင်း အလိုလို စုန်လှပ်သွားမိတယ်။

ဒါဆို ကျွန်မ ကျွန်မ အဖြစ်ဆိုးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရတာပေါ့။ ဒါနဲ့ကြောင့်လည်း အမေ ငိုနေတာ။

အမေကတော့ ကျွန်မ တစ်နေ့နေ့ ပြန်လာမှာမယ်ဆိုတဲ့ သံယောဇဉ်နဲ့ ကျွန်မကို မျှော်နေမယ်ဆိုတာ ယုံကြည်တယ်။ ကြည့်လေ။ ကျွန်မ ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အမြဲဖြစ်ခဲ့ရတဲ့ အမေ။ ကျွန်မ အမေ့ကို ကြည့်ပြီး သနားသွားမိတယ်။

တကယ်ဆို ကျွန်မ နှလုံးသားမှာ ခံယူချက်လွဲမှားခဲ့တာ။ ကျွန်မကို အမြဲတမ်း စိတ်မချဖြစ်နေတဲ့ အမေ။ ကျွန်မ အမေ့အပေါ် တုံ့ပြန်ပြီး စာနာရမှာပေါ့။ ညှာတာရမှာပေါ့။

ကျွန်မအပေါ် ထားခဲ့တဲ့ အမေ့ရဲ့ တုန့်ပြန်မရတဲ့ မေတ္တာ ကရုဏာ စေတနာတွေက တိုင်းဆလို့မှ မရတာ။

ခုတော့ ခလုတ်ထိမှ အမိတဆိုတဲ့ စကားက ကျွန်မအတွက် ဖြစ်နေတာ အမှန်ပါ။ ကျွန်မ အမေ့ကို ခွင့်လွှတ်ဖို့ အခါခါတောင်းပန်ချင်တယ်။ ဒါပေမဲ့ ကျွန်မ အမေနဲ့ ပြန်လည်ဆုံစည်းနိုင်ခွင့် မရှိတဲ့ ဘဝကို ရောက်နေတာ။ ကျွန်မကိုယ် ကျွန်မ ယူကျုံးမရနိုင်တဲ့ စိတ်တွေနဲ့ ခံစားနေရတုန်း အမေ ကျွန်မကို ခေါ်နေတဲ့အသံ။

ဟိုတုန်းကဆို အမေ ခေါ်ရင် တုံ့မဆိုင်းဘဲ ပြန်ထူးတတ်တဲ့ ကျွန်မ။ ခုတော့ ကျွန်မ အမေ့ရဲ့ ခေါ်သံကို ကြားပြီး ပြန်ထူးလို့မရတဲ့ဘဝ။

အမေကတော့ ကျွန်မ ဘယ်ဘဝရောက်ရောက် မေတ္တာအပြည့်နဲ့ ဖြည့်ဆည်းနေတယ်ဆိုတာ ကျွန်မ သိခွင့်ရလို့ ကျွန်မ ဝမ်းနည်းစိတ်တွေနဲ့ မျက်ရည်ကျနေမိတယ်။

ခုတော့ ကျွန်မ အဖြစ်ကို ကျွန်မသိပါပြီ။ ကျွန်မ အမေနဲ့အတူ နေခဲ့တုံးက အမေ့အပေါ် ကျူးလွန်မိခဲ့တဲ့ ကံတရားက ယခုဘဝတင် မကဘူး သံသရာအထိပါမှာ သေချာတယ်။

ပြီးတော့ ကျွန်မ အမေ့ကို နောက်ဆုံးတုံ့ပြန်မိတဲ့စကား။ အမေက မိုးတွေရွာနေလို့ ကျွန်မကို မသွားဖို့ တားမြစ်နေတဲ့ အချိန်။

ကျွန်မ 'မိုးမိလို့ ဖျားဖျားသေသေ' ဆိုတဲ့ မဆင်မခြင် တုံ့ပြန်ပြောလိုက်မိတဲ့ စကား။

ဒီစကား တစ်ခွန်းက ကျွန်မ ဘဝကို တမလွန်ကို ခေါ်မယ့် နိမိတ်စကားတစ်ခွန်းဆိုတာ ကျွန်မ သိခဲ့ရပြီလေ။

ခုတော့ ကျွန်မကိုယ် ကျွန်မ နောင်တတွေ ရနိုင်ခဲ့ပေမယ့် ပြင်ဆင်ချိန် မရှိတော့ဘူးလေ။

အမေကတော့ ကျွန်မရဲ့ အဖြစ်ဆိုးကို မသိရှာဘူး။

ကျွန်မအတွက် ရည်စူးပြီး အမြဲတမ်း ကုသိုလ်၊ ဒါနပြုနေရှာတယ်။ ကျွန်မအမေရဲ့ အမျှပေးဝေသံနဲ့အတူ ကျွန်မ မတွေ့ဖူး မမြင်ဖူးတဲ့ အရာတွေကို တွေ့မြင်လိုက်ရလို့ အံ့သြဘနန်းဖြစ်နေမိတယ်။

ကျွန်မ ဘယ်ကို သွားရမှာလဲ။ ကျွန်မကိုယ် ကျွန်မ တွေးလို့ မရနိုင်အောင် ဖြစ်နေမိတယ်။

ဟော- အမေရဲ့ အမျှပေးဝေသံကို ကျွန်မ နားထဲမှာ ကြားလိုက်ရလို့ ဝမ်းသာသွားမိတယ်။ ဒါဆို ကျွန်မ ကျွန်မ သာဓု ခေါ်လို့ရပြီ။

ကျွန်မ အားရပါးရ သာဓုခေါ်လိုက်မိတယ်။ ကျွန်မရဲ့ သာဓုခေါ်သံကို အမေကြားခဲ့ရင် ဝမ်းသာသွားမှာ။

ကျွန်မ အမေ့ကို နောက်ဆုံးကန်တော့ပြီး ခေါ်လိုက်မိတယ်။

"အမေ အမေ အမေ"

ဇလွန်ကျော်ဦး

❑

www.burmeseclassic.com

www.burmeseclassic.com



ပရာဒိုး ပန်းချီကျော်ဂိုယာ၊ စပိန် မိုနာလီဇာ

နွားရိုင်းသတ်ကွင်းနဲ့ စပိန်ဂိုးဏာ ကြိုးကြာအက

ကိုအေးမြင့်
(မဟာဝိဇ္ဇာရွေး–သု)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပရာဒိုပြတိုက်ကြီး (Prado Museum)(Museo del Prado)

ပရာဒိုပြတိုက်ဟာ ဥရောပမှာ အရေးအပါဆုံး ပြတိုက်ကြီးတွေထဲက တစ်ခုဖြစ်သလို ကမ္ဘာမှာလည်း အကောင်းဆုံး ပြတိုက်တွေထဲက တစ်ခုပါ။ အဲဒီထဲမှာ ပြိုင်ဘက်ကင်းတဲ့ ပန်းပု၊ ပန်းချီနဲ့နံရံဆေးရေးပန်းချီ (frescoes) စုဆောင်းမှုတွေလည်းရှိနေရဲ့။ ပမာအားဖြင့် (Velázquez)ရဲ့ (Las Meninas) နဲ့ နိုင်ငံတကာအနုပညာမှာ ထူးခြားတင်ရှားပြီးအရေးပါတဲ့ ဂိုယာ၊ ရာဖယ်၊ (Botticelli , Caravaggio, Gentileschi, Mantegna), နဲ့(Rembrandt)တို့လို အခြားသောအနုပညာရှင်တွေရဲ့ ရှားပါးလက်ရာတွေပေါ့။

ပန်းချီကျော် ဂိုယာ(Gora) ပန်းချီများကို ဒေသခံလမ်းညွှန်မှ အသေးစိတ် ရှင်းပြပေးပါတယ်။ ဘာသာရေးဆိုင်ရာ ပန်းချီကားတွေက ပိုများနေရဲ့။ သူ့နှောတ် သူ့အခါက ဘာသာရေးကပဲ ရေးဆွဲစရာအချက် ဖြစ်နေတာပဲလေ။ ပြခန်းတစ်နေရာမှာရှိတဲ့ နောက်ဆုံးညစာ(the Last Supper) မတိုင်မီ ခရစ်တော်က ခြေဆေးပေးနေပုံ ပန်းချီကားကြီးဟာ စိတ်ဝင်စားစရာတွေ အများကြီးနဲ့ပါ။ အဲဒီပုံရဲ့ နောက်ခံမှာ ဗင်းနစ်မြို့ရှခင်းတွေကို ဗင်းနစ်သားပန်းချီဆရာက ထည့်သွင်းရေးဆွဲထားလေရဲ့။' ပန်းချီကားအလယ်က စားပွဲကြီးကို ရှေ့တည့်တည့်ကကြည့်ရင် ညာဘက်ကို စောင်းနေပေမယ့် ဘယ်ဘက်က သွားပြီး ကြည့်ပြန်ရင်တော့ စားပွဲဟာ ဘယ်ဘက်ကို လိုက်ရွေ့နေလေရဲ့။

ပြခန်းတစ်ခုမှာတော့ အနုလိုက်ရှည်မျောမျော ထောင်ရက်ရှိနေတဲ့ ပန်းချီကားတွေကို တွေ့ရတယ်။ Dante က သူ့ကားတွေကို အခြားပန်းချီဆရာတွေလို အလျားလိုက် မဆွဲဘဲ Mannalism ဖြင့် ဒေါင်လိုက်ဆွဲတဲ့အပြင် ၁၄-၁၅ ရာစုခေတ် လီယိုနာဒို၊ ရာဖယ်တို့ရဲ့ ပန်းချီကားတွေလို အရောင်မစုံလို့ ဘုရင်က မကြိုက်မနှစ်သက်လို့ နှင်ထုတ်



စပိန်နိုင်ငံ မက်ဒရစ်မြို့တော်က ပရာဒိုပြတိုက်ကြီး

လိုက်ရာ စိတ်နာပြီး မက်ဒရစ်သို့ ပြန်မလာတော့ဘဲ ရောက်ရှိသွားရာမှာပဲ သေတဲ့အထိ နေသွားခဲ့တယ်။

အဲဒီပန်းချီဆရာရဲ့ ခရစ်တော် ကားစင်တင်ခံရပုံ၊ ရှင်ပြန်ထမြောက်ပုံစတဲ့ ဘာသာရေးနောက်ခံပန်းချီကားများကိုလည်း အများအပြားတွေ့ရတယ်။ အပျိုစင်မာရီယာကို သန္ဓေဆောင်ဖို့ပြောခန်းဟာ အထူးပီပြင်လှရဲ့။ အဲဒီကားမှာ ဒေါင်လိုက်ရှိနေတဲ့ မြင်ကွင်းရဲ့ ထိပ်ပိုင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်ကို ကိုယ်စားပြုတဲ့ ငှက်ဖြူလေးတစ်ကောင် လွင့်ပျံနေပါတယ်။ ပုံအောက်ပိုင်းရှိ မတ်တတ်ရပ်နေတဲ့ မာရီယာ့ခွပ်သွင်ဟာ သခွပ်ပါလှပေမယ့် ပန်းချီဆရာက အပြင်က သူ့သမီးရဲ့မျက်နှာကို ထည့်သွင်းရေးဆွဲထားတာပါတဲ့။ သူ့ပန်းချီကား အတော်များများမှာ ပါနေတဲ့ ဆင်ဆင်တူနေတဲ့ အမျိုးသမီးငယ်အားလုံးဟာလည်း သူ့သမီးပုံများချည်း ဖြစ်ပါတယ်။

၄ ရာစုခေတ်မှာ ခရစ်တော်ကိုယုံကြည်မိလို့ မြားနဲ့ပစ်သတ်ခံရတဲ့ (St.Sebastian)ပုံကလည်း စိတ်ဝင်စားစရာပါ။ ပန်းချီကားကို တစ်ကားလုံးအပြည့်အဝ တစ်ဆက်တည်း ရှိမနေဘဲ သုံးပိုင်းပြတ်နေလေရဲ့။ ပန်းချီဆရာက သူ့ကားကို အပိုင်းပိုင်းဖြတ်ကာ ရောင်းချခဲ့လို့ နောက်ပိုင်းမှာ ပြန်လည် ရှာဖွေကာ ဆက်ပြီး မြသထားခြင်းပါတဲ့။

အခြားစိတ်ဝင်စားစရာ ပန်းချီကားတွေမှာ ပန်းချီဆရာ အယ်ဂရီကို (El Greco)ရဲ့ တိုနေဒိုမှာ သူနေထိုင်စဉ်က ဆွဲခဲ့တဲ့ပုံတူလည်း ပါပါတယ်။ နှလုံးသားကို လက်နဲ့ထိထားတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဟန်ဖြစ်ကာ ၁၆ ရာစုခေတ်က ဇာကော်လာအဖြူရောင်ထားတဲ့ အင်္ကျီနဲ့ပါ။ ပန်းချီကားတွေက သူတို့နေ့ဆွဲခဲ့ရာ ခေတ်တွေရဲ့ ဝတ်စားဆင်ယင်မှုကိုလည်း ဖော်ပြနေလို့ ဝတ်စားဆင်ယင်မှု သမိုင်းကြောင်းကို အထောက်အကူ ပြုနေပါတယ်။

She Woman ပန်းချီကားကလည်း အလွန်စိတ်ဝင်စားဖွယ် ကောင်းရဲ့။ လင်မယားစုံတွဲပုံကို ရေးဆွဲထားပေမယ့် ကလေးကို နို့တိုက်ရင်း မတ်တတ်ရပ်နေထဲ့ အမျိုးသမီးဟာ မုတ်ဆိတ်ဖွားဖွားကြီးနဲ့မို့ အဖိုးကြီးနှစ်ယောက် မတ်တတ်ရပ်နေသလို ဖြစ်နေပေါ့။ ဒါဟာ ထိုခေတ်ထိုအခါက အမှန်တကယ်ရှိခဲ့တဲ့ ထူးဆန်းသောဖြစ်ရပ် အမျိုးသမီးက ကလေးမီးဖွားခဲ့ပေမယ့် ရောဂါကြောင့် (ဟော်မုန်း ကမောက်ကမ ဖြစ်မှုထင်ရဲ့)မုတ်ဆိတ်တွေ ထွက်နေပုံကို ရေးဆွဲထားတာပါ။

Jose' de Ribera (၁၅၉၁-၁၆၅၂)ရဲ့ ပန်းချီကားတွေကလည်း တစ်မျိုးတစ်ဘာသာထူးခြားလှရဲ့။ သူ့ပုံတွေမှာ မျက်နှာနေရာများကိုပဲ လင်းထားပြီး ကျန်နေရာတွေကို မှောင်ချထားတတ်တယ်။

မနက်က ကိုယ်တို့ ရောက်ခဲ့တဲ့ ဥယျာဉ်တော်ကို တည်ထောင်ခဲ့သူ ဘုရင်ဖိလစ် - ၄ ပုံတူပန်းချီကားလည်း

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတယ်။ ဝမ်းနည်းစရာကတော့ ဒီဘုရင်ဟာ စစ်ထွက်သွားရင်း ကျဆုံးလို့ သူ့ပုံတူကိုတောင် သူကိုယ်တိုင် မမြင်ခဲ့ရခြင်းပါ။ ဒီဘုရင်က ပန်းချီဆရာကို အီတလီပို့ပြီး လူခန္ဓာကိုယ်အနေအထားတွေကို ဘယ်လို ပန်းချီဆွဲရမယ်ဆိုတဲ့ ဆွဲပုံဆွဲနည်းတွေကို အတုယူစေခဲ့သူ၊ နိုင်ငံခြားပညာတော်သင် လွှတ်ခဲ့သူပေါ့။ ဒီပန်းချီဆရာဟာ ပန်းချီတစ်ကားမှာ ဘတ်လမ်းကောင်းတစ်ပုဒ်လို မြူပ်ကွက်များစွာလည်း ထည့်သွင်းရေးဆွဲတတ်ရဲ့။

ပန်းပဲဆရာတစ်ဦး အလုပ်ခွင်မှာ ပန်းပဲထုနေစဉ် လူတစ်ယောက်က သူ့ဇနီး လင်ငယ်နေနေကြောင်း လာပြောတဲ့အဖြစ်အပျက်ကို ရေးဆွဲထားခြင်းမျိုးပေါ့။ အဲဒီကားမှာ အပိုလိုနတ်သားပုံကိုပါ ထည့်ဆွဲထားပါသေးတယ်။

ဘုရင်ချားလ်စ်-၄ရဲ့ သွားမပါလို့ မပြုံးတဲ့မိဖုရား မာဂရက်ပုံပန်းချီတွေလည်း ပြတိုက်မှာ တွေ့ခဲ့ရသေးတယ်။ သားတော်၊ သမီးတော် ၂၄ ပါး မွေးဖွားပေးခဲ့ရလို့ အလှပျက်ယွင်းသွားတဲ့ မိဖုရားပုံလည်းရှိရဲ့။ စပိန်နန်းတွင်းမင်း၊ မိဖုရားပုံ ပန်းချီတွေမှာ နောက်ထပ် ထူးခြားထင်ရှားတဲ့ ပုံတွေလည်း ရှိပါသေးတယ်။ မေးချွန်ချွန်၊ မျက်နှာခွက်ခွက်တွေနဲ့ ဖြစ်ပြီး ဒီလိုမျက်နှာသွင်ပြင်ရှိသူတွေဟာ ဩစတြီးယားက လာတဲ့အဆက်အနွယ်တွေပါ။ ထိုမင်းဆက်တွေရဲ့ ရုပ်သွင်က သိသိသာသာပေါ်လွင်နေရဲ့။

၁၆ ရာစုဟာ စပိန်ရဲ့ ရွှေခေတ်ပါ။ အဲဒီခေတ်မှာ ရေးဆွဲခဲ့တဲ့စပိန်နန်းတွင်းပန်းချီတွေကို အီတလီပန်းချီဆရာတွေက လာဆွဲပေးခဲ့ကြတာဖြစ်ပြီး ပန်းချီဆရာကြီး ပီလာစ်ကွေးနဲ့ခေတ်ပြိုင် ဘယ်လ်ဂီယံပန်းချီဆရာရဲ့ ဝတ်လစ်စားလစ်ပုံ (Nude)တွေလည်း ရှိတယ်။

၁၇-၁၈ ရာစုကတော့ ဘုရင်တွေ အာဏာပျောက်ခါနီးတဲ့ နေဝင်ချိန်တွေပါ။ အဲဒီတုန်းက နန်းတွင်းပန်းချီကျော် ဂိုယာ့လက်ရာ တော်ဝင်မိသားစုပုံတွေလည်း အများအပြားတွေ့ရတယ်။ ကလေးတွေပါ တစ်ပြိုတစ်ခေါင်းထည့်ဆွဲထားရဲ့။ ဂိုယာဟာ နန်းတော်ထဲကပန်းချီ စတူဒီယိုမှာပဲ မင်းမှုထမ်းကာပန်းချီဆွဲရင်း ဘဝကို အဆုံးသတ်သွားခဲ့သူပါ။ တော်ဝင်မိသားစုပုံ တစ်ပုံမှာတော့ ဂိုယာက ဘုရင့်မိဖုရားဖြစ်လာမယ့် မိန်းမရဲ့ပုံကို မျက်နှာလွှဲကာ မပီပိုးဝါးဆွဲထားပါတယ်။ ထိုစဉ်က မည်သူ မိဖုရားဖြစ်မယ်ဆိုတာ မခန့်မှန်းနိုင်သေးလို့ပါတဲ့။

ပရာဒိုပြတိုက်ရဲ့ အကောင်းဆုံးလက်ရာဆိုတဲ့ ပန်းချီကားကိုလည်း ကြည့်ခဲ့ရပါတယ်။ ဒါဟာ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်လေးတွေကိုကြည့်ကာ အလှရေးဆွဲထားတာ မဟုတ်ပါဘူး။ ဂိုယာဟာ သူစတူရီယိုထဲမှာ (၁၀)နှစ်အရွယ် သမီးတော်လေး တစ်ပါးကို သူပန်းချီဆွဲနေတဲ့ လက်တွေ့ဘဝမြင်ကွင်းတစ်ကွက်အသွင် ရေးဆွဲထားခြင်းမို့ သရုပ်ဖော်ကွက် ရွေးချယ်ထားမှုဟာ ထူးခြားလှတယ်။ ပန်းချီဆွဲခံရင်း မင်းသမီးလေးက ရေဆာလို့ ရေတောင်းသောက်နေပြီး ဘေးမှာလည်း နန်းတွင်းမှာ ပျော်တော်ဆက်ဖို့ မွေးထားတဲ့ လူပုမလေးတွေကို တွေ့နိုင်ရဲ့။ လူမဲအစေခံမ (Black women)တွေကိုလည်း ထည့်ဆွဲထားလို့ ဒါကိုကြည့်ခြင်းဖြင့် လူမည်းတွေကို အိမ်ဖော်လုပ်သုံးတဲ့ ငွေဝယ်ကျွန်စံနစ် မတိုက်ဖျက်မီက ပုံလို့ သိနိုင်ရဲ့။ ပန်းချီကားများက ပြောသော လူသမိုင်းပါ။

သူများပုံတွေ ပန်းချီဆွဲရင်းတန်းလန်း သူ့ပုံကိုလည်း ဂိုယာက ကြံဖန်ပြီး ထည့်ဆွဲထားသေးရဲ့။ မင်းနဲ့မိဖုရားပုံကို တိုက်ရိုက်မဆွဲဘဲ သူပန်းချီဆွဲနေဟန် သူလုပ်ငန်းခွင်ပုံကို ဆွဲပြီး သူနောက်ဘက်က မှန်မှာမှ သူ့ရှေ့မှာ ပန်းချီဆွဲခံနေတဲ့ မင်းမိဖုရားပုံ ပေါ်နေစေတာပါ။ Area Perspective ပုံဖြစ်ပြီး ဒါမျိုးကို the photography of painting လို့လည်း ခေါ်ကြရဲ့။ ဒါ့ပြင် အဲဒီပုံမှာ ပန်းချီကျော် ပီလာ့စ်ကွေးရဲ့ ခေါင်းလေးလည်း ထည့်ဆွဲထားပါသေးတယ်။ ပီလာ့စ်ကွေးနဲ့ သူဟာ နှစ် (၂၀၀) လောက်ကွာဝေးမယ့် မြင်ဆရာလို့သတ်မှတ်ထားတာမို့ ထည့်ထားတာပါတဲ့။

ဒီပန်းချီကားကို ကျောခိုင်းလိုက်ကာ မိမိလက်ထဲမှာ မှန်အသေးလေးကို ထောင်လျက်ကိုင်ပြီး မှန်လေးထဲမှ ပြန်ကြည့်ရင် ထိုပန်းချီကားထဲ ကိုယ်တိုင်ရောက်နေသလို မြင်ရမယ်ဆိုလို့ ပျော်ပျော်ပါးပါးလုပ်ကြည့်မိကြသေးရဲ့။ သဘာဝကို လှည့်စားတဲ့ အံ့သြစရာစိတ်ကူးပါ။

တစ်နေရာမှာတော့ ဂိုယာ့လက်ရာ မျက်နှာဆင်တူတဲ့ မိန်းမပုံ ပန်းချီနှစ်ချပ်ကို ယှဉ်တွဲပြထားပါတယ်။ တစ်ပုံက အဝတ်အပြည့်အစုံဖြစ်ပြီး တစ်ပုံကတော့ ဝတ်လစ်စားလစ်ပါ။ နှစ်ပုံလုံးက မိန်းမရဲ့ အနေအထားတွေကလည်း လဲလျောင်းနေဟန် အတူတူပါပဲ။ ဒါဟာ ဂိုယာရဲ့ ပထမဆုံး ဝတ်လစ်စားလစ်ပုံ ဖြစ်ရဲ့။ ကိုယ်လုံးတီးပုံ ရေးဆွဲခဲ့ပြီးမှ အဲဒါကို လူတွေဆီ ချမပြချင်လို့ မြေအောက်ခန်းမှာသိမ်းထားခဲ့ပြီး နောက်ပိုင်း သူမရှိတော့မှ ဆင်တူနှစ်ပုံကို ရှာတွေ့ကာ အတူယှဉ် ပြသထားလိုက်ခြင်းပါတဲ့။

အဲဒီဝတ်လစ်စားလစ်ပုံနဲ့ ပတ်သက်ပြီး လူချမ်းသာလူပေါ်ကြော့(Playboys)တွေကို စိတ်နှိုးဆွကာ ရမ္မက်ပြင်းတဲ့ အပျော်(Exotic pleasure)ရဖို့ ဆွဲခဲ့တာလား၊ အမျိုးသားတစ်ဦးကို အမျိုးသမီးလိုဖြစ်အောင် ဆွဲခဲ့တာလား၊ Games ကစားရင်း နှိုးလို့ အဝတ်တွဲ ချွတ်ခိုင်းခဲ့တာလား၊ မာဂျာ (Maja) အောက်ခြေလူတန်းစားက မိန်းမလား စသဖြင့် အငြင်းပွားကြရပါတယ်။

ဘာပဲကဲ့ပန်းချီကားတွေကို အတုယူပြီး ဆွဲထားတယ်ဆိုတဲ့ ဝတ်လစ်စားလစ်မိန်းမသုံးယောက်ပုံ ပန်းချီကားတွေကလည်း စိတ်ဝင်စားစရာ။ ဝဝလှလှ မိန်းမပုံတွေက သက်တော် ၅၀၊ ၆၀ လောက်ရှိတဲ့ မိဖုရားတွေဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အလယ်မှာတော့ ပန်းချီဆရာမသေခင် နောက်ဆုံးလက်ဖော်ခဲ့တဲ့ ၁၆ နှစ်ရွယ် မိန်းမရွယ်ပုံကို ထည့်ဆွဲထားပါတယ်။

ပြခန်းအလယ်မှာတော့ အိပ်ရာထဲမှာ မှောက်လျက် ခပ်စောင်းစောင်းအိပ်နေတဲ့ ဝတ်လစ်စားလစ် မိန်းမငယ်တစ်ဦးပုံ မှာဘယ်ကျောက်သားရုပ်တုရှိရဲ့။ ရင်သား၊ တင်သားတွေက အမျိုးသမီးအသွင် အပြအပြင်ဖြစ်ပေမယ့် မှောက်ထားတဲ့ သူ့ပေါင်ကြားမှာတော့ အမျိုးသားလိင်အင်္ဂါ (Penis) ကို တွေ့နိုင်ရဲ့။ ဖွဲ့လိင်ရှိတဲ့ အဖို-အမ မျိုးပွားလိင်အင်္ဂါနှစ်ခုလုံးပါတဲ့ ဟာမာဖရိုဒိုက် (Hermaphrodite) ဖြစ်ပါတယ်။ ကိုယ်တို့ ရောက်ခဲ့ပြီးတဲ့ ကမ္ဘာကျော် လုဗ်ပြတိုက် (ဗာဆေးလ နန်းတော်ပြတိုက်လား) မှာလည်း ဒီရုပ်တုမျိုး မြင်ခဲ့ဖူးရဲ့။

ပြခန်းတစ်နေရာမတော့ ကလေးကို နို့တည့်တိုက်နေတဲ့ မိန်းမပုံကို နို့ရည်များ ပန်းထွက်ကာ အပြင်သို့ပင် စဉ်ထွက်နေသလို ဆွဲထားရဲ့။ ဒဏ္ဍာရီလာ ပုံပြင်လာ နတ်ဘုရားကလေးငယ်လေးကို နို့ခိုးတိုက်ကျွေးလို့ အာကာသ ဟင်းလင်းပြင်ထဲမှာ နဂါးငွေ့တန်း-မိကီဝေး(Milky Way)(the Galaxy) ဖြစ်ပေါ်လာပုံ ဖြစ်ပါသတဲ့။

နဝိုလီယံခေတ်မှာတော့ အသက်(၇၆)နှစ် အရွယ် ဂိုယာဟာ နိုင်ငံရေးအရ စိတ်ဓာတ်ကျလာပြီး စိတ်ပျက်လက်ပျက်နဲ့ပဲ မက်ဒရစ်ကအိမ်လေးမှာ တော်ပြတ်ဆင်းရဲစွာ နေထိုင်ခဲ့ပါတယ်။ (၈၂) နှစ်မှာ သေဆုံးသွားပြီး မသေခင်မှာ (Black painting)တွေသာ အဲဒီအိမ်ရဲ့ နံရံတွေမှာ ရေးဆွဲသွားခဲ့လေရဲ့။ သေဆုံးပြီးနောက် ပြတိုက်တစ်ခုတည်ဆောက်ကာ အိမ်နံရံက ပန်းချီတွေကိုခွာယူပြီး ရွှေ့ပြောင်းပြသခဲ့ပါတယ်။ ယင်းတို့အနက် ကိုယ့်လျှာကိုယ် ဆွဲဖြတ်နေတဲ့ ပုံမှာတော့ လျှာဟာ မိန်းမကိုယ်လုံးတီးပုံ ဖြစ်နေလေရဲ့။ အဲဒီပုံဟာ မွေးလာတဲ့ ကလေးတွေကို သူ့နန်းလုမှာစိုးပြီး ဘုရင်က ဝါးစားပစ်နေပုံလေလားလို့လည်း တွေးကြည့်ကြပါသေးတယ်။ Terrible Fighting ဆိုတဲ့ ပုံကတော့ အောက်ပိုင်းက ခြေထောက်တွေကို မြေမျိုနေတဲ့တိုင် အကြိတ်အနယ် တိုက်ခိုက်နေဆဲဖြစ်တဲ့ အမျက်ဒေါသကြီးသူ နှစ်ယောက်ရဲ့ပုံပါ။

ဒါ့အပြင် ဂိုယာဟာ မော်ဒန်ပန်းချီပုံများစွာကိုလည်း ဆွဲခဲ့ပါသေးတယ်။ ပမာအားဖြင့် ပန်းချီတစ်ကားမှာ အောက်ခြေ၌ ကန့်လန့်ဖြတ်မျဉ်းတစ်ကြောင်းရှိပြီး မျဉ်းရဲ့အထက်မှာ တစ်ရောင်၊ အောက်မှာ တစ်ရောင်သာရှိကာ ထိုမျဉ်းရဲ့ အလယ်မှာ ခွေးခေါင်းသေးသေးလေး တင်ထားတာမျိုးပေါ့။ ဒီလိုပုံတွေနဲ့ ဂိုယာဟာ မော်ဒန်ပန်းချီလမ်းကို စတင်လျှောက်ခဲ့တာပါ။ ဒါ့အပြင် စုန်းမတွေအုပ်စုလိုက်မွဲ့ကာ ရှိနေပုံကို လည်း ဆွဲခဲ့သေးရဲ့။ အဲဒီလိုနဲ့ ဂိုယာ့ပန်းချီများ ပြသမှုအဆုံးသတ်သွားပါတယ်။

စပိန်သမိုင်းကြောင်းမှာ နပိုလီယံက စပိန်ကို သိမ်းဖို့ စပိန်ဘုရင်နဲ့ ညှိနှိုင်းခဲ့ပေမယ့် စပိန်သို့တကယ်ဝင်လာ

ပရာဒိုပြတိုက်ကြီးအတွင်းမှ လုပ်တုတစ်ခု

တဲ့အခါ စပိန်ပြည်သူတွေက လက်မခံဘဲ ရရာလက်နက်နဲ့ တွန်းလှန်ကြပါတော့တယ်။ ကျူးကျော်ဝင်ရောက်လာတဲ့ ပြင်သစ်စစ်တပ်တွေ ပစ်ခတ်နေတဲ့ သေနတ်များရှေ့မှာ ရဲဝံ့စွာခုခံရင်း ကာကွယ်နေတဲ့ မက်ဒရစ်မြို့သားတွေရဲ့ပုံကို ရေးဆွဲထားတဲ့ ပန်းချီကားကြီးကိုလည်း တွေ့ခဲ့ရတယ်။ ၁၈၁၀ ပြည့်နှစ်က ဖြစ်ပျက်ခဲ့တဲ့ အဲဒီစစ်ပွဲက ကျည်ဆန်ရာတွေကိုလည်း မက်ဒရစ်ပန်းခြံက အဆောက်အအုံမှာ ကိုယ်တိုင်မြင်ခဲ့ရပြီး ဖြစ်ပါတယ်။

ပရာဒိုပြတိုက်မှာလည်း စပိန်က မိုနာလီဇာပုံကိုလည်း တွေ့ရပြန်တယ်။ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၊ လုဗ်ပြတိုက်က မိုနာလီဇာပုံမှာ နောက်ခံဟာ အနက်ရောင်သာဖြစ်ပြီး ဒီပြတိုက်က မိုနာလီဇာပုံကို ဓာတ်မှန် (X'Ray) ရိုက်ကြည့်တော့ နောက်ခံရှုခင်း(Landscaping)တွေ ပါနေပြီး ပန်းချီနှစ်ကားလုံးမှာ ပန်းချီဆရာရဲ့ လက်မှတ်မပါရှိတာ၊ မိုနာလီဇာရဲ့ လက်ညှိုးလေးတွေကို ပြင်ထားတာလည်း တွေ့ရှိသတိပြုမိကြတယ်။ ဒါပေမဲ့ ဒီပရာဒိုပြတိုက်က ပန်းချီကားဟာလည်း လီယိုနာဒိုဒါဗင်ချီရဲ့ လက်ရာအစစ်ပဲဖြစ်ပြီး အဟုမဟုတ်ပါဘူးလို့ ကောက်ချက်ချကြတယ်။ ဒီ စပိန်-မိုနာလီဇာဟာ အနုည်းငယ် ပိုပြုံးနေသလိုလိုလည်းရှိရဲ့။ သို့ဖြင့် ဒီပုံကိုဆွဲသူဟာ လီယိုနာဒိုကိုယ်တိုင်ပဲလား၊ သူ့အတော်ဆုံးတပည့်တစ်ဦးဦးကို ဆွဲခိုင်းခဲ့တာလားလို့လည်း တွေးစရာဖြစ်လာပေါ့။

ထိုခေတ်က ပန်းချီဆရာကြီးတွေမှာ တပည့်တပန်းများ ရှိတတ်ရာ ဆရာကြီးတွေကလည်း သူတို့ပန်းချီဆွဲနေတိုင်းမှာ တော်တဲ့တပည့်တွေကို သူတို့နဲ့အတူ တစ်ပြိုင်တည်း

www.burmeseclassic.com

မက်ဒရစ်မြို့တော် တည်ဆဲရာဟိုတယ်အနီးမှ ဆိုင်များ

ရေးဆွဲစေတတ်တဲ့ သဘောသဘာဝလည်း ရှိနေခဲ့ပြန်တယ်။

ပရာဒိုပြတိုက်က ပြန်လည် ထွက်လာပြီးနောက် ပြတိုက်အဝရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်သို့ ဝင်ရောက်လေ့လာရင်း အမှတ်တရပစ္စည်းတွေဝယ်ယူကြတယ်။ ကိုယ်ကတော့ ပန်းချီဆရာဂိုယာရဲ့ ရုပ်ပုံပန်းချီနဲ့ ထိုးမြှေးထက်မှတ်ပုံပါတဲ့ အဝတ်အိတ်တစ်ခုကို ယူရှိ ရွှစ်ကျပ်ဆိုလို့ မြန်မာငွေ တစ်သောင်းကျော်ပေးမယ့် မနှမြောဘဲ ဝယ်လိုက်မိတယ်။

မက်ဒရစ်မြို့တော်မှာ အခြားကျော်ကြားတဲ့ ပြတိုက်တွေလည်း ရှိပါသေးတယ်။ အမျိုးသားရှေးဟောင်းသုတေသနပြတိုက်မှာ အကောင်းဆုံးစုဆောင်းထားတဲ့ အီဂျစ်မံမီရုပ်တွေ၊ ရှေးခေတ်ကျောက်ဆစ်လက်ရာပါ ကျောက်တလား (sarcophagi) တွေ၊ စပိန်-ပေါ်တူဂီ-ရောမ(the Hispano-Roman age)ကာလမှ တန်ဆာဆင်အနုလက်ရာတွေ၊ အာရပ်ရှေးဟောင်းသုတေသနဆိုင်ရာ (Mudejar stones)နဲ့ ကြွေထည်တွေ၊ အခြားပြသပစ္စည်းတွေများစွာရှိပါတယ်။ အားလုံးကြားမှာ တန်ဖိုးအထားရဆုံးကတော့ (the Lady of Elche)ရဲ့ ကိုယ်တစ်ပိုင်းပုံ(the Iberian bust)ပါ။

နေ့လယ်စာကို (Thai)ထိုင်းဆိုင်မှာ စားသောက်ကြတယ်။ စပိန်သားတွေမှာ နေ့လယ်စာစားချိန် အလွန်နောက်ကျတဲ့ အကျင့်ဓလေ့ရှိကြောင်း လမ်းညွှန်ကပြောပြတယ်။ မွန်းလွဲ ၁ နာရီ ၂ နာရီလောက်မှ စားတတ်ကြပြီး စပိန်လယ်သမားတွေကတော့ စားပြီးတိုင်းလည်း နေပူပူနဲ့မို့ တစ်ရေးတစ်မောအိပ်တတ်ကြကာ နေအေးမှ အလုပ်ပြန်စကြသတဲ့။ အဲဒီလို နေ့လယ်ပိုင်း ခေတ္တခဏအိပ်တာကို 'စီအက်စတာ' လုပ်တယ်လို့ ခေါ်သတဲ့။ ဒါပေမဲ့ ယနေ့ခေတ် မက်ဒရစ်မြို့တော်သားတွေကတော့ နားနားနေနေမရှိကြတော့ဘဲ ရုန်းရကန်ရ၊ အလုပ်ခွင်ဝင်ရနဲ့မို့ ရှေးက လယ်သမားတွေလို ဇိမ်မရှိလှပါဘူးတဲ့။

နွားရိုင်းသတ်ကွင်း (Bull Fighter)(Plaza de Toros)

နေ့လယ်စာစားအပြီးမှာတော့ စပိန်နိုင်ငံရဲ့ နာမည်ကျော်၊ လူသိများလှတဲ့ နွားရိုင်းသတ်သမား(Bull Fighter)တွေရဲ့ (Plaza de Toros)ကွင်းကို သွားရောက်လည်ပတ်လေ့လာကြတယ်။ Plaza ဆိုတာက ကွင်း၊ Toros က နွားရိုင်းလို့ အဓိပ္ပာယ်ရပါတယ်။ မွန်းတည့်ချိန်အလွန်မို့ နေအတော်ပြင်းနေလို့ မြန်မာပြည် နွေရာသီလောက်ကို ပူပြင်းလှရဲ့။ ခုချိန်ဟာ ပွဲတော်ရက် မဟုတ်လို့ နွားရိုင်းသတ်ကွင်းမှာ ခရီးသွားဧည့်သည်အချို့သာ ရှိနေပါတယ်။

၁၈ ရာစုမှစတင်ခဲ့တဲ့ နွားရိုင်းသတ်ပွဲတွေကို နှစ်စဉ် မတ်လ-၁၃ရက်နေ့မှ အောက်တိုဘာလ-၁၂ရက်နေ့များအတွင်း တစ်နိုင်ငံလုံးမှာ ကျင်းပတတ်ခဲ့ကြတယ်။ ဒီနွားရိုင်းသတ်ပွဲတွေကို အရည်အချင်းရှိသူမှသာ ဝင်သတ်ခွင့်ရတာပါ။ နွားရိုင်းသတ်သမားက မြင်းပေါ်မှနေကာ သတ်ကြရပေမယ့် ခုခေတ်မှာတော့ မြင်းမစီးကြတော့ဘဲ နွားရိုင်းနဲ့မလှမ်းမကမ်း မိတာအနည်းငယ် အကွာအဝေးကသာ အဝတ်စတွေ လှုပ်ယမ်းကာ ကစားကြရဲ့။ ဘာစီလိုနာမှာတော့ နွားရိုင်းသတ်ပွဲ မစမီ နွားရိုင်းဦးခေါင်းထိပ်ကို ဆူးနဲ့ထိုးပြီး စိတ်ထအောင် ပြုလုပ်ထားရခြင်း၊ နွားရိုင်းကို အားနည်းအောင်ပြုလုပ်ထားရခြင်းတွေ လုပ်ဆောင်ရတာမို့ တိရစ္ဆာန် ညှဉ်းပန်းနှိပ်စက်ခြင်းလို့ ယူဆလာကြကာ ယနေ့ခေတ် တိရစ္ဆာန်ဥပဒေများနဲ့လည်း ငြိစွန်းနေတာမို့ နွားရိုင်းသတ်ပွဲတွေကို ကျင်းပခြင်း မရှိတော့ပါဘူး။

စပိန်မြောက်ပိုင်း၊ မြင်သစ်နယ်စပ်နှံနီးတဲ့ ဘန်ဂလို နားမြို့မှာတော့ မြို့တွင်းရှိ သတ်မှတ်ထားတဲ့ပြေးလမ်းတွေဆီ နွားရိုင်းကိုလွှတ်ပေးကာ ပြေးချင်သူတွေက ဝတ်စုံပြည့်

'မက်ဒရစ်မြို့တော်က စပိန်နိုင်ငံရဲ့ နာမည်ကျော် နွားရိုင်းသတ်ကွင်းမှ

www.burmeseclassic.com

www.burmeseclassic.com

ဝတ်ကာ ပြေးလမ်းမှာ နွားရိုင်းရှေ့က ပြေးကြရတဲ့ဇလေ့ရှိရဲ့။ ဒါကို ဇူလိုင် ၇ ရက်နေ့တိုင်း သူတော်စင် စိန့်တစ်ပါးကို ဝတ်ပြုကျင်းပခြင်းဖြစ်ပါတယ်။ ဒီလို နွားရိုင်းအလိုက်ခံပြီး ပြေးခြင်းဟာ ဖက်ရှင် ၁စ်ခုလိုဖြစ်လာပြီး အမေရိကန်လူငယ်တွေပင် ပွဲရက်မှာ လာရောက်ပြေးကြသတဲ့။ နွားရိုင်းရန်မှ လွတ်အောင် ခြေကျင်ပြေးရလို့ အလွန်အန္တရာယ်ကြီးတဲ့ ဇလေ့ပါ။ လူပြေးနှုန်း ၄မိနစ်ကို နွားရိုင်းက ၂ မိနစ်သာ ပြေးရလို့ မူးယစ်ဆေး၀ါးသုံးစွဲပြီး လာပြေးကြတဲ့လူငယ်တွေ သေကျေကာ အသက်ဘေး ထိခိုက်ဆုံးရှုံးကြရတာလည်း နှစ်တိုင်းပါ။

နွားရိုင်းသတ်ကွင်းနဲ့ အဆောက်အအုံကြီးကို ၁၉၂၉ ခုနှစ်မှာ မူးရစ်လူမျိုးစုတွေရဲ့ အာရပ်ဆန်တဲ့လက်ရာနဲ့ တည်ဆောက်ခဲ့ပါတယ်။ ကွင်းရှေ့မှာတော့ အသက် (၂၅) နှစ်အရွယ်မှာပဲ နွားရိုင်းသတ်ရင်း အသက်ဆုံးရှုံးရသူနှစ်ဦးပုံကို အမှတ်တရ ဝုတ်ပြုထုလုပ်ထားတဲ့ ရုပ်တုတွေရှိရဲ့။ ကွင်းကြီးရဲ့ အောက်နားဆီမှာ ထိခိုက်ဒဏ်ရာရသူတွေကို ကုသပေးဖို့ ဆေးခန်းလည်း ထားရှိတယ်။ နွားရိုင်းသတ်ကွင်း၀င်းထဲ ၀င်ရောက်ခဲ့ပေမယ့် ကွင်းထဲကိုတော့ မ၀င်ခဲ့ပါဘူး။ အပြင်ကသာ ခဏမျှကြည့်ရှုပြီး ဓာတ်ပုံရိုက်ခဲ့ကြတယ်။ ခရီးဖော်အချို့က တော့ ဆင်းတောင်မကြည့်ကြဘဲ ကားပေါ်မှာသာ နေရစ်ကြရဲ့။ မြန်မာများပီပီ အကြမ်းအရမ်းဆန်ပြီး ကျွဲနွားများကို နာကျင်အောင်ထိုးနှက်ပြီးမှ ကစားရတဲ့ ပွဲမျိုးကို လက်မခံချင်တဲ့စိတ်လည်း ရှိနေကြတယ်လေ။

မက်ဒရစ်မက်ထရိုပိုလစ်တန်ဧရိယာ (Atocha) ရဲ့ သမိုင်းကြောင်းရေး

ဆက်လက်ပြီး မက်ဒရစ်မြို့ကို ၀န်းပတ်ဖောက်လုပ်ထားတဲ့ (M13)လမ်းမှ ခရီးနှင်ခဲ့ကြတယ်။ စပိန်ရထားကွန်ရက်တွေက အလွန်ကောင်းလို့ ဘာစီလိုနာကို မက်ဒရစ်မှသွားရင် ကားထက် ရထားက ပိုမိုအဆင်ပြေပြီး မြန်သတဲ့။ မကြာမီ ခရီးဝေးကားများ ရပ်နားစခန်းကိုကျော်ဖြတ်ခဲ့တယ်။

မက်ဒရစ်မြို့ထော်က ပီးရထားဘူတာကြီးနှင့် ဈေးဆိုင်ခန်းများ



မက်ဒရစ်မြို့ထော်က ပီးရထားဘူတာကြီး

မက်ဒရစ်မြို့ဟာ နယ်မြေကျဉ်းသော်လည်း မက်ထရိုလမ်း ၁၂ လမ်းရှိလို့ ကားကျပ်ခြင်းမရှိလှဘဲ တက္ကစီကားတွေကလည်း မိတ်ဘျိုးပြီး မောင်းနှင်ပြေးဆွဲကြလို့ ခရီးသွားများအဖို့ အဆင်ပြေလှတယ်။

မက်ဒရစ်မက်ထရိုပိုလစ်တန်ဧရိယာ (metropolitan area)(Atocha)မှာရှိတဲ့ (the Puerta de Atocha Station) ဘူတာဟာ စပိန်မှာ အကြီးဆုံးရထားဘူတာရုံပါ။ ၂၀၀၄ ခုနှစ် မတ်လ တိုက်ခိုက်မှုကြောင့် ဝမ်းနည်းဖွယ်မြင်ကွင်းတွေလည်း ဒီမှာဖြစ်ပေါ်ခဲ့ရဲ့။ ယင်းအနီးအပါးမှာတော့ လူမျိုးစု(the Ethnological)ပြတိုက်နဲ့ (the Basilica of Our Lady of Atocha)ဘုရားကျောင်းကြီးတို့လို့ အရေးပါတဲ့ အဆောက်အအုံတွေ ရှိပါတယ်။

မကြာမီ အတိုးခ၁ဘူတာရုံကြီးသို့ ရောက်ရှိကာ ကားရပ်ပြီး ဆင်းလေ့လာကြပါတယ်။ ဘူတာရုံကြီးထဲမှာတော့ မှန်လုံအမိုးတွေနဲ့ အုပ်မိုးထားပြီး အဲဒီအောက်မှာ အပူပိုင်းဒေသ ပေါက်ပင်တွေနဲ့ အလှဆင်ထားတဲ့(Tropical Garden) ဥယျာဉ်လေးတစ်ခုကို ဖန်တီးထားတယ်။ ဥယျာဉ်အစပ်မှာ ခရီးသွားနေဟန် လူတစ်ဦးပုံ ကြေးရုပ်ထုလုပ်ထားပြီး သူ့ဘေးမှာလည်း ခရီးဆောင်အိတ်၊ ထီး စသဖြင့် အစုံအလင် သွန်းလုပ်ထားတာ အလွန်လက်ရာမြောက်ပြီး သရုပ်ပါလှတယ်။ ဘူတာရုံအထပ်ထပ်များသို့ တက်ရောက်ရန်လည်း ရွှေ့လျားလေ့ကားများ တပ်ဆင်ထားပြီး အပေါ်မှာ ဈေးဆိုင်ခန်းမတွေလည်း များစွာရှိရဲ့။ ဈေးဆိုင်တွေမှာ မြန်မာ့လက်ရာ ဗုဒ္ဓဆင်းတုတော် မျိုးစုံကိုလည်း အဆင်တန်ဆာအဖြစ် ထားရှိတာလည်း တွေ့ရပါတယ်။ အလွန်ခမ်းနားထည်ဝါပြီး သန့်ရှင်းကောင်းမွန်တဲ့ မီးရထားဘူတာရုံကြီးပါ။

ဆက်လက်ပြီး ခရီးနှင်ရာမှာ ပန်းချီဆရာ ဆယ်လဗာဒိုဒါလီ(Salvador Dali)ရဲ့ ပန်းချီကားတွေပြသနေတဲ့ ပြတိုက်တစ်ခုကိုလည်း လမ်းဘေးတစ်နေရာမှာ တွေ့လိုက်ရတယ်။ ဒါလီ အဖျားကောက်ကောက်ကော့ကော့ နှုတ်ခမ်းမွေးကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

မက်ဒရစ်မြို့တော်မှ စွန့်ပစ်ပစ္စည်းများ စုပုံထားတဲ့ အမှိုက်ပုံပေါ်တွင် ဆောက်ထားသော ပန်းခြံ

အဖြူ။ အမည်း မာတ်ပုံကြီး ထောင်ပြီး ကြေညာထားတာပါ။ ညနေပိုင်း ၇ နာရီမှ ၉ နာရီအတွင်း လူတွေအခမဲ့ကြည့်ရှု ခံစားနိုင်တယ်တဲ့။ ပန်းချီချစ် ပရိသတ်တွေ တန်းစီနေကြတာကိုလည်း တွေ့လိုက်ရတယ်။ တစ်နေရာမှာတော့ ဆာဗာဒီနိုပန်းခြံမှာ ဒီတနင်္ဂနွေ ဘဲလေးကပွဲရှိတယ်ဆိုတဲ့ ကြော်ငြာကိုလည်း မြင်ရတယ်။

အဲဒီနောက် မက်ဒရစ်မြို့ထောင်ဘက်ပိုင်းကို လှည့်လည်ကြည့်ရှုကြတယ်။ မကြာမီ စပိန်တက္ကသိုလ်များဆီ ရောက်ရှိသွားပေါ့။ ခုချိန်ဟာ နွေရာသီကျောင်းပိတ်ရက်များမို့ ကျောင်းဝင်းတွေမှာ ကျောင်းသားတွေ ရှင်းနေပေမယ့် ကျောင်းတက်ချိန်မြင်ကွင်းများကိုတော့ မြင်ယောင်ကြည့်ခဲ့မိပါရဲ့။ ဇူလိုင် တစ်ရက်မှစပြီး ကျောင်းသုံးလပိတ်ခဲ့ကာ အောက်တိုဘာ တစ်ရက်တွင်မှ ပြန်ဖွင့်မယ်တဲ့။ ဘာသာရပ်ပေါင်း ၂၀၀ ကျော်ကို ကျောင်းသား ကိုးသောင်းကျော်အား ဆရာ နှစ်သောင်းကျော်ဖြင့် သင်ကြားပေးနေတဲ့ကျောင်းဝင်းကြီးမို့ မြို့လေးတစ်မြို့လို ကျယ်ဝန်းလှတယ်။ သတ္ထဗေဒဌာန၊ သတင်းပညာဌာန၊ ဂျီဩလိုဂျီ၊ သခ္ခါဌာန စတဲ့အဆောက်အအုံတွေကို ဖြတ်သန်းရင်း မြင်တွေ့ရတယ်။ အားကစားကွင်း၊ ဘောလုံးကွင်းတွေ၊ ဘာသာရပ်ဆိုင်ရာ သီးသန့်တက္ကသိုလ်စာကြည့်တိုက်တွေလည်း ရှိနေသတဲ့။

ကျောင်းသွားကျောင်းပြန် သွားလာမှုအဆင်ပြေစေဖို့ မြေအောက်ရထား (Metro)များလည်း စီစဉ်ပေးထားလို့ ကျောင်းဘူတာနဲ့ မှတ်တိုင်တွေလည်း သီးသန့်ရှိပါ့။ ကျောင်းဘေးရပ်ကွက်ဟာ ကျောင်းကို ခြေကျင်လျှောက်တက်လို့ရတဲ့ လမ်းမို့ အပြင်ဆောင်နေသူ ကျောင်းသားများသတဲ့။ ကျောင်းသားတွေ အနေများကြတယ်ဆိုတဲ့ မင်းသမီးလမ်း(Princess Road)ကို ဖြတ်ခဲ့ရင်း ကျောင်းသားတွေအတွက် ရည်ရွယ်ဖွင့်လှစ်ထားတဲ့ စတိုးဆိုင်ကြီး(Shopping Center)တွေလည်း တွေ့ရတယ်။ Rebajas ကုန်တိုက်ကြီးဟာ စပိန်ပိုင်ဖြစ်ပြီး ယင်းကုမ္ပဏီပိုင် ကုန်တိုက်ပေါင်း ၅၀၀၀ ကျော်ထောက်ကမ္ဘာတစ်ဝန်းလုံးမှာ ရှိနေသတဲ့။

၁၉၃၆-၃၉ ခုနှစ်များအတွင်း စပိန်ပြည်တွင်းစစ်ကြောင့် ကျောင်းဝင်းအတွင်း ပျက်စီးခဲ့သမျှကိုလည်း ခုတော့ ပြန်လည် တည်ဆောက်ပေးခဲ့ပြီးပါပြီ။ ဒီကောင်ဒိုဒန်ဆေးယူနီဗာစီတီမှ နိုင်ငံရေးသမား၊ စာပေပညာရှင်၊ ဥပဒေပညာရှင်နဲ့ ဆေးပညာရှင်တွေ များစွာထွက်ရှိခဲ့ပြီး မြို့နယ် ၅၄ ခုမှာလည်း သီးခြားတက္ကသိုလ်တွေ ၈၀ ကျော် ရှိသေးသတဲ့။

စပိန်ပညာရေးစနစ်မှာ အသက် (၆) နှစ်တွင် ကျောင်းစတက်ကြရပြီး၊ မူလတန်းအဆင့် ပညာရေးဟာ မသင်မနေရပေါ့။ ပညာသင်နှစ်များကတော့ ၄ : ၄ : ၃ (မူလတန်း-၄ နှစ်၊ အလယ်တန်း- ၄ နှစ်၊ အထက်တန်း- ၃နှစ်) ပါ။ တက္ကသိုလ်အဆင့်မှာတော့ ၄ နှစ်တက်ကြရတယ်။ တက္ကသိုလ်စာသင်နှစ်များတွင် နှစ်စဉ် ယူရို ၁၅၀၀ လောက်ပေးသွင်းကြရပြီး ယခုအခါမှာတော့ ထိုထက်လျှော့ကျသွားတယ်လို့ သိရတယ်။ သို့သော် ယခုခေတ်မှာ ပညာတတ် စပိန်လူငယ်တွေဟာ အလုပ်မရသေးလို့ အသက်(၃၀)ကျော်တဲ့တိုင် မိဘအိမ်မှာပဲ ကပ်နေကြရသတဲ့။

မြို့တော်တစ်နေရာမှာတော့ စွန့်ပစ်ပစ္စည်းနဲ့ အမှိုက်တွေ စွန့်တဲ့နေရာအပေါ်မှာ မြေသားတွေအုပ်ပြီး ပန်းခြံကြီး တစ်ခုပြုလုပ်ထားတာကို တွေ့ရပါတယ်။ အဲဒီပန်းခြံပေါ်ကို ကန့်လန့်ဖြတ်ပြီး လူသွားလမ်းစင်္ကြံကြီးတစ်ခု အလျှူမီနီယမ်တွေ၊ မှန်တွေနဲ့ ခေတ်မီလှပစွာ တည်ဆောက်ပေးထားပြီး ပန်းခြံအောက်မှာလည်း လှိုဏ်တူးပြီးလမ်းဖောက်ထားသေးသတဲ့။ ပန်းခြံအတွင်းရှိ တဖွားဖွားထွက်နေတဲ့ ရေပန်းတွေမှာတော့ အပူဒဏ်ကိုခံနိုင်ဖို့ ရေချိုး၊ ဆော့ကစားနေသူတွေလည်း ရှိနေကြကာ၊ ဘီကီနီဝတ်ပြီး ခိုးနေသူပင် ပါသေးရဲ့။

မလှမ်းမကမ်းမှာတော့ စွန့်ပစ်ပစ္စည်းကို ပြန်လည်အသုံးချနိုင်တဲ့ ပစ္စည်းအဖြစ်ထုတ်လုပ်ပေးတဲ့စက်ရုံ (Recycling Factory) ကို တွေ့ရတယ်။ စပိန်ဟာ ၂၀၂၀ ပြည့်နှစ်ကမ္ဘာ့အိုလံပစ်ပွဲတော်ကြီးကို လက်ခံကျင်းပတဲ့ အိမ်ရှင်နိုင်ငံဖြစ်ခွင့်ရဖို့ လုံးပန်းနေတာမို့ မက်ဒရစ်မြို့ကိုလည်း တိုက်ချို့အစ္စတန်ဘူးလ်မြို့များနဲ့အတူ မြို့တော်အဆင့်မြင့်နေအတွက် အပြိုင်ကြိုးစားနေချိန်ပါ။ (××××)ခုနှစ် စက်တင်ဘာလမှာ အဆုံးအဖြတ်ပေးမယ်လို့ ဆိုပါတယ်။

လမ်းအချို့မှာတော့ တစ်ပင်လုံး နီညိုရောင်အရွက်တွေနဲ့ ညိုမှောင်နေတဲ့အပင်တွေလည်း တွေ့ရတယ်။ အီရန်မှ မျိုးယူလာတဲ့ အပင်ထွေဖြစ်ပြီး ချယ်ရီပန်းလို့ ပန်းနုရောင်အပွင့်တွေ ပွင့်သတဲ့။

တစ်နေရာမှာ တွေ့လိုက်ရတဲ့ အမေရိကန်ပြတိုက်ကတော့ ခရစ္စတိုဖာကိုလံဘတ်ယူလာတဲ့ ပစ္စည်းတွေကို သိမ်းဆည်း ပြသထားရာဖြစ်ပါတယ်။ စပိန်ပြည်တွင်းစစ်မတိုင်မီ

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၉ ခုနှစ်မှာ ပြီးစီးခဲ့ပြီး 'ဖရန်ကို'ဆောက်ခဲ့တဲ့ အထိမ်းအမှတ် မုခ်ခုံး(Arch)တစ်ခုကို မြင်ရပြန်တယ်။ ဗိုလ်ချုပ်ဖရန်ကိုဟာ ကွန်မြူနစ်စနစ်ကိုတိုက်ဖျက်ဖို့ ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ခြင်းဖြစ်ပြီး ဒီယကမ္ဘာစစ်မှာလည်း သူ မပါဝင်ချင်ခဲ့ပါဘူး။ အဲဒီနောက် စပိန်လေတပ်ဝင်းကို တွေ့လိုက်ရတယ်။ အဲဒီလိုနဲ့ မက်ဒရစ်မြို့တဟိုတွင် လှည့်ပတ်ကြည့်ရပြီး တည်းခိုရာ ဟိုတယ်ကို ပြန်ရောက်ကြတယ်။

ညနေစာစားဖို့ ည ၇နာရီခွဲမှ ဟိုတယ်က ထွက်ရမှာမို့ အချိန်ပိုနေလို့ အချိန်ရှိခိုက် လှုံလဆိုက်ကာ အနီးအနားဆိုင်တွေမှာ စျေးဝယ်ထွက်ကြပြန်တယ်။ ဟိုတယ်ရှေ့ လမ်းမကြီးတစ်နေရာမှာတော့(National Geographic)ဆိုင်ရှိပြီး အဲဒီမှာ ခရီးသွား တောဝင်တောင်တက်ကိစ္စတွေမှာသုံးတဲ့ ကျောပိုးအိတ်၊ ရွှက်ဖျင်တဲ၊ တောစီးဖိနပ်၊ အိမ်မြောင်၊ ဓား၊ ကြိုး၊ မြေပုံ၊ ကမ္ပာလုံး၊ မီးအိမ် စတဲ့ပစ္စည်းတွေ၊ ခရီးသွားခြင်းဆိုင်ရာ စီဒီခွေတွေ၊ Shopping bags၊ တီရှပ်၊ ဘောင်းဘီတိုတွေလည်း ရောင်းချနေရဲ့။ ဝယ်ကောင်းကောင်းနဲ့ ငွေလိုလာလို့ ဟိုတယ်ပြန်ကာ ကောင်တာမှာ ဒေါ်လာကို ယူရိုငွေနဲ့ လဲလိုက်ရသေးတယ်။ ဒေါ်လာတစ်ရာမှာ ၆၅ ယူရိုခန့်ပါ။ နောက်ဆုံးကျန်တဲ့ ငွေလေး ၇ကျပ်ခွဲကို ပဝါနဲ့ စျေးပေါပေါဆွဲကြိုးလေးတွေ ဝယ်လိုက်တော့ လက်ထဲမှာ အကြွေစေ့တွေကျန်ပြန်လို့ ရနိုင်တဲ့ တရုတ်လုပ် ခေါင်းစည်းကြိုးလေး နှစ်တွဲ ဝယ်ပစ်လိုက်တယ်။ လက်ကျန် တစ်ကျပ်လောက်ကိုတော့ ဥရောပငွေဟာ ဒါပဲလို့ ပြနိုင်ဖို့ ချန်ထားမှ။

စပိန်ရိုးရာ (Falamingo) အက

ညနေစာစားဖို့ Falamingo အက ကပြပြီး ရိုးရာယဉ်ကျေးမှု အသားပေးထားတဲ့ စားသောက်ဆိုင်ဆီသွားကြတယ်။ အဲဒီဆိုင်ရှိတဲ့ လမ်းကြားလေးတစ်လျှောက်မှာတော့ အခြားသော အလားတူဆိုင်တွေလည်း ဆက်တိုက်လိုလို ရှိနေရဲ့။ ကိုယ်တို့အတွက် ကြိုတင်ငွေပေးချောကာ စီစဉ်ထားတဲ့ဆိုင်ကို သတ်မှတ်ချိန်အတိုင်း ဝင်ရောက်ခဲ့ကြတယ်။

ဆိုင်အပြင်အဆင်က အစ္စလာမ်အနုပညာ(Islamic Art)များနဲ့ ရောနှောနေတဲ့ စပိန်တို့ရဲ့ အာရပ်နွယ်သော မူးရစ်(Moorish Style)ဟန်မို့ ဗလီတစ်ခုအတွင်း ရောက်နေရသလို ခံစားရပေါ့။ ရိုးရာပန်းဒီဇိုင်းများနဲ့ ပန်းပွင့်လေးတွေ ပုံဖော်ထားတဲ့ နံရံတွေပတ်လည်နဲ့ ခန်းမအတွင်းဝင်ခဲ့ကြတယ်။ ဘေးနံရံမှာလည်း မုခ်ခုံးလေးတွေလုပ်ထားရဲ့။ ဆိုင်ခန်းကို အဆင့်ဆင့် တည်ဆောက်ထားပြီး ခန်းမကို ဆီးမြင်နေရတဲ့ အပေါ်ထပ် အထူးခန်းများလည်း ရှိတယ်။ အဲဒီအထက် ပွဲကြည့်စင်တွေမှာ သီးသန့်စားသုံးရင်း စပိန်ရိုးရာ အကတွေကို အထက်စီးက လှမ်းကြည့်နိုင်ပါတယ်။ ဆိုင်နံရံမှာကပ်ပြီး တည်ဆောက်ထားတဲ့ ဘိယိယက်ခုံ

ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ စပိန်ရိုးရာ ကြိုကြားအက ကပြနေသူများ

သာသာ စင်မြင့်မှာတော့ ကုလားထိုင် အနီ၊ အပြာလေးတွေ ချထားတယ်။

ဥရောပ၊ အထူးသဖြင့် စပိန်ခလေ့အစားအစာကို စားသုံးရမယ်ထင်ရဲ့။ လူကို ထုသတ်လို့ရလောက်တဲ့ လက်သီးဆုပ်ထက်ကြီးသော ပေါင်မုန့်ဝိုင်းကြီးကို စားပွဲခင်းပေါ်မှာ ဒီအတိုင်းချထားပေးတယ်။ ဝိုင်ခွက်မျိုးစုံကိုလည်း စားပွဲတိုင်းရဲ့ အလယ်မှာ တွေ့ရပြီး ဝိုင်ဖြူ-ဝိုင်နီ-ဂက်စ်(Gas)ဆူဝေနေတဲ့ ရှုတပမ္ဘန်တွန်တွန်(Sparkling)ဝိုင်တွေကို တစ်မျိုးပြီးတစ်မျိုး လာထည့်ပေးနေပေါ့။ အာလူးကြော်၊ ဆလပ်အရွက်စုံသုပ်၊ ငါးနီတူလို လက်ညှိုးလောက်ငါးသေးသေးကြော်တွေ ရောက်လာပြန်တယ်။ ကင်းမွန်အကွင်းလိုက်ကို မုန့်လက်ကောက်လို ကြော်ထားတာတွေလည်း သံပရာ၊ ရှောက်သီးခြမ်းများဖြင့် ညှစ်စားရန် စီစဉ်ပေးတယ်။

စားသောက်နေစဉ်အတွင်းမှာတော့ စင်မြင့်ထက်မှ စပိန်ဂီတာ(Spinish Guiter) တီးခတ်ရင်း သီချင်းဆိုဖြေဖျော်ပါကယ်။ ဂီတာသမားတွေဟာ ရှုပ်အဖြူနဲ့ ဘောင်းဘီရှည် အနက်ရောင်များကိုသာ ခပ်ရိုးရိုးဝတ်ဆင်ထားကြတယ်။

အဲဒီနောက်မှာတော့ ကြိုးကြာဒင်္ဂက်အသွင်, ဆောင်ထားတဲ့ စပိန်ရိုးရာ(Flamingo)အကတွေ ကပြကြပါတယ်။ ဖလမင်းဂိုး အကဟာ အာဂျင်တီးနားမှာ တန်ဂို(Tango)အက ကျော်ကြားသလို စပိန်မှာထင်ရှားတဲ့ရိုးရာအကပါ။ အမျိုးသမီးတစ်ဦးချင်းအက၊ အမျိုးသမီးများစုပေါင်းအက၊ အမျိုးသား တစ်ဦးချင်းအကတွေ ကပြပါတယ်။ အမျိုးသား အမျိုးသမီးစုံတွဲအကတော့ မပါပါဘူး။

အမျိုးသမီး ကချေသည်တွေက အောက်နားမှာ အတွန့်အတွန့်များပါတဲ့ ဂါဝန်ရှည်ရှည် ဖားဖားကြီးတွေကို လုံခြုံစွာဝတ်ဆင်ကာ ဂါဝန်အောက်နားကို ကားခနဲ ဝဲဝဲသွားအောင် လှည့်ပတ်ပြီး ကပြကြတယ်။ မေးတုဆတ်ဆတ်၊ လက်တဆန့်ဆန့်နဲ့ ဖျတ်ခနဲ ဆတ်ခနဲ လှုပ်ရှားကာ ကပြရလို့ အလွန်အားပါပြီး ကြည့်ကောင်းလှရဲ့။ စပိန်ဂီတာသံကလည်း ပြတ်သားစူးရှကာ တက်ကြွလှုပ်ရှားဖွယ် ဖြစ်ပါတယ်။ ကရင်းခုန်ရင်းနဲ့ ခြေဖျားမာမာကို ကြမ်းပြင်မှာ တဆတ်ဆတ်

www.burmeseclassic.com

မက်အရစ်
နိုင်ငံတကာလေဆိပ်က
နွားရိုင်းသတ်ပွဲ

ခေါက်လိုက်၊ ခြေဖနောင့်ဖြင့် ဆောင့်နင်းလိုက်နဲ့ အသံတဒေါက်ဒေါက်ထွက်အောင် လုပ်ကြသေးတယ်။ ဖိနပ်သံ ပိုမိုမြည်နိုင်အောင်လည်း ကြမ်းပြင်ကို သစ်သားပြားနဲ့ ဝုံမျက်နှာပြင်လို မြူလုပ်ထားတာပါ။ ဂါဝန်နီနီနဲ့ အသက် (၅၀) ကျော်ခန့် ရှိနိုင်တဲ့ ကချေသည်အမျိုးသမီးကြီးဟာ အားကြိုးမာန်တက်ကရင်း ခွေးတွေပြန်နေရဲ့။ မေးကိုဆတ်ခနဲ ခါလိုက်တိုင်း ခွေးစက်တွေလွင့်စဉ်ထွက်လာတာကိုပင် မီးရောင်နဲ့ လက်ခနဲ မြင်လိုက်ရတယ်။ ကရင်းလည်း သူ့လက်တွင်းက စည်းနဲ့ဝါးလို လက်ခုပ်လေးကို တခွပ်ခွပ်တီးဝါသေးတယ်။

တစ်ဦးချင်းဟာ အကြာကြီးကရတဲ့အတွက် အတော်ပင်ပန်းပါတယ်။ ခရမ်းရောင်ဇတ်စုံနဲ့ မိန်းကလေးလည်း အတော် အကကောင်းပါတယ်။ တစ်ကိုယ်တော်နဲ့ကြသလို အမျိုးသမီးကချေသည်တွေ စုပြုံးကပြန်တော့လည်း မြန်မာနတ်ပွဲများလို ခုန်ပေါက်ပြီး ကရတာမို့ အလွန်မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှတယ်။ လက်ခုပ်သံတွေ ဆူဝေနေတဲ့ကြားမှာ ဝိုင်တန်ခိုးလည်း ပြလာပေါ့။

အမျိုးသမီးအကမယ်များ ဆင်းသွားတော့ လွမ်းမောဖွယ်ကောင်းတဲ့ စပိန်ရိုးရာသီချင်းတစ်ပုဒ်ကို သီဆိုပါတယ်။

အဲဒီနောက်မှာတော့ အမျိုးသားကခြေသည်များ အလှည့်ပါ။ ကခြေသည် အမျိုးသားငယ်တစ်ယောက်ဟာ အလွန် အကကောင်းတော့ လက်ခုပ်သံတွေ မစဲအောင် ရပေါ့။ ရှုပ်အင်္ကျီဖက်ဖူးစိမ်းလက်ရှည်ဝတ်ကာ အနက်ရောင် ဝေ့စ်ကုတ်ရဲ့ အိတ်ကပ်ထဲ လက်ကို အသေထည့်ထားပြီး တဒတ်ဒတ်ခုန်ရင်း ဘေးတိုက်ရွေ့ကာ ခြေထောက်တွေနဲ့ချည်း ကတာမျိုးလည်း ပါရဲ့။ သူ့အကကို လူတွေကြိုက်ကြလို့ အကြာကြီး ကပြရရှာတယ်။ အကတွေကို အာရုံစိုက်နေကြတဲ့ ပွဲခင်းထဲ ကြည့်လိုက်တော့ ပွဲကြည့်ပရိသတ်ထဲမှာ ဥရောပသား အဘိုးကြီးတစ်ဦးကို လူမည်းအမျိုးသမီးငယ်လေးနဲ့ ပူးပူးကပ်ကပ်တွဲလျက် တွေ့ရပေါ့။ ကကွက်၊ တီးလုံးနဲ့ ခြေဆောင့်သံတွေဟာ စိတ်တက်ကြွစရာမို့ ပရိသတ်တွေရဲ့ လက်ခုပ်သံတွေ ဆူဝေညံစီနေပါတော့တယ်။

စားသောက်ဆိုင်မှပြန်ထွက်တော့ ဒီလမ်းလေး တစ်လမ်းလုံး ခုလိုဆိုင်တွေ များစွာတန်းစီနေကြပေမယ့် အသံလုံအောင်ဖန်တီးထားဟန်ရှိလို့ အပြင်မှာ ဆူညံမနေပါဘူး။ တည်ခိုရာ ဟိုတယ်ဟာ မြို့ထဲမှာပဲမို့ လမ်းလျှောက်ပြီး ပြန်ကြတယ်။ မက်ဒရစ်လမ်းမများရဲ့ဘေးက ပလက်ဖောင်းကျယ်ကြီးတွေဟာ ဝိုင်ရိရိနဲ့ လမ်းလျှောက်လို့ ကောင်းလှပေါ့။

စပိန်ရဲ့ ညဟာ ဝိုင်တန်ခိုးနဲ့မို့ တိမ်စိုင်တွေကိုနင်းပြီး အာကာသထဲမှာ လျှောက်သွားနေရသလို ပေါ့ပါးပြီး အရသာရှိလွန်းရဲ့။ လမ်းခင်းထားတဲ့ အုတ်ခဲမည်းမည်းလေးတွေပေါ်မှာတော့ စပိန်ဂီတာတီးပြီး ဖြေဖျော် လက်စွမ်းပြနေသူများစွာကို တွေ့ရပါတယ်။ လမ်းပေါ်က အနုပညာပေမယ့် အဆင့်မနိမ့်လှဘဲ နားထောင်လို့ ကောင်းနေရဲ့။ တစ်နေရာမှာတော့ ဝါသနာရှင် အမျိုးသမီးလေးများချည်း လက်စွမ်းပြတဲ့ တီးဝိုင်းလေး တစ်ခုလည်း တွေ့ရတယ်။ မျက်လှည့်ပြသူ၊ အထူးအဆန်း ဝတ်ဆင်ပြသူတွေလည်း တစ်ပုံတစ်ပင်ရှိနေရဲ့။ မျက်နှာကို ကြေးရောင်လိမ်းခြယ်ကာ အဝတ်အစားနဲ့ ဦးထုပ်တွေကိုပါ ကြေးရောင်သုတ်ထားပြီး မတုန်မလှုပ် လုံ

www.burmeseclassic.com

www.burmeseclassic.com

နေသူကတော့ ကြေးရုပ်တုတစ်ခုလိုပါပဲ။ မျက်လှည့်ဆရာက ရပ်ပြီးကြည့်နေကြတဲ့ လူအုပ်ထဲမှ ပရိသတ်ကိုခေါ်ထုတ်ကာ ပူးတွဲ တင်ဆက်ပြသခြင်းမျိုးကိုလည်း မြင်ရတယ်။ စပိန် ဂီတာတီးသမားတွေလည်း အပုံအပင်။ သို့သော် ရုတ်ရုတ်သဲသဲ မရှိ၊ ခိုက်ရန်ဒေါသ ဖြစ်တာမတွေ့ရ၊ ညအဲလှုကိုသာ နည်းမျိုးစုံဖြင့် ခံစားနေသူတွေချည်းသာ ဖြစ်ပါတယ်။

လမ်းလျှောက်ရင်း ထူးထူးဆန်းဆန်းလေးတွေ့ တိုင်း၊ ပြုံးနေသူတွေမြင်တိုင်း ဓာတ်ပုံတွဲရိုက်ရတာလည်း မရိုးနိုင်အောင်ပါပဲ။ ကျောက်တုံး၊ ကျောက်ပြားနက်နက်လေးတွေ ခင်းထားတဲ့ လမ်းသွယ်လမ်းငယ်လေးတွေပါမကျန် ခြေဦးတည့်ရာ တဝကြီး မညောင်းမညာ လျှောက်ခဲ့ကြတယ်။ ဥရောပရဲ့ ညတွေဟာ နေမဝင်နိုင်ငံများဖြစ်တဲ့အတွက် တော်တော်နဲ့လည်း မိုးမချုပ်ကြပါဘူး။ ညဉ့်နက်သန်းခေါင်ရယ်လို့ ပြောရလောက်အောင် မှောင်မိုက်သွားခြင်းလည်းမရှိ၊ ဒါမှမဟုတ် လျှပ်စစ်မီးပွင့်တွေကပဲ ထိန်ထိန်ညီးနေလို့လား မသိ။ ဥရောပခရီးတစ်လျှောက်မှာ စပိန်ညဟာ အပျော်ဆုံးဖြစ်ခဲ့တာမို့ တစ်သက်မမေ့နိုင်အောင်ပါပဲ။

နောက်နေ့ ဩဂုတ်လ ၁၇ ရက်(စနေနေ့)မှာတော့ ဥရောပခရီးစဉ် ပြီးဆုံးပြီမို့ မက်ဒရစ်မြို့တော်၊ တည်းခိုရာ ဟိုတယ်မှာ နောက်ဆုံးမနက်စာ စားကြတယ်။ စပိန်အိုကြာကွေးလေးကို ကြိုက်လွန်းလို့ မက်မောစွာ စားဖြစ်တယ်။ အထုပ်အပိုးဆွဲကာ မနက် ၉ နာရီမှာ မက်ဒရစ် နိုင်ငံတကာလေဆိပ်သို့ ဆင်းခဲ့ကြတယ်။

လေဆိပ်အထိ လိုက်ပါပို့ဆောင်တဲ့ ဒေသခံလမ်းညွှန်ကတော့ ဂါဝန်ဝတ် ပိန်ရှည်ရှည် တရုတ်မလေးပါ။ ထုံးစံအတိုင်း သူ့အလုပ်သာ သူလုပ်သွားပြီး ခရီးသည်တွေနဲ့ ရင်းနှီးမှုမပြပါဘူး။ ခေတ်မီသပ်ရပ်ပြီး ကျယ်ဝန်းတဲ့ နိုင်ငံတကာ လေဆိပ်ကြီးမို့ ကိုယ့်အိတ်ကိုယ်ဆွဲရတာကလွဲလို့ ပတ်စပို့ပြ၊ စစ်ဆေးရေးကောင်တာဖြတ်ကာ အစစအရာရာ အဆင်ပြေခဲ့ပါတယ်။

အမှိုက်ထည့်တဲ့ စတီးလ်အမှိုက်ပုံးထဲမှာ ပေါင်ပုံလို့ လွှင့်ပစ်ထားတဲ့ ဖိနပ်အကောင်းတွေ တွေ့လိုက်ရတယ်။ လေဆိပ်ထဲက ဆိုင်တွေမှာ လက်ကျန်ဥရောပ ယူရိုငွေကို ရှင်းရင်း၊ ဈေးဝယ်သူတွေက ဝယ်နေကြရဲ့။ လေဆိပ်ထဲမှာ နွားရိုင်းသတ်နေပုံ၊ ဖလီမင်ဂိုးအက ကနေပုံတွေ ထောင်ထားလို့ ဓာတ်ပုံအပျော်ရိုက်လိုက်ကြပါသေးတယ်။ ထိုင်းနိုင်ငံ (TG)လေကြောင်းလိုင်းနဲ့ နေ့လယ် ၁ နာရီမှာ ဘန်ကောက်သို့ အပြန်ခရီးနှင်ခဲ့ကြတယ်။ ဒီလေယာဉ်လိုင်း ကတော့ သုံးယောက်ပေါင်းကာ အလေးချိန်ချိန်ပြီး ၇၅ ကီလိုစီအထိ သယ်ဆောင်ခွင့်ပေးလို့ ပေါင်ပုံခြင်းမရှိတော့ပါဘူး။

သံလွင်မြေစပိန်ကို နှုတ်ဆက်ခဲ့ပေါ့။ နှုတ်ခမ်းမွေးကြီးတွေ ကားနေသလို ရွှေရောင်အမိုးကော့ကြီးတွေနဲ့ စပိန်

မက်ဒရစ်ပြို့တော်ရဲ့ နေ့မဝင်ညအလှနဲ့ ကြည့်မဆုံးစရာများ

လေဆိပ်ကတော့ နောက်မှာကျန်ခဲ့ပါပြီ။ ဥရောပခရီးစတင်စဉ်က မရည်ရွယ်ခဲ့ဘဲ နောက်ဆုံးလည်ပတ်ခဲ့ရတဲ့ စပိန်ဟာ လွမ်းစရာတွေကို တကယ်ပဲ ပေးဆက်ခဲ့လေရဲ့။

ထိုင်းလေကြောင်းလိုင်းဟာ အပြုံးချိုသာပြီး ဝန်ဆောင်မှုတွေလည်း ကောင်းလှပါတယ်။ တစ်ညလုံး စားလိုက်သောက်လိုက်၊ သီချင်းနားထောင် ရုပ်ရှင်ကြည့်လိုက်နဲ့ လွယ်ကူစွာ ဖြတ်သန်းသွားရတယ်။ ဩဂုတ်လ ၁၈ ရက်(တနင်္ဂနွေ) မနက် ၆နာရီခွဲမှာတော့ ဗန်ကောက်-သုဝဏ္ဏဘူမိ လေဆိပ်သစ်ကြီးကို ပြန်လည်ရောက်ရှိသွားပါပြီ။ လေယာဉ်ပေါ်က အဆင်းမှာ လေယာဉ်မယ်လေးတွေက ခရမ်းရောင်သစ်ခွပန်းတွေကို ခရီးသည်အမျိုးသမီးတွေထံ ကမ်းပေးလာလို့ ရင်ဘတ်ထိုးကြ၊ ခေါင်းမှာပန်ဆင်ကြနဲ့ ပန်းခရမ်းတွေ ဝေသွားပေါ့။ လေယာဉ်ဆင်းသက်တဲ့ အဆောက်အအုံနဲ့ မြန်မာပြည်ကို ပြန်ထွက်မယ့် အဆောက်အုံတို့ဟာ အလွန် အလှမ်းကွာလှလို့ အဝေးကြီး လျှောက်လိုက်ရပြန်တယ်။ သို့သော် ရွှေလျားလမ်းများ စီစဉ်ပေးထားလို့ မပင်ပန်းလှပါဘူး။

အဲဒီလေဆိပ်ကြီးကနေ ၇နာရီ ၅၀မိနစ်မှာ ပိုမိုသေးငယ်ပေမယ့် အတော်အသင့်လည်း ကြီးနေသေးတဲ့ (TG) လေယာဉ် နောက်တစ်စီးပြောင်းစီးပြီး ကိုယ့်တိုင်းပြည်၊ ရန်ကုန်မြို့ဆီ ပြန်ခဲ့ကြတယ်။ အချိန်တန်ရင်တော့ အိမ်ပြန်ရမြဲပါ။ ဘယ်လိုဘဲဖြစ်ဖြစ် ရွှေတိုဂုံစေတီကြီးကို မြင်လိုက်ရတဲ့ ခဏမှာတော့ ပင်ပန်းရသမျှ ပြေပျောက်သွားပါတော့တယ်။

ဩော်- ကိုယ့်ပြည် ကိုယ့်မြေကို ပြန်ရောက်ခဲ့ပေါ့။ ဥရောပတစ်ခွင်ကို သွားရောက်လည်ပတ်ပြီး တစေ့တစောင်းလေ့လာခဲ့ရတဲ့ အချိန်တွေဟာ အိပ်မက်ထဲကို ခဏသွားလည်လိုက်ရသလိုပါပဲလား ။ ။

(ပြီးပါပြီ)

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အဘစကတ္က ခုနစ်ထွေအက တသည်မှာ ကြည့်၍ အလွန်ကောင်းသည်။ သွားလေရာရာ ပါနေသော တောင်ဝှေးတစ်ချောင်းဖြင့် ကနေသည်မှာ ပရိသတ် ပွဲကျလောက်ပါသည်။ အကပြီး၍ နားခါစ ရှိသေး၏။

"ဇော်ဂျီကနဲ့ ဝန်က ထပ်က ပေးပါဦးဗျို့၊ ကြည့်ကောင်းလွန်းလို့ပါ"

ပွဲတောင်းသူ ပေါ်လာပြန်တော့ မောသည်၊ ပန်းသည်ဟု သဘောမထားနိုင်။ ထပ်၍ ကဲရပြန်သည်။ ပွဲတောင်းမည်ဆိုလည်း တောင်းချင်စရာ။

ခုနစ်ထွေအကထဲမှာ ဝန်ကနှင့် ဇော်ဂျီအကသည် အကောင်းဆုံး၊ ကြည့်၍ အလှဆုံး။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ပရိသတ်၏ ဩဘာပေးသော လက်ခုပ်သံများသည် တဖြောင်းဖြောင်း။ လက်ခုပ်သံ၊ ဝိစီမှတ်သံတို့ဖြင့် ဆူညံသွားပါတော့သည်။ ပရိသတ်သည် များသည်။ (၇၀) နီးပါးမျှ ရှိမည်ထင်ရ၏။ ကလေး၊ လူကြီး ပါသည်။ ကုလား၊ တရုတ် စုံစုသည်။

အဘရောက်နေသောမြို့သည် သန်လျင်မြို့၊ နေရာသည် မြို့မဈေးကြီး၏ အရှေ့ဘက် သီဟဆေးဆိုင်ရှေ့၊ 'စိုးနိုင်နိုင်' လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်နေရာတွင် ဖြစ်သည်။

အဘသည် ပွဲတောင်းတိုင်း ကပေးနေ၏။ အဘ အတော်လေး မောနေပြီ။ ချွေးများ စို့လာသည်။ အဘသည် ခဏသာ အမောဖြေ၏။

အမောပြေသည်နှင့် မှိုင်းခံစက္ကူဖြင့် အင်းချထားသော "စ၊ မ၊ ဗ၊ ဝ" စုမလေးကွက် အင်းချပ် လက်ဝါးတစ်ဝါးစာမျှရှိသော အင်းစာရွက်လေးကို အဘသည် ဈေးဆိုင်ကြီးများကို ဝေ့ပေးလေ၏။ ဝေ့သည်ဟု ဆိုရာတွင် ဆိုင်တိုင်းမဟုတ်၊ ဓာတ်ကျရာ၊ အာရုံကျရာဆိုင်ကိုသာ ပေးဝေ့ခြင်း ဖြစ်၏။

အခြားမြို့ရွာများ၌ ဓာတ်ကျလျှင် အဘ၏ ညာလက်ဖဝါးဖြင့် ဈေးရောင်းသူ၏ ညာဘက်၊ ညာလက်ဖဝါးကို ဖြန်းခနဲနေအောင် ရိုက်လိုက်ခြင်း အားဖြင့် အုံသြစရာကောင်းလောက်အောင် 'ဣန္ဒာသယအင်း' ပေါ်လာစေသည်။

တစ်နည်းအားဖြင့် 'လိုတရအင်း' ဖြစ်သည်။ ထူးထူးခြားခြား ဖြစ်သည်။ အလုံးစုံ ပြည့်ဝ၊ ပြည့်စုံစေနိုင်ပါသည်။ မိမိလိုအပ်ချက်မှန်သမျှ တတိုင်းရနိုင်သော အင်းဖြစ်သည်။

'ရန်' တံခါးကြီးလည်း ပိတ်စေသည်။ 'အောင်လာဘ်တံခါး' ကြီးကိုလည်း ဖွင့်၊ ပွင့်စေ၏။

စာရေးဆရာများ စုဝေးရာ၊ လေထန်ရာ ဖြစ်သော စိုးနိုင်နိုင် လက်ဖက်ရည်ဆိုင်ရှင်သည် သဘောကောင်း၏။ သဘော မနောကောင်းရှာသော စိုးနိုင်နိုင် လက်ဖက်ရည်ဆိုင် ပိုင်ရှင်သည် အဘပေးသော 'အင်း' စာရွက်ကို ရသည်။

၎င်း စ၊ ဓ၊ ဗ၊ ဝ စမ အင်းသည် လာဘ် လာဘ်ကို ရွှင်ပျစေသည်။ ပွားများစေသည်။ တိုးပွားစေသည်။ အရောင်းအဝယ် ကောင်းစေသည်ဟု ဆိုသည်။ သည့်ကြောင့် 'လာဘ်ရွှင်၊ လာဘ်ခေါ် အင်း' ဟုခေါ်သည်။

မရရှိသူများသည် အဘဆီ တောင်းကြသည်။ အဘသည် တောင်းတိုင်းလည်း မပေး။ သည်တော့ကာ ဓာတ်သိ၊ အကြောင်းသိများသည် ရသူများထံမှ တစ်ဆင့် ဝယ်ယူကြသည်။

အကြောင်းသိ၊ ဓာတ်သိများသည် မရောင်း၊ ဘယ်သောအခါမှ မရောင်း။

ဓာတ်မသိ၊ အကြောင်းမသိသူ မယုံတစ်ဝက်၊ ယုံတစ်ဝက် လူနှစ်ဦးစ၊ သုံးဦးစမျှသာ ရှိမည်ထင်၏။ ထိုသူ၊ ထိုလူများသာ ရောင်းသည်။

အဘဝေ့သော 'အင်း' စာရွက်သည် အရေအတွက် အတိအကျ ရှိနေပါလိမ့်မည်။ ဝေ့ပြီးသွားပြီ၊ ကုန်သွားပြီ ထင်၏။

"ရုပ်ကိုသာပြင်၊ စိတ်မပြင်၊ ရုပ်သွင်သာလှ စိတ်မလှ"

"ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ရုပ်သွင်လည်းလှ၊ စိတ်လည်းလှ"

ဟု အဘသည် အော်၍ အော်၍ ဆိုနေလေ၏။

"လူတွေက ရုပ်ကိုတော့ အမြဲပြုပြင်နေကြတယ်၊ စိတ်ကိုတော့ ပြုပြင်ဖို့ လက်နေးနေကြတယ်မဟုတ်လား၊ ပြုပြင်ကြ၊ ပြုပြင်ကြ၊ ရုပ်ရော၊ စိတ်ရော ပြုပြင်ကြ၊ ခုပဲပြုပြင်ကြ"

ဟု အော်ကာ ဟစ်ကာဖြင့် ပြောရင်း ဆိုရင်း ဤနေရာမှသည် အခြား တစ်နေရာသို့ အဘ ဦးတည် ထွက်သွားနေလေပြီ။

●

"အဘရာဇလာပြီဟေ့၊ တစ်ခဏ ပဲနော်၊ ထာဝရ မနေနိုင်ဘူး၊ တွေ့ချင်ရင်လာကြ၊ သိချင်ရင်လာကြ၊ တစ်နေ့ပဲ မြူးမယ်၊ ထူးမယ်၊ တစ်ည မကူးဘူး၊ ပြန်မှာ" ဟု အော်အော်ပြီး ပြောနေလေတော့သည်။

မကြာလိုက်ပါ။ ကလေး၊ လူကြီး အားလုံး၊ အားလုံး (၁၀၀) နီးပါးမျှ ရှိလိမ့်မည်ထင်၏။ အဘ၏ ပရိသတ်များ စုံစုံညီညီ ရောက်ရှိလာလေ၏။ အဘအကြောင်းကို သိသူလည်းပါ၏။ မသိသူလည်းပါသည်။

အဘသည် သည်မြို့၊ သည်ရွာ၊ သည်ရပ်ကွက်၊ သည်နေရာ မရောက်သည်မှာ ကြာပြီ။ ကြာဆို သုံးနှစ်တောင် ကျော်ခဲ့ပြီပဲ။ ယခုရောက်ခြင်းသည် နှစ်ခေါက်မြောက်။

"ရောဂါသည်၊ ဝေဒနာသည် ပါရင်ပြော၊ အားမနာနဲ့၊ အားနာရင် ခါးပါမယ်၊ မရှက်နဲ့၊ မကြောက်နဲ့၊ မရွံ့နဲ့၊ ကျုပ်တောင်မရှက်ဘူး၊ ကျုပ်က အရှက်ရှိတဲ့လူ မဟုတ်ဘူး၊ ကျုပ်ကိုလည်း မကြောက်နဲ့၊ ကိုက်မစားဘူး၊ ဖဲ့မစားဘူး၊ ကျုပ်က ဆေးဆရာမဟုတ်ဘူး၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

ကုပေးမယ်၊ သနားလွန်းလို့ဖျို့၊ ရောဂါသည်တွေကို သနားလို့" ဟု အော်ပြောနေတော့သည်။

ပရိသတ်သည် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ တစ်ယောက် တစ်ပေါက် ပြောနေကြသည်။

"ဟို. . . မြေးမလေးက ရောဂါသည်လေးပဲ၊ တစ်ခါတစ်ခါ မခံမရပ်နိုင်အောင် ဒိုက်အောင့်နေတယ် မဟုတ်လား၊ ဆရာဝန်တွေ စုံနေပြီ၊ ဆေးခန်းတွေ စုံနေပြီ မဟုတ်လား၊ ဘာလို့မပြောတာလဲ၊ ရှက်လို့လား၊ ရောဂါပျောက်မှာ စိုးလို့လား"

ဟု အဘသည် အသက် ၁၂ နှစ်၊ ၁၃ နှစ်မျှ ရှိမည်ဟုထင်ရသော ကလေးမလေးအား လက်ညှိုးထိုး၍ တိတိကျကျ ပြောလိုက်သောအခါ-

"ဟုတ်. . . ဟုတ်ပါတယ် အဘရယ်၊ အဘပြောတာတွေ အမှန်ကြီးပါပဲ၊ ဆေးခန်းတွေစုံလို့ ပါရဂူကြီးတွေနဲ့လည်း ပြပြီးပါပြီ၊ ရောဂါရှာမတွေ့ဘူးတဲ့၊ ထမင်းကို နည်းနည်းပဲ စားလို့ရတယ်၊ များများစားတာနဲ့ အန်တော့တာပါပဲ အဘ၊ အခု အဘကို အပ်ပါတယ်၊ ကျွန်မ သမီးလေးကို ပျောက်အောင် ကုပေးပါ အဘရယ်"

ဟု အံ့သြခြင်းများစွာ များစွာဖြင့် အသက်အားဖြင့် (၄၀) ဝန်းကျင်ခန့် ရှိမည်ထင်ရသော ကလေးမလေး၏ မိခင်ဖြစ်သူသည် အဘပြောသည်မှာ မှန်ကန်ပါကြောင်းကို ဝန်ခံကြောင်း ပြောပြီး၊ သူ၏သမီးကို ဆေးကုသပေးရန် အဘကို အပ်နှံလိုက်လေတော့သည်။

"အေး. . . အေး အဘကုပေးမယ်၊ ငါ့မြေးဖြစ်နေတာ မရိုးဘူးကွဲ့" ဟု ပြောပြီးသည်နှင့် -

"ကဲ. . . မြေးလေး အဘိုးဆီလာ၊ မကြောက်နဲ့၊ ရောဂါတွေအကုန် ပျောက်သွားမှာ" ဟုဆိုကာ ရေစင်ထည့်ထားသော ရေဖန်ခွက်ကို ကောက်ကိုင်လိုက်လေတော့သည်။

ပရိသတ်များသည် ဝိုင်း ဝိုင်းများလာသည်ထင်၏။

အယောက်ရေ တစ်ရာမက တော့၊ တစ်ရာကျော်သွားပြီ ဖြစ်၏။ အဘရှေ့တွင်ရောက်နေသော် ကလေးမလေးကိုလည်းကောင်း၊ အဘကိုလည်းကောင်း စူးစူးစိုက်စိုက် ကြည့်လာကြသည်။ အာရုံစိုက်လာကြသည်။

"ကဲ- မြေးမလေး၊ ဘုရားကို အာရုံပြုထား"

ဟုပြောပြီး ကိုင်ထားသော ရေစင် (ရေမန်း) ခွက်ကို ပါးစပ်တွင်တေ့၍ နှုတ်ဖျားမှ ဘာတွေမန်းမှုတ်နေသည်မသိ။

အတန်ကြာမှ အဘသည် ရေဖန်ခွက်တွင်းသို့ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းကို နှစ်လိုက်ပြီး လက်ငါးချောင်းဖြင့် ကလေးမ၏ မျက်နှာကို အပေါ်ယံ ဘယ်၊ ညာ သပ်၍ (၇) ခါ မျက်နှာသစ်သည်။

ဒုတိယအကြိမ် ရေစင်ခွက်ထဲသို့ ယခင်နည်းတူ လက်ချောင်း သုံးချောင်း နှစ်ပြီး လက်ငါးချောင်းဖြင့် နဖူးထိပ်ဆံဖျားမှသည် နောက်ပြန်ကျောထိ (၉) ခါ သပ်ချသည်။

ပြီးမှ ရေစင်ရေမန်းဖြင့် မျက်နှာကို တောက်သည်။ ဦးခေါင်း၊ ဆံဖျားတို့ကို တောက်သည်။ ကလေးမလေး၏ တစ်ကိုယ်လုံး ဆံဖျားမှသည် ခြေဖျားထိ တောက်သည်။

ပြီးတော့ ကလေးမလေး၏ အင်္ကျီကို အပေါ်သို့ အနည်းငယ်မ,တင် ခိုင်းပြီး ချက်ကို အလယ်ဗဟိုပြု၍ ရေစင်စွတ်ထားသော လက်ခလယ်ဖြင့် လက်ယာရစ် (၇) ခါပိုင်းသည်။ ပြီး အင်္ကျီကို ပြန်ချခိုင်း၏။ လည်ချောင်းမှသည် ဝမ်းဗိုက် ချက်အထိ အပေါ်ယံ (၉) ခါ သပ်ချသေးသည်။

ရေစင် စိုနေသော လက်ငါးချောင်းဖြင့် အင်္ကျီကိုမထိစေဘဲ သပ်ချပေးခြင်းသာ ဖြစ်သည်။ နှုတ်မှလည်း တဖွဖွ ရွတ်ဆိုနေ၏။

အားလုံးပြီးစီးသွားပြီဖြစ်၍ လူနာရှင် ကလေးမလေးကို ရေစင်ခွက်ပေး၍ အကုန်သောက်ခိုင်းလိုက်လေတော့၏။

ပရိသတ်များသည် အာရုံစူးစူးစိုက်စိုက်ဖြင့် မျက်တောင်မခတ် ကြည့်နေကြ၏။ ဘာတွေများ ဖြစ်လာမည်လဲ၊ ဖြစ်ဦးမည်လဲဟု လဲပေါင်းများစွာဖြင့် စိတ်ဝင်စားနေကြသည်။

ကလေးမလေးသည် ရေစင်ခွက်ထဲရှိ ရေမန်းကို တဝကြီး အကုန်သောက်ချလိုက်လေ၏။ မကြာလိုက်ပါ။ အဘ၏ရှေ့တွင် ရှိနေသေးသော ကလေးမလေးသည် (၃) မိနစ်မျှသာ ကြာမည်ထင်ပါသည်။

"အန်ချင်တယ်. . . အန်ချင်တယ်" ဟုပြောကာ ဒလဟော အန်ချလိုက်ပါတော့သည်။

အန်ဖတ်များ အထဲတွင် တစ်လက်မခန့်ရှိသော၊ တစ်လက်မထက်ကြီးသော ကျောက်စရစ်ခဲများကို တွေ့ရ၏။ (၉) ခဲ၊ (၁၀) ခဲမျှ ရှိမည်။ ပိုလျှင်သာ ပိုနေဦးမည်။

လူအများ အံ့သြကုန်ကြသည်။ အဘကို ကြည့်လိုက်၊ လူနာရှင် ကလေးမလေးကို ကြည့်လိုက်နှင့် တအံ့တသြ ဖြစ်နေကြတော့၏။

ချက်ချင်းဆိုသလိုပင် လူနာရှင် ကလေးမလေး၏ မျက်နှာသည် ယခင်လာတုန်းကနှင့် မတူတော့၊ ကြည်ကြည်လင်လင် ဖြစ်သွားပြီ။ ဗိုက်ထဲမှာလည်း ယခင်ကလို ခိုးလိုးခုလု မနေတော့ ရှင်းသွားပြီ၊ လင်းသွားပြီ၊ ကင်းသွားပြီ။

ရောဂါလုံးဝ၊ လုံးဝ ကင်းသွားပြီ၊ ရှင်းသွားပြီဆိုတော့ ဝေဒနာမရှိ၊ မခံစားရတော့ဘူးပေါ့။ လူနာရှင် သမီးလေးနှင့် အတူ အမေဖြစ်သူ နှစ်ယောက်လုံးသည် အဘ၏ ခြေအစုံကို ထိခြင်းငါးပါး ဖြင့်ထိပြီး ဦးတိုက်၊ ဦးခိုက် ကန်တော့နေလေတော့သည်။

ငွေသာ ကုန်ခဲ့သည်။ အရာမထင်ခဲ့။ အခုတော့ အဘကျေးဇူးကြောင့် သမီးလေး၏ရောဂါ ပျောက်

www.burmeseclassic.com

www.burmeseclassic.com

ကင်းပြီဆိုတော့ စွေးဝယ်မည့်ပိုက်ဆံကို လုံးဝမဝယ်တော့ဘဲ အဘကို အကုန်ကန်တော့လိုက်တော့သည်။ အဘသည် ငွေကို မယူ၊ တစ်ပြားတစ်ချပ်မှ မယူ။ အကုန် ပြန်ပေးလိုက်လေ၏။

သမီးလေး၏အမေသည် အိမ်ကို အဘကို အခါခါခေါ်သည်။

"အဘကို ပြုစုပါရစေ၊ အဘ စားချင်တာကို ကျွေးပါရစေ"

ဟု ပြောဆိုနေပါသော်လည်း -

"မြေးလေးရောဂါ ပျောက်သွားပြီပဲ၊ အဘလုပ်ငန်း ပြီးသွားပြီ၊ လိုက်စရာ မလိုတော့ဘူးကွယ်၊ အဘကို ပြုစုချင်တယ်၊ ကျေးဇူးဆပ်ချင်ပါတယ်ဆိုရင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၊ ကံငါးပါးကို လုံခြုံအောင်ထိန်း၊ သီလကို စင်ကြယ်အောင်သာ နေပေတော့၊ အဘ စကားကို နားထောင်... သမီး"

ဟုပြောပြီး ယခုရောက်ရှိနေသည့် နံ့သာကုန်း စွေးလေးမှသည် အာရုံကျရာ အခြားတစ်နေရာ ရပ်ကွက်တစ်ခုဆီသို့ ဦးတည်၍ အဘသွားနေပြီ ဖြစ်ပါတော့သည်။

●

"အဘမင်း ×××ခုချက်ချင်း ရောက်လာပြီလေ ××× ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ကြစေ ××× ရပ်ကွက်တိုင်းမှာလေ သာယာပါစေ ××× မြို့နယ်တိုင်းမှာမသွေ သာယာပါစေ ××× ရွာတိုင်း ရွာတိုင်းမှာလေ သာယာကြစေ ××× တစ်တိုင်းလုံး တစ်ကမ္ဘာလုံး သာယာ ရွှင်ပြုံးကြပါစေ"

ဟု အဘသည် နှုတ်မှ ထွက်လာသော စကားကို သီချင်းလုပ်၍ အော်၍ ဆိုနေလေ၏။

အဘမင်းသည် အာရုံကျရာ၊ ဓာတ်ကျရာ ဖြစ်သော သောက်တော်တွင်းရပ်ကွက်အတွင်းသို့ သီချင်း အော်ဆို၍ ဝင်လာခြင်းဖြစ်၏။ အလှူခံနေသော ဆွမ်းလောင်းဓမ္မာရုံအနီးသို့ ရောက်လာပြီ ဖြစ်သည်။ အဘသည် သီချင်းဆိုခြင်းကို ချက်ချင်းရပ်လိုက်၏။

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊ ပွင့်လာသမျှ မြတ်ဗုဒ္ဓ၊ ဆုံးမ ဤတရား"

ဟု အော်၍အော်၍ ရွတ်ဆိုနေပါတော့သည်။

လူအများ ဝိုင်းအုံလာကြသည်။ အဘကို လေ့လာ အင်္ကျီနေကြဟန်တူသည်။ အနီးတွင်ရှိသော လက်ဖက်ရည်ဆိုင်အတွင်းမှ လူများသည်လည်း အဘ အနီးသို့ ရောက်လာကြသည်။

ထိုစဉ် ကလေးလက်သီးဆုပ်မျှ ရှိမည်ဟု ထင်ရသော ခဲတစ်လုံးသည် မမျှော်လင့်ဘဲ မထင်မှတ်သောနေရာမှ ရောက်ရှိလာပြီး အဘ၏ ညာဘက်ခြေသလုံးကို ထိမှန်လေတော့၏။ အဘသည်လည်း သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ်ဆိုတော့ နာသည်၊ တော်တော် နာသွားသည်။

"အားပါးပါး ခဲထိပြီဟေ့" ဟု အဘ ယောင်ပြီး အော်မိသည်။

ညို့သကျည်းကို ထိသွားသည် ဆိုတော့ ဆတ်ဆတ်ခါနာမည်။ ကြည့်လေ အပေါ်ယံအသား ကွဲသွားသည်။ သွေးများ ချက်ချင်းယိုစီးကျလာသည်။

အဘအဖြစ်ကိုကြည့်ပြီး ဓမ္မာရုံရှိ လူကြီးများ၊ လက်ဖက်ရည်ဆိုင်မှ ထွက်ကြည့်နေကြသောလူများ ပျာယာခတ်ကုန်ကြသည်။

"ခဲနဲ့ပစ်တဲ့ကောင်ကို ခုချက်ချင်း ရှာကြစမ်း၊ တော်တော် မိုက်ရိုင်းတဲ့ အကောင်၊ တွေ့ရင် ခေါ်ခဲ့"

ဟု ဓမ္မာရုံရှိ လူကြီးတစ်ဦးမှ ခိုင်းလိုက်ရာတွင် ချက်ချင်းဆိုသလိုပင် လူရွယ်တစ်ယောက်မှ အသက် (၁၈ နှစ်၊ ၁၉ နှစ်) မျှရှိမည်ဟု ခန့်မှန်းရသော ကြွပ်ဆတ်ဆတ် လူငယ်တစ်ယောက်ကို ဓမ္မာရုံအတွင်းသို့ ခေါ်သွားလေ၏။

"တွေ့ပြီ ဦးရေ တွေ့ပြီ၊ ဒီမှာ တရားခံ" ဟုပြောကာ ခိုင်းသောသူ၏ ရှေ့မှောက်သို့ ပို့လိုက်လေ၏။

သည်အချိန်တွင် အဘ၏အနားတွင် လူတွေအုံနေသည်။ တစ်ယောက်သောသူက အဘ၏ ခဲထိသောနေရာမှ သွေးများကို သုတ်ပေးနေလေ၏။ သွေးသည် မတိတ်၊ ထွက်နေသည်။ အဆက်မပြတ် ထွက်နေ၏။

"ကဲ... ကဲ ရပါတယ် သားရယ်၊ ရပါတယ်"

ဟုပြောပြီး အဘသည် နှုတ်မှ မန်းမူတ်ပြီး အဘ၏ ညာဘက်လက်ဖြင့် သပ်ချလိုက်သည်တွင် အံ့သြစရာကောင်းလောက်အောင် သွေးများတိတ်သွားသည်။ မထွက်တော့။

ပို၍အံ့သြကြရသည်မှာ ကွဲသွားသော အသားသည် ပကတိ မူလအသားပြင်အတိုင်းပင် ရှိနေလေ၏။ ကောင်းသွားပြီ၊ တကယ်မှ အံ့ကောင်းပကတိ။

ရှေ့သို့ရောက်ရှိလာသော ကြွပ်ဆတ်ဆတ် မာကျောကျော တရားခံလူငယ်ကို ဓမ္မာရုံလူကြီးသည် လက်သီးဖြင့် ခေါင်းကို ထုပြီး အကြီးအကျယ် ဒေါပွကာ -

"သွား၊ မင်း တော်တော်မိုက်ရိုင်းတာပဲ၊ အဘကို သွားတောင်းပန်လိုက်၊ ကန်တော့၊ ထိုင်ပြီးကန်တော့" ဟု ပြောဆို ကြိမ်းမောင်းပြီး အဘရှေ့သို့ ခေါ်လာလေ၏။

ပြောသည့်အတိုင်းပင် လူငယ်သည် အဘကို တောင်းပန်စကားပြောပြီး ထိုင်၍ကန်တော့လေ့တော့၏။

"လူလေးကို အဘိုး ခွင့်လွှတ်ပြီးသားပါ။ ကောင်းတာလုပ်ရင် ကောင်းတာပဲဖြစ်တယ်၊ မကောင်းတာ လုပ်ခဲ့ရင်တော့ မကောင်းတာပဲ ဖြစ်မှာပေါ့။ တူသော အကျိုးပေးတတ်တယ်ကွဲ့၊ စေတနာကောင်းရင် စေတနာအကျိုးပေးပါတယ်၊ စေတနာ မယုတ်ရဘူးနော်၊ လိမ်လိမ်မာမာနေ၊ ကြားလား" ဟု အဘသည် ရှည်ရှည်ဝေးဝေး ဆုံးမစကားပြောကြားပြီး တစ်ဆက်တည်းပင် ဓမ္မာရုံလူကြီးများဘက်သို့ လှည့်၍ -

"သားတို့စေတနာကို အဘက လေးစားတယ်၊ သားတို့ အဘအလေ့

www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ မေတ္တာကို တုံ့ပြန်တဲ့အနေနဲ့ အဘ တစ်ခု ပြုပေးခဲ့မယ်"

ဟု ပြောပြီးပြီးချင်း ဓမ္မာရုံရှေ့ စားပွဲခုံရှည်ပေါ်တွင် တင်ထားသော အလှူခံငွေဖလားကြီးကို လက်နှစ်ဖက်ဖြင့် မ,ယူလိုက်သည်။ ပြီး လက်တစ်ဆစ်နှံ့ ခေါင်းအထက်ထိ မ,ထားလိုက်သည်။ နှုတ်မှ တဖွဖွရွတ်ဆိုနေ၏။ ပြီးမှ ခေါင်းမော့ပါတင်သည်။

နောက်တစ်ခါ ထပ်ရွတ်ပြန်သည်။ ရွတ်ပြီးသွားမှ မူလစားပွဲခုံပေါ်သို့ အသာပြန်ချထားလိုက်၏။

"ကဲ. . . ပြီးသွားပြီ၊ အောင်ပြီ၊ အဘ သွားတော့မယ်" ဟုပြောပြီး ခြေလှမ်းခါစရှိသေး၏။

"ကျွန်တော် လူချင်လို့ပါ ခင်ဗျာ" ဟုမြွောပြီး အလှူရှင်တစ်ဦး စတင်ထွာဆည်။

အဘာခြေလှမ်း လေး၊ ငါးလှမ်း လှမ်းရဦးမည်။ အရှုရှင် သုံး၊ လေးဦး ရောက်နေလေပြီ။

အဘသည် ကိုအောင်လင်း၏ မဲဗျိန်ဈေးဆိုင်အနီး ရောက်ခါရှိသေး၏။ အလှူရှင်သည် (၁၇) ဦးမျှ ရှိလိမ့်မည်။ မိုက်ဖြင့် အလွန်ပြောချင်နေသော၊ ပြောချင်ရှာသော ဦးခင်ကျော်သည် မနား တမ်း ပြောနေရတော့၏။ အဆက်မပြတ် ပြောနေရသည်ဆိုတော့ အာခေါင်တွေ့ ခြောက်လာသည်။ ရေတစ်ဖျဲပြီလေ။ လူလည်း အတော်မော သွားပြီ ထင်၏။ နောက်တစ်ယောက် နီဖွဖွန်ဆော် ဦးစောလွင်ရောက်လာမှ နီဖွစန်ဆော်ကြီး ဦးခင်ကျော် အနားယူရတော့သည်။

အဘသည် 'အောင်တော်မူ ဘုရားဖြူ' စေတီတော်ကြီးလည်း ဝင်ရောက်ပြီး ဦးတိုက်၊ ဦးခိုက်ကန်တော့ပြီးပြီ။ ယခု 'ဘုရားနီ ဘုရား ခေါ်ပတ္တမြားမာန်အောင်' စေတီတော်ကြီး၏ ရင်ပြင်ပေါ်သို့ ရောက်ခါရှိသေး၏။

အဘ အမောဖြေနေဟန် ရှိသည်။ (၀၅) မိနစ်ပိုင်းလေးအတွင်း မှာပင် အလှူရှင် (၂၇) ဦး၊ ငွေအားဖြင့် (၁၈၀,၀၀၀) တစ်သိန်းရှစ်သောင်းတိတိကို ရရှိပါကြောင်း မိုက်ဖြင့် အတိအလင်း ကြေညာနေသည်ကို အဘ ကြားသိရသည်။

အဘ ကြားသိရန်၊ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်နိုင်ရန် ရည်ရွယ်ပြီး ကြေညာလိုက်ဟန်တူသည်။

"အင်း . . . အချိန်က (၀၅) မိနစ်ဆိုတော့ နဝင်း (၉)၊ အလှူရှင်က (၂၇) ဦး၊ (၉) အလှူငွေက တစ်သိန်းရှစ်သောင်းဆိုတော့လည်း (၉) ပဲ၊ နဝင်းကျေ။ အင်းကျေပါပဲလား၊ သာဓုပါဗျာ၊ သာဓု. . . သာဓု. . . သာဓု။

အလှူရှင် အပေါင်း ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပြီး အကျင့်ကောင်း၊ အကျင့်မြတ်ဖြစ်တဲ့ အကောင်းဆုံး ဝိပဿနာ၊ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်နိုင်ကြပါစေ" ဟု အဘသည် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ပြီး အလှူရှင်များကို ဆုတောင်းမေတ္တာ ပို့ပေးနေလေတော့သည်။

ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ရင်ထဲတွင် ဝိတိသောမနဿဖြစ်နေစဉ်-

"အဘ. . . အဘ အဘကို ခဲနဲ့ ပစ်လိုက်တဲ့ ဟိုကောင်လေး လက်ဖက်ရည်ဆိုင်ထဲမှာ သူတို့လူငယ်ချင်း စကားများ ရန်ဖြစ်ကြတယ်၊ ဟိုဘက်က သစ်သားတုတ်နဲ့ ကောက်ရိုက်လိုက်တာ ညာဘက် ခြေထောက်ကျိုးသွားလို့ ဆေးရုံကြီးကို ခေါ်သွားကြပြီတဲ့ အဘ"

ဟု အသက် (၃၅) နှစ်အရွယ်မျှ ရှိမည်ထင်ရသော လူရွယ်တစ်ယောက်သည် အဘသိစေရန် အဖြစ်မှန်ကို လာရောက်ပြောပြနေခြင်းပင် ဖြစ်သည်။

"ဩော်. . . တစ်ဖက်က ဝမ်းမြောက်ဝမ်းသာဖြစ်ရလို့ စိတ်ချမ်းသာရမလား မှတ်ပါတယ်၊ အခု စိတ်မကောင်းစရာပါပဲလား၊ အဘက် ဘယ်လိုပင် ခွင့်လွှတ်ပေမယ့်လည်း သူ့အကုသိုလ်က သူ့ကို အကျိုးပေးသွားတာပါပဲ၊ တူသော အကျိုးပေးတာပေါ့၊ အဘ စိတ်မကောင်း ပါဘူးကွယ်၊ အတော့်ကို စိတ်မကောင်း ဖြစ်မိပါတယ်" ဟု လူရွယ်ကို ပြောလိုက်ပါတော့သည်။

လူရွယ်သည် အဘကို အကျိုး အကြောင်းပြောပြပြီး ရွာတွင်းသို့ ပြန်သွားပြီဖြစ်သည်။

အဘသည် တနင်္ဂနွေပြိုက်တိုင်၊ တနင်္ဂနွေထောင့်တွင် ထိုင်၍ ဩကာသကန်တော့ခန်းဖြင့် ဘုရားရှိခိုးခြင်းအမှုပြုနေချေပြီ။ အဘ ဘုရားရှိခိုးနေသော အသံသည် နားထောင်၍ အလွန်ကောင်းသည်။ သာယာနာပျော်ဖွယ်ရှိလွန်းလှပေသည်။

●

အဘသည် တစ်နေရာရောက် လျှင် နာမည်တစ်မျိုးဖြင့် နေရာစုံ၊ နာမည်စုံဖြင့် ပညတ်အမျိုးမျိုးပြုကာ သွားလာနေခြင်းသာဖြစ်သည်။

တောထဲမှာ တစ်နှစ်၊ မြို့မှာ တစ်လဟု ဆိုရမည်လား မပြောတတ်၊ တောထဲမှာ၊ တောင်ပေါ်မှာ သုံးနှစ်၊ သုံးမိုးကြာမျှနေပြီးမှ မြို့ပေါ်တစ်ခေါက် ရောက်သည်။ အာရုံကျလျှင် (ဓာတ်ကျလျှင်) အများဆုံး တစ်လ၊ ရက် (၃၀)။ အာရုံ မကျလျှင် (၁၅) ရက်၊ ရက် (၂၀) မျှသာ နေ၏။ ရောက်ပြီးသောမြို့သည် နောက်ထပ်ရောက်ရန်မလွယ်၊ အလွန့်အလွန် ဓာတ်ကျမှသာလျှင် နောက်တစ်ခေါက်ရောက်ဖြစ်သည်။ မရောက်သည်က များသည်။

အဘသည် တောထဲမှာနေ၏။ တောင်ပေါ်မှာ နေ၏။ တောထဲမှာ တရားကျင့်သည်၊ တောင်ပေါ်မှာတရားကျင့်သည်။ တောထဲမှာဆိုလျှင် ကျေးငှက်တို့နှင့် သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ် တိရစ္ဆာန်ငယ်တို့သည် အဘကို ချစ်သည်။ အဘသွားလေရာ၊ လာလေရာတိုင်းမှာ အဘ၏အနားမှာ၊ အပါးမှာ ရှိ၏။ အဘထိုင်လျှင် ထိုင်လို့။ အဘ၏ ဘယ်ညာပခုံးပေါ်မှာ၊ ပေါင်ပေါ်မှာ ငှက်ကလေးများ အမြဲရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျားကြီး၊ ဆင်ရိုင်းကြီးများ တောင် အဘ အနားကို မလာကြ၊ အဝေးကနေ အဘကို စောင့်ရှောက်ပေးကြသည်။ အဘ၏ မေတ္တာဓာတ်ကား ကြီးမားလှပါဘိ။

မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်၊ ကြားအပ်သောပုဂ္ဂိုလ်၊ မကြားအပ်သော ပုဂ္ဂိုလ်များသည်ပင် အဘကို ကြည့်ရှုစောင့်ရှောက်နေသည်ဟုဆိုသည်။

စားစရာ အတွက်၊ နေစရာ အတွက် အဘသည် ပူစရာမလို။ မျောက်များရှာပေးသော သစ်သီးသစ်ဥ၊ သစ်ဖု၊ ပျားရည်နှင့် မျောက်များ ဆောက်လုပ်ပေးသော သစ်ခက်၊ သစ်ရွက်တို့နှင့် ပြီးနေသော သစ်ခက်တဲနန်း။ နောက်တစ်ခု သဘာဝလိုက်ဂူကြီးများသည် အဘ့၏ နေထိုင်ရာ၊ တရားကျင့်ရာဖြစ်သည်။

အံ့ဩစရာ ကောင်းလိုက်ပါဘိ။ သရဲရိုင်း၊ သူသာန်၊ တစပြင်ရှိ အုတ်ဂူပေါ်တွင် တရားထိုင်သည်၊ တရားကျင့်သည်၊ တစ်ခါတစ်ရံ အုတ်ဂူပေါ်တွင် အိပ်သည်၊ သရဲရိုင်းဇရပ်တွင် အိပ်သည်။ ပရလောကသား၊ ဝိညာဉ်ဘုံသား အားလုံးတို့သည် အဘနှင့် မိတ်ဆွေဖြစ်နေကြဟန် တူသည်။ အဘသည်ကား အံ့ဩစရာ ကောင်းလိုက်ပါဘိ။ အလွန်ပင် ဆန်းကြယ်လှပါဘိ။ ဂန္ဓိရ ဆန်လွန်းပါဘိ။ သိမ့်မွေ့နက်နဲလိုက်ပါဘိ။

သည့်ကြောင့်ထင်၏။ သမထ၊ ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေသော အဘ (တစ်နည်း) သိရန်ခက်ခဲသော အဘကို သိသူ၊ တတ်သိ၊ နားလည်သူ ဆရာကြီးများက အဘသည် 'အင်း' ဧာဇင်ထားသူဟုဆို၏။ ဆိုင်ရာပိုင်ရာ အထက်ပုဂ္ဂိုလ်များ၏ အမိန့်အရ အရှူးစခန်း ဝင်နေခြင်း ဖြစ်သည်ဟုလည်း ဆိုကြပြန်သည်။

အရှူးစခန်း သိမ်းလျှင် အဘ အတွက် ထွက်ရပ်လမ်းပေါက်တော့မည်ဟု ဆိုကြသေး၏။

မည်သို့ပင်ဆိုစေ၊ 'အင်း' အောင်ထားသည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ၊ အရှူးစခန်း ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ထွက်ရပ်လမ်း ပေါက်သည်ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ သတ္တဝေသတ္တာ သက်ရှိသတ္တဝါတွေအပေါ် ထားရှိသော အဘ၏ ထက်သန်သော စေတနာ၊ တုန့်ပြန်၍မရနိုင်သော မေတ္တာ၊ တန်ဖိုးမဖြတ်နိုင်ဘဲ ထက်မြက်သော ပညာ၊ သိဒ္ဓိ၊ တန်ခိုး၊ စွမ်းအား၊ စွမ်းပကားတို့ဖြင့် အံ့မခန်း ဖြစ်လောက်သည့် အဘသည် အခု မရှိတော့ပြီ။ ရှိစေချင်စမ်းပါဘိ။ မြင်စေချင်စမ်းပါဘိ။ ရှိစေချင်စမ်းလှသည်၊ မြင်စေချင်စမ်းလှသည်။

ခုနေခါ အဘသာ ရှိမည်ဆို ခဲ့လျှင်၊ ရှိမည် ဆိုပါလျှင် . . . ။

"သုခိအတ္တာနံ ပရိဟရန္တု"

မောင်လေးအောင် (သန်လျင်)

❑

ဥု အရဟံ မေတ္တာ လာဘ်

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➳ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➳ အဓိပဓိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၃၉)၊ (၂၀၂) ကားစီးပြီး ဆယ်မိုင်ကုန်းစျေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➳ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➳ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➳ *ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။* ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုသမက်၊ ဖိုးဇာနည်၊
ဖယောယုဝပြုန်တဖွဲ့ဦး၏ ကိုယ်တော်မှတ်တမ်း

လူတို့သည် ဘဝတွင် မိမိတို့ပြုခဲ့သည့်ကုသိုအလျောက် သေလွန်သွားသောအခါ လူ့ဘုံ၊ နတ်ဘုံ၊ ငရဲဘုံ စသည်ဖြင့် ရောက်ကြရသည်။ မသေခင်ကလည်း နတ်ဘုံ၊ ငရဲဘုံတို့အကြောင်း စာပေကျမ်းဂန်များမှ တစ်ဆင့် သိရှိရခြင်း၊ ရဟန်းသံဃာတော်များ ဟောကြားသော ဒေသနာများမှတစ်ဆင့် သိရှိနားလည်ကြရသည်။ ထိုဘုံဌာနများ အကြောင်း ချမ်းသာသုခ ခံစားစံစားရသော ဘုံဌာနများနှင့် ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားနေရသော ဘုံဌာနများအကြောင်း လူအများ သိရှိနားလည်ကြပါသည်။

သို့ရာတွင် ထိုဘုံဌာနများကို ယခုဘဝ ရထားသော ခန္ဓာကိုယ် ဘဝများဖြင့် သွားရောက်၍ကား လုံးဝ မရနိုင်ချေ။ ထိုမရောက်နိုင်သော ဘုံဌာနများကို အနည်းငယ် မျှသော လူသားတို့ အမှန်တကယ် ရောက်ရှိသွားခဲ့ရသော ဖြစ်ရပ်တစ်ခုကို စာရေးသူအား ပြောပြ၍ သိရှိခဲ့ရပါသည်။

ယောယုဝ ခေါ် ငရဲပြည်သို့ လူသားတစ်ဦး ရောက်ရှိခဲ့ရသော ဇာတ်လမ်းကို မတဲင်ပြမီ ပဋ္ဌကတ် ကျမ်းဂန်၌လာရှိသော ငရဲကြီး (၈) ထပ်နှင့်စပ်လျဉ်းသော သိသင့် သိထိုက်သည့် အချက်အလက်များကို ဦးစွာ တင်ပြလိုပါသည်။

ငရဲဟူသည် ချမ်းသာမှု လုံးဝ ဆိတ်သုဉ်းသော အရပ်၊ အကုသိုလ် ဒုစရိုက်ကျူးလွန်သူများ စုဝေးနေထိုင်ရာ သီးခြားကမ္ဘာတစ်ခုလည်း ဖြစ်သည်။ ထိုနေရာကို (၈)မျိုး ပိုင်းခြားရသော -

(၁) အမှတ် (၁) ငရဲစခန်း ဟူ၍ ခေါ်သော 'သိဝိုဠ်ငရဲ'။

ဤငရဲစခန်းသည် လူပြည်နှင့် အနီးဆုံးအလွှာ၌ တည်ရှိပြီး ထိုငရဲဘုံတွင် ငရဲထိန်းတို့သည် လက်နက်အမျိုးမျိုးတို့ဖြင့် ငရဲဘုံသားအပေါင်းတို့အား အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်အောင် ပြုလုပ်နှိပ်စက် သတ်ဖြတ်နေကြရသော်လည်း ငရဲသားတို့မှာ သေဆုံးသည်မရှိ၊ အဖန်ဖန် ပြန်လည် အသက်ရှင်နေရသောကြောင့် သိဝိုဠ်ငရဲဟူ၍ အမည်ရပေသည်။

ဤငရဲဘုံတွင် ခံစားနေကြရသူ (၀၆) အနှိပ်စက်ခံနေကြရသူများမှာ ခိုးဆိုး တိုက်ခိုက်နေသူများ၊ လူအများကို လှည့်လည်နှိပ်စက် ညှဉ်းပန်းနေကြသူများ ကျရောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂) အမှတ် (၂) ငရဲစခန်း (ဝါ) ကာဠသုတ်ငရဲ

ငရဲထိန်းတို့သည် ဤဘုံသို့ ရောက်လာကြသော ငရဲသားတို့အား မျဉ်းနက်ဖြင့်သား၌ ပုဆိန်တို့ဖြင့် ရှစ်မြွောင့်၊ တစ်ဆယ့်ခြောက်မြွောင့် ဖြစ်အောင် ခုတ်ဖြတ်ရွေပြီး သတ်ဖြတ်ခြင်းပြုသောကြောင့် ကာဠသုတ်ငရဲ မည်ပေသည်။

ဤငရဲဘုံသို့ ရဟန်းကို သတ်ဖြတ်သောသူများ၊ ဖခင်ကိုသတ်ဖြတ်သူများ၊ မာန်ယစ်ပြစ်မှားကြသူများ ဤဘုံသို့ လားရောက်ကြရသည်။

(၃) သယ်ာတငရဲခေါ် အမှတ် (၃) ငရဲစခန်း

ကြီးကျယ်မြင့်မားသော၊ မီးတောက်မီးလျှံ လောင်ကျွမ်းနေသော သံတောင်ကြီးများသည် ငရဲသားတို့အား ကြိတ်ခြေ သတ်ဖြတ်သော နေရာဖြစ်၍ သယ်ာတငရဲဟု ခေါ်တွင်သည်။

ဤငရဲဘုံတွင် ငှက်မုဆိုး၊ သားမုဆိုး၊ လူများအား သတ်ဖြတ်ညှဉ်းဆဲသော မင်းနှင့် အမတ်စစ်သူကြီးများ၊ သီလစောင့်ခြင်းသည် အကျိုးမရှိဟု အယူရှိသောသူများ၊ ဒုစရိုက်နှင့် အသက်မွေးသူများမှာ ဤငရဲဘုံသို့ လားရောက်ရကြောင်း ပြဆိုပါသည်။

(၄) ယောယုဝငရဲ ဟုခေါ်သော အမှတ် (၄) ငရဲစခန်း

ယောယုဝငရဲဘုံမှာ ဆင်းရဲဝေဒနာ ပြင်းထန်စွာ ခံစားနေရခြင်း၊ ပြင်းထန်စွာ အော်ဟစ်၍ သွေးများ ဖြင့်ပြည့်နေသောကြောင့် ယောယုဝငရဲဟူ၍ ခေါ်တွင်ပေသည်။

ဤငရဲဘုံသို့ လာရသူများမှာ သား၊ ငါးတို့ကို အရှင်လတ်လတ် မီးနှင့်ဖုတ်၍ စားသောက်အသက်မွေးသူများ၊ အရက်သေစာ သောက်စား၍ ရတနာ သုံးပါးနှင့် မိဘဆရာသမား၊ သက်ကြီးရွယ်အိုများကို ပြစ်မှုကျူးလွန်သူများ ဤငရဲသို့လားကြရသည်။

(၅) မဟာယောယုဝဟုခေါ်သော အမှတ် (၅) ငရဲစခန်း

ယောယုဝငရဲထက် ပိုမိုပြင်းထန်သော၊ ဆင်းရဲရှိသောကြောင့် မဟာယောယုဝငရဲဟုခေါ်သည်။

ထိုငရဲဘုံတွင် လူအချင်းချင်း သတ်ဖြတ်ခြင်း၊ သူတစ်ပါး၏ပစ္စည်းကို နှိုင်ထက်စီးနင်းလုယူခြင်း၊ ရတနာသုံးပါးနှင့် ဆက်နွယ်သော ပစ္စည်းဘဏ္ဍာကို ခိုးယူသုံးစွဲကြသူများ မဟာယောယုဝငရဲပြည်သို့လားကြရသည်။

(၆) တာပနငရဲခေါ် အမှတ် (၆) ငရဲစခန်း

မလွှဲမယွင်း ငြိမ်သက်၍နေသော ငရဲသတ္တဝါများကို ပူပန်စေသောကြောင့် တာပနငရဲ မည်ပေသည်။

ဤငရဲဘုံတွင် တရားမဲ့သော မင်းသည် ကရုဏာတရားကင်းမဲ့၍ အဂတိတရား လေးပါး လိုက်စားပြီး မချီးမြှောက်သင့်သူအား ချီးမြှောက်ခြင်း၊ ချီးမြှောက်သင့်သူအား နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခြင်း၊ တိုင်းပြည်၊ မြို့ရွာများအား ဖျက်ဆီးသူများမှာ ဤတာပနငရဲသို့လားရောက်ကြရသည်။

(၇) မဟာတာပနငရဲခေါ် အမှတ် (၇) ငရဲစခန်း

တာပနငရဲဟူသည်ကားအလွန်ပူပန်၊ ပူလောင်စေတတ်သောကြောင့် မဟာတာပနငရဲဟု ခေါ်ဆိုသည်။

ဤငရဲဘုံတွင် လူဘဝတုန်းက လင်ယောကျ်ားအား မရိုမသေစော်ကားသူများ၊ ဆိတ်ကွယ်ရာအရပ်တွင် ဖောက်ပြန်သော မိန်းမများ ဤငရဲဘုံသို့ လားရောက်ကြရသည်။

(၈) မဟာအဝီစိငရဲဟုခေါ်သော အမှတ် (၈) ငရဲစခန်း

ဤငရဲဘုံသည် လူပြည်နှင့် အဝေးကွာဆုံးသောအရပ်၌ တည်ရှိ၍ ချမ်းသာမှုဆိတ်သုဉ်းသော နေရာလည်း ဖြစ်သည်။ ကြီးမားသော ဆင်းရဲခြင်းများ၊ အကြားအလပ်မရှိခြင်းကြောင့် မဟာအဝီစိငရဲဟု ခေါ်တွင်၏။

ဘုရားရှင်အား သတ်ဖြတ်သူ၊ သတ်ဖြတ်ရန် ကြိုးပမ်းအားထုတ်သူများ၊ သံဃာသင်းခွဲသူများ၊ ပြစ်မှားလိုသောစိတ်ဖြင့် ဗောဓိပင်အား ဖျက်ဆီးသူများ ကျရောက်သော ငရဲဘုံဌာနဖြစ်သည်။

(၈) ခုသော ငရဲဘုံဌာနများသည် လောကကြီးထဲ၌ အမှန်တကယ် တည်ရှိနေကြောင်း မြတ်စွာဘုရားရှင် အတိအလင်းပြဆိုတော်မူခဲ့ပြီး ဖြစ်ပါသည်။ လူ့ဘဝကို ဧည့်သည်အဖြစ် လာရောက်ခွင့်ရသော လူတိုင်းသည် အသိနှင့်သတိ ကပ်လျက် ငရဲသို့ ရောက်စေတတ်သော ကံများကို ရှောင်ရှားလျက် ကောင်းမှုသုစရိုက်များကို မွေးမြူကျင့်ကြံသွားကြရမည် ဖြစ်လေသည်။

ငရဲဟူသည် ဆင်းရဲသော ဘုံဌာန၊ နှိပ်စက်ညှဉ်းပန်းခံရသော နေရာတစ်ခုအဖြစ်သာကျမ်းဂန်များမှ တစ်ဆင့် သိခွင့်ရခဲ့ကြပါသည်။

www.burmeseclassic.com

ထိုအဆင့်ထက် ပို၍တိတိပပ မသိနိုင်ပေ။ ယခုတင်ပြမည့် မောင်ကျော့မောင်၏ ဇာတ်လမ်းမှာ ငရဲပြည် ငရဲရွာတစ်ခုနှင့် ဆက်စပ်ပတ်သက်၍နေပါသည်။

မောင်ကျော့မောင်သည် လူဖျိုကြီးဘဝဖြင့် မိဘများကို မိမိတတ်ကျွမ်းသော သမ္မာအာဇီဝအလုပ်ဖြင့် လုပ်ကိုင်ရှာကျွေးနေသော လူငယ်တစ်ဦး ဖြစ်သည်။ မိမိလုပ်ကိုင်ရရှိသော အမြတ်အစွန်းဖြင့် နှစ်စဉ် မိဘများကို ဘုရားဖူးပို့ဆောင်ပေးခြင်း၊ ပူဇော်ကန်တော့ခြင်း၊ တရားပွဲများ ကျင်းပပေးခြင်းတို့ဖြင့် ကျေးဇူးဆပ်သည်။ ဘဝကို ရုန်းကန်ရင်းအချိန်ရှိသရွေ့ နေပူမရှောင် မိုးရွာမရှောင်ဘဲ စီးပွားရှာ လုပ်ကိုင်ခဲ့ရသောကြောင့် မောင်ကျော့မောင် တစ်ယောက် ကျန်းမာရေး အားနည်းစပြုလာခဲ့သည်။

သူ၏ ကျန်းမာရေးမှာ ရောဂါမည်မည်ရရ မတွေ့ရသော်လည်း မစားချင်၊ မသောက်ချင် ဖြစ်ရာမှ စခဲ့သည်။ အလုပ်ကလည်း သူမရှိမဖြစ် လုပ်ရသော အလုပ်များဖြစ်ခြင်း၊ တပည့်များနှင့် လွဲအပ်၍ မရခြင်းတို့ကြောင့် တစ်စတစ်စ ရောဂါမှာ တိုးလာတော့သည်။

နောက်ဆုံးတွင် ဆေးရုံသို့တင်ရသော အခြေအနေသို့ ရောက်သွားသည်။ ဆေးရုံတက်ချိန်တွင် အစားလည်း မဝင်တော့သဖြင့် အလုပ်ဒဏ်များပိပြီး ပုံလျက်သားကျတော့သည်။ ဆေးရုံတွင် ဆရာဝန်များက စမ်းသပ်ပြီး အားဆေးများချိတ်၍ အခြေအနေကို စောင့်ကြည့်ကြသည်။

ဆေးရုံတက်ပြီး (၃) ရက်ခန့် ကြာသောအခါ သတိမေ့မြောသွားပြီးနောက် မောင်ကျော့မောင်အား ခေါ်မရတော့ပါချေ။ သို့ရာတွင် အသက်ပုံမှန်ရှူပြီး၊ အခြေအနေမှာ ဆိုးဆိုးဝါးဝါးအဆင့် မရောက်သေးချေ။ မောင်ကျော့မောင်၏ မိဘ ဆွေမျိုးများမှာ စိတ်မကောင်းရုံမှလွဲ၍ မည်သို့မျှ မတွေးနိုင်တော့ချေ။ ဤမျှ အထိအောင် ဖြစ်လိမ့်မည်ဟုလည်း မျှော်လင့်မထားခဲ့ကြပေ။

သခီရ လောကကြီးထဲတွင် နေကြရသူအပေါင်းအား မည်သူသည် မည်သည့်အချိန်တွင် မည်သို့ဖြစ်မည်ကို မည်သူမျှ အာမခံချက်ပေးမည် မဟုတ်ချေ။

မောင်ကျော့မောင်သည် အမှောင်ထုကြီးစိုးသော လဟာပြင်တစ်ခုထဲသို့ရောက်ရှိနေသည်။နေရာကို သူအတိအကျမသိရသေး။ သတိပြုမိတာ တစ်ခုက အသံဗလံတွေကို ကြားနေရခြင်း ဖြစ်သည်။ တစ်စ တစ်စ ထိုအသံတွေက နီးကပ်လာသည်။

"ဟေ့- ကျော့မောင်ကို ရှာကြစမ်း၊ သူ့အမည်က ကျော့မောင်တဲ့ဟေ့၊ ကြားလား"

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်တို့ ကြားပါတယ်၊ ရှာနေပါတယ်"

"ဟင်- ငါ့ကို သူတို့ ရှာနေကြပါလား၊ ဘယ်သူတွေပါလိမ့်၊ ငါ့ကို ဘာကိစ္စ ရှာနေကြတာလဲ"

သူတွေးနေစဉ်မှာပင်-

"ဟေ့- ဒီဘက်ကို လာကြကွာ၊ ဟိုမှာ ကျော့မောင်ကို မြင်နေရပြီ၊ လာကြဟေ့၊ လာကြ"

"ဟုတ်ကဲ့ပါဆရာ၊ လာပါပြီ"

ခြေသံတွေက တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ ဆူလိုညံလို့ ဒီလိုနဲ့ သူတို့ အနားရောက်လာကြလေပြီ။

"ဟာ- ဟင်- အမယ်လေးဗျ၊ ဘုရားရေ၊ ကယ်ပါဦး ဘုဇ္ဈေါ ဘုဇ္ဈေါ"

ကျော့မောင်တစ်ယောက် လန့်၍ အော်လိုက်မိသည်။ သူကြောက်မည်ဆိုရင်လည်း ကြောက်စရာပါပေ။ သူ့အနားကိုရောက်လာကြတဲ့သူတွေက လူတွေမှမဟုတ်ဘဲ၊ အရိုးစုကြီးတွေ ဖြစ်နေခြင်းပင်။ ထိုအရိုးစုကြီးတွေက စကားပြောနေကြသည်။ သူ့အကြောင်း၊ သူ့ကို လာခေါ်တဲ့ကိစ္စတဲ့။

မျက်တွင်းမရှိ၊ လက်တလည်း သံကွင်းလိုလို အရောင်လက်လက်တွေနှင့်။ ခေါင်းဆောင်လိုလို အရိုးစုကြီးက သံချွန်ကြီးတစ်ခုကိုကိုင်ထားပြီး မိမိအား ခေါ်ဆောင်သွားရန် သူ့လူတွေကို အမိန့်ပေးသလို ပြောနေသည်။

"ဟေ့ကောင်၊ မင်း တို့မေးတာ မှန်မှန်ဖြေ၊ မင်းအမည် ကျော့မောင်၊ အဲဒါ ဟုတ်သလား"

"ဟုတ် ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ကျော့မောင်အစစ်ပါဗျာ"

"အေး၊ ဒါဆို တို့နဲ့ မင်း လိုက်ခဲ့ရမယ်၊ ဒါပဲ"

"ဟင်- ကျွန်တော် မလိုက်ရဲဘူးဗျာ၊ ဘယ်ကိုသွားမှာလဲဗျာ"

"ဟေ့- မင်း လျှာမရှည်နဲ့၊ တို့နဲ့လိုက်ခဲ့၊ ဒါပဲ"

ခေါင်းဆောင်ကြီးက မျက်ရိပ်ပြလိုက်သည်။ အရိုးစုကြီး နှစ်ယောက်က သူတို့၏အေးစက်နေသော လက်

www.burmeseclassic.com

www.burmeseclassic.com

ကြီးများဖြင့် ထိလိုက်ချိန်တွင် ဘာမှ ကို မသိတော့။ သူတို့ခေါ်ဆောင်ရာ သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားခဲ့ရတော့သည်။

လိုက်ပါသွားရသည်မှာ လေယာဉ်ပျံစီးရသလို ရိပ်ခနဲ ရိပ်ခနဲဖြင့် ပတ်ဝန်းကျင်တွင် တောတောင်တွေလိုလို၊ တစ်ခါတစ်ရံ မီးတောင်လိုလို၊ တစ်ခါတစ်ရံ ရွှံ့နွံတောနေရာများလိုလို စွေ့မြင်ရသည်။ လူ့ဘဝက အဆောက်အအုံတွေ၊ လူတွေကိုတော့ လုံးဝ မတွေ့ရတော့ချေ။ သူတို့ ဦးတည်သွားနေတာက ဘယ်ကိုလဲ၊ ဤသို့ဖြင့် သွားနေတဲ့အရှိန် နှေးသွားသလိုမျိုး ခံစားလိုက်ရသည်။

ဤသို့ဖြင့် နှန်းတော်လိုလို အဆောက်အအုံကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။ ခန်းမကြီးတစ်ခုသို့ ဆက်လက်ခေါ်ဆောင်သွားကြသည်။ စားပွဲကြီးတစ်လုံးနှင့် ခုံညားသော ပရိသတ်လိုလို ထိုင်ခုံကြီးတစ်ခုပေါ်တွင် လူကြီးတစ်ဦး အခန့်သား ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ကျွန်တော်တို့အားလုံးရောက်ပါပြီ၊ ကျော့မောင်ကိုလည်းကျွန်တော်တို့ ခေါ်လာခဲ့ပါပြီ၊ ဒီမှာ သူနဲ့ ပတ်သက်တဲ့ အချက်အလက်စွေ့ကို ယူဆောင်လာခဲ့ပါတယ်"

ဟုဆိုကာ သတ္တုဘူးအနက် ရောင်လေးကို အကြီးအကဲဆိုသော ပုဂ္ဂိုလ်ကြီးအား ပေးအပ်လိုက်လေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ နောက်ကျမှ ယမမင်းကြီးမှန်း သိရှိခဲ့ရသည်။

အကြီးအကဲ ပုဂ္ဂိုလ်ကြီးမှာ ဘူးလေးကို သေချာစွာ စိုက်ကြည့်နေလေသည်။

အချိန်အတန်ကြာသောအခါ မှ သြဇာသံပါသော အသံနက်ကြီးဖြင့် -

"မင်းတို့ကိုခေါ်ခိုင်းတာ သူမဟုတ်ဘူးကွ၊ လူမှားနေတယ်၊ သူ့ကို ပြန်ပို့ပေးလိုက်ပါ၊ ငါ့ခေါ်ခိုင်းတာ သူနဲ့ နှစ်လမ်းကျော်မှာနေတဲ့ အရက်သမား ကျော့မောင်ကို ပြောတာကွ၊ သူ့ကို ဒီမှာ ကြာကြာထားလို့မဖြစ်ဘူး၊ အမြန်ဆုံး ပြန်ပို့ပေးလိုက်ကြပေတော့"

အရိုးစုကြီး နှစ်ယောက်က သူ့ကို ဆွဲမပြီး အရင်လို ချိုင်းကမ်းပြီး ခေါ်မသွားတော့ချေ။ တစ်ခါတည်း ဝိုင်းမြောက်ပြီး သူ့ကို တွန်းပို့လိုက်ကြတော့သည်။

"ကဲ- တစ်ခါတည်း တန်းပြန်ပေတော့ဟေ့"

"ရေ. . . ရေ. . . ရေပေးပါ၊ ရေပေးပါ"

"ဟင်. . . သား. . . သားလေး သတိရလာပြီ၊ ဆရာမတွေ အမြန်သွားခေါ်ကြဟေ့"

မောင်ကျော့မောင်သည် (၅) ရက်ခန့် မေ့မြောသွားပြီးနောက် သတိပြန်ရလာသဖြင့် ဆရာဝန်နှင့် သူနာပြုများ အံ့သြပြီး ဝိုင်းအုံလာကြသည်။

သူ့အား စမ်းသပ်ကြည့်သော အခါ အားလုံးအကောင်းပကတိ ပြန်ဖြစ်သွားပြီဖြစ်ကြောင်း ဆရာဝန်က မှတ်ချက်ပေးသည်။ အရာရာသည် အားလုံးပုံမှန်ဖြစ်ခဲ့ပြီမို့ နောက်နေ့တွင် ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။

အိမ်တွင်ဆက်ပြီး သူအနားယူနေခဲ့သည်။ ဆေးရုံမှဆင်းပြီး နှစ်ရက်အကြာ နှစ်လမ်းကျော်မှ အရက်သမား ကျော့မောင် ရုတ်တရက် ဆုံးသွားကြောင်း ကြားသိလိုက်ရသည်။

ဆေးရုံတက်စဉ် သူ တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံက လူသာမန်တို့မယုံနိုင်စရာများပင်ဖြစ်၍ မည်သူ့ကိုမျှ မပြောခဲ့ချေ။ ဤဖြစ်ရပ်ကြောင့် သူ့အနေဖြင့် ကုသိုလ်ကောင်းမှုများကို ပိုမိုလုပ်ဆောင်ခဲ့သည်။

ကိုကျော့မောင်၏ဖြစ်ရပ်မှာ ယခုခေတ်တွင် အကုသိုလ် ဒုစရိုက်လုပ်ငန်းများကို ကျူးလွန်နေသူများအနေဖြင့် ကြိုတင် အသိဝင်ကြပြီး နောက်ဆက်၍ အမှားများ မကျူးလွန်ဖြစ်အောင် စောင့်ထိန်းသွားနိုင်မည်ဆိုပါက စာရေးသူလည်း ရေးရကျိုး နပ်ပါသည်။

ထိုနည်းအတူ စာဖတ်သူနှင့် ထုတ်ဝေသူများလည်း အတိုင်းမသိ ကုသိုလ်များကြရပါမည်။ သို့ဖြစ်ရာ လူ့ဘုံ လူ့လောက နယ်အတွင်း စာရင်းစာရွက်နှင့် လိုက်လံရှာဖွေနေကြသော အရိုးစု တစ်သိုက်၏ ရှာဖွေခံရခြင်း စာရင်းမှ ထာဝရကင်းဝေးနိုင်ကြပါစေဟု ဆုတောင်းလိုက်မိပါသည်။

ကိုသက်(ဒီးကုန်း)

မှတ်ချက် - ကာယကံရှင်၏ ဆန္ဒအရ မူရင်းအမည်များအား ပြောင်းလဲ၍ ခံစားရေးဖွဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ထိုက်သဇင်

ချစ်ခြင်းမြင့်ဘတ်ခဲ့သူ

ဒီနေ့ဆို ချောမောင် ရွာကို ပြန်ရောက်တာ တစ်ပတ် ပြည့်ပြီ။ တစ်ကိုယ်လုံး မိုးတွေစိုရွှဲပြီး ညဘက် အချိန်မတော် ပြန်ရောက်လာတဲ့ အချိန်ကစပြီး အခန်းထဲကနေ ဘယ်မှမသွား၊ ဘယ်သူမှလည်း စကား မပြောတော့ ဦးကျော်မောင် သံသ ဖြစ်သူကို ကြိုည့်ပြီး ထူးဆန်းနေသည်။

ထမင်းစားလည်း ကျွေးမှစား ပြီး ဘာမေးမေး မပြောဘဲ အမြဲထပ် တလဲလဲပြောတဲ့ စကားကတော့ "တိတ် တိတ်နေ၊ ဘယ်သူမှမသိစေနဲ့" တဲ့ လေ။

ဘာအကြောင်းလဲ ဆိုတာ မသိပေမယ့် အဖေလည်း မခေါ်၊ အမေလည်း မခေါ်၊ လူတိုင်းကို ကြောင်တောင်တောင် ကြည့်နေတဲ့

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

အမူအရာက အရူးတစ်ယောက်လို ဖြစ်နေသည်။

ရွာက လူတွေကလည်း တစ်ယောက်ပြီး တစ်ယောက် လာကြည့်ကြ၊ မေးခွန်းပေါင်းစုံမေးကြလွန်းလို့ ဦးကျော်မောင် ဆရာဝန်ပင့်ပြီး ကုသခိုင်းပေမယ့်လည်း ထူးခြားမလာ။

စိတ်ထိခိုက်တဲ့ အကြောင်းတစ်ခုခုကြောင့် စိတ်လွတ်သွားတာလို့ ပြောပေမယ့် ချောမောင် အခင်ဆုံး သူငယ်ချင်းသက်မာအကြောင်း တွေးမေးရင်တော့ ဟိုကြည့် ဒီကြည့်နဲ့ အခန်းထောင့်မှာ ကပ်ပြီး ပုန်းနေတတ်သည်။

ချောမောင်အဖြစ်ကို ကြည့်ပြီး သုံးရက်တစ်ခါလောက် ဖုန်းဆက်တတ်တဲ့ သက်မာ ဟန်းဖုန်းဆက်တော့လည်း စက်ပိတ်ထားပါသည်ဆိုတဲ့ အဖြေကြောင့် ဒေါ်မြနှစ် စိတ်ပူသွားသည်။

"ဒီပုံအတိုင်းဆို ငါမြို့တက်ပြီး သက်မာကို မေးမှ ဖြစ်တော့မယ်၊ ဒီကောင် ကျောင်းမှာ တစ်ခုခု ဖြစ်လာပုံရတယ်"

"ကျော်မောင်၊ ငါလည်းလိုက်ချင်တယ်၊ သမီးဖုန်းကလည်း လိုင်းမကောင်းတာလား၊ ဘတ္ထရီကုန်တာလား မသိဘူး၊ ဆက်လို့ မရဖြစ်နေတာ"

ပထမဦးဆုံး ချောမောင်၏ အဆောင်ကိုသွားပြီး သူငယ်ချင်းတွေကို မေးကြည့်သည်။

လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က ညဘက် အပြင်ထွက်သွားတာကလွဲပြီး ဘယ်သူမှ သေချာမသိ၊ တခြားလူမသိတောင် သက်မာတော့ သိမယ်အထင်နဲ့ သက်မာ အဆောင်ဘက်ထွက်လာကြပြန်သည်။

"သက်မာ ပြီးခဲ့တဲ့ တစ်ပတ် ကတည်းက ညဘက် အရေးကြီးလို့ ဆိုပြီး ရွာပြန်သွားတာ မဟုတ်ဘူးလား"

ဒီစကား ကြားလိုက်ကတည်းက ဒေါ်မြနှစ် မြေပေါ်လူးပြီး ငိုတော့သည်။ အဆောင်မှာလည်း မရှိ၊ ရွာကိုလည်း ပြန်မလာ၊ ဘယ်ရောက်လို့ ဘာဖြစ်နေမှန်းမသိတဲ့ သက်မာကို ရဲစခန်းမှာ လူပျောက်စာရင်းတိုင်ရတော့သည်။

သူငယ်ချင်းနှစ်ယောက် တစ်ယောက်က ရူး၊ တစ်ယောက်က ပျောက်နဲ့ ဖြစ်နေတဲ့ အဖြစ်မှန်ကို ပြောပြမယ့်သူ တစ်ယောက်မှ မရှိ။ ရူးနေပေမယ့် အသက်ရှင်လျက် မြင်နေရတဲ့ ချောမောင်သာ ပြန်ကောင်းလာရင် သိနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ မြို့က စိတ်ကျန်းမာရေးဆေးရုံ တင်လိုက်ကြသည်။

ဒါပေမဲ့ - "တိတ်တိတ်နေ ဘယ်သူမှ မသိစေနဲ့" ဆိုတဲ့ စကားအပြင် "ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်" တဲ့။

ဘယ်သူ့ကို ဘာအကြောင်းကြောင့် တောင်းပန်နေမှန်းမသိပေမယ့် ကြားရတဲ့သူတွေကလည်း စိတ်မကောင်းဖြစ်မိသည်။

❂

ဒီရွာလေးကို ပြောင်းလာကတည်းက သက်မာ ပျော်ခဲ့သည်။ အမေ့ရဲ့ ငယ်သူငယ်ချင်းဖြစ်တဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်မောင်ကလည်း အစစအရာရာ ကူညီပေးသည်။

သူငယ်ချင်း မရှိတဲ့ သက်မာ အတွက် ရွာက မူလတန်းစတက်တဲ့ အချိန်မှာ အသားကမည်း၊ သွားကလည်းခေါ်၊ အရပ်ရှည်ရှည်၊ မျက်နှာမှာ မွေးရာပါ အမှတ်ကြီးကလည်း ရှိတဲ့ ချောမောင်နဲ့ စတွေ့တုန်းက သက်မာ မေ့လဲမတတ် လန့်သွားခဲ့သည်။

ဒါပေမဲ့ မိဘချင်း ရင်းနှီးမှုကလည်းရှိ၊ သက်မာ အပေါ်မှာ အမြဲဂရုစိုက် အနွံတာခံပြီး ပြောသမျှကို ပြုံးပြီး ခေါင်းငုံ့နေတတ်တဲ့ ချောမောင်က အခင်ဆုံးသူငယ်ချင်း ဖြစ်လာသည်။

ရွာမှာ အလယ်တန်းကျောင်းအောင်လို့ မြို့မှာ ကျောင်းတက်တော့လည်း ချောမောင် ဆိုင်ကယ်နောက်လိုက်စီးပြီး ကျောင်းတက်ခဲ့သည်။ ဥက္ကဋ္ဌသား ဖြစ်တဲ့အပြင် ငွေကြေးချမ်းသာတဲ့ တစ်ဦးတည်းသောသူဌေးသား ဖြစ်တော့လည်း ကွယ်ရာသာသရဲလို့ ကဲ့ရဲ့ပေမယ့် ရှေ့မှာတော့ ချောမောင်ဆို နှစ်ခွန်း ပြောစရာမလိုပါ။

သက်မာ ဘာလိုချင်လဲ၊ ဘာစားချင်လဲ လိုတာကို ရအောင်လုပ်ပေးတတ်တဲ့ ချောမောင်ကို ချစ်စားနေသလို ပြောချင်ကြတာလည်း မကြားချင်ယောင်ဆောင်ခဲ့သည်။

ရုပ်ရည်တွေ၊ ငွေကြေးတွေထက် စိတ်ရင်းအမှန်ကို တန်ဖိုးထားတဲ့ သက်မာကြောင့် ချောမောင် ဘဝ ပျော်ရွှင်မှုတွေ ပြည့်ခဲ့တာ ချောမောင်သာ အသိဆုံးပါ။ မိဘတွေကလွဲရင် ရွာမှာ အချောအလှစာရင်းဝင် သက်မာနွယ်က သူ့အပေါ် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

ဂရုစိုက်ကြောင်း၊ အလေးထားကြောင်းတွေကို ကာလသားတွေရှေ့မှာ ဂုဏ်ယူစွာနဲ့ ပြောပြတတ်သည်။

တဖြည်းဖြည်းနဲ့ လှလာတဲ့ သက်မာအနားကို ပိုးပန်းချင်ကြတဲ့ ရွာသားတွေရော အနီးအနားက ကာလသားတွေပါ ချောမောင်ကြောင့် နောက်ဆုတ်နေကြရသည်။

ဆယ်တန်း အောင်စာရင်း ထွက်တဲ့နေ့က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် ချောမောင်အနားမှာ ရှိရင် လုံခြုံတယ်လို့ထင်ခဲ့တဲ့ သက်မာစိတ်ထဲ ကြောက်စိတ်တွေ ဝင်လာခဲ့သည်။

"သက်မာ နင့်ကို ဟိုဘက်ရွာက တင်ဌေး စာလိုက်ပေးတာ ဘာဖြစ်လို့ ငါ့ကို မပြောတာလဲ၊ နင် ဒီကောင်ကို သဘောကျနေလို့လား"

"တကယ်လို့ ငါ သဘောကျတယ်ဆိုရင်ရော"

"တော်ပါ- နင် ဘာပြောလိုက်တယ်"

အမှတ်တမဲ့ ပြောလိုက်တဲ့ သက်မာစကားကြောင့် ချောမောင် မျက်နှာကြီး နီရဲသွားကာ ဘေးက ရေပုံးကို ဒေါသတကြီး ကန်ပစ်လိုက်သည်။

"ဒီမှာ ချောမောင်၊ နင် အထင်မှားနေမှာစိုးလို့ ကြိုပြောထားမယ်၊ နင်နဲ့ ငါ့ကြားမှာ သူငယ်ချင်းအဆင့်ပဲရှိတယ်၊ ငါ ဘယ်သူ့ကြိုက်ကြိုက် နင်နဲ့ ဘာမှမပတ်သက်ဘူး"

"အေး၊ ငါကလည်း နင့်ဘေးမှာ ချောမောင်ကလွဲရင် တခြားယောကျ်ားလေးဆိုစာ မရှိရဘူး၊ ငါမသိအောင် တခြားလူကို ကြိုက်လို့ကတော့ ငါ့အကြောင်း သိစေရမယ်မှတ်ထား"

အဲဒီနေ့က သက်မာနှင့် ချောမောင်တို့စကားများကြပြီး အဝေးသင် တက္ကသိုလ် သမနှစ် တက်သည်ထိ မခေါ်ကြပေမယ့် ဒုတိယနှစ်ကျောင်းပြီးလို့ ရွာပြန်လာချိန်မှာ သူတို့နှစ်ယောက် မဖြစ်မနေ မျက်နှာချင်းဆိုင်ရသည့်ကိစ္စ ပေါ်လာသည်။

ဒါကတော့ ဦးကျော်မောင်နဲ့ ဒေါ်မြနှစ်တို့ စီစဉ်ထားတဲ့ ချောမောင်နှင့် သက်မာတို့ မင်္ဂလာကိစ္စကို သက်မာ ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

"အမေတို့ စီစဉ်တဲ့ ကိစ္စကို သမီး လက်မခံနိုင်ဘူး၊ သမီးမှာ ချစ်သူရှိတယ်၊ လာမယ့်နှစ် ကျောင်းပြီးရင် လူကြီးစုံရာနဲ့ သူ လာတောင်းလိမ့်မယ်"

ရုတ်တရက် ပြောလိုက်တဲ့ သက်မာ စကားကြောင့် လူကြီးတွေ အံ့သြကြသလို ထိတ်လန့် အံ့သြပြီး ကြောင်တောင်တောင် ဖြစ်သွားတာကတော့ ချောမောင်ပါ။

ခန့်ညားနဲ့ ချစ်သူဖြစ်စာ ချောမောင်ကို မသိစေချင်ပေမယ့် ခုလိုကိစ္စတွေ မရှုပ်ခင် ဖွင့်ပြောလိုက်ရသည်။ ဒေါ်မြနှစ်ကတော့ တစ်ဦးတည်းသော သမီးသက်မာ စိတ်ချမ်းသာစေချင်တဲ့အတွက် ဘာမှ မပြောသလို ဦးကျော်မောင်ကလည်း ချောမောင်ကိုသာ ဖြေသိမ့်ရင်း ခင်မင်မှု မပျက်ဖို့ ပြောခဲ့သည်။

ရွာကလူတွေကလည်း ဒီလို ဖြစ်မယ်သိသားပဲဆိုတဲ့ အမူအရာတွေ၊ ကွယ်ရာမှာ အတင်းပြောလှောင်ပြောင်တာတွေကြောင့် ချောမောင် ရွာကို ပြန်မလာတော့ဘဲ မြို့မှာသာ အနေများသည်။

ဒါပေမဲ့ တတိယနှစ်ကျောင်းတွေပြန်မတက်ခင် ချောမောင် သက်မာကို တောင်းပန်ခဲ့သည်။

"သက်မာ၊ ငါ နင့်ကို တောင်းပန်ပါတယ်၊ ငါတို့ အရင်လို ပြန်ခင်ကြရအောင်နော်၊ နင့်အပေါ်ထားတဲ့ ငါ့စိတ်တွေ ငါ ထိန်းလိုက်နိုင်ပါပြီ"

✿

"အမေ အမေ၊ တံခါးဖွင့်ပါဦး"

မိုးသံတွေ ဆူညံနေပေမယ့် ဒေါ်မြနှစ် သဲသဲကွဲကွဲ ကြားလိုက်ရတဲ့အသံက သမီးလေးသက်မာ ဆိုတာ သေချာသိလိုက်တာကြောင့် အိမ်တံခါးကို အမြန်ပြေးဖွင့်လိုက်သည်။

"ဟင်- သမီး သမီးပြန်လာပြီ၊ ငါ့သမီးလေး ပြန်လာပြီ"

"အမေ၊ သမီးကို ကယ်ပါဦး၊ သမီးအရမ်းကြောက်တယ်၊ ဒီမှာက မှောင်မည်းပြီး ဘယ်သူမှလဲ မရှိဘူး၊ သမီးကို လာခေါ်ပါနော်"

"သမီး သမီး သက်မာ"

ပြောလည်းပြော ပြေးလည်းပြေးထွက်သွားတဲ့ သမီးဖြစ်သူနောက်လိုက်ရင်း ဒေါ်မြနှစ် ရှိသမျှအားကုန်သုံး အော်ခေါ်လိုက်သည်။

"မမြ၊ သတိထားလေ တစ်ကိုယ်လုံးလည်း ကိုယ်တွေပူနေတာပဲ"

"ကျွန်မ သမီးလေးကို တွေ့လိုက်တယ်၊ လိုက်ခေါ်ပေးကြပါဦး၊

www.burmeseclassic.com

www.burmeseclassic.com

ခြံထဲ မဝင်ဘဲ ပြေးထွက်သွားတာ၊ ခေါ်ကြပါဦး"

"မြနှစ်၊ နင် သတိထားလေ၊ ခြံရှေ့မှာ မီးတွေ ထွန်းထားတာ၊ ဘယ်သူမှ မရှိဘူး၊ ဖျားတွေတက်ပြီး သက်မာကို အိပ်မက် မက်နေတာဖြစ်မယ်"

ဦးကျော်မောင် သူငယ်ချင်းဖြစ်သူ မြနှစ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။ ဒီကောင်မလေး သက်မာ ဘယ်တွေများ သွားနေတာလဲ။ သူငယ်ချင်းရဲ့ သမီးဆိုပေမယ့် ငယ်ကတည်းက စောင့်ရှောက်လာတာကြောင့် သမီးမရှိတဲ့ ဦးကျော်မောင်အတွက် သက်မာက သမီးနဲ့မခြား ချစ်သည်။

အရွယ်ရောက်တော့ သားဖြစ်သူ ချောမောင်ကလည်း လူငယ်သဘာဝ သက်မာအပေါ်မှာ စိတ်အပြောင်းအလဲလေး ပြလာတော့ တစ်ဦးတည်းသော သားအတွက် ဘာမဆို လုပ်ပေးချင်တဲ့အတွက် မြနှစ်နဲ့ လူကြီးချင်း မင်္ဂလာကိစ္စ စီစဉ်ပေးမိသည်။

အဲဒါကြောင့် သက်မာ ရွာပြန်မလာ၊ အဆောင်မှာလည်း မရှိဆိုတော့ သူချစ်သူ ကောင်လေးနဲ့များ ခိုးရာလိုက်သွားကြသလား။

အမျိုးမျိုး အတွေးမပေါက်တော့ နောက်ဆုံး သက်မာချစ်သူ ခန့်ညားဆိုတဲ့ ကောင်လေးကို လိုက်ရှာပြီး စုံစမ်းရတော့မည်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

အိမ်ရှေ့က ခေါ်သံကြောင့် ဦးကျော်မောင် အမြန်ထွက်လာခဲ့သည်။

ရဲစခန်းက တစ်ခုခု ထူးခြားလို့ များလာ သတင်းပေးသလား။

"ဒီအိမ်က သက်မာနွယ်တို့ အိမ်လား ခင်ဗျာ"

အရပ်ရှည်ရှည် အသားဖြူဖြူနဲ့ ကောင်လေးကို ဦးကျော်မောင် သေချာ အကဲခတ်ကြည့်လိုက်သည်။ ဒါ ရဲစခန်းက မဖြစ်နိုင်ဘူး။ သက်မာချစ်သူ ခန့်ညားဆိုတဲ့ ကောင်လေးများလား။

"မင်းက ခန့်ညား ဆိုတာများလား"

"ဟုတ်ကဲ့ ကျွန်တော့်ကို ဦးသိတယ်လား၊ ဟို သက်မာ အိမ်မှာများ ရှိလားလို့ပါ"

အပြင်က ပြောနေတဲ့ အသံတွေကြောင့် ဒေါ်မြနှစ် အပြေးထွက်လာခဲ့သည်။

သူမရဲ့ တစ်ဦးတည်းသော သမီးအတွက် မျှော်လင့်ချက် ဆုံးရှုံးသွားပြီလား။ ချစ်သူ ခန့်ညားနဲ့ မခွဲနိုင်လို့ ခိုးရာလိုက်သွားသလားလို့ တွေးရင်း ဖြေသိမ့်ခဲ့တာ ခုတော့။

"ကလေး၊ မင်းနဲ့အတူ သက်မာရှိတယ်ဟုတ်လား၊ သူ့ကို ဆူမှာစိုးလို့ မလိုက်လာတာလား၊ ဘယ်မှာလဲ အခေါ်သမီးလေး ဘာကိစ္စတွေပဲ ဖြစ်ဖြစ် ခွင့်လွှတ်ပါတယ်လို့ ပြောပေးနော်၊ သမီးကိုသာ ခေါ်လာခဲ့ပါကွယ်"

"ဗျာ. . . ဟို"

ပြောလည်းပြော ငိုလည်းငိုနေတဲ့ သက်မာ့အမေရဲ့ ပြောစကားတွေကို ခန့်ညား နားမလည်သလို ကြည့်ရင်း သက်မာအတွက် စိတ်ပူသွားမိသည်။

သူ သတင်းကြားထားသလို သက်မာ ရွာပြန်သွားတာ မဟုတ်ဘူးလား၊ သက်မာအမေကရော ဘာတွေ ပြောနေတာလဲ။

လူမရှိပေမယ့် အိမ်ပေါ်တက်တက်ချင်း ဧည့်ခန်းမှာ ချိတ်ထားတဲ့ သက်မာက မာတ်ပုံထဲကနေ သူ့ကို ပြုံးပြပြီး ကြိုနေသလို ထင်ရသည်။

"ဦးက ချောမောင် အဖေပါ၊ မင်း ချောမောင်ကို သိတယ်ဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် ချောမောင်နဲ့တစ်ဆောင်တည်းနေတာပါ"

ယောကျ်ားချင်းပင် အားကျလောက်တဲ့ ရုပ်ရည်နဲ့ စကားပြော ယဉ်ကျေးတဲ့ ဒီလိုကောင်လေးကို သားလေး ချောမောင် ဘယ်ယှဉ်နိုင်ပါ့မလဲ။ သက်မာ ဒီကလေးကို ရွေးတာ အပြစ်တော့ မဆိုသာပါဘူးလေ။

"မင်း သက်မာနဲ့ ဘယ်အချိန် နောက်ဆုံးတွေ့လိုက်တာလဲ"

"ကျွန်တော်တို့ မြို့မပြန်ခင် ညကပါ၊ မနေ့က ပြန်ရောက်လို့ အဆောင်သွားတော့မှ ရွာပြန်သွားတာ တစ်ပတ်ကျော်ပြီဆိုလို့ ကျွန်တော် စိတ်ပူပြီး ခုလို လိုက်လာခဲ့တာပါ"

မျက်နှာချင်းဆိုင်ထိုင်ပြီး ပြောနေတဲ့ ချောမောင် အဖေ စကားတွေက ခန့်ညားနားထဲ ကြားတစ်ချက် မကြားတစ်ချက်။ ဘာကြောင့်လဲ၊ ဘယ်မှာ ရောက်နေတာလဲ ဆိုတာ သတင်းအစအနတောင်မရဘဲ သက်မာပျောက်နေတာ တစ်ပတ်ရှိပြီတဲ့။

"ခန့်ညား သက်မာစိတ်ထဲလေးနေတယ်၊ တစ်ခုခု ဖြစ်တော့

www.burmeseclassic.com

မယ်လို့လည်း ခံစားရတယ်၊ ပြီးတော့ အခုတစ်လော ချောမောင်ကိုလည်း ကြောက်တယ်၊ တစ်ခါ တစ်ခါ သူ့အကြည့်တွေက တစ်မျိုးပဲ၊ သူမရတဲ့ အရာကို သူကိုယ်တိုင် ဖျက်ဆီးပစ်မယ်လို့ ပြောတယ်ဟဲ့"

သူ မြို့မပြန်ခင် သက်မာပြောဖူးတဲ့ ကြောက်စရာ စကားတွေ အတိုင်းများ တကယ်ဖြစ်သွားတာလား၊ ဒါဆို တရားခံက...။

✿

မှောင်မည်းနေတဲ့ညမှာ မိုးကလည်း သည်းသည်းထန်ထန် ရွာနေသည်။ မပြန်ပါနဲ့လို့ သက်မာအမေ တားသည့်ကြားက မြို့ကဆေးရုံမှာ ရောက်နေတဲ့ ချောမောင်ကို တွေ့ဖို့ ခန့်ညား ဆိုင်ကယ်ကို အမြန်မောင်းလာခဲ့သည်။

ဆိုင်ကယ်မီးရောင်ကလွဲရင် အားလုံးအမှောင်အတိကျနေပေမယ့် ခပ်လှမ်းလှမ်းမှာ မိန်းကလေးလား၊ ယောကျ်ားလေးလားဆိုတာ မခွဲခြားတတ်ပေမယ့် လူတစ်ယောက်ရပ်နေတာကိုတော့ သေချာမြင်ရသည်။

အနားရောက်လို့ သေချာကြည့်လိုက်တော့ သူ အံ့သြမှုနဲ့အတူ ဝမ်းသာသွားခဲ့သည်။

"သက်မာ၊ ဒီမှာ ဘာလုပ်နေတာလဲ၊ မိုးရေတွေ စိုရွှဲလို့၊ ဟင် - ခေါင်းမှာလည်း သွေးတွေနဲ့ပါလား"

တစ်ကိုယ်လုံး မိုးတွေစိုပြီး သူ့ကို သေချာကြည့်ရင်း မျက်ရည်တွေ ကျလာသော သက်မာ မျက်နှာမှာ ဝမ်းနည်းမှုတွေ ရှိနေသည်။

"ခန့်ညား ဘာမှ မဖြစ်ဘူးနော်၊ ဝမ်းသာလိုက်တာ၊ သက်မာ ဒီကို ရောက်နေတယ်၊ မြန်မြန်လာခေါ်ပါနော်"

စကားဆုံးတာနဲ့ ချုပ်တုတ်တွေ ကြားထဲ ဝင်ပြေးသွားတဲ့ သက်မာကို သူလိုက်ခေါ်ဖို့ ပြေးလိုက်ခဲ့သည်။ မီးလုံးသေးသေးလေးတွေ ထွန်းထားတဲ့ အိမ်သေးသေးလေးတွေကို ကြည့်ရင်း သက်မာ နာမည် အော်ခေါ်လိုက်သည်။

တစ်အိမ်ဆီမှ လူတစ်ယောက် ထွက်လာပြီး သူ့ကို အံ့သြသလိုကြည့်နေသည်။ ဘယ်သူတွေလဲ မသိပေမယ့် မျက်နှာတွေမှာတော့ ပူဆွေးမှုတွေ၊ ဝမ်းနည်းမှုတွေနဲ့အတူ စကားလည်း မပြောကြ။

ဟို ခပ်ဝေးဝေးက အိမ်အသစ်လေးထဲကနေ သက်မာထွက်လာပြီး သူ့ကို လှမ်းကြည့်နေတာကြောင့် သူခြေလှမ်းတွေ ရှေ့ဆက်ဖို့ ပြင်လိုက်စဉ် တစ်ယောက်ယောက်က လှမ်းဆွဲထားသလိုဆက်လျှောက်မရတော့။

"လွတ် လွတ် ကျွန်တော် သွားမယ်၊ သူ့ဆီသွားမယ်"

ခုတင်ပေါ်မှာ သတိရတစ်ချက် မရတစ်ချက်နှင့် အပြင်းဖျားပြီး ကယောင်ကတမ်း အော်ဟစ်နေတဲ့ ခန့်ညားကို ပြုစုရင်း ဒေါ်မြနှစ် တစ်ယောက် အရူးလိုအော်ငိုလိုက်သည်။

"အမယ်လေး သမီးရယ်၊ အဖြစ်ဆိုးလှချည်လား၊ သမီး ချစ်တဲ့ သူတွေ အားလုံးကို ထားခဲ့ပြီး ဘယ်ကိုမျှား ထွက်သွားတာလဲ၊ ငါ့သမီးကို သတ်တဲ့ တရားခံကို ရှာမယ်"

"စိတ်ချပါ မြနှစ်ရယ်၊ တရားခံကို ရဲကလည်း စုံစမ်းနေတာပဲ မကြာခင် သိရမှာပါ"

မျက်လုံး မှိတ်ထားပေမယ့် ကြားလိုက်ရတဲ့ စကားတွေက သက်မာ့ မရှိတော့ဘူးဆိုတာ ခန့်ညား သိလိုက်သည်။ ဒါဆို အိပ်မက်ထဲမှာတွေ့ခဲ့တာလား။

မယုံချင်ပေမယ့် ချောမောင်အဖေ စကားတွေကို လက်ခံရတော့မှာပါ။

သူ သက်မာ အိမ်ကပြန်တဲ့ညမှာ မိုးကြောင့် ရွာထိပ်က ဝါးရုံတောနားမှာ ဆိုင်ကယ်လဲရင်း သတိမေ့နေခဲ့သည်။

မနက်မိုးလင်းလို့ ယာထဲသွားထဲသူတွေ တွေ့တဲ့ချိန်မှာ အားလုံး အံ့သြသွားကြသည်။ သူ သတိမေ့နေခဲ့တဲ့ နေရာနဲ့ ခပ်လှမ်းလှမ်းမှာ ကောက်ရိုးတွေ ဝါးရွက်အမှိုက်တွေ အောက်မှာ သက်မဲ့နေတဲ့ သက်မာ အလောင်းကိုပါ ရှာတွေ့ခဲ့ကြသည်။

မိုးရေများကြောင့် သစ်ရွက်ခြောက်တွေက ရေနဲ့ ပါသွားပြီး အလောင်းပေါ်လာပေမယ့် သေတာ တစ်ပတ်ကျော်သွားလို့ ပျက်စီးနေတဲ့ အတွက် အိမ်ပြန်ခေါ်မရဘဲ ချက်ချင်း အမြန်သင်္ဂြိုဟ်လိုက်ရတာတဲ့။

ရွာထိပ်က အုတ်ဂူဖြူဖြူလေးနားကို လေးတွဲ့တဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာခဲ့သည်။ အုတ်ဂူပေါ်က စာလုံးတွေကို မနည်းကြိုးစားဖတ်ရင်း မျက်ရည်တွေက တားဆီးမရခဲ့။

'အဖြစ်အပျက်တွေက မြန်လွန်းတယ် နွယ်ရယ်၊ ကိုယ် ခုထိ လက်မခံချင်သေးဘူး၊ ကိုယ်တို့နှစ်ယောက် စိတ်ကူးနဲ့ တည်ဆောက်ထားတဲ့ အိပ်မက်တွေကို ဖျက်ဆီးခဲ့တဲ့ တရားခံဟာ သူမဟုတ်ပါစေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကွာ၊ တကယ်လို့များ ယုံကြည်မှုကို အလွဲသုံးစား လုပ်သွားတဲ့သူဆိုရင် ကိုယ်လုံးဝ ခွင့်မလွှတ်နိုင်ဘူး'

✿

"သွား သွား မလာခဲ့နဲ့၊ ငါ တောင်းပန်ပါတယ်ဟာ၊ ကြောက်တယ်၊ ကြောက်တယ်၊ ကယ်ကြပါဦး ကျွန်တော့်ကို လည်ပင်းညှစ်တော့မယ်၊ ငါ အမှန်ပြောမှာပါ။ အားလုံးကို ပြောပြမှာပါ။ ဟား ဟား ဟီး ဟီး"

ဆေးရုံရောက်ခါစထက် တစ်နေ့တခြား ပိုဆိုးလာတဲ့ ချောမောင်ကြောင့် ဦးကျော်မောင်နဲ့ ဒေါ်မြနှစ်တို့ မြို့တက်လာကြသည်။

သူထင်သလို မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ခန့်ညားပါ လိုက်လာခဲ့သည်။

"အဖေ ကယ်ပါဦး၊ ကျွန်တော့်ကို သူသတ်တော့မယ် ဟိုမှာလာနေပြီ၊ ဟား ဟား"

အဖေကို မြင်တဲ့ခိုန်မှာ ဘာမှသိပ်မထူးခြားပေမယ့် သက်မာ အမေ ဒေါ်မြနှစ်နဲ့ ခန့်ညားကို မြင်လိုက်တဲ့ အခိုန်မှာတော့ ချောမောင် သောင်းကျန်းတော့သည်။ ကြိုးတွေနဲ့ လက်တွေ ခြေတွေ တုပ်ထားတဲ့အထိ ရူးနေသော ချောမောင်ကို မြင်လိုက်ရတော့လည်း ခန့်ညား စိတ်မကောင်းဖြစ်မိသည်။

"သွေးလေ ဖောက်ပြန်ပြီး ရူးတာနဲ့ စိတ်မကောင်းစရာ အဖြစ်တစ်ခုခုကို ကိုယ့်စိတ်ကိုယ် ဖုံးကွယ်ဖို့ ကြိုးစားရင်း ရူးသွားတာက ပိုဆိုးတယ် ဦးကျော်မောင်၊ ဒါပေမဲ့ သူ့ကို အရင်က အကြောင်းတွေ ပြန်ပြောပြရင်တော့ လက်ခံသင့်တာ လက်ခံရင်း ပြန်ကောင်းရင်လည်း ကောင်းလာနိုင်ပါတယ်"

ဆရာဝန်၏ ပြောစကားများကြောင့် သက်မာဘာဖြစ်လို့ သေရတာလဲဆိုတာ သိနိုင်တဲ့သူက ချောမောင်အပြင် မရှိတာ သေချာသည်။

အဆောင်မှာ သူ မြို့ပြန်ပြီး နောက်တစ်နေ့ ချောမောင် ညဘက် အရက်တွေသောက်ပြီး တစ်ယောက်တည်း ထွက်သွားတယ်လို့ ပြောကြသည်။

စိတ်သဘောထားကောင်းပြီး ဘယ်သူနဲ့ ဖြစ်ဖြစ် အဆင်ပြေတဲ့ သက်မာကို ဘယ်သူများ သေစေရတာလဲဆိုတာ စုံစမ်းရခက်နေသည်။ အဓိကကတော့ ချောမောင်၊ ချောမောင်သာ ဒီကိစ္စကို အသိနိုင်ဆုံးဖြစ်မှာပါ။

ဒါကြောင့် အခိုန်အားတိုင်း ချောမောင်ဆီ ခန့်ညားသွားရင်း သက်မာအကြောင်းတွေ မာတ်ပုံတွေ ပြပြီး စကားတွေ ပြောပေးဖြစ်သည်။

တစ်ပတ်ကျော်ကျော်လောက် မိုးတွေအရမ်းရွာတဲ့အခိုန် ချောမောင် ထူးထူးဆန်းဆန်း စကားတွေပြောရင်း သက်မာကို သေအောင်လုပ်ခဲ့တဲ့ သတ်ခဲ့တဲ့ တရားခံဟာ သူဆိုပြီး အားလုံးကို ပြောပြဝန်ခံတော့သည်။

✿

တစ်ဆောင်တည်းနေတဲ့ ခန့်ညားနဲ့ သက်မာတို့ ချစ်သူဖြစ်နေကြတယ်ဆိုတဲ့ သတင်းကြားခါစက မယုံသလိုရှိပေမယ့် သက်မာကိုယ်တိုင်က မကြာခင် လက်ထပ်တော့မှာဆိုတဲ့ စကားက ချောမောင်ရင်ကို ဓားနဲ့ ထိုးသလို ခံစားရသည်။

ငယ်ကတည်းက အရိပ်လို ကြည့်လာတဲ့ ပန်းလေးကို သူများ ပိုင်ဆိုင်မှာ ဘယ်လိုမှ လက်မခံနိုင်။ ဒါပေမဲ့ သက်မာနဲ့ အရင်လို ပြန်ပြီး ရင်းနှီးနိုင်အောင် ကြိုးစားခဲ့သည်။

ကျောင်းတက်ခါစတည်းက ရုပ်ချောလွန်းလို့ ကြည့်မရခဲ့တဲ့ ခန့်ညားကိုလည်း ခင်အောင် ပေါင်းရင်း သက်မာ အဆောင်သွားတိုင်း ချောမောင်လိုက်ခဲ့သည်။

ဘယ်သွားသွား ချောမောင် ခန့်ညားနဲ့ သက်မာတို့ အတွဲအနား က မခွာတမ်းသွားလာနေတာကြောင့် ချောမောင် စိတ်ပြောင်းသွားတာကို နှစ်ယောက်လုံး ယုံကြည်ခဲ့ကြသည်။ ဒါကြောင့် တစ်ခါတလေ ချောမောင် ဆိုင်ကယ်နောက် သက်မာ လိုက်သွားတာကို ခန့်ညားအတွက် စိတ်ဆိုးစရာ သဝန်တိုစရာလို့ မမြင်ခဲ့။

ဒီလို ယုံကြည်မှုတွေရအောင်လည်း ကြိုးစားခဲ့တဲ့ ချောမောင် အတွက် သူ့အကြံ အောင်မြင်ဖို့ နောက်ဆုံးအဆင့်ကိုအကောင်အထည် ဖော်ဖို့သာ ကျန်တော့သည်။

စာမေးပွဲ မဖြေခင် တစ်ပတ် အလိုမှာတော့ ချောမောင်အတွက် အခွင့်အရေး ရှိလာခဲ့သည်။

အဲဒါကတော့ ခန့်ညားအမေ နေမကောင်းလို့ ညတွင်းချင်း မြို့ပြန်သွားရခြင်းပါ။ ဘာကိစ္စပဲရှိရှိ သူ့ဆီ ဖုန်းဆက်ဖို့နဲ့ သူမရှိတဲ့ခိုန် ဘယ်မှ မသွားဖို့ အဓိက ချောမောင်ခေါ်ရင် မလိုက်ဖို့ ခန့်ညား သေချာမှာခဲ့သည်။

ဒါပေမဲ့ နောက်တစ်နေ့ မိုးတွေ အရမ်းရွာနေခိုန် ည ရှစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com

လောက် ချောမောင် ရောက်လာခဲ့သည်။ မိုးမိထားတဲ့ ဒဏ်ကြောင့် မျက်လုံးတွေ ရဲနေတယ်လို့ သူငယ်ချင်း တစ်ယောက်က လာခေါ်ရင်း သက်မာကို သတိပေးလိုက်ပေမယ့် တကယ်တမ်းတော့ အရက်တွေ သောက်ထားခြင်းဖြစ်သည်။

"သက်မာ၊ နင် အခု ငါနဲ့ ဆေးရုံ အမြန်လိုက်ခဲ့မှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"ခန့်ညား ဆိုင်ကယ်နဲ့ ကားတိုက်ခံရလို့တဲ့ အရေးကြီးတယ်"

"ဟုတ်လို့လား၊ ခန့်ညားက သူလာရင် ငါ့ဆီ ဖုန်းဆက်မယ် ပြောထားတယ်"

အရက်နဲ့ တထောင်းထောင်းနဲ့ ပြောနေတဲ့ ချောမောင် စကားတွေကို မယုံချင်တာကြောင့် လက်ထဲက ဖုန်းထုတ်ဆက်လိုက်သည်။ စက်ပိတ်ထားတယ်လို့ အသံထွက်နေတဲ့ ခန့်ညား ဖုန်းသံကြောင့် သက်မာ ဘာမှ မစဉ်းစားတော့။

အဆောင်မှူးကိုတော့ ခန့်ညားတို့ မြို့ထဲ လိုက်သွားရမှာမို့ ရွာခဏာပြန်ဦးမယ်ပြောပြီး ချောမောင် နောက်လိုက်လာခဲ့သည်။

သက်မာ သူနဲ့လိုက်လာတာကို မြင်တဲ့သူ မရှိအောင် မီးရထားလမ်းဘက်က ပတ်မောင်းသည်။ တကယ်တမ်း မောင်းလာတာက သူတို့ရွာကို ပြန်တဲ့လမ်း ဖြစ်နေသည်။

ချောမောင် ဆိုင်ကယ်နောက်လိုက်လာတာ မှားသွားပြီလို့ သက်မာ သိလိုက်တဲ့အချိန် သိပ်နောက်ကျသွားသည်။

"ချောမောင် နင် ရွာကို ဘာလို့ မောင်းလာတာလဲ၊ ငါ့ကို အခု ပြန်ပို့ပေး"

"မပို့နိုင်ဘူး သက်မာ၊ ဒီချိန် ရောက်ဖို့ ငါ ဘယ်လောက်စောင့်ခဲ့ရလဲ၊ နင့်ကို ခိုးပြေးလာတာ၊ ဒီညကျော်တာနဲ့ နင် ငါနဲ့ မဖြစ်မနေ လက်ထပ်ရတော့မှာ"

"နင် အခု မရပ်ဘူးလား၊ အေး၊ နင့်လို ယုတ်မာတဲ့ လူနောက်တော့ မလိုက်ဘူး၊ ငါခုန်ချပြီး သတ်သေပစ်လိုက်မယ်"

မိုးသံကြောင့် မကြားတာလား၊ တမင် မကြားချင်ယောင်ဆောင်တာပဲလား အရှိန်ပြင်းပြင်းမောင်းနေတဲ့ ချောမောင် ဆိုင်ကယ်နောက်က သက်မာ တကယ်ခုန်ချလိုက်သည်။

မထင်မှတ်ထားဘဲ မြန်ဆန်လွန်းတဲ့ အဖြစ်အပျက်ကြောင့် - "သက်မာ" ဆိုတဲ့ အသံနက်ကြီးက မိုးသံကို ဖောက်ထွက်သွားတော့သည်။

✿

ဒီနေ့ ရွာကလူတွေ အားလုံး သက်မာ အိမ်မှာ စုနေကြသည်။

မသေခင်က ချစ်သူ ခန့်ညားကို စွဲလမ်းခဲ့သလို ချောမောင်ကိုလည်း စိတ်ဆိုးဒေါသကြီးပြီး မကျွတ်လွတ်တဲ့ဘဝ ရောက်နေရှာတဲ့ သက်မာအတွက် ဆွမ်းသွတ် အမျှဝေဖို့ ဒေါ်မြနှစ်ကိုယ်တိုင် စီစဉ်ခဲ့သည်။

ကိုယ်တိုင် မသတ်ခဲ့ပေမယ့် အလောင်း ဖျောက်ဖျက်မှုကြောင့် ပြစ်ဒဏ်မကျခင်မှာ သူကိုယ်တိုင် တောင်းပန် အမျှဝေပါရစေလို့ တောင်းပန်တဲ့အတွက် ခန့်ညားနာမှာ ချောမောင်ပါ ရှိနေသည်။

ကိုယ့်ကို မချစ်တဲ့ လူတစ်ယောက်ကို အတင်းလုယူဖို့ဆိုတာ လွယ်ကူတဲ့ ကိစ္စမဟုတ်လို့ မှားမှန်းသိပေမယ့်လည်း ပြန်ပြင်လို့မရတော့ပါဘူးလို့ ချောမောင်က အခါခါ တောင်းပန်နေပေမယ့် ခန့်ညားကတော့ မျက်ရည်တွေ စီးကျရင်း ငြိမ်သက်နေသည်။

ရင်ထဲမှာတော့ ကိုယ့်တို့ရဲ့ ချစ်ခြင်းတွေဟာ တစ်စုံတစ်ယောက် အပေါ် မပြစ်မကင်းခဲ့လို့လားဆိုတာ အခါခါ စဉ်းစားလည်း အဖြေမရခဲ့ပါဘူး။

သံသရာမှာ တစ်ခါလောက် ပြန်ဆုံစွဲရှိမယ်ဆိုရင် ကိုယ်တို့နှစ်ဦးလုံး အပြစ်ကင်းတဲ့ ချစ်ခြင်းများနဲ့ အေးချမ်းတဲ့ ဘဝလေးကို တည်ဆောက်ပါရစေလို့ ဆုတောင်း နေပါမယ် နွယ်ရယ်။

ထိုက်သင်

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ဒဏ္ဍာလည်းငဆး ငဆးလည်းဒဏ္ဍာ

သန်လျင်မောင်တော်ကံခဲ

"ဆရာကိုကျောက်ခဲ၊ ဘာတွေ ရေးနေတာလဲ"

"ဟာ- ဆရာကိုလေးအောင် လာ-လာ-ထိုင်ဗျာ"

ကျွန်တော်ရေးလက်စရပ်၍ ဆရာကိုလေးအောင် (သန်လျင်) ကို ထိုင်ခိုင်း၍ -

"ကဲ- ပြော ကိုလေးအောင် ဘာကူညီရမလဲ"

ကျွန်တော်မေးလျှင် -

"စေးဘက်ရောက်ခိုက် ဆရာ့ဆီဝင်လာတာပါ။ ကိစ္စ အထူး မရှိပါဘူး"

"အေးဗျာ၊ ကျွန်တော် ဓာတ်စာဆောင်းပါးလေး ရေးမလို့ပါ"

"ကောင်းပါတယ် ဆရာ၊ ဒါပေမဲ့ ခုခေတ်က အထူးကု ဆရာဝန် ပါရဂူတွေက ပေါမှပေါ။ ခေတ်မီဆေးပါးတွေနဲ့ ကုနေကြတာဆရာရဲ့"

ကိုလေးအောင်မှ ယနေ့ခေတ် မြင်ကွင်းကို ပြောပြနေသည်။

"မှန်တယ် ကိုလေးအောင်၊ ကျွန်တော် လက်ခံပါတယ်၊ ဆေးပညာက ထွန်းကားနေပါတယ်၊ ဒါအမှန်တရား မျက်မြင်ပဲလေ၊ ကျွန်တော့်အတွေးပေါ့လေ၊ ဆရာ ကိုလေးအောင် စဉ်းစားကြည့်ပါ"

"ပြောပါ ကိုကျောက်ခဲ"

"အဝေးကို မကြည့်ပါနဲ့ဗျာ၊ ကျွန်တော်တို့ မြန်မာပြည်မှာမဲ့ ဝေဟင်မှာပျံတဲ့ ဂျက်လေယာဉ်အမျိုးမျိုးရှိတယ်၊ မီးရထား မော်တော်ကားမျိုးစုံရှိတယ်၊ တစ်ခု မေးမယ်၊ မြန်မာပြည် လူဦးရေဘယ်လောက် လေယာဉ်စီးဖူးလဲ၊ မီးရထားကော၊ ကားတော့ မပြောတော့ဘူး၊ ဒါတောင် လိုင်းကားလောက်သာ စီးဖူးတာ၊ ကိုယ်ပိုင်ကားစီးနိုင်တာက နည်းနည်းလေးဗျ ကိုယ့်ဆရာရဲ့"

"မှန်တယ် ကိုကျောက်ခဲ၊ ကျွန်တော် နားလည်လက်ခံပါတယ်၊ လူဦးရေအားလုံးရဲ့ အနည်းအကျဉ်းလောက်သာ ကြုံဖူးကြတာ ဆရာဆိုလိုချင်တာက ဘာလဲ"

ကိုလေးအောင်က ကျွန်တော့်အား မေးရာ-

"ဒီလိုပါ ကိုလေးအောင်၊ ကျွန်တော်တို့တစ်တွေဟာ ရောဂါကို ကြိုတင်ကာကွယ်ဖို့ ဝန်လေးကြတယ်၊ ဖြစ်လာမှသာ ဘယ်လောက်ကုန်ကုန်မျိုး ရှိတာရှာပြီး ဆေးခန်းသွားကြတာ၊ မရတော့မှ အကုန်ခံကုကြတာ၊ နောက်ဆုံး ငွေကုန်လူပန်းဖြစ်ရတယ်၊ သေသွားတာတောင် အပြောကမလျှော့ဘူး၊ ငါတို့က လူမမာကို ဘယ်ဒေါက်တာနဲ့ သိန်းရာကျော်ကုနိုအောင်ကုတာ၊ မသာဂုဏ်ပြိုင်နေသေးတယ်"

"ဒါလည်း မြင်ရကြားရတယ် ဆရာ"

"ကျွန်တော်ပြောချင်တာက ရောဂါဖြစ်လာရင် ကုရမှာပဲလေ၊ ဆေးပညာမထွန်းကားဘူးလို့ မဆိုပါဘူး၊ မြန်မာပြည်မှာ အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ အရိုး၊ အကြော၊ အထူးကုတွေ အများကြီးရှိတယ်၊ တကယ်လည်း အားကိုးရပါတယ်၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ဓာတ်စာပေး၍ ကာကွယ်ကုသနည်းလေးကို ရေးနေတာပါ၊ ဆေးရုံ၊ ဆေးခန်းတွေ မပြနိုင်တဲ့သူတွေ ရှိသေးတယ်၊ အကြောင်းအမျိုးမျိုးကြောင့်ပေါ့ဗျာ၊ အဓိကက ငွေပေါ့ဗျာ၊ ငွေမရှိရင် ရောဂါဖြစ်လို့ မလွယ်ဘူးဗျ။

ဒါကြောင့် ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ် ဖို့ပါ၊ အစားမှားလို့ဖြစ်တာ၊ မတည့်တာစားမိလို့၊ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ပုံရာ ဆေးပညာ

မြန်မာဆေးဆရာကြီးတွေရဲ့ ဓာတ်စာလေးကို လက်ဆောင်ပေး ချင်တာ"

ကျွန်တော့်စကားဆုံးလျှင် -

"သိပ်ကောင်းတာပေါ့ဗျာ၊ ကျန်းမာရေး ကောင်းအောင် အများအကျိုးကို တတ်နိုင်တဲ့ဘက်က ကူညီတာ ကုသိုလ်ရပါတယ်ဗျာ"

ကိုလေးအောင် အားပေးစကား ပြောခဲ့။

ကျွန်တော်က -

"ကိုလေးအောင်ရေ- ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုပြီး အဓိက ဓာတ်ကြီးလေးပါးရှိတယ်၊ တကယ် ဓာမ်း ရှိတာက ခန္ဓာကိုယ်မှာ ဓာတ် (၇)ပါးလို့ ဆိုတယ်၊ ဓာတ်ကြီးလေးပါးအဖြစ် သည်းခြေဓာတ်၊ အာဟာရဓာတ်၊ အာကာသဓာတ် ဆိုပြီး အားလုံး ဓာတ် (၇)ပါးရှိတယ်၊ ဓာတ် (၇) ပါးရဲ့ သင်္ကေတ အမှတ်အသား လက္ခဏာကတော့ -

ဒါကဓာတ်ခုနှစ်ပါးရဲ့ အမှတ်အသား တည်နေရာ လက္ခဏာ ဂုဏ်သတ္တိပြတဲ့ ဇယားပဲ။ ဒီဓာတ်(၇)ပါး ညီမျှနေရင် ကျန်းမာရေး ကောင်းတာပဲလေ။ အဲဒီ ဓာတ်တစ်ခုခု ဖောက်ပြန်ပြီး တစ်ခုပျက်ရင်တော့ တစ်ခုလွန်နဲ့ ဓာတ် ဖောက်ပြန်ပြီး ကျန်းမာရေးထိခိုက်တယ်။ ဓာတ်တွေလွန်တာ ယုတ်တာကို ပြတဲ့ဇယားကိုလည်း ဖော်ပြပေးပါ့မယ်။

(၁) ပထဝီပျက်လျှင် အာပေါလွန်သည်။
(၂) အာပေါပျက်လျှင် တေဇောလွန်သည်။
(၃) တေဇောပျက်လျှင် ဝါယောလွန်သည်။
(၄) ဝါယောပျက်လျှင် သည်းခြေလွန်သည်။
(၅) သည်းခြေပျက်လျှင် အာဟာရလွန်သည်။
(၆) အာဟာရပျက်လျှင် အာကာသလွန်သည်။
(၇) အာကာသပျက်လျှင် ပထဝီလွန်သည်။
(၈) ပထဝီပျက်လျှင် အာပေါလွန်သည်။

ဓာတ် ၇ ပါး မှတ်ရန် ဇယားချုပ်

ဓာတ်	အမှတ်	သရုပ်	တည်ပုံ	လက္ခဏာနှင့် သတ္တိ
ပထဝီ	၁	အစိုင်အခဲအတုံး	အရိုးမာကျောအသားအဖြစ်နှင့် ကိုယ်ကိုထူထောင်နေသည်။	ကြမ်းတမ်းခိုင်ခဲခြင်း
အာပေါ	၂	အနည်းငယ်စေးခဲ့ချိုင်သောအရည်	ရွံ့စိုတွင် ရေကဲ့သို့ တစ်ကိုယ်လုံးဖွဲ့စည်းစိုစွတ်လျက်နေသည်။	ဖွဲ့စည်းပေါင်းစုဖောင်းပွခြင်း
တေဇော	၃	အပူရှိန်-အပူငွေ့	မုန့်တွင် မီးပူမဲတက်ကဲ့သို့ အငွေ့ပေးလျက်တည်နေသည်။	ရင့်စေ-ကျက်စေနူးညံ့စေခြင်း
ဝါယော	၄	အခိုးအငွေ့	ကြက်ပေါင် စည်ဖောင်းပွင်းရှိ လေကဲ့သို့ ထောက်ကန်ဖောင်းစေလျက် တည်သည်။	လှုပ်စေ၊ ဖောင်းစေ၊ တင်းစေခြင်း
သည်းခြေ	၅	သွက်ကြည်သောချဉ်ခါးခါးအရည်	အိမ်နှင့်တည်ရာမှ မုန့်ကြော်တွင် ဆီကဲ့သို့ စိမ့်ဝင်ပျံ့နှံ့လျက် တည်သည်။	ပျော့ပျောင်းစေခြင်း
အာဟာရ	၆	ပျစ်ခွဲသောအရည်	ခွေးတောက်ပင် ခွေးတောက်စေးကဲ့သို့ ပျံ့နှံ့ပိတ်ဆို့လျက် တည်သည်။	ဆို့ပိတ်ခြင်း
အာကာသ	၇	အပေါက်ကြီးငယ်	ဓာတ်ခိုး ဓာတ်ကွင်းထွက်ရာ မြောင်းပေါက်အဖြစ်နှင့် တည်သည်။	ပေါ့ပါးစေခြင်း စင်ကြယ်စေခြင်း

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ဓာတ်တို့လွန်ယုတ်ဖြစ်ဟန်ချုပ်ချမှုပြခြင်း

၁	၂	၃	၄	၅	၆	၀	၁	ဓာတ်	ပျက်-ညှဉ်ယုတ်
၂	၃	၄	၅	၆	၀	၁	၂	ဝါဒ	လွန်-အားကြီး

ထိုသို့ မာတ်ပျက်သံသရာလည်ပတ်၍ ဖြစ်ကြသည်။

ကိုလေးအောင်ရေ ဆောင်ပုဒ်အနေနဲ့ မှတ်မယ်ဆိုရင်-

၁။ ပထဝီဓာတ်ပျက်လာ်သဘော၊ အာပေါမည်မှတ်၊ အားကြီးလတ်၏။ (နရဒုဂ်)

၂။ ရေဓာတ်ပျက်သော်၊ တေဇောမီးဓာတ်၊ အားကြီးလတ်၏။ (နရသုဒ်)

၃။ မီးဓာတ်ပျက်သော်၊ ဝါယောမည်မှတ်၊ အားကြီးလတ်၏။ (နရသုခ်)

၄။ လေဓာတ်ပျက်ထွေ၊ သညးခြေမည်မှတ်၊ အားကြီးလတ်၏။ (ကျိုးကြောင်းဆက်)

၅။ ပျက်အပ်မိတ္တာ၊ အာဟာရမည်မှတ်၊ အားကြီးလတ်၏။ (ကျိုးကြောင်းဆက်)

၆။ ဓာတ်အာဟာရ၊ ပျက်တုံကမူ၊ အာကာသဓာတ်၊ အားကြီးလတ်၏။ (ကျိုးကြောင်းဆက်)

၇။ ဓာတ်ပျက်အာကာ၊ သို့အရာတွင်၊ ပထဗျာ မြေဓာတ်၊ အားကြီးလတ်၏ (ကျိုးကြောင်းဆက်)

"အဲဒီလိုရှိတယ် ဆရာရေ၊ တစ်ခုနဲ့တစ်မုက ဆက်စပ်နေတာ၊ ဘယ်ဓာတ်ပျက်တယ်၊ ဘယ်ဓာတ်လွန်တယ် ဆိုတာက နည်းရှိတယ်ဗျ"

ကျွန်ုပော်ရှင်းပြသည်ကို စိတ်ဝင်စားစွာ နားထောင်ရင်း ခေါင်းတညိတ်ညိတ်နှင့် ညိတ်ရာမှ -

"ဒါဆို အဲဒီနည်းကရော ပြောစမ်းပါဦး"

"ပြောပါ့မယ်ဗျာ၊ ကုသိုလ်ရဟဲ့ အလုပ်ပဲ၊ ပေးရမှာပေါ့၊ အခကြေးငွေမယူဘဲ ခုနစ်ရက်သားသမီးတွေကို ကယ်လို့ သူတို့ရောဂါ ကင်းပျောက်ရင် ကျေနပ်ပါပြီဗျာ၊ ဒီလိုဗျ ခုရောက်တဲ့ အသက်ကို (၇) နဲ့စားဗျာ၊ အကြွင်းကို ကြည့်ပေါ့၊ ၁ ကြွင်းလား၊ ၂ ကြွင်းလားပေါ့၊ အကြွင်းသိရင် ဓာတ်တို့လွန်ယုတ်ဖြစ်ဟန်ချုပ်ပြဇယားကို ကြည့်ရင် ဘာဓာတ် ပျက်တယ်ဆိုတာ သိပြီပေါ့၊ အဲဒီတော့မှ ပျက်တဲ့ဓာတ်သိရင် ရောဂါလက္ခဏာနဲ့ တိုက်ကြည့်၊ စိတ်ချရရင် စားသင့်တဲ့ ဓာတ်စာကိုပေး၊ ရှောင်ရမည့်ဓာတ်စာကို ညွှန်းပေးလိုက်ရင် သုခချမ်းသာခြင်းဖြစ်ပြီပေါ့ဗျာ"

ကျွန်တော့်စကားဆုံးလျှင် ကိုလေးအောင်က -

"ဒါဆို ဓာတ်စာတွက်ပုံ၊ ပေးပုံလေး ဆက်ပြောပါဦး"

"ဆန္ဒမစောပါနဲ့ ကိုလေးအောင်ရေ၊ ထမင်းစားချိန်ရောက်နေပြီ၊ တစ်ခါတည်း ဓာတ်စားသွား၊ စားပြီးမှ အကြမ်းသောက်ရင်း ဓာတ်လမ်းစတာပေါ့ဗျာ"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

နှစ်ဦးသား တစ်ယောက်မျက်နှာ ဟစ်ယောက် ကြည့်၍သာ။

သန့်လျင်မောင်ကျော်ဇံ

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

မြင်းခွာ သွေးဝမ်း ဆေးအစွမ်း

မင်းသွေး (ထမင်းစေ့)

ဤနည်းသည်က မြင်းခွာရမှ သုံး၍ရသောနည်း ဖြစ်ပေမယ့် မြင်းခွာအလွယ်တကူ ရနိုင်သူတွေအတွက် တကယ့်ကို အစွမ်းထက်စေတာမို့ သုံးသင့်သော ဆေးနည်းတစ်လက် အဖြစ် ယုံကြည်စိတ်ချစွာ အသုံးပြုစေချင်လှပါတယ်။

ဒီနည်းဟာ သွေးဝမ်းဝေနာအတွက် တကယ့်ကို အစွမ်းထက်လှသလို အသုံးပြုရာမှာလည်း အလွန် လွယ်ကူလှတဲ့နည်းကောင်း တစ်လက်ပါ။ ဒီဆေးနည်းကို ကျွန်တော် ရခဲ့တာ ကြာခဲ့ပါပြီ။ ဤမျှကြာခဲ့သော ဆေးနည်းအား ယခင်အခါများက မကြာခဏဆိုသလို အသုံးပြုခွင့်ရခဲ့သော်လည်း ယခုအခါတွင်မတော့ အထက်က ပြောခဲ့သလိုပင် ကျွန်တော့်ထံတွင် မြင်းခွာရှာမရသော ဒုက္ခကြောင့် ဤဆေးနည်းဟာ သုံးခွင့်မသာတော့ပါ။

ကျွန်တော်သာလျှင် မဟုတ်၊ ကျွန်တော့်ကို နည်းပေးသူကိုယ်တိုင် တိုက်ကျွေးကုသပေးခဲ့တဲ့သူ ဆရာဦးခင်မောင်သည်ပင် ဤနည်းကို သုံးမရတော့သလို မသုံးဖြစ်တာ ကြာပေါ့ဟု ဆိုလာပါတယ်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်တော်တို့ မြို့ရွာတွေမှာ မြင်းဆိုတာ မရှိတော့လို့ဘဲ ဖြစ်ပါတယ်။

ယခင် ကျွန်တော့်ကို ဆရာဦးခင်မောင် ပေးစဉ်တုန်းကတော့ ကျွန်တော်တို့မြို့မှာ မြင်းလှည်းများစွာ ရှိသလို ဆရာဦးခင်မောင်ကိုယ်တိုင်ပင် မြင်းလှည်းများစွာကို ထောင်ရင်း အသက်မွေးဝမ်းကြောင်းပြုခဲ့သူ ဟုဆိုသည်မို့ မြင်းခွာဟာ အထူးတလည် ရှာစရာမလိုလောက်အောင် သူ့ထံမှာ အခြိန်မရွေး ရှိနေပါတယ်။

အခုတော့ သူလည်း ကာလ၏ ရွေ့လျားမှုအရ မြင်းလှည်းများကို ရောင်းချရင်း လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေရရှာပြီမို့ မြင်းခွာဟာ သူ့ထံမှာ မရှိရှာတော့ပါ။

ဤသည်မှာ ဆေးကောင်းရတနာတစ်ပါး ပျောက်ကွယ်သွားစေဖို့ အကြောင်းတရားတစ်ရပ်မို့ တကယ့်ကို စိတ်မကောင်းစရာ ဝမ်းနည်းစရာတစ်ခုလို့ ဆိုရမှာပါ။

ဤဆေးမှာပါတဲ့ မြင်းခွာဆိုတာ ယနေ့ မြင်းလှည်းဆွဲရာမှာ မြင်းခွာတွေ မကျိုးမနာစေဖို့ သံခွာရိုက်ရာမှာ သံခွာနဲ့ ခွင်မကျလို့ လှီးထုတ်ပစ်ရတဲ့ မြင်းခွာအပိုင်းအစကို ဆိုတာပါ။ ဒီမြင်းခွာ အပိုင်းအစဟာ တကယ့်ကို ဆေးဖက်ဝင်လှပါတယ်။ ဒါကို လက်တွေ့ပြသူကတော့ ဆရာဦးခင်မောင်ပဲ ဖြစ်ပါတယ်။

ဤအခါက စာရေးသူမှာ သွေးဝမ်းဝေနာကို ကြီးကျယ်စွာ ခံစားလျက် ဆေးအတွက် အတွေးခက်နေချိန်လို့ ဆိုရမယ့်အချိန်မှာ ဆရာဦးခင်မောင်ရောက်လာပြီး သူမှာပါလာတဲ့ မြင်းခွာအပိုင်းအစတွေကို ရေနဲ့ စင်စင်ဆေး၊ ဆန်ဆေးရည် ဖွေးဖွေးလေးနဲ့ ကျောက်ပြင်မှာ သွေးရင်း သွေးရင်း ဆေးတစ်ခွက်စာပမာဏ တစ်ဇွန်းစာအရမှာ နံနက်တစ်ခါ ညနေတစ်ခါ ကျွန်တော့် ဝေဒနာအတွက် မှန်စွာတိုက်ကျွေးနည်းကောင်းကလေးနဲ့ ကုသပေးခဲ့တဲ့ အချိန်တွေ ဘယ်လောက်ကြာကြာ ကျွန်တော့်မှာ မမေ့နိုင်စရာဖြစ်ခဲ့သလို ဆရာ ချန်ထားခဲ့တဲ့ မြင်းခွာ အပိုင်းအစတွေနဲ့ သွေးဝမ်းဝေနာရှင်တွေကို ကျွန်တော် ကုသပေးခဲ့တာလည်း ပြန်ကာတွေးတိုင်း တဖြည်းဖြည်း မြင်ယောင်နေဆဲပါ။

ဒါပေမဲ့ ကြာတော့ ကြာပါပြီ။ အခုအခါမှာတော့ မြင်းခွာဆိုတာ ကျွန်တော်တို့ နေရာမှာ ရှာမရနိုင်တော့တာမို့ သွေးဝမ်းဝေနာအတွက် အကုခက်ခဲ့ပါပြီ။

သို့သော် ဤနေရာမှာ ရှားပေမယ့် မရှားတဲ့နေရာမှာ မရှားနိုင်တာမို့ မြင်းခွာနဲ့ သွေးဝမ်း မယုံလျှင် စမ်းနိုင်ဖို့ စိတ်ရင်းစေတနာနဲ့ ပြန်လည်ကာ တူးဆွတင်ပြလို့ ပေးလိုက်ရပါတော့တယ်။

မင်းသွေး(ထမင်းစေ့)

❑

www.burmeseclassic.com

www.burmeseclassic.com

သားအိမ်ခေါင်းကင်ဆာ

ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်ပါ





ဒီရိုင်ဒွန်း

အမျိုးသမီးများတွင် အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ရောဂါများအနက် သားအိမ်ခေါင်းကင်ဆာရောဂါဟာ အဖြစ်အများဆုံးရောဂါ ဖြစ်ပါတယ်။ ဒီရောဂါဟာ အသက်ဝိဉာဉ်ကို ခွေတဲ့ရောဂါများအနက် ဝဆမတန်းစားရောဂါဖြစ်ပါတယ်။ အမျိုးသမီး သက်လတ်ပိုင်းနဲ့ သက်ကြီးပိုင်းမှာ ဖြစ်ပွားတတ်တဲ့ရောဂါဖြစ်ပါတယ်။ ဘယ္လာကျွန်းမာရေးစောင့်ရှောက်မှုအသင်းကြီးမှ သုတေသနလုပ်ငန်းများ လုပ်ဆောင်ကာ အထူးအရေးပေး ဆောင်ရွက်လျက်ရှိပါတယ်။

ထင်းသူတေသနပြုလုပ်ချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ထိုရောဂါကြောင့် သေဆုံးသူများဟာ ငါးမိနစ်လျှင် တစ်ယောက်ကျ သေဆုံးကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ရောဂါဖြစ်ပွားသော အမျိုးသမီးများရဲ့ (၈၀)ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးကြောင်း သုတေသီအဖွဲ့မှ ထုတ်ပြန်ထားပါတယ်။ ဤသို့အသက်ဆုံးရှုံးခြင်းမှာ မိမိ၌ သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်နေမှန်း မသိခြင်းကြောင့် ရောဂါလွန်မှ သိရတဲ့အတွက် ရောဂါရင့်ပြီး အသေအပျောက်နှုန်း များပြားလာခြင်းဖြစ်ပါတယ်။

ရှေးအခါက သားအိမ်ကင်ဆာရောဂါကို ရှာဖွေစစ်ဆေးနိုင်တဲ့ စမ်းသပ်ချက်များ မပေါ်ပေါက်သေးတဲ့အတွက် ရောဂါရင့်မှ သိကြရပါတယ်။ ၁၉၄၀ ပြည့်နှစ် ကျော်မှ သားအိမ်ကင်ဆာ ရှိ၊ မရှိကို စစ်ဆေးနိုင်တဲ့ Pap (ခေါ်) သားအိမ်ခေါင်းရှိ တစ်သျှူးကို စစ်ဆေးခြင်းကို တွေ့ရှိခဲ့ကြပါတယ်။ ထိုနည်းကို အမေရိကန်နိုင်ငံမှ စတင်စစ်ဆေးခဲ့ရာ ရောဂါမရင့်မီ သိရှိခဲ့ပါတယ်။ အထက်ပါနည်းကို အသုံးပြု စစ်ဆေးခြင်းကြောင့် အသေအပျောက်နှုန်းမှာ (၇၀)ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။

၂၀၀၃-ခုနှစ်တွင် World cancer Report (ကမ္ဘာ့ကင်ဆာအဖွဲ့ကြီး၏ အစီရင်ခံစာ)အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်ပွားသူများအနက် (၈၀)

www.burmeseclassic.com

www.burmeseclassic.com

ရာခိုင်နှုန်းမှာ သေဆုံးပြီး နှစ်စဉ် ကမ္ဘာပေါ်ရှိ အမျိုးသမီး သန်းဝက်ကျော်မှာ ကင်ဆာရောဂါဖြစ်ပွားနေပြီး နှစ်စဉ် အမျိုးသမီးပေါင်း ၂၅၀,၀၀၀ နီးပါးခန့် အသက်ဆုံးရှုံးနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားရသော အကြောင်းရင်း

တိုးတက်ဖွံ့ဖြိုးသော သုတေသနပညာရှင်ကြီးများ၏ လေ့လာတွေ့ရှိချက်အရ သားအိမ်ခေါင်းကင်ဆာဟာ ပိုင်းရပ်ပိုးတစ်မျိုးကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထိုပိုင်းရပ်ပိုးကို Human Papilloma Virus ဟု အမည်ပေးထားပါတယ်။ ၎င်းပိုင်းရပ်ကို အတိုကောက်အားဖြင့် HPV လို့ ခေါ်ပါတယ်။

ထိုပိုးရဲ့ ကူးစက်ပုံမှာ အဓိကအားဖြင့် လိင်ဆက်ဆံရာမှ ကူးစက်ကြောင်း သိရှိရပါတယ်။ HPV ပိုးဟာ ကူးစက်ရောဂါအများဆုံး ဖြစ်ပါတယ်။ ထိုအမျိုးသမီးများရဲ့ (၈၀) ရာခိုင်နှုန်းမှာ လိင်ဆက်ဆံခြင်းကြောင့် တစ်ချိန်ချိန်မှာ ထိုရောဂါ ရရှိနိုင်ပါတယ်။ တချို့သော ပိုင်းရပ်ပိုးများဟာ သားအိမ်ခေါင်းအတွင်းသို့ ဝင်ရောက်သော်လည်း ရောဂါလက္ခဏာကို မပြရုံသာမက သူ့အလိုလို ပျောက်သွားတာလည်း ရှိပါတယ်။ ဒါကြောင့် အမျိုးသမီးအများစုဟာ ၎င်းရောဂါပိုး ဝင်ရောက်မှန်းပင် မသိလိုက်ကြပေ။

HPV ပိုးမျိုးစိတ်ပေါင်းမှာ (၁၀၀) နီးပါးခန့်ရှိပြီး ထိုပိုးများအနက် HPV 16 နဲ့ HPV 18 နှစ်မျိုးဟာ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှုရဲ့ (၇၀) ရာခိုင်နှုန်း ဖြစ်နိုင်ချေရှိတဲ့ပိုးများဖြစ်ပါတယ်။

ခင်ပွန်းသည်ဟာ အိမ်ထောင်ပြင်ပ၌ ထိုရောဂါရှိသူများနှင့် ဆက်ဆံခြင်း၊ သားသမီးမယူလို၍ ပဋိသန္ဓေ တားဆေးသောက်ခြင်း၊ ဆေးထိုးခြင်းကြောင့်လည်း ထိုရောဂါ ဖြစ်စေနိုင်ပါတယ်။ အပျိုစင်များတွင်လည်း သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားကြောင်း တွေ့ရှိရပါတယ်။ အပျိုစင်များဟာ လိင်ဆက်ဆံမှု မရှိသော်လည်း အတွင်းခံဘောင်းဘီနဲ့ ထဘီ မသန့်ရှင်းခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းတို့ကြောင့် ထိုရောဂါ ဖြစ်စေနိုင်ပါတယ်။

ကင်ဆာရောဂါဟာ ပုံသဏ္ဌာန်မမှန်တဲ့ ဆဲလ်များ လျင်မြန်စွာ ပြိုကွဲခြင်းကြောင့် ဆဲလ်များ အဆမတန် ကြီးထွားလာပါတယ်။ ဒါ့အပြင် အစားအသောက်၊ အနေအထိုင်နဲ့ ဓာတုပစ္စည်း သုံးစွဲခြင်းကြောင့်လည်း ဖြစ်စေနိုင်ပါတယ်။



ဒါ့အပြင် ဓာတ်မတည့်တဲ့အခြေအနေကြောင့်လည်း ထိုရောဂါ ဖြစ်စေနိုင်ပါတယ်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားသည့် အသက်အရွယ်မှာ အသက် (၃၅-၅၅) နှစ်အတွင်း ဖြစ်ပါတယ်။ (၃၀-၅၀) နှစ်အတွင်း အဖြစ်အများဆုံးဖြစ်ပြီး (၅၁-၅၅) အရွယ်မှာ ဒုတိယအဖြစ်အများဆုံး ဖြစ်ပါတယ်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေရှိသည့် လက္ခဏာများ

* သွေးဆုံးပြီး အသက် (၅၀)ကျော် အမျိုးသမီးများ သွေးပြန်ဆင်းခြင်း၊
* သားအိမ်မှ နာကျင်ကိုက်ခဲသောဝေဒနာ ခံစားရခြင်း၊
* လိင်ဆက်ဆံပြီးချိန်တွင် သွေးဆင်းခြင်း၊
* လိင်ဆက်ဆံပြီးချိန်တွင် နာကျင်ကိုက်ခဲသော ဝေဒနာ ခံစားရခြင်း၊
* ရာသီလာချိန်မဟုတ်ဘဲ သွေးဆင်းခြင်း၊
* ဖြူညစ်ညစ်အနောင် (သို့မဟုတ်) အညိုရောင်များ ဆင်းခြင်း၊
* အနံ့အသက်ဆိုးဝါးခြင်း၊ ပုပ်စော်နံခြင်း။

အထက်ပါလက္ခဏာများ တွေ့ရှိရပါက သားဖွားနဲ့ မီးယပ်အထူးကု ဆရာဝန်ကြီးများနဲ့ ပြသစစ်ဆေးကာ ကုသမှု ခံယူရပေမည်။

Pap Smear Test (သားအိမ်ခေါင်းရှိ တစ်သျှူးကို စစ်ဆေးခြင်း)

* သားအိမ်ခေါင်းကင်ဆာ ရှိ၊ မရှိ သိရှိနိုင်ရန် ထိုစစ်ဆေးခြင်းကို ပြုလုပ်ရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

* ထိုစမ်းသပ်ချက်မှာ သားအိမ်ခေါင်းရှိ အရည်မှ တစ်သျှူးများကိုယူပြီး ဓာတ်ခွဲခန်းသို့ပို့ကာ ကင်ဆာဆဲလ် ရှိ၊ မရှိ စစ်ဆေးခြင်း ဖြစ်ပါတယ်။
* ထိုစစ်ဆေးခြင်းကြောင့် ယခုမှစ၍ လာမယ့် (၁၅) နှစ် အတွင်း သားအိမ်ခေါင်းကင်ဆာ ဖြစ်၊ မဖြစ်ကို ကြိုတင် သိရှိနိုင်ခြင်း၊
* ကင်ဆာအဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃) စသည် ဖြင့် မိမိရောဂါအဆင့်ကို သိနိုင်ခြင်း၊
* မိမိရောဂါ အနုအရင့်ကို ခွဲခြမ်းစိတ်ဖြာနိုင်ခြင်း၊
* အကယ်၍ အဆင့် (၃) ဖြစ်နေပါက ရောဂါရဲ့ နောက် ဆုံးအဆင့် ဖြစ်ပါတယ်။

HIV ဗိုင်းရပ်ပိုးကရောဂါဘယ်လိုကူးစက်သလဲ

* သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားခြင်းရဲ့ (၉၀)ရာခိုင်နှုန်းကျော်ဟာ HPV ရောဂါပိုးနဲ့ အချိန်ကြာမြင့်စွာ ထိတွေ့မှုမှတစ်ဆင့် ကူးစက်ပါတယ်။
* လိင်ဆက်ဆံရာမှ အရေပြားချင်း ထိတွေ့ကာ ထို ဗိုင်းရပ်ပိုးမှာ သားအိမ်ခေါင်းအသားရဲ့ အတွင်းပိုင်းသို့ ထိုးဖောက်ဝင်ရောက်ကာ နေရာယူပါတယ်။
* ထို့သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် လိင်ဆက်ဆံမှု ပြုနေစဉ်အတွင်း ပွန်းပဲ့ခြင်းကြောင့် ဝင်ရောက်နိုင်ပါတယ်။
* သားအိမ်ခေါင်းအတွင်းသို့ ရောက်သောအခါ ထိုပိုး များဟာ အပေါ်ဘီလိယမ်ဆဲလ်များ (Epithelial cell) သို့ သွား ရောက်တွယ်ကပ်ပါတယ်။
* ထို့နောက် ဗိုင်းရပ်ပိုးများကို ပတ်ဝန်းကျင်ရှိ ဆဲလ်များက ပုံမှန်မော်လီကျူးများဟုထင်ကာ သိမ်းယူလိုက်ပါတယ်။
* ထိုမှ ပိုးများဟာ သားအိမ်ခေါင်းအတွင်းသို့ ရောက်ရှိ သွားပါတယ်။
* ထိုမှစတင်ကာ တဖြည်းဖြည်း ကြီးထွားကာ ကင်ဆာ ရောဂါအဆင့် ဖြစ်လာပါတယ်။

သားအိမ်ခေါင်းကင်ဆာနဲ့ ကုထုံးများ

၎င်းကို နည်း (၃)နည်းဖြင့် ကုသနိုင်ပါတယ်။

(၁) ခွဲစိတ်ကုသခြင်း
(၂) ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသခြင်း
(၃) ဓာတုဆေးဝါးများနဲ့ ကုသခြင်း

* ကင်ဆာရောဂါဖြစ်ပွားနေတဲ့ နေရာကို ခွဲစိတ်ကုသ ပြီးနောက် အကြွင်းအကျန် ဆဲလ်များကုန်စင်စေရန် ဓာတ် ရောင်ခြည်ရော ဓာတုဆေးဝါးများနဲ့ပါ အမြဲစပ်ပြတ်အောင် ကုသရပါတယ်။
* ဓာတ်ရောင်ခြည်ကုထုံးကတော့ ကင်ဆာဆဲလ်များ ကျဲသွားစေရန် ဆောင်ရွက်နိုင်ပါတယ်။ ကင်ဆာဆဲလ်များ ကျဲသွားတဲ့အတွက် ခွဲစိတ်ကုသရန် လွယ်ကူပါတယ်။
* ဓာတုကုထုံးကတော့ ကင်ဆာဆဲလ်များ ပျံ့နှံ့မှုရပ်တန့် ရန် ကုသပေးပါတယ်။

သားအိမ်ခေါင်းကင်ဆာအတွက် ကာကွယ်ဆေး အသစ် (၂) မျိုး

* ဆေးပညာလောကကြီး တိုးတက် ဖွံ့ဖြိုးလာတဲ့ အလျောက် ရောဂါကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း သိလာကြပါတယ်။
* ဒါကြောင့် ကာကွယ်ဆေးများ ရှာဖွေလာခဲ့ကြပါတယ်။
* HPV ပိုးကို အဏုကြည့်မှန်ဘီလူးနဲ့ကြည့်ပါက ဝေါက် သီးလုံး အငယ်စားကလေးနဲ့တူပါတယ်။ အပြင်နံရံမှာ အခွံ မာပြီး အတွင်းမှာ ဗိုင်းရပ်ကူးစက်နိုင်တဲ့ P1 ခေါ် ပရိုတင်း ရှိပါတယ်။
* ၎င်းဟာ HPV ပိုးကို ခုခံကာကွယ်နိုင်တဲ့ ကာကွယ် ဆေး (Vaccine) ကို ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။
* ထိုကာကွယ်ဆေးကို ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်း လိုက်ခြင်းဖြင့် ရောဂါဖြစ်စေနိုင်တဲ့ ဗိုင်းရပ်ပိုးဝင်လာပါက ခန္ဓာကိုယ်ရဲ့ ရောဂါကာကွယ်ခုခံရေးစနစ်က ရန်သူအဖြစ် သတ်မှတ်ပြီး ချေမှုန်းတိုက်ခိုက်ပါတယ်။

ကာကွယ်ဆေး နှစ်မျိုး

ယခုအခါ ကာကွယ်ဆေးနှစ်မျိုး ထွက်ရှိနေပြီဖြစ်ပါ တယ်။ ထိုကာကွယ်ဆေးနှစ်မျိုးအနက် ဆရာဝန်မှ သင့်တော် ရာကာကွယ်ဆေး တစ်မျိုးမျိုးထိုးကာ ကာကွယ်ထားခြင်းဖြင့် လူသားများရဲ့အသက်ကို စိန်ခေါ်နေတဲ့ ရောဂါဆိုးကြီးကို အန္တရာယ်ကင်းပြီ ဖြစ်ပါတယ်။ အမျိုးသမီးထုကြီး တစ်ရပ်လုံး စိုးထိတ်ကြောက်လန့်နေတဲ့ သားအိမ်ခေါင်းကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးကို ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ပြီ ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

ရိုရိုငွေ

Ref : "What is Cervical Cancer"

❑

www.burmeseclassic.com

www.burmeseclassic.com

အောင်ဘုန်းမြင့်
(ကချင်မြေ)



စိတ်ကျိုး အိပ်မွေ့ချပညာ အဆင့်များ

(ယခင်လမှ အဆက်)

အိပ်မွေ့ချပညာနှင့် လိုက်နာရမည့်စည်းကမ်းများ

ဆိုသည်၊ ခေတ်မီ အိပ်မွေ့ချနည်းပညာသည် ဂျာမနီနိုင်ငံမှ စတင်ခဲ့သည်ဟု နားလည်ထားကြသော်လည်း ယင်းပညာရပ်သည် နှေးယောင်ကတည်းက အခိုင်အမာရှိခဲ့သည်ကိုမူ လူတိုင်းက လက်ခံထားကြသည်။

တပည့်ဖြစ်သူကလည်း အပြည့်အဝ လိုက်နာနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ယင်းသို့ စိတ်ပညာကို အခြေခံသောကြောင့် ပညာရပ်၏ အစ ယထာဝင်ဦးခဲ့ စိတ်ပွဲသဘားရရှိခဲ့ကောင် အရေး လေ့ကျင့်ပေးရမည် ဖြစ်သည်။

www.burmeseclassic.com



စိတ်သည် အရာအားလုံးကို ဦးဆောင်နေသည်ဟူ၍ ရှင်တော်ဘုရားက မိန့်ဆိုခဲ့လေ၏။

လူသတ္တဝါ ခပ်သိမ်းတို့သည် စိတ်ဆိုသော တန်ခိုးရှင်၏ နောက်သို့ မနားတမ်း တကောက်ကောက် လိုက်နေကြရပြီး စိတ်၏စေရာကို တစ်သဝမတိမ်း ဆောင်ရွက်နေကြရသည်သာ ဖြစ်သည်။ သို့ဖြစ်၍ စိတ်ပညာနှင့် အိပ်မွေ့ချပညာသည် တစ်ခရီးတည်း အတူသွားနေရသော အမြွာပူးပညာ အတွဲ ဖြစ်ပါသည်။

မည်သို့ပင် ဆိုစေကာမူ စိတ်အကြောင်း အဖြေမှန်ကို အတိအကျ နားလည်နိုင်ရန်မှာ လွန်စွာခဲယဉ်းပါသော်လည်း ဆက်လက်လေ့လာပါက စိတ်၏ ဖြစ်စဉ်များကို ကောင်းစွာ သိရှိလာမည်မှာ မလွဲပေ။

ညို့ဓာတ်ကြီးသူများ

ညို့ဓာတ်အားကြီးသူများသည် စိတ်ဓာတ်ကို ပိုမိုထိန်းသိမ်းနိုင်ကြပြီး အိပ်မွေ့ချပညာကို အချိန်တိုတိုနှင့် တတ်မြောက် အောင်မြင်နိုင်သည်ကို ပါရမီအထူ ကောင်းသည်ဟု ဆိုကြသည်။

စိတ်ညို့အိပ်မွေ့ချ ပညာရှင်များသည် သူတစ်ပါးကို အိပ်မွေ့ချရာ၌ ဝေဒနာအခြေခံရှိသူများကို ပိုမိုလွယ်ကူစေနိုင်သည်ဟု ဆိုသည်။ ညို့ဓာတ်အားကောင်းသူများ၏ လက်ဝါးပြင်သည် နွေးထွေးနေပြီး နှစ်သက်စိတ်ကို ဖြစ်ပေါ်စေပါသည်။

ညို့ဓာတ်အားကို အပြည့်အဝ အသုံးပြုနိုင်သူများသည် သံလိုက်ဓာတ်သဘော ဆွဲဆောင်မှုအား အလွန်ကောင်းကြပြီး အရာရာတိုင်း၌ အောင်မြင်မှု ရရှိတတ်ကြသည်။ စိတ်ဓာတ်တည်ကြည် ခိုင်မာကြပြီး ပြဿနာအခက်အခဲအတားအဆီးများကိုမဆုတ်မနစ်သော ဇွဲလုံ့လနှင့် မမှိတ်မသုန် ဆောင်ရွက်တတ်ခြင်း၊ ရည်မှန်းချက်ပန်းတိုင်များကို မလျှော့သောဇွဲသတ္တိနှင့် မဖြစ်မနေ အောင်အောင်မြင်မြင် လုပ်ဆောင်တတ်ခြင်း၊ တစ်ပါးသူများ မလုပ်ဆောင်နိုင်သည့် လုပ်ငန်း အစီအမံများကို ပေါ့ပေါ့ပါးပါးဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မည်သို့သော လူဘောင်အဖွဲ့အစည်းနှင့် ဖြစ်စေ အဆင်ပြေပြေဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း၊ အခြားသူများ မတွေးမမြင်နိုင်သော အကြောင်းကိစ္စများကို ကြိုတင်တွေးတော သိမြင်နိုင်ခြင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားသိနိုင်ခြင်း၊ အမျက်ဒေါသကို မျိုသိပ်ထိန်းသိမ်းနိုင်ခြင်း၊ စိတ်စွမ်းအားကို အပြည့်အဝ စုစည်းအသုံးပြုနိုင်ခြင်း အစရှိသော သာမန်လူများ၌ မရှိသည့် စိတ်စွမ်းအား တန်ခိုးသတ္တိများ ရှိကြလေသည်။

ညို့ဓာတ်အားနည်းသူများ

စိတ်စွမ်းအား ညို့ဓာတ်အားနည်းသူများကို အောက်ပါ လက္ခဏာများဖြင့် သိနိုင်ပါသည်။

(၁) ကိုယ်မငြိမ်၊ စိတ်မငြိမ်၊ ပါးစပ်မငြိမ်၊ မျက်လုံးမငြိမ်ဘဲ ထင်ရာ မြင်ရာ ပြောနေတတ်မည်။

(၂) စကားကြီး စကားကျယ်ဖြင့် ကြွားဝါပြောဆိုနေတတ်မည်။

(၃) ကာလကြန့်နှေး နည်းပါးတတ်ပြီး အမြောက်အပင့် ကြိုက်တတ်မည်။

(၄) သူတစ်ပါး၏ အတင်းအဖျင်းမကောင်းသတင်းများကို ကဲ့ရဲ့ပြောဆိုနေတတ်မည်။

(၅) စိတ်ဓာတ်ကျလွယ်ပြီး အဆိုမြင်ဝါဒနှင့် အပျက်စကားပြောတတ်မည်။

(၆) ခြေလှုပ်လက်လှုပ် အိုက်တင်အမျိုးမျိုး လူအထင်ကြီးအောင် ဝတ်စားပြုတတ်မည်။

(၇) မလိုအပ်ဘဲ မိမိအကြောင်းကို အိတ်သွန်ဖာမှောက်ပြောနေတတ်သည့် အပြင် အကျိုးမရှိသောစကား၊ အကျိုးမပြုသော အလုပ်များကို ပြောဆို လုပ်ကိုင်နေတတ်မည်။

(၈) စကားပြောလျှင် လောကြီးပြီး လုပြောပြောတတ်မည်။

(၉) ကတိမတည်တတ်၊ မကြာခဏ အပြောင်းအလဲ မြန်တတ်မည်။

(၁၀) အပြစ် အနာအဆာများကို တစ်ပါးသူအပေါ်၌ လွှဲချတတ်ပြီး မိမိကိုယ်မိမိ အမွှမ်းတင်ပြောဆိုတတ်မည်။

(၁၁) ကျေးဇူးတရား မသိတတ်ဘဲ ကိုယ်ကျိုးသာသည့်ဘက်မှ ရပ်တည်တတ်မည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၂) ဒုက္ခအခက်အခဲ ရင်ဆိုင် တွေ့ကြုံရသည့်အခါ ကိုယ်လွတ်ရုန်း ရှောင်တိမ်းသွားတတ်မည်။

ညို့မာတ်စိတ်စွမ်းအား နည်းပါးသူများသည် အောင်မြင်မှု အသင့်အတင့်သာ ရရှိတတ်ပြီး စိတ်စွမ်းအား လွန်စွာနည်းပါးသူများ ဖြစ်ပါက ရည်ရွယ်ချက်မရှိကြဘဲ ဓပါပေါ်နေ ပေါ်ပေါ်စား၍ ဘဝတွင် ကိစ္စအဝဝ ပျက်စီးတတ်သည်။ အဆုံးဦ မကောင်းသည့် အပေါင်းအသင်းနှင့် သောက်စားအပျော်အပါး လိုက်စားတတ်ကာ မူးယစ်ဆေးဝါး ဒုစရိုက်အမှောင်လောက၏သားကောင် လုံးလုံး ဖြစ်သွားတတ်ပါသည်။

ဆရာလိုက်နာရမည့် စည်းကမ်းများ

အိပ်မွေ့ချဆရာသည် အိပ်မွေ့ချလုပ်ငန်း ဆောင်ရွက်သည့်အခါ အောက်ပါစည်းကမ်းများကို လိုက်နာရပါမည်။

(၁) အိပ်မွေ့ချသည့်အခါ အခြားသို့ စိတ်မလွင့်စေဘဲ မိမိပြုလုပ်နေသော ကိစ္စ၌သာ စူးစိုက်အာရုံပြုနေရမည်။

(၂) လူတိုင်းကို ငါနိုင်သည်၊ မည်သူကိုမဆို အိပ်မွေ့ချ ကုသနိုင်သည်ဟူသော စိတ်ဓာတ်မျိုးကို ခွဲမြွစွာ ယုံကြည် ခံယူထားရမည်။

(၃) ကြောက်စိတ်၊ သံသယစိတ် လုံးဝကင်းရှင်းနေရမည်။

(၄) ငါလုပ်လျှင် အိပ်မွေ့ချသည့်ကိစ္စ အမှားအယွင်းမရှိ လုံးဝအောင်မြင်ရမည်ဟူသော စိတ်ဇောထက်သန်နေရမည်။

(၅) ယိမ်းပြတ် အောင်မြင်ရမည်ဟူသော ယုံကြည်စိတ်ထားရှိပြီး မည်သည့်အခါမျှ စိတ်ပျက် စိတ်အားငယ်ခြင်း မဖြစ်စေရ။

(၆) ဆရာသည် ကိုယ်လက်သန့်ရှင်း စင်ကြယ်ပြီး စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ကျန်းမာသန့်စွမ်းနေရမည်။

(၇) ဆရာသည် မာန်မာနထောင်လွှားခြင်း ကင်းပြီး ဖြူစင်သော မေတ္တာစေတနာ အပြည့်အဝထားရှိပြီး ဆောင်ရွက်ရမည်။

(၈) ကောင်းစေလိုသော စေတနာ မေတ္တာ ကတိသစ္စာပြု၍ ဆောင်ရွက်ရမည်။

(၉) မိမိထိန်းချုပ်ထားသော စိတ်စွမ်းအား ညီ ကတ်များကို နေရာတကျ ထုတ်လွတ်အသုံးချတတ်ရမည်။

(၁၀) အိပ်မွေ့ချခံရသူအပေါ်၌ ပျက်စီး ဒုက္ခရောက်စေလိုသော မစ္ဆရိယစိတ် မထားဘဲ မေတ္တာညို့ဓာတ်ကူးဝင်စေရမည်။

စိတ်ညို့အိပ်မွေ့ချ ဆရာသည် အထက်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားခြင်းဖြင့် အိပ်မွေ့ချသည့်အခါ အရာရာတိုင်း၌ အခက်အခဲ အဝိတ်အဆို့ အတိုက်အခိုက် ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အိပ်မွေ့ချပညာသည် စိတ်စွမ်းအားကို စုစည်းထိန်းသိမ်း၍ မေတ္တာဖြင့် ဆောင်ရွက်ရသော ပညာမျိုးဖြစ်သောကြောင့် ဆရာလုပ်သူသည် သမာဓိအား၊ မေတ္တာစွမ်းအား၊ သစ္စာတရားတို့နှင့် ပြည့်စုံသူ ဖြစ်ရပါမည်။

အိပ်မွေ့ချခံရသူ လိုက်နာရမည့် စည်းကမ်း

အိပ်မွေ့ချခံရမည့် တပည့်သည် အောက်ပါစည်းကမ်းချက်များကို သိရှိနားလည်ထားရမည်။

(၁) အိပ်မွေ့ချခံနေရချိန်၌ ကိုယ်စိတ်နှစ်ပါးကို လျှော့ထားရမည်။

(၂) ဆရာနှင့်ဆန့်ကျင်သော အပြုအမူများကို ရှောင်ရှားရမည်။ စိတ်ကို တင်းမထားရ။

(၃) အခြားတစ်ပါးသို့ စိတ်မလွင့်ကူးစေဘဲ ဆရာပြောသမျှကို အာရုံစိုက်နားထောင်လိုက်နာရမည်။

(၄) မကြာမီ မိမိအိပ်ပျော်သွားရမည်ဟူသော ဆရာ၏ အကြံပေးချက်များကို ယုံကြည်နေရမည်။

(၅) မိမိကို အိပ်မွေ့ချ ကုသပေးသော ဆရာ၏ မေတ္တာ၊ စေတနာကို ယုံကြည်လက်ခံမှု ရှိရမည်။

(၆) ဆရာ အကြံပေးသမျှကို ဆန့်ကျင်လိုသော အတွေးမျိုးနှင့် မကြုံစည်၊ မစဉ်းစားရ။

(၇) ဆရာ၏ မေတ္တာညို့ဓာတ် စွမ်းအားကို အသာတကြည် ကူးစက်ခံယူနိုင်ရမည်။

(၈) အဆိုးမြင်စိတ်ထားမျိုး မထားရှိဘဲ အကောင်းမြင်ပါဒဖြင့် ခံယူ နှလုံးသွင်းရမည်။

(၉) စိတ်ကို ကြည်ကြည်လင်လင် ထားပြီး လူမှုဒုက္ခ ပြဿနာအခက်အခဲများကို ယာယီမေ့ထားရမည်။

(၁၀) မိမိကိုးကွယ်သည့် ဘာသာတရားအပေါ် အာရုံပြုနေရမည်။

အိပ်မွေ့ချပညာရပ်၌ ဆရာနှင့် တပည့် စည်းကမ်း လိုက်နာပြီး အပြန်အလှန် ယုံကြည်မှုရှိလျှင် လွယ်ကူစွာ အထမြောက်နိုင်ပြီး အောင်မြင်အကျိုးဖြစ်စေမည် ဖြစ်သည်။ အဆုံး၌ ဆရာဖြစ်သူက စည်းကမ်း သမာဓိရင့်ကျက်လာပြီး အတွေ့အကြုံ များလာလျှင် အနီးအဝေး မည်သူကိုဖြစ်စေ ညို့ဓာတ်စိတ်စွမ်းအားဖြင့် လွယ်ကူစွာ အိပ်မွေ့ချသွားနိုင်မည် ဖြစ်ပါသည်။ စိတ်ညို့အိပ်မွေ့ချပညာ ထက်မြက်လာလျှင် ဆေးကုသခြင်းမှ အဘိညာဉ်တန်ခိုး ပေါက်သည်အထိ စွမ်းဆောင်နိုင်မည် ဖြစ်သည်။

❑

အိပ်မွေ့ချပညာဖြင့် စိတ်စွမ်းအားတည်စေခြင်း

စိတ်စွမ်းအား မြဲမြံစေခြင်း

စိတ်ညို့အိပ်မွေ့ချပညာကို အသုံးပြုသည့်အခါ မိမိ၏စိတ်ကို မပျံ့လွင့်စေရန် အာရုံပြုမှုတစ်နေရာတည်း၌ သာ စူးစိုက်မြဲမြံစေရန်လို၏။ စိတ်ကို

www.burmeseclassic.com

ထိန်းချုပ်နိုင်လျှင် အရာရာကိုပြီးမြောက်စေလိမ့်မည်။

မိမိ၏စိတ်ကို ထိန်းချုပ် အုပ်ချုပ်နိုင်ရန် လေ့ကျင့်ယူသည့်အခါ၌ လှည်းအချိန်ယူကာ စိတ်ရှည်စွာဖြင့် တဖြည်းဖြည်း သေးငယ်လွယ်ကူသည့် အရာများမှစ၍ စိတ်ကို လေ့ကျင့်ချုပ်တည်းသွားမည်ဆိုလျှင် မကြာမီကာလအတွင်း လုံးဝ ထိန်းချုပ်အောင်မြင်သွားပါလိမ့်မည်။

စိတ်စွမ်းအား ရင့်သန်စူးစိုက်မြဲမြံစေနိုင်ရန် လေ့ကျင့်နည်းများမှာ-

(၁) စိတ်ကို ဖြေလျှော့၍ တင်ပျဉ်ခွေ ထိုင်လျက်ဖြစ်စေ၊ ပက်လက် အိပ်လျက် အနေအထားနှင့်ဖြစ်စေ၊ ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာ ထိုင်လျက် အနေအထားနှင့် ဖြစ်စေ နေရာယူပြီးလျှင် မိမိ၏ရှေ့တည့်တည့်ကောင်းစွာမြင်နိုင်မည့် မျက်စိရှေ့နားတွင် လင်းလက်တောက်ပသော အရာဝတ္ထု တစ်စုံတစ်ခုကိုထား၍ စိတ်အာရုံစူးစိုက်ကြည့်နေရမည်။ စိတ်ကိုအခြားသို့ မမျှောမလွင့်စေဘဲ စူးစိုက်မြဲမြံနေစေရမည်။

စိတ်စွမ်းအား မုချ ထက်သန်မြဲမြံစေရမည် ဟူသော ယုံကြည်မှုဖြင့်-

"ငါ၏စိတ်ကို ငါထိန်းချုပ်နိုင်ပြီး လောကကြီးတစ်ခုလုံးကို လွှမ်းမိုးအုပ်စိုးချုပ်ကိုင်နိုင်သူ ဖြစ်ရမည်" ဟူ၍ လေ့ကျင့်သွားလျှင် မကြာမီ စိတ်စွမ်းအား ကြီးမားလာပြီး စိတ်စူးစိုက်မြဲမြံသူ ဖြစ်လာပါလိမ့်မည်။

၂။ မိမိစိတ်ဝင်စားသော အလုပ် (သို့မဟုတ်) ဝါသနာပါသော အားကစားတစ်ခုခုကို အခြားသို့ စိတ်မလွှင့်စေဘဲ စလယ်ဆုံး အောင်မြင်ပြီးမြောက်သွားသည်ထိ စိတ်ပါလက်ပါ လုပ်ပေးပါ။ အလုပ်ထဲတွင် စိတ်ဝင်စားစွာဖြင့် အောင်မြင်မှု မရမချင်း နေ့စဉ် မပျက်မကွက် စိတ်ထက်သန်စွာ လုပ်နေခြင်းဖြင့် စိတ်အား ရင့်သန်မြဲမြံလာပါလိမ့်မည်။

၃။ မိမိစိတ်မဝင်စားသော အလုပ်များကို စိတ်အာရုံစိုက်၍ အောင်မြင်ပြီးမြောက်သွားသည်ထိ ကျင့်သားရအောင် လုပ်ပါ။ မသွားချင်သော ခရီးမျိုးကို အကောင်းဆုံးခရီးဖြစ်အောင် ဖန်တီးသွားပါ။

မိမိအတွက် ယခင်က မအောင်မြင်ခဲ့သော အလုပ် (သို့) ခက်ခဲသော ပြဿနာများကို နိုင်နင်းအောင် ကြိုးစားဖြေရှင်းပေးပါ။ မိမိ မကြိုက်သော စာအုပ်များကို အစအဆုံး ပြီးအောင် ဖတ်ပါ။ ဤနည်းဖြင့် စိတ်စွမ်းအားကို တည်ငြိမ်ခိုင်မြဲစေနိုင်သည်။

၄။ ခက်ခဲသော ပဟေဠိ ဂဏန်းသင်္ချာများကို ဖြည့်စွက်ပေးခြင်း၊ တွက်ချက်ပေးခြင်း ပြုလုပ်ပါ။ အချိန်မှန်တရားမှတ်ပါ။ အကျိုးဖြစ်စေမည့် အချိန်ရောက်သည်ထိ သည်းခံစောင့်ဆိုင်းတတ်သော အကျင့်ကို ပျိုးထောင်ပေးပါ။ စိတ်စွမ်းအားစူးစိုက်မှု မြဲမြံခိုင်မြဲလာပါလိမ့်မည်။ ၁၀ ရက် တစ်ကြိမ်တိုး၍ တိုး၍ လေ့ကျင့်သွားနိုင်ပါသည်။

မျက်စိ စူးရှထက်မြက်စေခြင်း

လူသတ္တဝါတို့၏ စူးရှထက်မြက်သော မျက်စိစွမ်းအား တန်ခိုးသည် တစ်ဦးနှင့်တစ်ဦး မတူသကဲ့သို့ တိရစ္ဆာန်အပေါင်းတို့၌လည်း ခြားနားမှုရှိပါသည်။ သတ္တဝါ တစ်မျိုးနှင့်တစ်မျိုး မျက်စိကို ကြည့်၍ ချဉ်းကပ်တတ်၏။ မျက်စိစွမ်းအားကြီးသူက မျက်စိတန်ခိုး အားနည်းသူကို အောင်နိုင်မြဲ ဓမ္မတာဖြစ်လေသည်။

သို့ဖြစ်၍ မျက်စိစွမ်းအားတန်ခိုးကြီးလေလေ ဩဇာရှိနိုင်ဝါကြီးလေ ဖြစ်သည်။ မိမိတို့ အလိုရှိရာကို မျက်စိစွမ်းအားတန်ခိုးဖြင့် လူသတ္တဝါတို့ကို အမိန့်ပေး ဧစခိုင်းနိုင်သည်။ သူတော်ပါး၏ အတွင်းစိတ်အကြံအစည်များကို သိနိုင်သည်။

ထို့ကြောင့် မျက်စိကို စိတ်ဝိညာဉ်၏ လျှို့ဝှက်ချက်များကို ဖွင့်လှစ်ပေးသည့် မှော်မှန်မြောင်းဖြစ်သည်ဟု ဆိုသည်။

ဥပမာ- မျက်စိစွမ်းအားဖြင့် စေ့စေ့ကြည့်သည့်အခါ ကြည့်သူ၏ ဆန္ဒအရှိန်သည် အကြည့်ခံရသူ၏ အတွင်းစိတ်ထဲ ထွင်းဖောက်စိမ့်ဝင်သက်ရောက်သွားကာ မိမိတို့အလိုရှိသည့် စိတ်အလိုဆန္ဒအတိုင်း ပြီးမြောက်စေနိုင်သည်။ မျက်စိစွမ်းအား စူးရှထက်မြက် တန်ခိုးကြီးလာအောင် လေ့ကျင့်နည်းမှာ-

(၁) တောက်ပ အလင်းထွက်သော အရာဝတ္ထုတစ်ခုခုကိုမိမိရှေ့တွင်ထား၍ အာရုံမလွှင့်၊ မျက်တောင်မခတ်စေဘဲ နှေ့စဉ် ကြာကြာစိုက်ကြည့်၍ လေ့ကျင့်နိုင်သည်။

(၂) ဖယောင်းတိုင်မီးကို ဖြစ်စေ၊ နေကို ဖြစ်စေ၊ လျှပ်စစ်မီးအလင်းတစ်မျိုးမျိုးကို ဖြစ်စေ ကြည့်၍ လေ့ကျင့်နိုင်သည်။ နေအလင်းနှင့် ကျွင့်လိုပါက နံနက်နေထွက်စအချိန်နှင့် ညနေနေဝင်ဆည်းဆာအချိန်များတွင် လေ့ကျင့်ရမည်။ နေရင့်သန်နေသည့် အချိန်ကို ရှောင်ကြဉ်ရမည်။ လေ့ကျင့်သည့်အခါ ရက်သတ်မှတ်၍ တဖြည်းဖြည်း အချိန်တိုးပေးသင့်သည်။ ကြာကြာကြည့်နိုင်လေ စိတ်စွမ်းအား စူးရှထက်မြက်လေ ဖြစ်လာလိမ့်မည်။

(၃) မိမိရှေ့တည့်တည့်တွင် အိမ်သုံးမှန်အကြီးတစ်ချပ်ကို ကောင်းစွာ မြင်နိုင်အောင်ထားပြီး မှန်ထဲပေါ်သော မိမိ၏ ရုပ်ပုံတွင် မျက်စိထဲ (သို့မဟုတ်) မျက်စိနှစ်လုံးအကြား နှာခေါင်းရင်းအလယ်တည့်တည့်ကို မျက်တောင်မခတ်ဘဲ စိတ်စွမ်းအား အပြည့်ဖြင့် ကြာနိုင်သလောက်ကြာအောင် စိုက်ကြည့်၍ လေ့ကျင့်နိုင်သည်။ ကျင့်သားရလာလျှင် မျက်စိစူးရှ ထက်မြက်လာပါလိမ့်မည်။

မျက်စိစွမ်းအား စူးရှထက်မြက်စေရန် လေ့ကျင့်သည့်အခါ စိတ်အား ထက်သန်နေရမည်။ ယုံကြည်မှု ရှိရမည်။ ဇွဲ လုံ့လ ဝီရိယ ကောင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ် အချိန်မှန် လေ့ကျင့်နိုင်ရမည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုစူးရှ ထက်မြက်လာအောင် ကြိုးစားအားထုတ်ရမည်။ စိတ်ထဲကလည်း - "ငါသည် တစ်နေ့ထက် တစ်နေ့ စိတ်စွမ်းအား၊ မျက်စိစွမ်းအား ပို၍ ပို၍ ထက်မြက်လာပြီး ငါ၏ မျက်စိသည် အလွန်စူးရှ ထက်မြက်လာပြီ"ဟူ၍ ရွတ်ဆိုလေ့ကျင့်သွားမည်။

အမိန့်အာဏာ တည်စေခြင်း

လူတို့သည် နေ့စဉ်နှင့်အမျှ တွေ့ဆုံကြုံကြိုက်သူများအချင်းချင်း တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ဖြစ်စေ၊ ပရိယာယ် ဝေဝစ်သုံး၍ ဖြစ်စေ၊ မာယာနှင့် လှည့်စား၍ ဖြစ်စေ၊ သွယ်ဝိုက်သောနည်းနှင့် ဖြစ်စေ အမိန့်အာဏာ ပေးခြင်းကို သုံးမှန်းမသိဘဲ အသုံးပြုလျက် ရှိကြလေ၏။

ခေါင်းဆောင်များက နောက်လိုက်များကို၊ အကြီးအကဲက မိသားစုကို၊ မိခင်က သားသမီးများကို၊ အသက်ဝါကြီးသူများက ငယ်ရွယ်သူများကို၊ အလုပ်ရှင်က ဝန်ထမ်းများကို၊ လိမ်လည် လှည့်ဖြားတတ်သူက အလိမ်ခံရသူကို၊ ပစ္စည်းအလိုရှိသူက ပစ္စည်းရှင်ကို၊ ဇနီးက၊ ခင်ပွန်း၊ ခင်ပွန်းက ဇနီးကို မိမိတို့ အလိုရှိသော အရေးအရာများ အောင်မြင်ရရှိလာအောင် အနုအကြမ်း နည်းမျိုးစုံဖြင့် အာဏာကိုအသုံးပြုလျက် ရှိကြသည်။

"ပျောက်စေ"၊ ဟူသော အမိန့်အာဏာကြောင့် ရောဂါပေါင်းမြောက်များကို ပျောက်ကင်းချမ်းသာစေခဲ့၏။ ထပ်ကာတလဲလဲ အမိန့်ပေးခြင်းဖြင့် စိတ်ထဲ၌ အမိန့်ပေးခြင်းကို တည်စေနိုင်ပါသည်။ 'အာဏာရှင်များ မှော်မန္တန် ဆရာများ၊ စုန်းနတ်ပယောဂဆရာများသည် အာဏာတည်ခြင်း အတတ်ကို အသုံးပြုကြသည်။

ခေါင်းဆောင်များသည် အာဏာအတတ်ကို ကောင်းစွာနားလည်၍ အသုံးပြုခဲ့ကြခြင်း ဖြစ်ပေ၏။ အမိန့်အာဏာသည် အရာတိုင်းကို ပြီးမြောက်စေနိုင်ပြီး အမိန့်အာဏာ တန်ခိုး၏ အရှိန်ဩဇာကို စနစ်တကျ အကွက်ဝင်အောင် အသုံးပြုနိုင်ပါက မည်သူ့တစ်ဦးတစ်ယောက်ကမျှ မလိုက်နာဘဲ ငြင်းဆန်နိုင် ဘုမည် မဟုတ်ပါ။

အမိန့်အာဏာသည် 'ဂါထာမန္တန်'ကဲ့သို့ စူးရှထက်မြက်လေ၏။ သို့ဖြစ်၍ တိုင်းနိုင်ငံ အဆင့်ဆင့်ကို စီမံအုပ်ချုပ်မှုပေးရာ၌ အမိန့်အာဏာကို အသုံးပြုတည်စေခြင်းဖြစ်သည်။

ထို့ကြောင့် အမိန့်ပေးခြင်း အတတ်ကို နားလည် အသုံးချတတ်ပါက စိတ်ညို့အိပ်မွေ့ချ၍ အမိန့်ပေးညွှန်းချက်ပြုခြင်းကို နိုင်နင်း အောင်မြင်စေမည် ဖြစ်ပါသည်။ အသံထွက်နှင့် ဖြစ်စေ၊ စိတ်ထဲမှဖြစ်စေ အမိန့်ပေးဆွဲငင်ယူနိုင်ရန် လိုအပ်လှပါသည်။

အာဏာတည်စေရန် အားထုတ်ခြင်း

အမိန့်အာဏာပေးရာ၌ စိတ်ကူးစိတ်သန်းသည် လွန်စွာအရေးကြီးပေ၏။ အမိန့်ပေးခံရသူ ထင်မြင်ယုံကြည်လိုက်နာလာစေရန် စိတ်ကူးစိတ်သန်း၏ အရှိန်ဩဇာသည် လွန်စွာအရေးကြီးသည်။ အမိန့်အာဏာပေးသူက စိတ်ကူးစိတ်သန်း ကောင်းလေလေ သက်ရောက်မှုဩဇာ ကြီးမားလေလေ ဖြစ်သည်။ မိမိ၌ တန်ခိုးအာဏာတိုးတက်လာပါလိမ့်မည်။ လူပုဂ္ဂိုလ်များနှင့် ရင်ဆိုင်စကားပြော၊ဆိုသည့်အခါ ပုဂ္ဂိုလ်၏ မျက်နှာကို ကြည့်၍ ပြောဆိုရမည်။ ချက်ကောင်း ရောက်လာသည့်အခါ ထိုပုဂ္ဂိုလ်၏ မျက်စိနှလုံးကြား နှာခေါင်းရင်းကို စိုက်ကြည့်ပြီး အောင်စေရမည်ဟူသော ညို့ဖျဲတော်သွင်း၍ ပြောရမည်။ ထိုအခါ စိတ်ချင်းမျှတ ညီညွတ်သွားပြီး မိမိ၏ အာဏာတည်စေ၍ ရည်မှန်းချက် အောင်မြင်စေကာ လိုရာဆန္ဒပြည့်ဝသွားရပါလိမ့်မည်။ ❑

အိပ်မွေ့ချပညာဖြင့် ရောဂါဝေဒနာ ပျောက်ကင်းစေနိုင်သည်

စိတ်ညို့အိပ်မွေ့ချပညာ၏အကျိုး

ဓာတ်ပေါင်းအမျိုးမျိုးနှင့် ဖွဲ့စည်းထားသည့် သဘာဝဓာတ် လောကကြီးထဲတွင် အလွန်စွမ်းအားကြီးမားလှသော ကောင်းကျိုး၊ ဆိုးကျိုး အမျိုးမျိုးကို ဓာတ်ပြောင်းလဲမှုဖြင့် ဖြစ်ပေါ်စေနိုင်သည်။

ထို့အတူ ကျင့်ကြံအားထုတ်ယူခြင်းဖြင့် ရုပ်ဓာတ်နှင့် စိတ်ဓာတ်ကိုလည်း အဆိုးအကောင်း ပြောင်းလဲသွားစေနိုင်၏။ သို့ဖြစ်၍ စိတ်ညို့အိပ်မွေ့ချပညာကို အကောင်းအတွက် အကျိုးဖြစ်စေရန် ၌သော်လည်းကောင်း၊ အဆိုးအတွက် အမြစ်ဖြစ်စေရန်သော်လည်းကောင်း အမျိုးမျိုး အဖုံဖုံ ထည့်လဲအသုံးပြုနိုင်သော ပညာရပ်ဖြစ်သည်။

လူသတ္တဝါ အပေါင်းတို့သည် ညို့ဓာတ်သဘောကို မသိကြသော်လည်း နေ့စဉ် အနည်းနှင့်အများ အသုံးပြုနေကြရ၏။

ဥပမာ- ဈေးသည်က ဈေးဝယ်သူကို မိမိပစ္စည်း မဝယ်ချင်လျှင် ဝယ်ချင်စိတ်ဖြစ်လာအောင် စိတ်နှင့် ညို့ဓာတ်သွင်း၍ စကားဖြင့် ပြောဆိုရောင်းနေခြင်းသည် ဆရာဖြစ်သူက တပည့်ကို ညို့ဓာတ်သွင်း၍ နှုတ်ဖြင့် အမိန့်ပေးစေခိုင်းနေခြင်းနှင့် သဘောခြင်းအတူတူ ဖြစ်လေသည်။

မသိဘဲ လုပ်နေခြင်းနှင့် သိ၍ လုပ်နေခြင်းသာ ကွာခြားမှုရှိသည်။

မိဘက သားသမီးများကို လိမ္မာလာအောင် ညို့ဓာတ်သွင်း၍ နှုတ်ဖြင့် ဆိုဆုံးမပြောဆိုကြသလို အကြီးအကဲက နောက်လိုက်များကို၊ ဆရာက တပည့်များကို၊ အလုပ်ရှင်က လုပ်သားများကို၊ နောက်လိုက် သားမြေးတပည့်များက မိမိတို့ အလိုရှိသောအရာကို ရရှိလာ

www.burmeseclassic.com

www.burmeseclassic.com

အောင် မိဘ၊ ဆရာ၊ အကြီးအကဲများကို စိတ်ဖြင့် ညွှတ်ဖော်သွင်း၍ အမူအရာ၊ နှုတ်စကားဖြင့် တောင်းဆိုနေကြသည်မှာ ညွှတ်ဖော်ကို တကယ်ထိထိရောက်ရောက် အသုံးပြုနေကြခြင်းဖြစ်သည်။

တိရစ္ဆာန်မျှ...သည်း ညွှတ်ဖော်ရှိသည်။ စပါးကြီးမြွေသည် ညွှတ်ဖော်ကို အသုံးပြု၍ အစာများအလိုလို ပါးစပ်ထဲဝင်လာအောင် ညွှတ်ယူဖမ်းစားတတ်သလို ကျား၊ ခြင်္သေ့မျှားသည်လည်း သားကောင်များကို မပြေးနိုင်အောင် ညွှတ်ထားပြီး ဖမ်းစားတတ်ကြသည်။

ညွှတ်ဖော်၏ သဘောသည် လွန်စွာကျယ်ပြန့် အသုံးပြုနေကြပေမယ့် လူတွေ သတိမထားမိသော ပညာရပ်ဖြစ်သည်။

ထိုအစွမ်းထက်သော ညွှတ်ဖော်ကို လေ့ကျင့်ယူပြီး အသုံးချနိုင်ပါက စိတ်ညွှတ်အိပ်မွေ့ချ၍ မကောင်းသော ဒုစရိုက်အပေါင်းမှ ကယ်တင်နိုင်၏။ မကောင်းသော ဉာဏ်အကျင့်ဆိုးများကို ပယ်ဖျောက်စေနိုင်၏။ ကျန်းမာရေးမကောင်းသူကို ကျန်းမာရေးကောင်းလာအောင် ကုသပေးနိုင်၏။ စိတ်စိုင်းဆိုင်ရာ မူမမှန်ခြင်းကို တည့်မတ်ပေးနိုင်၏။

စာပေလောက၊ အနုပညာလောက၊ နိုင်ငံရေးလောက၊ စီးပွားရေးလောက၊ သိပ္ပံပညာလောက၊ အားကစားလောက၊ ပညာရှင်လောကသားများကို ပါရမီ ဉာဏ်အရည်အသွေးပိုမိုထက်မြက် မြင့်မားလာအောင် ပါရမီဉာဏ် ထပ်ပေးနိုင်၏။ ထူးချွန်လာအောင် စွမ်းဆောင်ပေးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ စိတ်ညွှတ်အိပ်မွေ့ချ ပညာကို အသုံးပြုပြီး မကောင်းသော အမှုကို မပြုလုပ်ကြဘဲ သူတစ်ပါးအကျိုးယုတ်စေမည့် ကိစ္စများကို ရှောင်ကြဉ်၍ လူသတ္တဝါအားလုံး၏ အကျိုးအတွက် မေတ္တာစိတ်ဖြင့် အသုံးပြုကြရမည် ဖြစ်သည်။

အိပ်မွေ့ချကုသနိုင်သော ရောဂါများ

စိတ်ညွှတ်အိပ်မွေ့ချ ပညာဖြင့် ရောဂါကုသရာတွင် စိတ်ပိုင်းဆိုင်ရာ ဝေဒနာနှင့် ရုပ်ပိုင်းဆိုင်ရာရောဂါတူ၍ နှစ်မျိုး ရှိလေ၏။ ထိုစိတ်ပိုင်းဆိုင်ရာ ဝေဒနာများထဲတွင် -

(၁) စိတ္တဇရောဂါများ၊ စကား ဆွံ့အခြင်း၊ ချို့ယွင်းမှုမရှိဘဲ နားမကြားခြင်း၊ မျက်စိမမြင်ခြင်း၊ နောက်ကြောင်းမေ့သွားခြင်း၊ လေဖြတ်သလို ဖြစ်ခြင်း၊ အလိုလို ဝက်ရူးပြန်သလို တက်နေတတ်ခြင်း၊ ဘဝဟောင်း ပျောက်ပြီး ဘဝသစ်တစ်ခုထဲ ဖန်တီးရောက်နေကာ မကြာခဏ သတိလက်လွတ်ဖြစ်သွားခြင်း၊ ကိုယ်ခန္ဓာ ရောဂါမရှိဘဲ ရောဂါခံစားနေတတ်ကာ တစ်ကိုယ်လုံး ထုံကျဉ်နာနေတတ်ခြင်း၊ ငိုငိုရယ်ရယ် ဖြစ်တတ်ခြင်း အစရှိသော စိတ်ရောဂါများကို ကုသပျောက်ကင်းစေနိုင်သည်။

(၂) စိတ်ရောဂါအနုစားထဲမှ စိတ်စွဲရောဂါအမျိုးမျိုး၊

(၃) စိုးရိမ်လွန်ပြီး တစ်ခုခု စွဲကပ်လာမည်ကို ကြောက်ပြီး လက်ကို မကြာခဏ ဆေးကြောတတ်သော ရောဂါမျိုး အစရှိသော စိတ်ရောဂါများကို စိတ်ညွှတ်အိပ်မွေ့ချပညာက ကောင်းစွာကုသပျောက်ကင်းစေနိုင်သည်။

ရုပ်ပိုင်းဆိုင်ရာ ရောဂါများထဲတွင် စိတ်ညွှတ်အိပ်မွေ့ချ၍ လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများသည် ကလေးများ အိပ်ရာထဲ ဆီးသွားခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ အကြောဆွဲ တုန်တုန်ရီရီ ဖြစ်ခြင်း၊ အစွဲကြောင့် အိပ်မပျော်ဖြစ်ခြင်း၊ စကားထစ်အခြင်း၊ အသက်ရှူမဝခြင်း၊ ခံတွင်းပျက်ခြင်း၊ ရုတ်တရက်သတိမေ့ခြင်း၊ မီးယပ်မမှန်ခြင်းများနှင့် လိင်စိတ်ကုန်ခန်းနေခြင်း၊ ယောကျ်ား မိန်းမ မပီသခြင်း၊ ခေါင်းတစ်ခြမ်း ကိုက်ခြင်း၊ ခြေလက်များ တောင့်တင်းနေခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ အရက်စွဲ ဘိန်းစွဲ ဆေးဝါးစွဲခြင်းများကို ကုသပေးနိုင်သည်။

ထို့ပြင် စိတ်နှင့်ရုပ် ဆက်စပ်နေသော ရောဂါများကိုလည်း ကုသပျောက်ကင်းစေနိုင်သည်။

ဥပမာ- အာသက်ရှူမမှန်ခြင်းကို မှန်စေနိုင်သည်။ သွေးခုန်နှုန်းကို နှေးစေမြန်စေနိုင်သည်။ ပူသော ကိုယ်ခန္ဓာကို အေးစေနိုင်ပြီး အေးသော ကိုယ်ခန္ဓာကို ပူစေနိုင်သည်။ ဆီးဝမ်းနှင့် မီးယပ်ကို မှန်စေနိုင်ခြင်းများကို ဆောင်ကြဉ်းပေးနိုင်သည်။

ယုံကြည်မှုကို အခြေခံ၍ ရောဂါအမျိုးမျိုးကို ကုသပေးနိုင်သည်။ ရောဂါတစ်မျိုးမျိုး စွဲကပ်နေသော လူနာကို စိတ်ညွှတ်အိပ်မွေ့ချ၍ ညွှန်ချက်ပေးကာ မိမိခံစားနေရသော ရောဂါတစ်နေ့ထက်တစ်နေ့ သက်သာပျောက်ကင်းလာပြီး မကြာမီ လုံးဝကင်းရှင်းပျောက်ကင်းသွားရမည်ဟူ၍ အပြည့်အဝ ယုံကြည်လာသည်အထိ အကြံပေးထားလျှင် အကြံပေးခံရသော အတွင်းစိတ်က ရောဂါပျောက်မည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်စေပြီး ရောဂါပျောက်ကင်းသွားစေလိမ့်မည်။

ဥပမာ- ကင်ဆာအကျိတ်ထွက်နေသူကို စိတ်ညွှတ်အိပ်မွေ့ချ၍ ဤဆေးကို မှန်မှန်စားနေရင်း (သို့) ဤဆရာဝန်နှင့် ကုသနေရင်း ကင်ဆာအကျိတ် ပျောက်သွားရမည်ဟု ယုံကြည်လာအောင် ညွှန်ချက်ပေးထားခြင်းဖြင့် ယုံကြည်မှုကို အခြေခံ၍ ရောဂါသက်သာ ပျောက်ကင်းသွားတတ်သည်။

ယုံကြည်မှု ထက်သန်သူများဖြစ်လျှင် အိပ်မွေ့မချဘဲ ဆရာဝန်က ဒီဆေးကိုထိုးပြီး မကြာမီ ရောဂါပျောက်ကင်းလိမ့်မယ်လို့ အကြံပေးလိုက်ရုံမျှနှင့် ရောဂါပျောက်ကင်းသွားသူများ ရှိပါသည်။

သို့ဖြစ်၍ စိတ်ညွှတ်အိပ်မွေ့ချ ပညာသည် ရောဂါကုသရာ၌လည်း ဉာဏ်ရှိသလို ခွဲထွင်အသုံးပြုနိုင်သော ပညာရပ်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်ဆန်းများ

စိတ်ညို့အိပ်မွေ့ချ ပညာဖြင့် အဝေးကလူနှင့် ဆက်သွယ်စကားပြော နိုင်သည်။ စိတ်ချင်း ဆက်သွယ်၍ သတင်းအချက်ပေးနိုင်သည်။

စိတ်ချင်း ဆက်သွယ်သည့်အခါ သတင်း လက်ခံမည့်သူသည် သက်သောင့်သက်သာ အနားယူနေချိန်၊ အိပ်ခါနီးအချိန်၊ မှိန်းနေသည့်အချိန်၊ စိတ်ဝင်စားမှုမရှိသည့် အချိန်များ ဖြစ်ရပါမည်။ အထူးသဖြင့် စိတ်အားလပ်သည့် အချိန်မျိုးတွင် ဆက်သွယ်ရေးလိုင်းများကို လက်ခံရရှိတတ်ပါသည်။

လူတွေဟာ တစ်ခါတစ်ရံ ဦးနှောက်လိုင်းထဲက ထွက်လာတဲ့ လျှပ်စစ်အလင်းရောင်ကို မြင်ရတတ်သည်။ ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်မျိုးစုံကို ဝက်ရူးပြန်ရှိသူနှင့် စိတ်ဓာတ်နာ အနုစားရှိသူများ၌ ပို၍ထင်ရှားတတ်ပြီး စာသံနှင့် ပြောရလျှင် AURA ဟုခေါ်ကြသည်။ ထူးထူးခြားခြား အမြင်ရခြင်း၊ အကြားရခြင်း၊ အနံ့ရခြင်းများနှင့် ရှုပ်ထွေးနေတတ်ပါသည်။

အဝေးရောက်နေသူ၏ အသံကြားရခြင်း၊ တံခါးလာခေါက်သံကြားရခြင်း၊ စိတ်ထဲက ခံစားလိုက်ခြင်း စသည်တို့သည် အဝေးရောက်သူ၏ သတင်းပို့ခြင်းကို စိတ်ချင်းဆက်သွယ်မိသဖြင့် မမျှော်လင့်ဘဲ သိလိုက်ရသော အချက်များဖြစ်သည်။

သေဆုံးခါနီး ပုဂ္ဂိုလ်များ၏ စိတ်တန်ခိုးသည် သာမန်အချိန်ထက် ပိုထက်မြက်နေတတ်ပြီး ဆက်သွယ်မှု ပိုရှိတတ်ပါသည်။

ဤသို့ ဆက်သွယ်ရာ၌ ချစ်ခင်ရင်းနှီးသူ အချင်းချင်း (သို့) စိတ်သဘောချင်း တိုက်ဆိုင်သူအချင်းချင်း ဖြစ်လျှင် ပိုမိုလွယ်ကူနိုင်ပြီး အာရုံချင်းတူညီသော ပါရမီမိတ်ဖက်ဖြစ်ပါက အထူးအောင်မြင်တတ်သည်။

တချို့က အချိန်တစ်ခုကို ကြိုတင်သတ်မှတ်ထားပြီး စိတ်ချင်းဆက်သွယ် သတင်းပေးခြင်းကို လေ့ကျင့်ပြုလုပ်တတ်ကြပါသည်။

CLAIRVOYANCE

စိတ်ညို့အိပ်မွေ့ချ ပြီး အမြင်ဖွင့်ပေး၍ အကြည့်ခိုင်းလျှင် သာမန်မျက်စိနှင့် မမြင်နိုင်သော အရာများကို မြင်လာနိုင်မည်။ ပိတ်ထားသည့် စာအိတ်ထဲက စာကို ဖတ်နိုင်သည်။ အိတ်ကပ်ထဲက ပိုက်ဆံကို ရေတွက်ပြနိုင်သည်။ အကြားအမြင် ပေါက်ခြင်းသည် မိမိကိုယ်ကို အိပ်မွေ့ချခြင်းဖြစ်သည်ဟု သိပ္ပံပညာက ဆိုထားလေ၏။

နဂိုပါရမီအခံ ကောင်းသူများကို စိတ်ညို့အိပ်မွေ့ချထားပြီး လူနာ၏ ခန္ဓာကိုယ်ကို ကြည့်ခိုင်း၍ ရောဂါရှာဖွေနိုင်သည်။ ထို့ပြင် အခြားလူတစ်ယောက်၏ အကြံအစည်ကို ဖတ်နိုင်သည်။ မည်သည့်အရပ်တွင် ထူးထူးခြားခြား ဘာတွေ ဖြစ်တော့မယ်၊ ဘာတွေဖြစ်နေတယ် စသည်ဖြင့် အမြင်ပေါက်သူများ ရှိတတ်သလို တစ်ခါတစ်ရံ မိမိတို့ကိုယ်တိုင်လည်း ဒါတော့ဖြစ်တော့မယ်ထင်တယ်ဟူ၍ ကြိုတင်အကြားအမြင်ရနေတတ်သည့် အခါမျိုးမကြာခဏ ဖြစ်တတ်ပါသည်။

ဖြစ်ရပ်ဆန်းကို သုံးသပ်ခြင်း

လူတွေ၌ ထူးခြားသော ဂုဏ်သတ္တိများရှိလေ၏။ လက်ဖက်ရည်ခွက်ထဲ အာရုံနှင့်ကြည့်ပြီး ရှေ့ဖြစ်နောက်ဖြစ် အစုံစုံကို မြင်နိုင် ဟောပြောနိုင်သူများရှိသလို နှစ်ပေါင်းများစွာကို ကြိုတင်ဟောကိန်းထုတ်နိုင်သူများလည်း ရှိကြသည်။

ထိုသို့ ဖြစ်လာရသော ဖြစ်ရပ်ဆန်းများသည် မတော်တဆ တိုက်ဆိုင်၍ ဖြစ်လာရခြင်း မဟုတ်ဘဲ အဆိပ်မပါသော မင်းကွတ်သီးနှင့် သကြား ဆုံမိလျှင် အဆိပ်မတက် ပေါ်ထွက်သကဲ့သို့ ရုပ်တက်နှင့် မနောစိတ်တက် ပေါင်းစည်းဖွဲ့ဖြိုးလာသည့်အခါ ဦးနှောက်ထဲက အသိအမြင်တရား ဖြစ်ပေါ်လာစေခြင်းမျိုး ဖြစ်သည်။

ထိုအသိအမြင် တရားတွင် အတိုင်းအတာတစ်ခုထိ ပြည့်စုံသွားလျှင် ထူးကဲသော အကြားအမြင် အသိများ ပိုမို အစွမ်းထက်မြက်လာတတ်သော သဘောရှိသည်။

စိတ်ညို့အိပ်မွေ့ချပညာသည် လူတွေရဲ့ ထူးခြား ထူးဆန်းသော သတ္တိထူးများကို ဖော်ထုတ်ပြီး အကျင့်စာရိတ္တ ပြုပြင်ပေးခြင်း၊ ဆေးဝါး ကုသပေးခြင်း ရုပ်နှင့် စိတ်စွမ်းအား ထက်မြက်လာစေခြင်းနှင့် လူမှုပြဿနာ အခက်အခဲများကို ဖြေရှင်းပေးခြင်း အစရှိသော ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်သော မဟာပညာရပ်တစ်ပါး ဖြစ်လေသည်။

အောင်ဘုန်းမြင့် (ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

သစ်စေ့ရုပ်ကြွင်းနှင့် စိတ်ဝင်စားဖွယ်ရာများ

ဆရာကြီး ဦးအောင်မြိုင်

ကျောက်ဖြစ်သစ်စေ့ရုပ်ကြွင်းများကို သွေးယူရရှိသော အဆောင်ကျောက်မျက်များ



စမ်းချောင်းထဲမှ ရရှိခဲ့သည့် သစ်စေ့ရုပ်ကြွင်းကျောက်



အကောင်းဟုတိုနီးပါးတွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းသစ်စေ့ငယ်များ

'အင်ကြင်းကျောက်' ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်ရရှိခြင်း၊ တရုတ်ပြည်သို့ ရောင်းစားခြင်း၊ နွားထိုးကြီး ဒေသတွင် ကျောက်အချောထည်များ ပြုလုပ်ရောင်းချခြင်း ဆိုသည့် သတင်းများကို မကြာခဏ ဖတ်ရှုသိရှိခဲ့ရပါသည်။ သို့သော် သစ်သီးကျောက်ဖြစ်ရုပ်ကြွင်းများအကြောင်းနှင့် သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းများအကြောင်းကိုတော့ သတင်းစာ၊ ဂျာနယ်များတွင် မဖတ်ရှုရပါ။

၂၀၁၅ ခုနှစ်အတွင်းက ကျွန်ုပ်ဇနီး၏ မောင်ဖြစ်သူကို ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်နှင့် ဖားအံခရိုင် တောတောင်များအတွင်း ထူးဆန်းသော ကျောက်များ၊ ဂန္ဓိရပစ္စည်းများ ရှာဖွေရန် စေခိုင်းခဲ့ပါသည်။ ထိုခရီးစဉ်အတွင်း ရှာဖွေတွေ့ရှိခဲ့သော ကျောက်ဆန်းများ၊ ဂန္ဓိရပစ္စည်းများအနက် သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းအကြောင်း ဖော်ပြပေးချင်ပါသည်။

ဖားအံခရိုင်၊ ဝဲပျံတောင်၊ စမ်းချောင်းအတွင်းမှ တွေ့ရှိကောက်ယူခဲ့သော အညိုရောင်သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းမှာ မည်သည့်သစ်စေ့မှန်း မသိရပါ။ အခွံနှင့် အစေ့ ဟူ၍ သီးခြားမရှိပါ။ အလွန် မာကျောပါသည်။ ကျောက်မျက်ရတနာ အချောထည်သွေးသော စက်ဖြင့် သွေးယူသောအခါ အလင်းမှုန် သစ်စေ့ရုပ်ကြွင်းကျောက်တစ်လုံး ဖြစ်လာပါသည်။

ထို့ပြင် ဖာပွန်ခရိုင်အတွင်း ကမောင်းဒေသ တောင်ပိုရာမှ တွေ့ရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်း သစ်စေ့ငယ်များမှာ အခွံဖြင့် ဖုံးအုပ်နေသည်။ မည်သည့်သစ်စေ့မှန်း မသိပါ။ အချို့မှာ ဝါတာတာ၊ အချို့မှာ ညိုညို၊ အချို့မှာ မီးခိုးရောင်၊ အချို့မှာ စိမ်းဖန့်ဖန့်၊ အချို့မှာ ပြာတာတာ အရောင်စုံလှပါသည်။ အများအားဖြင့် ပိုးထိုးထားသည်။

ထိုကျောက်ဖြစ်ရုပ်ကြွင်း သစ်စေ့များကို ကျောက်မျက်ရတနာ အချောထည်သွေးသော စက်ဖြင့် သွေးယူလိုက်သောအခါ အချို့က ရေခဲရောင်၊ အချို့က အနက်ရောင်၊

www.burmeseclassic.com

www.burmeseclassic.com

အချို့က ဝါတာတာ၊ အချို့က ကျားကျား၊ အချို့က စိမ်းဖန့်ဖန့်၊ အချို့က ပြာတာတာ၊ အချို့က မီးခိုးရောင် အလင်းမှုန်လှုပ်ပြောင်လက်သော ကျောက်မျက်များ ရရှိခဲ့ပါသည်။

နှစ်သန်းပေါင်းများစွာကြာပြီးမှ ဖြစ်ပေါ်လာရသော ကျောက်ဖြစ်ရုပ်ကြွင်း သစ်စေ့ကျောက်များ၏ တန်ဖိုးကို သတ်မှတ်နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်အနေဖြင့် ထိုသစ်စေ့ရုပ်ကြွင်း ကျောက်မျက်များကို ဝဋ္ဌီရပညာဖြင့် သိဒ္ဓိတင်ထားပါသည်။ ပရိတ်ကြီး ၁၁ သုတ်ကို နေ့စဉ်မနက် ၉ ခေါက်၊ ည ၉ ခေါက်၊ ၉ ရက် ရွတ်ပွားပူဇော်ခြင်းဖြင့်သာ သိဒ္ဓိတင်ခြင်း ဖြစ်သည်။

နှစ်ပေါင်းများစွာ မယွက်မဖီး တည်ရှိနေသော သစ်စေ့ရုပ်ကြွင်းသည် အသက်ရှည်စေခြင်း၊ အလုပ်အကိုင်နှင့် စီးပွားဥစ္စာ ခိုင်မြဲစေခြင်း၊ အိမ်ထောင်ရေး သာယာခိုင်မြဲစေခြင်း၊ ငွေဝင် ခိုင်မြဲစေခြင်း၊ အိုးအိမ်မြို့ရွာ၊ နေရာ ဌာန ခိုင်မြဲစေခြင်း စသည့် အကျိုးထူးများ ရရှိစေနိုင်ပါသည်။

စာဖတ်ပရိသတ်များအနေဖြင့် အကြောင်းအားလျော်စွာ သစ်စေ့ရုပ်ကြွင်းများ ရရှိခဲ့လျှင် အကျိုးရှိအောင် အသုံးချနိုင်ကြပါစေ။

ဆရာကြီးဦးအောင်မြိုင်

❑

ဆရာဦးပိုင်ဇေအောင် (ဝိဇ္ဇာဘွဲ့)

လက္ခဏာဗေဒင်ဟောခန်း

တိုက် (၄၀)၊ အခန်း (B-1)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဝဝ-၅၀၉၃၀၉၁၊ ဝဝ-၇၃၁၄၇၀၂၄၊ ဝဝ-၂၅၀၇၇၃၆၃၆

- ပြည်ပ နိုင်ငံခြား ပညာသင် ရွေးချယ်ခံရဖို့။
- ပြည်ပ သွားရောက်လုပ်ကိုင်ခွင့် စာမေးပွဲကို အမှတ်များများရရှိအောင်မြင် ရွေးချယ်ခံရစေဖို့။
- နိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံးရောက်လာစေဖို့။
- မိမိသွားဖို့ လျှောက်ထားသော (သို့) ရည်မှန်းထားသော ပြည်ပနိုင်ငံကို အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ အမြန်ဆုံးသွားရစေဖို့။
- ပြည်ပ နိုင်ငံခြား ရောက်ရှိနေသူ အမြန်ဆုံးပြန်လာစေဖို့။

● နိုင်ငံခြား သင်္ဘောသားသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံးတက်ရဖို့ ● နိုင်ငံခြား သင်္ဘောသားဟောင်းများ လိုင်းကောင်း၊ သင်္ဘောကောင်းမှာ လစာကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့ ● နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေပြီး ဘေးရန်ကင်း ကျန်းမာစွာဖြင့် စာချုပ်သက်တမ်းပြည့်သည်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့ ● နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုး (ရေးဖြေ၊ လက်တွေ့) စာမေးပွဲများ အခက်အခဲမရှိ တစ်ကြိမ်တည်းနဲ့ ဖြေဆိုအောင်မြင်ဖို့။ [နည်းလမ်းကောင်းများရှိပါတယ်]

www.burmeseclassic.com



ဆီးချို သွေးချိုနှင့် ဓာတ်စာ

ဒေါက်တာ လွင်သန့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ကမ္ဘာ့ဆီးချို နေ့ဟာ နိုဝင်ဘာလ (၁၄)ရက်နေ့ ဖြစ်ပါတယ်။ ဆီးချို အကြောင်း လူတိုင်းလိုလို ကြားဖူးကြရာမှ ဆီးချို အမျိုးအစား (၁) အင်ဆူလင်ကို မှီခိုတဲ့ရောဂါနဲ့ ဆီးချို အမျိုးအစား(၂) အင်ဆူလင် မမှီခိုတဲ့ ဆီးချိုရောဂါ ဆိုပြီး ရှိတယ်။

ပန်ကရိယ (မုန့်ချိုအိတ်) (Pancreas) ထဲမှ ဆီကာဆဲလ် အမျိုးအစားက သွေးထဲမှာရှိတဲ့ အချိုဓာတ်ကို မရယူနိုင်လို့ (တစ်နည်း) လုံလောက်တဲ့ ဆဲလ်အရေအတွက် မရှိလို့ (တစ်နည်း) ဘီတာဆဲလ်များ အလုပ်မလုပ်တော့လို့ ဆီးချို သွေးချို ရောဂါဆိုပြီး ဖြစ်ပွားလာတယ်။

ဆီးချိုအမျိုးအစား (၁)

အင်ဆူလင်ကို အသက်(၃၅)နှစ်အောက် လူတွေမှာ ဖြစ်ပွားမှုများတာ တွေ့ရတယ်။ ရောဂါဖြစ်ပွားမှု လျင်မြန်ပြီး အင်ဆူလင် ပမာဏ အလွန်နည်းပါးတယ်။ တစ်ခါတစ်ရံ အင်ဆူလင် မရှိသလောက်ပဲ။ ဆီးချိုပြင်းထန်ရင် သတိလစ်မေ့မြောတဲ့အထိ ဖြစ်နိုင်ပြီး အသက်အန္တရာယ် ထိခိုက်နိုင်ပါတယ်။

မိဘမျိုးရိုးရှိရင် ကလေးဘဝမှာကတည်းက ဆီးချို တွေ့ရနိုင်တယ်။ အပြင်ကနေ အင်ဆူလင် ထိုးပေးပြီး ခန္ဓာကိုယ်တွင်းက အချိုဓာတ်ကို ထိန်းညှိပေးနိုင်တယ်။ (တိရစ္ဆာန် ပန်ကရိယမှ အင်ဆူလင် စီမံထုတ်လုပ်တာ ဖြစ်တယ်)

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုအမျိုးအစား (၂)

အင်ဆူလင်က ခန္ဓာကိုယ်ရှိ ပန်ကရိယနေ ထုတ်ပေးတယ်။ လုံလောက်တဲ့ အရေတွက်မရဘူး၊ အင်ဆူလင် ထုတ်ပေးဖို့ လှုံ့ဆော်တဲ့ မက်ဖော်မင် (Metjurmm 500 mg) တစ်နေ့ တစ်ကြိမ် နှစ်ကြိမ်ကို အမြဲသောက်ပေးမှ အင်ဆူလင်က ခန္ဓာကိုယ်ထဲက သကြားဓာတ်ကို ပြန်လည်အသုံးချနိုင်တယ်။

ဆီးချိုလက္ခဏာများမှာ ဆီး မကြာခဏသွားခြင်း၊ ရေငတ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ကိုယ်အလေးချိန် လျော့ကျခြင်း၊ ဗက်တီးရီးယား အလွယ်တကူ ဝင်ရောက်ခြင်းကို ခံနိုင်ရည် မရှိခြင်းတို့ ဖြစ်တယ်။

ရောဂါ မကုဘဲထားရင် သွေးထဲက သကြားဓာတ် အလွန်အကျွံများလာကာ ရေရှည်မှာ သွေးကြောများ ပျက်စီးစေတယ်။ နောက်ဆက်တွဲ ဆိုးကျိုးများအနေနဲ့ မျက်စိကွယ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ခြင်းတို့ ဖြစ်လာနိုင်ပါတယ်။

ရောဂါရှာဖွေရာမှာ သွေးထဲက သကြားဓာတ်ကို သွေးဖောက် စစ်ဆေးပြီး သိရှိနိုင်တယ်။ အမျိုးစား(၂) ဆီးချိုက ဆီးထဲက သကြားဓာတ် စမ်းသပ်နိုင်တယ်။ သွေးဖောက် စစ်ဆေးလို့လည်း ရတယ်။

စားသောက်မှု ပုံစံအနေနဲ့ ဆီးချိုလူနာဟာ အဆီ၊ အသားနှင့် သကြားဓာတ်ပါဝင်တဲ့ အစားအစာများ မှုမှုတတ စားဖို့ အရေးကြီးတယ်။ အသီးအနှံ ဟင်းသီးဟင်းရွက်မှာ ပါဝင်တဲ့ သကြားက ကောင်းမွန်ပါတယ်။ ကိုယ်အလေးချိန် တက်ခြင်း လျော့ချဖို့လည်း အရေးကြီးပါတယ်။

ဆီးချိုရှိရင် သကြား စားလို့က စားနိုင်တယ်။ အလွန်အကျွံ မစားသင့်ပါ။ အနည်းငယ်ထည့်ပြီး စားနိုင်တယ်။ စားသောက်မှုပုံစံမှာ ဆီးချိုဆေးသောက်ပြီး သကြားဓာတ်နည်းသွားလို့ သကြားလုံး၊ အချိုသားရေစာမျိုး ဆောင်ထားရတဲ့အဖြစ် ကြုံဖူးမှာပါ။ ကျန်းမာအောင် ချိန်ညှိစားသုံးသင့်ပါတယ်။ အချိုမှုန့်၊ ကြက်သားမှုန့် လုံးဝ မစားသောက်သင့်ပါ။ သကြားတု၊ ဆေးသကြား စားသောက်နိုင်တယ်။ ပါဝါအားဖြည့် အချိုရည်ဘူး၊ ဘီယာ၊ အရက်တို့ ရှောင်ရှားသင့်တယ်။ ရေဆာရင် ရေပဲ သောက်သင့်တယ်။ ဘီယာ အချိုရည် မသောက်သင့်ပါ။

ဆီးချိုရောဂါ နည်းနည်းလေးရှိတာပါ ဆိုတာ ကိုယ်ဝန်နည်းနည်းလေးရှိတာပါလို့ ပြောတာနဲ့တူနေတယ်။ နည်းနည်းရှိခြင်းဟာ နောင်များများရှိဖို့ လမ်းစပဲဖြစ်တယ်။ ကနဦးစကတည်းက ဆေးနဲ့အစာ နိုင်နိုင်နင်းနင်း ကုသထားရင် ဆီးချိုအရင့်စား မဖြစ်တော့ဘူး။ ဆီးချိုရောဂါဟာ အစာ၊ ဆေးမှန်မှန်မှီဝဲရင် သက်တမ်းစေ့နေနိုင်တဲ့ ရောဂါလည်းဖြစ်လို့ ဆီးချို ဝင်လာပြီဆိုရင် အစားအသောက် အနေအထိုင် မှန်အောင် ဂရုစိုက်တဲ့နည်းနဲ့ ထိန်းထားလို့ရပါတယ်။

နေကောင်းနေတာပဲ၊ ဆီးချိုပူစရာ မလိုပါဘူး၊ မဖြစ်သင့်ပါ။ သွေးအတွင်း သကြားဓာတ်များခြင်း၊ နည်းပါးခြင်းတို့ကြောင့် အခါခပ်သိမ်း သိသိသာသာ လက္ခဏာများ ပြသလိမ့်မှာတော့ မဟုတ်ဘူး။ လက္ခဏာ မပေါ်တဲ့တိုင် ဆီးချို ပြဿနာက ရှိနေတယ်။ ဆီးချို သွေးချိုရှိသူအနေနဲ့ နေကောင်းနေတယ်ဆိုတိုင်း ပေါ့ပေါ့လျော့လျော့ နေဖို့မသင့်ပါ။ အမြဲမပြတ် ဆီးချိုတိုင်းကာ စစ်ဆေးနေဖို့ လိုပါတယ်။

ကိုယ့်ဘာသာ ဆီးချိုစစ်လည်း ပြီးတာပဲ၊ ဆေးခန်းပြစရာမလိုပါဘူး။ ဆေးပညာနယ်ပယ်ဟာ ဆီးချိုနဲ့ ပတ်သက်ပြီး အသစ်အသစ်တွေ အမြဲရှိနေတယ်။ ဆီးချိုရှိသူအနေနဲ့ နေကောင်းနေတယ်ဆိုတိုင်း ပေါ့ပေါ့လျော့လျော့ နေဖို့ မသင့်ပါ။ အမြဲမပြတ် ဆီးချိုတိုင်းတာစစ်ဆေးပြီး ဆရာဝန် အကြံဉာဏ်ယူဖို့ လိုတယ်။ ဆီးချိုဆိုင်ရာ မိမိမမြင်ထားတဲ့ ပြဿနာတွေ ရှိလာနိုင်သလို ပိုကောင်းတဲ့ ကုသနည်း၊ နေထိုင်နည်းများ ရတယ်။

အင်ဆူလင်ဆေးတွေ၊ ဆီးချိုဆေးတွေသုံးရတဲ့ အဆင့် မရောက်သေးလို့ ဆီးချို စိုးရိမ်စရာမရှိဘူး မခံယူသင့်ပါ။ ဆီးချိုရောဂါဟာ အမြဲသတိထားရမယ့် ရန်သူမျိုးဖြစ်တယ်။ ပေါ့ပေါ့တွက်လို့ မရဘူး။ ကျန်းမာအောင် စားသောက်ခြင်း၊ လေ့ကျင့်ခန်း နေ့စဉ် နာရီဝက်မှ တစ်နာရီ အပြေးလမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးလုပ်ခြင်းက သွေးအတွင်း သကြားဓာတ်ကို လက်ခံနိုင်တဲ့ ကျန်းမာရေးကောင်းတဲ့ ဘောင်ထဲရှိစေတယ်။ စနစ်တကျနေထိုင်ခြင်း မရှိတာနဲ့ သွေးအတွင်း သကြားဓာတ်ဟာ ကျန်းမာရေးဘောင်အတွင်းမှ ကျော်သွားတယ်။

ဆီးချိုလူနာရှင်တွေဟာ သူများစားသလို အငန်၊ အချို၊ အဆီမ်လျော့စားရင် သက်တမ်းစေ့နေနိုင်ပါတယ်။ သာမန် (၇၅)မှ (၁၀၅)မီလီဂရမ်ရာနှုန်းအတွင်း ရှိနေဖို့ ထိန်းထိန်းသိမ်းသိမ်း နေထိုင်စားသောက်ဖို့လိုတယ်။ ဆီးချိုဆိုတိုင်း မိမိကြိုက်တဲ့ အစားအစာတွေ အားလုံးစွန့်လွှတ်လိုက်ဖို့မလိုပါ။ မိမိကြိုက်တာ အကန့်အသတ်နဲ့ စားသောက်နိုင်တယ်။

www.burmeseclassic.com

သွေးအတွင်း သကြားဓာတ် ပုံမှန်အတိုင်းတာမှာ ရှိအောင် ထိန်းထားနိုင်မယ့် သမမျှတတဲ့ စားသောက်မှုပုံစံမျိုး ဖြစ်ဖို့ ဂရုစိုက်ဖို့လိုပါတယ်။ ဘယ်ဟာမှ အလွန်အကျွံ မစား သင့်ပါ။

ဆီးချိုမျိုးရိုးက ဂရုစိုက်စရာမလိုဘူး သဘောမထားသင့်ပါ။ အဖေမှာ ဆီးချိုရှိရင် သားတွေမှာရှိတယ်။ သို့မဟုတ် သမီးကမွေးတဲ့ သားယောကျ်ားလေး တစ်ဝက်မှာ ရှိတယ်။ အဲ့ဒမှာရှိရင် သမီးတစ်ဝက်နဲ့ မြေးမိန်းကလေး တစ်ဝက်မှာ ဆီးချိုရှိနိုင်ပါတယ်။ မိဘနှစ်ပါးလုံး ဆီးချိုရှိရင် သားသမီး တိုင်း ရှိဖို့ ပိုများတယ်။

ခန္ဓာကိုယ် ကြွက်သား၊ နှလုံးနှင့် သွေးကြောများ အမြဲတက်ကြွလန်းဆန်းနေဖို့ နေ့စဉ်တ စ်နာရီ (သို့) နာရီဝက် အားကစား (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး) လုပ်ပေးဖို့ လိုတယ်။ လမ်းလျှောက်ခြင်းဟာ ဆီးချိုသမား အတွက် ပိုလျှံတဲ့ ကယ်လိုရီလောင်ကျွမ်းစေဖို့ သင့်တော်တဲ့ လေ့ကျင့်ခန်း အမျိုးအစားဖြစ်တယ်။

ဆီးချိုဖြစ်ရင် ခြေထောက်အနာတွေ ဂရုစိုက်စရာ မလိုဘူးဆိုတာ မှားတယ်။ ခြေသည်း လက်သည်း ညှပ်ရင် ဂရုစိုက်ဖို့ လိုတယ်။ ခြေချောင်း လက်ချောင်း ဒဏ်ရာ (သို့) ခန္ဓာကိုယ်ဒဏ်ရာ တစ်ခုခုရရင် လျှော့မတွက်သင့်ဘူး။ စနစ်တကျ အရက်ပြန်တင်ချာနဲ့ ဆေးကြောသန့်စင်ပြီး အနာဆေးထည့်ဖို့ လိုအပ်သလို ယင်းဒဏ်ရာများ နောက်ထပ် ထပ်ပြီး မထိမိစေဖို့ လိုပါတယ်။

ဒဏ်ရာအနာများ မကျက်ဘဲ ရင်းနေရင်၊ အနာပဆုပ်များပေါက်ရင် တတ်ကျွမ်းတဲ့ မိသားစု ဆရာဝန်နဲ့ ပြသဖို့ လိုပါတယ်။ ဆီးချိုဟာ ဗက်တီးရီးယား၊ ဖန်းဂတ်မို့ အမျိုးမျိုး အလွယ်တကူ ကပ်ငြိနိုင်တဲ့ ရောဂါဖြစ်တယ်။

ဓာတ်စာအနေနဲ့ ဆီးချိုရောဂါဟာ မျိုးရိုးလိုက်တဲ့ ရောဂါတစ်ခုဖြစ်ပေမယ့် သားသမီးတိုင်း မဖြစ်တတ်ပါ။ အဝလွန်တဲ့သူမှာ ပိုပြီး အဖြစ်များတယ်။ ကိုယ်အလေးချိန် တက်လာမယ့်အစာတွေ ရှောင်ကြဉ်ရမယ်။ အဆီဓာတ်များတဲ့ အစားအစာ၊ သကြားပါဝင်မှုများတဲ့ အစားအစာတွေ ရှောင်ရမယ်။ အလေးချိန် လျှော့ချတယ်ဆိုရင် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်မှုပုံစံအတိုင်း ဖြည်းဖြည်းမှန်မှန် စားသုံးသင့်ပါတယ်။

သကြား အနည်းအကျဉ်းစားသုံးတာဟာ အန္တရာယ် မရှိနိုင်ပါ။ ကျွဲကြွမ်းနဲ့ ပြုလုပ်ထားတဲ့ ပေါင်မုန့်၊ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲခြောက်၊ ထမင်း၊ လတ်ဆတ်တဲ့ အသီးအနှံ၊ အသီး အရွက်သုပ်နဲ့ ဟင်းသီးဟင်းရွက်၊ ပဲနီလေး၊ ကုလားပဲ၊ အစေ့အဆန်နဲ့ အခွံမာသီးတို့ စားသုံးပေးသင့်ပါတယ်။

တိရစ္ဆာန်က ရတဲ့ အဆီတွေကို တတ်နိုင်သမျှ လျှော့ပြီး စားသုံးသင့်တယ်။ ခရိုမီယမ်(chromium) ပါဝင်တဲ့ အစားအစာတွေ များများစားသင့်တယ်။ ခရိုမီယမ်ဟာ သွေးထဲက ဂလူးကို့စ်ပမာဏကို ထိန်းညှိပေးပြီး အင်ဆူလင်ရဲ့ အာနိသင်တို့ မြှင့်တင်ပေးတယ်။ အဆီထုတ်ထားတဲ့ အနီရောင်၌ အသား၊ ကျွဲနှဲ့လုပ်ထားတဲ့ အစားအစာနဲ့ ဒိန်ခဲတွေဟာ ခရိုမီယမ်ကြွယ်ဝတဲ့ အစားအစာတွေပါ။

ဆီးချိုစာ လို့ခေါ်တဲ့ သကြားဓာတ်မပါတဲ့ ချောကလက်တွေ လုံးဝမစားဘဲ မနေဘဲနဲ့ အရည်အသွေးမြင့်မားတဲ့ ချောကလက်တွေ စားသုံးနိုင်တယ်လို့ သုတေသီကျွမ်းကျင်သူများ အကြံပြုကြပါတယ်။

အရက် နည်းနည်းသောက်သုံးတာ အန္တရာယ် မဖြစ်နိုင်ပေမယ့် ဘာမှမစားဘဲ အရက်သောက်သုံးမှု ရှောင်ပါ။ အရက်ဟာ သွေးထဲက ဂလူးကို့ပမာဏကို ကျဆင်းစေတယ်။

အစားအစာအတွက် အကြံပြုချက်

သွေးထဲက ဂလူးကို့ ပမာဏကျဆင်းနိုင်လို့ ဆီးချိုဝေဒနာရှင်တွေက မနက်စာကို အာဟာရပြည့်အောင် စားသောက်ဖို့ အရေးကြီးတယ်။ အချိုမကဲတဲ့ အစာနဲ့ သင့်တော်တယ်။ ကျွဲကြွမ်းနဲ့ ပြုလုပ်ထားတဲ့ ဘီစကွတ် (သို့) အုတ်ကျွဲယောဂုကို မလိုင်ထုတ်ထားတဲ့ နို့နဲ့ တွဲဖက်စားသုံးသင့်တယ်။

ဆီးချိုလူနာဟာ အစားအစာကို ပုံမှန်သတ်မှတ်ပြီး စားသောက်ဖို့ အရေးကြီးတယ်။ အင်ဆူလင်(သို့) ဆေးဝါးကုသမှု ခံယူနေရတဲ့အချိန်တွေမှာ သွေးထဲက သကြားဓာတ် လျော့နည်းစေနိုင်တဲ့အတွက် အစားအစာ ပုံမှန်စားသောက်ဖို့ လိုတယ်။

စပျစ်သီးလို သစ်သီးတွေမှာ ဖရုက်တို့ (Fructose) ပုံစံနဲ့ သဘာဝသကြားဓာတ် အများအပြား ပါဝင်တယ်။ ဒါကြောင့် စပျစ်သီးစားတဲ့အခါ တစ်နေကုန် အချိန်နည်းနည်းချင်း ခြားထားပြီး စားသုံးတာဟာ တစ်ကြိမ်တည်းနဲ့ အများကြီး စားသုံးတာထက် ပိုမိုကောင်းမွန်တယ်။

ဒေါက်တာလွင်သန့်

❑

www.burmeseclassic.com

သက်ရှည်ကျန်းမာ
နည်းငါးပြာ

တော်မြင့်(ဌက်ဗျား)

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလူတိုင်း အသက်ရှည်စွာ နေလိုကြပါသည်။ ဗုဒ္ဓတရားတော်တွင် ဘဝတဏှာခေါ် ကိုယ့်ဘဝကို ခုံမင်စွဲလမ်းစိတ် ရှိကြပါသည်။ သို့ရာတွင် အသက်တစ်ရာ နေရပါသော်လည်း ကျန်းမာရေးမကောင်းလျှင် ဘဝအရသာ ခံစားရမဲ့သည် မဟုတ်ချေ။ ထို့အတူ ကျန်းမာရေးချို့တဲ့ပါက နိဗ္ဗာန်ရောက်ကြောင်းလည်း အားမထုတ်နိုင်ပေ။ ထို့ကြောင့် ကျန်းမာရေးသည် အမြတ်ဆုံးသော လာဘ်ကြီးတစ်ပါး ဟူသော စကားကို 'အာရောဂျ ပရမာ လာဘာ' ဆိုသော ပါဠိစာပေနှင့် ဟောကြားထားပါသည်။ (အရပ်ထဲတွင် 'အာရောဂျ ပရမံ လာဘံ'ဟု ပြောတတ်ကြသည်။)

ဤနေရာတွင် လူအချို့ အယူအဆ မှားနေသည်ကို တင်ပြလိုပါသည်။ ကျန်းမာရေးဆိုလျှင် ကျန်းမာရေးဌာနကို ပြေးမြင်ကြပါသည်။ ကျန်းမာရေးဌာနဆိုလျှင် ဆေးရုံဆေးခန်းများဟု သဘောပေါက်ထားကြသည်။ ထိုအခါ ဆေးကုသခြင်းနှင့် ဆေးဝါးမှီဝဲခြင်းတို့ကို ကျန်းမာရေးဟု မှားယွင်းခံယူလာကြဖါသည်။ စင်စစ် ဆေးဝါးကုသခြင်းသည် ဆေးဝါးနှင့် ကုသမှု ပညာအရ စောင့်ရှောက်မှုပေးခြင်း (MEDICAL CARE) ဖြစ်သည်။ ကျန်းမာရေးမဟုတ်ပါ။ မကျန်းမာဖြစ်၍သာ ဆေးဝါးကုသမှု ခံယူရခြင်း ဖြစ်ပေသည်။ တကယ်တမ်း ကျန်းမာစေသော နည်းလမ်း ငါးသွယ်ကို ရေးသားတင်ပြလိုက်ရပါသည်။

(၁) တစ်ကိုယ်ရေသန့်ရှင်းရေး

သက်ရှည်ကျန်းမာစေရန် ပထမဆုံး လိုအပ်ချက်မှာ တစ်ကိုယ်ရေသန့်ရှင်းရေးဖြစ်ပါသည်။ လူ၏အရေပြားသည် သဘာဝအားဖြင့် အကောင်းဆုံးအကာအကွယ်ပြု တံတိုင်း (PROTECTIVE WALL) ဖြစ်ပါသည်။ ပြင်ပမှ ရောဂါပိုးများ ခန္ဓာကိုယ်တွင်းသို့ မဝင်နိုင်အောင် ကာကွယ်ထားပါသည်။ ထိုသဘာဝကြောင့်ပင်လျှင် အရေပြားပေါ်တွင် ရောဂါပိုးများ ရှိနေတတ်ပါသည်။

ခေါင်းပေါ်တွင်နေသော သန်း (PEDICULUS HUMANIS) နှင့် ပေါင်ခြံတွင်နေသော သန်း (PTHIRUS PUBIS) ဆိုသော အင်းဆက် (INSECT) ပိုးများပင် ရှိနေတတ်ပါသည်။ ၎င်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးသော စစ်မက်ကာလများတွင် အဖြစ်များပါသည်။ လူနေမှုအဆင့် မြင့်မားလာသော ယခုခေတ်တွင် ဗက်တီးရီးယားပိုးများ၊ ဝိုင်းရပ်ပိုးများနှင့် မှိုရောဂါ(FUNGUS)များ ရှိနေပါသေးသည်။

အရေပြားပေါ်တွင် ဖြစ်တတ်သော ရောဂါဆိုးတစ်မျိုးမှာ (NYCOBACTERIUM LEPERAE) ခေါ် ဗက်တီးရီးယား တစ်မျိုးကြောင့် ဖြစ်တတ်သော အနာကြီးရောဂါ ဖြစ်သည်။ ယခုခေတ်တွင် အမ်ဒီတီ (MDT) ခေါ် ဆေးပေါင်းစနစ်နှင့် ပျောက်ကင်းအောင် ကုသ၍ရပါသည်။ သို့ရာတွင် အရေပြားရောဂါ ဟူသမျှသည် လူမှုရေးထိခိုက်ပါသည်။ မဖြစ်ပွားအောင် ကာကွယ်ထားသင့်ပါသည်။

တစ်ခါက သွေးလှူဘဏ် တာဝန်ခံ ဆရာဝန်ကြီး တစ်ဦးနှင့် ဆွေးနွေးဖူးပါသည်။ အနာကြီးရောဂါသည်အား သွေးလှူရှင်အဖြစ်မှ ပယ်ရှင်းအကြောင်း ဖြစ်ပါသည်။ စင်စစ် အနာကြီးရောဂါသည် အရေပြားပေါ်ဘွင်သာ ဖြစ်ပွားပြီး သွေးထဲ၌ ရောဂါပိုးမရှိပါ။ သို့ရာတွင် ထိုဝေဒနာသည်သည် သွေးလှူရှင် တံဆိပ်တပ်၍ သွားလာနေလျှင် လူအများ အထင်မှားဖွယ် ဖြစ်မည့်ကိစ္စကို ထည့်သွင်းစဉ်းစားရပေတော့သည်။

ပွေး၊ ဝဲ၊ ညှင်း စသော ရောဂါများမှာ မှိုရောဂါများ ဖြစ်ပါသည်။ ရေယုန်ရောဂါ (HERPES) မှာ ဝိုင်းရပ်စ်ကြောင့် ဖြစ်ပွားခြင်းဖြစ်ပါသည်။ အရေပြားရောဂါများကို တစ်ကိုယ်ရေသန့်ရှင်းရေးက ကာကွယ်နိုင်ပါသည်။ ရေချိုးခြင်းနှင့် အရေပြားသန့်စင်ဆေးကြောရာတွင် အရေပြား အတွန့်အခေါက်များ၊ ချိုင်းနှင့် ပေါင်ခြံများတွင် ရောဂါပိုး ခိုအောင်းတတ်သဖြင့် စနစ်တကျ သန့်စင်ပေးရန် လိုအပ်ပါသည်။

ယခုအခါတွင် ပုံမှန်ရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းတို့အပြင် လက်ဆေးခြင်းကိုလည်း အလေးထား ဆောင်ရွက်သင့်ပါသည်။ မသန့်ရှင်းသောလက်သည် ကူးစက်ရောဂါများ ပျံ့နှံ့စေပါသည်။ အမေရိကန်ပြည်ထောင်စု ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဌာန(CDC)က

www.burmeseclassic.com

www.burmeseclassic.com

လက်ကို ဆပ်ပြာနှင့် ဆေးကြောခြင်းသည် ကလေးသူငယ် သေဆုံးမှု အများဆုံးဖြစ်စေတတ်သော ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် နဖူးနီးယားခေါ် အဆုတ်ရောဂါတစ်မျိုးကို ကာကွယ်တားဆီးရာတွင် အထိရောက်ဆုံးနှင့် ကုန်ကျမှုနည်းသော နည်းလမ်းဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့ပါသည်။

ဤတွင် စာရေးသူ၏ အတွေ့အကြုံတစ်ခုကို ၀င်ပြ လိုပါသည်။ တစ်ခါက ကျောင်းတစ်ကျောင်းတွင် အာဟာရ အဖြစ် နို့မှုန့်များကို ကျွေးတိုက်ကျွေးပါသည်။ အာဟာရနို့မှုန့် သောက်သုံးသော ကျောင်းသူ၊ ကျောင်းသား အများအပြားမှာ အော့အန်ခြင်း၊ ဝမ်းသွားခြင်းများ ဖြစ်ကြပါသည်။ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးသောအခါ နို့မှုန့်တွင်လည်း ချို့ယွင်းချက်မရှိပါ။ စနစ်တကျ ကျွေးချက်ပြီး ပန်းကန်ခွက်ယောက်များနှင့် တိုက်ကွေးမှု အဆင့်ဆင့်မှာလည်း ပြောစရာမရှိပါ။ သို့ရာတွင် နို့မှုန့်ကျွေးချက်နေစဉ် မွေပေးသော အလုပ်သမား၏ လက်တွင် ဖုံးအုပ်ထားခြင်းမရှိသော အနာရှိနေပါသည်။ ထိုအနာမှ ရောဂါပိုးနှင့် နို့မှုန့်ကျွေးရည်ထဲရှိ ရောဂါပိုးတို့ ထပ်တူညီဖြစ်နေကြောင်း ဓာတ်ခွဲစစ်းသပ်မှုအရ သိရှိလိုက်ရပါသည်။ ထို့ကြောင့် လက်သန့်ရှင်းရေး အရေးကြီးကြောင်း သတိထားမိပေမည်။

လက်ကို ပေကျံသောအခါတိုင်း ဆေးကြောသင့်ပါသည်။ ထို့အတူ အစာမစားမီနှင့် အစာစားပြီးချိန်တိုင်း လက်ဆေးရပါမည်။ စာရေးသူတို့ မြန်မာတိုင်းရင်းသားများသည် ထမင်းကို လက်နှင့်စားတတ်ပါသည်။ လက်ဆေးဇလုံတွင် လက်နှစ်၍ဆေးခြင်းမှာ လက်ကို ရေနှုးရုံမျှရှိပါသည်။ ရောဂါပိုးများ မကင်းစင်စေပါ။ စင်စစ် အစာမစားမီ ဆေးကြောခြင်းက ပို၍အရေးကြီးနေပါသည်။ သို့မှသာ ရောဂါပိုးမွှားများ ပါးစပ်မှတစ်ဆင့် ဝမ်းပိုက်ထဲသို့ မဝင်ရောက်နိုင်တော့ပါ။ နောက်ထပ်အရေးကြီးသည်မှာ အိမ်သာအဆင်းတွင် လက်ကို ဆေးကြောရန်ဖြစ်ပါသည်။

ယခုအခါ အများသုံး သန့်စင်ခန်းများတွင် ဆပ်ပြာထားပေးသည်ကို တွေ့ရှိလာရသည်မှာ ကောင်းသောလက္ခဏာ ဖြစ်ပါသည်။ ထိုသို့ စနစ်တကျထားရှိခြင်း ရှိ၊ မရှိကိုလည်း သက်ဆိုင်ရာများမှ မျက်ခြေမပြတ် စစ်ဆေးသင့်ပါသည်။

ယေဘုယျအားဖြင့် ဆပ်ပြာနှင့် လက်ဆေးလျှင် ကြေးညှော်များနှင့်အတူ ရောဂါပိုးများ အရေပြားမှ ကွာကျသွားပြီး ရေနှင့်အတူ မျောပါသွားပါသည်။ မည်သည့်



ဆပ်ပြာကိုသုံးသုံး ရူပယန္တရားသဘော (MECHANISM) အရ ရောဂါပိုးကင်းစင်စေပါသည်။ အချို့သော ဆပ်ပြာများတွင် ပိုးသန့်ဆေးရည် (ANTI-SEPTIC) ပါဝင်ပါသည်။ ကာဘော်လစ်ဆပ်ပြာနှင့် ဒက်တော (DETTOL) ဆပ်ပြာများတွင် ဖီနော (PHENOL) ပါဝင်ပါသည်။ ဖီနောသည် ဒက်တီးရီးယားပိုးများကို သေစေပါသည်။ ထိုသို့သော ဆပ်ပြာမျိုး သုံးလျှင် ပိုမိုထိရောက်နိုင်ပါသည်။

၂။ ရေကောင်းရေသန့်သုံးစွဲခြင်း

ရေကောင်းရေသန့် သုံးစွဲခြင်းသည် ရေမှတစ်ဆင့် ကူးစက်သောရောဂါ အများအပြားကို ကာကွယ်တားဆီးခြင်းဖြစ်ပါသည်။ ရေမှတစ်ဆင့် ကူးစက်ရောဂါများ (WATER BORNE DISEASE) မှာ - အူရောင်ငန်းဖျားရောဂါ (ENTERIC FEVER)၊ ကာလဝမ်းရောဂါ (CHOLERA)၊ ဝမ်းပျက်ရောဂါ (DYSENTRY) နှင့် အမီးဗားဝမ်းကိုက် ရောဂါ (AMOEBIC DYSENTRY) စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့် သောက်သုံးသင့်သော ရေ (POTABLE WATER) ကို အမျိုးမျိုးအဓိပ္ပာယ်ဖြင့် ဆိုခဲ့ကြပါသည်။

သောက်သုံးသင့်သော ရေတွင် ကြည်လင်ခြင်း၊ အရောင်အဆင်းမရှိခြင်းနှင့် အနံ့မရှိခြင်း စသော ရုပ်ဂုဏ်သတ္တိများရှိရပါမည်။ အဏုဇီဝပညာအားဖြင့် ဒက်တီးရီးယား ပမာဏမှာ သတ်မှတ်ချက်ထက်လျော့နည်းရပါမည်။ မစင်မှ ကူးစက်သောပိုး (FAECAL POLLUTER) မပါဝင်ရပါ။ တစ်ချိန်က အင်္ဂလန်ပြည်တွင် ကာလဝမ်းရောဂါမှာ ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ပါသည်။ ရောဂါဇာစ်မြစ် လေ့လာသောအခါ တစ်နေရာတွင် ရေပေးဝေသောပိုက်နှင့် မိလ္လာပိုက် ကပ်လျက်ဆုံနေသည်ကို တွေ့ရပါသည်။ ဂျွန်စနိုး (JOHN SNOW) ဆိုသော ပညာရှင်က ရေပေးဝေမှုစနစ်ကို လမ်းလွဲလိုက်သောအခါ ထိုကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ရေမှတစ်ဆင့် ကူးစက်သော ရောဂါပိုးကို ဖော်ထုတ်နိုင်ရန် နည်းပညာ အခက်အခဲရှိပါသည်။ လူ၏ အစာလမ်းကြောင်းတွင် ပုံမှန်တွေ့ရလေ့ရှိသော အီး-ကိုလိုင် (E.COLI) ခေါ် ဗက်တီးရီးယားကိုသာ ရှာဖွေရပါသည်။ အီး-ကိုလိုင် ပါဝင်လျှင် ပမာဏနည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ သောက်သုံးရန် မသင့်တော့ချေ။

ထို့အတူ သောက်သုံးရေထဲတွင် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများ (HARMFUL CHEMICALS) မပါဝင်သင့်ပါ။ ရေစေး (HARD WATER) လည်း မဖြစ်သင့်ပါ။ ရေ၏ ပီအိပ်ခ်ျ(pH)လည်း အရေးကြီးပါသည်။ အချို့ဒေသများရှိ ရေများသည် ပီအိပ်ခ်ျ (၈. ၄) ဖြစ်နေသည်။

ကာလဝမ်းရောဂါ ဖြစ်စေသည့် (VIBRIO CHOLERA) နှစ်သက်သော အခြေအနေဖြစ်သဖြင့် အန္တရာယ်ကြီးပါသည်။ များမကြာမီက ကျန်းမာရေးပြဿနာအဖြစ် စိတ်ဝင်စားခဲ့ကြသည်မှာ စိန်ဓာတ် အာဆင်းနစ် (ARSENIC) ပါဝင်မှုဖြစ်ပါသည်။ ရေတွင်းရေကန်များတွင် အာဆင်းနစ်ဓာတ် ပါ၊ မပါ စစ်ဆေးခဲ့ရပါသည်။

ယခုခေတ်ကာလတွင် လူနေမှုအဆင့်အတန်း မြင့်မားလာပြီး ရေသန့် (PURIFIED WATER) သောက်သုံးသော အလေ့ရှိလာကြပါသည်။ ရေသန့်ကုမ္ပဏီ အများအပြား လည်း မျှော်ထွက်လာပါသည်။ သို့ရာတွင် ရေသန့်စက်ရုံကို ယုံထားလိုက်၍ မပြီးပါ။ သယ်ယူပို့ဆောင်ရေး၊ ကိုင်တွယ်သောလက်နှင့် ရေခွက်၊ ရေဖလားများလည်း သန့်ရှင်းရန် လိုပါသည်။ ရေသန့်သောက်လျှင် ရောဂါကင်းစင်ပါပြီလား။ စိတ်ချ၍ မရသေးပါ။ သောက်သုံးသောရေ ကောင်းမွန်သော်လည်း အိုးခွက်ပန်းကန် ဆေးကြောသောရေများ မသန့်လျှင်လည်း ရောဂါကူးနိုင်ပါသည်။

ထိုရေများတွင် ရေသန့်ဆေးများထည့်၍ သုံးစွဲသင့်ပါသည်။ အထူးသဖြင့် ရောဂါကူးစက်နေသော ကာလများနှင့် မုန်တိုင်းကျခြင်း၊ ရေကြီးခြင်း စသော ရာသီဥတု ဖောက်ပြန်သည့်ကာလများတွင် အထူးသတိထား၍ ဆောင်ရွက်သင့်ပါသည်။ ရေကောင်းရေသန့် သုံးစွဲလျှင် "ရေအသက် တစ်မနက်" ဆိုသလို ကျန်းမာ၍ သက်ရှည်နိုင်ပါသည်။

၃။ ကိုယ်လက်လှုပ်ရှားခြင်း

တိုင်းရင်းဆေးပညာ အာယုဗွေဒနည်း၏ မူလအစ ဟိန္ဒူကျမ်းများတွင် "တရားအားထုတ်သော ယောဂီသည် လမ်းမလျှောက်လျှင် အသက်တိုမည်" ဟု အတိအလင်း ရေးသားထားပါသည်။ လမ်းလျှောက်ခြင်းသည် သက်ရှည်ကျန်းမာစေသော နည်းလမ်းအဖြစ် နှစ်ပေါင်း နှစ်ထောင်ကျော် အတိတ်ကာလကတည်းက လူသားများ သိရှိခဲ့ကြပါသည်။ ကိုယ်လက်လှုပ်ရှားမှုဖြင့် ခန္ဓာကိုယ်တွင်း အောက်စီဂျင် စုပ်ယူခြင်း(OXYGEN COMSUMPTION)မြင့်တက်စေပါသည်။ သွေးလှည့်ပတ်မှုကို မှန်ကန်စေပြီး လေဖြတ်ရောဂါအန္တရာယ်ကို လျော့ချနိုင်ပါသည်။ နှလုံး၊ သွေးတိုးနှင့် ဆီးချိုရောဂါများကို ထိုက်သည့်အားလျော်စွာ ထိန်းချုပ်စေနိုင်ပါသည်။ တာတိုပြေးခြင်း စသော အလွန်မောဟိုက်သည့် လေ့ကျင့်ခန်းများသာ နှလုံးရောဂါဝေဒနာရှင်များနှင့် မသင့်လျော်ပါ။ ထိုအခါ လမ်းလျှောက်ခြင်းနှင့် ဖြည်းဖြည်းတေးတေး ပြေးခြင်းတို့ကို အကြံပြုကြပါသည်။

အသက်အရွယ် ကြီးသူများတွင် အရိုးပွလာခြင်း (OSTEOSPOROSIS) ဖြစ်တတ်ပါသည်။ ထိုအခါ အရိုးကြွပ်ဆတ်လာ၍ ကျိုးလွယ်၊ အက်လွယ်ခြင်း ဖြစ်လာပါသည်။ ကိုယ်လက်လှုပ်ရှားခြင်းက ထိုရောဂါ အဆင့်မတိုးအောင် တားဆီးထားနိုင်ပါသည်။

ကိုယ်လက်လှုပ်ရှားခြင်း၏ အကျိုးကျေးဇူးတစ်မျိုးမှာ စိတ်ဖိစီးမှု လျော့ပါးစေပြီး ဖြစ်ခါစ စိတ်ဝေဒနာများအား သက်သာစေပါသည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် အန္တရာယ်ကင်းပြီး စိတ်ရွှင်လန်းသော ကစားနည်းဖြစ်သင့်ပါသည်။

မြန်မာ့ရိုးရာ ခြင်းခတ်ကစားခြင်းသည် ငွေကုန်သက်သာရုံမက စိတ်လက်ရွှင်လန်းပြီး မိတ်ဆွေ တိုးပွားစေပါသည်။ တစ်ကိုယ်ကောင်း မဆန်ဘဲ အဖွဲ့လိုက်လှုပ်ရှားရသဖြင့် နိုင်လိုဇော ဒေါသများလည်း ကင်းဝေးပါသည်။ အလွယ်ကူဆုံးနှင့် လူတိုင်း ဆောင်ရွက်နိုင်သည်မှာ လမ်းလျှောက်ခြင်း ဖြစ်ပါသည်။ ကိုယ်ရောစိတ်ပါ ကျန်းမာစေရန် လမ်းလျှောက်ပါဟု တိုက်တွန်းလိုပါသည်။

၄။ ကျန်းမာရေးနှင့်ညီသော အစားအစာ

ဒေသနာသံဘောအရ ပစ္စုပ္ပန်ရုပ်ကို အာဟာရက ထောက်ပံ့ပါသည်။ သို့ရာတွင် အစာအာဟာရတွင် အတိုင်းအဆ သိရန်လည်း လိုအပ်ပါသည်။ ဗုဒ္ဓမြတ်စွာ လက်ထက်တော်ကာလက ပသေနဒီကောသလမင်းသည် အစားအလွန်ကြူးသည်။ မြတ်စွာဘုရားက ဟောကြားဆုံးမသဖြင့် အစာ

www.burmeseclassic.com

www.burmeseclassic.com

လျှော့စားရာမှ ကျန်းမာရေး ပြန်ကောင်းလာသော သာကေ တစ်ရပ်ရှိပါသည်။

ထိုသို့ အတိုင်းအဆနှင့် စားအပ်သော အစားအစာ တွင် ဗီတာမင် ခေါ် သက်စောင့်ဓာတ်များ ပါဝင်သင့်ပါသည်။ ရှောက်၊ လိမ္မော် မျိုးရင်းဝင်အသီးများ (CITRUS FRUITS) များတွင် ဗီတာမင်စီ ပါဝင်ပါသည်။ ဗီတာမင်စီ ချို့တဲ့ ခြင်း စကာဗီ (SCURVY) ခေါ် သွားဖုံးမှ သွေးယိုသောရောဂါ ဖြစ်တတ်သည်။ ဤနေ့ရာတွင် အချို့က ခရမ်းချဉ်သီးတွေ အများကြီးစားမယ့်အစား စီဗစ် (CIVIT) ဆေးလုံးတစ်လုံး မျိုလိုက်ရင် မပြီးလားဟု မေးစရာရှိပါသည်။ ယခုအခါ လူတို့ ဖန်တီးသော စီဗစ်ထက် သဘာဝစီဗစ်က ပိုမိုကောင်းမွန် ကြောင်း သိပ္ပံပညာက ထောက်ပြလာပါသည်။ ထို့ကြောင့် ဇီဝဩဇာတ်ဖြစ်သည့် ဗီတာမင်အမျိုးမျိုး ပါဝင်ပြည့်စုံ အောင် စားသုံးသင့်ကြောင်း အာဟာရပညာရှင်များက ညွှန်ပြ ပါသည်။

ထိုသို့စားသုံးရာတွင် ဓာတ်တိုးသတ္တိကို ဆန့်ကျင်သော (ANTI OXIDENT) သစ်သီးဝလံများ စားသုံးသင့်ပါသည်။ ထိုအစားအစာများသည် အိုမင်းရင့်ရော်မှုကို တားဆီးနှေး ကွေးစေပါသည်။ ဓာတ်တိုးသတ္တိများပြားသည်မှာ အကင်များ နှင့် အကြွပ်ကြော်များ ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေး ဖြစ်သည့် ဩဇဒ်ဂရိကသုခုမပညာရှင်များက အကြွပ်ကြော် များ၏ ဆိုးကျိုးကို ရှေးယခင်ကတည်းက သိရှိခဲ့ကြပါသည်။

ခန္ဓာကိုယ်အတွက် လိုအပ်သော အသားဓာတ်နှင့် ကစီဓာတ်ကိုလည်း သမမျှတအောင် စားသုံးရန် လိုအပ်ပါ သည်။ သတိပြုရမည်မှာ ယခုခေတ်အခါတွင် ကျန်းမာရေးနှင့် မသင့်လျော်သော အစားအစာများ ရှိနေပါသည်။ ကျန်းမာ ရေးနှင့် မသင့်လျော်သည်များမှာ မကြေလွယ်သောအဆီများ၊ မကောင်းသော အရောအနှော့များနှင့် မစားသုံးသင့်သော အရောင်ဆိုးဆေးများ ပါဝင်ပါသည်။ ကျန်းမာရေးပညာရှင် များက အန္တရာယ်ရှိသော အစားအစာများအကြောင်း ထောက်ပြသတိပေးချက်များကို လေ့လာသင့်ပါသည်။

စားပင်၊ သီးပင်များ စိုက်ပျိုးရာတွင် အသုံးပြုသော ပိုးသတ်ဆေး (INSECTICIDE)များ ပါဝင်မှုကိုလည်း ထည့် သွင်း စဉ်းစားရပါသည်။ ယခုအခါ ပိုးသတ်ဆေး မသုံးသော အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ကို ပြောင်းလဲအသုံးပြုလာ ကြပါသည်။ စားသုံးသူအား ကာကွယ်မှုစနစ်များလည်း ကျင့်သုံးလာကြပါသည်။ မည်သို့ပင်ဖြစ်စေ ကျန်းမာရေးနှင့် မသင့်သော အစားအစာ များစွာရှိနေပါသေးသည်။ ဘူးလေး ရာ ဖရဲဆင့်ဆိုသလို ဖြစ်သည့် ဆေးလိပ်၊ အရက်နှင့် မူးယစ် ဆေးဝါးများကိုမူ အထူးရှောင်ရှားသင့်ပါသည်။

၅။ အိပ်ရေးဝအိပ်ခြင်း

အိပ်ရေးဝဝ အိပ်သည် ဆိုသော စကားရပ်တွင် ကောင်းမွန်စွာ အိပ်ပျော်ခြင်း (SOUND SLEEP) အရေးကြီး ပါသည်။ အချိန်ကာလမှာ လူတစ်ဦးချင်းစီတွင် ကွဲပြားခြားနား ပါသည်။ အပျင်းကြီးခြင်းနှင့် အိပ်ရေးမဝခြင်းကို ကွဲပြားစွာ နားလည်သင့်ပါသည်။ ကောင်းမွန်စွာ အိပ်ပျော်လျှင် အချိန် နည်းနည်းနှင့် အိပ်ရေးဝပါသည်။

ကောင်းစွာ အိပ်မပျော်ခြင်းမှစ၍ အိပ်ရေးပျက်ခြင်း ဖြစ်တတ်ပါသည်။ အိပ်ရေးပျက်ခြင်းနှင့် ဆက်စပ်သည်မှာ စိတ်ဝေဒနာ ဖြစ်ပါသည်။ စိတ်ဝေဒနာရှင် အများစုသည် အိပ်မပျော်ခြင်းမှ အစပြုသလို စိတ်ရောဂါကုဆေးဝါး အများစု သည်လည်း အိပ်ပျော်စေသော သတ္တိရှိပါသည်။ လူမှုရေး၊ စီးပွားရေး အခက်အခဲတွေ့သူတို့မှာ စိတ်ဖိစီးမှုနှင့် အိပ်မပျော် တတ်ကြပါ။ နေ့အခါတွင်လည်း စိတ်မကြည်လင်သော ကြောင့် လုပ်စီးပွား၊ ကိုင်စီးပွားများ အဆင်မပြေတတ်ကြပါ။ ထို့ကြောင့် အိပ်ပျော်အောင် ကြိုးစားသင့်ပါသည်။

ထိုသို့ကြိုးစားရာတွင် ဆေးဝါးများအပေါ် မမှီခိုသင့် ပါ။ အိပ်ရာမဝင်မီ လမ်းလျှောက်ခြင်း စသော လေ့ကျင့်နှိုး ပြုလုပ်သင့်ပါသည်။ အိပ်မပျော်စေတတ်သော လက်ဖက်နှင့် ကော်ဖီကဲ့သို့ အစားအစာများ ရှောင်ရှားသင့်ပါသည်။ အချို့ လူများအဖို့ ကော်ဖီမှာပါသော ကဖင်းဓာတ်သည် နေ့လယ် အချိန်တွင် မှီဝဲလျှင်ပင် အိပ်ရေးကို ထိခိုက်တတ်ပါသည်။ ညအချိန် ဆာလောင်လျှင် နွားနို့၊ ဟောလစ်နှင့် အိုဗာတင်း တို့သာ သုံးစွဲသင့်ပါသည်။

ထို့အပြင် အိပ်ရေးပျက်စေသော ညဉ့်နက်ကာလအထိ တီဗွီကြည့်ခြင်း၊ ဂိမ်းကစားခြင်းနှင့် လောင်းကစားပြုခြင်း များကိုလည်း ရှောင်ရှားသင့်ပါသည်။

ဖော်ပြခဲ့သော နည်းလမ်းငါးဖြာကို လိုက်နာသူများမှာ သက်ရှည်ကျန်းမာမည်မှာ မလွဲဧကန်ဖြစ်ပါတော့သည်။

တော်မြင့်(ဂုဏ်ပျား)

❑

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်များမှ လူသားများကို ဘာတိုးပြုပုံ

သမားတော်ကြီး ဒေါက်တာသက်ဆွေ

မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာ၌ တိရစ္ဆာန်များ၏ အသွေး၊ အသား၊ အရိုး စသည်များဖြင့် ဆေးဝါး ဖော်စပ် အသုံးပြုကြသည်များ ရှိပါသည်။ အချို့တိရစ္ဆာန်များအား ယဉ်ပါးအောင် မွေးမြူ၍ ခိုင်းစေကြရခြင်းများလည်း ရှိပါသည်။ ထို့ကြောင့် တိရစ္ဆာန်များမှ လူသားများ အကျိုးပြုပုံကို ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

ကျီးငှက်

ကျီးငှက်များသည် ကောင်းကင်ပျံသတ္တဝါ ဖြစ်ပြီး လူကိုင်းသိသော ငှက်သတ္တဝါဖြစ်သည်။ မြန်မာပြည် အနှံ့အပြား တောရောမြို့ပါ နေထိုင်ကျက်စားကြပြီး လူနှင့် အနီးစပ်ဆုံးသော ငှက်သတ္တဝါဖြစ်သည်။

ကျီးနှင့် ပတ်သက်သော ပုံပမာ ခိုင်းနှိုင်းပြောဆို ခဲ့ကြသည်များ ရှိသည်။

ၚင်းပုံခိုင်းများမှာ - (၁) နတ်ကရာ ကျီးမော (၂) ကျီးလန့်စာစား (၃) ကျီးကန်းတောင်းမှောက် (၄) ကျီးကို ဘုတ်ရိုသေ၊ ဘုတ်ကို ကျီးရိုသေ စသည်တို့ဖြစ်သည်။

ကျီးများသည် ခြေနှစ်ချောင်း ရှိသော ငှက်ဖြစ်ပြီး သွားလျှင် ခြေကိုခုန်ဆွခုန်ဆွလုပ်၍ သွားကြသည်။ ကျီးများ၏ အရောင်များမှာ အမည်းရောင်ဖြစ်ပြီး အလျား ၁၀ လက်မခန့်နှင့် လုံးပတ် ၃ လက်မကျော်ရှိသည်။ မျက်စိက စောင်းပြီး ဟိုဘက်ဒီဘက်ကြည့်သည်။

ကျီးဟူသောအမည်ကို အဘိဓာန်ကျမ်းတွင် ကာက၊ အရိဋ္ဌ၊ စက်၊ ဇလိပုဋ္ဌ၊ ဝါယသ ဟု ပရိယာယ် (၅) ပုဒ် ပြထားပေသည်။ ၎င်း (၅) ပုဒ်မှ ကာကသဒ္ဒါတွင် အက္ခရာကျေ၍ ကာ၌အာကို ဣပြု၍ အိဖြစ်သည်။ ထိုအိကို သက္ကတအလို ယပဉ်လျက် ကျီးဟု ဖြစ်လာသည်ဟု ဝေါဟာရထွဇီပနီကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ကျီးများသည် တောကျီး၊ မြို့ကျီးဟု နှစ်မျိုးခွဲထားရာ တောကျီးသည် မြို့ကျီးထက် အကောင်ကြီးပြီး အသံလည်း ပို၍ကျယ်ပေသည်။ အ-အ-အာ-အာ ဟူသော အသံကို မြည်ကြသည်။ ကျီးတစ်ကောင်အား လောက်လေးခွဖြင့် ပစ်ချလိုက်ပါက ကျန်ကျီးများမှ ဝိုင်း၍အာပြီး ထိုးဆိတ်ကြသည်။ အမျိုးသမီးများ စကားများရန်ဖြစ်လျှင် အမျိုးများသော အမျိုးသမီးဘက်မှ ဝိုင်းအော်ဆဲဆိုကြလျှင် ကျီးအုပ်ကြီးကျနေတာပဲဟု ပြောစမှတ်ပြုကြသည်။

ကျီးများကို တိုင်းရင်းဆေးအလိုအားဖြင့် မဆွဲဘုတ်ခွဲမည်ဆိုပါက ဥဏှာ၊ ဝါယော၊ အာကာသ လွန်ကဲသော ငှက်သတ္တဝါဖြစ်သည်ဟု ဆိုသည်။

ကျီးများသည် လူတို့၏ စားကြွင်းစားကျန်များ၊ ကြွက်ကလေးများ၊ ကြက်ကလေးများကို ထိုးသုတ်စားတတ်ကြသည်။ လူများလှန်းထားသော ငါးခြောက်၊ အသားခြောက်များကိုလည်း ထိုးသုတ်စားတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့်ပတ်သက်၍ ကျမ်းဂန်တို့တွင် မှတ်သားဖွယ်ရာ မြစ်စွာဘုရား ဟောကြားထားခဲ့သည်များရှိ၏။

မလိန္ဒပဉ္ဉာ ကြီးဌက်သည် ယုံမှားစိုးနှောင့်ခြင်းရှိလျက် လုံ့လထုတ်၍ ကျက်စားရသကဲ့သို့ ယောဂိပုဂ္ဂိုလ်သည် အပ်သလော၊ မအပ်သလောဟု ယုံမှားစိုးနှောင့်ခြင်းရှိလျက် လုံ့လထုတ်ကာ သတိထင်စွာရှိသည်ဖြစ်၍ ဣန္ဒြေကို စောင့်စည်းလျက် ကျင့်ရာ၏ဟု ဟောကြားထားပေသည်။ ရာဇမတ္တန်ကျမ်းတွင် ကြီးတို့သည် -

(၁) မေထုန်မှုကို လျှို့ဝှက်စွာ ကျင့်သုံးခြင်း၊
(၂) ရန်သူကို အခါမလပ်ကြည့်တတ်ခြင်း၊
(၃) အစာတွေ့လျှင် အဖော်တို့ကို ခေါ်၍စားသောက်ခြင်း၊
(၄) အစာနှင့် ရန်သူကို တစ်ပြိုင်နက် ကြည့်ရှုတတ်ခြင်း၊
(၅) သုံ့လဝီရိယရှိခြင်းတည်းဟူသော ကြီးတို့၏ ဂုဏ် အင်္ဂါ (၅) ပါးကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော သူတို့ လိုက်နာကျင့်ဆောင်ဖွယ်ကို ဖော်ပြထားပေသည်။

ကြီးများ၏ ဆေးဖက်ဝင်ပုံ အကျိုးသွားအာနိသင်ကို ဖော်ပြရမည်ဆိုပါက တောကြီးကန်းသား ကြော်စားပါက အသဲဝင်သော ရောဂါပျောက်၏။ ကြီးအတောင်ကို အုန်းဆီဆွတ်၍ နားကြပ်ပေးပါက နားအူ၊ နားပင်း၊ နားလေထွက်ခြင်းများ ပျောက်၏။ တောကြီးသားသည် ပန်းနာ၊ ရင်ကြပ်ရောဂါနှင့် ကလေးသူငယ်နာပါပျောက် ၏။

ကြီးအတောင် (၇) ခုကို မီးဖုတ်ပြာချပြီး တောအရက် ၂၀ သားဖြင့်ရောွ၍ သောက်ပေးခြင်းဖြင့် သွေးအန်၊ သွေးကျရောဂါများ ပျောက်ကင်းစေ၏။ အမျိုးသမီးမီးနေသည်များ သွေးတက်၍ ခေါင်းမူးဝေကိုက်ခဲဖြစ်လျှင် ကြီးသားမီးဖုတ် ၂ ကျပ်သား၊ ငရုတ်ကောင်း ၂ ကျပ်သား၊ စဖိုလယ်ပြာ ၂ ကျပ်သားတို့ရောပြီး စရနယ်ကာ ရှူပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

❑

ကြက်များသည် ဌက်မျိုးနွယ်တွင် ပါဝင်ပြီး အမွေးအတောင်များ ပါရှိသည်။ နှူတ်သီးရှိ၍ သွားမပါရှိပါ။ မြေကြီးပေါ်တွင် ခြေဖြင့်ယက်၍ အစာရှာစားတတ်ကြ၏။

ကမ္ဘာပေါ်တွင် ကြက်မွေးမြူရာ အရပ်ဒေသခွဲပြီး ခေါ်ဝေါ်ကြသည်များ ရှိ၏။

ကြက်



ၵင်းတို့မှာ -

၁။ အင်္ဂလိပ်ကြက်မျိုး
၂။ အာရှကြက်မျိုး
၃။ ဥရောပကြက်မျိုး
၄။ အမေရိကန်ကြက်မျိုး နှင့်
၅။ မြေထဲပင်လယ်ကြက်မျိုးတို့ ဖြစ်ကြ၏။

မြန်မာပြည်တွင် ခေါ်ဝေါ်ကြသော ကြက်အမျိုးအမည်များမှာ ညောင်ကန်ကြက်(ခေါ်) ကြက်ပုမျိုး-(ထားဝယ်အခေါ်-ဘုမကန်း) ကြက်တညင်း၊ ဒုံး၊ ဂဲ၊ ပြာ၊ ခြောက်လကြက်၊ ကြက်အုန်းသီး၊ ကြက်ကျား၊ စစ်တကောင်း၊ ဘင်္ဂလားကြက်၊ မဒရပ်ကြက်၊ သင်္ဘောကြက်၊ အမေရိကန်ကြက်၊ ကြက်မွေးပြန်၊ ကြက်ဆင်၊ တောကြက်၊ ရေကြက်၊ တိုက်ကြက် စသည်အားဖြင့် အမျိုးမျိုး ခေါ်ဆိုကြပေသည်။

ယခုအခါ မွေးမြူထားကြသော ကြက်များသည် အာရှတိုက်တောင်ပိုင်းနှင့် တောကြက်ရိုင်းများ စပ်၍ ပေါက်ထားသော ကြက်များဖြစ်သည်။ ၎င်းအပြင် သားစားကြက်များအဖြစ် ဘီလပ်ကြက်များကို မွေးမြူလာကြပေသည်။ ဥစားကြက်များလည်း နိုင်ငံခြားမျိုးများမှ ၃ စေ့ပြီး လျှပ်စစ်ဓာတ်ဖြင့် ဖောက်၍ အကောင်ပေါက်လာသောအခါ အသားစားကြက်များအဖြစ် အသုံးပြုကြလေသည်။ အိမ်မွေးကြက်များသည် မြေကြီးတွင် ယက်၍ ချွန်ထက်သော နှူတ်သီးဖြင့် အစာကို ကောက်စားကြ၏။ ကြက်၏လည်ချောင်းတွင် အစာအိတ်ကြီးရှိပြီး ၎င်းအစာ

www.burmeseclassic.com



အိတ်အတွင်းမှ အစားများကို လည်ချောင်းမှတစ်ဆင့် မျိုချ၍ စားကြ၏။ ကြက်များသည် ကျင်ကြီးကျင်ငယ် စွန့်ရာတွင် ဖင်မှသာ စွန့်ကြ၏။ ကြက်ဖ(ကြက်ထီး)များသည် ကြက်မများထက် ကြီး၍ အမောက်ပါရှိပြီး တွန်တတ်ကြ၏။ ကြက်ဖများကို သေချာစွာ ကျွေးမွေးပြုစုစောင့်ရှောက်ထားပြီး တိုက်ကြက်အဖြစ် အသုံးပြုကြ၏။

ရှေးပဒေသရာဇ်ခေတ်ကပင်လျှင် ကြက်များတိုက်ခဲ့ကြ၏။ ယခုလည်း အချို့အရပ်ဒေသများတွင် ကြက်တိုက်သော ကြက်ဝိုင်းများရှိပြီး ကြေးစားတိုက်ကြ၏။ ဘုန်းတော်ကြီးကျောင်းများနှင့် အချို့အိမ်များတွင် တွေ့ရတတ်သည်မှာ တည်ကြက်ပုမျိုးနှင့် စစ်တကောင်းကြက်ကြီးမျိုးများ ဖြစ်သည်။

တည်ကြက်များသည် တောကြက်မှ ပေါက်ဖွားလာသော အမျိုးဖြစ်၍ တစ်ခါတစ်ရံ တောစိတ်ဝင်ပြီး တောတွင်းသို့ ဝင်သွားတတ်ကြသည်။ အချို့က တည်ကြက်ကို ယဉ်ပါးအောင်ထင်ပြီး ကောကြက်များ ဖမ်းရာတွင် 'တည်ကြက်'အဖြစ် အသုံးပြုကြပေသည်။

ကြက်နှင့်ပတ်သက်၍ ရှေးရာဇဝင်သမိုင်းကြောင်းများအရ တင်ပြရသော် ကြက်တိုက်ခါသနာပါပြီး ကြက်တိုက်ခဲ့ကြသော အလောင်းစည်သူမင်းကြီး၏ အမတ်မင်းကျော်စွာ(ဝါ) ဦးမင်းကျော်၊ အင်းဝဘုရင်မင်းခေါင်၏ သားတော် မင်းရဲကျော်စွာ၊ ကုန်းဘောင်ခေတ်(၉)ဆက်မြောက် ပုဂံမင်းတို့ဖြစ်ကြပေသည်။

ကြက်နှင့်ပတ်သက်၍ ရှေးပညာရှိများ စကားပုံများထားရှိခဲ့သည်များမှာ 'ကြက်ကလေးကို ကြက်မကြီးလှည့်စားသလို၊ ကြက်ကောင်းကို ဆန်ပြ၍ အဝေးကမြှူသလို၊ ကြက်ခေါင်းဆိတ်မခံသလို၊ ကြက်ခေါင်းဆုတ်ဆုတ်သလို၊ ကြက်ကန်းဆန်အိုးတိုး၊ ကြက်ခြံထဲက မြင်းစကားပြောသလို၊ ကြက်နှစ်ဖလည်း ပန်းစေဦး၊ ထွန်ရေးလည်း ညက်စေဦး၊ ကြက်မှာအနိုး လူမှာအမျိုး၊ ကြက်မှာအပစ် လူမှာအညစ်၊ ကြက်များလို ချေးကျရာ ပျော်သည်၊ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းသလို၊ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကြွယ်၊ ကြက်ဥပြုတ်သံတုတ်နှင့်ချသလို' စသည်အားဖြင့် ဖြစ်ပါသည်။

ကြက်များ၏ အကျိုးသွား အာနိသင်ကို ဖော်ပြရသော် ကြက်သားသည် ချိုဆိမ့်၏ ဆူ၏။ ကြေကျွက်ခဲ၏။ ပူ၏။ လူကို ဝမ်းပျိုးစေ၏။ လေကိုနှိုင်၏။ မျက်စိနှင့်သင်၏အားကို ဖြစ်စေ၏။ သုက်နှင့်သလိပ်ကို ပွားစေတတ်၏။ အားကိုဖြစ်စေ၏။ ဇောကြက်သားများသည် ကြေခဲ၏။ ဆူ၏။ လူကို ဝစေတတ်၏။ သည်းခြေကို နှိုင်၏။ အားအင်ကုန်ခန်း ဖျားနာခြင်းများပါ ပျောက်ကင်းစေ၏။ ရေကြက်သားသည် လူကို ဝဖြိုးစေတတ်၏။ အဆီသြဇာရှိ၏။ သလိပ်ကို ပျော်စေ၏။ ပထဝီဓာတ်ကို နှိုင်စေ၏။ အစာကို ကြေကျွက်စေ၏။ အသံကို သာယာစေ၏။ ခွေးကို ပယ်စေ၏။

ကြက်တည်သားသည် သည်းခြေကို ပယ်၏။ အသက်ကို ရှည်စေ၏။ အားကိုဖြစ်စေ၏။ ကိုယ်လက်များသွက်လက်ပေါ့ပါးစေ၏ စသည်တို့ ဖြစ်ပါသည်။

ကြက်များနှင့်ပတ်သက်၍ လူသားများ၏ ကျန်းမာရေး အထောက်အကူပြုပုံကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ကြံ့



ကြံ့ဘတ္တဝါများသည် အမျိုးအစား ကွဲပြားသော ကြောင့် ပုံသဏ္ဌာန်များလည်း ကွဲပြားကြ၏။ အချို့က ဦးချိုတစ်ချောင်းရှိပြီး အချို့က ဦးချိုနှစ်ချောင်းပါရှိ၏။ အချို့က ဦးချိုမပါရှိပါ။ ကိုယ်လုံးအနေအထား၊ ခြေလက်များကား တူညီကြ၏။ ခြေလေးချောင်းသတ္တဝါများတွင် ဆင်မှလွဲ၍ ကြံ့နှင့် ရေမြင်းသည် အကြီးဆုံး သတ္တဝါများ ဖြစ်၏။ စုမတြကျွန်းမှ ဦးချိုတစ်ချောင်းရှိသော ကြံ့များသည် အိန္ဒိယကြံ့များထက် ငယ်၏။ ဂျာဗားကျွန်းမှ ကြံ့များသည် စုမတြကျွန်းမှ ကြံ့များထက် ငယ်၏။ အမြင့် ၅ ပေကျော်မြင့်၏။ ကြံ့မများသည် အမွေးအမှင် မပါရှိဘဲ အရေခွံအက်ကြောင်းများ ပါရှိပြီး ဦးချို မပါရှိချေ။ အိန္ဒိယကြံ့ကြီးများသည် အရေခွံထူ၍ အရုပ်ဆိုး၏။

ကြံ့ဟူသော ဝေါဟာရမှာ ဂရေ့ကဟူသော ပါဠိမှ ဂဏ္ဍောဟူသော သက္ကတပုဒ်ပြောင်း၍ ဆက ဟူသော အက္ခရာပုဒ်ကို ချေဖျက်၍ ဂြဏ်ဟုခေါ်ခဲ့ရာမှ ဂြဏ်းကြံ့ဟု မြန်မာဝေါဟာရ ဖြစ်လာကြောင်း ဝေါဟာရတ္ထဒီပနီ ကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

မြန်မာဝေါဟာရများတွင် 'ကြံ့ကြံ့ခံသည်၊ ကြံ့ခိုင်သည်၊ မြဲမြံကြံ့ကြံ့၊ ပိန်းကြံ့၊ ထောက်ကြံ့၊ ဖောက်ကြံ့၊ ကြံ့တပင်' ဟူ၍ များစွာရှိ၏။ ကြံ့များ၏ အရေခွံသည် ထူထဲသောကြောင့် ထိုးခုတ်၍ မပေါက်နိုင်ဘဲ ခံနိုင်ရည် ရှိ၏။ ကြံ့ခိုင်သော သတ္တိရှိသောကြောင့် ကြံ့ဟု မြန်မာဝေါဟာရအရ ခေါ်ဆိုကြခြင်းဖြစ်၏။

လူ့လောကတွင် ပြောမနာ၊ ဆိုမနာ သည်းခံနိုင်စွမ်းရှိသူများကို ကြံ့လို အရေထူသည်ဟု ပြောဆိုကြ၏။ ပြာသာဒ်များ ဆောက်လုပ်ရာတွင် အလယ်မှ ဝိန္ဓတိုင်ကို ခိုင်ခံ့အောင် လေးဖက်မှ ထောက်ထားသောတိုင်များကို ကြံ့ထောက်သည်ဟု ခေါ်ဆိုကြောင်း ဝေါဟာရတ္ထဒီပနီ ကျမ်းတွင် ဖော်ပြထားသည်ကို လေ့လာမှတ်သားရဖူး၏။ မှန်နန်းရာဇဝင် ဒုတိယတွဲတွင်လည်း သမိုဒ်နှင့်အတူ ကြံ့ကြံ့ခံနေသည်ဟု ကြံ့ဝေါဟာရ သုံးထားသည်ကိုလည်း တွေ့ရှိရ၏။

ကြံ့များသည် ကုန်းနေ ရေကြီးက် သတ္တဝါများ ဖြစ်၏။ အာရှတိုက်တွင် ကြံ့သုံးမျိုးကိုသာ တွေ့ရှိရ၏။ ၎င်းတို့မှာ (၁) ဦးချိုတစ်ချောင်းသာရှိသော အိန္ဒိယကြံ့မျိုး၊ (၂) ဦးချိုတစ်ချောင်းရှိသော ဂျာဗားကြံ့နှင့် (၃) ဦးချိုနှစ်ချောင်းရှိသော စုမတြကြံ့မျိုးတို့ဖြစ်၏။ ကြံ့များသည် မျက်လုံးသေး၍ အဝေးကို မမြင်ရသော်လည်း နားပါးသောကြောင့် မိမိအား ရန်ပြုလာပါက တစ်ဟုန်ထိုးပြေး၍ ဦးချိုဖြင့် ဆောင့်တိုက်ကြ၏။

ကြံ့များ၏ ခြေထောက်များသည် ဆင်ခြေထောက်များနှင့်တူသော်လည်း ခြေချောင်းသုံးချောင်းသာ ပါရှိ၏။ ကြံ့၏ နှုတ်သီးသည် ရှည်မျောမျောဖြစ်ပြီး အပေါ်နှုတ်သီးသည် အောက်နှုတ်သီးထက် ကြီး၏။ ပါးစပ်ပြဲ၏။ နားရွက်များ ထောင်နေ၏။ တစ်ကိုယ်လုံး အမွေးများ မရှိသော်လည်း နားရွက်နှင့် အမြီးတွင် အမွေးများရှိ၏။ အမြီးသည် သေးငယ်၍ တို၏။

ရှေးခေတ်က ရေခဲပြင်တွင်နေသော ကြံ့များ၌ အမွေးများပါသည်ဟု သိရှိရ၏။ မြန်မာနိုင်ငံတွင် မြိတ်မြို့နယ်နှင့် သထုံမြို့နယ်တွင် ရှိသည်ဟု သိရှိရ၏။ ကြံ့များသည် ရွှံ့နှင့် နွံအိုင်များတွင် ပို၍နှစ်သက်ကြ၏။

ကမ္ဘာပေါ်တွင် ဝက်ကြံ့နှင့် ကြံ့သူတော်ဟု နှစ်မျိုးရှိသေး၏။ ဝက်ကြံ့သည် အသေးဆုံးဖြစ်ပြီး အမြင့် ၄ ပေမျှသာရှိ၏။ ကြံ့သူတော်သည် ဝက်ကြံ့ထက် အနည်းငယ် ပို၍ကြီး၏။ မြန်မာပြည် တနင်္သာရီတိုင်း သစ်တောများတွင် တွေ့ရှိရ၏။ ကြံ့သူတော်၏ အသားသည် စား၍ အရသာ မရှိသော်လည်း ဆေးဖက်တွင် အသုံးဝင်၏။ ကတိုးအစစ် မရပါက ကြံ့ကို အစားထိုး၍ ဆေးဖက်တွင် ဖော်စပ်သုံးစွဲနိုင်သည်ဟု သိရှိရ၏။

ကြံ့၏ အကျိုးသွားအာနိသင်ကို ဖော်ပြရမည်ဆိုပါက ကြံ့၏အသား၊ ကြံ့သွေး၊ ကြံ့ချို၊ ကြံ့ခွာ၊ ကြံ့အရေခွံ၊ ကြံ့သည်းခြေ စသည်များသည် အသီးသီး ဆေးဖက်ဝင်

www.burmeseclassic.com

www.burmeseclassic.com

သော အကျိုးသွားများရှိကြ၏။ မြန်မာ့အာယုဗ္ဗေဒဆေးကျမ်းနှင့် တရုတ်ဆေးကျမ်းတို့တွင် အကျယ်တဝင့် ဖော်ပြထားသည်ကို တွေ့ရှိရ၏။

မြန်မာ့အာယုဗ္ဗေဒဆေးကျမ်းတွင် ကြံ့သွေးဖြင့် ဖော်စပ်ထားသော် ဆေးကို -မှီဝဲခြင်းဖြင့် နှလုံးသွေးပျက်ရောဂါ၊ နှလုံးတုန်၊ ရင်ခုန်၊ မူးဝေမောပန်းရောဂါ၊ သည်းခြေပျက်ရောဂါ၊ ရူးသွပ်နာ၊ စိတ်ဖောက်ပြန်ရောဂါ၊ အော့အန၁၊ အိပ်မပျော်သောရောဂါ၊ အပူနာ၊ အဘိဉာဉ် သန္နိပါတ်ရောက်သော ရောဂါတို့ကို ပျောက်ကင်းစေ၏ဟု ဖော်ပြထားပေသည်။

ကြံ့သားသည် ဆိမ့်၏။ လေသလိပ်ကို နှိင်၏။ သွေးကို စင်ကြယ်စေ၏။ အသက်ကို ရှည်စေ၏။ အားကို ဖြစ်စေ၏။ သလိပ်ကို ပွားစေ၏။ သွေးသားကို စင်ကြယ်စေ၏။ အဆိပ်ကို နှိင်၏။ ဆီးလွန်ရောဂါကို ပျောက်၏။ အဖျားရောဂါများ၊ ဓာတ်လေးပါး မညီမျှသော ဝေဒနာများပါ ပျောက်ကင်းစေ၏။

တရုတ်ဆေးကျမ်းများတွင် ကြံ့ချိုကို ဆန်ဆေးရည်ဖြင့် သွေးသောက်ပါက လေထိုးလေအောင့်နာ၊ အဆုတ်နာ၊ ရင်ဘတ်နာ၊ ချောင်းဆိုးသွေးပါ မြစ်ခြောက်ရောဂါ၊ နားအူ၊ နားလေး၊ နားပင်းရောဂါများနှင့် အနာဝင်ရောဂါများပါ ပျောက်ကင်းစေ၏။

ကြံ့ခွာကို ဆန်ဆေးရည်ဖြင့် သွေးသောက်ပါက ဆီးပူ၊ ဆီးနည်း၊ ဆီးချုပ်၊ ဆီးအောင့်ရောဂါများ ပျောက်ကင်းစေ၏ဟု ဖော်ပြထားပေသည်။

သမားစဉ် ကုထုံးဆေးကျမ်းများတွင် အမျိုးသမီးများ မီးယပ်ရောဂါ ပျောက်ကင်းဆေးတွင် ကြံ့သွေးမပါလျှင် မပြီးဟုဖော်ပြထား၏။ လေဖြတ်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ အရူးရောဂါ ကုထုံးဆေးများတွင်လည်း ကြံ့သွေးထည့်ရ၏။

ရူပဝိနိစ္ဆယကုထုံးကျမ်း၊ နန်းတွင်းကုထုံးကျမ်းများတွင်လည်း ကြံ့သွေးဖြင့် ဆေးနည်းများ ဖော်စပ်ကြ၏။ ထို့ကြောင့် ကြံ့သည် ဆေးဖက်တွင် များစွာအသုံးဝင်ကြောင်း ဖော်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

သမားတော်ကြီး ဒေါက်တာသက်ဆွေ

❑

"ပညာကို သေရာယူမသွားပါ"

ရေးဟောင်း နန်းတွင်းအကြောဖွင့်ပညာကို သိပ်ံနည်းကျ (E.M.S) စက်ဖြင့်
စာတွေ့ (၂)လ၊ လက်တွေ့ (၁)လ အခမဲ့သင်ကြားပေးမည်။ စက်များပါ တီထွင်ထုတ်လုပ်လျက်ရှိသည်။

အမြန်ဆက်သွယ်ရန်-(သင်တန်းသား ကန့်သတ်ချက်ရှိသည်)

သမားတော်ကြီး ဒေါက်တာသက်ဆွေ

Ph-D (AYURVEDIC MEDICINE) (KOL-INDIA)

အကြောရောဂါ အထူးကုပါရဂူ

မုတ်ချက် - သွေးတိုး၊ ဆီးချို၊ လေငန်း၊ လေဖြတ်ရောဂါများပါ ကုသပေးလျက်ရှိသည်။
နေ့စဉ် နံနက် (၉း၃၀)နာရီမှ ညနေ (၅း၃၀)ထိ တနင်္လာနှင့် ရုံးပိတ်ရက် ပိတ်သည်။

ညွှန့်မေတ္တာသမဝါယမအသင်းလိမ်တက်၊ ပုသိမ်ညွှန့်ရပ်ကွက် (၄)လမ်းထိပ်၊ သဲကွင်းရွာ သမိန်ပရမ်းလမ်း၊ လမ်းမကြီးပေါ်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်။ ☎ ၀၉ ၉၇၅၆၈၀၉၄

www.burmeseclassic.com

www.burmeseclassic.com

ဆေးစွမ်းထက်သော ကြက်သွန်နီဖြူ

အောင်ဘုန်းမြင့် (ကချင်မြေ)





ကြက်သွန်နီဖြူ

ဆေးစွမ်းထက်သော ကြက်သွန်ဖြူတို့ ရှေးအိန္ဒိယနိုင်ငံသားတို့က မြေမှုဖြစ်သော ပုလဲ 'ဘုမိမုတ္တာ' ဟူ၍ ခေါ်ဆိုသမုတ်ကြပြီး ရှေးဘေဘီလုံနိုးယန်းတို့ကမူ မြေမှုပေါက်သော ဘုမိရတနာဟု တင်စားခေါ်ဆိုခဲ့ကြလေသည်။

အိန္ဒိယဆေးကျမ်းများ အလိုအရ ကြက်သွန်ဖြူ၏ ဆေးစွမ်းအာနိသင်သည် လေရောဂါ၊ အာရုံကြောရောဂါ၊ ရင်ကျပ်ရောဂါ၊ အဆုတ်လေပြွန်ရောင်ရောဂါ၊ တုပ်ကွေးရောဂါ၊ လည်ချောင်းနာ အာခေါင်ယားရောဂါ၊ လေ၊ သလိပ်နှင့်ဆိုင်သောရောဂါ၊ အဆစ်အမြစ်ကိုက်ခဲသောရောဂါ၊ ဝမ်းနှင့်ပတ်သက်သော ရောဂါအမျိုးမျိုးကို ပျောက်ကင်းနိုင်သည်ဟု ဆိုသည်။

ရှေးတရုတ်သမားတော်များက ကြက်သွန်ဖြူကို မြေကပေးသော နတ်ဆေးဟု ခေါ်ဆိုခဲ့ကြ၏။

တရုတ်ဆေးပညာရှင်များ၏ အဆိုအရ ထမင်းစားသည့်အခါတိုင်း ကြက်သွန်ဖြူကို နေ့စဉ် တစ်နေ့ တစ်လုံး (သို့) နှစ်လုံး စားသုံးပေးလျှင် အချို့သော ဥဖ် ပါး ရောဂါဝေဒနာများကို ကင်းစင်စေပြီး ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ကြက်သွန်ဖြူသည် လူသားများအတွက် အစွမ်းထက်သော သက်စောင့်ဆေးတစ်လက်ဖြစ်သည်။ အထူးသဖြင့် အဆုတ်နှင့် လေပြွန်တွင် ဖြစ်ထတ်သောရောဂါ၊ အရေကြောရောဂါ၊ လေမျိုး၊ ဓာတ်ရောဂါ၊ ဝမ်းနှင့်ဆိုင်သော ရောဂါအမျိုးမျိုး၊ ထိန်ရာရနာများ၊ အစာအိမ်နှင့် အူသိမ်အူမတွင်ဖြစ်တတ်သောရောဂါ၊ နှလုံး၊ သွေးကြောနှင့်ဆိုင်သောရောဂါ၊ ခေါင်းအုံ၊ ခေါင်းမူး၊ ခေါင်းကိုက် ဝေဒနာ၊ အဖျားအနာရောဂါ၊ သန့်ကောင်၊ တုတ်ကောင်ရောဂါ၊ ပန်းသေပန်းညှိ၊ ဒူလာမီးယပ်ရောဂါများနှင့် ကင်ဆာရောဂါအချို့ကို ကာကွယ်ပျောက်ကင်းစေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆေးအာနိသင်

ကြက်သွန်ဖြူ၏ အာနိသင်သည် အဆုတ်နာ၊ လည်ပင်း လည်ချောင်းနာ၊ နှုနာ၊ ပိုးနာ၊ ပန်းနာ၊ သလိပ်နာများကို ပျောက်စေနိုင်ပြီး အရိုးကျိုးခြင်းကို ဆက်မြန်စေနိုင်သည်။ ဝမ်းဗိုက်ရောင်နာ၊ ကိုယ်တစ်ခြမ်းသေရောဂါ၊ အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်း ဝေဒနာများကို သက်သာကောင်းစေနိုင်သည့်အပြင် အနာရောဂါအမျိုးမျိုးကို ကာကွယ်တားဆီးပေးနိုင်သည်။

ကြက်သွန်ဖြူကို စားသုံးပေးခြင်းဖြင့် ခွန်အားပြည့်ဖြိုးရှ ရုပ်အဆင်းကို ကြည်လင်သန့်ရှင်းစေသည်။ ဦးနှောက်ကို သန့်စွမ်းကြည်စေပြီး မျက်စိအမြင်ကို ကောင်းစေနိုင်သည်။ ဆီးရောဂါများကို ပျောက်ကင်းစေနိုင်ပြီး နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်းများကို ရှင်းစေသည်။

နေ့စဉ် ပါအောင် စားပေးနိုင်ပါက ချောင်းဆိုးနာ၊ ကုတ်ဟီးနာ၊ ပြည်တည်နာများကို ကင်းပပျောက်စေနိုင်သည်။ အစာကို ကြေစေသည်။ လေကိုနှင်စေ၍ ဝမ်းမီးကို တောက်စေကာ သန်ကောင်များကို ကျစေနိုင်ပါသည်။

ကြက်သွန်ဖြူ၏ ထူးခြားသောဂုဏ်သတ္တိသည် ခန္ဓာကိုယ်အတွင်းမှ ပျစ်ခဲနေသော သွေးများကို ကျဲလာစေနိုင်သဖြင့် သွေးကြောများကို ပွင့်စေကာ နှလုံးသွေးကြော ပိတ်ဆို့မှုများကို ရှင်းလင်းစေနိုင်သည်။ အဆီဓာတ်များကို ကျစေသည်။ သို့ဖြစ်၍ သွေးတိုးလေငန်းရှိသူများ၊ လေးဖက်နာဝေဒနာရှင်များ၊ အစာအိမ်ရောဂါရှိသူများ၊ နှလုံးရောဂါရှင်များ၊ အစာမကြေ လေရောဂါရှိသူများ၊ ဝမ်းရောဂါဖြစ်လွယ်သူများ၊ သွေးပျစ်သွေးခဲတတ်သူများ နေ့စဉ်စားသုံးပေးသင့်ပါသည်။

ကြက်သွန်ဖြူတွင်ပါဝင်သော ALLICIN ဓာတ်သည် ပင်နီဆီလင်ဆေးကို ခံနိုင်ရည်ရှိသော တိုက်ဖိုက်ပိုး၊ အူရောင်ငန်းဖျားပိုး၊ အနာပဆုပ်ပိုးများကို သေကျေစေနိုင်သော စွမ်းအားရှိသည်။ ဝမ်းလျှောဝမ်းပျက် အူရောင်ငန်းဖျားရောဂါ၊ ခဲဆိပ်၊ ပြဒါးဆိပ်သင့်သောရောဂါ၊ နှာခေါင်းပိတ်နာ၊ လည်ချောင်းနာ၊ နားပြည်ယိုရောဂါ၊ မို့စွဲနာ၊ မျက်စိနာ၊ မျက်ခမ်းစပ်ရောဂါ၊ မီးယပ်ဖြူရောဂါ၊ အယ်လ်ဇိုင်းမားရောဂါများကို ကြက်သွန်ဖြူဖြင့်ဖော်စပ်ထားသော ဆေးနှင့် ပျောက်ကင်းနိုင်သည်။

မြန်မာ့ရိုးရာဆေးတွင် ကြက်သွန်ဖြူပျားရည်စိမ်ဆေးသည် ဆေးစွမ်းထက် လူကြိုက်များသောဆေး ဖြစ်သလို



ခေတ်မီဆေးလောကတွင် GARLIC-OIL-CAPSULE ကြက်သွန်ဖြူအဆီဆေးနှင့် GARLIC-PEARLS ကြက်သွန်ဖြူဆေးပုလဲများကို ထုတ်လုပ်ရောင်းချလျက်ရှိကြသည်။ ကြက်သွန်ဖြူကို အစိမ်းလိုက်စားသုံးခြင်းသည် အစွမ်းအထက်ဆုံး ဖြစ်ပါသည်။

ဒဏ္ဍာရီထဲက ကြက်သွန်ဖြူ

ရှေးဘီစီ ၃၀၀၀ ခန့်က တရုတ်ဧကရာဇ်မင်း ဟွမ်တီသည် မှုမတ်စစ်သည်များနှင့်အတူ တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းသွားနေစဉ် အချို့နောက်လိုက်များက တောင်ကုန်းတစ်ခုမှရသော အဆိပ်ရှိသည့် သစ်သီးတစ်မျိုးကို စားမိသဖြင့် ဝေဒနာခံစားလျက် သတိမေ့မြောကုန်သည်ဟူ၏။

သို့ဖြစ်၍ ဘုရင့်သမားတော်များက အလေ့ကျပေါက်သော ကြက်သွန်ဖြူဥများကို ဆေးဖော်ကျွေးသဖြင့် ဘုရင့်နောက်လိုက်များ အသက်ချမ်းသာရာရခဲ့ကြသည်ဟုဆိုသည်။

ရှေးရှုရှားနိုင်ငံအတွင်း၌ လေဖြတ်ခံရသော သက်ကြီးရွယ်အို များကို သဘာဝအလျောက် ကြက်သွန်ဖြူမျိုးများ အလေ့ကျပေါက်ရောက်တတ်သည့် ဆိုက်ဘေးရီးယား အရပ်ဒေသသို့ ခေါ်ဆောင်နေရာချပေးပြီး ကြက်သွန်ဖြူဆေးများဖြင့် ရက်ရှည်ကုသ ပျောက်ကင်းစေခဲ့သည်ဟူ၏။

ဂျူးလူမျိုးတို့သည် နံနက်၊ ညစာစားတိုင်း ကြက်သွန်ဖြူကို မပါပါအောင် ထည့်စားကြသဖြင့် အသက် ၃၀၀ ကျော်သည်အထိ ကျန်းကျန်းမာမာ နေထိုင်နိုင်ကြသည်ဟု သိရသည်။ ကျွမ်းကျင်သော ရုရှားသမားတော်ကြီးများသည် ကြက်သွန်ဖြူဆေးဖြင့် အဆုတ်ရောဂါကို ကုသပျောက်ကင်းစေနိုင်ခဲ့ပြီး ဘရာဇီးနိုင်ငံမှ သမားတော်များကမူ အူလမ်းကြောင်းနှင့်ဆိုင်သော ရောဂါအမျိုးမျိုးတို့ကို ကုသပျောက်ကင်းစေခဲ့သည်ဟု ဆိုသည်။ စွမ်းအားသတ္တိသည်

www.burmeseclassic.com

www.burmeseclassic.com

သွေးကြောပွင့်ဆေးအဖြစ် အစွမ်းထက်သောဆေး ဖြစ်လေသည်။

ကြက်သွန်ဖြူသည် သွေးထဲမှ မကောင်းသော (CHOLESTROL) ကိုလက်စထရော အဆီဓာတ်များကို ကျစေနိုင်ပြီး နှလုံးသွေးတိုးရောဂါကို လျော့နည်းသက်သာစေနိုင်သည့် ကြက်သွန်ဖြူကို အခွံခွာပြီး ခေတ္တလေသလပ်အခြောက်ခံပေးလျှင် ကင်ဆာရောဂါကို သုတ်သင်တိုက်ထုတ်ပေးနိုင်သော ဓာတ်များကိုရရှိစေကာ ကင်ဆာရောဂါကို ကာကွယ်တားဆီးပေးနိုင်သည်။

နှလုံးသွေးကြောနှင့် သွေးတိုး

ကြက်သွန်ဖြူဥတစ်လုံးကို အခွံသင်အပေါက်ဖောက်ပြီး ပျားရည်နှင့် စိမ်ထားရမည်။ ဆေးစိမ်ထားသောပုလင်းကို မကြာမကြာလှုပ်ပေး၍ ခုနစ်ရက်ပြည့်လျှင် နံနက်၊ ည တစ်နေ့နှစ်ကြိမ် ၆မ်းသေးဖြင့် ပျားရည်နှစ်ဇွန်း ကြက်သွန်ဖြူဥနှစ်လုံးစားသုံးပေးခြင်းဖြင့် နှလုံးသွေးကြောကျဉ်းနှင့် သွေးတိုးရောဂါကို ကျစေနိုင်ပါသည်။

အရိုးနာ

အရိုးထိအောင်စားသော အနာဆွေးကို ရေနွေးနှင့် ဖန်ရည်ဆေးကြောပေးပြီး ကြက်သွန်ဖြူကို ထုထောင်းအုံပေး၍ ပတ်တီးဖြေ့၍ အသစ်ထပ်မံ ဖန်ရည်ဆေး ကြက်သွန်ဖြူအုံစည်းပေးသော် အရှင်းပျောက်စေနိုင်သည်။

ဒူလာမီးယပ်ဆေး

ကြက်သွန်ဖြူဥတစ်လုံး ဥကြီးကို စားနှင့် ဖင်ဖောက်အခေါင်းလုပ်၍ ဘိန်းဆီ ရွှေငယ်ခန့်ထည့်၍ မီးကင်ထားပါ။ မြေသင်းခဲကို အရည်ဖျော်၍ အရည်ကြည်ရသည်ထိ အရည်စစ် အနည်ကျအောင် ထားပေးရမည်။ ကြက်သွန်ဖြူမီးကင်ကို ကြိတ်ပြီး လူနာကို ချွဲချိန်ကျော်၍ မြေသင်းခဲရည်ကို တိုက်ပေးလျှင် ဒူလာမီးယပ်ရောဂါ ပျောက်ကင်းစေနိုင်သည်။

နှလုံးရောဂါ

ကြက်သွန်ဖြူဥတစ်လုံး ၂၅ ကျပ်သား၊ ပျားရည် ၅၀ သား၊ ငရုတ်ကောင်း ၅ ကျပ်သားကို လေလုံသန့်ရှင်းသော ပုလင်းတွင် ၄၅ ရက် ရောစိမ်ထားလျှင် ဆေးအဖြစ်ရသည်။ ယင်းဆေးကို ထမင်းစားဇွန်းနှင့် နံနက်၊ ည တစ်နေ့နှစ်ကြိမ် မှီဝဲပေးပါက နှလုံးအားနည်းခြင်း၊ နှလုံးတုန်မောပန်းခြင်း၊ သွေးတိုးမူးဝေခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း ရောဂါများကို ကောင်းစေနိုင်သည်။ ကြက်သွန်ဖြူ မီးဖုတ်ကျွေးသော် ကလေးသွေးအားနည်းရောဂါ ပျောက်သည်။

ဝမ်းရောဂါ

ကြက်သွန်ဖြူပါးပါးလှီး ဗာဒံရွက်နှုနှင့် ကြော်စားပေးက သွေးဝမ်းရောဂါ ပျောက်၏။ ကြက်သွန်ဖြူဥကြီး ဗိုက်ခွဲ၍ ဘိန်းဆီအနည်းငယ်ထည့် မီးကင်စားပေးပါ သွေးဝမ်းကိုက်ရောဂါ အရှင်းပျောက်၏။ ကြက်သွန်ဖြူဥတစ်လုံး အဖျားလှီး အခေါင်းဖွင့်၍ စမုန်စပါးစေ့အနည်းငယ်ထည့် ကျက်အောင် မီးဖုတ် စားပေးသော် ဝမ်းပျက်ဝမ်းနာ ဝမ်းကိုက်ရောဂါ ပျောက်ကင်းနိုင်၏။

ကြက်သွန်ဖြူကို ကြောင်ပန်းရွက်နှင့် ကြော်စားပေးပါက ဝမ်းဖောဝမ်းရောင် ဝမ်းကိုက်ရောဂါ ပျောက်ကင်းနိုင်၏။

တစ်နည်း - ကြက်သွန်ဖြူကို ထန်းလျက်နှင့် စားပေးသော် ဝမ်းကိုက်ရောဂါပျောက်နိုင်၏။ ကြက်သွန်ဖြူ နှမ်းဆီစိမ်၍ ဆားအနည်းငယ် ထည့်စားပေးက လေရောဂါ ပျောက်စေနိုင်သည်။

ချောင်းဆိုးအဆုတ်နာ

ကြက်သွန်ဖြူကြိတ်ရည်ကို နို့နှင့်ရောဖျော်၍ လက်ဖက်ရည်ဇွန်းသေးနှင့် တစ်နေ့ လေးကြိမ် သောက်ပေးလျှင် ချောင်းဆိုးရောဂါ အဆုတ်နာ ပျောက်စေနိုင်သည်။

တစ်နည်း - ကြက်သွန်ဖြူသတ္တုရည်ကို သောက်ပေးပါက နာတာရှည် ချောင်းဆိုးရောဂါကို ပျောက်စေသည်။ ကြက်သွန်ဖြူကို ထောင်းပြီး ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲထည့် အဝတ်စပါးပါး ရေဆွတ်၍ အိုးဝအလုံပိတ် ထွက်လာသည့် အငွေ့ကို ရှူပေးခြင်းဖြင့် ချောင်းဆိုးသွေးပါ ပျောက်ကင်းနိုင်သည်။

လည်ပင်းကြီးရောဂါ

ကြက်သွန်ဖြူအဆီကို ရက်ကြာကြာ လိမ်းပေးလျှင် လည်ပင်းကြီးရောဂါပျောက်နိုင်သည်။

တစ်နည်း - ကြက်သွန်ဖြူအဆီကို တစ်ကြိမ်လျှင် နှစ်စက်ခန့် တစ်နေ့ သုံးကြိမ် ရက်ဆက်တိုက်ကျွေးပါက လည်ပင်းကြီးရောဂါ ပျောက်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခွေးကိုက်ခံရလျှင်

ကြက်သွန်ဖြူကို ညက်အောင်ထောင်း၊ ခွေးကိုက်ဒဏ်ရာကို ဆေးကြောသန့်စင်ပြီး လိမ်းအုံ ပတ်တီးစည်းနှောင်ပေးခြင်းကို သုံးရက်ဆက်တိုက် ပြုလုပ်ပေးပါက ခွေးဆိပ်ကို ပြေပျောက်စေပြီး ခွေးရူးပြန်ရောဂါမှ ကင်းဝေးလွတ်ငြိမ်းစေနိုင်ပါသည်။

ပွေးဝဲယားနာ

အစေးကို ပွတ်လိမ်းပေးသော် ပွေးဝဲယားနာ ပျောက်ကင်းနိုင်သည်။ ကြက်သွန်ဖြူ ရှိန်းခိုး ဟူးရည် စပ်လိမ်းပေးက အနာစိမ်းရင့်လျှင် ပြည်ပေါက်စေပြီး နုလျှင် ပိန်ချပ်သွားစေနိုင်သည်။ ထုထောင်း၍ အနာပျက် အနာဆွေးပေါ် လိမ်းပေးသော် ပျောက်စေနိုင်သည်။

ရိုးရာဆေးနည်း

ကြက်သွန်ဖြူကြိတ်ရည် သောက်လျှင် ဆီးတစက်စက်ယိုသောရောဂါ ပျောက်သည်။ ကြက်သွန်ဖြူ ငရုတ်ကောင်းခုနစ်စေ့ခန့် ကြိတ်၍ အုံပေးပါက အနာမန်းဝင်ခြင်းကို ကင်းပစေနိုင်သည်။ ကြက်သွန်ဖြူရည်ကို နားထင်လိမ်းပေးသော် ခေါင်းကိုက်ဝေဒနာ ပျောက်သည်။ ကြက်သွန်ဖြူဥတစ်လုံး မီးအုံးပြီး နှမ်းဆီနှင့် စားပေးပါက ဆံပင်ကို သန်စေ၊ နက်စေနိုင်သည်။ ကြက်သွန်ဖြူကို ချဉ်ရည်စိမ်စားပေးလျှင် အဆစ်အမြစ်နာ ပျောက်ကင်းနိုင်သည်။ ကြက်သွန်ဖြူကို ကြိတ်၍ အုန်းဆီနှင့်အုံပါက သက်တဲ့နာကို ပျောက်စေနိုင်သည်။

ကြက်သွန်ဖြူရည်ကို ပွတ်လိမ်းပေးက အကြေတက်နာ ပျောက်စေနိုင်ပြီး ရှူပေးသော် နှာအဆက်မပြတ်ချေခြင်းကို ကောင်းစေနိုင်သည်။ ကြက်သွန်ဖြူကို သံလွင်ဆီနှင့် စားပေးပါသော် ကိုယ်ခံအားနည်းခြင်းကို ပျောက်စေနိုင်သည်။ ကြက်သွန်ဖြူ ခုနစ်မြွှာင်းကို မားနှင့်လှီးဖြတ်၍ အဖုအကိုက်များကို ထိအောင်တိုပေးပါက သွေးရိုးသားရိုး ဖြစ်လျှင် ပိန်သွားပါလိမ့်မည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့်(ကချင်မြေ)

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာလီခါချ် (မြန်မာပြည်)

- ယဇ်ကြာဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရှေ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ☎ ၀၉-၃၁၀၂၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်စရာ ဆေးနည်းအကြာကြာ

မောင်စာဆို (ကျုံစု)



"ဆရာ.ဝင်ခဲ့မယ်နော်"

"အေး လာလာ မောင်စာဆိုလား၊ လာဟ ရေနွေးရှိတယ်၊ ဟောဒီမှာ ငါးမြွေထိုးခြောက် ကြော်ထားတာ ရေနွေးနဲ့ မြည်းပေတော့ဟေ့"

"ဟား ကောင်းလှချည့် ဆရာရယ်"

"ကဲ - အချိန်ကို တန်ဖိုးရှိစွာ အသုံးခံလိုက်ရအောင်၊ ကဲ - မေး"

"ဟုတ်ကဲ့ဆရာ၊ ပထမဆုံး **ဓာတ်ချုပ်ပြီး စမြင်းခံ** နေမယ်ဆိုရင် အဲဒါ သက်သာအောင် ဘယ်လိုလုပ်ရပါလဲဆရာ"

"အေး လိုက်မှတ်၊ ဓာရုတ်စကားမြစ် နှစ်ကျပ်သားကို သုံးခွက်တစ်ခွက်တင်ကျိ၊ လူကြီးတစ်ခါသောက် လက်ဖက်ရည် အကြမ်းပန်းကန် တစ်ဝက်၊ ဆားအနည်းငယ်ထည့်ပြီး သောက်ပါလို့ ဆိုတယ်။

ထိုဆေးကို (၃) ရက်တစ်ကြိမ်၊ (၅) ရက်တစ်ကြိမ်၊ (၇) ရက်တစ်ကြိမ် ဆောက်ပါ၊ အလွန်ကောင်းသော ဝမ်းမှန်လာရစေသည့်ဆေး ဖြစ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ နောက် ရေငတ်ဝမ်းကျ ဖြစ်ရင် ဘယ်လို ဆောင်ရွက်ရမှာပါလဲ ဆရာ"

"လိပ်ခွံရအောင်ရှာ၊ ပြာအဖြစ်ပြုလုပ်ပြီး ရေကျက်အေးမှာထည့်စိမ်ထား၊ ရေငတ်တိုင်း အဲဒီရေကို နည်းနည်းစီတိုက်ပေးမယ်ဆိုရင် ဒါ ရေငတ်ဝမ်းကျရောဂါ ပျောက်ပါပြီ"

"ဟုတ်ကဲ့ဆရာ၊ **ခါးနာ** မယ်ဆိုရင်ကော ဆရာ"

"မိသဃလင်ဥ (၅) ကျပ်သား၊ ဆား (၅) ကျပ်သား သမအောင်ထောင်းစပ်ပြီး အဝစ်နဲ့ထုပ်ပြီး ရေနွေးနဲ့ ပေါင်းကာ ကြုပ်ထုပ်ထိုးပေးပါ၊ မကြာမီပင် ပျောက်ကင်းသွားပါလိမ့်မည်"

"**အဖောမကျနိုင်ရင်**ကော ဆရာ၊ ဘာလုပ်ပါမလဲ"

"ကနဖော့ကို သကြားနဲ့ သုံးခွက်တစ်ခွက်တင်ကျိ သောက်၊ ကနဖော့နဲ့ ထန်းလျက်ကို အရက်ချက်သကဲ့သို့ ပေါင်းတိုက်၍ ရသောအရည် (ချွေး) ဖြင့် နေ့စဉ်လိမ်းပေးမယ်ဆိုရင် ပျောက်ပါတယ်"

"**ချောင်းဆိုးသွေးပါ** အဆုတ်နာ ဖြစ်တယ်ဆိုရင်ကော ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

"ဇော်ဂျီတောင်ဝှေးပင် အနီရွက်ကို ဆေးသကြား (ဒိုပါလာသကြား) နဲ့ နေ့စဉ် ကျိုသောက်မယ်ဆိုရင် မကြာမီ ပျောက်မယ်"

"ဟုတ်ကဲ့ဆရာ၊ **ဆီးအလွန်ချုပ်၍ ဆီးမသွားနိုင်ရင်** ဘယ်လိုလုပ်ရမယ်ဆိုတာ သိပါရစေဆရာ"

"ဆည်းလည်းပင် အရွက်ကို သုံးခွက်တစ်ခွက်တင် ဒိုပါလာသကြားနဲ့ အနည်းငယ်ထည့်ပြီး သောက်ကောင်းရဲ့ ထည့်သောက်ပါ၊ ပျောက်ပါတယ်"

"**ဝမ်းကိုက်ရောဂါ** ဖြစ်နေရင်ကော ဆရာ"

"မခက်ပါဘူး၊ ကြက်သွန်နီနီရွက်ကို ခြုတ်၊ ကြက်သွန်ဆီချက်ချက်၊ ဓဲမှုန့်သင့်တော်ရုံထည့်၊ အဝသုပ်စား၊ တစ်ခါစာနည်း ပျောက်ပါတယ်"

"**ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်ဖြူ** နေတယ်ဆိုရင်ကော ဆရာ"

"ဆေးမြင်းခွာ (၅) ကျပ်သားကို ပျားရည် (၁၀) ကျပ်သားနဲ့စပ်၍ ညအိပ်ရာဝင်တိုင်း ကော်ဖီဇွန်းတစ်ဇွန်း သောက်ပါ၊ အဆင်ပြေသွားပါလိမ့်မယ်"

"**ဖျဉ်းရောဂါ** စွဲသော် မည်သို့လုပ်ရပါမည်လဲ"

"ရှားစောင်းကြီးအစေး အစက် (၂၀) တွင် ပျားရည် နှစ်ကျပ်ခွဲသားစပ်နှင့် လူကြီးတစ်ခါသောက် တစ်ပဲသားခန့် တိုက်ကျွေးပါ၊ ဓာတ်သက်၍ အရောင်လျော့သွားပါလိမ့်မယ်၊ ခံနိုင်၍ အစားအသောက် မပျက်ပါက (၇) ရက် တစ်ခါ သောက်ပါ"

"ဟုတ်ကဲ့ဆရာ၊ အနာညှော်မိပြီး **မန်းဝင်မယ်**ဆိုရင် ဘာလုပ်ရပါမလဲ"

"သပြက်မြစ်ကို ဆန်ဆေးရည်နဲ့သွေး၊ ဆားအနည်း ငယ်ထည့်၊ လူကြီးတစ်ခါသောက် (၂) ပဲသားခန့်သောက်ပါ၊ ဒါဆိုပျောက်ပါတယ်"

"**သွက်ချာပါဒ** စွဲမယ်ဆိုရင်ကော ဆရာ"

"ငရုတ်ပတူမြစ် (၁၀) ကျပ်သား၊ ထန်းလျက် (၁၅) ကျပ်သား၊ ဆန်ဆေးရည် (၅၀) ကျပ်သားတို့ကို ဖန်ပုလင်း အညိုတွင် လေလုံစွာ (၇) ရက်စိမ်ထားပြီး လူကြီး တစ်ခါ သောက် လက်ဖက်ရည်ပန်းကန်တစ်ဝက် နေ့စဉ် သောက် ပေးပါ"

"ဆရာ **သွားနာခြင်း၊ သွားပိုးစားခြင်း၊ သွားကိုက်ခြင်း၊ သွားဖုံးများရှိပြီး ရေစီးကမ်းပြိုဖြစ်မယ်** ဆိုရင် သက်သာပျောက်ကင်းတဲ့နည်း သိချင်ပါတယ်"

"မခက်ပါဘူး၊ **တမာရွက်အစို နို့ဆီဘူး** တစ်လုံး လေးညှင်းပွင့် အပွင့် (၂၀)၊ **ဆားနို့နို့ (၂) ကျပ်သား** လင်းနေ ဥအစို (၁) ကျပ်သားတို့ကိုရော၍ **အစိုအတိုင်း ထောင်းပါ**၊ မညက်တညက်ရှိရင် နေလှန်း ထပ်ထောင်းပါ၊ **အမှုန့်ဖြစ်လျှင်** ပုလင်းနှင့် ထည့်ထားပါ၊ ၎င်းဆေးမှုန့်နှင့် သွားအနောက် သွားခြေ သွားရင်းတို့ကို ပွတ်ပေး၊ သိပ်ပေးပါ။

သွားပိုးစားပြီး ကိုက်ခဲရင် ၎င်းဆေးမှုန့် သွားကြား သွားအုခေါင်းထဲ သိပ်ပါ၊ သွားများ ဖရိုဖရဲဖြစ်နေသော် ၎င်းဆေးမှုန့်နှင့် မကြာမကြာပွတ်ပေးပါ"

"မတော်တဆ **ဓားရှခြင်း၊ အနာစိမ်းပေါက်ခြင်း**ဖြစ်ရင်ကော ဆရာ"

"ကြက်သွန်နီဥကြီး တစ်ဥ နနွင်းမှုန့်လက်ဖက်စား ဇွန်းတစ်ဇွန်း၊ ရိုးရိုးဆား လက်ဖက်စားဇွန်းတစ်ဇွန်း၊ နှမ်းဆီ လက်ဖက်စားဇွန်းတစ်ဇွန်း ရောကြိတ်ပါ၊ အနာကို သန့်ရှင်း အောင် ဆေးကြောပြီး နောက်ကို ဆေးကိုတင်၍ ပတ်တီး စည်းပေးပါ၊ (၃)ရက်အတွင်း အနာကျက်သွားသည်ကို တွေ့ ရပါလိမ့်မည်"

"အာ- တော်တော်ကောင်းတဲ့ အိမ်သုံးဆေးနည်း တွေပဲ၊ အများကြီး ခက်ခက်ခဲခဲ မရှာရတော့ဘူးပေါ့ ဆရာ၊ ကောင်းလိုက်တာ ဆရာရယ်"

"ကဲ - နောက်တစ်ခုမေးပါဦး"

"ဒီတစ်ခါ ဆရာ့ကို ထူးထူးဆန်းဆန်းမေးချင်လို့ ဆရာ"

"ဘာများ ထူးထူးဆန်းဆန်းလဲဟ"

"ဆရာ၊ ကျွန်တော်တို့ အိမ်ခြံထဲမှာ ပိန္နဲပင် လေးငါး ပင်ရှိတယ်၊ နှစ်ပင်က အသီးလည်းမကောင်းဘူး၊ ချိုလည်း မချိုတော့ဘူး၊ ပိန္နဲသီးပျက်တယ်ခေါ်မလား၊ အဲဒါ ဘယ် လိုလုပ်ရင် ကောင်းမယ်ဆိုတာလည်း စိုက်ပျိုးဗဟုသုတ တစ်မျိုး သိချင်ပါတယ်၊ ဆရာရယ် အပင်တွေက အကြီး ကြီးတွေ နှမြောလို့ပါ"

"ကောင်းပြီ၊ သေချာမှတ်၊ **ပိန္နဲပင်ပျက်** တယ်ဆိုတာ အသီးပျက်တာ၊ အမြွှာလည်း သေးသွားမယ်၊ ပြီးတော့ မချို တော့ဘူး၊ ဒီလိုလား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီပိန္နဲပင်က အသီးတစ်လုံးကို မှည့်အောင်ထား၊ သပ်ရိုက်အုပ်ပေါ့ကွာ၊ မှည့်ပြီဆိုရင် အမြွှာတွေထုတ်ပြီးရင် ထန်းလျက်နဲ့ ယိုထိုးရမယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ဆရာ"

"ယိုထိုးပြီးပြီဆိုရင် အဲဒီပျက်တဲ့ ပိန္နဲပင်အောက် အပင်ခြေရင်းမှာ မြေကြီးထဲ တူးမြှုပ်ရမယ်၊ နှစ်ခါလောက် အဲဒီလို လုပ်လိုက်မယ်ဆိုရင် အမြွာတွေအရောင်လည်းလှ တယ်၊ အမြွာကလည်း တအားချိမယ်၊ ငါတို့အိမ်က ပိန္နဲပင် နှစ်ပင်၊ အဘွားက နည်းပေးလို့ အဲဒီလို ပြင်လိုက်ရ ပြား မင်း စားဖူးပါတယ်"

"ဩော် - အဲဒီလိုလား၊ ကောင်းပါပြီ ဆရာရယ်"

"ကဲ - မင်းစာဖတ်ပရိသတ်အတွက် နောက်ထပ် ဆီးဆေးကောင်းတစ်လက် လက်ဆောင်ပေးလိုက်မယ်"

"ဟုတ်ကဲ့ဆရာ၊ ဆက်ပါဦး"

"ဆီးကျဉ်၊ ဆီးနည်း၊ ဆီးအောင့်၊ ဆီးပူ၊ ဆီးကျောက်တည် တာတွေ ဖြစ်နေမယ်ဆိုရင်-

ကြခတ်ဝါးအမြစ်၊

ကုန်းထိကရုန်းအမြစ်၊

ဆင်နှာမောင်းပင်အမြစ်၊

သုံးကျပ်သားခန့်စီ ရအောင်ယူ၊ ရေစင်ကြယ်စွာ ဆေးကြော်ပြီး မတ်ခွက် (၃) ခွက် (၁) ခွက်တင်ပြုတ်ပြီး အဲဒါ ခပ်နွေးနွေးသောက်ပေးရမယ်၊ ဆီးကျောက်ရင့်လွန်းမှ တစ်နေ့ တစ်ခွက်နှုန်း သုံးခွက်သောက် ပျောက်တယ်"

"ကောင်းလိုက်တာဆရာ၊ ကျေးဇူးတင်လိုက်တာ"

"ကဲ - ဒီနေ့အတွက် နောက်ဆုံးတစ်ခု မေးပြီးရင် နားမယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်အိမ်က အုန်းပင် အသီး ကောင်းကောင်းမသီးဘူးဆရာ၊ အုန်းပင်က အသက်တော့ ရနေပြီ၊ အဲဒါ"

"အုန်းပင် အသက်ကြီးရင်လည်း အသီးဆွံ့တာ ဓမ္မတာပဲကွ၊ ဒါပေမဲ့ ထပ်ပြီးသီးအောင်လုပ်တဲ့နည်းတွေ အုန်းခြံသမားတစ်ဦးရဲ့ ပြောပြချက်အရ မှတ်သားစရာပဲဟေ့။

မိမိအုန်းပင်ဟာ အသီးမတင်တာ၊ အသီးအားနည်း တာတွေ ဖြစ်နေမယ်ဆိုရင် အုန်းပင်မြစ်ခြေရင်း လေးတောင် ပတ်လည် တစ်ပေခန့်အနက်တူးရမယ်တဲ့၊ ပြီးတော့ ပရဆေး ဆိုင်မှာဝယ်လို့ရတဲ့ ဒုတ္ထာခဲလေးတွေ ပတ်လည်စီပြီး မြေပြန် ဖို့ပါတဲ့၊ ရဲခါ ရေလောင်းပေး၊ အဲဒီအုန်းပင်ဟာ အင်နဲ့ အားနဲ့ ပြန်သီးလာလိမ့်မယ်ဆိုတာ အသေအချာပဲပေါ့"

"ဒါဆို ဆရာ၊ အုန်းပင် မဟုတ်ဘဲ သရက်ပင်တို့ ဘာတို့လည်း လုပ်လို့ရလား ဆရာ"

"ရတယ်၊ သီးပင်ဆို အကုန်လုပ်လို့ရတယ်၊ စပါးတို့ ဘာတို့ ကြွက်တွေကိုက်လို့ ဒုက္ခရောက်နေမယ်ဆိုရင်လည်း အဲဒီဒုတ္ထာ တော်တော်အရေးပါတယ်ကွ"

"ဟုတ်ကဲ့ဆရာ၊ အမိန့်ရှိပါ"

"ဒုတ္ထာကိုထုထောင်းပြီး ရေစိမ်ထား၊ ပြီးရင် လယ် ထဲမှာ ကြွက်သွားလမ်းတွေမှာ၊ ပက်ထား ဖျန်းထားမယ်ဆိုရင် ကြွက်မလာတော့ဘဲ ပြေးတော့တာ လက်တွေ့ပဲကွ၊ အိမ်တွေရဲ့ ကြွက်သွားလမ်းတွေကိုလည်း ဒီအတိုင်းလုပ်မယ် ဆိုရင် အိမ်မှာ ကြွက်ကင်းသွားမယ်ကွ"

"ကောင်းလိုက်တာ ဆရာ၊ ဒီနေ့တော့ နည်းတွေ တော်တော်စုံတာပဲ၊ ဟန်ကျပြီဆရာရေ၊ ကဲ - ဒါဆို ခွင့်ပြုပါဦး ဆရာ၊ ပေဒင်မေး ပရိသတ်တွေလည်း လာပြီ၊ အတော်ပဲ၊ သွားပြီ ဆရာ"

"အေး အေး မောင်စာဆိုရေ၊ ရေးဟ ရေး"

ကျွန်ုပ် ဆရာကြီး၏ ဆေးဗဟုသုတများအား မေးမြန်း မှတ်သား၍ ရေးသားပြီးပါက လပြည့်ဝန်းမဂ္ဂဇင်း ဆေးနည်း ဖြာဖြာကဏ္ဍတွင် အများသူငါ လေ့လာ မှတ်သားနိုင်ရန် ရေးသားပေးပို့ဖို့အရေး တွေးရင်း ဝမ်းသာမိလေတော့ သတည်း။

မောင်စာဆို(ကျုံရွာ)

စာမှီး - ဆေးပဒေသာမှတ်စု (ဆန်းဝင်း၊ အောင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com



လာဆဲသမီးကောင်မ အကြောင်ဆိုးရာဇဝတ်ဆရာ

ဆရာကြီးဦးအောင်မြင့်

"သမီးနဲ့ သမီးတို့မျိုးရိုးထဲမှာ အိမ်ထောင်ကျပြီး ငါးနှစ်၊ ဆယ်နှစ်ကြာတဲ့အထိ ကိုယ်ဝန်မရကြဘူး၊ ကိုယ်ဝန် ရရှိဖို့ ခက်ခဲကြန့်ကြာတာတွေ ကြုံရတယ်၊ ပြီးတော့လည်း ကိုယ်ဝန်မခိုင်မြဲကြပြန်ဘူး၊ ကိုယ်ဝန် လနှစ်မှာပဲ ပျက်တတ်တယ်၊ ဒါကြောင့် သမီးတို့စုံတွဲရဲ့ မျိုးရိုးမှာ သားသမီးအလွန်နည်းကြပါတယ်၊ အခုလည်း သမီးက တစ်ဦးတည်းသော သမီးဖြစ်သလို ခင်ပွန်းကလည်း တစ်ဦးတည်းသော သားပါပဲ၊ သမီးတို့ အိမ်ထောင်ကျတာ လပိုင်းပဲရှိပါသေးတယ်၊ ကိုယ်ဝန် မြန်မြန်ရချင်တယ်၊ ကိုယ်ဝန်လည်း ခိုင်မြဲချင်တယ်၊ သားသမီး ကောင်းတွေ များများရချင်ပါတယ်"

ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းသို့ လာရောက်တွေ့ဆုံဆွေးနွေးသော အိမ်ထောင်ကျခါစ အမျိုးသမီးငယ်တစ်ဦး၏ ပြောပြသော စကားစု ဖြစ်ပါသည်။

ယခုလိုကိစ္စမျိုးတွင် ကျွန်ုပ်၏ ဆရာတစ်ပါးဖြစ်သော ရသေ့ကြီး ဦးပညာဂ္ဂဒ္ဓိ၏ နည်းလမ်းကောင်း အသုံးချလျှင် အောင်မြင်ကြောင်း ကျွန်ုပ်ကိုယ်တွေ့ များစွာရှိခဲ့ပြီး ဖြစ်ပါသည်။

အဆင်သင့်ဖြစ်အောင် သိဒ္ဓိတင် စီရင်ထားသည့် ကျိုက်ထီးရိုးပုံတူ ကျောက်ဥ အဆောင်စေတီတော်ကိုပေးပြီး ဆောင်ရွက်ရန် နည်းလမ်းကောင်းတို့ကို ညွှန်ပြပေးလိုက်ပါသည်။

သူမ ကျွန်ုပ်ထံ လာရောက်သော ရက်စွဲမှာ (၁-၆-၂၀၁၅) ရက်နေ့တွင် သူမတို့ ဇနီးမောင်နှံနှစ်ဦး ကျွန်ုပ်ထံ ရောက်ရှိလာပြီး ကိုယ်ဝန်ခွဲစိတ်မွေးဖွားရန် နေ့ရက်ကောင်း၊ အခါကောင်း လာရောက်ရွေးချယ်ခိုင်းပါသည်။

ဆရာဝန် သတ်မှတ်ပေးသော ဂျူဒိတ်မှာ (၂)ပတ် အတွင်းဖြစ်၍ ထို(၂)ပတ်အတွင်း အကောင်းဆုံးဖြစ်နိုင်သည့် နေ့ရက်ကောင်း၊ အချိန်အခါကောင်း သုံးခုခန့် ရွေးချယ်လိုက်ပါသည်။ ထိုသုံးခုထဲမှ ဆရာဝန်နှင့် ညှိနှိုင်းအဆင်ပြေသော နေ့ရက်၊ အချိန်အခါကောင်း တစ်ခုတွင် ခွဲစိတ်မွေးဖွားခြင်း ပြီးမြောက်ကာ သားဦး ယောကျ်ားလေးအမြွာကို ကျန်းမာသောကင်းစွာ ဖွားမြင်ပြီးကြောင်း သိရပါသည်။

ယခုအခါ အမြွာယောကျ်ားလေး နှစ်ဦးအတွက် နာမည်ကောင်း ရွေးချယ်ပေးလိုက်ပြီး ဖြစ်ပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သိဒ္ဓိတင် စီရင်ပေးလိုက်သော အဆောင်ကျောက်ဥစေတီတော်အကြောင်း ရှင်းပြပါမည်။ မြန်မာနိုင်ငံအနှံ့အပြား တော့တောင်ထူထပ်သော ဒေသများမှာ ထုံးကျောက်လိုဏ်ဂူကြီးများ ရှိကြသည်။ ထိုလိုဏ်ဂူကြီးများအတွင်းမှာ သဘာဝကျောက်စက်မိုးမျှော်၊ ကျောက်စက်ပန်းဆွဲများလည်း ရှိကြသည်။ ထိုကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်များမှာ သဘာဝအတိုင်း အကြောင်းတစ်ခုခုမကြောင့် အချို့မှာ အပိုင်းအစအချို့ ပြုတ်ထွက်နေတတ်သည်။ ထိုအပိုင်းအစတို့ကို ကောက်ယူစုဆောင်း၍ အနေတော်အပိုင်းအစငယ်များဖြစ်အောင် ဖြတ်တောက်ရပါသည်။

အလားတူ တောတောင်ကြီးများအတွင်း၊ ရေတံခွန်များအောက်ခြေ ရေအိုင်နှင့်တစ်ဆက်တည်းဖြစ်သော စမ်းချောင်းများအတွင်းမှာ ငုံးဥ၊ ကြက်ဥ၊ ဘဲဥ တို့နှင့် အရွယ်တူပုံသဏ္ဌာန်တူသည့် အရောင်စုံ ကျောက်လုံးကံလေးများ ရှိပါသည်။ ထိုကျောက်လုံးကလေးများကိုလည်း ရှာဖွေစုဆောင်းထားရသည်။

တစ်ဖန် သဘာဝတွင်းထွက် ကျောက်မျက်ရတနာ အချို့ကိုလည်း ကျောက်စေတီငယ်လေးများအဖြစ် ကျောက်မျက်သွေးစက်ဖြင့် ထုဆစ်ထားရသည်။ ဂူကျောက်စက်အပိုင်းအစ တစ်ခုကို အောက်ခံအဖြစ်ထားပြီး ၎င်းပေါ်မှာ ရေတံခွန်စမ်းချောင်းအတွင်းမှ ကျောက်လုံး၊ ကျောက်ဥငယ်တစ်လုံးကို တင်၍ စူပါဂလူးကော်နှင့်ဖြစ်စေ၊ နှစ်ဖက်တိပ်နှင့်ဖြစ်စေ ကပ်ရသည်။ ကျောက်မျက်ရတနာ စေတီငယ်ကို ထိုကျောက်လုံး၊ ကျောက်ဥပေါ်မှာ ထပ်၍ကပ်ရသည်။ ထိုအခါ ကျိုက်ထီးရိုးစေတီပုံတူ၊ စေတီငယ်တစ်ဆူ ဖြစ်လာပါသည်။

ထိုကဲ့သို့ စေတီတော်များကို အနည်းဆုံး (၁၀)ဆူ ပြုလုပ်၍ စတီးလင်ပန်းကြီး (သို့) စတီးဇလုံကြီးတွင် ထည့်ကာ ဘုရားခန်းတွင် စားပွဲပေါ်တင်ထားပြီး ကန်တော့ပွဲ၊ ဆွမ်း၊ ရေချမ်း၊ ပန်း စသည်တို့ နေ့စဉ်မနက် အရုဏ်ဆွမ်းအဖြစ် လှူဒါန်းပူဇော်ရသည်။ နံနက်တိုင်း သားကောင်းမိခင်ဂါထာတော်ကို (၁၀၈)ခေါက် ရွတ်ပွားပူဇော်ခြင်းဖြင့် သိဒ္ဓိတင်ခြင်းကို (၃၀)ရက်တိတိ ဆောင်ရွက်ရသည်။

ကိုယ်ဝန် အမြန်ဆုံးရရှိလိုသော၊ ကိုယ်ဝန် ခိုင်မြဲစေလိုသော ဇနီးမောင်နှံတို့ကို ထိုအဆောင်ကျောက်ဥစေတီငယ်များ ပေးရာတွင် အမျိုးသမီးဖြစ်သူ၏ အသားအရောင်နှင့် ညီပြီး ပေးရသည်မှာ ထူးခြားပါသည်။

ဥပမာ - အမျိုးသမီးက အသားညို၊ မည်းလျှင် ကျောက်ဥအရောင် အညို၊ အမည်းကို ရွေးပေးလိုက်ရသည်။ အမျိုးသမီးက အသားဖြူလျှင် အဖြူရောင် အဆောင်ကျောက်ဥကို ရွေးချယ်ပေးရသည်။ ထို့ပြင် အမျိုးသမီးက ဝိန်ဝိန်သေးသေးဆိုလျှင် အဆောင်ကျောက်ဥ ဝိန်ဝိန်သေးသေးကို ရွေးချယ်ပေးရပြီး အမျိုးသမီးက ဝဝဆိုလျှင် အဆောက်ကျောက်ဥ လုံးလုံးကြီးကြီး ရွေးချယ်ပေးရသည်။ အရပ်ရှည်သော အမျိုးသမီးဖြစ်လျှင် အဆောက်ကျောက်ဥ ရှည်ရှည်၊ အရပ်ပုသော အမျိုးသမီးဆိုလျှင် အဆောင်ကျောက်ဥ လုံးလုံးပုပု စသည်ဖြင့် ဉာဏ်နှင့်ယှဉ်ကာ ချင့်ချိန်ပေးရသည်။

ကျိုက်ထီးရိုးပုံတူစေတီ၊ အဆောင်ကျောက်ဥစေတီကို ဇနီးမောင်နှံအိပ်ခန်းအတွင်း ခေါင်းရင်းဘက်အမြင့်တစ်နေရာတွင် စတီးလင်ပန်းငယ် (သို့) စတီးဇလုံငယ် တစ်ချပ်တွင် ထည့်၍ တင်ထားရသည်။ နေ့စဉ် မနက်၊ ည သောက်တော်ရေ တစ်ခွက်စီ လှူဒါန်းပေးပြီး သားကောင်းမိခင်ဂါထာတော်ကို ငါးခေါက် ရွတ်ပွား ပူဇော်ပေးခြင်းကို အမျိုးသမီးက ဆောင်ရွက်ရသည်။

ထိုသောက်တော်ရေကို "ဆေးတော်အဖြစ် ပြန်စွန့်ယူခွင့် ပြုတော်မူပါ" ဟု ရွတ်ဆိုကာ စွန့်ယူပြီး ဇနီးမောင်နှံ နှစ်ဦးစလုံးဖြစ်စေ၊ တစ်ဦးဦးကဖြစ်စေ သောက်ရသည်။ အမျိုးသမီးက အဓိကသောက်ရသည်။ နှစ်ဦးစလုံး သောက်နိုင်လျှင် ပိုကောင်းပါသည်။ ရဲဖန်ရဲခါ ပျက်ကွက်လို့ရပါသည်။

သားကောင်းမိခင် ဂါထာတော်

ယောမေ အယံ ဘန္တေ၊ ကုစ္ဆိဂတော ကုမာရကော ဝေါ၊ ကုမာရိကာဝါ။

သောဘဂဓန်ဿ သရဏံ ဂစ္ဆတိ ဓမ္မဿ။
အိက္ခူသံဃဿ ဥပါသကံ တံ ဘဂဝါ ဓာတုရေတု၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။
(အကျိုးရှိစွာ အသုံးချနိုင်ပါစေ)။

ဆရာကြီးဦးအောင်မြိုင်

❑

www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ဆုတ်ကို သန့်ရှင်းရေးလုပ်ရခြောင်

ဒိုးယင်္ဂြိုဏ်း







ချောင်းဆိုခြင်း၊ မောပန်းခြင်း၊ ချွဲသလိပ်ကပ်ခြင်းတို့ ဖြစ်သည်မှာ ဗဟုသုတ နှည်းပါးသူများ၊ စာဖတ်အားနည်းသူများ၊ ကျန်းမာရေးကို ဂရုမစိုက်သူများ အနေနှင့်ဆိုလျှင် နှလုံးဗကောင်းခြင်းဟု အပေါ်ယံရှုပ်ပြီး ထင်မြင်ကြမည်။

သည်တော့ နီးစပ်ရာ ကွမ်းယာဆိုင်၊ ငွေကြေးအရင်းအနှီးထုတ်ပြီး ရောင်းချသော ဆေးဆိုင်များတွင်သာ လွယ်လင့်တကူ ချောင်းဆိုးပျောက်ဆေးလေး ပေးပါဆိုပြီး ဝယ်သောက်လိုက်သည်။ လတ်တလော ချောင်းဆိုးပျောက်သွားသည်။

မောကျပ်ချောင်းဆိုးတိုင်း နှလုံးကြောင့်ဟု ဆိုလျှင် မှန်မလား၊ ဆရာဝန်နှင့်ဖြစ်စေ၊ ကျန်းမာရေးဌာနကိုဖြစ်စေ၊ ဆေးရုံ၊ ဆေးခန်းတို့ကိုပါ ပြဖူးသလား၊ တတ်သိကျွမ်းကျင်နားလည်သော ဆရာဝန်က ဒါဟာ နှလုံးကြောင့် မဟုတ်ပါဘူးဟု စမ်းသပ်ပြီး အဖြေထုတ်ပေးလိုက်သည်။

အဆုတ်မသန့်လို့၊ အဆုတ်ပွပြီး အသက်ရှူကျပ်တာ။ အဆုတ်ကို သန့်ရှင်းအောင် လုပ်သင့်ပါသည်။ ဆရာဝန်၏ ညွှန်ကြားချက်နှင့် ညွှန်သော ဆေးဝါးကို သောက်သုံး၍ အဆုတ်ကျန်းမာအောင် လုပ်သင့်လုပ်ထိုက်စားသောက်သင့်သည်ကို လိုက်နာကျင့်သုံးကြည့်ပါ။

အောက်ပါ နည်းလမ်းကောင်းက အဆုတ်ကို သန့်ရှင်းအောင် ဆောင်ရွက်ပေးနိုင်ပါသည်။

(၁) ဂရိတ်ဖရုသီး၊ နာနတ်သီးတို့၏ အရည်တွင် ပါဝင်သော သဘာဝဓာတ်ပစ္စည်းများသည် အသက်ရှူလမ်းကြောင်းကို ကောင်းမွန်စေနိုင်သည်မှာ အမှန်ဖြစ်သောကြောင့် အဆုတ်သန့်ရှင်းရန် သောက်သုံးသင့်သည်။ ထိုနာနတ်သီး၊ ဂရိတ်ဖရုသီးတို့ကို ဖျော်ရည်အဖြစ် ပြုလုပ်၍ သောက်သင့်ပါသည်။

(၂) မုန်လာဥနီသည်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်နှင့် အသားစုံကြော်၊ အသီးအရွက်စုံကြော်တို့တွင်သာ ဟင်းအကုန်အဖြစ် စားသုံးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

လူ၏သွေးထဲတွင်ရှိနေသော အယ်လ်ကာလီဓာတ်ကို မျှတစေ၍ မုန်လာဥနီကို ဖျော်ရည်ပြုလုပ်၍ နံနက်စာစားပြီး၊ နေ့လယ်ပိုင်းအချိန်တွင် သောက်သုံးသင့်ပါသည်။ ထိုသို့ သောက်သုံးရာတွင် အစပိုင်းတွင် ခံတွင်းမတွေ့ဘဲ ဖြစ်ထတ်သဖြင့် တတ်နိုင်သမျှ သောက်သုံးပြီး အလေ့အကျင့်ဖြစ်သွားလျှင် ကော်ဖီပန်းကန်နှင့် တစ်လုံးကို သုံးရက်ဆက်၍ သောက်ပေးပါ။

(၃) အစာပါ ကြေညက်ပြီး အဆုတ်သန့်ရှင်းရန်အတွက် ငှက်ပျောသီး (ဖီးကြမ်း)ကို ဖျော်ရည်လုပ်၍ သောက်ပြီး၊ ထမင်းစားလျှင် တရုတ်နံနံပင်ကို တို့မြှုပ်စားခြင်း၊ အသီးအရွက်ကြော်၊ ဟင်းထဲတွင်ပါ ထည့်၍ စားပေးပါ။

ဟင်းနုနယ်ကို ကြော်ချက်စားပါ။

(၄) အဆုတ်ရောဂါ ဘက်တီးရီးယားပိုးများကို ချေဖျက်ဟန့်တားနိုင်စွမ်းရှိသည့်အတွက် ဘလူးဘယ်ရီသီးကို လည်းကောင်း၊ အနက်ရောင်စပျစ်သီး (သပျစ်ညို)တို့ကို ဖျော်ရည်ပြုလုပ် သောက်သုံးပေးပါ။

(၅) နံနက်စောစောပိုင်းတွင် ရေကန်ဘောင်၊ မြစ်ကမ်းနံဘေး၊ လယ်ကွင်းစပ်တို့တွင် လမ်းလျှောက်၍ ဖြစ်စေ၊ ရပ်၍ဖြစ်စေ အသက်ကို ပြင်းပြင်းရှူပြီး လေကို ပြင်းပြင်းပြန်ထုတ်ပါ။ တချို့က ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ကြသည်။ တစ်နေ့ကို မိနစ်(၂၀) ဆိုလျှင် အဆုတ်အတွက် လုံလောက်ပါသည်။

(၆) ယူကလစ်အဆီ လေး၊ ငါးစက်ကို ရေနွေးပူပူထဲထည့်၍ ထိုရေနွေးငွေ့ကို ရှူပေးပါ။ တချို့က မီးခိုးမှိုင်းခံတတ်သည်။ ယူကလစ်အသားကို မီးတို့၍ မှိုင်းငွေ့ကိုလည်း ရှူနိုင်သည်။

ထိုကဲ့သို့ ယူကလစ်ဆီ ရေနွေးငွေ့ကို ရှူပြီးလျှင် လမ်းလျှောက်ခြင်း၊ ဝင်သက်ထွက်သက်ကို ပြင်းပြင်းရှူပေးခြင်းဖြင့် အဆုတ်တွင်းမှ ချွဲ၊ သလိပ်၊ နှာချည်များ ထွက်ကျလာပါမည်။

(၇) ထိုအခါတွင် ဝင်လေကို ခပ်ပြင်းပြင်းရှူသွင်းပြီး၊ ထွက်လေကို မှုတ်ထုတ်ရာတွင်လည်း ခပ်ပြင်းပြင်း (ရှူရှိုက်)လုပ်ပေးပါ။ အဆုတ်အတွက် အကောင်းဆုံး လေ့ကျင့်ခန်းဖြစ်ပြီး ချွဲသလိပ်များ ရှင်းပါလိမ့်မည်။ အဆုတ်ကို သန့်ရှင်းရေး ပြုလုပ်ရာတွင် ပတ်ဝန်းကျင်၏ လေထုညစ်ညမ်းမှုကိုလည်း အထူးသတိပြုရန် လိုအပ်ပါသည်။

ပလတ်စတစ်များ၊ အမွှေးနံ့သာတိုင် အငွေ့များ၊ အမှိုက်စုံ သစ်ရွက်ခြောက်များ မီးရှို့ခြင်း အနံ့အငွေ့များကို အထူးသတိထား၍ ရှောင်ကြဉ်ခြင်းအားဖြင့် အဆုတ်သန့်ရှင်း၍ ကျန်းမာရေးနှင့် ပြည့်စုံကြပါစေ။

စိုးဃဉ်ထွန်း

❑

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ကဏ္ဍ ဟာသများ

သိနေပါတယ်နော်

ဦးမောင်မောင်မြင့်သည် ငါးမျှားရန် အလွန်ဝါသနာပါသူ ဖြစ်သည်။ ယခုကဲ့သို့ မိသားစု အပန်းဖြေ အပျော်ခရီး ထွက်လာသည့် အချိန်တွင်လည်း သူ၏ ငါးမျှားသည့် ပစ္စည်းပစ္စယများ စုံစုံလင်လင် ယူဆောင်လာခဲ့သည်။

တည်းခိုဆောင်ရှေ့မှ ငါးမျှားရန် ထွက်ခွာခါနီးတွင် ဦးမောင်မောင်မြင့်က သူ၏ မြေးမဖြစ်သော တက္ကသိုလ်ကျောင်းသူ မျိုးမျိုးအား နှုတ်ဆက်လျက် ကြွားလုံးထုတ်လိုက်သည်။

"ကဲ- ငါ့မြေး၊ ဒီည ဘယ်လိုငါးမျိုးနဲ့ ညစာ စားချင်သလဲ ပြောစမ်း"

ဟု ပိုင်နိုင်သော လေသံဖြင့် ပြောရာ မြေးဖြစ်သူက ပြုံးလျက် ပြန်ပြောလိုက်သည်မှာ -

"အဘိုး၊ ကျွန်မကတော့ ရေချိုငါးပဲ ကြိုက်တယ်၊ ဒါပေမဲ့ အဲဒီ ငါးအမျိုးအစားကို တစ်ပိဿာ ခုနစ်ထောင်ထက် ပိုမပေးခဲ့နဲ့နော်" ဟူ၍ ဖြစ်သည်။

❐

ကတိတည်ပါတယ်နော်

သန်းကြွယ်သူဌေးကြီး ဦးခင်မောင်တုတ်သည် သူ၏ နောက်ဆုံး ထွက်သက်မတိုင်မီ အိပ်ရာပေါ်တွင် လဲလျောင်းလျက်သား ဖြစ်နေသည်။ နောက်ဆုံးမှာတမ်းအနေဖြင့် သူ၏ဇနီး (သူ့အသက်ထက် နှစ်ဆမျှငယ်သူ)အား မှာကြားနေသည်။

"ငါ သေသွားရင် ငွေတွေအကုန်လုံးကို ငါ့ခေါင်းထဲကို ထည့်ပေးမှ ဖြစ်မယ်၊ မင်း ကတိပေးမလား" ဟူ၍မေးရာ ဇနီးချောလေးက လေးလေးနက်နက် ကတိပြုလိုက်သည်။

"စိတ်ချပါ အစ်ကိုကြီးရယ်၊ အသဲအတွက် တိုက်နဲ့ကား ထားခဲ့တဲ့ အတွက် တော်လောက်ပါပြီ၊ အစ်ကိုကြီးရဲ့ နောက်ဆုံးဆန္ဒအတိုင်း သေချာ ထည့်ပေးလိုက်ပါ့မယ်၊ တမလွန်ဘဝမှာ ဖောဖောသီသီ သုံးရပါစေမယ်" ဟု ဖြစ်သည်။

အသုဘချသောအခါ သင်္ဂြိဟ်စက်ထဲသို့ မထည့်မီ ခေါင်းဖုံးပိတ်ချိန်တွင် စာအိတ်လေးတစ်အိတ်ကို ပိတ်လျက်သားဖြင့် ခေါင်းထဲထည့်လိုက်သည်။ တမလွန်ဘဝတွင် ငွေထုတ်နိုင်ရန် ချက်လက်မှတ် အလွတ်တစ်ခုကို ထည့်ပေးလိုက်ခြင်း ဖြစ်လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ကဒ် ဟာသများ

သံသယ သံသရာ

မချိုချိုသည် လင်ယောကျ်ားဖြစ်သူ ကိုစိုးမြတ်အား အလွန်တရာ သဝန်ကြောင့်၍ အစဉ်သဖြင့် သံသယစိတ်ရှိနေလေသည်။ ထိုအကြောင်းကို သိသော ရုံးမှ ဝန်ထမ်းအချို့က ကိုစိုးမြတ် ဝတ်ဆင်ထားသော တိုက်ပုံအင်္ကျီ၏ ကျောနောက်ဘက်တွင် ဆံပင်ခြည်တစ်မျှင်ကို တင်ပေးလိုက်လေ့ရှိသည်။ အိမ်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် မချိုချိုတစ်ယောက် အကြီးအကျယ် ဒေါသူပုန်ထ၍ ပစ်ပစ်ခါခါ စွပ်စွဲရန်တွေ့လေ့ရှိသည်။

တစ်နေ့ ကိုစိုးမြတ် အိမ်ပြန်ရောက်ချိန် မချိုချိုက ထုံးစံအတိုင်း သဲလွန်စ ရှာသောအခါ မည်သည့်သဲလွန်စဖြစ်စေ၊ ဆံပင်တစ်မျှင်ပင်ဖြစ်စေ လုံးဝ ရှာမတွေ့ပါချေ။ ထိုအခါ မချိုချိုပြောလိုက်သည်မှာ -

"ရှင့်လိုယောကျ်ားမျိုးကတော့ တကယ်ကို ရှားတယ်၊ ဆံပင်မရှိတဲ့ ကတုံးမတောင် မရှောင်တာ အံ့ပါရဲ့ရှင်" ဟူ၍ဖြစ်သည်။

❐

သူနည်းလမ်း

သူငယ်ချင်းနှစ်ယောက် မတွေ့တာ ကြာလေပြီ။ ထို့ကြောင့် တစ်ဦးက သူဇနီးမယားအကြောင်းကို ပြောပြသည်။

"ငါ အိမ်ပြန်နောက်ကျတာကို ငါ့မိန်းမ မသိအောင်လုပ်လို့ မရဘူးကွ၊ မင်း စဉ်းစားကြည့်၊ ငါ ကားကို စက်သတ်ပြီး အရှိန်နဲ့ဖရိုဖရိုက်လို့ ခြံထဲဝင်သွားတယ်၊ ကားဂိုဒေါင်ထဲကို အသံမကြားအောင် တွန်းသွင်းခဲ့တယ်၊ ရေချိုးခန်းထဲမှာ တိတ်တိတ်ဆိတ်ဆိတ်လေး အဝတ်အစား လဲခဲ့တယ်၊ အိပ်ခန်းထဲကို ခွေတ်နင်းပြီး ဝင်သွားတာနဲ့ တစ်ခါတည်း ဆီးကြိုပြီး 'ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျမှ ပြန်လာရတာလဲ' အစချီ မေးခွန်းထုတ်တော့တာပဲကွာ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ မသိတော့ဘူးကွာ"

"ဒါဆို မင်း ငါ့နည်းကို စမ်းကြည့်ပါလား"

"ဘယ်လိုလဲ ပြောစမ်းပါဦး"

"ငါက ကားကို စက်သံပြင်းပြင်းနဲ့ ခြံထဲကို မောင်းဝင်သွားပြီး ကားကို ဂိုဒေါင်ထဲထည့်တယ်၊ ဂိုဒေါင်တံခါးကို အသံကျယ်ကျယ်နဲ့ ပိတ်လိုက်တယ်၊ အိပ်ခန်းထဲကို ခြေသံကြမ်းကြမ်းတမ်းတမ်းနဲ့ ဝင်သွားပြီး အိပ်ရာပေါ်မှာ ရှိနေတဲ့ မိန်းမကို ဝမ်းကစ် ပေးလိုက်တယ်၊ မိန်းမဟာ ဆက်ပြီးတော့ အိပ်ချင်ယောင် ဆောင်နေတော့တာပဲဟေ့"

စွမ်းထက်အောင်

❐

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





ပွဲနှင်းမြင်သာမှု
ဆိုတဲ့ကိစ္စတွေထဲမှာ
ဒါတွေကော့ ပါမလာ
သင့်ဘူးနော်
ဟင်း
ဟေ..အာ...
ဟုတ်ပါ့ကွာ..
အဟိန်း
မိုးမခ
ခဆင်ဦး
သူတို့တွေဟာ လိုင်းပေါ်မှာ
တစ်ချိန်လုံးရှိနေပေမဲ့...
အချိန်ဖြုန်းနေတာမဟုတ်
ပါဘူး...
ကဲ..ကြာတယ်
နော် အဖေ
?
မိုးမခ
ခဆင်ဦး

www.burmeseclassic.com

အသက်ရှည်စွာ အနာမဲခြင်း ဆင်းရဲကင်းသော ဂါထာ

ဓမ္မပဒေရင်္ဂါမိဿိုး

ပြောင်းရွှေ့ပြီး အထူးကြပ်မတ်ဆောင်တွင်ထား၍ ဆေးကုသမှုကို ခံယူရင်း မိတ်ဆွေသည် ဘာသာတရားကို အထူးအားကိုးယုံကြည်သူပီပီ သမထကို အားထုတ်ခြင်း၊ ကဝမြို့နယ်ပိုင် ကျူကျောင်းကြီးဆရာတော် ဘဒ္ဒန္တ ဇဝနမ မိန့်ကြားပေးထားသော ထိုဂါထာကို ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်ခဲ့ရာ မျှော်လင့်ချက် အလွန်အားနည်းနေသော လူနာတစ်ယောက် အနေဖြင့် နိုင်ငံခြားမှ နှလုံးပါရဂူများ ရောက်ရှိလာခြင်းနှင့် ကြုံကြိုက်ပြီး ခွဲစိတ်မှုကို ခံယူခဲ့ရပါသည်။

'သေက်မရောက် သက်မပျောက်' ဆိုသလို ယခုအခါ ကျန်းကျန်းမာမာဖြင့် သာမန်လူကောင်းပကတိအလုပ်ကို လုပ်ကိုင်ဆောင်ရွက်နိုင်နေပြီ ဖြစ်သည်။ ထို့အတူ စာရေးသူကိုလည်း ထိုဂါထာသည် ယုံယုံကြည်ကြည်နှင့် ရွတ်ဆို နှလုံးသွင်းနိုင်လျှင် ထူးခြားစွာ အကျိုးပေးကြောင်း ပြောပြ၍ မျှဝေခဲ့ပါသည်။

စာရေးသူမှာလည်း နှလုံးသွေးကြောကျဉ်းရောဂါနှင့် အသည်းကြီးအဆီဖုံးရောဂါမှာ ဆေးမထိုးလောက်အောင်ပင် (၁၀)နှစ်ခန့် ရှိနေပြီးဖြစ်သည်။ ထို့ကြောင့် စာရေးသူ၏ မိတ်ဆွေပေးသော ဂါထာကို မြတ်စွာဘုရား၏ ဂုဏ်တော်များအား အာရုံပြု၍ ရွတ်ဖတ်ခြင်း၊ ရေသန့်ဘူးတွင် အာရုံပြု၍ ရွတ်ဖတ်ထားသော ရေကို ဆေးအဖြစ်သောက်ခြင်း၊ ရင်ဘတ်နှင့် ဝိုက်တို့တွင် ဆရာခိုဆေးနှင့် ရွတ်ဖတ်လိမ်းစေးခြင်း၊ အသည်းနေရာကို လက်တင်၍ ရွတ်ပွားခြင်းများကို ပြုလုပ်ရာတွင် သိသိသာသာ ထူးခြားလာသည်။

ဆရာဝန်မှ ညွှန်ကြားသော သောက်ဆေးမှာလည်း ထိရောက်ပြီး ယခုအခါ ရောဂါပျောက်ကင်းပြီး ကျန်းမာနေပြီဖြစ်သည့်အတွက် ကိုယ်တွေ့ဂါထာကို (၇) ရက် သားသမီးများ အသက်ရှည်စွာ၊ မနာမဲခြင်း၊ ဆင်းရဲကင်းခြင်းကို ရရှိစေခြင်းငှာ ဤဂါထာကို မျှဝေရေးသားလိုက်ရပါသည်။

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ပိုင်ကျူဆရာတော် ဘဒ္ဒန္တဇဝန နှင့်တကွ ဦးမြင့်စိုး + ဒေါ်စန်းစန်းဝေတို့အား ဤစာစုဖြင့် ဦးညွှတ်ဂါရဝပြုပါသည်။

စိန်မေရီလွင်မိုး

❑

ဝါတပိတ္တာဒိ သဗ္ဗာတာ ဟဟိရဗ္ဗတ္တု ပဒ္ဒဝါ
အသေသာဝိနာသံယန္တု အနန္တဂုဏာတေဇသာ။

အများဖတ်နိုင်ရန် အသံထွက်

ဝါတပိတ်တာဒိ သင်ဇာတာ ဟဟိရင်ဗျတ်တု ပဒ်ဒဝါ
အသေသာဝိနာသံယန်တု အနန်တဂုဏာတေဇသာ။

မြန်မာပြန်အနက်

ဝါတပိတ္တာဒိသဗ္ဗာတာ - လေ၊ သည်းခြေ စသည်တို့ ကြောင့်ဖြစ်ကုန်သော၊ ဟဟိရဗ္ဗတ္တုပဒ္ဒဝါ - အတွင်းအပြင် အပဋ္ဌ ဖြစ်ကုန်သော ဘေးရန်တို့သည်၊ အနန္တဂုဏာတေဇသာ- အဆုံးအစ အပိုင်းအခြားမရှိ ကြီးမြတ်သော မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ အသေသာ - အကြွင်းအကျန်မရှိ ကုန်သည်၊ ဟုတ္တာ - ဖြစ်၍၊ ဝိနာသံ - ပျောက်ပြယ်ခြင်းသို့၊ ယန္တုပါယန္တု - ရောက်ပါစေကုန်သတည်း။

စာရေးသူ တာဝန်ကျရာ မြို့နယ်မှ မိတ်ဆွေ စိုက်ပျိုးရေးဘဏ် မန်နေဂျာတစ်ဦးသည် အိပ်နေရင်းမှ ရင်ဘတ်မှာ စူးပြီးအောင့်တယ်၊ မော်ပြီး အသက်ရှူမဝ ဟုဆိုကာ အားချင်းပင် ရန်ကုန် SSC ဆေးရုံသို့ အရေးပေါ်တင်ပို့လိုက်ရသည်။ ရောဂါကို ရှာဖွေစမ်းသပ်ကြည့်ရာ နှလုံးသွေးကြောမှာ သုံးနေရာခန့် ပိတ်နေပြီး အသက်ရှင်ရန် အတော်ကြီးစားရမည်ဟု ပြောသည်။ ထို့ကြောင့် ရန်ကုန်စစ်ဆေးရုံကြီးသို့

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ဟယ်တြာ (၆)

အောင်ကြည်သန်း (ဟင်္သာဝတီ)

သောတြာ သားသမီးတွေအတွက်
(ကျားမင်းခန္ဓာ နဂါးခြေသုံ့ သူအစာ)

နွေနှောင်းကာလ တစ်ညနေခင်းတွင် အနောက်တောင် လေပြည်လေညင်းလေး ဝေ့ကာဝိုက်ကာ တိုက်လာနေသည်။

လေအဝေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်၏ ဆည်းလည်းသံ တချွင်ချွင်ကို ကြားနေရသည်။

ဘုရားရင်ပြင် မြောက်ဘက်ခွင်က ကြေးစည်ကြီးတီးသံ ဒူဝေဝေနှင့် မောင်းကြီးတီးသံ တဒူဒူကိုလည်း တစ်ချက် တစ်ချက် ကြားနေရသည်။

ဘုရားဝင်းထဲရှိ အင်ကြင်းပင်၊ ကရမက်ပင်၊ ငုပင်များ အဖူးအပွင့်တွေနှင့် ဝေဆာနေသည်။ လေပြည်နှင့်အတူ ပန်းရနံ့တို့က မွှေးပျံ့နေသည်။

ဘုရားမြောက်ဘက်မုခ် ကျွန်တော့်ဗေဒင်ဟောခန်း ရှေ့တူရွှရှိ ကရမက်ပင်ထက်တွင် ဥဩငှက်လေး တစ်ကောင် ဥဩ ဥဩ ဥဩနှင့် ဘဝအဖော်မွန်ကို တမ်းတရင်း လွမ်းတေးသီဆိုနေသည်။ လွမ်းတေးသံစဉ်က ကျွန်တော့်ရင်ထဲ နှလုံးသားကို ရိုက်ခတ်လာသည်။

ကောင်းကင်ပြာပြာကို မော့ကြည့်လိုက်မိသည်။ တိမ်ညို၊ တိမ်ဖြူ၊ တိမ်ပြာတွေ ရွှေ့လျားနေသည်။ တိမ်တွေနှင့်အတူ ငယ်ချစ်ဦးနှင့် ခွဲခွာခဲ့ရသည့် အတိတ်အရိပ်များ ပြေးလွှားနေသည်။

ဥဩသံနှင့်အတူ တွေးနေဆဲ၊ လွမ်းနေဆဲမှာပဲ ဗေဒင်ဟောခန်းသို့ ကိုဟိန်းမင်း တစ်ယောက် ရောက်ချလာသည်။

"လာ ထိုင်၊ မတွေ့တာကြာပြီ၊ ဘယ်ကလှည့်လာတာလဲ"

"ဆရာ့ဆီ တမင်လာခဲ့တာပါ၊ လာချင်နေတာကြာပြီ၊ အခုမှပဲ ရောက်တော့တယ်၊ ကျွန်တော့်ဇာတာပြန်စစ်ပေးပါဦး၊ အချစ်ရေးပဲ အထူးကြည့်ပေးပါ၊ နောက်ပြီး ကျွန်တော့်ကို ကူညီပါဦးဆရာ၊ အရမ်းစိတ်ညစ်တယ်၊ သေသာသေလိုက်ချင်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

"လူဘဝက ရခဲပါတယ်ကွာ၊ ဆရာ့ကို အကျိုးအကြောင်းလေး ပြောပြပါဦး" ဟု စကားလမ်းကြောင်း ပေးလိုက်သည်။

ကိုဟိန်းမင်းတစ်ယောက် 'ဒီလိုဆရာရေ' ဟု ရင်ဖွင့်ပါတော့သည်။

"ကျွန်တော့်မှာ ငယ်ငယ်ကတည်းက အရမ်းချစ်ရတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်၊ ကျောင်းသွားလည်း အတူတူ၊ ကစားလည်းအတူတူပေါ့ ဆရာ၊ ငယ်ချစ်ဦးပေါ့၊ မိဘချင်းလည်းခင်ကြပါတယ်၊ အခု သူက တက္ကသိုလ် တစ်ခုမှာ ဆရာမလုပ်နေတယ်။

တစ်နေ့ နယ်က သူငယ်ချင်းမိန်းကလေး တစ်ယောက်က ငါစွေးသွားဝယ်မလို့ နင်အဖော်လိုက်ခဲ့ပေးပါဟာလို့ အတင်းခေါ်နေလို့ လိုက်သွားမိတယ်၊ ကံဆိုးချင်တော့ ဆရာရယ် စွေးမှာ ကျွန်တော့်ချစ်သူနဲ့ ပက်ပင်းတိုးခဲ့တယ်။

ကျွန်တော့်ကို အထင်လွဲသွားတယ် ဆရာရယ်၊ ရှင်းပြခွင့်လေးတောင် မရဘူး၊ အခုဆို အဆက်အသွယ် မရတော့ တစ်လတောင် ကျော်လာပြီ၊ အဲဒါ ကျွန်တော့် ချစ်သူလေးနဲ့ မြန်မြန်အဆင်ပြေအောင် ယတြာကောင်းလေး ပေးပါဦးဆရာ"

"ကိုဟိန်းမင်းထက်၊ ဒီအတွက်တော့ စိတ်ညစ်မနေနဲ့၊ ချစ်သူနဲ့ သေချာပေါက်အဆင်ပြေမယ့် ယတြာကောင်းလေး ပေးလိုက်မယ်"

"လုပ်ပါ ဆရာရယ်၊ ကြာရင် ကျွန်တော်ရူးပြီးသေလိမ့်မယ်"

"ကိုဟိန်းမင်းထက်က သောကြာသားနော်"

"ဟုတ်ပါတယ် ဆရာ"

"အခုပေးမယ့် သျှန်္ခိမာတ်ယတြာက မွေးနံ့ရဲ့ စတုရန်းနံကနေယူတဲ့ အညွှန့်၊ ဆပွတ်နဲ့ ပန်း၊ အရွက်၊ အညွှန့်၊ စားဖွယ်ရာတွေကို ဘုရားမှာ ကပ်လှူရတဲ့ ယတြာပဲ၊ လိုရာဆန္ဒ အမြန်ပြည့်စေတယ်၊ လိုက်သာမှတ်ပေတော့ ကိုဟိန်းမင်းရေ"

"ဟုတ်ကဲ့၊ သေချာလိုက်မှတ်ထားပါ့မယ် ဆရာ"

"သောကြာသားသမီးတွေအတွက် တနလ်ာက သောကြာရဲ့ စတုရန်းပဲ၊ စတုရန်းရဲ့ အညွှန့်က အင်္ဂါ၊ ဆပွတ်က စနေပဲ ကိုဟိန်းမင်းထက်ရ။

စတုရန်းရဲ့ အညွှန့် ၃ ခြေသေ့
သောကြာရဲ့ စတုရန်း ၂ ကျား
စတုရန်းရဲ့ ဆပွတ် ၀ နဂါး

ဘုရားမှာ ကပ်လှူဖို့အတွက် တနလ်ာရဲ့အညွှန့်၊ ဆပွတ်ဖြစ်တဲ့ အင်္ဂါအစ၊ စနေအဆုံး စွယ်တော်ပန်း၊ စွယ်တော်ရွက်၊ ဆီးတော်သီးပွင့်၊ ဆီးတော်သီးအရွက်၊ ညောင်ပိန္နဲရွက်တွေထဲက ရနိုင်တဲ့ အပွင့် ဒါမှမဟုတ် အရွက် ၁၅ ခက်။ အညွှန့်ဖြစ်တဲ့ အင်္ဂါနဲ့ ဆီးရွက်၊ ညပွင့်၊ ညရွက်၊ တစ်မျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက် (၁၅) ခက်။

တနလ်ာနဲ့ရဲ့ ဆပွတ်၊ အညွှန့်ဖြစ်တဲ့ စနေအစ အင်္ဂါအဆုံး တညင်းပွင့်၊ တညင်းရွက်၊ နှင်းဆီပန်း၊ နှင်းဆီရွက် တစ်မျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက် (၉၅) ခက်။

(၁၅)ခက်စီ ၄ မျိုး၊ အားလုံးပေါင်း အခက် (၆၀) ကို ပန်းအိုးတစ်လုံးမှာ ကြည့်လို့လှအောင် ပြင်ဆင်ထားရမယ်။

ဆွမ်းတော်အတွက် ဆီးတော်သီး၊ တညင်းသီးပြုတ်၊ နှမ်းပျစ်၊ နှမ်းဆီ၊ ဆား၊ နွားနို့၊ ထန်းသီးမုန့်တွေကို ပန်းကန်မှာ သင့်တင့်လှပနေအောင် ထည့်ထားရမယ်။

ဆွမ်းထမင်း နှစ်ပွဲ၊ သောက်တော်ရေ နှစ်ခွက်၊ ဖယောင်းတိုင် နှစ်တိုင်၊ အမွှေးတိုင် နှစ်တိုင်ကို အဆင်သင့်ပြင်ဆင်ထားရမယ်။

သောကြာရဲ့စတုရန်း တနလ်ာအခါဖြစ်တဲ့ သောကြာနေ့ မနက် ၉ နာရီ ကိုဟိန်းမင်းထက်ရဲ့ အိမ်က ဘုရားမှာပဲ ကပ်လှူရမယ်။

'ဘုရားတပည့်တော် သောကြာသား ကိုဟိန်းမင်းထက်က သောကြာရဲ့စတုရန်း တနလ်ာ၊ တနလ်ာရဲ့ အညွှန့် ဆပွတ် ကျားမင်းခန္ဓာ နဂါးခြေသေ့ သူအစာ သျှန်္ခိမာတ်ယတြာ ကို ဆက်ကပ်လှူဒါန်း ပူဇော်ပါတယ် အရှင်ဘုရား' လို့ ရွတ်ဆိုပူဇော်ရမယ်၊ 'ချစ်သူနဲ့ အမြန် အဆင်ပြေရပါစေဘုရား' လို့လည်း ကိုယ်လိုတဲ့ဆုကို တောင်းရမယ်၊ ဘုံသုံးဆယ့်တစ်ဖြာမှာရှိတဲ့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေကိုလည်း အမျှဝေပေးရမယ်။

က- ကိုဟိန်းမင်းထက် ဒီသျှန်္ခိမာတ်ယတြာကို လုပ်တတ်မလား"

"ကျွန်တော် ဆရာပြောတာတွေ သေချာလိုက်မှတ်ထားလို့ လုပ်တတ်ပါတယ်"

www.burmeseclassic.com

"ဒါဆို သေချာကြိုးစားလုပ်ပေတော့၊ ချစ်သူနဲ့ အမြန်အဆင်ပြေသွားမယ်၊ ပြေရဲ့တင်မကဘူး အမြန် လက်ထပ်ရလိမ့်မယ်"

"ဆရာ တကယ်ပြောတာလား"

"တကယ်မကဘူး၊ နှစ်ကယ် နှစ်ကယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်" ဟုပြောပြီး နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

နှစ်လခန့်ကြာသော် ကိုဟိန်းမင်းထက်နှင့် သူ့ချစ်သူ ကျွန်တော့်ထံသို့ ရောက်လာပြန်ပါသည်။

ကိုဟိန်းမင်းထက်က မင်္ဂလာဆောင်ခဲ့ပွဲ ဖိတ်ကြားလွှာ တစ်စောင်ကို ကျွန်တော့်ထံသို့ လက်နှစ်ဖက်ဖြင့် ကမ်းပေးရင်း -

"ဆရာ့ကျေးဇူးကြောင့် အချစ်ကြီးပြီး အမျက်ကြီးတဲ့ ကျွန်တော့်ချစ်သူနဲ့ အခုလိုလက်ထပ်ခွင့်ရတာ ဆရာ၊ ကျွန်တော်တို့ မင်္ဂလာပွဲကို ဆက်ဆက်လာခဲ့ပါ"

ဟု ပြောနေစဉ် ဇနီးလောင်းလေးက ကိုဟိန်းမင်းထက်ကို သမင်လည်ပြန် မျက်လုံးကလေးဖြင့် ချစ်စနိုးမျက်စောင်းထိုးလိုက်သည်ကို တွေ့လိုက်ရသည်။

ချစ်တတ်သူတိုင်း အဆင်ပြေကြပါစေ။

အောင်ကြည်သန်း(ဖောင်တော်သီ)

❑

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

◎ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ◎ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ◎ ကျန်းမာရေး အခြေအနေ သိရန် ◎ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ◎ လက်ထပ်မင်္ဂလာအခါရွေးရန် ◎ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ◎ ကလေး နာမည်ပေးရန် ◎ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့်၊ ပန္နက်တင်မင်္ဂလာ ရွေးရန် ◎ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ◎ နိုင်ငံခြားထွက် အလုပ် လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယဘြာ၊ အင်းယဘြာ၊ ရတနာဒီပံယဘြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ပုန်းခြင့် ပေးပေးနိုင်ပါသည်။ CB Bank A/c No - 00196001000364 39

တောင်ဥက္ကလာဘက်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄၂၂

ဖောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း ၀၉ ၂၅၀ ၄၄၀၂၁

ဖောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။

www.burmeseclassic.com

ရန်ကုန်မိုး၏ မာယာအတိုင်း မိုးပြေးရွာလိုက်တော်ကြာ နေပြင်းပူလို့ ပူအိုက်လို့ မဆုံးခင် ဝုန်းဒိုင်းကြဲရွာသွန်းချပြန်ရော။ ဟော- ခဏအကြာ ကိုရွှေမိုးက သူမဟုတ်တဲ့အတိုင်း မိုးစမိုးနများ မိုးတိမ်များ ပျောက်လွင့်ကာ အပြာရောင် မိုးကောင်းကင်မှာ အဖော်မဲ့စွာ တစ်ရောင်သာ ခြယ်သနေတော့သည်။

ဒီလို မိုးနေ့တစ်နေ့မှာ အကြောင်းကြီးငယ်ရှိရင် ရောက်နေကျ၊ တစ်ဖက်မှာ ကုမ္ပဏီဝန်ထမ်းလုပ်ရင်း အညာသားနှင့် ဖူးစာဆုံခဲ့သော မချယ်ရီတစ်ယောက် ပေါက်ချလာ၏။

အနေရှိုး၊ အပြောရှိုး၊ အသိရှိုးရှိုးဖြင့် ဘဝကို တည်ဆောက်နေသော သူတို့နီးမောင်နှံအတွက် အဆင်ပြေစေရန် အညာသား ရွှေမောင်မောင်အတွက် ကွမ်းယာဆိုင် ဖွင့်လိုက်ကြောင်း၊ ဆိုင်နာမည်နှင့် လိုအပ်သော ယကြာအဆောင်နှင့် နေ့စဉ်ကျင့်ရမည့် စရဏများကို ညွှန်ပြခဲ့ပါ၏။

ကံအကျိုးပေး၊ စေတနာအကျိုးပေးကြောင့် ထင်သုံးနှစ်သုံးမိုး ကြိုးစားရှာဖွေခဲ့ရာ ရွှေစ ငွေစအပြင် အညာမှ ရောက်လာသော အမျိုးသားဘက်မှ ဆွေတော် မျိုးတော်တို့ကို ထောက်ပံ့ပေးရခြင်း၊ အလုပ်ရှာဖွေပေးခြင်း၊ လိုအပ်လျှင် အတိုးမယူ ငွေချေးပေးခြင်းကိုပါ စေတနာဖြူဖြူဖြင့် ကူညီပေးခဲ့၏။

နောက်ဆုံး ပြောပြချက်အရ မချယ်ရီတို့ဆိုင်တွင် အညာမှရောက်လာပြီး အလုပ်မရှိသေးခင်၊ ဝင်ငွေမရှိသေးခင်၊ နေရာထိုင်ခင်းမရှိသေးခင် ခေတ္တနေစေပြီး ထမင်းကျွေး အိပ်သောနေရာပေး၍ လိုအပ်လျှင် မုန့်ဖိုးများကို ပေးစေ၏။ တစ်လ၊ နှစ်လမျှဆိုသော်လည်း အချို့ဆို နှစ်ပေါက်စွာနေပြီး မိသားစုဝင်လို သဘောထားကာ မိမိ၏ ကွမ်းယာစပ်နည်း၊ ထုံးစပ်နည်းပါ သိရှိခွင့်ရသွားတော့သည်။

သူတို့၏ မိဘ ဆွေမျိုးများ ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လျှင် ရန်ကုန်သို့ခေါ်စေပြီး အထူးကုဆရာဝန်ဖြင့် ကုသစေပြီး လိုအပ်သော ငွေကြေးကအစ ခေတ္တစိုက်ထုတ်ပေး၏။ မွေးရပ်မြေမှ ကျောင်းအလှူ၊ ဘုရားပွဲအလှူကအစ လက်မနှေးခဲ့ပါပေ။

တစ်နေ့တော့ မချယ်ရီ၏ ကွမ်းယာဆိုင်တွင် အကူလုပ်သော ဖိုးသားဆိုသောလူငယ်လေး၏ ဆွေမျိုးမှ လုပ်ငန်းတစ်ခုလုပ်ရန် ငွေသိန်းဂဏန်းကို အတိုးမဲ့ ထောက်ပံ့ပေးပါ၏။ တစ်နှစ်ကြာလည်း ငွေမရ၊ နှစ်နှစ်ကြာလည်း ငွေမရ။ ဒီကြားထဲ ဆိုင်မှာ တပည့်ရင်းတွေ သစ္စာဖောက်ကာ မိမိတို့

www.burmeseclassic.com

ဆိုင်နှင့် မနီးမဝေးတွင် ကွမ်းယာဆိုင်များ အပြိုင်ဖွင့်လှစ်လာခြင်း၊ ဖောက်သည်လုခြင်းများ ပြုလာကြ၏။

မချယ်ရီတို့ ဇနီးမောင်နှံမှာ ပထမတော့ စိတ်ကောင်းနှလုံးကောင်းထား ဖြေသိမ့်ကာ မေတ္တာမပျက် အခြေမပျက် ဇနခဲ့ကြပါ၏။ သို့သော် မချယ်ရီကဲ့သို့ ကွမ်းယာဆိုင်များ ပို့လိုပေါက်လာသောကာလကို ဆိုက်ရောက်လာပြီ။ ပင်လယ်ရေ မဟုတ်သော ကွမ်းယာစီးပွားရေး ခန်းခြောက်စပြုလာ၏။ ယခင်က ကွမ်း (---)ပိဿာ ကုန်သော်လည်း ယခုတော့ ပိဿာဆိုသော အခြေအနေကို မမျှော်မှန်းရဲတော့။ အရောင်းအဝယ်ပါးကာ လူလည်း ကျန်းမာရေး ချို့တဲ့လာသည်။

ငွေလိုလို့ ရွာကို ဝင်းပြီး အကြွေးတောင်းလည်း မရ၊ ရွာကို လူကိုယ်တိုင်သွားပြီး အကြွေးတောင်းတော့ ရန်လုပ်ခံရပြန်၏။ မချယ်ရီကိုယ်တိုင် ကုမ္ပဏီဝန်ထမ်းဘဝမှာလည်း ရာထူးတိုးတက်ခြင်း မရှိဘဲ အချင်းချင်း မကြည်မလင် မရှုစိမ့်ကြုံနေရချိန်မှာ ဆရာ့ကို လာတွေ့ခြင်း၊ အကူအညီတောင်းခြင်း၊ အားကိုးခြင်း စသော မျက်ရည်လည်ဆည့် မျက်လုံးအစုံဖြင့် ရောက်ရှိလာပါတော့၏။

ကျွန်ုပ်မှ -

"အင်း- လောကကြီးမှာ ဒီလိုဖြစ်တတ် ဖြစ်မြဲဝဲလေ၊ စေတနာ မေတ္တာ မပျက်ဘဲ မိမိဆိုင်ကို အားပေးခဲ့ အားပေးဆဲ သူများဆိုင်ကို ဖောက်သည်အဖြစ် ဝင်ထွက်နေသူအပေါ် မေတ္တာပို့ မပျက်ပါစေနဲ့။

တနလ်ာနေ့တိုင်း အဘအောင်မင်းခေါင် ဝိဇ္ဇာခေါင် ချုပ်ကြီးကို ရည်မှန်းပြီး ကွမ်းယာ သုံးယာတင်လှုပြီး မိမိက ကွမ်းတစ်ယာစား၍ ကျန်ကွမ်းနှစ်ယာကို ကွမ်းသီးနှင့်အတူ ရောထားပါ။

ဆိုင်အဖုံးမှာ အင်တွဲနှင့် 'ဩ' စာလုံးကို အဂိုနေနံနက် ဗနာရီခွဲအချိန်မှာ စနေသားကို ရေးစေပါ။

ရွတ်ရမည့်ဂါထာက 'ဧဝံ အစိန္တိယာ'ဂါထာကို ရွတ်ပါ"

ထိုဂါထာတော်ကြီးသည် ပဲခူး အင်းတကော်မြို့ ၁၀ ပိုင်မှာ နေထိုင်ပြီး အိမ်ဆိုင်ခန်းနှင့် ဆဲသဆိုင် ဖွင့်ထားသော မော်လမြိုင်ကောလိပ်တွင် အတူတက်ခဲ့သည့် သူငယ်ချင်းဖြစ်သူ ကိုကြီးထွန်းမှ တစ်ဆင့်သိရသော ဂါထာဖြစ်ပါသည်။

ကိုကြီးထွန်း ဆိုင်သို့ တောထဲတွင် ဓုတင်ဆောက်တည်သော ရဟန်းတစ်ပါး ဆွမ်းခံကြွလာတုန်း ဆိုင်ရောင်းဝယ် ကောင်းစေရန်၊ ငွေဝင်ကောင်းစေရန် ချီးမြှင့်ခဲ့သော ဂါထာတော်ဖြစ်ပါသည်။ တစ်နေ့လျှင် နံနက် (၂၇)ခေါက်၊ ည (၂၇)ခေါက်နှုန်းနှင့် ရောင်းဝယ်နေစဉ် အဆက်မပြတ် ရွတ်စေရန် ညွှန်ပြခဲ့ပါ၏။ ဂါထာကို ဖော်ပြပေးလိုက်ပါ၏။

၁။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓ ဝုဏာ အစိန္တိယာ
အစိန္တိယေ ပသန္နာန်၊ ဝိပါကော ဟော်တု အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မ ဝုဏာ အစိန္တိယာ
အစိန္တိယေ ပသန္နာန်၊ ဝိပါကော ဟောတု အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊ သံဃ ဝုဏာ အစိန္တိယာ
အစိန္တိယေ ပသန္နာန်၊ ဝိပါကော ဟောတု အစိန္တိယော။

တနလ်ာနေ့၊ ယနေ့ ဇူလိုင်မိုးကား မုတ်သုံမိုးမှန်းသိအောင် တအုန်းအုန်းနှင့် ရွာချနေ၏။ ယခုလို မိုးမျိုးနှင့်ဆို စာရေးသူနေထိုင်ရာ ဆယ်မိုင်ကုန်းမြေနိမ့်မိုင်းတို့မှာ အင်းလေးရေပြင်အလား ထင်မှတ်စရာ။ လမ်းအသွယ်အသီးသီးမှာ ဦးခေါင်းအထက် ရေမြုပ်နေချေ၏။

စာရေးသူသည် တနလ်ာနေ့တိုင်း ဟောခန်းနားရက် ဖြစ်သဖြင့် အိမ်တွင် အနားယူရင်း စာရေး၊ စာဖတ်ခြင်းများ လုပ်ပြီး၍ အဓိဌာန်ပုဒ်မိုးစိပ်တော့မည်ဟု ဟန်ပြင်ကာရှိသေး အိမ်ရှေ့တံခါးဝဆီမှ "ဆရာ. . . ဆရာ" ဟု ခေါ်သံပြုလျက် ညည့်သည်ရောက်လာလေတော့၏။ စာရေးသူမှ တစ်ကိုယ်လုံးပိုးရေများစိုရွှဲလျက်ရှိသော မချယ်ရီတို့ ဇနီးမောင်နှံအား အိမ်တွင်းသို့ဝင်ရန် ခေါ်ဆောင်ရလေ၏။ သူတို့မှ -

"ဆရာရယ် တစ်ကိုယ်လုံးလည်း စိုရွှဲနေလို့ အိမ်ထဲမဝင်တော့ပါဘူး၊ ဒီနေရာကနေပြီး ဟောဒီ အညာပြန်ပစ္စည်းတွေနဲ့ ဝါဆိုဦးမှာ ဆရာ လိုရာကူသိုလ်ပြုနိုင်ဖို့ ငွေလေးပါ ကန်တော့ပါရစေ" ဟု ဆိုကာ ကန်တော့ကြ၏။

"အဖြစ်အပျက်လေးလည်း ပြောပါဦး"

မချယ်ရီမှ ရေသူမ ဖြစ်နေတာတောင် လန်းဆန်းမော်ကြွားသော ဟန်အမူအရာဖြင့် -

"ဆရာခီးမြှင့်တဲ့ ဂါထာတော်အကျိုးပေါ့၊ ကွမ်းယာဆိုင်က ပြန်ပြီး အရောင်းအဝယ် ကောင်းလာတယ်၊ ထင်မထားတဲ့ ငွေတွေ၊ ရှုံးပြီလို့ တွက်ထားတဲ့ အကြွေးတွေလည်း ပြန်ရလို့ပါ ဆရာရယ်၊ အဲဒါကြောင့် ဆရာ့ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောပြ နူတ်ဆက်ရင်း ရေလမ်းပြင်နှင့် မိုးမင်းကြားမှ တရွေ့ရွေ့ ထွက်ခွာသွားကြပါတော့သည်။

နတ်မျက်စိ ဆရာအောင်စိုး

❑

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်အလယ်ပိုင်းက

ဒေါင်းမင်းသက္ကာန်အောင်မြေအမှုန့်

ဘဝတက္ကသိုလ် ဒေးမျိုးထက်(ဟသ်တ)



ဒေါင်းမင်းသက္ကာန် မန္တလေးတိုင်းဒေသပုံနှင့် ဒေါင်းမင်းပုံ

မြန်မာပြည်ကြီးသည် ဗုဒ္ဓဘာသာကို အခြေခံသည့် တိုင်းပြည်ကြီး ဖြစ်သလို အနယ်နယ် အရပ်ရပ်၌ အံ့မခန်းသော ထူးခြားဆန်းကြယ်သည့် စေတီ၊ ပုထိုး၊ ကျောင်းကန်၊ တောတောင်တို့နှင့် အခြားအခြားသော လျှို့ဝှက်လှသည့် ပဟေဠိဆန်သော အရာမျိုးစုံတို့က သူ့နေရာနှင့်သူ တည်ရှိလို့ နေကြသည်။

ယခုလည်း ပြည်မြန်မာကြီး၏ အလယ်တွင် ဂန္ဓိရဆန်ဆန် တည်ရှိနေသော ထူးဆန်းသည့် အရာတစ်ခုကို ထောက်ပြလိုသည်။ တွေးကြည့်မှသိ၊ ကြည့်ပြီးမှတွေးဆိုသည့်အတိုင်း ထင်ရှားလိုသဖြင့် ဖော်ပြရသော -

ပြည်မြန်မာမြေပုံကြီး၏ အလယ်တွင် သေချာစွာကြည့်ပါက ဒေါင်းမင်းပုံကို ပြတ်သားစွာ တွေ့ရှိနိုင်သည်။

ဥပမာအားဖြင့် လဗိမာန်တွင် ယုန်ရုပ်ကို တွေ့နိုင်သကဲ့သို့ ယခုလည်း မြေပုံတွင် ဒေါင်းမင်းကို တွေ့နိုင်သည်။ ထိုဒေါင်းမင်းကား မန္တလေးတိုင်းကိုပင် ဆိုလိုရင်း ဖြစ်သည်။

မန္တလေးတိုင်း မြေပုံကို ကြည့်ပါက နေထွက်သည့်ဘက်ကို ကြည့်နေသော ဥဒေါင်းပုံကို တွေ့နိုင်သည်။ အလောင်းတော်ဘဝဖြင့် မြတ်ဗုဒ္ဓသည် ပါရမီ(၁၀)ပါး အပြား(၃၀) ကျင့်ဆောင်ရသလို ယခုလည်း နိမိတ်ဆောင်၍ မြို့နယ်ပေါင်း (၃၀)ဖြင့် အံဝင်ခွင်ကျ ရှိသကဲ့သို့ သတ္တဋ္ဌာနအရလည်း (၇) ခရိုင် ဖြစ်နေသဖြင့် ထူးခြားလှသည်။

မောရသုတ် ပရိတ်တော်တွင် အလောင်းတော် ဥဒေါင်းမင်းက အိပ်တန်းမှ မဆင်းခင် နေအထွက်ကို စောင့်ကြည့်ပြီး မောရသုတ်တော်ကို ရွတ်ဆိုခဲ့ရာ မင်းခြောက်ဆက်တိုင်တိုင် အဖမ်းမခံခဲ့ရပေ။ သို့သော် မုဆိုး၏ ဉာဏ်ကြောင့် မနှင့်တွေ့ရသော ဒေါင်းမင်းမှာ မန္တန်ကို မရွတ်နိုင်တော့ဘဲ ညွှတ်ကွင်း၌မိကာ အဖမ်းခံခဲ့ရလေသည်။ ထိုနည်းအတိုင်း ထပ်တူထပ်မျှမတူသော်လည်း သီပေါမင်းမှာ မိဖုရားကြောင့် နယ်ချဲ့လက်ထဲ သက်ဆင်းခဲ့ပေသည်။ဤသည်ကား သတိပြုဖွယ်ပုဒ် ဖြစ်သည်။

အတိတ်ထူး နိမိတ်ထူးများနှင့် ပြည့်စုံသော နိမိတ်ပြမြေပုံ ဖြစ်သဖြင့် ဒေါင်းမင်းပုံ၏ခြေတွင် သာဝတ္ထိဟူသော အမည်ရှိသလို ဒေါင်းမင်းအမောက်၌ တကောင်း ဟူသော အမည်ပညတ်က အကောင်းဘက်ကိုဦးတည်လို့နေသည်။ နိမိတ်အရ ပြည်မြန်မာ၏ အလယ်ပိုင်းမှာ ဒေါင်းမင်း တည်ရှိနေသောကြောင့် နိုင်ငံတစ်ဝန်းလုံးအတွက် အေးချမ်းသာယာမှု အပေါင်းတို့က ဝင်လာမစဲ တသဲသဲပင် ဖြစ်သည်။

မန္တလေးမြို့တော်ကြီးကို တည်ဆောက်ခဲ့သော မင်းတုန်းမင်းကြီးမှာ အမြော်အမြင် အလွန်ကြီးမားသော ပညာရှိမင်းတစ်ပါးဖြစ်သဖြင့် သက္ကရာဇ် ၁၂၁၈ (၁၈၅၇ခုနှစ်)တွင်အရပ်ရပ်သော သိုက်၊ ဓာတ်၊ နိမိတ်၊ ဗျာဒိတ်၊ စနည်း၊ တဘောင်၊ စာတမ်း ထွက်ရှိသည်နှင့်အညီ တည်ဆောက်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နန်းမြို့တော်သည် စတုရန်းပုံဖြစ်၍ တစ်ဖက်လျှင် တာ(၆၀၀)ရှည်သည်ဟု မြို့ရိုးတံခါး (၁၂)ခုရှိသည်။ အရှေ့မြောက်ကစ၍ လွန်ကဲ ဦးထိပ်သောင်းညွှန့်၊ ကျွန်းလုံးယူ၊ ကျော်မိုး (ယခုအခါ မင်္ဂလာတံခါး) ရန်နှင်၊ ကြေးမုံ (ယခုအခေါ် အာဠဝီတံခါး)၊ သည်ရှည် (ယခုအခေါ် စက်ရှင်တံခါး)ထင်ရှားစည်သာ၊ လေးသိန်း၊ မန်းဦးတံခါးများ ဖြစ်ပြသည်။ နန်းမြို့တစ်ခုလုံးကို လေးကျွန်းအောင်မြေဟု သမုတ်ပြီး နန်းတော်ကိုမူ မြနန်းစံကျော်ဟု သမုတ်သည်။

နန်းတော် လုံခြုံရေးအတွက် သစ်တပ်နှင့်ပိုင်းရံထားသေးသည်။ သစ်တပ်အတွင်း၌ ဝင်းရံလေးရံ၊ စွယ်တော်စင်၊ ဗဟိုရံစင်၊ ဒဂိုးစက်ရံ၊ သဿိုင်းတော်၊ မှန်စီကျောင်း၊ လွှတ်တော်၊ လက်နက်တိုက်၊ ကြေးတိုက်၊ ဆင်မင်းနန်း၊ အိမ်ဖြူတော်၊ နွေရာသီစံနန်း စသည်တို့ ရှိကြသည်။

သစ်တပ်ပြင်ပ၌ ရှေ့ရုံး၊ နောက်ရုံး တရားရုံးများရှိသည်။ ၎င်းအပြင် အခြားအဆောက်အအုံများမှာ ရွှေတိုက်၊ အချုပ်တိုက်၊ ပုဆိုးတိုက်၊ ဓဝါတိုက်၊ ကွမ်းသီးတိုက်၊ မီးသွေးတိုက်၊ မင်းခမ်းတိုက်၊ အတွင်းပိဋကတ်တိုက်၊ လက်နက်တိုက်၊ ကသောင်းမြောင်းတိုက်၊ စာရင်းတိုက်၊ အပြင်ပိဋကတ်တိုက်၊ သံတိုက်၊ ကြေးတိုက်၊ လက်ဆောင်ယူတိုက်၊ ဒဂိုးတိုက်များ ဖြစ်ကြသည်။ နန်းတော် အဆောက်အအုံတွင် အဆောင်ပေါင်း (၁၆၆)ဆောင်ပါဝင်သည်။

နန်းမြို့တော်ဘေးဒြိ ကျုံးရံ၏။ ကျုံးကူးတံတား (၅)ခုရှိသည်။ အလယ်တံတားကြီးမှ ကူးရန် တံတား(၄)ခုနှင့် ကြေးမုံ(အာဠဝီ)တံခါးမှကူးရန် တံတားတစ်ခုတို့ ဖြစ်သည်။

နန်းမြို့တော်ကိုရံ၍ မြို့လေးခြင်း၌ ရပ်ကွက် (၅၄)ရပ်ကွက် သတ်မှတ်သည်။ အရှေ့ပြင်၌ (၇)ရပ်ကွက်၊ တောင်ပြင်၌ (၁၃)ရပ်ကွက်၊ အနောက်ပြင်၌ (၂၉)ရပ်ကွက်၊ မြောက်ပြင်၌ (၅) ရပ်ကွက်တို့ဖြစ်သည်။ ထို့ပြင် မြို့တော်စည်ပင်သာယာရေးအတွက် ဥယျာဉ် (၂၀) တည်ထောင်ထားသည်။ မန္တလေးမြို့တော်ကြီးကို မြေမြို့ရိုးဖြင့် ဝန်းရံထားပြန်သည်။ မြို့ရိုးတံခါး (၅၇)ခုရှိသည်။ ဤမျှ ခမ်းနားစွာ ဆောက်လုပ်ထွားသော မန္တလေးမြို့တွင် ထိုစဉ်က လူပေါင်း ၁၉,၀၀၀ ခန့်နေထိုင်ခဲ့သည်။ ၎င်းနောက် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလအထိ လူပေါင်း ၃၆၈,၀၀၀ ကျော်မျှတိုးပွား၍ မင်းနေပြည်တော်ကြီးအဖြစ် ကျော်စောထင်ရှားစေခဲ့သည်။

မင်းတုန်းမင်းကြီး အကြံတော်အတိုင်း မြို့တော်ကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သလို သာသနာတော်ဘက်တွင်လည်း ကြီးမားသော အောင်မြင်မှုကြီးကို ရရှိစေခဲ့သည်။

မင်းတုန်းမင်းကြီးသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးခြင်း နှုးညံ့သော သဘောရှိသဖြင့် အတိုင်းတိုင်း အပြည်ပြည်တို့နှင့် အဆင်ပြေအောင် ဆက်ဆံနိုင်ခဲ့သလို အမျိုးဘာသာ သာသနာရေးဘက်တွင်လည်း ၁၈၅၆ခုနှစ်၌ ပိဋကတ်သုံးပုံကို မူပွားများရစေရန် မင်းတုန်းမင်းကြီးကိုယ်တိုင် သုတ္တန်ပိဋကတ်တော်ကို ရေးကူးသည်။ မိဖုရားခေါင်ကြီးအား အဘိဓမ္မာပိဋကတ်တော်ကို ရေးကူးစေသည်။ အိမ်ရှေ့မင်းကို ဝိနည်းပိဋကတ်တော်ကို ရေးသားစေသည်။

တစ်ဖန် ၁၈၆၈ ခုနှစ်တွင် ပိဋကတ် သုံးပုံအား ကျောက်ထုတ်အက္ခရာကို တင်စေပြန်သည်။ ဝိနည်းငါးကျမ်းအတွက် ပါဠိတော်ကျောက်ချပ်ရေ (၁၀၈)ချပ်၊ အဘိဓမ္မာ (၇)ကျမ်းအတွက် ပါဠိတော် ကျောက်ချပ်ရေ (၂၀၈)ချပ်၊ နိကာယ်(၅)ကျမ်း၊ သုတ်ပါဠိတော် ကျောက်ချပ်ရေ (၄၁၀)ချပ်တို့ကို မဟာလောကမာရဇိန်ဘုရား မဟာရံအတွင်း၌ စိုက်ထူနိုင်ခဲ့သည်။

အရေးအကြီးဆုံးသော ဘာသာရေး ဆောင်ရွက်ချက်မှာ ၁၈၇၁ ခုနှစ်၌ သံဃာတော်ပေါင်း ၂၄၀၀ ဖြင့် ပိဋကတ်သုံးပုံကို ငါးလနှင့် သုံးရက်တိုင်တိုင် ရွတ်ဆိုသရဇ္ဈာယ်ပြီး ပဥ္စမသင်္ဂါယနာတင်တော်မူသည်။ ၎င်းအပြင် မင်းတုန်းမင်းကြီးသည် ၁၈၆၄ ခုနှစ်၌ စကျင်တောင်မှ ကျောက်ဖြူကြီးဖြင့် ဉာဏ်တော် ၁၇ တောင် ၁ မိုက် ၄ သစ်ရှိသော မဟာသက္ကမာရဇိန် ကျောက်တော်ကြီးဘုရားကို ထူလုပ်ကိုးကွယ်သည်။ ၁၈၇၁ ခုနှစ်တွင် အမြင့် ၂၂ တောင် ၁ မိုက်၊ ဘုံ ခုနစ်ဆင့်ရှိသော ထီးတော်ကို ရွှေချိန် ၂၀၂၂၉ ကျပ် ၄ မူးသား ကျောက်မျက်ရတနာများနှင့် စီခြယ်၍ ရွှေတိဂုံစေတီတော်ကြီး၌ ကပ်လှူသည်။

မင်းတုန်းမင်းကြီး၏ စိတ်ကူးတော်မှာ လွန်စွာမှ အတုယူဖို့ ကောင်းလှသည်။ မင်းကြီး တည်တော်မူသည့် ရွှေနန်းတော်ကြီးနှင့် မန္တလေးတောင်ကြီးတို့မှာ ပန်ရ၍ ကြည်နူးဖွယ်ကောင်းလှသည်။

သစ်လွင်တောက်ပသော နန်းတော်ကြီးနှင့် စေတီပုထိုး ပေါများသည့် မန္တလေးတောင်တော်မြတ်တို့၏ နံနက်ခင်း ရှုခင်းနှင့် ညအခါ လသာသာ ရှုခင်းတို့ကား ရှေးအတိတ် မြန်မာမင်းတို့၏ ကျက်သရေတင့်၍ ဘုန်းမြင့်ခဲ့သည်ကို အမှတ်ရစေနိုင်သည်။

www.burmeseclassic.com

ထို့အပြင် မင်းကြီးသည် ဤနန်းမြို့တော် နေရာသစ်မှပင် မြန်မာတို့၏ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ တိုင်းတစ်ပါးသားတို့နှင့် ဆက်ဆံရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မောရိယတိုင်း ကလေးမြို့စားက မင်းကြီးအား ဆင်ဖြူတော်တစ်စီး ဆက်သလို့လာသည်။ ၎င်းအပြင် မင်းအဆက်ဆက်တို့ကို မဣုံးနွံခဲ့သော ခွန်သာစော်ဘွားကြီးသည် မိမိနှုတ်ခမ်းမွေးတစ်ထွာလောက်သည် အမြဲအထက်သို့ ထောင်လျက်နေရာမှ ထိုမင်းကြီးလက်ထက် အရောက်တွင် နှုတ်ခမ်းမွေးမှာ အောက်သို့ စိုက်ကျသွားသဖြင့် အလွန်ကြောက်ရွံ့ကာ ရှိခိုးလက်ဆောင်များနှင့် ရောက်ရှိလာသည်။ နိုင်ငံခြား ဥရောပတိုက်သား မင်းတို့နှင့်လည်း မဟာမိတ်ဖြစ်လျက် အစစအရာရာကို အောင်မြင်တော်မူနိုင်ခဲ့သည်။

လောကတွင် လောကီရေးရာ အဖြာဖြာတို့ကလည်း သူနေရာနှင့်သူ မှန်လို့ နေသည်။ ရှေးသာသနာပြုမင်းတို့သည်လည်း လောကီကျမ်းလာ လောကီနည်းတို့ဖြင့် အားလုံးသူတို့၏ ဘဝခရီးကောင်းရေးကို အားထုတ်ကြရသည်။ ဤတွင် အဖြစ်လေးတစ်ခုကို တင်ပြလိုပါသည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက်နေ့တွင် အလောင်းမင်းတရားကြီး၏ စတုတ္ထမြောက် သားတော် ဗဒုံမြို့စားဦးဝိုင်းသည် အင်းဝရွှေနန်းကိုတက်၍ မင်းပြုတော်မူသည်။ ထိုအခါ တဘောင်တစ်ခုက ပေါ်လာသည်။ ထိုတဘောင်က 'သည်ကစမှ ရွှေအင်းဝ၊ ဌာနမြို့သက် ကုန်လတ္တံ့၊ တစ်ကြိမ်စံကြ ထီးပေါင်းခ၊ ဌာနမြို့သစ် တည်လတ္တံ့' ဟူသော သိုက်ဓာတ်စာအရ မန္တလေးတောင်၏ လက်ယာထီးပေါင်းခ ခေါ်သော ဘူမိနက်သန် (ဝိဇယ) အောင်မြေတွင် သက္ကရာဇ် ၁၁၄၄ ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်၊ အင်္ဂါနေ့ ကောင်းမြတ်သောဗေဒင်္ဂါန်တွင် အမရပူရ မြို့တော်သမုတ်၍ မြို့နန်းသစ်တည်ကာ စံတော်မူသည်။ ထိုမင်းသည် ဧရာဝတီမြစ် အနောက်ဘက်တောင်ခြေတွင် ကြိုးလေးလုံး အကွာရာအရ ဓာတ်ပန်းဆင်စေကာ ဧရာမမင်းကွန်းစေတီတော်ကြီး၊ ဧရာမ ခေါင်းလောင်းကြီး၊ ဧရာမ ခြင်္သေ့ကြီး၊ ဧရာမ ဘုရားကြီး ဟူ၍ ခေါ်ဆိုစေခဲ့သည်။

မြဲငုံ၍ ဆိုရမယ်ဆိုရင် မြန်မာတို့၏ ရှေး ဘိုး၊ ဘီ၊ ဘင် အစရှိသည့် သာသနာပြုမင်းများသည် တစ်ဖက်က သာသနာတော်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသလို တစ်ဖက်ကလည်း လောကီပညာရှင်များနှင့် တိုင်ပင်၍ လောကီရေးရာတို့ကို အားထုတ်တော်မူခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိနိုင်သည်။

ရမည်းသင်းမင်းလက်ထက် နန်း[illegible]အရေးတော်ပုံကြောင့် နန်းတွင်းမှာ ခုတ်ကြ၊ ထစ်ကြ၊ သတ်ကြ၊ ဖြတ်ကြဖြစ်ကြသဖြင့် နန်းတွင်းမှာ ကောင်းစွာမအိပ်ရဘဲ ခြောက်လှန့်လွန်းသဖြင့် နာသူ နာကြ၊ ဖျားသူ ဖျားကြဖြစ်ရသဖြင့် ရေနဲ့ဘုန်းတော်ကြီးကို ပင့်ပြီး ဘုန်းတော်ကြီး၏ လောကီအစီအရင်တွေကြောင့် ဘေးအန္တရာယ်များ ငြိမ်းအေးခဲ့ရသည်။ ထိုဘုန်းကြီးကို သာသနာ လက်ာရကျမ်းက 'ရေနည်း နတ်စက်ရောင် ဘုန်းကြီး' လို့ဆိုပြီး ရာဇဝင်မှာက ရေနဲ့ဘုန်းကြီးက တစ်ပါး၊ နတ်စက်ရောင် ဘုန်းကြီးက တစ်ပါးလို့ ဆိုသည်။ ထိုဘုန်းကြီးရဲ့ ဘွဲ့တော်က ရှင်စက္ကာဘိဃောသ ဖြစ်သည်။

၁၀၄၁ ခုနှစ်ထဲတွင် မြို့တော်မြောက်ဘက်၌ မိုးခေါင်သဖြင့် မိုးရွာအောင် ၎င်းဘုန်းကြီးကိုပင့်ပြီး စီရင်ရပြန်သည်။ ထိုအခါ မိုးများ၍ မြေပြိုပြီး ရေတွေတိုးလို့ ဘုန်းတော်ကြီးပင် ချက်ချင်း ရေသိမ်သမုတ်ပြီး ကမ္ဘဝါတွေဖတ်၊ ဂါထာတွေရွတ်၊ အင်းတွေမြှုပ်တော့မှ မိုးရပ်တော့သည်။

လောကရေးရာ လောကီဘက် ဆိုင်ရာတွေကိုလည်း ရှေးမြန်မာမင်းများဟာ သူ့နေရာနှင့်သူ အသုံးချပြီး တိုင်းပြည်ရေးတွေကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ခဲ့သည်ကို မေ့ထားလို့ မဖြစ်ပေ။

ဥပမာအားဖြင့် သက်ရှိလူတစ်ယောက် ခေါင်းကိုက်နေသည်ကို သက်မဲ့ဖြစ်သည့် ဆေးရွက်၊ ဆေးမြစ်တို့ဖြင့် ပျောက်ကင်းအောင် ပြုရသလို လက်ရှိမိမိတို့ လူသားတို့တွင် တန်ခိုးပါဝါအား မရှိရသဖြင့် တန်ခိုးစွမ်းအား ကမ္မဇဓိဋ္ဌိရှိနေကြသည့် နတ်များ၊ ဝိဇ္ဇာများ၊ ပုဂ္ဂိုလ်ထူးများကို အားကိုးထိုက်သော အရာ၌ အားကိုးရမည်သာ ဖြစ်ပေသည်။

ယခုခေတ် မျက်မြင်အရသော်လည်းကောင်း၊ စာပေကျမ်းဂန် အရသော်လည်းကောင်း ထင်ရှားစွာ တည်ရှိတော်မူကြသည့် ရွှေတိဂုံစေတီ၊ ကျိုက်ထီးရိုးစေတီ စသည်တို့ တည်ဆောက်ပူဇော်စဉ်က ရုက္ခစိုး၊ ဘုမ္မစိုး၊ နတ်သိကြားဒေဝါတို့၏ အကူအညီကို ရယူ၍ ကိုးကွယ်ရကြောင်းကို အားလုံး သိရှိပြီး ဖြစ်ပေသည်။

မင်းတုန်းမင်းကြီး တည်တော်မူသည့် နန်းမြို့တော်ကြီးတွင်လည်း ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

လက်ထက်တော်က အဇာတသတ်မင်းကြီး တည်တော်မူခိုင်းသည့် ပါဠလိပုတ်မြို့တော်ကြီးကဲ့သို့ မြေနေရာများ သတ်မှတ်ချိန်မှစ၍ အိုးစောင့်နတ်၊ အိမ်စောင့်နတ်၊ ရက္ခစိုး၊ ဘုမ္မစိုး အစရှိသည့်နတ်အပေါင်းတို့က မိမိတို့ တန်ခိုးအဆင့်အတန်းအလိုက် တန်ခိုးအကြီးဆုံးကဲ့မင်းနေမည့်နေရာ၊ တန်ခိုးအလတ်စားရှိသူက အိမ်ရှေ့မင်းနေရာ၊ တန်ခိုးအငယ်စားရှိသူက မျူးမတ်နေရာ၊ တန်ခိုးအနည်းငယ်ရှိသူက သူဌေးသူကြွယ်နှင့် အသုံးဆုံးများက ဆင်းရဲသားများနေရာများကို ရယူထားကြောင်း မြတ်ဗုဒ္ဓက ရဟန်းတော်များကို မိန့်တော်မူခဲ့သည်။

မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ယူကြသနည်းဟုဆိုရသော် မြို့တော်တည်ပြီးသည့်အခါ မင်းနှင့် ပြည်သူများက နန်းတက်ပွဲမင်္ဂလာ၊ အိမ်တက်ပွဲမင်္ဂလာများပြုလုပ်ခဲ့သည်ရှိသော် ဘုရားအမှူးရှိသော ရဟန်း သံဃာတော်များကို ပင့်ဖိတ်၍ သီလယူခြင်း၊ တရားနာခြင်း၊ ဒါနပြုခြင်း၊ အမျှဝေခြင်းများဖြစ်ပေါ်လာမည်ကို နတ်တို့က ကြိုထားသဖြင့် ကြိုတင်နေရာယူထားခြင်း ဖြစ်ကြောင်း မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့သည်။

အဇာတသတ်မင်း လက်ထက် သင်္ဂီယနာတင်သည်ကို မီခဲ့သော နတ်ဗြဟ္မာအပေါင်းတို့ကလည်း မင်းတုန်းမင်းကြီး မြို့တည်ပြီးနောက် သာသနာတော်မြတ်၏ အမြင့်ဆုံးသော အကျိုးဆောင်ဖြစ်သည့် သင်္ဂီယနာတင်မှုကြီးနှင့် ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ်တော်မူမည်ကို သိထားကြသဖြင့် ထပ်ဆင့်နာယူမှတ်သား ကုသိုလ်ပွားခဲ့သာဓုခေါ်လိုသောကြောင့် ရောက်ရှိလာကြမည်ကို ဉာဏ်အမြင်ဖြင့် သိနိုင်ကြပေလိမ့်မည်။

ထို့အပြင် သက္ကရာဇ် ၇၂၉ ခုနှစ်တွင် နန်းတက်သော မင်းကြီးစွာစော်ကဲအား ငယ်ဆရာဖြစ်သော ရခိုင်ဘုန်းတော်ကြီး အဂ္ဂသာရအသျှင်မြတ်မှ ရေးသား ဆက်သွင်းခဲ့သော လောကသာရဆုံးမစာတွင် -

"ဂြဟသဒ္ဓိ၊ ကျမ်းနှင့်ညီ၍ ဗလီပူဇော်၊ ဂြိုဟ်ခေါ် ဂြိုဟ်နှင်၊ ဗေဒင်ရွတ်မန်း၊ မန္တန်တန်းလျက်၊ ကျယ်ဝန်းစက္ကာမဏ္ဍလပုံ၊ တစ်ရာ့ရှစ်ကွင်း၊ အင်းလဲစီရင်၊ ဆင်သားဗိတာန်၊ တန်းခွန်တလျှောက်၊ ဖြူနီဆောက်၍၊ ပယ်ဖျောက်ရန်ဘေး၊ ဆေးပေဉီးခေါင်း၊ အိသိက်လောင်း၍၊ သူကောင်းသူမြတ်၊ လွတ်စေအန၁၊ ဥပဒ်ခွာလော့၊ ပြည်ရွာစီးပွား၊ များစိမ့်သမှု၊ ဟုတ်တိုင်းပြု၍၊ စုဘိကျိုးခဲ၊ ရဲရဲမီးတွင်း၊ လောင်ခြင်းဖြောက်ဖြောက်၊ ပေါက်ပေါက်စသည်၊ ပန်းငါးမည်ဖြင့်၊ ဆောက်တည်မဖျက်၊ ခုနစ်ရက်လျှင်၊ ခန့်တွက်ပိုင်းခြား၊ မန္တရားတိ၊ ဘန်များစုရွတ်၊ ဟူးထောပတ်နှင့်၊ မီးနတ်ကော်ရော်၊ ဃဇ်ပူဇော်၍၊ လူဘော်ရန်စစ်ပျောက်စေမင်း" ဆိုသည့် လောကသာရဆုံးမစာများအပြင် မင်းကျောင်းဆရာတော်ကြီး ဦးပဏ္ဍိတ အရှင်မြတ်ကလည်း တိုတောင်း၍ ရိုးရှင်းလှသော စာကြောင်းလေးကိုလည်း ရေးသားခဲ့သည်မှာ "လူနာလိုမှ နတ်နာလိုမယ်၊ နတ်နာလိုမှ ဂြိုဟ်မမယ်" ဆိုသော စကားပင် ဖြစ်သည်။

မင်းတုန်းမင်းကြီးမှာ ဘုန်းကံကြီးများ သာသနာပြုမင်း ဖြစ်ခဲ့သော်လည်း မည်သည့် ဝဋ်ကွေးကြောင့်မသိ မြန်မာပြည်တစ်ခုလုံးကို အုပ်ချုပ်ခွင့်မရခဲ့ပေ။ သေချာစွာ လေ့လာကြပါက နိုင်ငံတော်၏ မြို့နယ်၊ ကျေးရွာအလိုက် သွန်နေရာနှင့်သူ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်တို့က ရွှေရောင် လွှမ်းခြုံခဲ့သလို အနယ်နယ်အရပ်ရပ်၏ ဆက်သွယ်ရေးလမ်းကြောင်းကြီးတို့တွင် သစ်လွင်သော တံတားကြီးငယ်များ၊ ဖြောင့်ဖြူးသော လမ်းမကြီးများ၊ စိမ်းစိုနေသည့် စိုက်ကွင်းကြီးများ၊ ရေပြင်ဖွေးသည့် မွေးမြူရေးကန်ကြီးများ၊ ပင်လယ်လေးများပမာ ရေလှောင်ဆည်ကြီးများ၊ ကုန်ထုတ်စွမ်းအားမြင့်မားစေမည့် စက်မှုဇုန်ကြီးများက ဖွံ့ဖြိုးတိုးတက်နေခဲ့သလို ခေတ်စနစ်၏ ပြုပြင်ပြောင်းလဲမှုကြောင့် လူငယ်လူရွယ်လေးတို့၏ စိတ်အစဉ်အတွင်း ဝယ် အသိဉာဏ် ဗဟုသုတတို့မှာ ပြည့်စုံလာနေသဖြင့် ထိုအတိုင်းသာ တက်ညီလက်ညီ ဆောင်ရွက်သွားပါက များမကြာမီအတွင်း နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွက်လာမည်ကို ယုံကြည်မိသည်။

မိမိသည်လည်း မိမိဝါသနာထုံသည့် ဂန္ဓိရက္ခင့်စဉ်ဖြင့် တတ်စွမ်းနိုင်သည့်ဘက်က ဂန္ဓိရ၊ မေတ္တာ၊ ပရိတ်တော်များ၊ ဂါထာတော်များ၊ ဂုဏ်တော်များဖြင့် နာဂစ်အပြီးတွင် သံဃဂများစွာရသဖြင့် မြတ်ဗုဒ္ဓ၏ ဒေသနာတော်အတိုင်း တောင်တန်းသာသနာပြုဆရာတော်ဘုရား ဦးဥတ္တမအရှင်မြတ်ကြီး၏ နည်းကို ယူကာ ပြည်မြန်မာမြေပုံပေါ်တွင် အာရုံပြုကာ လေဘေး၊ ရေဘေး၊ မီးဘေး၊ ပြင်ပ ပယောဂဘေး၊ မုန်တိုင်းဘေး၊ လျှပ်စီးဘေး၊ ရောဂါဘယဘေး အပေါင်းတို့မှ ကင်းဝေးစေကြောင်း ရွတ်ဖတ်ပွားများ အဓိဋ္ဌာန်ပြုလျက်ဖြင့်။

နေမျိုးထက်(ဟင်္သာတ)

ကျမ်းကိုး

(၁) လူမဟုတ်သောရဟန်း (၂) ဦးဘသန်း B.A ၏ ကျောင်းသုံး မြန်မာရာဇဝင်

(၃) ရွှေတိဂုံမူလသမိုင်းစာအုပ်။

❑

www.burmeseclassic.com

ခဲတော်သမင်

နေဝင်ဖွယ်မသန်း ဟုတ်နေကျွန်

မမျော်လင့်ဘဲနှင့်~ကျွန်ုပ် ရွာသစ်ကြီးရွာသို့ ရောက်ခဲ့ပြန်သည်။ မရည်ရွယ်တဲ့ ရောက်လာခြင်းဖြစ်သည်။ မင်းရွာသို့ သွားရင်း လမ်းကြုံ၍ဖြစ်သည်။ ရွှေမျိုးတော်သည့် အရီးအေးလှ အိမ်သို့ ဝင်ခဲ့သည်။

ရွာသည်ယခင်နှင့်မတူ အတော်ပြောင်းလဲနေသည်။ အခြေအနေ ကြည့်ရသည်မှာ ရွာမှာ စီးပွားရေး အဆင်ပြေပုံ ရပေသည်။

အိမ်ရှေ့သို့ရောက်လျှင် လူသံမကြား၍ ကျွန်ုပ်မှ -

"အရီး၊ အရီးအေးလှ ရှိရဲ့လား ခင်ဗျာ"

ဟု အသံပြုလိုက်သော် အိမ်ထဲမှ -

"ငါရှိတယ်လေ၊ လာ အိမ်ထဲကို နောက်ဖေးမှာ ဟင်းချက်နေလို့ပေ့"

အရီးအေးလှ အသံလည်းပျောက် လူလည်း အိမ်ရှေ့ ရောက်လာသည်။

"ကျွန်တော်ပါ အရီးလှ၊ မောင်ဇော်ပါ"

"အမယ်လေး ကြည့်စမ်းပါဦး ဘယ်ကများ မျက်စိလည်လာတာလဲ၊ ပြောစမ်းပါဦး"

ဝမ်းသာအားရ ပြောနေသည်။ ကျွန်ုပ် အရီးဘေး ဝင်ထိုင်လိုက်ရင်း -

"အရီးရေ နေကောင်းတယ် မဟုတ်လား၊ ကျွန်တော်လည်း စိတ်ကသာရောက်တာ လူက မရောက်ဘူး ဖြစ်နေတယ်လေ"

"အေးပါ အေးပါ၊ အခုရောက်ပြီပဲ၊ အရီး ဝမ်းသာလှပါပြီ၊ အားလုံး နေကောင်းတယ် မဟုတ်လား"

ကျွန်တော့်မိသားစုကို သတင်းမေးရှာသည်။

"ဟုတ်ကဲ့၊ အားလုံးနေကောင်းပါတယ် အရီး"

"ကဲ - အကြမ်းရည်လေး သောက်လိုက်ဦး၊ မင်း ထမင်းစားပြီးမှ ပြန်ရမယ်နော်၊ နောက်မှ သွားစရာရှိတာ သွားပေါ့၊ ဟုတ်လား"

အရီးလေးမှ ပြောလျှင် ငြင်း၍ မရမှန်းသိ၍ အသာငြိမ်နေလိုက်သည်။

ထိုစဉ် ခြံထဲသို့ အမျိုးသမီး တစ်ဦး ဝင်လာပြီးလျှင် -

"ကြီးတော်၊ ကြီးတော် ကျွန်မ မတင်ပါ၊ ကြီးတော်နဲ့ တွေ့ချင်လို့ပါ"

ကျွန်ုပ်လည်း အိမ်ပေါက်ဝ ရောက်နေသော အမျိုးသမီးအား -

"လာ တူမကြီး၊ အရီးလေး တင်းချက်နေတယ် ထိုင်ပါ၊ နောက်ပြီး လာပါလို့မယ်"

ကျွန်ုပ် စကားဆုံးလျှင် ဧည့်သည်အမျိုးသမီး ထိုင်လိုက်လျှင် အရီးလေးလည်း အိမ်ရှေ့ရောက်လာသည်။

www.burmeseclassic.com

"အမယ်လေး ဘယ်သူမျှော်လဲလို့ မိတင်၊ ပြော ဘာတွေ အရေးကြီးလို့လဲ ပြောစမ်း"

အရီးလေး စကားဆုံးလျှင် မိတင်ဆိုသည့် မိန်းကလေး ကျွန်တော့် ဘက်သို့ လှည့်ကြည့်လိုက်သည်။

"မိတင်၊ ဒါ ငါ့တူ မောင်ဇော်၊ အားနာစရာမလိုဘူး၊ ညည်းပြောစရာ ရှိတာပြော၊ ရတယ်"

ထိုအခါ မိတင်သည် အရီးကို တစ်လှည့်၊ ကျွန်ုပ်ကို တစ်လှည့် ကြည့်ပြီး -

"အရီး၊ ကျွန်မ မနေ့က တစ်ခေါက်လာသေးတယ်၊ အရီး မရှိလို့၊ ခုတစ်လော ကျွန်မတို့အိမ်မှာ ကလေးတွေလည်း ခဏ ခဏ နေမကောင်းဖြစ်တယ်၊ ချုချာကြတယ်၊ နောက် ကျွန်မ ယောကျ်ားနဲ့လည်း ဘာမှ အကြောင်းမရှိဘဲ ရန်ဖြစ်ဖြစ်နေတယ်၊ ကျွန်မ အပြင်မှာ စိတ်ကြည်တယ်၊ အိမ်ပြန်ရောက်တာနဲ့ စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ ဘာကို အလိုမကျမှန်း မသိပါဘူး ကြီးတော်ရယ်၊ ကြီးတော်တို့က ရှေးလူကြီးတွေဆိုတော့ သိမယ်ထင်လို့ မေးမလို့ပါရှင်"

မိတင်သည် သူမ လာသည့် အကြောင်းကို စိကာပတ်ကုံး ပြောနေသည်။ ကျွန်ုပ်လည်း အသာပင် နားထောင်နေသည်။

ထိုအခါ အရီးလေးမှ -

"နင်တို့ ဒီအိမ်ကို ဝယ်လိုက်တာ မကြာသေးပါဘူး၊ ကိုတာကြီးတို့ဆီက ဝယ်လိုက်တာ မဟုတ်လား"

"ဟုတ်ပါသော်ကော ကြီးတော်ရယ်၊ (၆) လလောက်ပဲ ရှိသေးတာ၊ ဝယ်ပြီးပြောင်းခါစက တစ်လလောက် ဘာမှမဖြစ်ဘူး၊ နောက်ကျတော့ ဘာရယ်မဟုတ် လင်မယားနှစ်ယောက် စကားအကောင်းပြောရာက ပြောရင်း ပြောရင်းနဲ့ စကားများ ရန်ဖြစ်ကြတာပဲ၊ ဘာရယ်လို့လည်း အပြစ်ရှာမရဘူး၊ အဲဒီလိုက တစ်ပတ် တစ်ခါ၊ တစ်ခါတလေ သုံးရက်တစ်ခါ ဖြစ်နေတယ် ကြီးတော်"

စကားဆုံးလျှင် ကြီးတော်မှ -

"ကလေးတွေကကော ဘယ်လို ဖြစ်တာလဲ ပြောစမ်းပါဦး"

"ကလေးတွေက အကောင်းကနေ အိပ်ရာက လန့်လန့်အော်တယ်၊ ဘာမှန်း မသိဘူး၊ ပါးစပ်ကလည်း ကြောက်တယ် ကြောက်တယ်၊ ဒါပဲ အော်နေတာ၊ အဲဒီလိုဖြစ်ပြီးရင် ကျောပူခေါင်းပူလို့ ကိုယ်ပူတာ နှစ်ရက်လောက် ခံရတယ်၊ တစ်ခါတည်းဆို မပြောပါဘူး ကြီးတော်ရယ်၊ တစ်လမှာ သုံးခါ လေးခါလောက် ဖြစ်နေလို့ သိပ်မသက်သာတော့ဘူး၊ ရိုးမှရိုးရဲ့လားလို့ စိတ်ထဲမှာ ထင်နေတယ်၊ ယောကျ်ားကလည်း မနေ့ကတည်းက ကြီးတော်ကို သွားမေးကြည့်လို့ ခိုင်းနေတာ ကြီးတော်၊ ကျွန်မတို့ကို ကူညီပါဦး ကြီးတော်ရယ်"

အားကိုးတကြီး မိတင် တစ်ယောက် အရီးလေးကို ပြောပြ အကူအညီတောင်းနေသည်။

ကြီးဒေါ်လည်း ခေတ္တငြိမ်၍ စဉ်းစားနေသည်။

တစ်အောင့်ကြာမှ မျက်နှာ ပြုံးရွှင်လာပြီး မိတင်ကို -

"မိတင် ညည်းကံကောင်းတယ်၊ ဒါ ပုဏ္ဏကတိုက်တာတော့ မဟုတ်ဘူး၊ ပုဏ္ဏကတိုက်ရင် ဖြစ်တာ အချိန်မှန်တယ်၊ နေ့တိုင်း ဒါမှမဟုတ် ည‌တိုင်းဖြစ်တာ၊ ညည်းတို့ဟာက သူများအိမ်ကို ဝယ်နေရတာ၊ အိမ်ရာဇဝင်ကို ညည်းတို့ ဘယ်သိမလဲ၊ အဲဒီတော့ အိမ်သန့်၊ မသန့်လည်း မသိဘူး၊ ဒါပေမဲ့ စိတ်မပူပါနဲ့ မိတင်၊ အချို့ရှာ သကာတွေ့သလို နတ်တို့ဖန် ရေကန်အသင့်ပဲဟော့၊ ညည်း ရှေ့မှာ ထိုင်နေတဲ့ ငါ့တူကြီးက ဆရာပဲ၊ ဘာမှမပူနဲ့ မိတင်၊ ညည်းအခက်အခဲ လောက်ကတော့ သူ ဖြေရှင်းပေးနိုင်ပါတယ်"

မိတင်ကို နှစ်သိမ့်ပြီး ကျွန်ုပ် ဘက်လှည့်၍ -

"ကဲ - အရီးလေးပဲ ကြားပွဲစား လုပ်လိုက်မယ်၊ မင်းလည်း ကြားတဲ့ အထိုင်းပဲ၊ မိတင်ကလည်း အခေါ်တူမ ဆိုလည်း ဟုတ်၊ သမီးဆိုလည်း မမှားပါဘူး၊ ကုသိုလ်ရပါတယ် ကူညီပေးပါဦး"

အရီးလေးက ကျွန်ုပ် အား ကာယကံရှင်ကိုယ်စား ဖြစ်နေသည့် ပြဿနာကို ဖြေရှင်းခိုင်းနေသည်။

မိတင်ကလည်း မရဲတရဲနှင့် -

"ဟို - ဦးလေး၊ ဩော် - ဆရာရယ်၊ ကျွန်မကို ကူညီပေးပါ၊ ကျေးဇူးလည်း ဆပ်ပါ့မယ်"ဟု ဝမ်းသာစွာ ပြောဆိုသည်။

"ကဲ ကဲ အရီးလေးကလည်း ကိုယ့်မိဘပါပဲ၊ အရီးစိတ်ချမ်းသာအောင် ကူညီပေးပါ့မယ်၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ နားလည်အောင် ပြောရရင် အိမ်မသန့်ဘူးလို့ ခေါ်တယ်၊ အိမ်မပေနေလို့ ခေါ်တာ မဟုတ်ဘူး၊ အိမ်ဆောက်တဲ့ အခါ ပါလာတဲ့ သစ်တွေကြောင့်လည်း ဖြစ်တတ်တယ်၊ နောက်တစ်ခုက မမြင်ရတဲ့ ဘုံသားတွေချစ်လို့ လုပ်တာလည်း ပြောကြတယ်၊ ဘယ်လိုအကြောင်းဖြစ်ဖြစ် ပြဿနာပုစ္ဆာရှိရင် အဖြေဆိုတာလည်း ရှိတာပဲ၊ သူတို့ကို ကိုယ်မမြင်တာပဲရှိတယ်၊ ဘုံတစ်ခုတည်းမှာ နေကြတာပဲ၊ ဒါတွေ ဘာမှ စိတ်ထဲမထားနဲ့၊ အိမ်သန့်အောင် လုပ်ပေးပါ့မယ်"

www.burmeseclassic.com

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာခိုင်းတဲ့ ပြောတဲ့အတိုင်း လုပ်ပါ့မယ်၊ အဲဒါတွေ ရှင်းဖို့ပါပဲ ဆရာ" ဟု မိတင်က ပြောလေ၏။

"အေး - ဒီကင်တို့ လင်မယား နှစ်ယောက်ကလည်း ဘုရား တရားကို ရိုသေကြ၊ ညစဉ် ဘုရားရှိခိုး၊ နံနက် ဆွမ်းတော် သောက်တော်ရေကပ်၊ (၃၁) ဘုံသားတွေကို မေတ္တာပို့ အမျှအတန်း ပေးဝေခြင်းကို နေ့စဉ် ညစဉ် လုပ်ပါ။

အိမ်မှာ ရန်ငြိမ်းပြီး စိတ်ချမ်းသာအောင်ရယ်၊ အိမ်ရှိလူတွေ ကျန်းမာရေး အည့်ပျောက်ပြီး ကျန်းမာလာစေဖို့ လုပ်ရမှာက အိမ်ကဘုရားမှာ သံပရာသီး (၁၀)လုံးကို စင်ကြယ်အောင် ဆေးပြီး လျှုပါ။

နောက်တစ်ခုက အိမ်အဝင်အဝမှာ သံပရာသီး(၁)လုံးကို သံနဲ့ရိုက်ထားပါ။ ဒါနဲ့ မပြီးသေးဘူး၊ ရှုလကာရည်နဲ့ နေ့အိမ်ပတ်လည်ကို ပက်ဖျန်းပေးပါ။ မိတင်တို့ အိမ်အခိုက်တွေ ပျောက်ပြီး အိမ်သန့်သွားပါလိမ့်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ဆရာ၊ အားလုံး မှာတဲ့အတိုင်း လုပ်ပါ့မယ်"

အားရဝမ်းသာ ပြောနေသည်။

"အေး - ကျန်သေးတယ်၊ နေ့စဉ် မေတ္တာသုတ် တစ်နေ့ (၉)ခေါက်ရွတ်ဝါ ဟုတ်လား မိတင်"

"မိတင် မေတ္တာသုတ်ရပါတယ်၊ ကိုယ့်မိသားစု ကောင်းဖို့လေ၊ မိတင်အားလုံး လုပ်ပါ့မယ်"

ဟု ပြော၍ မိတင်.ပြန်သွားသည်ကို ကြည့်ရင်းဖြင့်သာ။

လိုအင်ဆန္ဒ ပြည့်ဝပါစေ။

ဆရာသက္က

❑

ဆရာဦးဓမ္မိဿရ D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကိုတ်၊ မို့နာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျိုနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➳ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➳ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➳ ၀၉-၇၃၁၆၄၁၄၊ ၀၉-၇၉၉၆၉၃၉၉၇၊ ၀၉-၂၅၄၉၃၂၅၉၉

လမ်းညွှန် ➳ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၌ ဆရာတော်ကြီးမုတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာ-ဘုရားနဲ့အတူ
ချိန်သော်ချက်နဲ့ ပေါင်းဖျဲခြင်း မင်္ဂလာ
ဖေါင်းဒဲ့အောင်ပြုလုပ်ခြင်းသည်
အဓွန့်ရှည်တော်၊ ပေတည်

ကျွန်ုပ်သည် အရပ်ဘအစ ဘဂဝါ အဆုံးဖြင့် ဂုဏ်တော်(၉)ပါးကို တစ်ပါး လျှင် ဘုရားစေတီတစ်ဆူ၊ ပုတီး (၉) ပတ်၊ တစ်ရက်ကျဖြင့် (၉)ပါး (၉)ဆူ၊ (၉)ရက်တိုင်တိုင် (၉)ရက်တိတိ သူ တစ်ပါးအသက်ကိုစားခြင်းမှ ရှောင်ကြဉ် ၍ အသက်လွတ်စားပြီး အဓိဋ္ဌာန်ဝင်နေ သည်မှာ ဤနေ့သည် အဓိဋ္ဌာန် (၇)ရက် ပြည့်မြောက်သောနေ့။

သတ္တာဒေဝမနုဿာနံ ဂုဏ်တော် မြတ်ကြီးဖြင့် သန်လျင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် အဓိဋ္ဌာန်ပုတီးစိပ်သောနေ့ ဖြစ်ပါသည်။ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းအမှု ရှိသေစွာ ပြုပြီး ကျွန်ုပ်နေထိုင်သော အိမ်တွင်းရှိ အယူတော်မင်္ဂလာနိမိတ်ဖတ်ဟောခန်း သို့ ပြန်လည်ရောက်ရှိချိန် အနားယူနေ ခိုက်တွင် -

"ဆရာ"

ဟူသော အသံကို ကြားလိုက် ရ၍ ဝင်လာသောသူကို စူးစူးစိုက် စိုက် ကြည့်မိသည်။

"ဆရာ၊ ကျွန်တော့်ကို မမှတ်မိ ဘူးနဲ့တူတယ်၊ ဟိုတုန်းကတော့ ဆရာ့ဆီ ခဏ ခဏ လာနေတာပါ။ မလာတာ ကြာသွားလို့ ဆရာ မမှတ်မိတာနေ မှာပါ။ ကျွန်တော့်နာမည် မောင်အောင် ရင်လေ ဆရာ" ဟု ပြောပြမှ -

"ဩော်- မောင်အောင်ရင်ကိုး၊ မှတ်မိပြီ၊ မှတ်မိပြီ၊ မပေါ်လာ အတော် ကြာမှ လာတာဆိုတော့ အကြောင်းထူး နေပြီ၊ ပြော ဘာထူးလဲ" ဟု ကျွန်ုပ်မှ ပြောလိုက်သောအခါ-

"ထူးဆို မရှူးရုံတစ်မည်ပါပဲ ဆရာရယ်၊ ရှူးလိုက်တာမှ ကောင်းပါ သေးတယ် ဆရာ" ဟု အောင်ရင်မှ ပြောလိုက်လေ၏။

"ဘာလဲ၊ အချစ်ရှူး ရှူးနေတာ လား"

"ဟုတ်တယ်ဆရာ၊ ဟုတ်တယ်၊ ကျွန်တော် အချစ်ရှူး ရှူးနေတာပါဆရာ၊ ရှင်းရှင်းပြောရရင် အချစ်ရှူး ရှူးပြီး အသည်းကွဲနေတာ၊ အသည်းကွဲပြီး အချစ်ရှူး ရှူးနေတာပါဆရာ" ဟု မောင် အောင်ရင်မှ ပြောလေ၏။

"ကဲ ကဲ ပြောစမ်းပါဦး၊ ဘယ် လိုဖြစ်တာလဲ၊ ဘယ်လိုကြောင့် အသည်း

www.burmeseclassic.com

www.burmeseclassic.com

ကွဲရတာလဲ၊ ဘာကြောင့် ရူးချင်ရတာလဲ ပြော" ဟု ကျွန်ုပ်မှ မေးခွန်းထုတ်လိုက်လေ၏။

"ဒီလိုဆရာ၊ ကျွန်တော့်ချစ်သူတာ လုလုလွင်ပါ။ သူနဲ့ကျွန်တော် လူငယ်ချင်း မေတ္တာမျှနေကြတာ တစ်နှစ်နီးပါး ရှိနေကြပြီ ဆရာ၊ သူက ကျွန်တော့်ကို အသည်းစွဲချစ်သလို ကျွန်တော်ကလည်း သူ့ကို အသည်းကွဲမတတ် ချစ်ရပါတယ်၊ အခုတော့ တကယ်ပဲ အသည်းကွဲရပြီ ဆရာ"

"အင်း - ဆိုစမ်းပါဦး"

"သူတို့ မိဘတွေက ဖိုက်ဆံရှိတယ်ဆရာ၊ ကျွန်တော်နဲ့ ဖြစ်နေတယ် ဆိုတဲ့ သတင်းလည်းကြားရော သဘောမတူကြဘူးတဲ့လေ၊ သူ့အမေနဲ့ အဖေက တော်တော် မယ်တော်ကကဲ့ ဆိုတာလို သူ့အဒေါ်က ဖြစ်နေတာ၊ ဒီလို ကောင်ကို ပေးစားမယ့်အတူတူ ခွေးအမြီးဖြတ်ပေးစားမယ်လို့တောင်-ပြောတာဆရာ၊ အဲဒါ ကျွန်တော် ခံပြင်းလွန်းလို့ပါ ဆရာရယ်"

ဟု မောင်အောင်ရင်မှ သနားစဖွယ် ပြောရှာသည်။

"မောင်အောင်ရင်၊ မင်းချစ်သူကို 'မင်း တကယ်ချစ်တာနော်"

"ချစ်ပါပြီကော၁ ဆရာရယ်၊ အသည်းကွဲမှတတ် ချစ်ရတာပါ ဆရာ"

"ကောင်းပြီ၊ ဒီလိုဆိုရင် မင်း တကယ်ယူမှာပေါ့၊ ဟုတ်လား"

"ယူမှာပေါ့ ဆရာရယ်၊ တကယ် မဟုတ်ဘူး နှစ်ကယ် နှစ်ကယ်၊ ဆရာက သာ ကျွန်တော့်ချစ်သူကို ကျွန်တော့် ရင်ခွင်ထဲရောက်အောင် လုပ်ပေးပါ ကပြီး ယူမယ်၊ ရာသက်ပန် ပေါင်းပါ့ မယ် ဆရာ" ဟု အားပါးတရ ပြောလေ၏။

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ မောင် အောင်ရင်ကို ဆရာ ယုံသွားပြီ"

"ဩော် ဆရာ့ကို ပြောရဦးမယ်၊ ဆရာ မှတ်မိမလားမသိဘူး၊ ဆရာ့ဆီ လာနေတဲ့ အချိန်တုန်းက ကျွန်တော်နဲ့ အတူ ပါပါလာတဲ့ ကျွန်ကော့်သူငယ်ချင်း မင်းနိုင်ကို ဆရာပဲ လုပ်ပေးလိုက်တာလေ"

"အင်း - ပြောပါဦး၊ ဆရာက လူအများကို လုပ်ပေးနေရတော့ မေ့နေသလိုလိုပဲ၊ ဘာကိစ္စတုံး"

"ဩော် - ဆရာရယ်၊ ဘာကိစ္စ ဖြစ်မလဲ၊ လူငယ်ချစ်သူ ရည်းစားကိစ္စ ပေါ့၊ အဲဒီတုန်းက သူနဲ့ သူ့ချစ်သူ ကြားလေက ဆိုးဆိုးဝါးဝါးကို သွေးခွဲလို့ ဝေးတော့မလို ဖြစ်နေတာ၊ ယောကျ်ားတန်မဲ့ ငိုတောင် ငိုနေတာလေ၊ ဆရာပဲ လုပ်ပေးလိုက်လို့ မဝေးတော့ဘဲ နီးသွားပြီ၊ ညားသွားပြီ ဆရာရေ"

ဟု ဝမ်းသာအားရ ပြောပြသည်။

"ဩော် - သိပြီ သိပြီ၊ ဆရာ မှတ်မိပြီ၊ ဟုတ်သားပဲ မောင်အောင်ရင် သူငယ်ချင်းပဲ၊ အခု မောင်ရင်ကိုယ်တိုင် အသည်းကွဲတော့ ဆရာ့ဆီ အားကိုး တကြီး ပြေးလာတယ်ဆိုပါတော့"

"ဟုတ်ပါတယ်ဆရာ၊ ဟုတ်ပါတယ်၊ ကျွန်တော့်သူငယ်ချင်းကိုတောင် ဆရာ ကူညီခဲ့တာပဲ၊ ကျွန်တော့်ကို ဆရာပိုပြီး ကူညီမယ်ဆိုတာ ယုံတယ်၊ ပြီးတော့ ဆရာကူညီမှလည်း ဖြစ်မှာ ဆရာ့ပညာနဲ့ ကျွန်တော့်ကို ကူညီပါ ဆရာ၊ ကူညီပါ"

"ဆရာ ကူညီမှာပါ မောင် အောင်ရင် ကူညီမှာပါ၊ အပူတွေ့ပြီး ဒုက္ခအဖုံဖုံ ကြုံတွေ့နေကြတဲ့ ခုနစ်ရက် သားသမီးတွေကို ရေလိုအေးပြီး ပန်းလို မွေးရလေအောင် ကူညီရမှာ ကယ်တင် ကယ်မရမှာက ဆရာတို့ တာဝန်ပါ။

အဲ - တစ်ခုတော့ရှိတယ်၊ ဆရာ့ ပညာတော့မဟုတ်ပါဘူး၊ ရှေးလောကီ ပညာရှိကြီးတွေ၊ ဆရာကြီးတွေ စီရင်ခဲ့တဲ့ အချစ်ရေးရာ ချမ်းမြသာယာတဲ့ ဓာတ်ယတြာ၊ ဒါမှမဟုတ် အစွမ်းထက်ယတြာပေါ့ မောင်အောင်ရင်ရာ။

ချစ်သောသူနဲ့ ပေါင်းစည်း ပေါင်းဆုံရခြင်းဟာ မင်္ဂလာပဲပေါ့၊ ကောင်းမြတ်သော မင်္ဂလာတစ်ပါးရယ်ပါ။ အဲဒီလို မိမိချစ်တဲ့သူနဲ့ ပေါင်းစည်းပေါင်းဆုံနိုင်အောင် ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါး ဖြစ်အောင် ဖြစ်လာနိုင်အောင်လည်း ခုနက ပြောခဲ့တဲ့ အချစ်ရေးရာ၊ ချမ်းမြသာယာတဲ့ ဓာတ်ယတြာ၊ ဒါမှမဟုတ် အစွမ်းထက်ယတြာတွေနဲ့ တိတိကျကျ မှန်မှန်ကန်ကန် လုပ်ပေးမှ လုပ်နိုင်မှ မင်္ဂလာ မင်္ဂလာ မည်ဖါတယ်"

ဟု ကျွန်ုပ်မှ ရှည်ရှည်ဝေးဝေး ရှုင်းပြပြီး အနီးရှိ ရေသန့်ဘူးအတွင်းမှ ရေကို တစ်ဖန်ခွက်ထည့်ပြီး သောက်လိုက်ပါတော့သည်။

"ကဲ- မောင်အောင်ရင်၊ မောင် ရှင့် ချစ်သူကို တကယ်ပေါင်းချင်တယ် ဆိုရင် ဆရာပေးတဲ့ အစွမ်းထက်ယတြာကို တိတိကျကျ မှန်မှန်ကန်ကန်လုပ်ပါ၊ အနည်းဆုံး ရက်(၃၀) တစ်လပဲ၊ အများဆုံး (၃)လကြားမှာ မောင်ရင့် ချစ်သူ မောင်ရင့် ရင်ခွင်ထဲ ရောက်လာလိမ့်မယ်၊ ကျေနပ်ပြီလား မောင်အောင်ရင်"

"ကျေနပ်ပါတယ် ဆရာရယ်၊ သိပ်ကို ကျေနပ်ပါတယ်"

"ကောင်းပြီ ဆရာ ပြောမယ်၊ လိုက်မှတ်ပေတော့ မနက်ဖြန်ကစပြီး (၃၆)ရက်တိတိ သူတစ်ပါး၏ အသက်၊

www.burmeseclassic.com

www.burmeseclassic.com

အသွေးကို စားခြင်းမှ ရှောင်ကြဉ်ပါ့မယ်လို့ ဘုရားမှာ လျှောက်ထားရမယ်၊ အတတ်နိုင်ဆုံး ငါးပါးသီလမြဲပါ။

ဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်နိုင်ရင်တော့ ပိုကောင်းတယ်၊ ဒါပေမဲ့ ဝင်နိုင်တဲ့သူတွေရှိသလို မဝင်နိုင်တဲ့သူတွေလည်း ရှိတယ်၊ အလုပ်များနေရင် မဝင်ပါနဲ့။

အဓိကတတော့ မောင်အောင်ရင်ရဲ့ အညွှန့်နံပန်းရယ်၊ မောင်ရင့်ချစ်သူ လုလုလွင်ရဲ့ နှေနံပန်းရယ်၊ နှေတိုင်း ဘုရားမှာ အမြဲလျှရမယ်နော်၊ မပျက်စေနဲ့။

မောင်အောင်ရင်နဲ့ မောင်ရင်ချစ်သူ လုလုလွင်တို့နှစ်ယောက် မခွဲမခွာရအောင် မေတ္တာမပျက် ရွှေလက်တွဲနိုင်ဖို့ ထာဝရ ရာသက်ပန် ပေါင်းသင်းနိုင်ဖို့ ဓာတ်ပန်းဆင်ပေးလိုက်တာပါပဲ အညွှန့်ဆင်တာပါပဲ"

"ဘာပန်းတွေ လှူရမှာလဲ ဆရာ"

"ဆရာပြောမယ် မောင်အောင်ရင်၊ မောင်ရင်က ကိုယ့်မွေးနံကစပြီး အိမ်က ဘုရားမှာ မောင်ရင် အညွှန့်ဖြစ်တဲ့ ကံ့ကော်ပန်း (သို့မဟုတ်) ခရေညွှန့်ဆိုတဲ့ တနလ်ံနံ အညွှန့်ပန်း (၉) ညွှန့်၊ မောင်ရင့်ချစ်သူ လုလုလွင်က ဗုဒ္ဓဟူးသမီးဖြစ်လို့ ရွက်လှ (၉)ညွှန့်ကို အပ်ချည်ကြိုးလေးနဲ့ ပူးချည်ပြီး ဘုရားပန်းအိုးမှာ ထိုးစိုက်ပြီး လှူဒါန်းထားရမှာပန်းညှိုးသွားရင် နဲခြောက်သွားရင်လည်း ရက်မပျက် ပန်းသစ်လဲပြီး လှူဒါန်းရမှာနော်၊ စိတ်ရှည်ရမယ်၊ ဘယ့်နှယ် ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ် ဆရာ၊ ဖြစ်ပါတယ်၊ ကျွန်တော့်ချစ်သူ ကျွန်တော့်ရင်ခွင်ထဲ ပြန်ရောက်ဖို့အရေးပဲ ဆရာ၊ ဒီလောက်တော့ လုပ်ရမှာပေါ့ ဆရာ၊ ပြီးတော့ ကုသိုလ်ရမယ့်ဥစ္စာပဲ လုပ်မယ် လုပ်မယ်"

"ကောင်းပါပြီ ကောင်းပါပြီ၊ ကုသိုလ်လည်းရ ချစ်သူနဲ့လည်း ညားကြလေသတည်းပဲ၊ လုပ် လုပ်၊ တိတိကျကျ လုပ်ပေတော့၊ ဒီအစွမ်းထက်ယကြောနဲ့ပဲ ဆရာလုပ်ပေးလို့ အောင်မြင်သွားကြတဲ့သူတွေ အများကြီး၊ ပြောရရင် သမီးရည်းစား မရှောက်ကြသေးတဲ့သူတွေ၊ ချစ်သူ ရည်းစားဖြစ်လို့ အဆင်မပြေစိတ်ဆိုး စိတ်ကောက်နေကြသူတွေ၊ အိမ်ထောင်ရေး ကွဲမလို ပြဲမလို ဖြစ်နေကြတဲ့ အိမ်ထောင်ရှင်တွေပါ ဒီအစွမ်းထက် ယကြောနဲ့ ပြေလည်သွားကြပြီး မတွဲမကွာ မခွဲမခွာဘဲ ရွှင်မြူးကြည်နူးနေကြပြီ မောင်အောင်ရင်ရေ"

ကိုအောင်ရင် တစ်ယောက် ဝမ်းသာအားရဖြင့် အစွမ်းထက်ယကြောစာရွက်ကို ရင်မှာပိုက်ပြီး ခြေလှမ်းသွက်သွက်ဖြင့် အိမ်သို့ ပြန်သွားပါတော့သည်။

✿

ရက်ပေါင်း (၃၀) တစ်လမှာ မှတ်မှတ်ရရ တစ်ရက်လား နှစ်ရက်လား စွန်းတယ်၊ အဲဒီနေ့ တနင်္လာနေ့လေ။ မောင်အောင်ရင် ကျွန်ုပ်၏ ဟောခန်းသို့ မှီရသည့် မျက်နှာနှင့် ရောက်လာသည်။ ကျွန်ုပ်ပေးသည့် အစွမ်းထက်ယကြာဖြင့် သူ၏ချစ်သူ သွေးရင်ခွင်မှာ ရောက်နေပြီဖြစ်ကြောင်း၊ မကြာမီ ဟိုတယ်တစ်ခုခုမှာ မင်္ဂလာဆောင်တော့မှာဖြစ်ကြောင်း၊ နီးကပ်လာလျှင် ဖိတ်စာလာပို့ပေးမည်ဟု ကျေးဇူးတင်ကြောင်းပြောပြီး သွားပေါက်စွာ ကျွန်ုပ်ကို ငွေဖြင့်ကန်တော့ပြီး ပြန်တော့မည် ဆဲဆဲတွင် -

"မောင်အောင်ရင်မှ မဟုတ်ပါဘူး၊ ပဌာန်းဆက် ခုနစ်ရက်သားသမီးမှန်သမျှ မောင်ရင့်လို အချစ်ရေး၊ နှလုံးသားရေး၊ မေတ္တာရေး ကိစ္စမှာ အဖုအထစ်ဖြစ်နေကြသူတွေ၊ ကြိတ်ငေးနေသူတွေ၊ ကြားလေသွေးလို့ ဝေးကြရမယ့်သူတွေအားလုံး အားလုံး ပြုမယ်ဆို ပြုနိုင်ပါတယ်။

ကာယကံရှင် ကိုယ့်ချစ်သူ ယောကျ်ားလေး မိန်းကလေးတွေရဲ့ မွေးနံပန်း (၉)ပွင့်ရယ်၊ မိမိတို့ရဲ့ အညွှန့်ပန်း (၉)ညွှန့်ရယ် အပ်ချည်လေးနဲ့ မပြုတ်၊ မထွက်၊ မခွဲ၊ မခွာရအောင် သေသေချာချာ ပူးချည်ပြီး နေအိမ်မှာ ရှိတဲ့ ဘုရားပန်းအိုး ဒါမှမဟုတ် ဘုရားစေတီတစ်ဆူဆူမှာ မွေးနံထောင့် ငြိုက်တိုင်ရှေ့ ဗုဒ္ဓဘုရားရှေ့မှာ သွားလှူပါ၊ ငါးပါးသီလ ခံယူပါ၊ လှူဒါန်းရမယ့် အချိန်က နံနက် (၉)နာရီ (၉)မိနစ်၊ ကဲ မောင်အောင်ရင်ကတစ်ဆင့် ကုသိုလ်ပြုတဲ့အနေနဲ့ အစွမ်းထက်ယကြာကို အခက်ကြုံတွေ့နေကြတဲ့ သူတွေကို ပေးပြီး ကူညီလိုက်ပါတော့ကွယ်"

သုခီ အတ္တာနံ ပရိဟရန္တု။

ဆရာသုခအောင်(သန်လျင်)

www.burmeseclassic.com

မြန်မြန်ကို ကြံတိုင်းဖေါင်း ဆောင်တိုင်းပြီး ဆင်းရဲခြင်း ဖယ်ရှားပေးသော

သာသနာကို ထွန်းကားပြန့်ပွားစေလိုရှိ၍ ဆာသာရေးကို အဓိကထားကာ ဆောင်ရွက်ရန်အလွယ် မင်းကြီးစဉ်းစားရတော့သည်။ မိမိ၏ ဘိုးဘွားလက်ထက် သာယာစည်ပင်လာခဲ့သော တိုင်းနိုင်ငံအား ပိုပြီး ပေါမျှားကြွယ်ဝစေချင်သည်။ ဘာသာ သာသနာတွင်လည်း ဆတက်တိုးကာ ထွန်းကားစေချင်သည်။ မင်းကြီးသည် သာသနာ့ဘောင်မှ ထွက်လာခဲ့သော မင်းဖြစ်၍ မိမိလက်ထက်တွင် သာသနာတော်အား ပိုပြီးပြန့်ပွားစေကာ ကောင်းစွာပြုစုခြီးမြှင့်လိုသော စိတ်ဆန္ဒရှိလေသည်။

"မှန်လှပါ အရှင်မင်းကြီး၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားသော နိုင်ငံများဆီသို့ သံတမန်များ စေလွှတ်ကာ သာသနာတော်အတွက်အထောက်အကူဖြစ်စေရန် ခိုးမြွေက်ကူညီမှုကို ရယူသင့်ပါတယ် ဘုရား"

ပညာရှိအမတ်ကြီးတို့၏ ဝိုင်းဝန်းအကြံပေးခြင်းကို လက်ခံ အတည်ပြုပြီး ဟံသာဝတီနေပြည်တော်တွင် ဘုရားတည်ရန်အလို့ငှာ တည်ဆောက်ပုံ အလုံးစုံ ပညာနိဿယကို ယူရန်အတွက် ၁၄၂၇ ခုနှစ်တွင် အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ သာသနာတမန်အဖွဲ့ စေလွှတ်လိုက်သည်။

၁၄၇၅ ခုနှစ်တွင် သီဟိုဠ်ရှိ မဟာဝိဟာရကျောင်းသို့ သံဃာတော် နှစ်ဆယ့်နှစ်ပါးကို လှူဖွယ် ဝတ္ထုပစ္စည်းများနှင့်အတူ သီဟိုဠ်ဘုရင်အတွက်ပါ လက်ဆောင်များဆက်သပြီး သံတမန်စေလိုက်သည်။ သံဃာတော်များသည် သာသနာ

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပြီးဆုံး၍ ဟံသာဝတီနေပြည်တော်သို့ ပြန်ရောက်လာကြသည်။ ရဟန်းတော်များနှင့်အတူ သီဟိုဠ်မှ ပညာရှိအမတ်အချို့နှင့် လက်ဆောင်တော်များကို ဟံသာဝတီမင်းကြီးအား ပို့ဆောင်ဆက်သလိုက်သည်။

"မှန်လှပါ အရှင်မင်းတရားကြီးဘုရား၊ ယခု ပို့ဆောင်ဆက်သလိုက်သော လက်ဆောင်များနှင့်အတူ ချစ်ကြွေးရေး ရွှေပေလွှာတွင် ပါဠိဂါထာတစ်ပုဒ်ကိုပါ ထည့်သွင်းလိုက်ပါသည် ဘုရား"

"လေ့လျှောက်တင်စေ မောင်မင်းတို့"

"အဋ္ဌမေကိ ဒိသော စန္ဒော၊ ဒုဋ္ဌ ဂ္ဂတ္ထိစ ကိကရော၊ သဗ္ဗတ္ထ ပူဇိတော ကောနု"

ဓမ္မဓရမည်သော ဟံသာဝတီမင်း၏ စိတ်ထဲတွင် သီဟိုဠ်မင်းက သူ့အား ပညာအရာ ထွန်းပင်းပြောင်လေသလား သိရအောင် ဉာဏ်စမ်းလိုက်သည်ကို သိလိုက်ရ၍ မျက်နှာတော်တွင် ပြုံးရောင်သန်းသွားသည်။

"နိုင်ငံရပ်ခြား၊ တိုင်းတစ်ပါးမှ မိတ်ဆွေ နောင်ရင်းတို့၊ သင်တို့၏ မင်းကြီးထံမှ ပို့ဆက်လာသော ဂါထာမှာ သုံးပါဒသာရှိပြီး လိုအပ်သော အဖြေနှင့် အတူထပ်၍ ပါဒပြည့်အောင် သွင်းပါဟု ဆိုလာသည်ကို ကျွန်ုပ် လက်ခံပါသည်၊ မောင်တို့ မှတ်သားနာယူကြလော့။

အဋ္ဌမေကိ ဒိသော စန္ဒေ - လဆန်း ရှစ်ရက်၌ရှိသော လသည် မည်သို့ ရှိသနည်း၊ ဒုဋ္ဌဂ္ဂတ္ထိစ် - ယုတ်မာလော်လည် မတည်ကြည်သော မိန်းမကိုလည်း၊ ကိကရေ - အသို့ပြုရ မည်နည်း၊ သဗ္ဗတ္ထ - အရာခပ်သိမ်း၌၊ ပူဇိတော - ပူဇော်အပ်သောသူသည်၊ ကောနု - အဘယ်သူနည်း။

ကိုင်း- သံတမန်တို့ ယခုပေးဆက်လာသော ဂါထာကို ကျွန်ုပ်သည် အနက်အဓိပ္ပာယ်ကို ရုတ်ချည်းပြန်ဆိုပြီးပြီ ဖြစ်သည်၊ ဂါထာ၏ စတုတ္ထပါဒကို ပြည့်စုံအောင် ဖြည့်စွက်ပါအံ့၊ အနေဇဟေယျပဏ္ဍိတော - လဆန်းရှစ်ရက်၌ရှိသော လသည်၊ အမှ - ထက်ဝက်သာတည်း၊ ဒုဋ္ဌဂ္ဂတ္ထိစ - ယုတ်မာလော်လည် မတည်ကြည်သော မိန်းမအား၊ ဇဟေယျ - မပေါင်းသင်းဘဲ အလျှဉ်းစွန့်ပစ်ရာတည်း၊ သဗ္ဗတ္ထ - အရာခပ်သိမ်း၌ ပူဇော်အပ်သောသူသည်၊ ပဏ္ဍိတော - ပညာရှိ၍ တပ်သိလိမ္မာသောသူ ဖြစ်လေသတည်း၊ ဟုတ်ပါစ ဝန်မင်းတို့"

"အရှင်မင်းကြီး အံ့ဩချီးမြောက်ဖွယ်ကောင်းလှပါသည်၊ ကျွန်တော်မျိုးတို့၏ ဘုရင်မင်းမြတ်ကြီးသည် အရှင့်အား မြင့်မြတ်လှစွာဖြင့် ဂုဏ်ပြုပူဇော်ပါအံ့"

သံတမန်တို့၏ လျှောက်ထားမှုဖြင့် သီဟိုဠ်မင်းသည် ဟံသာဝတီနန်းပြု ဓမ္မဓရမင်းအား ဓမ္မစေတီ ဟူသော ဝိသေသဂုဏ်ပုဒ်ဖြင့် ချီးကျူးပူဇော်လေသည်။ သီဟိုဠ်မှ ပြန်ရောက်လာသော ရဟန်းသံဃာတို့ထံတွင် မြန်မာဇာစ်ပြည်လုံးမှ ရဟန်းတော်တို့ လာရောက်ကာ သိက္ခာသစ်ကို ထပ်တင်စေသည်။ မူလ သံဃာတော်(၂၂)ပါးသည် သီဟိုဠ်ပြည်၌ ကလျာဏီ မြစ်ကမ်းရှိ ရေသိမ်တွင် သိက္ခာတင်ခဲ့ကြသည်။ ထို့ကြောင့် တစ်ပြည်လုံးရှိ ရဟန်းတော်များ သိက္ခာတင်သော ပဲခူးမြို့ (ပခိုး)အနီးရှိ သိမ်ကို ကလျာဏီသိမ်ဟု ခေါ်လေသည်။

ဤအကြောင်းအရာများကို ဓမ္မစေတီမင်းသည် ကျောက်စာပြုကာ ကမ္ဘည်းထိုးထားခဲ့၍ ထိုကျောက်စာကို ကလျာဏီကျောက်စာဟုခေါ်သည်။

ဟံသာဝတီပြည်၏ ကျက်သရေဆောင်သည် ရွှေမော်ဓောစေတီတော်ကြီး ဖြစ်သည်။ ရာမညတိုင်း၏ ကျက်သရေဆောင်ဆိုလျှင်လည်း မမှားပေ။ မြတ်စွာဘုရားရှင်သည် ခြောက်ဝါမြောက် မကုလတောင် ချရားတော၌ စံမြန်းတော်မူစဉ် ဒုဇိုင်းတူမြို့ (ဇောင်းတူ)နေ မဟာသာလ၊ စူဠသာလ ညီနောင်နှစ်ဦးတို့သည် မချိမဒေသသို့ ကုန်ရောင်းသွားရာတွင် မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရ၍ တရားတော်ကို ကြားနာရလျှင် အမြဲတစေ ကိုးကွယ်ရာကို လျှောက်ထားတောင်းပန်ကြသည့်အခါတွင် မြတ်စွာဘုရားရှင်သည် ကုန်သည်ညီနောင်တို့အား ဆံတော်နှစ်ဆူကို ပေးသနားတော်မူလေသည်။

ကုန်သည်ညီနောင်တို့သည် ဒုဇိုင်းတူမြို့သို့ ပြန်လာခဲ့ကြပြီး ဆံတော်မြတ်နှစ်ဆူကို အထူးထူး ပူဇော်ကာ သထုံဘုရင် သီဟရာဇာဘွဲ့ခံ မဏ္ဍလိပ်မင်းထံ ခွင့်ပန်ပြီး သုဒဿနတောင်ကို ရှာဖွေတွေ့ရှိကာ အစောက် အတောင်လေးဆယ်၊ အလျားအနုံ အတောင်နှစ်ဆယ်စီရှိသော ဌာပနာတိုက်ကို စီရင်ပြီးလျှင် ရတနာအဆင့်ဆင့် မွမ်းမံကာ ဆံတော်မြတ်ကို ဌာပနာပြီး ဉာဏ်တော် အတောင်ငါးဆယ်၊ လုံးပတ်အတောင် ၁၅၀ ရှိသော စေတီတော်ကို တည်ကြရာတွင် မဟာသက္ကရာဇ် ၁၁၅ ခုနှစ်၊ တန်ခူးလဆန်း တစ်ရက်နေ့တွင် စေတီတော်ကြီး ပြီးစီးလေသည်။

စေတီတော်ကြီးအား မွန်ဘာသာဖြင့် ကျိုက်မူတား ဟုခေါ်ဝေါ်သမုတ်ရာမှ ကျိုက်မော်ဓော၊ ရွှေမော်ဓော ဟု တွင်ခဲ့သည်။ သုဒဿနတောင်သည် မြတ်စွာဘုရားတွင် သုဝဏ္ဏဘုမ္မိသို့ ကြွခဲ့စဉ် ဟံသာဝတီကျွန်း သောင်ထွန်းသော်စ

www.burmeseclassic.com

www.burmeseclassic.com

အဋ္ဌဖြစ်၍ ရဝ်တန်ခဲ့ဖူးလေသည်။ (ထိုစဉ်က ရွှေမော်ဓောစေတီတော်သည် ဟံသာဝတီနန်းမြို့၏ အပြင်ဘက်တွင် ရှိလေသည်။ ဟံသာဝတီနန်းမြို့သည်လည်း ယခု ပဲခူးမြို့တည်ရာတွင် မဟုတ်ပေ။ ဘုရင့်နောင်မင်းတရားကြီး လက်ထက် ဟံသာဝတီရေမြို့တော်ကို ချဲ့ထွင်ရာ ရွှေမော်ဓောစေတီတော်ကြီးသည်လည်း ဟံသာဝတီနန်းမြို့အတွင်းသို့ ရောက်ရှိသွားပြီး ပဲခူးမြို့သည်လည်း ဟံသာဝတီနန်းမြို့ တည်ရာဖြစ်ခဲ့သည်။)

ဟံသာဝတီမင်းအဆက်ဆက် ရွှေမော်ဓောစေတီတော်ကြီးအား ဘက်စုံပြုပြင် ဉာဏ်တော် မြှင့်ခဲ့ကြသည်။ ဟံသာဝတီမင်းဆက်ဖြစ်သော ဓမ္မဒေတီမင်းလက်ထက် သာသနာတော် ပြန့်ပွားရန် စေတီတော်ကြီးကို ပြုပြင်၍ ရွှေထီးတော်ကို အသစ်တင်တော်မူရာတွင် ပါဠို ပိဋကတ်တွင် တတ်ကျွမ်းလှသောမှင်းဖြစ်လျှင် ထီးတော်ကြီးတွင် မင်းကြီးသည် စိန္တာမဏိဂါထာတော်များကို ထွင်းစာရေးသားထားလေသည်။

ဤဂါထာတော်များသည် ကျွန်ုပ် ဓမ္မစေတီမင်းကြီးသည် နေ့ညမပြတ် ရွတ်ဖတ်ပူဇော်ခဲ့သော စိန္တာမဏိဂါထာတော်ကြီးတွေ ဖြစ်သည်။

၁။ အစိန္တေယျာ ပမေယျာယေ၊ ဂဂီဝါဝြော ပမာဇိနာ၊
နန္ဒီဘာ နန္ဒဂုဏိန္ဒာတေ၊ နောပမေယျာ သမာ သမာ။

၂။ မဟာမဟဂ္ဃမတုလာ၊ သိဒ္ဓါ သတ္တ သမာ မိရာ၊
ဂ္ဂန္ဓာ မဒ္ဒဂုဏာပန္နာ၊ ဒသ ဗလာဒိ ဉာဏိကာ။

၃။ နာနိဒ္ဓါ နာနာနုဘာဝါ၊ သဗ္ဗညန္တာ မဟာဇိနာ၊
အန္တလိက္ခေဝ ဂစ္ဆန္တိ၊ သာသပန္တော ပုရာပုရံ။

၄။ ဆာဒယေ နန္ဒစုဏ္ဏာမွိ ဇကဂုံလေက လောမိနံ၊
စုဏ္ဏာဝိစုဏ္ဏိကာ သဂ္ဂာ၊ တေမုနိသာရဒါမိဒ္ဓါ။

၅။ သဗ္ဗေဝေရာ ဇိနဗျာကျာ၊ ယံယံ ဒဒိဒ္ဓိ တိစ္ဆိ တာ၊
မဟာဇေယျာ ဇိနဝဂ္ဂါ၊ ဝိဝိ စိန္နာ မဟေသကာ။

၆။ မထုလေနတုလာသေဋာ၊ ဝဏ္ဏဝန္တာ နိတေပတ္တာ၊
တဂ္ဂါ ဆာဒယနာဆေဒေ၊ ပဋ္ဌာရသေဟိ ရတ္တေယျာ။

၇။ ဂုဋ္ဌာ ရုဋ္ဌာယရသိကာ ယာကာကေစာပိ သံလဂ္ဂါ၊
ပဋ္ဌာနနေ ဂုဏာ ပုဏ္ဏေ၊ မဟာဇေယျေ နမေ တေတေ။

၈။ ဒရိန္ဒ ရိန္ဒ မာရိန္ဒံ၊ သဗ္ဗန္ဒွိန္ဒ ရာဇိန္ဒံ၊
မုနိ မုနိန္ဒ သမ္ဘိန္ဒံ၊ နမိန္ဒ မိန္ဒ တံ ဝန္တေ။

၉။ ပရိမွ ဇိမွ ဟိမွကံ၊ သိရီ မုနီ အစိန္တေယျံ၊
သိဒ္ဓိ ဣဒ္ဓိ ဇိတိန္ဒြိယံ၊ ဝန္ဒာမိ တံမဟာရာဇံ။

၁၀။ တဏှံ မဟိ ဇဟိ မာနံ၊ ဒိဋ္ဌိ သိန္ဒံ မုနိ နမေ၊
အရိန္ဒ မေဝ ရိဏ္ဍန္တေ၊ တောမိ ပတ္တဝရံ ဒဒေ။

၁၁။ သိရိန္ဒရိန္ဒ ဒမိရံ၊ ဝိစိန္တယံ တယံ ဝိယံ၊
ဇိနိန္ဒ မံ နမသိမံ၊ ပိတိဖရံ ဖရံ ပိတံ။

၁၂။ ဝေဟာကာသသေနာသဟ၊ သိန္ဒောမာ ရော ဂိရိ
မေယံ၊
သမာရုဠ္ဆဇိနာ သန္တေ၊ ဗာဟုံသဟဿာ ပရာဇေယျော။

၁၃။ ပါရမိ ပါရမိ သဗ္ဗံ၊ ပူရံ ပူရံဟိ စတ္တာရိ
သခ္ဒေ့ သခ္ဒေ့ယျာ ကပ္ပါပိ၊ သတ္ထာသတ္တာန ဒသဗ္ဘာပိ။

၁၄။ ကရုဏရုညကာရဏာ၊ သတ္တာ သတ္တာန မတ္ထာယ၊
ပတ္တာ မတ္တာ မဓိတ္ထေ သော၊ ဇိနာ ဇိနတုမာ ဝန္ဒေ။

၁၅။ မဟာဂြိန္ဒြိဂြိ မေယံလံ
ရုဠ္ဆံ မုဠ္ဆံ ကုဏ္ဍမာရော။
တောဓိမဏ္ဍာလ သမီပကေ
အရော အရေမျာ မျိန္တိ ဈာ ဈန္တိ
ဗျာ ဗျန္တိ မြိန္နာ ဝသဓတ္တိကာ၊
ပျဇေယျော နဇေယျော မျာ နမော။

ဓမ္မစေတီမင်းကြီးသည် ထိုဂါထာတော် (၁၅)ပုဒ်အား နေ့ညမပြတ် ရွတ်ဖတ်ပူဇော်ခဲ့သည်။ တိုင်းပြည် သာယာဝပြောသည်။ သက်တော်အရွယ်ကြီးရင့်၍ ဇရာအိုမင်းသည့် ဘဝ အသက်(၈၀)ကျော်မှ နတ်ရွာစံလေသည်။

ထိုဂါထာတော်ကို ဧနှာင်းလူတို့ သတိမမူမိဘဲ ဘာသီဘာသာ နေလာခဲ့ကြသည်။ ၁၂၄၄ ခုနှစ် ရွှေမော်ဓောစေတီတော်ကြီးအား ထီးအသစ်တင်ရန် ထီးတော်ဟောင်းတို့ ချသောအခါမှ ထီးတော်ဟောင်း ကြေးစလောင်းကြီးတွင် ဓမ္မစေတီမင်း ရေးထိုးထားသော စိန္တာမဏိဂါထာတော် (၁၅)ပုဒ်ကို တွေ့ရ၍ အဆင့်ဆင့် စုံစမ်းမေးမြန်းသော်မှ မြန်မာ့ သမိုင်းတို့ထဲမှ ကြားရသည်တွင် ဓမ္မစေတီမင်း၏ နေ့စဉ် ရွတ်ဆိုသော ဂါထာတော်မြတ်ဖြစ်ကြောင်း သိရသည်။

ထိုဂါထာတော်အား အဓိပ္ပါယ်အလေးနက်ကို မည်သူမှ ပြောနိုင်စွမ်းမရှိပေ။ ခက်ခဲသော အနက် အဓိပ္ပါယ်ကို ဖော်ရန်အတွက် ဟင်္သာတမြို့ စစ်တပ်ကော်မင်း ဦးဘိုက်အာ အုတ်ဖိုမြို့သူကြီး ဦးရွှေလုပ်အား လေ့လာပို့ချ အကူအညီတောင်း တော်ဘုရားထံ လျှောက်ထားသေည်။

"တပည့် ဒါယကာမြို့သူကြီး [illegible]
အစုံကို ဦးတိုက်၍ လျှောက်ထားခဲ့ရာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

အနန္တနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား၊ ထို စိန္တာမဏိဂါထာတော်သည် ဟံသာဝတီမင်း ဓမ္မစေတီ၏ ဂါထာတော်ဖြစ်ပြီး အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုနိုင်သူမရှိ၍ အရှင်သူမြတ်ကို အားကိုးအားထားဖြင့် အနက်အဓိပ္ပါယ် အမှန်ကန် သိပါရစေကြောင်း တပည့်တော်က လျှောက်ထားပါသည် ဘုရား"

အုတ်ဖိုဆရာတော်အား လျှောက်ထားလေသည်။

(အုတ်ဖိုသည် ၎င်းတိုင်းဒေသကြီးမှ သာယာဝတီ အုတ်ဖို မဟုတ်ပေ။ ဧရာဝတီတိုင်းဒေသကြီး ဟသ်တခရိုင်မှ အင်္ဂပူ အုတ်ဖို ဖြစ်သည်။)

ရှေးက အင်္ဂပူရမြို့တော် ရှိခဲ့သည်။ နောင်တွင် နွှတ်လွယ်စကားဖြင့် အုတ်ဖို ဟုခေါ်တွင်ခဲ့လေသည်။ အရှင် ဥက္ကံသမာလာ (ဥက္ကံဝံသမာလာ) ဆရာတော်ဘုရားသည် မန္တလေးနေပြည်တော်မှ ပြန်လည်၍ အုတ်ဖိုမြို့၌ သီတင်းသုံးခဲ့ရာ အုတ်ဖိုဆရာတော်ဟု တွင်လေသည်။ နှေးယခင်က အင်္ဂပူရကို စွဲပြီး အုင်ဖိုရိပ်ဟု ရေးခဲ့သည်။ နောင်တွင် အုတ်ဖို အမည်ပျောက်ကာ အင်္ဂပူမြို့ ဖြစ်သည်။)

ထိုသို့ ဦးရွှေလုပ်၏ လျှောက်ထားချက်အရ ဆရာတော်ဘုရားကြီးသည် ဓမ္မစေတီမင်းမြတ်၏ စိန္တာမဏိ (၁၅) ဂါထာကို ပါဠိမှ မြန်မာသို့ အနက်ပြန်ဆိုတော်မူသည်။

ထိုဂါထာတော်အား သဒ္ဓါယုံမှတ် အားကိုးစွာဖြင့် နေ့စဉ် ရွတ်ဖတ်ပူဇော်ပါက ကြံတိုင်းအောင်၍ ဆောင်တိုင်းပြီးကာ စိတ်ခန္ဓာနှစ်ပါးတွင် ဆင်းရဲခြင်းမှ ကင်းစေပါသည်။

မြမြလှိုင်

ကိုးကားချက်

ဓမ္မစေတီမင်းတရားကြီး ရေးထိုး ကိုးကွယ်ခဲ့သော ဣန္ဒာသယ တောင်းတိုင်းရ တတိုင်းအောင်-စိန္တာမုနိ ဘုရား ရှိခိုးမှ (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏ၏ ဓာတုဒီပကကျမ်း)

❑

အမျိုးသမီးများ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်အေးရစေပို့

✪ ကိုယ့်အမှားတစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသေ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား ✪ အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်သလား ✪ လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား ✪ ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းချင်သလား ✪ အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်သွားစေဖို့ ✪ နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ✪ မိမိပြောစကား သူ့အပေါ် အောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ✪ တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေး အဆင်ပြေသာယာ ပျော်ရွှင်စေဖို့။

[ဝန်ခံရပညာ ယတြာအစီအရင် နည်းလမ်းတောင်းများရှိပါတယ်]

ဆရာမ ဒေါ်နှင်းသူဇာဦး

လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဝဋ်-၅၀၉၃၇၀၃၊ ဝဋ်-၀၃၃၄၇၀၀ ၂၄၊ ဝဋ်-၂၅၀၇၀၃၆၅၆

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးသမားတော် ရွှေဘုန်းပွင့်အရာကြီး ဦးခန့်ကျော်

တဆ-၀၂၂၂၀

ပါရဂူမြောက်လက္ခဏာ ဗဟိုကြားခြင်း အတတ်ပညာကျမ်းနှင့်

THE ENCYCLOPEDIA OF PALMISTRY ကျမ်းပြုသူ

ပေဒင်လက္ခဏာဟောခန်းလိပ်စာ – ၂၇၊ရွှေဘုန်းပွင့်ဘုရားရေးတန်း၊ ရေကျော်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

-09-5198240, 09-421075765, 09-420186129, 09-975446054, 09-975446053, 09-795286547

E-mail; ukhantkyaw@gmail.com Website: UKhantKyaw.MyanmarFortuneTeller.com

နေ့စဉ် နံနက် (၉း၀၀) နာရီမှ ညနေ (၃း၀၀) နာရီထိ

ဦးခန့်ကျော် စာပေ (မြ – ၀၄၉၁၂၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

မင်္ဂလာဂို့သော အိမ်၊ ခြံ၊ မြေနှင့် အိုဂေဟာဇရုးချယ်နည်းများ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

မကြာမီအတွင်းက အမှုကိစ္စနှင့် ကျွန်ုပ်ကြုံတွေ့ခဲ့ရသည်။ လုပ်ငန်းငယ်တစ်ခုသည် စက်မှုလုပ်ငန်းကြီးတစ်ခု၏ ကူညီထောက်မမှုကြောင့် အခြေအနေမှာ အတော့်ကို ကောင်းနေသည်။ ငွေရေးကြေးရေးအခြေအနေကလည်း ကောင်းလာသဖြင့် စက်နှစ်လုံးကို တိုးချဲ့တပ်ဆင်ရသည်အထိ ဖြစ်လာခဲ့သည်။ ထိုစက်များကို အရှေ့မြောက် အစိတ်အပိုင်းတွင် တပ်ဆင်လိုက်သည်။ ထိုလုပ်ရပ်က ဝါစတုစွမ်းအားကို မညီမမျှဖြစ်အောင် ဖန်တီးလိုက်သလို ဖြစ်သွားတော့သည်။ အဆောက်အအုံ အနေအထားတွင် ဦးလေးသွားခြေအောင် လုပ်လိုက်ခြင်းပင် ဖြစ်သည်။ ရက်ပိုင်းအတွင်း၌ပင် ၎င်းတို့၏စက်ရုံထွက်ပစ္စည်းများအား ငြင်းပယ်ခြင်းကို ခံရတော့သည်။ ထိုစက်ရုံ၏ သမိုင်းတွင် တစ်ကြိမ်မှ မကြုံတွေ့ဖူးသည့်အဖြစ်ပင်။

ထို့ကြောင့် မိတ်ဆွေအနေဖြင့် မိမိ၏လုပ်ငန်းအတွက် စက်အသစ်များ တိုးချဲ့သည့်ကိစ္စ၊ အပြောင်းအလဲ ပြုလုပ်သည့်

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၂)

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စများလုပ်ရန် ရည်ရွယ်သည့်အခါများတွင် ဝါစတုပညာရှင်၏ အမြင်နှုန်းထားတို့လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ အထက်၌ မြေကွက်တစ်ကွက်ကို စက်မှုလုပ်ငန်းအတွက် ဝယ်ရန်စိတ်ကူးထားလျှင်ပင် ဝါစတုပညာရှင်၏ ရှုထောင့်မှာ မြေကွက်တစ်ကွက်လုံးကို စစ်ဆေးရန် စတင်လုပ်ဆောင်ရပါမည်။ စင်စစ်အားဖြင့် ယင်းသို့ မစစ်ဆေးမီ အချိန်တွင် ထိုမြေကွက်၏ မြေအနေအထား အနိမ့်အမြင့် စသည်တို့ကို ၁၀ မိတာစီ ကန့်ပြီး အသေအချာ တိုင်းတာမှုများပြုလုပ်ထားရပါမည်။ သို့မှသာ ဝါစတုပညာရှင်အနေဖြင့် ထိုတိုင်းတာမှုများကိုလေ့လာပြီး ကောင်းမွန်သည့် အကြံဉာဏ်များပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ထိုမြေကွက်တွင်တည်ရှိနေသည့် စွမ်းအင်စက်ကွင်းကို ပထဝီအနေအထားအရ တွက်ချက်နိုင်ပေလိမ့်မည်။

မြေကွက်က အံလွန် ကျယ်လွန်းနေသည့် အခါ အဆောက်အအုံအတွက် ခြံစည်းရိုးခတ်၊ နံရံကာသည့် စရိတ်က ကြီးမားလာနိုင်သည်။ ထိုကိစ္စမျိုးတွင် မည်သည့်နေရာက စွမ်းအင်စက်ကွင်းအားနည်းပြီး မလုံမလောက်ဖြစ်နေသည့်အခါ ထိုမြေကွက်က စီးပွားရေးအရ တွက်ခြေမကိုက်တော့ချေ။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ခြံစည်းရိုးကာရံခြင်းသည် ဝါစတုစွမ်းအားများကို တားဆီးခြင်းမဟုတ်ပေ။ ဝါစတုသဘောအရ ထိုသို့လုပ်ခြင်းကလည်း အသုံးမဝင်လှချေ။

မိတ်ဆွေရွေးချယ်ထားသည့် မြေကွက်နှင့်ပတ်သက်၍ အဘက်ဘက်ရှိ ပထဝီအနေအထားများကို အသေအချာလေ့လာစစ်ဆေးပြီးသည့်နောက်တွင် မိတ်ဆွေ၏ အလုပ်ကဆုံးခန်းတိုင်သွားတော့သည်။ ဆက်လုပ်ရမည့်သူက ဝါစတုပညာရှင်သာ ဖြစ်ပေသည်။ အကယ်၍ ပထဝီ အနေအထားအရ မြေပြင်အနိမ့်၊ အမြင့်က အဖိုဓာတ်စွမ်းအင် စက်ကွင်းရနေပါက မိတ်ဆွေက်ကောင်းသွားသည်ဟု ဆိုနိုင်သည်။ ဝင်းထရံ နံရံကာရန် မလိုအပ်သည့် အနေအထားမျိုးဖြစ်သွားနိုင်သည်။ သာမန်ခြံစည်းရိုးကိုမူ ပိုင်နက်မြေကွက်အမှတ်အသားဖြင့် ကာကောင်းကာရလိမ့်မည်။

မိတ်ဆွေအနေဖြင့် မြေကွက်ပုံစံ စိုးရိမ်ကြောင့်ကြနေစရာ မလိုပါ။ မြေကွက်က ဘေးအနားများ ပုံပန်းမကျဖြစ်နေလျှင်လည်း ကိစ္စမရှိပါ။ မိတ်ဆွေက တည်ဆောက်ရေးနှင့် စက်ယန္တရားများ နေရာချထားသည့်အပေါ်တွင်သာ အာရုံစူးစိုက်ထားရန်လိုသည်။ အကယ်၍ ပထဝီအနေအထားက မကောင်းလှဟု ယူဆလျှင် မြေပြင်ညှိသည့်အလုပ်ကို လုပ်ဆောင်ရပေမည်။ ပထမဆုံး ဆုံးဖြတ်ရမည့်အချက်က မိတ်ဆွေအနေဖြင့် စီမံကိန်းဆောင်ရွက်ရန် ခန့်မှန်း နံရံပန်းခုံးဧရိယာကို ရွေးချယ်သတ်မှတ်ရပါမည်။ ထိုအချိန်တွင် အကောင်းဆုံးကတော့ မိတ်ဆွေ၏ စိတ်ထဲတွင် နောက်ထပ်တိုးချဲ့ရန် စိတ်ကူးအစီအစဉ် စီမံကိန်းရှိထားပါက မြေညှိပြုပြင်သင့်၊ ညှိပင်းကို တစ်လက်စတည်း လုပ်လိုက်နိုင်ပါသည်။

မိတ်ဆွေက အလွန်ကျယ်ပြန့်သော မြေဧရိယာကို ပိုင်ဆိုင်ထားပါက မြေကွက်တစ်ခုလုံး၏ ပတ်လည်အနားများကို ပြုပြင်ရန်လိုမည် မဟုတ်ပါ။ ထိုအချိန်မျိုးမှာ မိတ်ဆွေအနေဖြင့် တွေးကောင်းတွေးနေလိမ့်မည်။ မြေကွက်ပိုင်ရှင်အနေနှင့် ဝါစတုအကျိုးရလဒ်အတွက် ဘာမှလုပ်ဆောင်စရာမလိုဟူသည့်အချက်ဖြစ်သည်။ ထိုသို့ဖြင့် စက်ရုံတည်ဆောက်မည့် ဧရိယာနှင့် အနားပတ်လည် စက်ရုံအကြား မြေပိုများကိုသာ ပြုပြင်ရန်လိုမည်ဟု တွက်ဆမိမည်။ ကျန်သည့်နေရာများကို သဘာဝအနေအထားအတိုင်း ချန်ထားပစ်ခဲ့ပြီး နောင်တစ်ချိန် အသုံးတည့်သည့်အခါမှ ပြုပြင်၍ သုံးစွဲမည်ဟု အတွေးပေါ်နေမည်။ ထိုနေရာများတွင် ခြံစည်းရိုး ကာရံမည့် ကိစ္စကိုလည်း အပြင်လူများ ကျူးကျော်မှု မဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် လုံခြုံရေးအတွက် နောင်တစ်ချိန်တွင် ပြုလုပ်ရန် ကြံရွယ်စဉ်းစားထားမည်။

နံရံပန်းခုံးဧရိယာကို ရွေးချယ်ပြီးသည့်အခါ မိတ်ဆွေအနေဖြင့် မိမိအဆောက်အအုံဆောက်မည့် မြေကွက်ပုံစံကစတုရန်းပုံအနေအထား ရှိ မရဆိုသည်ကို ကြည့်ရပါမည်။ အကယ်၍ မိတ်ဆွေအတွက် မြေကွက်က ထောင့်မှန်စတုဂံအနေအထားပုံစံ အလျား၊ အနံ မတူညီဘဲ အနံက အလျားထက် လွန်စွာနိမ့်ကျနေခြင်းမျိုး ဖြစ်ကောင်းဖြစ်နေလိမ့်မည်။ ဥပမာ- မိတ်ဆွေလိုချင်သည်က စတုရန်းပေ ၄၀၀၆၀ ဆိုပါစို့။ ထိုမြေကွက်တွင် အဆောက်အအုံကို အကောင်းဆုံး တည်ဆောက်နိုင်ပြီး သုံးသည့်အတိုင်းအတာက အလျားပေ ၂၀၀ × အနံပေ ၂၀၀ ဖြစ်လိမ့်မည်။

အဆောက်အအုံ၏ အရွယ်အစားအပေါ် မူတည်ပြီး အရပ်လေးမျက်နှာမှ မြေပိုများကိုပါ ထည့်သွင်းစဉ်းစားပြီး ယင်းတို့ကို ပြုပြင်မှုများ လုပ်ရန်လိုလာသည်။ ပြုပြင်မှုပြုလုပ်ရာတွင် မြေထိုးစက်များနှင့် အခြားသောမြေဖယ်ရှားနိုင်သည့် စက်ယန္တရားများကို သုံးစွဲပြီး မြေများကို အရှေ့-မြောက်ထောင့်မှ စတင်ဖယ်ရှားရပါမည်။ ယင်းလုပ်ပုံလုပ်နည်းများကို ရှေ့အခန်းများတွင် ဖော်ပြထားသည့်အတိုင်း နေအိမ် တည်

www.burmeseclassic.com

www.burmeseclassic.com

ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်းနည်းလမ်းများကို လိုက်နာကျင့်သုံးရန်သာ လိုပါသည်။

မြေကွက်တစ်ကွက်လုံး မြေညှိပြီးသည့်အခါ မြေပြင်တစ်ခုလုံးသည် ပြင်ညီသဘောမျိုး ဖြစ်နေလိမ့်မည်။ ထိုသို့ဖြစ်နေလျှင် ရှေ့အခန်းများတွင် ဆွေးနွေးခဲ့သည့်အတိုင်းပင် မြေကွက်တွင့် မြေတညီတည်းဖြစ်နေခြင်းက မကောင်းပါ။ ထို့ကြောင့် အရှေ့-မြောက်ထောင့်မှမြေသားများကို အခြားမြေပြင်ထက် နိမ့်သွားစေရန် ပြုပြင်ပေးရပါမည်။ ထိုသို့ ပြုပြင်ရာတွင် အလှအပ ရှုခင်းရှုကွက်များ ပျက်ယွင်းမသွားစေရန် ဒီဇုိုက်ပညာရှင်က ကူညီနိုင်ပါသည်။

မိတ်ဆွေအနေနှင့် ထိုအစိတ်အပိုင်းတွင် ရေလှောင်ကန်ကိုတူးရန် စီစဉ်ရပါမည်။ ရေလှောင်ကန်အရွယ်အစားက မိမိလုပ်ငန်း၏ လိုအပ်ချက်အပေါ် တည်မှီပြီး တူးရန်ဖြစ်သည်။ အကယ်၍ မိတ်ဆွေ ကံကောင်းပြီး အဝီစိတွင်းတူးနိုင်သည့် အခြေအနေပေးပါက ထိုအစိတ်အပိုင်းနေရာတွင်ပင် တူးနိုင်သည်။ ရေလှောင်ကန်ပြီးစီးသွားသည့်အခါ ရေဖြည့်ရပါမည်။ (အချို့သောစက်ရုံများတွင် ရေလှောင်စည်ကြီးများကိုလည်း ထားတတ်ကြသည်။) ထို့နောက်တွင် ဘူမိဗေဒပညာရှင်များ၏ အကူအညီဖြင့် မိမိမြေကွက်အတွင်း အဝီစိတွင်းတူးနိုင်သည့်နေရာများကို ရှာဖွေရပါမည်။ အဝီစိတွင်းတူးရန် အလားအလာကောင်းသည့်နေရာက ညီထားသည့် မြေအပြင်ဘက်တွင်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ အဝီစိတွင်းအတွက် နေရာက အရေးမကြီးပါ။ ထိုအချက်များကို ရှေ့ပိုင်းတွင် ဆွေးနွေးထားပြီး ဖြစ်သဖြင့် ပြန်လည်လေ့လာစေလိုပါသည်။

ထို့နောက်တွင် အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဝင်းထရံနံရံအမြင့်ကာရန် စီမံရပါမည်။ ထိုနံရံက ထူထဲရမည်ဖြစ်ပြီး အမြင့်က အနည်းဆုံး ၇ ပေ ရှိရပေမည်။ ပြီးလျှင် မြောက်ဘက်နှင့် အရှေ့ဘက်တွင် ခြံစည်းရိုးနံရံ ကာရံရပါမည်။ ထိုသို့ကာရံရာတွင် မြောက်ဘက်၏ အရှေ့-မြောက် (သို့) အရှေ့ဘက်၏ အရှေ့-မြောက် အစိတ်အပိုင်းများတွင် လူများအလုပ် လုပ်နိုင်ရန်နှင့် ပစ္စည်းများ အသွင်း, အထုတ် လုပ်နိုင်ရန် နေရာအလုံအလောက် ချန်ထားရပါမည်။

သံကူကွန်ကရစ်အိုး မိုးထားသည့် အုပ်ချုပ်ရေးရုံးခန်းက မြောက်ဘက်နှင့်အရှေ့ဘက်ကို မျက်နှာပြုထားသည့် စက်ရုံထက် နိမ့်ရပါမည်။ အကယ်၍ စက်ရုံက အနောက်ဘက်(သို့)တောင်ဘက်ကို မျက်နှာပြုထားပါက အုပ်ချုပ်ရေးရုံးခန်းက ရှေ့ဘက်တွင် ရှိနေရမည်ဖြစ်ပြီး မြေညီထပ်တွင် သော်လည်းကောင်း၊ ပထမထပ်တွင်သော်လည်းကောင်း ရှိရပါမည်။ ထို့ပြင် အုပ်ချုပ်ရေးရုံး၏အမြင့်က စက်ရုံထက် မြင့်ရပါမည်။

အရှေ့တောင်အစိတ်အပိုင်းတွင် လျှပ်စစ်ပြောင်းစက် (transformer)ကိုထားလျှင် အကောင်းဆုံးဖြစ်သည်။ အကယ်၍ ထိုနေရာတွင်ထားရှိရန် အခြေအနေမပေးပါက အနောက်တောင် အစိတ်အပိုင်းတွင်ဖြစ်ဖြစ်၊ အနောက်မြောက် အစိတ်အပိုင်းတွင်ဖြစ်ဖြစ် ထားရှိနိုင်ပါသည်။ အဆိုပါ ထရန်စဖော်မာကို အုတ်ခုံခဲပြီး အမြင့်တွင်ထားရပါမည်။ မြေအနေအထားက ထိုနေရာတွင် အရှေ့-မြောက်အစိတ်အပိုင်းထက် မနိမ့်စေရပါ။ ထိုအချက်များကို လုပ်ငန်းအစပိုင်းတွင် အလေးမမူလျစ်လျူရှုထားမိခဲ့ပါက နောင်ပြုပြင်ရေးလုပ်ရသည့် အခါခိုက်တွင် အလွန်ခက်ခဲသည့် ပြဿနာကြီးဖြစ်နေမည်ဖြစ်သည်။

အကယ်၍ ထိန်းချုပ်ခန်းငယ်ကို လိုအပ်သည် ထင်ပါက ထိုနေရာတွင် တည်ဆောက်နိုင်ပါသည်။ ထိုအခန်းကို စက်ရုံဝင်းအတွင်းတွင်သာ တည်ဆောက်ရမည်။ စက်ရုံဝင်းအပြင်ဘက်တွင် မဖြစ်ရပါ။ ထိန်းချုပ်ခန်း၏ အဝင်, အထွက် တံခါးသည် အရှေ့ဘက်(သို့)မြောက်ဘက်သို့ မျက်နှာပြုထားရမည်။တံခါးပေါက်တည်နေရာသည် မြောက်ဘက်(သို့)အရှေ့ဘက်၏ ပထမတစ်ဝက်တွင် ရှိနေစေရမည်။ ထိန်းချုပ်ခန်း၏ခေါင်မိုးသည် အုပ်ချုပ်ရေးအဖွဲ့ အဆောက်အအုံအမိုးထက် နိမ့်နေစေရမည်။

သက်သာလွယ်ကူမှု အမြင်ဖြင့် ညွှန်ကြားရေးမှူးချုပ် (DG)၏ရုံးခန်းကို အနီးအနားတွင် တည်ဆောက်နိုင်ပါသည်။ ဝါစတုအမြင်အရ မည်သည့်ပြဿနာမှ မရှိနိုင်ပါ။ ညွှန်ကြားရေးမှူးချုပ် (DG)ရုံးခန်းကို ကွပ်ကဲထိန်းချုပ်ခန်းအနီးတွင် ထားရှိခြင်းဖြင့် ကြီးကြပ်ကွပ်ကဲရန် ပိုမိုလွယ်ကူသွားစေနိုင်ပါသည်။

အဆောက်အအုံ နံရံများ တည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်းနည်းလမ်းများက လူနေအဆောက်အအုံ တည်ဆောက်ရာတွင် လိုက်နာရမည့် နည်းနာများအတိုင်းပင် လုပ်ဆောင်နိုင်ပါသည်။ မည်သည့်အပြောင်းအလဲမှ မရှိပါ။

ခေါင်မိုး (Roof) ။ ။ အကယ်၍မိတ်ဆွေ၏ စက်ရုံက အနောက်ဘက်(သို့)တောင်ဘက်သို့ မျက်နှာပြုထားပါက

www.burmeseclassic.com

www.burmeseclassic.com

ပထမ ဦးဆုံး အုပ်ချုပ်ရေးအဖွဲ့ရုံးကို ပထမအထပ် အပါအဝင် စတင်တည်ဆောက်ရပါမည်။ အုပ်ချုပ်ရေးအဖွဲ့ရုံးအတွက် ရေစင်မြင့်ကို အနောတ်-တောင်ထောင့်တွင် တည်ဆောက်ပါ။

အကယ်၍ မိတ်ဆွေ၏ စက်ရုံက အရှေ့ဘက်(သို့) မြောက်ဘက်သို့ မျက်နှာပြူထားပါက ရှေ့ပိုင်းတွင် ဖော်ပြထားခဲ့သလို အုပ်ချုပ်ရေးမှူး အဆောက်အအုံ၏ ခေါင်မိုးက စက်ရုံခေါင်မိုးထက် နိမ့်ရပါမည်။ ထိုသို့ဖြင့် စက်ရုံဧရိယာမြေတွက်ပေါ်တွင် အဆောက်အအုံက အမိုးအပါအဝင် လုံးဝပြီးစီးသွားချိန်တွင် အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံကို တည်ဆောက်နိုင်ပါသည်။

စက်ရုံအတော်များများတွင် အမိုးကို သွပ်ပြားများဖြင့် သာ မိုးလေ့ရှိကြသည်။ အဂ်ယ်၍ မိတ်ဆွေအနေဖြင့် သံကူတွန်တရစ် အမိုးမိုးရန်ကြံရွယ်ထားပါက နောင်တည်ဆောက်မည့် အုပ်ချုပ်ရေးမှူးရုံး၏ ခေါင်မိုးထက် ပိုမြင့်အောင် မိုးထားရန်လိုပါမည်။ စက်ရုံက အနောက်ဘက်(သို့) တောင်ဘက် မျက်နှာပြူထားသည့် အနေအထားမျိုး ဖြစ်နေလျှင်မူ စက်ရုံအမိုးက အုပ်ချုပ်ရေးမှူးရုံးအမိုးထက် နိမ့်နေရပါမည်။ အလှအပအတွက်ပါ ရည်ရွယ်သည်ဆိုပါက အုပ်ချုပ်ရေးမှူးရုံးကို မြေညီထပ်အပြင် ပထမအထပ်ကိုပါ ထည့်သွင်းတည်ဆောက်နိုင်ပါသည်။

အဂ်ယ်၍ တိုင်များပါရှိသည့်ပုံစံမျိုး တည်ဆောက်ရန် ရည်ရွယ်ပါက ထိုအချက်များနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြ ဆွေးနွေးထားသည့်အခန်းတွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။ အကယ်၍ မိတ်ဆွေအနေဖြင့် စက်ရုံကို သွပ်မိုး, မိုးရန်ကြံရွယ်စိတ်ကူးထားပါလျှင် သူများလုပ်နေကျ ပုံစံမျိုးဖြစ်သည့် 'V'ပုံစံမျိုး မမိုးမိစေရန် အကြံပေးလိုပါသည်။ သွပ်ပြားများက ထောင့်မှန်စတုဂံပုံစံများသာ ဖြစ်ပါသည်။ ထိုပုံစံများက အန္တရာယ်မဖြစ်စေသကဲ့သို့ အထောက်အကူလည်း မဖြစ်စေပါ။

မိတ်ဆွေအနေနှင့် စွမ်းအင်စက်ကွင်း အားပြင်းလာစေရန် အဆောက်အအုံတွင်း၌သာ ဖန်တီးနိုင်ပါသည်။ ပြုလုပ်သည့်နည်းက ဆင်ခြေလျှောအမိုးမျိုး မိုးရမည်ဖြစ်ပြီး ဆင်ခြေလျှောက မြောက်ဘက်(သို့) အရှေ့ဘက်သို့ ကျနေစေရပါမည်။ မြောက်ဘက်သို့ ဆင်ခြေလျှောကျနေခြင်းက ပိုမိုကောင်းပါသည်။ မိတ်ဆွေအနေဖြင့် 'L' ပုံစံ ဒိုင်းများကို အသုံးပြုပြီး လိုအပ်သည့် ဆင်ခြေလျှောကို ရရှိအောင် ပြုလုပ်နိုင်ပါသည်။

အကယ်၍ ဧရိယာက အလွန်ကြီးမားကျယ်ပြောနေပါက အမိုးဒီဇိုင်းတွင် ပြုလုပ်လေ့ရှိသည့်အတိုင်း ဇစ်ဇက် (zig-zag)ပုံစံ အကွေ့အကောက်ဖြင့် မြောက်ဘက်တွင် အလင်းရောင် ရရှိစေရန် ဖန်တီးပြီးမိုးနိုင်ပါသည်။ ဆင်ခြေလျှောများကမူ အပိုင်းတိုင်းတွင် မြောက်ဘက်(သို့) အရှေ့ဘက်သို့သာ ချထားရပါမည်။

တံခါးများ၊ ပြတင်းပေါက်များနှင့် တရုတ်ကတ်တံခါးများ
(Doors, Windows and Shutters)

အရှေ့ဘက်(သို့)မြောက်ဘက်သို့ မျက်နှာပြူထားသည့်စက်ရုံဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့ အဆောက်အအုံကလည်း အရှေ့ဘက်နှင့် မြောက်ဘက်သို့ မျက်နှာပြူထားလျှင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

၁။ ဂိတ်ပေါက် ။ ။ မြောက်ဘက်၏ အရှေ့-မြောက်(သို့) အရှေ့ဘက်၏ အရှေ့-မြောက်၊

၂။ လုံခြုံရေးတဲကို ပေါ်ပါးသည့် ဗိုင်ဘာမျိုးဖြင့် သာဆောက်လုပ်ရမည်။ အမိုးက အုပ်ချုပ်ရေးအဖွဲ့၏အမိုးထက် နိမ့်ရမည်။ လုံခြုံရေးတဲ တည်ဆောက်ရာတွင် သစ်သားကို မသုံးပါနှင့်။ ထို့ပြင် သံကူကွန်ကရစ်ဖြင့်လည်း မတည်ဆောက်ပါနှင့်။ အရှေ့-မြောက်အစိတ်အပိုင်းများ ပြီးစီးသည့်နောက်တွင် ပြုလုပ်နိုင်ပါသည်။ စောလျှင် မပြုလုပ်ရပါ။ လုံခြုံရေးတဲသည် ဂိတ်၏ လက်ယာဘက်တွင် တည်ရှိနေရမည်။

၃။ အုပ်ချုပ်ရေးအဖွဲ့ (Administration)

အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲသည် စက်ရုံကွပ်ကဲကြီးကြပ်ရမည့်သူဖြစ်သည့်အတွက် သူ့ရုံးခန်းသည် 'အနောက်တောင်'ထောင့်တွင် ရှိရမည်။ အုပ်ချုပ်ရေးအဖွဲ့ရုံးခန်းတွင် အရှေ့ဘက်နှင့်မြောက်ဘက်၌ ကြီးမားသည့် ပြတင်းပေါက်များထားရှိရမည်။ ထိုအဖွဲ့ရုံး၏နောက်ဘက်တွင် တံခါးပေါက်တစ်ခုထားရှိရန် လိုအပ်သည်။

ထိုအပေါက်မှတစ်ဆင့် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက် စစ်ဆေးမှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်ပေသည်။ ပင်မ အဝင်ပေါက်သည် အရှေ့ဘက် (သို့) မြောက်ဘက် ပထမ တစ်ဝက်ခြမ်းတွင် တည်ရှိသည်။ ထိုတံခါးပေါက် တည်နေပုံက ဝင်လျှင်ဝင်ချင်း လုံခြုံရေးတဲ၊ ထိုမှတစ်ဆင့် အုပ်ချုပ်ရေးအဖွဲ့ရုံးခန်း စသည်ဖြင့် လက်ယာရစ်ပုံစံ တည်ရှိနေမည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ စက်ရုံသို့ တိုက်ရိုက်ကူးနိုင်သည့် နောက်က အပေါက်ကိုဖောက်သည့်အခါ ရှေ့မှတံခါးပေါက်၏ လက်ယာဘက် ခပ်ကျကျ ဖောက်လုပ်ရန်လိုပါသည်။ သို့မှသာ ပထမ ဖော်ပြထားသည့် လက်ယာရစ်တွင် ယင်းနောက်ဘက် တံခါးပေါက်ကလည်း အကျူးဝင်သွားသဖြင့် စွမ်းအားလှုပ်ရှားမှုကို လက်ယာရစ်သဘော ဖြစ်သွားစေပါသည်။

အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲ၏အခန်းမှ နံခါးပေါက်ကို အခန်း၏ အရှေ့-မြောက်ထောင့်တွင် ထားရပါမည်။ အဖွဲ့ အကြီးအကဲအနေဖြင့် လုပ်ငန်းများညွှန်ကြားသည့်အခါ မြောက်ဘက်သို့ မျက်နှာမူနေသည့် အနေအထားမျိုးဖြစ်စေပြီး သူထိုင်ခုံကို အနောက်-တောင်ထောင့်အနီးတွင် အတတ်နိုင်ဆုံးဖြစ်အောင် စီစဉ်ထားရပါမည်။ ရုံးမှာ ဖိုင်နှင့် စာအုပ်စာတမ်းများထားရှိမည့် နံရံကပ်စင်ကို တောင်ဘက်နှင့် အနောက်ဘက်နံရံတွင် ကပ်ထားရပါမည်။ အလုပ်စားပွဲက ထောင့်မှန်စတုဂံပုံစံ (သို့) 'L' ပုံစံမျိုးဖြစ်ရမည်ဖြစ်၍ 'L' ပုံစံမှ တိုသည့်လက်တံကို လက်ဝဲဘက်သို့ လှည့်ထားရမည်။

ဝန်ထမ်းများအနေဖြင့် အရှေ့ဘက်(သို့)မြောက်ဘက်တွင် ထိုင်ကြရမည်ဖြစ်ပြီး မျက်နှာချင်းဆိုင် အနေအထားဖြစ်နေမည်။ မြောက်ဘက်(သို့)အရှေ့ဘက်တွင် လူသွားလမ်းအတွက် နေရာလုံလုံလောက်လောက် ထားရှိပေးရမည်။ ထို နေရာတွင် ပစ္စည်းအဟောင်းများ၊ ပုံးခွံများ စုပုံထားရှိခြင်းမျိုး မပြုလုပ်ရဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေစေရန် ဖန်တီးထားရမည်။ အကယ်၍ နောက်ထပ်အခန်းများ တိုးချဲ့မည်ဆိုလျှင် အနောက်ဘက်(သို့)တောင်ဘက်တွင် ပြုလုပ်နိုင်သည်။ သို့သော် ထိုတိုးချဲ့အခန်းများက အုပ်ချုပ်ရေးအကြီးအကဲ၏ အခန်းထက် သေးငယ်နေရန်လိုပါသည်။အလားတူပင် အခန်းတွင်းထားရှိမည့် စားပွဲနှင့် အခြားပရိဘောဂများကလည်း အုပ်ချုပ်ရေးအကြီးအကဲ၏ အခန်းထဲမှ စားပွဲနှင့် ပရိဘောဂများထက် ငယ်ပြီး ပေါ့ပါးနေစေရမည်။ ဘုတ်အဖွဲ့ အစည်းအဝေးခန်းကို အနောက်-မြောက်ထောင့်တွင် ထားရှိနိုင်သည်။

ဤနေရာတွင် ဘုတ်အဖွဲ့နေရာယူရမည့် အနေအထားက ရှိလာသည်။ အဖွဲ့ဥက္ကဋ္ဌက အနောက်-တောင်ထောင့်တွင် နေရာယူရမည်။ အဖွဲ့ဝင်များက အချင်းချင်း မျက်နှာမူနေသည့် အနေအထားမျိုးဖြင့် ထိုင်ရမည်။

ထို့ပြင် လုပ်ငန်းနှင့်သက်ဆိုင်သည့် အရောင်းဌာနနှင့် ဈေးကွက်ရှာဌာနမှ ဝန်ထမ်းများက အရှေ့- မြောက်ဘက်တွင်လည်းကောင်း၊ ကျန်ဌာနများဖြစ်သည့် အဝယ်တော်အဖွဲ့နှင့် ငွေစာရင်းဌာနများမှ ဝန်ထမ်းများကမူ အဆင်ပြေမည့် အခြားနေရာများတွင် ထိုင်ကြရပါမည်။

စက်များနေရာချထားမှု
(Planning the machine lay-out)

ထိုအချက်က စက်ရုံတစ်ခုလုံး၏ အရေးကြီးသည့် အဓိက လုပ်ငန်းပင်ဖြစ်သည်။ လုပ်ငန်း အဆင်ပြေချောမွေ့နေစေရန် သတိထားလုပ်ဆောင်ရန် လိုအပ်ပါသည်။ ပထမဆုံး စက်များနေရာချရန်အတွက် ပုံကြမ်းဆွဲပါ။ ထိုသို့ဆွဲရာတွင် လိုအပ်သည့် ကုန်ပမာဏရရှိစေရန်နှင့် လုပ်ငန်းချောမွေ့စေရန် ဦးတည် စဉ်းစားရပါမည်။ ထို့ပြင် စက်တစ်ခုချင်းစီ၏ အရွယ်အစားနှင့် ဝန်ချိန်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ အကယ်၍ စက်က လိုအပ်ချက်တစ်ခုခုကြောင့် မြေပြင်အောက်တွင် နှိမ့်ထားရမည့် အနေအထားမျိုးဖြစ်နေပါက ထိုနေရာတွင် မည်သည့်အနက်ထိ တူး၍ထားရမည်ဟူသည့် အချက်က အရေးပါလာလိမ့်မည်။

အခြားသော လုပ်ငန်းများဖြစ်သည့် တရုတ်ကတ်တံခါးများ နေရာချထားခြင်းနှင့် စက်များထားရှိခြင်းတို့နှင့် ပတ်သက်သည့် အချက်အလက်များကို ပုံကြမ်းထုတ်လျှာထားသည့် ကိစ္စများအတွက် စက်မှုလုပ်ငန်းငယ်များနှင့် ပတ်သက်သည့် ဆွေးနွေးထားချက်များကို ပြန်လည်ကိုးကား လုပ်ဆောင်ပါ။ အထားအသိုနှင့်မတ်သက်၍ ပုံကြမ်းပြီးစီးသွားသည့်အခါတွင် လုပ်ငန်းဆက်လုပ်သေးဘဲ ဝါစတုပညာရှင်နှင့် တိုင်ပင်ဆွေးနွေးပြီး သူ့အကြံဉာဏ်များကို ရယူသင့်ပါသည်။

ကင်တင်း (Canteen) စားသောက်ခန်း

မီးဖိုချောင်က အရှေ့-တောင်တွင် တည်ရှိသည်။ DG ၏ အခန်းနားတွင်ဖြစ်သည်။ ထမင်းစားခန်းကို မီးဖိုခန်းနှင့်ကပ်လျက်ထားနိုင်သည်။ စားသောက်သူများသည် အရှေ့-အနောက်အပိုင်းတွင် ထိုင်နိုင်ကြသည်။ မီးဖို၊ ပေါင်းအိုး၊ အပူပေးကိရိယာများနှင့် ဂက်စ်မီးဖိုတို့က မီးဖိုချောင်၏ အရှေ့-တောင်ဘက်တွင် ရှိနေကြမည်။ ထမင်းစားခန်းသို့ အဝင်ပေါက်က အရှေ့ဘက်၏ ပထမခြမ်းတွင် တည်ရှိမည်။ စားသောက်ခန်းအမိုးကို 'V' ပုံစံ သံကူကွန်ကရစ်ဖြင့် မိုးထားနိုင်သည်။ လျှော်ဖွပ်ခန်းက အရှေ့ (သို့) အရှေ့မြောက်ဘက်၊ အိမ်သာက အနောက်မြောက်ဘက်တွင် ရှိနေမည်။

www.burmeseclassic.com

ဝန်ထမ်းအိမ်ရာ (Staff Quarters)

တစ်ခါတစ်ရံတွင် စက်ရုံလုပ်ငန်း စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် မရှိမဖြစ် ဝန်ထမ်းများနေထိုင်ရန် စက်ရုံဝင်းအတွင်းတွင် ဝန်ထမ်းအိမ်ရာများကို တည်ဆောက် ပေးထားရသည်များ ရှိတတ်သည်။

ဝန်ထမ်းအိမ်ရာများအတွက် အကောင်းဆုံးနေရာက မြေကွက်၏ အနောက်မြောက်ထောင့်ပင် ဖြစ်သည်။ ဝန်ထမ်း အိမ်ရာသည် စက်ရုံ၏ အမြင့်ထက် နိမ့်နေစေရ'မည်။ ထို့ပြင် ဝန်ထမ်းအိမ်ရာများသည် စက်ရုံနှင့်တွဲပြီး ဆောက်ထားခြင်း မျိုး ဖြစ်မနေစေရဘဲ သီးခြားထားရှိရမည်။ ဧည့်သည်များ ရောက်လာလျှင် တည်းခိုရန် ဧည့်ရိပ်သာကိုလည်း ထိုနည်း အတိုင်းပင် တည်ဆောက်ထားနိုင်သည်။ နေရာထိုင်ခင်း အပြင်အဆင်များ စီမံခန့်ခွဲရာတွင် လူနေအိမ်များ တည် ဆောက်ရာ၌ လိုက်နာရမည့် စည်းကမ်းနည်းလမ်းများအတိုင်း ပင် ဖြစ်ပါသည်။

အအေးပေးမျှော်စင်များ (Cooling Towers)

အကောင်းဆုံးနေရာများက အရှေ့ဘက်၏ ပထမ ခြမ်း(သို့)မြောက်ဘက်၏ ပထမခြမ်းဖြစ်သည်။ မျှော်စင်၏ အောက်ခြေသည် မြေပြင်ညီထက် နိမ့်ကျောင်းနိမ့်နေပေလိမ့် မည်။ သို့သော် ထိုအဆင့်က အရှေ့မြောက်ထောင့်တွင် တည်ရှိနေပြီးဖြစ်သည့် ရေလှောင်ကန်အနက်ထက် အနည်း ငယ် ပိုနက်ထားရပေမည်။

အကယ်၍ ထိုသို့လုပ်ရန် ဖြစ်နိုင်သည့်အခြေအနေ မရှိပါက အခြားနေရာတွင် တည်ဆောက်ရန် စဉ်းစားပါ။ နေရာပြောင်းလုပ်သည့်အခါ အအေးပေးမျှော်စင်၏ အောက် ခြေအမြင့်ကို မြေကြီးအဆင့်ထက် မြင့်နေစေရန် အုတ်ခုံမြင့် ဖြင့် တည်ဆောက်ထားရမည်။

အခန်း (၁၄)

တိုက်ခန်းအထပ်များအတွက် ဝါစတုမွေးဖွားသည့် နေရာ ဂါဗျာ(Garbha)တစ္ဆေခြောက်သည့် အိမ်များ၊ ခိုက် တတ်သည့် အိမ်များ

* ကွင်းပြင် * စိုက်ပျိုးရေး * လယ်တဲများ
* ပန်းမန်စိုက်ပျိုးရေး * ရေလုပ်ငန်း

တိုက်ခန်းအထပ်များ (FLATS)

အိမ်ရာတည်ဆောက်မှုများက ခေတ်လိုအဓိကချက်များ နှင့်အညီ အလွန်တိုးတက်လျက်ရှိပေရာ လူနေထူထပ်သည့် မြို့ပြများတွင်မူ အဆင့်မြင့် မားများမတ်မတ် အဆောက် အအုံများ တည်ဆောက်ရေးက ရှောင်ရှားရ၍ မရနိုင်သည့် အ...ကို ရောက်ရှိနေတော့သည်။ လူများအနေဖြင့်လည်း ငွေကြေးဘက်ဂျက်အနေအထားအရ အဆင့်မြင့်တိုက်များမှ အထပ်များကို ဝယ်ယူနေထိုင်ကြရသည်။

စင်စစ်အားဖြင့် အဆိုပါ အထပ်များတွင် မွေးဖွား ကြီးပြင်းခဲ့ရသူများအဖို့ ကိုယ့်အိမ်ကိုယ်ရာနှင့် လွတ်လွတ် လပ်လပ် နေခွင့်ရသွားသည့်အခါ လုံခြုံရေးအတွက် စိတ်မချ ရသည့် စိတ်များ တဖွားဖွား ပေါ်လာတတ်သည်။ ထိုသို့ဖြင့် ငွေကြေးတတ်နိုင်သည့် လူတန်းစားများကလည်း ကိုယ့်အိမ် ကိုယ့်ရာနှင့် လွတ်လွတ်လပ်လပ်နေနိုင်သည့် ငွေကြေးမခ ဥစ္စာပြည့်စုံနေသည့်တိုင် အထပ်များကိုသာ ရွေးချယ်နေထိုင် ကြတော့သည်။

ပြီးခဲ့သည့်အခန်းတွင် ဝါစတုစွမ်းအင် အပြည့်အဝရှိ ခွင့်မျိုးကို ကိုယ့်အိမ်ကိုယ့်ရာနှင့် သီးသန့်နေထိုင်ခြင်းဖြင့်သာ အခွင့်အရေးရနိုင်သည်ဟု ရှင်းပြခဲ့ပြီးဖြစ်သည်။ သူများနှင့်တွဲ နေထိုင်ခြင်းဖြင့် ဝါစတုစွမ်းအင်က လျော့ပါးသွားသည်။ သူများနှင့် မျှဝေခံစားရသလို ဖြစ်သွားသည်။

ထိုသဘောတရားက အထပ်တွင် နေထိုင်သူများ အတွက်လည်း အလားတူပင်ဖြစ်သည်။ အထပ်တစ်ထပ်တွင် အခန်းလေးခန်း (သို့) လေးခန်းထက် ပို၍ရှိတတ်သည်။ စွမ်းအားများ ဝင်ရောက်လာသည့်အခါ ထိုစွမ်းအားများက အခန်းတိုင်းသို့ မျှဝေရောက်ရှိသွားတတ်သည်။ အကောင်းနှင့် အဆိုး သက်ရောက်မှုများက သီးသန့်အိမ်များမှာကဲ့သို့ အား ကောင်းကောင်းနှင့် ထွက်ပေါ်လာမည်တော့ မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ ဝါစတုသိပ္ပံနည်းပညာရပ်ကိုမူ အထပ်တွင် နေထိုင်သူများအတွက်လည်း လိုအပ်နေပေမည်။ သို့မှသာ ငှင်းတို့အနေဖြင့် ဝါစတုစွမ်းအင်၏ အမြင့်ဆုံးအကျိုးရလဒ်ကို အဖြစ်နိုင်ဆုံးနည်းဖြင့် ရရှိခံစားနိုင်ကြပေလိမ့်မည်။

(ဆက်ရန်)

ဆရာဦးခန့်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သား-သမီးများအတွက်
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ပြည့်ဖြိုးလာပြီဖြစ်ရာ ဇာတာရှင်အဖို့ ယခင်လထက် အောင်မြင်ကျော်ကြားလာမည် ဖြစ်သည်။ ဖွဲ့ဝိရိယအားဖြင့် ကြိုးစားခဲ့ရသဖြင့် အလွန်ပင်ပန်းခဲ့သောကာလ ကျော်လွန်လာပြီဖြစ်၏။ ပြန့်ကျဲနေသော ငွေကြေးများ ပြန်လည်စုစည်းရကိန်းရှိ၏။ အဂိါနံ စက်ပစ္စည်းများ ဝင်ကိန်းရှိသလို အကောင်းစက်ပစ္စည်းများလည်း ထွက်ကိန်းရှိ၏။ ကြာသပတေးနံသက်ရှိသက်မဲ့တို့အတွက် သောကရှိ၏။ မြေယာကိစ္စ အမွေကိစ္စများ စကားပြောရတတ်၏။ ဝန်ထမ်းများ မိမိတာဝန်ယူရသော ငွေကြေးပစ္စည်းများအတွက် အနည်းငယ် တာဝန်ရှိမည်။

ယတြာ - စာသင်သား သံဃာ၊ သီလရှင်များကို ဒါနပြုပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - မျက်စိတွင် ထိခိုက်ဒဏ်ရာရမှု ရှိမည်။

ယတြာ - စံပယ်ပန်း ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အဂိါ၊ ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အဂိါနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

မှတ်ချက်။ စိတ်ရှည်ရှည်ထားပါ။

တနလာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ဆိုးအား များလျက် ယခင်လထက်ပင် ဆိုးအားများလာ၏။ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရန်နှင့် ရရှိသော ငွေကြေးများကို စနစ်တကျ အကျိုးရှိရှိ အသုံးချရန် လိုအပ်၏။ ငွေဖြန်းတီးကိန်းများ ရှိနေပြီး စိတ်လေလွင့်တတ်၏။ အပျော်အပါးကြောင့် လုပ်ငန်းအကြံအစည်နှင့် ပညာရေးတို့တွင် ထိခိုက်မည်။ ဆရာသမား တစ်ဦးဦး၏ အကြံပေးချက်အရ အမှတ်မထင် ကောင်းသောလမ်းစတစ်ခု တွေ့မည်။ ဝန်ထမ်းများ ကြီးသူကို စိတ်ကွက်နေတတ်ရာ စိတ်ထိန်းပါ။

ယတြာ - စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဒါန တစ်ခုခုလုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အအေးခံမှုကြောင့် ဥပဒ်ရှိမည်။

ယတြာ - ရောဂါသည်ကို ဆေးလျှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅၊ ၄)ဂဏန်းနှင့် ကြာသပတေး၊ ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

မှတ်ချက်။ လောကဓံကို ကြံ့ကြံ့ခံပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ပြည့်စုံနေလျက်ရှိရာ ယခင်လထက် စိတ်သက်သာမှု ရမည်။ အကြံကောင်းများရလျက် အကြံဆောင်းများ သက်ဝင်လှုပ်ရှားလာမည်။ အများ၏ လေးစားခံရာ အပြုခံရမည်။ ယုံကြည်မှုလည်း ရမည်။ လူလိမ် လူကောက် တွေ့တတ်သည်။ အရှိန်ရှိနေသော လုပ်ငန်းအချို့ ပြန်လည်အသက်ဝင်လာမည်။ ဝန်ထမ်းများ တွေဝေထိုင်းမှိုင်းမှု များနေမည်။

ဃတြာ - ဘုရား၏ သောကြာထောင့်တွင် ရေသပွာယ်၊ ရွှေသက်နီး ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အတက်အဆင်း လှေကားမှ လိမ့်ကျတတ်သည်။

ဃတြာ - အောင်သပြေခက် ခေါင်းအုံးအောက်ထားအိပ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ မိမိကိုယ်မိမိ အားကိုးပါ။

ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများမရှိ၊ ယခင်လနည်းတူ ကံဇာတာ သင့်တင့်၏။ တပည့်လက်သား မမြဲခြင်း ဖြစ်တတ်သလို ငွေကြေးပစ္စည်းအချို့ ပျက်စီးလေလွင့်မှုနှင့် သူဦးရန်ရှိ၏။ ပစ္စည်းဥစ္စာ ပျောက်တတ်၏။ ခြေနှစ်ချောင်း ဒုက္ခပေးတတ်၏။ အလုပ်အကိုင် အကြံအစည် သင့်တင့်၏။ အကြီးအကဲများ၏ အကြံပေးမှုအရ လုပ်ငန်းလမ်းစ အသစ်များ တွေ့ကြုံရတတ်၏။ ဆွေမျိုးသောက ရှိ၏။ ဝန်ထမ်းများ အကြီးအကဲ၏ ငြိုငြင်မှု၊ အထင်မှားမှု ခံရတတ်၏။

ဃတြာ - ဘုရား ရောင်ထော်ဖွင့်ဝါ။ သို့မဟုတ် နေအိမ်ဘုရားနှင့် တောင်းဆောင်ကို သန့်ရှင်းနေ လုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်၏။

(ဂ) **ကျန်းမာရေး** - အဆုတ်တွင် ဥပဒ်ရှိ၏။

ဃတြာ - လူသွားလမ်းပြင်၊သဲခင်း ကုသိုလ်ယူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

မှတ်ချက်။ 'လက်ဆောင်' သည် လူမျိုးမရွေး၊ ဘာသာမရွေးအတွက် သင့်၏။

ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါး၏ ကောင်းအားများသည် ယခင်လထက် ကောင်းကျိုးပြုမည့် လက္ခဏာရှိ၏။ ဘုန်းကံတက်ခြင်း၊ ဩဇာရှိခြင်း၊ အများ၏ ချစ်ခင်လေးစားမှု ခံရခြင်း၊ အများ၏ ယုံကြည်မှု ခံရခြင်း စသည်တို့ကြောင့် ဇာတာရှင်အဖို့ အကြံကောင်း ဉာဏ်ကောင်းအတွက် များစွာ အထောက်အကူပြုမည်။ သို့သော် ယုံကြည်မှုကို အလွဲမသုံးဖို့ အရေးကြီးသည်။ ဇနီး သို့မဟုတ် ခင်ပွန်း၏ အကြံဉာဏ် သို့မဟုတ် လူငယ်ဘဝ ရည်မှန်းထားသူများ၏ အကြံဉာဏ်တို့ကြောင့် လုပ်ငန်းကြီးတစ်ခု ထူထောင်ရကိန်းရှိ၏။ ဝန်ထမ်းများ တစ်ဆင့်မြင့်ရာထူးအတွက် အမှတ်ပေးခံရတတ်၏။

ဃတြာ - ဆရာတစ်ဦးဦးကို ငွေကြေးထောက်ပံ့လှူဒါန်းပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ဓာတ်လိုက်တတ်၏။

ဃတြာ - မွေးနေ့ထောင့်တွင် ထီးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ ကရုဏာစိတ် များများမွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - ဌာန နှစ်ပါးစလုံးတွင် ဆိုးအားများများနေသဖြင့် ဇာတာရှင်အဖို့ ယခင်လထက်ပို၍ အစစအရာရာ ဆင်ခြင်ဝရွံစိုက်ပါ။ ဆုံးဖြတ်ချက် ချား စေဘဲ ဇွဲရှိရှိဖြင့် ပြဿနာများကို ဖြေရှင်းပါ။ ခြေနှစ်ချောင်း ကယ်မိရာက အမှုအခင်းများ ဖြစ်သည် အထိ ရင်ဆိုင်ရတတ်၏။ ငယ်သူများ သစ္စာဖောက်တတ်၏။ လာဘ်လာဘ နည်းပြီး ရန်ပေါများမည်။ ဂရုစိုက်ပါ။

ယတြာ - သီလဆောက်တည်လျက် ကုသိုလ်ဖြင့် တွန်းလှန်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - တစ်ဦးနှင့် တစ်ဦး အယူအဆ လွဲနေတတ်၏။

(ဂ) **ကျန်းမာရေး** - အရိုးတွင် ဥပဒ်ရှိ၏။ (ကျား) အရက်ကြောင့် ဥပဒ်ရှိ၏။ (မ) အပျော်အပါးကြောင့် ဥပဒ်ရှိ၏။

ယတြာ - ရွှေရင်အေး ဒါနပြုပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ပုဒ္ဓဟူးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ပုဒ္ဓဟူးနေ့ကောင်းပြီး (၂) ဂဏန်းနှင့် တနလ်္ဂာနေ့ ညံ့၏။

မှတ်ချက်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။

စနေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ဆိုးအားများ ရှိနေသော်လည်း ပဝတ္တိဌာန၏ ဆိုးအား အနည်းငယ် လျော့လာသဖြင့် ယခင်လထက် အနည်းငယ် သက်သာရာရမည်။ သို့သော် အားငယ်လွန်းသဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်ချင်စိတ် ပေါ်နေတတ်မည်။ လာဘ်ပိတ်နေ၏။ ရင်းနှီးမြှုပ်နှံရန် ငွေများ အထူးလိုအပ်လျက်ရှိ၏။ အကူအညီ ကင်းမဲ့နေသလို ဖြစ်၏။ သို့သော် အမှတ်မထင် မိတ်ဆွေကောင်းများ၏ အကူအညီဖြင့် ဘဝတွင် သက်ဝင်လှုပ်ရှားလာမည်။ ဝန်ထမ်းများ ကိုယ်တိုင်မှားသဖြင့် အပြစ်ပေး အရေးယူခံရတတ်၏။

ယတြာ - သရဏဂုံ ဆောက်တည်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မကောင်းပါ။

(ဂ) **ကျန်းမာရေး** - ဦးနှောက်နှင့်အာရုံကြောတွင် ဥပဒ်ရှိ၏။

ယတြာ - ဘုန်းတော်ကြီးကို စတုမဓူ ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ပုဒ္ဓဟူးနေ့တို့ အကျိုးပြု၍ (၇) ဂဏန်းနှင့် စနေနေ့တို့ ညံ့၏။

မှတ်ချက်။ 'ဘဝဆိုတာ ငှက်ခါးပျံသလို' ဆိုတာ သဘောပေါက်ပါ။

မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။
ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ
လက်ခံဆောင်ရွက်ပါသည်။]
စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊
ကုမ္ပဏီနာမည်ပေး၊ အထုံးအရေးကြီးကိစ္စရပ်များအတွက်
ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ် ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အဓိဓေနိုကျမ်းပြုဗဟုဇာရှင်)

CAPRICORN
မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆေးနှင့် ဆေးဝါးပစ္စည်း ရောင်းချသူများ မျှော်မှန်းထားသည်ထက် ပိုမိုသော အမြတ်အစွန်းများ ရရှိနိုင်မည်။ သို့သော် ရောင်းမှား ဝယ်မှား ဖြစ်တတ်ခြင်း၊ အထင်မှား အမြင်မှားဖြစ်ပြီး ပြဿနာ ပေါ် ပေါက်တတ်ခြင်း၊ အမှုအခင်း ဖြစ်ရတတ်ခြင်းများ ရှိမည်။ ပြည်ပသွားရန်ကိစ္စများ အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားတတ်သည်။ သင့်အိမ်တွင် သက်ကြီးရွယ်အို များရှိပါက သူတို့၏ ကျန်းမာရေးကို အထူးဂရုစိုက်ရတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတံကောင်းမည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ၊ ပေါ်လာကိစ္စများ အထမြောက် အောင်မြင်လိမ့်မည်။ ပညာရေး လိုက်စားသူများ အကူအညီပေးမည့်သူ ပေါ် ပေါက်တတ်မည်။ အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက လတ်တလော အလုပ်တစ်ခု ရတတ်မည်။ ယခုကာလအတွင်း သန္ဓာကျောက်ကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်းဖြင့် ကံကုသိုလ်ကောင်းမှုများကို အတိုင်းအတာတစ်ခုအထိ ရရှိနိုင်လိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အသားများယားယံခြင်း၊ သွေးမသန့်ခြင်းများ ဖြစ်တတ်မှုနှင့် ခြေလက်တို့ကွင် မတော်တဆထိခိုက်ဒဏ်ရာ ရတတ်ခြင်းများ ရှိမည်။ မကာရရာသီဖွားများအနေဖြင့် ထီထိုးမည် ဆိုပါက (၆၊ ၄၊ ၀၊ ၉)ဂဏန်းများပါအောင် ထိုးပါ။

AQUARIUS
ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း အစားအသောက်အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေအထူးကောင်းလိမ့်မည်။ သို့သော် လက်အောက်ဝယ်သားကိစ္စ (သို့)အလုပ်သမားအပြောင်း အလဲကိစ္စများကြောင့် စိတ်ညစ်ရခြင်းများရှိမည်။ တစ်နည်း နည်းဖြင့် ငွေကုန်ကြေးကျ များရတတ်မည်။ အတတ်နိုင်ဆုံး သည်းခံစိတ်မွေးပါ။ မထင်မှတ်ဘဲ မိမိ၏အုခက်အခဲများအား ကူညီဖြေရှင်းပေးမည့်သူ ပေါ် ပေါက်လာတတ်မည်။ အထူးသဖြင့် လိင်မတူသူများထံမှ အကူအညီပေးမှုများကို ရရှိနိုင်မည်။ ပြည်ပသွားရန် ကြိုးစားထားမှုများရှိပါက အဆင်ပြေတတ်သည်။ ပြည်ပမှဆွေမျိုးများလည်း ပြန်လည် ရောက်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု အလှူအတန်း ကုသိုလ်များ ပြုရခြင်းရှိမည်။ လူချစ်လူခင် ပေါများတတ်၍ သွားလေရာ မျက်နှာပွင့်လန်းနေလိမ့်မည်။ လက်ဆောင် ပစ္စည်း သို့မဟုတ် ငွေကြေးများ ဝင်ကိန်းရှိမည်။ ဝန်ထမ်း ဖြစ်ပါက ခရီးယာယီများရှိမည်။ ငယ်ရွယ်သူများ အံချစ်ရေး ကံကောင်းမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဦးခေါင်း ပိုင်းတွင် ပြင်းပြင်းထန်ထန် ခံစားရမှုများ ဖြစ်တတ်မည်။ ထီထိုးမည်ဆိုပါက (၅၊ ၀၊ ၃၊ ၇)ဂဏန်းများပါသော အောင်ဘာလေ ထီကို ထိုးပါ။

PISCES
မိန်ရာသီ

(ဖေဖော်ဝါရီ - ၁၉ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ယခုကာလအတွင်း လုပ်ငန်းအဆင်မပြေမှုများ ဖြစ်တတ်မည်။ လုပ်ငန်းကိစ္စ အဆင်ပြေပြီး အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် ဘာသာရေးအလုပ်များကိုလည်း တွဲဖက် လုပ်ကိုင်သင့်သည်။ မမြင်ရသောပုဂ္ဂိုလ်များ၏ စော့င့်ရှောက်ခြင်းကို ခံရသူများဖြစ်မည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်းလုပ်ကိုင်ရမှုနှင့် ကြုံရတတ်မည်။ ဖြစ်နိုင်လျှင် စနေသားသမီးတစ်ဦးဦးကို ဆရာတင်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်းများ ပြုသင့်သည်။ သင့်အနေဖြင့် ကိုယ်တိုင်လှုပ်ရှားသွားလာ၍ လုပ်ကိုင်ရသော လုပ်ငန်းများဖြင့်သာ အကျိုးဖြစ်ထွန်းလိမ့်မည်။ အိမ်ထောင်ရှင်များ ဆွေမျိုးများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်း၊ အမွေအနှစ်ကိစ္စများ ဖြေရှင်းရခြင်းရှိမည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ရေးတွင် မိမိချစ်သူနှင့်အနေဝေးရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ် အူလမ်းကြောင်းဆိုင်ရာတွင် ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းများအတွက် အထူးသတိထားပါ။ ယခုလအတွင်း ထိထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုလုပ်မည်ဆိုပါက (၀၊ ၂၊ ၆၊ ၇) ဂဏန်းများပါသော အောင်ဘာလေထီ ကိုထိုးပါ။

ARIES
မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ယခုကာလအတွင်း မိဿရာသီဖွားများ အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်စိတ်လွန်ကဲခြင်း၊ ခေါင်းမာခြင်း၊ တစ်ဖွတ်ထိုး လုပ်ကိုင်တတ်သော အကျင့်များကို လျှော့လိုက်ခြင်းဖြင့် အောင်မြင်မှုများ ပိုမိုရရှိလာလိမ့်မည်။ စိတ်မြန်တတ်သည့် အားနည်းချက်ကို အခွင့်ကောင်းယူတတ်သူများ ရှိနေမည်။ မည်သည့်လုပ်ငန်းများကို လုပ်ကိုင်သည်ဖြစ်စေ အပြိုင်အဆိုင် အတိုက်အခိုက်များ အလွန်ပေါများခြင်း၊ မနာလိုဖြစ်နေသူ ပေါများခြင်းများ ရှိမည်ဖြစ်၍ အစစ သတိထား နေထိုင်သွားလာ စားသောက်သင့်သည်။ မိမိကိုဒုက္ခပေးမည့်သူသည် အနီးနားတွင်ပင် ရှိနေတတ်သည်။ တစ်ပါးသူ ကျွေးသော အစားအစာများကို သံသယဖြစ်လျှင် မစားပါနှင့်။ ဝန်ထမ်းဖြစ်ပါက ထူးထူးခြားခြား ကံကောင်းမှုများ ရှိမည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ တင်ငွေတိုးခြင်း တစ်ခုခုရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စေ့စပ်ပြောင်းလမ်းခြင်းကိစ္စ အဆင်ပြေလိမ့်မည်။ ကျန်းမာရေးမှာ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း စသည့် ဦးခေါင်းပိုင်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်တတ်မည်။ ထိထိုးကံစမ်းမည်ဆိုပါက (၆၊ ၁၊ ၉၊ ၇)ဂဏန်းများပါသော အောင်ဘာလေထီဖြင့် ထိထိုး ကံစမ်းပါ။

TAURUS
ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဝီရိယအားကိုးရ၍ ကြိုးစားရမည့်အချိန်ဖြစ်သည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်းနေမည်။ မိမိ၏ နှုတ်ကြောင့် တစ်ပါးသူ၏ အပြုံးအတေား ပြုခြင်းကို ခံရတတ်ခြင်းများရှိမည်ဖြစ်၍ တည့်တည့်ပြောတတ်ခြင်း၊ ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းများကို အထူးသတိထားသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးကံကောင်း၍ ပျော်ရွှင်စရာများနှင့်တွေ့ကြုံရတတ်မည်။ မိသားစုဦးရေ တိုးပွားလာလိမ့်မည်။ ယခုကာလအတွင်း မိသားစုအလှူအတန်းပေးခြင်းများ ပြုလုပ်ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနပြောင်းရွှေ့ရခြင်း (သို့) အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများ ရှိလိမ့်မည်။ ထိထိုးခြင်းနှင့် အရေးကြီးကိစ္စများ ဆောင်ရွက်ခြင်းပြုမည်ဆိုပါက စနေနေ့တွင် စတင်လုပ်ကိုင် ဆောင်ရွက်ခြင်းမျိုးကို ရှောင်ပါ။ ချစ်သူမရှိသေးသူများ မိမိစိတ်ကြိုက် ချစ်သူတွေ့တတ်မည်။ ချစ်သူရှိပြီးသူများလည်း မိမိချစ်သူနှင့် လက်ထပ်ရခြင်း ရှိမည်။ ကျန်းမာရေးမှာ အသည်းရောင်ခြင်း၊ ဆီးဝါ၊ ဆီးနည်းခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထိထိုးမည်ဆိုပါက (၅၊ ၁၊ ၆၊ ၃) ဂဏန်းများပါသော ထိကိုထိုးပါ။

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် ကြိုးစားသလောက် အောင်မြင်မှုမရဘဲ ဖြစ်တတ်မည်။ အဲချိန်အခါကောင်းကို ခေတ္တစောင့်ဆိုင်းပြီးမှသာ လုပ်ကိုင်သင့်သည်။ ငွေကြေးဆုံးရှုံးရမှုများလည်း ဖြစ်တတ်မည်။ ရုပ်ရှင်၊ ဂီတ အနုပညာရှင်ဖြစ်ပါက အောင်မြင် ကျော်ကြားမှုများရှိနိုင်မည်။ လူချစ်လူခင် ပေါများမည်။ လိင်မတူသူများ၏စိတ်ဝင်စားခြင်းကို ခံရတတ်မည်။ မရောက်ဖူးသေးသော အရပ်ဒေသများသို့ အလည်အပတ်သွားရောက်ရလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အတူနေ လူကြီးမိဘ၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက အလုပ်တာဝန်များဖြင့် လုံးပမ်းနေရမည်။ စိတ်ပင်ပန်းခြင်းများလည်း ရှိမည်။ ငယ်ရွယ်သူများ ဤကာလအတွင်း ချစ်သူပိုင်းပိုင်းလည်နေမည်။ အလုပ်အကိုင်ရှာဖွေသူများဖြစ်ပါက မိမိ၏ရည်ရွယ်ချက်များ ပြည့်ဝရလိမ့်မည်။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ အစာအိမ်ဝေဒနာများ ဖြစ်ပေါ်ခံစားရခြင်းများ ဖြစ်တတ်သည်။ မေထုန်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၆၊ ၅၊ ၀၊ ၂) ဂဏန်းများပါသော အောင်ဘာလေ ထီကို ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

CANCER
ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ဤကာလအတွင်း ကရကဋ်ရာသီဖွားများသည် စီးပွားရေးလုပ်ငန်းအနေဖြင့် ရေနှင့်ရေထွက်ပစ္စည်း ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုလဲ၊ ဆား ရောင်းဝယ်ရေးလုပ်ငန်း ထူထောင်ခြင်းဖြင့် အဆင်ပြေ အောင်မြင်မှုများ ရရှိလိမ့်မည်။ တစ်ဝါးသူထဲတွင် လက်လွန်ထားမိသော ငွေကြေးများလည်း ပြန်လည်ရရှိတတ်မည်။ အစစအရာရာ အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်ရန်အတွက် ဘာသာရေးအလုပ်များကို အချိန်ပေး၍ လုပ်ကိုင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမှုများ ရှိနေမည်။ သားသမီးများ၏ လိမ္မာရေးခြားရှိမှုကြောင့်လည်း စိတ်ချမ်းသာရလိမ့်မည်။ စန္ဒယားဖြစ်ပါက ဌာနတွင်းအဆင်ပြေသော်လည်း လုပ်ငန်းပြောင်းလဲလုပ်ကိုင်လိုစိတ်များ ဖြစ်ပေါ်တတ်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးတွင် အချစ်ရေးကိစ္စများ ရောထွေးမှုမရှိစေရန် သတိထားပါ။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အတင်းအဓမ္မ အချစ်တောင်းခံသူနှင့် တွေ့ရတတ်သည်။ အသွားအလာဆင်ခြင်ပါ။ မမျှော်လင့်ဘဲ လက်ထပ်ရတတ်မည်။ ကျန်းမာရေးမှာ အသည်းနှင့် ပတ်သက်သော ဒေဒနာများ ဖြစ်တတ်မည်။ ရုတ်တရက် မူးလဲတတ်ခြင်း အတွက် အထူးသတိထားပါ။ သင်သည် ထိထိုးမည်ဆိုပါက (၁၊ ၄၊ ၀၊ ၂) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

LEO
သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

သိဟ်ရာသီဖွားများသည် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ မိမိကိုယ်တိုင် ဦးဆောင်လုပ်ကိုင်မှသာလျှင် အောင်မြင်မှုများ ရရှိတတ်လိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက ဤကာလအတွင်း လက်ရှိနေအိမ်ကို ပြန်လည်ပြုပြင်မွမ်းမံခြင်း (သို့) အိုးသစ်အိမ်သစ် ဝယ်ယူပိုင်ဆိုင်ရခြင်းများ ရှိမည်။ သို့သော် မီးလောင်၊ မီးလန့်မှုများ ဖြစ်ပွားတတ်သည်ကို အထူးသတိထားပါ။ ဝန်ထမ်းဖြစ်ပါက မိမိအထက်ပုဂ္ဂိုလ် အကြီးအကဲများ၏ ခြိုးမြွင့်မြှောက်စားခြင်း၊ အခွင့်အရေးပေးခြင်းများကို ရရှိတတ်စေသည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိမိချစ်သူနှင့် အနေနီးရမည်။ ပေါ်ရွှင်ရမည်။ ပညာရေးလိုက်စားသူများ အနေဖြင့် မိမိဆန္ဒနှင့် လက်တွေ့ပိုင်း အခြေအနေများ ကွာခြားမှုရှိနေမည်။ ကျန်းမာရေးမှာ စိတ်နှင့်ပတ်သက်သော ဝေဒနာများ ဖြစ်ပေါ်တတ်မည်။ အထူးသဖြင့် သွေးတိုးခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ခံစားရတတ်မည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ပျော်ပျော်နေပါ။ ထို့အပြင် အလှူအတန်းကူသိုလ်များပြုပေးခြင်း၊ ဘာသာရေးအလုပ်များ လုပ်ပေးခြင်း၊ စိတ်အပန်းဖြေ ခရီးထွက်ခြင်းများ ပြုသင့်သည်။ ယခုကာလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၈၊ ၃၊ ၂၊ ၀) ဂဏန်းများဖြင့် အောင်ဘာလေထီကို ထိုးပါ။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ယခုကာလအတွင်း ကန်ရာသီဖွားများ အနေဖြင့် စီးပွားရေး လုပ်ငန်းအတွင်း အဆင်မပြေမှုများ ဖြစ်တတ်မည်။ လုပ်ငန်းတွင် ဖက်စပ်ပါဝင်လုပ်ကိုင်သူ အချင်းချင်းလည်း သံသယစိတ်များ ဝင်နေတတ်မည်။ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားပြီး သည်းခံစိတ်မွေးရန် လိုမည်။ အိုးအိမ် ပြောင်းရွှေ့ရခြင်း (သို့) အလုပ်အကိုင်ပြောင်းရွှေ့ လုပ်ကိုင်ရခြင်းများလည်း ရှိမည်။ သင်သည် ပြည်ပနေဆွေမျိုးများထံသို့ အလည်အပတ်ခရီးများ သွားရတတ်မည်။ သို့သော် ယခုကာလအတွင်း ဆွေမျိုး တစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ မိတ်ဆွေ အပေါင်းအသင်းအတွက်သော်လည်းကောင်း ငွေကြေးနှင့်ပတ်သက်၍ တာဝန်ယူ အာမခံပေးခြင်းကိစ္စများကို လုံးဝရှောင်ပါ။ အချစ်ရေးနှင့်ပတ်သက်၍ ချစ်သူမရှိသေးသူများ ချစ်သူရည်းစားရရှိခြင်း၊ ချစ်သူရှိပြီးသူများလည်း မိမိရည်ရွယ်ချက်များ ပြည့်ဝရခြင်း ရှိမည်။ ပညာရေးမှာ ထူးထူးချွန်ချွန် အောင်မြင်မှုများရှိမည်။ မိမိသင်ကြားလိုသော ဘာသာရပ်ဆိုင်ရာ ဆင်တန်းများလည်း တက်ရောက်ခွင့်ရရှိနိုင်မည်။ ကျန်းမာရေးမှာ ခန္ဓာကိုယ်အောက်ပိုင်းတွင် နာကျင်ကိုက်ခဲခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ မထင်မှတ်သောနေရာမှ ငွေများ အစုလိုက် အပြုံလိုက်ရရှိခြင်း၊ ထီပေါက်ခြင်း၊ အမွေအနှစ် ရရှိတတ်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၆၊ ၃၊ ၀၊ ၁) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



LIBRA
တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

စီးပွားရေးလုပ်ငန်း အနေဖြင့် စိုက်ပျိုးရေး၊ စာအုပ်စာပေ၊ မဂ္ဂဇင်း၊ ဂျာနယ်လုပ်ငန်းများ လုပ်ကိုင်သူဖြစ်ပါက အကျိုးဖြစ်ထွန်းမှု နည်းပါးလိမ့်မည်။ လက်အောက်ငယ်သားများ၏ ကာပြန်ခြင်း၊ သစ္စာမဲ့ခြင်းများ ရှိနေမည်။ အခက်အခဲအမျိုးမျိုးကြားမှ လုပ်ငန်းသစ်များ စတင်အကောင်အထည်ဖော်နိုင်လိမ့်မည်။ အကူအညီပေးမည့်သူများ ပေါ်ပေါက်လာမည်။ ယခုကာလအတွင်း မိမိ၏ကြိုးစားကြံစည်မှုများ အဆင်ပြေစေရန် အဖြူရောင်၊ မိုးပြာရောင်၊ ဆင်စွယ်ရောင်၊ အပြာနု၊ ပန်းနုရောင် အဝတ်အစားများကို ဝတ်ဆင်သင့်သည်။ လိင်မတူသူတို့အပေါ် ဆွဲဆောင်အားကောင်း၍ ထိုသူတို့၏ စိတ်ဝင်စားခြင်းကို ခံရတတ်မည်။ မိမိကိုယ်တိုင် (သို့) မိသားစုဝင် တစ်ဦးဦး ပြည်ပသွားရန် ကြိုးစားထားမှုများ အဆင်ပြေလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စ ရှုပ်ထွေးတတ်မည်။ ဖြေရှင်းရန်ခက်ခဲသော ပြဿနာများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးမှာ အရိုးအကြောဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ယခုကာလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၁၊ ၀၊ ၉၊ ၄) ဂဏန်းများဝါသော အောင်ဘာလေထီကို ထိုးပါ။

BURMESE CLASSIC

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဗြိစ္ဆာရာသီဖွားများအနေဖြင့် ယခုကာလအတွင်း မိမိဆန္ဒရှိသော ဘိုးအိမ် ခြံမြေနှင့်နေထိုင်နိုင်ရန် အခွင့်အလမ်းများ ရရှိလာလိမ့်မည်။ စီးပွားရေးလုပ်ငန်းတွင် မိဘ၊ ဘိုးဘွားများ၏ မိရိုးဖလာလုပ်ငန်းများမှ ကျော်လွန်လုပ်ကိုင်ရသော လုပ်ငန်းများဖြင့် အဓိကအကျိုးပေးလိမ့်မည်။ မိမိ၏ ကိုယ်ပိုင်အရည်အချင်းဖြင့် ကြိုးစားလုပ်ကိုင်ရသောလုပ်ငန်း၊ ပေါ်ပင်စီးပွားရေးလုပ်ငန်းမျိုးဖြင့်လည်း ပိုမိုအကျိုးပေးလိမ့်မည်။ သူတစ်ပါးကိစ္စအတွက် အာမခံပေးခြင်း၊ သက်သေလိုက်ပေးခြင်းတို့ဖြင့် မိမိတွင် အမှုပတ်တတ်ခြင်း၊ တရားရုံး၌ အမှုအခင်းများ ရင်ဆိုင်ဖြေရှင်းရခြင်း ဖြစ်တတ်သည့်အတွက် အဆိုပါကိစ္စမျိုးများကို အထူးရှောင်ပါ။ ဤကာလအတွင်း အရေးကြီးကိစ္စများ ဆောင်ရွက်ရာ၌ စိမ်းပြာ၊ အပါနု၊ မိုးပြာရောင်နုနုကလေးများကို ဝတ်ဆင် ဆောင်ရွက်သင့်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ စိတ်ဒုက္ခခံစားရတတ်ခြင်း ရှိလိမ့်မည်။ ပညာရေး လိုက်စားသူများဖြစ်ပါက ပညာရေးကံကောင်းမည်။ မမျှော်လင့်ဘဲ ကျော်ကြားအပြောင်းအရွေ့များ ရှိတတ်မည်။ ကျန်းမာရေးမှာ ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ သင်သည် ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၅၊ ၁) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ပွဲစားလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်းနေတတ်မည်။ ဝင်ငွေထက် ထွက်ငွေများနေမှုကြောင့် ငွေကြေးအခက်အခဲ ကြုံရတတ်မည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက အပြိုင်အဆိုင်နှင့် အတိုက်အခံများ ပေါ်ပေါက်တတ်မည်။ အရာရာကို စိတ်အေးအေးထား၍ လုပ်ကိုင်သင့်သည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲပုဂ္ဂိုလ်များ၏ ဂုဏ်ပြုခံမြှင့်ခြင်းကို ခံရတတ်မည်။ အရေးကြီးကိစ္စများအတွက် ဆင်စွယ်ရောင်၊ ပုလဲရောင်များကို ဝတ်ဆင်ပြီးဆောင်ရွက်ပါ။ ကံကုသိုလ်ကောင်းသော အချိန်အခါဖြစ်၍ မိမိအတွက် အကျိုးရှိသော ခရီးများ၊ ဘုရားဖူးခရီးများ သွားရခြင်းရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးက ညံ့နေမည်။ လက်ထပ်ရန် စီစဉ်ထားမှုများ (သို့) စေ့စပ်ကြောင်းလမ်းရန်ကိစ္စများ ပျက်သွားရတတ်ခြင်း ရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက မိမိရည်ရွယ်မျှော်လင့်ထားမှုများ ပြည့်ဝရလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ရန်လိုမည်။ ရုတ်တရက်သွေးတိုးခြင်း၊ သွေးပေါင်ကျခြင်း၊ မူးလဲခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ယခုကာလအတွင်း ဓနုရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၇၊ ၅၊ ၀၊ ၁) ဂဏန်းများဖြင့် ထီထိုး ကံစမ်းနိုင်ပါသည်။

ဆရာဦးခန့်ကျော်
(အဘိဓေန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ရွှေအုန်းပွင့်တုရားဈေးတန်း၊(၉)ရပ်ကွက်၊
ရေနံချောင်း၊ ပုန္နကံတောင်မြို့နယ်၊ ရန်ကုန်မြို့။
(၉) ၀၉-၅၁၃၉၅၂၆၀၊ ၀၉-၄၂၁၁၀၉၅၆၅

www.burmeseclassic.com